http://www.dhammadownload.com

ပဲခူးမြို့

ဝင်းနိမ္မိတာရုံကျောင်းတိုက်

ပမာနနာယကဆရာတော်

ဝိနယာဓိကပရိယတ္တိ ပထမကျော်

နိုင်ငံတော်အစိုးရ ပထမကျော်

သက္ကသီဟ၊ စေတိယင်္ဂဏ၊ အစိုးရဓမ္မာစရိယ

အဂ်ုတ္တရနိကာယပါဠိပါရဂူ၊ ဒီဃဘာဏက

အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ

အဂ္ဂမဟာပဏ္ဍိတ

အရှင်မုနိန္ဒာဘိဝံသ

၏

ဗုဒ္ဓဟေတုယဒေသနာ

(ပထမတွဲ)

ဗုဒ္ဓဟေတုယဒေသနာ

(ပထမတွဲ)

graphic
AUNGPHYOTHU(STARS)
09430031727

http://www.dhammadownload.com

ဤ "ဝင်းနိမ္မိတာရုံ ဦးကာကျော်ရှင်းတမ်း" ကျမ်းစာကို
ဦးကာကျော်ကျမ်းရင်းလာ အဓိပ္ပါယ်အားလုံးကို သိမ်းကျုံးကုန်စင်
ပေါ်လွင်ထင်ရှားအောင် အဖေး + အဖြေများ၊ ရှင်းချက်များဖြင့်
ရေးသားတင်ပြထားသည့်ပြင်

အခြားကျမ်းများ၌လာသော အဘိဓမ္မာဆိုင်ရာမှတ်သားဖွယ်များ၊
အဘိဓမ္မာဆိုင်ရာစာမေးပွဲ အဘိဓမ္မာဝုဏ်ထူးဆောင်(ဦးကာကျော်)စာမေးပွဲ
ပုစ္ဆာအဖြေများ။

- ယခုခေတ် မေးလေ့ရှိသော ဥာဏ်စမ်းပုစ္ဆာအဖြေများ။
- အမှား/အမှန် ဝေဖန်သုံးသပ် ဆုံးဖြတ်ချက်များဖြင့်
အတင့်တယ်ဆုံး အပြည့်စုံဆုံးဖြစ်အောင် ခြယ်မှုန်းစီစဉ်ထားပါသည်။

သိလိုသမျှ ရှင်းပြမည်

- ဦးကာကျော်ရှင်းတမ်း
  တင့်ဆန်းသည့် ဤကျမ်းစာ။
- သိလိုရာ ဟူသမျှ
  ရှင်းပြပေမှာ။
- အဘိဓမ္မာ
  ဆိုင်ရာပ မလွဲ။
- သိပညာ လွန်စွာတိုးလိုရယ်ကွယ်။
  ဖြိုးမောက်လွန်ကဲ။

http://www.dhammadownload.com

ပဲခူးမြို့

ဝင်းနိုမြို့တာရုံကျောင်းတိုက်

ပဓာနနာယကအရာရှိတော်

ဝိနယာဓိကပရိယတ္တိ ပထမကျော်

နိုင်ငံတော်အစိုးရ ပထမကျော်

သက္ကသီဟ၊ စေတိယင်္ဂဏ၊ အစိုးရဓမ္မာစရိယ

အင်္ဂုတ္တိရနိကာယပါဠိပါရဂူ၊ ဒီဃဘာဏက

အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ


အဂ္ဂမဟာပဏ္ဍိတ

အရှင်မုနိန္ဒာဘိဝံသ

၏

ဦးကာကော်ရှင်းတမ်း

(ပထမတွဲ)



http://www.dhammadownload.com

စာမူခွင့်ပြုချက် - (၃၂၀၇၉၀၁၂၀၉)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် -

(၁၅) ကြိမ်

အုပ်ရေ (၁၀၀၀)

တန်ဖိုး ( )

၂၀၁၈-ခုနှစ်

ထုတ်ဝေသူ

ဦးကျော်ဟင်း (ယုံကြည်ချက် စာပေ)

၁၁၁၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဒေါ်အေးအေး (စန်းသော်တာ ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ အနော်ရထာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com

ဓမ္မဒါနအလှူရှင်

နှစ်ဘက်သော မိဘ ပိုးဘွားမှားနှင့်

ဦးကျင်ဟူတ်၊

သမီး မသဇင်လှိုင်၊ သား ဇမာင်မင်းကို

အစ်မကြီး ဒေါ်တင်ရွှေ တို့အားရည်စူး၍

ဒေါ်ငွေးငွေး မိသားစု။

ဆီဆုံလမ်း၊ စမ်းချောင်းမြို့နယ်၊

ရန်ကုန်မြို့။

http://www.dhammadownload.com

ကျေးဇူးမှတ်တမ်း

ဤ "ကြခတ်ဝိုင်း ဦကာကျော်ရှင်းတမ်း" ကျမ်းစာ ပထအအကြိမ် ရိုက်နှိပ်ရာ၌ ထက်သန်ကြီးမားသော သဒ္ဓါ၊ ပြတ်သားခဲသာ စေတနာ၊ အကာ, အနှစ် စိစစ်ဝေဖန် အမှန်ကို သိစွမ်းနိုင်သော ဉာဏ်ပညာတို့ဖြင့်-

ဘဝတစ်ပါး ပြောင်းသွားသော ဖခင်ကြီး **ဦးရင်ဝှက်**-အား ရည်စူး၍ မိခင်ကြီး **ဒေါ်ခင်ဆိုင်**-အား အမှူးထားလျက် ကြည်နူးရွှင်ပျ ဒါနပါရမီ, ပညာပါရမီ ဖြည့်ကြသော ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ်-၄၈ နေ **ဦးမောင်-မောင်တင်+ဒေါ်ဆွေဆွေဝင်း** မိသားစုအားလည်းကောင်း။

ဒုတိယအကြိမ် ဦကာကျော် ၉-ပိုင်းလုံးကို အမေး+အဖြေအဖြစ် ပြန်လည် ရေးသားရိုက်နှိပ်ရာ၌ ထက်သန်ကြီးမားသော စေတနာသဒ္ဓါတရားဖြင့် ဒါနပါရမီ, ပညာပါရမီ ဖြည့်ကြသည့် **ဦးမောင်မောင်တင်+ဒေါ်ဆွေဆွေဝင်း**တို့၏ သား, သမီးများ ဖြစ်ကြသော **ဦးကိုကိုအောင်+ဒေါ်သင်းတင်တင်မိသာစု**တို့အားလည်းကောင်း။

စာမူချော ရေးကူးပေးသော တပည့် အရှင်ဥက္ကဋ္ဌ (ဓမ္မာစရိယ၊ အင်္ဂပူ)၊ ကျမ်းစာများ အဆက်မပြတ် ရိုက်နှိပ်ထုတ်ဝေခဲ့ရေးအတွက် လိုအပ်ချက်မှန်သမျှကို အထူးကြောင့်ကြစိုက် ဆောင်ရွက်ပေးလျက်ရှိကြသော အရှင်သုအဂ္ဂ (တက္ကသိလ ဓမ္မာစရိယ၊ **B.A budhism** အင်းတကော်)နှင့် အရှင်သုခေမိတ (ဓမ္မာစရိယ၊ စာချကထိက၊ ဓမ္မစေတီကျောင်းတိုက်၊ စမ်းချောင်း၊ ရန်ကုန်မြို့)နှင့် မိမိကျမ်းစာအုပ်များ ဖြန့်ချိရေးကိစ္စတွင် လိုအပ်သမျှကို စေတနာထက်ထက်သန်သန်ဖြင့် တာဝန်ခံဆောင်ရွက်ပေးနေသော အရှင်ကေသရ (ဓမ္မာစရိယတန်း၊ ကောလင်း)တို့အား လည်းကောင်း၊ အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

၁၃၆၂-ခုနှစ်၊ ဝါခေါင်လပြည့်၊
၂၀၀၀-ပြည့်နှစ်၊ ဇူလိုင်လ ၁၄-ရက်၊
တနလာနေ့။

အရှင်မုနိန္ဒာဘိဝံသ
ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက်
ပဲခူးမြို့။

http://www.dhammadownload.com

ဆရာလူကြီးတော်–မှန်းပူဇော်

အာစေရာနံ ပဂ္ဂဟေန၊ ပတ္တော ဟာမနုဂါမိတံ။
တေသံ ဂုဏော'ဘိပူဇေမိ၊ အဂ္ဂါယ ဓမ္မပူဇယာ။

ဆရာအမြတ် ကျေးဇူးဆပ်

ကြခတ်ဝိုင်းဆရာ၊ ထေရ်မဟာမှ၊
စ၍ဥသုံ၊ ဂုဏ်ပေါင်းစုံနှင့်၊
ကုံလုံပြည့်ငြား၊ ဆရာများ၏၊
ကြီးများကျေးဇူး၊ မြင့်မိုရ်ဦးကို၊
ရည်စူးမျှော်မှန်း၊ ဤရွှေကျမ်းဖြင့်၊
ကြိုးပမ်း၍သာ၊ ပေးဆပ်ပါသည်။
ရင်မှာ ပီတိလွှမ်းစေသောဝ်။

http://www.dhammadownload.com

အသင့်ကိုဆင် မသင့်ပြင်

ဦကာကျော်သင်၊ ရဟန်းရှင်တို့၊
လန်းရွှင်ချမ်းမြေ့ ရွှန့်ငြိုတို့၊
နေပြလိုက်ရာ၊ ကျမ်းရွေ့စာကို၊
သေချာညက်ဖြင့်၊ ဝေဖန်ချင့်၍၊
အသင့်ကို ဆင်၊
မသင့် ပြင်လော့။

http://www.dhammadownload.com

ကြာခတ်ဝိုင်းဦးကာကျော်ရှင်းတမ်း
ပထမအကြိမ်ရိုက် နိဒါန်းစာလွှာ



မိမိသည် စာသင်သားဘဝ၌ ပထမငယ်တန်းကို (၁)နှစ်၊ ပဟမလတ်တန်းကို (၃)နှစ်၊ ပထမကြီးတန်းကို (၁)နှစ် အားထုတ်ခဲ့ရပါသည်။ ထိုသို့အားထုတ်ရာ၌ ပထမငယ်တန်းကို အားထုတ်စဉ်ကပင် ဦးကာကျော်ကျမ်းစာကို ဆရာသမားများထံ စတင်တက်ခဲ့ရသော်လည်း ဟုတ်တိပတ်တိ မလေ့လာဖြစ်ပါ။ ပထမလတ်တန်း ပထမနှစ်, ဒုတိယနှစ်တို့၌လည်း ထို့အတူပင်။ အမေး+အဖြေစာအုပ်များဖြင့်သာ အချိန်ကုန်ခဲ့ရပါသည်။ တတိယနှစ်သို့ရောက်မှသာ ဦးကာကျော်စာကိုယ်ပါဦးကို ကိုင်ပြီး ကျကျနန လေ့လာဖြစ်ခဲ့ပါသည်။ ဟိတ်ပါဠိတော်တော်များများကိုလည်း မင်နီသားပြီး အာဂုံနှုတ်တက် ကျက်မှတ်ဖြစ်ခဲ့ပါသည်။ ပထမကြီးတန်းသို့ရောက်သောအခါ၌ကား ပဲခူး ဝိနယာဓိကပရိယတ္တိစာမေးပွဲ, နိုင်ငံတော်အစိုးရစာမေးပွဲတို့၌ 'ပထမကျော် ရလိုသောဆန္ဒ'ကြောင့် ဦးကာကျော်စာကိုယ်ပါဦး တစ်အုပ်လုံးနီးပါးကို အာဂုံနှုတ်တက် ကျက်မှတ်ပြီး ပိုင်နိုင်စွာ လေ့လာဖြစ်ခဲ့ပါသည်။

စာချဘုန်းကြီးဘဝသို့ ရောက်သောအခါ တစ်ဆင့်တက်ပြီး ဦးကာကျော်အဖွင့် မဏိသာရမဉ္ဇူသာဦးက, ပရမတ္ထဒီပနီဦးကာစသည်တို့နှင့် တိုက်ဆိုင်ကာ အထပ်ထပ် ကြည့်ရှုလေ့လာလျက် စာသင်သားများအား နှစ်ပေါင်းများစွာ ပို့ချသင်ကြားပေးခဲ့ပါသည်။ 'ပို့ချရင်း ရေးသား၊ ရေးသားရင်း ပို့ချ'စနစ်ဖြင့် ဤကျမ်းစာကို ရေးပြီးနေသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ သို့သော် အကြောင်းမညီညွတ်သဖြင့် စက်တင်ပုံနှိပ်နိုင်သော အဆင့်သို့ မရောက်ခဲ့ပါ။ ယခုအခါ အခွင့်အခါ ဆိုက်ရောက်လာသဖြင့် စက်တင်ပုံနှိပ်ကာ စာချ, စာသင် အရှင်မြတ်များနှင့် အဘိဓမ္မာသုတေသီများလက်သို့ ပို့ဆက်အပ်နှင်းလိုက်ပါပြီ။

စာသင်သားဘဝ ကျမ်းစာများကို လေ့လာသင်ကြားစဉ်အခါက မိမိ၏ ဆန္ဒမှာ "သိစရာရှိသမျှ ပြည့်ပြည့်ဝဝ စုံစုံလင်လင် ကုန်စင်အောင် သိလိုခြင်း'ပင် ဖြစ်ပါသည်။ ထိုဆန္ဒမှာ ကျမ်းစာများကို ရေးသားရာ၌ မိမိ၏ ရည်ရွယ်ချက်အဖြစ်သို့ ပြောင်းလဲလာခဲ့ပါသည်။ ထို့ကြောင့် ဤ ဦးကာကျော်ရှင်းတမ်းကို ရေးသားရာ၌လည်း ခေတ်အကြိုက်, တစ်နည်းဆိုရသော်- စာသင်သားအကြိုက်သို့ မလိုက်ဘဲ မိမိ၏ ရည်ရွယ်ချက်အတိုင်းသာ ဦးကာကျော်စာကိုယ်ပါဦးကို တစ်ပုဒ်ချင်း တစ်ပိုဒ်ချင်း ပြည့်စုံစွာ ရှင်းလင်းရေးသား

http://www.dhammadownload.com

ထားပါသည်။

ထိုသို့ရေးသားရာ၌ အမေးသဘောသက်ရောက်သော ခေါင်းစီးများတပ်ပြီး ထိုခေါင်းစီးများနောက်တွင် တိုက်ဆိုင်ကြည့်ရှုရာ၌ လွယ်ကူပါစေခြင်းအကျိုးငှါ ဦးကာကျော်စာကိုယ်ပါဠို စာမျက်နှာများကို လက်သည်ကွင်းဖြင့် ဖော်ပြထားပါသည်။

ထို့ကြောင့် ဤ "**ကြခတ်ဝိုင်းဦးကာကျော်ရှင်းတမ်း**"ကျမ်းစာသည် ဦးကာကျော်ကို ပို့ချနေကြသော စာချဆရာတော်များနှင့် ဦးကာကျော်အကြောင်း ကောင်းကောင်းကြီး သိလိုသောစာသင်သားများ၊ အဘိဓမ္မာကို လေ့လာလိုက်စား သုတေသီများအတွက် အားထားလောက်သော ကျမ်းစာတစ်စောင် ဖြစ်လိမ့်မည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း။

၁၃၅၇-ခုနှစ်၊ တပေါင်းလပြည့်။
၁၉၉၆-ခုနှစ်၊ မတ်လ ၃-ရက်၊
တနင်္လေနေ့။

အရှင်မုနိန္ဒာဘိဝံသ
ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက်
ပဲခူးမြို့။

http://www.dhammadownload.com

ကြေတော်ဝိုင်း ဦးကာကျော်ရှင်းတမ်း
ဒုတိယအကြိမ်ရိုက် နိဒါန်းစာလွှာ

အမေး+အဖြေမှ သဘောကျ

မိမိသည် "ကြေတော်ဝိုင်း ဦးကာကျော်ရှင်းတမ်း"ကျမ်းစာကို ၁၃၅၈ (၂၅-၉-၉၇) ခုနှစ်က ပထမအကြိမ်ရိုက်နှိပ် ထုတ်ဝေခဲ့ပါသည်။ ကျမ်းစာအုပ် ထွက်လာပြီးစမှာပင် "ဘုန်းကြီးက ဘာဖြစ်လို့ အမေး+အဖြေ မရေးတာလဲ၊ အခုခေတ်စာသင်သားတွေက အမေး+အဖြေကိုမှ သဘောကျကြတာဘုရား"ဟု ရင်းနှီးသောတပည့်စာချဘုန်းကြီးများက စောကြောလျှောက်ထားခဲ့ကြသည်။

အမေး+အဖြေ ရေးရန် လျှောက်တောင်းပန်

၁၅-၁၂-၉၇ နေ့တွင် သဒ္ဓမ္မဇောတိကဓဇ ဓမ္မဗျူဟာ ဒေါ်ခင်လှတင်နှင့် ဒေါက်တာနွဲ့တင်ထွဋ်တို့နှစ်ယောက် မိမိထံရောက်လာကာ မိမိ၏ ၅၁-နှစ်ပြည့်မွေးနေ့အတွက် လှူဖွယ်ပစ္စည်းများ လှူဒါန်းပြီး "အရှင်ဘုရား ဦးကာကျော်ရှင်းတမ်းဟာ အများကြီး ပြည့်စုံကောင်းမွန်ပါတယ်။ တပည့်တော်တို့ အဘိဓမ္မာသင်တန်းများသင်ကြားပို့ချရာမှာလဲ များစွာအထောက် အကူရပါတယ်၊ ဒါပေမဲ့ ကလေးတွေအတွက် ကျတော့ မြင့်နေပါတယ်။ ဒါ့ကြောင့် သင်္ကြိဟ်ရှင်းတမ်းပုံစံမျိုး ပြန်ရေးပေးတော်မူပါ"ဟု လျှောက်ထားခဲ့ကြသည်။ တစ်ဖန် ၁၃-၉-၉၈ နေ့တွင် ဒေါက်တာနွဲ့တင်ထွဋ်, အခြားနှစ်ယောက်တို့နှင့်အတူ ရောက်လာကြပြန်ကာ ၂-၉-၉၈ နေ့တွင် ကျရောက်သော ဒေါ်ခင်လှတင်၏ မွေးနေ့အလှူအဖြစ် စားပွဲတင်မီးချောင်းအစုံစသော လှူဖွယ်ပစ္စည်းများ လှူဒါန်းပြီး ယခင်လျှောက်သည့်နည်းတူပင် ဒေါ်ခင်လှတင် က ထပ်မံလျှောက်ထားသွားပြန်ပါသည်။

အယူအဆပြင်ရန် စဉ်းစားကြံ

မိမိကား ငယ်ငယ်ထဲက စွဲလာသည့် အကျင့်အရ အမေး+အဖြေကို ရေးလိုသောဆန္ဒ မရှိပေ။ ကျမ်းရင်းစာသားကို နားလည်သဘောပေါက်အောင် လေ့လာသင်ယူထား မှတ်သားထားပြီးနောက် စာမေးခန်းထဲရောက်မှ မေးခွန်းအားလျော်စွာ ကြံဆဖြေဆိုရခြင်း ဖြေဆိုနိုင်ခြင်းကသာ အနှစ်သာရရှိသည်ဟု ယူဆ၍ တစ်ပုဒ်ချင်း, တစ်ပိုဒ်ချင်း ရှင်းလင်းဖွင့်ဆိုရေးသားခြင်းမျိုးကိုသာ အားသန်ခဲ့ပေသည်။ သို့သော် စာချ,

http://www.dhammadownload.com

စာသင်တပည့်များက အတန်တန်လျှောက်ထားကြခြင်း၊ အဘိဓမ္မာသင်တန်းများကို နှစ်ပေါင်းများစွာ လက်တွေ့ပို့ချ သင်ကြားပေးနေသဖြင့် အတွေ့အကြုံ ရင့်ကျက်နေပြီဖြစ်သော ဓမ္မဗျူဟာ ဒေါ်ခင်လှတင်ကိုယ်တိုင် နှစ်ကြိမ်တိုင်တိုင် လာရောက်လျှောက်ထားခြင်းတို့ကြောင့် မိမိ၏ အယူအဆ မှတ်ဉာဏ်ကို ပြင်ဆင်ရန် စဉ်းစားရပေတော့သည်။

နိုးစေရေးသား ကျမ်းများစပါလာ

အယူအဆ မူဝါဒတစ်ခုကို ပြုပြင်ရန်-ဆိုသည်မှာ လွယ်ကူသောကိစ္စ မဟုတ်ပေ။ ထို့ကြောင့် မိမိ၏ အယူအဆ မူပါဒကို ပြင်ဆင်ရန် စဉ်းစားနေသည်မှာ အခြိန်များစွာ ကြာသွားခဲ့ပေသည်။ မည်မျှကြာသွားပါသလဲ? ဆိုလျှင် မိမိကျမ်းစာကို ရာခိုင်နှုန်း ၉၀%နီးပါး ခိုးချရေးသားသောကျမ်းစာ ပေါ်ထွက်လာသည့် အခြိန်အထိပင် ဖြစ်ပါသည်။ မိမိရေးသားသော ကျမ်းစာများမှာ ထိုကဲ့သို့ ရာနှုန်းပြည့်နီးပါး ခိုးချခံရမှု အန္တရာယ်နှင့် တွေ့ကြုံနေရပေသည်။ ပထမဆုံး အခိုးချခံလိုက်ရသော ကျမ်းစာမှာ "ဆန္ဒော-သာရတ္ထဒီပကကျမ်း"ဖြစ်သည်။ ယခု ဒုတိယ အခိုးချခံလိုက်ရသော ကျမ်းစာမှာ ဤ "ကြခတ်ဝိုင်းဦးကာကျော်ရှင်းတမ်း"ပင် ဖြစ်သည်။

ဤကျမ်းစာကို ရိုက်နှိပ်ပြီးစကပင် စာချရင်း "တပည့်တော်စာအုပ်ကတော့ 'မေး+ဖြေ'ဆိုတဲ့ စာလုံးနှစ်လုံး အတပ် ခံရ၊ အညွှန့်အခွံးခံရအုံးမှာပါပဲ"ဟု ပြောခဲ့မိသည်။ ယခုအခါ ထိုအတိုင်းပင် တွေ့ကြုံလာခဲ့ရ ပေသည်။ အဆိုပါကျမ်းစာရှင်က ခိုးချတာ မဟုတ်ပါ-ဟု အံကြောင်း အမျိုးမျိုးပြောကာ ငြင်းဆိုကောင်းငြင်းဆိုပါလိမ့်မည်၊ သို့သော် စာအုပ်နှစ်အုပ်ကို ရှေ့တွင်ချထားပြီး တိုက် ဆိုင်ကြည့်ရှုလိုက်လျှင် စာတစ်မျက်နှာ, နှစ်မျက်နှာခန့် ကြည့်ရှုလိုက်ကာမျှဖြင့် ဟုတ်/မဟုတ်ဆိုသော ပြဿနာမှာ အလိုလို ရှင်းပြီးသား ဖြစ်သွားပါလိမ့်မည်။ အချို့ နေရာများမှာ '၏/သည်'မျှပင် မလွဲသည်ကို တွေ့ရပါလိမ့်မည်။ (ယခုပြင်ဆင် ရေးသား လိုက်သော အမေး+အဖြေနှင့်ကား များစွာ ကွာခြားသွားပါပြီ)။ အချို့နေရာများတွင် ရှေ့နောက်ဖြစ်စေ, စာလုံး နှစ်လုံး သုံးလုံးမျှ ဖြစ်စေ ပြင်ရေးထားသည်ကို တွေ့ရပါ လိမ့်မည်၊ မိမိမှားသောနေရာ၌ အမှားအတိုင်း, မိမိရေးသားချက် မပြည့်စုံသောနေရာ၌ မပြည့်စုံသည့်အတိုင်း ရေးသားထားသည်ကို တွေ့ရပါလိမ့်မည်။ အမှတ်တမဲ့ မှားသော အမှားကိုပင် မပြင်နိုင်ခဲ့ပါ။ ပို၍ ရင်နာစရာကောင်းသည့်အချက်မှာ ထိုကျမ်းစာကို ရေးသားသောပုဂ္ဂိုလ်သည် တပည့်အရင်းခေါက်ခေါက်တစ်ပါး ဖြစ်နေခြင်းပင်။ ဤသို့ ဖြစ်ရခြင်းမှာ အထူးအဆန်းတော့ မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် - ယနေ့ ခေတ် ယနေ့အခါ၌ အတိုင်းတိုင်း အပြည်ပြည်မှာပင် နည်းပညာခိုးယူမှု အန္တရာယ်ကို တွေ့ကြုံ ရင်ဆိုင်နေကြရသောကြောင့် ဖြစ်ပေသည်။

သား မတင်ပြခဲ့လျှင် မိမိတာဝန်ကျေမည် မဟုတ်သည့်ပြင် စာပေသမိုင်းကြောင်းမှာပင် နောင်အခါ အရှုပ်အရှင်း ဖြစ်လာဖွယ်ရှိသောကြောင့် ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။ မှန်၏၊ အရှင်မဟာရဋ္ဌသာရ က

"ဘုရားလူ့ဘာ၊ မုနိန္ဒလျက်၊ မိန်းမယောကျ်ား၊ ဆိုစကားဖြင့်၊
မကြားစတောင်း၊ မဆိုကောင်းကို၊ အကြောင်းဆောင်သွေး၊
ဆိုတုံသေးရှင့်၊ ဆိုရေးရှိက၊ ဆိုအပ်လှ၏၊ ဆိုစမျှားလျား၊
ထားပချေဘိ၊ ငါဝန်ရှိခဲ့"ဟု မိန့်ဆိုတော်မူခဲ့ပါသည်။

စုရှုပ်မှ စနောင်ရှင်း

ဆက်ပါဦးမည်။ နှောင်းခေတ်ကာလ၌ "မည်သည့်ကျမ်းစာက အရင်ရေးတာလဲ? ဘယ်သူက ဘယ်သူ့ကို ခိုးချတာလဲ?" ဟူသော ပြဿနာသည် မလွဲမသွေ ဖြစ်ပေါ်လာပေလိမ့်မည်။ မှန်၏ - စလေဦးပုညနှင့် အချုပ်တန်းဆရာဖေတို့သည် ဝေးထပ်များ ရေးစပ်ရာ၌ ဉာဏ်ရည်တူများဖြစ်၍ အပြန်အလှန်ပြောင်မြောက်အောင် ရေးစပ်နိုင်သော ပုဂ္ဂိုလ်များဖြစ်ကြသည့်အားလျော်စွာ အသုံးအနှုန်း အသွားအလာတူသော ဝေးထပ်များ၌ ဘယ်သူ ရေးစပ်တာလဲ? ဟူသော ပြဿနာပေါ်လာခဲ့ဖူးပေသည်။ အချုပ်တန်းဆရာဖေ က သူရေးစပ်သော ဝေးထပ်ကို စလေ ဦးပုညရေးစပ်တာ-ဟု ပြောသည်ကို မကြာမကြာ ကြားသိရသောအခါ မခံချိမခံသာဖြစ်ကာ **"စာကောင်းရင် မအေပေးတွေက၊ စလေရေးတာလို့ ဆိုကြပြန်"**ဟု ရေးစပ်ခဲ့ကြောင်း ကြားသိမှတ်သားခဲ့ရဖူးပေသည်။ သို့ဖြစ်၍ "ခုရှုပ်မှ နောင်ရှင်း"ဆိုသကဲ့သို့ နောင်ရှင်းရန်အတွက် ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပေသည်။

ရင်မှာပြင်းစွာ နာကျင်စံစား

မိမိသည် ကျမ်းစာများကို ရေးသားရာ၌ စာအုပ်ပေါင်းမြောက်များစွာကို ကြည့်ရှုရေးသားရ, အဖန်ဖန်အထပ်ထပ် ကြံစည်စဉ်းစားရသဖြင့် များစွာ ပင်ပန်းလှပါသည်။ ထိုသို့ အပင်ပန်းကြီးစွာခံ၍ ရေးသားထားသော ကျမ်းစာများကို မည်သည့် ကျေးဇူးတရားကိုမျှ မထောက်ထား, ခိုးချရေးသားသူ သူ၏ဂုဏ်သိက္ခာကိုလည်း အလေးမထား, ဖြစ်ပေါ်လာနိုင်သည့် ပြဿနာကိုလည်း မစဉ်းစားဘဲ သူ၏ကိုယ်ကျိုးစီးပွားတစ်ခုတည်းကိုသာ ရှေ့တန်းတင်တွက်ချက်လျက် အရှက်အကြောက်ကင်းမဲ့စွာဖြင့် အလွယ်တကူ ခိုးယူရေးသားလာသည်ကို တွေ့ရသောအခါ မိမိရင်မှာ ပြင်းထန်စွာ နာကျင်မှုကို ခံစားရသည့်ပြင် များစွာလည်း အံ့ဩတုန်လှုပ်မိပါသည်။

http://www.dhammadownload.com

မှိုငြမ်းသမှု ပြု၍ ရေးသား

မိမိသည် ကျမ်းစာများကို ရေးသားရာ၌ 'စီးပွားရေးအမြင်'ဖြင့် ရေးသားနေခြင်းမဟုတ်ပါ။ 'သာသနာရေးအမြင်'ဖြင့် ပရိယတ္တိသာသနာကို တစ်ထောင့်တစ်ကွက်မှ အထောက်အကူ ပြုနိုင်ရေးနှင့်ကျောင်းတိုက်အတွက်လည်းကောင်း၊ မိမိအတွက်လည်းကောင်း ခဲ့ခဲ့မာသော သမိုင်းမှတ်တိုင် စိုက်ထူနိုင်ရေး-ဟူသော ကြီးမားသော ရည်ရွယ်ချက်ဖြင့်သာ ရေးသားနေခြင်းဖြစ်သည်။ ထိုသို့ ရေးသားရာ၌ ရွေးကရေးသားပြီး ကျမ်းစာများကို မှိုငြမ်းသမှု ပြုရသည်သာ ဖြစ်ပါသည်။ မည်သည့်ကျမ်းပြု ပုဂ္ဂိုလ်မျှမိမိ၏ပင်ကိုဉာဏ်သက်သက်ဖြင့် ရေးသားနိုင်ကြသည် မဟုတ်ပါ။ အဋ္ဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓဃောသသည်ရှေးအဋ္ဌကထာများကို မှိုငြမ်းပြု၍သာ အဋ္ဌကထာသစ်များကို ရေးသားတော်မူခဲ့ခြင်းဖြစ်ကြောင်း အမျှားသိပြီးဖြစ်သည်။ သာသနာတွင် "တစ်ခေတ်မှာတစ်ယောက်" စံထားလောက်သည့် "နှစ်ဆယ်ရာစု ဗုဒ္ဓဃောသ"ဟု ခီးမွမ်းထောမနာမှုအပြုခံရသော အမရပူရ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးသည်လည်း ကျမ်းစာများကို ရေးသားရာ၌ မှိုငြမ်းရေးသားခဲ့ခြင်းသာဖြစ်ပါသည်။ မှိုငြမ်းရေးသား ကြောင်းကိုလည်း သူတော်ကောင်းကြီးပီပီ သူကိုယ်တိုင်ပင်ဝန်ခံခဲ့ပေသည်။ (မိမိကျမ်းစာကို ရာခိုင်နှုန်း ၉၀%ခန့် ကူးချရေးသားခဲ့သည့် တပည့်အရင်းခေါက်ခေါက် ကြီးဖြစ်သော ကျမ်းစာရှင်ကား မိမိကျမ်းစာကို မှိုငြမ်းပါသည်-ဟူ၍ပင် ဆိုမထားပါ။)

မိမိသည် ကျမ်းစာများကို ရေးသားရာ၌ထိုဆရာတော်ဘုရားကြီး၏ ကျမ်းစာများနှင့် နည်းနီးသယဖျားကို များစွာ မှိုငြမ်းခဲ့ရပါသည်။ ထို့ကြောင့်ပင် စာချရင်းစကား စပ်လာတိုင်း "တပည့်တော်ကောင်မြို့ဆရာတော်ဘုရားကြီးထံမှာ မနေဖူး,ပညာမသင် ခဲ့ဖူးသော်လဲ ဆရာတော်ဘုရားကြီးရဲ့ ကျမ်းစာများကို ကြည့်ရှုမှတ်သားရလို့ ဒီလိုချနိုင် ပို့နိုင်ရေးသားနိုင်တဲ့ အခြေအနေမျိုးကို ရောက်ရတာ၊ ဒါကြောင့် တပည့်တော်ရဲ့ ဆရာမြတ်တစ်ဆူပါပဲ" ဟု ကျေးဇူးစကား အကြိမ်ကြိမ်ပြောကြားဖြစ်ခဲ့ပါသည်။

ဆို့ရေးရှိက ဆို့အပ်လှ

မိမိသည် ကျမ်းစာများရေးသားရာ၌ မှိုငြမ်းရုံသာမှိုငြမ်းခြင်းဖြစ်သည်။ ထပ်တူထပ်မျှ ကူးချမှု ခိုးချမှုကို ဘယ်သောအခါမျှမပြုခဲ့ပါ။ စွမ်းနိုင်သမျှ **"လမ်းရိုးဟောင်းတွင် လမ်းသစ်ထွင်"**ခဲ့ခြင်းဖြစ်ကြောင်းကို မိမိရေးသား သောကျမ်းစာများကို လေ့လာကြည့် ရှုလျှင်သိမြင်ကြရမည်ဖြစ်ပေသည်။ စင်စစ်ဤအဖြစ်အပျက် ဤအကြောင်းအရာမှာ ရေးသားတင်ပြသင့်သော အဖြစ်အပျက် အကြောင်းအရာ မဟုတ်ပါ။ သို့သော်မရေး

http://www.dhammadownload.com

http://www.dhammadownload.com

အမှန်ဖြစ်စေချင် မှန်းစမျှော်တွေး

မည်သို့ပင်ဖြစ်စေ၊ ယခုအခါ အမှန်ဖြစ်ရေးအဘွက် အဖြစ်မှန်ကို တင်ပြလိုက်ရသဖြင့် ရင်ထဲမှာပေါ့ကာ အနည်းငယ်မျှ သက်သာခွင့်ရရှိခဲ့ပါသည်။ ဤသို့တင်ပြရာ၌တစ်ဖက်သား ကို ထိခုက်စေလို နစ်နာစေလိုသောဆန္ဒလုံးဝမရှိပါ။ နောင်လာနောက် သားတို့ အဖြစ်မှန်သိရှိ လျက်အမှန် ကိုင်းဆုံးဖြတ်နိုင်ရေးကိုသာ မျှော်တွေးလျက်ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ပြန်လည်ဆန်းသစ်ရေးသားဖြစ်

မိမိ၏ ပင်ကိုယ်သဘောအားဖြင့် အမေး+အဖြေကို ရေးလိုသောဆန္ဒမရှိသော်လည်း အထက်၌ဖော်ပြခဲ့သည့်အတိုင်း စာချ, စာသင်အရှင်များနှင့် ဓမ္မဗျူဟာ ဒေါ်ခင်လှတင်တို့၏အခါခါလျှောက်ထားတောင်းပန်ချက်အရလည်းကောင်း၊ ခေတ်ကာလအခြေအနေအရလည်းကောင်း၊ စာချ , စာသင်သံဃာ တော်အရှင်မြတ်များနှင့်အဘိဓမ္မာသုတေသီများ လွယ်ကူမပန်း ချမ်းချမ်းသာသာဦကာကျော်ဆိုင်ရာများကိုသိမြင်ကြပါစေခြင်းအကျိုးငှာ **'ကြစော်ဝိုင်း ဦကာကျော်ရှင်းတမ်း'** ကို အမေး+အဖြေအဖြစ် ပြန်လည်ဆန်းသစ်ရေးသားဖြစ်ခဲ့ပါပြီ။

ကြိုးစားရေးထား သိစေသား

ယင်းသို့ အမေး+အဖြေအဖြစ် ပြန်လည်ရေးသားရာ၌ နေ့စဉ်ဆောင်ရွက်နေကျ အပါးတစ်တောင်ဝန်းကျင်ရှိ သံဃာတော်အရှင်မြတ်များနှင့်စပ်သည့်မြောက်မြားလှစွာသောကိစ္စများ စာပေပို့ချမှုတာဝန်များကြားမှ လက်လှမ်းမှီသမျှ အဘိဓမ္မာဆိုင်ရာကျမ်းစာများကို ရှာဖွေပြီး အထပ်ထပ်ကြည့်ရှုကာ ပြင်ဆင်သင့်သည်များကို ပြင်ဆင်, ဖြည့်စွက်သင့်သည်များကို ဖြည့်စွက်လျက် ဦကာကျော်နှင့်စပ်၍ အပြည့်စုံဆုံး ကျမ်းစာတစ်စောင်ဖြစ်အောင် အစွမ်းကုန်ကြိုးစားရေးသားကြပါသည်။ ဦကာစာကိုယ် အဓိပ္ပါယ်ကို ပဓာနထား၍ ရေးသားထားရာထိုစာကိုယ်အဓိပ္ပါယ်မျှဖြင့် မပေါ်လွင် မထင်ရှားနေရာအတော်များများ၌ "ရှင်းလင်းချက်" များကို ရေးသားခြင်းဖြင့် ပေါ်လွင်ထင်ရှားအောင် ကြိုးစားထားပါသည်။ အချို့နေရာတို့၌ အဖြေတစ်ခုတည်းကဲ့သဲ့ အမေးနှစ်မျိုး၊ သုံးမျိုး ရေးပြထားသဖြင့် အမှတ်တမဲ့ကြည့်လျှင် ထပ်သယောင်ပင် ထင်မှတ်ဖွယ် ရှိပါသည်။ **ထို့ပြင်အဘိဓမ္မာစာမေးပွဲ ဦကာကျော်မေးခွန်းများ, ထိုမေးခွန်းများနှင့်အလားတူ ဥာဏ်စမ်းမေးခွန်းများကို ထုတ်ဆင်ကာ ဖြေဆိုပြထားပါသည်။**

http://www.dhammadownload.com

ထို့ကြောင့် ဤ '**ကြဓာတ်ဝိုင်း ဦးကာဓကျော်ရှင်းတမ်း**' ကျမ်းစာသည် စာချစာသင် အရှင်မြတ်များနှင့် အဘိဓမ္မာသုတေသီများ၏ စိတ်နှလုံးကို ယူကျုံးနှစ်သက်စေနိုင်လိမ့်မည်ဟုလည်းကောင်း၊ မြန်မာနိုင်ငံအရပ်ရပ်ရှိ စာမေးပွဲအသီးသီတွင် အောင်မြင် မှုရရေးအတွက် များစွာအထောက်အကူပြုနိုင်လိမ့်မည်-ဟု လည်းကောင်း အကြွင်းမဲ့မျှော်လင့်ယုံကြည်ပါသည်။ (တစ်အုပ်တည်းရိုက်နှိပ်ရန် ရည်ရွယ်ခဲ့သော်လည်း စာမျက်နှာ များသွန်းနေသဖြင့် ပထမတွဲ, ဒုတိယတွဲ- ဟူ၍ နှစ်တွဲခွဲကာရိုက်နှိပ်လိုက် ရပါသည်။)

ဤလောကကြီးတွင်လောဘ, ဒေါသ, မောဟ, မာန,ကလေသာ,မစ္ဆရိယစသော
တရားဆိုးတို့၏ သဘောသဘာဝကို ကျနစွာသိမြင်လျက်
မိမိတို့စိတ်အစဉ်မှ ထိုတရားဆိုးများကို ပယ်ရှားကာ
ကျေးဇူးတရားသိသူသူတော်ကောင်းများ
မြောက်မြားစွာ ပေါ်ပေါက်လာပါစေသား။

မြတ်ဗုဒ္ဓသာသနာတော်ကြီးတွင် မိမိ၏ ဂုဏ်သိက္ခာကိုမိမိအလေးထားလျက်
သာသနာတော်အကျိုးကို ပြောင်မြောက်စွာ သယ်ပိုးဆောင်ရွက်နိုင်သူများ
မြောက်မြားစွာ ပေါ်ထွန်းလာပါစေသား။

၁၃၆၂-ခုနှစ်၊ ဝါခေါင်လပြည့်၊
၂၀၀၀-ပြည့်နှစ်၊ ဇူလိုင်လ ၁၄-ရက်။
တနလ်ာနေ့။

အရှင်မုနိန္ဒာဘိဝံသ
ကြဓာတ်ဝိုင်းပရိယတ္တိစာသင်တိုက်
ပဲခူးမြို့။

---

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	မြတ်ဒါန အလှူရှင်	
၂။	ကျေးဇူးမှတ်တမ်း	
၃။	ဆရာဝုဏ်တော် မှန်းပူဇော်	
၄။	ဆရာအမြတ် ကျေးဇူးဆပ်	
၅။	အသင့်ကိုဆင် မသင့်ပြင်	
၆။	ပထမအကြိမ်ရိုက် နိဒါန်းစာလွှာ	(ခ) (ခ)
၇။	ဒုတိယအကြိမ်ရိုက် နိဒါန်းစာလွှာ	(ဂ) - (ဇ)
၈။	မာတိကာ	(ဈ) - (ဋ)
၉။	ပဏာမနှင့် ပဋိညာဉ်	(ဌ) - (ဍ)
၁၀။	ဂန္ထာရမ္ဘကထာ	၁
၁၁။	ဂန္ထာရမ္ဘကထာအဖွင့်	၂-၁၈
၁၂။	ပရမတ္ထဓမ္မအဖွင့်	၁၈-၃၃

စိတ်ပိုင်းအဖွင့် (၃၃-၁၆၆)

၁။	ဘူမိဘေဒစိတ်အဖွင့်	၃၃-၄၀
၂။	အကုသိုလ်စိတ်အဖွင့်	၄၀-၆၆
၃။	အဟိတ်စိတ်အဖွင့်	၆၇-၈၈
၄။	သောဘနစိတ်အဖွင့်	၈၉-၁၅၀
၅။	ကာမာဝစရသောဘနစိတ်အဖွင့်	၉၀-၁၀၄
၆။	ရူပါဝစရစိတ်အဖွင့်၁၀၄-၁၂၁	
၇။	အရူပါဝစရစိတ်အဖွင့်	၁၂၂-၁၃၄
၈။	လောကုတ္တရာစိတ်အဖွင့်	၁၃၅-၁၅၀

http://www.dhammadownload.com

၉။	စိတ္တဂဏနသင်္ဂဟအဖွင့်	၁၅၁-၁၅၅
၁၀။	ဝိတ္ထာရဂဏနအဖွင့်	၁၅၅-၁၆၆

စေတသိကပိုင်းအဖွင့် (၁၆၇-၂၂၇)

၁။	သမ္မယောဂလက္ခဏာ ၄-ပါးအဖွင့်	၁၆၇-၁၇၁
၂။	အညသမာန်းစေတသိကအဖွင့်	၁၇၁-၁၈၇
၃။	အကုသိုလ်စေတသိကအဖွင့်	၁၈၈-၂၀၅
၄။	သောဘနစေတသိကအဖွင့်	၂၀၅-၂၃၅
၅။	သမ္မယောဂနည်းအဖွင့်	၂၃၅-၂၆၃
၆။	အညသမာန်းစေတသိကသမ္မယောဂနည်းအဖွင့်	၂၃၈-၂၄၀
၇။	အကုသိုလ်စေတသိကသမ္မယောဂနည်းအဖွင့်	၂၄၁-၂၄၆
၈။	သောဘနစေတသိကသမ္မယောဂနည်းအဖွင့်	၂၄၆-၂၆၃
၉။	သင်္ဂဟနည်းအဖွင့်	၂၆၃-၂၇၇
၁၀။	လောကုတ္တရာစိတ်သင်္ဂဟနည်းအဖွင့်	၂၆၃-၂၆၆
၁၁။	မဟဂ္ဂုတ်စိတ်သင်္ဂဟနည်းအဖွင့်	၂၆၆-၂၆၈
၁၂။	ကာမာဝစရသောဘနစိတ်သင်္ဂဟနည်းအဖွင့်	၂၆၈-၂၇၃
၁၃။	အကုသိုလ်စိတ်သင်္ဂဟနည်းအဖွင့်	၂၇၄-၂၇၅
၁၄။	အဟိတ်စိတ်သင်္ဂဟနည်းအဖွင့်	၂၇၅-၂၇၇

ပကိဏ်းပိုင်းအဖွင့် (၂၇၈-၃၆၂)

၁။	ဝေဒနာသင်္ဂဟအဖွင့်	၂၈၁-၂၈၆
၂။	ဟေတုသင်္ဂဟအဖွင့်	၂၈၇-၂၉၄
၃။	ကိစ္စသင်္ဂဟအဖွင့်	၂၉၄-၃၀၈
၄။	ဒွါရသင်္ဂဟအဖွင့်	၃၀၈-၃၁၈

http://www.dhammadownload.com

၅။	အာလမ္ဗကာသဂ်ာတ်ာ	၃၁၈-၃၅၀
၆။	တ္ထုသဂ်ာတ်အဖွင့်	၃၅၀-၃၆၂

ဒီဃိတိုင်းအဖွင့် (၃၆၃-၄၅၈)

၁။	ဒီဃိဆက္ကအဖွင့်	၃၆၆-၃၆၈
၂။	ဒီဃိဘောဇအဖွင့်	၃၆၈-၃၆၉
၃။	ပဋ္ဌဝါရဒီဃိအဖွင့်	၃၆၉-၄၀၄
၄။	မနောဝါရဒီဃိအဖွင့်	၄၀၄-၄၁၅
၅။	ကာမဇောဝါရအဖွင့်	၄၀၄-၄၀၇
၆။	မနောဝါရဇောဝါရအဖွင့်	၄၀၇-၄၁၅
၇။	တဒါရမ္မဏနိယမအဖွင့်	၄၁၅-၄၃၃
၈။	ဇဝနနိယမအဖွင့်	၄၃၃-၄၄၂
၉။	ပုဂ္ဂလဘေဒအဖွင့်	၄၄၂-၄၅၄
၁၀။	ဘူမိဝိဘာဂအဖွင့်	၄၅၄-၄၅၈

http://www.dhammadownload.com

တင့်လိမ့်မယ်လေး

* ဦးကာကျော်ရှင်းတမ်း၊
တင့်ဆန်းသည် ဤကျမ်းစာ။
* အမြဲသာ လက်ကိုင်ပြု။
* ကြည့်ရှုလေ့လာ။
သိလိုရာ၊
ဖြေပါလိမ့် မနှေး။
* စာသင်ဝင်ကာနွဲရင်လ၊
ထာဝစဉ် အသင်မြင့်လို့ရယ်ကွယ်၊
တင့်လိမ့်မယ်လေး။

အစစ်နှင့် အတုခွဲခြားရှု

* အစစ်နှင့် အက၊
ခွဲခြားမှု သင်ပြုပါ။
* အတုဟာ၊
အရသာ စင်ကင်း။
* အစစ်ဟာ၊
ရသာပြည့်တယ်ကွယ်၊
သိလိမ့် ထင်လင်း။

(၂၃-၄-၂၀၀၀)

http://www.dhammadownload.com

ကြေးတိုင်းဆိုက ကျော်ကွင်းတမ်း
ပဏာမ နှင့် ပဋိညာဉ်

၁။ သာရတ္ထဒီပကံ ဗုဒ္ဓံ၊ သာရတ္ထံဝ ဂဝေသိနံ။
ဓမ္မံ သံဃဉ္စ အာစေရံ၊ အဘိဝန္ဒိယ သာဒုဂဲ့။

၂။ ဝါစနာမဂ္ဂံ နိဿာယ၊ ထေရဿ စ'ညဂန္ထကေ။
သုဗောဓတ္ထံ ကရိဿာမိ၊ ဋီကာကျော်အတ္ထဒီပကံ။

၁။ အဟံ၊ ဆရာမည်ထ, မုနိန္ဒ-တဲ့, နောက်မှတစ်ဖန်, အဘိဝံသ, ဘွဲ့ပုံရသဖြင့်, "မုနိန္ဒာဘိဝံသ", နာမထင်ပေါ်, တပည့်တော်သည်။ သာရတ္ထံဝ၊ သာရအနှစ်, အစစ်အမှန်ဖြစ်သော အနက်အဓိပ္ပာယ် အဆုံးအဖြတ် အသွယ်သွယ်ကိုသာလျှင်။ ဂဝေသိနံ၊ မရမနေ, ရှာဖွေစူးစမ်းလေ့ရှိသောသူတို့အား။ သာရတ္ထဒီပကံ၊ သီလ သမာဓိပညာနှင့်, တစ်ဖြာဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿန, ပရမတ္ထနိဗ္ဗာန်, ခြောက်တန်သာရ, နက်အတ္ထကို, ကျနထင်ထင်, ပေါ်လွင်စွာ ဖော်ပြတော်မူတက်ပေထသော။ ဗုဒ္ဓဉ္စ၊ သစ္စာလေးပါး, မြတ်တရားကို, ပြတ်သားတိတိ, ကိုယ်တိုင်သိ၍, များဘိသင့်ာ, ဧခနေယျာတို့အားလည်း, အခြားအတူ, သိစေတော်မူတတ်, ဘုရားမြတ်ကိုလည်းကောင်း။ ဓမ္မဉ္စ၊ ဘုရားမြတ်စွာ, စောသတ္ထာသည်, မိန့်မှာဟောအပ်, ဆယ်တန်သောတရားတော်မြတ်ကိုလည်းကောင်း။ သံဃဉ္စ၊ မဂ္ဂင်္ဂာန် ဖလင်္ဂာန်, ရှစ်တန်ထင်ပေါ်, အရိယာသံဃာတော်မြတ်နှင့်တကွ, ပစ္စက္ခရှိ, သမ္မုတိခေါ်တွင်, သံဃာတော်အရှင်မြတ်အပေါင်းကိုလည်းကောင်း။ အာစေရဉ္စ၊ ငယ်စဉ်မှစ, ယနေ့ကျအောင်, ဆုံးမပဲ့ပြင်, မြဲသွန်သင်လျက်, ဂုဏ်အင်ပြည့်ကာ, သာသနာ၌, ထည်ဝါဖို့ရေး, ပညာပေးတတ်, ပိဋကတ္တယဓိဒူ, နိကာယဏ္ဏဝါရဂူ, အဂ္ဂမဟာပဏ္ဍိတတစ်ဆူ, ဖြစ်တော်မူလတ်, ကျေးဇူးရှင် ကြခတ်ပိုင်းဆရာ မဟာထေရ်မြတ်နှင့်တကွ, ဘဒ္ဒန္တသိရိနန္ဒာဘိဝံသ, ဘဒ္ဒန္တဉာဏိယျဓမ္မာ ဘိဝံသ, နာမသမုတ်, တိုက်အုပ်နှစ်လို, အမေရိကန်ပြည်၌, လေးလီယာပထ, မျှတန္ဒင်ပြုံး, သီတင်းသုံးလျက်, မြတ်ဘုန်းသာသနာ, ပြန့်စိမ့်ဂါလျှင်, လွန်စွာကြိုးကုတ်, အားထုတ်၍နေ, သာသနာ့ရဆောက, ကမ္မဋ္ဌာနာစရိယ, ပိဋကတ္တယဓိဒူ, နိကာယဏ္ဏဝပါရဂူ, အဂ္ဂမဟာပဏ္ဍိတတစ်ဆူ, ဖြစ်တော်မူသည့်, ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ, စရိယိပ်ဆောင်း,

http://www.dhammadownload.com

ထေရ်ဆရာအပေါင်းကိုလည်းကောင်း။ သာဒေရဲ့၊ ကျေးလူးဂုဏ်အင်၊ စုံအလင်ကို၊ အစဉ်မှတ်သား၊ စိတ်ဝယ်ထားလျက်၊ လေးစားကြည်ညို၊ ရှိသေလှစွာ။ (အဘိဝန္ဒာမိ၊ လက်အုပ်ချီမိုး၊ မာန်နှိမ်ချီးကာ၊ ရှိခိုးကန်တော့ပါ၏၊ ဘုရား။) အဘိဝန္ဒိယ၊ လက်အုပ်ချီမိုး၊ မာန်နှိမ်ချီးကာ၊ ရှိခိုးကန်တော့ပြီး၍။

၂။ ထေရသာ၊ ကြခတ်ဝိုင်းသမိုက်၊ စာသင်တိုက်ကြီး၏၊ ဦးစီးဥက္ကဋ္ဌ၊ ပဓာနဥသျောင်၊ ခေါင်းဆောင်ရှေ့သွား၊ တပည့်အများတို့၊ လေးစားမပြတ်၊ ဆည်းကပ်အပ်ပေ၊ ကြခတ်ဝိုင်းမဟာထေရ်မြတ်ကြီး၏။ ဝါစနာမဂ္ဂ၊ နှစ်ပေါင်းများစွာ၊ ရှည်မြင့်ကြာအောင်၊ ဆရာထေရ်မြတ်၊ ချဉ်းလာကပ်သည့်၊ များလတ်ထောင်သောင်း၊ စာသင်သားအပေါင်းတို့အား၊ မနားမနေ၊ ရွတ်ဆိုစေ၍တစ်ရပ်၊ ရေးမှတ်စေ၍တစ်နဲ့၊ အမြဲနီစွ၊ ပို့ချကာသင်၊ ပို့ချနည်းလမ်းစဉ်ကိုလည်းကောင်း။ အညဉ်ဇန္ဓကေ စ၊ ပရိယတ္တိ သာသနာတွင်၊ ထိပ်ခေါင်တင်ဆိုရသည့်၊ အမရပူရ မဟာဂန္ဓာရုံ၊ ဘုန်းဂုဏ်ကြီးမား၊ ဆရာတော်ဘုရားပြုစုသည့်၊ များဘိထွေပြား၊ ကျမ်းစာများနှင့် အခြားသောအဘိဓမ္မာဆိုင်ရာကျမ်းစာများကိုလည်းကောင်း။ နိဿာယ၊ အားကိုးသမှု၊ မှီငြမ်းပြု၍။ သုဇောဓတ္ထံ၊ ဦးကာကျော်သင်၊ ရဟန်းရှင်တို့၊ လန်းရွှင်ချမ်းမြေ့၊ မပန်းရဘဲ၊ မှန်းဆသလောက်၊ ခရီးပေါက်၍၊ မဖောက်ဧကန်၊ ဉာဏ်အမြင်ရှင်း၊ လွယ်ကူစွာ သိနိုင်ခြင်းအကျိုးငှါ။ ဦးကာကျော်အတ္ထဒီပကံ၊ "အဘိဓမ္မတ္ထဝိဘာဝိနီ"၊ ကျမ်းအမည်ထင်ရှား၊ ရေးထိုးထားလည်း၊ အများခေါ်ဝေါ်၊ "ဦးကာကျော်"အမည်ရ၊ "ဦးကာလှ"၏၊ အတ္ထဓိပ္ပါ၊ အဖြာဖြာကို၊ သေချာရှင်းပြ၊ သကတ္ထကြောင့်၊ နာမတင့်ဆန်း၊ "ကြခတ်ဝိုင်းဦးကာကျော်ရှင်းတမ်း" အမည်ရှိသောကျမ်းကို။ ကရိဿာမိ၊ ကျမ်းပြုဆရာ၊ [illegible]ည်သာဖို့၊ ရည်ကာမမှန်း၊ တစ်ဖက်တစ်လမ်းမှ၊ စွမ်းနိုင်သမျှ သာသနာပြုသည့်[illegible]နေ့၊ [illegible]သားစိရင်ပေအံ့သတည်း။

http://www.dhammadownload.com

ကြခတ်ဝိုင်း ဋီကာကျော် ရှင်းတမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

စိတ်ပိုင်းအဖွင့်

ဥန္ဒာရမ္ဘကထာ (၆၉)

မေး။ ဋီကာဆရာ အရှင်သုမင်္ဂလသာမိမထေရ်သည် ဤကျမ်းစာကို မရေးသားမီ ရတနာသုံးပါးအား ရှိခိုးရာ၌ ထိုရတနာသုံးပါးတို့အား အဘယ်ဂုဏ်ပုဒ်များဖြင့် ခိုးကျူးထောမနာမှု ပြုတော်မူပါသနည်း အသီးသီး ခွဲခြားဖြေဆိုခဲ့ပါ။ (နှုတ် ၄၆၊ ၅၇)

ဖြေ။ **ဘုရားရှင်အား** "ဝိသုဒ္ဓကရုဏာဉာဏ် = အထူးသဖြင့် စင်ကြယ်သော မဟာကရုဏာ သဗ္ဗညုတဉာဏ်ရှိတော်မူသော" ဟူသော ဂုဏ်ပုဒ်ဖြင့် ခိုးကျူး ထောမနာမှု ပြုတော်မူပါသည်။

တရားတော်အား "သမ္မဒ္ခဲပူဇိတံ = မြတ်စွာဘုရားသည် ပူဇော်တော်မူခဲ့သော" ဟူသော ဂုဏ်ပုဒ်ဖြင့် ခိုးကျူးထောမနာမှု ပြုတော်မူပါသည်။

အရိယာသံဃာတော်အား "(၁) သဒ္ဓမ္မသမ္ဘူတံ = သုံးပါးသောသဒ္ဓမ္မကြောင့် အရိယာဇာတ်အားဖြင့် ကောင်းစွာဖြစ်တော်မူသော။ (၂) နိရင်္ကံ = ရာဂအစ ရှိသော ကိလေသာ အင်္ဂါ ရှိတော်မမူသော" ဟူသော ဂုဏ်ပုဒ် ၂-ခုတို့ဖြင့် ခိုးကျူးထောမနာမှု ပြုတော်မူပါသည်။

မေး။ ဆရာဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်မြတ်အား ဋီကာကျော်ဆရာ ခိုးကျူး ထောမနာမှု ပြုသော ဂုဏ်ပုဒ်များကို ထုတ်ဖော်ရေးသားပါ။ (နှုတ် ၅၅)

ဖြေ။ (၁) မဟာထေရ - ဝါနှစ်ဆယ်ရပြီး မဟာထေရ်ကြီး (ဆရာတော်ကြီး) ဖြစ်တော်မူခြင်း။

(၂) ပရိယတ္တိဝိသာရဒ = သုံးပုံပိဋကတ် ပရိယတ်အတွင်း ခြသော့်မဝင်းကဲ့သို့ ကင်းသောခွန့်ရှားခြင်း ရှိတော်မူခြင်း။

(၃) ဓီရ - ခိုင်မြဲသော သမာဓိ ရှိတော်မူခြင်း။

(၄) ဂါရဝဘာဇန - ရှိသေလေးစားဖွယ်သော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ဖြစ်ရာ သီလ, သမာဓိ, ပညာစသောဂုဏ်၏ ဘဏ်ရာဖြစ်တော်မူခြင်း။

http://www.dhammadownload.com

(၅) ဂရု - ကျောက်ထီးတန္တ အလေးပြုအပ်သော ပုဂ္ဂိုလ်ဖြစ်ခြင်းဟူသော ဂုဏ်ပုဒ် ၅-ပုဒ်တို့ဖြင့် ခီးကျူးထောမနာမှု ပြုတော်မူပါသည်။

၁ မေး။ ဝဏ္ဏယိသဲ သမာသေန-စသော ပဋိညာဉ်ဂါထာ၌ ဋီကာဆရာထုတ်ပြထားသော အဘိဓမ္မတ္ထသင်္ဂဟကျမ်း၏ ဂုဏ်ပုဒ်ကို ဖော်ပြခဲ့ပါ။

ဖြေ။ "အာဘိဓမ္မိကဘိက္ခူနံ၊ ပရံ ပိတိဝိဝဇုနံ-အာဘိဓမ္မာကို သင်ယူသိတတ် ရဟန်းမြတ်တို့၏ နှစ်သက်မှုပီတိကို လွန်စွာတိုးပွားစေတတ်ခြင်း"ဟူသောဂုဏ်ပုဒ် ဖြစ်ပါ သည်။

၂ မေး။ နှေးဋီကာကျမ်းများ ရှိပြီးဖြစ်ပါလျက် ဤ အဘိဓမ္မတ္ထဝိဘာဝိနီ ဋီကာသစ် (ဋီကာကျော်ကျမ်း)ကို အဘယ့်ကြောင့် ရေးသားစီရင်ရပါသနည်း၊ ဖြေဆိုပါ။

ဖြေ။ နှေးဋီကာကျမ်းတို့ဖြင့် ဤအဘိဓမ္မတ္ထသင်္ဂဟကျမ်းဝယ် လျှို့ဝှက်တိမ်မြုပ် နစ်ဝင်နေသောပုဒ်တို့၌ အနက်အဓိပ္ပာယ်ကို မသိနိုင်သောကြောင့် ဤ အဘိဓမ္မတ္ထ-ဝိဘာဝိနီ ဋီကာသစ်(ဋီကာကျော်ကျမ်း)ကို ရေးသားစီရင်ရခြင်း ဖြစ်ပါသည်။

၃ မေး။ ဤဋီကာသစ်(ဋီကာကျော်ကျမ်း)ကို အဘယ်အခြင်းအရာအားဖြင့် ရေးသားတော်မူပါသနည်း။(ရေးသားပုံအခြင်းအရာ = ကရဏပကာရကို ဖော်ပြပါ။)

ဖြေ။ ဤအဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ လျှို့ဝှက်တိမ်မြုပ် နစ်ဝင်နေသောပုဒ်တို့၏ အနက်အဓိပ္ပာယ်ကို မယုတ်လျော့စေဘဲ ပေါ်လွင်ထင်ရှားအောင် ဖော်ပြလျက် အကျဉ်းချုပ်အားဖြင့် ရေးသားတော်မူပါသည်။

ဂန္ထာရမ္ဘကထာအဖွင့် (၆၉)

၅ မေး။ သမ္မာသမ္ဗုဒ္ဓမတုလံ-စသော ဂါထာကို အဘယ်အကျိုးငှါ၊ (၀ါ) အဘယ့်ကြောင့် မိန့်ဆိုတော်မူရပါသနည်း ဖြေဆိုပါ။

ဖြေ။ (၁) ရတနတ္တယပဏာမ = ရတနာသုံးပါးအား ရှိခိုးခြင်း။
(၂) အဘိဓေယျ = ကျမ်း၏ဟောနက်။
(၃) ကရဏပကာရ = ကျမ်းပြုပုံအခြင်းအရာ။
(၄) ပကရဏာဘိဓာန = ကျမ်း၏အမည်။
(၅) ပယောဇဉ် = ကျမ်း၏အကျိုးတို့ကို ပြခြင်းအကျိုးငှါ၊ (၀ါ)

http://www.dhammadownload.com

ပြလိုသောကြောင့် "သမ္မာသမ္မုဒ္ဒမတုလံ"စသော ဂါထာကို မိန့်ဆိုတော်မူရခြင်း ဖြစ်ပါသည်။

၁ **မေး။** အဘိဓမ္မတ္ထသင်္ဂဟကျမ်း၏ ဂုဏ်ထူးဝိသေသများကို ပြည့်စုံစွာ ဖော်ပြပါ။

ဖြေ။ (၁) **အာဘိဓမ္မိကဘိက္ခူနံ၊ ပရံ ပိတိဝိဝဒ္ဓနံ** (အဘိဓမ္မာကို သင်ယူသိတတ် ရဟန်းမြတ်တို့၏ နှစ်သက်မှုပီတိကို လွန်စွာတိုးပွားစေတတ်ခြင်း။)

(၂) **ပရမဝိစိတ္တနယသမန္နာဂတ** (အလွန်ဆန်းကြယ်သော နည်းတို့နှင့် ပြည့်စုံခြင်း။)

(၃) **သကသမယသမယန္တရဂဟနဝိဂ္ဂါဟနသမတ္ထ** (မိမိအယူ, သူတစ်ပါးအယူ တည်းဟူသော တောအုပ်သို့ ဥဏ်ဖြင့် သက်ဓင်ခြင်း၌ စွမ်းနိုင်စေခြင်း။ (ဝါ) စွမ်းနိုင်သည်၏အဖြစ်ကို ပြတတ်ခြင်း။)

(၄) **သုဝိမလဝိပုလပညာဝေယျတ္တိယဇနန** = (အလွန်ကင်းဝေးသော အညစ်အကြေးရှိသော ပြန့်ပြောသောပညာ၏ အစွမ်းသတ္တိ (သန့်ရှင်း ထက်မြက်ခြင်းဟူသောဂုဏ်)ကို ဖြစ်စေခြင်းတို့ ဖြစ်ပါသည်။)

၂ **မေး။** "သမ္မာသမ္မုဒ္ဒမတုလံ" စသော ဂါထာ၌ အဘယ်ပါဠိဖြင့် အဘယ်ကို ပြပါသနည်း ဖြေဆိုပါ။

ဖြေ။ **"သမ္မာသမ္မုဒ္ဒ ။ပ။ အဘိဝါဒိယ"** ပါဠိဖြင့် ရတနတ္တယပဏာမကို ပြပါသည်။

"အာဘိဓမ္မတ္ထသင်္ဂဟံ" ပါဠိဖြင့် အဘိဓေယျ, ကရဏပုကာရ, ပကရဏာ-ဘိဓာနတို့ကို ပြပါသည်။

"အာဘိဓမ္မတ္ထသင်္ဂဟံ" ပါဠို၌ သင်္ဂဟံ-ဟူသော ပုဒ်တစ်စိတ်၏ အစွမ်းသတ္တိ သာမတ္ထိယအားဖြင့် ပယောဇဉ်ကို ပြပါသည်။

မှတ်ချက်။ ။ "ဘာသိဿံ"ပါဠိဖြင့် ပဋိညာဉ်နှင့် ကတ္တားကို ပြပါသည်။ (ပဋိညာဉ်-ဟူသည် ဝန်ခံချက်ဖြစ်၍၊ ကတ္တား-ဟူသည် ကျမ်းပြုပုဂ္ဂိုလ် ဖြစ်၏)။

၄ **မေး။** "အာဘိဓမ္မတ္ထသင်္ဂဟံ"ပါဠိဖြင့် အဘယ့်ကြောင့် အဘိဓေယျ-စသော အနက် သုံးပါးကို ပြနိုင်ပါသနည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ အဘိဓမ္မာခုနစ်ကျမ်း၌ ဟောတော်မူအပ်သော အနက်တို့ကို ဤအာဘိဓမ္မတ္ထ သင်္ဂဟကျမ်း၌ အကျဉ်းပေါင်းရုံး၍ ယူထားသည်၏အဖြစ်ကို ပြသဖြင့် အဘိဓမ္မာ အနက်တို့ကို ပေါင်းစုထားရာဖြစ်သော ဤအာဘိဓမ္မတ္ထသင်္ဂဟကျမ်းက ထို အဘိဓမ္မာ အနက်တို့ကို ပြီးစေအပ် သိစေအပ်သည်၏အဖြစ်ကို ပြသောကြောင့်

http://www.dhammadownload.com

"အဘိဓမ္မတ္ထသင်္ဂဟံ" ပါဠိဖြင့် အဘိဓေယျကို ပြနိုင်ခြင်း ဖြစ်ပါသည်။

အဘိဓမ္မာအနက်တို့ကို အဘိဓမ္မတ္ထသင်္ဂဟကျမ်း တစ်ကျမ်းတည်း၌ အကျဉ်းပေါင်းရုံး၍ ဆိုထားပုံအခြင်းအရာကို ပြသောကြောင့် "အဘိဓမ္မတ္ထသင်္ဂဟံ" ပါဠိဖြင့် ကရဏပုကာရကို ပြနိုင်ခြင်း ဖြစ်ပါသည်။

ဝိဂြိုဟ်အနက်သို့ အစဉ်လိုက်သော အမည်ကိုပြသောကြောင့် "အဘိဓမ္မတ္ထသင်္ဂဟံ"ပါဠိဖြင့် ပကရဏာဘိဓာနကို ပြနိုင်ခြင်း ဖြစ်ပါသည်။

၅ **မေး။** "သင်္ဂဟံ"ဟူသော ပုဒ်တစ်စိတ်၏ အစွမ်းသတ္တိ သာမတ္ထိယအားဖြင့် အဘယ့်ကြောင့် ပယောဇဉ်ကို ပြနိုင်ပါသနည်း ဖြေဆိုပါ။

ဖြေ။ အဘိဓမ္မာအနက်တို့ကို ဤအဘိဓမ္မတ္ထသင်္ဂဟကျမ်း တစ်ကျမ်းတည်း၌ အကျဉ်းပေါင်းရုံး၍ ယူထားသဖြင့် ထိုအဘိဓမ္မတ္ထသင်္ဂဟကျမ်းကို သင်ယူခြင်း, အဖန်တလဲလဲမေးမြန်းခြင်း-စသည်တို့၏အစွမ်းဖြင့် ထိုအဘိဓမ္မာအနက်တို့၏ သရုပ်သဘောလက္ခဏာကို ထိုးထွင်း၍ သိရခြင်း၏လည်းကောင်း၊ ထိုသို့ သိရခြင်းလျှင် အကြောင်းရင်းရှိသော ပစ္စုပ္ပန်အကျိုးစီးပွား, တမလွန်အကျိုးစီးပွားတို့ ပြီးစီးပြည့်စုံ ခြင်း၏လည်းကောင်း မပင်ပန်းသဖြင့် (အနှောင့်အယှက်မရှိဘဲ) ပြီးပြည့်စုံနိုင်သောကြောင့် "သင်္ဂဟံ" ဟူသော ပုဒ်တစ်စိတ်၏ အစွမ်းသတ္တိ သာမတ္ထိယအားဖြင့် ပယောဇဉ်ကို ပြနိုင်ခြင်း ဖြစ်ပါသည်။

သိမှတ်ဖွယ်

ပယောဇဉ် ၂-မျိုး။ ။ ပယောဇဉ်သည် (၁) မူချပယောဇဉ် (၂)အနုသင်္ဂီကပယောဇဉ်- ဟု ၂-မျိုးရှိရာ အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို သင်ယူခြင်း, အဖန်တလဲလဲမေးမြန်းခြင်း စသည် တို့၏အစွမ်းဖြင့် ထိုအဘိဓမ္မာအနက်တို့၏ သရုပ်သဘောလက္ခဏာကို ထိုးထွင်း၍ သိရခြင်း၏ အနှောင့်အယှက်မရှိဘဲ ပြီးပြည့်စုံခြင်းသည် **မူချပယောဇဉ်** ဖြစ်၍၊ ထိုသို့ သိရခြင်းလျှင် အကြောင်းရင်းရှိသော ပစ္စုပ္ပန်အကျိုးစီးပွား, တမလွန်အကျိုးစီးပွားတို့ အနှောင့်အယှက်မရှိဘဲ ပြီးစီးပြည့်စုံခြင်းသည် **အနုသင်္ဂီကပယောဇဉ်** ဖြစ်၏-ဟု ခွဲခြားမှတ်သားပါ။

၆ **မေး။** ရတနတ္တယပကာမ(=ရတနာသုံးပါးအား ရှိခိုးခြင်း)၏ အကျိုးကို ဦးကာဆရာတို့ အမျိုးမျိုး ခွဲ့ထွင်ဖွင့်ပြကြရာ ထိုအမျိုးမျိုးသော အကျိုးတို့တွင် အဌကထာဆရာတို့က အဘယ်အကျိုးကို အထူးအားဖြင့် လိုလားတောင့်တတော်မူကြပါသနည်း ဖြေဆိုပါ။

ဖြေ။ အန္တရာယ်ကို တားမြစ်ခြင်း (အန္တရာယ်ကင်းခြင်း) အကျိုးကို အထူးအားဖြင့်

http://www.dhammadownload.com

လိုလားတောင့်တတော်မူကြပါသည်။

မေး။ ရတနတ္တယပဏာမ(=ရတနာသုံးပါးအား ရှိခိုးခြင်း)ဟူသည် အဘယ်နည်း (ရတနတ္တယပဏာမ-အရကို ဖော်ပြပါ။)

ဖြေ။ ရတနတ္တယပဏာမ-ဟူသည် ရှိခိုးခြင်းကြိယာကို ပြီးစေဘတ်သော မဟာကုသိုလ်စေတနာဖြစ်ပါသည်။ (ရတနတ္တယပဏာမ-အရ ရှိခိုးခြင်းကြိယာကို ပြီးစေတတ်သော မဟာကုသိုလ်စေတနာကို ရပါသည်။)

မေး။ ရတနတ္တယပဏာမကုသိုလ်စေတနာ-ဟူသည် ပစ္စုပ္ပန်အတ္တဘော(ပစ္စုပ္ပန်ဘဝ)၌ အကျိုးပေးသော ကုသိုလ်စေတနာ, တမလွန်အတ္တဘော(တမလွန်ဘဝ)၌ အကျိုးပေးသော ကုသိုလ်စေတနာတို့တွင် အဘယ်အတ္တဘော(ဘဝ)၌ အကျိုးပေး သော ကုသိုလ်စေတနာ ဖြစ်ပါသနည်း ဖြေဆိုပါ။

ဖြေ။ ပစ္စုပ္ပန်အတ္တဘော(ပစ္စုပ္ပန်ဘဝ)၌ အကျိုးပေးသော ကုသိုလ်စေတနာ ဖြစ်ပါသည်။

သိမှတ်ဖွယ်။။ "ဒိဋ္ဌဓမ္မဒေနီယဘူတာ"ဟူသောပါဠိဖြင့် ရတနတ္တယပဏာမစေတနာသည် ဥပပဇ္ဇဝေဒနီယက်, အပရာပရိယဝေဒနီယက်မဟုတ်-ဟု သိစေပါသည်။

မေး။ ရတနတ္တယပဏာမ ကုသိုလ်စေတနာသည် အဘယ့်ကြောင့် ပစ္စုပ္ပန်ဘဝ၌ပင် အကျိုးပေးပါသနည်း။

ဖြေ။ ရတနတ္တယပဏာမ ကုသိုလ်စေတနာသည် ရှိခိုးအပ်သော ရတနာသုံးပါးတို့၏ အရဟာတာ-အစရှိသော ဂုဏ်အထူးတို့နှင့် ပြည့်စုံခြင်း၊ ရှိခိုးတတ်သော ကျမ်းပြုဆရာ၏ မြတ်သော အလိုဆန္ဒ, ကြည်ညိုခြင်းဟူသော အဇ္ဈာသယတို့နှင့် ပြည့်စုံခြင်းကြောင့် ယခုပစ္စုပ္ပန်ဘဝ၌ပင် အကျိုးပေးရခြင်း ဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ ခေတ္တဇ္ဈာသယသမ္ပဒါဟိ-၌ (၁) ခေတ္တသမ္ပဒါ (၂) အဇ္ဈာသယသမ္ပဒါ-ဟု ၂-မျိုးခွဲပါ။ ထိုတွင် ကောင်းမှုလိုလား လူအများတို့၏ ကုသိုလ်မျိုးစေ့ကို စိုက်ပျိုးကြဲချရာ ဌာနဖြစ်၍ လယ်ယာမြေကောင်းနှင့်တူသောကြောင့် ရတနာသုံးပါးကို '**ခေတ္တ**'ဟု ဆိုရသည်။ ရှိခိုးအပ် ရှိခိုးထိုက်သော ထိုရတနာသုံးပါးတို့၏ ဂုဏ်တော်များနှင့် ပြည့်စုံခြင်းကို "**ခေတ္တ-သမ္ပဒါ**"ဟု ခေါ်ဆိုရ သည်။ ရှိခိုးတတ်သော ကျမ်းပြုဆရာအရှင်အနုရုဒ္ဓါ၏ မြတ်သောအလို ဆန္ဒ, ကြည်ညိုခြင်းဟူသော အဇ္ဈာသယနှင့် ပြည့်စုံခြင်းကို "**အဇ္ဈာသယသမ္ပဒါ**"ဟု ခေါ်ဆို ရပါသည်။

http://www.dhammadownload.com

မေး။ ရတနတ္တယပဏာမစေတနာ၏ ပစ္စုပ္ပန်ဘဝ၌ပင် အကျိုးပေးပုံကို ရေးပြပါ။

ဖြေ။ ရတနတ္တယပဏာမစေတနာသည် အကြင်အကြင် ရအပ်ပြီးသောအကျိုးနှင့် ပြည့်စုံခြင်း၏ အကြောင်းဖြစ်သော ဇနကကံဟောင်းအား မိမိ၏ အားအဆင့် (ဇနကကံ၏ အစွမ်းသတ္တိအား သင့်လျော်သောအား)ကို ပေးခြင်း၏အစွမ်းဖြင့် ထို ဇနကကံဟောင်းသည် ဖြစ်စေအပ်သော အကျိုးဝိပါက်နှင့် ကဋ္ဌတ္တာရုပ်အစဉ်၏ အန္တရာယ်ကို ပြုတတ်ကုန်သော ဥပပီဠက, ဥပဇ္ဇေဒကကံတို့ကို တားမြစ်၍ ထိုဥပပီဠက, ဥပဇ္ဇေဒကကံလျှင် အကြောင်းရင်းရှိသည့် အကြင်အကြင် အလိုရှိအပ်သော ကျမ်းပြီးခြင်းအကျိုးကို တားမြစ်တတ်သော ရောဂါအစရှိသော အန္တရာယ်တို့၏ မဖြစ်ခြင်းကို ပြီးစေသောအားဖြင့် အကျိုးပေးပါသည်။

အကျဉ်းချုပ်။ ။ရတနတ္တယပဏာမကုသိုလ်စေတနာသည် ကောင်းကျိုးပေးမည့် ရှေးအတိတ်ဘဝက ကုသိုလ်ဇနကကံဟောင်းအား မိမိ၏အင်အားကို ပေးခြင်း၏ အစွမ်းဖြင့် အကျိုးပေးခွင့် မသာအောင် ကပ်၍နှိပ်စက်တတ်, ကပ်၍ဖြတ် ကောက်တားဆီးတတ်သော ဥပပီဠက, ဥပဃာတကံတို့ကြောင့် ဖြစ်ပေါ်လာမည့် အနာရောဂါအစရှိသော အန္တရာယ်တို့ ဖြစ်ပေါ်မလာအောင် တားမြစ်ကာ အကျိုးပေးပါသည်။

မေး။ ကျမ်း၏အစဉ် ရတနတ္တယပဏာမ ပြုရခြင်းအကျိုးကို ရေးသားဖြေဆိုပါ။

ဖြေ။ ကျမ်း၏အစဉ် ရတနတ္တယပဏာမကို ပြုရခြင်းသည် -

၁။ အကြင်အကြင် အားထုတ်အပ်သော ကျမ်းဂန်၏ အန္တရာယ်မရှိသဖြင့် ပြီးစီးခြင်းအကျိုး။

၂။ အရှင်အနုရုဒ္ဓါဆရာ၏ ရှိခိုးခြင်းလျှင်ရှေ့သွားရှိသော အကျင့်ဖြင့် စာသင်သားတို့၏ အန္တရာယ်မရှိဘဲ သင်ယူခြင်း, ဆောင်ရွက်မှတ် သားခြင်းစသော ကိစ္စများ ပြည့်စုံခြင်း အကျိုးရှိပါသည်။

မေး။ ရတနာမြတ်သုံးပါးတို့အား ရိုသေလေးစားစွာဖြင့် အမြဲအစဉ် လက်အုပ်ချီမိုးရှိခိုးပူဇော် ဖူးမျှော်မာန်လျော့ ကန်တော့နေကြသော ဗုဒ္ဓဘာသာဝင် သူတော်စင်များ လက်တွေ့ ခံစားရရှိနိုင်သည့် အကျိုးကျေးဇူးများကို အများနားလည်အောင် ရေးပြပါ။

ဖြေ။ အတိတ်ကံဟောင်းသည် ဖြစ်စေအပ်သော အကျိုးဝိပါက်အစဉ်ကို အန္တရာယ် ပြုတတ်သည့် ဥပပီဠက, ဥပဃာတကကံများကို ပယ်ရှားတားမြစ်နိုင်ခြင်း၊ ထိုကံတို့ကြောင့် ဖြစ်ပေါ်လာတတ်သည့် အနာရောဂါစသော အန္တရာယ်များ မဖြစ်

http://www.dhammadownload.com

ခြင်း၊ မိမိတို့ အားထုတ်ပြုလုပ်အပ်သော အမှုကိစ္စများ အန္တရာယ်ကင်း အနှောင့်အယှက် ကင်းရှင်းစွာဖြင့် ပြီးစီးအောင်မြင်ခြင်း၊ အခြားအခြား လိုလားတောင့်တအပ်သော အရာများ ပြီးစီးအောင်မြင်ခြင်း-ဟူသော အကျိုးကျေးဇူးများကို ခံစားရရှိနိုင်ပါသည်။

မေး။ ယခုအခါ အခမ်းအနားများ ကျင်းပပြုလုပ်ကြရာ၌ "နမော တဿ" ၃-ကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး အခမ်းအနားကို ဖွင့်လှစ်ကြရာ အဘယ်သို့သော ရည်ရွယ်ချက်ဖြင့် ထိုသို့ ပြုလုပ်ကြခြင်း ဖြစ်ပါသနည်း လိုရင်းတိုရှင်းမျှ ရေးပြပါ။

ဖြေ။ ကျင်းပပြုလုပ်သော အခမ်းအနား အန္တရာယ်ကင်းရှင်းစွာဖြင့် ပြီးဆုံးအောင်မြင်စေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ထိုသို့ ပြုလုပ်ကြခြင်း ဖြစ်ပါသည်။

မေး။ (က) အဘိဓေယျ (ခ)ကရဏပုဗ္ဗကာရန္ဒင့် ပယောဇဉ်, (ဂ) ပဏရဏာဘိဓာနတို့ကို ပြဆိုရခြင်း အကျိုးတို့ကို ဖော်ပြပါ။

ဖြေ။ (က) အဘိဓေယျကို ပြဆိုရခြင်းသည် သိအပ်ပြီးသော အနက်ရှိသော ကျမ်းဂန်ကို သင်ယူခြင်းစသည်တို့၏ အစွမ်းဖြင့် ပညာရှိတို့ အဖန်တလဲလဲ မှီဝဲခြင်း အကျိုးရှိ ပါသည်။

(ခ) ကရဏပုဗ္ဗကာရန္ဒင့် ပယောဇဉ်တို့ကို ပြဆိုရခြင်းသည် သောတုဇနတို့၏ ကောင်းစွာအားထုတ်ခြင်းကို ဖြစ်စေခြင်း အကျိုးရှိပါသည်။

(ဂ) အဘိဓာနကို ပြဆိုခြင်းသည် ခေါ်ဝေါ်ရလွယ်ကူခြင်း အကျိုးရှိပါသည်။

မေး။ မြတ်စွာဘုရားကို အဘယ့်ကြောင့် "သမ္မာသမ္ဗုဒ္ဓ"ဟု ခေါ်ဆိုရပါသနည်း၊ "သမ္မာသမ္ဗုဒ္ဓ"ဟု ခေါ်ဆိုရပုံများကို ဋီကာဆရာ ဖွင့်ပြသည့်အတိုင်း ပြည့်စုံစွာ ရှင်းလင်း တင်ပြခဲ့ပါ။

ဖြေ။ မဖောက်မပြန် မိမိအလိုလို ကိုယ်တော်တိုင်သာလျှင် အလုံးစုံသောတရားတို့ကို ထိုးထွင်း၍ သိတော်မူတတ်သောကြောင့် မြတ်စွာဘုရားကို "သမ္မာသမ္ဗုဒ္ဓ"ဟု ခေါ်ဆိုရပါသည်။

(တစ်နည်း) သူတစ်ပါးတို့သည် မနိုးစေအပ်သည်ဖြစ်၍ ကိုယ်တော်တိုင် သာလျှင် ဝါသနာနှင့်တကွဖြစ်သော ပြင်းပြင်းပြပြ မောဟတာန်းဟူသော အိပ်ပျော်ခြင်းမှ စင်စစ်ကင်းတော်မူပြီး နိုးတော်မူပြီးဖြစ်သောကြောင့် မြတ်စွာဘုရားကို "သမ္မာသမ္ဗုဒ္ဓ" ဟု ခေါ်ဆိုရပါသည်။

(တစ်နည်း) အသင့်အားဖြင့် ကိုယ်တော်တိုင်သာလျှင် ပွင့်တော်မူပြီး ဖြစ်သော

http://www.dhammadownload.com

ကြောင့် မြတ်စွာဘုရားကို "သမ္မာသမ္ဗုဒ္ဓ"ဟု ခေါ်ဆိုရပါသည်။

သိမှတ်ဖွယ်များ

ဝစနတ္ထ-၁။ သမ္မာ သာမဉ္စ သတ္ထမေ့ အဘိသမ္ဗုဒ္ဓေါတိ သမ္မာသမ္ဗုဒ္ဓေါ။
၂။ သမ္မာ သာမဉ္စ ဗုဒ္ဓေါ ပဋိဗုဒ္ဓေါ ဝိဂတောတိ သမ္မာသမ္ဗုဒ္ဓေါ။
၃။ သမ္မာ သာမဉ္စ ဗုဒ္ဓေါ ဝိကသိတောတိ သမ္မာသမ္ဗုဒ္ဓေါ။

အထက်ပါ ၃-နည်းတို့တွင် ပထမနည်း၌ ဗုဒ္ဓ-ဝယ် ဗုဓောတ်သည် '**ဉာဏ-သိခြင်း**' အနက်ကို ဟော၏။ ဒုတိယနည်း၌ '**ဇာဂရဏ-နိုးကြားခြင်း**' အနက်ကို ဟော၏။ တတိယနည်း၌ '**ဝိကသန- ပွင့်ခြင်း**'အနက်ကို ဟော၏-ဟု မှတ်ပါ။ ပထမနည်း၌ သမ္မာ-သဒ္ဒါ အဝိပရီတအနက်ဟော၊ ဒုတိယနည်း၌ သမ္မာ-သဒ္ဒါ **အစ္ဆရ** အနက်ဟော၊ တတိယနည်း၌ သမ္မာ-သဒ္ဒါ ဉာယအနက်ဟော၊ သံ-သဒ္ဒါကား ၃-နည်းလုံး၌ပင် သယံ အနက်ဟော ဖြစ်ပါသည်။

ဓါထာ- ဉာဏော ဝိကသနေ စေဝ၊ ဂမနေစာပိ ဇာဂရေ။
စတူသွေတေသု အတ္ထေသု၊ ဗုဓတု ပဝတ္တတိ။

၁၆ **မေး။** မြတ်စွာဘုရား၏ မဖောက်မပြန်, မိမိအလိုလို ကိုယ်တော်တိုင်သာလျှင် သိတော်မူပုံကို ရေးပြပါ။

ဖြေ။ မြတ်စွာဘုရားသည် သခ်ိတ, အသခ်ိတအားဖြင့် ပြားသော အလုံးစုံသော တရားအပေါင်းကို ဟုတ်မှန်သောအတိုင်း မိမိ၏ ကိစ္စနှင့်တကွဖြစ်သော လက္ခဏာကို ထိုးထွင်း၍ သိခြင်း၏အစွမ်းဖြင့် **"မဖောက်မပြန် သိ"**တော်မူပါသည်။

ကိုယ်တော်တိုင်သာလျှင် စူးစမ်းရှာဖွေအပ်, ဆည်းပူးအပ်ပြီးသော ပါရမီတော်တို့ကြောင့် ကောင်းစွာဖြစ်သော သယမ္ဘူဉာဏ်ဖြင့် **"မိမိအလိုလို ကိုယ်တော်တိုင်သာလျှင် သိ"**တော်မူပါသည်။

၁၇ **မေး။** "မြတ်စွာဘုရားသည် ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင်သာလျှင် သိတော်မူသည်"ဟူရာ၌ ခိုင်မာသော အထောက်ထားကို ဖော်ပြပါ။

ဖြေ။ "သယံ အဘိညာယ ကမုဒ္ဒိသေယျံ = ကိုယ်တော်တိုင် ထူးသောဉာဏ်ဖြင့် သိခြင်းကြောင့် အဘယ်သူကို 'ဤသူကား ငါ့ဆရာ'ဟု ညွှန်ပြရာတော့အံ့နည်း" ဟူသော ပါဠိတော်စကား ဖြစ်ပါသည်။

၁၈ **မေး။** မြတ်စွာဘုရား၏ **ကိုယ်တော်တိုင် ပွင့်တော်မူပုံ**ကို ဥပမာဆောင် ထင်ရှားအောင်

http://www.dhammadownload.com

ရှင်းပြခဲ့ပါ။

ဖြေ။ နေရောင်နှင့် ပေါင်းဆုံမိခြင်းကြောင့် အလွန်နှစ်သက်ဖွယ်သော အသရေ၏ တင့်တယ်ခြင်းအစုသို့ ရောက်ခြင်းအားဖြင့် ပဒုမ္မာကြာ ပွင့်သကဲ့သို့၊ ထို့အတူ အရဟတ္တမဂ်ဉာဏ်နှင့် ပေါင်းဆုံမိခြင်းကြောင့် မနှိုင်းယှဉ်အပ်သော ဂုဏ်အပေါင်းတို့ဖြင့် တန်ဆာဆင်အပ်သော သဗ္ဗညုတဉာဏ်သို့ ရောက်ခြင်းအားဖြင့် ကောင်းစွာကိုယ်တော် တိုင်သာလျှင် ပွင့်တော်မူပါသည်။

၁၆ **မေး။** "ဘုရားပွင့်"ဟူသော စကား၏ အဓိပ္ပာယ်ကို အမျှားနားလည်အောင် ရှင်းလင်းဖြေဆိုပါ။

ဖြေ။ နေရောင်နှင့် ပေါင်းဆုံမိခြင်းကြောင့် အလွန်နှစ်သက်ဖွယ်သော အသရေ၏ တင့်တယ်ခြင်းအစုသို့ ရောက်ခြင်းအားဖြင့် ပဒုမ္မာကြာ ပွင့်သကဲ့သို့၊ ထို့အတူ အရဟတ္တမဂ်ဉာဏ်နှင့် ပေါင်းဆုံမိခြင်းကြောင့် မနှိုင်းယှဉ်အပ်သော ဂုဏ်အပေါင်းတို့ဖြင့် တန်ဆာဆင်အပ်သော သဗ္ဗညုတဉာဏ်သို့ ရောက်ခြင်း (သဗ္ဗညုတဉာဏ်တော်ကို ရရှိခြင်း)ကို "ဘုရားပွင့်"ဟု ဆိုပါသည်။

၂၀ **မေး။** သမ္မာသမ္ဗုဒ္ဓံ-ဟူသောပုဒ်ကို အဘယ့်ကြောင့် အတုလံ-ဟူသောပုဒ်ဖြင့် အထူးပြုရပါသနည်း ဖြေဆိုပါ။

ဖြေ။ သမ္မာသမ္ဗုဒ္ဓ-သဒ္ဒါသည် မြတ်စွာဘုရား၌ အမည်တော်မျှကိုသာ ပြခြင်း၏ အစွမ်းဖြင့် ဖြစ်သောကြောင့် (ဂုဏ်တော်ကို ထင်ရှားပြခြင်းအကျိုးငှါ) "အတုလံ" ဟူသောပုဒ်ဖြင့် အထူးပြုရခြင်းဖြစ်ပါသည်။

ရှင်းချက်။ ။ "သမ္မာ သာမဉ္စ သဗ္ဗမ္မေ အဘိသမ္ဗုဒ္ဓေါတိ သမ္မာသမ္ဗုဒ္ဓေါ"စသော ဝိဂြိုဟ်ဝစနတ်အခိုက်၌ ဘုရားရှင်၏ ဂုဏ်တော်များ ထင်ရှားပါသော်လည်း 'သမ္မာ-သမ္ဗုဒ္ဓ'ဟူသော အမည်တော်ကို ခေါ်ဝေါ်သောအခိုက်၌ကား ဂုဏ်တော်များ မထင်ရှားတော့ပါ။ ထို့ကြောင့် သမ္မာသမ္ဗုဒ္ဓံ-ပုဒ်ကို အတုလံ-ဟူသောပုဒ်ဖြင့် အထူးပြုရ ဝိသေသန မ, ရခြင်းဖြစ်သည်-ဟူလို။

ယထာဘူတကထန, ဗျဝစ္ဆေဒက-ဟူသော ဝိသေသန ၂-မျိုးတို့တွင် ဤ 'အတုလံ' ဟူသော ဝိသေသနကို ယထာဘူတကထန ဝိသေသန-ဟု မှတ်ပါ။

F-2 ၂၁ **မေး။** မြတ်စွာဘုရားကို အဘယ့်ကြောင့် "အတုလံ"ဟု ဆိုရပါသနည်း၊ ဖြေဆိုပါ။

ဖြေ။ မြတ်စွာဘုရားသည် သီလအစရှိသော ဂုဏ်တို့ကြောင့် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်နှင့်မျှ တူတော်မမူသောကြောင့် ချိန်ခွင်နှင့်တူသော ဉာဏ်ပညာဖြင့် နှိုင်း

http://www.dhammadownload.com

ယှဉ်အပ်သော ပုဂ္ဂိုလ်မဟုတ်ပါ။ ထို့ကြောင့် မြတ်စွာဘုရားကို "အတုလ"ဟု ဆိုရခြင်း ဖြစ်ပါသည်။

(တစ်နည်း) နတ်နှင့်တကွသော လောကၠ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်သောကြောင့် တူသောပုဂ္ဂိုလ် မရှိရကား မြတ်စွာဘုရားကို "အတုလ"ဟု ဆိုရခြင်းဖြစ် ပါသည်။

သိမှတ်ဖွယ်များ

ပထမနည်း၌ ခိုနိန္ဒခွင်နှင့်တူသော ဉာဏ်ပညာဖြင့် နှိုင်းယှဉ်အပ်သော ပုဂ္ဂိုလ်သည် 'တုလ' မည်၏။ ဒုတိယနည်း၌ တူသောပုဂ္ဂိုလ်သည် 'တုလ'မည်၏။

ဝစနတ္ထ- တုလိယတိ ပမိယတိ ဧတာယာတိ တုလာ(ပကတိခိုနိန္ဒခွင်ကိုရ၏)။ တုလာ ဝိယာတိ တုလာ (ပညာကို ရ၏)။ တုလာယ သမ္မိတော တုလ္လော၊ (သမ္မိတအနက်၌ ယ-ပစ္စည်း)၊ တုလ္လာယေဝ တုလော၊ လျ-မ္ ယ-ကို ချေ၍ တုလော-ဟု ဖြစ်၏။ (တစ်နည်း)တုလာ.ယ သမ္မိတော တုလော၊ (သမ္မိတ အနက်၌ အ-ပစ္စည်း)၊

န တုလော အတုလော။

(တစ်နည်း) နတ္ထိ တုလော ဧတဿာတိ အတုလော။

၂၂ **မေး။** မြတ်စွာဘုရားသည် နတ်နှင့်တကွသော လောကၠ အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်ကြောင်း အထောက်အထားကို ဖော်ပြပါ။

ဖြေ။ ယာဝတာ ဘိက္ခဝေ သတ္တာ အပဒါ ဝါ ဒ္ဝိပဒါ ဝါ စတုပ္ပဒါ ဝါ ။ပ။ တထာဂတော တေသံ အဂ္ဂမက္ခာယတိ-ဟူသော ပါဠိတော်စကား ဖြစ်ပါသည်။

၂၃ **မေး။** သမ္မာသမ္ဗုဒ္ဓံ, အတုလံ-ဟူသော ပုဒ်နှစ်ပါးအပေါင်းဖြင့် ဦကာဆရာသည် အဘယ်မျှသော ဂုဏ်အစုတို့ဖြင့် မြတ်စွာဘုရားအား ချီးမွမ်းထောမနာမှု ပြုတော်မူပါသနည်း ဖြေဆိုပါ။

ဖြေ။ သမ္မာသမ္ဗုဒ္ဓံ, အတုလံ-ဟူသော ပုဒ်နှစ်ပါးအပေါင်းဖြင့် ဦကာဆရာသည် ဟေတုသမ္ပဒါ, ဖလသမ္ပဒါ, သတ္တူပကာရသမ္ပဒါ-ဟူသော သုံးပါးသော ဂုဏ်အစုတို့ဖြင့် မြတ်စွာဘုရားအား ချီးမွမ်းထောမနာမှု ပြုတော်မူပါသည်။

၂၄ **မေး။** ဟေတုသမ္ပဒါ-ဟူသည် အဘယ်နည်း ဖြေဆိုပါ။

ဖြေ။ **ဟေတုသမ္ပဒါ**-ဟူသည် မဟာကရုဏာတော်နှင့် ကောင်းစွာယှဉ်ခြင်း၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်တို့၏ အဆောက်အအုံဖြစ်သော သုံးဆယ်သော ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခြင်းတို့ ဖြစ်ပါသည်။

http://www.dhammadownload.com

၂၅ **မေး။** ဖလသမ္ပဒါအပြား ၄-ပါးကို ဖော်ပြပါ။

ဖြေ။ (၁) ဉာဏသမ္ပဒါ (၂) ပဟာနသမ္ပဒါ
(၃) အာနုဘာဝသမ္ပဒါ (၄) ရူပကာယသမ္ပဒါ-တို့ ဖြစ်ပါသည်။

၂၆ **မေး။** ဖလသမ္ပဒါအပြား ၄-ပါးတို့၏ အဓိပ္ပာယ်များကို ရေးသားဖြေဆိုပါ။

ဖြေ။ (၁) **ဉာဏသမ္ပဒါ-ဟူသည်** သတ္တဥုတဉာဏ်တော်၏ နီးစွာသော အကြောင်းဖြစ်သော အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တမဂ်ဉာဏ်လျှင် အကြောင်းရင်းရှိသော ဒသဗလ-စသော ဉာဏ်တော်တို့ဖြစ်ပါသည်။

(၂) **ပဟာနသမ္ပဒါ-ဟူသည်** ဝါသနာနှင့်တကွဖြစ်သော အလုံးစုံသော ကိလေသာတို့ကို စင်စစ်အားဖြင့် တစ်ဖန်မဖြစ်ခြင်းသဘောရှိသည်၏အဖြစ် (တစ်ဖန် မဖြစ်ခြင်း)သို့ ရောက်စေခြင်းဖြစ်ပါသည်။

(၃) **အာနုဘာဝသမ္ပဒါ-ဟူသည်** အလိုရှိတော်မူသည့်အတိုင်း လိုလားအပ်သော အကျိုးကို ပြီးစေခြင်း၌ အစိုးရတော်မူခြင်းဖြစ်ပါသည်။

(၄) **ရူပကာယသမ္ပဒါ-ဟူသည်** အလုံးစုံသော သတ္တလောက၏ မျက်စိတို့ကို ဆောင်ယူ၍ မိမိ၌ သွန်းလောင်းဘိသကဲ့သို့ဖြစ်သော ၃၂-ပါးသော လက္ခဏာတော်ကြီး၊ ၈၀-သော လက္ခဏာတော်ငယ်တို့ဖြင့် တန်ဆာဆင်အပ်သော ခန္ဓာကိုယ်အတွင်းဘော၏ ပြည့်စုံတော်မူခြင်း ဖြစ်ပါသည်။

၂၇ **မေး။** သတ္တူပကာရသမ္ပဒါအပြား ၂-ပါးကို အဓိပ္ပာယ်များနှင့်တကွ ဖော်ပြခဲ့ပါ။

ဖြေ။ (၁) ဒေဝဒတ်အစရှိသော ဆန့်ကျင်ဘက်သတ္တဝါတို့ အပေါ်၌သော်မှလည်း အမြဲတမ်း အကျိုးစီးပွားကို လိုလားတော်မူခြင်း၊ ပညာဖြင့် မရင့်ကျက်သေးသော သတ္တဝါတို့၏ ပညာဖြင့်ရင့်ကျက်ရာအခါကို ငံ့လင့်တော်မူခြင်းတို့သည် **"အာသယသမ္ပဒါ"** မည်ပါသည်။

(၂) ဒေဝဒတ်အစရှိသော ဆန့်ကျင်ဘက်သတ္တဝါတို့မှ တစ်ပါးသောသတ္တဝါတို့အား လာဘ်လာဘ, ပူဇော်သက္ကာရ စသည်တို့၌ ငံ့ကွက်ခြင်းကင်းသော စိတ်ရှိသည်ဖြစ်၍ အနိစ္စာနုပဿနာ အစရှိသော ယာဉ်သုံးပါးအပေါင်းကို အဦးပြုသဖြင့် အလုံးစုံသော ဆင်းရဲဒုက္ခမှ ထွက်မြောက်စေတတ်သော တရားတော်ကို ဟောတော်မူခြင်းသည် **"ပယောဂသမ္ပဒါ"** ဖြစ်ပါသည်။

၂၈ **ဓမး။** သမ္မာသမ္ဗုဒ္ဓမတုလ်-စသော ဂါထာ၌ အဘယ်ပါဠိဖြင့် အဘယ်သမ္ပဒါကို ပြပါသနည်း အသိသီးဖြေဆိုပါ။

http://www.dhammadownload.com

ဖြေ။ **"သမ္မာသမ္ဗုဒ္ဓံ"** ပါဠိဖြင့် ဉာဏသမ္ပဒါ, ပဟာနသမ္ပဒါ-ဟူသော ရှေ့ဖလသမ္ပဒါ နှစ်ပါးတို့ကို ပြပါသည်။

"အတုလံ" ပါဠိဖြင့် အာနုဘာဝသမ္ပဒါ, ရူပကာယသမ္ပဒါ-ဟူသော နောက်ဖလသမ္ပဒါ နှစ်ပါးနှင့် သတ္တူပကာရသမ္ပဒါတို့ကို ပြပါသည်။

သမ္မာသမ္ဗုဒ္ဓံ, အတုလံ ၂-ပုဒ်တို့၏ အစွမ်းသတ္တိ သာမတ္ထိယအားဖြင့် (အာနုဘာဝသမ္ပဒါ, ရူပကာယသမ္ပဒါ နှစ်ပါးနှင့် သတ္တူပကာရသမ္ပဒါတို့၏ အကြောင်းဖြစ်သော) ဟေတုသမ္ပဒါကို ပြပါသည်။

မေး။ သမ္မာသမ္ဗုဒ္ဓံ, အတုလံ နှစ်ပုဒ်တို့၏ အစွမ်းသတ္တိ သာမတ္ထိယအားဖြင့် ဟေတုသမ္ပဒါကို ပြကြောင်း အဘယ့်ကြောင့် သိရပါသနည်း ဖြေဆိုပါ။

ဖြေ။ မဟာကရုဏာတော်နှင့် ကောင်းစွာယှဉ်ခြင်း၊ ဟေဓိဉာဏ်၏ အဆောက် အအုံဖြစ်သော ပါရဒိတော်တို့ကို ဖြည့်ကျင့်တော်မူခြင်းဟူသော အကြောင်းကင်းသဖြင့် ဖလသမ္ပဒါနှင့် သတ္တူပကာရသမ္ပဒါ နှစ်ပါးတို့ ပြည့်စုံခြင်း မဖြစ်သင့်သော ကြောင့်လည်းကောင်း၊ အကြောင်းမရှိလတ်သော် ခပ်သိမ်းသော သတ္တဝါတို့၌ ထိုဖလသမ္ပဒါ, သတ္တူပကာရသမ္ပဒါ ဖြစ်ခြင်း၌ ကပ်ငြိလျှင်းပါး ယုံမှားဖွယ်ရှိသော ကြောင့်လည်းကောင်း သမ္မာသမ္ဗုဒ္ဓံ, အတုလံ နှစ်ပုဒ်တို့၏ အစွမ်းသတ္တိ သာမတ္ထိယအားဖြင့် ဟေတုသမ္ပဒါကို ပြကြောင်း သိရပါသည်။

မေး။ သသဒ္ဓမ္မဂရုတ္တမံ-ဟူသော ဂုဏ်ပုဒ်ကို အဘယ့်ကြောင့် အရှင်အနုရုဒ္ဓါဆရာ မိန့်ဆိုတော်မူရပါသနည်း၊ ဖြေဆိုပါ။

ဖြေ။ (ဟေတု, ဖလ, သတ္တူပကာရသမ္ပဒါ-ဟူသော သုံးပါးအပြားရှိသော အခိုက်အတန့်တို့ဖြင့် သိမ်းယူအပ်သော ခွီးမွမ်းခြင်းရှေ့သွားရှိသည်ဖြစ်၍ ဘုရားရတနာကို ရှိခိုးပြီးနောက်) ဘုရားရတနာမှ ကြွင်းသော တရားရတနာ, သံဃာရတနာတို့အားလည်း ရှိခိုးခြင်းပဏာမကို အားထုတ်တော်မူလိုသောကြောင့် "သသဒ္ဓမ္မဂရုတ္တမံ"ဟူသော ဂုဏ်ပုဒ်ကို အရှင်အနုရုဒ္ဓါဆရာ မိန့်ဆိုတော်မူရခြင်း ဖြစ်ပါသည်။

မေး။ အပဓာနဖြစ်သော(မပြဌာန်းသော) တရား, သံဃာရတနာတို့၏လည်း ရှိခိုးအပ်သည်၏အဖြစ်ကို အဘယ့်ကြောင့် သိအပ်ပါသနည်း၊ ဥပမာဆောင် ထင်ရှားအောင် ဖြေဆိုခဲ့ပါ။

ဖြေ။ အပဓာနဖြစ်သော တရား, သံဃာ ရတနာတို့၏လည်း ရှိခိုးအပ်သည်၏ အဖြစ်

http://www.dhammadownload.com

ကို "သသဒ္ဓမ္မဂဏ္ဌတ္တမံ"ပုဒ်၌ သဒ္ဓမ္မ, ဂဏ္ဌတ္တမ-ပုဒ်တို့၏ သဟ-သဒ္ဒါနှင့် ယှဉ်ခြင်းကြောင့် သိအပ်ပါသည်။

(တစ်နည်း) တရား, သံဃာ ရတနာတို့သည် ရှိခိုးခြင်းကြီးယာ၏ အစွမ်းဖြင့် ဘုရားရတနာနှင့် တကွယှဉ်ဘက်ဖြစ်သောကြောင့် သိအပ်ပါသည်။

ဥပမာ- "သပုတ္တဒါရော အာဂတော = သား,မယားနှင့်တကွ လာ၏"ဟု ဆိုအပ်ရာ၌ သား,မယား၏လည်း လာခြင်းကို သိအပ်သကဲ့သို့ ဖြစ်ပါသည်။

၂၁ **မေး။** သဒ္ဓမ္မဂဏ္ဌတ္တမံ-၌ **"ဓမ္မ" အဓိပ္ပာယ်**ကို ပေါ်လွင်ထင်ရှားအောင် ရေးပြ၍ အရကိုလည်း ကောက်ပြခဲ့ပါ။

ဖြေ။ မိမိဟုဆိုအပ်သော တရားကို ဆောင်ကုန် ကျင့်ကုန်သော သတ္တဝါတို့ကို အပါယ်လေးပါးတို့၌လည်းကောင်း၊ ဝဋ်ဆင်းရဲတို့၌လည်းကောင်း မကျသည်ကိုပြု၍ ဆောင်တတ်သောကြောင့် "ဓမ္မ" မည်ပါသည်။

ဓမ္မ-အရ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်တည်းဟူသော ၉-ပါးသော တရားတို့ကို ရပါသည်။ (တစ်နည်း) ပရိယတ်နှင့်ကကွ ၁၀-ပါးသော တရားတို့ကို ရပါသည်။

သိမှတ်ဖွယ်

ဝစနတ္ထ - အတ္ထာနံ ဓာရေန္တေ စတူသု အပါယေသု ဝဋ္ဋဒုက္ခေသု စ အပတမာနေ ကတ္တာ ဓာရေတီတိ ဓမ္မော။ ဓာရေတိ-သာ လိုရင်းဖြစ်၏။ ကြွင်းသောပုဒ်တို့ကို ထို ဓာရေတိ-ပုဒ်၏ အခြံအရံ၏အစွမ်းဖြင့် ဆိုထားခြင်းဖြစ်သည်။ သောတာပတ္တိမဂ်ကိုသာ ရည်ရွယ်၍ 'စတူသု အပါယေသု'ဟု ဆိုသည်။ မဂ် ၄-ပါးလုံးကို ရည်ရွယ်၍ 'ဝဋ္ဋဒုက္ခေသု'ဟု ဆိုသည်။ (ဋီ၊ ၁။ ၁၀၈။)

၂၂ **မေး။** ဓာရေတိ-၌ ဓာရဏ-အရ "ဆယ်ပါးသော တရားတော်၏ ဆောင်ခြင်း" ဟူသည် အဘယ်ပါနည်း၊ လောကလူသားတို့ လက်စသည်တို့ဖြင့် ယူ၍ ဝန်ဆောင်ခြင်းမျိုးကို ဆိုလိုပါသလော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဓာရဏ-အရ "ဆယ်ပါးသော တရားတော်၏ ဆောင်ခြင်း" ဟူသည် အပါယ်အစရှိသည်တို့၌ ဖြစ်စေတတ်သော ကိလေသာကို ဖျက်ဆီးခြင်းပင် ဖြစ်ပါသည်။ လောကလူသားတို့ လက်စသည်တို့ဖြင့် ယူ၍ ဝန်ဆောင်ခြင်းမျိုးကို မဆိုလိုပါ။

၂၃ **မေး။** မဂ်, ဖိုလ်, နိဗ္ဗာန်, ပရိယတ်တို့၏ ဓမ္မ-မည်ပုံ အသီးသီးကို ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ **အရိယမဂ်(မဂ်လေးပါး)**သည် ကိလေသာတို့ကို အကြွင်းမဲ့ သတ်ဖြတ်တတ်

http://www.dhammadownload.com

သောကြောင့်လည်းကောင်း၊ **နိဗ္ဗာန်**သည် အာရုံ၏အဖြစ်ဖြင့် ထိုမဂ်လေးပါး၏ ကိလေသာကို အကြွင်းမဲ့သတ်ဖြတ်ခြင်းကိစ္စ ပြီးစီးခြင်း၏ အကြောင်းဖြစ်သော ကြောင့်လည်းကောင်း မူချအားဖြင့် **"ဓမ္မ"** မည်ပါသည်။

ဖိုလ်လေးပါးသည် ကိလေသာတို့ကို တစ်ဖန် ငြိမ်းစေခြင်း၏ အစွမ်းဖြင့် မဂ်အားလျော်စွာ ဖြစ်သောကြောင့် **ကာရကပုစ္ဆာ**အားဖြင့် **"ဓမ္မ"** မည်ပါသည်။

ပရိယတ်သည် အရိယမဂ်ကို ရခြင်း၏ အကြောင်းဖြစ်သောကြောင့် **ဖလူပစာ**အားဖြင့် **"ဓမ္မ"** မည်ပါသည်။

(ဆောင်) - လေးမဂ်, နိဗ္ဗာန်၊ မုချမှန်၊ **ဧကန် ဓမ္မ မည်။**
- ဖိုလ် **ကာရကပု**၊ **ပရိယတ်မူ**၊ **ဖလူ ဓမ္မ မည်။**

အမှာ။ ။ "ဓမ္မ-အရ မုချဓမ္မ, ဥပစာဓမ္မများကို အသီးသီးအကြောင်းပြလျက် ခွဲခြားဖြေဆိုပါ" ဟူသော မေးခွန်းကို ဖြေတတ်ပါစေ။

၃၅ **မေး။** ဖိုလ်လေးပါးနှင့် ပရိယတ်တရားတို့၏ ကိလေသာ ဖျက်ဆီးပုံကို အမျှား နားလည်အောင် ရေးပြပါ။

ဖြေ။ **ဖိုလ်လေးပါး**တို့သည် မဂ်က အကြွင်းမဲ့ သတ်ဖြတ်ဖျက်ဆီးအပ်ပြီးသော ကိလေသာတို့ကို တစ်ဖန်ငြိမ်းစေခြင်း၏ အစွမ်းဖြင့် မဂ်အားလျော်စွာ ဖြစ်ကြပါသည်။ထိုသို့ဖြစ်ခြင်းကိုပင် ကိလေသာတို့ကို ဖျက်ဆီးသည်-ဟု ပရိယာယ်အားဖြင့် ဆိုရပါသည်။

ပရိယတ်ကား ကိလေသာကို အကြွင်းမဲ့ သတ်ဖြတ်ဖျက်ဆီးတတ်သော အရိယမဂ်ကို ရခြင်း၏ အကြောင်းဖြစ်ပါသည်။ ထိုသို့ အကြောင်းဖြစ်ခြင်းကိုပင် ကိလေသာတို့ကို ဖျက်ဆီးသည်-ဟု ပရိယာယ်အားဖြင့် ဆိုရခြင်းဖြစ်ပါသည်။

၃၆ **မေး။** သဒ္ဓမ္မ-ပုဒ်၏ အဓိပ္ပာယ်ကို ရနိုင်သမျှ ရေးသားဖော်ပြခဲ့ပါ။

ဖြေ။ သူတော်ကောင်းဖြစ်ကုန်သော အရိယာပုဂ္ဂိုလ်တို့၏ တရားသည် "သဒ္ဓမ္မ" မည်ပါသည်။

(တစ်နည်း) ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရားသည် "သဒ္ဓမ္မ" မည်ပါသည်။ (တိတ္ထိတို့ ကြံဆအပ်သော အတ္တကဲ့သို့ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော တရားမျိုး မဟုတ်ပါ။)

(တစ်နည်း) သွာက္ခာတတာ-စသောဂုဏ်နှင့် ယှဉ်ခြင်းကြောင့် ချီးမွမ်းအပ်သောတရားသည် "သဒ္ဓမ္မ" မည်ပါသည်။ (သာသနာတော်မှ အပဖြစ်သော တိတ္ထိ

http://www.dhammadownload.com

တို့ဟောအပ်သောတရားကဲ့သို့ စင်စစ် ကဲ့ရဲ့အပ်သောတရားမျိုး မဟုတ်ဝါ)။

ဝစနတ္ထ - ၁။ သတံ ဓမ္မော သဒ္ဓမ္မော၊
၂။ သန္တော သံဝိဇ္ဇမာနော ဓမ္မော သဒ္ဓမ္မော၊
၃။ သန္တော ပသတ္ထော ဓမ္မော သဒ္ဓမ္မော။

မေး။ ဂဏ္ဌတ္တမ-ပုဒ်၏ အဓိပ္ပာယ်ကို ဋီကာဆရာ ဖွင့်ဆိုသည့်အတိုင်း ပြည့်စုံစွာ ရေးပြပါ။

ဖြေ။ အရိယာသံဃာတော်သည် ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်တို့၏ အပေါင်းဖြစ်သောကြောင့် **"ဂဏ"**မည်၏။ သုပ္ပဋိပန္နတာ-စသော ဂုဏ်အထူးနှင့် ယှဉ်သောကြောင့် **"ဥတ္တမ"**လည်း မည်၏။ ထိုနှစ်ပါးသော သတ္တိကြောင့် **"ဂဏုတ္တမ"** မည်ပါသည်။ (ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်တို့၏ အပေါင်းဖြစ်သောကြောင့် လည်းကောင်း၊ သုပ္ပဋိပန္နတာ-စသော ဂုဏ်အထူးနှင့် ယှဉ်သောကြောင့်လည်း ကောင်း "ဂဏုတ္တမ"မည်ပါသည်-ဟုလည်း ဖြေဆိုနိုင်ပါသည်။)

(တစ်နည်း) နတ်,လူစသော အပေါင်းတို့ထက် မြတ်သောကြောင့် "ဂဏုတ္တမ" မည်ပါသည်။

(တစ်နည်း) နတ်, လူစသော အပေါင်းတို့၌(တို့တွင်) မြတ်သောကြောင့် "ဂဏုတ္တမ" မည်ပါသည်။

ဝစနတ္ထ။။ ၁။ ဂဏော စ သော ဥတ္တမော စာတိ ဂဏုတ္တမော။
၂။ ဂဏာနံ ဥတ္တမော ဂဏုတ္တမော။
၃။ ဂဏေသု ဥတ္တမော ဂဏုတ္တမော။

မေး။ **သသဒ္ဓမ္မဂဏုတ္တမံ**-ဟူသော တစ်ပုဒ်လုံး၏ အဓိပ္ပာယ်ကို ရေးပြပါ။

ဖြေ။ သူတော်ကောင်းဖြစ်ကုန်သော အရိယာပုဂ္ဂိုလ်တို့၏တရား, ပရမတ္ထအားဖြင့် ထင်ရှားရှိသောတရား, ခြိုးမွမ်းအပ်သောတရားနှင့်လည်းကောင်း၊ မြတ်သော အရိယာပုဂ္ဂိုလ်တို့၏ အပေါင်းဖြစ်သော အရိယာသံဃာနှင့်လည်းကောင်း တကွဖြစ်သောကြောင့် မြတ်စွာဘုရားသည် "သသဒ္ဓမ္မဂဏုတ္တမ" မည်တော်မူပါသည်။

(တစ်နည်း)သူတော်ကောင်းဖြစ်ကုန်သော . . . . . တရားနှင့်လည်းကောင်း၊ နတ်, လူစသော အပေါင်းတို့ထက်မြတ်သော အရိယာသံဃာနှင့်လည်းကောင်း တကွ ဖြစ်သောကြောင့် မြတ်စွာဘုရားသည် "သသဒ္ဓမ္မဂဏုတ္တမ" မည်တော်မူပါသည်။

(တစ်နည်း)သူတော်ကောင်းဖြစ်ကုန်သော . . . . . တရားနှင့်လည်းကောင်း

http://www.dhammadownload.com

နတ်, လူ စသော အပေါင်းတို့၌(တို့တွင်) မြတ်သော အရိယာသံဃာနှင့်လည်းကောင်း တကွဖြစ်သောကြောင့် မြတ်စွာဘုရားသည် "သသဒ္ဓမ္မဂဏုတ္တမ" မည်တော်မူပါသည်။

အမှာ။ ။" အရှင်အနုရုဒ္ဓါဆရာသည် မြတ်စွာဘုရားကို ရှိခိုးရာ၌ အဘယ့်ကြောင့် 'သသဒ္ဓမ္မဂဏုတ္တမ'ဟူသော ဂုဏ်ထူးဖြင့် ချီးကျူးရပါသနည်း ဖြေဆိုပါ" ဟူသော မေးခွန်းကို ဖြေတတ်ပါစေ။

မေး။ အဘယ်သို့ ရှိခိုးခြင်းကို "အဘိဝါဒိယ - အထူးအားဖြင့် ရှိခိုးခြင်း"ဟု ဆိုရပါသနည်း ဖြေဆိုပါ။

ဖြေ။ ဘယ, လာဘ, ကုလာစာရ စသည်တို့ကို ကြဉ်၍ ရိုသေစွာ ကာယ, ဝစီ, မနော ဟူသော သုံးပါးသော ဒွါရတို့ဖြင့် ရှိခိုးခြင်းကို "အဘိဝါဒိယ - အထူးအားဖြင့် ရှိခိုးခြင်း"ဟု ဆိုရပါသည်။

ရှင်းချက်။ ။ ကြောက်ခြင်း, တစ်စုံတစ်ရာ လာဘ်လာဘကို မျှော်လင့် တောင့်တခြင်း, တစ်ယောက်နှင့်တစ်ယောက်တွေ့လျှင် ရှိခိုး၍ နူတ်ဆက်ခြင်း ဟူသော အမျိုးတို့၏ အလေ့အကျင့် (ထုံးစံ)ရှိခြင်းစသော အကြောင်းတို့ကြောင့် ရှိခိုးခြင်းမျိုး မဟုတ်ဘဲ ကာယ, ဝစီ, မနော သုံးပါးသောဒွါရတို့ဖြင့် ရိုရိုသေသေ လေးလေးစားစား ရှိခိုးခြင်းကို "အဘိဝါဒိယ - အထူးအားဖြင့် ရှိခိုးခြင်း"ဟု ဆိုရသည်-ဟူလို။

မေး။ အဘိဝါဒိယ-ပုဒ်အဖွင့်ကို မျှော်၍ "စစ်မှန်သော ဘုရားရှိခိုးနည်း"ကို ဖော်ပြပါ။

ဖြေ။ ကြောက်၍ ရှိခိုးခြင်း, တစ်စုံတစ်ရာ လာဘ်လာဘကို မျှော်ကိုးတောင့်တ၍ ရှိခိုးခြင်း, ဗုဒ္ဓဘာသာဝင်တို့၏ ဓလေ့ထုံးစံရှိသောကြောင့် ရှိခိုးခြင်းမျိုး မဟုတ်ဘဲ ဘုရားရှင်၏ အရဟံ-အစရှိသောဂုဏ်တော်များကို စိတ်ထဲမှ အာရုံပြု၍ လည်းကောင်း၊ နူတ်မှ ထုတ်ဖော်ရွတ်ဆို၍လည်းကောင်း ထိခြင်းငါးပါးဖြင့် ရိုရိုသေသေ လေးလေးစားစား ရှိခိုးရပါမည်။

မေး။ အိန္ဒိယလူမျိုးတို့သည် အချင်းချင်းတွေ့ဆုံကြသောအခါ လက်အုပ်ချီလျက် "**နမသ်တေ**"ဟု ပြောဆိုနူတ်ဆက်လေ့ရှိကြရာ ထိုသို့ ပြောဆိုနူတ်ဆက်ခြင်းမျိုးကို "အဘိဝါဒိယ - အထူးအားဖြင့် ရှိခိုးခြင်း"ဟု ဆိုနိုင်ပါမည်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ မဆိုနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် - ထိုသို့ လက်အုပ်ချီလျက် ပြောဆိုနူတ်ဆက်ခြင်းသည် အိန္ဒိယလူမျိုးတို့၏ ထုံးတမ်းစဉ်လာ တစ်ခုဖြစ်သောကြောင့်

http://www.dhammadownload.com

ဖြစ်ပါသည်။

သိမှတ်ဖွယ်။။ "နမ သ်တေ - နမော တေ- သင့်အား ရှိခိုးပါ၏"။ နမား စ်တေ-ဟု အသံထွက်ပါ။

မေး။ အဘိဓမ္မတ္ထသင်္ဂဟ-ပုဒ်၌ (က) အဘိဓမ္မ (ခ) အဘိဓမ္မတ္ထ (ဂ) အဘိဓမ္မတ္ထသင်္ဂဟ-တို့၏ အဓိပ္ပာယ်များကို အသီးသီး ရေးသားဖြေဆိုပါ။

ဖြေ။ ပညတ်မှ အသီးအခြားထုတ်ယူအပ်သော ပရမတ္ထဖြစ်ခြင်းအားဖြင့် ထူးကုန်သောတရားတို့ကို ဟောအပ်ရာဖြစ်သောကြောင့် ဓမ္မသင်္ဂဏီ- စသော ၇-ကျမ်းတို့ကို "အဘိဓမ္မ(=အဘိဓမ္မာ)"ဟု ခေါ်ဆိုရပါသည်။

အဘိဓမ္မာ ၇-ကျမ်း၌ ဟောတော်မူအပ်ကုန်သော စိတ်, စေတသိက်စသော အနက်တို့ကို "အဘိဓမ္မတ္ထ"ဟု ခေါ်ဆိုရပါသည်။

ထိုအဘိဓမ္မာ ၇-ကျမ်းတို့၌ အကျယ်အားဖြင့် ဟောတော်မူအပ်ကုန်သော စိတ်, စေတသိက်စသော အနက်တို့ကို အကျဉ်းပေါင်းရုံး၍ ယူရာ, ယူကြောင်းဖြစ်သောကြောင့် ဤသင်္ဂြိဟ်ကျမ်းကို "အဘိဓမ္မတ္ထသင်္ဂဟ"ဟု ခေါ်ဆိုရပါသည်။

ဝစနတ္ထ - အဘိ ဝိသိဋ္ဌာ ဓမ္မာ ဧတ္ထာတိ အဘိဓမ္မော၊ အဘိဓမ္မေ ဝုတ္တာ အတ္ထာ အဘိဓမ္မတ္ထာ၊ သင်္ဂယ်န္တိ ဧတ္ထ, ဧတေနာတိ ဝါ သင်္ဂဟော၊ အဘိဓမ္မတ္ထာနံ သင်္ဂဟော အဘိဓမ္မတ္ထသင်္ဂဟော။

မေး။ အဘိဓမ္မတ္ထသင်္ဂဟ-ပုဒ်၌ (က) အဘိ-အရ (ခ) ဓမ္မ-အရ (ဂ) အတ္ထ-အရ (ဃ) အဘိဓမ္မ-အရ (င) အဘိဓမ္မတ္ထ-အရ (စ) အဘိဓမ္မတ္ထသင်္ဂဟ-အရတို့ကို အသီးသီး ခွဲခြားကောက်ပြခဲ့ပါ။

ဖြေ။ (က) အဘိ-အရ လွန်ကဲထူးမြတ်သော အဘိဝိသိဋ္ဌဘောဝဏ်ကို ရပါသည်။

(ခ) ဓမ္မ-အရ ပရမတ္ထ သဘာဝဓမ္မတို့ကို ရပါသည်။

(ဂ) အတ္ထ-အရ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူသော ပရမတ္ထ သဘောတရားလေးပါးကို ရပါသည်။

(ဃ) အဘိဓမ္မ-အရ အဘိဓမ္မာ ၇-ကျမ်းကို ရပါသည်။

(င) အဘိဓမ္မတ္ထ-အရ အဘိဓမ္မာ ၇-ကျမ်း၌ ဟောတော်မူအပ်ကုန်သော စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်-ဟူသော ပရမတ္ထသဘောတရား လေးပါးတို့ကို ရပါသည်။

(စ) အဘိဓမ္မတ္ထသင်္ဂဟ-အရ "အဘိဓမ္မတ္ထသင်္ဂဟ"ခေါ် ဤသင်္ဂြိဟ်ကျမ်းကို ရပါသည်။

http://www.dhammadownload.com

မေး။ ယခုအခါ မြန်မာနိုင်ငံ၌ အဘိဓမ္မာကို လေ့လာလိုက်စားသူများ ပေါများလျက် "အဘိဓမ္မာ အဘိဓမ္မာ"ဟု တစ်မာထည်း မာနေကြရာ ထို "အဘိဓမ္မာ"ဟူသည် အဘယ်ကဲ့သို့သော အရာမျိုးဖြစ်ကြောင်း အများနားလည်အောင် ရှင်းပြခဲ့ပါ။

ဖြေ။ ငါ, သူတစ်ပါး, ယောက်ျား, မိန်းမစသော ပညတ်မျိုး မဟုတ်ဘဲ မဖောက်မပြန် မှန်ကန်တည့်မတ် မြတ်သောအနက်သဘောအားဖြင့် ထူးခြားကုန်သော စိတ် စေတသိက်, ရုပ်, နိဗ္ဗာန်တရားတို့ကို "အဘိဓမ္မာ"ဟု ခေါ်ဆိုရပါသည်။ ထို တရားတို့ကို ဟောအပ်ရာဖြစ်သောကြောင့် ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်း-ဟူသော ကျမ်း ၇-ကျမ်းတို့ကိုလည်း "(အဘိဓမ္မာ)"ဟုပင် ခေါ်ဆိုရပါသည်။

ဂန္ဓာရမ္ဘကထာအဖွင့် ပြီး၏။

ပရမတ္ထဓမ္မအဖွင့် (၇၃)

၁၈ **မေး။** "တတ္ထ ဝုတ္တာဘိဓမ္မတ္ထာ" စသော ဂါထာကို အဘယ့်ကြောင့် မိန့်ဆိုတော်မူ ပါသနည်း ဖြေဆိုပါ။

ဖြေ။ အကြင်အကြင် အလိုရှိအပ်သောအကျိုး၏ အကြောင်းဖြစ်သော ရတနတ္တယ ပဏာမစသည်ကို စီရင်ပြီးနောက်၊ ယခုအခါ၌ အကြင် အဘိဓမ္မာအနက်တို့ အကျဉ်းပေါင်းရုံးချ၍ ယူခြင်း၏အစွမ်းဖြင့် ဤသဂြိုဟ်ကျမ်းကို အပြားအားပြ ထားအပ် စီရင်ရေးသားအပ်၏။ ထိုအဘိဓမ္မာအနက်တို့ကို အကျယ်နိဒ္ဒေသ ရှေးဦးစွာ အကျဉ်းချုပ်အားဖြင့် သရုပ်အရ ထုတ်ပြတော်မူလိုသောကြော "တတ္ထ ဝုတ္တာ-ဘိဓမ္မတ္ထာ" စသော ဂါထာကို မိန့်ဆိုတော်မူရခြင်းဖြစ်ပါသည်

လိုရင်း - အဘိဓမ္မာအနက်တို့ကို အကျဉ်းချုပ်အားဖြင့် သရုပ်အရ ထုတ်ပြတော် လိုသောကြောင့် "တတ္ထ ဝုတ္တာဘိဓမ္မတ္ထာ"စသော ဂါထာကို မိန့်ဆိုတော်မူရခြင်း ဖြစ်ပါသည်။

မေး။ တတ္ထ ဝုတ္တာဘိဓမ္မတ္ထာ-၌ တတ္ထ-အစွဲကို ဖော်ပြပါ။

ဖြေ။ တတ္ထ-အစွဲမှာ အဘိဓမ္မပိဋကတ ဖြစ်ပါသည်။ (အဘိဓမ္မတ္ထသင်္ဂဟ-ပုဒ်, အဘိဓ သင်္ဂဟကျမ်းတို့ မဟုတ်ပါ။)

http://www.dhammadownload.com

မေး။ "တတ္ထ ဝုတ္တာဘိဓမ္မတ္ထာ"စသော ဂါထာ၌ သဗ္ဘထာ-အရကို ဖော်ပြပါ။

ဖြေ။ သဗ္ဘထာ-အရ ကုသိုလ်အစရှိသော, ခန္ဓာအစရှိသော ခပ်သိမ်းသော အပြားကို ယူရပါမည်။

သိမှတ်ဖွယ်။။ "ကုသလာဒိဝသေန-ကို ဓမ္မသင်္ဂဏီကျမ်းကို ရည်ရွယ်၍၊ ခန္ဓာဒိဝသေန-ကို ဝိဘင်းကျမ်းကို ရည်ရွယ်၍ ဆိုအပ်သည်"ဟု ဆရာတို့ ဆိုကြသည်။

မေး။ စိတ္တံ, စေတသိကံ, ရူပံ, နိဗ္ဗာန်-တို့၏အရကို အသီးသီး ကောက်ပြခဲ့ပါ။

ဖြေ။ **စိတ္တံ-အရ** ဝိညာဏက္ခန္ဓာကို ယူရပါမည်။ (စိတ္တသူကြွယ်, ပန်းချီဆေး ရေးရုပ်စသော အနက်တို့ကို မယူရပါ။)

စေတသိကံ-အရ ဝေဒနာအစရှိသော ခန္ဓာ ၃-ပါးအပေါင်းကို ယူရပါ မည်။ ("စေတသာ ကတံ စေတသိကံ"၊ သို့မဟုတ်- "စေတသာ သမုဋ္ဌိတံ စေတသိကံ" ဟု ဝစနတ္ထ ပြု၍ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်ကို မယူရပါ)။

ရူပံ-အရ ဘူတရုပ်, ဥပါဒါရုပ်အားဖြင့် ပြားသော ရူပက္ခန္ဓာကို ယူရပါမည်။ (လောကီစိတ်, စေတသိက်ဟူသော ဝိယရုပ်, သာတရုပ်စသည်တို့ကို မယူရပါ)။

နိဗ္ဗာန်-အရ မင်္ဂ, ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတတရားကို ယူရပါမည်။ (အရဟတ္တဖိုလ်စသည်ကို မယူရပါ။ ဘာသာဋီကာဆရာတော်ကား လောဘစသည်တို့၏ တဒင်္ဂပဟာန်ဖြင့် ခေတ္တခဏမျှ ငြိမ်းအေးခြင်းဟူသော နိဗ္ဗာန်ကို မယူရဟု ဆိုပါသည်)။

မေး။ ပရမတ္ထ(=ပရမတ်)-ဟူသည် အဘယ်နည်း ဦးကာလာအတိုင်း ပြည့်စုံစွာ ရှင်းပြခဲ့ပါ။

ဖြေ။ မိမိတို့၏ သဘောလက္ခဏာမှ မဖောက်မပြန် မှန်ကန်တည့်မတ် မြတ်သော အနက်သဘောသည် "ပရမတ္ထ (=ပရမတ်)" မည်ပါသည်။

တစ်နည်း - မြတ်သော သဗ္ဘညုတဉာဏ်၏ ကျက်စားရာအာရုံသည် "ပရမတ္ထ (=ပရမတ်)" မည်ပါသည်။

သိမှတ်ဖွယ်။ ။ - ပရမော ဥတ္တမော အဝိပရီတော အတ္ထော ပရမတ္ထော။
- ပရမဿ ဥတ္တမဿ ဉာဏဿ အတ္ထော ပရမတ္ထော။

မေး။ "ပရ(မ်)တ်"ဟူသော စကားလုံး၏ အဓိပ္ပာယ်ကို ရှင်းလင်းရေးသားပါ။

ဖြေ။ 'ပရမတ္ထ'ပုဒ်မှ ထ-ကို ဖြုတ်ပယ်, တ-အထက်ဝယ် အသတ်ဝင်၍ 'ပရမတ်'ဟု ပြောစမှတ် ပြုကြခြင်းဖြစ်သည်။ အဓိပ္ပာယ်မှာ - မိမိတို့၏ သဘော လက္ခဏာမှ မဖောက်မပြန် မှန်ကန်တည့်မတ် မြတ်သော အနက်သဘော၊ **တစ်နည်း** မြတ်

http://www.dhammadownload.com

သော သဗ္ဗညုတဉာဏ်၏ ကျက်စားရာအာရုံတရား-ဟူ၍ ဖြစ်ပါသည်။

မေး။ "မြတ်သော အနက်သဘောသည် ပရမတ္ထ-မည်၏"ဟုဆိုရာ အဘယ့်ကြောင့် မြတ်ပါသနည်း ဖြေဆိုပါ။

ဖြေ။ မိမိ၏ သဘောလက္ခဏာမှ မဖောက်မပြန်သောကြောင့် မြတ်ပါသည်။

မှတ်သားဖွယ်။ ။ ပရမော ဥတ္တမော အဝိပရီတော-၌ အဝိပရီတော-သည် ဥတ္တမော-၏ အကြောင်း ဖြစ်သည်ဟု မှတ်ပါ။

မေး။ မာတိကာ၌ အကုသိုလ်စိတ်, စေတသိက်များကို "ဟီနာ ဓမ္မာ"ဟု ဟောထားရာ ထိုစကားနှင့် ဤ၌ "ပရမတ္ထ"ဟူသောစကားတို့ ဆန့်ကျင်နေသည် မဟုတ်ပါလော? စကားနှစ်ရပ်ကို မဆန့်ကျင်အောင် ညှိပြခဲ့ပါ။

ဖြေ။ အကုသိုလ်စိတ်, စေတသိက်များသည် တကယ်ကို ယုတ်ညံ့သောကြောင့် မာတိကာ၌ "ဟီနာ ဓမ္မာ"ဟု ဟောထားခြင်း ဖြစ်ပါသည်။ ပရမတ္ထ-ပုဒ်၌ 'ပရမ' သဒ္ဒါသည် ဟီန-သဒ္ဒါ၏ ဆန့်ကျင်ဘက် ပဏီတ (အမွန်အမြတ်) ဟူသော အနက်ကို မဟော၊ အဝိပရီတ (မဖောက်မပြန် မှန်ကန်တည့်မတ်ခြင်း) ဟူသော အနက်ကိုသာ ဟောပါသည်။ အကုသိုလ်စိတ်, စေတသိက်တို့သည် ယုတ်ညံ့သော်လည်း လောဘမှန်လျှင် ခွေးသန္တာန်မှာဖြစ်ဖြစ်, ငြဟ္မာမင်းကြီး သန္တာန်မှာ ဖြစ်ဖြစ် လိုချင်ခြင်းသဘောမှ မပြောင်းလဲ မဖောက်ပြန်ဘဲ ခိုင်မြဲတည့်မတ်သည်သာဖြစ်ပါသည်။ ထို့အတူ ဒေါသမှန်လျှင်လည်း လူ့သန္တာန်မှာဖြစ်ဖြစ်, နတ်သန္တာန်မှာဖြစ်ဖြစ် အမျက်ထွက်ခြင်းသဘောမှ မပြောင်းလဲ မဖောက်ပြန်ဘဲ ခိုင်မြဲတည့်မတ်သည်သာ ဖြစ်ပါသည်။ ထို့ကြောင့် အကုသိုလ်စိတ်, စေတသိက်များကို "ပရမတ္ထ"ဟု ဆိုထားခြင်းဖြစ်ရကား စကားနှစ်ရပ် မဆန့်ကျင်ပါ။

မေး။ "မြတ်သော သဗ္ဗညုတဉာဏ်၏ ကျက်စားရာအာရုံသည် ပရမတ္ထ"ဟု ဆို လျှင် ပညတ်သည်လည်း မြတ်သောသဗ္ဗညုတဉာဏ်၏ ကျက်စားရာ အာရုံဖြစ်သော ကြောင့် ပညတ်၏လည်း ပရမတ္ထ-ဟူသောအမည် ဖြစ်ရာသည် မဟုတ်ပါလော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ မဖြစ်ပါ။ အကြောင်းကား - 'ပရမတ္ထ'ဟူသော အမည်သည် ကြာ၌သာ ထင်ရှားသော ပင်ဇ-သဒ္ဒါ၊ ဥဒေါင်းငှက်၌သာ ထင်ရှားသော မယူရ-သဒ္ဒါတို့ကဲ့သို့ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်-ဟူသော တရား ၄-ပါးတို့၌သာ ထင်ရှားသော အထင်ရှုဋ္ဌ သဒ္ဒါဖြစ်သောကြောင့်တည်း။ (ဋ္ဌ၊ ၁။ ၁၂၃။)

http://www.dhammadownload.com

မေး။ ပရမတ္ထ-ပုဒ်၌ ပရမ+အတ္ထ-တို့၏ အနက်များကို ရေးသားဖော်ပြပါ။

ဖြေ။ ပရမ-သဒ္ဒါ ဥတ္တမအနက်ဟောဖြစ်၍၊ အတ္ထ-သဒ္ဒါ သဘာဝအနက်ဟော (ဆရာမြတ်တို့အလို-သဒ္ဒါဘိဓေယျအနက်ဟော)ဖြစ်ပါသည်။

တစ်နည်း - အတ္ထ-သဒ္ဒါ 'ဝိသယ-အာရုံ' အနက်ဟော ဖြစ်ပါသည်။

မေး။ ပရမ+အတ္ထ-၌ ပရမ-အရကို ဖြစ်နိုင်သမျှ ကောက်ပြခဲ့ပါ။

ဖြေ။ ပရမ-အရ ဥတ္တမဘောဂုဏ်ကို၊ (တစ်နည်း) မြတ်သော သတ္တဥုတဥဉာဏ်တော်ကို ရပါသည်။

မေး။ အဘယ့်ကြောင့် "စိတ္တ-စိတ်"မည်ပါသနည်း ဦးကာဖွင့်သည့်အတိုင်း ပြည့်စုံစွာ ရေးပြ၍၊ ၄င်းစိတ်၏ လက္ခဏာကိုလည်း ဖော်ပြပါ။။

ဖြေ။ အာရုံကို သိတတ်သောကြောင့် "စိတ္တ-စိတ်" မည်ပါသည်။

(တစ်နည်း) သမ္မယုတ်တရားတို့၏ အာရုံကို သိကြောင်းဖြစ်သောကြောင့် "စိတ္တ-စိတ်"မည်ပါသည်။

(တစ်နည်း) အာရုံကို သိခြင်းမျှဖြစ်သောကြောင့် "စိတ္တ-စိတ်" မည်ပါ သည်။

၄င်းစိတ်သည် ဝိသယဝိဇာနန(=အာရုံကို အထူးအားဖြင့် သိခြင်း) လက္ခဏာ ရှိပါသည်။

ဝစနတ္ထ - စိန္တေတိ စိတ္တံ။
- စိန္တေန္တိ သမ္မယုတ္တမ္မာ ဧတေနာတိ စိတ္တံ။
- စိန္တနံ စိတ္တံ။

မေး။ စိတ်ကို အဘယ့်ကြောင့် "သမ္မယုတ်တရားတို့၏ အာရုံကို သိကြောင်း"ဟု ဆိုရပုံကို ရှင်းပြပါ။

ဖြေ။ ဖဿစသော စေတသိက်တို့သည် စိတ်ကို အမှီပြုလျက် အာရုံကို သိကြရသည်။ စိတ်ဟူသော အမှီကို မရလျှင် (စိတ်မပါလျှင်) အာရုံကို မသိနိုင်ကြပါ။ ထို့ကြောင့် စိတ်ကို "သမ္မယုတ်တရားတို့၏ အာရုံကိုသိကြောင်း" ဆိုရခြင်း ဖြစ်ပါသည်။

မေး။ စိန္တေတိ - အရ "အာရုံကို သိ"ဟူသည် အဘယ်နည်း ဖြေဆိုပါ။

ဖြေ။ စိတ်၏ အမှတ်အသားပြု၍ သိခြင်း, ထိုးထွင်း၍ သိခြင်း-ဟူသော သညာ, ပညာ ကိစ္စတို့မှ ထူးခြားသော အာရုံကို ရယူခြင်းကို စိန္တေတိ-အရ 'အာရုံကို သိ'ဟု ဆိုရပါသည်။ (ဇ။ ၁။ ၁၂၄။)

http://www.dhammadownload.com

မေး။ စိန္တေတိတိ စိတ္တံ-နှင့်စပ်၍ သိသင့် သိထိုက်သော **"အသိ(၃)မျိုး အထူး"**ကို ရေးပြပါ။

ဖြေ။ မှားသည်ဖြစ်စေ, မှန်သည်ဖြစ်စေ မှတ်မိရုံသာ သိခြင်း (မှတ်သိ-သိခြင်း) သည် "သညာသိ"မည်၏။

အမှားမရှိ အမှန်အတိုင်း ထိုးထွင်း၍ သိခြင်းသည် "ပညာသိ" မည်၏။

အာရုံတစ်ခုခုကို ရအောင်ယူခြင်းသည် "ဝိညာဉ်သိ-စိတ်သိ"မည်၏။

အမှာ။ ။ဤအထူးသည် **အားလုံးသော သညာ,ပညာ,ဝိညာဉ်တို့နှင့် သက်ဆိုင်သော အထူးဖြစ်၏။** ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်သောအခါ ဖြစ်ပေါ်လာသော သညာ, ပညာ, ဝိညာဉ်တို့၏ အထူးကို စေတသိက်ပိုင်း သောဘာစေတသိက်အဖွင့်အဆုံးတွင် ကြည့်ပါ။

သိမှတ်ဖွယ်များ

၁။ ဥဟနဝိန္ဓာ(ဝိတက်) ၂။ ဝီဇာနနဝိန္ဓာ(ဝိညာဉ်) ၃။ ပဇာနနဝိန္ဓာ(ပညာ)-ဟု **ဝိန္ဓာ ၃-မျိုး**ရှိရာ ဤ၌ စိတ်သည် ဝိညာဉ်ဖြစ်သောကြောင့် ဝိဇာနနဝိန္ဓာကိုသာ ယူရမည်ဟု သိစေလိုသောကြောင့် "အာရမ္မဏ် ဝိဇာနာတိတိ အတ္ထော"ဟု ဦးကာဆရာ ဖွင့်ဆိုခြင်း ဖြစ်ပါသည်။

(တစ်နည်း) ၁။ သဠာနန (သညာ၏ ကိစ္စ) ၂။ ဝိဇာနန (ဝိညာဉ်၏ကိစ္စ) ၃။ ပဇာနန (ပညာ၏ ကိစ္စ) ဟု **အာရုံကိုယူခြင်း(အာရမ္မဏဂ္ဂဟဏ)** ၃-မျိုးရှိရာ ဤ၌ စိတ်သည် ဝိညာဉ်ဖြစ်သောကြောင့် ဒုတိယဖြစ်သော ဝိဇာနနကိုသာ လိုအပ်ရကား စိတ်၏ အမှတ်ပြု၍ သိခြင်း, ထိုးထွင်း၍ သိခြင်း ဟူသော သညာ, ပညာကိစ္စတို့မှ ထူးခြားသည့် အာရုံကို ရခြင်း ဟုဆိုအပ်သော အာရမ္မဏဂ္ဂဟဏကို ပြလိုသောကြောင့် "ဝိဇာနာတိတိ အတ္ထော"ဟု ဦးကာဆရာ ဖွင့်ဆိုခြင်းဖြစ်ပါသည်။ (သညာသည် သဠာနနကိစ္စဖြင့် အာရုံကို ယူ၏-စသည်ဖြင့် သိပါ။) (ဇ။ ၁။ ၁၂၄)

မေး။ စိတ်သည် အာရုံတစ်ခုတည်းကြောင့်သာ ဖြစ်သည်မဟုတ်၊ နိဿယ, သမနန္တရစသောပစ္စည်းကြောင့်လည်း ဖြစ်ပါလျက် အဘယ့်ကြောင့် စိတ်၏ ဝိသယ ဝိဇာနန(အာရုံကိုသိခြင်း)လက္ခဏာရှိသည်၏ အဖြစ်ကို အဋ္ဌကထာ၌ မိန့်ဆိုတော်မူရပါသနည်း။

ဖြေ။ နိဿယ, သမနန္တရစသော ပစ္စည်းများရှိသော်လည်း စိတ်သည် အာရုံနှင့် ကင်း၍ မဖြစ်သောကြောင့် စိတ်၏ အာရုံကို သိခြင်း(ဝိသယဝိဇာနန) လက္ခဏာရှိသည်၏အဖြစ်ကို အဋ္ဌကထာ၌ မိန့်ဆိုတော်မူရခြင်းဖြစ်ပါသည်။

မေး။ "ဝိသယဝိဇာနနလက္ခဏံ စိတ္တံ (အာရမ္မဏံ ဝိဇာနာတိ)"ဟူသောပါဠိဖြင့် အဘယ်အရာကို ပယ်ပါသနည်း ဖော်ပြပါ။

http://www.dhammadownload.com

ဖြေ။ ထိုပါဠိဖြင့် စိတ်သည် အာရုံနှင့် ကင်း၍ ဖြစ်၏-ဟု ယူလေ့ရှိကုန်သော (နိရာ-ရမ္မဏဝါဒီ) ပုဂ္ဂိုလ်တို့၏ အယူကို ပယ်ပါသည်။

မေး။ စိတ္တ-ပုဒ်ကို ဝိဂြိုဟ်ဆိုရာ၌ ကတ္တုသာဓန, ကရဏသာဓနတို့ဖြင့် စိတ်ဖြစ်ထင်ရှားသောကြောင့် ကတ္တုသာဓန, ကရဏသာဓနသာ ပြုသင့်ပါလျက် မပြုဘဲ အဘယ့်ကြောင့် ဘာဝသာဓန ပြုပြုရပါသနည်း ရှင်းလင်းပြောဆိုပါ။

ဖြေ။ စိတ်စသော ပရမတ္ထသဘောတရားမည်သည် အကြောင်းအားလျော်စွာ ဖြစ်ခြင်းကြီယာမျှသာ ဖြစ်သောကြောင့် အလုံးစုံသော ပရမတ္ထတရားတို့အတွက် ဘာဝသာဓနကိုသာလျှင် မုချအားဖြင့် ရအပ်ပါသည်။ ထို့ကြောင့် ဘာဝသာဓန ပြုပြုရခြင်း ဖြစ်ပါသည်။

မေး။ ပရမတ္ထတရားတို့ကို ဝိဂြိုဟ်ဆိုရာ၌ မုချသာဓနနှင့် ပရိယာယသာဓန တို့ကို အကြောင်းနှင့်တကွ ခွဲခြားပြခဲ့ပါ။

ဖြေ။ စိတ်စသော ပရမတ္ထသဘောတရားတို့မည်သည် အကြောင်းအားလျော်စွာ ဖြစ်ခြင်းကြီယာမျှသာဖြစ်သောကြောင့် အလုံးစုံသော ပရမတ္ထတရားတို့ကို ဝိဂြိုဟ်ဆိုရာ၌ ဘာဝသာဓနကိုသာလျှင် မုချအားဖြင့် ရအပ်ပါသည်။

မိမိမိမိဥစ္စာဖြစ်သော အာရုံကိုသိခြင်းစသောကိစ္စတို့၌ မိမိပြဌာန်းသည်၏ အဖြစ်ဖြင့် ပရမတ္ထတရားတို့အပေါ်၌ ကတ္တားအဖြစ်ကို တင်စားခြင်း (တဒ္ဓမ္မုပစာ)အားဖြင့် ပရမတ္ထတရားတို့၏ ကတ္တားအဖြစ်ကိုလည်းကောင်း၊ ထိုကတ္တားအဖြစ်အားလျော်သောကြောင့် တကွဖြစ်ဖက်တရားအပေါင်း၌ ကတ္တား၏အဖြစ်ကို တင်စားခြင်းအားဖြင့် ပြီးစေအပ်သော ပရမတ္ထတရား၏ ကရိုက်းအဖြစ်ကိုလည်းကောင်း ပရိယာယ်အားဖြင့် ရအပ်ပါသည်။ထို့ကြောင့် ပရမတ္ထတရားတို့ကို ဝိဂြိုဟ်ဆိုရာ၌ ဘာဝသာဓနသာ မုချဖြစ်၍၊ ကတ္တုသာဓန, ကရဏသာဓနတို့သည် ပရိယာယသာဓနများ ဖြစ်ကြပါသည်။

မေး။ ပရမတ္ထတရားတို့အတွက် ဘာဝသာဓနကိုသာလျှင် မုချအားဖြင့်ရအပ်လျှင် ထိုဘာဝသာဓနကိုသာ ပြသင့်ပါလျက် မပြဘဲ ပရိယာယ်အားဖြင့် ရအပ်သော ကတ္တုသာဓန, ကရဏသာဓနတို့ကို ပြရခြင်းသည် အဘယ်အကျိုးရှိပါသနည်း ဖော်ပြပါ။

ဖြေ။ ပရိယာယ်အားဖြင့် ရအပ်သော ကတ္တုသာဓန, ကရဏသာဓနတို့ကို ပြရခြင်းသည် ပရမတ္ထတရားမှလွတ်သော ကတ္တားစသည် မရှိကြောင်းကို ပြရခြင်း အကျိုးရှိပါသည်။

http://www.dhammadownload.com

မေး။ စိတ္တ-သဒ္ဒါ၏ ရနိုင်သမျှ အနက်အဓိပ္ပာယ်များကို သက်ဆိုင်ရာ အရကောက်များနှင့်တကွ ကုန်စင် စုံလင်အောင် ရေးပြပါ။

ဖြေ။ ၁။ အာရုံကို သိတတ်သောကြောင့်၊ (ဝါ) သမ္မယုတ်တရားတို့၏ အာရုံကို သိကြောင်းဖြစ်သောကြောင့်၊ (ဝါ) အာရုံကို သိခြင်းမျှဖြစ်သောကြောင့် "စိတ္တ=စိတ်" မည်ပါသည်။ **-ဝိညာဏကွန္ဓာဟူသော စိတ်တစ်ခုယုတ် ကိုးဆယ်ကို ရ၏။**

၂။ ဆန်းကြယ်သော ပန်းခိုရုပ်, ပန်းပုရုပ်စသည်ကို ပြုလုပ်တတ်သောကြောင့် "စိတ္တ=စိတ်"မည်ပါသည်။ **-ဝိညတ်ကို ဖြစ်စေတတ်သည့် ဝုဋ္ဌော, ကာမဇော တစ်ခုယုတ်သုံးဆယ်, အဘိညာဉ် ဒွေးဟူသော ၃၂-ပါးသော စိတ်တို့ကို ရ၏။**

(ဝါ)ဆန်းကြယ်သော ဂတိစသည်ကို ပြုလုပ်တတ်သောကြောင့် "စိတ္တ=စိတ်" မည်ပါသည်။ **-အာသဝတရားတို့၏ အာရုံဖြစ်သော လောကီကုသိုလ်, အကုသိုလ်စိတ်တို့ကို ရ၏။**

(ဝါ) ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးခြင်းစသော ဆန်းကြယ်သော အမူအရာကြီယာရှိသောကြောင့် "စိတ္တ=စိတ်" မည်ပါသည်။ - **တစ်ဌာန၌ ဖြစ်သော စိတ်မှတစ်ပါး အခြားစိတ်အားလုံးကို ရ၏။**

(ဝါ) အာရုံကို ဆင်ခြင်ခြင်းစသော အချင်းချင်း မတူထူးခြား ဆန်းပြားသော အမူအရာကြီယာရှိသောကြောင့် "စိတ္တ=စိတ်" မည်ပါသည်။ **-စိတ်အားလုံးကိုပင် ရ၏။**

၃။ မိမိကိုယ်တိုင်က ဇာတိ, ဘူမိ, သမ္မယောဂ, သဒ္ဒါရ စသောအားဖြင့် တစ်ပါးနှင့်တစ်ပါး မတူထူးခြား ကွဲပြားဆန်းကြယ်သောကြောင့် "စိတ္တ=စိတ်" မည်ပါသည်။ **-စိတ်တစ်ခုယုတ်ကိုးဆယ်တို့တွင် တစ်ခုခုသော စိတ်ကို ရ၏။**

၄။ ကံကိလေသာတို့သည် ဆည်းပူးအပ်(စီအပ်=ဖြစ်စေအပ်) သောကြောင့် "စိတ္တ=စိတ်" မည်ပါသည်။ **-ဝိပါက်စိတ်တို့ကို ရ၏။**

၅။ ကံကိလေသာတို့သည် ဆည်းပူးအပ်သော အတ္တဘောကို စောင့်ရှောက်တတ်သောကြောင့် "စိတ္တ=စိတ်" မည်ပါသည်။ **-ဝိပါက်စိတ်တို့ကိုပင် ရ၏။**

၆။ မိမိဟူသော ဇောစိတ်အစဉ်ကို၊ (တစ်နည်း) အလုံးစုံသော စိတ်အစဉ်ကို စိတတ် ဖြစ်ပွားစေတတ်သောကြောင့် "စိတ္တ=စိတ်" မည်ပါသည်။ **-အာသေဝန ပစ္စည်းကိုရသော ဇောစိတ်ကို ရ၏။ (တနည်း) စိတ်အားလုံးကိုပင် ရ၏။**

၇။ ဆန်းကြယ် ထူးခြားသော အာရုံရှိသောကြောင့် "စိတ္တ=စိတ်" မည်ပါသည်။ **-စိတ်အားလုံးကို ရ၏။**

အမှာ။ ။အထက်ပါ အဓိပ္ပာယ်ကို ကြည့်၍ အောက်ဖော်ပြပါ မေးခွန်းများ

http://www.dhammadownload.com

ကို ဖြေဆိုကြည့်ပါ။

- ဝုဋ္ဌော, ကာမဇောတစ်ခုယုတ် သုံးဆယ်, အဘိညာဉ်ဒွေးတို့ကို အဘယ့်ကြောင့် "စိတ္တ= စိတ်"ဟု ခေါ်ဆိုရပါသနည်း။ (၂)
- လောကီကုသိုလ်, အကုသိုလ်စိတ်တို့ကို အဘယ့်ကြောင့် "စိတ္တ=စိတ်"ဟု ခေါ်ဆိုရပါသနည်း။ (၂)
- ဝိပါက်စိတ်တို့ကို အဘယ့်ကြောင့် "စိတ္တ=စိတ်"ဟု ခေါ်ဆိုရပါသနည်း။ (၄၊၅)
- ဇောစိတ်တို့ကို အဘယ့်ကြောင့် "စိတ္တ=စိတ်"ဟု ခေါ်ဆိုရပါသနည်း။(၆)
- စိတ်တစ်ခုယုတ် ကိုးဆယ်လုံးကို အဘယ့်ကြောင့် "စိတ္တ=စိတ်"ဟု ခေါ်ဆိုရပါသနည်း။ (၁၊ ၃၊ ၆၊ ၇)

သိမှတ်ဖွယ်များ

အဝိဇ္ဇာနှင့်တဏှာ ကိလေသာအဖော်ပါသော ကံကို "ကံကိလေသာ" ဟုဆိုပါသည်။ ထို ကံကိလေသာက ဝိပါက်စိတ်ကို ဖြစ်စေအပ်သည်ကို "ကံကိလေသာတို့သည် ဆည်းပူးအပ် (စီအပ်)" ဟု ဆိုခြင်းဖြစ်သည်။

ကံကိလေသာတို့က ဖြစ်စေအပ်သော ခန္ဓာကိုယ်အတွင်းဘောကို ဘဝင်တည်း ဟူသော ဝိပါက်စိတ်က ဝီထိတို့၏ အကြားအကြား၌ ဆက်စပ်၍ မပေးလျှင် စိတ်အစဉ် ပြတ်၍ သေရတော့သည်။ထိုသို့ မသေအောင် ဝီထိတို့၏ အကြားကြား၌ ဆက်စပ်ပေးသောအားဖြင့် စောင့်ရှောက်ထားသည် ကို **"ကံကိလေသာတို့သည် ဆည်းပူးအပ်သော အတ္တဘောကို စောင့်ရှောက်တတ်"** ဟုဆိုပါသည်။

ရှေးရှေးဇောတို့က နောက်နောက်ဇောတို့အား မိမိနှင့် အလားတူဖြစ်အောင် အာသေဝနသတ္တိ ဖြင့် ကျေးဇူးပြုသည်ကို **"မိမိဟူသော ဇောစိတ်အစဉ်ကို စီတတ်"**ဟု ဆိုပါသည်။

စိတ်အစဉ် အဆက်မပြတ်အောင် ရှေးရှေးစိတ်က နောက်နောက်စိတ်အား အနန္တရ, သမနန္တရ စသောသတ္တိဖြင့် ကျေးဇူးပြုသည်ကို **"အလုံးစုံသော စိတ်အစဉ်ကို စီတတ် ဖြစ်မှုးစေတတ်"**ဟု ဆိုပါသည်။

စိတ္တ-ပုဒ် ဝစနတ္ထနှင့် ရှုပ်ပြီးပုံများ

၁။ စိန္တဓာတ်+တ ပစ္စည်း၊ ဓာတွန် န္တ်-ကိုချေ၊ တ-ကို သဒိသဒွေးဘော်ပြု။ (တစ်နည်း) န္တ်-၌ သံယုဂ်၏အစဖြစ်သော န်-ကို နိဂ္ဂဟီတ်ပြု၊ ၎င်းကို ဗျဉ္ဇနေ စ-သုတ်ဖြင့်ချေ၊ တ် တ-သို့ကပ်၊ စိတ္တ-ဟု ပြီး၏။

၂။ ဝိစိတ္တံ ကရောတီတိ စိတ္တံ။ "ဝိစိတ္တကရဏ"ဟု ဆိုလိုလျက် ဝိ-ကိုချေ၊ ကရဏ-ဟူသော နောက်ပုဒ်ကိုလည်း ချေ၍ "စိတ္တ"ဟု ပြီး၏။ (တစ်နည်း) စိတ္တံ ကရောတီတိ စိတ္တံ၊ ဤနည်းအလို - "စိတ္တကရဏ"ဟု ဆိုလိုလျက် ကရဏ-ဟူသော နောက်ပုဒ်ကို

http://www.dhammadownload.com

ချေ၍ "စိတ္တ"ဟု ပြီး၏။

၃။ အမှတ်(၃)နည်း၌ စိတ္တ-သဒ္ဒါ ဝိစိတ္တအနက်ဟော အနိပ္ပန္နပါဠိပဒိကပုဒ်တည်း။ စိတ်တစ်ခုတည်းက ဆန်းကြယ်မှု မဖြစ်နိုင်သော်လည်း ဆန်းကြယ်သောစိတ်တို့ အတွင်း၌ ပါဝင်သောကြောင့် အပေါင်းဖြစ်သောစိတ်တို့၏အမည်ကို အစိတ်ဖြစ်သော တစ်ခုစီ၌ တင်စား၍ ဧကဒေသုဒ္ဒေသအားဖြင့် 'စိတ္တ' ခေါ်သည်-ဟု မှတ်ပါ။

၄။ ကမ္မကိလေသေဟိ စိယတေတိ စိတ္တံ။ စိဓာတ်+တပစ္စည်း၊ တ-ကို ဒွေးဘော်ပြု၍ "စိတ္တ"ဟု ပြီး၏။

၅။ စိတံ တာယတီတိ စိတ္တံ၊ စိတ-သဒ္ဒါပဝဒ တာဓာတ်+အ-ပစ္စည်း၊ ရှေ့ တ-၏ အ-ကို သုတ်ကြိုးဖြင့် တ်, တာ-သို့ကပ်၊ (စိတ္တာ+အ) ခွင်း, ချေ, ကပ်၊ ပြီး၏။

၆။ အတ္တသန္တာနံ စိနောတီတိ စိတ္တံ။ စိဓာတ်+တပစ္စည်း၊ တ-ကို ဒွေးဘော်ပြု၍ "စိတ္တ"ဟု ပြီး၏။

၇။ ဝိစိတ္တံ အာရမ္မဏံ ယဿာတိ စိတ္တံ။ "ဝိစိတ္တာရမ္မဏ"ဟု ဆိုလိုလျက် ဝိ-ကို ချေ၊ အာရမ္မဏ-ဟူသော နောက်ပုဒ်ကိုလည်း ချေ၍ "စိတ္တ"ဟု ပြီး၏။ (တစ်နည်း) စိတ္တံ အာရမ္မဏံ ယဿာတိ စိတ္တံ။ ဤနည်းအလို - "စိတ္တာရမ္မဏ"ဟု ဆိုလိုလျက် အာရမ္မဏ-ဟူသော နောက်ပုဒ်ကို ချေ၍ "စိတ္တ"ဟု ပြီး၏။

မေး။ လောက၌ အဆန်းတကြယ် တင့်တယ်လှပသော ပန်းချီရုပ်, ပန်းပုရုပ်များကို ရေးခြယ်ထုလုပ်နေကြရာ ထိုသို့ရေးခြယ် ထုလုပ်နိုင်ခြင်းသည် မည်သည့်အရာ၏ စွမ်းရည်သတ္တိ ဖြစ်ပါသနည်း ဖြေဆိုပါ။

ဖြေ။ ဝိညတ်ကို ဖြစ်စေတတ်သည့် ဝုဋ္ဌော, ကာမဇောတစ်ခုယုတ်သုံးဆယ်, အဘိညာဉ်ဒွေး-ဟူသော ၃၂-ပါးသော စိတ်တို့၏ စွမ်းရည်သတ္တိဖြစ်ပါသည်။ မှန်၏-ထိုအတတ်ပညာများကို စိတ်ဖြင့်ကြံစည်စဉ်းစားပြီးမှ ပြုလုပ်ကြရပါသည်။

အမှာ။ ။ "လောက၌ ဆန်းပြားသော လူသတ်လက်နက်များ၊ အံ့ဖွယ်ဆန်းပြား တီ့ဗွီ, ကွန်ပျူတာ စသော လူ့အသုံးအဆောင်ပစ္စည်းများကို တီထွင်ပြုလုပ်နေကြရာ ထိုသို့ ပြုလုပ်နိုင်ခြင်းသည် မည်သည့်အရာ၏ စွမ်းရည်သတ္တိ ဖြစ်ပါသနည်း ဖြေဆိုပါ" ဟူသော မေးခွန်းကိုလည်း အလားတူပင် ဖြေပါ။

မေး။ "စိတ်ပညာရှင်"အမည်ခံသူတို့ သိသင့်သိထိုက်သော စိတ်၏ သဘော သဘာဝများကို စုံလင်စွာ ရေးသားဖော်ပြပါ။

ဖြေ။ -စိတ်-ဟူသည် အာရုံကို သိတတ်သော သဘောတရားဖြစ်၏။
-အာရုံကို အထူးအားဖြင့် သိခြင်းလက္ခဏာရှိ၏။

http://www.dhammadownload.com

-စိတ်သည် အာရုံနှင့်ကင်း၍ ဖြစ်လေ့မရှိ။
-ယှဉ်ဘက်သမ္မယုတ်တရားတို့ အာရုံကိုသိရာ၌ စိတ်သည် အကြောင်းတရား ဖြစ်၏။ စိတ်မပါဘဲ ယှဉ်ဘက်သမ္မယုတ်တရားတို့ အာရုံကို မသိနိုင်။
-စိတ်-ဟူသည် တစ်နည်းအားဖြင့် အာရုံကို သိခြင်းသဘောမျှသာ ဖြစ်၏။
-ဆန်းကြယ်သော ပန်းခိုရုပ်, ပန်းပုရုပ်၊ ဆန်းကြယ်သော ဂတိစသည်ကို ပြုလုပ်တတ်သောတရား ဖြစ်၏။
-စိတ်ဟူသော မိမိကိုယ်တိုင် ဇာတိ, ဘူမိ, သမ္မယောဂ, သခ်ါရ စသော အားဖြင့် တစ်ပါးနှင့်တစ်ပါး မတူထူးခြား ကွဲပြားဆန်းကြယ်သော သဘောတရားဖြစ်၏။
-ကံကိလေသာတို့က ဆည်းပူးအပ် ဖြစ်စေအပ်သော သဘောတရား ဖြစ် ၏။
-ကံကိလေသာတို့က ဆည်းပူးအပ် ဖြစ်စေအပ်သော အတ္တဘောကို စောင့်ရှောက်တတ်သော သဘောတရားဖြစ်၏။
-ဇောစိတ်အစဉ်၊ တစ်နည်းအားဖြင့် - အလုံစုံသော စိတ်အစဉ်ကို ဖြစ်စေတတ်သော တရားဖြစ်၏။
-ဆန်းကြယ်ထူးခြားသော အာရုံရှိသော သဘောတရားလည်း ဖြစ်၏။

မေး။ "စေတသိက်"ဟူသည် အဘယ်နည်း၊ အဘယ့်ကြောင့် "စေတသိက်" ဟု ခေါ်ဆိုရပါသနည်း ပြည့်စုံစွာ ဖြေဆိုပါ။

ဖြေ။ (စိတ်နှင့် စပ်သောဖြစ်ခြင်းရှိသည်ဖြစ်၍) စိတ်၌ ဖြစ်တတ်သောကြောင့် "စေတသိက်"ဟု ခေါ်ဆိုရပါသည်။

(တစ်နည်း) စိတ်၌ ယှဉ်တတ်သောကြောင့် "စေတသိက်"ဟု ခေါ်ဆိုရပါသည်။

ဝစနတ္ထ - စေတသိ ဘဝံ စေတသိကံ။
- စေတသိ နိယုတ္တံ စေတသိကံ။

မေး။ အိုင်၌ဖြစ်သော ကြာပန်းသည် ဧကန်စင်စစ် အိုင်၌ဖြစ်သောကြောင့် "သရသိ ဘဝ"မည်သကဲ့သို့၊ ထို့အတူ ဖဿစသော တရားအပေါင်းသည် ဧကန်စင်စစ် စိတ်၌ဖြစ်သောကြောင့် "စေတသိ ဘဝ" မည်ပါသလော? ရှင်းပြပါ။

ဖြေ။ ဖဿစသော တရားအပေါင်းသည် ဧကန်စင်စစ် စိတ်၌ဖြစ်သောကြောင့် "စေတသိ ဘဝ"မည်သည် မဟုတ်ပါ။ စိတ်နှင့်စပ်သော ဖြစ်ခြင်းရှိသောကြောင့်သာ "စေတသိ ဘဝ" မည်ရခြင်းဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ ဤ "တဒါယတ္တဝုတ္တိတာယ"ဟူသောပါဠိဖြင့် 'သရသိ ဘဝံ

http://www.dhammadownload.com

သာရသဲ၊ ပုပ္ပဲ' ဟူသော ဝါကျ၌ကဲ့သို့ စိတ်, စေတသိက်တို့၏ ကေန် အာဓာရ +အာဓေယ်အဖြစ်ကို ပယ်၍ စိတ်နှင့်စပ်၍ ဖြစ်ကာမျှဖြင့် အာဓာရ+အာဓေယ်ဖြစ်ကြကြောင်းကို ပြပါသည်။ (ဋီ၊ ၁။ ၁၃၁)

မေး။ အဘယ့်ကြောင့် စေတသိက်သည်သာ "စိတ္တာယတ္တဝုတ္တိက" မည်ပါသနည်း၊ အချင်းချင်း ကျေးဇူးပြုတတ်သောကြောင့် စိတ်သည်လည်း "စေတသိကာယတ္တဝုတ္တိက" မည်သင့်သည် မဟုတ်ပါလော? ရှင်းပြပါ။

ဖြေ။ စေတသိက်သည် စိတ်မရှိသော် အချင်းခပ်သိမ်း မဖြစ်နိုင်သောကြောင့် စိတ်နှင့်ကင်း၍ အာရုံကို ယူခြင်းငှါ မစွမ်းနိုင်ပါ။ စိတ်ကား ဝိတက်စသော အချို့သော စေတသိက်များနှင့် ကင်း၍လည်း အာရုံ၌ ဖြစ်နိုင်, အာရုံကို ယူနိုင်ပါသည်။ ထို့ကြောင့် စေတသိက်သည်သာ "စိတ္တာယတ္တဝုတ္တိက"မည်၍ စိတ်သည် "စေတသိကာယတ္တဝုတ္တိက"မမည်ခြင်း ဖြစ်ပါသည်။

မေး။ စေတသိက်၏သာ စိတ်နှင့်စပ်သော ဖြစ်ခြင်းရှိသည်၏အဖြစ်ကို အဘယ့်ကြောင့် သိအပ်ပါသနည်း ဖြေဆိုပါ။

ဖြေ။ "မနောပုဗ္ဗင်္ဂမာ ဓမ္မာ"ဟု ဘုရားရှင် ဟောတော်မူသောကြောင့် သိအပ်ပါသည်။

မေး။ "စေတသိက်သည် စိတ်နှင့်စပ်သော ဖြစ်ခြင်းရှိ"ဟူသောစကား (တဒါယတ္တဝုတ္တိတာယ-ဟူသော စကား)ဖြင့် အဘယ်အရာတို့ကို ပယ်ပါသနည်း ဖြေဆိုပါ။

ဖြေ။ ထိုစကားဖြင့် သုခဝေဒနာစသည်တို့မှာ စေတနာမရှိသည်၏အဖြစ်, မြဲသည် ၏အဖြစ် (စေတနာမရှိခြင်း, မြဲခြင်း)စသော ဖောက်ပြန်သော အယူတို့ကို ပယ်ပါသည်။

မေး။ အဘယ့်ကြောင့် "ရူပ-ရုပ်" မည်ပါသနည်း ဦးကာဆရာ ဖွင့်ဆိုသည့် အတိုင်း ပြည့်စုံစွာ ရေးပြပါ။

ဖြေ။ အအေး, အပူစသော ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့် ဖောက်ပြန်ခြင်းသို့ ရောက်တတ်သောကြောင့်၊

(တစ်နည်း) အအေး, အပူစသော ဆန့်ကျင်ဘက် အကြောင်းတို့သည် ဖောက်ပြန်ခြင်းသို့ ရောက်စေအပ်သောကြောင့် "ရူပ-ရုပ်"မည်ပါ သည်။

မှတ်သားဖွယ်။ ။ - ရုပ္ပတီတိ ရူပံ။ (သုဒ္ဓကတ္တုသာဓန, ဟေတုကမ္မသာဓန ၂-မျိုးရဖြစ်၏။) ထို့ကြောင့် ဝိဂ္ဂဟတစ်ခုတည်းက အထက်ပါအတိုင်း အဓိပ္ပာယ် ၂-မျိုးထွက်ခြင်း ဖြစ်သည်။

http://www.dhammadownload.com

မေး။ အဘိဓမ္မာစကား တွင်တွင်ပြောကြားနေကြသော ယနေ့မျက်မှောက်ခေတ်အခါ "ရုပ်-ဆိုတာ ဖောက်ပြန်တတ်တဲ့တရားပါ"ကဲ့ ပြောနေကြရာ ထိုစကားသည် ပြည့်စုံသောစကား ဟုတ်/မဟုတ် ဦးကာဆရာဖွင့်ဆိုချက်ဖြင့် စစ်တမ်းထုတ်ခဲ့ပါ။

ဖြေ။ ထိုစကားသည် ပြည့်စုံသောစကား မဟုတ်ပါ။ **"ရုပ်-ဆိုတာ အအေး, အပူစတဲ့ ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့် ဖောက်ပြန်တတ်တဲ့တရား၊ အအေး အပူစတဲ့ ဆန့်ကျင်ဘက် အကြောင်းတို့က ဖောက်ပြန်အောင် အလုပ်ခံတဲ့တရားပါ"**ဟု ပြောမှသာ ပြည့်စုံသောစကား ဖြစ်ပါသည်။

မေး။ ရုပ္ပတိ-၌ ရုပ္ပန-အရ "ရုပ်၏ ဖောက်ပြန်ခြင်း" ဟူသည် အဘယ်နည်း ထင်ရှားအောင် ဖြေဆိုပါ။

ဖြေ။ အအေး, အပူစသော ဆန့်ကျင်ဘက်အကြောင်းတို့ ပေါင်းဆုံညီညွတ်ခဲ့သော် ရှေ့ရုပ်အစဉ်မှ ထူးခြားကွဲပြားသော (ရှေ့ရုပ်အစဉ်နှင့် မတူသော) နောက်ရုပ်အစဉ်၏ ဖြစ်ပေါ်လာခြင်းကိုသာ "ရုပ်၏ ဖောက်ပြန်ခြင်း"ဟုဆိုပါသည်။

ဥပမာ-အအေးဥတုကြောင့် အအေးရုပ်အစဉ် ဖြစ်နေခိုက်၌ အပူဥတု ဖြစ်ပေါ်လာ၍ အအေးရုပ်အစဉ် ကွယ်ပျောက်ပြီး အပူရုပ်အစဉ် ဖြစ်ပေါ်လာမှုမျိုး ဖြစ်ပါသည်။

မေး။ မဖောက်ပြန် မပြောင်းလဲတတ်သည် ပရမတ္ထတရားတို့တွင် အပါအဝင်ဖြစ်သော ရုပ်တရားကို အဘယ်သဘာဝများက ဖောက်ပြန်ပြောင်းလဲအောင် ဖန်တီးနေ ပါသနည်း ဖော်ပြပါ။

ဖြေ။ အအေး, အပူစသော ဆန့်ကျင်ဘက်အကြောင်းတို့က ဖောက်ပြန်ပြောင်းလဲအောင် ဖန်းတီးနေခြင်း ဖြစ်ပါသည်။

မေး။ ပရမတ္ထ-ပုဒ်အဖွင့်၌ "အဝိပရီတ(မဖောက်ပြန်သော)သဘောသည် ပရမတ်မည်၏"ဟု ဖွင့်ဆိုခဲ့ပြီး ဤရုပ်-ပုဒ်အဖွင့်၌ "ရုပ္ပန(ဖောက်ပြန်ခြင်း) သဘောသည် ရုပ်-မည်၏"ဟု ဆိုပြန်ရာ ယင်းစကားနှစ်ရပ်ကို ဆန့်ကျင်နေသည် မဟုတ်ပါလော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ **"အဝိပရီတ(မဖောက်ပြန်)"ဟူသည်** ရုပ်၏ မူလပင်ကို သဘောလက္ခဏာတစ်မျိုးတစ်ဖုံ မပြောင်းလဲ မဖောက်ပြန်ခြင်း ဖြစ်၏။ **"ရုပ္ပန(ဖောက်ပြန်ခြင်း)ဟူသည်ကား** သန္တတိပညတ်-ဟူသော ရုပ်အစဉ်အဆက်၏ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် စကားနှစ်ရပ် မဆန့်ကျင်ပါ။

http://www.dhammadownload.com

(ဆောင်) - ပင်ကိုမူလ၊ သဘောမှလျှင်၊ လုံးဝမကွဲ၊ မပြောင်းလဲ၊ မှတ်စွဲ "အဝိပရီတ"ခေါ်။
- သန္ဓတိပညတ်၊ ပြောင်းလဲတတ်၊ သတ်မှတ် "ရူပွန"ခေါ်။

ရှင်းချက်။ ။ ရုပ်ကလာပ်တွေ့ စဉ်ဆက်မပြတ် အထပ်ထပ်ဖြစ်နေခြင်းကို 'သန္ဓတိပညတ်'ဟု ခေါ်သည်။ ရုပ်သည် အအေးရုပ်အစဉ်အဆက်ဟူသော သန္ဓတိပညတ်တစ်ခုမှ အပူရုပ်အစဉ်အဆက် ဟူသော သန္ဓတိပညတ်တစ်ခုသို့ ပြောင်းလဲဖောက်ပြန်သော်လည်း ပရမတ္ထတရားတို့၏ ကကွဉ (ကြမ်းတမ်း ခက်မာခြင်း) စသော မူလပင်ကို သဘောလက္ခဏာကား ဘယ်သောအခါမျှ မပြောင်းလဲ မဖောက်ပြန်ပါ။ အအေးရုပ်အစဉ်မှာပါသည့် ပထဝီဓာတ်လည်း ကကွဉသဘောရှိ၍ အပူရုပ် အစဉ်မှာပါရှိသော ပထဝီဓာတ်လည်း ကကွဉသဘောရှိသည်ပင်။

မေး။ "အအေး, အပူစသော ဆန့်ကျင်ဘက်အကြောင်းတို့ ပေါင်းဆုံညီညွတ်ခဲ့သော ရှေ့ရုပ်အစဉ်မှ ထူးခြားကွဲပြားသော (ရှေ့ရုပ်အစဉ်နှင့် မတူသော) နောက်ရုပ်အစဉ်၏ ဖြစ်ပေါ်လာခြင်းကို ရုပ်-ခေါ်သည်"ဆိုလျှင် နာမ်တရားတို့မှာလည်း ဆန့်ကျင်ဘက်အကြောင်းတို့ ပေါင်းဆုံညီညွတ်ခဲ့သော ရှေ့နာမ်အစဉ်မှ ထူးခြားကွဲပြားသော နောက်နာမ်အစဉ် ဖြစ်ပေါ်လာခြင်းကို ရအပ်သောကြောင့် နာမ်တရားတို့၏လည်း ရုပ်-ဟူသော ဝေါဟာရ ဖြစ်နိုင်ရာသည် မဟုတ်ပါလော? (နာမ်တရားတို့ကို ရုပ်-ဟု ခေါ်နိုင်ရာသည် မဟုတ်ပါလော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ပါဠိတော်၌ 'သိတေနပိ ရူပွတိ၊ဥဏ္ဍေနပိ ရူပွတိ'ဟု သီတ-စသောသဒ္ဒါကို ဆိုခြင်း၏ အစွမ်းသတ္တိကြောင့် အလွန်ထင်ရှားသော ဖောက်ပြန်ခြင်းကိုသာ ရူပွန-ဟူ၍ အလိုရှိအပ်သောကြောင့် နာမ်တရားတို့၏ ရုပ်-ဟူသော ဝေါဟာရ မဖြစ်နိုင်ပါ။(နာမ်တရားတို့ကို ရုပ်-ဟု မခေါ်နိုင်ပါ။)

ရှင်းချက်။ ။ နာမ်တရားတို့သည်လည်း ဆန့်ကျင်ဘက်အကြောင်းတို့ ပေါင်းဆုံညီညွတ်ခဲ့သော် ကုသိုလ် စိတ်အစဉ်မှ အကုသိုလ်စိတ်အစဉ်သို့ ပြောင်းလဲခြင်း စသည်ဖြင့် ဖောက်ပြန်တတ်ကြပါသည်။ သို့သော် ယင်းသို့ပြောင်းလဲ ဖောက်ပြန်ခြင်းသည် အများမျက်မြင် အထင်အရှားဖြစ်သော ဖောက်ပြန်မှုမျိုး မဟုတ်ပါ။ မထင်ရှားသော ဖောက်ပြန်မှုမျိုးသာ ဖြစ်ပါသည်။ 'ရူပွန=ဖောက်ပြန်ခြင်း' ဆိုရာ၌ အများမျက်မြင် အထင်အရှားဖြစ်သော ဖောက်ပြန်မှုမျိုးကိုသာ လိုအပ်ပါသည်။ ထို့ကြောင့် နာမ်တရားတို့ကို ရုပ်-ဟု မခေါ်နိုင်ပါ။ (ထင်ရှားသော ဖောက်ပြန်ခြင်း, မထင်ရှားသော ဖောက်ပြန်ခြင်း-ဟု ဖောက်ပြန်ခြင်း ၂-မျိုးရှိကြောင်းကို သတိပြု။)

http://www.dhammadownload.com

မေး။ "အလွန်ထင်ရှားသော ဖောက်ပြန်ခြင်းမှတစ်ပါး မထင်ရှားသော ဖောက် ပြန်ခြင်း သည် ရုပ်-မည်၏" ဟု ယူခဲ့သော် အဘယ်အပြစ် ဖြစ်နိုင်ပါသနည်း ဖြေဆိုပါ။

ဖြေ။ ယင်းသို့ ယူခဲ့သော် 'ရုပ္ပတိ' ဟူသော သာမညစကားမျှဖြင့်ပင် ရုပ်၏ အနက် အဓိပ္ပာယ် ပြည့်စုံပြီးဖြစ်သောကြောင့် "သီတေနပိ ရုပ္ပတိ" သည်ဖြင့် သီတ-စသော သဒ္ဒါကို အထူးပြု၍ ဟောတော်မူရခြင်း၏ အကျိုးမရှိခြင်း-ဟူသော အပြစ် ဖြစ်နိုင်ပါသည်။

မေး။ "သီတေနပိ ရုပ္ပတိ၊ ဥဏှေနပိ ရုပ္ပတိ"ဟူသော ပါဠိတော်၌ အဘယ်အကျိုး ငှါ (အဘယ့်ကြောင့်) သီတသဒ္ဒါ, ဥဏှ-သဒ္ဒါတို့ကို ထည့်၍ ဟောတော်မူရပါ သနည်း ဖြေဆိုပါ။

ဖြေ။ သီတ(အအေး)စသည်သည် နှိပ်စက်အပ်သော ရုပ်၏ဖောက်ပြန်ခြင်းသည် အလွန်ထင်ရှားသောကြောင့် ထိုအလွန်ထင်ရှားသော ရုပ်၏ ဖောက်ပြန်ခြင်း ကိုသာလျှင် ဤ'ရုပ္ပတိတိ ရူပံ'ဟူသော စကားရပ်၌ အလိုရှိအပ်၏-ဟု သိစေခြင်းအကျိုးငှါ (သိစေလိုသောကြောင့်) "သီတေနပိ ရုပ္ပတိ၊ ဥဏှေနပိ ရုပ္ပတိ"ဟူသော ပါဠိတော်၌ သီတသဒ္ဒါ, ဥဏှသဒ္ဒါတို့ကို ထည့်၍ ဟောတော်မူရ ခြင်းဖြစ်ပါသည်။

မေး။ ရုပ္ပတိတိ ရူပံ-ဟူသော စကားရပ်၌ အလွန်ထင်ရှားသော ဖောက်ပြန်ခြင်း ကို သာလျှင် အလိုရှိအပ်၏-ဟုဆိုလျှင် ရူပပြဟ္ဗာဘုံ၌ ကပ်၍နှိပ်စက်တတ်သော သီတ-စသည်တို့ မရှိသောကြောင့် အလွန်ထင်ရှားသော ဖောက်ပြန်ခြင်း မရှိရကား ထိုပြဟ္ဗာဘုံ၌ အဘယ်သို့လျှင် 'ရုပ်'ဟူသောဝေါဟာရ ဖြစ်နိုင်ပါ မည်နည်းရှင်းလင်းဖြေဆိုပါ။

ဖြေ။ ပြဟ္ဗာဘုံ၌ ကပ်၍နှိပ်စက်တတ်သော သီတ-စသည်တို့ မရှိသော်လည်း ခိုးမြောက်တတ်သော သီတ-စသည်တို့ရှိသောကြောင့် ထိုခိုးမြောက်တတ်သော သီတ-စသည်တို့၏အစွမ်းဖြင့် ရူပပြဟ္ဗာဘုံ၌ အလွန်ထင်ရှားသော ဖောက်ပြန် ခြင်း ဖြစ်သင့်ပါသည်။ ထို့ကြောင့် ထိုရူပပြဟ္ဗာဘုံ၌ 'ရုပ်' ဟူသော ဝေါဟာရ ဖြစ်နိုင်ပါသည်။

(တစ်နည်း) ရူပပြဟ္ဗာဘုံ၌ဖြစ်သော ရုပ်တို့သည်လည်း သီတစသော ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့်ဖြစ်သည့် ဖောက်ပြန်ခြင်းသဘောကို မလွန်ဆန်နိုင်ကြ၊ ဖောက်ပြန်ကြသည်သာ ဖြစ်ပါသည်။ထို့ကြောင့် ထိုရူပပြဟ္ဗာဘုံ၌ 'ရုပ်'ဟူသော ဝေါဟာရ ဖြစ်နိုင်ပါသည်။

http://www.dhammadownload.com

မေး။ စိတ္တံ စေတသိကံ ရူပံ၊ နိဗ္ဗာနမိတိ သဗ္ဗထာ-၌ "နိဗ္ဗာန်" ဟူသည် အဘယ်နည်း၊ "နိဗ္ဗာန်"၏ အဓိပ္ပာယ်ကို ဦးကာဆရာအလိုကျ ပြည့်စုံစွာ ရေးပြပါ။

ဖြေ။ ဘဝငယ်, ဘဝကြီး အသီးသီးကို ချုပ်စပ်တတ်သောကြောင့် တဏှာကို "ဝါန" ဟုဆိုအပ်၏။ ထိုဝါန-ဟုဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သောကြောင့် "နိဗ္ဗာန်"ဟု ခေါ်ဆိုရပါသည်။

(တစ်နည်း) ရာဂအစရှိသော မီး ၁၁-ပါးတို့၏ ငြိမ်းအေးကြောင်း ဖြစ်သောကြောင့် "နိဗ္ဗာန်"ဟု ခေါ်ဆိုရပါသည်။

အမှာ။ ။ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့က ဘုရားရှိခိုးတိုင်း, ကုသိုလ်ကောင်းမှု တစ်ခုခု ပြုလုပ်တိုင်း "မင်္ဂလာ ဖိုလ်တရား နိဗ္ဗာန် တရားတော်မြတ်ကို ရ, ရပါလို၏ အရှင်ဘုရား"ဟု ဆုတောင်းလေ့ရှိကြရာ ယင်းဆုတောင်း၌ "နိဗ္ဗာန်"ဟူသည် အဘယ်နည်း၊ ဦးကာဆရာအလိုကျ ရှင်းလင်းဖြေဆိုပါ-ဟု မေးလျှင်လည်း အဖြေမှာ အတူတူပင်။

သိမှတ်ဖွယ်

ပထမနည်းအလို - ဘဝါဘဝံ ဝိနတိ ဟေဋ္ဌုပရိယဝသေန သံသိဗ္ဗတီတိ ဝါနံ၊ (ကတ္တုသာဓန) ။တဏှာကို ရ၏။ ဝိ သံသိဗ္ဗနေ-ဟူသောဓာတ်၊ယု ပစ္စည်း။ ဝါနတော နိက္ခန္တံ နိဗ္ဗာနံ၊ (ပဉ္စမီတပ္ပုရိသ် သမာသ်)။ နိ-ဥပသာရ နိက္ခန္တအနက်ဟော။ 'ဝါနနိ'ဟု ဆိုလိုလျက် ဝါန-နှင့် နိ-ကို ရှေ့နောက်ပြန် (နိဝါန)၊ ဝ-ကို သဒိသဒ္ဒေးဘော်ပြု၊ ဝ-နှစ်လုံးကို ဗ-နှစ်လုံးပြု၍ 'နိဗ္ဗာန'ဟု ရုပ်ပြီးသည်။

'တဏှာမှ ထွက်မြောက်'ဟူသည် - လောကီတရားတို့ကဲ့သို့ တဏှာ၏ အာရုံပြုမှုကို မခံရ တော့ဘဲ တဏှာစက်ကွင်းမှ လွတ်ကင်းလွန်မြောက်သည်ကို 'တဏှာမှ ထွက်မြောက်'ဟု ဆိုရပါသည်။

ဒုတိယနည်းအလို - နိဗ္ဗာတိ ဝါ ဧတေန ရာဂဂ္ဂိအာဒိကောတိ နိဗ္ဗာနံ။ နိပုဗ္ဗ ဝါဓာတ်+ယုပစ္စည်း၊ ယုပစ္စည်း ကရဏသာဓန၌သက်။ 'ဝါ ဂတိဂန္ဓနေသု'ဟု ဓာတ်ကျမ်းရှိသော်လည်း 'အနေကတ္ထာ ဟိ ဓာတဝေါ'အရ ဤ၌ ဥပသမ-အနက်ကို ဟောသည်။

လောကုတ္တရာစိတ်, စေတသိက်တို့ကို နိဗ္ဗာန်-ဟု မဆိုရ။ ။ တဏှာ၏ အာရုံအပြု မခံရသောကြောင့် နိဗ္ဗာန်-ဟုဆိုလျှင် လောကုတ္တရာစိတ်, စေတသိက်များလည်း တဏှာ၏ အာရုံအပြုမခံရသောကြောင့် ၄င်းတို့ကိုလည်း "နိဗ္ဗာန်"ဟု ဆိုသင့်သည် မဟုတ်ပါလော?ဟု မေးဖွယ်ရှိ၏။ "နိဗ္ဗာန"သဒ္ဒါသည် တဏှာစက်ကွင်းမှ ရှင်းရှင်းကြီး လွတ်မြောက်ပြီးဖြစ်သော အသခ်္ခတဓာတ်၌သာ ထင်ရှားသည့် အထင်ရှုဋ္ဌသဒ္ဒါဖြစ်သော

http://www.dhammadownload.com

ကြောင့် လောကုတ္တရာစိတ်, စေတသိက်များကို "နိဗ္ဗာန်"ဟု မဆိုသင့်ပါ။ (လောကုတ္တရာစိတ်, စေတသိက်များကို တဏှာက အာရုံမပြုသော်လည်း ၎င်းတို့၏ တည်ရာမဂ္ဂင်္ဂာန်, ဖလင်္ဂါန်ပုဂ္ဂိုလ်တို့ကိုကား အာရုံပြုလျက်ရှိသေးသည်။ ဥပ္ပလဝဏ်ထေရီမအား နန္ဒလုလင်က ဖျက်ဆီးပုံမှာ သာကေဖြစ်ပါသည်။ ထိုသို့ တည်ရာပုဂ္ဂိုလ်က တဏှာစက်ကွင်းမှ ရှင်းရှင်းကြီး မလွတ်ကင်းသေးသောကြောင့် "တစ်နွယ်ငင် တစ်စင်ပါ"ဆိုသကဲ့သို့ လောကုတ္တရာစိတ်, စေတသိက်များကို တဏှာစက်ကွင်းမှ ရှင်းရှင်းကြီး လွတ်ပြီ-ဟု မဆိုသာပါ။ သို့ဖြစ်၍ လောကုတ္တရာ စိတ်, စေတသိက်များကို "နိဗ္ဗာန်"ဟု မဆိုနိုင်ပါ။) (ဘာသာဋီကာ)

၁။ စိတ်ပိုင်းအဖွင့် (၇၅)

ဘူမိဘေဒစိတ်အဖွင့်

မေး။ အရှင်အနုရုဒ္ဓါဆရာသည် ဥဒ္ဒေသအစဉ်အားဖြင့် စိတ်ကို အကျယ်ပြလိုသည်ဆိုလျှင် "သောမနဿသဟဂတံ"စသော စကားရပ်ကိုသာ ဆိုသင့်ပါလျက် မဆိုဘဲ အဘယ့်ကြောင့် "တတ္ထ စိတ္တံ တာဝ ။ပ။ လောကုတ္တရဇ္ဈေတိ" ဟူသော စကားရပ်ကို မိန့်ဆိုရပါသနည်း ဖြေဆိုပါ။

ဖြေ။ အကျယ်ဝေဖန်အပ်သော အပြားရှိကုန်သော တရားတို့၏သဘောကို ထင်စွာပြခြင်းသည် အကျယ်ဝေဖန်အပ်သော အပြားနှင့် ကင်း၍ မဖြစ်နိုင်သောကြောင့် 'စိတ္တံ စေတသိကံ'စသည်ဖြင့် အကျဉ်းပြအပ်ပြီးသော အဘိဓမ္မာအနက်တို့၏ ဥဒ္ဒေသ အစဉ်အားဖြင့် ဝေဖန်အပ်သောအပြားကို ပြခြင်းငှါ အားထုတ်တော်မူလိုသောကြောင့် "တတ္ထ စိတ္တံ တာဝ ။ပ။ လောကုတ္တရဇ္ဈေတိ" ဟူသော စကားရပ်ကို မိန့်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ အရှင်အနုရုဒ္ဓါဆရာသည် "သောမနဿသဟဂတံ ။ပ။ ဧကဝိသသတံ ဗုဓော"ဟူသော စကားရပ်ကို အဘယ့်ကြောင့် မိန့်ဆိုတော်မူရပါသနည်း။

ဖြေ။ စေတသိက် စသည်တို့မှ ရှေးဦးစွာ စိတ်ကို ဘုံ, ဇာတ်, သမ္မယောဂ စသည်တို့၏အစွမ်း ဖြင့် ခွဲခြမ်းဝေဖန်၍ အကျယ်ပြခြင်းငှါ အားထုတ်တော်မူလိုသော

http://www.dhammadownload.com

ကြောင့် "သောမနဿသဟဂတံ ။ပ။ ဧကဝိသသတံ ဗုဓာ"ဟူသော စကားရပ်ကို မိန့်ဆိုတော်မူရခြင်း ဖြစ်ပါသည်။

သိမှတ်ဖွယ်

ဦးကာ၌ "ယသ္မာ ။ပ။ ဝိဘာဝံ ဒဿေတုံ" ပါဠိဖြင့် "တတ္ထ စိတ္တံ တာဝ ။ပ။ လောကုတ္တရ ဧွေတိ"ဟူသော နိဒ္ဒေသစကားရပ်ကို မိန့်ဆိုရခြင်းအကြောင်းကို ပြ၍၊ "စိတ္တံ တာဝ ။ပ။ နိဒ္ဒိသိတုမာရဘန္တော"ပါဠိဖြင့် "သောမနဿသဟဂတံ ။ပ။ ဧကဝိသသတံ ဗုဓာ"ဟူသော စိတ္တနိဒ္ဒေသ စကားရပ်အားလုံးကို မိန့်ဆိုရခြင်းအကြောင်းကို ပြသည်ဟု မှတ်ပါ။ (ဇ၊ ၁။ ၁၃၈-၉ တို့ကို သေချာစေ့စပ် အထပ်ထပ် ကြည့်ရှုကြပါလေ။)

မေး။ အရှင်အနုရုဒ္ဓါဆရာသည် စိတ်ပိုင်းကို အဘယ်အပြားတို့ဖြင့် ခွဲခြားဝေဖန်၍ ပြတော်မူပါသနည်း။

ဖြေ။ ဘူမိ, ဇာတိ, သမ္မယောဂ, သခ်ါရ, စျာန်, အာရုံ, မဂ်တို့၏အပြားဖြင့် ခွဲခြားဝေဖန်၍ ပြတော်မူပါသည်။

သိမှတ်ဖွယ်။ ။ ဘူမိဇာတိသမ္မယောဂါဒိဝသေန-၌ အာဒိ-သဒ္ဒါဖြင့် သခ်ါရ, စျာန်, အာရုံ, မဂ်တို့ကို ယူပါ။ **သာဓက** - ဧဝံ တာဝ စိတ္တံ ဘူမိဇာတိသမ္မယောဂသခ်ါရစျာနာရမ္မဏမဂ္ဂဘေဒေန ယထာရဟံ ဝိဘဇိတွာ။ (ဦ၊ ၁၀၄။)

(ဆောင်) **ဘုံ, ဇာတ်, သမ်, သင်၊ ထို့ပြင် စျာန်စွက်၊ အာရုံ, မဂ်ပေ၊**
ခုနစ်ထွေ၊ ခွဲလေ စိတ်ပိုင်းကို။

မေး။ စိတ်ကို (က) ဘုံအပြားအားဖြင့် ခွဲခြားဝေဖန်ခြင်း (ခ) ဇာတ်အပြားအားဖြင့် ခွဲခြားဝေဖန်ခြင်း (ဂ) သမ္မယောဂအပြားအားဖြင့် ခွဲခြားဝေဖန်ခြင်း (ဃ) သခ်ါရအပြားအားဖြင့် ခွဲခြားဝေဖန်ခြင်းတို့ကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ (က)ကာမစိတ်, ရူပစိတ်, အရူပစိတ်, လောကုတ္တရာစိတ်-ဟူ၍ ခွဲခြားဝေဖန်ခြင်းသည် **'ဘုံအပြားအားဖြင့် ခွဲခြားဝေဖန်ခြင်း'** ဖြစ်၏။

(ခ) ကုသိုလ်စိတ်, အကုသိုလ် စိတ်, ဝိပါက်စိတ်, ကြိယာစိတ်-ဟူ၍ ခွဲခြားဝေဖန်ခြင်းသည် **'ဇာတ်အပြားအားဖြင့် ခွဲခြားဝေဖန်ခြင်း'** ဖြစ်၏။

(ဂ) သောမနဿသဟဂုတ် ဒိဋ္ဌဂတသမ္ပယုတ်စိတ်, သောမနဿသဟဂုတ် ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်၊ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်စိတ်, သောမနဿသဟဂုတ်ဉာဏဝိပ္ပယုတ်စိတ်စသည်ဖြင့် ခွဲခြားဝေဖန်ခြင်းသည် **'သမ္မယောဂအပြား အားဖြင့် ခွဲခြားဝေဖန်ခြင်း'** ဖြစ်၏။

(ဃ) အသခ်ါရိကစိတ်, သသခ်ါရိကစိတ်-ဟူ၍ ခွဲခြားဝေဖန်ခြင်းသည်

http://www.dhammadownload.com

"သခ်ါရအပြားအားဖြင့် ခွဲခြားဝေဖန်ခြင်း"ဖြစ်၏။

မေး။ (က) စျာန်အပြားအားဖြင့် ခွဲခြားဝေဖန်ခြင်း (ခ) အာရုံအပြားအားဖြင့် ခွဲခြားဝေဖန်ခြင်း (ဂ) မဂ်အပြားအားဖြင့် ခွဲခြားဝေဖန်ခြင်းတို့ကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ (က) အဂီါင်းပါးရှိသော ပဌမစျာန်စိတ်၊ အဂီါလေးပါးရှိသော ဒုတိယစျာန်စိတ် စသည်ဖြင့် ခွဲခြားဝေဖန်ခြင်းသည် **"စျာန်အပြားအားဖြင့် ခွဲခြားဝေဖန်ခြင်း"**မည်၏။

(ခ) ကောင်းကင်ပညတ်အာရုံ, ပဌမာရုပ္ပဝိညာဉ်အာရုံ-စသည်တို့၏ အစွမ်းဖြင့် ခွဲခြားဝေဖန်ခြင်းသည် **"အာရုံအပြားအားဖြင့် ခွဲခြားဝေဖန်ခြင်း"**မည်၏။

(ဂ) သောတာပတ္တိမဂ်စိတ်, သကဒါဂါမိမဂ်စိတ် စသည်တို့၏ အစွမ်းဖြင့် ခွဲခြားဝေဖန်ခြင်းသည် **"မဂ်အပြားအားဖြင့် ခွဲခြားဝေဖန်ခြင်း"** ဖြစ်၏။

မေး။ အဘယ်စိတ္တနိဒ္ဒေသ၌ အဘယ်အပြားတို့ဖြင့် ခွဲခြားဝေဖန်ခြင်းကို ရအပ်သည်ဟု အသီးသီးဖော်ပြခဲ့ပါ။

ဖြေ။ **ကာမာဝစရစိတ္တနိဒ္ဒေသ၌** ဘုံ, ဇာတ်, သမ္မယောဂ, သခ်ါရအပြားအားဖြင့် ခွဲခြားဝေဖန်ခြင်းကို ရအပ်ပါသည်။ **ရူပါဝစရစိတ္တနိဒ္ဒေသ၌** ဘုံ, ဇာတ်, စျာန်အပြားအားဖြင့် ခွဲခြားဝေဖန်ခြင်းကို ရအပ်ပါသည်။ **အရူပါဝစရစိတ္တနိဒ္ဒေသ၌** ဘုံ, ဇာတ်, အာရုံအပြားအားဖြင့် ခွဲခြားဝေဖန်ခြင်းကို ရအပ်၏။ **လောကုတ္တရစိတ္တနိဒ္ဒေသ၌** ဘုံ, ဇာတ်, မဂ်အပြားအားဖြင့် ခွဲခြားဝေဖန်ခြင်းကို ရအပ်ပါသည်။

သိမှတ်ဖွယ်။။ ကာမာဝစရစိတ်သည် **ဘူမိဇာတိသမ္မယောဂသခ်ါရဘေဒစိတ်**၊ ရူပါဝစရစိတ်သည် **ဘူမိဇာတိစျာနဘေဒစိတ်**၊ အရူပါဝစရစိတ်သည် **ဘူမိဇာတိအာရမ္မဏဘေဒစိတ်**၊ လောကုတ္တရာစိတ် သည် **ဘူမိဇာတိမဂ္ဂဘေဒစိတ်**-ဟုလည်း သိပါ။ (ဋီ၊ ၁။ ၁၃၉။)

မေး။ စိတ်ကို ဘုံ, ဇာတ်, သမ္မယောဂစသည်တို့၏ အစွမ်းဖြင့် ခွဲခြားဝေဖန်၍ အကျယ်ပြမည်-ဆိုရာ၌ မှတ်သားထိုက်သော **ဌာနဘုံ, အဝတ္ထာဘုံ** ၂-မျိုးတို့၏ အဓိပ္ပာယ်ကို ရေးပြ၍၊ အဘယ်တရားတို့အတွက် အဘယ်ဘုံကို ရအပ်သည်ဟုလည်း ဖော်ပြပါ။

ဖြေ။ ကာမာဝစရ, ရူပါဝစရ, အရူပါဝစရတရားတို့၏ ကာမတဏှာ, ရူပတဏှာ, အရူပတဏှာတို့ ဖြင့် ပိုင်းခြားသတ်မှတ်အပ်သည်၏အဖြစ်သည် "အဝတ္ထာဘုံ" မည်၏။

http://www.dhammadownload.com

လောကုတ္တရာတရားတို့၏ ထိုကာမတဏှာစသည်တို့ဖြင့် မပိုင်းခြားအ
သည်၏အဖြစ်သည် "အဝတ္ထာဘုံ" မည်၏။

ထိုတွင် တေဘူမက (ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ)တရားတို့အတွက်
ဌာနဘုံ, အဝတ္ထာဘုံ ၂-မျိုးလုံးကို ရအပ်ပါသည်။ လောကုတ္တရာတရားတို
အတွက်ကား အဝတ္ထာဘုံတစ်မျိုးကိုသာ ရအပ်ပါသည်။ (၄င်း၊ ၁၃၈၊ ၂၈၈။)

သိမှတ်ဖွယ်။ ။ "ကာမတဏှာ၏ ဖြစ်ရာ နယ်ပယ်တစ်ရပ်"ဟု ကာမတဏှာ
ဖြင့် ပိုင်းခြား သတ်မှတ်အပ်သော ကာမတရားတို့သည် **"ကာမအဝတ္ထာဘုံ"**မည်၏
ထို့အတူ ရူပတဏှာဖြင့် ပိုင်းခြားသတ်မှတ်အပ်သော ရူပတရားတို့သည် **"ရူပ
အဝတ္ထာဘုံ"**မည်၏။ အရူပတဏှာဖြင့် ပိုင်းခြားသတ်မှတ်အပ်သော အရူပတရာ
တို့သည် **"အရူပအဝတ္ထာဘုံ"** မည်၏။ "ထိုတဏှာ သုံးမျိုးတို့မှ လွတ်လပ်ရာနယ်ပယ်
တစ်ရပ်"ဟု ပိုင်းခြားသတ်မှတ်အပ်သော လောကုတ္တရာတရားတို့သည် **"လောကုတ္တရာ
အဝတ္ထာဘုံ"**မည်၏-ဟု ရှင်းရှင်းမှတ်ပါ။

ဝစနတ္ထ - ဘဝန္တိ ဧတ္ထ သတ္တာ, ဓမ္မာ ဝါတိ ဘူမိ၊ ဌာနဘုံ, အဝတ္ထာဘုံ နှစ်မျိုးလုံးကိုရ၏၊

မေး။ တတ္ထ စိတ္တံ တာဝ-၌ တာဝ-သဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ တာဝ-သဒ္ဒါသည် ပထမအနက်, ကမအနက်, ဝတ္တုဗ္ဗန္တရာပေက္ခာအနက်
အနုညာတအနက်ဟူသော အနက် ၄-ချက်တို့တွင် ပထမအနက်၌ ဖြစ်ပါသည်။

(ဂါထာ) ပဌမတ္ထေ ကမတ္ထေ စ၊ ဝတ္တုဗ္ဗန္တရာပေက္ခာယေ။
အနုညာတေ တေသတ္ထေသု၊ တာဝသဒ္ဒေါ ပဝတ္တတိ။

မေး။ စိတ်ကို အကျယ်ပြရာ၌ "လောကုတ္တရံ အရူပါဝစရံ ရူပါဝစရံ ကာမာဝစ-ရဉ္စ"ဟု
နိဒ္ဒေသ မပြုဘဲ အဘယ့်ကြောင့် "ကာမာဝစရံ ရူပါဝစရံ အရူပါဝစရံ လောကု-
တ္တရဉ္စ"ဟု နိဒ္ဒေသပြုရပါသနည်း ဖြေဆိုပါ။

ဖြေ။ ဘုံလေးပါး၌ ဖြစ်ကုန်သော တရားတို့သည် အစဉ်အတိုင်း မြတ်ကြကုန်၏။
ထို့ကြောင့် **"အယုတ်, အမြတ်, အထူးသဖြင့်မြတ်, အထူးသဖြင့် အလွန်
မြတ်"**တို့၏ အစဉ်အားဖြင့် ထိုတရားတို့၏ အကျယ်နိဒ္ဒေသကို ပြုရပါသည်။

အမှာ။ ။"စိတ်လေးပါး ရှေ့နောက်စဉ်ထားပုံကို အကြောင်းနှင့်တကွ ဖော်ပြပါ"ဟု
မေးလျှင် လည်း နည်းတူ ဖြေပါလေ။

ဟီနစိတ် = ကာမာဝစရစိတ်။
ဥက္ကဋ္ဌစိတ် = ရူပါဝစရစိတ်။
ဥက္ကဋ္ဌတရစိတ် = အရူပါဝစရစိတ်။

http://www.dhammadownload.com

ဥက္ကဋ္ဌတမစိတ် - လောကုတ္တရာစိတ်။

၃၀ **မေး။** အဘယ်စိတ်သည် အဘယ့်ကြောင့် "ကာမာဝစရ"မည်ပါသနည်း ဦးကာလာသည့်အတိုင်း ပြည့်စုံစွာ ရေးပြပါ။

ဖြေ။ (၁) အာရုံပြုသည်၏ အစွမ်းဖြင့် ကာမတဏှာ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သောကြောင့် ကာမစိတ် ၅၄-ပါးသည် "ကာမာဝစရ" မည်ပါသည်။

(၂) ကာမတဏှာသည် လိုလားတောင့်တအပ်သော ကာမ ၁၁-ဘုံ၌ များသောအားဖြင့် ဖြစ်တတ် ကျင်လည်တတ်သောကြောင့် ကာမစိတ် ၅၄-ပါးသည် "ကာမာဝစရ"မည်ပါသည်။

(၃) ဝတ္ထုကာမ, ကိလေသာကာမ-ဟူသော နှစ်ပါးသောကာမ၏ ဖြစ်ရာ ကျင်လည်ရာ ဖြစ်သောကြောင့် ကာမ ၁၁-ဘုံသည် **မုချအားဖြင့်** "ကာမာဝစရ"မည်၏။ ထိုကာမ ၁၁-ဘုံ၌ဖြစ်သော စိတ် ၅၄-ပါးသည်လည်း ('မင္ဂွာ ဥက္ကဋ္ဌေ ကရောန္တိ' စသည်တို့၌ကဲ့သို့ မှီရာဌာန နိဿယဖြစ်သော ကာမ ၁၁-ဘုံ၏ ကာမာဝစရ-ဟူသော အမည်ကို မှီတတ်သော ဌာနီ နိဿိတဖြစ်သော စိတ်၌ တင်စားခြင်း ဟူသော) **'ဌာနူပစာ' အားဖြင့်** "ကာမာဝစရ" မည်ပါသည်။

၃၁ **မေး။** ကာမာဝစရ်-ပုဒ်၌ (က) ကာမ (ခ) အဝစရ (ဂ)ကာမာဝစရ-ပုဒ်တို့ကို ဝစနတ္ထပြု၍ အသီးသီး အရကောက်ပြခဲ့ပါ။

ဖြေ။ **(က)** ကာမေတီတိ ကာမော၊ ဝတ္ထုအာရုံ ကာမဂုဏ်ကို လိုလားတတ်သော ကာမတဏှာ(ကိလေသာကာမ)ကို ရ၏။

တစ်နည်း - ကာမီယတီတိ ကာမော၊ ကာမတဏှာ (ကိလေသာကာမ) သည် လိုလားတောင့်တအပ်သော ကာမ ၁၁-ဘုံကို ရ၏။

တစ်နည်း - ဝတ္ထုကာမ, ကိလေသာကာမ ၂-မျိုးလုံးကို ရ၏။

(ခ) အဝစရတိ ဧတ္ထာတိ အဝစရံ၊ ဖြစ်ရာ ကျင်လည်ရာဖြစ်သော ကာမ စိတ် ၅၄-ပါးကို ရ၏။

တစ်နည်း - အဝစရတီတိ အဝစရံ၊ ဖြစ်တတ် ကျင်လည်တတ်သော ကာမ စိတ် ၅၄-ပါးကို ရ၏။

တစ်နည်း - အဝစရတိ ဧတ္ထာတိ အဝစရော၊ ဖြစ်ရာ ကျင်လည်ရာဖြစ်သော ကာမ ၁၁-ဘုံကို မုချအားဖြင့်ရ၍ ကာမစိတ် ၅၄-ပါးကို ဌာနူပစာအားဖြင့် ရ၏။

http://www.dhammadownload.com

(၈) ကာမဿ အဝစရံ ကာမာဝစရံ၊ အာရုံပြုသည်၏ အစွမ်းဖြင့် ကာမ တဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော ကာမစိတ် ၅၄-ပါးကို ရ၏။

တစ်နည်း - ကာမေ (ယေဘုယျေန) အဝစရံ ကာမာဝစရံ၊ ကာမ ၁၁-ဘုံ၌ များသောအားဖြင့် ဖြစ်တတ် ကျင်လည်တတ်သော ကာမစိတ် ၅၄-ပါးကို ရ၏။

တစ်နည်း - ကာမဿ အဝစရော ကာမာဝစရော၊ ဝတ္ထုကာမ, ကိလေသာ ကာမ ၂-ပါး၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သော ကာမ ၁၁-ဘုံကို မုချအားဖြင့် ရ၍ ကာမစိတ် ၅၄-ပါးကို ဌာနူပစာအားဖြင့် ရ၏။

သိမှတ်ဖွယ်များ။ ။ - 'ယေဘုယျေန'ဟု ဆိုသော်လည်း ယေဘုယျနည်းမဟုတ်၊ 'ဝနစရကော'ပုဒ်ကဲ့သို့ တတ္ထာဟုလွန်နည်းသာ ဖြစ်သည်။

" ကာမော'ဝစရတီတော့ထ္ထ၊ ကာမေ'ဝစရတီတိ ဝါ။
ဌာနူပစာရတော ဝါဝိ၊ တံ ကာမာဝစရံ ဘဝေ။ - ဟူသော ဂါထာ၌ "ကာမော'ဝစရတီတော့ထ္ထ" ဖြင့် ပထမနည်းကို အကျဉ်းချုပ်ပြသည်။ "ကာမေ' ဝစရတီတိ ဝါ" ဖြင့် ဒုတိယနည်းကို အကျဉ်းချုပ်ပြသည်။ "ဌာနူပစာရတော ဝါဝိ" ဖြင့် တတိယနည်းကို အကျဉ်းချုပ်ပြသည်-ဟု မှတ်ပါ။

ဘမှာ။ ။ ရူပါဝစရ, အရူပါဝစရ-ပုဒ်တို့၌လည်း ကာမာဝစရ-ပုဒ်အတိုင်း ဝိဂြိုဟ်ဆိုရ, အဓိပ္ပာယ်မှတ်ရမည်။ မဏိမဉ္ဇူ(၁၁၄၉)လာ အောက်ပါ ဂါထာများကို ကျက်မှတ်ထားကြပါလေ။

- ရူပံ' ဝစရတီတော့ထ္ထ၊ ရူပေ' ဝစရတီတိ ဝါ။
  ဌာနူပစာရတော ဝါဝိ၊ တံ ရူပါဝစရံ ဘဝေ။
- အရူပံ' ဝစရတီတော့ထ္ထ၊ အရူပေ' ဝစရတီတိ ဝါ။
  ဌာနူပစာရတော ဝါဝိ၊ တံ အရူပါဝစရံ ဘဝေ။

မေး။ ရူပ, အရူပဘုံတို့၌ဖြစ်သော ကာမစိတ်များသည် ရူပါဝစရ, အရူပါဝစရ အမည် မရဘဲ အဘယ့်ကြောင့် 'ကာမာဝစရ' ဟူသော အမည်ကိုသာရကြပါသနည်း ဖြေဆိုပါ။

ဖြေ။ များသောအားဖြင့် ဖြစ်ခြင်းကိုသာ အလိုရှိအပ်သောကြောင့် ကာမစိတ် အချို့သည် ရူပဘုံ, အရူပဘုံတို့၌ တစ်ခါတစ်ရံ ဖြစ်သော်လည်း ရူပါဝစရ, အရူပါဝစရ အမည်မရဘဲ 'ကာမာဝစရ' ဟူသော အမည်ကိုသာ ရကြခြင်းဖြစ်ပါသည်။ ဥပမာ - "သင်္ဂီမာဝစရော = စစ်မြေပြင်၌ လှည့်လည်သော ဆင်"ဟူသကဲ့သို့ တည်း။ (စစ်မြေပြင် ၌ များသောအားဖြင့် ကျင်လည်တတ်သော ဆင်ကို တစ်ခ်

http://www.dhammadownload.com

တစ်ရံ မြို့၌လှည့်လည်သော်လည်း "သင်္ဂါမာဝစရ"ဟုပင် ဆိုရပေသည်။)

သိမှတ်ဖွယ်များ

ကာမာဝစရစိတ်၏ ဘူမိပရိစ္ဆေဒ ၂-မျိုး - (၁) မုချဘူမိပရိစ္ဆေဒ (၂) ဥပစာရ-ဘူမိပရိစ္ဆေဒတို့ ဖြစ်ပါသည်။

မုချဘူမိပရိစ္ဆေဒ ၄-မျိုး - (၁) အာလမ္ဗကဓမ္မဝသေန ဘူမိပရိစ္ဆေဒ (၂) သဟဇာတဝသေန ဘူမိပရိစ္ဆေဒ (၃) အာလမ္ဗိတပုဗ္ဗဓမ္မဝသေန ဘူမိပရိစ္ဆေဒ (၄) ဝိပါကဒါနဝသေန ဘူမိပရိစ္ဆေဒ တို့ ဖြစ်ပါသည်။

ထိုတွင် (၁) "ကာမော ဇော္ထ အဝစရတိ အာရမ္မဏကရဏဝသေနာတိ ကာမာဝစရံ။ ကာမေ ယေဘုယ္ယေန အဝစရတီတိ ကာမာဝစရံ" ဟူသော ၂-ဝိကပ်သည် အာလမ္ဗကဓမ္မဝသေန ဘူမိပရိစ္ဆေဒမည်၏။ (၂)"ကာမော အဝစရတိ ဇော္ထ သဟဇာတဝသေနာတိ ကာမာဝစရံ"သည် သဟဇာတဝသေန ဘူမိပရိစ္ဆေဒမည်၏။ (၃) "အာရမ္မဏ ကရဏဝသေန ကာမေ အဝစရတီတိ ကာမာဝစရံ"သည် အာလမ္ဗိတပုဗ္ဗဓမ္မဝသေန ဘူမိပရိစ္ဆေဒ မည်၏။ (၄) "ပဋိသန္ဓိဒါနဝသေန ကာမေ အဝစရတီတိ ကာမာဝစရံ"သည် ဝိပါကဒါနဝသေန ဘူမိပရိစ္ဆေဒမည်၏။

"ကာမော ဇော္ထ အဝစရတီတိ ကာမာဝစရော" သည် ဥပစာရ ဘူမိပရိစ္ဆေဒမည်၏။

ဤကာကျော်၌ မုချဘူမိပရိစ္ဆေဒ ၄-မျိုးထည်းက အာလမ္ဗကဓမ္မဝသေန ဘူမိပရိစ္ဆေဒနှင့် ဥပစာရဘူမိပရိစ္ဆေဒတို့ကို ပြသည်-ဟုမှတ်ပါ။ သဟဇာတဝသေန ဘူမိပရိစ္ဆေဒနှင့် အာလမ္ဗိတပုဗ္ဗ-ဓမ္မဝသေန ဘူမိပရိစ္ဆေဒတို့ကို အဘိဓမ္မာဝတာရဋီကာ၌ ပြ၍၊ ဝိပါကဒါနဝသေန ဘူမိပရိစ္ဆေဒကို ခေမာစရိယပပရဏ-ခေါ် ရွှေဟောင်းဋီကာ, အဋ္ဌသာလိနီအဋ္ဌကထာတို့၌ ပြသည်။

ဓမ်း။ မင်္ဂစိတ်, ဖိုလ်စိတ်တို့၏ 'လောကုတ္တရ' အမည်ရခြင်းအကြောင်းတို့ကို ဋီကာဆရာ ဖွင့်ဆိုသည့်အတိုင်း ပြည့်စုံစွာ ရေးပြပါ။

ခြေ။ ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော သခ်ါရလောကမှ အာသဝေါတရားတို့၏ အာရုံမဟုတ်သောအားဖြင့် **လွန်မြောက်ဆဲ**ဖြစ်သောကြောင့် **'မင်္ဂစိတ်'**သည် **"လောကုတ္တရ-လောကုတ္တရာ"** မည်ပါသည်။

ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော သခ်ါရလောကမှ အာသဝေါတရားတို့၏ အာရုံမဟုတ်သောအားဖြင့် **လွန်မြောက်ပြီး**ဖြစ်သောကြောင့် **'ဖိုလ်စိတ်'**သည် **"လောကု-တ္တရ-လောကုတ္တရာ"** မည်ပါသည်။

သခ်ါရလောကထက် **လွန်ကဲမြင့်မြတ်**သောကြောင့် **'မင်္ဂစိတ်, ဖိုလ်စိတ်,**

http://www.dhammadownload.com

နိဗ္ဗာန်' ၃-တန်လုံးသည် **"လောကုတ္တရ-လောကုတ္တရာ"** မည်ပါသည်။

မေး။ လောကုတ္တရ-ပုဒ်ကို ရနိုင်သမျှ အစိတ်+အပေါင်း ဝိဂြိုဟ်ဆို၍ အသီးသီး အရကောက်ပြခဲ့ပါ။

ဖြေ။ (၁) ဥတ္တရတိတိ ဥတ္တရံ၊ လောကတော ဥတ္တရံ လောကုတ္တရံ။ မဂ်စိတ်ကို ရ၏၊
(၂) ဥတ္တိဏ္ဏန္တိ ဥတ္တရံ၊ လောကတော ဥတ္တရံ လောကုတ္တရံ။ ဖိုလ်စိတ်ကို ရ၏၊
(၃) လောကတော ဥတ္တရန္တိ လောကုတ္တရံ။ နိဗ္ဗာန်နှင့်တကွ မဂ်စိတ် ဖိုလ်စိတ်တို့ကို ရ၏။

ရှင်းချက်။ ။ ဝိဂြိုဟ် ၃-နည်းလုံး၌ **လောက-အရ** ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော သခ်ါရလောကကို ရ၏။ (လောကီ ရုပ်, နာမ်တရားကို ဥပါဒါနက္ခန္ဓာဟု ခေါ်သည်။)

ပထမနည်း၌ ဥတ္တရ-သဒ္ဒါ ပစ္စုပ္ပန္နကာလိက ကတ္တုသာဓန, ဥတ္တရဏတ္ထဝါစက။

ဒုတိယနည်း၌ ဥတ္တရ-သဒ္ဒါ အတီတကာလိက ကတ္တုသာဓန, ဥတ္တရဏတ္ထ ဝါစကပင်။

တတိယနည်း၌ ဥတ္တရ-သဒ္ဒါသည် အဓိကတ္ထဝါစက အနိပ္ပန္နပါဠိပဒိက (ရုဠ်ဠိ) ပုဒ် ဖြစ်၍ ဝစနတ္ထ မပြုရ။

အဘိဓမ္မာဝတာရဋီကာ၌ကား မဂ် ၄-ပါးတို့၏ လောကသုံးပါးမှ လွန်မြောက်ပုံကို ဖွင့်ပြထားပါသည်။

မေး။ "ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော သခ်ါရလောကမှ လွန်မြောက်"ဟူရာ၌ မည်ကဲ့သို့ ဖြစ်သည်ကို "လွန်မြောက်"ဟု ဆိုပါသနည်း ရှင်းပြခဲ့ပါ။

ဖြေ။ လောကုတ္တရာတရားတို့သည် သာသဝဖြစ်သော ဥပါဒါနက္ခန္ဓာတို့၌ အကျုံးမဝင်သောကြောင့် အာသဝေါတရားတို့၏ အာရုံပြုမှု မခံရခြင်းကိုပင် "လွန်မြောက်"ဟု ဆိုပါသည်။

ဘူမိဘေဒစိတ်အပွင့် ပြီး၏။

အကုသိုလ်စိတ်အပွင့် (၁၆)

မေး။ ကာမာဝစရစိတ်သည် ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာအပြားအားဖြင့်

http://www.dhammadownload.com

၄-ပါးပြားသောကြောင့်လည်းကောင်း၊ ဓမ္မသင်္ဂဏီပါဠိတော်၌ ကုသိုလ်စိတ်ကို ရှေးဦးစွာ ဟောထားသောကြောင့်လည်းကောင်း၊ ဤသဒ္ဒါဗျာကျမ်းကလည်း ဓမ္မသင်္ဂဏီကျမ်းကို မှီသောကြောင့်လည်းကောင်း ကုသိုလ်စိတ်ကို ရှေးဦးစွာပြသင့်ပါလျက် မပြဘဲ အဘယ့်ကြောင့် အကုသိုလ်စိတ်, အဟိတ်စိတ်တို့ကို ရှေးဦးစွာ ပြရပါသနည်း ဖြေဆိုပါ။

ဖြေ။ ကာမာဝစရစိတ်သည် ကုသိုလ်, အကုသိုလ်. ဝိပါက်, ကြိယာအပြားအားဖြင့် ၄-ပါး ပြားပါသော်လည်း အကုသိုလ်စိတ်, အဟိတ်စိတ်တို့သည် ကြဉ်အပ်ကုန်သော် တစ်ခုယုတ်ခြောက်ဆယ်၊ (၀၊) ကိုးဆယ့်တစ်ပါးသော စိတ်တို့ကို 'သောဘဏ'ဟူသောအမည်ဖြင့် ခေါ်ဝေါ်ခြင်းကို ပြုခြင်းအကျိုးငှါ "ပါပါ ဟေတုက မုတ္တာနိ၊ သောဘဏာနီတိ ဝုစ္စရေ"ဟူ၍ ဆိုလတ္တံ့သောနည်းနှင့်လျော်ညီစွာ အကုသိုလ်စိတ်, အဟိတ်စိတ်တို့ကို ရှေးဦးစွာပြဆိုခြင်း ဖြစ်ပါသည်။

(ဆောင်) အကု, အဟိတ်၊ သုံးဆယ်စိတ်မှ၊ ကြွင်းသမျှကို၊ သောဘဏအမည်၊ ပြုလိုသည်ကြောင့်၊ နှစ်လီ စိတ္တ၊ ဦးစွာပြ၊ မှတ်ကြ သောတုမျိ။

၂ **ဒုမး။** အကုသိုလ်စိတ်တို့တွင် အဘယ့်ကြောင့် လောဘမူစိတ်တို့ကို ရှေးဦးစွာ ပြဆိုရပါသနည်း ဖြေဆိုပါ။

ဖြေ။ ထိုထိုဘုံဘဝတို့၌ ပဋိသန္ဓေနေသော သတ္တဝါအား အစဉ် ဝီထိစိတ်၏ အစွမ်းဖြင့် လောဘသဟဂုတ်စိတ်တို့သာ ဖြစ်သောကြောင့် ထိုလောဘသဟဂုတ် စိတ် (လောဘမူစိတ်)တို့ကိုသာ ရှေးဦးစွာ ပြဆိုရခြင်း ဖြစ်ပါသည်။

(ဆောင်) ဘဝအလိလီ၊ သန္ဓေတည်သည့်၊ ထိုဤမျှားစွာ၊ သတ္တဝါ၌၊ ဦးစွာ အစ၊ စိတ်လောဘသာ၊ ဖြစ်သည့်တာကြောင့်၊ ဦးစွာအစ၊ ယင်းစိတ္တ၊ မိန့်ဟ ထေရ်ဆရာ။

၃ **ဒုမး။** လောဘမူစိတ်နောင် အဘယ့်ကြောင့် ဒေါသမူစိတ်တို့ကို ပြဆိုရပါသနည်း ဖြေဆိုပါ။

ဖြေ။ လောဘမူစိတ်နှင့် ဒွိဟိတ်စိတ်အဖြစ်ဖြင့် တူသောကြောင့် လောဘမူစိတ်နောင် ဒေါသမူစိတ်တို့ကို ပြဆိုရခြင်းဖြစ်ပါသည်။

(ဆောင်) ဒွိဟိတ်စိတ်ချင်း၊ တူသည့်ခင်းကြောင့်၊ ယင်း၏ နောက်မှာ၊ ဒေါသ(မူ)သာ၊ ဆက်ကာ ပြပေသည်။

http://www.dhammadownload.com

မေး။ ဒေါသမူစိတ်နောင် အဘယ့်ကြောင့် မောဟမူစိတ်တို့ကို ပြဆိုရပါသနည်း ဖြေဆိုပါ။

ဖြေ။ ဧကဟိတ်စိတ်တို့ကို ပြခြင်းအကျိုးငှါ ဒေါသမူစိတ်နောင် မောဟမူစိတ် တို့ကို ပြဆိုရခြင်း ဖြစ်ပါသည်။

(ဆောင်) **ဧကဟိတ်စိတ်ကို၊ ပြသ, လို၍၊ ဘုန်းမို ဆရာ၊**
နောက်ဆုံးမှာ၊ ထားပါ မောဟမူစိတ်ကို။

မေး။ လောဘမူစိတ် ၈-ပါး ပြားရခြင်းအကြောင်းကို ဖြေဆိုပါ။

ဖြေ။ ဝေဒနာအပြား, ဒိဋ္ဌအပြား, သခ်ါရအပြားအားဖြင့် လောဘမူစိတ် ၈-ပါး ပြား ရခြင်းဖြစ်ပါသည်။

၃မး။ သောမနဿသဟဂတံ-၌ သောမနဿ-ပုဒ်ကို အစိတ်+အပေါင်း ဝစနတ္ထပြု၍ အသီးသီး အဓိပ္ပာယ်များကို ရေးသားဖြေဆိုပါ။

ဖြေ။ -သုန္ဒရံ မနော သုမနော၊ ကောင်းသော(တင့်တယ်သော)စိတ်ကို ရ၏။
-သုမနော ဧတဿ အတ္ထီတိ ဝါ သုမနော၊ ကောင်းသော (တင့်တယ်သော) စိတ်ရှိသော ပုဂ္ဂိုလ်ကို ရ၏။
-သုမနဿ ဘာဝေါ သောမနဿံ၊ ကောင်းသော(တင့်တယ်သော)စိတ်၊ ဝါ-ကောင်းသော(တင့်တယ်သော)စိတ်ရှိသောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာသည် "သောမနဿ"မည်၏၊ စိတ်၌ဖြစ်သော သုခဝေဒနာကို ရ၏။

မေး။ "အခ်ိုလို နှုတ်ခွန်းဆက်စကား ပြောကြားခွင့်ရတဲ့အတွက် များစွာ ဝမ်းသာအားရ ပီတိသောမနဿ ဖြစ်ရပါတယ်"စသည်ဖြင့် ယခုခေတ်ဝယ် တွင်တွင်ကျယ်ကျယ် သုံးနှုန်းပြောဆိုနေကြရာ ယင်းစကားရပ်ပါ "သောမနဿ" ဟူသော စကားလုံး၏ အဓိပ္ပာယ်ကို ဦးကာဖွင့်နှင့်အညီ ရှင်းပြခဲ့ပါ။

ခဖြေ။ သောမနဿ-ဟူသည် အဘိဓမ္မာတရားကိုယ်အားဖြင့် မာနသိက သုခဝေဒနာ (စိတ်၌ဖြစ်သော ချမ်းသာမှု-စိတ်ချမ်းသာမှု)ဖြစ်ပါသည်။ ထိုဝေဒနာဖြစ်သော အခါ သုမန-ဟူသောသဒ္ဒါနှင့် ကောင်းသောစိတ်, ဝါ-ကောင်းသော စိတ်ရှိသောပုဂ္ဂိုလ် ဟူသိသော အသိညာဏ်တို့ ဖြစ်ပေါ်လာကြပါသည်။ ဤသို့လျှင် သုမန-ဟူသော သဒ္ဒါ နှင့် ကောင်းသောစိတ်, ဝါ-ကောင်းသောစိတ်ရှိသော ပုဂ္ဂိုလ်ဟု သိသောအသိညာဏ်တို့ ဖြစ်ပေါ်လာကြောင်းဖြစ်သောကြောင့် ထိုမာနသိက သုခဝေဒနာကို "သောမနဿ" ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

(မြန်မာလို ရှင်းရှင်းကား - ကိစ္စတစ်စုံတစ်ခုအတွက် စိတ်ထည်း၌ နှစ်သက်အားထေခြင်း ကျေနပ်ဝမ်းမြောက်ခြင်းပင် ဖြစ်ပါသည်)။

သိမှတ်ဖွယ်။ ။ သုန္ဒရံ-ပါဠိဖြင့် " သု သောဘနေ သုဒေ သမ္မာ၊ ဘုသသုဋ္ဌ-သမိဒ္ဓိသု" ဟူသော သု-သဒ္ဒါ၏ အနက်တို့တွင် သောဘနအနက်ဟော ပြသည်။

မာနသိကသုခဝေဒနာယေတံ အဓိဝစန်-ပါဠိဖြင့် ဖဿ-စသော စေတသိက်တို့ကို နှစ်စေပါသည်။ (ဋီ၁၅၄။)

၈ **မေး။** သောမနဿသဟဂတံ-ပုဒ်၏ အဓိပ္ပာယ် ၂-မျိုးကို ရေးပြပါ။

ဖြေ။ (၁) သောမနဿဝေဒနာနှင့် ဧကုပ္ပါဒအစရှိသည်တို့၏ အစွမ်းဖြင့် နှီးနှော သောကြောင့် "သောမနဿသဟဂတ=သောမနဿသဟဂုတ်" မည်ပါသည်။

(၂) သောမနဿဝေဒနာနှင့်တကွ ဧကုပ္ပါဒအစရှိသော အဖြစ်သို့ ရောက် သောကြောင့် "သောမနဿသဟဂတ= သောမနဿသဟဂုတ်" မည်ပါသည်။

သိမှတ်ဖွယ်။ ။ -သောမနဿေန သဟဂတံ သောမနဿသဟဂတံ။

-သောမနဿေန သဟ(ဧကုပ္ပါဒါဒိဘာဝံ) ဂတံ သောမနဿ-သဟဂတံ။

ပထမနည်း၌ သဟဂတ-သဒ္ဒါ သံသဋ္ဌအနက်ဟောကို ဟော၏။ သံသဋ္ဌ- သဒ္ဒါ၏ သဒိသ-စသော အနက်တို့တွင်ကား သဟဇာတအနက်တည်း။

ဒုတိယနည်း၌ သဟ-သဒ္ဒါ တုလျဃောဂ(အတူယှဉ်ခြင်း)အနက်ကို ဟော၍၊ ဂတ-သဒ္ဒါကား ပါပုဏနဂတိအနက်ကို ဟော၏။

၉ **မေး။** ဒိဋ္ဌဂတံ-၌ ဒိဋ္ဌ-ပုဒ်၏ ဝစနတ္ထနှင့် အဓိပ္ပာယ်ကို ရေးပြပါ။

ဖြေ။ မိစ္ဆာ ပဿတီတိ ဒိဋ္ဌိ။

မှားသောအားဖြင့် မြင်တတ်သောကြောင့် "ဒိဋ္ဌိ" မည်ပါသည်။

သိမှတ်ဖွယ်။။ "မှားသောအားဖြင့် မြင်" ဟူသည် 'ကာမဂုဏ်တို့၌ အပြစ်မရှိ၊ မကောင်းမှု ပြုရာ၌ သံသရာအပြစ်မရှိ' စသည်ဖြင့် လွဲမှားစွာ သိမြင်ခြင်းတည်း။ ထိုသို့ လွဲမှားစွာ သိမြင် ခြင်းကို ယခုအခါ 'အယူမှားခြင်း'ဟု ပြောစမှတ်ပြကြသည်။

၁၀ **မေး။** ဒိဋ္ဌ-သဒ္ဒါသည် သာမညသဒ္ဒါဖြစ်သောကြောင့် သမ္မာအယူကိုလည်း 'ဒိဋ္ဌိ' ဟု ဆိုသင့်သည် မဟုတ်ပါလော? အဘယ့်ကြောင့် မိစ္ဆာအယူကိုသာလျှင် 'ဒိဋ္ဌိ'ဟု ဆိုရပါသနည်း ဖြေဆိုပါ။

ဖြေ။ ဒိဋ္ဌ-သဒ္ဒါသည် သာမညသဒ္ဒါဖြစ်သော်လည်း အတ္ထ(အကျိုး), ပကရဏ (အရာ

http://www.dhammadownload.com

ဌာန) စသည်ဖြင့် ထူးသောဟောရာအနက်ရှိသည်၏အဖြစ် ဖြစ်နိုင်သောကြောင့် (ထူးသောအနက်ကို ဟောနိုင်သောကြောင့်) ဤ၌ မိစ္ဆာအယူကိုသာလျှင် "ဒိဋ္ဌ' ဟု ဆိုရပါသည်။ -အကုသိုလ်အရာဖြစ်သောကြောင့် မိစ္ဆာအယူကိုသာလျှင် "ဒိဋ္ဌ"ဟု ဆိုရပါသည်-ဟူလို။

(ဂါထာ) အတ္ထာ ပကရဏာ လိင်္ဂါဩဇိတျာ ဒေသကာလတော။
သဒ္ဒတ္ထာ ပဒိုပဇ္ဇန္တေ၊ နာ သဒ္ဒါယေဝ ကေဝလာ။ (ဗျာချာ)

၁၁ **မေး။** ဒိဋ္ဌဂတ-ပုဒ်ကို ရနိုင်သမျှ ဝစနတ္ထပြု၍ အဓိပ္ပာယ်ရေးပြီးလျှင်၊ အရကိုလည်း ကောက်ပြခဲ့ပါ။

ဖြေ။ (၁) ဒိဋ္ဌယေဝ ဒိဋ္ဌဂတံ။ မှားသောအားဖြင့် မြင်တတ်သောကြောင့် ဒိဋ္ဌသည်ဟင် "ဒိဋ္ဌဂတ"မည်ပါသည်။

(၂) ဒိဋ္ဌသု ဂတံ ဒိဋ္ဌဂတံ။ ၆၂-ပါးသော ဒိဋ္ဌတို့၌ အတွင်းဝင် (ပါဝင်) သောကြောင့် "ဒိဋ္ဌဂတ" မည်ပါသည်။

(၃) ဒိဋ္ဌယာ ဂတံ ဒိဋ္ဌဂတံ။ ဤမိစ္ဆာအယူ၌ သိအပ်သော အတ္ထ-အစရှိသော တစ်စုံတစ်ခုသည် မရှိ၊ မိစ္ဆာအယူ၏ ဖြစ်ခြင်းမျှဖြစ်သောကြောင့် "ဒိဋ္ဌဂတ" မည်ပါသည်။

ဒိဋ္ဌဂတ-အရ "ဣဒမေဝ သစ္စံ မောဃမညံ = ငါ့အယူသာ မှန်၏၊ တစ်ပါးသော အယူသည် အချည်းနှီးသာတည်း"ဟု ဖြစ်သော ငါ, ငါဥစ္စာစသည်ဖြင့် မှားမှား ယွင်းယွင်း နှလုံးသွင်းခြင်း စွဲမြဲစွာယုံခြင်းကို ရပါသည်။

သိမှတ်ဖွယ်။ ။ ပထမနည်းဝယ် သဒ္ဒါရဂတံ, ထာမဂတံ-စသော ပါဠိတို့၌ ကဲ့သို့ ဂတ-သဒ္ဒါ၏အနက် သီးခြားမရှိ။ တွဲဖက်ဖြစ်သော ဒိဋ္ဌ-သဒ္ဒါ၏ ဒိဋ္ဌ-ဟူသောအနက်၌ပင် ဖြစ်သောကြောင့် "ဒိဋ္ဌယေဝ ဒိဋ္ဌဂတံ"ဟု ဝစနတ္ထ ပြုရခြင်း ဖြစ်ပါသည်။ ယင်းဝစနတ္ထမျိုးကို "<u>တဿာဝဏ္ဏိကမ္မဓာရယ် သမာသ်</u>"ဟု ခေါ်ပါသည်။

- တဿ၊ ထိုတွဲဖက်ဖြစ်သော ဒိဋ္ဌ-သဒ္ဒါ၏။ ဘာဝေါ၊ အနက်တည်း။ တဿာဝေါ၊ ထိုတွဲဖက်ဖြစ် သော ဒိဋ္ဌ-သဒ္ဒါ၏အနက်။ (ဘာဝ-သဒ္ဒါ ပဒတ္ထအနက်ဟောတည်း)။ တဿာဝေ ဝုတ္တိ ယသ္မာတိ တဿာဝဝုတ္တိ။)

၁၂ **မေး။** ဒိဋ္ဌဂတသမ္မယုတ္တံ-ပုဒ်ကို အစိတ်+အပေါင်း ဝစနတ္ထပြု၍ အဓိပ္ပာယ်ကိုလည်း ရေးပြပါ။

ဖြေ။ သမံ (ဧကုပ္ပါဒါဒိဟိ ပကာရေဟိ) ယုတ္တံ သမ္မယုတ္တံ။

http://www.dhammadownload.com

ဒိဋ္ဌဂတေန သမွယုတ္တံ ဒိဋ္ဌဂတသမွယုတ္တံ။
မိစ္ဆာဒိဋ္ဌိနှင့် အညီအမျှ ဧကုပ္ပါဒ-အစရှိသောအပြားတို့ဖြင့် ယှဉ်တတ်သော ကြောင့် "ဒိဋ္ဌဂတသမွယုတ္တ" မည်ပါသည်။

၃၃ **ဓမး။** အသခ်ါရိက်-၌ သခ်ါရ-အဓိပ္ပာယ်ကို ပြည့်စုံစွာ ရေးပြခဲ့ပါ။
ဓြ။ တွန့်တိုဆုတ်နစ်နေသော နောက်စိတ်ကို ထက်မြက်သည်၏အဖြစ်ဟု ဆိုအပ် သော တန်ဆာအထူးဖြင့် ပြုပြင်စီရင်တတ်သောကြောင့် "သခ်ါရ" မည်ပါသည်။
(တစ်နည်း) တွန့်တိုဆုတ်နစ်နေသော နောက်စိတ်ကို ထက်မြက်သည်၏ အဖြစ်ဟု ဆိုအပ်သောတန်ဆာအထူးဖြင့် ပြုပြင်စီရင်အပ်ကြောင်း ဖြစ်သော ကြောင့် "သခ်ါရ" မည်ပါသည်။

၃၄ **ဓမး။** သခ်ါရ-ပုဒ်ကို ရနိုင်သမျှ ဝစနတ္ထပြုပြု၍၊ အရကိုလည်း ကောက်ပြခဲ့ပါ။
ဓြ။ ၁။ သခ်ရောတိ (စိတ္တံ တိကွဘာဝသခ်ါတမဏ္ဍနဝိသေသေန) သင်္ခေတီတိ သခ်ါရော။
၂။ သခ်ရိယတိ သင်္ခိယတိ ဧတေနာတိ သခ်ါရော။
သခ်ါရ-အရ ပါဏာတိပါတ-စသော, ဒါန-စသော ထိုထိုကိစ္စ၌ တွန့်တို ဆုတ်နစ်နေသောစိတ်အား လျော်သောအား (အားအဆင့်) ကို ပေးသည်၏ အစွမ်းဖြင့် မိမိသန္တာန်၌လည်းကောင်း, သူတစ်ပါးသန္တာန်၌လည်းကောင်း ဖြစ် သော ပုဗ္ဗပယောဂ ကို **မှုချအားဖြင့်** ရပါသည်။
ထိုပုဗ္ဗပယောဂသည် ဖြစ်စေအပ်သော နောက်စိတ်၏ ထက်မြက်သည်အဖြစ် (=ထက်မြက်ခြင်း)တုဆိုအပ်သော တန်ဆာအထူး (=သတ္တိအထူး)ကို **ကာရက္ခ ပစာ အားဖြင့်** ရပါသည်။

(ဂါထာ) ပုဗ္ဗပယောဂသမ္ပျုတော၊ ဝိသေသော စိတ္တသမ္ဘဝိ။
သခ်ါရော တံဝသေနေတ္ထ၊ ဟောတျာသခ်ါရိကာဒိတာ။

သိမှတ်ဖွယ်။။ ဝစနတ္ထ ၂-မျိုးတို့တွင် ဒုတိယဝစနတ္ထကို ကရဏသာဓန-ဟု ကြံဆ၍ အဓိပ္ပာယ်ရေးပြလိုက်ခြင်းဖြစ်သည်။ အဝုတ္တကတ္တုသာဓနဟု ကြံဆလျှင်ကား ပထမနည်းနှင့် အဓိပ္ပာယ်အတူတူပင် ဖြစ်သည်ဟု မှတ်ပါ။

၅၂ **ဓမး။** ပုဗ္ဗပယောဂအပြား ၂-ပါးကို ရေးသားဖြေဆိုပါ။
ဓြ။ (၁) မိမိ၏ ပုဗ္ဗပယောဂ (၂) သူတစ်ပါးတို့၏ ပုဗ္ဗပယောဂ-တို့ ဖြစ်ပါသည်။

http://www.dhammadownload.com

သိမှတ်ဖွယ်။ ။ တွန့်တိုဆုတ်နစ်နေသောစိတ်ကို ထက်မြက်လာအောင် အားပေးခြင်း၏အစွမ်းဖြင့် ဒွါရသုံးပါးတို့၌ဖြစ်သော မိမိ၏ မိစ္ဆာဝါယာမ, သမ္မာ ဝါယာမ သည် **"မိမိ၏ ပုဗ္ဗပယောဂ"** မည်၏။ သူတစ်ပါးတို့၏ ကာယဒွါရ, ဝစီဒွါရတို့၌ဖြစ်သော စေခိုင်းတိုက်တွန်းခြင်း အာဏာတို့သည် **"သူတစ်ပါးတို့၏ ပုဗ္ဗပယောဂ"** မည်၏။ တရားကိုယ်အားဖြင့် - **"မိမိ၏ ပုဗ္ဗပယောဂ"ဟူသည်** ဝိရိယစေတသိက် ဖြစ်၍၊ **"သူတစ်ပါးတို့၏ ပုဗ္ဗပယောဂ"** ဟူသည် စေတနာစေတသိက်, ဝါ-ဝိရိယစေတသိက်၊ (တစ်နည်း) ထိုစေတနာ, ဝိရိယပြဋ္ဌာန်းသော နာမက္ခန္ဓာလေးပါး ဖြစ်ပါသည်။

မေး။ အသခ်ိရိက, သသခ်ိရိက-တို့၏ အဓိပ္ပာယ်ကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ သခ်ိရမရှိသော (နောက်စိတ်၏ ထက်မြက်သည်၏အဖြစ်ဟု ဆိုအပ်သော တန်ဆာအထူး သတ္တိအထူးမရှိသော) စိတ်သည် "အသခ်ိရိက" မည်ပါသည်။

သခ်ိရနှင့်တကွဖြစ်သော (နောက်စိတ်၏ ထက်မြက်သည်၏အဖြစ်ဟု ဆိုအပ်သော တန်ဆာအထူး သတ္တိအထူးနှင့် တကွဖြစ်သော) စိတ်သည်၊ **တစ်နည်း**-ပုဗ္ဗပယောဂ သခ်ိရရှိသော စိတ်သည် "သသခ်ိရိက" မည်ပါသည်။

ဝစနတ္ထများ

- နတ္ထိ သခ်ိရော ယဿာတိ **အသခ်ိရံ**၊ အသခ်ိရမေဝ **အသခ်ိရိကံ**။

-သဟ **သခ်ိရေန** ယံ ဝတ္တာတိတိ သသခ်ိရံ၊ သသခ်ိရမေဝ **သသခ်ိရိကံ**။

(တစ်နည်း) သံဝိဇ္ဇတိ သခ်ိရော အဿာတိ သသခ်ိရံ၊ သသခ်ိရမေဝ **သခ်ိရိကံ**။

အသခ်ိရိကံ-၌ အ-သဒ္ဒါသည် ဝိရဟအနက်ကို ဟော၏။

သသခ်ိရိကံ-ပုဒ်၏ ဝိဂြိုဟ် ၂-နည်းတို့တွင် **ပထမနည်း၌** သသခ်ိရိကံ-ပုဒ်ပါ သဟ-သဒ္ဒါသည် တုလျယောဂအနက်ဟော ဖြစ်၍၊ **ဒုတိယနည်း၌**ကား 'သလောမကော သပက္ခကော' စသည်တို့၌ကဲ့သို့ ဝိဇ္ဇမာနအနက်ဟော ဖြစ်၏။

ဒုတိယနည်း၌ 'အသခ်ိရိကံ, သသခ်ိရိကံ'ဟူသောစကားကို တကွဖြစ်ခြင်းမဖက်သက်သက် ပုဗ္ဗပယောဂ သခ်ိရ၏ ရှိခြင်း, မရှိခြင်းကို ရည်ရွယ်၍ ဟောတော်မူခြင်းဖြစ်သည်။ ပုဗ္ဗပယောဂ သခ်ိရနှင့် တကွဖြစ်ခြင်း ရှိ, မရှိကို ရည်ရွယ်၍ ဟောတော်မူခြင်းမဟုတ်ပါ။ ထို့ကြောင့် ကွဲပြားသောသန္တာန်၌ ဖြစ်ခြင်းရှိသည်လည်းဖြစ်သော ပုဗ္ဗပယောဂသခ်ိရသည် နောက်စိတ်၌ ရှိသောကြောင့် ထိုပုဗ္ဗပယောဂသခ်ိရ၏ အစွမ်းဖြင့်ဖြစ်သော နောက်စိတ်သည် "သသခ်ိရိက- သခ်ိရရှိသောစိတ်" မည်၏။ ထိုပုဗ္ဗပယောဂ သခ်ိရမရှိသောစိတ်သည် **"အသခ်ိရိကစိတ်"** မည်၏-ဟု အဓိပ္ပာယ်မှတ်ပါ။

http://www.dhammadownload.com

၁၅ **မေး။** (က)သဒ္ဓါရှင့် တကွဖြစ်သောစိတ် (ခ)သဒ္ဓါရှိသောစိတ်-ဟူ၍ 'သသဒ္ဓါရိက'၏ အဓိပ္ပာယ် ၂-မျိုးရှိရာ ထို ၂-မျိုးတွင် ပါဝင်သော သဒ္ဓါရချင်း တူ/မတူ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ မတူပါ။ (က)တွင် ပါဝင်သော သဒ္ဓါရသည် ပုဗ္ဗပယောဂကြောင့်ဖြစ်သော နောက်စိတ်၏ ထက်မြက်သည်၏အဖြစ်ဟူဆိုအပ်သော တန်ဆာအထူး သတ္တိအထူး ဖြစ်၍၊ (ခ)တွင် ပါဝင်သော သဒ္ဓါရကား ပုဗ္ဗပယောဂ ဖြစ်ပါသည်။

၁၈ **မေး။** ထက်မြက်သည်၏အဖြစ်ဟူဆိုအပ်သော တန်ဆာအထူး သတ္တိအထူး မရှိသော စိတ်သည် အသဒ္ဓါရိကစိတ်-ဟု ဆိုသောကြောင့် အသဒ္ဓါရိကစိတ် , သသဒ္ဓါ-ရိကစိတ် ၂-မျိုးတို့တွင် သသဒ္ဓါရိကစိတ်က သာ၍ ထက်မြက်သည်ဟု မှတ်ရပါမည်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ယင်းသို့ မမှတ်ရပါ။ သသဒ္ဓါရိကစိတ်၏ ထက်မြက်ခြင်းသည် ပုဗ္ဗပယောဂကြောင့်ဖြစ်သော **'အသဘာဝတိက္ခ'** ဖြစ်၍၊ အသဒ္ဓါရိကစိတ်၏ ထက်မြက်ခြင်းကား ပင်ကိုသဘောအားဖြင့်ဖြစ်သော **'သဘာဝတိက္ခ'** ဖြစ်ပါသည်။ ထို့ကြောင့် သသဒ္ဓါရိကစိတ်ထက် အသဒ္ဓါရိကစိတ်က သာ၍ ထက်မြက်သည်ဟု မှတ်ရပါမည်။

သာဓက-သဘာဝတိက္ခေနေဝ အနုဿာဟိတေန စိတ္တေန၊ တဒါ ပဌမံ အကုသလစိတ္တမုပ္ပဇ္ဇတိ။ (ဋီစာကိုယ်၊ ၇၉။)

၁၉ **မေး။** ဒိဋ္ဌဂတဝိပ္ပယုတ္တ-ဟူသည် အဘယ်နည်း ဖြေဆိုပါ။

ဖြေ။ မိစ္ဆာဒိဋ္ဌနှင့် မယှဉ်သော မနှီးနှောသောစိတ်သည် "ဒိဋ္ဌဂတဝိပ္ပယုတ္တ" ဖြစ်ပါသည်။

ဝစနတ္ထ - ဒိဋ္ဌဂတေန ဝိပ္ပယုတ္တံ ဒိဋ္ဌဂတဝိပ္ပယုတ္တံ။

၂၀ **မေး။** ဥပေက္ခာသဟဂတံ-၌ ဥပေက္ခာ-၏ သဘောအဓိပ္ပာယ်ကို ဦးကာလာ အတိုင်းပြည့်စုံစွာ ရေးပြပါ။

ဖြေ။ (၁) အသင့်အလျော်အားဖြင့် အာရုံ၏ အရသာကို ခံစားတတ်သောကြောင့် "ဥပေက္ခာ"မည်ပါသည်။

(၂) သုခဝေဒနာ, ဒုက္ခဝေဒနာတို့အား သင့်လျော်သော (သုခဝေဒနာ, ဒုက္ခဝေဒနာတို့နှင့် မဆန့်ကျင်သော) အာရုံ၏အရသာကို ခံစားခြင်းသည် "ဥပေ-က္ခာ" မည်ပါသည်။

http://www.dhammadownload.com

သိမှတ်ဖွယ်များ

ဝစနတ္ထ - (၁) ဥပပတ္တိတော ယုတ္တိတော ကြကွတိ အနုဘဝတီတိ ဥပေက္ခာ။
(၂) ကြကွနံ ကြကွာ၊ ဥပေတာ ကြကွာ ဥပေက္ခာ။

ပထမနည်း- ဘိန္နာဓိကရဏသမာသ်၊ **ဒုတိယနည်း**- တုလျာဓိကရဏသမာသ်-ဟု မှတ်ပါ။

ပထမနည်းအလို- 'ဥပ+ကြကွာ' ၌ ဥပ-သဒ္ဒါသည် ယုတ္တိ(=ဉာဃ)အနက်ကို ဟော၍၊ ကြကွဓာတ်သည် "ဓာတူနံ အနေကတ္ထတ္တာ"ပရိဘာသာအရ အနုဘဝန အနက်ကို ဟော၏။

ဒုတိယနည်းအလို- ဥပ သဒ္ဒါသည် ဥပေတအနက်ကို ဟော၍၊ ကြကွဓာတ်ကား အနုဘဝနအနက်ကိုပင် ဟော၏။

၂၁ **မေး။** ဥပေက္ခာဝေဒနာကို အဘယ့်ကြောင့် "အသင့်အလျော်အားဖြင့် အာရုံ၏ အရသာကို ခံစားသည်"ဟု ဆိုရပါသနည်း ဖြေဆိုပါ။

ဖြေ။ ဥပေက္ခာဝေဒနာသည် ကြဋ္ဌာရုံဘက်သို့လည်းကောင်း, အနိဋ္ဌာရုံဘက်သို့ လည်းကောင်း မကျရောက်ဘဲ လျစ်လျူရှုသောအခြင်းအရာ၌ ကောင်းစွာ တည်သောကြောင့် ၎င်းကို "အသင့်အလျော်အားဖြင့် အာရုံ၏အရသာကို ခံစားသည်"ဟု ဆိုရခြင်း ဖြစ်ပါသည်။

၂၂ **မေး။** ဥပေက္ခာဝေဒနာ၏ သုခ, ဒုက္ခတို့နှင့် မဆန့်ကျင်ကြောင်းကို အဘယ့် ကြောင့် သိအပ် သိနိုင်ပါသနည်း။

ဖြေ။ ဥပေက္ခာဝေဒနာသည် သုခဝေဒနာ, ဒုက္ခဝေဒနာတို့၏ အခြားမဲ့၌လည်း ဖြစ်သောကြောင့် ၎င်း၏ သုခဝေဒနာ, ဒုက္ခဝေဒနာတို့နှင့် မဆန့်ကျင်ကြောင်းကို သိအပ် သိနိုင်ပါသည်။

၂၃ **မေး။** လောဘမူစိတ်၌ အခြားသော ဖဿစသော သမ္မယုတ်တရားများ ရှိပါလျက် (ထိဖဿ-စသည်တို့ဖြင့် အထူးပြု၍ "ဖဿသမ္မယုတ္တံ"စသည်ဖြင့် မဆိုဘဲ) အဘယ့် ကြောင့် ဝေဒနာဖြင့် အထူးပြု၍ "သောမနဿသဟဂတံ"စသည်ဖြင့် ဆိုရပါသနည်း အကျဉ်း, အကျယ် နည်းနှစ်သွယ်အားဖြင့် ရှင်းလင်းဖြေဆိုပါ။

ဖြေ။ သောမနဿဝေဒနာ စသည်တို့သည်သာလျှင် အလုံးစုံသောအကုသိုလ်စိတ်တို့နှင့် မဆက်ဆံသောကြောင့် ထိုသောမနဿဝေဒနာ စသည်တို့ဖြင့် အထူးပြု၍ "သောမနဿသဟဂတံ"စသည်ဖြင့် ဆိုရခြင်းဖြစ် ပါသည်။ **(အကျဉ်း)**

http://www.dhammadownload.com

ဖဿ-စသော အချို့သော စေတသိက်တို့သည် အလုံးစုံသောစိတ်တို့နှင့် ဆက်ဆံကြ ယှဉ်ကြ၏။ ဝိတက်-စသော အချို့စေတသိက်တို့သည် ကုသိုလ် စသည်တို့နှင့် ဆက်ဆံကြ ယှဉ်ကြ၏။ မောဟ-စသော အချို့သော စေတသိက် တို့သည်လည်း အကုသိုလ်စိတ်အားလုံးနှင့် ဆက်ဆံကြ ယှဉ်ကြ၏။ ထို့ကြောင့် ထိုဖဿစသော စေတသိက်တို့ဖြင့် စိတ်ကို ငှားခြားအောင် ပြုခြင်းငှါ မဖြစ်နိုင်ပါ။ သောမနဿဝေဒနာ စသည်တို့ကား အချို့စိတ်၌ယှဉ်၍ အချို့စိတ်၌ မယှဉ်သောကြောင့် ထိုသောမနဿဝေဒနာ စသည်တို့ဖြင့် စိတ်ကို အထူးပြုလျှင် စိတ်၏ထူးခြားမှုမှာ ထင်ရှားသည်သာ ဖြစ်ပါတော့သည်။ ထို့ကြောင့် သောမန ဿဝေဒနာ စသည်တို့ဖြင့် အထူးပြု၍ "သောမနဿသဟဂတံ" စသည်ဖြင့် ဆိုရခြင်းဖြစ်ပါသည်။ **(အကျယ်)**

၂၄ **မေး။** သောမနဿဝေဒနာ စသည်တို့သည် အဘယ့်ကြောင့် အချို့စိတ်၌ ယှဉ်၍ အချို့စိတ်၌ မယှဉ်ကြပါသနည်း ဖြေဆိုပါ။

ဖြေ။ သောမနဿဝေဒနာ စသည်တို့သည် ၄င်းတို့ဖြစ်ဖို့ရန် သင့်လျော်သော အကြောင်းရှိသောကြောင့် အချို့စိတ်၌ ယှဉ်၍၊ ၄င်းတို့ဖြစ်ဖို့ရန် သင့်လျော်သော အကြောင်း မရှိသောကြောင့် အချို့စိတ်၌ မယှဉ်ကြပါ။

၂၅ **မေး။** အကုသိုလ်(လောဘမူ)သောမနဿ ဖြစ်ကြောင်းတရားများကို ဖော်ပြပါ။

ဖြေ။ (၁) ပင်ကိုသဘောအားဖြင့်လည်းကောင်း၊ ကြံဆခြင်းအားဖြင့်လည်းကောင်း ကုဋ္ဌာရုံဖြစ်ခြင်း၊
(၂) သောမနဿနှင့် ပဋိသန္ဓေနေခြင်း၊
(၃) မနက်နဲသော သဘောရှိခြင်းတို့ ဖြစ်ပါသည်။

(ဆောင်) **ကုဋ္ဌအာရုံ၊ တွေ့ကြုံဆုံလတ်၊ သောမနဿ်မည်၊ သန္ဓေတည်လျက်၊**
မလေးနက်ငြား၊ သဘောထား၊ သုံးပါး သောမနဿ ဖြစ်ကြောင်းတည်း၊

၂၆ **မေး။** အကုသိုလ်(လောဘမူ) ဥပေက္ခာဖြစ်ကြောင်းတရား ၃-ပါးတို့ကို ဖော်ပြပါ။

ဖြေ။ (၁) ကုဋ္ဌမဇ္ဈတ္တာရုံဖြစ်ခြင်း၊
(၂) ဥပေက္ခာနှင့် ပဋိသန္ဓေနေခြင်း၊
(၃) နက်နဲသော သဘောရှိခြင်းတို့ ဖြစ်ပါသည်။

(ဆောင်) **ကုဋ္ဌမဇ္ဈာ၊ ဥပေက္ခာဖြင့်၊ ကောင်းစွာသန္ဓေ၊ စွဲကပ်လေ၍၊**
စိတ်နေလေးနက်၊ ဤသုံးချက်၊ ဥပေက်ဖြစ်ကြောင်းတည်း။

http://www.dhammadownload.com

၄၆ **မေး။** ဒိဋ္ဌဖြစ်ကြောင်းတရာ ၂-ပါးတို့ကို ရေးသား ဖော်ပြပါ။

ဖြေ။ (၁) အယူဖောက်ပြန် ပျက်စီးသောပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်း။
(၂) သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိဟူသော မှိုရာရှိသူဖြစ်ခြင်းတို့ ဖြစ်ပါသည်။
(ဆောင်) တိတ္ထိများဟူ၊ ယူမှားသူကို၊ ကြည်ဖြူလေးမြတ်၊ ဆည်းကပ်ခလျက်၊
သဿတ, ဥစ္ဆေ နှစ်ထွေဒိဋ္ဌိ၊ အာသယရှိ၊ ဒိဋ္ဌိဖြစ်ကြောင်း နှစ်ပါးတည်း။

၄၇ **မေး။** အယူမှားသူတစ်ယောက် ဖြစ်လာအောင် စွမ်းဆောင်နိုင်သော အကြောင်းတရားများကို ဖော်ပြပါ။

ဖြေ။ အထက်အဖြေအတိုင်းပင်။

၄၈ **မေး။** အယူအမြင်မှားနေသူတစ်ယောက်ကို အယူမှန် အမြင်မှန်ရအောင် သင် မည်သို့ ပြုပြင်ပေးမည်နည်း ဖြေဆိုပါ။

ဖြေ။ (၁) အယူဖောက်ပြန် ပျက်စီးသောပုဂ္ဂိုလ်ကို မမှီဝဲ မဆည်းကပ်ဘဲ အယူမှန် အမြင်မှန်သော ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ရန် တိုက်တွန်းခြင်း။
(၂) သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိဟူသော အယူမှားများကို ပယ်စွန့်အောင် စည်းရုံးပြောဟောခြင်းတို့ဖြင့် အယူမှန် အမြင်မှန်ရအောင် ပြုပြင်ပေးပါမည်။

၄၉ **မေး။** အကုသိုလ် အသခ်ါရိကဖြစ်ကြောင်တရားများကို ဖော်ပြပါ။

ဖြေ။ လျောက်ပတ်သော ဥတု, ဘောဇဉ်, ကျောင်း, အိပ်ရာ နေရာ စသည်တို့သည် အကုသိုလ် အသခ်ါရိက ဖြစ်ကြောင်းတရားများဖြစ်ပါသည်။

၅၀ **မေး။** အကုသိုလ်စိတ်၌ လောဘဟိတ်သာမက မောဟဟိတ်လည်းရှိပါလျက် ယင်းစိတ်နိုဂုံး၌ မောဟဟိတ်ဖြင့် အထူးပြု၍ "ကမ္မာနိ အဋ္ဌပိ မောဟသဟဂတစိတ္တာနိ နာမ"ဟု မဆိုဘဲ အဘယ့်ကြောင့် လောဘဟိတ်ဖြင့် အထူးပြု၍ "လောဘသဟဂတစိတ္တာနိ နာမ"ဟု မိန့်ဆိုရပါသနည်း။

ဖြေ။ လောဘမူစိတ်၌ လောဘဟိတ်သာမက မောဟဟိတ်ပါ ရှိပါသော်လည်း ထိုမောဟဟိတ်သည် အကုသိုလ်စိတ် ၁၂-ပါးလုံးနှင့် ယှဉ်သောကြောင့် ၄င်းဟိတ်ဖြင့် လောဘမူစိတ်ကို အထူးပြု၍ ဒေါသမူ, မောဟမူစိတ်တို့မှ မထူခြား မကွဲပြားနိုင်ပါ။ လောဘဟိတ်ကား ဤစိတ် ၈-ပါးနှင့်သာ ယှဉ်၍ အခြားသော စိတ်တို့နှင့် မယှဉ်သဖြင့် အထူးပြု၍ ထူးခြားကွဲပြားသောကြောင့် အကုသိုလ်စိတ် နိုဂုံး၌ လောဘဟိတ်ဖြင့် အထူးပြု၍ "ကမ္မာနိ အဋ္ဌပိ လောဘသဟဂတစိတ္တာနိ

http://www.dhammadownload.com

နာမ"ဟု မိန့်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ လောဘမူစိတ်(၈)ပါး ဖြစ်စဉ် (ဖြစ်ရာအခါ)ကို ဦးကာလာအတိုင်း ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ (၁) 'ကာမဂုဏ်တို့၌ အပြစ်မရှိ' -ဤသို့ အစရှိသောနည်းဖြင့် မိစ္ဆာဒိဋ္ဌိကို ရှေ့ဆွားပြု၍(ဒိဋ္ဌိဂတသမ္မယုတ်)၊ ရွှင်လန်းနှစ်သက်စွာ (သောမနဿသဟဂုတ်) သဘောအားဖြင့် ထက်သည်သာလျှင်ဖြစ်သော သူတစ်ပါးတို့ မတိုက်တွန်းအင် သောစိတ်ဖြင့် (အသခ်ါရိက) ကာမဂုဏ်တို့ကို သုံးဆောင်ခံစားသော အခါ၌ဖြစ်စေ၊ ဒိဋ္ဌမင်္ဂလာ စသည်တို့ကို အနှစ်သာရအားဖြင့် ယုံကြည်သောအခ ၌ဖြစ်စေ **"လောဘမူ ပထမ အကုသိုလ်စိတ်"** ဖြစ်ပါသည်။

(၂) 'ကာမဂုဏ်တို့၌ အပြစ်မရှိ' - ဤသို့အစရှိသောနည်းဖြင့် မိစ္ဆာဒိဋ္ဌိကို ရှေ့ဆွားပြု၍ (ဒိဋ္ဌိဂတသမ္မယုတ်)၊ ရွှင်လန်းနှစ်သက်စွာ(သောမနဿသဟဂုတ်) နှံ့သော, သူတစ်ပါးတို့ တိုက်တွန်းအပ်သော စိတ်ဖြင့် (သသခ်ါရိက) ကာမဂုဏ် တို့ကို ခံစားသောအခါ၌ဖြစ်စေ၊ ဒိဋ္ဌမင်္ဂလာစသည်တို့ကို အနှစ်သာရအားဖြင့် ယုံကြည်သောအခါ၌ဖြစ်စေ **"လောဘမူ ဒုတိယ အကုသိုလ်စိတ်"** ဖြစ်ပါသည်

(၃) မိစ္ဆာဒိဋ္ဌိကို ရှေ့ဆွားမပြုဘဲ (ဒိဋ္ဌိဂတဝိပ္ပယုတ်) ရွှင်လန်းနှစ်သက်စွာ (သောမနဿသဟဂုတ်)၊ သဘောအားဖြင့် ထက်သည်သာလျှင်ဖြစ်သော သူတစ်ပါးတို့ မတိုက်တွန်းအပ်သောစိတ်ဖြင့် (အသခ်ါရိက) မေထုန်မှီဝဲသော အခါ၌ဖြစ်စေ၊ သူတစ်ပါး ဥစ္စာဘဏ္ဍာကို ခိုးယူသောအခါ၌ ဖြစ်စေ **"လောဘမူ တတိယ အကုသိုလ်စိတ်"** ဖြစ်ပါသည်။

(၄) မိစ္ဆာဒိဋ္ဌိကို ရှေ့ဆွားမပြုဘဲ (ဒိဋ္ဌိဂတဝိပ္ပယုတ်)၊ မိစ္ဆာဒိဋ္ဌိနှင့် မရောမယှက် သက်သက် ရွှင်လန်းနှစ်သက်စွာ (သောမနဿသဟဂုတ်)၊ နှံ့သော, သူတစ်ပါ တို့ တိုက်တွန်းအပ်သောစိတ်ဖြင့် (သသခ်ါရိက) မေထုန်မှီဝဲသောအခါ၌ဖြစ်စေ သူတစ်ပါး ဥစ္စာဘဏ္ဍာကို ခိုးယူသောအခါ၌ဖြစ်စေ **"လောဘမူ စတုတ္ထ အကု သိုလ်စိတ်"** ဖြစ်ပါသည်။

(၅၊ ၆၊ ၇၊ ၈) ကာမဂုဏ်တို့၏ မပြည့်စုံခြင်းကို စွဲ၍လည်းကောင်း၊ အခြာ သော သောမနဿဖြစ်ကြောင်းတို့၏ မရှိခြင်းကြောင့်လည်းကောင်း (၄)ပါးသော ဝိကပ်တို့၌လည်း သောမနဿကင်းသောအခါ **"ကြွင်းသော လောဘမူ ဥပေက္ခာ သဟဂုတ် စိတ် ၄-ပါး"**တို့ ဖြစ်ကြပါသည်။

မှာထားချက်။ ။ ရွှင်လန်းနှစ်သက်မှု ဝမ်းမြောက်မှုရှိလျှင် သောမနဿ မရှိလျှင် ဥပေက္ခာ။ ကာမဂုဏ်တို့၌ အပြစ်မရှိ, သံသရာပြစ်မရှိဟု ယူလျှင် ဒိဋ္ဌိဂတ သမ္မယုတ်၊ အပြစ်မရှိမှန်း သိလျှင် ဒိဋ္ဌိဂတဝိပ္ပယုတ်။ စိတ်အားထက်သန်မှု (အားတက်

http://www.dhammadownload.com

သရော)ရှိလျှင် **အသခီါရိက**၊ မရှိလျှင် **သသခီါရိက**" ဟု မှတ်သား၍ လောဘဆိုင်ရာ ဒုစရိုက်မှုများ ပြုလုပ်ရာ၌ မည်သည့်လောဘမူစိတ် ဖြစ်သည်ဟု ခွဲခြားတတ်ပါစေ။

သိမှတ်ဖွယ်

"**နတ္ထိ ကာမေသု အာဒီနဝေါ**"**တျာဒိနာ**-၌ အာဒိ သဒ္ဒါဖြင့် "သား၏ မျက်နှာကို မြင်ရခြင်းသည် နတ်ရွာ, နိဗ္ဗာန်၏ခရီးဖြစ်သည်"စသော မိစ္ဆာအယူတို့ကို ယူပါ။

ကာမေ ဝါ-၌ ဝါ-သဒ္ဒါသည် အနိယမအနက်ရှိ၏၊ ထိုအနိယမအနက်ရှိသော ဝါ-သဒ္ဒါဖြင့် ပုဏ္ဏားတို့၏ ရွှေကို ဆောင်ယူခြင်းသည်သာလျှင် အဒိန္နာဒါန်၌ အပြစ်ရှိ၏၊ ရွှေမှတစ်ပါးသော ဥစ္စာကို ဆောင်ယူခြင်းသည် အပြစ်မရှိ။ ဆရာသမားတို့၏အသက်, မိမိအသက်ကို စောင့်ရှောက်ဖို့ရာ မုသား ပြောဆိုခြင်းသည် အပြစ်မရှိ၊ အခြားသော မုသားပြောဆိုခြင်းသည်သာ အပြစ်ရှိ၏။ ဆရာသမား စသည်တို့အတွက် ကုန်းတိုက်ခြင်းသည် အပြစ်မရှိ၊ အခြားသော ကုန်းတိုက်ခြင်းသည်သာ အပြစ်ရှိ၏။ ဘာရတမင်းတို့၏ စစ်တိုက်ခန်း, သီကာမိဖုရားကို ဒသဂီရိဆောင်ယူခန်းစသည်တို့ကို ပြောဆိုခြင်းသည် မကောင်းမှုငြိမ်းပျောက်ခြင်းအကျိုးငှါ ဖြစ်၏- စသော မိစ္ဆာအယူတို့ကို သိမ်းယူပါ။

၃၃ **မေး။** "တိရစ္ဆာန်တို့ကို ညှင်းဆဲနှိပ်စက်သတ်ဖြတ်ခြင်းသည် အပြစ်မရှိ"ဟူသော ခံယူချက်ဖြင့် အပျင်းပြေတောလိုက်ထွက်လျက် ရွှင်လန်းတက်ကြွစွာ တိရစ္ဆာန်များကို ညှင်းဆဲနှိပ်စက် သတ်ဖြတ်သောပုဂ္ဂိုလ်၏ သန္ဋာန်၌ ဖြစ်သော အကုသိုလ်စိတ်ကို ဖော်ပြပါ။

ဖြေ။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသခီါရိက လောဘမူစိတ် ဖြစ်ပါသည်။

၃၄ **မေး။** "သူတပါးပစ္စည်းကို ခိုးယူခြင်းသည် အပြစ်မရှိ" ယူဆကာ ရွှင်လန်းဝမ်းမြောက်စွာဖြင့် မည်သူမျှ မတိုက်တွန်းဘဲ သူတစ်ပါးပစ္စည်းကို ခိုးယူသူ၏ သန္ဋာန်၌ ဖြစ်သော စိတ်ကို ဖော်ပြပါ။

ဖြေ။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသခီါရိက လောဘမူစိတ် ဖြစ်ပါသည်။

၃၅ **မေး။** သူတစ်ပါးပစ္စည်းကို ခိုးယူလျှင် အပြစ်ရှိသည်-ဟု သိသော်လည်း စားဝတ်နေရေး မပြေလည်၍ ဇနီးသည်၏ နားပူနားဆာ ပြုလုပ်မှုကြောင့် ရွှင်လန်းတက်ကြွမှု မရှိဘဲ သူတစ်ပါးပစ္စည်းကို ခိုးယူသူ၏ သန္ဋာန်၌ ဖြစ်သော အကုသိုလ်စိတ်ကို ဖော်ပြပါ။

http://www.dhammadownload.com

ဖြေ။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌဂတဝိပ္ပယုတ် သသခ်ါရိက လောဘမူစိတ် ဖြစ်ပါသည်။

၃၆ **မေး။** မြတ်ဗုဒ္ဓတရားတော်အရ သူတစ်ပါး မယားကြာခိုလျှင် အပြစ်ကြီးသည်-ဟု သိပါလျက် ဖြစ်ပေါ်လာသော တဏှာစိတ်ကို မှိုသိပ်ခြင်းငှါ မစွမ်းနိုင်သဖြင့် (တဏှာစေရာ မနေသာသဖြင့်) သူတစ်ပါးမယားကို ကြာခိုသော ဗုဒ္ဓဘာသာဝင်တစ်ယောက်၏ သန္တာန်၌ ဖြစ်သောစိတ်ကို တိကျစွာ ဖော်ပြပါ။

ဖြေ။ သောမနဿသဟဂုတ် ဒိဋ္ဌဂတဝိပ္ပယုတ် အသခ်ါရိက လောဘမူစိတ် ဖြစ်ပါသည်။

၃၇ **မေး။** (က) အရက်သောက်ခြင်းကို အပြစ်မရှိ-ဟု ယူဆလျက် သောက်သူ (ခ) အပြစ်ရှိမှန်းသိလျက် သောက်သူ၊ ဤနှစ်ဦးတို့၌ အကုသိုလ်ဖြစ်ပုံချင်း တူညီသလော? ခြားနားမှုရှိသလော? မည်သူက ပို၍ အပြစ်ကြီးပါသနည်း၊ အဘိမဟာ အမြင်ဖြင့် စိစစ် ဖြေဆိုပါ။

ဖြေ။ ခြားနားပါသည်။ (က) အပြစ်မရှိ-ဟု ယူဆလျက် သောက်သူ၏ သန္တာန်၌ သောမနဿသဟဂုတ် ဒိဋ္ဌဂတသမ္ပယုတ် အသခ်ါရိက အကုသိုလ်ဖြစ်၍၊ (ခ) အပြစ်ရှိမှန်းသိလျက် သောက်သူ၏ သန္တာန်၌ သောမနဿသဟဂုတ် ဒိဋ္ဌဂတဝိပ္ပယုတ် အသခ်ါရိက အကုသိုလ်ဖြစ်ပါသည်။ ထိုတွင် အပြစ်မရှိ-ဟု ယူဆလျက် သောက်သူ၏သန္တာန်၌ဖြစ်သော အကုသိုလ်က ပို၍အားကြီးသောကြောင့် ထိုသူက ပို၍ အပြစ်ကြီးပါသည်။

၃၈ **ဒေး။** လောဘမူစိတ် ၈-ခုကို အားနည်း, အားကြီး အစဉ်အားဖြင့် စဉ်ပြခဲ့ပါ။

ဒြေ။ လောဘမူစိတ် ၈-ခုတို့တွင် စတုတ္ထစိတ်သည် အားအနည်းဆုံးဖြစ်၏။ ထိုထက် တတိယစိတ်သည် အားကြီး၏။ ထိုထက် အဋ္ဌမစိတ်သည် အားကြီး၏။ ထိုထက် သတ္တမစိတ်သည် အားကြီး၏။ ထိုထက် ဒုတိယစိတ်သည် အားကြီး၏။ ထိုထက် ပထမစိတ်သည် အားကြီး၏။ ထိုထက် ဆဋ္ဌမစိတ်သည် အားကြီး၏။ ထိုထက် ပဉ္စမစိတ်သည် အားကြီး၏။

သိမှတ်ဖွယ်။။ သောမနဿထက် ဥပေက္ခာက အားကြီး၏။ ဒိဋ္ဌဂတဝိပ္ပယုတ်ထက် ဒိဋ္ဌဂတသမ္ပယုတ်က အားကြီး၏။ သသခ်ါရိကထက် အသခ်ါရိက,က အားကြီး၏-ဟု မှတ်ပါ။ (လူ။ ၁။ ၁၇၀။)

ဘာသာဋီကာအဆို - ကာမာဝစရအရာဝယ် သောမနဿသဟဂုတ်က သတ္တိထက်၍ သာလွန်သည်။ မဟဂ္ဂုတ်, လောကုတ္တရာအရာဝယ် ဥပေက္ခာသဟဂုတ်က သတ္တိထက်၍ သာလွန်သည်။

http://www.dhammadownload.com

မေး။ လောဘမူစိတ် ၈-ခုတို့တွင် အားအကြီးဆုံးစိတ်ကို ဖော်ပြပါ။
ဖြေ။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌဂတသမ္ပယုတ် အသင်္ခါရိကစိတ် (ပဉ္စမစိတ်) ဖြစ်ပါ သည်၊

မေး။ ဣမာနိ အဋ္ဌပိ-၌ ပိ-သဒ္ဒါ၏ အနက်နှင့် ထို ပိ-သဒ္ဒါဖြင့် ပေါင်းယူအပ် သော အရာများကို ဖော်ပြပါ။
ဖြေ။ ဣမာနိ အဋ္ဌပိ-၌ ပိ-သဒ္ဒါသည် ပေါင်းခြင်း သမ္မိလ္လန အနက် ရှိပါသည်။
ထို ပိ-သဒ္ဒါဖြင့် ဝိထိမုတ်ပိုင်း၌ ဆိုအပ်လတ္တံ့သောနည်းဖြင့် အကုသလ ကမ္မပထတရားတို့တွင် ရထိုက်သော ကမ္မပထအားလျော်သောစွာ လောဘမူ စိတ်တို့၏ ဖြစ်ပုံအခြင်းအရာကိုလည်းကောင်း၊ ကာလ, ဒေသ, သန္တာန်, အာရုံ စသည်တို့၏ အပြားအားဖြင့် တစ်ပါးမက များသော အပြားရှိသည်၏ အဖြစ်ကို လည်းကောင်း ပေါင်းယူပါသည်။

မေး။ ဒေါမနဿသဟဂတ-ပုဒ်ကို အစိတ်+အပေါင်း ဝစနတ္ထပြု၍ အသီးသီး အရ ကောက် ပြခဲ့ပါ။
ဖြေ။ (၁) ဒုဋ္ဌု မနော ဒုမ္မနော၊ မကောင်းသောစိတ်ကို ရ၏။
(၂) ဒုဋ္ဌု မနော စေတသာတိ ဒုမ္မနော၊ မကောင်းသောစိတ်ရှိသောပုဂ္ဂိုလ်ကို ရ၏။
ဒုမ္မနဿ ဘာဝေါ ဒေါမနဿံ၊ မာနသိကဒုက္ခဝေဒနာကို ရ၏။
ဒေါမနဿေန သဟဂတံ ဒေါမနဿသဟဂတံ၊ ဒေါမနဿသဟဂုတ် စိတ်ကို ရ၏။

မေး။ ဒေါမနဿ, ဒေါမနဿသဟဂတ-တို့၏ အဓိပ္ပာယ်ကို ရေးပြပါ။
ဖြေ။ မကောင်းသောစိတ်, မကောင်းသောစိတ်ရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ဖြစ်ရာ မာနသိက ဒုက္ခဝေဒနာသည် "ဒေါမနဿ" မည်ပါသည်။
ထိုဒေါမနဿဝေဒနာနှင့် ဧကုပ္ပါဒ အစရှိသည်တို့၏ အစွမ်းဖြင့် ရောနှော သော၊ ဝါ-ဒေါမနဿဝေဒနာနှင့်တကွ ဧကုပ္ပါဒအစရှိသည်တို့၏အဖြစ်သို့ ရောက်သောစိတ်သည် "ဒေါမနဿသဟဂတ" မည်ပါသည်။

မေး။ သောမနဿ, ဒေါမနဿ-ဟူသော အမည်သည် စိတ်၏အမည်ရင်းလော? စေတသိက်၏ အမည်ရင်းလော? ဦးကာအလိုက္ခ ဖော်ပြပါ။
ဖြေ။ "မာနသိကသုခဝေဒနာယေတံ အဓိဝစန်။ မာနသိကဒုက္ခဝေဒနာယေတံ အဓိ-

http://www.dhammadownload.com

ဝစနံ"ဟု ဋီကာဆရာဖွင့်ပြသောကြောင့် သောမနဿ, ဒေါမနဿ-ဟူသော အမည်သည် စိတ်၏အမည်ရင်း မဟုတ်၊ စေတသိက်၏ အမည်ရင်းသာ ဖြစ်ပါသည်။

၅၄ **ဓမ်း။** ပဋိယသမ္မယုတ္တံ-၌ ပဋိယ-ပုဒ်ကို ဝစနတ္ထုပြု၍၊ အရကောက်ပြီး၊ အဓိပ္ပာယ်ကိုလည်း ရေးပြပါ။

ဖြေ။ အာရမ္မဏော ပဋိဟညတိတိ ပဋိယော။ ဒေါသကို ရ၏။
အာရုံ၌ (အာရုံကို) ထိခိုက်တတ်သောကြောင့် ဒေါသသည် "ပဋိယ" မည်ပါသည်။

၅၅ **ဓမ်း။** ဒေါသသည် နာမ်တရားဖြစ်ပါလျက် ၎င်းကို အဘယ့်ကြောင့် "အာရုံကို ထိခိုက်သည်"ဟု ဆိုရပါသနည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဒေါသသည် နာမ်တရားဖြစ်သော်လည်း ကြမ်းတမ်းသော သဘောရှိသောကြောင့် အာရုံကို တကယ်မထိခိုက်သော်လည်း ထိခိုက်သကဲ့သို့ ဖြစ်ပါသည်။ ယင်းသို့ ဖြစ်ခြင်းကိုပင် "အာရုံကို ထိခိုက်သည်"ဟု ဆိုရခြင်းဖြစ်ပါ၏သည်။

၅၆ **ဓမ်း။** ဒေါမနဿသဟဂုတ်စိတ်သည် လောဘမူစိတ်ကဲ့သို့ ဝေဒနာအားဖြင့် အထူးအပြားမရှိပါဘဲလျက် အဘယ့်ကြောင့် ဒေါမနဿ-သဒ္ဒါဖြင့် အထူးပြု၍ "ဒေါမနဿသဟဂတံ"ဟု ဆိုရပါသနည်း ဖြေဆိုပါ။

ဖြေ။ ဒေါမနဿသဟဂုတ်စိတ်သည် ဝေဒနာအားဖြင့် အထူးအပြား မရှိပါသော်လည်း အခြားသောစိတ်တို့နှင့် မဆက်ဆံသော ဒေါမနဿဝေဒနာတရား၏ အစွမ်းဖြင့် ဒေါသမူစိတ်ကို မှတ်သားခြင်း (အခြားသောစိတ်တို့နှင့် ထူးခြားအောင်ပြုခြင်း) အကျိုးငှါ ဒေါမနဿ-သဒ္ဒါဖြင့် အထူးပြု၍ "ဒေါမနဿသဟဂတံ"ဟု ဆိုရခြင်း ဖြစ်ပါသည်။

၅၇ **ဓမ်း။** ဒေါမနဿသဟဂုတ်အဖြစ်ကို ဆိုလိုက်လျှင် ပဋိယသမ္မယုတ်အဖြစ်ကိုလည်း သိအပ်ပြီးဖြစ်ပါလျက် အဘယ်အကျိုးငှါ ပဋိယသမ္မယုတ်အဖြစ်ကို ထပ်ဆိုရပါသနည်း ဖြေဆိုပါ။

ဖြေ။ နှစ်ပါးသော ဒေါမနဿ, ပဋိယတို့၏ (ဒေါမနဿသဟဂုတ်စိတ်၌) ဧကန်စင်စစ် အတူတကွ ဖြစ်လေ့ရှိသည်၏အဖြစ်ကို ပြခြင်းအကျိုးငှါ ပဋိယသမ္မယုတ်အဖြစ်ကို ထပ်ဆိုရခြင်းဖြစ်ပါသည်။

http://www.dhammadownload.com

- ဒေါမနဿဖြစ်တိုင်း ပဋိဃ(ဒေါသ)လည်း အမြဲယှဉ်တွဲလျက် ဖြစ်သည်-ဟူလို၊

(ဆောင်) **ဒေါမနဿ၊ ပဋိဃတို့၊ နိစ္စအမြဲ၊ ယှဉ်တွဲလျက်သာ၊ ဖြစ်သည့်တာတို့၊ ပြသ,လို၊ မိန့်ဆို ပဋိဃသမ္မယုတ်အဖြစ်။**

၅၈ **မေး။** အစဉ်အမြဲ ယှဉ်တွဲလျက်သာ ဖြစ်လေ့ရှိသော် ဒေါမနဿနှင့် ပဋိဃတို့၏ အထူးကို ရေးသားဖြေဆိုပါ။

ဖြေ။ ဒေါမနဿသည် အနိဋ္ဌာရုံကို ခံစားခြင်း လက္ခဏာရှိ၍, ဝေဒနာက္ခန္ဓာ၌ အကျုံးဝင်သောတရား ဖြစ်၏။

ပဋိဃသည် ကြမ်းတမ်းခက်ထန်ခြင်း သဘောရှိ၍, သခ်ါရက္ခန္ဓာ၌ အကျုံးဝင်သောတရား ဖြစ်၏။ ဤသို့ ထူးပါသည်။

(ဆောင်) - **အနိဋ္ဌာရုံ၊ ခံစားတုံဘိ၊ လက္ခဏာရှိလျက်၊ ဝေဒနာက္ခန်၊ သင်္ဝင်မှန်လတ်၊ ဒေါမနဿ်တည်း။**

- **စွဲမှတ် တစ်ခန်း၊ ကြမ်းတမ်းခက်မာ၊ လက္ခဏာဖြင့်၊ သခ်ါရတွင်၊ အကျုံးဝင်က၊ ပဋိဃဟု၊ ခွဲခြားပြုသည်။ ။သောတုမှတ်ဖွယ် အချုပ်တည်း။**

၅၉ **မေး။** ဒေါမနဿနှင့် ပဋိဃ နှစ်ပါးတို့၏ ဖြစ်ကြောင်းတရားများကို ဖော်ပြခဲ့ပါ။

ဖြေ။ အလုံးစုံသော အနိဋ္ဌာရုံနှင့် အာယာတဝတ္ထု (ရုန်ငြိုးဖွဲ့ကြောင်းတရား) ၉-ပါးတို့ ဖြစ်ပါသည်။

(ဆောင်) **အနိဋ္ဌာရုံ၊ အလုံးစုံနှင့်၊ တစ်ဖုံအာယာတ၊ ဤနှစ်ဝ၊ ဒေါမနဿ ဖြစ်ကြောင်းတည်း။**

၆၀ **မေး။** သတ္တဝါတစ်ဦးတစ်ယောက်ကို နှလုံးစိတ်ဝမ်း မချမ်းမြေ့အောင် ပြုစွမ်းနိုင်သော အရာများကို ဖော်ပြပါ။

ဖြေ။ အနိဋ္ဌာရုံ အလုံးစုံနှင့် ရန်ငြိုးဖွဲ့ကြောင်းတရား-ဟူသော အာယာတဝတ္ထု ၉-ပါးတို့ ဖြစ်ပါသည်။

၆၁ **မေး။** ဒေါသမူစိတ် ၂-ပါးတို့ ဖြစ်ပုံကို ရေးသားဖြေဆိုပါ။

ဖြေ။ ပါဏာတိပါတ (သတ္တဝါအသက်ကို သတ်ခြင်း)စသော အကုသိုလ် ဒုစရိုက်မှု တို့ကို ပြုရာ၌ သူတစ်ပါးတို့ တိုက်တွန်းမှုမပါဘဲ ထက်မြက်သောစိတ်ထားဖြင့် ပြုသောအခါ ဒေါသမူ အသခ်ါရိကစိတ် ဖြစ်ပါသည်။ သူတစ်ပါးတို့က တိုက်တွန်း၍ နှံ့ညံ့သောစိတ်ထားဖြင့် ပြုသောအခါ ဒေါသမူ သသခ်ါရိကစိတ် ဖြစ်ပါသည်။

http://www.dhammadownload.com

၅၂ **မေး။** ဝိစိကိစ္ဆာ-ပုဒ်ကို ရနိုင်သမျှ ဝိဂြိုဟ်ဆို၍၊ အဓိပ္ပာယ်ကိုလည်း ရေးပြပါ။

ဖြေ။ (၁) ကိစ္ဆတိ ကိလမတိ ဧတောယာတိ ကိစ္ဆာ၊
သဘာဝံ ဝိစိနန္တသ္မာ ကိစ္ဆာ ဝိစိကိစ္ဆာ။
ထင်ရှားရှိသောသဘောကို စူးစမ်းရှာဖွေ[illegible]သူ၏ ပင်ပန်းကြောင်း ဖြစ်သောကြောင့် "ဝိစိကိစ္ဆာ"မည်ပါသည်။

(၂) ဝိဂတာ စိကိစ္ဆာ ဣမိဿာတိ ဝိစိကိစ္ဆာ။ ဉာဏ်ဖြင့် ကုစားခြင်းငှါ ခဲယဉ်းသည့်အတွက် ဉာဏ်တည်းဟူသော ဆေးကုခြင်းမှ၊ ဝါ -ဉာဏ်တည်းဟူသော ဆေးဆရာမှ၊ ဝါ-ဉာဏ်တည်းဟူသော ဆေးမှ ကင်းသောကြောင့် "ဝိစိကိစ္ဆာ" မည်ပါသည်။ ဝိစိကိစ္ဆာစေတသိက်ကို ရ၏။

သိမှတ်ဖွယ်။ ။ "သဘာဝ" ဟူသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော သဒ်တ, အသဒ်တတရားများဖြစ်၏။ ဤနေရာ၌ကား ဝိစိကိစ္ဆာစေတသိက်၏ အာရုံဖြစ်သော တေဘူမက တရားများ ဖြစ်ပါသည်။

ဉာဏပွဒိုကာရော။။ (၁) ပဒိုကရဏံ ပဒိုကာရော၊ ဆေးကုခြင်းကြိယာကို ရ၏။ ပဒိုကာရော ဝိယာတိ ပဒိုကာရော၊ ဉာဏ်ကို ရ၏။ (၂) ပဒိုကရောတိ ဩသဓေန တိကိစ္ဆတီတိ ပဒိုကာရော၊ ဆေးသမား (ဆေးဆရာ)ကို ရ၏။ (၃) ပဒိုကရောတိ တိကိစ္ဆတိ ဧတေနာတိ ပဒိုကာ-ရော၊ ဆေးကို ရ၏။ ဉာဏမေဝ ပဒိုကာရော ဉာဏ-ပွဒိုကာရော၊ ဉာဏ်တည်းဟူသော ဆေးကုခြင်းကြိယာ၊ ဝါ-ဉာဏ်တည်းဟူသော ဆေးသမား (ဆေးဆရာ)၊ ဝါ-ဉာဏ်တည်းဟူသော ဆေးကို ရ၏။

ပထမနည်း၌ ဝိ-သဒ္ဒါ ဝိစိနန အနက်ကို ဟော၍၊ ကိတဓာတ်သည် ကိလမန အနက်ကို ဟော၏။ **ဒုတိယနည်း၌** ဝိ-သဒ္ဒါ ဝိဂတ အနက်ကို ဟော၍၊ ကိတဓာတ်သည် ရောဂပနယန အနက်ကို ဟော၏။

၅၃ **ဒေး။** ဝိစိကိစ္ဆာသမွယုတ္တံ-ပုဒ်ကို ဝိဂြိုဟ်ဆို၍ အဓိပ္ပာယ်လည်း ရေးပြပါ။

ဒြေ။ ဝိစိကိစ္ဆာယ သမွယုတ္တံ ဝိစိကိစ္ဆာသမွယုတ္တံ၏။ ဝိစိကိစ္ဆာနှင့် အညီအညွတ် ဧကုပ္ပါဒအစရှိသောအပြားတို့ဖြင့် ယှဉ်သောစိတ်သည် "ဝိစိကိစ္ဆာသမွယုတ္တ" မည်ပါသည်။

၅၄ **ဒေး။** ဥဒ္ဓစ္စ-ပုဒ်ကို ဝိဂြိုဟ်ဆို၍၊ အဓိပ္ပာယ်ကိုလည်း ရေးပြပါ။

ဒြေ။ ဥဒ္ဓတဿ ဘာဝေါ ဥဒ္ဓစ္စံ။ ပျံ့လွင့်တုန်လှုပ်တတ်သော စိတ်၊ ဝါ-ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းသဘောတရား (စေတသိက်)သည် "ဥဒ္ဓစ္စ" မည်ပါသည်။

http://www.dhammadownload.com

၅၅ **မေး။** ဥဒ္ဓစ္စသည် အလုံးစုံသော အကုသိုလ်စိတ်တို့နှင့် ဆက်ဆံပါလျက် ဤ နောက်ဆုံးစိတ်ကိုသာ အဘယ့်ကြောင့် ဥဒ္ဓစ္စဖြင့် အထူးပြု၍ "ဥဒ္ဓစ္စသမ္မယုတ္တံ"ဟု ဆိုရပါသနည်း။

ဖြေ။ ဥဒ္ဓစ္စသည် အလုံးစုံသောအကုသိုလ်စိတ်တို့နှင့် ဆက်ဆံပါသော်လည်း ယှဉ်ဘော်ယှဉ်ဘက်သမ္မယုတ်တရားတို့၌ မပြဋ္ဌာန်း၊ ဤနောက်ဆုံးဖြစ်သော စိတ်၌သာ ယှဉ်ဘော်ယှဉ်ဘက်သမ္မယုတ်တရားတို့၌ သတ္တိထင်ရှား အင်အားရှိသည်ဖြစ်၍ ပြဋ္ဌာန်း သောကြောင့် ဤနောက်ဆုံးစိတ်ကိုသာ ဥဒ္ဓစ္စဖြင့် အထူးပြု၍ "ဥဒ္ဓစ္စသမ္မယုတ္တံ"ဟု ဆိုရခြင်းဖြစ်ပါ သည်။

ရှင်းချက်။ ။ လောဘမူစိတ်၌ လောဘ, ဒေါသမူစိတ်၌ ဒေါသ, ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ ဝိစိကိစ္ဆာရှိနေ၍ ထိုတရားတို့၏သတ္တိက လွှမ်းမိုးနေသဖြင့် ဥဒ္ဓစ္စ၏သတ္တိသည် မထင်ရှား အင်အား မရှိသောကြောင့် အပဓာနသာ ဖြစ်ရ၏။ ဤနောက်ဆုံး စိတ်၌ကား ထိုတရားတို့ မရှိသဖြင့် သတ္တိ ထင်ရှား အင်အားရှိသောကြောင့် ပဓာနအနေအားဖြင့် ယှဉ်ခွင့်ရပါသည်။ (ဇ။ ၁။ ၁၇၆။)

မဏိမဉ္ဇူ(၁၊၁၇၅-၆)အဖွင့်အရ ဂါထာပါ "ဗလဝံ ဣတိ"သည် စုဏ္ဏိယလာ "သမ္မယုတ္တမ္မေသု ပဓာနံ ဟုတွာ ပဝတ္တတိ" ၏ ဟိတ်ကူသာဖြစ်သည်။ ထို့ကြောင့် ဂါထာနှင့် စုဏ္ဏိယ နှစ်ခုကို ဆက်စပ်၍ အထက်၌ ရေးပြထားခြင်း ဖြစ်ပါသည်။

၅၆ **၃မး။** ဥဒ္ဓစ္စ၏ နောက်ဆုံးအကုသိုလ်စိတ်၌ ပြဋ္ဌာန်းသည်၏အဖြစ်ကို အဘယ့် ကြောင့် သိရပါသနည်း ဖြေဆိုပါ။

၃ဖြ။ ဓမ္မသင်္ဂဏီ ဓမ္မဒ္ဒေသပါဠိတော်ဝယ် ဥဒ္ဓစ္စသဟဂုတ်စိတ်မှ ကြွင်းသော အကုသိုလ်စိတ်တို့၌ ဥဒ္ဓစ္စကို "ယေဝါပနက"၏ အစွမ်းဖြင့် ("ယေဝါပနက"ဟူသော အမည်ဖြင့်) ဟော၍၊ ဤနောက်ဆုံးဖြစ်သော အကုသိုလ်စိတ်၌သာလျှင် "ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ (ဥဒ္ဓစ္စံ ဟောတိ)"ဟု သရုပ်သကောင် ထုတ်ဆောင်ကာ ဟောကြားတော်မူပါသည်။ ထို့ကြောင့် ဥဒ္ဓစ္စ၏ ဤနောက်ဆုံးဖြစ်သော အကုသိုလ်စိတ်၌ ပြဋ္ဌာန်းသည်၏အဖြစ်ကို သိရခြင်း ဖြစ်ပါသည်။

၅၇ **၄မး။** မောဟမူစိတ်နှစ်ပါးတို့သည် ကုဋ္ဌာရုံ, အနိဋ္ဌာရုံ, ကုဋ္ဌမဇ္ဈတ္တာရုံတို့အား လျော်စွာသောမနသာ, ဒေါမနသာ, ဥပေက္ခာသဟဂုတ်စိတ်များဖြစ်သင့်ပါလျက် မဖြစ် ဘဲ အဘယ့်ကြောင့် ဥပေက္ခာသဟဂုတ်စိတ်များသာ ဖြစ်ကြရပါသနည်း ဖြေဆိုပါ။

၄ဖြ။ မောဟမူစိတ်နှစ်ပါးတို့သည် လောဘ, ဒေါသဟူသော အခြားမူလတို့မှ ကင်းသည့်အတွက် အလွန်တွေဝေကြောသောကြောင့်လည်းကောင်း၊ အာရုံ၌ ထက်ဝန်း

http://www.dhammadownload.com

ကျင်ရွေ့ရှားခြင်း(အာရုံကို မဆုံးဖြတ်နိုင်ခြင်း), အာရုံ၌ ပျံ့လွင့်ခြင်း၏ အစွမ်းဖြင့် ဖြစ်သော ဝိစိကိစ္ဆာ, ဥဒ္ဓစ္စတို့နှင့် အမြဲယှဉ်သည့်အတွက် အလွန်တုန်လှုပ်သော ကြောင့် လည်းကောင်း အလုံးစုံသော ဣဋ္ဌာရုံ, အနိဋ္ဌာရုံ, ဣဋ္ဌ မဇ္ဈတ္တာရုံတို့၌ လည်း တပ်မက်နှစ်သက်ခြင်း, ပြစ်မှားခြင်း(စိတ်ဟုက်ခြင်း) ကင်းရကား သောမနဿ, ဒေါမနဿသဟဂုတ်များ မဖြစ်ဘဲ ဥပေက္ခာသဟဂုတ်စိတ်များသာ ဖြစ်ကြရခြင်း ဖြစ်ပါသည်။

လိုရင်း--အလုံးစုံသော ဣဋ္ဌာရုံ, အနိဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံတို့၌ တပ်မက်နှစ်သက်ခြင်း, ပြစ်မှားခြင်းကင်းသောကြောင့် သောမနဿ, ဒေါမနဿ သဟဂုတ်စိတ်များမဖြစ်ဘဲ ဥပေက္ခာသဟဂုတ်စိတ်များသာ ဖြစ်ရခြင်း ဖြစ်ပါ သည်။ (အယမေဝ ပဓာနတ္ထော။ -ဋီ။ ၁။ ၁၇၇။)

(ဆောင်) **ဣဋ္ဌ, နိဋ္ဌာ၊ မဇ္ဈတ္တာ၌၊ လွန်စွာတပ်မက်၊ နှစ်သက်ခြင်းကင်း၊ ပြစ်မှားကင်း၍၊ မယွင်းမှတ်ယူ၊ မောဟမူနှစ်ဖြာ၊ ဥပေက္ခာ၊ အမြဲသာ ဖြစ်တော့သည်။**

၅၈ **မေး။** မောဟမူစိတ် နှစ်ပါးတို့သည် အဘယ့်ကြောင့် အလုံးစုံသောအာရုံတို့၌ တပ်မက်နှစ်သက်ခြင်း, ပြစ်မှားခြင်း ကင်းကြပါသနည်း ဖြေဆိုပါ။

ဖြေ။ မောဟမူစိတ် နှစ်ပါးတို့သည် အလွန်တွေဝေသောကြောင့်လည်းကောင်း၊ အလွန်တုန်လှုပ်သောကြောင့်လည်းကောင်း အလုံးစုံသောအာရုံတို့၌ တပ်မက် နှစ်သက် ခြင်း, ပြစ်မှားခြင်း ကင်းကြပါသည်။

ရှင်းချက်။ ။မောဟမူစိတ်နှစ်ပါးတို့သည်အလွန်တွေဝေ, အလွန်တုန်လှုပ်သော ကြောင့် ဣဋ္ဌာရုံနှင့် တွေ့ကြုံစေကာမူ ထိုအာရုံအပေါ်၌ တပ်မက်နှစ်သက်ခြင်း မရှိကြ၊ အနိဋ္ဌာရုံနှင့် တွေ့ကြုံပြန်လျှင်လည်း ထိုအာရုံအပေါ်၌ ပြစ်မှားခြင်းမရှိကြ-ဟူလို။

(ဆောင်) **လွန်စွာတွေဝေ၊ တုန်လှုပ်လေ၍၊ နှစ်ထွေ တပ်မက်၊ ပြစ်မှားချက်၊ ဆက်ဆက် ကင်းကြသည်။**

မေး။ မောဟမူစိတ် နှစ်ပါးတို့သည် အဘယ့်ကြောင့် အလွန်တွေဝေကြ, အလွန်တုန်လှုပ်ကြပါသနည်း ဖြေဆိုပါ။

ဖြေ။ လောဘ, ဒေါသ-ဟူသော အခြားမူလတို့မှ ကင်းသောကြောင့် အလွန်တွေဝေကြ၍၊ အာရုံ၌ ရွေ့လျားခြင်း(အာရုံကို မဆုံးဖြတ်နိုင်ခြင်း), အာရုံ၌ ပျံ့လွင့်ခြင်း၏ အစွမ်းဖြင့်ဖြစ်သော ဝိစိကိစ္ဆာ, ဥဒ္ဓစ္စတို့နှင့် အမြဲယှဉ်သောကြောင့် အလွန်တုန်လှုပ်ကြပါသည်။

http://www.dhammadownload.com

ရှင်းချက်။ ။မောဟမူစိတ်နှစ်ပါးတို့၌ လောဘ, ဒေါသဟူသော အခြားမူလများ မယှဉ်ကြ၊ မောဟ-ဟူသော မူလတစ်ပါးသာ ယှဉ်၏။ ထိုသို့ တစ်ပါးတည်းသာ ယှဉ်ရသော မောဟသည် လောဘ, ဒေါသတို့၏ သဘောသို့ မလိုက်လျောရသဖြင့် မိမိသဘောအတိုင်း လွတ်လွတ်လပ်လပ် တွေဝေခွင့်ရပါသည်။

(ဆောင်) **မူလတစ်ပါးမှ၊ ကင်းကုန်ကြ၊ လွန်စွာ့ တွေဝေသည်။**
ကိစ္စာ, ဥဒ္ဓစ္စ၊ နှစ်ဝနှင့်လျှင်၊ အမြဲယှဉ်၊ လွန်လျှင် တုန်လှုပ်သည်။

စာကိုယ် စုဏ္ဏိယဝါကျအတွက် ရှင်းလင်းချက်

စာကိုယ်စုဏ္ဏိယဝါကျ၌ "သဗ္ဗတ္ထာပိ ရဇနဒုဿနရဟိတာနိ"သည် "ဥပေက္ခာသဟဂတာနေဝ ပဝတ္တန္တိ"၏ ပဓာနအကြောင်း။ "အတိသမ္မုဋ္ဌတာယ စဝလတာယ စ" တို့သည် "သဗ္ဗတ္ထာပိ ရဇနဒုဿနရဟိတာနိ" ၏ အကြောင်း။ "မူလန္တရဝိရဟတော"သည် အတိသမ္မုဋ္ဌတာယ"၏ အကြောင်း။ "သံသပ္ပန ။ပ။ သမာယောဂေန" သည် "စဝလတာယ" ၏ အကြောင်း-ဟု အကြောင်း+အကျိုး အဆင့်ဆင့်ဖြစ်ပုံကို ခွဲခြားမှတ်သားပါလေ။

-မူလတစ်ပါးမှ ကင်းသောကြောင့် အလွန်တွေဝေ၊ အလွန်တွေဝေသောကြောင့် တပ်မက် နှစ်သက်ခြင်းမရှိ၊ တပ်မက်နှစ်သက်ခြင်းမရှိသောကြောင့် သောမနဿ မဖြစ်နိုင်။

-အာရုံ၌ ရွှေ့လျားခြင်း, အာရုံ၌ ပျံ့လွင့်ခြင်း၏ အစွမ်းဖြင့်ဖြစ်သော ဝိစိကိစ္ဆာ, ဥဒ္ဓစ္စတို့နှင့် ယှဉ်သောကြောင့် အလွန်တုန်လှုပ်၊ အလွန်တုန်လှုပ်သောကြောင့် ပြစ်မှားခြင်းမရှိ၊ ပြစ်မှားခြင်း မရှိသောကြောင့် ဒေါမနဿ မဖြစ်နိုင်။ ထို့ကြောင့် ဥပေက္ခာသဟဂုတ်တို့သာ ဖြစ်ကြရပါသည်-ဟူလို။

ဂါထာအတွက် ရှင်းလင်းချက်

ဂါထာ၌ "မူဌတ္တာ စေဝ သံသပ္ပ-ဝိက္ခေပါ" ကို မောဟမူဒွေး ဥပေက္ခာသဟဂုတ် ဖြစ်ရခြင်း၏ အကြောင်းအဖြစ် ပြထားခြင်းမှာ **"စောရေဟိ ဂါမော ဒဟော"**စသည်တို့၌ကဲ့သို့ **အကြောင်း၏ အကြောင်းကိုလည်း အကြောင်းဟူ၍ပင် ဆိုအပ်၏"** ဟူသော အလိုဖြင့် ပြထားခြင်းဖြစ်သည်။ ဥပေက္ခာသဟဂုတ်ဖြစ်ရခြင်း၏ ပဓာနအကြောင်းမှာ အထက်စုဏ္ဏိယ၌ လာရှိသည့်အတိုင်း "ရဇနဒုဿနရဟိတာနိ"သာ ဖြစ်ပါသည်။

မေး။ မောဟမူစိတ်နှစ်ပါးတို့၌ လောဘမူ, ဒေါသမူစိတ်တို့ကဲ့သို့ အဘယ့်ကြောင့် သခီါရအပြား မရှိရပါသနည်း ဖြေဆိုပါ။

ဖြေ။ အာရုံ၌ ရွှေ့လျားခြင်း (အာရုံကို မဆုံးဖြတ်နိုင်ခြင်း), အာရုံ၌ ပျံ့လွင့်ခြင်း၏

http://www.dhammadownload.com

အစွမ်းဖြင့်ဖြစ်ရကား ပင်ကိုသဘောအားဖြင့် ထက်မြက်သည်၏အဖြစ်, တိုး
တွန်းအပ်သည်၏အဖြစ် မရှိသောကြောင့် မောဟမူစိတ်တို့၌ သဒ္ဓါရ အပြာ
မရှိရခြင်း ဖြစ်ပါသည်။

၆၀ **မေး။** သဂြိုဟ်သရုပ်ခွဲရာ၌ မောဟမူဒွေးကို အသဒ္ဓါရိကထဲ သွင်းယူလျက် ခွဲကြရ
ထိုသို့ခွဲခြားခြင်းသည် ဦးကာကျော်ဆရာ အလိုကျ ဟုတ်/မဟုတ် ရှင်းချက် ထုတ်ခဲ့ပ
ဖြေ။ "သဒ္ဓါဒုဒေဒါပိ နေသံ နတ္ထိ - ထိုမောဟမူစိတ်တို့မှာ သဒ္ဓါ[illegible]မရှိ
ဦးကာကျော်ဆရာ ဆိုသောကြောင့် သဂြိုဟ်သရုပ်ခွဲရာ၌ မောဟမူဒွေး
အသဒ္ဓါရိကထဲ သွင်းယူလျက် ခွဲခြားခြင်းသည် ဦးကာကျော်ဆရာအလိုကျ မဟုတ်ပ

<u>ဥဒ္ဓစ္စသဟဂုတ်စိတ်နှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်တို့အထူး</u>

"ဥဒ္ဓစ္စသဟဂုတ်စိတ်သည် တစ်ခုသောအာရုံ၌ တုန်လှုပ်၍ ဝိစိကိစ္ဆာသဟဂုတ်စိတ
ကား အမျိုးမျိုးသောအာရုံ၌ တုန်လှုပ်ပါ သည်" ။ (အဋ္ဌသာလိနီအဋ္ဌကထာ)

(ဆောင်) အာရုံတစ်ခုမှာ၊ တုန်လှုပ်တာ၊ မှတ်ပါ ဥဒ္ဓစ္စ။
အမျိုးမျိုးမှာ၊ တုန်လှုပ်တာ၊ မှတ်ပါ စိကိစ္ဆ။

၆၁ **မေး။** ဣမာနိ ဒွေပိ မောမူဟစိတ္တာနိ နာမ-၌ မောမူဟ-ပုဒ်ကို ဝစနတ္ထပြု၍
အဓိပ္ပာယ်ကိုလည်း ရှင်းပြခဲ့ပါ။

ဖြေ။ မောဟေန မုယ္ဟန္တီတိ မောမူဟာနိ။
လောဘ, ဒေါသ-ဟူသော ယှဉ်ဘော်ယှဉ်ဘက် အခြားမူလတို့မှ ကင်းသဉ
အတွက် မောဟဖြင့် တွေဝေကြ, အလွန်အကဲအားဖြင့် တွေဝေကြသောကြော
ဝိစိကိစ္ဆာသဟဂုတ်စိတ်, ဥဒ္ဓစ္စသဟဂုတ်စိတ်နှစ်ပါးတို့သည် "မောမူဟစိတ်"ဖ
မည်ကြပါသည်။

သိမှတ်ဖွယ်။။ မောဟ = တွေဝေခြင်း + မူဟ = တွေဝေခြင်း။ ဤသို့ အနက်
ပုဒ်နှစ်ပုဒ်ကို တွဲသုံးထားသောကြောင့် "အလွန်တွေဝေ" ဟု အဓိပ္ပာယ်ရပါသည်။
"ပရိယာယ်နှစ်ချက်ဆင့်၊ အနက်မြင့်"၊ "အနက်တူသဒ္ဒါ၊ ဆင့်၍လာ၊ လွန်စွာ အနက်ပေး
ရှုပ်ပြီးပုံ--- 'မောဟမူဟ'ဟု ဆိုလိုလျက် သုတ်ကြီးဖြင့် ရှေ့ ဟ-တစ်လုံးကို မျေ
"မောမူဟ"ဟု ရှုပ်ပြီးပါသည်။

၆၂ **မေး။** လောဘမူ, ဒေါသမူစိတ်တို့၌ရှိသော မောဟနှင့် မောဟမူစိတ်၌ရှိသော မော
၂-ခုတို့၏ အထူးကို ရေးသားဖြေဆိုပါ။

http://www.dhammadownload.com

ဖြေ။ လောဘမူ, ဒေါသမူစိတ်တို့၌ရှိသော မောဟသည် ယှဉ်ဘော်ယှဉ်ဘက် လောဘ, ဒေါသတို့၏သဘောကို လိုက်လျောနေရသဖြင့် မောဟမူစိတ်၌ရှိသော မောဟလောက် တွေဝေခွင့်မရပါ။ မောဟမူစိတ်၌ရှိသော မောဟကား လောဘ, ဒေါသတို့ တွဲဖက်မပါသဖြင့် သူ့အလိုက္ခ အလွန်တွေဝေပါသည်။ ဤသို့ ထူးပါသည်။

(၆၄) **မေး။** လောဘမူ, ဒေါသမူစိတ်တို့နှင့် မောဟမူစိတ်တို့၏ အထူးကို ဖြေဆိုပါ။

ဖြေ။ လောဘမူ, ဒေါသမူစိတ်တို့၌ လောဘ, ဒေါသ-ဟူသော မူလတစ်ပါးရှိသောကြောင့် ထိုစိတ်တို့သည် မောဟဖြင့် အလွန်မတွေဝေကြပါ။ မောဟမူစိတ်တို့ကား လောဘ, ဒေါသ-ဟူသော မူလတစ်ပါး မရှိသောကြောင့် မောဟဖြင့် အလွန်တွေဝေကြပါသည်။ ဤသို့ ထူးပါသည်။

(၆၅) **မေး။** ဣန္ဒြေဝံ သဗ္ဗထာပိ ဒွါဒသာကုသလစိတ္တာနိ သမတ္တာနိ-ဟူသော စကားရပ်သည် ဘာစကားရပ် ဖြစ်ပါသနည်း ဖြေဆိုလျှင်၊ ယင်းစကားရပ်ပါ ဣန္ဒြေဝံ-သဒ္ဒါနှင့် စပ်၍ သိမှတ်ဖွယ်များကိုလည်း ရေးသားဖြေဆိုပါ။

ဖြေ။ ဣန္ဒြေဝံ-စသော စကားရပ်သည် ဆိုအပ်ခဲ့ပြီးသော အကုသိုလ်စိတ် ၁၂-ပါးတို့ကို နိဂုံးအုပ်သော စကားရပ်ဖြစ်ပါသည်။

ထိုစကားရပ်၌ 'ဣန္ဒြေဝံ'ကို ဣန္ဒြေ+ဧဝံ-ဟု ပုဒ်ဖြတ်ရပါမည်။ ထိုတွင် **ဣန္ဒြေ-သဒ္ဒါ**သည် 'သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ အသင်္ခါရိကမေကံ'စသော သဒ္ဒါအပေါင်း၊ ထိုသဒ္ဒါအပေါင်းသည် ဟောအပ်သော 'သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်တစ်ခု'စသော အနက်အပေါင်းကို ညွှန်ပြခြင်း နိဒဿနအနက်ရှိပါသည်။

ဧဝံ-သဒ္ဒါကား သဒ္ဒါအစဉ်, အနက်အစဉ်ကို ညွှန်ပြခြင်းအနက်ရှိပါသည်။

(တစ်နည်း) "ဣန္ဒြေဝံ"သဒ္ဒါသည် ဆိုအပ်ပြီးသော သဒ္ဒါ, အနက်တို့၏ နိဂုံးကို စတင်အားထုတ်ခြင်းအနက်၌ဖြစ်သော တတိယန္တနိပါတ်ပုဒ် အပေါင်းဖြစ်ပါသည်။

(၆၆) **မေး။** ဣန္ဒြေဝံ သဗ္ဗထာပိ ဒွါဒသာကုသလစိတ္တာနိ သမတ္တာနိ-၌ သဗ္ဗထာ-အရကို ရေးပြပါ။

ဖြေ။ သောမနဿ, ဥပေက္ခာ, ဒိဋ္ဌိသမ္ပယောဂ အစရှိသောအပြား၊ ပဋိဃသမ္ပယောဂ အစရှိသောအပြား၊ သင်္ခါရအပြား၊ ဝိစိကိစ္ဆာ, ဥဒ္ဓစ္စသမ္ပယောဂအပြား ဟူသော အလုံးစုံသောအပြားကို ယူရပါမည်။(ဦးကာကျော်)

http://www.dhammadownload.com

(တစ်နည်း) လောဘမူစိတ်အစရှိသည်တို့၏ ၈-ပါးအပြားရှိသည်၏အဖြစ် အစရှိသောအပြား (လောဘမူ, ဒေါသမူ, မောဟမူစိတ်အပြား)ကို ယူရပါမည်။ (မဏိမဉ္ဇူ။ ၁။ ၁၈၂။၂၀၇။)

၆၃ **မေး။** ဒွါဒသာကုသလစိတ္တာနိ သမတ္တာနိ-၌ သမတ္တာနိ-ပုဒ်၏ အနက်အဓိပ္ပာယ် ၂-မျိုးကို ဋီကာဆရာဖွင့်ဆိုသည့်အတိုင်း ရေးပြပါ။

ဖြေ။ 'သမတ္တ'သဒ္ဒါသည် 'ပရိနိဋ္ဌိတ' အနက်ဟော အနိပ္ပန္နပါဠိပဒိကပုဒ်ဖြစ်၏။ ထို့ကြောင့် "သမတ္တာနိ၊ ပြီးကုန်ပြီ" ဟု အနက်ပေးရပါမည်။

(တစ်နည်း) 'သမတ္တ'သဒ္ဒါသည် "သမ္မဇ္ဇိသု ပရိနိဋ္ဌာနံ ဂစ္ဆိသူတိ သမတ္တာနိ" ဟူသော ဝစနတ္ထအရ 'ပရိနိဋ္ဌိတ'အနက်ဟော နိပ္ပန္နပါဠိပဒိကပုဒ်ဖြစ်၏။ ထို့ကြောင့် "သမတ္တာနိ၊ ပြီးကုန်ပြီ"ဟု အနက်ပေးရပါမည်။ (ဤနည်း၌ သံပုဗ္ဗ အဇမာတ်+တပစ္စည်း၊ ဓာတွန် ဇ-ကို တ-ပြု၊ သံ-သဒ္ဒါ ဓာတွတ္ထဗာဓကဟု သိပါ။ ဆိုခဲ့ပြီး ၂-နည်းကို 'ပရိနိဋ္ဌိတာနိ'ဟူသော ဋီကာပါဌ်က ပြသည်-ဟုလည်းမှတ်ပါ။)

(တစ်နည်း) သံ-ပုဒ်+အတ္တ-ပုဒ်။ သံ-သဒ္ဒါသည် 'သင်္ဟ+သမောဓာန' အနက်ကို ဟော၍၊ 'အတ္တ'သဒ္ဒါကား အာပုဗ္ဗ ဒါဓာတ်+တပစ္စည်းဖြင့် ပြီးသော 'ဂဟိတ' အနက်ဟော နိပ္ပန္နပါဠိပဒိကပုဒ်ဖြစ်၏။ ထို့ကြောင့် "သင်္ဂဟေတွာ အတ္တာနိ သမတ္တာနိ" ဟု ဝစနတ္ထပြု၍ "သမတ္တာနိ၊ ပေါင်းရုံး၍ ယူအပ် ဆိုအပ် ကုန်ပြီ"ဟု အနက်ပေးရပါမည်။

၆၄ **မေး။** အကုသလစိတ္တာနိ-၌ "အကုသိုလ်"ဟူသည် အဘယ်နည်း၊ အကုသိုလ်၏ အဓိပ္ပာယ်ကို ဥပမာဆောင် ထင်ရှားအောင် ရေးပြပါ။

ဖြေ။ "မိတ္တ(မိတ်ဆွေ)"၏ ဆန့်ကျင်ဘက်ဖြစ်သောသူသည် "အမိတ္တ(ရန်သူ)" မည်သကဲ့သို့၊ ထို့အတူ ကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်သော စိတ်တို့သည် "အကုသိုလ်" မည်ကြပါသည်။

သိမှတ်ဖွယ်။ ။ ကုသလပဋိက္ခာနိ-ဟူသော ဋီကာပါဌ်ဖြင့် "န ကုသလာနိ အကုသလာနိ" ဟူသော ကမ္မဓာရယ်သမာသ် ဝစနတ္ထနှင့် အကုသလာနိ-၌ အ(န)-သဒ္ဒါ၏ "ဝိရုဒ္ဓ=ဆန့်ကျင်ဘက်" အနက်ဟောကြောင်းကို ပြပါသည်။

၆၅ **မေး။** ကုသိုလ်နှင့်အကုသိုလ်တို့သည် အဘယ်သို့လျှင် ဆန့်ကျင်ဘက်ဖြစ်ကြပါသနည်း၊ ရန်သူနှစ်ယောက်တို့ကဲ့သို့ အချင်းချင်းသတ်ဖြတ်ညှင်းဆဲသောအားဖြင့် (ဖျက်ဆီးသောအားဖြင့်) ဆန့်ကျင်ဘက်ဖြစ်ကြပါသလော? (ကုသိုလ် နှင့် အကု

http://www.dhammadownload.com

သိုလ်တို့၏ ဆန့်ကျင်ဘက်ဖြစ်ပုံကို) ရှင်းပြပါ။

ဖြေ။ ကုသိုလ်နှင့် အကုသိုလ်တို့သည် ရန်သူနှစ်ယောက်တို့ကဲ့သို့ အချင်းချင်း သတ်ဖြတ်ညှင်းဆဲသောအားဖြင့် (ဖျက်ဆီးသောအားဖြင့်) ဆန့်ကျင်ဘက် ဖြစ်ကြသည်မဟုတ်ပါ။ ကုသိုလ်သည် ပဟာယက (= ပယ်တတ်သောတရား), အကုသိုလ်သည် ပဟာတဗ္ဗ (= ပယ်အပ်သောတရား)။ ဤသို့ ပဟာယက, ပဟာတဗ္ဗ အဖြစ်အားဖြင့် ဆန့်ကျင်ဘက် ဖြစ်ကြပါသည်။

ကုသိုလ်သည် ပဟာတဗ္ဗတရား မဖြစ်နိုင်။ ။ "ကုသိုလ်သည် ပယ်တတ်သော ပဟာယကတရား, အကုသိုလ်သည် ပယ်အပ်သော ပဟာတဗ္ဗတရား" ဤသို့သာ ဖြစ်နိုင်ပါသည်။ "အကုသိုလ်သည် ပယ် တတ်သော ပဟာယကတရား, ကုသိုလ်သည် ပယ်အပ်သော ပဟာတဗ္ဗတရား" ဤသို့ မဖြစ်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော်-ကုသိုလ်သည်သာ အားကြီးသည့်အတွက် ပယောဂကို ပြီးစေနိုင်သည်ဖြစ်၍ သတ္တဝါတို့သန္တာန်၌ အမြဲတစေ ကိန်းအောင်းနေသော အကုသိုလ်တရားတို့ကို တဒင်္ဂ, ဝိက္ခမ္ဘန, သမုစ္ဆေဒပဟာန်တို့ဖြင့် ပယ်စွန့်ကြသောကြောင့်တည်း။

အကယ်၍ "အကုသိုလ်က ပယ်တတ်သော ပဟာယကတရား, ကုသိုလ်က ပယ်အပ်သော ပဟာတဗ္ဗတရား"ဟုဆိုလျှင် အကုသိုလ်က စင်စစ် ကုသိုလ်မူလကို ပယ်ဖြတ်သောကြောင့် သတ္တဝါတွေ အပါယ်ဘုံ၌သာပြည့်နေပြီး အပါယ်ဘုံမှ လွတ်နိုင်ကြတော့မည် မဟုတ်တော့ရာ။ (ဇူ၊ ၁။ ၁၈၃။)

မေး။ ကုသိုလ်နှင့် အကုသိုလ်တရား နှစ်ပါးတို့တွင် မည်သည့်တရားက အင်အားကြီးမားပါသနည်း ရှင်လင်းဖြေဆိုပါ။

ဖြေ။ ကုသိုလ်သည် ပယ်သတ်တတ်သော ပဟာယကတရား၊ အကုသိုလ်သည် ပယ်သတ်အပ်သော(အပယ်ခံဖြစ်သော) ပဟာတဗ္ဗတရားဖြစ်သောကြောင့် ကုသိုလ်က အကုသိုလ်ထက် အင်အားကြီးမားပါသည်။

မေး။ အဋ္ဌမာ လောဘမူလာနိ-အစရှိသော ဂါထာသည် (၁) သင်္ဂဟဂါထာ (၂) အပ္ပနာဂါထာ = နိဂမနဂါထာ (၃) အတ္ထန္တရဂါထာ-ဟူသော ဂါထာ ၃-မျိုးတို့တွင် မည်သည့်ဂါထာ ဖြစ်ပါသနည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဣစ္ဆေဝံ-အစရှိသော စကားရပ်ဖြင့် ဆိုအပ်ခဲ့ပြီးသော အကုသိုလ်စိတ်တို့ကို သွင်းယူပြီးဖြစ်သောကြောင့် အပ္ပနာဂါထာ(နိဂမနဂါထာ) မဟုတ်ပါ။ အသစ်ဖြစ်သော အနက်ကို မဆိုအပ်သောကြောင့် အတ္ထန္တရဂါထာလည်း မဟုတ်ပါ။ စင်စစ်ကား အဂျယ်အားဖြင့် ဆိုအပ်ခဲ့ပြီးသော အကုသိုလ်စိတ်တို့ကို ယူလွယ်စေခြင်း

http://www.dhammadownload.com

အကျိုးငှါ အကျင့်ချုံးခြုံး၍ ဆိုအပ်သောကြောင့် 'သင်္ဂဟဂါထာ'သာ ဖြစ်ပါသည်။ (ဋီ။ ၁။ ၁၈၃။)

၇၂ **ဓမ။။** အဌမာ လောဘမူလာနိ-အစရှိသော သင်္ဂဟဂါထာ၌ လောဘမူလာနိ-ပုဒ်ကို အစိတ်+အပေါင်း ဝစနတ္ထပြု၍၊ အဓိပ္ပာယ်ကိုလည်း ရေးပါ။ (အဘယ့်ကြောင့် 'လောဘမူစိတ်'ဟု ခေါ်ဆိုရပါသနည်း ဖြေဆိုပါ။)

ဓမ္မ။။ မူလမိဝ မူလံ၊ လောဘော မူလံ ဧတေသန္တိ လောဘမူလာနိ။

လောဘဟုဆိုအပ်သော မူလရှိသောကြောင့် "လောဘမူစိတ်"တို့ မည်ကြပါသည်။

သိမှတ်ဖွယ်။။ ။ မူလယတိ ပတိဋ္ဌာတိ ဧတ္ထ ရုက္ခောတိ မူလံ၊ သစ်မြစ်ကိုရ၏။ လောဘ(ဒေါသ, မောဟ)ကိုရအောင် 'မူလမိဝ မူလံ'ဟု ဥပမာတဒ္ဓိတ် ဝစနတ္ထပြု၊ (တစ်နည်း) သဒိသူပစာဟု ကြံပါ။ မဏိမဂ္ဂ၌ ကား ဂုဏူပစာဟု ဆိုပါသည်။

လောဘမူလာနိ-ပုဒ်ကို " လောဘော မူလံ ဧတေသန္တိ လောဘမူလာနိ" ဟု ဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထပြုပါ။

ဦးကာ၌ **"လောဘော စ သော ။ပ။ မူလဥ္စ"** ဟူသောပါဌ်ဖြင့် လောဘနှင့် မူလ နှစ်ပုဒ်တို့၏ အရတူ တုလျာဓိကရဏ၏အဖြစ်ကိုလည်းကောင်း၊ အထက်ဖော်ပြပါ ဝစနတ္ထနှင့် သဒိသူပစာ (ဂုဏူပစာ)တို့၏အစွမ်းဖြင့် လောဘ၏ ရေသောက်မြစ်နှင့် တူသည်၏အဖြစ်ကိုလည်းကောင်း ပြပါ သည်။ ကမ္မဓာရည်းသမာသ်အဖြစ်ကို ပြသည် မဟုတ်ပါ။ ထို့ပြင် "တံ ဧတေသန္တိ" ၌ တံ-ဖြင့် လောဘော, မူလံ-ဟူသော နှစ်ပုဒ်တို့ကို သုံးသပ်စွဲယူသောကြောင့် ထိုပါဌ်ဖြင့် ဗဟုဗ္ဗိဟိသမာသ်ကိုသာ ပြသည်, အဿတ္ထိ တဒ္ဓိတ်ကို ပြသည်မဟုတ်ဟုလည်း သိပါ။ (ဋီ။ ၁။ ၁၈၃။)

၇၃ **မေး။။** လောဘမူစိတ်၌ ယှဉ်သော စေတသိက် ဧကဝီသနှင့် စိတ္တဇရုပ်တို့ကို "လောဘမူလ"ဟု ဆိုနိုင်/မဆိုနိုင် ခိုင်လုံသော အကြောင်းပြကာ ဆုံးဖြတ်ချက်ချခဲ့ပါ။

ဖြေ။။ မဆိုနိုင်ပါ။ အကြောင်းကား - ၎င်းတို့သည် လောဘမူလရှိ သောတရားများ ဖြစ်ကြသော်လည်း ၎င်းတို့၏ အရာဌာနမဟုတ်, စိတ်၏ အရာဌာနသာဖြစ်သောကြောင့် ဖြစ်ပါသည်။ (ဋီ။ ၁။ ၁၈၄။)

မှတ်ချက်။။ ။ ဤအဓိပ္ပာယ်ကို "စိတ္တာနိ"ပါဌ်ဖြင့် ပြသည်-ဟု သိပါ။

၇၄ **ဓမ။။** လောဘကို အဘယ့်ကြောင့် "မူလ"ဟု ဆိုရပါသနည်း၊ ဖြေဆိုပါ။

ဖြေ။။ လောဘသည် သမ္မယုတ်တရားတို့၏ ကောင်းစွာတည်တံ့ကုန်သည်၏ အဖြစ်ကို ပြီးစေတတ်သည့်အတွက် ရေသောက်မြစ်နှင့် တူသောကြောင့် ၎င်းကို "မူလ"

http://www.dhammadownload.com

ဟု ဆိုရခြင်းဖြစ်ပါသည်။

သိမှတ်ဖွယ်။။ "လောဘ၏ ရေသောက်မြစ်နှင့်တူပုံကို ဇေါပါ"ဟု မေးခဲ့လျှင် "ရေသောက်မြစ်သည် သစ်ပင်ကို ကောင်းစွာတည်တံ့စေသကဲ့သို့၊ ထို့အတူ လောဘသည် ယှဉ်ဘက် သမ္မယုတ်တရား တို့ကို အာရုံ၌ ကောင်းစွာတည်တံ့စေပါသည်"ဟု ဖြေပါ။

မေး။ လောဘမူစိတ် ၈-ပါး, ဒေါသမူစိတ် ၂-ပါး, မောဟမူစိတ် ၂-ပါး ပြားပုံကို ဖြေဆိုပါ။

ဖြေ။ လောဘမူစိတ်သည် ဝေဒနာ, သမ္မယောဂ, သခ်ါရအပြားအားဖြင့် ၈-ပါး ပြားပါသည်။ ဒေါသမူစိတ်သည် သခ်ါရအပြားအားဖြင့် ၂-ပါး ပြားပါသည်။ မောဟမူစိတ်သည် သမ္မယောဂအပြားအားဖြင့် ၂-ပါး ပြားပါသည်။

အမှာ။ ။ စာမေးပွဲတို့၌ "အဘယ့်ကြောင့် လောဘမူစိတ် ၈-ပါး, ဒေါသမူစိတ် ၂-ပါး, မောဟမူစိတ် ၂-ပါး ပြားရပါသနည်း"ဟု အကြောင်းကိုမေးလျှင် "လောဘမူစိတ်သည် ဝေဒနာ, သမ္မယောဂ, သခ်ါရပြားသောကြောင့် ဂ-ပါး ပြားရပါသည်" စသည်ဖြင့် ဖြေပါ။

မေး။ အကုသိုလ်စိတ်သည် မူလဘေဒအားဖြင့် ၃-ပါးသာ ဖြစ်သင့်ပါလျက် အဘယ့်ကြောင့် ၁၂-ပါး ဖြစ်ရပါသနည်း။

ဖြေ။ အကုသိုလ်စိတ်သည် မူလဘေဒအားဖြင့် ၃-ပါးသာ ဖြစ်သင့်ပါသော်လည်း သမ္မယောဂ, သခ်ါရစသော အပြားအားဖြင့် ပြားသောကြောင့် ၁၂-ပါး ဖြစ်ရခြင်း ဖြစ်ပါသည်။

(တစ်နည်း) လောဘမူစိတ် ၈-ပါး၊ ဒေါသမူစိတ် ၂-ပါး၊ မောဟမူစိတ် ၂-ပါး ပြားသောကြောင့် အကုသိုလ်စိတ် ၁၂-ပါး ပြားရခြင်းဖြစ်ပါသည်။

မှတ်ချက်။ ။ ပထမနည်းသည် အဟိတ်စိတ်အဖွင့်အစ "၉၀ မူလဘေဒ-တော တိဝိဓမ္မိ" စသော အဖွင့်နှင့်အညီ ဖြစ်၍၊ ဒုတိယနည်းသည် အကုသိုလ်စိတ်အဖွင့်အဆုံး (အဌမော လောဘမူလာ-နိ-စသော ဂါထာအဖွင့်)နှင့်အညီ ဖြစ်သည်။

အကုသိုလ်စိတ်အဖွင့် ပြီး၏။

http://www.dhammadownload.com

အဟိတ်စိတ်အပွင့် (၈၂)

၁။ **မေး။** အဟိတ်စိတ်သည် အကုသလဝိပါက်, ကုသလဝိပါက်, ကိရိယာအားဖြင့် ၃-မျိုးရှိပါလျက် အဘယ့်ကြောင့် အကုသလဝိပါက်စိတ်ကို ရှေးဦးစွာ ဆိုရပါသနည်း ဖြေဆိုပါ။

ဖြေ။ အဟိတ်စိတ်သည် အကုသလဝိပါက် အစရှိသည်ဖြင့် ၃-မျိုးရှိပါသော်လည်း အကုသိုလ်၏အခြားမဲ့၌ အကုသိုလ်၏အကျိုးတို့ကိုသာလျှင် စက္ခုအစရှိသော မှီရာ, သမ္ပဋိစ္ဆိုင်းအစရှိသော ကိစ္စတို့၏ အပြားအားဖြင့် ၇-မျိုး ၇-စား ခွဲခြားဝေဖန်၍ ပြလိုသောကြောင့် အကုသလဝိပါက်စိတ်ကို ရှေးဦးစွာဆိုရခြင်း ဖြစ်ပါသည်။

သိမှတ်ဖွယ်များ။ ။ စက္ခာဒိ-၌ အာဒိ-ဖြင့် သောတ, ဃာန, ဇိဝှါ, ကာယ-ဟူသော မှီရာနိဿယ တို့ကို ယူ။ သမ္ပဋိစ္ဆနာဒိ-၌ ဒအာဒိ-ဖြင့် သန္တီရဏကိုယူပါ။

အသောဘဏအဖြစ်ဖြင့် တူသောကြောင့် အကုသိုလ်စိတ်၏အခြားမဲ့၌ အဟိတ်စိတ်ကို ပြဆိုသည်။ ဝိပါက်ချင်းတူသောကြောင့် အကုသလဝိပါက်စိတ်၏အခြားမဲ့၌ ကုသလဝိပါက်စိတ်ကို၊ ထို့နောင် အဟိတ်အဖြစ်ဖြင့် တူသောကြောင့် ကိရိယာစိတ်ကို ပြဆိုသည်ဟု မှတ်ပါ။ (သခ်ေပ)

(ဆောင်) **အသောဘဏာချင်း၊ တူသည့်ခင်းကြောင့်၊ မယွင်း အကု၊**
နောက်၌ရှု၊ ပြမူအဟိတ်ကို။

၂ **မေး။** အကုသလဝိပါက်စိတ်သည် အဘယ့်ကြောင့် ၇-ပါးပြားရပါသနည်း။

ဖြေ။ စက္ခုအစရှိသော မှီရာ, သမ္ပဋိစ္ဆိုင်းအစရှိသော ကိစ္စတို့၏အပြားအားဖြင့် အကုသလဝိပါက်စိတ် ၇-ပါး ပြားရခြင်းဖြစ်ပါသည်။

(ဆောင်) **အကုသလ၊ ဝိပါကမှာ၊ မှီရာနိဿယ၊ ကိစ္စ တစ်ဖြာ၊**
ပြားသည့်တာ၊ ခုနစ်ဖြာ ပြားရသည်။

၃ **မေး။** စက္ခုဝိညာဏ်-၌ စက္ခု-ပုဒ်ကို ရနိုင်သမျှ ဝစနတ္ထပြု၍၊ အဓိပ္ပာယ်များကို ရေးသားပြီး၊ အရလည်း ကောက်ပြပါ။

ဖြေ။ (၁) စက္ခတိ ဝိညာဏာဓိဋ္ဌိတံ ဟုတ္တာ သမဝိသမံ အာစိက္ခန္တိ ဝိယ ဟောတီတိ စက္ခု။

(၂) စက္ခတိ ရူပံ အဿာဒေန္တိ ဝိယ ဟောတီတိ စက္ခု

http://www.dhammadownload.com

(၃) စက္ခတိ ရူပံ ဝိဘာဝေတီတိ စက္ခု။

စက္ခုဝိညာဉ်၏ တည်ရာဖြစ်၍ ညီညွတ်, မညီညွတ်သော (ကောင်း, မကောင်းသော)အာရုံကို ပြောကြားသကဲ့သို့ ဖြစ်တတ်သောကြောင့် "စက္ခု" မည်ပါသည်။

(တစ်နည်း) ရူပါရုံကို သာယာသကဲ့သို့ ဖြစ်တတ်သောကြောင့် "စက္ခု" မည်ပါသည်။

(တစ်နည်း) ရူပါရုံကို ထင်ရှားစွာ ဖော်ပြတတ်သောကြောင့် "စက္ခု" မည်ပါသည်။

စက္ခု-အရ စက္ခုပသာဒရုပ်ကို **မုချအားဖြင့်** ရပါသည်။ ထိုစက္ခုပသာဒရုပ်နှင့် တကွဖြစ်သောကြောင့် မျက်မှောင်ရိုးဖြင့် ပိုင်းခြားအပ်သော အသားစိုင် (မျက်လုံး) ကိုလည်း **ဌာနူပစာအားဖြင့်** ရပါသည်။

သိမှတ်ဖွယ်။။ ဝစနတ္ထတို့၌ "**စက္ခတိတိ** စက္ခု"သာ လိုရင်းဖြစ်သည်။ 'စက္ခတိ'သဒ္ဒါ (စက္ခဓာတ်)သည် **ပထမနည်း**၌ အာစိက္ခဏာအနက်ကို ဟော၏။ **ဒုတိယနည်း**၌ 'မဓုံ စက္ခတိ၊ ဗျဥ္ဇနံ စက္ခတိ' စသည်တို့၌ ကဲ့သို့ အဿာဒနအနက်ကို ဟော၏။ **တတိယနည်း**၌ "ဓာတူနံ အနေကတ္ထတ္တာ" ပရိဘာသာအရ ဝိဘာဝနအနက်ကို ဟော၏။ ဤတတိယနည်းကို သမ္မောဟဝိနောဒနီအဋ္ဌကထာနည်း ဟု မှတ်ပါ။

အမှာ။ ။ "စက္ခု-အရကို မုချ, ဥပစာအားဖြင့် ခွဲခြားကောက်ပြပါ"ဟူသော မေးခွန်းကို ဖြေတတ်ပါစေ။

(ဆောင်) ပသာဒဟူ၊ မုချယူ၊ ဌာနူ အသားစိုင်။

၄ **မေး။** စက္ခုပသာဒရုပ်သည် အာရုံကို မယူတတ်သော အနာရမ္မဏတရားဖြစ်၍ အကန်းသာဖြစ်ပါလျက် အဘယ့်ကြောင့် အာရုံကို ပြောကြားသကဲ့သို့ ဖြစ်ရပါသနည်း ဖြေဆိုပါ။

ဖြေ။ စက္ခုပသာဒရုပ်သည် အာရုံကို မယူတတ်သော အနာရမ္မဏတရားဖြစ်၍ အကန်းဖြစ်သော်လည်း စက္ခုဝိညာဉ်၏ တည်ရာဖြစ်သောကြောင့် အာရုံကို ပြောကြားသကဲ့သို့ ဖြစ်ရပါသည်။

သာဓက - ဝိညာဏာဓိဋ္ဌိတံ ဟုတ္တာ။

၅ **မေး။** "စက္ခတိ-သဒ္ဒါ အဿာဒနအနက်ဟော"ဟူရာ၌ လောကဥဒါဟရဏ်, သာသနာတော် ဥဒါဟရဏ်တို့ကို ဖော်ပြပါ။

ဖြေ။ **လောကဥဒါဟရဏ်** - မဓုံ စက္ခတိ၊ ဗျဥ္ဇနံ စက္ခတိ။

http://www.dhammadownload.com

သာသနာတော်ဥဒါဟရဏ် - စက္ခု ခေါ ပန မာဂဏ္ဍိယ ရူပါရာမံ ရူပရတံ ရူပသမ္မုဒိတံ။

၉ **မေး။** "စက္ခတိ ရူပံ အဿာဒေန္တိ ဝိယ မောတိတိ စက္ခု"အရ "ရူပါရုံကို သာယာတတ်သောကြောင့် စက္ခု-မည်၏"ဟုဆိုလျှင် "သောတံ ခေါ မာဂဏ္ဍိယ သဒ္ဒါရာမံ သဒ္ဒရတံ သဒ္ဒသမ္မုဒိတံ"အစရှိသောစကားကို ဟောတော်မူသောကြောင့် သောတပသာဒစသည်တို့မှာလည်း သဒ္ဒါရုံစသည်ကို သာယာခြင်းစသည်ရှိသောကြောင့် ထိုသောတပသာဒ စသည်တို့ကိုလည်း စက္ခု-သဒ္ဒါက ဟောနိုင်ရာရောက်သည်မဟုတ်ပါလော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ မရောက်ပါ။ အကြောင်းကား- 'စက္ခု'သဒ္ဒါသည် စက္ခုပသာဒ၌သာ ထင်ရှားသောကြောင့် ဖြစ်ပါသည်။ (အကျဉ်း)

'မယူရ'သဒ္ဒါသည် မြေပေါ်၌ မြည်တွန်တတ်သော သတ္တဝါအားလုံးကို ဟောသော်လည်း ဥဒေါင်းငှက်၌သာလျှင် ထင်ရှားသောကြောင့် ဥဒေါင်းငှက်ကိုသာ အထင်ရှုဋ္ဌအားဖြင့် 'မယူရ'ဟု ဆိုအပ်သကဲ့သို့၊ ထို့အတူ ဤ စက္ခု-သဒ္ဒါသည် (ကြည့်ရှုခြင်းငှါ အလိုရှိသည်၏အဖြစ်ဟု ဆိုအပ်သော ကာမတဏှာလျှင် အကြောင်းရင်းရှိသော ကံ ကြောင့်ဖြစ်သော မဟာဘုတ်တို့ကို ကြည်လင်စေခြင်းလက္ခဏာရှိသော) စက္ခုပသာဒ၌သာလျှင် ထင်ရှားသောကြောင့် အထင်ရှုဋ္ဌအားဖြင့် စက္ခုပသာဒရုပ်ကိုသာ စက္ခု-ဟု ဆိုအပ်ပါသည်။ ထို့ကြောင့် သောတပသာဒ စသည်တို့ကိုလည်း စက္ခု-သဒ္ဒါက ဟောနိုင်ရာ မရောက်ပါ။

ဆိုလိုရင်း- 'စက္ခု'သဒ္ဒါသည် စက္ခုပသာဒ၌သာ ထင်ရှားသော အထင်ရှုဋ္ဌသဒ္ဒါဖြစ်သောကြောင့် သောတပသာဒ စသည်တို့ စက္ခု-အမည် မရနိုင်ပါ-ဟူလို။

သိမှတ်ဖွယ်။။ မယူရာဒိသဒ္ဒါ ဝိယ-၌ အာဒိ-သဒ္ဒါဖြင့် မဟိသ (မြေ၌ အိပ်တတ်သော ကျွဲ), ဝဋ္ဋ (မြည်တွန်တတ်သော နွားငယ်), ပက်ဇ (ညွှန်၌ဖြစ်သော ကြာ)စသည်တို့ကို ယူပါ။

၇ **မေး။** စက္ခုဝိညာဏ်-ပုဒ်ကို ဝစနတ္ထပြု၍၊ အဓိပ္ပာယ် ရေးပြီး၊ ၎င်း၏ လက္ခဏာကိုလည်း ဖော်ပြပါ။

ဖြေ။ စက္ခုသို့ နိဿိတံ ဝိညာဏံ စက္ခုဝိညာဏံ။
စက္ခုပသာဒ၌ မှီတတ်သောစိတ်သည် "စက္ခုဝိညာဉ်" မည်ပါသည်။
ထိုစက္ခုဝိညာဉ်၏ လက္ခဏာမှာ- 'စက္ခုသန္နိဿိတ ရူပဂိဏာနန = စက္ခုပသာဒကို မှီ၍ဖြစ်သော ရူပါရုံကို သိခြင်း' ဖြစ်ပါသည်။

သိမှတ်ဖွယ်။။ "တန္နိဿိတတ္တာ"ဟူသောပါဠိဖြင့် "စက္ခုသို့ ပဝတ္တံ ဝိညာဏံ"

http://www.dhammadownload.com

ဟူသော ဝစနတ္ထကို နစ်စေပါသည်။ ယင်းသို့ပြုလျှင် စက္ခုဒ္ဒါရိကစိတ်အားလုံး စက္ခုဝိညာဉ်မည်ရာသောကြောင့်တည်း။ ဘာသာဋီကာဆရာတော်က 'စက္ခုသို့ + ဝိညာဏ် စက္ခုဝိညာဏ်'ဟုသာ ပြုစေလိုသည်။ သောတဝိညာဏ်-စသောပုဒ်တို့၌လည်း နည်းတူမှတ်ပါ။

၆ **မေး။** တထာ သောတဝိညာဏ်-၌ တထာ-သဒ္ဒါဖြင့် အဘယ်ကို ညွှန်ပြပါသနည်း။

ဖြေ။ တထာ-သဒ္ဒါဖြင့်သောတဝိညာဉ်စသည်တို့၏လည်း ဥပေက္ခာသဟဂုတ် အဖြစ်ကို ညွှန်ပြပါသည်။

စက္ခုဝိညာဉ်သည် ဥပေက္ခာသဟဂုတ်ဖြစ်သကဲ့သို့ ထို့အတူ သောတ, ဃာန, ဇိဝှါဝိညာဉ်တို့သည်လည်း ဥပေက္ခာသဟဂုတ်များပင် ဖြစ်ကြသည်-ဟူလို။

၇ **မေး။** သောတဝိညာဏ်-၌ သောတ၊ ဃာနဝိညာဏ်-၌ ဃာန၊ ဇိဝှါဝိညာဏ်-၌ ဇိဝှါ-ပုဒ်တို့ကို အသီးသီးဝိဂြိုဟ်ဆို၍၊ အဓိပ္ပာယ်ကိုလည်း ရေးပြပါ။

ဖြေ။ - ဝိညာဏာဓိဋ္ဌိတံ ဟုတ္တာ သုဏာတီတိ သောတံ။
သောတဝိညာဉ်၏ တည်ရာဖြစ်၍ သဒ္ဒါရုံကို ကြားတတ်သောကြောင့် "သောတ" မည်ပါသည်။
- ဃာယတိ ဂန္ဓောပါဒါနံ ကရောတီတိ ဃာနံ။
ဂန္ဓာရုံကို ယူခြင်းကို ပြုတတ်သောကြောင့် "ဃာန" မည်ပါသည်။
- ဇိဝိတံ အဝှါယတီတိ ဇိဝှါ (ဝိဂြိုဟ်တူ)။
တစ်နည်း- အဝှါယတီတိ အဝှါ၊ ဇိဝိတံ အဝှါ ဇိဝှါ (ဝိဂြိုဟ်စစ်)။
ဇိဝိတိန္ဒြေတည်ခြင်း၏ အကြောင်းဖြစ်သော အာဟာရရသ(ရသာရုံ)ကို ခေါ်ဝေါ်သကဲ့သို့ ဖြစ်သောကြောင့် "ဇိဝှါ" မည်ပါသည်။

၀ **မေး။** ဇိဝိတိန္ဒြေသည် ရုပ်တရားဖြစ်ပါလျက် အဘယ့်ကြောင့် ရသာရုံကို ခေါ်ဝေါ်သကဲ့သို့ ဖြစ်ရပါသနည်း။

ဖြေ။ ဇိဝိတိန္ဒြေသည် ထိုရသာရုံ၌ အလိုဆန္ဒ အဇ္ဈာသယအားဖြင့် ကိုင်းညွတ်နေသောကြောင့် ရသာရုံကို ခေါ်ဝေါ်သကဲ့သို့ ဖြစ်ရပါသည်။ တကယ်ခေါ်ဝေါ်ခြင်း မဟုတ်ပါ။

၁၁ **မေး။** 'ဇိဝိတ+အဝှါ'၌ ဇိဝိတ-အရကို ကျန်စွာ ကောက်ပြ၍၊ 'ဇိဝှါ'ပုဒ် ရုပ်ပြီးပုံကိုလည်း ရေးပြပါ။

http://www.dhammadownload.com

ဖြေ။ ဇီဝိတ-အရ ဇီဝိတိန္ဒြေကို **မုချအားဖြင့်** ရပါသည်။
အကျိုးဖြစ်သော ဇီဝိတိန္ဒြေ၏ "ဇီဝိတ"ဟူသောအမည်ကို အကြောင်းဖြစ်သော 'အာဟာရရသ'ဟူသော ရသာရုံ၌ တင်စား၍ အကြောင်းဖြစ်သော အာဟာရ ရသ-ဟူသော ရသာရုံကို **ဖလူပစာအားဖြင့်** ရပါသည်။

"ဇီဝိတဝှါ"ဟု ဆိုလိုလျက် နိရုတ္တိနည်းဖြင့် ဇီဝိတ-မှ 'ဂိတ'ကို ချေ၊ ဇီ-၌ ဣ-ကို ဣရဿပြု၍ 'ဇီဝှါ'ဟု ရုပ်ပြီးပါသည်။ ("ဇီဝိတအဝှါ-ဟု ဆိုလိုလျက်" ဟုလည်း ကြံကြသည်။ ယင်းသို့ကြံလျှင် အဝှါ-မှ အ-ကို ချေ-ဟု ဖြည့်စွက်မှတ်သားပါ။)

၁၂ **မေး။** ကာယဝိညာဏ်-ပုဒ်မှ ကာယ-ပုဒ်ကို ရနိုင်သမျှ ဝစနတ္ထုပြု၍၊ အဓိပ္ပာယ် ရေးပြီးလျှင်၊ အရလည်း ကောက်ပြပါ။

ဖြေ။ (၁) အယန္တိ ပဝတ္တန္တိ ဧတ္ထာတိ အာယော၊
ကုစ္ဆိတာနံ (ပါပဓမ္မာနံ) အာယောတိ ကာယော။
စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားတို့၏ ဖြစ်ရာဌာန ဖြစ်သော ကြောင့် ကာယိန္ဒြေ (ကာယပသာဒရုပ်)သည် "ကာယ"မည်ပါသည်။

(၂) အယန္တိ ဥပဂစ္ဆန္တိ ဧတ္ထာတိ အာယော၊
ကုစ္ဆိတာနံ (ကေသာဒီနံ) အာယောတိ ကာယော။
စက်ဆုပ်အပ်ကုန်သော ဆံပင်အစရှိသည်တို့၏ ဖြစ်ရာဌာနဖြစ်သော ကြောင့် သသမ္ဘာရကာယသည် "ကာယ"မည်ပါသည်။ ထိုသသမ္ဘာရကာယနှင့် တကွဖြစ်သောကြောင့် ပသာဒကာယ-ဟူသော ကာယပသာဒရုပ်ကိုလည်း "ကာယ"ဟု ဆိုရပါသည်။

၁၃ **မေး။** ကာယ-ပုဒ်၌ ကု-အရ၊ အာယ-အရ၊ ကာယ-အရတို့ကို ခွဲခြားကောက်ပြခဲ့ပါ။

ဖြေ။ ကာယ-ပုဒ်၏ ဝစနတ္ထ ၂-နည်းတို့တွင် **ပထမနည်းအလို** ကု-အရ အကုသိုလ်တရားတို့ကို ရပါသည်။ **ဒုတိယနည်းအလို** ကု-အရ ဆံပင်အစရှိသော ကောဋ္ဌာသကို ရပါသည်။

ပထမနည်းအလို အာယ-အရ ကာယပသာဒရုပ်ကို ရပါသည်။ **ဒုတိယနည်းအလို** အာယ-အရ သသမ္ဘာရကာယ (=ထိုကာယပသာဒရုပ်၏တည်ရာတစ်ကိုယ်လုံး)ကို မုချအားဖြင့် ရ၍၊ ကာယပသာဒရုပ်ကို သဟစရဏာနည်း, ဌာနူပစာအားဖြင့် (ဘာသာဋီကာဆရာတော်အလို- ဧကဒေသုပစာအားဖြင့်) ရပါသည်။

http://www.dhammadownload.com

ကာယ-အရလည်း အာယ-အရနှင့် အတူတူပင်ဖြစ်ပါသည်။ (၂-နည်းလုံး၌ ကု-သဒ္ဒါ ကုစ္ဆိတအနက်ဟောချည်း ဖြစ်ပါသည်။)

"သသမ္ဘာရကာယ"ဟူသည် - သမ္ဘရတိ ပဝတ္တတိ ဧတေန ကာယဝိညာဏန္တိ သမ္ဘာရော၊ ကာယဝိညာဉ်၏ ဖြစ်ကြောင်းဖြစ်သော ကာယပသာဒကို ရ၏။ သဟ သမ္ဘာရေန ယော ဝတ္တတိတိ သသမ္ဘာရော၊ ကာယပသာဒနှင့်တကွဖြစ်သော တစ်ကိုယ်လုံးကို ရ၏။ သသမ္ဘာရော ဧဝ ကာယော သသမ္ဘာရကာယော၊ ကာယပသာဒနှင့် တကွဖြစ်သော တစ်ကိုယ်လုံးကိုပင် ရ၏။

၁၄ **မေး။** "စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားတို့၏ ဖြစ်ရာဌာနဖြစ်သောကြောင့် ကာယန္ဒြေသည် ကာယ-မည်၏"ဆိုရာ၌ စင်စစ်အားဖြင့် အကုသိုလ်တရားတို့သည် ဟဒယဝတ္ထုကို မှီသောကြောင့် ဟဒယဝတ္ထုသည်သာ အကုသိုလ်တရားတို့၏ ဖြစ်ရာဌာနဖြစ်၏၊ ကာယိန္ဒြေကို မမှီသောကြောင့် ကာယိန္ဒြေသည် အကုသိုလ်တရားတို့၏ ဖြစ်ရာဌာနမဟုတ်။ ထိုသို့မဟုတ်ပါဘဲလျက် အဘယ့်ကြောင့် ကာယိန္ဒြေကို အကုသိုလ်တရားတို့၏ ဖြစ်ရာဌာနကဲ့သို့ ယူအပ် ဆိုအပ်ပါသနည်း၊ ရှင်းပြပါ။

ဖြေ။ ကာယိန္ဒြေ-ဟူသောကာယပသာဒရုပ်သည် ဖောဋ္ဌဗ္ဗာရုံ(ကာမဂုဏ်အတွေ့)ကို ယူခြင်းသဘောရှိသောကြောင့် ထိုဖောဋ္ဌဗ္ဗာရုံကို သာယာခြင်း၏ အစွမ်းဖြင့် ဖြစ်ကုန်သော မေထုနသေဝန-စသော အကုသိုလ်တရားတို့၏လည်းကောင်း၊ ထိုဖောဋ္ဌဗ္ဗာရုံလျှင် အကြောင်းရင်းရှိကုန်သော အဒိန္နာဒါန်-စသော အကုသိုလ်တရား တို့၏လည်းကောင်း ဟဒယဝတ္ထုထက် ထူးသောအကြောင်းဖြစ်သောကြောင့် ကာယိန္ဒြေ (ကာယပသာဒရုပ်)ကို အကုသိုလ်တရားတို့၏ ဖြစ်ရာဌာနကဲ့သို့ ယူအပ် ဆိုအပ်ပါ သည်။

၁၅ **မေး။** ဒုက္ခသဟဂတံ ကာယဝိညာဏ်-ပုဒ်မှ ဒုက္ခ-ပုဒ်၏ ဝစနတ္ထ ၃-မျိုးကို ဖော်ပြ၍၊ အဓိပ္ပာယ်အသီးသီးကိုလည်း ရေးပြပါ။

ဖြေ။ (၁) ဒု ကုစ္ဆိတံ ဟုတ္ဝာ ခနတိ ကာယိကသုခန္တိ ဒုက္ခံ။
(ခနတိတိ ခံ၊ ကုစ္ဆိတံ ခံ ဒုက္ခံ- ဝိဂြိုဟ်စစ်ပြုပါ။)

(၂) ဒုက္ခေန ခမိတဗ္ဗန္တိ ဝါ ဒုက္ခံ။
(ခမိတဗ္ဗန္တိ ခံ၊ ဒုက္ခေန ခံ ဒုက္ခံ-ဟု ဝိဂြိုဟ်စစ်ပြုပါ။)

(၃) ဒုက္ကရံ ခံ (သြကာသဒါန်) ဧတသ္မာတိ ဒုက္ခံ။

http://www.dhammadownload.com

-စက်ဆုပ်အပ်သည်ဖြစ်၍ ကာယိကသုခကို တူးဖြိုဖျက်ဆီးတတ်သော ကြောင့် "ဒုက္ခ" မည်ပါသည်။
- ဆင်းရဲသဖြင့် သည်းခံအပ်သောကြောင့် "ဒုက္ခ" မည်ပါသည်။
- ခဲယဉ်းစွာပြုအပ်သော အခွင့်ပေးခြင်းရှိသောကြောင့် (ခဲခဲယဉ်းယဉ်း ဒုခွင့်ပေးရခြင်းရှိသောကြောင့်) "ဒုက္ခ" မည်ပါသည်။

သိမှတ်ဖွယ်။ ။ တတိယနည်းသည် အပရေဆရာတို့အလိုဖြစ်၏။ ဒု-သဒ္ဒ ဒုက္ကရအနက် ဟော၊ ခ-သဒ္ဒါ ဩကာသဒါနအနက်ဟော-ဟု မှတ်ပါ။

မေး။ သမ္ဘဝိဆ္ဆန်၊ သန္တီရဏ-ပုဒ်တို့ကို ဝိဂြိုဟ်ဆို၍၊ အဓိပ္ပာယ်လည်း ရေးပြပါ။

ဖြေ။ - ပဋ္ဌဝိညာဏဂ္ဂဟိတံ ရူပါဒိအာရမ္မဏံ သမ္ဘဝိဆ္ဆတီတိ သမ္ဘဝိဆ္ဆနံ။
ပဋ္ဌဝိညာဉ်သည် ယူအပ်ပြီးသော ရူပါဒိအာရုံကို ခံယူတ
(လက်ခံတတ်)သောကြောင့် "သမ္ဘဝိဆ္ဆန = သမ္ဘဝိဆ္ဆိုင်း" မည်ပါသည်။
- သမ္ဘာ တီရေတိ ယထာသမ္ဘဝိဆ္ဆိတံ ရူပါဒိအာရမ္မဏံ ဝိမံသတီတိ သန္တီရဏ
သမ္ဘဝိဆ္ဆိုင်းသည် ခံယူအပ်ပြီးသော ရူပါဒိအာရုံအစရှိသော အာရုံကို ကောင်း
စုံစမ်းတတ်သောကြောင့် "သန္တီရဏ" မည်ပါသည်။

သိမှတ်ဖွယ်။ ။ သမ္ဘဝိဆ္ဆတီတိ သမ္ဘဝိဆ္ဆနံ၊ သမ္ဘာ တီရေတီတိ သန္တီရဏ-တို့ လိုရင်းဖြစ်၏-ဟုမှတ်ပါ။

မေး။ "အာရုံကို ခံယူတတ်သောကြောင့် သမ္ဘဝိဆ္ဆိုင်း" ဆိုရာ၌ လက်စသည်တို့ ခံယူသကဲ့သို့ တကယ်ခံယူတတ်သောကြောင့် ဆိုပါသလော? ရှင်းပြပါ။

ဖြေ။ လက်စသည်တို့ဖြင့် ခံယူသကဲ့သို့ တကယ်ခံယူတတ်သောကြောင့် ဆို မဟုတ်ပါ။ ခံယူသောအခြင်းအရာအားဖြင့် ဖြစ်သောကြောင့်သာ ဆိုခြင် ပါသည်။

မေး။ အကုသလဝိပါကစိတ္တာနိ-၌ "ဝိပါက = ဝိပါက်" ဟူသည် အဘယ်နည်း ဖြေ

ဖြေ။ အချင်းချင်း ဆန့်ကျင်ဘက်ဖြစ်ကုန်သော ကုသိုလ်, အကုသိုလ်တို့၏ အက သောကြောင့် "ဝိပါက = ဝိပါက်" မည်ပါသည်။

မေး။ ဝိပါက-ပုဒ်ကို ဝစနတ္ထပြု၍၊ အရကိုလည်း ကောက်ပြပါ။

ဖြေ။ အညမညဝိရုဒ္ဓါနံ ကုသလာကုသလာနံ ပါကာတိ ဝိပါကာ။ ("ဝိရုဒ္ဓါနံ ဝိပါကာ"သာ လိုရင်းဖြစ်၏။)

http://www.dhammadownload.com

ဝိပါက-အရ ရင့်ကျက်ခြင်းသဘောသို့ ရောက်သော (အကြောင်းဖြစ်သော ကုသိုလ်, အကုသိုလ်ကံတို့၏ မူချအကျိုးဖြစ်သော) နာမ်တရားတို့ကို ရပါသည်။

သိမှတ်ဖွယ်။။ ကုသိုလ်, အကုသိုလ်တို့နှင့် နာမ်တရားအဖြစ်ဖြင့်လည်းကောင်း၊ သာရမ္မဏ အဖြစ်ဖြင့်လည်းကောင်း၊ သုတ္တ, ကဏ္ဍအဖြစ် အစရှိသောအားဖြင့် လည်းကောင်း တူသော (မူချ အကျိုး ဖြစ်သော) နာမ်တရားတို့ကို **"ဝိပက္ကဘာဝမာပန္နေ"**ဟု ဆိုရပါသည်။ (အကြောင်းနှင့် တူသောအကျိုးကို မူချအကျိုး-ခေါ်သည်ဟု ရှင်းရှင်းမှတ်ပါ။)

မေး။ ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဖြစ်သောကြောင့် "ဝိပါက = ဝိပါက်" ခေါ်သည်ဆိုလျှင် ထိုကုသိုလ်, အကုသိုလ်ကံကြောင့်ဖြစ်သော ကဋတ္တာရူပ်-ခေါ် ကမ္မဇရူပ်တို့လည်း 'ဝိပါက'ဟူသော အမည်ကို ရနိုင်ရာသည် မဟုတ်ပါလော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ 'ဝိပါက' ဟူသောအမည်သည် ကုသိုလ်, အကုသိုလ်ကံတို့၏ မူချအကျိုး ဖြစ်သော နာမ်တရားတို့၏သာ အမည်ဖြစ်သောကြောင့် ကဋတ္တာရူပ်-ခေါ် ကမ္မဇရူပ်တို့သည် ကုသိုလ်ကံ, အကုသိုလ်ကံကြောင့် ဖြစ်ပါကုန်သော်လည်း 'ဝိပါက' ဟူသောအမည်ကို မရနိုင်ကြပါ။ ('ဝိပါက'သဒ္ဒါသည် ကုသိုလ်, အကုသိုလ်ကံနှင့် တူသော နာမ်တရားတို့၌သာ ထင်ရှားသော အထင်ရှုဋ္ဌသဒ္ဒါ ဖြစ်သောကြောင့်-ဟုလည်း အကြောင်းပြနိုင်သည်။ -ဇူ၊ ၁။ ၁၉၃။)

(ဆောင်) **မူချအကျိုး၊ ဖြစ်ရိုးမှန်ငြား၊ နာမ်တရား၏သာ၊ မည်ဖြစ်ပါ၍၊**
ကဋတ္တာသမုတ်၊ ထိုသည့်ရူပ်၊ အဟုတ် 'ဝိပါက်' မမည်နိုင်။

မေး။ အကုသလဝိပါကစိတ္တာနိ-ပုဒ်ကို ဝိဂြိုဟ်ဆို၍၊ အဓိပ္ပာယ်လည်း ရေးပြပါ။

ဖြေ။ အကုသလသော ဝိပါကစိတ္တာနိ အကုသလဝိပါကစိတ္တာနိ။ အကုသိုလ်၏ အကျိုးဖြစ်သောစိတ်တို့သည် "အကုသလဝိပါက်စိတ်"တို့ မည်ကြပါသည်။

မေး။ သုခသဟဂတံ-၌ သုခ-ပုဒ်ကို ရနိုင်သမျှ ဝစနတ္ထပြု၍၊ အဓိပ္ပာယ်လည်း ရေးပြပါ။

ဖြေ။ (၁) ကာယစိတ္တံ သုခယတီတိ သုခံ။
(၂) ကာယစိတ္တာဗာဓံ သုဋ္ဌု ခနတီတိ သုခံ။
(၃) သုခေန ခမိတဗ္ဗန္တိ သုခံ။
(၄) သုကရံ ခံ = ဩကာသဒါနံ ဧတဿာတိ သုခံ။
ကိုယ်နှင့်စိတ်ကို ချမ်းသာစေတတ်သောကြောင့် (=သုခဖြစ်သော

http://www.dhammadownload.com

ကရဏကာယနှင့် သောမနဿိန္ဒြေဖြစ်သော သမ္မယုတ်စိတ်ကို ခွဲးမြောက်ခြင်းကို ပြုတတ်သောကြောင့်) "သုခ"မည်ပါသည်။

- ကိုယ်, စိတ်တို့၏ ကျင်နာခြင်းကို (=ဒုက္ခိန္ဒြေဖြစ်သော ကရဏကာယနှင့် ဒေါမနဿိန္ဒြေဖြစ်သော သမ္မယုတ်စိတ်တို့၏ ကျင်နာခြင်းကို) တူးဖြိုဖျက်ဆီးတတ်သော ကြောင့် "သုခ"မည်ပါသည်။

- ချမ်းသာသဖြင့် သည်းခံအပ်သောကြောင့် "သုခ" မည်ပါသည်။

- လွယ်ကူစွာ ပြုအပ်သော အခွင့်ပေးခြင်းရှိသောကြောင့် "သုခ" မည်ပါသည်။

သိမှတ်ဖွယ်။။ စတုတ္ထနည်းကို အပရေဆရာတို့အလိုဟု သိပါ။ သု-သဒ္ဒါ သုကရအနက် ဟော၊ ခ-သဒ္ဒါ သြကာသဒါနအနက်ဟော ဖြစ်၏။

မေး။ အကုသလဝိပါက်သန္ဓိရဏကို တစ်ပါးတည်းသာဆိုသကဲ့သို့ မဆိုဘဲ ကုသလဝိပါက် သန္ဓိရဏကို အဘယ့်ကြောင့် နှစ်ပါးဆိုရပါသနည်း ဖြေဆိုပါ။

ဖြေ။ ဣဋ္ဌာရုံ၌ သောမနဿဝေဒနာ, ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာဝေဒနာ၊ ဤသို့ ဣဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံတို့၏ အပြားအားဖြင့် သောမနဿ, ဥပေက္ခာ ဝေဒနာ အပြား ဖြစ်သင့်သောကြောင့် အကုသလဝိပါက်သန္ဓိရဏကို တစ်ပါးတည်းသာ ဆိုသကဲ့သို့ မဆိုဘဲ ကုသလဝိပါက်သန္ဓိရဏကို နှစ်ပါးဆိုရခြင်း ဖြစ်ပါသည်။

မေး။ အကုသလဝိပါက်သန္ဓိရဏစိတ်၌လည်း အနိဋ္ဌာရုံ, အနိဋ္ဌမဇ္ဈတ္တာရုံတို့၏ အစွမ်းဖြင့် ဝေဒနာအပြား ဖြစ်သင့်သည်မဟုတ်ပါလော? ရှင်းပြပါ။

ဖြေ။ အကုသလဝိပါက်အာရာ၌ ထင်လာသောအာရုံသည် အနိဋ္ဌာရုံသာဖြစ်၏။ ထိုအနိဋ္ဌာရုံ၌ ဖြစ်ထိုက်သော ဒေါမနဿဝေဒနာသည်လည်း၊ ပဋိဃ(ဒေါသ)နှင့် ကင်း၍ ဖြစ်ခြင်းမရှိသောကြောင့်လည်းကောင်း၊ ပဋိဃ(ဒေါသ)သည်လည်း ဧကန် အကုသိုလ် သဘောရှိသည်ဖြစ်၍ အဗျာကတတရားတို့၌ မဖြစ်သင့်သောကြောင့် လည်းကောင်း အကုသလဝိပါက် သန္ဓိရဏစိတ်၌ အနိဋ္ဌာရုံ, အနိဋ္ဌမဇ္ဈတ္တာရုံတို့၏ အစွမ်းဖြင့် ဝေဒနာ အပြား မဖြစ်သင့်ပါ။

မေး။ ဧကန်အကုသိုလ်သဘောရှိသော ပဋိဃသည် အဘယ့်ကြောင့် အဗျာကတတရားတို့၌ မဖြစ်သင့်ပါသနည်း ဖြေဆိုပါ။

ဖြေ။ ကွဲပြားသောဇာတ်ရှိသော တရားကို ကွဲပြားသောဇာတ်ရှိသော တရားတို့၌ မရအပ် မရနိုင်သောကြောင့် ဧကန်အကုသိုလ်သဘောရှိသော ပဋိဃသည်

http://www.dhammadownload.com

အဗျာကတ တရားတို့၌ မဖြစ်သင့်ခြင်းဖြစ်ပါသည်။

မေး။ အဘယ့်ကြောင့် အကုသလဝိပါက်သန္ဓိရဏစိတ်၏ ဒေါမနဿသဟဂုတ် အဖြစ်ကို မဟောဘဲ ဥပေက္ခာသဟဂုတ်အဖြစ်ကိုသာ ဟောတော်မူရပါသနည်း ဖြေဆိုပါ။

ဖြေ။ မိမိနှင့် အတူယှဉ်ခြင်း၌ စွမ်းနိုင်သော (အတူယှဉ်ဘက်ဖြစ်သော) ပဋိဃသည် အဗျာကတတရားတို့၌ မဖြစ်သောကြောင့် အကုသလဝိပါက်စိတ်တို့၌ ဒေါမနဿ မဖြစ်ရကား ထိုအကုသလဝိပါက်သန္ဓိရဏစိတ်၏ ဒေါမနဿသဟဂုတ် အဖြစ်ကို မဟောဘဲ ဥပေက္ခာသဟဂုတ်အဖြစ်ကိုသာ ဟောတော်မူခြင်း ဖြစ်ပါသည်။

(တစ်နည်း) အားရှိသောယောကျ်း၏ အထောင်းအထုကို ခံရသော အားနည်းသောယောကျ်းသည် တစ်ဖန်ပြန်လည် ပုတ်ခတ်ခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ ထိုအားကြီးသောယောကျ်း၌ လျစ်လျူရှုရသကဲ့သို့၊ ထို့အတူ အကုသလဝိပါက်စိတ်တို့သည် အလွန်အားနည်းသောကြောင့် အနိဋ္ဌာရုံ၌သော် မှလည်း ဒေါမနဿဝေဒနာ ဖြစ်ခြင်း မရှိတော့။ ထို့ကြောင့် အကုသလဝိပါက်သန္ဓိရဏစိတ် နှစ်ပါးမဖြစ်ဘဲ ဥပေက္ခာသဟဂုတ်တစ်ပါးတည်းသာ ဖြစ်ရခြင်း ဖြစ်ပါသည်။

မေး။ အကုသလဝိပါက် သန္ဓိရဏစိတ်သည် ကုသလဝိပါက်သန္ဓိရဏစိတ်ကဲ့သို့ နှစ်ပါးမပြားဘဲ အဘယ့်ကြောင့် ဥပေက္ခာသဟဂုတ် တစ်ပါးတည်းသာ ဖြစ်ရပါသနည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ အနိဋ္ဌာရုံ၌ ဖြစ်ထိုက်သော ဒေါမနဿသည် ပဋိဃနှင့်ကင်း၍ ဖြစ်ခြင်းမရှိ၊ ပဋိဃသည်လည်း ဧကန်အကုသိုလ်သဘောရှိသည်ဖြစ်၍ အဗျာကတသဘော ရှိသော အကုသလဝိပါက်စိတ်တို့၌ မဖြစ်၊ ယင်းသို့ မိမိနှင့် အတူယှဉ်ဘက်ဖြစ်သော ပဋိဃ မဖြစ်သောကြောင့် ဒေါမနဿလည်း မဖြစ်တော့။ ဒေါမနဿ မဖြစ်၍ ဒေါမနဿ, ဥပေက္ခာ-ဟူ၍ ဝေဒနာအပြား မဖြစ်သင့်တော်ကြောင့် အကုသလဝိပါက်သန္ဓိရဏစိတ်သည် ကုသလဝိပါက် သန္ဓိရဏစိတ်ကဲ့သို့ နှစ်ပါးမပြားဘဲ ဥပေက္ခာသဟဂုတ် တစ်ပါးတည်းသာ ဖြစ်ရပါသည်။

လိုရင်း- အကုသလဝိပါက်စိတ်တို့၌ ပဋိဃမဖြစ်၍ ဒေါမနဿလည်း မဖြစ်၊ ဒေါမနဿမဖြစ်၍ ဝေဒနာမပြား၊ ဝေဒနာမပြားသောကြောင့် နှစ်ပါးမပြားဘဲ ဥပေက္ခာသဟဂုတ် တစ်ပါးတည်းသာ ဖြစ်ရသည်-ဟူလို။

http://www.dhammadownload.com

(တစ်နည်း)အားရှိသောယောကျ်ား၏ အထောင်းအထုကို ခံရသော အားနည်းသောယောကျ်ားသည် တစ်ဖန်ပြန်လည် ပုတ်ခတ်ခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ ထိုအားကြီးသောယောကျ်ား၌ လျစ်လျူရှုရသကဲ့သို့၊ ထို့အတူ အကုသလဝိပါက်စိတ်တို့သည် အလွန်အားနည်းသောကြောင့် အနိဋ္ဌာရုံ၌သော်မှလည်း ဒေါမနဿဝေဒနာဖြစ်ခြင်း မရှိတော့။ ထို့ကြောင့် အကုသလဝိပါက်သန္တီရဏစိတ် နှစ်ပါးမဖြစ်ဘဲ ဥပေက္ခာသဟဂုတ်တစ်ပါးတည်းသာ ဖြစ်ရခြင်း ဖြစ်ပါသည်။

အမှာ။ ။ ပထမ အမေး+အဖြေမှာ ဦကာကျော်လာအတိုင်းဖြစ်၍ ဤဒုတိယ အမေး+အဖြေကား ရှေ့နည်း၌ သိသာထင်ရှားစေရန် ရေးသားအပ်သော အမေး+အဖြေ ဖြစ်သည်ဟု သိပါ။ (တစ်နည်း)မှာ အတူတူပင် ဖြစ်သည်။

မေး။ စက္ခုဝိညာဉ်ဒွေးစသော စိတ် ၄-မျိုးတို့သည် အဘယ့်ကြောင့် ဥပေက္ခာသဟဂုတ်ချည်းသာ ဖြစ်ကြရပါသနည်း။

ဖြေ။ ဝတ္ထု၊ အာရုံတို့ထိခိုက်ခြင်း အားနည်းသောကြောင့် စက္ခုဝိညာဉ်ဒွေး စသော စိတ် ၄-မျိုးတို့သည် အနိဋ္ဌာရုံ၌လည်းကောင်း, ကျဋ္ဌာရုံ၌လည်းကောင်း ဥပေက္ခာသဟဂုတ်သာ ဖြစ်ကြရပါသည်။

မေး။ စက္ခုဝိညာဉ်ဒွေးစသော စိတ် ၄-မျိုးတို့၏ ဥပေက္ခာသဟဂုတ်ချည်းသာ ဖြစ်ကြရခြင်းအကြောင်းကို ဥပမာဆောင် ထင်ရှားအောင် ရေးသားဖြေဆိုပါ။

ဖြေ။ စက္ခုဝိညာဉ်ဒွေးစသော စိတ် ၄-မျိုးတို့၏ မှီရာဖြစ်သော စက္ခုပသာဒရုပ် စသည်တို့သည် ဥပါဒါရုပ်တို့သာ ဖြစ်၍၊ ၄င်းတို့၏ အာရုံဖြစ်သော ရူပါရုံ စသည်တို့သည်လည်း ဥပါဒါရုပ်တို့ပင် ဖြစ်ကြ၏။ ဥပါဒါရုပ်ဖြစ်သော ရူပါရုံစသည်က ဥပါဒါရုပ်ဖြစ်သော စက္ခုပသာဒစသည်ကို ထိခိုက်ခြင်းသည် ဝါဂွမ်းဆိုင်တစ်ခုက အခြား ဝါဂွမ်းစိုင်တစ်ခုကို ထိခိုက်ခြင်းကဲ့သို့ အလွန်အားနည်းပါသည်။ ထို့ကြောင့် စက္ခုဝိညာဉ်ဒွေးစသော စိတ် ၄-မျိုးတို့ ဥပေက္ခာသဟဂုတ်ချည်းသာ ဖြစ်ကြရခြင်း ဖြစ်ပါသည်။

မှတ်ချက်။ ။ ဝတ္ထု၊ အာရုံတို့ ထိခိုက်မှုက မပြင်းထန်ဘဲ ငြင်ငြင်သာသာရှိသည့်အတွက် ကျဋ္ဌာရုံ၌ဖြစ်စေ, အနိဋ္ဌာရုံ၌ဖြစ်စေ အရသာ မထင်ရှားပေ။ ထို့ကြောင့် စက္ခုဝိညာဉ်ဒွေး စသော စိတ် ၄-မျိုး၌ အာရုံ၏အရသာကို လွန်စွာခံစားတတ်သော သုခ, ဒုက္ခဝေဒနာများ မယှဉ်ဘဲ သင့်တင့်ရုံ ခံစားတတ်သော ဥပေက္ခာဝေဒနာသာ ယှဉ်ရသည်-ဟူလို။

http://www.dhammadownload.com

(ဆောင်) **အာရုံ, ဝတ္ထု၊ ထိခိုက်မှုက၊ ဥပါဒါချင်း၊ ဖြစ်တုံလျှင်း၍၊ မပြင်းသာသာ၊ အားနည်းစွာကြောင့်၊ စက္ခာဒိက၊ လေးဝိညာဉ်၊ ပေကွာယှဉ်၊ ဉာဏ်တွင် ထင်ကြစေ။**

မေး။ ရုပ်ရှင်ကားတစ်ကားကို ကြည့်ရှုခိုက်တွင် မြင်သိစိတ် (စက္ခုဝိညာဉ်စိတ်)နှင့် အတူတကွ ဖြစ်ပေါ်လာသည့် ဝေဒနာကို ဖော်ပြ၍၊ အဘယ့်ကြောင့် ထိုဝေဒနာ ဖြစ်ရကြောင်းကိုလည်း ရှင်းပြပါ။

ဖြေ။ ရုပ်ရှင်ကားတစ်ကားကို ကြည့်ရှုခိုက်တွင် မြင်သိစိတ် (စက္ခုဝိညာဉ်စိတ်)နှင့် အတူတကွ ဖြစ်ပေါ်လာသည့် ဝေဒနာမှာ ဥပေက္ခာဝေဒနာ ဖြစ်ပါသည်။

ရှုပါရုံဟူသော ဥပါဒါရုပ်နှင့် စက္ခုဝိညာဉ်၏မှီရာ စက္ခုပသာဒဟူသော ဥပါဒါရုပ်တို့ အချင်းချင်းထိခိုက်ခြင်းသည် ဝါဂွမ်းစိုင်အချင်းချင် ထိခိုက်သကဲ့သို့ အလွန်အားနည်းသောကြောင့် ဥပေက္ခာဝေဒနာသာ ဖြစ်ရခြင်း ဖြစ်ပါသည်။

မေး။ ကာယဝိညာဉ်သည် ဥပေက္ခာသဟဂုတ်မဖြစ်ဘဲ အဘယ့်ကြောင့် ဒုက္ခသဟဂုတ်, သုခသဟဂုတ်သာ ဖြစ်ရပါသနည်း။

ဖြေ။ ဝတ္ထု, အာရုံတို့ ထိခိုက်မှု အားရှိသောကြောင့် ကာယဝိညာဉ်သည် အနိဋ္ဌာရုံ၌ ဒုက္ခသဟဂုတ်၊ ဣဋ္ဌာရုံ၌ သုခသဟဂုတ် ဖြစ်ရပါသည်။

(ဆောင်) **အာရုံ, ဝတ္ထု၊ ထိခိုက်မှုက၊ ဗလဝမို့၊ ဣဋ္ဌ, နိဋ္ဌာ၊ အာရုံမှာဝယ်၊ သုခါ ဒုက္ခ၊ ဖြစ်ကြရ၊ ကာယဝိညာဉ်မှာ။**

မေး။ ကာယဝိညာဉ်၏ ဥပေက္ခာသဟဂုတ်မဖြစ်ဘဲ ဒုက္ခသဟဂုတ်, သုခသဟဂုတ် ဖြစ်ရခြင်းအကြောင်းကို ဥပမာဆောင် ထင်ရှားအောင် ဖြေဆိုပါ။

ဖြေ။ ကာယဝိညာဉ်၏ အာရုံကား ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော မဟာဘုတ် ၃-ပါးသာ ဖြစ်၏။ ထိဖောဋ္ဌဗ္ဗာရုံသည် ကာယပသာဒရုပ်၌ ထိခိုက်သည်ရှိသော် ထိုကာယ ပသာဒရုပ်ကို လွန်၍ ထိုကာယပသာဒရုပ်၏ မှီရာမဟာဘုတ်တို့၌ သွားရောက်ထိခိုက်ပါသည်။ ဘူတရုပ်တို့က ဘူတရုပ်တို့ကို ထိခိုက်ခြင်း (မဟာဘုတ်အချင်းချင်း ထိခိုက်ခြင်း)သည် ပေပေါ်(သံတုံးပေါ်)၌ ဝါဂွမ်းစိုင်ကိုတင်၍ သံတူဖြင့် ထုသောအခါ သံတူ သည် ဝါဂွမ်းစိုင်တွင်သာ မရုပ်ဘဲ ဝါဂွမ်းစိုင်ကို လွန်၍ အောက်ခံပေ(သံတုံး)ကို ရိုက်မိ ထိခိုက်မိသကဲ့သို့ အလွန်အားရှိပါသည်။ ထိုသို့ ဝတ္ထု, အာရုံတို့ ထိခိုက်မှု အားရှိသောကြောင့် ကာယဝိညာဉ်သည် အနိဋ္ဌာရုံ၌ ဒုက္ခသဟဂုတ်, ဣဋ္ဌာရုံ၌ သုခသဟဂုတ် ဖြစ်ရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

မှတ်ချက်။ ။ မဟာဘုတ်အချင်းချင်း ထိခိုက်မှုက အားရှိသောကြောင့် အရသာလည်း ထင်ရှား၏။ ထို့ကြောင့် အနိဋ္ဌာရုံနှင့် တွေ့ကြုံလျှင် ကာယဝိညာဉ်စိတ်မှာ ဒုက္ခဝေဒနာနှင့် ယှဉ်၍၊ ဣဋ္ဌာရုံနှင့် တွေ့ကြုံလျှင် သုခဝေဒနာနှင့် ယှဉ်ရသည်-ဟူလို။

မေး။ လူတစ်ယောက်မှာ ခန္ဓာကိုယ်တစ်ခုသာရှိပါလျက် အဘယ့်ကြောင့် ကာယဝိညာဉ်ဒွေး-ဟု ဆိုပါသနည်း ဖြေဆိုပါ။ (အဘိဓမ္မာစာမေးပွဲ မေးခွန်းဖြစ်၏။)

ဖြေ။ ကာယဝိညာဉ်၏ အာရုံဖြစ်သည့် ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော မဟာဘုတ် ၃-ပါးနှင့် ကာယပသာဒ၏မှီရာ မဟာဘုတ်တို့၏ ထိခိုက်ခြင်းသည် မဟာဘုတ် အချင်းချင်းဖြစ်၍ အားရှိသောကြောင့် အနိဋ္ဌာရုံနှင့်တွေ့ကြုံလျှင် ကာယဝိညာဉ်စိတ်မှာ ဒုက္ခဝေဒနာနှင့် ယှဉ်၍၊ ဣဋ္ဌာရုံနှင့် တွေ့ကြုံသောအခါ သုခဝေဒနာနှင့် ယှဉ်ရပါသည်။ ထို့ကြောင့် ကာယဝိညာဉ်ဒွေး-ဟု ဆိုရခြင်း ဖြစ်ပါသည်။

မေး။ သမ္ပဋိစ္ဆိုင်းဒွေး၏ ဥပေက္ခာသဟဂုတ်သာ ဖြစ်ရခြင်းအကြောင်းကို ဖြေဆိုပါ။

ဖြေ။ သမ္ပဋိစ္ဆိုင်းဒွေးသည် မိမိနှင့် တူသောမှီရာ မရှိသော(မှီရာမတူသော) စက္ခုဝိညာဉ်စသည်တို့၏ အခြားမဲ့၌ ဖြစ်ရ၍ တူသောမှီရာရှိသောစိတ်မှ အနန္တရပစ္စည်းကို မရသဖြင့် သဘောတူယောက်ျားတစ်ယောက်၏ အထောက်အပံ့မှ ကင်းသော ယောကျ်ားကဲ့သို့ အားမရှိရကား ခပ်သိမ်းသောအခြင်းအရာအားဖြင့် အာရုံ၏ အရသာကို ခံစားခြင်းငှါ မစွမ်းနိုင်ပါ။ ထို့ကြောင့် အလုံးစုံသောအာရုံတို့၌ ဥပေက္ခာသဟဂုတ်သာ ဖြစ်ရပါသည်။

သိမှတ်ဖွယ်။ ။ စက္ခုဝိညာဉ်စသည်တို့က စက္ခုဝတ္ထုစသည်တို့ကို မှီ၍ သမ္ပဋိစ္ဆိုင်းဒွေးက ဟဒယဝတ္ထုကို မှီသောကြောင့် မှီရာခြင်း မတူကြဟု သိပါ။

အချို့အဖြေ။ ။ "တူသောမှီရာရှိသောစိတ်မှ အနန္တရပစ္စည်းကို မရ၍ အားနည်းသောကြောင့် သမ္ပဋိစ္ဆိုင်းဒွေးသည် ဥပေက္ခာသဟဂုတ်သာ ဖြစ်ရပါသည်" ဟု အချို့စာအုပ်များ၌ ဖြေပြ ထားကြသည်။ ထိုအဖြေမှာ "သမာနာနိိသယော ယသ္မာ" စသော ဂါထာကို ကြည့်၍ဖြေသော အဖြေဖြစ်သည်။ ထိုအကြောင်းသည် ပဓာနကျသောအကြောင်းမဟုတ်၊ အထောက်အကူဖြစ်သော အကြောင်းသာ ဖြစ်ပါသည်။ အထက်၌ ရေးပြခဲ့သည့်အတိုင်း စုဏ္ဏိယနှင့်အညီ ဖြေပါမှ တိကျမှန်ကန်သော အဖြေဖြစ်မည်-ဟု သိပါလေ။

(ဆောင်) **အာရုံထွေပြား၊ ရသာများကို၊ ခံစားခြင်းငှါ၊ မစွမ်းပါ၍၊**
နှစ်ဖြာ မှတ်ကြ၊ ပဋိစ္ဆ၊ ဖြစ်ရ ဥပေက္ခာ။

http://www.dhammadownload.com

မေး။ ကုသလဝိပါက်သန္ဓိရဏစိတ်သည် သမ္မဒ္ဓိဆွဲငင်ဒွေးကဲ့သို့ ဥပေက္ခာသဟဂုတ် ဖြစ်ဘဲ အဘယ့်ကြောင့် သောမနဿသဟဂုတ်, ဥပေက္ခာသဟဂုတ် ဖြစ်ရပါသနည်း။

ဖြေ။ ကုသလဝိပါက်သန္ဓိရဏစိတ်သည် တူသောမှီရာရှိသော သမ္မဒ္ဓိဆွဲငင်စိတ်မှ အနန္တရပစ္စည်းကို ရ၍ သဘောတူယောကျ်ားတစ်ယောက်၏ အထောက်အပံ့ကိုရသော ယောကျ်ားကဲ့သို့ အားရှိရကား ခပ်သိမ်းသောအခြင်းအရာအားဖြင့် အာရုံ၏ အရသာကို ခံစားခြင်းငှါ စွမ်းနိုင်ပါသည်။ ထို့ကြောင့် သမ္မဒ္ဓိဆွဲငင်ဒွေးကဲ့သို့ ဥပေက္ခာသဟဂုတ် မဖြစ်ဘဲ ကျွဌာရုံ၌ သောမနဿသဟဂုတ်ဖြစ်၍ ကျွဌမဗ္ဗတ္တာရုံ၌ ဥပေက္ခာသဟဂုတ် ဖြစ်ရပါသည်။

(ဆောင်) **တုဝိပါက၊ သန္ဓိရဏတုံ၊ အာရုံထွေပြား၊ ရသာများကို၊ ခံစားခြင်းငှါ၊ စွမ်းနိုင်ပါ၍၊ ကျွဌာ, မဗ္ဗ၊ လျော်စွာပ၊ ဖြစ်ရ သော-ဥ ပါ။**

မေး။ ကုသလဝိပါက် သန္ဓိရဏသည်သည် အဘယ့်ကြောင့် အာရုံ၏အရသာကို ခံစားခြင်းငှါ စွမ်းနိုင်ပါသနည်း၊ ဖြေဆိုပါ။

ဖြေ။ တူသောမှီရာရှိသော သမ္မဒ္ဓိဆွဲငင်စိတ်မှ အနန္တရပစ္စည်းကိုရ၍ အားရှိသောကြောင့် အာရုံ၏အရသာကို ခံစားခြင်းငှါ စွမ်းနိုင်ပါသည်။

(ဆောင်) **နှစ်ပါးသန္ဓိ-ရဏသည်ကား၊ အမှီတူလှိုင်း၊ သမ္မဒ္ဓိဆွဲငင်မှ၊ နန္တရဟု၊ ပစ္စယသတ္တိ၊ ရတုံဘိ၍၊ အားရှိလေငြား၊ စွမ်းပကားကြောင့်၊ ထွေပြားဖုံဖုံ၊ အာရုံအရသာ၊ တွေ့ကြုံရာ၊ ကောင်းစွာ ခံစားနိုင်ပေသည်။**

မေး။ အာဝဇ္ဇန်းဒွေးသည် မိမိနှင့် တူသောမှီရာရှိသော ဘဝင်္ဂုပစ္ဆေဒ, သန္ဓိရဏ တို့၏ အခြားမဲ့၌ ဖြစ်ရပါလျက် အဘယ့်ကြောင့် သောမနဿသဟဂုတ်, ဥပေက္ခာသဟဂုတ်အဖြစ်ကို မဆိုဘဲ ဥပေက္ခာသဟဂုတ်အဖြစ်ကိုသာ ဆိုရပါသနည်း။

ဖြေ။ အာဝဇ္ဇန်ဒွေးသည် ခပ်သိမ်းသောအခြင်းအရာအားဖြင့် အာရုံ၏အရသာကို ခံစားခြင်းငှါ မစွမ်းနိုင်သောကြောင့် သောမနဿသဟဂုတ်, ဥပေက္ခာသဟဂုတ်အဖြစ်ကို မဆိုဘဲ ဥပေက္ခာသဟဂုတ်အဖြစ်ကိုသာ ဆိုရခြင်း ဖြစ်ပါသည်။

(အကျဉ်း)

အာဝဇ္ဇန်းဒွေးတွင် **ရှေ့ဖြစ်သော ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ်**သည် ရှေ့၌ တစ်စုံတစ်ခု သောစိတ်သည် မယူအပ်သေးသည်သာလျှင်ဖြစ်သော အာရုံ၌ ဖြစ်ရသောကြောင့် လည်းကောင်း၊ အကြိမ်များစွာမဖြစ်, တစ်ကြိမ်သာ ဖြစ်သောကြောင့် လည်းကောင်း၊ **နောက်ဖြစ်သော မနောဒ္ဒါရာဝဇ္ဇန်းစိတ်**သည်လည်း မိမိနှင့် မတူသော ဇောစိတ်, ဘဝင်စိတ်အစဉ်ကို နောက်၌ ဖြစ်စေရခြင်း၏အစွမ်းဖြင့် ဗျာပါရ

http://www.dhammadownload.com

တစ်ပါး(ကိစ္စတစ်ပါး)ကို ငဲ့နေရသောကြောင့်လည်းကောင်း ခပ်သိမ်းသော အခြင်းအရာအားဖြင့် အာရုံ၏ အရသာကို ခံစားခြင်းငှါ မစွမ်းနိုင်ပါ။ ထို့ကြောင့် ထိုစိတ်နှစ်ပါး၏ သောမနဿသဟဂုတ်, ဥပေက္ခာသဟဂုတ်အဖြစ်ကို မဆိုဘဲ ဥပေက္ခာသဟဂုတ်အဖြစ်ကိုသာ ဆိုရခြင်း ဖြစ်ပါသည်။ **(အကျယ်)**

သိမ့်တ်ဖွယ်

"ရွေ့ဖြစ်သော ပဋ္ဌဒ္ဓါရာဝဇ္ဇန်း၊ နောက်ဖြစ်သော မနောဒ္ဓါရာဝဇ္ဇန်း" ဆိုရာ၌ ဖြစ်စဉ် ဥပ္ပတ္တိက္ကမ-ဟု မမှတ်နှင့်၊ အရှင်အနုရုဒ္ဓါဆရာ၏ ပြစဉ် နိဒ္ဒိဋ္ဌက္ကမ၊ မြတ်စွာဘုရား ဟောစဉ် ဒေသနာက္ကမ-ဟု မှတ်ပါ။ ဦးကာစာကိုယ်အရ ပဋ္ဌဒ္ဓါရာဝဇ္ဇန်းအတွက် အကြောင်းတစ်ချက် ဟုသာ ထင်မှတ်ဖွယ်ရှိသော်လည်း မဏိမဉ္ဇူက အကြောင်းနှစ်ချက်ဖြစ်အောင် ဖွင့်ပြထားသောကြောင့် ၎င်းအတိုင်း အကြောင်းနှစ်ချက် ရေးပြလိုက်ပါသည်။(ဇူ၊ ၁။ ၁၉၉။)

(ဆောင်) **အာရုံထွေပြား၊ ရသာများကို၊ ခံစားခြင်းငှါ၊ မစွမ်းပါ၍၊**
အာဝဇ္ဇန်းဒွေး၊ မှန်းကာတွေး၊ ဖြစ်ရေး ဥပေက္ခာ၊

၃၈ **မေး။** "မနောဒ္ဓါရာဝဇ္ဇန်းသည် ဗျာပါရတစ်ပါး(ကိစ္စတစ်ပါး)ကို ငဲ့နေရသည်" ဟု ဆိုရာ ယင်းဗျာပါရတစ်ပါး(ကိစ္စတစ်ပါး)ကို ဖော်ပြပါ။

ဖြေ။ မိမိနှင့်မတူသော ဇောစိတ်, ဘဝင်စိတ်အစဉ်ကို နောက်၌ဖြစ်စေရခြင်း ဖြစ်ပါသည်။

၃၆ **မေး။** ကုသလဝိပါကာဟေတုကစိတ္တာနိ-ပုဒ်ကို ဝစနတ္ထပြုပြခဲ့ပါ။

ဖြေ။ ကုသလဿ ဝိပါကာနိ ကုသလဝိပါကာနိ၊ ကုသလဝိပါကာနိ စ တာနိ အဟေတုကစိတ္တာနိ စာတိ ကုသလဝိပါကာဟေတုကစိတ္တာနိ။

၄၅ **မေး။** အကုသလဝိပါက်စိတ် ၇-ပါးစသော ၁၈-ပါးသောစိတ်တို့ကို အဘယ့်ကြောင့် "အဟိတ်စိတ်"ဟု ခေါ်ဆိုရပါသနည်း။

ဖြေ။ အလောဘအစရှိသော ယှဉ်ဘော်ယှဉ်ဘက် သမ္မယုတ်ဟိတ်မှ ကင်းသောကြောင့် (သမ္မယုတ်ဟိတ် မရှိသောကြောင့်) ထို ၁၈-ပါးသောစိတ်တို့ကို "အဟိတ်စိတ်" ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

၄၁ **မေး။** အဟိတ်ကုသလဝိပါက်စိတ် ၈-ပါးတို့သည် သမ္မယုတ်ဟိတ်မှ ကင်းကြပါကုန်သော်လည်း ဖြစ်စေတတ်သော ဇနကဟိတ်၏အစွမ်းဖြင့် ပြီးစီးကြရသောကြောင့်

http://www.dhammadownload.com

ထိုဇနကဟိတ်၏အစွမ်းဖြင့် သဟိတ်-ဟူသော အမည်ကို ရသင့်ကြသည် မဟုတ်ပါလော၊ အဘယ့်ကြောင့် အဟိတ်-ဟူသောအမည်ကို ရကြပါသနည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ အဟိတ်ကုသလဝိပါက်စိတ် ၈-ပါးတို့သည် ဖြစ်စေတတ်သော ဇနကဟိတ်၏ အစွမ်းဖြင့် ပြီးစီးကြရပါကုန်သော်လည်း အလောဘစသော ယှဉ်ဘော်ယှဉ်ဘက် သမ္မယုတ်ဟိတ်မရှိသောကြောင့် ထိုယှဉ်ဘော်ယှဉ်ဘက်သမ္မယုတ်ဟိတ်၏ အစွမ်းဖြင့် သာလျှင် "အဟိတ်"ဟူသောအမည်ကို ရကြပါသည်။ ဇနကဟိတ်၏ အစွမ်းဖြင့် "သဟိတ်"ဟူသော အမည်ကို မရနိုင်ကြပါ။

မေး။ အဟိတ်ကုသလဝိပါက်စိတ် ၈-ပါးတို့သည် အဘယ့်ကြောင့် သမ္မယုတ်ဟိတ်၏အစွမ်းဖြင့် အဟိတ်-ဟူသောအမည်ကိုရ၍ ဇနကဟိတ်၏အစွမ်းဖြင့် သဟိတ်-ဟူသောအမည်ကို မရကြပါသနည်း။

ဖြေ။ ဇနကဟိတ်၏အစွမ်းဖြင့် "သဟိတ်"ဟူသောအမည်ကို ရခဲ့သော် မဟာဝိပါက်စိတ်တို့နှင့် ဤအဟိတ်ကုသလဝိပါက်စိတ်တို့ သဟေတုကအဖြစ်ဖြင့် တူရကားထူးခြားမှုမရှိဘဲ အတူတူပင် ဖြစ်ရာသောကြောင့် ဇနကဟိတ်၏အစွမ်းဖြင့် "သဟိတ်" ဟူသောအမည်ကို မရကြပါ။

မေး။ ကုသလဝိပါက်စိတ်၏အဆုံး နိဂုံး၌ အဟေတုက-သဒ္ဒါကို ထည့်ဆိုသကဲ့သို့ အကုသလဝိပါက်စိတ်၏အဆုံး နိဂုံး၌ အဘယ့်ကြောင့် အဟေတုက-သဒ္ဒါကို ထည့် မဆိုပါသနည်း။

ဖြေ။ အကုသလဝိပါက်စိတ်သည် စင်စစ်အဟိတ်တစ်မျိုးတည်းသာဖြစ်၍ အခြားသဟိတ်ဝိဖါက်များ ကပ်ငြိပါဝင်လာခြင်းဟူသော "ဗျဘိစာရ"မရှိသောကြောင့် အကုသလဝိပါက်စိတ်၏အဆုံး နိဂုံး၌ "အဟေတုက"သဒ္ဒါကို ထည့်မဆိုခြင်း ဖြစ်ပါသည်။

ရှင်းရှင်းကား- အကုသလဝိပါက်စိတ်တို့သည် အဟိတ်စင်စစ် ၈ကန်ဖြစ်၍ 'သဟိတ်လေလား'ဟု လျှဉ်းပါးယုံမှားဖွယ် မရှိသောကြောင့် အကုသလဝိပါက်စိတ်၏ အဆုံးနိဂုံး၌ "အဟေတုက"သဒ္ဒါကို ထည့်မဆိုခြင်း ဖြစ်ပါသည်။

ကြည့်ရှုဖွယ်

ဗျဘိစာရာဘာဝတော။ (ဦးကာကျော်)။

ဗျဘိစာရာဘာဝတောတိ အကုသလဝိပါကာနံ ဧကန္တအဟေတုကတ္တာ အဟေတုကာဘာဝဿ ဗျဘိစာရဿ အနေကန္တိကဘာဝဿ အဘာဝတော၊ သဟေတုက-

http://www.dhammadownload.com

ဘာဝပွသင်္ဂါဘာဝတောတိ အဓိပ္ပာယော။ (မဏိမဉ္ဇူ။ ၁။ ၂၀၂။)

သိမှတ်ဖွယ်များ။ ။ အဟိတ်ကုသလဝိပါက်စိတ်အဆုံး နိဂုံး၌ 'အဟေတုက'သဒ္ဒါ မပါဘဲ 'ကုသလဝိပါကစိတ္တာနိ နာမ'ဟုသာဆိုလျှင် မဟာဝိပါက်, မဟဂ္ဂုတ်ဝိပါက်, လောကုတ္တရာဝိပါက် ဟူသော အခြားကုသလဝိပါက်စိတ်များ ကပ်ငြိပါဝင်လာခြင်း ဟူသော ဗျဘိစာရ ဖြစ်လေရာသောကြောင့် ထိုကဲ့သို့ ဗျဘိစာရ မဖြစ်ရလေအောင် "ကုသလဝိပါကာဟေတုကစိတ္တာနိ နာမ"ဟု အဟေတုက-သဒ္ဒါကို ထည့်ဆိုရခြင်း (အဟေတုက-ဟူသော ဝိသေသနကို ကူမ,ရခြင်း) ဖြစ်ပါသည်။

<u>ဝိသေသန ကူမရကျိုး</u>။ ။ ဝိသေသန ကူမခြင်းသည် သမ္ဘဝနှင့် ဗျဘိစာရ ၂-မျိုး ရှိရာ၌သာ အကျိုးရှိ၏။ "**သမ္ဘဝ**"ဟူသည် အနက်အဓိပ္ပာယ်များနှင့် ဆက်ဆံလောက်အောင် သာမညဖြစ်နေခြင်းတည်း။ "**ဗျဘိစာရ**"ဟူသည်ကား ထိုသို့ သာမညဖြစ်နေခြင်းကြောင့် မလိုရာအနက်များ ရှေးရှုပါဝင်လာခြင်း ဟူသော အကျိုးတည်း။ မဏိမဉ္ဇူ၌ "ဗျဘိစာရ"ကို 'အနေကန္တိကဘာဝ' ဟုလည်းကောင်း၊ 'ပသင်္ဂ'ဟု လည်းကောင်း ဖွင့်၏။ 'အနေကန္တိကဘာဝ'ဟူသည် များသောအနက်အဖို့ရှိသည်၏အဖြစ် (အနက်အများပါဝင်လာခြင်း, အနက်အများနှင့် ဆက်ဆံနေခြင်း)တည်း။ 'ပသင်္ဂ' ဟူသည် လင်းပါးဖွယ်ရှိခြင်း, ကပ်ငြိပါဝင်ခြင်းတည်း။

သမ္ဘဝေ ဗျဘိစာရေ စ၊ ဝိသေသနံ သာတ္ထကံ သိယာ။
သမ္ဘဝေါ နာမ သာမညံ၊ ဗျဘိစာရော တု တပ္ပလံ။

၄၄ **မေး။** အကုသလဝိပါက်စိတ်တို့ သဟိတ်မဖြစ်ဘဲ အဟိတ်စင်စစ် ဧကန်ဖြစ်ကြောင်းကို အဘယ့်ကြောင့် သိရပါသနည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ အကုသလဝိပါက်စိတ်တို့သည် လောဘစသော သာဝဇ္ဇမမ္မတို့၏ အကျိုးဖြစ်၍ ထိုလောဘစသော သာဝဇ္ဇမမ္မတို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော အလောဘစသောဟိတ်တို့နှင့် မယှဉ်သင့်သောကြောင့်လည်းကောင်း၊ မိမိဟူသော အကုသလဝိပါက်စိတ်တို့ကိုယ်တိုင်လည်း အဗျာကတ နိရဝဇ္ဇသဘောရှိ၍ လောဘစသော သာဝဇ္ဇ အကုသလမမ္မတို့နှင့် ယှဉ်ဖို့ရန် ဆန့်ကျင်နေသောကြောင့်လည်းကောင်း တစ်ရံ တစ်ခါမျှ သဟိတ်အဖြစ်ဖြင့် မဖြစ်သင့်ပါ။ ထို့ကြောင့် အဟိတ်စင်စစ် ဧကန်ဖြစ်ကြောင်းကို သိရပါသည်။ (သာဝဇ္ဇ-အပြစ်နှင့်တကွဖြစ်-အပြစ်ရှိ။ နိရဝဇ္ဇ-အပြစ်မရှိ။)

၄၅ **မေး။** ဥပေက္ခာသဟဂတံ ပဉ္စဒ္ဒါရာဝဇ္ဇနစိတ္တံ-စသော စကားရပ်ကို အဘယ်အကျိုးငှါ မိန့်ဆိုရပါသနည်း။

http://www.dhammadownload.com

ဖြေ။ အဟိတ်စိတ်အရာဝယ် အဟိတ်ကြိယာစိတ်တို့ကိုလည်း ကိစ္စအပြားအားဖြင့် သုံးပါးအပြားအားဖြင့် ပြခြင်းအကျိုးငှါ "ဥပေက္ခာသဟဂတံ ပဋ္ဌဒ္ဓါရာဝဇ္ဇနစိတ္တံ" စသော စကားရပ်ကို မိန့်ဆိုရခြင်းဖြစ်ပါသည်။

သိမှတ်ဖွယ်။။ "ကိစ္စအပြား" ဟူသည် ပဋ္ဌဒ္ဓါရ၌ အာဝဇ္ဇန်းကိစ္စ၊ မနောဒ္ဓါရ၌ အာဝဇ္ဇန်းကိစ္စ, ဟသနကိစ္စတို့တည်း။

မေး။ ဋီကာကျော်အလို အဟိတ်စိတ် ၁၈-ပါးတို့တွင် (က) နိဿယဘေဒစိတ် (ခ) ကိစ္စဘေဒစိတ်များကို ခွဲခြားဖော်ပြပါ။

ဖြေ။ (က) နိဿယဘေဒစိတ်မှာ ဒွေးပဋ္ဌဝိညာဉ်-၁၀ ဖြစ်ပါသည်။

(ခ) ကိစ္စဘေဒစိတ်များကား သဉ္ဇိဉ္ဈိုင်းဒွေး, သန္တီရဏ ၃-ခု, အဟိတ်ကြိယာစိတ် ၃-ခုတို့ ဖြစ်ပါသည်။

ပရမတ္ထဒီပနီ၌ကား အောက်ပါအတိုင်း ခွဲပြထားပါသည်။

ဝတ္ထုဘေဒစိတ်၊ ဒ္ဝါရဘေဒစိတ် - ဒွေးပဋ္ဌဝိညာဉ် ၁၀၊
ကိစ္စဘေဒစိတ် - ဒွေးပဋ္ဌဝိညာဉ် ၁၀၊ သမ္ပဋိဉ္ဈိုင်းဒွေး၊ ဟသိတုပ္ပါဒ်။
ကိစ္စ ဝေဒနာဘေဒစိတ် - သန္တီရဏ ၃-ခု။
ကိစ္စ ဒ္ဝါရဘေဒစိတ် - အာဝဇ္ဇန်းဒွေး။

(ဆောင်) **ပဋ္ဌဝိဉ်ဈ၊ ဝတ္ထု, ဒ္ဝါရ၊**
သမ္ပ, ဟသိ၊ ထည့်ဘိ ကိစ္စာ။
သန္တီရဏ၊ ကိစ္စ ဝေဒနာ၊
အာဝဇ္ဇ၊ ကိစ္စ ဒ္ဝါရပါ။

သာဓက - အကုသလဝိပါကေယေဝ စက္ခာဒိနိဿယသမ္ပဋိစ္ဆနာဒိကိစ္စဘေဒေန သတ္တဓာ ဝိဘာဇိတုံ။ -အဟေတုကကိရိယစိတ္တာနိပိ ကိစ္စဘေဒေန တိဓာ ဒဿေတုံ။ (ဋီကာကျော် စ၂၈၆။)

မေး။ အဘယ့်ကြောင့် "ပဋ္ဌဒ္ဓါရာဝဇ္ဇန်း"မည်ပါသနည်း ဋီကာလာအတိုင်း ပြည့်စုံစွာ ဖြေဆိုခဲ့ပါ။

ဖြေ။ စက္ခုအစရှိသော ဝါးဒွါရ၌ ထိခိုက်လာသော အာရုံငါးပါးကို ဆင်ခြင်တတ်နှလုံးသွင်းတတ်သောကြောင့် "ပဋ္ဌဒ္ဓါရာဝဇ္ဇန်း"မည်ပါသည်။

(တစ်နည်း) စက္ခုအစရှိသော ဝါးဒွါရ၌ဖြစ်သော စိတ်အစဉ်ကို ဘဝင်၏ အစွမ်းဖြင့် ဖြစ်ခွင့်မပေးဘဲ ဝီထိစိတ်ဖြစ်ခြင်းငှါ ညွှတ်စေတတ်သောကြောင့်

http://www.dhammadownload.com

"ပဉ္စဒ္ဒါရာဝဇ္ဇန်း" မည်ပါသည်။

၄၈ **မေး။** ပဉ္စဒ္ဒါရာဝဇ္ဇနစိတ်-ဟူသောပုဒ်ကို အစိတ်+အပေါင်း ဝစနတ္ထပြု၍၊ အရလည်း ကောက်ပြခဲ့ပါ။

ဖြေ။ စက္ခာဒိပဉ္စဒ္ဒါရေ ယဉ္စိတံ အာရမ္မဏံ အာဝဇ္ဇေတိတိ ပဉ္စဒ္ဒါရာဝဇ္ဇန်။ (အာဝဇ္ဇေတိတိ အာဝဇ္ဇန်၊ ပဉ္စဒ္ဒါရေ အာဝဇ္ဇန် ပဉ္စဒ္ဒါရာဝဇ္ဇန်။)

(တစ်နည်း) စက္ခာဒိပဉ္စဒ္ဒါရေ စိတ္တသန္တာနံ အာဝဇ္ဇေတိတိ ပဉ္စဒ္ဒါရာဝဇ္ဇန်။ ကိရိယာအဟိတ် မနောဓာတ်စိတ်ကို ရပါသည်။

သိမှတ်ဖွယ်။ ။ အာဝဇ္ဇန်းသည် (၁) ဉာဏာဝဇ္ဇန်း (၂) အာဘောဂါဝဇ္ဇန်း-ဟု ၂-မျိုးရှိရာ ဉာဏာဝဇ္ဇန်းကို နစ်စေလိုသောကြောင့် အာဝဇ္ဇေတိ-ကို တတ္ထ အာဘောဂံ ကရောတိ-ဟု ဖွင့်သည်။

၄၉ **မေး။** မနောဒ္ဓါရာဝဇ္ဇန်-ပုဒ်၌ အဘယ်သည် အဘယ့်ကြောင့် "မနောဒ္ဓါရ" မည်ပါသနည်း၊ ဖြေဆိုပါ။

ဖြေ။ မနောဒ္ဓါရာဝဇ္ဇန်း၏ အနန္တရပစ္စည်းဖြစ်သော ဘဝင်္ဂုပစ္ဆေဒ ၁၉-ခုသည် အာဝဇ္ဇန်းအစရှိသော ဝီထိစိတ်တို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် "မနောဒ္ဓါရ" မည်ပါသည်။

၅၀ **မေး။** မနောဒ္ဓါရံ-ပုဒ်၌ မနော-အရ, မနောဒ္ဓါရ-အရ, မနောဒ္ဓါရာဝဇ္ဇန-အရတို့ကို ခွဲခြားဖော်ပြပါ။

ဖြေ။ မနော-အရ အာဝဇ္ဇန်းအစရှိသော ဝီထိစိတ်တို့ကို ရ၏။

မနောဒ္ဓါရ-အရ မနောဒ္ဓါရာဝဇ္ဇန်း၏ အနန္တရပစ္စည်းဖြစ်သော (မနောဒ္ဓါရာဝဇ္ဇန်းရှေ့က ကပ်ဖြစ်သော) ဘဝင်္ဂုပစ္ဆေဒ ၁၉-ခုကို ရ၏။ (ဘဝင်စိတ်အားလုံးကိုလည်း ကောက်ကြပါသည်။)

မနောဒ္ဓါရာဝဇ္ဇန-အရ ကိရိယာအဟိတ် မနောဝိညာဏဓာတ် ဥပေက္ခာသဟဂုတ်စိတ်ကို ရ၏။

သိမှတ်ဖွယ်။ ။ မနာနံ(အာဝဇ္ဇနာဒီနံ ဝီထိစိတ္တာနံ) ဒ္ဝါရံ မနောဒ္ဓါရံ-ဟု ဝစနတ္ထ ပြုပါ။

မဏိမဉ္ဇူသဉ် "မနော ဧဝ၊ ဘဝင်စိတ်သည်ပင်လျှင်။ ဒ္ဝါရံ၊ ဝီထိစိတ်တို့၏ ဖြစ်ကြောင်းတည်း။ မနောဒ္ဓါရံ၊ဖြစ်ကြောင်း"ဟူသော ဝစနတ္ထကိုလည်း ဖွင့်ပြသေး၏။ ဤနေရာ ဋီကာအဖွင့်နှင့် မလျော်ပါ။ စာကိုယ် ၁၂၈-လည်း ကြည့်ပါ။

http://www.dhammadownload.com

၅၁ **မေး။** အဘယ့်ကြောင့် "မနောဒွါရာဝဇ္ဇန်း" မည်ပါသနည်း၊ ဖြေဆိုပါ။

ဖြေ။ မနောဒွါရ၌ မြင်ဖူးခြင်း, ကြားဖူးခြင်း, သိဖူးခြင်းစသည်တို့၏အစွမ်းဖြင့် ထင်လာသော အာရုံကို ဆင်ခြင်တတ်, နှလုံးသွင်းတတ်သောကြောင့် "မနောဒွါရာဝဇ္ဇန်း" မည်ပါသည်။

(တစ်နည်း) မနောဒွါရ၌ဖြစ်သော စိတ်အစဉ်ကို ဘဝင်၏အစွမ်းဖြင့် ဖြစ်ခွင့်မပေးဘဲ ဝီထိစိတ်ဖြစ်ခြင်းငှါ ညွှတ်စေတတ်သောကြောင့် "မနောဒွါရာဝဇ္ဇန်း" မည်ပါသည်။

သိမှတ်ဖွယ်

မဟာဂဇစိတ်, သဗ္ဗညုတဉာဏ်နှင့် အလားတူသောစိတ်။ ။အာရုံမပြုနိုင်သော တရားမရှိ၊ တရားဉာဏ်သုံ့ အလုံးစုံကို အာရုံပြုနိုင်သောကြောင့် ဤမနောဒွါရာဝဇ္ဇန်းစိတ်ကို "မဟာဂဇစိတ် - ဆင်ပြောင်ကြီးနှင့် တူသောစိတ်"ဟု လည်းကောင်း၊ "သဗ္ဗညုတဉာဏ်နှင့် အလားတူသော စိတ်"ဟုလည်းကောင်း ခေါ်ဆိုရပါသည်။ (အဋ္ဌသာလိနီ အဋ္ဌကထာ၊ ၃၃၃။)

၅၂ **မေး။** မနောဒွါရာဝဇ္ဇနစိတ္တံ-ဟူသောပုဒ်ကို အစိတ်+အပေါင်း ဝစနတ္ထပြု၍၊ အရလည်းကောက်ပြခဲ့ပါ။

ဖြေ။ မနောဒွါရေ အာပါထမာဂတံ အာရမ္မဏံ အာဝဇ္ဇေတီတိ မနောဒွါရာဝဇ္ဇနံ။ (ပဋ္ဌဒွါရာဝဇ္ဇန်-ပုဒ်နည်းတူ ဝိဂြိုဟ်စစ်ပြုပါ။)

(တစ်နည်း) မနောဒွါရေ စိတ္တသန္တာနံ အာဝဇ္ဇေတီတိ မနောဒွါရာဝဇ္ဇနံ။ ကိရိယာအဟိတ် မနောဝိညာဏဓာတ် ဥပေက္ခာသဟဂုတ်စိတ်ကို ရ၏။

၅၃ **မေး။** ပဋ္ဌဒွါရာဝဇ္ဇန်းနှင့် မနောဒွါရာဝဇ္ဇန်းတို့၏ ဆင်ခြင်သုံးသပ်ပုံအထူးကို ရေးသားဖော်ပြပါ။

ဖြေ။ ပဋ္ဌဒွါရာဝဇ္ဇန်းသည် စက္ခုအစရှိသော ဒွါရ ၅-ပါး၌ ထင်လာသည့် ရူပါရုံ စသော အာရုံ ၅-ပါးကို ဆင်ခြင်သုံးသပ်၍၊ မနောဒွါရာဝဇ္ဇန်း မနောဒွါရ၌ ထင်လာသော ဓမ္မာရုံကို ဆင်ခြင်သုံးသပ်ပါသည်။

၅၄ **မေး။** မနောဒွါရာဝဇ္ဇန်းစိတ်၏ အခြားအမည်တစ်မျိုးကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ မနောဒွါရာဝဇ္ဇန်းစိတ်၏ အခြားအမည်တစ်မျိုးမှာ "ဝုဋ္ဌေ" ဖြစ်ပါသည်။ အကြောင်းကား-ပဋ္ဌဒွါရ၌ သန္ဓိရဏသည် စုံစမ်းအပ်ပြီးသောအာရုံကို ပိုင်းခြားသတ်မှတ် ဆုံးဖြတ်တတ်သောကြောင့်တည်း။

http://www.dhammadownload.com

၅၅ **မေး။** "ဟသိတုပ္ပါဒ်" ဟူသည် အဘယ်နည်း ဖြေဆိုပါ။
ဖြေ။ ပြီးရယ်ခြင်း(သိတ)မျှကိုသာ ဖြစ်စေတတ်သော စိတ် ဖြစ်ပါသည်။

၅၆ **မေး။** ဟသိတုပ္ပါဒ-ပုဒ်ကို ဝစနတ္ထ ပြုပြု၍၊ အရလည်း ကောက်ပြခဲ့ပါ။
ဖြေ။ ဟသိတံ ဥပ္ပါဒေတီတိ ဟသိတုပ္ပါဒေါ။
ဘုရား,ရဟန္တာတို့၏ သိမ်မွေ့သောအာရုံ, (တစ်နည်း) ယုတ်ညံ့သော အရိုးစုပြိတ္တာစသော အာရုံတို့၌ ပြီးရယ်သောအခြင်းအရာမျှ၏ အကြောင်းဖြစ်သော ကိရိယာအဟိတ် မနောဝိညာဏဓာတ် သောမနဿသဟဂုတ်စိတ်ကို ရပါသည်။

သိမှတ်ဖွယ်။။ ဟသိတ-အရ အလက်ာကျမ်းလာ ရယ်ခြင်း ၆-မျိုးတို့တွင် သိတ တစ်မျိုးကို သာ ယူရမည် ဟု မဏိမဉ္ဇူဠ်ဖွင့်သည်။ နေရင်းနိသယဆရာတော်နှင့် ဘာသာဋီကာဆရာတော် တို့ကား ဟသိတ-အရ သိတ, ဟသိတ ၂-မျိုးကို ယူရမည်-ဟု မိန့်တော်မူကြပါသည်။

မေးဖွယ်။ ။ မြတ်စွာဘုရား ပြီးရယ်မှုကို ထင်ရှားစွာ ပြုတော်မူသောအခါ သွားတော်များ ကြားမှ ဖြူသောရောင်ခြည်တော်များ ထွက်သောကြောင့် ဟသိတ-အရ ရယ်ခြင်း ၆-မျိုးတို့တွင် ဒုတိယဖြစ်သော ဟသိတကိုသာ ယူသင့်သည်မဟုတ်ပါလော? ဟု မေးဖွယ်ရှိ၏။ **အဖြေကား**- မယူသင့်ပါ။ အဘယ့်ကြောင့်ဆိုသော်- သွားများမပေါ်ဘဲ စဉ်းငယ် ခံတွင်းကို ဖွင့်ကာမျှဖြင့် လည်း သွားတော် များကြားမှ ဖြူသောရောင်ခြည်တော်များ ထွက်သောကြောင့်လည်းကောင်း၊ ထိုထိုပါဠိတော်များ၌ "သိတံ ပါတွာကာသိ"ဟု ဟောတော်မူသောကြောင့်လည်းကောင်း တည်း။

ဤစိတ်တစ်မျိုးသာ ဟသိတုပ္ပါဒ်မည်။ ။ဟသိတံ-ပုဒ်၌ အဝဓာရဏာ ၈၀-သဒ္ဒါအတွင်းဝင် နေသောကြောင့် သိတ-ဟုဆိုအပ်သော ပြီးရယ်ခြင်းမျှကိုသာ ဖြစ်စေတတ်သော ဤစိတ်သည်သာ "ဟသိတုပ္ပါဒ်" အမည်ကို ရပါသည်။ ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သော အခြားစိတ် ၁၂-ပါးတို့ "ဟသိတုပ္ပါဒ်" မမည်ကြပါ။ (တစ်နည်း) ပက်ဇ-သဒ္ဒါသည် ပဒုမာကြော ၌သာ ထင်ရှားသကဲ့သို့၊ ထို့ အတူ ဟသိတုပ္ပါဒ်-ဟူသော အမည်သည်လည်း ဤ ကိရိယာ အဟိတ် မနောဝိညာဏဓာတ် သောမနဿသဟဂုတ်စိတ်၌သာ ထင်ရှားသော အထင်ရှုဋ္ဌ သဒ္ဒါဖြစ်သောကြောင့် ဤစိတ်သာ "ဟသိတုပ္ပါဒ်" မည်၍ ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သော အခြားသောစိတ် ၁၂-ပါးတို့ "ဟသိတုပ္ပါဒ်" မမည်ကြပါ။ (ဇူ၊ ၁။ ၂၀၅-၆။)

၅၇ **မေး။** ဟသိတုပ္ပါဒ်စိတ်၏ ဖြစ်ရာပုဂ္ဂိုလ်, အာရုံ, ကိစ္စတို့ကို ဟသိတုပ္ပါဒ-ပုဒ်အဖွင့် ဋီကာနှင့်အညီ ဖော်ပြပါ။
ဖြေ။ ဖြစ်ရာပုဂ္ဂိုလ်မှာ- ဘုရား, ရဟန္တာတို့ ဖြစ်ပါသည်။

http://www.dhammadownload.com

အာရုံမှာ- သိမ်မွေ့သောအာရုံ၊ (တစ်နည်း) ယုတ်ညံ့သော အနိုးစုပြိတ္တာ စသော အာရုံများဖြစ်ပါသည်။
ကိစ္စမှာ- ပြီးရယ်သောအခြင်းအရာမျှကို ဖြစ်စေခြင်းကိစ္စဖြစ်ပါသည်။

၅၇ **မေး။** ဘုရား, ရဟန္တာတို့၏ သန္တာန်၌သာ ဖြစ်သော အသောဘဏစိတ်ကို ဖော်ပြပါ။
ဖြေ။ ဟသိတုပ္ပါဒ်စိတ်ဖြစ်ပါသည်။

အသောဘဏ အဟိတ်စိတ်ဆဲ၌ ပါဝင်နေရပုံ။ ။ "ဟသိတုပ္ပါဒ်စိတ်သည် ဇော ကိစ္စတပ်၍ ဘုရား, ရဟန္တာတို့ ရယ်ရွှင်သောစိတ်ဖြစ်ပါလျက် အဘယ့်ကြောင့် အသော ဘဏ အဟိတ်စိတ်ဆဲ၌ ပါဝင်နေရပါသနည်း"ဟု မေးဖွယ်ရှိ၏။ **အဖြေကား**- ဇောကိစ္စ တပ်သော် လည်း ပြုံးရယ်ခြင်း-ဟူသည် သေးဖွဲသိမ်နုပ်သောကိစ္စသာဖြစ်၍ အားနည်း သောကြောင့် အားကြီးတင့်တယ်သော ဟိတ်တရားများ မယှဉ်နိုင်ပါ။ ထို့ကြောင့် အသောဘဏ အဟိတ် စိတ်ဆဲ၌ ပါဝင်နေရခြင်း ဖြစ်ပါသည်။ (ပရမတ္ထဒီပနီ)

၅၈ **မေး။** ဣစ္စေဝံ သဗ္ဗထာပိ အဌာရသာဟေတုကစိတ္တာနိ သမတ္တာနိ-၌ သဗ္ဗထာပိ-အရ ကို ရေးပါ။
ဖြေ။ အကုသလဝိပါက်, ကုသလဝိပါက်, ကြိယာအပြားကို ယူရပါမည်။

၅၉ **မေး။** ယင်းပါဠိ၌ အဌာရသ, အဟေတုကစိတ္တာနိ-တို့သည် မည်သည့်သဒ္ဒါများ ဖြစ်ကြပါသနည်း။
ဖြေ။ အဌာရသ-သည် အဟိတ်စိတ်တို့ကို ဂဏန်းသင်္ချာအားဖြင့် ပိုင်းခြားကြောင်း သဒ္ဒါ (အဟိတ်စိတ်တို့၏ ဂဏန်းသင်္ချာဟူသော ပိုင်ခြားကြောင်း သဒ္ဒါ) ဖြစ်ပါ သည်။

အဟေတုကစိတ္တာနိ-ကား အဌာရသ-ဟူသော ဂဏန်းသင်္ချာဖြင့် ပိုင်းခြား အပ်ပြီးသော တရားတို့ကို ညွှန်ပြကြောင်းသဒ္ဒါ ဖြစ်ပါသည်။

အဟိတ်စိတ်အဖွင့် ပြီး၏။

http://www.dhammadownload.com

သောဘနစိတ်အဖွဲ့ (၈၆)

၅၈ **မေး။** ပါပါဟေတုကမုတ္တာနိ-အစရှိသောဂါထာကို အဘယ်အကျိုးငှါ မိန့်ဆိုတော်မူရပါသနည်း။

ဖြေ။ အကုသိုလ်စိတ် ၁၂-ပါး၊ အဟိတ်စိတ် ၁၈-ပါးတို့၏အစွမ်းဖြင့် အညီအမျှ (၃၀)သောစိတ်တို့ကို ပြပြီး၍၊ ယခုအခါ၌ ထိုအကုသိုလ်စိတ်, အဟိတ်စိတ်တို့မှ လွတ်ကုန်သောစိတ်တို့၏ "သောဘန"ဟူသောအမည်ကို ထားခြင်းအကျိုးငှါ 'ပါပါဟေတုက-မုတ္တာနိ' စသောဂါထာကို မိန့်ဆိုတော်မူရခြင်း ဖြစ်ပါသည်။

သောဘနနှင့် သောဘဏ

လက်ရှိဆဋ္ဌမူ ဋီကာကျော်ပါဠိအတိုင်း 'သောဘန'ဟု ဒန္တဇ နှ-နှင့် ရေးပြလိုက်ပါသည်။ ဆရာမြတ်တို့က သက္ကတနှင့်ညီ၍ ယင်းပါဠိကို အသင့်ဟု ဆုံးဖြတ်တော်မူကြသော်လည်း မုဒ္ဓဇ ဏ-နှင့် 'သောဘဏ'ပါဠိသည်သာ မဂဓနုလောမ ပေါရာဏက ယုတ္တတရ ဖြစ်ဖွယ်ရှိပါသည်။

၂ **မေး။** အကုသိုလ်စိတ်ကို အဘယ့်ကြောင့် "ပါပ" ဟု ခေါ်ဆိုရပါသနည်း။

ဖြေ။ မိမိကိန်းရာ သတ္တဝါကို အပါယ်အစရှိသော ဒုက္ခသို့ ကျရောက်စေတတ်သောကြောင့် အကုသိုလ်စိတ်ကို "ပါပ"ဟု ခေါ်ဆိုရခြင်းဖြစ်ပါသည်။

ဝစနတ္ထ-အဗ္ဘာ။ ။ အတ္တနာ အဓိသယိတံ ပုဂ္ဂလံ အပါယာဒိဒုက္ခံ ပါပေန္တီတိ ပါပါနိ။ 'အဟေတုက' အဓိပ္ပာယ်ကို ကုသလဝိပါကာဟေတုကစိတ္တာနိ-အဖွင့်၌ ရေးခဲ့ပြီ။

၃ **မေး။** ကာမာဝစရစိတ် ၂၄-ပါး၊ မဟဂ္ဂုတ်,လောကုတ္တရာစိတ် ၃၅-ပါး တို့၏ အစွမ်းဖြင့် တစ်ခုယုတ်ခြောက်ဆယ်၊ (တစ်နည်း) ကာမာဝစရစိတ် ၂၄-ပါး၊ မဟဂ္ဂုတ်, လောကုတ္တရာစိတ် ၆၇-ပါးတို့၏အစွမ်းဖြင့် ကိုးဆယ့်တစ်ပါးသောစိတ်တို့ကို အဘယ့် ကြောင့် "သောဘနစိတ်"ဟု ခေါ်ဆိုရပါသနည်း။

ဖြေ။ တင့်တယ်ခြင်းဟူသော သောဘနဂုဏ်ကို ဆောင်တတ်သော်ကြောင့် လည်းကောင်း၊ အလောဘအစရှိသော အပြစ်မရှိသောဟိတ်တို့နှင့် ယှဉ်သောကြောင့် လည်းကောင်း အဆိုပါစိတ်တို့ကို "သောဘနစိတ်"ဟု ခေါ်ဆိုရ ခြင်းဖြစ်ပါသည်။

၄ **မေး။** "သောဘန"ဟူသောအမည်သည် စိတ်၏ အမည်ရင်းလော? စေတသိက်၏

P-124 ✓

http://www.dhammadownload.com

အမည်ရင်းလော? အထောက်အထားနှင့်တကွ ဆုံးဖြတ်ဖြေဆိုခဲ့ပါ။

ဖြေ။ "အလောဘဒိအနဝဇ္ဇဟေတုသမ္ပယောဂတော စာတိ သောဘနာနိတိ ဝုစ္စရေ" ဟူသော ဋီကာဖွင့်ကို ထောက်ထား၍ "သောဘန"ဟူသောအမည်သည် စိတ်၏ အမည်ရင်းမဟုတ်, စေတသိက်၏ အမည်ရင်းသာ ဖြစ်ကြောင်း သိရပါသည်။

မေး။ အကုသိုလ်စိတ် ၁၂-ပါး၊ အဟိတ်စိတ် ၁၈-ပါးတို့ကို အဘယ့်ကြောင့် "အသောဘနစိတ်"ဟု ခေါ်ဆိုရပါသနည်း။

ဖြေ။ လောဘအစရှိသော အပြစ်ရှိသောဟိတ်တို့နှင့် ယှဉ်သောကြောင့် အကုသိုလ်စိတ် ၁၂-ပါးတို့ကို၊ အလောဘအစရှိသော အပြစ်မရှိသောဟိတ်တို့နှင့် မယှဉ်သောကြောင့် အဟိတ်စိတ် ၁၈-ပါးတို့ကို "အသောဘနစိတ်"ဟု ခေါ်ဆိုရပါသည်။ ၊(ဇူ၊ ၁။ ၂၀၈။)

မှတ်ချက်။ ။ အထက်ပါ အဆိုကို ဘာသာဋီကာဆရာတော်က နှစ်သက်တော်မမူပါ။

ကာမာဝစရသောဘနစိတ်အပွင့် (၈၃)

မေး။ သောဘနစိတ် ၄-မျိုးကို ရေတွက်ပြခဲ့ပါ။

ဖြေ။ (၁) ကာမာဝစရသောဘနစိတ် (၂) ရူပါဝစရစိတ်
(၃) အရူပါဝစရစိတ် (၄)လောကုတ္တရာစိတ်တို့ ဖြစ်ပါသည်။

မှတ်ချက်။ ။ ထို ၄-မျိုးတို့တွင် ကာမာဝစရစိဘ်၌သာ သောဘနစိတ်, အသောဘနစိတ်ဟု နှစ်မျိုးနှစ်စား ကွဲပြားသောကြောင့် 'သောဘန' ဟူသောအမည်ကို အသုံးပြု၍၊ ရူပါဝစရ-စသော စိတ် ၃-မျိုးတို့၌ ထိုသို့ နှစ်မျိုးနှစ်စား မကွဲပြားဘဲ အားလုံးသောဘနချည်းသာ ဖြစ်သောကြောင့် 'သောဘန'ဟူသောအမည်ကို အသုံးမပြုဟု မှတ်ပါ။

မေး။ သောဘနစိတ် ၄-မျိုးတို့တွင် အဘယ့်ကြောင့် ကာမာဝစရသောဘနစိတ်ကို ရှေးဦးစွာ ပြဆိုရပါသနည်း။

ဖြေ။ သောဘနစိတ် ၄-မျိုးတို့တွင် 'ကာမာဝစရံ ရူပါဝစရံ အရူပါဝစရံ လောကုတ္တရဉ္စေတိ'ဟု အကျဉ်းဥဒ္ဒေသ၌ ကာမာဝစရသောဘနစိတ်တို့ကိုသာလျှင် ရှေးဦးစွာ ပြဆိုခဲ့သောကြောင့် ထိုအကျဉ်းဥဒ္ဒေသအားလျော်စွာ ကာမာဝစရ

http://www.dhammadownload.com

သောဘနစိတ်ကို ရှေးဦးစွာ ပြဆိုရခြင်းဖြစ်ပါသည်။

၈ **မေး။** ကာမာဝစရသောဘနစိတ်တို့တွင် အဘယ့်ကြောင့် ကုသိုလ်စိတ်ကို ရှေးဦးစွာ ပြဆိုရပါသနည်း။

ဖြေ။ အဗျာကတဖြစ်သော ဝိပါက်, ကြိယာစိတ်တို့သည် ကုသိုလ်လျှင် ရှေ့သွားရှိသောကြောင့် ကုသိုလ်စိတ်ကို ရှေးဦးစွာ ပြဆိုရခြင်းဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ ဝိပါက်အဗျာကတသည် ကုသိုလ်ဟူသော ဖြစ်ကြောင်းရှိသောကြောင့် 'ကုသိုလ်လျှင် ရှေ့သွားရှိ'ရပါသည်။ ကြိယာအဗျာကတသည် ပကတူပနိဿယပစ္စည်းဖြစ်သော ကုသိုလ်ကြောင့် ဖြစ်ရသောကြောင့် 'ကုသိုလ်လျှင် ရှေ့သွားရှိရပါသည်။ (ဋ၊ ၁။ ၂၀၉)

၉ **မေး။** ကာမာဝစရ ကုသိုလ်စိတ်နောင် အဘယ့်ကြောင့် ဝိပါက်စိတ်ကို ပြဆိုရပါသနည်း။

ဖြေ။ ကုသိုလ်၏အကျိုးဖြစ်သောကြောင့်လည်းကောင်း၊ ကုသိုလ်၏ အခြားမဲ့၌ အကျိုးဝိပါက်ကို ပြခြင်းသည် အသင့်ယုတ္တိရှိသောကြောင့်လည်းကောင်း ကာမာဝစရကုသိုလ်စိတ်နောင် ဝိပါက်စိတ်ကို ပြဆိုရခြင်းဖြစ်ပါသည်။ (စာကိုယ်နှင့် ဋ၊ ၁။ ၂၀၉)။

၁၀ **မေး။** ကာမာဝစရဝိပါက်စိတ်နောင် အဘယ့်ကြောင့် ကြိယာစိတ်ကို ပြဆိုရပါသနည်း။

ဖြေ။ ကာမာဝစရဝိပါက်စိတ်နှင့် တစ်ခုတည်းသော ကာမာဝစရဘုံ၌ အကျုံးဝင်သောကြောင့် ကာမာဝစရဝိပါက်စိတ်နောင် ကြိယာစိတ်ကို ပြဆိုရခြင်း ဖြစ်ပါသည်။

၁၁ **မေး။** ဉာဏသမ္မယုတ္တ-၌ 'ဉာဏ'ပုဒ်ကို ဝိဂြိုဟ်ဆို၍ အဓိပ္ပာယ်လည်း ရေးပါ။

ဖြေ။ ဇာနာတိ ယထာသဘာဝံ ပဋိဝိဇ္ဈတီတိ ဉာဏံ။

ရုပ်, နာမ်ဟုဆိုအပ်သော သဘာဝဓမ္မများကို ကက္ခဋတ္တ, ဖုသန, အနိစ္စတာစသော သဘောအားလျော်စွာ ထိုးထွင်း၍ သိတတ်သောကြောင့် "ဉာဏ်" မည်ပါသည်။

၁၂ **မေး။** မဟာကုသိုလ် သောမနဿဖြစ်ကြောင်းများကို ရေးပြပါ။

ဖြေ။ (၁) အားကြီးသော သဒ္ဓါတရားရှိခြင်း။

(၂) မှန်ကန်သော ဉာဏ်အမြင်(သမ္မာဒိဋ္ဌိ)နှင့် ပြည့်စုံခြင်း။

http://www.dhammadownload.com

(၃) ပစ္စည်း, အလှူခံစသည်တို့နှင့် ပြည့်စုံခြင်း စသည်တို့ ဖြစ်ပါသည်။

(ဆောင်) သဒ္ဓါတရား၊ အားကောင်းအမှန်၊
ဒဿနသမ္ပတ္တိ၊ ရှိဘိတတန်။
လှူခံ, ပစ္စည်း၊ သီးသီးစုံပြန်၊
အကြောင်များ၊ စုံငြား သောမနဿ။

မှတ်ချက်။ ။ ပစ္စယပွဋိဋ္ဌာဟကာဒိ-၌ အာဒိ ဖြင့် ဒေသ, ကာလ, မိတ္တ, ပရိစာရက စသည်တို့ကို ယူပါ။ (ဒု၊ ၁။ ၂၁၁။)

၁၃ **မေး။** မဟာကုသိုလ် ဉာဏသမ္မယုတ်ဖြစ်ကြောင်းများကို ဖော်ပြပါ။

ဖြေ။ (၁) ပညာဉာဏ်ကို ဖြစ်စေတတ်သော ကံကို ဆည်းပူးခဲ့ခြင်း။
(၂) ဒေါသ ဗျာပါဒမရှိသော ပြဟ္မာ့ဘုံ၌ ဖြစ်ခြင်း။
(၃) ပညာရွှေ့ ရင့်ကျက်ခြင်း။
(၄) ကိလေသာတို့မှ ဝေးကွာခြင်းတို့ ဖြစ်ပါသည်။

(ဆောင်) ပညာထက်ရေး၊ မြော်တွေးလျက်သာ၊
ကုသိုလ်ကောင်းမှု၊ ပြုခဲ့မှန်စွာ။
ပြဟ္မာဌာန၊ ဖြစ်ရတဖြာ၊
ပညာရှင့်၊ ဝေးလွင့် ကိလေသာ။
ဉာဏ်ထက်ကြောင်း၊ အပေါင်း မှတ်လိုက်ပါ။

၁၄ **မေး။** လောက၌ ဉာဏ်ပညာထက်မြက် သွက်လက်သူများသာ အထွတ်အထိပ်သို့ ရောက်နိုင်ကြရာ ဉာဏ်ပညာ ထက်မြက်သူဖြစ်ရန် လိုအပ်သည့် အကြောင်းတရား အချက်အလက် များကို ရေးသားဖော်ပြပါ။

ဖြေ။ အထက်အဖြေအတိုင်းပင် ဖြစ်ပါသည်။

အမှာ။ ။ မဟာကုသိုလ် သောမနဿဖြစ်ကြောင်းများကို ပြောင်းပြန် ပြန်၍ ဥပေက္ခာသဟဂုတ်ဖြစ်ကြောင်းများကိုလည်းကောင်း၊ ဉာဏသမ္မယုတ် ဖြစ်ကြောင်းများကို ပြောင်းပြန် ပြန်၍ ဉာဏဝိပ္ပယုတ်ဖြစ်ကြောင်းများကိုလည်းကောင်း သိပါလေ။

၁၅ **မေး။** မဟာကုသိုလ် အသင်္ခါရိကဖြစ်ကြောင်းများကို ဖော်ပြပါ။

ဖြေ။ (က) သင့်တင့်လျောက်ပတ်သော ကျောင်း, အိပ်ရာ နေရာစသည်တို့၏ အစွမ်းဖြင့် ကိုယ်, စိတ်နှစ်ပါး ခံ့ကျန်းခြင်း။

http://www.dhammadownload.com

(၂) ရှေးဘဝဝယ် အယူပေးခြင်းစသည်တို့၌ ပြခဲ့ဖူးသော အလေ့အလာ ရှိခြင်းတို့ ဖြစ်ပါသည်။

အမှာ။ ။ အသခ်ါရိကဖြစ်ကြောင်းများကို ပြောင်းပြန် ပြန်၍ သသခ်ါရိက ဖြစ်ကြောင်းများကို သိပါ။

(ဆောင်) ကိုယ်စိတ် ခဲ့ကျန်း။ ရွှင်လန်းပေတာ၊
ရှေဝယ်ဘဝ၊ ပြုထ လေ့လာ။
အသခ်ါရ၊ ဖြစ်ရမှန်စွာ၊
သခ်ါရ၊ ပြန်ထ သိလေပါ။

၁၆ **မေး။** မဟာကုသိုလ်စိတ် ၈-ပါးတို့၏ ဖြစ်စဉ် (ဖြစ်ရာအခါများ)ကို ဦးကာလာ အတိုင်း ရေးပြပါ။

ဖြေ။ (၁) လှူဖွယ်ဝတ္ထု၊ အလှူခံပုဂ္ဂိုလ်စသည်တို့၏ ပြည့်စုံခြင်းကိုလည်းကောင်း၊ အခြားသော သောမနဿဖြစ်ကြောင်းကိုလည်းကောင်း စွဲ၍ အလွန်ရွင်လန်း ဝမ်းမြောက်စွာ (သောမနဿသဟဂုတ်ဖြစ်ပုံကိုပြ)၊ 'အတ္ထိ ဒိန္နံ'စသောနည်းဖြင့် ဖြစ်သော သမ္မာဒိဋ္ဌိကို ရှေ့သွားပြု၍ (ဉာဏသမ္မယုတ် ဖြစ်ပုံကိုပြ)၊ လွတ်လွတ် ကျွတ်ကျွတ် စွန့်ကြဲခြင်းရှိသူ၏အဖြစ် စသည်တို့၏အစွမ်းဖြင့် မတွန့်တို့ မဆုတ် နှစ်မူ၍ သူတစ်ပါးတို့က မတိုက်တွန်းအပ်ဘဲ (အသခ်ါရိကဖြစ်ပုံကိုပြ) ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို ပြုသောအခါ ထိုသူ၏စိတ်သည် **သောမန ဿသဟဂုတ် ဉာဏသမ္မယုတ် အသခ်ါရိကစိတ်** ဖြစ်ပါသည်။

(ဤကား မဟာကုသိုလ် ပထမစိတ် ဖြစ်ပုံတည်း။)

(၂) ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အလွန်ရွင်လန်းဝမ်းမြောက်စွာ, သမ္မာဒိဋ္ဌိကို ရှေ့သွားပြုသော်လည်း လွတ်လွတ်ကျွတ်ကျွတ် စွန့်လွတ်လှူဒါန်းခြင်း မရှိသူ၏ အဖြစ် စသည်တို့၏အစွမ်းဖြင့် တွန့်တိုဆုတ်နစ်လျက် သူတစ်ပါးတို့ကလည်း တိုက်တွန်းအပ်မှသာ ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို ပြုသောအခါ ထိုသူ၏ စိတ်သည် **သောမနဿသဟဂုတ် ဉာဏသမ္မယုတ် သသခ်ါရိကစိတ်** ဖြစ်ပါသည်။ **(ဤကား မဟာကုသိုလ် ဒုတိယစိတ် ဖြစ်ပုံတည်း)**

(၃) ဆွေမျိုးတို့၏ အကျင့်ကို မြင်သဖြင့် အလိုလိုဖြစ်သော အလေ့အကျင့် ရှိသော ကလေးသူငယ်တို့သည် ရဟန်းတော်တို့ကို မြင်လျှင် ဝမ်းမြောက် ဝမ်းသာ ဖြစ်ကုန်လျက် အဆောတလျင် တစ်စုံတစ်ခုသော လက်ဦရှိသော လှူဖွယ်ပစ္စည်းကို ပေးလှူတတ်ကြကုန်၏။ ရှိခိုးမူလည်း ရှိခိုးတတ်ကြကုန်၏။ ထို အခါ ထိုကလေးသူငယ်တို့၏ စိတ်သည် **သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ်**

http://www.dhammadownload.com

အသခ်ါရိုကစိတ် ဖြစ်ပါသည်။

(ဤကား မဟာကုသိုလ် တတိယစိတ် ဖြစ်ပုံတည်း)

(၄) "လှူကြ၊ ရှိခိုးကြ"ဟု ဆွေမျိုးညာတိတို့က တိုက်တွန်းအပ်ကုန်သည်ဖြစ်၍ လှူခြင်း, ရှိခိုးခြင်းစသည်ကို ပြုသောအခါ ထိုကလေးသူငယ်တို့၏ စိတ်သည် **သောမနဿသဟဂတ် ဉာဏဝိပ္ပယုတ် သသခ်ါရိုကစိတ်** ဖြစ်ပါ သည်။

(ဤကား မဟာကုသိုလ် စတုတ္ထစိတ် ဖြစ်ပုံတည်း)

(၅၊ ၆၊ ရ၊ ၈) အကြင်အခါ၌ လှူဖွယ်ဝတ္ထု, အလှူခံပုဂ္ဂိုလ်စသည်တို့နှင့် မပြည့်စုံခြင်းကိုလည်းကောင်း၊ အခြားသော သောမနဿဖြစ်ကြောင်းတို့၏ မပြည့်စုံခြင်းကိုလည်းကောင်း စွဲ၍ (အထက်ပါ) ၄-ဝိကပ်တို့၌ သောမနဿ ကင်းကုန်၏။ ထိုအခါ ဥပေက္ခာသဟဂတ်စိတ် ၄-ပါးတို့ ဖြစ်ကြပါသည်။

(ဤကား မဟာကုသိုလ် ပဉ္စမ, ဆဋ္ဌ, သတ္တမ, အဋ္ဌမစိတ်တို့၏ ဖြစ်ပုံတည်း)

၂၆ **မေး။** ဣမာနိ အဋ္ဌပိ-ဒ္ဝေ ဒိ-သဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ ပိ-သဒ္ဒါသည် ပုညကိရိယာဝတ္ထု ၁၀-ပါး စသည်တို့၏အစွမ်းဖြင့် ကာမာဝစရစိတ်၏ များသောအပြားရှိသည်၏အဖြစ်ကို ပေါင်းခြင်း သမ္ပိဏ္ဍနအနက် ရှိပါသည်။

၂၇ **မေး။** ကာမာဝစရ (မဟာ)ကုသိုလ်စိတ် အပြားကို သိသာရုံမျှ ရေးသားဖော်ပြပါ။

ဖြေ။ ကာမာဝစရ(မဟာ)ကုသိုလ်စိတ်သည် **အရှင်သုမင်္ဂလသာမိ အလို** ၁၅,၁၂၀ (တစ်သောင်း ငါးထောင် တစ်ရာ နှစ်ဆယ်)ရှိပါသည်။

အရှင်ဝုဒ္ဓဒတ္တ အလို - ၁၇,၂၈၀ (တစ်သောင်း ခုနစ်ထောင် နှစ်ရာ ရှစ်ဆယ်) ရှိပါသည်။

မှတ်ချက်။ ။ ကာလ, ဒေသ စသည်တို့၏ အပြားအားဖြင့်ကား မဟာကုသိုလ်စိတ်အပြားကို မရေတွက်နိုင်ပါ။

- **ပန္နရသသဟဿာနိ, ဝီသာမိက သတမ္ပိ စ။**
  ကာမာဝစရပုညာနိ, ဘဝန္တိ ဝိနိဒ္ဒိသေ။
- **သတ္တရသသဟဿာနိ, ဒ္ဝေသတာနိ အသီတိ စ။**
  ကာမာဝစရပုညာနိ, ဘဝန္တိ ဝိနိဒ္ဒိသေ။

(ဆောင်)- **တစ်သောင်း ငါးထောင်၊ လွန်များမြောင်သား၊ ထို့နောင် တစ်ရာ၊**
နှစ်ဆယ်သာဟု၊ ဆရာ သုမင်္ဂလ၊ ဆိုမိန့်ဟ၊ မှတ်ကြ ကုသိုလ်ပေါင်း။

- **တစ်သောင်း ခုနစ်ထောင်၊ လွန်များမြောင်သား၊ ထို့နောင် နှစ်ရာ၊**

http://www.dhammadownload.com

ရှစ်ဆယ်ပါဟု၊ ဆရာ ဗုဒ္ဓဒတ္တ၊ ဆိုမိန့်ဟု၊ မှတ်ကြ ကုသိုလ်ပေါင်း။

၁၉ **မေး။** အရှင်သုမင်္ဂလသာမိအလို ကာမာဝစရ (မဟာ)ကုသိုလ်စိတ် '၁၅,၁၂၀' ဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ ကာမာဝစရ (မဟာ) ကုသိုလ်စိတ် ၈-ပါးကိုတည်၊ ပုညကိရိယာဝတ္ထု ၁၀-ပါး နှင့်မြောက် ၈၀-ဖြစ်၏။ ၎င်းကို အာရုံ ၆-ပါးနှင့်မြောက် ၄၈၀-ဖြစ်၏။ ၎င်းကို ဉာဏဝိပ္ပယုတ် ၂၄၀, ဉာဏသမ္ပယုတ် ၂၄၀ ခွဲ။ ဉာဏဝိပ္ပယုတ် ၂၄၀-ကို ဝိမံသာဓိပတိနှင့် မယှဉ်သောကြောင့် အဓိပတိ ၃-ပါးနှင့်မြောက် ၇၂၀- ဖြစ်၏။ ဉာဏသမ္ပယုတ် ၂၄၀-ကို အဓိပတိ ၄-ပါးနှင့်မြောက် ၉၆၀-ဖြစ်၏။ နှစ်ရပ်ပေါင်း (၇၂၀+၉၆၀=) ၁၆၈၀-ဖြစ်၏။ ၎င်းကို ကံ ၃-ပါးနှင့်မြောက် ၅၀၄၀-ဖြစ်၏။ ၎င်းကို ဟီနစသည် ၃-ပါးနှင့်မြောက် **၁၅,၁၂၀(တစ်သောင်း ငါးထောင် တစ်ရာ နှစ်ဆယ်)** ဖြစ်ပါသည်။

၂၀ **မေး။** အဘိဓမ္မာဝတာရကျမ်းပြု ဆရာ အရှင်ဗုဒ္ဓဒတ္တမထေရ်အလို 'ကာမာဝစရ ကုသိုလ်စိတ် ၁၇,၂၈၀ ဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ အဘိဓမ္မာဝတာရကျမ်းပြုဆရာ အရှင်ဗုဒ္ဓဒတ္တကား ဉာဏသမ္ပယုတ် ကုသိုလ် ဒေသနာအယဉ်၌ ကျရောက်သည်၏အစွမ်းဖြင့် ဉာဏဝိပ္ပယုတ်စိတ်တို့၌ ဝိမံသာဓိပတိကို မလျော့ဘဲ အဓိပတိ ၄-ပါးပင် အညီအမျှယူ၍ မြောက်ပွားသောကြောင့် ကာမာဝစရကုသိုလ်စိတ်ပေါင်း **၁၇,၂၈၀ (တစ် သောင်း ခုနစ်ထောင် နှစ်ရာ ရှစ်ဆယ်)** ဖြစ်ပါသည်။

မှတ်ချက်။ ။ ကာမာဝစရကုသိုလ်စိတ် ၈-ပါးကိုတည်၊ ပုညကိရိယာဝတ္ထု ၁၀-ပါးနှင့်မြောက် ၈၀-ဖြစ်၏။ ၎င်းကို အာရုံ ၆-ပါးနှင့်မြောက် ၄၈၀-ဖြစ်၏။ ၎င်းကို အဓိပတိ ၄-ပါးနှင့်မြောက် ၁၉၂၀-ဖြစ်၏။ ၎င်းကို ကံ ၃-ပါးနှင့်မြောက် ၅၇၆၀-ဖြစ်၏။ ၎င်းကို ဟီနစသည် ၃-ပါးနှင့်မြောက် ၁၇၂၈၀-ဖြစ်၏-ဟူလို။

*** ကမေန ပုညဝတ္ထုဟိ၊ ဂေါစရာဓိပတီဟိ စ။**
ကမ္မဟီနာဒိတော စေဝ၊ ဂဏေယျ နယကောဝိဒေါ။

၂၁ **မေး။** "လောကချမ်းသာ အဘယလာဘမုနိ ကျောက်တော်ကြီး ရုပ်ပွားတော်မြတ်ကြီး" တည်ထားကိုးကွယ်ရန်အတွက် စေတနာအလျောက် ဉာဏ်မြင်ပေါက်၍ ဝမ်းမြောက်ဝမ်းသာ လျှုဒါန်းပူဇော်သော ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်ပေါ်သည့် ကုသိုလ်စိတ်ကို အတိအကျ ဖော်ပြပြီးလျှင်၊ ထိုကုသိုလ်စိတ်တစ်ခုကို ဒါန, သီလစသည်

http://www.dhammadownload.com

တို့ဖြင့် ထပ်ဆင့်ပွားပါက မည်မျှအထိ များပြားလာနိုင်ပါသနည်း ဖြေဆိုပါ။

ဖြေ။ သောမနဿသဟဂုတ် ဉာဏသမ္မယုတ် အသင်္ခါရိက ကုသိုလ်စိတ် ဖြစ်ပါသည်။

ထိုကုသိုလ်စိတ်တစ်ခုကို ပုညကိရိယာဝတ္ထု ၁၀-ပါး၊ အာရုံ ၆-ပါး၊ အဓိပတိ ၄-ပါး၊ ကံ ၃-ပါးတို့ဖြင့် မြှောက်ပွားလျှင် (၇၂၀)အထိ ဖြစ်လာနိုင်ပါသည်။

၂၂ **မေး။** (က) မိခင်ဘုရားရှိခိုးသည်ကို မြင်၍ 'အတုမြင် အတတ်သင်'အနေအားဖြင့် မိခင်၏ဘေးမှ ဝမ်းမြောက်ဝမ်းသာ ဘုရားရှိခိုးသော ကလေးသူငယ်၏သန္တာန်၌ဖြစ်သောစိတ် (ခ) မိခင်က "သား သား ဦးတော် ဦးတော်"ဟု ပြော၍ ဆွမ်းခံကြွလာသော ရဟန်းတော်အရှင်မြတ်ကို ပြုံးရွှင်သောမျက်နှာဖြင့် ရှိခိုးသောကလေးသူငယ်၏ သန္တာန်၌ဖြစ်သောစိတ် တို့ကို မှန်ကန်စွာ ဖော်ပြခဲ့ပါ။

ဖြေ။ (က) သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက ကုသိုလ်စိတ် ဖြစ်ပါသည်။

(ခ) သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက ကုသိုလ်စိတ် ဖြစ်ပါသည်။

၂၃ **မေး။** ကာမာဝစရကုသလစိတ္တာနိ-၌ ကုသလ-အရ "ကုသိုလ်" ဟူသည် အဘယ်နည်း၊ "ကုသိုလ်"၏ အဓိပ္ပာယ်ကို ဦးကာဆရာဖွင့်ပြသည့်အတိုင်း ပြည့်စုံစွာ ရေးပြခဲ့ပါ။

ဖြေ။ (၁) စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားတို့ကို ကင်းစေတတ် အကြွင်းမဲ့ ချုပ်စေတတ်ကုန်သောကြောင့် "ကုသိုလ်" တို့ မည်ကြပါသည်။

တစ်နည်း- စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားတို့ကို တဒင်္ဂပဟာန်ဖြင့် တုန်လှုပ်စေတတ်, ဝိက္ခမ္ဘနပဟာန်ဖြင့် ဖျက်ဆီးတတ်, သမုစ္ဆေဒပဟာန်ဖြင့် ကင်းစေတတ် အကြွင်းမဲ့ ချုပ်စေတတ်ကုန်သောကြောင့် "ကုသိုလ်"တို့ မည်ကြပါသည်။

(၂) စက်ဆုပ်အပ်သော အခြင်းအရာအားဖြင့် သတ္တဝါတို့သန္တာန်, စိတ်သန္တာန်၌ ဖြစ်တတ်သောကြောင့် 'ကုသ'ဟုဆိုအပ်သော အကုသိုလ်တရားတို့ကို ပယ်ဖြတ်တတ်ကုန်သောကြောင့် "ကုသိုလ်"တို့ မည်ကြပါသည်။

(၃) စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားတို့ကို ခေါင်းပါးအောင်, ဆုံးအောင် ပြုတတ်သောကြောင့် 'ကုသ' ဟုဆိုအပ်သော ဉာဏ်သည် (၀ါ) သဒ္ဓါစသော တရားအပေါင်းသည် သဟဇာတ, ဥပနိဿယပစ္စည်းအဖြစ်ဖြင့် ထိုက်သည်အားလျော် စွာ ယူအပ် ဖြစ်စေအပ်ကုန်သောကြောင့် "ကုသိုလ်"တို့ မည်ကြပါသည်။

http://www.dhammadownload.com

သိမှတ်ဖွယ်ရာများ

(၁) ကုစ္ဆိတေ ပါပဓမ္မေ သလယန္တိ ကမ္မေန္တိ ဝိဒ္ဒံသေန္တိ အပဂမေန္တိတိ ကုသလာနိ။

တစ်နည်း - ကုစ္ဆိတေ ပါပဓမ္မေ သလယန္တိ ကမ္မေန္တိတိ ကုသလာနိ။

- ကုစ္ဆိတေ ပါပဓမ္မေ သလယန္တိ ဝိဒ္ဒံသေန္တိတိ ကုသလာနိ။
- ကုစ္ဆိတေ ပါပဓမ္မေ သလယန္တိ အပဂမေန္တိဂဲ့ ကုသလာနိ။

ဤ အမှတ်(၁)နည်း ၂-နည်းတို့တွင် **ပထမနည်း၌** "ပုရိမဿ ပုရိမဿ ပစ္ဆိမံ ပစ္ဆိမံ အတ္ထဝစနံ"ဟူသည်နှင့်အညီ သလယန္တိ-ကို ကမ္မေန္တိ-ဟုဖွင့်၊ ၎င်းကို ဝိဒ္ဒံသေန္တိ-ဟုဖွင့်၊ ၎င်းကို အပဂမေန္တိ-ဟုဖွင့်သည်ဟု မှတ်ပါ။ **ဒုတိယနည်း၌** အစဉ်အတိုင်း မဟာကုသိုလ်, မဟဂ္ဂုတ် ကုသိုလ်, မဂ်ကုသိုလ်တို့ကို ရသည်-ဟု မှတ်ပါ။

(၂) ကုသေ ပါပဓမ္မေ လုနန္တိ ဆိန္ဒန္တိတိ ကုသလာနိ။

(၃) ကုသေန လာတဗ္ဗာနိ ပဝတ္တေတဗ္ဗာနီတိ ကုသလာနိ။

အမှတ်(၃)နည်း၌ 'သဟဇာတဥပနိဿယဘာဝေန ယထာရဟံ ပဝတ္တေတဗ္ဗာနိ'ဟု ဖွင့်ရာ "ဉာဏ်သည် တိဟိတ်ကုသိုလ်တို့ကို သဟဇာတပစ္စယသတ္တိဖြင့်လည်းကောင်း နိဿယပစ္စယသတ္တိဖြင့်လည်းကောင်း ဖြစ်စေ၏။ ဒွိဟိတ်ကုသိုလ်တို့ကို ဥပနိဿယ ပစ္စယသတ္တိဖြင့်သာ ဖြစ်စေသည်။ သဒ္ဓါစသော တရားအပေါင်းကား ထိုကုသိုလ်နှစ်မျိုးလုံးတို့ကို သဟဇာတ, ဥပနိဿယ ပစ္စယသတ္တိဖြင့် ဖြစ်စေသည်"ဟု ယထာရဟ ဖြစ်စေပုံကို မှတ်ပါ။ (လူ၊ ၁။ ၂၂၂။)

၂၄ **မေး။** ပုထုဇဉ်, ဗျာန်ရပုဂ္ဂိုလ်နှင့် အရိယာပုဂ္ဂိုလ်တို့ သန္တာန်တွင် ရရှိဖြစ်ပေါ်လာသည့် သဘာဝချင်း မတူသော ကုသိုလ်သုံးမျိုးတို့၏ စွမ်းအင်သတ္တိ သုံးမျိုးတို့ကို ဖော်ပြခဲ့ပါ။

ဖြေ။ ပုထုဇဉ်တို့ သန္တာန်တွင် ဖြစ်ပေါ်လာသည့်ကာမကုသိုလ် (မဟာကုသိုလ်)၏ စွမ်းအင်သတ္တိမှာ တဒင်္ဂပဟာနသတ္တိ ဖြစ်ပါသည်။ ဗျာန်ရပုဂ္ဂိုလ်သန္တာန်တွင် ဖြစ်ပေါ်လာသည် မဟဂ္ဂုတ်ကုသိုလ်၏ စွမ်းအင်သတ္တိမှာ ဝိက္ခမ္ဘနသတ္တိ ဖြစ်ပါသည်။ အရိယာပုဂ္ဂိုလ်တို့ သန္တာန်တွင် ဖြစ်ပေါ်လာသည့် မဂ်ကုသိုလ် (လောကုတ္တရာကုသိုလ်) ၏ စွမ်းအင်သတ္တိမှာ သမုစ္ဆေဒပဟာနသတ္တိ ဖြစ်ပါသည်။

၂၅ **မေး။** ကုသလ-ပုဒ်ကို ဝိဂြိုဟ်စစ်များပြု၍ အသီးသီး အရများ ကောက်ပြခဲ့ပါ။

ဖြေ။ (၁) သလယန္တိတိ သလာ၊ ကုစ္ဆိတေ သလာ ကုသလာ။

'**ကု**' အရ စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားတို့ကို ရ၏။

'**သလ**' အရ စတုဘူမက ကုသိုလ်တရားတို့ကို ရ၏။

http://www.dhammadownload.com

(၂) သယန္တိ ပဝတ္တန္တိတိ သာ၊ ကုစ္ဆိတေန သာ ကုသာ၊
လုနန္တိ ဆိန္ဒန္တိတိ လာနိ၊ ကုသေ လာနိ ကုသလာနိ။
'ကုသ' အရ အကုသိုလ်တရားတို့ကို ရ၏။
'လ' အရ ကုသိုလ်တရားတို့ကို ရ၏။
(၃) သာတိ တနုံ ကရောတိ ဩသာနံ ဝါ ကရောတီတိ သံ၊
ကုစ္ဆိတေ သံ ကုသံ၊ လာတဗ္ဗာနီတိ လာနိ၊
ကုသေန လာနိ ကုသလာနိ။
'ကု' အရ အကုသိုလ်တရားတို့ကို ရ၏။
'သ' အရ ဉာဏ်၊ (ဝါ) သဒ္ဓါစသော တရားအပေါင်းကို ရ၏။
'လ' အရ ကုသိုလ်တရားတို့ကို ရ၏။
ပုဒ်ခွဲပုံ - ကု + သလ။ ကုသ + လ။ ကု + သ + လ။

(ဆောင်) ကု-၏ အရ၊ ပါပမ္မာ၊
သလ ရန္ဓ၊ စတုဘူမကာ။
တစ်နည်း ကုသ၊ ပါပမ္မာ၊
လ-အရ၊ ကောက်ကြ ကုသိုလ်ပါ။

ထို့နောက်တစ်နည်း၊ မဇ္ဈိမ့တ်စရာ၊
ကုသ-အရ၊ ဉာဏတစ်ဖြာ။
သဒ္ဓါစသား၊ တရားယူပါ၊
လ-အရ၊ ကောက်ကြ ကုသိုလ်ပါ။

ကု + သ + လ-ဟု၊ သုံးခု ခွဲရာ၊
ကု-၏ အရ၊ ပါပမ္မာ။
သ-၏ အရ၊ ဉာဏ, သဒ္ဓါ၊
လ-အရ၊ ကောက်ကြ ကုသိုလ်ပါ။

မေး။ ကာမာဝစရကုသလစိတ္တာနိ-ပုဒ်ကို ဝစနတ္ထပြုပြပါ။
ဖြေ။ ကာမာဝစရာနိ စ တာနိ ကုသလစိတ္တာနိ စာတိ ကာမာဝစရကုသလစိတ္တာနိ

မေး။ ကာမာဝစရကုသိုလ်စိတ်တို့သည် ပုညကိရိယာ၏ အစွမ်းဖြင့်လည်းကောင်း

http://www.dhammadownload.com

ကမ္မဒ္ဒါရ၏အစွမ်းဖြင့်လည်းကောင်း၊ **ကံ၏အစွမ်းဖြင့်လည်းကောင်း**၊ အဓိပတိ တို့၏ အစွမ်းဖြင့်လည်းကောင်း ဖြစ်ကြကုန်သကဲ့သို့၊ **ဤ**အတူ မဟာဝိပါက်စိတ် တို့သည် အဘယ့်ကြောင့် ပုညကိရိယာစသည်တို့၏**အစွမ်း**ဖြင့် မဖြစ်ကြပါသနည်း။

ဖြေ။ မဟာဝိပါက်စိတ်တို့သည် ဒါန-စသည်တို့၏အစွမ်းဖြင့် မဖြစ်သောကြောင့် ပုညကိရိယာ၏အစွမ်းဖြင့် မဖြစ်ကြပါ။

ဝိညတ်ကို ဖြစ်စေခြင်း မရှိသောကြောင့် ကမ္မဒ္ဒါရ၏အစွမ်းဖြင့် မဖြစ်ကြပါ။

အကျိုးပေးခြင်းသဘော မရှိသောကြောင့် **ကံ၏**အစွမ်းဖြင့် မဖြစ်ကြပါ။

ဆန္ဒစသည်တို့ကို ရှေ့သွားပြု၍ မဖြစ်သောကြောင့် အဓိပတိတို့၏ အစွမ်းဖြင့် မဖြစ်ကြပါ။

၂၈ **မေး။** မဟာဝိပါက်စိတ်အပြားကို ရေးသားဖော်ပြပါ။

ဖြေ။ မဟာဝိပါက်စိတ်သည် ပုညကိရိယာ, ကမ္မဒ္ဒါရ, ကံ, အဓိပတိတို့၏ အစွမ်းဖြင့် မဖြစ်သောကြောင့် အာရုံ ၆-ပါး, ဟီနစသော ၃-ပါးတို့နှင့်သာ မြွောက်ပွားရပါမည်။

ထို့ကြောင့် မဟာဝိပါက်စိတ် ၈-ပါးကိုတည်, အာရုံ ၆-ပါးနှင့်မြွောက် ၄၈-ပါးဖြစ်၏။ တစ်ဖန် ဟီနစသော ၃-ပါးနှင့်မြွောက် မဟာဝိပါက်စိတ် ၁၄၄-ပါး ဖြစ်ပါသည်။

(ဆောင်)- ပုညကိရိယ၊ ကမ္မဒ္ဒါရာ၊ ကမ္မာ, ဓိပတိ၊ လေးမျိုးရှိ၊ ကြဉ်ဘိ ဝိပါက်တွင်း။
- အာရုံခြောက်ဝ၊ ဟီနတိကာ၊ နှစ်မျိုးသာ၊ မြွောက်ကာ ပွားစေချင်း။
- တစ်လေးလေးမျှ၊ သခ်ျာရ၊ မှတ်ကြ သောတုဇဉ်း။

၂၉ **မေး။** မဟာဝိပါက်စိတ်တို့၌ သောမနဿ, ဥပေက္ခာ ဖြစ်ကြောင်းတို့ကို ဖော်ပြပါ။

ဖြေ။ ကြွဋ္ဌာရုံသည် မဟာဝိပါက်စိတ်တို့၌ သောမနဿဖြစ်ကြောင်းဖြစ်၍၊ ကြွဋ္ဌ မဇ္ဈတ္တာရုံသည် ဥပေက္ခာဖြစ်ကြောင်းဖြစ်ပါသည်။

(ဆောင်) ကြွဋ္ဌာရုံမှာ၊ 'ဝိ-သော'သာ၊ မဇ္ဈတ္တာမှာ 'ဝိ-ဥ'ဖြစ်။

၃၀ **မေး။** မဟာဝိပါက်စိတ်တို့၌ ဉာဏသမ္မယုတ်ဖြစ်ကြောင်း, ဉာဏဝိပ္ပယုတ် ဖြစ်ကြောင်းတို့ကို ဖော်ပြပါ။

ဖြေ။ -ပဋိသန္ဓေ, ဘဝင်, စုတိတို့၏အစွမ်းဖြင့် ဖြစ်ရာအခါ၌ ပဋိသန္ဓေအကျိုးကိုပေးသောကံသည် ဗလဝဖြစ်ခြင်း (တိဟိတ်ဉာဏ်ကြွင်း ကုသိုလ်ကံဖြစ်ခြင်း)။

တဒ္ဒါရုံအဖြစ်ဖြင့်ဖြစ်ရာအခါ၌ များသောအားဖြင့် ဉာဏသမ္မယုတ်ဇော

http://www.dhammadownload.com

နောင်ဖြစ်ခြင်း။

တစ်ရံတစ်ခါ တဒါရုံအဖြစ်ဖြင့် ဖြစ်ရာအခါ၌လည်း ပဝတ္ထိအကျိုးကို ပေးသောကံသည် ဗလဝဖြစ်ခြင်းတို့သည် မဟာဝိပါက်စိတ်တို့၌ ဉာဏသမ္ပယုတ် ဖြစ်ကြောင်းများ ဖြစ်ပါသည်။

- ပဋိသန္ဓေ, ဘဝင်, စုတိတို့၏အစွမ်းဖြင့် ဖြစ်ရာအခါ၌ ပဋိသန္ဓေကျိုးကို ပေးသောကံသည် ဒုဗ္ဗလဖြစ်ခြင်း (တိဟိတ်သြမက, ဒွိဟိတ်ဉာဏ်ကင်္ခဋ္ဌကုသိုလ်ကံ ဖြစ်ခြင်း)။

တဒါရုံအဖြစ်ဖြင့် ဖြစ်ရာအခါ၌ များသောအားဖြင့် ဉာဏဝိပ္ပယုတ်ဇော နောင်ဖြစ်ခြင်း။

တစ်ရံတစ်ခါ တဒါရုံအဖြစ်ဖြင့် ဖြစ်ရာအခါ၌လည်း ပဝတ္ထိအကျိုးကို ပေးသောကံသည် ဒုဗ္ဗလဖြစ်ခြင်းတို့သည် ဉာဏဝိပ္ပယုတ်ဖြစ်ကြောင်းများ ဖြစ်ပါသည်။

(ဆောင်) **သန္ဓိကမ္မ၊ ဗလဝမှန်၊ ဉာဏသမ်နောက်၊ ကျရောက်တုံဘိ၊ ပဝတ္ထိကမ္မ၊**
ဗလဝ၊ ဉာဏသမ်ဖြစ်ကြောင်း။
(ဉာဏဝိပ္ပယုတ်ဖြစ်ကြောင်းကို ယင်းမှပြန်၍ သိပါ)။

၃၁ **မေး။** မဟာဝိပါက်စိတ်တို့၌ အသခ်ါရိကဖြစ်ကြောင်း, သသခ်ါရိကဖြစ်ကြောင်းတို့ကို ဖော်ပြပါ။

ဖြေ။ -မိမိလုံ့လပယောဂ, သူတစ်ပါးလုံ့လပယောဂနှင့် ကင်း၍ သေခါနီးကာလ၌ ထင်လာသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အာရုံတို့တွင် တစ်ပါးပါးဖြစ်ခြင်း။

ဥတု, ဘောဇဉ်စသည်တို့ လျော်ပတ်စွာဖြစ်ခြင်း စသည်တို့သည် မဟာဝိပါက် အသခ်ါရိကဖြစ်ကြောင်းများ ဖြစ်ပါသည်။

-မိမိလုံ့လပယောဂ, သူတစ်ပါးလုံ့လပယောဂနှင့် တကွ သေခါနီးကာလ၌ ထင်လာသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့တွင် တစ်ပါးပါးဖြစ်ခြင်း။

ဥတု, ဘောဇဉ်စသည်တို့ မလျော်ပတ်ခြင်း စသည်တို့သည် မဟာ ဝိပါက် သသခ်ါရိက ဖြစ်ကြောင်းများ ဖြစ်ပါသည်။

(ဆောင်)-ပယောဂကင်းစင်၊ ထင်လာတုံဘိ၊ ကံအစရှိသား၊ အာရုံများတွင်၊
တစ်ပါးပါးရှု ဥတု, ဘောဇဉ်၊ လျော်ခဲ့လျှင်။ အသခ်ါရိက။
-ပယောဂယှဉ်၊ ထင်လာတုံဘိ၊ ကံအစရှိသား၊ အာရုံများတွင်၊
တစ်ပါးပါးရှု ဥတု, ဘောဇဉ်၊ မလျော်လျှင်၊ အသခ်ါရိက။

မှတ်ချက်။ ။ အသခ်ါရိကဖြစ်ကြောင်း, သသခ်ါရိကဖြစ်ကြောင်း ၂-ပါးစီတွင် ရှေ့အကြောင်းများသည် ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်သော မဟာဝိပါက် စိတ်တို့

http://www.dhammadownload.com

၌ အသခ်ါရိက, သသခ်ါရိက ဖြစ်ကြောင်းများ ဖြစ်၍ နောက်အကြောင်းများသည် တဒါရုံကိစ္စတပ်သော မဟာဝိပါက်စိတ်တို့၌ အသခ်ါရိက, သသခ်ါရိက ဖြစ်ကြောင်းများ ဖြစ်သည်-ဟု မှတ်ပါ။(လူ၊ ၁။ ၂၂၇။)

မူလဋီကာနှင့် အဘိဓမ္မာဝတာရဋီကာတို့၌ အခြားမဲ့ချုပ်လေပြီးသော ကုသိုလ်, အကုသိုလ်ဇောတို့ကိုလည်း အသခ်ါရိက, သသခ်ါရိကဖြစ်ကြောင်းအဖြစ် ပြဆိုသေး၏။ "ဇဝနာနုရူပတော"ဟူသောပါဠိဖြင့်ပင် အခြားမဲ့ ချုပ်လေပြီးသော ကုသိုလ်, အကုသိုလ် ဇောတို့၏ အစွမ်းဖြင့်လည်း အသခ်ါရိက, သသခ်ါရိကအဖြစ် ပြီးစီးသောကြောင့် ၎င်းကို ဋီကာကျော်၌ သီးခြားမဆိုဟု မှတ်ပါ။

၂၂ **မေး။** မဟာကြိယာစိတ်တို့၌ သောမနဿ, ဥပေက္ခာဖြစ်ကြောင်းတို့ကို ဖော်ပြ ပါ။

ဖြေ။ (၁) မင်္ဂဖြင့်လာသောကြောင့် အစလသဒ္ဒါဟုဆိုအပ်သော အာကြီးသော သဒ္ဓ ရှိခြင်း၊ (၂) စင်စစ်ကောန် သောတာပတ္တိမဂ်ဉာဏ်အမြင်နှင့် ပြည့်စုံခြင်း၊ (၃) ကွဋ္ဌာရုံနှင့် တွေ့ကြုံခြင်း (၄)သောမနဿနှင့် ပဋိသန္ဓေ တည်နေခြင်း၊ (၅) မနက်နဲ သောသဘောရှိခြင်းတို့သည် မဟာကိရိယာ သောမနဿဖြစ်ကြောင်း များ ဖြစ်ပါသည်။

(၁) ကွဋ္ဌမဗ္ဗတ္တာရုံနှင့် တွေ့ကြုံခြင်း၊ (၂) ဥပေက္ခာနှင့် ပဋိသန္ဓေ တည်နေခြင်း၊ (၃) နက်နဲသောသဘောရှိခြင်းတို့သည် မဟာကြိယာဥပေက္ခာ ဖြစ်ကြောင်းများ ဖြစ်ပါသည်။ (စာကိုယ်၊ ၉၀-နှင့် မဏိမဉ္ဇူ။ ၁၊ ၂၂၉။)

၂၃ **မေး။** မဟာကြိယာဉာဏသမ္ပယုတ်, ဉာဏဝိပ္ပယုတ် ဖြစ်ကြောင်းများကို ဖော်ပြပါ။

ဖြေ။ (၁) ပညာကို ဖြစ်စေတတ်သောကံကို ဆည်းပူးခဲ့ခြင်း၊ (၂) ပညာဖြင့် ရင့်ကျက်ခြင်း၊ (၃) မဂ်လေးပါးတို့ဖြင့် ကိလေသာအားလုံးကို အကုန်အစင် ပယ်ပြီးဖြစ်သောကြောင့် ကိလေသာတို့မှ ဝေးကွာပြီးဖြစ်ခြင်းတို့သည် မဟာကြိယာ ဉာဏသမ္ပယုတ်ဖြစ်ကြောင်းများဖြစ်ပါသည်။

(၁) ပညာကို ဖြစ်စေတတ်သောကံကို မဆည်းပူးခဲ့ခြင်း၊ (၂) ပညာဖြင့် မရင့်ကျက်ခြင်းတို့သည် မဟာကြိယာ ဉာဏဝိပ္ပယုတ်ဖြစ်ကြောင်းများ ဖြစ်ပါသည်။ (၄င်း)။

၂၄ **မေး။** မဟာကြိယာ အသခ်ါရိက, သသခ်ါရိက ဖြစ်ကြောင်းများကို ဖော်ပြပါ။

ဖြေ။ လျောက်ပတ်သော ဥတု, ဘောဇဉ်စသည်တို့၏အစွမ်းဖြင့် ကိုယ်စိတ်တို့၏ ခန့်ကျန်းခြင်းသည် မဟာကြိယာ အသခ်ါရိကဖြစ်ကြောင်းဖြစ်၍၊ မလျောက်ပတ်သော ဥတု, ဘောဇဉ်စသည်တို့၏ အစွမ်းဖြင့် ကိုယ်စိတ်တို့၏ မခန့်ကျန်း

http://www.dhammadownload.com

ခြင်းသည် မဟာကြိယာ သသဒ္ဒါရိုကဖြစ်ကြောင်းဖြစ်ပါသည်။

၃၅ **မေး။** သဟေတုကကာမာဝစရကုသလဝိပါကကိရိယစိတ္တာနိ-၌ သဟေတုကသဒ္ဒါသည် ကာမာဝစရ-သဒ္ဒါကဲ့သို့ ကုသလ, ဝိပါက, ကိရိယ ၃-ပုဒ်လုံးကို ငဲ့သော ဝိသေသနပုဒ် ဖြစ်ပါသလော? အဘယ်ကို ငဲ့သောဝိသေသနပုဒ် ဖြစ်ပါသနည်း။

ဖြေ။ ထိုပါဠိ၌ သဟေတုက-သဒ္ဒါသည် ဝိပါက, ကိရိယ ၂-ပုဒ်တို့ကိုသာ ငဲ့သော ဝိသေသန ဖြစ်ပါသည်။ ကုသလ-ကို ငဲ့သော ဝိသေသန မဟုတ်ပါ။ အကြောင်းကား - ကာမာဝစရကုသိုလ်သည် ဧကန်စင်စစ် သဟိတ်သာဖြစ်ရကား 'အဟိတ်လေလား'ဟု ယုံမှားဖွယ် မရှိသောကြောင့်တည်း။

၃၆ **မေး။** ကာမာဝစရဝိပါက်, ကိရိယာစိတ်တို့၌ သဟေတုက သဒ္ဒါဖြင့် အထူးပြု၍ ဆိုသကဲ့သို့ ကုသိုလ်စိတ်၌ အဘယ်ကြောင့် 'သဟေတုက'သဒ္ဒါဖြင့် အထူးပြု၍ မဆိုပါသနည်း ဖြေဆိုပါ။

ဖြေ။ ကာမာဝစရကုသိုလ်[illegible]သည် ဧကန်စင်စစ် သဟိတ်သာဖြစ်ရကား 'အဟိတ်လေလား'ဟု ယုံမှားဖွယ်မရှိသောကြောင့် '[illegible]ဟေတုက' သဒ္ဒါဖြင့် အထူးပြု၍ မဆိုခြင်းဖြစ်ပါသည်။

သိမှတ်ဖွယ်များ

ကာမာဝစရ ဝိပါက်, ကိရိယာစိတ်တို့၌ကား အဟိတ်ဝိပါက်, ကိရိယာစိတ်တို့နှင့် ယုံမှားဖွယ်ရှိသောကြောင့် သဟေတုက-သဒ္ဒါဖြင့် အထူးပြု၍ ဆိုသည်-ဟု မှတ်ပါ။

<u>မဟာကုသိုလ်စိတ်နှင့် မဟာကြိယာစိတ်တို့၏ အထူး</u>

မဟာကုသိုလ်စိတ်က သေက္ခ, ပုထုဇဉ်ပုဂ္ဂိုလ်တို့ သန္တာန်၌ဖြစ်၍၊ မဟာကြိယာစိတ်က ရဟန္တာပုဂ္ဂိုလ်တို့ သန္တာန်၌ ဖြစ်၏။ ဤသို့ ထူးပါသည်။ (အဋ္ဌသာလိနီ အဋ္ဌကထာ၊ ၄၅၀။)

၃၇ **မေး။** သဟေတုက-သဒ္ဒါ၏ ဝိပါက, ကိရိယ ၂-ပုဒ်တို့နှင့်သာ စပ်၍ ကုသလပုဒ်နှင့် မစပ်ရပုံကို ဥပမာဆောင် ထင်ရှားအောင် ရှင်းပြခဲ့ပါ။

ဖြေ။ "သက္ခရကထလမ္ပိ မစ္ဆဂုမ္ဗမ္ပိ စရန္တမ္ပိ တိဋ္ဌန္တမ္ပိ" ဟူသောပြဃုဂ်၌ ကျောက်စရစ်အိုးခြမ်း၏ သွားခြင်းကြိယာနှင့် မယှဉ်ခြင်းကြောင့် 'စရန္တိ'ကြိယာကို သက္ခရကထလမ္ပိ-နှင့် မစပ်ဘဲ မစ္ဆဂုမ္ဗမ္ပိ-နှင့်သာ ယှဉ်စပ်ရသကဲ့သို့၊ ထို့အတူ သဟေတုက-သဒ္ဒါကို ကုသလ-ပုဒ်နှင့် မစပ်ဘဲ ဝိပါက, ကိရိယ-ပုဒ်တို့နှင့်သာ ယှဉ်စပ်

http://www.dhammadownload.com

ရပါသည်။ ယင်းသို့ ယှဉ်စပ်ခြင်းကို **ယထာလာဘာယောဇနာနည်း**-ဟု ဆိုရပါသည်။

၃၈ **မေး။** ကာမာဝစရသောဘနစိတ် ၂၄-ပါးဖြစ်ပုံကို ရေးပြပါ။

ဖြေ။ ကာမာဝစရကုသိုလ်, သဟိတ်ကာမာဝစရဝိပါက်, သဟိတ်ကာမာဝစရ ကိရိယာစိတ်တို့သည် အသီးသီး တစ်မျိုးစီ တစ်မျိုးစီ ဝေဒနာအပြားအားဖြင့် ၂-ပါး အပြားရှိသောကြောင့်လည်းကောင်း၊ ဉာဏ်အပြားအားဖြင့် ၄-ပါး အပြားရှိသောကြောင့်လည်းကောင်း၊ သခ်ါရအပြားအားဖြင့် ၈-ပါး အပြားရှိသောကြောင့် လည်းကောင်း ထို ၈-ပါး ၃-လီကို ပေါင်း၍ ၂၄-ပါး ဖြစ်ရပါသည်။

၃၉ **မေး။** ဝေဒနာဉာဏသခ်ါရဘေဒေန-၌ ဝေဒနာတို့သည် ဣဋ္ဌာရုံကို ခံစားခြင်း, ဣဋ္ဌ မဇ္ဈတ္တာရုံကို ခံစားခြင်းအားဖြင့် ကွဲပြားသော သဘောလက္ခဏာရှိသောကြောင့် ဝေဒနာဘေဒသည် သင့်ပါစေဦးတော့၊ ဉာဏဘေဒ, သခ်ါရဘေဒတို့ကား အဘယ်သို့လျှင် သင့်နိုင်ပါအံ့နည်း၊ ရှင်လင်းဖြေဆိုပါ။

ဖြေ။ သုဘိက္ခ (= သာယာဝပြော အစာပေါခြင်း), ဒုဿိက္ခ (= ငတ်မွတ်ခေါင်းပါး အစာရှားခြင်း)တို့ကို မိုးတစ်ခုတည်းက ပြုအပ်သကဲ့သို့၊ ထို့အတူ ဉာဏ်, သခ်ါရတို့၏ ရှိခြင်း, မရှိခြင်းသည် ပြုအပ်သော စိတ်တို့၏ ကွဲပြားခြင်းကိုလည်း ဉာဏ်, သခ်ါရတို့က ပြုအပ်သည်သာ။ ထို့ကြောင့် ဉာဏ်, သခ်ါရတို့သည် ပြုအပ်သော စိတ်တို့၏ ကွဲပြားမှုသည် 'ဉာဏသခ်ါရဘေဒ' မည်ရကား ဤ "ဉာဏသခ်ါရ-ဘေဒေန"ဟူသော စကားရပ်၌ တစ်စုံတစ်ရာ ဆန့်ကျင်သောအပြစ်မရှိ, သင့်နိုင်သည်သာ ဖြစ်ပါသည်။

၄၀ **မေး။** ကာမေ တေဝိသ ပါကာနိ-အစရှိသော ဂါထာကို အဘယ်အကျိုးငှါ မိန့်ဆိုရပါသနည်း။

ဖြေ။ အလုံးစုံသော ကာမာဝစရစိတ်တို့ကို ပေါင်း၍ ပြခြင်းအကျိုးငှါ၊ ဝါ-ပေါင်း၍ ပြလိုသောကြောင့် "ကာမေ တေဝိသ ပါကာနိ"အစရှိသောဂါထာကို မိန့်ဆိုရခြင်း ဖြစ်ပါသည်။

၄၁ **မေး။** ကာမာဝစရစိတ်သည် ကာလ, ဒေသ, သန္တာန်စသော အပြားအားဖြင့် များသောအပြားရှိပါလျက် အဘယ့်ကြောင့် ၅၄-ပါးသာ ဖြစ်ရပါသနည်း။

ဖြေ။ ကာမာဝစရစိတ်သည် ကာလ, ဒေသ, သန္တာန်စသော အပြားအားဖြင့် များသောအပြားရှိပါသော်လည်း ဤ ၂၀-သော ကုသိုလ်-အကုသိုလ်, ၂၃-ပါး

http://www.dhammadownload.com

သော ဝိပါက်, ၁၁-ပါးသော ကြိယာစိတ်စိတ်တို့၏ အတွင်း၌ ပါဝင်နေသော ကြောင့် ၅၄-ပါးသာ ဖြစ်ရခြင်း ဖြစ်ပါသည်။

ကာမာဝစရသောဘနစိတ်အဖွင့် ပြီး၏။

ရူပါဝစရစိတ်အဖွင့် (၉၁)

မေး။ "ဝိတက္က ။ပ။ သဟိတံ" စသော စကားရပ်ကို အဘယ်အကျိုးငှါ မိန့်ဆိုတော်မူရ ပါသနည်း။

ဖြေ။ ကာမာဝစရစိတ်၏ အခြားမဲ့၌ ပြဆိုအပ်သော ရူပါဝစရစိတ်၏ အကျယ်အားဖြင့် ဖွင့်ဆိုအပ်သောအစဉ် ရောက်လာသောကြောင့် ထိုရူပါဝစရစိတ်၏ စျာန်အင်္ဂါ တို့နှင့် ယှဉ်သောအပြားအားဖြင့် ၅-ပါးသောအပြားအားဖြင့် ဝေဖန်ခြင်းကို ပြခြင်းအကျိုးငှါ "ဝိတက္က ။ပ။ သဟိတံ" စသော စကားရပ်ကို မိန့်ဆိုတော်မူရ ခြင်း ဖြစ်ပါသည်။

သိမှတ်ဖွယ်

<u>ဥဒ္ဓေသ, ဥဒ္ဒိဋ္ဌ, နိဒ္ဒေသ, နိဒ္ဒိဋ္ဌ</u> - "ကာမာဝစရံ ရူပါဝစရံ အရူပါဝစရံ လောကုတ္တရဉ္စ" ဟူသော သဒ္ဒါအစဉ်သည် 'ဥဒ္ဒေသ'မည်၏။ ထိုသဒ္ဒါအစဉ်ဖြင့် ပြအပ်သော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ, လောကုတ္တရာစိတ်တို့သည် 'ဥဒ္ဒိဋ္ဌ'မည်၏။ "တတ္ထ ကတမံ ကာမာဝစရံ သောမနဿ-သဟဂတံ" အစရှိသော ပဌမပရိစ္ဆေဒ (စိတ်ပိုင်း)အကုန်လုံးသည် 'နိဒ္ဒေသ'မည်၏။ ထိုပဌမပရိစ္ဆေဒ (စိတ်ပိုင်း)အကုန်လုံးဖြင့် ပြအပ်သော စိတ်အကုန်လုံးသည် 'နိဒ္ဒိဋ္ဌ'မည်၏။

"စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနံ" ၌ "စိတ္တံ" ဟူသော သဒ္ဒါအစဉ်သည် 'ဥဒ္ဒေသ' မည်၏။ ထိုသဒ္ဒါအစဉ်ဖြင့် ပြအပ်သော စိတ်သည် 'ဥဒ္ဒိဋ္ဌ' မည်၏။ "တတ္ထ စိတ္တံ တာဝ စတုဘူမကံ ဟောတိ" အစရှိသော ပဌမပရိစ္ဆေဒ(စိတ်ပိုင်း)အကုန်လုံးသည် 'နိဒ္ဒေသ' မည်၏။ ထိုစိတ်ပိုင်းအကုန် လုံးဖြင့် ပြအပ်သော စိတ်အကုန်လုံးသည် 'နိဒ္ဒိဋ္ဌ' မည်၏။ (ဒု၊ ၁၊ ၂၃၅)

မေး။ ဝိတက္ကဝိစာရပီတိသုခေကဂ္ဂတာသဟိတံ-ပုဒ်ကို ဝစနတ္ထ ပြုပြပါ။

http://www.dhammadownload.com

ဖြေ။ ဝိတက္ကော စ ဝိစာရော စ ပီတိ စ သုခဉ္စ ဧကဂ္ဂတာ စာတိ ဝိတက္ကဝိစာရ-ပီတိသုခေကဂ္ဂတာယော။ ဝိတက္ကဝိစာရပီတိသုခေကဂ္ဂတာဟိ သဟိတံ ဝိတက္က-ဝိစာရပီတိသုခေကဂ္ဂတာသဟိတံ။

၃ **မေး။** ဝိတက္က-ပုဒ်ကို ဝစနတ္ထပြု၍၊ အဓိပ္ပာယ်လည်း ရေးပြပါ။

ဖြေ။ အာရမ္မဏံ ဝိတက္ကေတီတိ ဝိတက္ကော။

အာရုံကို ကြံစည်တတ် = သမ္မယုတ်တရားတို့ကို အာရုံသို့ ရောက်၍ ရောက်၍ သွားအောင် ရှေးရှုတင်ပေးတတ်သောကြောင့် 'ဝိတက်' မည်ပါသည်။

သိမှတ်ဖွယ်။။ "အဘိနိရောပေတိ-ပါဠိဖြင့် တက္ကဓာတ်၏ ဥဟနတ္ထကို နှစ်စေသည်" ဟု မဏိမဉ္ဇူ(၁၊၂၃၇) ၌ ဖွင့်သည်။ ဤ၌ တက္ကဓာတ်သည် ဥဟန(ကြံစည်ခြင်း) အနက်ကို မဟော၊ အဘိနိရောပနအနက်ကိုဟော၏-ဟု ဆိုလိုခြင်းဖြစ်သည်။ ဆရာမြတ်တို့ကား ထိုအဆိုကို နှစ်သက်တော် မမူကြ၊ ဝိတက္ကေတိ-ပါဠိဖြင့် တက္ကဓာတ်၏ ဥဟနတ္ထဟူသော သဒ္ဒတ္ထကို ဖွင့်၍ အဘိနိရောပေတိ-ပါဠိဖြင့် အဓိပ္ပာယတ္ထကို ဖွင့်သည်-ဟု ယူတော်မူလိုကြသည်။ **"အာရုံကို ကြံစည်ခြင်း"ဟူသည် သမ္မယုတ်တရားတို့ကို အာရုံသို့ ရောက်၍ ရောက်၍ သွားအောင် ရှေးရှုတင်ပေးခြင်းပင်တည်း-ဟူလို။**

၄ **မေး။** ဝိတက်၏ လက္ခဏာကို ဖော်ပြပါ။

ဖြေ။ ဝိတက်သည် "အာရမ္မဏာဘိနိရောပန(တကွဖြစ်သော စိတ်, စေတသိက် တရားတို့ကို အာရုံသို့ ရှေးရှုတင်ပေးခြင်း)" လက္ခဏာရှိပါသည်။

၅ **မေး။** ဝိတက်၏ အာရမ္မဏာဘိနိရောပန လက္ခဏာရှိပုံကို ဥပမာဆောင် ထင်ရှား အောင် ဖြေဆိုပါ။

ဖြေ။ တစ်စုံတစ်ယောက်သော တောသားယောကျ်ားသည် မင်းကျွန်းဝင်သည့် သွေး သားတော်စပ်သော ဆွေမျိုးကိုသော်လည်းကောင်း, မိတ်ဆွေကိုသော်လည်း ကောင်း မြို့၍ မင်းနန်းတော်သို့ ဝင်ရသကဲ့သို့၊ ထို့အတူ ဝိတက်ကို မြို့၍ စိတ် သည် အာရုံသို့ တက်ရောက်ရပါသည်။ ထို့ကြောင့် ဝိတက်ကို "အာရမ္မဏာ-ဘိနိရောပန လက္ခဏာရှိသည်"ဟု ဆိုရခြင်းဖြစ်ပါသည်။

အမှာ။ ။ မဏိမဉ္ဇူဝယ် ယထာ ဟိ-၌ ဟိ-ကို တပ္ပါကဋိကရဏာဇောတက မကြံဘဲ ကာရဏာဇောတကကြံသည်။ ၎င်းအလို "ဝိတက်ကို အဘာယ့်ကြောင့် အာရမ္မဏာဘိနိ-ရောပနလက္ခဏာရှိသည်ဟု ဆိုရပါသနည်း? ဥပမာဆောင် ထင်ရှားအောင်ဖြေပါ"ဟု ပုစ္ဆာ ထုတ်ရမည်။ အဖြေကား အတူတူပင်။

E14A

http://www.dhammadownload.com

၆ **မေး။** ဝိတက်၏ အာရမ္မဏာဘိနိရောပန လက္ခဏာရှိပုံကို ပြဆိုရာ၌ သိသင့်သိထိုက်သော (က) မင်းကျွမ်းဝင်သူ ဆွေမျိုး, မိတ်ဆွေနှင့် တူသောတရား (ခ) တောသားယောကျ်ားနှင့် တူသောတရား (ဂ) မင်းနန်းတော်နှင့် တူသောတရား တို့ကို ဖော်ပြခဲ့ပါ

ဖြေ။ (က) ဝိတက် ဖြစ်ပါသည်။ (ခ) သမ္မယုတ်တရားတို့ ဖြစ်ပါသည်။ (ဂ) အာရုံ ဖြစ်ပါသည်။

(ဆောင်) **မင်းကျွမ်းဝင်သူ၊ ပမာတူ၊ မှတ်ယူ ဝိတက်ကို။**
တောသားယောကျ်ား၊ ပမာထား၊ မှတ်သား သမ္မယုတ်ကို။
မင်းနန်းတော်ကား၊ အာရုံလား၊ မခြား တူလှသကို။

၇ **မေး။** "ဝိတက်ကို အမှီပြု၍ စိတ်သည် **အာရုံ**သို့ တက်ရောက်၏" ဟုဆိုသော် ဝိတက်မရှိသော အဝိတက္ကစိတ်သည် အဘယ်သို့လျှင် အာရုံသို့ တက်ရောက်ပါသနည်း ဥပမာဆောင် ထင်ရှားအောင် ဖြေဆိုပါ။

ဖြေ။ ဝိတက်မရှိသော အဝိတက္ကစိတ်သည်လည်း ဝိတက်၏အစွမ်းဖြင့်ပင် အာရုံသို့ တက်ရောက်ပါသည်။ ဥပမာ- တောသားယောကျ်ားသည် အလေ့အကျက်များသောကြောင့် (မင်းနန်းတော်သို့ ဝင်ဖန်များသောကြောင့်) မင်းကျွမ်းဝင်သည့် ထိုဆွေမျိုး, သို့မဟုတ် - ထိုမိတ်ဆွေနှင့် ကင်း၍လည်း ကြောက်ရွံ့ခြင်းမရှိဘဲ မင်းနန်းတော်သို့ ဝင်နိုင်သကဲ့သို့၊ ထို့အတူ ဝိတက်မရှိသောစိတ်သည် အလေ့အကျက်များသောကြောင့် ဝိတက်နှင့်ကင်း၍လည်း အာရုံသို့ တက်ရောက်နိုင်ပါသည်။

(တစ်နည်း) အဝိတက္ကစိတ်တို့တွင် ဒွေးပဉ္စဝိညာဉ် ၁၀-သည် ဝတ္ထု, အာရုံတို့ ထိခိုက်ခြင်း၏အစွမ်းဖြင့် အာရုံသို့ တက်ရောက်ပါသည်။ ဒုတိယစျာန် စသည်တို့ကား အောက်အောက်၌ဖြစ်သော ဥပစာရဘာဝနာ၏အစွမ်းဖြင့် အာရုံသို့ တက်ရောက်ပါသည်။

(ဆောင်) **-ဝိတက်မယှဉ်၊ စိတ်သည်ပင်၊ တက်ချင် သူ့စွမ်းသာ။**
အလေ့အကျက်များ၊ ထိတောသား၊ ဝင်သွား ဥပမာ။
-အာရုံ, ဝတ္ထု၊ ထိခိုက်မှုကြောင့်၊ ဆယ်ခုဝိညာဏ်၊ တက်ရောက်ပြန်၏၊ စျာန်ဒုတိယ၊ စသည်တို့မှာ၊ ဥပစာခေါ်မှန်း၊ ဘာဝနာစွမ်း၊
တက်လှမ်းကြသည်သာ။

မှတ်ချက်။ ။ ဦးကာကျော်စာကိုယ်၌ "ဟေဋ္ဌိမဘာဝနာဗလေန"ဟုသာ ရှိသော်လည်း မဏိမဉ္ဇူ(၁၊ ၂၃၉)၌ "ဟေဋ္ဌိမဟေဋ္ဌိမဘာဝနာဗလေန"ဟု ရှိသည်။

http://www.dhammadownload.com

၈ ဒမး။ "ပရိစယေန ဝိတက္ကေန ဝိနာပိ" ၌ "ပရိစယ"ဟူသည် အဘယ်နည်း ဖြေဆိုပါ။

ဒဖြ။ ဝိတက်နှင့်တကွဖြစ်သော စိတ်အစဉ်၌ မပြတ်မလပ် အထပ်ထပ် ဝိတက်နှင့် တကွဖြစ်ခြင်း၏အစွမ်းဖြင့် ဖြစ်သော စိတ်ကို တိုးပွားစေခြင်း ဖြစ်ပါသည်။

၉ ဒမး။ အဝိတက္ကစိတ်၏ အာရုံသို့ တက်ရောက်ရာ၌ ပရိစယမှတစ်ပါးသော အကြောင်းများကို ဖော်ပြပါ။

ဒဖြ။ ဝတ္ထု၊ အာရုံတို့၏ ထိခိုက်ခြင်း၊ အောက်အောက်၌ဖြစ်သော ဥပစာရဘာဝနာဟူသော အကြောင်းများ ဖြစ်ပါသည်။

၁၀ ဒမး။ ဝိစာရ-ပုဒ်ကို ဝိဂြိုဟ်ဆို၍၊ အဓိပ္ပာယ်ကို ရေးပြီးလျှင်၊ ယင်း၏ လက္ခဏာကိုလည်း ဖော်ပြပါ။

ဒဖြ။ အာရမ္မဏေ စိတ္တံ ဝိစရတိ တေနာတိ ဝိစာရော။

စိတ်၏ အာရုံ၌ လှည့်လည်ကြောင်း (ဆင်ခြင်သုံးသပ်ကြောင်း) ဖြစ်သောကြောင့် "ဝိစာရ"မည်ပါသည်။

ထိုဝိစာရသည် 'အာရမ္မဏာနုမဇ္ဇန(အာရုံကို အဖန်ဖန်အထပ်ထပ် သုံးသပ်ဆင်ခြင်ခြင်း" လက္ခဏာရှိပါသည်။

၁၁ ဒမး။ အာရုံနှင့် တကွ စိတ်ကို ဆက်စပ်ပေးတတ်သောတရားကို အကြောင်းနှင့် တကွ ဖော်ပြပါ။

ဒဖြ။ စိတ်သည် ဝိစာရဖြင့် အာရုံကို ဆင်ခြင်သုံးသပ်တတ်သောကြောင့် အာရုံနှင့် တကွ စိတ်ကို ဆက်စပ်ပေးတတ်သောတရားမှာ ဝိစာရဖြစ်ပါသည်။

သိမှတ်ဖွယ်

<u>အနုသန္ဓာနတာ-ပုဒ် ဝစနတ္ထ</u> - အာရမ္မဏေန သဒ္ဓိံ စိတ္တံ အနုသန္ဓဟတိ ယဒ္ဓေတိတိ အနုသန္ဓာနော၊ အနုသန္ဓာနောယေဝ အနုသန္ဓာနတာ။

၁၂ ဒမး။ "ဝိတက် ဝိစာရတွေများလို့ ည, က အိပ်မပျော်ဘူးကွာ"ဟု ပြောတတ်ကြရာ ဝိတက်, ဝိစာရတို့၏ သဘောသွားကို ရေးသားဖြေဆိုပါ။

ဒဖြ။ ဝိတက်သည် တကွဖြစ်ဘက် စိတ်, စေတသိက်တရားတို့ကို အာရုံ သို့ ရှေးရှုတင်ပေးခြင်း သဘောလက္ခဏာရှိ၏။ ဝိစာရသည် အာရုံကို အဖန်ဖန် အထပ်ထပ် သုံးသပ်ဆင်ခြင်ခြင်း သဘောလက္ခဏာရှိ၏။ ဤသို့ ထူးပါသည်။

http://www.dhammadownload.com

၁၃ **မေး။** ဝိတက်နှင့် ဝိစာရတို့၏အထူး (ကြံစည်ခြင်းနှင့် သုံးသပ်ခြင်းတို့၏ အထူး)ကို ဥပမာဆောင် ထင်ရှားအောင် ဖြေဆိုပါ။

ဖြေ။ အာရုံယူမှု၌ ဝိစာရထက် ရုန့်ရင်းကြမ်းတမ်းသော အနက်သဘောကြောင့် လည်းကောင်း၊ ဝိစာရ၏ ရှေ့သွားဖြစ်သော အနက်သဘောကြောင့် လည်းကောင်း ခေါင်းလောင်း၏ ထိုးခတ်ခြင်းကြောင့် မြည်သော ပထမအသံကဲ့သို့ စိတ်၏ အာရုံ၌ ရှေးဦးစွာကျရောက်ခြင်းသဘောသည် **'ဝိတက်'**မည်၏။

(သိမ်မွေ့သောအနက်သဘောကြောင့်လည်းကောင်း၊ အဖန်ဖန်အထပ်ထပ် သုံးသပ်ခြင်းအနက်သဘောကြောင့်လည်းကောင်း) ခေါင်းလောင်း၏ နောက်ထပ် ဆင့်၍မြည်သောအသံ (ကြေးဟိသံ - ကြေး ညည်းသံ)ကဲ့သို့ အာရုံ၌ အဖန်ဖန် လှည့်လည်ခြင်း (အာရုံကို အဖန်ဖန်အထပ်ထပ် သုံးသပ်ဆင်ခြင်ခြင်း) သဘောသည် **'ဝိစာရ'** မည်၏။

(တစ်နည်း) ကောင်းကင်သို့ ပျံတက်ခြင်းငှါအလိုရှိသော ငှက်ကြီး၏ အတောင်ခတ်ခြင်းကဲ့သို့လည်းကောင်း၊ ဂန္ဓာရုံသို့ အစဉ်လိုက်သော စိတ်ရှိသော ပျားပိတုန်း၏ ပဒုမ္မာကြာတောသို့ ရှေးရှုပျံသွားခြင်းကဲ့သို့လည်းကောင်း ဝိတက်သည် အာရုံယူမှု၌ စိတ်၏ တုန်လှုပ်ခြင်းသဘောရှိ၏။ ကောင်းကင်သို့ ပျံတက်ပြီးသော ငှက်ကြီး၏ အတောင်ကို ဆန့်တန်းပြီး လေဟုန်စီးနေခြင်းကဲ့သို့လည်းကောင်း၊ ပဒုမ္မာကြာတောသို့ ရှေးရှုပျံသန်းပြီးသော ပျားပိတုန်း၏ ပဒုမ္မာကြာတောအထက်ဝယ် ရစ်ဝဲနေခြင်းကဲ့သို့လည်းကောင်း ဝိစာရသည် စိတ်၏ ငြိမ်သက်သောဖြစ်ခြင်း အလွန် မတုန်လှုပ်ခြင်းသဘော ရှိ၏။ ဤသို့ ထူးပါသည်။

လိုရင်း - စိတ်၏ အာရုံ၌ ရှေးဦးစွာ ကျရောက်ခြင်းသဘောသည် 'ဝိတက်'မည်၏။ အာရုံ၌ အဖန်ဖန်လှည့်လည်ခြင်း (အာရုံကို အဖန်ဖန်အထပ်ထပ် သုံးသပ်ဆင်ခြင်ခြင်း) သဘောသည် 'ဝိစာရ' မည်၏။

(တစ်နည်း) ဝိတက်သည် အာရုံယူမှု၌ စိတ်၏ တုန်လှုပ်ခြင်းသဘောရှိ၏။ ဝိစာရသည်စိတ်၏ ငြိမ်သက်သောဖြစ်ခြင်း အလွန်မတုန်လှုပ်ခြင်းသဘော ရှိ၏။ ဤသို့ ထူးပါသည်။

(ဆောင်) **အာရုံများမှာ၊ ရှေးဦးစွာ ကျ၊ သုံးသပ်ထ၊ နှစ်ဝ 'တက်'နှင့် 'စာ'၊**
တုန်လှုပ်+ငြိမ်သက်၊ နည်းတစ်ချက်၊ ဖြည့်စွက် မှတ်ကြပါ။

သိမှတ်ဖွယ်။ ။ ဦးကာ၌ **"ဝိဇ္ဇာရဝါ စေတ္တ ဝိတက္ကော စိတ္တဿ ပရိပ္ဖန္ဒန-ဘူတော၊ သန္တဝုတ္တိ ဝိစာရော စိတ္တဿ နာတိပရိပ္ဖန္ဒနဘူတော"** သာ လိုရင်းဖြစ်၏-ဟု မှတ်ပါ။ ထိုတွင် ဝိဇ္ဇာရဝါ-ကို စိတ္တဿ ပရိပ္ဖန္ဒနဘူတော-ဟု ဖွင့်၍၊ သန္တဝုတ္တိ-

http://www.dhammadownload.com

ကို စိတ္တသ နာတိပရိပ္ပန္နနဘူတော-ဟု ဖွင့်သည်-ဟူ၍လည်း မှတ်ပါ။

"သဗ္ဗေ စေတသိကာ ဓမ္မာ စိတ္တက္ခြိယာ - စေတသိက်အားလုံးသည် စိတ်၏ အမူအရာကြိယာ ချည်းသာဖြစ်၏" ဟူသောအဆိုအရ အထက်ပါအတိုင်း အဓိပ္ပာယ် မမှတ်ဘဲ "အာရုံယူမှု၌ စိတ်၏ တုန်လှုပ်ခြင်းသဘောသည် ဝိတက်-မည်၏၊ စိတ်၏ ငြိမ်သက်သောဖြစ်ခြင်း အလွန်မတုန်လှုပ်ခြင်း သဘော သည် ဝိစာရ-မည်၏"ဟုလည်း အဓိပ္ပာယ်မှတ်နိုင်ပါသည်။

၃၄ **မေး။** ဋီကာကျော်လာ ဝိတက်, ဝိစာရတို့၏ ဥပမာများကို ဖော်ပြပါ။

ဖြေ။ ဝိတက်သည် ခေါင်းလောင်း၏ တီးခတ်ခြင်းကြောင့်မြည်သော ပထမ အသံ၊ ကောင်းကင်သို့ ပျံတက်လိုသော ငှက်ကြီး၏ အတောင်ခတ်ခြင်း၊ ဂန္ဓာရုံသို့ အစဉ် လိုက်သော စိတ်ရှိသော ပျားပိတုန်း၏ ပဒုမ္မာကြာတောသို့ ရှေးရှုပျံသွားခြင်းတို့နှင့် တူပါသည်။ (တောသားယောကျ်ားကို မင်းနန်းတော်သို့ ခေါ်ဆောင်သွားတတ်သော မင်းကျွမ်းဝင်သည့် ဆွေမျိုး, မိတ်ဆွေနှင့်လည်း တူပါသည်။)

ဝိစာရသည် ခေါင်းလောင်း၏ နောက်ထပ်မြည်သောအသံ (ကြေးဟီသံ - ကြေးညည်းသံ)၊ ကောင်းကင်သို့ ပျံတက်ပြီးသော ငှက်ကြီး၏ အတောင်ကို ဆန့်တန်း ပြီး လေဟုန်စီးနေခြင်း၊ ပဒုမ္မကြာတောသို့ ရှေးရှုပျံသန်းပြီးသော ပျားပိတုန်း၏ ပဒုမ္မာ ကြာတောအထက်ဝယ် ရစ်ဝဲနေခြင်းတို့နှင့် တူပါသည်။

(ဆောင်) **ခေါင်းလောင်းမြည်သံ၊ ငှက်ပျံဟန်နှင့်၊ တစ်ဖန်မှတ်ထုံး၊**
ပျားပိတုန်းပျံ၊ ပုံဟန်မျက်၊ နှိုင်းယှဉ်ချက်၊ ဝိတက်, ဝိစာရ။

၃၅ **မေး။** ပိတိ-ပုဒ်ကို ဝစနတ္ထပြု၍ အဓိပ္ပာယ်ရေးပြီးလျှင်၊ ၎င်း၏ လက္ခဏာကိုလည်း ဖော်ပြပါ။

ဖြေ။ ပိနယတိ ကာယစိတ္တံ တပ္ပေတိ, ဝမေ့တိတိ ဝါ ပိတိ။

ကိုယ်နှင့်စိတ် (နာမကာယ, ရူပကာယနှင့် သမ္မယုတ်ဖြစ်သောစိတ်)ကို နှစ်သက်စေတတ်, တိုးပွားစေတတ်သောကြောင့် **"ပိတိ"** မည်ပါသည်။

ထိုပိတိသည် 'သမ္ပိယာယန(= အာရုံကို လွန်စွာနှစ်သက်ခြင်း)' လက္ခဏာရှိပါသည်။ အာရုံကို သင့်လျော်လျောက်ပတ်သောအားဖြင့် ယူခြင်းလက္ခဏာရှိ၏-ဟု ဆိုလိုပါသည်။

သိမှတ်ဖွယ်။ ။ ပိ ဓာတ်၏ 'တပ္ပန = နှစ်သက်ခြင်း'အနက်ကို ပြလိုသော ကြောင့် ပိနယတိ-ကို တပ္ပေတိ-ဟု ဖွင့်ပြပြီးနောက်၊ "ဓာတူနံ အနေကတ္ထတ္တာ"အရ ပိ ဓာတ် သည် ဝမုနအနက်ကိုလည်း ဟောနိုင်ရကား ဝမေ့တိ-ဟု တစ်နည်းဖွင့်ခြင်း ဖြစ်သည်။

http://www.dhammadownload.com

၁၆ **မေး။** ပိတိနှင့် ပဋိဃ(ဒေါသ)တို့၏ အာရုံယူပုံအထူးကို ရေးပြပါ။

ဖြေ။ ပိတိ၏ အာရုံကို ယူခြင်းသည် အာရုံ၌ ထိခိုက်ခြင်းမရှိသောကြောင့် သင့်လျော်လျောက်ပတ်သောအားဖြင့် ယူခြင်းဖြစ်၏။ ပဋိဃ(ဒေါသ)၏ အာရုံကို ယူခြင်းကား အာရုံ၌ ထိခိုက်သောကြောင့်(ထိခိုက်သကဲ့သို့ ဖြစ်သောကြောင့်) မသင့်လျော်သော ယူခြင်းဖြစ်၏။ ဤသို့ ထူးပါသည်။ (ဋီ၊ ၁၊ ၂၄၃။)

၁၇ **မေး။** သုခ-ပုဒ်ကို ဝစနတ္ထပြု၍ အဓိပ္ပာယ်ရေးပြီးလျှင်၊ ၎င်း၏ လက္ခဏာကိုလည်း ဖော်ပြပါ။

ဖြေ။ သမ္မယုတ္တဓမ္မေ သုခယတီတိ သုခံ။

မိမိနှင့် ယှဉ်ဖက်သမ္မယုတ်တရားတို့ကို ချမ်းသာစေတတ်သောကြောင့် "သုခ" မည်ပါသည်။

ထိုသုခသည် 'ကုဋ္ဌာနုဘဝန (= ကုဋ္ဌာရုံကို ခံစားခြင်း)' လက္ခဏာရှိပါသည်။

ဥပမာ - ကောင်းသောဘောဇဉ်၏ အရသာကို သာယာတတ်, ခံစားတတ်သော မင်းကဲ့သို့ဖြစ်ပါသည်။

၁၈ **မေး။** အစဉ်အမြဲ ယှဉ်တွဲ၍သာ ဖြစ်တတ်သော ပီတိနှင့် သုခတို့၏ အထူးကို ဖော်ပြပါ။

ဖြေ။ အာရုံကို ရှေးဦးစွာ ရရှိရာအခါ၌ နှစ်သက်ခြင်းသည် **"ပီတိ"** မည်၏။

ဥပမာ - ခရီးခဲ၌ ပင်ပန်းသော ယောကျ်ား၏ တောင်၌ ရေကို မြင်သော အခါ နှစ်သက်ခြင်းကဲ့သို့တည်း။

ရအပ်ပြီးသော အာရုံကို ခံစားရာအခါ၌ ချမ်းသာခြင်းသည် "သုခ"မည်၏။

ဥပမာ - မြင်အပ်ပြီးသောရေကို သောက်သုံးသောအခါ စသည်တို့၌ ချမ်းသာခြင်းကဲ့သို့တည်း။

(ဆောင်) **အာရုံအထူးထူး၊ ရှေးဦးရခါ၊ နှစ်သက်တာ၊ သညာ ပီတိ-ခေါ်။**
ရရှိပြီးသား၊ အာရုံများကို၊ ခံစားသောခါ၊ ချမ်းသာတာ၊ သညာ သုခ- ခေါ်။

သိမှတ်ဖွယ် အထူးများ

ပီတိသည် ဆခီရကွန္ဓာနှင့် တကွဖြစ်၏။ သုခသည် ဝေဒနာကွန္ဓာနှင့် တကွဖြစ်၏။ (အဋ္ဌသာလိနီအဋ္ဌကထာ)။

ပီတိသည် မာနသိကသုခ၊ သုခသည် ကာယိကသုခ။

၁၉ **မေး။** ကောဂတာ-ပုဒ်ကို အစိတ်+အပေါင်း ပိဂ္ဂိုဟ်ဆို၍၊ အဓိပ္ပာယ် ရေးပြပါ။

http://www.dhammadownload.com

ပြေ။ ဧကံ အဂ္ဂံ အာရမ္မဏံ ဣမသ္မာတိ ဧကဂ္ဂံ၊ စိတ္တံ။
ဧကဂ္ဂသ ဘာဝေါ ဧကဂ္ဂတာ၊ သမာဓိ။

တစ်ခုတည်းသော အာရုံရှိသော 'စိတ်'သည် '**ဧကဂ္ဂ**'မည်၏။ (စိတ္တံ-ဟူသော ပါဠိဖြင့် သမ္မယုတ်တရားတို့ကို နှစ်စေပါသည်။)

တစ်ခုတည်းသော အာရုံရှိသော စိတ်၏ ဖြစ်ကြောင်းဖြစ်ရာဖြစ်သောကြောင့် 'သမာဓိ'သည် ' **ဧကဂ္ဂတာ**' မည်ပါသည်။ (သမာဓိ-ဟူသောပါဠိဖြင့် ကြွင်းသော စေတသိက်တို့ကို နှစ်စေပါသည်။)

သိမှတ်ဖွယ်။ ။ အဂ္ဂ-သဒ္ဒါ အာရမ္မဏအနက်ကို ဟောနိုင်ကြောင်းကို လည်းကောင်း၊ **ဋီကာ၌** သဒ္ဒါအစဉ်အားဖြင့် 'အာရမ္မဏ် အဂ္ဂံ'ဟု ရှိနေသော်လည်း အနက်အစဉ်အားဖြင့် 'အဂ္ဂံ အာရမ္မဏ်'ဟု မှတ်ရန်လည်းကောင်း **မဏိမဉ္ဇူ** (၁၊ ၂၄၄)၌ ဖွင့်ပြထားပါသည်။ ပါဠိအဘိဓာန်၌ အဂ္ဂ-သဒ္ဒါ၏ အာရမ္မဏအနက် မပါသောကြောင့်လည်းကောင်း၊ အဋ္ဌကထာ, ဋီကာတို့၌ သံဝဏ္ဏေတဗ္ဗပုဒ်ကို နောက်, သံဝဏ္ဏနာပုဒ်ကို ရှေ့ထား၍ ဖွင့်ရိုးထုံးစံမရှိသောကြောင့်လည်းကောင်း ထိုအဖွင့်ကို ဆရာမြတ်ကို နှစ်သက်တော် မမူကြပါ။ ကောဋ္ဌာသအနက်ဟော-ဟုသာ ယူလိုကြပါသည်။

ပါဠိ အဘိဓာန်တို့၌ အဂ္ဂ-သဒ္ဒါ၏ အာရမ္မဏအနက် မပါသော်လည်း **ထောမနိဓိ** စသော သက္ကတအဘိဓာန်တို့၌ ပါ, ပါသည်။ ပဒီသမ္ဖိဒါမဂ် အဋ္ဌကထာ၌ကား အောက်ပါအတိုင်း အဂ္ဂ-သဒ္ဒါ၏ ဥတ္တမ (ဝ)အနက်ကို ဖွင့်ပြထား ပါသည်။

နာနာရမ္မဏဝိက္ခေပါဘာဝတော ဧကံ အာရမ္မဏံ အဂ္ဂံ ဥတ္တမံ အဿာတိ ဧကဂ္ဂေါ။ (ပဒီသံ၊ ၌၊ ၁။ ၂၁၃။)

၂၀ **မေး။** ဧကဂ္ဂတာ-ခေါ် သမာဓိ၏ လက္ခဏာကို ဖော်ပြပါ။

ပြေ။ ဧကဂ္ဂတာ-ခေါ် သမာဓိသည် 'အဝိက္ခေပ = မပျံ့လွင့်ခြင်း တည်ကြည်ခြင်း' လက္ခဏာရှိပါသည်။

သိမှတ်ဖွယ်။။ "သမ္မယုတ္တမ္မာ နာနာရမ္မဏေ ဝိက္ခိပန္တီ ဧတေနာတိ ဝိက္ခေပေါ" ဟူ သာ ဝစနတ္ထအရ သမ္မယုတ်တရားတို့၏ အထူးထူးအပြားပြားသော အာရုံတို့၌ ပျံ့လွင့်ကြောင်းဖြစ်သော ကြောင့် ဥဒ္ဓစ္စသည် ဝိက္ခေပ-မည်၏။ နှ ဝိက္ခေပေါ အဝိက္ခေပေါ၊ ဥဒ္ဓစ္စ၏ ဆန့်ကျင်ဘက်ဖြစ်သော ဧကဂ္ဂတာ-ခေါ် သမာဓိသည် အဝိက္ခေပ-မည်၏။ အ-သဒ္ဒါ ဝိရုဒ္ဓအနက်ဟောတည်း။ ယင်းသို့ အဝိက္ခေပ-အရ ဧကဂ္ဂတာ (သမာဓိ)ကို ရသောကြောင့် လက္ခဏ-နှင့် အရမတူရကား လက္ခဏ-နှင့် အရတူစေခြင်း အကျိုးငှါ ဘာဝပွဓာန ကြံ၍ အဝိက္ခေပ-အရ ဝိက္ခေပ၏ ဆန့်ကျင်ဘက်ဖြစ်သော သမာဓိ၏ ဖြစ်ကြောင်းဖြစ်ရာ မပျံ့လွင့်ခြင်းကြီယာကို ကောက်ယူရပါသည်။ ထိုသို့ယူ

http://www.dhammadownload.com

'အဝိက္ခေပေါ် လက္ခဏံ တေသောတိ အဝိက္ခေပလက္ခဏော' ဟု ဝစနတ္ထပြုနိုင်ပါသည်။ ("အဝိက္ခေပဘာဝ" ဟု ဆိုလိုလျက် ဘာဝ-ပုဒ်ကို ချေထား သော ဘာဝလောပပုဒ်-ဟူ၍သော်လည်း ကြံပါ။)

၂၁ **မေး။** သမာဓိသည် အဝိက္ခေပ-မည်၏ဟုဆိုရာ အဘယ်သို့လျှင် အဝိက္ခေပ ဟူသော မိမိသည်ပင် အဝိက္ခေပဟူသော မိမိ၏လက္ခဏာ ဖြစ်နိုင်ပါသနည်း ရှင်းပြပါ။

ဖြေ။ သိအပ်သော သဒ္ဒတ္ထ, မသိအပ်သော သဒ္ဒတ္ထတို့၏အဖြစ်ဖြင့် လက္ခဏာ, လက္ခိတပဒအဖြစ် ဖြစ်သင့်သောကြောင့် အဝိက္ခေပဟူသော မိမိသည်ပင် အဝိက္ခေပဟူသော မိမိ၏ လက္ခဏာ ဖြစ်နိုင်ပါသည်။

ရှင်းလင်းချက်။ ။ စိတ္တေကဂ္ဂတာ-သဒ္ဒါ၏ အနက်အဖြစ်ဖြင့် မသိအပ်သော သမာဓိသည် လက္ခိတပဒ၊ အဝိက္ခေပ-သဒ္ဒါ၏ အနက်အဖြစ်ဖြင့် သိအပ်သော သမာဓိသည် လက္ခဏာ၊ ဤသို့ လက္ခိတပဒ, လက္ခဏာဖြစ်သင့် သောကြောင့် အဝိက္ခေပဟူသော မိမိသည်ပင် အဝိက္ခေပဟူသော မိမိ၏ လက္ခဏာ ဖြစ်နိုင်ပါသည်။ (ဋ၊ ၁။ ၂၄၅။)

၂၂ **မေး။** သမာဓိကို အဘယ့်ကြောင့် အဝိက္ခေပလက္ခဏာရှိသည်ဟု ဆိုရပါသနည်း ဖြေဆိုပါ။

ဖြေ။ ယှဉ်ဘက်စေတသိက်နှင့်တကွဖြစ်သော စိတ်၏ မပျံ့လွင့်ခြင်းသည် သမာဓိ အစွမ်းဖြင့် ဖြစ်သောကြောင့် သမာဓိကို 'အဝိက္ခေပလက္ခဏာရှိသည်'ဟု ဆိုရပါသည်။

၂၃ **မေး။** သမာဓိ၏ စွမ်းရည်ကို ဖော်ပြပါ။

ဖြေ။ ယှဉ်ဘက်စေတသိက်နှင့် တကွဖြစ်သော စိတ်၏ မပျံ့လွင့်အောင် ပြုလုပ်နိုင်ခြင်း ဖြစ်ပါသည်။

၂၄ **မေး။** ပဌမဈာန်-ပုဒ်ကို ဝစနတ္ထပြု၍ အရလည်း ကောက်ပြပါ။

ဖြေ။ ပဌမဉ္စ တံ ဈာနဉ္စာတိ ပဌမဈာနံ။
ဝိတက်စသော ဈာန်အင်္ဂါ ၅-ပါးအပေါင်းကို ရပါသည်။

သိမှတ်ဖွယ်။။ ပရမတ္ထအားဖြင့် အပေါင်းမရှိသောကြောင့် တစ်ပါးတစ်ပါးသော ဈာနင်၏သာ ဈာန်အဖြစ် လျှဉ်းပါးဖွယ်ရှိရကား ထိုတစ်ပါးတစ်ပါးသော ဈာနင်၏ ဈာန်အဖြစ်ကို နှစ်စေခြင်းအကျိုးငှါ "ဝိတက္ကာဒိပဉ္စကံ"ဟု အဘိဓေယျတ္ထကို ပြခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

၂၅ **မေး။** ပဌမဈာန်-ပုဒ်၌ 'ပဌမ'မည်ခြင်းအကြောင်းကို ဖြေဆို၍၊ 'ဈာန်'၏ အဓိပ္ပာယ်ကိုလည်း ရှင်းပြပါ။

ဖြေ။ ဒေသနာက္ကမ (= ဟောစဉ်) အားဖြင့်လည်းကောင်း၊ ဥပ္ပတ္တိက္ကမ (= ဖြစ်စဉ်) အားဖြင့်လည်းကောင်း အစဖြစ်သောကြောင့် 'ပဌမ' မည်ပါသည်။

ကသိဏ်းအစရှိသော အာရုံတို့ကို ကပ်၍ရှုတတ် (စူးစူးစိုက်စိုက် ရှုတတ်) သောကြောင့်လည်းကောင်း၊ ဆန့်ကျင်ဘက် နီဝရဏတရားတို့ကို လောင်ကျွမ်းစေတတ် (လောင်မြိုက်တတ်)သောကြောင့်လည်းကောင်း 'ဈာန်' မည်ပါသည်။

သိမှတ်ဖွယ်။ ။ အာဒိဘူတတ္တာ-ဟူသော ပါဠိဖြင့် ပဌမ-သဒ္ဒါ၏ ပဓာန အနက်ကို နစ်စေပါသည်။ အာရမ္မဏူပနိဇ္ဈာနတော-ဟူသောပါဠိဖြင့် "ကသိဏာဒိအာရမ္မဏံ ဈာယတိ ဥပနိဇ္ဈာယတီတိ ဈာနံ" ဟူသော ဝစနတ္ထကိုလည်းကောင်း၊ အာရမ္မဏူပ နိဇ္ဈာန်, လက္ခဏူပနိဇ္ဈာန်တို့တွင် အာရမ္မဏူပနိဇ္ဈာန်ကိုသာ ဤနေရာ၌ အလိုရှိအပ်၏, လက္ခဏူပနိဇ္ဈာန်ကို အလိုမရှိအပ်-ဟူသော အဓိပ္ပာယ်ကိုလည်းကောင်း သိစေပါသည်။

ပစ္စနီကဈာပနတော-ပါဠိဖြင့် "ပစ္စနီကဓမ္မေ ဈာပေတိ ဥဟတီတိ ဈာနံ"ဟူသော ဝစနတ္ထကို သိစေပါသည်။

၂၆ **မေး။** "ပဌမဈာန်" ဟူသော စကား၏ အဓိပ္ပာယ်ကို ရေးပြပါ။

ဖြေ။ ဟောစဉ် ဒေသနာက္ကမအားဖြင့်လည်းကောင်း၊ ဖြစ်စဉ် ဥပ္ပတ္တိက္ကမအားဖြင့်လည်းကောင်း အစဖြစ်သောကြောင့် 'ပဌမ' မည်၏။ ကသိဏ်းအစရှိသော အာရုံတို့ကို ကပ်၍ရှုတတ်သောကြောင့်လည်းကောင်း၊ ဆန့်ကျင်ဘက် နီဝရဏတရား တို့ကို လောင်ကျွမ်းစေတတ်သောကြောင့်လည်းကောင်း 'ဈာန်' မည်၏။ ဤနှစ်ပါးသော သဘောကြောင့် ဝိတက်စသော ၅-ပါးအပေါင်းသည် "ပဌမဈာန်" မည်ပါသည်။

၂၇ **မေး။** ပရမတ္ထအားဖြင့် အပေါင်းမရှိသောကြောင့် ဝိတက်စသော ဈာန်အင်္ဂါ ၅-ပါးတို့တွင် တစ်ပါးပါးကိုသာ 'ဈာန်'ဟု ဆိုသင့်သည် မဟုတ်ပါလော? အဘယ်ကြောင့် ဝိတက်အစရှိသော ဈာန်အင်္ဂါ ၅-ပါးအပေါင်းကို 'ဈာန်'ဟု ဆိုရပါသနည်း ဖြေဆိုပါ။

ဖြေ။ ပရမတ္ထအားဖြင့် အပေါင်းမရှိသောကြောင့် ဝိတက်အစရှိသော ဈာန်အင်္ဂါ ၅-ပါးတို့တွင် တစ်ပါးပါးကိုသာ 'ဈာန်'ဟု ဆိုသင့်ပါသော်လည်း အစိတ်မှလွဲ၍သော အပေါင်းမရှိသောကြောင့် ဝိတက်အစရှိသော ဈာန်အင်္ဂါတို့၏ အပေါင်း

http://www.dhammadownload.com

၌သာ 'ဗျာန်' ဟူသောအမည် ဖြစ်သင့်ပါသည်။ **ဥပမာ** - အကွပ်, တကူစသော အစိတ်အင်္ဂါတို့၏အပေါင်း၌ 'ရထား(လှည်း)' ဟူသောအမည် ဖြစ်သကဲ့သို့ တည်း။ ထို့သို့ ဝိတက်အစရှိသော ဈာန်အင်္ဂါတို့၏ အပေါင်း၌သာ 'ဈာန်' ဟူသောအမည် ဖြစ်သင့်သောကြောင့် ဝိတက်အစရှိသော ဈာန်အင်္ဂါ ၅-ပါး အပေါင်းကို 'ဈာန်'ဟု ဆိုရခြင်း ဖြစ်ပါသည်။

၂၈ **မေး။** ဈာန်, ဈာနင်, ဈာန်စိတ်တို့ကို အသီးသီး ခွဲခြားဖြေဆိုပါ။
ဖြေ။ ဝိတက်အစရှိသော ဈာန်အင်္ဂါ ၅-ပါးအပေါင်းသည် 'ဈာန်' မည်၏။
ဝိတက်, ဝိစာရ-အစရှိသော တစ်ပါး တစ်ပါးသည် 'ဈာနင်' မည်၏။
ဈာန်နှင့်ယှဉ်သော စိတ်သည် 'ဈာန်စိတ်' မည်၏။

၂၉ **မေး။** ပဌမဈာနကုသလစိတ္တံ-ပုဒ်ကို ဝစနတ္ထပြုပြပါ။
ဖြေ။ ကုသလံ စိတ္တံ ကုသလစိတ္တံ၊
ပဌမဈာနေန သမ္မယုတ္တံ ကုသလစိတ္တံ ပဌမဈာနကုသလစိတ္တံ။

၃၀ **မေး။** ဖဿ-စသော အခြားသော သမ္မယုတ်တရားများရှိပါလျက် အဘယ့်ကြောင့် ဝိတက်-စသော ၅-ပါးတို့ကိုသာ ဈာန်အင်္ဂါ-ဟု ဆိုရပါသနည်း။
ဖြေ။ ဖဿ-စသော အခြားသော သမ္မယုတ်တရားများ ရှိပါသော်လည်း ကသိုဏ်း စသော အာရုံတို့ကို ကပ်၍ရှုခြင်းကိစ္စရှိကြသောကြောင့်လည်းကောင်း၊ ကာမစ္ဆန္ဒ အစရှိသော နီဝရဏတရားတို့၏ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်သောကြောင့် လည်းကောင်း ဤဝိတက်စသော ၅-ပါးတို့ကိုသာ ဈာန်အင်္ဂါ-ဟု ဆိုရခြင်း ဖြစ်ပါသည်။

(ဂါထာ) ဥပနိဇ္ဈာနကိစ္စတ္ထာ၊ ကာမာဒိပဋိပက္ခတော။
သန္တေသုပိ စ အညေသု၊ ပဓွေဝ ဈာနသညိတာ။

(ဆောင်) **ကပ်၍ရှုထား ကိစ္စရှိလျှင်း၊ မယွင်းတစ်ချက်၊ ဆန့်ကျင်ဘက်ကြောင့်၊ ဝိတက်စသား၊ ထိုငါးပါးသာ၊ ဈာန်အင်္ဂါ။ သညာ သတ်မှတ်ခေါ်။**

၃၁ **မေး။** ဝိတက်အစရှိသော ၅-ပါးတို့၏ ကသိုဏ်းအစရှိသော အာရုံတို့ကို ကပ်၍ရှုခြင်း ဥပနိဇ္ဈာနကိစ္စရှိကြပုံကို ရေးသားဖြေဆိုပါ။
ဖြေ။ **ဝိတက်သည်** အာရုံ၌ စိတ်ကို ရှေးရှုတင်ပေးတတ်၏။ **ဝိစာရသည်** အာရုံ၌ စိတ်ကို အစဉ်မပြတ် ဖွဲ့စပ်တတ်၏။ **ပီတိသည်** စိတ်၏ နှစ်သက်ခြင်းကို ပြုတတ်

http://www.dhammadownload.com

၏။ **သုခသည်** စိတ်၏ တိုးပွားခြင်းကို ပြုတတ်၏။ ထိုအခါ ယုဉ်ဘက်တရားနှင့် တကွဖြစ်သောစိတ်ကို ဝိတက်အစရှိသော တရားတို့က ရှေးရှုတင်ပေးခြင်း, အဖန်ဖန် ဖွဲ့စပ်ခြင်း, နှစ်သက်ခြင်း, တိုးပွားခြင်းတို့ဖြင့် ခိုးမြောက်အပ်သော (အခိုးမြောက်ခံရသော) **ဧကဂ္ဂတာသည်** အာရုံ၌ ကောင်းစွာထားခြင်း (သမာဓာန)ကိစ္စဖြင့် မိမိသို့ လိုက်စေလျက် တစ်ခုတည်းသော သဘောရှိသော အာရုံ၌ အညီအမျှ ကောင်းစွာထားတတ်၏။ ဤသို့လျှင် ဝိတက်အစရှိသော ၅-ပါးတို့ ကသိုဏ်းအစရှိသော အာရုံတို့ကို ကပ်၍ ရှုခြင်းဥပနိဇ္ဈာနကိစ္စ ရှိကြပါသည်။

အမှာ။ ။ "ဝိတက်အစရှိသော ၅-ပါးတို့ကိုသာ အဘယ့်ကြောင့် ဥပနိဇ္ဈာနကိစ္စ ရှိသည်-ဟု ဆိုရပါသနည်း"ဟု အကြောင်းကို မေးခဲ့လျှင် "ကသိုဏ်းအစရှိသော အာရုံတို့ကို ကပ်၍ရှုခြင်း ဥပနိဇ္ဈာနကိစ္စသည် ဝိတက်အစရှိသော ၅-ပါးတို့၏သာ သီးခြားကိစ္စဖြစ်သောကြောင့် ဝိတက် အစရှိသော ၅-ပါးတို့ကိုသာ ဥပနိဇ္ဈာနကိစ္စရှိသည်-ဟု ဆိုရပါသည်" ဟူ၍ ဖြေပါ။

၂၁ **မေး။** ဧကဂ္ဂတာ က စိတ်ကို အာရုံ၌ အညီအမျှ, ကောင်းစွာ ထားပုံကို ရေးပြပါ။

ဖြေ။ ဣန္ဒြေတို့ ညီမျှခြင်း၏ အစွမ်းဖြင့် အညီအမျှ ထားပါသည်။ (သမံ+ အာဓာန) ဆန့်ကျင်ဘက် နီဝရဏတရားတို့မှ ဝေးကွာသည့်အတွက် တွန့်ဆုတ်ခြင်း, ပျံ့လွင့်ခြင်း မရှိခြင်းအားဖြင့် ကောင်းစွာထားပါသည်။ (သံ+အာဓာန)။

၂၂ **မေး။** ဝိတက်အစရှိသော စျာနင် ၅-ပါးတို့၏ ဥပနိဇ္ဈာနကိစ္စများကို အသီးသီး တွဲစပ်ဖော်ပြပါ။

ဖြေ။ (၁) ဝိတက်- အဘိနိရောပန = အာရုံ၌ စိတ်ကို ရှေးရှုတင်ပေးခြင်း။
(၂) ဝိစာရ - အနုပ္ပဗန္ဓန = အာရုံ၌ စိတ်ကို အစဉ်မပြတ် ဖွဲ့စပ်ပေးခြင်း။
(၃) ပီတိ - ပီနန = အာရုံကို နှစ်သက်ခြင်း။
(၄) သုခ - ဥပဗြူဟန = တိုးပွားစေခြင်း။
(၅) ဧကဂ္ဂတာ - သမာဓာန = စိတ်ကို အာရုံ၌ အညီအမျှ ကောင်းစွာ ထားခြင်း။

၂၄ **မေး။** ဝိတက်စသော စျာနင် ၅-ပါးတို့၏ ဆန့်ကျင်ဘက် နီဝရဏတရားတို့ကို အကြောင်းနှင့်တကွ ဖော်ပြခဲ့ပါ။

ဖြေ။ (၁) **ဧကဂ္ဂတာ**-ဟုဆိုအပ်သော သမာဓိသည် ကာမဂုဏ်အာရုံတို့၌ တောင့်တတတ်သော ရာဂ၏ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သောကြောင့်

http://www.dhammadownload.com

ကာမဋ္ဌန္ဒနိဝရဏာ၏ ဆန့်ကျင်ဘက် ဖြစ်ပါသည်။ (မှန်၏- ကာမဋ္ဌန္ဒနိဝရဏာ၏ အစွမ်းဖြင့် အမျိုးမျိုး သောအာရုံတို့သည် ဖြားယောင်းအပ်သည်ဖြစ်၍ မရပ်မတည် ချာချာလည်နေသော စိတ်ကို ကောင်းစွာ အာရုံ၌ထားနိုင်ခြင်းသည် ကေဂ္ဂတာကြောင့် ဖြစ်ပါသည်)။

(၂) **ပီတိ**သည် ဝမ်းမြောက်ခြင်းသဘောရှိသောကြောင့် **ဗျာပါဒနိဝရဏာ**၏ ဆန့်ကျင်ဘက် ဖြစ်ပါသည်။

(၃) **ဝိတက်**သည် သင့်လျော်သော အကြောင်းအားဖြင့် ကြံစည်ခြင်း၏ အစွမ်းဖြင့် တုန်လှုပ်ခြင်းနှင့် တကွဖြစ်သောကြောင့် **ထိန မိဒ္ဓနိဝရဏာ**၏ ဆန့်ကျင်ဘက် ဖြစ်ပါသည်။

(၄) **သုခ**သည် ငြိမ်သက်ခြင်း, အေးမြခြင်းသဘောရှိသောကြောင့် မငြိမ်သက်ခြင်း, နောင်တတစ်ဖန် ပူပန်ခြင်းသဘောရှိသော **ဥဒ္ဓစ္စ ကုက္ကုစ္စနိဝရဏာ**၏ ဆန့်ကျင်ဘက် ဖြစ်ပါသည်။

(၅) **ဝိစာရ**သည် အာရုံ၌ အဖန်ဖန်သုံးသပ်ခြင်း၏အစွမ်းဖြင့် ပညာနှင့်တူသော သဘောရှိသောကြောင့် **ဝိစိကိစ္ဆာနိဝရဏာ**၏ ဆန့်ကျင်ဘက် ဖြစ်ပါသည်။

(ဂါထာ) **ဝိတက္ကော ထိနမိဒ္ဓဿ၊ ဝိစိကိစ္ဆာယ ဝိစာရော၊**
ပီတိ စာပိ ဗျာပါဒဿ၊ သုခံ ဥဒ္ဓစ္စကုက္ကုစ္စံ။
သမာဓိ ကာမဋ္ဌန္ဒဿ၊ ပဋိပက္ခောတိ ပေဋကေ။

၃၅ **မေး။** ဥပေက္ခာကို စျာနင်အဖြစ်ဖြင့် ဘုရားရှင်ဟောကြားတော်မူပါလျက် ဤ၌ အဘယ့်ကြောင့် စျာနင်အဖြစ်ဖြင့် မရေတွက်ပါသနည်း။

ဖြေ။ ဥပေက္ခာကို စျာနင်အဖြစ်ဖြင့် ဘုရားရှင် ဟောကြားတော်မူအပ်ပါသော်လည်း ငြိမ်သက်သောဖြစ်ခြင်း သဘောရှိသည်ဖြစ်၍ သုခ၌ အကျုံးဝင်သောကြောင့် ဤ၌ ဈာနင်အဖြစ်ဖြင့် မရေတွက်ခြင်းဖြစ်ပါသည်။

(ဂါထာ) ဥပေက္ခာ သန္တဝုတ္တိတ္တာ၊ သုခမိစ္စေဝ ဘာသိတာ။
(ဆောင်) ငြိမ်သက်လှစွာ၊ ဥပေက္ခာ၊ သည်ဟု "သုခ"ခေါ်။

၃၆ **မေး။** ဥပေက္ခာ၏ ဆန့်ကျင်ဘက်ကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဥပေက္ခာသည် သုခ၌ အကျုံးဝင်သောကြောင့် ယင်း၏ ဆန့်ကျင်ဘက်မှာ သုခ စျာနင်ကဲ့သို့ မငြိမ်သက်ခြင်း, နောင်တတစ်ဖန် ပူပန်ခြင်းသဘောရှိသော ဥဒ္ဓစ္စကုက္ကုစ္စနိဝရဏာ ဖြစ်ပါသည်။

http://www.dhammadownload.com

၃၇ **မေး။** (က) ပညာနှင့် သဘောတူသောတရား (ခ) သုခနှင့် သဘောတူသော တရားတို့ကို ဖော်ပြပါ။

ဖြေ။ (က) ဝိစာရ (ခ) ဥပေက္ခာတို့ ဖြစ်ပါသည်။

(ဆောင်) **ဝိစာရဟာ၊ သဘောမှာ၊ ပညာ တူလှသည်။**
ဥပေက္ခာ က၊ သဘာဝ၊ သုခ တူပါသည်။

၃၈ **မေး။** ရူပါဝစရစိတ်, အရူပါဝစရစိတ်, လောကုတ္တရာစိတ်တို့၏ ထူးခြား ကွဲပြားပုံများကို ဖော်ပြပါ။

ဖြေ။ ရူပါဝစရစိတ်သည် ပဟာနအင်္ဂါ, သမ္မယောဂအင်္ဂါတို့၏အစွမ်းဖြင့် ထူးခြား ကွဲပြားပါသည်။

အရူပါဝစရစိတ်သည် ကောင်းကင်ပညတ်စသော အာရုံ၏ အစွမ်းဖြင့် ထူးခြား ကွဲပြားပါသည်။

လောကုတ္တရာစိတ်သည် ကိလေသပွဟာနကိစ္စအားဖြင့် ထူးခြား ကွဲပြားပါသည်။

သိမှတ်ဖွယ်။။ ရူပါဝစရစျာန်စိတ်သည် အာရုံတူသောကြောင့် အာရုံ၏အစွမ်းဖြင့် ထူးခြား ကွဲပြား မှု မရှိပါ။ လောကုတ္တရာစျာန်စိတ်သည်လည်း နိဗ္ဗာန်အာရုံ၏ အစွမ်းဖြင့် အာရုံတူသောကြောင့် အာရုံ၏အစွမ်းဖြင့် ထူးခြား ကွဲပြားမှု မရှိပါ။

ပဟာနအင်္ဂါ (-ပယ်အပ်သောအင်္ဂါ) ဟူသည် - နိဝရဏ, ဝိတက်, ဝိစာရ, ပီတိ, သုခတို့တည်း။ (နိဝရဏတို့ကို ပယ်လျှင် ပထမစျာန်ဖြစ်၏-စသည်ဖြင့် စျာန် ၅-ပါးနှင့် အစဉ်အတိုင်း ယှဉ်စပ်၍ မှတ်ပါ။)

သမ္မယောဂအင်္ဂါ-ဟူသည် ဝိတက္ကအစရှိသော အင်္ဂါ ၅-ပါးအပေါင်း, ဝိစာရအစရှိသော အင်္ဂါ ၄-ပါး, ပီတိအစရှိသော အင်္ဂါ ၃-ပါး, သုခအစရှိသော အင်္ဂါ ၂-ပါး, ဥပေက္ခာအစရှိသော အင်္ဂါ ၂-ပါးတို့တည်း။

အထူးသတိချပ် သိမှတ်ဖွယ်။ ။ အဘိဓမ္မတ္ထသင်္ဂဟ ကမ္မဋ္ဌာန်းပိုင်းလာ စာပိုဒ် ၃၁, ၃၂, ၃၃-တို့ကို **ရူပါဝစရစျာန်၏ ပဟာနင်္, သမ္မယောဂင်္ပြ ပါဠိများ** ဟူ၍လည်းကောင်း၊ စာပိုဒ် ၃၆, ၃၇, ၃၈, ၃၉-တို့ကို **အရူပါဝစရစျာန်၏ အာရမ္မဏ ဝိသေသပြ ပါဠိများ** ဟူ၍လည်းကောင်း၊ စာပိုဒ် ၆၈, ၆၉, ၇၀, ၇၁-တို့ကို **လောကုတ္တရာစျာန်၏ ကိလေသပွဟာန ကိစ္စဝိသေသပြ ပါဠိများ** ဟူ၍လည်းကောင်း မှတ်သားပါ။

၃၉ **မေး။** ရူပါဝစရ (အရူပါဝစရ) ကုသိုလ်စိတ်တို့၌ ကာမာဝစရကုသိုလ်စိတ် တို့၌ကဲ့သို့

http://www.dhammadownload.com

သခ်ီရအပြားကို အဘယ်ကြောင့် အရှင်အနုရုဒ္ဓါဆရာ မဆိုအပ်ပါသနည်း၊ မဂ္ဂါဓိဂမ(မဂ်ကိုရခြင်း)မဖက် သက်သက်သော သမထကမ္မဋ္ဌာန်းကို အဖန်ဖန်အား ထုတ်ခြင်း၏အစွမ်းဖြင့် ရအပ်သော ရူပါဝစရကုသိုလ်စိတ်ကို သသခ်ီရိက-ဟုလည်းကောင်း၊ မဂ္ဂါဓိဂမ၏အစွမ်းဖြင့် (မဂ်ရပြီးနောက် မဂ်၏အာနုဘော်ကြောင့်) ရအပ်သော ရူပါဝစရကုသိုလ် စိတ်ကို အသခ်ီရိက-ဟုလည်းကောင်း ဆိုထိုက်သည်မဟုတ်ပါလော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ မဂ်ကိုရခြင်း၏ အစွမ်းဖြင့် မဂ်၏အစွမ်းသတ္တိ (မဂ်၏အာနုဘော်)ကြောင့် ရအပ်ပါသော်လည်း နောက်အဖို့၌ ပရိကံ၏အစွမ်းဖြင့်သာလျှင် ရူပါဝစရကုသိုလ်စျာန် ဖြစ်သောကြောင့် စောဒကဆရာ ပြဆိုအပ်သည့်အတိုင်း မမှတ်ထိုက်ပါ။

အလုံးစုံသောစျာန်သည် စျာန်မရမီ ရှေ့အဖို့၌ 'ပထဝီ ပထဝီ' စသည်ဖြင့် စီးဖြန်းခြင်း ပရိကံဟုဆိုအပ်သော **ပုဗ္ဗာဘိသခ်ီရနှင့်ကင်း၍** ရှေးဘဝက စျာန်ရဖို့ရန် လွန်လွန်ကဲကဲ အားထုတ်ခဲ့ဖူးခြင်းဟူသော **အဓိကာရ**သက်သက်၏ အစွမ်းဖြင့် မဖြစ်နိုင်သောကြောင့် အသခ်ီရိက-ဟူ၍လည်း မဆိုသင့်ပါ။ အဓိကာရနှင့်ကင်း၍ ပုဗ္ဗာဘိသခ်ီရသက်သက်၏ အစွမ်းဖြင့်လည်း မဖြစ်နိုင်သောကြောင့် သသခ်ီရိက-ဟူ၍လည်း မဆိုသင့်ပါ။ ထို့ကြောင့် ရူပါဝစရ(အရူပါဝစရ)ကုသိုလ်စိတ်တို့၌ သခ်ီရအပြားကို အရှင်အနုရုဒ္ဓါဆရာ မဆိုခြင်းဖြစ်ပါသည်။

(တစ်နည်း) ပုဗ္ဗာဘိသခ်ီရ၏ အစွမ်းဖြင့်သာလျှင် ဖြစ်ရသော ရူပါဝစရကုသိုလ်စျာန်သည် တစ်ရံတစ်ခါမျှ အသခ်ီရိကအဖြစ် မဖြစ်သင့်သောကြောင့် အသခ်ီရိက-ဟူ၍လည်း မဆိုအပ်ပါ။ သသခ်ီရိကစင်စစ် ဧကန်ဖြစ်၍ အသခ်ီရိက လေလား ဟု လျှဉ်းပါးယုံမှားဖွယ် မရှိသောကြောင့် သသခ်ီရိက-ဟူ၍လည်း မဆိုအပ်ပါ။

သိမှတ်ဖွယ်

ပထမနည်း၌ ဆိုလိုရင်း - စျာန်အားလုံးသည် ပုဗ္ဗာဘိသခ်ီရနှင့် ကင်း၍ အဓိကာရသက်သက်၏ အစွမ်းဖြင့် မဖြစ်နိုင်သောကြောင့် အသခ်ီရိက-ဟူ၍လည်း မဆိုသင့်၊ အဓိကာရနှင့် ကင်း၍ ပုဗ္ဗာဘိ-သခ်ီရသက်သက်၏ အစွမ်းဖြင့် မဖြစ်နိုင်သောကြောင့် သသခ်ီရိက-ဟူ၍လည်း မဆိုသင့်ပါ။ (ပုဗ္ဗာဘိသခ်ီရနှင့် အဓိကာရတို့ အဓိပ္ပာယ် အထက်အဖြေ၌ ပါပြီးဖြစ်၏။ ဒုတိယနည်းကား သိသာပြီ။)

ပထမနည်းအလို - ရူပါဝစရကုသိုလ်စျာန်(ရူပါဝစရ, အရူပါဝစရစိတ်)သည် အသခ်ီရိက, သသခ်ီရိက နှစ်မျိုးလုံး မဟုတ်။

ဒုတိယနည်းအလို - သသခ်ီရိက ဧကန် ဖြစ်၏-ဟူလို။

http://www.dhammadownload.com

(ဆောင်) **ရူပနှင့် အရူပါ၊ အသခ်ီ, သသခ်ီ၊ ရှင်းပြ ဦးကာ။**
နှစ်ပါးမှာ ဘယ်ဟာမှ ဟုတ်ဘူး၊ သသခ်ီ ကောန်ဖြစ်တယ်လို့၊
ဉာဏ်လှစ်ကာ တစ်ခါဖွင့်တယ်(ကွယ်)၊ မှတ်သင့် အထူး။

၄၀ **မေး။** ဣဒမ္မိ ကေဝလံ သမထာနုယောဂဝသေန-စသော ဦးကာဖွင့်ဆိုချက်အရ ဖြစ် သင့် ဖြစ်ထိုက်သော ရူပ-အရူပစျာန် ၂-မျိုးကို ရှင်းလင်းချက်နှင့်တကွ ဖော်ပြခဲ့ပါ။

ဖြေ။ (၁) သမထာနုယောဂပဋိလဒ္ဓစျာန် = သမထကမ္မဋ္ဌာန်းကို တမင််လာ အားထုတ်ခြင်းကြောင့် ရအပ်သော ရူပ-အရူပစျာန်။

(၂) မဂ္ဂါဓိဂမပဋိလဒ္ဓစျာန် = မဂ္ဂသိဒ္ဓစျာန် = ရှေးရှေးဘဝများက တောင်း ခဲ့သည့် 'သမာပတ် ရှစ်ပါးနှင့် ပြည့်စုံသူ ဖြစ်ရပါလို၏'ဟူသော ဆုတောင်း ပြည့်သည့် အတွက် မင််ကို ရသည်နှင့်တပြိုင်နက် အပြီးအစီးရအပ်သော ရူပ-အရူပစျာန်တို့ ဖြစ်ပါသည်။

၄၁ **မေး။** "မင််ရသည်နှင့် တစ်ပြိုင်နက် ရူပ-အရူပစျာန်ကို အလိုလိုရသည်၊ ဘာမျှ ဆက် လုပ်စရာမလိုတော့"ဟု တစ်စုံတစ်ယောက်က ဆိုလာလျှင် ထိုအဆိုကို သင် လက်ခံနိုင်ပါမည်လော? ခိုင်လုံသော အထောက်သာဓကဖြင့် ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဦးကာ၌ "မဂ္ဂါဓိဂမဝသေန သတ္တိတော ပဋိလဒ္ဓဿာပိ အပရဘာဂေ ပရိက်ံမ္မ-ဝသေနေဝ ဥပ္ပဇ္ဇနတော = မင််ကိုရခြင်း၏အစွမ်းဖြင့် မင််၏သတ္တိ မင််၏အာနု ဘော်ကြောင့် ရအပ်ပါသော်လည်း နောက်အဖို့၌ ပရိက်ံ၏အစွမ်းဖြင့်သာလျှင် ရအပ် သောကြောင့်"ဟု ဖွင့်ဆိုထားသောကြောင့် ထိုအဆိုကို လက်မခံနိုင်ပါ။

မဏိမဉ္ဇူသာဓက - ပဋိလဒ္ဓန္တိ မဂ္ဂါဓိဂမတော အပရဘာဂေ မဂ္ဂါနုဘာဝေန သန္တာနေ ဥပ္ပတ္တိရဟံ၊ န ဟိ မဂ္ဂက္ခဏော လောကိယဇ္ဈာနမုပ္ပဇ္ဇတီတိ။ (၄င်း၊ ၁။ ၂၅၃)။

၄၂ **မေး။** ဣမာနိ ပဉ္စပိ-၌ ပိ-သဒ္ဒါဖြင့် သိမ်းယူအပ်သော အရာများကို ဖော်ပြပါ။

ဖြေ။ ပိ-သဒ္ဒါဖြင့် စတုက္ကနည်း, ပဉ္စကနည်းတို့၏ အစွမ်းဖြင့် သုဒ္ဓိကနဝက ၁-ခု၊ ထိုသုဒ္ဓိကနဝကကို ပဋိပဒါ ၄-ပါးနှင့် ယှဉ်စေ၍ ဟောတော်မူအပ်သော နဝက ၄-ခု၊ ပရိတ္တ-ပရိတ္တာရမ္မဏ စသည်ဖြင့် အာရုံ ၄-ပါးနှင့် ယှဉ်စေ၍ ဟောတော်မူ အပ်သော နဝက ၄-ခု၊ အာရုံ ၄-ပါး, ပဋိပဒါ ၄-ပါးရောသော မိဿကနည်း၏ အစွမ်းဖြင့် ဟောတော်မူအပ်သော နဝက ၁၆-ခု၊ စုစုပေါင်း (၁+၄+၄+၁၆=) နဝက ၂၅-ခု စသော ရူပါဝစရစျာန်စိတ်အပြားကို သိမ်းယူပါသည်။

http://www.dhammadownload.com

ရူပါဝစရကုသိုလ်စျာန်စိတ်ကို စတုတ္ထနည်းအားဖြင့် ရေတွက်ပုံ

၁။ ဝိတက္ကဝိစာရပီတိသုခေကဂ္ဂတာသဟိတံ ပဌမဈာနကုသလစိတ္တံ။

၂။ ပီတိသုခေကဂ္ဂတာသဟိတံ ဒုတိယဈာနကုသလစိတ္တံ။

၃။ သုခေကဂ္ဂတာသဟိတံ တတိယဈာနကုသလစိတ္တံ။

၄။ ဥပေက္ခေကဂ္ဂတာသဟိတံ စတုတ္ထဈာနကုသလစိတ္တန္ဒေတိ

ဣမာနိ ပဉ္စပိ ရူပါဝစရကုသလစိတ္တာနိ နာမ။

ဤစတုတ္ထနည်း၌ စျာန်အင်္ဂါ ၅-ပါးနှင့် တကွဖြစ်သော ပဌမစျာန်ကို ရပြီးသောပုဂ္ဂိုလ်သည် ဒုတိယစျာန်သို့ တက်လိုသော် ရအပ်ပြီးသော ပဌမစျာန်၌ စျာန်အင်္ဂါ ၅-ပါးတို့တွင် ဝိတက်, ဝိစာရတို့ကို တစ်ပြိုင်နက် ပယ်ခွါသောကြောင့် ဒုတိယစျာန်၌ စျာန်အင်္ဂါ ၃-ပါးသာ ရှိရသည်-ဟု မှတ်ပါ။

ဓမ္မသင်္ဂဏီပါဠိတော်၌ ဤစတုတ္ထနည်းကို ရှေးဦးစွာ ဘုရားရှင် ဟောတော်မူပါသော်လည်း ပဉ္စကနည်း၌ အကျူးဝင်ပြီးဖြစ်သောကြောင့် ဤအဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ အရှင်အနုရုဒ္ဓါဆရာ မပြခြင်းဖြစ်သည်-ဟု သဒ္ဒေါပဒီကာ၌ ဖွင့်ပါသည်။

ဓမ္မသင်္ဂဏီပါဠိတော်၌ ဝေနေယျလွှာသဃ၏ အစွမ်းဖြင့်လည်းကောင်း၊ ဒေသနာ ဝိလာသ၏ အစွမ်းဖြင့်လည်းကောင်း နည်း ၂-မျိုးလုံးကို ဟောတော်မူခြင်း ဖြစ်ပါသည်။ (အဋ္ဌသာလိနီ)။

ပဒီပဒါစတုက္က - ဒုက္ခပ္ပဋိပဒံ ဒန္ဓာဘိညံ၊ ဒုက္ခပ္ပဋိပဒံ ခိပ္ပါဘိညံ၊
သုခပ္ပဋိပဒံ ဒန္ဓာဘိညံ၊ သုခပ္ပဋိပဒံ ခိပ္ပါဘိညံ။

အာရမ္မဏစတုက္က - ပရိတ္တံ ပရိတ္တာရမ္မဏံ၊ ပရိတ္တံ အပ္ပမာဏာရမ္မဏံ၊
အပ္ပမာဏံ ပရိတ္တာရမ္မဏံ၊ အပ္ပမာဏံ အပ္ပမာဏာရမ္မဏံ။

အာရမ္မဏပဋိပဒါ မိဿကနယ -
ဒုက္ခပ္ပဋိပဒံ ဒန္ဓာဘိညံ ပရိတ္တံ ပရိတ္တာရမ္မဏံ၊
ဒုက္ခပ္ပဋိပဒံ ဒန္ဓာဘိညံ ပရိတ္တံ အပ္ပမာဏာရမ္မဏံ၊
ဒုက္ခပ္ပဋိပဒံ ဒန္ဓာဘိညံ အပ္ပမာဏံ ပရိတ္တာရမ္မဏံ၊
ဒုက္ခပ္ပဋိပဒံ ဒန္ဓာဘိညံ အပ္ပမာဏံ အပ္ပမာဏာရမ္မဏံ - စသည်။

မေး။ ရူပါဝစရဝိပါက်စိတ်ကို ကာမာဝစရကုသိုလ်ဝိပါက်ကဲ့သို့ ကုသိုလ်စျာန်နှင့် မတူအောင် ဝေဖန်သင့်သည် မဟုတ်ပါလော? အဘယ့်ကြောင့် ကုသိုလ်စျာန်နှင့် တူစွာသာလျှင် ဝေဖန်အပ်ပါသနည်း၊ ဖြေဆိုပါ။

ဘဝစာရုစျာန်မှ ထူးသည့် ရူပါဝစရကုသိုလ်စျာန်သည် ဖြစ်စေအပ်သော [illegible]

http://www.dhammadownload.com

စိတ်သည် (ဆင်ရိပ်စသည်တို့သည် ဆင်စသည်တို့နှင့် တူသကဲ့သို့) စင်စစ်အားဖြင့် ထိုထိုကုသိုလ်စျာန်နှင့် တူသည်သာဖြစ်သောကြောင့် ရူပါဝစရဝိပါက်စိတ်ကို ကုသိုလ်စျာန်နှင့် တူစွာသာလျှင် ဝေဖန်အပ်ပါသည်။

သိမှတ်ဖွယ်။ ။ရူပါဝစရဝိပါက်စိတ်တို့ ကုသိုလ်စျာန်နှင့် တစ်ထပ်တည်းတူကြသည်-ဟူသော အနက်အဓိပ္ပာယ်ကို ပြခြင်းအကျိုးငှါ ဘုရားရှင်သည် ဓမ္မသင်္ဂဏီပါဠိတော် ဝိပါကနိဒ္ဒေသ၌လည်း ရှေးဦးစွာ ကုသိုလ်ကိုထုတ်ဆောင်ပြပြီးမှ ထို၏အခြားမဲ့၌ "တသ္မေဝ ရူပါဝစရဿ ကုသလဿ ကမ္မဿ ကဋတ္တာ" စသည်ဖြင့် မဟဂ္ဂုတ်, လောကုတ္တရာ ဝိပါက်စိတ်တို့ကို ဝေဖန်၍ ပြတော်မူအပ်ပါသည်။

၄၄ **မေး။** ရူပါဝစရစျာန်, အရူပါဝစရစျာန်, လောကုတ္တရာစျာန် ရှိသကဲ့သို့ ကာမာဝစရစျာန် ရှိ, မရှိ၊ အကယ်၍ ရှိပါက ထုတ်ဖော်ပြခဲ့ပါ။

ဖြေ။ ရှိပါသည်။ ထိုကာမာဝစရစျာန်ဆိုသည်မှာ - နီဝရဏ, ဝိတက်, ဝိစာရ, နိကန္တိ စသည်တို့ကို ငြိမ်းအေးစေရာ၌ မြဲမြံခိုင်ခဲ့ တည်တံ့သော ဥပစာရစျာန် ဖြစ်ပါသည်။

သာဓက - ဥပစာရဇ္ဈာနန္တိ စ နီဝရဏဝိတက္ကဝိစာရနိကန္တိအာဒီနံ ဝူပသမေ ထိရဘူတံ ကာမာဝစရဇ္ဈာနံ။ (ဇု၊ ၁၊ ၂၅၅။)

၄၅။ **မေး။** ရူပါဝစရစိတ် ၅-ပါး၊ ၁၅-ပါး ပြားရခြင်းအကြောင်းကို ရေးပါ။

ဖြေ။ ရူပါဝစရစိတ်သည် ၅-ပါး၊ ၄-ပါး၊ ၃-ပါး၊ ၂-ပါး၊ တစ်ဖန် ၂-ပါးသော စျာန်အင်္ဂါတို့နှင့် ယှဉ်ပုံ ကွဲပြားသောကြောင့် "အင်္ဂါ ၅-ပါးရှိသောစျာန်၊ အင်္ဂါ ၄-ပါးရှိသောစျာန်၊ အင်္ဂါ ၃-ပါးရှိသောစျာန်၊ အင်္ဂါ ၂-ပါးရှိသောစျာန်၊ တစ်ဖန် အင်္ဂါ ၂-ပါးရှိသောစျာန်ဟူ၍ သာမညအားဖြင့် ၅-ပါးပြားရပါသည်။

ထိုရူပါဝစရစိတ်သည် ကုသိုလ်, ဝိပါက်, ကိရိယာတို့၏ အသီးသီး ၅-ပါးစီ ပြားသောကြောင့် ၁၅-ပါး ပြားရခြင်း ဖြစ်ပါသည်။

သိမှတ်ဖွယ်

<u>ပဋ္ဌမာ စျာနဘေဒေန</u> - "စျာနင်္သမ္မယောဂဘေဒေန"ဟု ဆိုလိုလျက် နိရုတ္တိနည်းဖြင့် 'အင်္' ပုဒ် 'သမ္မယောဂ' ပုဒ်တို့ကို ချေ၍ "စျာနဘေဒေန"ဟု ဆိုထားခြင်းဖြစ်သည်။ စျာန-အရ စျာန် အင်္ဂါတို့နှင့် ယှဉ်ခြင်းတိုင်အောင် ယူပါ-ဟူလို။

ရူပါဝစရစိတ်အဖွင့် ပြီး၏။

http://www.dhammadownload.com

အရူပါဝစရစိတ်အဖွင့် (၉၅)

မေး။ "အာကာသာနဉ္စာယတနကုသလစိတ္တံ" အစရှိသောစကားရပ်ကို အဘယ့်ကြောင့် မိန့်ဆိုရပါသနည်း။

ဖြေ။ ယခုအခါ အရူပါဝစရစိတ်ကို အာရုံအပြားအားဖြင့် လေးပါးအပြားအားဖြင့် ဝေဖန်၍ ပြတော်မူလိုသောကြောင့် "အာကာသာနဉ္စာယတနကုသလစိတ္တံ" အစရှိသော စကားရပ်ကို မိန့်ဆိုရခြင်းဖြစ်ပါသည်။

၂ **မေး။** အာကာသာနဉ္စ-ပုဒ်ကို အစိတ်+အပေါင်း ဝစနတ္ထပြု၍ အဓိပ္ပာယ်ရေးပြီး အရ လည်း ကောက်ပြပါ။

ဖြေ။ နာဿ အန္တော်တိ အနန္တံ၊ (နတ္ထိ အန္တော အဿာတိ အနန္တံ)၊
အာကာသဉ္စ တံ အနန္တဉ္စာတိ အာကာသာနန္တံ။
အာကာသာနန္တမေဝ အာကာသာနဉ္စံ။

ဥပါဒ်အစရှိသော အပိုင်းအခြားကင်းသည့်အတွက် ဥပါဒ်, ဌီ, ဘင်အားဖြင့် အပိုင်းအခြား မရှိသောကြောင့် ကောင်းကင်ပညတ်သည် 'အာကာသာနန္တ' မည်၏။

ထို'အာကာသာနန္တ'သည်ပင် သကတ်အနက်၌ ဘာဝပစ္စည်း (ဏျပစ္စည်း)၏အစွမ်းဖြင့် 'အာကာသာနဉ္စ' မည်၏။

ကသိဏ္စက္ကဝိဇိမာကာသ (ကသိဏ်းကိုးပါးတို့တွင် တစ်ပါးပါးကို ခွါခြင်းကြောင့် ရအပ်သော ကောင်းကင်ပညတ်)ကို ရပါသည်။

အာကာသာနဉ္စ-ပုဒ် ရှုပ်ပြီးပုံ

'အနန္တာကာသံ' ဟု ဆိုလိုလျက် ' အဂ္ဂိ အာဟိတော ပူဇိတော ယေနာတိ အဂ္ဂာ-ဟိတော'စသည်တို့၌ 'အာဟိတဂ္ဂိ' ဟုဆိုလိုလျက် အာဟိတ-ဟူသော ဝိသေသနပုဒ် နောက်ကျသည်၏ အစွမ်းဖြင့် 'အဂ္ဂာဟိတော'ဟု ဆိုသကဲ့သို့ အနန္တ-ဟူသော ဝိသေသနပုဒ် နောက်ကျသည်၏ အစွမ်းဖြင့် 'အာကာသာနန္တ'ဟု ဆိုထားခြင်းဖြစ်သည်။

ယင်း 'အာကာသာနန္တ' ပုဒ်နောင် သကတ်အနက်၌ ဏျပစ္စည်းသက်၍ 'အာကာ-သာနန္တ+ဏျ' ဟု ဖြစ်ပြီးနောက် ဏ်-အနုဗန်ကို ချေ၊ နန္တ, ယ-သို့ကပ်လျှင် 'အာကာသာ-နန္တ္ယ' ဟု ဖြစ်၏။တျ-ကို စ-ပြု၊ နံ-ကို ရှေ့ နံ-အထက်၌ နိဂ္ဂဟိတ်ပြု (အာကာသာနံ စ)၊ ယင်းနိဂ္ဂဟိတ်ကို စဝဂ္ဂန္တ ဉ-ပြု၊ ဉ, စ-သို့ကပ်၍ "အာကာသာနဉ္စ" ဟု ပြီးပါသည်။

၃ **ဇမး။** အာကာသာနဉ္စာယတန-ပုဒ်ကို ရနိုင်သမျှ ဝစနတ္ထပြုပြု၍၊ အဓိပ္ပာယ်ရေးပြီး၊

http://www.dhammadownload.com

အရလည်း ကောက်ပြပါ။

ဖြေ။ အာကာသာနဉ္စမေဝ အာယတနံ အာကာသာနဉ္စာယတနံ။ (ကမ္မဓာရည်း သမာသ်)

နတ်တို့၏တည်ရာ နတ်ကွန်းသည် 'ဒေဝါယကန' မည်သကဲ့သို့၊ ထို့အတူ ဥပါဒ်, ဌိ, ဘင် အပိုင်းအခြားမရှိသော ကောင်းကင်ပညတ် (အာကာသာနဉ္စ) သည်ပင် သမ္မယုတ်တရားနှင့်တကွဖြစ်သော စျာန်၏ တည်ရာဟူသော အနက် သဘောကြောင့် 'အာယတန'မည်ရကား "အာကာသာနဉ္စာယတန" မည်ပါသည်။

(တစ်နည်း) အာကာသာနဉ္စံ အာယတနံ အဿာတိ အာကာသာနဉ္စာယတနံ။ (ဗဟုဗ္ဗိဟိသမာသ်) ဥပါဒ်, ဌိ, ဘင် အပိုင်းအခြားမရှိသော ကောင်းကင်ပညတ်တည်းဟူသော တည်ရာအာရုံရှိသောကြောင့် သမ္မယုတ်တရားနှင့် တကွဖြစ်သော ပဌမာရုပ္ပစျာန်သည် "အာကာသာနဉ္စာယတန" မည်ပါသည်။

ပထမနည်းအလို - ဥပါဒ်, ဌိ, ဘင် အပိုင်းအခြားမရှိသော ကောင်းကင်ပညတ်ကို မုချအားဖြင့် ရ၍၊ ထိုကောင်းကင် ပညတ်တည်းဟူသော တည်ရာအာရုံ၌ အပွနာသို့ရောက်သော သမ္မယုတ်တရားနှင့် တကွဖြစ်သော ပဌမာရုပ္ပစျာန်ကို ဌာနူပစာ, ကာရဏူပစာအားဖြင့် ရပါသည်။ ဥပမာ- ပထဝီကသိုဏ်းလျှင် အာရုံရှိသောစျာန်ကို "ပထဝီကသိဏ်" ဟု ဆိုအပ်သကဲ့သို့တည်း။

ဒုတိယနည်းအလို - သမ္မယုတ် တရားနှင့် တကွဖြစ်သော ပဌမာရုပ္ပစျာန်ကို မုချအားဖြင့်ပင် ရပါသည်။

၄ **မေး။** အာကာသာနဉ္စာယတနကုသလစိတ္တံ-ပုဒ်ကို ဝစနတ္ထပြု၍ အဓိပ္ပာယ်ကိုလည်း ရေးပြပါ။

ဖြေ။ အာကာသာနဉ္စာယတနေန သမ္မယုတ္တံ ကုသလစိတ္တံ အာကာသာနဉ္စာယတန-ကုသလစိတ္တံ။

ဥပါဒ်, ဌိ, ဘင် အပိုင်းအခြားမရှိသော ကောင်းကင်ပညတ်တည်းဟူသော တည်ရာအာရုံ၌ အပွနာသို့ရောက်သော သမ္မယုတ်တရားနှင့်တကွဖြစ်သော ပဌမာရုပ္ပစျာန်နှင့် ယှဉ်သော ကုသိုလ်စိတ်သည် 'အာကာသာနဉ္စာယတန ကုသိုလ်စိတ်' မည်ပါသည်။

(တစ်နည်း) ဥပါဒ်, ဌိ, ဘင် အပိုင်းအခြားမရှိသော ကောင်းကင်ပဉ်တည်းဟူသော တည်ရာအာရုံရှိသော သမ္မယုတ်တရားနှင့်တကွဖြစ်သော ပဌမာရုပ္ပစျာန်နှင့်ယှဉ်သော ကုသိုလ်စိတ်သည် 'အာကာသာနဉ္စာယတနကုသိုလ်စိတ်'

http://www.dhammadownload.com

မည်ပါသည်။

သိမှတ်ဖွယ်။။ မဏိမဇ္ဈိ(၁၊ ၂၆၃)၌ အာကာသာနဉ္စာယတန-ပုဒ်ကို ကမ္မဓာရည်း သမာသ်ဝစနတ္ထပြု၍ တည်ရာအာရုံကို မုချအားဖြင့် ကောက်ယူရသောပက္ခဝယ် 'အာကာသာနဉ္စာယတနေ ကုသလစိတ္တံ အာကာသာနဉ္စာယတနကုသလစိတ္တံ' ဟု သတ္တမီ တပ္ပုရိသ် သမာသ် ဝစနတ္ထ ပြုရမည်ဟု ဖွင့်ပြထားပါသည်။

၅ **မေး။** အာကာသာနဉ္စာယတနကုသလစိတ္တံ-၌ (က) အာကာသ (ခ) အနန္တ (ဂ) အာကာသာနန္တ (ဃ) အာကာသာနဉ္စ (င)အာကာသာနဉ္စာယတန-အရတို့ကို ကောက်ပြခဲ့ပါ။

ဖြေ။ (က) (ခ) (ဂ) (ဃ)တို့အရ ကသိုဏ်းကိုးပါးတို့တွင် တစ်ပါးပါးကို ခွါခြင်းကြောင့် ရအပ်သော ကောင်းကင်ပညတ်ကို ရပါသည်။

(င)အရ ကောင်းကင်ပညတ်ကို မုချအားဖြင့် ရ၍၊ ပဌမာရုပ္ပဈာန်ကို ဌာန ပစာ, ကာရဏူပစာအားဖြင့် ရပါသည်။ ပစ်နည်း-ပဌမာရုပ္ပဈာန်ကို မုချ အားဖြင့်ပင် ရပါသည်။

၆ **မေး။** ဝိညာဏဉ္စာယတန်-၌ ဝိညာဏဉ္စ-ပုဒ်ကို ရနိုင်သမျှ ဝစနတ္ထပြု၍၊ အဓိပ္ပာယ် ရေးပြီး၊ အရလည်း ကောက်ပြပါ။

ဖြေ။ ဝိညာဏမေဝ အနန္တံ ဝိညာဏာနန္တံ၊ ဝိညာဏာနန္တမေဝ ဝိညာဏဉ္စံ။

ပဌမာရုပ္ပဝိညာဉ်သည်ပင်လျှင် ဥပါဒ်အစရှိသော အပိုင်းအခြားမရှိသော ကြောင့် အနန္တ-မည်ရကား 'ဝိညာဏာနန္တ' မည်ပါသည်။ ထို 'ဝိညာဏာနန္တ' သည်ပင် "ဝိညာဏဉ္စ" မည်ပါသည်။

(**တစ်နည်း**) ဝိညာဏေန အနွိတတ္တံ ပါပုဏိတတ္တန္တိ ဝိညာဏဉ္စံ။ (အနွိတတ္တံ ပါပုဏိတတ္တန္တိ အဉ်၊ ဝိညာဏေန အဉ် ဝိညာဏဉ်-ဟု ဝိဂြိုဟ်စစ်ပြုပါ။)

ဒုတိယာရုပ္ပဝိညာဉ်သည် အာရုံပြုသောအားဖြင့် ရောက်အပ်သောကြောင့် ဥပါဒ်, ဌိ, ဘင် အပိုင်းအခြားမရှိသော ပဌမာရုပ္ပဝိညာဉ်သည် "ဝိညာဏဉ္စ" မည်ပါသည်။ ပဌမာရုပ္ပဝိညာဉ်ကို ရပါသည်။

ဝိညာဏဉ္စ-ပုဒ် ရုပ်ပြီးပုံ

ပထမနည်း၌ 'ဝိညာဏာနန္တ+ဏျ' အာကာသာနဉ္စ-ပုဒ် ရုပ်ပြီးပုံအတိုင်း 'ဝိညာဏာနဉ္စ'ဟု ဖြစ်ပြီးနောက် ဏာ-မှ အာ-ကို အ-ရဿပြု, န-ကိုလည်း ချေ၍ "ဝိညာဏဉ္စ" ဟု ရုပ်ပြီးပါသည်။

http://www.dhammadownload.com

ဒုတိယနည်း၌ ဝိညာဏ သဒ္ဒူပပဒ အဠု-ဓာတ်ဖြစ်၍ ခွင်း, ချေ, ကပ်ရုံမျှဖြင့် ရုပ်ပြီးပါသည်။

၇ **မေး။** ဥပါဒ်စသော အပိုင်းအခြားရှိသော ပဌမာရုပ္ပဝိညာဉ်ကို အနန္တ-ဟု မဆိုသင့်၊ ဥပါဒ်စသော အပိုင်းအခြားမရှိသော ကောင်းကင်နှင့် နိဗ္ဗာန်ကိုသာ အနန္တ-ဟု ဆိုသင့်သည် မဟုတ်ပါလော? သို့ဖြစ်ပါလျက် အဘယ့်ကြောင့် ပဌမာရုပ္ပ ဝိညာဉ်ကို အနန္တ-ဟု ဆိုရပါသနည်း။

ဖြေ။ ပဌမာရုပ္ပဝိညာဉ်သည် ဥပါဒ်စသော အပိုင်းအခြားရှိသော်လည်း ဥပါဒ်စသော အပိုင်းအခြားမရှိသော ကောင်းကင်ပညတ်၌ အာရုံပြုသောအားဖြင့် ဖြစ်ရသော ကြောင့်လည်းကောင်း (ကောင်းကင်ပညတ်ကို အာရုံပြုသောကြောင့်-ဟု ဆိုလိုသည်။) မိမိကို အာရုံပြု၍ဖြစ်သော ကာမာဝစရဘာဝနာက ဥပါဒ်စသော အပိုင်းအခြားကို မယူဘဲ အပိုင်းအခြားမရှိသောအားဖြင့် ဖြန့်ခြင်း (အနန္တံ ဝိညာဏံ, အနန္တံ ဝိညာဏံ-ဟု စီးဖြန်းခြင်း)၏ အစွမ်းဖြင့် ဖြစ်သောကြောင့် လည်းကောင်း ယင်းပဌမာရုပ္ပဝိညာဉ်ကို အနန္တ-ဟု ဆိုရခြင်း ဖြစ်ပါသည်။

သိမှတ်ဖွယ်

ရှေ့အကြောင်းပြ အလို - ဌာန အာရုံဖြစ်သော ကောင်းကင်ပညတ်၏ 'အနန္တ' ဟူသော အမည်ကို ဌာနီ အာရမ္မဏိကဖြစ်သော ပဌမာရုပ္ပဝိညာဉ်၌ တင်စား၍ ဌာနူပစာအားဖြင့် ပဌမာရုပ္ပဝိညာဉ်ကို 'အနန္တ' ဟု ဆိုအပ်သည်-ဟု သိပါ။

နောက်အကြောင်းပြ အလို - အကျိုးဖြစ်သော ကာမာဝစရဘာဝနာ၏ 'အနန္တ' ဟူသော အမည်ကို အကြောင်းဖြစ်သော ပဌမာရုပ္ပဝိညာဉ်၌ တင်စား၍ ဖလူပစာအားဖြင့် ပဌမာရုပ္ပဝိညာဉ်ကို 'အနန္တ' ဟု ဆိုအပ်သည်-ဟု သိပါ။

၈ **မေး။** ဝိညာဏဉ္စာယတန-ပုဒ်ကို ရနိုင်သမျှ ဝစနတ္ထပြု၍၊ အဓိပ္ပာယ် ရေးပြီးလျှင်၊ အရကိုလည်း ကောက်ပြပါ။

ဖြေ။ ဝိညာဏဉ္စမေဝ အာယတနံ ဝိညာဏဉ္စာယတနံ။

ဥပါဒ်အစရှိသော အပိုင်းအခြား မရှိသော ပဌမာရုပ္ပဝိညာဉ် (ဝိညာဏဉ္စ) သည်ပင်လျှင် ဒုတိယာရုပ္ပဝိညာဉ်၏ တည်ရာဖြစ်သောကြောင့် 'အာယတန' မည်ရကား "ဝိညာဏဉ္စာယတန" မည်ပါသည်။

(တစ်နည်း) ဝိညာဏဉ္စံ အာယတနံ အဿာတိ ဝိညာဏဉ္စာယတနံ။

ဥပါဒ်အစရှိသော အပိုင်းအခြားမရှိသော ပဌမာရုပ္ပဝိညာဉ်တည်းဟူသော တည်ရာအဆုံရှိသောကြောင့် သမ္မယုတ်တရားနှင့် တကွဖြစ်သော ဒုတိယာရုပ္ပ

http://www.dhammadownload.com

ဈာန်သည် "ဝိညာဏဉ္စာယတန" မည်ပါသည်။

ပထမနည်းအလို - ဝိညာဏဉ္စာယတန-အရ ပဌမာရုပ္ပဝိညာဉ်ကို မုချအားဖြင့် ရပါသည်။ ထိုပဌမာရုပ္ပဝိညာဉ်၌ အပွနာသို့ ရောက်သော သမ္မယုတ်တရားနှင့် တကွဖြစ်သော ဒုတိယာရုပ္ပဈာန်ကို ဌာနူပစာ, ကာရဏူပစာအားဖြင့် ရပါသည်။

ဒုတိယနည်းအလို - သမ္မယုတ်တရားနှင့် တကွဖြစ်သော ဒုတိယာရုပ္ပဈာန်ကို မုချအားဖြင့် ရပါသည်။

၉ **မေး။** ဝိညာဏဉ္စာယတနကုသလစိတ္တံ-ပုဒ်၌ (က) ဝိညာဏ (ခ) အနန္တ (ဂ) ဝိညာဏာနန္တ (ဃ) ဝိညာဏဉ္စ (င) ဝိညာဏဉ္စာယတန-အရတို့ကို ကောက်ပြခဲ့ပါ။

ဖြေ။ (က) (ခ) (ဂ) (ဃ)တို့အရ ပဌမာရုပ္ပဝိညာဉ် (ပထမ အရူပစိတ်)ကို ရပါသည်။ (င)အရ ပဌမာရုပ္ပဝိညာဉ်ကို မုချအားဖြင့် ရ၍၊ ဒုတိယာရုပ္ပဈာန်ကို ဌာနူပစာ, ကာရဏူပစာအားဖြင့် ရပါသည်။ တစ်နည်း-ဒုတိယာရုပ္ပဈာန်ကို မုချအားဖြင့်ပင် ရပါသည်။

၁၀ **မေး။** ဝိညာဏဉ္စာယတန-၌ ဝိညာဏဉ္စ-ပုဒ်ကို "ဝိညာဏ+အဉ္စ"ဟု ပုဒ်ခွဲရာ၌ (က) ဝိညာဏ-အရ (ခ) အဉ္စ-အရ (ဂ) ဝိညာဏဉ္စ-အရ (ဃ) ဝိညာဏဉ္စာယတန-အရတို့ကို အသီးသီး ကောက်ပြခဲ့ပါ။

ဖြေ။ (က) ဝိညာဏ-အရ ဒုတိယာရုပ္ပဝိညာဉ်ကို ရပါသည်။
(ခ) အဉ္စ-အရ ပဌမာရုပ္ပဝိညာဉ်ကို ရပါသည်။
(ဂ) ဝိညာဏဉ္စ-အရ ပဌမာရုပ္ပဝိညာဉ်ကိုပင် ရပါသည်။
(ဃ) ဝိညာဏဉ္စာယတန-အရ ပဌမာရုပ္ပဝိညာဉ်ကိုလည်းကောင်း၊ ဈာန်ကိုလည်းကောင်း ရပါသည်။

၁၁ **မေး။** အာကိဉ္စညာယတန-၌ အာကိဉ္စည-ပုဒ်ကို ဝိဂြိုဟ်ဆို၍၊ အဓိပ္ပာယ်ရေးပြီး၊ အရကောက်ပြပါ။

ဖြေ။ နတ္ထိ ကိဉ္စိနံ အဿာတိ အာကိဉ္စန်၊
စိုးစဉ်းအနည်းငယ်မျှ, အောက်ထစ်ဆုံးအားဖြင့် ဘင်ခဏမျှလည်း အကြွင်းအကျန်မရှိသောကြောင့် ပဌမာရုပ္ပဝိညာဉ်သည် 'အာကိဉ္စန' မည်ပါသည်။
အာကိဉ္စနဿ ဘာဝေါ အာကိဉ္စည်။

http://www.dhammadownload.com

ထိုစိုးစဉ်းအနည်းငယ်မျှ အကြွင်းအကျန်မရှိသော ပဌမာရုပ္ပဝိညာဉ်၏ ဖြစ်ကြောင်းသည် "အာကိဉ္စည" မည်ပါသည်။

ပဌမာရုပ္ပဝိညာဉ်၏ မရှိခြင်းဟူသော နတ္ထိဘောပညတ်ကို ရပါသည်။

အာကိဉ္စည-ပုဒ် ရုပ်ပြီးပုံ

အာကိဉ္စန+ဏျ၊ ဏ် အနုဗန်ကို ချေ၊ န် ယ-သို့ကပ် (အာကိဉ္စန္ယ)၊ န္ယ-ကို ဥ-ပြု၊ ဥ-ကို သဒိသဒွေးဘော်ပြု၊ အ-ကို အာဝုဒ္ဓိပြု၊ အာကိဉ္စည-ပြီး၏။

၁၂ **မေး။** အာကိဉ္စညာယတန-ပုဒ်ကို ရနိုင်သမျှ ဝစနတ္ထပြု၍၊ အဓိပ္ပာယ် ရေးပြီးလျှင်၊ အရကိုလည်း ကောက်ပြပါ။

ဖြေ။ အာကိဉ္စညမေဝ အာယတနံ အာကိဉ္စညာယတနံ။

ပဌမာရုပ္ပဝိညာဉ်၏ မရှိခြင်းဟူသော နတ္ထိဘောပညတ် (အာကိဉ္စည)သည် ပင်လျှင် တတိယာရုပ္ပဝိညာဉ်၏ တည်ရာဖြစ်သောကြောင့် 'အာယတန' မည်ရကား "အာကိဉ္စညာယတန" မည်ပါသည်။

(တစ်နည်း) အာကိဉ္စည် အာယတနံ အဿာတိ အာကိဉ္စညာယတနံ။

နတ္ထိဘောပညတ်တည်းဟူသော တည်ရာအာရုံရှိသောကြောင့် သမ္မယုတ်တရားနှင့် တကွဖြစ်သော တတိယာရုပ္ပစျာန်သည် "အာကိဉ္စာယတန" မည်ပါသည်။

ပထမနည်းအလို - နတ္ထိဘောပညတ်ကို မုချအားဖြင့် ရ၏။ ထိုနတ္ထိဘောပညတ်၌ အပွနာသို့ ရောက်သော သမ္မယုတ်တရားနှင့် တကွဖြစ်သော တတိယာရုပ္ပစျာန်ကို ဌာနူပစာ, ကာရဏူပစာအားဖြင့် ရပါသည်။

ဒုတိယနည်းအလို - သမ္မယုတ်တရားနှင့် တကွဖြစ်သော တတိယာရုပ္ပစျာန်ကို မုချအားဖြင့် ရပါသည်။

၁၃ **မေး။** အာကိဉ္စညာယတနကုသလစိတ္တံ-၌ (က) အကိဉ္စန (ခ) အာကိဉ္စည (ဂ) အာကိဉ္စညာယတန-အရတို့ကို အသီးသီး ကောက်ပြခဲ့ပါ။

ဖြေ။ (က) အကိဉ္စန-အရ ပဌမာရုပ္ပဝိညာဉ်ကို ရပါသည်။

(ခ) အာကိဉ္စည-အရ နတ္ထိဘောပညတ်ကို ရပါသည်။

(ဂ) အာကိဉ္စညာယတန-အရ နတ္ထိဘောပညတ်ကို မုချအားဖြင့် ရ၍၊ တတိယာရုပ္ပစျာန်ကို ဌာနူပစာ, ကာရဏူပစာအားဖြင့် ရပါသည်။ တစ်နည်း - တတိယာရုပ္ပစျာန်ကို မုချအားဖြင့်ပင် ရပါသည်။

၁၄ **မေး။** နေဝသညာနာသည-ပုဒ်ကို ရနိုင်သမျှ ဝစနတ္ထပြု၍၊ အဓိပ္ပာယ်ရေးပြပါ။

http://www.dhammadownload.com

ဖြေ။ နေဝဿ သညာ အတ္ထိတိ နေဝသညာ၊
နာဿ သညာ အတ္ထိတိ အသညံ၊ န အသညံ နာသညံ၊
နေဝသညဉ္စ တံ နာသညဉ္စေတိ နေဝသညာနာသညံ။

ရုန်.ရင်းထင်ရှားသော သညာကား မရှိ၊ သိမ်မွေ့သော (မထင်ရှားသော) သညာ မရှိသည်မဟုတ်, ရှိသောကြောင့် သမ္မယုတ်တရားနှင့် တကွဖြစ်သော စတုတ္ထာရုပ္ပဈာန်သည် **"နေဝသညာနာသညံ"** မည်ပါသည်။

(တစ်နည်း) နေဝ သညာတိ နေဝသညာ၊
န သညာတိ အသညာ၊ န အသညာတိ နာသညာ၊
နေဝသညာ စ သာ နာသညာ စာတိ နေဝသညာနာသညာ။

ရုန်.ရင်းသောသညာလည်း မဟုတ်, သိမ်မွေ့သောသညာ မဟုတ်သည်လည်း မဟုတ်သော သညာသည် **"နေဝသညာနာသညာ"** မည်၏။

သတိပြုဖွယ် - ပထမနည်း၌ ဈာန်ကို အရကောက်ရသောကြောင့် "နေဝသညာနာသညံ" ဖြစ်ကြောင်းကိုလည်းကောင်း၊ ဒုတိယနည်း၌ သညာကို အရကောက်ရသောကြောင့် "နေဝသညာ နာသညာ" ဖြစ်ကြောင်းကိုလည်းကောင်း သတိပြုပါ။

နေဝသညာနာသညံ-ပုဒ် ရုပ်ပြီးပုံ

ပထမနည်း၌ "နေဝသညနာသညံ" ဟု ဆိုလိုလျက် သဒ္ဒါကို တန်ဆာဆင်ခြင်း (ဝစနသောဘန-သဒ္ဒါလင်္ကာရ)အကျိုးငှါ နေဝသည-၌ အ-ကို အာဒီယပြု၍ "နေဝသညာနာသညံ" ဟု ရုပ်ပြီးပါသည်။

<u>နေဝ, န, အ-သဒ္ဒါတို့၏ အနက်များ</u> - ပထမနည်းဝယ် နေဝဿ-၌ နေဝ သဒ္ဒါသည် အဘာဝအနက်ဟော၊ နာသညံ-၌ န-သဒ္ဒါ အညအနက်ဟော၊ အ-သဒ္ဒါ အဘာဝအနက် ဟောဖြစ်၏။

ဒုတိယနည်းဝယ် နေဝသညာ-၌ နေဝ သဒ္ဒါ အညအနက်ဟော၊ နာသညာ-၌ န သဒ္ဒါ, အ သဒ္ဒါ နှစ်ခုလုံး အညအနက်ဟောဖြစ်၏။

၁၅ **မေး။** သညာတစ်ခုတည်းသည်ပင် အဘယ့်ကြောင့် "နေဝသညာ" "န အသညာနာသညာ" မည်ရပါသနည်း။

ဖြေ။ သညာသည်ပင် ဝိပဿနာပညာ၏ အာရုံအဖြစ်သို့ရောက်၍ သခ်ါရတရားတို့၌ ငြီးငွေ့ခြင်းကို ဖြစ်စေခြင်းဟူဆိုအပ်သော ထင်ရှားသော သညာကိစ္စ မရှိသောကြောင့် "နေဝသညာ" မည်ပါသည်။

ရေသည် အာပေါဓာတ်ဖြစ်သော်လည်း ရေပူ၌ တေဇောဓာတ်သည် သိမ် မွေ့စွာ ထင်ရှားရှိသကဲ့သို့ ရုန်.ရင်းသောသခ်ါရတို့မှ ကြွင်းသော သိမ်မွေ့သော သခ်ါရအဖြစ်

http://www.dhammadownload.com

ဖြင့် ထင်ရှားရှိသောကြောင့် "န အသညာ-နာသညာ"လည်း မည်ပါသည်။

၁၆ **မေး။** နေဝသညာနာသညာယတန-ပုဒ်ကို ရနိုင်သမျှ ဝစနတ္ထပြု၍ အဓိပ္ပာယ်ရေးပြီး လျှင်၊ အရုလည်း ကောက်ပြပါ။

ဖြေ။ နေဝသညာနာသညမေဝ အာယတနံ နေဝသညာ-နာသညာယတနံ။

နေဝသညာနာသညာ-မည်သော သမ္မယုတ်တရားနှင့်တကွဖြစ်သော စတု-ထ္ထာရုပ္ပစျာန်သည်ပင် မနာယတန, ဓမ္မာယတနဒ္ဒ အကျုံးဝင်သောကြောင့် 'အာယတန' မည်ရကား "နေဝသညာနာသညာယတန" မည်ပါသည်။

(တစ်နည်း) နေဝသညာနာသညာ ဧဝ အာယတနံ နေဝသညာနာသညာ-ယတနံ။ နေဝသညာနာသညာ-မည်သော သညာသည်ပင် သမ္မယုတ် တရားနှင့် တကွဖြစ်သော စတုတ္ထာရုပ္ပစျာန်၏ နိဿယပစ္စည်းဖြစ်၍ တည်ရာ မှီရာဖြစ်သောကြောင့် 'အာယတန' မည်ရကား "နေဝသညာနာသညာယတန" မည်ပါသည်။

ပထမနည်းအလို - 'နေဝသညာနာသညာ' မည်သော သမ္မယုတ်တရားနှင့် တကွဖြစ်သော စတုတ္ထာရုပ္ပစျာန်ကို ရပါသည်။

ဒုတိယနည်းအလို - 'နေဝသညာနာသညာ' မည်သော သညာကို ရပါသည်။

သိမှတ်ဖွယ်။။ နေဝသညာနာသညာ-နှင့် အာယတန ပုဒ်တို့ကို သမာသ်တွဲစပ်ပြရာ၌ ပထမနည်းဝယ် နေဝသညာနာသညာ-အရ စတုတ္ထာရုပ္ပစျာန်ကို ရသောကြောင့် 'ဓမ္မာယတနပရိယာပန္နတ္တာ' လောက်သာ ဆိုသင့်ပါသော်လည်း သသမ္မယုတ္တဓမ္မသ-ဟု ဆိုအပ်သည်ဖြစ် ၍ စိတ်သည်လည်း နေဝသညာနာသည ဖြစ်သောကြောင့် မနာ-ယတနဓမ္မာယတနပရိယာပန္နတ္တာ"ဟု ဋီကာဆရာဆိုခြင်း ဖြစ်ပါသည်။ သမ္မယုတ် တရားနှင့် တကွဖြစ်သော စတုတ္ထာရုပ္ပစျာန်ကို အာယတနဖွဲ့လျှင် စိတ်သည် မနာယတန၊ စေတသိက်များကား ဓမ္မာယတနဖြစ်သည်။ (ဂူ။ ၁။ ၂၆၇။)

၁၇ **မေး။** အာကာသာနဉ္စာယတန-စသည်တို့၌ပါသော အာယတန-သဒ္ဒါ ၄-ခုတို့၏ အထူးကို ရေးပြပါ။

ဖြေ။ အာကာသာနဉ္စာယတန-ပုဒ်၌ 'အာကာသာနဉ္စ' အမည်ရသော ကောင်းကင်ပညတ်သည်ပင် သမ္မယုတ်တရားနှင့် တကွဖြစ်သော စျာန်၏ တည်ရာဖြစ်သောကြောင့် 'အာယတန' မည်ပါသည်။

ဝိညာဏဉ္စာယတန-ပုဒ်၌ 'ဝိညာဏဉ္စ' အမည်ရသော ပဌမာရုပ္ပဝိညာဉ် သည်ပင် ဒုတိယာရုပ္ပဝိညာဉ်၏ တည်ရာဖြစ်သောကြောင့် 'အာယတန' မည်ပါသည်။

http://www.dhammadownload.com

အာကိဉ္စညာယတန-ပုဒ်၌ 'အာကိဉ္စည' အမည်ရသော နတ္ထိဘောပညတ်သည်ပင် တတိယာရုပ္ပဝိညာဉ်၏ တည်ရာဖြစ်သောကြောင့် 'အာယတန'မည်ပါသည်။

နေဝသညာနာသညာယတန-ပုဒ်၌ 'နေဝသညာနာသည' အမည်ရသော သမ္မယုတ်တရားနှင့်တကွ စတုတ္ထာရုပ္ပစျာန်သည်ပင် မနာယတန, ဓမ္မာယတန၌ အကျုံးဝင်သောကြောင့် 'အာယတန' မည်ပါသည်။

(တစ်နည်း) 'နေဝသညာနာသညာ' အမည်ရသော သညာသည်ပင် သမ္မယုတ်တရားနှင့် တကွဖြစ်သော စတုတ္ထာရုပ္ပစျာန်၏ နိဿယပစ္စည်းဖြစ်၍ တည်ရာ မှီရာဖြစ်သောကြောင့် 'အာယတန' မည်ပါသည်။

သိမှတ်ဖွယ်။ ။ ပုဒ် ၄-ပုဒ်လုံး၌ အာယတန-သဒ္ဒါ အဓိဋ္ဌာနအနက်ဟောချည်းဖြစ်သည်-ဟု မှတ်ပါ။ အချို့က နေဝသညာနာသညာယတန-ပုဒ်ပါ အာယတန-သဒ္ဒါကို မနာယတန, ဓမ္မာယတနအနက်ဟောဟု ယူလိုကြသည်။ ထိုအယူကို ဝိသုဒ္ဓိမဂ်မဟာဋီကာ, အဘိဓမ္မာဝတာရဋီကာဖွင့်မျာကို ထောက်ပြ၍ ဆရာမြတ်တို့ ပယ်တော်မူကြသည်။

၁၈ **မေး။** စတုတ္ထာရုပ္ပစျာန်၌ သညာ၏အစွမ်းဖြင့် စျာန်ကို မှတ်၍ "နေဝသညာနာသညာ" ဟုဆိုခြင်းကို အဘယ့်ကြောင့် နိဒဿနနည်းမျှသာ ဖြစ်သည်ဟု ဆိုရပါသနည်း ဖြေဆိုပါ။

ဖြေ။ စတုတ္ထာရုပ္ပစျာန်၌ ဝေဒနာအစရှိသော သမ္မယုတ်တရားတို့သည်လည်း "နေဝ-ဝေဒနာနာဝေဒနာ"စသည် မည်နိုင်သောကြောင့် သညာ၏အစွမ်းဖြင့် စျာန်ကို မှတ်၍ "နေဝသညာနာသညာ"ဟု ဆိုခြင်းကို နိဒဿနနည်းမျှသာ ဖြစ်သည်ဟု ဆိုရခြင်း ဖြစ်ပါသည်။

၁၉ **မေး။** စတုတ္ထာရုပ္ပစျာန်၌ ဝေဒနာစသော သမ္မယုတ်တရားများလည်းရှိသောကြောင့် ထိုဝေဒနာစသည်တို့သည်လည်း "နေဝဝေဒနာနာဝေဒနာ" စသည် မည်နိုင်/မမည်နိုင် အကြောင်းပြ ဖြေဆိုပါ။

ဖြေ။ ဤစတုတ္ထာရုပ္ပစျာန်၌ သညာ၏အစွမ်းဖြင့် စျာန်ကိုမှတ်၍ "နေဝသညာနာ-သညာ"ဟု ဆိုခြင်းသည် နိဒဿနနည်းမျှသာ ဖြစ်သောကြောင့် ထိုစျာန်၌ ဝေဒနာစသည်တို့သည်လည်း "နေဝဝေဒနာနာဝေဒနာ"စသည် မည်နိုင်ပါသည်။

၂၀ **မေး။** စတုတ္ထာရုပ္ပစျာန်ကို "နေဝဝေဒနာနာဝေဒနာ"စသည်ဖြင့် ဆိုနိုင်/မဆိုနိုင် ခိုင်လုံ

http://www.dhammadownload.com

သော အကြောင်းပြလျက် ဆုံးဖြတ်ချက် ချခဲ့ပါ။

ဖြေ။ စတုတ္ထာရုပ္ပစျာန်၌ သညာ၏အစွမ်းဖြင့် စျာန်ကို မှတ်ခြင်းသည် နိဒဿနနည်း မျှသာ ဖြစ်၍ ထိုစျာန်၌ ဝေဒနာအစရှိသော သမ္မယုတ်တရားတို့သည်လည်း "နေဝဝေဒနာနာဝေဒနာ"စသည် မည်နိုင်သောကြောင့် စတုတ္ထာရုပ္ပစျာန် ကို "နေဝဝေဒနာနာဝေဒနာ"စသည်ဖြင့် ဆိုနိုင်ပါသည်။ (ဝေဒနာအစရှိသော သမ္မယုတ်တရား တို့ကိုရော, စတုတ္ထာရုပ္ပစျာန်ကိုပါ "နေဝဝေဒနာနာဝေဒနာ" စသည်ဖြင့် ဆိုနိုင်သည်-ဟု မှတ်ပါ။)

၂၁ **မေး။** နေဝသညာနာသညာယတနကုသလစိတ္တံ-ပုဒ်ကို ဝစနတ္ထပြု၍၊ အဓိပ္ပာယ်လည်း ရေးပြပါ။

ဖြေ။ နေဝသညာနာသညာယတနေန သမ္မယုတ္တံ ကုသလစိတ္တံ နေဝသညာနာ-သညာယတနကုသလစိတ္တံ။

သမ္မယုတ်တရားနှင့် တကွဖြစ်သော စတုတ္ထာရုပ္ပစျာန်၏ တည်ရာဖြစ်သော နေဝသညာနာသညာနှင့်ယှဉ်သော ကုသိုလ်စိတ်သည် "နေဝသညာနာသညာ ယတနကုသိုလ်စိတ်" မည်ပါ သည်။ (ဋီကာကျော်)

(တစ်နည်း) နေဝသညာနာသညာယတနမေဝ ကုသလစိတ္တံ နေဝသညာ-နာသညာယတနကုသလစိတ္တံ။

မနာယတန ဓမ္မာယတနဖြစ်သော, နေဝသညာနာသည-မည်သော သသမ္မ ယုတ္တ စတုတ္ထာရုပ္ပစျာန်ပင်ဖြစ်သော ကုသိုလ်စိတ်သည် "နေဝသညာနာသညာ ယတနကုသိုလ်စိတ်" မည်ပါသည်။ (ဇ)

ကြည့်ရှုရန် - "နေဝသညာနာသညာယတနေန သမ္မယုတ္တ"နှိ့ ဣဒံ စျာနသညာ ပက္ခေ သန္ဓာယ ဝုတ္တံ, နု စိတ္တံ။ တံ ပန သန္ဓာယ နေဝသညာနာသညာယတနမေဝ ကုသလစိတ္တန္တိ ဝတ္တုံ့။ (ဇ၊ ၁။ ၂၇၀။)

၂၂ **မေး။** နေဝသညာနာသညာယတနကုသလစိတ္တံ-၌ (က) နေဝသည (ခ) နာသည (ဂ) နေဝသညာနာသည (ဃ) နေဝသညာနာသညာယတန-အရတို့ကို ကောက်ပြခဲ့ပါ။

ဖြေ။ အားလုံး အရ စတုတ္ထာရုပ္ပစျာန်ကို ရပါသည်။

၂၃ **မေး။** နေဝသညာနာသညာယတနကုသလစိတ္တံ-၌ (က) နေဝသညာ (ခ) နာသညာ (ဂ) နေဝသညာနာသညာ (ဃ) နေဝသညာနာသညာယတန-အရတို့ကို ကောက်ပြခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ အားလုံး အရ သညာကို ရပါသည်။

အထူးသတိပြု။ ။ မေးခွန်းနှစ်ခုကို အထူးသတိပြုပါလေ။

၄၎ **မေး။** ဣမာနိ စတ္တာရိပိ-၌ ပိ-သဒ္ဒါ၏ အနက်ကို ဖော်ပြ၍၊ ထိုပိ-သဒ္ဒါဖြင့် သိမ်းယူ အပ်သော အရာများကိုလည်း ဖော်ပြပါ။

ဖြေ။ ပိ-သဒ္ဒါ သမ္ပိဏ္ဍနအနက်ရှိပါသည်။ ထိုပိ-သဒ္ဒါဖြင့် အာရုံ၊ ပဋိပဒါရော သောနည်း၏ အစွမ်းဖြင့် ၁၆-ကြိမ် ဟောတော်မူအပ်သည့် (သောဠသကွတ္တုက) ဒေသနာတော်နည်းကိုလည်းကောင်း၊ အခြားသော ပါဠိတော်၌လာသော နည်းအပြားကိုလည်းကောင်း သိမ်းယူပါသည်။

၄၅ **မေး။** အဘယ့်ကြောင့် အရူပါဝစရစိတ် ၄-ပါးပြားရပါသနည်း ဖြေဆိုပါ။

ဖြေ။ အတိဂ္ဂမိတပွဘာရုံ ၄-ပါး, အာလမ္ဗိတပွဘာရုံ ၄-ပါးပြားသောကြောင့် အရူပါဝစရစိတ် ၄-ပါး ပြားရပါသည်။

၄၆ **မေး။** အာရမ္မဏပွဘေဒေန-၌ အာရမ္မဏ-အရကို ဖော်ပြပါ။

ဖြေ။ အာရမ္မဏ-အရ အတိဂ္ဂမိတပွဘာရုံ ၄-ပါး၊ အာလမ္ဗိတပွဘာရုံ ၄-ပါးတို့ကို ယူရပါမည်။

သိမှတ်ဖွယ်များ။ ။ ဦးကာကျော်၌ အတိဂ္ဂမိတပွ, အာလမ္ဗိတပွ အာရုံ ၂-မျိုးလုံးကို ယူရမည်ဟု ဆိုသော်လည်း ပရမတ္ထဒီပနီ၌ကား အာလမ္ဗိတပွအာရုံ ၁-မျိုးကိုသာ ယူရမည်ဟု ဆိုပါသည်။

အဘိဓမ္မတ္ထသင်္ဂဟကျမ်း (စာ၊ ၁၅၄-၅) ၌လည်း အရူပါဝစရစိတ်၏ အာရုံတို့၏ အစွမ်းဖြင့် ၄-ပါးပြားရပုံကိုသာ ပြဆိုထားပါသည်။ (စာပို့ဒ်- ၃၆၊ ၃၇၊ ၃၈၊ ၃၉။)

ဦးကာကျော်အလို - အာရမ္မဏပွဘေဒေန-ကို "အာရမ္မဏာနိ စ အာရမ္မဏာနိ စ အာရမ္မဏာနိ၊ အာရမ္မဏာနံ ပဘေဒေါ အာရမ္မဏပွဘေဒေါ၊ တေန" ဝစနတ္ထပြုပါ။ အာရမ္မဏာနိ-ဟူသော သဒ္ဒါ နှစ်ခုကို တစ်ခုကြွင်းပြုသော ဧကသေသနည်း, အနက်ကွဲသော်လည်း သဒ္ဒါတူသည်၏အဖြစ်ဖြင့် တစ်ခုတည်းညွှန်ပြအပ်သော သာမညနိဒ္ဒေသနည်းအားဖြင့် 'အာရမ္မဏာနိ' ဟု ရုပ်ပြီးသည်ဟု မှတ်ပါ။

၄၇ **မေး။** အတိဂ္ဂမိတပွအာရုံ ၄-ပါး၊ အာလမ္ဗိတပွအာရုံ ၄-ပါးတို့ကို ဖော်ပြပါ။

ဖြေ။ (၁) ကသိဏ်းပဋိဘာဂနိမိတ်- ကသိဏ္စတ္ထုဒ္ဒိမာကာသ (ကောင်းကင်ပညတ်)၊
(၂) ကသိဏ္စတ္ထုဒ္ဒိမာကာသ - ပဌမာရုပ္ပဝိညာဉ်၊

http://www.dhammadownload.com

(၃) ပဌမာရုပ္ပဝိညာဉ် - နတ္ထိဘောပညတ်၊
(၄) နတ္ထိဘောပညတ် - တတိယာရုပ္ပဝိညာဉ်။

၂၈ **မေး။** အတိက္ကမိတပွဒအာရုံ, အာလမ္ဗိတပွဒအာရုံတို့၏ အစွမ်းဖြင့် အရှုပါဝစရစိတ် ၄-ပါးပြားရပုံကို ဦးကာကျော်လာအတိုင်း ဖော်ပြပါ။

ဖြေ။ အရှုပါဝစရစိတ်သည် အစဉ်အတိုင်း ပဋ္ဌမဈာန်၏ အာရုံဖြစ်သော ကသိုဏ်းနိမိတ်အာရုံကို ကျော်လွန်ပြီးလျှင် ထိုကသိုဏ်းနိမိတ်အာရုံကို ခွါခြင်းကြောင့် ရအပ်သော ကောင်းကင်ပညတ်ကို အာရုံပြု၍လည်းကောင်း၊

ထိုကောင်းကင်ပညတ်ကိုလည်း ကျော်လွန်ပြီးလျှင် ထိုကောင်းကင်ပညတ်၌ဖြစ်သော ပဌမာရုပ္ပဝိညာဉ်ကို အာရုံပြု၍လည်းကောင်း၊

ထိုပဌမာရုပ္ပဝိညာဉ်ကိုလည်း ကျော်လွန်ပြီးလျှင် ထိုပဌမာရုပ္ပဝိညာဉ်၏ မရှိခြင်းဟူသော နတ္ထိဘောပညတ်ကို အာရုံပြု၍လည်းကောင်း၊

ထိုနတ္ထိဘောပညတ်ကိုလည်း ကျော်လွန်ပြီးလျှင် ထိုနတ္ထိဘောပညတ်၌ဖြစ်သော တတိယာရုပ္ပဝိညာဉ်ကို အာရုံပြု၍လည်းကောင်း ဖြစ်၏။ ဤသို့လျှင် အတိ် က္ကမိတပွဒအာရုံ, အာလမ္ဗိတပွဒအာရုံတို့၏ အစွမ်းဖြင့် အရှုပါဝစရစိတ် ၄-ပါး ပြားရခြင်း ဖြစ်ပါသည်။

အမှာ။ ။ အထက်ပါ အဓိပ္ပာယ်တို့ကို ကြည့်၍ "အရှုပါဝစရစိတ် ၄-ပါးတို့၏ အာရုံများကို ဖော်ပြပါ" ဟူသော အမေးကို ဖြေတတ်ပါစေ။

၂၉ **မေး။** အရှုပါဝစရစိတ်၏ အဘယ့်ကြောင့် ဈာနင်္ဂယောဂဘေဒအားဖြင့် မပြားဘဲ အာရမ္မဏပွဘေဒအားဖြင့် ပြားရပါသနည်း။

ဖြေ။ အရှုပါဝစရစိတ်သည် ရူပါဝစရစိတ်ကဲ့သို့ ရှေ့ရှေ့ဈာန်အင်္ဂါကို လွန် မြောက်ခြင်း၏အစွမ်းဖြင့် ရှေ့ရှေ့ဈာန်၏လည်း အာရုံကို ယူ၍ (အာရုံပြု၍) မဖြစ်၊ ရှေ့ရှေ့ဈာန်၏အာရုံကို လွန်မြောက်ခြင်းအားဖြင့်သာ ဖြစ်ပါသည်။ ထို့ကြောင့် ရူပါဝစရစိတ်ကဲ့သို့ ဈာနင်္ဂယောဂဘေဒအားဖြင့် မပြားဘဲ အာရမ္မဏပွဘေဒအားဖြင့်သာ ပြားရခြင်း ဖြစ်ပါသည်။

၃၀ **မေး။** ရူပါဝစရစိတ်နှင့် အရှုပါဝစရစိတ်တို့၏ အထူးကို ရေးပြပါ။

ဖြေ။ ရူပါဝစရစိတ်သည် အင်္ဂါတိက္ကမစိတ် ဖြစ်၍၊ အရှုပါဝစရစိတ်ကား အာရမ္မဏာတိက္ကမစိတ်ဖြစ်ပါသည်။

http://www.dhammadownload.com

(ဂါထာ) အာရမ္မဏာတိက္ကမတော၊ စတသောပိ ဘဝန္တိမာ၊
အဂ်ီတိက္ကမေတာသံ၊ နု က္ကစ္ဆန္တိ ဝိဘာဝိနော၊

သိမှတ်ဖွယ်။ ။အရှုပါဝစရစျာန်သမာပတ် အားလုံးတို့၌ ဥပေက္ခာ, ဧကဂ္ဂတာတို့၏ အစွမ်းဖြင့် စျာန်အင်္ဂါ ၂-ပါးသာရှိသောကြောင့် အရှုပါဝစရစိတ်သည် အင်္ဂါတိက္ကမစိတ် မဖြစ်နိုင်ပါ။

၃၁ **မေး။** ရူပစိတ် ၁၅-ပါး၊ အရူပစိတ် ၁၂-ပါး၊ ပေါင်း ၂၇-ပါးတို့ကို "မဟဂ္ဂုတ်စိတ်"ဟု ခေါ်ဆိုကြရာ အဘယ့်ကြောင့် "မဟဂ္ဂုတ်စိတ်"ဟု ခေါ်ဆိုရပါသနည်း။

ဖြေ။ ကင်းသောနိဝရဏရှိသေ့စိတ် အစရှိသည်၏ အဖြစ်ဖြင့် (နိဝရဏကင်းခြင်း အစရှိသည်၏ အဖြစ်ဖြင့်) မြတ်သည်၏အဖြစ်သို့ ရောက်ကုန်သောကြောင့် ယင်းစိတ် ၂၇-ပါးတို့ကို "မဟဂ္ဂုတ်စိတ်"ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

(တစ်နည်း) မြတ်ကုန်သော စျာနလာဘီပုဂ္ဂိုလ်တို့သည် ရောက်အပ်ကုန်သောကြောင့် ယင်းစိတ် ၂၇-ပါးတို့ကို "မဟဂ္ဂုတ်စိတ်"ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ - မဟတ္တံ ဂတာနိ မဟဂ္ဂတာနိ။
- မဟန္တေဟိ ဂတာနိ မဟဂ္ဂတာနိ။

ပထမနည်း၌ 'မဟတ္တဂတ'ဟု ဆိုလိုလျက် တ္တ-ပစ္စည်းကို ဓျေ။ ဂ-ကို သဒိသဒွေးဘော်ပြု၍ 'မဟဂ္ဂတ'ဟု ရုပ်ပြီးပါသည်။

ဒုတိယနည်း၌ 'မဟန္တဂတ'ဟု ဆိုလိုလျက် မဟန္တ-သဒ္ဒါကို မဟာ-ပြု၊ ဂ-ကို သဒိသဒွေးဘော်ပြု၊ (မဟာဂ္ဂတ)၊ ဂ္ဂ-သံယုဂ်ကြောင့် ဟာ-၌ အာ-ကို အ-ရသပြု၍ 'မဟဂ္ဂတ'ဟု ရုပ်ပြီးပါသည်။ (ဦးကာကျော်၊ စေတသိက်ပိုင်း၊ စာ-၁၁၆။)

၃၂။ **မေး။** လောက၌ မြင့်မြတ်သော စျာန်ရုပ္ပဂိုလ်များသာ ပိုင်ဆိုင်ခွင့်ရှိသော စိတ်များကို ဖော်ပြပါ။

ဖြေ။ မဟဂ္ဂုတ်စိတ် ၂၇-ပါးတို့ ဖြစ်ပါသည်။

အရှုပါဝစရစိတ်အဖွင့် ပြီး၏။

http://www.dhammadownload.com

လောကုတ္တရာစိတ်အဖွင့် (၉၇)

၁၈ **မေး။** သောတာပတ္တိမဂ္ဂစိတ္တံ-အစရှိသော စကားရပ်ကို အဘယ့်ကြောင့် မိန့်ဆိုတော်မူရပါသနည်း။

ဖြေ။ ယခုအခါ၌ လောကုတ္တရာကုသိုလ်စိတ်ကို ၄-ပါးသောမဂ်နှင့် ယှဉ်ခြင်း ကြောင့် ၄-ပါးအပြားအားဖြင့်လည်းကောင်း၊ ဖိုလ်စိတ်ကို ထိုမဂ်အားလျော်စွာ ဖြစ်ခြင်း ကြောင့် ၄-ပါးအပြားအားဖြင့်လည်းကောင်း ဝေဖန်၍ပြခြင်းအကျိုးငှါ (ဝေဖန်၍ ပြလိုသောကြောင့်) "သောတာပတ္တိမဂ္ဂစိတ္တံ" အစရှိသော စကားရပ်ကို မိန့်ဆင့် တော်မူရခြင်း ဖြစ်ပါသည်။

၂ **မေး။** သောတာပတ္တိ-ပုဒ်မှ သောတ-ပုဒ်ကို ရနိုင်သမျှ ဝစနတ္ထ ပြုပြု၍၊ အဓိပ္ပာယ် ရေးပြီး၊ အရလည်းကောက်ပြခဲ့ပါ။

ဖြေ။ (၁) နိဗ္ဗာန် အာဘိမုခံ ဟုတ္တာ သဝတိ အာရမ္မဏကရဏဝသေန ဥပဂစ္ဆတီတိ သောတံ။

နိဗ္ဗာန်သို့ ရှေးရှုဖြစ်၍ အာရုံပြုသောအားဖြင့် ကပ်ရောက်တတ်သော ကြောင့် "သောတ" မည်၏။

(၂) နိဗ္ဗာနံ အာရမ္မဏံ ကတ္တာ သဝတိ ဥပဂစ္ဆတိ ပဝတ္တတီတိ သောတော၊ နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်တတ်သောကြောင့် "သောတ" မည်၏။

(၃) နိဗ္ဗာနေ အာရမ္မဏဘူတေ သဝတိ အာရမ္မဏကရဏဝသေန ဥပဂစ္ဆတိ ပဝတ္တတီတိ သောတော။ အာရုံဖြစ်သော နိဗ္ဗာန်၌ အာရုံပြုသောအားဖြင့် ဖြစ် တတ်သောကြောင့် "သောတ" မည်၏။

(၄) နိန္နဋ္ဌာနေ သဝတိ သန္ဒတီတိ သောတော၊ သောတော ဝိယာတိ သောတော။ နိဗ္ဗာန်တည်းဟူသော မဟာသမုဒ္ဒရာ၌ အာရုံပြုခြင်း၏အစွမ်းဖြင့် ညွတ်ကိုင်းတတ်သည့်အတွက် ချိုင့်ဝှမ်းရာအရပ်၌ စီးဝင်တတ်သော ပကတိရေ အလျဉ်နှင့် တူသောကြောင့် "သောတ" မည်၏။

၄-ဝိကပ်လုံး၌ အရိယအဋ္ဌင်္ဂိကမဂ်ကို ရပါသည်။

သိမှတ်ဖွယ်။။ ပထမ(၃)နည်းမှာ "နိဗ္ဗာနံ ပတိသဝနတော ဥပဂမနတော"ဟူသော ဟိတ်ပါ၌ကို မဇ္ဈိမသာရမဉ္ဇူသာဋ္ဌီကာ ဖွင့်ပြသော နည်းများဖြစ်ပါသည်။ ယင်း(၃)နည်း လုံး၌ "သဝတိတိ သောတော"သာ ပြုစေလိုရင်းဖြစ်သည်ဟု မှတ်ပါ။ ယင်း(၃)နည်း သည် မူချတ္ထဖြစ်၍ နံပါတ်(၄)နည်း သည် ရူပကတ္ထဖြစ်သည်ဟုလည်း မှတ်ပါ။

http://www.dhammadownload.com

၃ မေး။ နိဗ္ဗာန်၏ မဟာသမုဒ္ဒရာနှင့်တူပုံကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ မဟာသမုဒ္ဒရာသည် ငါး, မကန်းစသော သတ္တဝါတို့၏ နေရာ, ရွှေငွေ စသော ရတနာတို့၏ တည်ရာဖြစ်သကဲ့သို့၊ ထို့အတူ နိဗ္ဗာန်သည်လည်း အရိယာပုဂ္ဂိုလ်တို့၏ နေရာ, ဗောဓိပက္ခိယတရား ရတနာတို့၏ တည်ရာဖြစ်၏။ ဤသို့လျှင် နိဗ္ဗာန်သည် မဟာသမုဒ္ဒရာနှင့် တူပါသည်။ (ဋီ၊ ၁၊ ၂၇၃။)

၄ မေး။ မဂ်၏ ပကတိရေအလျဉ်နှင့် တူပုံကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ပကတိရေအလျဉ်သည် ခြိုင့်ငုံမ်းရာ မဟာသမုဒ္ဒရာအရပ်သို့ စီးဝင်ရသဖြင့် မဟာသမုဒ္ဒရာသို့ အမြဲညွတ်လျက်ရှိသကဲ့သို့၊ ထို့အတူ အရိယအဋ္ဌင်္ဂိကမဂ်သည် လည်း အာရုံပြုသောအားဖြင့် နိဗ္ဗာန်၌ အမြဲညွတ်ကိုင်းလျက်ရှိ၏။ ထို့ကြောင့် အရိယ အဋ္ဌင်္ဂိကမဂ်သည် ပကတိရေအလျဉ်နှင့် တူပါသည်။ (၄င်း၊)

၅ မေး။ သောတာပတ္တိ-ပုဒ်ကို ရနိုင်သမျှ ဝစနတ္ထပြု၍၊ အဓိပ္ပာယ်ရေးပြီး၊ အရ လည်းကောက်ပြပါ။

ဖြေ။ ပဇ္ဇန် ပတ္တိ၊ ရောက်ခြင်းကြိယာကို ရ၏။

အာဒိတော ပတ္တိ အာပတ္တိ၊ သကဒါဂါမိမဂ် စသည်တို့သို့ ရောက်ခြင်းမှ ရှေ့ဦးအစ၌ ရောက်ခြင်းကြိယာကို ရ၏။

သောတသ အာပတ္တိ သောတာပတ္တိ။ အရိယ အဋ္ဌင်္ဂိကမဂ်ဟူသော သောတသို့ (သကဒါဂါမိမဂ်စသည်တို့သို့ ရောက်ခြင်းမှ) ရှေးဦးအစ၌ ရောက်ခြင်း ။ သောတနှင့် ရှေးဦးစွာ ပြည့်စုံခြင်းသည် "သောတာပတ္တိ" မည်ပါသည်။

တစ်နည်း - ပဇ္ဇန် ပတ္တိ၊ အာဒိတော ပတ္တိ အာပတ္တိ၊

သောတသ အာပတ္တိ ဇောသောတိ သောတာပတ္တိ။

အရိယ အဋ္ဌင်္ဂိကမဂ်တည်းဟူသော သောတသို့ (သကဒါဂါမိမဂ် စသည်တို့သို့ ရောက်ခြင်းမှ) ရှေးဦးအစ၌ ရောက်ခြင်းရှိသောကြောင့် "သောတာပတ္တိ" မည်ပါသည်။

သောတာပန်ပုဂ္ဂိုလ်ကို ရပါသည်။

သိမှတ်ဖွယ်။ ။ အာဒိတော-ကို ဒုတိယမဂ္ဂါဒိပတ္တိတော ပုဗ္ဗဘာဂေ-ဟု မဏိမဇ္ဈိဖွင့်သော ကြောင့် အာဒိတော-၌ တော-ပစ္စည်း အာဓာရအနက်၌ သက်သည်ဟု သိပါ။ ကြိယာဝိသေသန အနက်လည်း ကြဲကြပါသည်။ အာပတ္တိ-၌ အာ-ဥပသာရ ပုဒ်သည် အာဒိကမ္မအနက်ကို ဟော၏။ ပတ္တိ-၌ ပဒဓောတ်သည် ပါပုဏာနဂတိအနက်ကို ဟော၏။ မဏိမဇ္ဈိကား ပါပုဏာနံ-ပါဠိဖြင့် ဂမနအနက်ကို နစ်စေသည်ဟု ဆိုပါသည်။

http://www.dhammadownload.com

၆ **မး။** ဘယ်လိုပုဂ္ဂိုလ်မျိုးကို "သောတာပန်ပုဂ္ဂိုလ်" ဟု ခေါ်ဆိုရပါသနည်း? ဦးကာကျော်ဆရာ အလိုကျ ရေးပြပါ။

ဖြ။ အရိယ အဋ္ဌင်္ဂိကမဂ်တည်းဟူသော သောတသို့ (သကဒါဂါမိမဂ် စသည် တို့သို့ ရောက်ခြင်းမှ) ရှေ့ဦးအစ၌ ရောက်ခြင်းရှိသော ပုဂ္ဂိုလ်ကို "သောတာပန်ပုဂ္ဂိုလ်" ဟု ခေါ်ဆိုရပါသည်။

(ဆောင်) **အဋ္ဌင်္ဂိက၊ မဂ်သောတသို့၊ အစ၌ရောက်ရှိ၊**
ပုဂ္ဂိုလ်သိ၊ ခေါ်၏ "သောတာပန်"။

၇ **မး။** သောတာပတ္တိမဂ္ဂ-၌ မဂ္ဂ-ပုဒ်ကို ရနိုင်သမျှ ဝစနတ္ထပြု၍ အဓိပ္ပာယ်လည်း ရေးပြပါ။

ဖြ။ (၁) နိဗ္ဗာန် မဂ္ဂေတီတိ မဂ္ဂေါ။ နိဗ္ဗာန်ကို ရှာမှီးတတ်သောကြောင့် "မဂ္ဂ=မဂ်" မည်ပါသည်။

(၂) နိဗ္ဗာနတ္ထိကေဟိ မဂ္ဂီယတီတိ ဝါ မဂ္ဂေါ။ နိဗ္ဗာန်ကို အလိုရှိသောသူတို့သည် ရှာမှီးအပ်သောကြောင့် "မဂ္ဂ=မဂ်" မည်ပါသည်။

(၃) ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ။ ကိလေသာတို့ကို သတ်ဖြတ်လျက် နိဗ္ဗာန်သို့ သွားတတ်သောကြောင့် "မဂ္ဂ=မဂ်" မည်ပါသည်။

မဂ္ဂ-ပုဒ် ရုပ်ပြီးပုံ။ ။ ပထမ, ဒုတိယနည်းတို့၌ မဂ္ဂဓာတ်+အပစ္စည်းဖြင့် 'မဂ္ဂ'ပုဒ် ရုပ်ပြီး ပါသည်။ တတိယနည်း၌ကား မာရေန္တ-သဒ္ဒူပပဒ ဂမုဓာတ်+ကွိပစ္စည်းဖြစ်၏။ "မာရေန္တဂေါ"ဟု ဆိုလိုလျက် နိရုတ္တိနည်းဖြင့် 'ရေန္တ'ကို ချေ။ ဂ-ကို သဒိသဒ္ဒေးဘော်ပြု၊ ဂ္ဂ-သံယုဂ်ကြောင့် မာ-၌ အာ-ကို အ-ရဿပြု၍ 'မဂ္ဂ' ဟု ရုပ်ပြီးပါသည်။

၈ **မး။** ယခုအခါ "မဂ်ပေါက် ဖိုလ်ဝင်, နိဗ္ဗာန်မြင်" ဟု တွင်တွင်ကြီး ပြောဆိုနေကြရာ "မဂ်" ဟူသည် အဘယ်နည်း? ၊ "မဂ်" ဟူသောစကားလုံး၏ အဓိပ္ပာယ်ကို အများ နားလည်အောင် ရှင်းလင်းဖြေဆိုပါ။

ဖြ။ "မဂ္ဂ"ပုဒ်မှ "မဂ်"ဟူသော စကားလုံး ဖြစ်လာခြင်း ဖြစ်သည်။ နိဗ္ဗာန်ကို ရှာမှီးတတ်သောကြောင့်လည်းကောင်း၊ နိဗ္ဗာန်ကို အလိုရှိသော သူတို့သည် ရှာမှီးအပ်သောကြောင့်လည်းကောင်း၊ ကိလေသာတို့ကို သတ်ဖြတ်လျက် နိဗ္ဗာန်သို့ သွားတတ်သောကြောင့်လည်းကောင်း "မဂ်" မည်ပါသည်။

(ဆောင်) **ရှာတတ်, ရှာအပ်၊ သတ်ဖြတ်လျက်သွား၊ ကြောင်းသုံးပါး၊**
မှတ်သား "မဂ်"ဟု ခေါ်။

၉ **မး။** သောတာပတ္တိမဂ္ဂစိတ္တံ-ပုဒ်ကို ရနိုင်သမျှ ဝစနတ္ထပြု၍ အဓိပ္ပာယ်လည်း ရေးပြပါ။

http://www.dhammadownload.com

ဖြေ။ မဂ္ဂေန သမ္မယုတ္တံ စိတ္တံ မဂ္ဂစိတ္တံ။ မဂ်နှင့်ယှဉ်သော စိတ်သည် "မဂ်စိတ်" မည်ပါသည်။

သောတာပတ္တိယာ လဒ္ဓံ မဂ္ဂစိတ္တံ သောတာပတ္တိမဂ္ဂစိတ္တံ။ အရိယ အဋ္ဌင်္ဂ မဂ်ဟူသော သောတသို့ (သကဒါဂါမိမဂ် စသည်တို့သို့ ရောက်ခြင်းမှ) ရှေးဦးအစဉ် ရောက်ခြင်းဖြင့် ရအပ်သော မဂ်နှင့်ယှဉ်သောစိတ်သည် "သောတာပတ္တိမဂ်စိတ်" မည်ပါသည်။

(တစ်နည်း) သောတာပတ္တိနော မဂ္ဂေါ သောတာပတ္တိမဂ္ဂေါ။

သောတာပတ္တိမဂ္ဂေန သမ္မယုတ္တံ စိတ္တံ သောတာပတ္တိမဂ္ဂစိတ္တံ။

အရိယ အဋ္ဌင်္ဂိကမဂ်တည်းဟူသော သောတသို့ (သကဒါဂါမိမဂ် စသည်တို့သို့ ရောက်ခြင်းမှ) ရှေးဦးအစဉ် ရောက်ခြင်းရှိသော သောတာပန်ပုဂ္ဂိုလ်၏ မဂ်သည် 'သောတာပတ္တိမဂ်' မည်၏။ ထိုသောတာပတ္တိမဂ်နှင့် ယှဉ်သောစိတ်သည် "သောတာပတ္တိမဂ်စိတ်" မည်ပါသည်။

၁၅ **မေး။** (က) သောတာပတ္တိမဂ် (ခ) သောတာပတ္တိမဂ်စိတ်-ဟူသော စကားတို့၏ အဓိပ္ပာယ်များကို ရေးသားဖြေဆိုပါ။

ဖြေ။ (က) အရိယ အဋ္ဌင်္ဂိကမဂ်တည်းဟူသော သောတသို့ ရှေးဦးအစဉ် ရောက်ခြင်းရှိသော သောတာပန်ပုဂ္ဂိုလ်၏ မဂ်သည် "သောတာပတ္တိမဂ်" မည်ပါသည်။

(ခ) အရိယ အဋ္ဌင်္ဂိကမဂ်တည်းဟူသော သောတသို့ ရှေးဦးအစဉ် ရောက်ခြင်းဖြင့် ရအပ်သော မဂ်နှင့်ယှဉ်သော စိတ်သည် "သောတာပတ္တိမဂ်စိတ်" မည်ပါသည်။

(တစ်နည်း) အရိယ အဋ္ဌင်္ဂိကမဂ်တည်းဟူသော သောတသို့ ရှေးဦးအစဉ် ရောက်ခြင်းရှိသော သောတာပန်ပုဂ္ဂိုလ်၏မဂ်နှင့် ယှဉ်သောစိတ်သည် "သောတာပတ္တိမဂ်စိတ်" မည်ပါသည်။

၁၆ **မေး။** သကဒါဂါမိ-ပုဒ်ကို ဝစနတ္ထပြု၍ အဓိပ္ပာယ်လည်း ရေးပြပါ။

ဖြေ။ သကိ အာဂစ္ဆတီတိ သကဒါဂါမီ။

(အာဂစ္ဆတီတိ အာဂါမီ၊ သကိ အာဂါမီ သကဒါဂါမီ-ဟု ဝိဂြိုဟ်စစ်ပြုပါ)။

ပဋိသန္ဓေ တည်နေခြင်း၏ အစွမ်းဖြင့် ဤလူ့ပြည်သို့ တစ်ကြိမ်သာ ပြန်လာတတ်သောကြောင့် သကဒါဂါမိဖလဌာန်ပုဂ္ဂိုလ်သည် "သကဒါဂါမိ (သကဒါဂါမ်)" မည်ပါသည်။

သိမှတ်ဖွယ်။ ။ ပဋိသန္ဓိဝသေန-ပါဠိဖြင့် ပဝတ္တိအခါ ဘုရားဖူး, တရားနာ

http://www.dhammadownload.com

စသောကိစ္စဖြင့် လာခြင်းကို နှစ်စေပါသည်။

သကဒါဂါမိ-ပုဒ် ရုပ်ပြီးပုံ - သကိ + အာဂါမိ၊ ကွစိ လောပ်-သုတ်ဖြင့် နိဂ္ဂဟိတ်ကို ချေ၊ သုတ်ကြီးဖြင့် ဂ္ဂ-ကို အ-ပြု၊ ယဝမဒန-သုတ်ဖြင့် ဒ-အက္ခရာလာ၍ 'သက-ဒါဂါမိ'ပုဒ် ရုပ်ပြီးပါသည်။

၁၂ **မေး။** အဘယ်ပုဂ္ဂိုလ်မျိုးကို "သကဒါဂါမ်"ဟု ခေါ်ဆိုရပါသနည်း။

ဖြေ။ ။ ပဋိသန္ဓေ တည်နေခြင်း၏ အစွမ်းဖြင့် ဤလူ့ပြည်သို့ တစ်ကြိမ်သာ ပြန်လာတတ်သော (ဤလူ့ပြည်သို့ တစ်ကြိမ်သာ ပြန်လာ၍ ပဋိသန္ဓေ တည်နေသော) ပုဂ္ဂိုလ်ကို "သကဒါဂါမ်"ဟု ခေါ်ဆိုရပါသည်။

(ဆောင်) ဤလူ့တို့ရွာ၊ တစ်ကြိမ်သာလျှင်၊ ပြန်လာပေတတ်၊ ကြောင်းသကတ်၊ ခေါ်အပ် "သကဒါဂါမ်"။

၁၃ **မေး။** သကဒါဂါမ်ပုဂ္ဂိုလ်အပြားကို ဖော်ပြ၍၊ ဤနေရာ၌ အလိုရှိအပ်သော သကဒါဂါမ်ပုဂ္ဂိုလ်ကိုလည်း အကြောင်းနှင့်တကွ ညွှန်ပြပါ။

ဖြေ။ (၁) **ဣဓ ပတ္တာ ဣဓ ပရိနိဗ္ဗာယီ** - ဤလူ့ပြည်၌ သကဒါဂါမိဖိုလ်သို့ ရောက်၍ ဤလူ့ပြည်၌ပင် ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်ပုဂ္ဂိုလ်။

(၂) **တတ္ထ ပတ္တာ တတ္ထ ပရိနိဗ္ဗာယီ** - ဤနတ်ပြည်၌ သကဒါဂါမိဖိုလ်သို့ ရောက်၍ ထိုနတ်ပြည်၌ပင် ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်ပုဂ္ဂိုလ်။

(၃) **ဣဓ ပတ္တာ တတ္ထ ပရိနိဗ္ဗာယီ** - ဤလူ့ပြည်၌ သကဒါဂါမိဖိုလ်သို့ ရောက်၍ ထိုနတ်ပြည်၌ ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်ပုဂ္ဂိုလ်။

(၄) **တတ္ထ ပတ္တာ ဣဓ ပရိနိဗ္ဗာယီ** - ထိုနတ်ပြည်၌ သကဒါဂါမိဖိုလ်သို့ ရောက်၍ ဤလူ့ပြည်၌ ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်ပုဂ္ဂိုလ်။

(၅) **ဣဓ ပတ္တာ တတ္ထ နိဗ္ဗတ္တိတ္တာ ဣဓ ပရိနိဗ္ဗာယီ** - ဤလူ့ပြည်၌ သကဒါဂါမိဖိုလ်သို့ ရောက်၍ ထိုနတ်ပြည်၌ ဖြစ်ပြီးလျှင် ဤလူ့ပြည်၌ ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်ပုဂ္ဂိုလ်-ဟူ၍ သကဒါဂါမ်ပုဂ္ဂိုလ် ၅-မျိုး ပြားပါသည်။

ဤနေရာ၌ အလိုရှိအပ်သော သကဒါဂါမ်ပုဂ္ဂိုလ်မှာ ၅-ယောက်မြောက် သကဒါဂါမ်ပုဂ္ဂိုလ်ကိုသာ ဖြစ်ပါသည်။ အကြောင်းကား - ထို ၅-ယောက်မြောက် သကဒါဂါမ်ပုဂ္ဂိုလ်သည်သာ ဤလူ့ပြည်မှ နတ်ပြည်သို့ သွား၍ ထိုနတ်ပြည်မှ စုတေသောအခါ တစ်ဖန် ဤလူ့ပြည်သို့ တစ်ကြိမ်ပြန်လာသောကြောင့်တည်း။

၁၄ **မေး။** သကဒါဂါမ်ပုဂ္ဂိုလ် ၅-ယောက်တို့ကို **မုချသကဒါဂါမ်, ဥပစ္စသကဒါဂါမ်** အားဖြင့်

http://www.dhammadownload.com

ခွဲခြားပြခဲ့ပါ။

ဖြေ။ သကဒါဂါမ်ပုဂ္ဂိုလ် ၅-ယောက်တို့တွင် **ဣဓ ပတ္တာ တတ္ထ နိဗ္ဗတ္တိတ္တာ ဣဓ ပရိ-နိဗ္ဗာယီ**-ဟူသော ၅-ယောက်မြောက် သကဒါဂါမ်ပုဂ္ဂိုလ်သည်သာ "သကဒါဂါမိ (သကိ+အာဂါမိ - တစ်ကြိမ်ပြန်လာ"ဟူသောစကားနှင့် လျော်သောကြောင့် မုချသကဒါဂါမ် ပုဂ္ဂိုလ် ဖြစ်ပါသည်။ ဣဓ ပတ္တာဣဓ ပရိနိဗ္ဗာယီ-စသော အခြားသကဒါဂါမ် ပုဂ္ဂိုလ် ၄-ယောက်တို့ကား သကဒါဂါမ်ချင်းတူသောကြောင့် သဒိသူပစာအားဖြင့် သကဒါဂါမ် အမည်ရကြသော ဥပစာသကဒါဂါမ်ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

၁၅ **မေး။** သကဒါဂါမိမဂ္ဂ-ပုဒ်ကို ဝိဂြိုဟ်ဆို၍ အဓိပ္ပာယ်လည်း ရေးပြပါ။

ဖြေ။ သကဒါဂါမိနော မဂ္ဂေါ သကဒါဂါမိမဂ္ဂေါ။
သကဒါဂါမိဖလဌာန်ပုဂ္ဂိုလ်၏ မဂ်သည် "သကဒါဂါမိမဂ်" မည်ပါသည်။

၁၆ **မေး။** ပထမမဂ်ကို သောတာပတ္တိမဂ္ဂဌာန်ပုဂ္ဂိုလ်ဖြင့် အထူးပြု၍ "သောတာပတ္တိ-မဂ္ဂေါ"ဟု ဆိုသကဲ့သို့ မဆိုဘဲ၊ ဒုတိယမဂ်ကို အဘယ်အကျိုးငှါ (အဘယ့်ကြောင့်) ဖလဌာန်ပုဂ္ဂိုလ်ဖြင့် အထူးပြု၍ "သကဒါဂါမိမဂ္ဂေါ"ဟု ဆိုရပါသနည်း။

ဖြေ။ သကဒါဂါမိမဂ္ဂသမင်္ဂီပုဂ္ဂိုလ်၏ ပဋိသန္ဓေနေသောအားဖြင့် ဤလူ့ပြည်သို့ တစ်ကြိမ်ပြန်လာခြင်း မဖြစ်နိုင်သောကြောင့် ဖလဌာန်ပုဂ္ဂိုလ်သည်သာ သကဒါဂါမ် မည်ပါသည်။ သို့သော် ထိုဖလဌာန်ပုဂ္ဂိုလ်၏ အကြောင်းဖြစ်သော, ဖိုလ်၏ ရှေ့အဖို့၌ ဖြစ်သော သကဒါဂါမိမဂ်ကို သောတာပတ္တိမဂ်စသော မဂ်တစ်ပါး တို့မှ ဖြတ်တောက်မြစ်တား ထူးခြားအောင်ပြုခြင်း အကျိုးငှါ (ဖြတ်တောက်မြစ်တား ထူးခြားအောင် ပြုလိုသောကြောင့်) ဖလဌာန်ပုဂ္ဂိုလ်ဖြင့် အထူးပြု၍ "သကဒါဂါမိမဂ္ဂေါ" ဟု ဆိုခြင်း ဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ အကျိုးဖြစ်သော သကဒါဂါမိဖလဌာန်ပုဂ္ဂိုလ်၏ သကဒါဂါမိ-ဟူသော အမည်ကို အကြောင်း ဖြစ်သော သကဒါဂါမိမဂ္ဂဌာန်ပုဂ္ဂိုလ်၌ တင်စား၍ အကြောင်းဖြစ်သော မဂ္ဂဌာန်ပုဂ္ဂိုလ်ကို ဖလူပစာအားဖြင့် "သကဒါဂါမိ"ဟု ဆိုထားသည်-ဟူ၍လည်း ယူဆကြသည်။ ကျမ်းဆရာက ယင်းသို့ ဆိုလိုဟန် မရှိပါ။

မဂ်သည် စိတ္တက္ခဏတစ်ချက်မျှသာ ရှိသောကြောင့် မဂ်ခဏ၌ ပဋိသန္ဓေ၏အစွမ်းဖြင့် နတ်ပြည်မှ လူ့ပြည်သို့ တစ်ကြိမ်ပြန်လာခြင်း မဖြစ်နိုင်-ဟု သိပါ။

<u>**မဂ္ဂဌာန်, ဖလဌာန်**</u> - မဂ်၌တည်သော ပုဂ္ဂိုလ်ကို "မဂ္ဂဌပုဂ္ဂိုလ်" ဟုခေါ်၍၊ ဖိုလ်၌

http://www.dhammadownload.com

တည်သော ပုဂ္ဂိုလ်ကို "ဖလဋ္ဌ" ဟု ခေါ်ရသည်။ ရှေးအစဉ်အလာအားဖြင့် "မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်, ဖလဋ္ဌာန်ပုဂ္ဂိုလ်" ဟု ခေါ်ဝေါ်သုံးနှုန်းကြပါသည်။

၁၇ **မေး။** သကဒါဂါမိမဂ္ဂစိတ်-ပုဒ်ကို ဝစနတ္ထပြု၍ အဓိပ္ပာယ်လည်း ရေးပြပါ။

ဖြေ။ သကဒါဂါမိမဂ္ဂေန သမ္မယုတ္တံ စိတ်ံ သကဒါဂါမိမဂ္ဂစိတ်ံ။

သကဒါဂါမိမဂ်နှင့် ယှဉ်သောစိတ်သည် "သကဒါဂါမိမဂ်စိတ်" မည်ပါသည်။

၁၈ **မေး။** (က) သကဒါဂါမိမဂ် (ခ) သကဒါဂါမိမဂ်စိတ်-ဟူသော စကားလုံး တို့၏ အဓိပ္ပာယ်များကို ရေးသားဖြေဆိုပါ။

ဖြေ။ (က) သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၏ မဂ်သည် "သကဒါဂါမိမဂ်" မည်ပါသည်။

(ခ) သကဒါဂါမိမဂ်နှင့် ယှဉ်သောစိတ်ကို "သကဒါဂါမိမဂ်စိတ်"ဟု ခေါ်ဆိုရပါသည်။

၁၉ **မေး။** အနာဂါမိ-ပုဒ်ကို ဝစနတ္ထပြု၍ အဓိပ္ပာယ်လည်း ရေးပါ။

ဖြေ။ န အာဂစ္ဆတီတိ အနာဂါမိ။ (ဝိဂြိုဟ်တု)

အာဂစ္ဆတီတိ အာဂါမိ၊ န အာဂါမိ အနာဂါမိ။ (ဝိဂြိုဟ်စစ်)

ပဋိသန္ဓေ တည်နေခြင်း၏ အစွမ်းဖြင့် ဤကာမဘုံသို့ တစ်ကြိမ်မျှ ပြန်မလာတတ်သောကြောင့် "အနာဂါမိ (= အနာဂါမ်)" မည်ပါသည်။

သိမှတ်ဖွယ်။ ။ အာဂါမိ-၌ အာပုပ္ပ ဂမုဓာတ်၊ တသိလအနက်၌ **ဏိ**ပစ္စည်း ဟု သိပါ။

၂၀ **မေး။** အဘယ်ပုဂ္ဂိုလ်မျိုးကို "အနာဂါမ်"ဟု ခေါ်ဆိုရပါသနည်း။

ဖြေ။ ပဋိသန္ဓေ တည်နေခြင်း၏ အစွမ်းဖြင့် ဤလူ့ပြည်သို့ တစ်ကြိမ်မျှ ပြန်မလာတတ်သော ပုဂ္ဂိုလ်ကို "အနာဂါမ်"ဟု ခေါ်ဆိုရပါသည်။

(ဆောင်) **ဤလူတို့.ရွာ၊ ပြန်မလာတတ်၊ ကြောင်းသကတ်၊ ခေါ်အပ် "အနာဂါမ်"။**

<u>အနာဂါမ် မဟုတ်သော်လည်း အနာဂါမ်-ဟု ဆိုနိုင်သော ပုဂ္ဂိုလ်များ</u>

ကာမသုဂတိခုနစ်ဘုံမှ **အောက်မဂ်ကို ရ၍** အရှုပဘုံသို့ ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ကာမာဝစရ ဥပပဇ္ဇန္တ ဖြစ်သော တိဟိတ်ပုထုဇဉ်နှင့် ဥပပဇ္ဇန္တ စဝန္တဖြစ်သော အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် နှစ်ယောက်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com

၂၁ **မေး။** တတိယမဂ်ကို အဘယ်အကျိုးငှါ (အဘယ့်ကြောင့်) ဖလဌာန်ပုဂ္ဂိုလ်ဖြင့် အထူးပြု၍ "အနာဂါမိမဂ္ဂေါ" ဟု ဆိုရပါသနည်း။

ဖြေ။ အနာဂါမိမဂ္ဂသမင်္ဂီပုဂ္ဂိုလ်၏ ပဋိသန္ဓေ တည်နေသောအားဖြင့် ဗြဟ္မာ့ပြည်မှ ဤလူ့ပြည်သို့ ပြန်လာခြင်း မဖြစ်နိုင်သောကြောင့် ဖလဌာန်ပုဂ္ဂိုလ်သည်သာ အနာဂါမ် မည်ပါသည်။ သို့သော် ထိုအနာဂါမိဖလဌာန်ပုဂ္ဂိုလ်၏ အကြောင်းဖြစ်သော, ဖိုလ်၏ ရှေ့အဖို့၌ဖြစ်သော အနာဂါမိမဂ်ကို သောတာပတ္တိမဂ်စသော မဂ်တစ်ပါးတို့မှ ဖြတ်တောက်မြစ်တား ထူးခြားအောင်ပြုခြင်းအကျိုးငှါ (ဖြတ်တောက်မြစ်တား ထူးခြား အောင် ပြုလိုသောကြောင့်) ဖလဌာန်ပုဂ္ဂိုလ်ဖြင့် အထူးပြု၍ "အနာဂါမိမဂ္ဂေါ" ဟု ဆိုခြင်း ဖြစ်ပါသည်။

အမှာ။ ။ ဇဝံ အနာဂါမိမဂ္ဂေါ-၏ အကျယ်အဓိပ္ပာယ်ဟု သိပါ။

၂၂ **မေး။** အနာဂါမိမဂ္ဂစိတ္တံ-ပုဒ်ကို အစိတ်+အပေါင်း ဝစနတ္ထပြု၍၊ အဓိပ္ပာယ်လည်း ရေးပြပါ။

ဖြေ။ အနာဂါမိနော မဂ္ဂေါ အနာဂါမိမဂ္ဂေါ။ အနာဂါမိဖလဌာန်ပုဂ္ဂိုလ်၏ မဂ် သည် "အနာဂါမိမဂ်" မည်ပါသည်။

အနာဂါမိမဂ္ဂေန သမ္မယုတ္တံ စိတ္တံ အနာဂါမိမဂ္ဂစိတ္တံ။ အနာဂါမိမဂ်နှင့် ယှဉ်သော စိတ်သည် "အနာဂါမိမဂ်စိတ်" မည်ပါသည်။

၂၃ **မေး။** သောတာပတ္တိမဂ္ဂစိတ္တံ-၌ သောတာပတ္တိ, သကဒါဂါမိမဂ္ဂစိတ္တံ-၌ သကဒါဂါမိ, အနာဂါမိမဂ္ဂစိတ္တံ-၌ အနာဂါမိ-ဟူသော အမည်များသည် အဘယ်ပုဂ္ဂိုလ်တို့၏ အမည်များဖြစ်ပါသနည်း။

ဖြေ။ သောတာပတ္တိ-ဟူသော အမည်သည် မဂ္ဂဌာန်ပုဂ္ဂိုလ်၏ အမည်ဖြစ်၍၊ သကဒါဂါမိ, အနာဂါမိ-ဟူသော အမည်တို့ကား ဖလဌာန်ပုဂ္ဂိုလ်၏ အမည်များဖြစ်ကြပါသည်။

၂၄ **မေး။** အရဟတ္တ-မှ အရဟာ-ပုဒ်ကို ရနိုင်သမျှ ဝစနတ္ထပြုပြု၍၊ အဓိပ္ပာယ် ရေးပြီးလျှင်၊ အရကိုလည်း ကောက်ပြပါ။

ဖြေ။ (၁) ပူဇာဝိသေသံ အရဟန္တီတိ အရဟာ။

မြတ်သော အလှူခံပုဂ္ဂိုလ်ဖြစ်သည့်အတွက် ပူဇော်အထူးကို ခံယူခြင်းငှါ ထိုက်သောကြောင့် "အရဟာ" မည်ပါသည်။

(၂) အရယော ဟတာ အနေနာတိ အရဟာ။

http://www.dhammadownload.com

ကိလေသာဟု ဆိုအပ်ကုန်သော ရန်သူတို့ကို သတ်ဖြတ်ပြီးဖြစ်သောကြောင့် "အရဟာ" မည်ပါဆည်။ (ဆရာမြတ်တို့ကား "အရယော ဟနီတ် အရဟာ" ဟု ပြုစေလိုကြသည်။)

(၃) အရာ ဟတာ အနေနာတိ အရဟာ။

သံသရာစက်၏ အကန့်ဒေါက်ဆံဖြစ်ကုန်သော ကိလေသာတို့ကို ဖျက်ဆီးပြီးဖြစ်သောကြောင့် "အရဟာ" မည်ပါသည်။(ဆရာမြတ်တို့ကား "အရာ ဟနီတ် အရဟာ" ဟု ပြုစေလိုကြသည်။)

(၄) နတ္ထိ ရဟော စောသာတိ အရဟာ။

မကောင်းမှုကို ပြုခြင်း၌ ဆိတ်ကွယ်ရာအရုပ် မရှိသောကြောင့် (ဆိတ်ကွယ်ရာ၌ မကောင်းမှုကို မပြုတတ်သောကြောင့်) "အရဟာ" မည်ပ်သည်။

အထက်ပါ ဝစနတ္ထ ၄-ခုလုံးအရ သောတာပတ္တိမဂ္ဂဉာန်ပုဂ္ဂိုလ်မှ စ၍ ရေတွက်လျှင် ရှစ်ယောက်မြောက် အရိယာပုဂ္ဂိုလ်ဖြစ်သော အရဟတ္တဖလဌာန်ပုဂ္ဂိုလ်ကို ရပါသည်။

အရဟာ-ပုဒ် ရှုပ်ပြီးပုံများ

ပထမနည်း - "အရဟော"ဟု ဆိုလိုလျက် သျာဒိဂိုဏ်း (ရာဇာဒိဂိုဏ်း) ဖြစ်သောကြောင့် သိဝိဘတ်ကို အာ-ပြု၍ "အရဟာ" ဟုဆိုသည်။ (တစ်နည်း) အ-ကို အာဒီယပြု၍ "အရဟာ" ဟု ရှုပ်ပြီးသည်။(ဇူ၊ ၁။ ၂၇၆။) **မောဂ္ဂလ္လာန်အလိုကား** အရဟန္တ-ပုဒ်၊ သိဝိဘတ်၊ မဟန္တာရဟန္တာနံ ဋ္ဌာ ဝါ-ဟူသော (၂။ ၁၅၀)သုတ်ဖြင့် နွှ-ကို အာ-ပြု၍ ရှုပ်ပြီးပါသည်။

ဒုတိယနည်း၌ မဏိမဇ္ဈအလို - "အရိဟတော"ဟု ဆိုလိုလျက် နိရုတ္တိနည်းဖြင့် ရ-၌ ဣကို အ-ပြု၊ တ-ကို ချေ၍ "အရဟာ" ဟု ပြီးသည်။(၄င်း၊ ၂၇၇။)
ဆရာမြတ်တို့အလိုကား - အရိသဒ္ဒူပပဒ ဟနဓာတ်+ကွိပစ္စည်း၊ ဓာတွန် နှ-ကိုချေ၊ ကွိ-ကိုလည်း ချေပြီးနောက် သိဝိဘတ်ကို အာ-ပြု၍ ရှုပ်ပြီးပါသည်။

တတိယနည်း၌ မဏိမဇ္ဈအလို - "အရဟတော" ဟု ဆိုလိုလျက် နိရုတ္တိနည်းဖြင့် ဘ-ကို ချေ၍ "အရဟာ"ဟု ရှုပ်ပြီးသဲည်။ (၄င်း၊၂၇၇။) **ဆရာမြတ်တို့အလိုကား** - အရသဒ္ဒူပပဒ ဟနဓာတ်+ ကွိပစ္စည်းဖြင့် ရှုပ်ပြီးပါသည်။

၂၅ **မေး။** "ရဟန္တာ" ဟူသည် အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်မျိုး ဖြစ်ပါသနည်း? ဦးကာကျော်ဆရာအလိုကျ ရှင်းပြခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ "ရဟန္တာ" ဟူသည် မြတ်သော အလှူခံပုဂ္ဂိုလ်ဖြစ်သည့်အတွက် ပူဇော်အထူးကို ခံယူခြင်းငှါ ထိုက်သောပုဂ္ဂိုလ်မျိုး ဖြစ်ပါသည်။

(တစ်နည်း) ကိလေသာဟု ဆိုအပ်ကုန်သော ရန်သူတို့ကို သတ်ဖြတ်ပြီးသော ပုဂ္ဂိုလ်မျိုး ဖြစ်ပါသည်။

(တစ်နည်း) သံသရာစက်၏ အကန့်ဒေါက်ဆံဖြစ်ကုန်သော ကိလေသာတို့ကို ဖျက်ဆီးပြီးသော ပုဂ္ဂိုလ်မျိုး ဖြစ်ပါသည်။

(တစ်နည်း) မကောင်းမှုကို ပြုခြင်း၌ ဆိတ်ကွယ်ရာအရပ် မရှိသော (ဆိတ်ကွယ်ရာ၌ မကောင်းမှုကို မပြုတတ်သော) ပုဂ္ဂိုလ်မျိုး ဖြစ်ပါသည်။

(ဆောင်) - **ပူဇော်အထူးကို ခံယူထိုက်၊**
- **အမိုက်တိုက်ဟူ၊ ကိလေသာရန်သူတို့ကို သတ်ဖြတ်၊**
- **အဖန်ဖန် လည်စေတတ်သော သံသရာစက်ရဟတ်၏ အကန့်ဒေါက်ဆန်တို့ကို ဖျက်ဆီး၊**
- **တသီးမှတ်ဖွယ်၊ ဆိတ်ကွယ်ရာ၌ မကောင်းမှုကို မပြု၊ ပေါင်းစုတွက်ရာ၊ ကြောင်းလေးဖြာကြောင့်၊ "ရဟန္တာ" ဟု ခေါ်ဆိုအပ်ပါသတည်း။**

၂၆ မေး။ အရဟတ္တ-ပုဒ်ကို ဝစနတ္ထပြု၍ အဓိပ္ပာယ်ရေးပြီး အရလည်း ကောက်ပြပါ။

ဖြေ။ အရဟဿ (အရဟတော-မကိမဋ္ဌ) ဘာဝေါ အရဟတ္တံ။
ရဟန္တာပုဂ္ဂိုလ်၏ ဖြစ်ကြောင်းသည် "အရဟတ္တ" မည်ပါသည်။
၄-ခုမြောက်ဖြစ်သော အရဟတ္တဖိုလ်စိတ်ကို ရပါသည်။

၂၇ **မေး။** အရဟတ္တမဂ္ဂစိတ္တံ-ပုဒ်ကို ဝိဂြိုဟ်ဆို၍ အဓိပ္ပာယ်လည်း ရေးပြပါ။

ဖြေ။ အရဟတ္တဿ မဂ္ဂေါ အရဟတ္တမဂ္ဂေါ။
အရဟတ္တဖိုလ်စိတ်၏ အကြောင်းဖြစ်သော မဂ်သည် "အရဟတ္တမဂ်" မည်ပါသည်။
အရဟတ္တမဂ္ဂေန သမ္မယုတ္တံ စိတ္တံ အရဟတ္တမဂ္ဂစိတ္တံ။
အရဟတ္တမဂ်နှင့် ယှဉ်သောစိတ်သည် "အရဟတ္တမဂ်စိတ်" မည်ပါသည်။

၂၈ **မေး။** ဣမာနိ စတ္တာရိပိ-၌ ပိ-သဒ္ဒါ၏အနက်ကို ဖော်ပြ၍၊ ထိုပိ-သဒ္ဒါဖြင့် သိမ်းယူအပ်သောအရာများကိုလည်း ဖော်ပြပါ။

ဖြေ။ ဣမာနိ စတ္တာရိပိ-၌ ပိ-သဒ္ဒါ သမ္ပိဏ္ဍနအနက်ရှိပါသည်။
ထိုပိ-သဒ္ဒါဖြင့် တစ်ပါးတစ်ပါးသောမဂ်၏ နည်းတစ်ထောင်၏အစွမ်းဖြင့် ၄-

http://www.dhammadownload.com

ပါးသောမဂ်တို့၏ ၄-ထောင်အပြားရှိသော နည်းကိုလည်းကောင်း၊ သစ္စဝိဘင်း ပါဠိတော်၌လာသော ၆-သောင်းအပြားရှိသော နည်းကိုလည်းကောင်း၊ အောက် ဖြစ်သောအကုသိုလ်စိတ်နိဂုံးအဖွင့် စသည်တို့၌ ဆိုအပ်ခဲ့ပြီးသောနည်း(ကာလ, ဒေသ, သန္တာန် အစရှိသောအပြား)ဖြင့် များသောအပြားရှိသည်၏ အဖြစ်ကို လည်းကောင်း သိမ်းယူပါသည်။

၂၉ **မေး။** သောတာပတ္တိမဂ် နည်းတစ်ထောင် ဖြစ်ပုံကို ရှင်းလင်းရေတွက်ပြပါ။

ဖြေ။ သောတာပတ္တိမဂ်သည် စျာန်အမည်ဖြင့် ပဋိပဒါအပြားကို မသုံးသပ်ဘဲ သုညတသောတာပတ္တိမဂ်, အပ္ပဏိဟိတသောတာပတ္တိမဂ်-ဟူ၍ ၂-ပါး အပြား ရှိ၏။

တစ်ဖန် ထို ၂-ပါးကို ပဋိပဒါ ၄-ပါးနှင့် ယှဉ်စေ၍(မြောက်၍) အသီးသီး ဝေဖန်အပ်သောကြောင့် သုညတသောတာပတ္တိမဂ် ၄-ပါး၊ အပ္ပဏိဟိတ သောတာပတ္တိမဂ် ၄-ပါး၊ ပေါင်း ၈-ပါး ဖြစ်၏။ ထိုနှစ်မျိုး(ပဋိပဒါနှင့် မရောမယှက်သက်သက်ဖြစ် သော သုဒ္ဓိက ၂-ပါး၊ ပဋိပဒါနှင့် ရောယှက်သော မိဿက ၈-ပါး)ကို ပေါင်းလျှင် စျာန်-ဟူသောအမည်အားဖြင့် သောတာပတ္တိမဂ် (၂+၈=) ၁၀-ပါးဖြစ်၏။

ထို့အတူ မဂ်, သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, သစ္စာ, သမထ, ဓမ္မ, ခန္ဓာ, အာယတန, ဓာတ်, အာဟာရ, ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ္တ-ဟူသော အမည်တို့ဖြင့်လည်း အသီးသီး ၁၀-ပါးစီ ဝေဖန်အပ်သောကြောင့် (၁၀×၂၀=) နည်းပေါင်း ၂၀၀(နှစ်ရာ) ဖြစ်သည်။

ထိုနည်းပေါင်း ၂၀၀-ကို အဓိပတိ ၄-ပါးနှင့် ယှဉ်စေ၍ အသီးသီး ၄-ပါးစီ ဝေဖန်လိုက်လျှင် (၂၀၀×၄=) ၈၀၀(ရှစ်ရာ)ဖြစ်၏။

ဤသို့လျှင် အဓိပတိ ၄-ပါးတို့နှင့် မရောဘဲ နည်းပေါင်း (၂၀၀)၊ အဓိပတိ ၄-ပါးတို့နှင့် ရော၍ နည်းပေါင်း (၈၀၀) ဖြစ်သောကြောင့် **"သောတာပတ္တိမဂ် နည်း ၁၀၀၀(တစ်ထောင်)"** ဖြစ်ပါသည်။

မှတ်ချက်။ ။ သကဒါဂါမိမဂ် စသည်တို့၌လည်း ထို့အတူ နည်း ၁-ထောင်စီ ဖြစ်သောကြောင့် မဂ် ၄-ပါးတို့၌ နည်း ၄-ထောင်ဖြစ်သည်ဟု သိပါလေ။

(ဆောင်) **သုညတ, အပ္ပဏိဟိ၊ နှစ်သုဒ္ဓိကို၊ ပဋိ မြောက်ပွား၊ ရေတွက်ငြားက၊ ရှစ်ပါး မိဿ၊ ဖြစ်ဖော်ရ၏။ နှစ်ဝ အတည်။ ပေါင်း၍ ရည်သော်၊ စျာန်မည်နာမ၊ ဆယ် နယတည့်၊ မဂ္ဂ, သတိ ပဋ္ဌာန်၊ ပဓာန်သမ္မပ်၊ ဣဒ္ဓိပါဒ်တစ်ထွေ၊ ဣန္ဒြေ, ဗိုလ်၊**

http://www.dhammadownload.com

ဆက်ဆို ဗောဇ္ဈင်၊ ထို့ပြင် သစ္စ၊ သမထ, ဓမ္မာ၊ ခန်, အာ, ဓာနှင့်၊ အာဟာရ လှော်က်၊ ထို့နောက်ဖသာ၊ ဝေဒနာနှင့်၊ သညာတစ်ပါး၊ စေတနာထားလော့၊ စိတ်ကား နောက်ဆွယ်၊ ဆယ့်ကိုးသွယ်လည်း၊ ဈာန်နှယ်ဆယ်နည်း၊ ရှိသည် ချည်းမို့၊ ရောပြီး ရေက၊ နှစ်ရာရ၏။ လေးဝ အဓိပတိ၊ မြောက်တုံဘိသော်၊ ဖြစ်၏ ရှစ်ရာ၊ ပေါင်းစုပါသော်၊ သောတာပတ္တိ၊ နည်းရှိတစ်ထောင်၊ လွန်များ မြောင်သည်။ ။ မှတ်ဆောင်လွယ်ဖို့ ကဗျာတည်း။

၃၀ **မေး။** သောတာပတ္တိဖလစိတ္တ-ပုဒ်ကို ရနိုင်သမျှ ဝစနတ္ထပြု၍၊ အဓိပ္ပာယ်လည်း ရေးပါ။

ဖြေ။ (၁) သောတာပတ္တိယာ လဒ္ဓံ ဖလစိတ္တံ သောတာပတ္တိဖလစိတ္တံ။
အရိယ အဋ္ဌင်္ဂိကမဂ်တည်းဟူသော သောတသို့ ရှေးဦးအစဉ် ရောက်ခြင်း ဖြင့် ရအပ်သော ဖိုလ်စိတ်သည် "သောတာပတ္တိဖိုလ်စိတ်" မည်ပါသည်။

(၂) သောတာပတ္တိဿ ဖလစိတ္တံ သောတာပတ္တိဖလစိတ္တံ။
အရိယ အဋ္ဌင်္ဂိကမဂ်တည်းဟူသော သောတသို့ ရှေးဦးအစဉ် ရောက်ခြင်းရှိ သော သောတာပန်ပုဂ္ဂိုလ်၏ ဖိုလ်စိတ်သည် "သောတာပတ္တိဖိုလ်စိတ်" မည်ပါသည်။

သိမှတ်ဖွယ်။ ။ ဖလ-သဒ္ဒါသည် သမ္မာဒိဋ္ဌိ အစရှိသော ၈-ပါးသော အင်္ဂါတို့၌ လည်းကောင်၊ စိတ် စေတသိက်တရားအစုဉ်လည်းကောင်း၊ စိတ်၌လည်းကောင်း ဖြစ်ရာ ဤနေရာ၌ စိတ်-ဟူသော အနက်၌သာ ဖြစ်၏၊ သိစေလိုသောကြောင့် ဖလ စိတ္တံ- ပါဠိကို ဝိပါကဘူတံ စိတ္တံ-ဟု ဖွင့်ခြင်းဖြစ်ပါသည်။ (ဋီ၊ ၁။ ၂၈၀။)

၃၁ **မေး။** အရဟတ္တဖလစိတ္တံ-ပုဒ်ကို ဝိဂြိုဟ်ဆို၍၊ အဓိပ္ပာယ် ရေးပြပါ။

ဖြေ။ အရဟတ္တဉ္စ တံ ဖလစိတ္တဉ္စာတိ အရဟတ္တဖလစိတ္တံ။
ရဟန္တာပုဂ္ဂိုလ်၏ဖြစ်ကြောင်းဖြစ်သော ဖိုလ်စိတ်သည် 'အရဟတ္တဖိုလ်စိတ်' မည်ပါသည်။ (အရဟတ္တမဂ္ဂစိတ္တံ-ပုဒ်၏ ဝစနတ္ထနှင့် ယှဉ်ကြည့်ပါ။)

၃၂ **မေး။** မဂ် ၄-ပါးတို့တွင် တစ်ပါးတစ်ပါး၌ အင်္ဂါ ၈-ပါးစီ ရှိခြင်းအားဖြင့် တူသောကြောင့် မဂ်တစ်ပါးတည်းသာ ဖြစ်သင့်သည် မဟုတ်ပါလော? အဘယ့်ကြောင့် မဂ် ၄-ပါး ပြားရပါသနည်း။

ဖြေ။ မဂ် ၄-ပါးတို့တွင် တစ်ပါးတစ်ပါး၌ အင်္ဂါ ၈-ပါးစီ ရှိခြင်းအားဖြင့် တူသောကြောင့် မဂ်တစ်ပါးတည်း ဖြစ်သင့်ပါသော်လည်း သံယောဇဉ်တို့ကို ပယ်ခြင်းကိစ္စ ထူး သောကြောင့် မဂ် ၄-ပါး ပြားရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

၃၃ **မေး။** မဂ် ၄-ပါးတို့၏ သံယောဇဉ်တို့ကို ပယ်ခြင်းကိစ္စ ထူးပုံကို ရှင်းလင်းဖြေဆိုပ
ဖြေ။ သောတာပတ္တိမဂ်သည် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ တို့၄ အကြွင်းမဲ့ ပယ်ပါသည်။

သကဒါဂါမိမဂ်သည် ရုန့်ရင်းသောကာမရာဂ, ဗျာပါဒတို့ကို ခေါင်းပ သည်၏အဖြစ်သို့ ရောက်စေပါသည်။

အနာဂါမိမဂ်သည် သိမ်မွေ့သော ကာမရာဂ, ဗျာပါဒတို့ကို အကြွင်း ပယ်ပါသည်။

အရဟတ္တမဂ်သည် ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာတို့၄ အကြွင်းမဲ့ ပယ်ပါသည်။ ဤသို့လျှင် မဂ် ၄-ပါးတို့ သံယောဇဉ်ကို ပယ်ခြင်းကို ထူးကြ ပါသည်။

၃၄ **မေး။** မဂ် ၄-ပါးတို့သည် အဘယ့်ကြောင့် သံယောဇဉ်တို့ကို ပယ်ခြင်းကိစ္စ ထူးရပ သနည်း။
ဖြေ။ သဒ္ဓါစသော ဣန္ဒြေတို့၏ မထက်မြက်သည်၏အဖြစ်, ထက်မြက်သည် ၏အဖြစ် အထူးသဖြင့် ထက်မြက်သည်၏အဖြစ်, အလွန်အကျူး အထူးထက်မြက်သည် ၏အဖြစ်ဟူသော အပြားအားဖြင့် အစွမ်းသတ္တိ ပြားသောကြောင့် သံယောဇဉ် တို့ကို ပယ်ခြင်းကိစ္စ ထူးရခြင်း ဖြစ်ပါသည်။

၃၅ **မေး။** လောကုတ္တရာမဂ်စိတ်သည် အဘယ့်ကြောင့် ၄-ပါး ပြားရပါသနည်း။
ဖြေ။ အဂီ၊ ၈-ပါးစီရှိသော မဂ် ၄-ပါးနှင့် ယှဉ်သောကြောင့် လောကုတ္တရာမဂ်စိတ် ၄-ပါး ပြားရခြင်း ဖြစ်ပါသည်။

အကြောင်း+အကျိုး အဆက်ဆက်

"ဣန္ဒြေမထက်, အထက်စသည်လိုက်၍ ပဟာယကသတ္တိ ၄-မျိုး ပြားရသည်။ ပဟာယ ကသတ္တိ ၄-မျိုး ပြားသောကြောင့် သံယောဇဉ်တို့ကို ပယ်ခြင်းကိစ္စ ထူးခြားရသည်။ သံယောဇဉ်တို့ကို ပယ်ခြင်းကိစ္စ ထူးခြားသောကြောင့် မဂ် ၄-ပါး ပြားရသည်။ ထိုမဂ် ၄-ပါးနှင့် ယှဉ်သောကြောင့် မဂ်စိတ် ၄-ပါး ပြားရသည်" ဟု အဆင့်ဆင့် အကြောင်း+ အကျိုး ဆက်စပ်ပုံကို သိမှတ်ကြပါလေ။

၃၆ **မေး။** အဘယ့်ကြောင့် ဖိုလ်စိတ် ၄-ပါး ပြားရပါသနည်း။
ဖြေ။ မဂ်ကုသိုလ် (မဂ်စိတ်)၏ အကျိုးဖြစ်သောကြောင့် ထိုမဂ်ကုသိုလ်အား လျော်စွာ ဖိုလ်စိတ် ၄-ပါး ပြားရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

ပါက် တဿ ဖလတ္တာ-ပါဠ္ဍ် သိမှတ်ဖွယ်

ပါက် တဿ ဖလတ္တာ-ဟူသော သင်္ဂဟပါဠိဋ္ဌ ပါက်-ပုဒ်ဝယိ ဝိ-သဒ္ဒါ ကျေနေသည်ဟု သိစေလိုသောကြောင့်၊ (တစ်နည်း) ပါက-သဒ္ဒါသည် ဝိပါက-သဒ္ဒါ၏ ပရိယာယ်တည်းဟု သိစေ လိုသောကြောင့် ပါက်-ကို ဝိပါက်-ဟု ဦးကာဖွင့်ခြင်း ဖြစ်သည်။

တဿ-ဌ် တ-သဒ္ဒါ အန္တောဂဓောဓာရဏာ အနက်ရှိ၏-ဟုလည်းကောင်း၊ ပက္ကန္တ ဝိသယ တ-ဟုလည်းကောင်း သိစေလိုသောကြောင့် တဿေဝ ကုသလဿ-ဟု ဖွင့်ခြင်းဖြစ်သည်။

၃၆ **ပမး။** ဖိုလ်စိတ်သည် မဂ်ကုသိုလ်အားလျော်စွာ ၄-ပါးပြားရသည်-ဟု ဆိုရာ ယင်း ဖိုလ်စိတ်၏ မဂ်ကုသိုလ်အား လျော်စွာဖြစ်ပုံကို ရေးပြပါ။

ဒုဖြ။ ဖိုလ်စိတ် ၄-ပါးသည် မဂ်ကုသိုလ် ၄-ပါးက သမုဒ္ဆေဒပဟာနသတ္တိဖြင့် အကြွင်းမဲ့ပယ်အပ်ပြီးသော ကိလေသာတို့ကို တစ်ဖန်ငြိမ်းစေခြင်း(ပဋိပ္ပဿမ္ဘန ပဟာန သတ္တိ)၏ အစွမ်းဖြင့် မဂ်အားလျော်စွာ ဖြစ်ပါသည်။ (ဋီ၊ ၁။ ၂၈၂။)

၃၈ **ဒမး။** လောကုတ္တရာစိတ်ကို အဘယ့်ကြောင့် "အနုတ္တရ"ဟု ခေါ်ဆိုရပါသနည်း။

ဒဖြ။ မိမိထက် လွန်မြတ်သောတရား မရှိသောကြောင့် လောကုတ္တရာစိတ်ကို "အနု-တ္တရ"ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

ဇစနတ္ထ - နတ္ထိ ဥတ္တရံ ဧတဿာတိ အနုတ္တရံ။

၃၉ **ဃမး။** အရူပါဝစရစိတ်ကဲ့သို့ လောကုတ္တရာစိတ်၏ ၁၂-ပါး အပြားရှိသည်၏ အဖြစ်ကို အဘယ့်ကြောင့် မဆိုရပါသနည်း။

ဃဖြ။ လောကုတ္တရာ ကိရိယာစိတ် မဖြစ်သင့်သောကြောင့် အရူပါဝစရစိတ်ကဲ့သို့ လောကုတ္တရာစိတ်၏ ၁၂-ပါး အပြားရှိသည်၏အဖြစ်ကို မဆိုခြင်း ဖြစ်ပါသည်။

၄၀ **ငမး။** အဘယ့်ကြောင့် လောကုတ္တရာ ကိရိယာစိတ် မဖြစ်သင့်ပါသနည်း။

ငဖြ။ မဂ်စိတ်သည် စိတ္တက္ခဏ တစ်ချက်မျှသာရှိသောကြောင့် (မဂ်စိတ် တစ်ကြိမ်သာ ဖြစ်ရိုးထုံးစံရှိသောကြောင့်) လောကုတ္တရာ ကိရိယာစိတ် မဖြစ်သင့်ခြင်း ဖြစ်ပါသည်။

<u>မဂ်စိတ် တစ်ကြိမ်သာဖြစ်ခြင်းနှင့် ကိရိယာစိတ် မဖြစ်သင့်ခြင်းတို့ ဆက်စပ်ပုံ</u>

ပုထုဇဉ် သေက္ခတို့သန္တာန်၌ ဖြစ်လေ့ရှိသော လောကီကုသိုလ်စိတ်တို့သည်ပင်

http://www.dhammadownload.com

ရဟန္တာပုဂ္ဂိုလ်တို့ သန္တာန်၌ ဖြစ်သောအခါ ကိရိယာစိတ် အမည်ရကြသည်။ လောကုတ္တရာ၌လည်း မဂ်ကုသိုလ်သည် ရဟန္တာတို့သန္တာန်၌ ထပ်၍ဖြစ်သေးလျှင် ကိရိယာဟူသောအမည်ကို ရလေရာ၏။ သို့သော် မဂ်ကုသိုလ်သည် တစ်ကြိမ်သာဖြစ်ရိုးထုံးစံရှိသောကြောင့် ရဟန္တာပုဂ္ဂိုလ်တို့သန္တာန်၌ ထပ်၍ မဖြစ်တော့၊ ထို့ကြောင့် ကိရိယာ-ဟူသော အမည်ကို မရတော့ပါ။ မဂ်စိတ်တစ်ကြိမ်သာဖြစ်ခြင်း နှင့် ကိရိယာစိတ် မဖြစ်သင့်ခြင်းတို့ ဤသို့ ဆက်စပ်ကြပါသည်။

၎၁ **မေး။** မဂ်စိတ် အကြိမ်ကြိမ်ဖြစ်သော်လည်း ထိုမဂ်စိတ်သည် ဧကန်ကုသိုလ် သဘောရှိသောကြောင့် ကိရိယာအဖြစ်ကို မဆိုနိုင်ရာသည် မဟုတ်ပါလော။

ဖြေ။ မဂ်စိတ် အကြိမ်ကြိမ်ဖြစ်ခဲ့သော် ထိုသို့ဖြစ်ခြင်းကြောင့် မဂ်စိတ်၏ ကိရိယာအဖြစ်ကို ဆိုနိုင်ရာပါသည်။

၎၂ **မေး။** မဂ်စိတ် တစ်ကြိမ်သာ ဖြစ်ရခြင်းအကြောင်းကို ဖြေဆိုပါ။

ဖြေ။ (၁) မဂ်စိတ်ကို ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်သည်၏ အစွမ်းဖြင့်သာလျှင် ရအပ်သောကြောင့်လည်းကောင်း၊ (၂) တစ်ကြိမ်မျှသာဖြစ်သော ထိုမဂ်စိတ်သည် ထိုထိုကိလေသာတို့၏ စင်စစ်မဖြစ်ခြင်းကို ပြီးစေအပ် ပြီးစေနိုင်သည့်အတွက် နောက်ထပ်ဖြစ်သော်လည်း ပြုဖွယ်ကိစ္စမရှိသောကြောင့် လည်းကောင်း၊ (၃) မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရခြင်းအကျိုးငှါ ဖလသမာပတ်သည်သာလျှင် နိဗ္ဗာန်ကို အာရုံပြုခြင်း ၏အစွမ်းဖြင့် ဖြစ်သောကြောင့်လည်းကောင်း မဂ်စိတ်သည် တစ်ရံတစ်ခါမျှ သေက္ခ ပုဂ္ဂိုလ်တို့သန္တာန်၌ဖြစ်စေ, အသေက္ခပုဂ္ဂိုလ်တို့ သန္တာန်၌ဖြစ်စေ တစ်ဖန်ထပ် မဖြစ်ဘဲ တစ်ကြိမ်သာ ဖြစ်ရခြင်း ဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ ဥပလဘိတမ္ဘတော, ကာတမ္ဘာဘာဝတော, ပဝတ္တနတော-ဟူသော ဟိတ် ၃-ချက်သာ လိုရင်းဖြစ်၏-ဟု ယူဆ၍ အထက်ပါအတိုင်း အကြောင်း ၃-ချက် ရေးပြလိုက်ခြင်းဖြစ်ပါသည်။ သာဓိတတ္တာ-ကား ကာတမ္ဘာဘာဝတော-၏ အကူအညီဟိတ်ဟု ယူဆပါသည်။ ယင်းဟိတ်ကို လည်း သီးခြားဟိတ်တစ်ခုဖြစ်သည်-ဟု ယူဆလျှင် အကြောင်း ၄-ချက် ဖြစ်ပါသည်။ ထိုဟိတ် ၃-ချက်တို့တွင်လည်း ကာတမ္ဘာဘာဝတော-သာ လိုရင်းအကျဆုံး ဖြစ်ပါသည်။ မဏိမဉ္ဇူ (၁၊ ၂၈၃-၄ ကြည့်ပါလေ။)

၎၃ **မေး။** မဂ်စိတ်၏ တစ်ကြိမ်သာဖြစ်ခြင်းဖြင့် ကိလေသာတို့၏ စင်စစ်မဖြစ်ခြင်းကို ပြီးစေနိုင်ပုံ (ကိလေသာတို့ကို အကြွင်းမဲ့ ဖျက်ဆီးနိုင်ပုံ)ကို ဥပမာဆောင် [illegible]

http://www.dhammadownload.com

အောင် ရေးပြပါ။

ဖြေ။ ဝရဇိန်လက်နက် မိုးကြိုးစက်သည် တစ်ချက်တည်းကျရောက်ခြင်းဖြင့် သစ်ပင်စသည်တို့၏ အမြစ်နှင့်တကွ ဖျက်ဆီးခြင်းကို ပြီးစေနိုင်သကဲ့သို့ တစ်ကြိမ်တည်း သာဖြစ်သော မဂ်စိတ်သည်လည်း ကိလေသာတို့၏ စင်စစ်မဖြစ်ခြင်း ပြီးစေနိုင်ပါသည်။ (ကိလေသာတို့ကို အကြွင်းမဲ့ ဖျက်ဆီးနိုင်ပါသည်။)

၄၄ **မေး။** မဂ်စိတ်သည် တစ်ဖန်ပြုဖွယ်ကိစ္စ မရှိသော်လည်း ဖိုလ်စိတ်ကဲ့သို့ တစ်ဖန် ဖြစ်ရာသည် မဟုတ်ပါလော? အဘယ့်ကြောင့် မဖြစ်ပါသနည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရခြင်းအကျိုးငှါ ဖလသမာပတ်သည်သာလျှင် နိဗ္ဗာန်ကို အာရုံပြုခြင်း၏အစွမ်းဖြင့် တစ်ဖန်ဖြစ်ရိုးထုံးစံရှိသောကြောင့် မဂ်စိတ်သည်သေကွပုဂ္ဂိုလ်တို့သန္တာန်၌ဖြစ်စေ, အသေကွပုဂ္ဂိုလ်တို့သန္တာန်၌ဖြစ်စေ တစ်ဖန် ထပ်မဖြစ်တော့ပါ။

၄၅ **မေး။** "စျာန်ဝင်စားသည်, ဖိုလ်ဝင်စားသည်" ဟု ဆိုကြရာ၌ ဖိုလ်ဝင်စားရခြင်း အကျိုးကို ဖော်ပြပါ။

ဖြေ။ မျက်မှောက်ဘဝ ယခုပစ္စက္ခ၌ ချမ်းသာစွာ နေရခြင်းအကျိုးရှိပါသည်။

၄၆ **မေး။** စျာန်ရ, ဖိုလ်ရ ပုဂ္ဂိုလ်များသည် အဘယ်အကျိုးငှါ စျာန်ဝင်စား, ဖိုလ်ဝင်စားကြပါသနည်း ဖြေဆိုပါ။

ဖြေ။ မျက်မှောက်ဘဝ ယခုပစ္စက္ခ၌ ချမ်းသာစွာ နေရခြင်းအကျိုးငှါ စျာန်ဝင်းစား, ဖိုလ်ဝင်စားကြခြင်း ဖြစ်ပါသည်။

လောကုတ္တရာစိတ်အဖွင့် ပြီး၏။

http://www.dhammadownload.com

စိတ္ထဂဏနသင်္ဂဟနည်း (၁၀၀)

၅၈ **မေး။** ဒွါဒသာကုသလာနေဝံ-အစရှိသော ဂါထာသည် မည်သည့်ဂါထာ ဖြစ်ပါသနည်း။

ဖြေ။ ဒွါဒသာကုသလာနေဝံ-အစရှိသော ဂါထာသည် ဆိုအပ်မဲ့ပြီးသော စတုဘူမိကစိတ်တို့ကို ရေတွက်ကြောင်းဖြစ်သော **"ဇာတိဘေဒ သင်္ဂဟဂါထာ"** ဖြစ်ပါသည်။

သိမှတ်ဖွယ်

စတုဘူမကစိတ္တာနိ ဂဏီယန္တိ ဧတေနာတိ ဂဏနံ။ သင်္ဂယ္ဟန္တိ ဂဏီယန္တိ ဧတေနာတိ သင်္ဂဟော။ ဂဏနဘူတော သင်္ဂဟော ဂဏနသင်္ဂဟော။ (ဇူ၊ ၁၊ ၂၈၄။)

ဂဏီယန္တိ စိတ္တာနိ ဧတောယာတိ ဂဏနာ၊ ဂဏနာယ သင်္ဂဟော ဂဏနသင်္ဂဟော။ အရေအတွက် ကို အကျဉ်းချုပ်၍ယူကြောင်း သင်္ဂဟဂါထာ။ (တောင်မြို့ ဦးကာကျော်နိဿယ။)

၂ **မေး။** စတုပညာသဓာ ကာမေ-အစရှိသော ဂါထာကို အဘယ်အကျိုးငှါ (အဘယ့်ကြောင့်) မိန့်ဆိုတော်မူရပါသနည်း။

ဖြေ။ ကုသိုလ်, အကုသိုလ်, အဗျာကတ-ဟူသော ဇာတ်၏အစွမ်းဖြင့် သင်္ဂဟဂါထာကို ပြဆိုပြီး၍၊ ယခုတစ်ဖန် ကာမ, ရူပ, အရူပ, လောကုတ္တရာ-ဟူသော ဘုံ၏ အစွမ်းဖြင့် သင်္ဂဟဂါထာကို ပြလိုသောကြောင့် "စတုပညာသဓာ ကာမေ" အစရှိသော ဂါထာကို မိန့်ဆိုတော်မူရခြင်းဖြစ်ပါသည်။

သိမှတ်ဖွယ်။။ "စတုပညာသဓာ ကာမေ" အစရှိသော ဂါထာကို **"ဘူမိဘေဒ သင်္ဂဟဂါထာ"** ဟု မှတ်ပါ။ ကာမဘုံ, ရူပဘုံ, အရူပဘုံ-ဟူရာ၌ ဌာနဘုံ, အဝတ္ထာဘုံတို့၏ အစွမ်းဖြင့် ရအပ်ကုန်၏။ လောကုတ္တရာဘုံ-ဟူရာ၌ အဝတ္ထာဘုံ၏ အစွမ်းဖြင့်သာ ရအပ်၏။ (ဇူ၊ ၁။ ၂၈၄။)

၃ **မေး။** စတုပညာသဓာ ကာမေ-အစရှိသော ဂါထာကို ဦးကာဖွင့်နှင့်အညီ အနက် ၂-နည်းပေးပြခဲ့ပါ။

ဖြေ။ (၁) ကာမေ၊ ကာမတစ်ဆယ့်တစ်ဘုံ၌။ (အဝစရာနိ၊ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်ကုန်သော)။ စိတ္တာနိ၊ စိတ်တို့ကို။ စတုပညာသဓာ၊ ငါးဆယ့် လေးပါးအပြားရှိကုန်၏ဟူ၍။ (ပရမတ္ထဝိဒူ၊ ပရမတ်မြင်သိ ပညာရှိသည်)။ ဤရယော၊ ဆိုရာ၏။ ("သမ္မာသမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဤရယော၊ ဟောတော်မူ၏" ဟူ၍သော်လည်း ပေးပါ။)

http://www.dhammadownload.com

ရူပေ၊ အသညသတ်ကြဉ်သော ရူပတစ်ဆယ့်ငါးဘုံ၌။ (အဝစရာနိ၊ ကုန်သော။) စိတ္တာနိ၊ တို့ကို။ ပန္နရသ၊ တစ်ဆယ့်ငါးပါး အပြားရှိကုန်၏ဟူ၍။ (ပရမတ္ထဝိဒူ၊ သည်။) ဤရယေ၊ ၏။

အရူပေ၊ အရူပလေးဘုံ၌။ (အဝစရာနိ၊ ကုန်သော။) စိတ္တာနိ၊ တို့ကို။ ဒွါဒသ၊ တစ်ဆယ့်နှစ်ပါး အပြားရှိကုန်၏ဟူ၍။ (ပရမတ္ထဝိဒူ၊ သည်။) ဤရယေ၊ ၏။

တထာ ပန၊ မုချာမာရမ္မတစ်ပါး ဥပစာမာရကို ဆိုဦးအံ့။ အနုတ္တရေ၊ လောကုတ္တရာတရား ကိုးပါးအပေါင်း၌။ (သမဘိနိဝိဋ္ဌာနိ၊ ကောင်းစွာအကျုံးဝင်ကုန်သော။) စိတ္တာနိ၊ တို့ကို။ အဋ္ဌမာ၊ ရှစ်ပါး အပြားရှိကုန်၏ဟူ၍။ (ပရမတ္ထဝိဒူ၊ သည်။) ဤရယေ၊ ၏။

(၂) ကာမေ - ကာမာဝစရာနိ၊ ကာမတစ်ဆယ့်တစ်ဘုံ၌ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်ကုန်သော။ စိတ္တာနိ၊ တို့ကို။ စတုပညာသမာ၊ ဟူ၍။ ပရမတ္ထဝိဒူ၊ သည်။ ဤရယေ၊ ၏။

ရူပေ - ရူပါဝစရာနိ၊ အသညသတ်ကြဉ်သော ရူပတစ်ဆယ့်ငါးဘုံ၌ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်ကုန်သော။ စိတ္တာနိ၊ တို့ကို။ ပန္နရသ၊ ဟူ၍။ ပရမတ္ထဝိဒူ၊ သည်။ ဤရယေ၊ ၏။

အရူပေ၊ အရူပလေးဘုံ၌ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်ကုန်သော။ စိတ္တာနိ၊ တို့ကို။ ဒွါဒသ၊ ဟူ၍။ ပရမတ္ထဝိဒူ၊ သည်။ ဤရယေ၊ ၏။

တထာ၊ ထိုမှတစ်ပါး။ အနုတ္တရေ - အနုတ္တရာနိ၊ လောကုတ္တရာဖြစ်ကုန်သော။ စိတ္တာနိ ပန၊ တို့ကိုကား။ အဋ္ဌမာ၊ ဟူ၍။ ပရမတ္ထဝိဒူ၊ သည်။ ဤရယေ၊ ၏။

သိမှတ်ဖွယ်များ

"**စိတ္တာနိ ဒွါဒသာရူပေ**"ဟု ရှိသော သင်္ဂြိဟ်ပါဠိအားလျော်စွာ အနက်ပေးပြလိုက်ခြင်း ဖြစ်ပါသည်။ ပထမနည်း၌ ကာမေ, ရူပေ, အရူပေ, အနုတ္တရေ-တို့သည် သတ္တမီဧကဝစနန္တပုဒ်များ ဖြစ်၍၊ ဒုတိယ နည်း၌ ဒုတိယာ ဗဟုဝစနန္တပုဒ်များ ဖြစ်သည်ဟု သိပါ။ ဒုတိယနည်း၌ ရှေ့ ၃-ပုဒ်တို့ဝယ် "အဝစရ" ဟူသော နောက်ပုဒ်များ ကျေနေသည်ဟုလည်း သိပါ။

ဦးကာကျော်အလိုကား "**စိတ္တာနိ ဒွါဒသာရူပေ**" ဟု ပါဠိရှိရပါမည်။ ပထမနည်း၌ "အာရူပေ ဘဝေ" ဟုဖွင့်၍ ဒုတိယနည်း၌ "အရူပေ ဘဝါနိ အာရူပါနိ"ဟုလည်းကောင်း၊ "အာရူပေ အာရူပါနိ စိတ္တာနိ"ဟုလည်းကောင်း ဖွင့်သည်။

http://www.dhammadownload.com

ပထမနည်း၌ အာရုပ္ပ-ပုဒ်ကို "နတ္ထိ ရူပံ ဇော်တာတိ အရူပေါ။ အရူပဗြာန် ဝါ အရူပံ၊ အရူပံ ဇော်တာ အတ္ထိတိ အရူပေါ၊ အရူပေါ၊ယေဝ အာရုပ္ပေါ။ ဘဝေါ"ဟု မဏိမဉ္ဇူသ်၌ ဖွင့်ပြသည်။ အရူပ-ပုဒ်နောင် သွတ္တသ်၌ ဏျပစ္စည်းသက်၍ အာရုပ္ပ-ပုဒ် ပြီးသည်ဟု မှတ်ပါ။ "အာရုပ္ပေ၊ အရူပလေးဘုံ၌" ဟု အနက်ပေးပါ။ ဒုတိယနည်း၌ အာရုပ္ပ-ပုဒ်ကို စာကိုယ်လာအတိုင်း ဘဝတဒ္ဓိတ် ဝစနတ္ထပြု၍ "အာရုပ္ပါနိ၊ အရူပဘုံ၌ ဖြစ်ကုန်သော"ဟု အနက်ပေးပါ။

၄ **ဒေး။** စတုပညာသဓာ ကာမေ-အစရှိသော ဂါထာ၌ ဏာမ, ရူပ, အရူပ-အရတို့ကို ကျနစ္စာ ကောက်ပြခဲ့ပါ။

ဖြေ။ ယင်းဂါထာကို ဦးကာ ၂-နည်းဖွင့်ရာဝယ် ပထမနည်း၌ ကာမ-အရ ကာမတစ်ဒ သ့်တစ်ဘုံကို ရ၍၊ ဒုတိယနည်း၌ ကာမစိတ် ၅၄-ပါးကို ရပါသည်။

ပထမနည်း၌ ရူပ-အရ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံကို ရ၍၊ ဒုတိယနည်း၌ ရူပစိတ် ၁၅-ပါးကို ရပါသည်။

ပထမနည်း၌ အရူပ-အရ အရူပ ၄-ဘုံကို ရ၍၊ ဒုတိယနည်း၌ အရူပ-အရ အရူပစိတ် ၁၂-ပါးကို ရပါသည်။

၅ **ဒေး။** ရူပဘုံ, အရူပဘုံတို့၌ဖြစ်သော ကာမာဝစရစိတ်တို့ကို ရူပါဝစရစိတ်, အရူပါဝစရစိတ်ဟု မဆိုဘဲ အဘယ့်ကြောင့် ကာမာဝစရစိတ်-ဟူ၍သာ ဆိုရပါသနည်း? ဥပမာဆောင် ထင်ရှားအောင် ဖြေဆိုပါ။

ဖြေ။ လူမိန်းမဝမ်း၌ ဖြစ်သော်လည်း တိရစ္ဆာန်မျိုး၌ အကျုံးဝင်သောကြောင့် တိရစ္ဆာန်ကို တိရစ္ဆာန်-ဟူ၍သာ ဆိုအပ်သကဲ့သို့၊ ထို့အတူ ကာမာဝစရစိတ်တို့သည် မိမိဘုံမှ တစ်ပါးသော ရူပ, အရူပဘုံတို့၌ ဖြစ်သော်လည်း ကာမတဏှာ၏ အာရုံအဖြစ် ဖြင့် ကာမဘုံ၌သာ အကျုံးဝင်သောကြောင့် "ကာမာဝစရစိတ်" ဟူ၍သာ ဆိုရပါသည်။ ရူပါဝစရစိတ်, အရူပါဝစရစိတ်-ဟူ၍ မဆိုရပါ။

အမှာ။ ။ ရူပါဝစရစိတ်, အရူပါဝစရစိတ်တို့၌လည်း နည်းတူသိပါ။

၆ **ဒေး။** မည်သည့်လောကီဓမ္မ, မည်သည့်ဘုံဘဝမှာမှ အကျုံးမဝင်သော လောကုတ္တရာစိတ်တို့သည် အနုတ္တရချည်းဖြစ်၍ အာဓာရနှင့် အာဓေယ် မကွဲပြားပါဘဲလျက် အဘယ့်ကြောင့် "အနုတ္တရော+စိတ္တာနိ" ဟု အာဓာရနှင့် အာဓေယ် ကွဲပြားသကဲ့သို့ ဆိုထားရပါသနည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ လောကုတ္တရာစိတ်တို့သည် အနုတ္တရချည်းဖြစ်၍ အာဓာရနှင့် အာဓေယ် မကွဲပြားပါသော်လည်း စိတ်တို့သည် လောကုတ္တရာတရား ကိုးပါးအပေါင်း၏ တစ်

http://www.dhammadownload.com

စိတ်တစ်ဒေသဖြစ်သောကြောင့် "ရုက္ခေ+သာခါ" စသည်တို့၌ကဲ့သို့ "အနုတ္တရေ + စိတ္တာနိ" ဟု အာမာရှန့် အာဓေယ် ကွဲပြားသကဲ့သို့ ဆိုထားခြင်း ဖြစ်ပါသည်။

၆ မေး။ အနုတ္တရေ စိတ္တာနိ-နှင့် စပ်၍ 'ရုက္ခေ + သာခါ'ကို ဥပမာအဖြစ် ထုတ်ပြ ထားရာ ထို၌ ဥပမာန+ဥပမေယျတို့ကို နှိုးနှောပြခဲ့ပါ။

ဖြေ။ ရုက္ခ-အရ အကိုင်း အခက်နှင့်တကွသော သစ်ပင်တစ်ပင်လုံးကို ယူ၍ ထို သစ်ပင်၌ ပါဝင်သော အကိုင်းအခက်ကို "ရုက္ခေ + သာခါ - သစ်ပင်၌+အခက်" ဟု အပေါင်း အာမာရ, အစိတ်အာဓေယ်အဖြစ်ဖြင့် ဆိုအပ်သကဲ့သို့၊ ထို့အတူ အနုတ္တရေ-အရ လောကုတ္တရာတရား ကိုးပါးအပေါင်းကိုယူ၍ ထိုအပေါင်း၌ ပါဝင်သော စိတ်တို့ကို "အနုတ္တရေ+စိတ္တာနိ - လောကုတ္တရာတရား ကိုးပါး အပေါင်း၌+စိတ်တို့"ဟု အပေါင်း အာမာရ, အစိတ်အာဓေယ်အဖြစ်ဖြင့် ဆိုအပ်သည်-ဟု ဆိုလိုပါသည်။

၇ မေး။ လောကုတ္တရာစိတ်တို့သည် အဘယ့်ကြောင့် မည်သည့်ဓမ္မ, မည်သည့် ဘုံဘဝမှာမှ အကျုံးမဝင်ကြပါသနည်း။

ဖြေ။ ကာမတဏှာစသည်တို့၏ အာရုံမဟုတ်သည့်အတွက် ထိုကာမတဏှာ စသည်တို့သည် မပိုင်းခြားအပ်သောကြောင့် လောကုတ္တရာစိတ်တို့သည် မည်သည့် လောကီဓမ္မ, မည်သည့်ဘုံဘဝမှာမှ အကျုံးမဝင်ကြခြင်းဖြစ်ပါသည်။ (ဒူ။ ၁။ ၂၈၆။)

၉ မေး။ ဣတ္ထမေကူနနဝုတိ-စသော ဂါထာပါဒ၌ ဣတ္ထံ-အရကို ဖော်ပြပါ။

ဖြေ။ ဣတ္ထံ-အရ ဒွါဒသာကုသလာနေဝံ-အစရှိသောဂါထာ၌ ဆိုအပ်ခဲ့ပြီးသော ဇာတိ ဘေဒအားဖြင့် ပြားသောစိတ်တို့၏အပြား, စတုပညာသဓာ ကာမေ-အစရှိသော ဂါထာ၌ ဆိုအပ်ခဲ့ပြီးသော စတုဘူမိကစိတ်တို့၏ အပြားကို ရပါသည်။

သိမှတ်ဖွယ်။ ။ ဇာတိဘေဒဘိန္နာနိ ၈ စတုဘူမိကာနိ ၈ ဇာတိဘေဒဘိန္နစတုဘူမိကာနိ။ ဇာတိဘေဒဘိန္နစတုဘူမိကာနိ ၄၀ စိတ္တာနိ ဇာတိဘေဒဘိန္နစတုဘူမိကစိတ္တာနိ။

(တစ်နည်း) ဇာတိဘေဒဘိန္နစိတ္တာနိ ၈ စတုဘူမိကစိတ္တာနိ စာတိ ဇာတိဘေဒဘိန္နစတုဘူမိက စိတ္တာနိ။ ရှေ့ပုဒ်၌ စိတ္တ-ဟူသော နောက်ပုဒ်ကျေနေသည်-ဟု မှတ်ပါ။

၁၀ မေး။ ဝိဘဇန္တိ ဝိစက္ခဏာ-၌ ဝိစက္ခဏာ-ပုဒ်ကို ဝိဂြိုဟ်ဆို၍၊ အရလည်း ကောက်ပြပါ။

http://www.dhammadownload.com

ဖြေ။ ဝိသေသေန အတ္ထံ စက္ခန္ဓိ သီလေနာတိ ဝိစက္ခဏာ, ဝိသေသေန အတ္ထံ စက္ခိတုံ သီလံ ယဿာတိ ဝါ ဝိစက္ခဏာ, ဝိသေသေန အတ္ထံ စက္ခဏသီလာတိ ဝါ ဝိစက္ခဏာ။ ပညာရှိတို့ကို ရ၏။

အထူးအားဖြင့် အနက်အဓိပ္ပာယ်ကို ထင်ရှားပြလေ့ရှိသောကြောင့် အဋ္ဌကထာဆရာများ၊ **တစ်နည်း-** ဘုရားအစရှိသောပုဂ္ဂိုလ်များ၊ **တစ်နည်း-** မြတ်စွာဘုရား တို့ကိုပင် "ဝိစက္ခဏ"ဟု ခေါ်ဆိုရပါသည်။ (လူ။ ၁။ ၂၈၉။)

၅၁။ **မေး။** ကေဝိသသတံ-ပုဒ်နှင့် စပ်၍ သိမှတ်ဖွယ်များကို ရေးသားဖော်ပြပါ။

ဖြေ။ ကံ် ဥတ္တရံ အဓိကံ ယဿာတိ ဧကုတ္တရာ။ ဧကေန ဝါ ဥတ္တရာ အဓိကာတိ ဧကုတ္တရာ။ ဧကုတ္တရာ ဧဝ ဝီသံ ဧကဝီသံ။ (အဓိကအနက်ဟော ဥတ္တရ-အလယ်ပုဒ်ကျသော ကမ္မဓာရယ်သမာသ်။) "တစ်ခု အပိုအလွန်ရှိသော၊ ဝါ-တစ်ခုဖြင့် ပိုလွန်သော နှစ်ဆယ်"။ ဧကဝီသာယ အဓိကံ သတံ ဧကဝီသသတံ။ (အဓိက-အလယ်ပုဒ် ကျေသော တတိယာတပ္ပုရိသ်သမာသ်။) "နှစ်ဆယ့်တစ်ဖြင့် ပိုလွန်သော တစ်ရာ၊ ဝါ-တစ်ရာနှစ်ဆယ့်တစ်"။ (လူ။ ၁။ ၂၉၀။)

ဆရာမြတ်တို့ကား "ဧကဝီသံ သတံ"ဟု ပါဠိရှိစေလို၍ မောဂ္ဂလ္လာန်(၄-ကဏ္ဍ၊ ၅၀-သုတ်)နှင့်အညီ "ကေဝိသတိ အဓိကာ အသ္မိံ သုတေတိ ကေဝိသံ"ဟု ဝစနတ္ထ ပြုစေလိုကြသည်။ ကေဝိသတိ-နောင် ဒုပစ္စည်း (ဦ့ အနုဗန်ရှိသော အပစ္စည်း) သက်၊ တိ-ကို ချေ၍ ကေဝိသံ-ဟု ရုပ်ပြီးပါသည်။ "ကေဝိသံ၊ နှစ်ဆယ့်တစ်အလွန်ရှိသော။ သတံ၊ တစ်ရာဟူ၍" ဟု အနက်ပေးပါ။

စိတ္တဂဏနသင်္ဂဟအဖွင့် ပြီး၏။

ဝိတ္ထာရဂဏနအဖွင့် (၁၀၁)

၅၂။ **မေး။** ပဌမဇ္ဈာနသောတာပတ္တိမဂ္ဂစိတ်တွဲ-ပုဒ်ကို အစိတ်+အပေါင်း ဝစနတ္ထပြု၍၊ အရကောက်ပြပါ။

ဖြေ။ ပဌမဇ္ဈ တံ စျာနဉ္စာတိ ပဌမဇ္ဈာနံ၊ ရူပါဝစရ ပဌမစျာန်ကို ရ၏။

http://www.dhammadownload.com

ပဌမဈာန် ဝိယာတိ ပဌမဈာန်၊ သောတာပတ္တိမဂ်စိတ်ကို ရ၏။
ပဌမဈာနဿ တံ သောတာပတ္တိမဂ္ဂစိတ္တန္တိ ပဌမဈာနသောတာပတ္တိမဂ္ဂစိတ္တံ။
ပဌမစျာန်နှင့်တူသောကြောင့် ပဌမစျာန်ဖြစ်သော သောတာပတ္တိမဂ်စိတ်ကို ရ၏။

သိမှတ်ဖွယ်။ ။ မဂိမဇ္ဈိ(၁၊ ၂၉၉။)၌ စျာနဂ်ယောဂဘေဒေန-ကို ထောက်၍ "ပဌမဈာနေန သမ္မယုတ္တံ သောတာပတ္တိမဂ္ဂစိတ္တံ ပဌမဈာနသောတာပတ္တိမဂ္ဂစိတ္တံ"ဟုလည်းကောင်း၊ "ပဌမဈာနေန ဥပလက္ခိတံ သောတာပတ္တိမဂ္ဂစိတ္တံ ပဌမဈာနသောတာပတ္တိမဂ္ဂစိတ္တံ"ဟုလည်းကောင်း၊ "ပဌမံ စျာနံ ဃဿာတိ ပဌမဈာနံ၊ ပဌမဈာနမေဝ သောတာပတ္တိမဂ္ဂစိတ္တံ ပဌမဈာနသောတာပတ္တိမဂ္ဂစိတ္တံ" ဟုလည်းကောင်း၊ "ပဌမဿ တံ စျာနဿာတိ ပဌမဈာနံ၊ ပဌမဈာနံ အဿ အတ္ထီတိ ပဌမဈာနံ၊ ပဌမဈာနမေဝ သောတာပတ္တိမဂ္ဂစိတ္တံ ပဌမဈာနသောတာပတ္တိမဂ္ဂစိတ္တံ"ဟုလည်းကောင်း ဝစနတ္ထ ပြုသင့်ကြောင်းနှင့် အထက်ပါ ဦးကာစာကိုယ်ဝစနတ္ထကို မမှတ်သင့်ကြောင်း ဖွင့်ဆိုထားပါသည်။

ဘာသာဋီကာဆရာတော်ကလည်း အောက်ပါအတိုင်း မိန့်ဆိုထားပါသည်။

"ထို၂-မျိုး(အာရမ္မဏူပနိဇ္ဈာန်, လက္ခဏူပနိဇ္ဈာန်)တွင် လောကုတ္တရာစျာန်များသည် လက္ခဏူပနိဇ္ဈာန်ဖြစ်ရကား သောတာပတ္တိမဂ်စိတ်စသည်၌ ယှဉ်လျက်ပါသော ဝိတက်စသည်ကို မုချအားဖြင့်ပင် "စျာန်" ဟု ခေါ်ဝေါ်နိုင်၏။ ထို့ကြောင့် "ပဌမဈာနေန သမ္မယုတ္တံ သောတာပတ္တိမဂ္ဂစိတ္တံ ပဌမဈာနသောတာပတ္တိမဂ္ဂစိတ္တံ" စသည်ဖြင့် ဝစနတ်ပြု၊ အချို့ကား - "လောကီဝိတက် စသည်သာ မုချစျာန်မည်၏" ဟု ယူပြီးလျှင် လောကုတ္တရာစိတ်ကိုကား ထိုလောကီစျာန်များနှင့် တူသောကြောင့် "ပဌမစျာနံ ဝိယာတိ ပဌမစျာနံ" ဟု ဥပမာတဒ္ဓိတ်ကြံပြီးလျှင် "ပဌမစျာနံ စ တံ သောတာပတ္တိမဂ္ဂစိတ္တံ စာတိ ပဌမစျာနသောတာပတ္တိမဂ္ဂစိတ္တံ" ဟု ဝိဂြိုဟ်ပြုကြ၏။ မုချရနိုင်သော အရာဝယ် ဥပစာကြံနေသဖြင့် အကျိုးမရှိရုံသာမက, ပြအပ်ခဲ့သော အဋ္ဌကထာကြီးများကို လွန်ဆန်ရာ ကျသောကြောင့် ထိုအယူဝါဒကို မမြတ်နိုးထိုက်"။

မေး။ သောတာပတ္တိမဂ်စိတ်သည် အဘယ့်ကြောင့် ပဌမစျာန်-ဟူသော အမည်ကို ရပါသနည်း။

ဖြေ။ လောကီ(ရူပါဝစရ) ပဌမစျာန်သည် စျာန်အင်္ဂါ ၅-ပါးရှိသကဲ့သို့၊ ထို့အတူ သောတာပတ္တိမဂ်စိတ်သည်လည်း စျာန်အင်္ဂါ ၅-ပါးရှိရကား လောကီ(ရူပါဝစရ) ပဌမစျာန်နှင့် တူသောကြောင့် "ပဌမစျာန်"ဟူသော အမည်ကို ရပါသည်။

http://www.dhammadownload.com

၃ **မေး။** ပဌမစျာန်အစစ်နှင့် အတု-တို့ကို ဦးကာကျော်ဆရာအလိုက္ခ ခွဲခြားပြခဲ့ပါ။

ဖြေ။ ရူပါဝစရ ပဌမစျာန်သည် **"ပဌမစျာန်အစစ်"** ဖြစ်၍၊ လောကုတ္တရာ ပဌမစျာန်ကား **"ပဌမစျာန်အတု"** ဖြစ်ပါသည်။

၄ **မေး။** မင် ၄-ပါးတို့သည် အဘယ့်ကြောင့် ပဌမစျာန် သောတာပတ္တိမင်-စသည်ဖြင့် အသီးသီး ၅-ပါးစီ ပြားရပါသနည်း။

ဖြေ။ ပါဒကစျာန်, သမ္မသိတစျာန်, ပုဂ္ဂလဏ္ဌာသယတို့တွင် တစ်ပါးပါး၏ အစွမ်းဖြင့် အင်္ဂါ ၅-ပါး၊ ၄-ပါး၊ ၃-ပါး၊ ၂-ပါး၊ တစ်ဖန် ၂-ပါးရှိသော ရူပါဝစရ ပဌမစျာန်, ဒုတိယစျာန်စသည်တို့နှင့် တူမျှသောကြောင့် ဝိတက်စသော စျာန်အင်္ဂါများ ထင်ရှားဖြစ်ခြင်းအားဖြင့် မင် ၄-ပါးတို့သည် ပဌမစျာန် သောတာပတ္တိမင်-စသော အမည်ကို ရကြကုန်လျက် အသီးသီး ၅-ပါးစီ ပြားရပါသည်။

၅ **မေး။** ပါဒကစျာန်, သမ္မသိတစျာန်, ပုဂ္ဂလဏ္ဌာသယတို့၏ အဓိပ္ပာယ်ကို ရေးသား ဖြေဆိုပါ။

ဖြေ။ လောကီ ပဌမစျာန်စသည်တို့တွင် အကြင် အကြင်စျာန်ကို ဝင်စား၍ ထိုထို စျာန်မှ ထပြီးနောက် တေဘူမက သခ်ါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ အားဖြင့် သုံးသပ်သော ယောဂိပုဂ္ဂိုလ်၏ သန္တာန်၌ ဝုဋ္ဌာနဂါမိနိဝိပဿနာဖြစ်၏။ ထိုထိုစျာန်သည် ဝုဋ္ဌာနဂါမိနိဝိပဿနာ၏ နီးစွာသော အကြောင်းဖြစ်သောကြောင့် "ပါဒကစျာန်" မည်ပါသည်။ (ဝုဋ္ဌာနဂါမိနိဝိပဿနာဖြစ်ကြောင်း အခြေခံအဖြစ်ဖြင့် ဝင်စားအပ်သော စျာန်သည် "ပါဒကစျာန်" မည်၏-ဟူလို)။

ဝုဋ္ဌာနဂါမိနိဝိပဿနာ ဖြစ်ဖို့ရာ အနိစ္စ, ဒုက္ခ, အနတ္တအားဖြင့် သုံးသပ်အပ်သော စျာန်သည် "သမ္မသိတစျာန်" မည်ပါသည်။

"ငါ့မှာ ပဌမစျာန်နှင့်တူသော အင်္ဂါ ၅-ပါးရှိသော မင်္ဂဖြစ်ပါမူကား ကောင်းလေစွ"၊ သို့မဟုတ်- "ငါ့မှာ ဒုတိယစျာန်စသည်တို့တွင် တစ်ပါးပါးနှင့်တူသော အင်္ဂါ ၄-ပါးစသည် အပြားရှိသော မင်္ဂဖြစ်ပါမူကား ကောင်းလေစွ"ဟု စျာနလာဘီ ယောဂိပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော အလိုဆန္ဒသည် "ပုဂ္ဂလဏ္ဌာသယ" မည်ပါသည်။

၆ **ဒမေး။** ပုဂ္ဂလဏ္ဌာသယကို စျာန်-ဟု အချို့က ရေးသားပြောဆိုနေကြရာ ပုဂ္ဂလဏ္ဌာသယသည် စျာန်ဟုတ်/မဟုတ် ရှင်းချက်ထုတ်ခဲ့ပါ။

ဒဖြေ။ ပုဂ္ဂလဏ္ဌာသယသည် စျာန် မဖွဲ့ဟုတ်ပါ။ စျာန်ရသော စျာနလာဘီ ယောဂိပုဂ္ဂိုလ်၏ ပြုလိုက်ာမှု ကုသလစ္ဆန္ဒသာ ဖြစ်ပါသည်။ ထိုဆန္ဒကြောင့်လည်း စျာန်ကို

http://www.dhammadownload.com

မရ။ ထိုထိုစျာန်နှင့်တူသော မဂ်ကိုသာ ရပါသည်။ ထို့ကြောင့် ပုဂ္ဂလဿသယသည် စျာန် မဟုတ်ပါ။ ထိုပုဂ္ဂလဿသယကြောင့် ရအပ်သော မဂ်ကိုကား အကြောင်း ပုဂ္ဂလဿသယ၏ အမည်ကို အကျိုး မဂ်ပေါ်၌ တင်စား၍ ကာရကူပစာအားဖြင့် "ပုဂ္ဂလဿသယမဂ်"ဟု ဆိုနိုင်ပါသည်။

မှတ်ချက်။ ။ မစိုးရိမ်ဦးကာကျော်အဖြေ-စသည်တို့၌ကား 'အကျိုးဖြစ်သော ပြလိုကာမျှ ကုသလ စ္ဆန္ဒ၏ ပုဂ္ဂလဿသယ-ဟူသော အမည်ကို အကြောင်းဖြစ်သော စျာန်၌ တင်စား၍ ဖလူပစာအားဖြင့် ပုဂ္ဂလဿသယကို စျာန်ဟု ဆိုလိုက ဆိုနိုင်သည်" ဟု ရေးသားကြပါသည်။

၆ **မေး။** ပါဒကစျာန်နှင့်တူစွာ မဂ်ဖြစ်ပုံကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ပဌမစျာန်စသည်တို့တွင် တစ်ပါးပါးကို အခြေခံ ပါဒကအဖြစ်ဖြင့် ဝင်စား၍ ထိုစျာန်မှ ထပြီးနောက် ပကိဏ္ဏကသခါရဓာရုံတို့ကို (ပါဒကစျာန်မှ တစ်ပါးသော သခါရတရားတို့ကို) အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာယာဉ်တင် ဆင်ခြင်သုံးသပ်၍ မဂ်ရသော ယောဂါဝစရပုဂ္ဂိုလ်၏ မဂ်သည် ပဌမစျာန် စသည်တို့တွင် ထိုထိုပါဒကစျာန်နှင့်တူစွာ ဖြစ်ပေါ်လာသောမဂ် ဖြစ်ပါသည်။

၇ **မေး။** သမ္မသိတစျာန်နှင့်တူစွာ မဂ်ဖြစ်ပုံကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ မဝင်စားလိုသောကြောင့် ဝိပဿနာ၏ အခြေခံဖြစ်သော တစ်စုံတစ်ခုသော စျာန်ကိုမဝင်စားဘဲ မိမိရအပ်ပြီးသော ပဌမစျာန်စသည်တို့တွင် တစ်ပါးပါးသော စျာန်ကို အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာယာဉ်တင် ဆင်ခြင်သုံးသပ်သော ယောဂါဝစရပုဂ္ဂိုလ်၏ မဂ်သည် သမ္မသိတစျာန်နှင့်တူစွာ ဖြစ်ပေါ်လာသောမဂ် ဖြစ်ပါသည်။

(ဆောင်) - စျာန်တစ်ပါးပါး၊ ဝင်စားပြီးမှ၊ စျာန်မှ ထကာ၊ သခါရစု၊ သုံးသပ်မှုတွက်၊
တိုးတက်ရလာ၊ ထိုမဂ်မှာ၊ မှန်စွာ ပါဒကစျာန်နှင့် တူ။
- စျာန်တစ်ပါးပါး၊ မဝင်စားဘဲ၊ ရထားစျာန်လျှင်၊ လက္ခဏာတင်၍၊
ဆင်ခြင်သုံးသပ်၊ ရတုံလတ်က၊ ထိုမဂ်၊ သမ္မသိတ တူ။

၈ **မေး။** ပုဂ္ဂလဿသယအားလျော်စွာ မဂ်ဖြစ်ပုံကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ အခြို့သော ယောဂါဝစရပုဂ္ဂိုလ်သည် အမှတ်မထား တစ်ပါးပါးသောစျာန်ကို အခြေခံပါဒကအဖြစ်ဖြင့် ဝင်စား၍, ထိုစျာန်မှ ထပြီးနောက် တစ်ပါးပါးသော စျာန်ကို အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာယာဉ်တင် ဆင်ခြင်သုံးသပ်၍ မဂ်ကို

http://www.dhammadownload.com

ရသည်ဖြစ်အံ့၊ ထိုမင်္ဂသည် ယောဂါဝစရပုဂ္ဂိုလ်၏ အလိုဆန္ဒ အလျောသယအား လျော်စွာ ပါဒကစျာန်, သမ္မသိတစျာန် ၂-ပါးတို့တွင် တစ်ပါးပါးသောစျာန် နှင့်တူသော မင်္ဂ ဖြစ်ရပါသည်။

(ဆောင်) **စျာန်တစ်ပါးပါး၊ ဝင်စားပြီးမှ၊ စျာန်မှ ထကာ၊ တစ်ဖြာဖြာလျှင်၊ လက္ခဏာတင်၍၊ ဆင်ခြင်သုံးသပ်၊ မင်္ဂရလတ်မူ၊ မှတ်ယူအတည်၊ ယောဂီပုဂ္ဂိုလ်၊ အလိုဆန္ဒ၊ လျော်ညီလှစွာ၊ ပါဒကာနှင့်၊ တစ်ဖြာသမ္မ၊ စျာန်တူမှု၊ မဂ္ဂ ဖြစ်ရသည်။**

၁၀ **မေး။** ယောဂီပုဂ္ဂိုလ်က အလိုဆန္ဒ အလျောသယ ရှိရုံမျှဖြင့် မင်္ဂကို ရနိုင်/ မရနိုင် ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ယောဂီပုဂ္ဂိုလ်က အလိုဆန္ဒ အလျောသယ ရှိရုံမျှဖြင့် မင်္ဂကို မရနိုင်ပါ။ အလျောသယအားလျော်စွာ လောကီစျာန်ကို ဝင်စားမှုဖြစ်စေ, သုံးသပ်မှုဖြစ်စေ, ဝင်စားမှု သုံးသပ်မှု နှစ်ခုလုံးဖြစ်စေ ပြုရသေးသည်။ ဥပမာ - ပဌမစျာန်ကို လိုချင်လျှင် လောကီပဌမစျာန်ကို ဝင်စားမှု, သုံးသပ်မှု တစ်ခုခုဖြစ်စေ၊ နှစ်ခုလုံးဖြစ်စေ ပြုရပါသေးသည်။ ထိုသို့ပြုပြီးမှသာ မင်္ဂကို ရနိုင်ပါသည်။

၁၁ **မေး။** ပုဂ္ဂလလျောသယအားလျော်စွာ ပထမစျာန် သောတာပတ္တိမဂ်စိတ်ဖြစ်ပုံ, ဒုတိယစျာန် သောတာပတ္တိမဂ်စိတ်ဖြစ်ပုံတို့ကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ပထမစျာန်ကို အခြေခံ ပါဒကအဖြစ်ဖြင့် ဝင်စား၍ ဒုတိယစျာန်ကို ဆင်ခြင်သုံးသပ်ပြီး မင်္ဂကိုရလျှင် ပထမစျာန်မဂ်လည်း ဖြစ်ခွင့်ရှိ၍ ဒုတိယစျာန်မဂ်လည်း ဖြစ်ခွင့်ရှိရာ ယောဂီပုဂ္ဂိုလ်က ပထမစျာန်မဂ်ကို လိုလားလျှင် အခြေခံပါဒက ဖြစ်သော ပထမစျာန်နှင့်တူစွာ ပထမစျာန်သောတာပတ္တိမဂ် ဖြစ်ရပါသည်။ ယောဂီပုဂ္ဂိုလ်က ဒုတိယစျာန်မဂ်ကို လိုလားလျှင် ဆင်ခြင်သုံးသပ်အပ်သော ဒုတိယစျာန်နှင့်တူစွာ ဒုတိယစျာန် သောတာပတ္တိမဂ် ဖြစ်ရပါသည်။

သိမှတ်ဖွယ်။။ ထိုသို့ ပါဒကစျာန်ကတစ်မျိုး, သမ္မသိတစျာန်ကတစ်ဖုံ နှစ်ပါးစုံဖြစ်ဖွယ်ရှိရာ၌ ယောဂီပုဂ္ဂိုလ်၏ အလိုဆန္ဒ အလျောသယက အထူးမရှိခဲ့လျှင် အထက်စျာန်မဂ်ကိုသာ စိတ်ညွတ်ဖွယ်ရှိသောကြောင့် အထက်ဖြစ်သော ပါဒကစျာန်, သမ္မသိတစျာန်နှင့် တူစွာ အထက်ဖြစ်သော မင်္ဂသာ ဖြစ်ပေါ်ရပါမည်။

၁၂ **မေး။** "စျာန်ဝင်စား" "စျာန်မှ ထ" ဟူသော စကားတို့၏ အဓိပ္ပာယ်များကို ရေးသားဖြေဆိုပါ။

ဖြေ။ ဘဝင်တို့နှင့် မရောမယှက် စျာန်ဇောချည်းသက်သက် ဖြစ်နေခြင်းကို "**စျာန်

http://www.dhammadownload.com

ဝင်စား"ဟု ဆိုရပါသည်။

စာနှံမှ ဆုတ်နှစ်၍ ဘဝင်၌ တည်ခြင်း ဘဝင်ဖြစ်ပေါ်လာခြင်းကို "**စာနှံမထ**"ဟု ဆိုရပါသည်။ (ဋီ။ ၁။ ၂၉၂။)

၃၃ **မေး။** အကယ်၍ ယောဂါဝစရပုဂ္ဂိုလ်အား ပါဒကစျာန်, သမ္မသိတစျာန်တို့တွင် တစ်ပါးပါးနှင့် တူသည်၏အဖြစ်ဖြင့် ဖြစ်သော အလိုဆန္ဒ အဇ္ဈာသယ မရှိခဲ့သော် စျာန်တစ်မျိုးကို ဝင်စား၍ အခြားစျာန်တစ်မျိုးကို သုံးသပ်ပြီး ဖြစ်ပေါ်လာသော မဂ်သည် အဘယ်စျာန်နှင့် တူသောမဂ်ဖြစ်ရာပါသနည်း၊ ပါဒကစျာန်နှင့် တူသောမဂ် ဖြစ်ရာပါသလော? သို့မဟုတ် -သမ္မသိတစျာန်နှင့် တူသောမဂ် ဖြစ်ရာပါသလော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ အကယ်၍ ယောဂါဝစရပုဂ္ဂိုလ်အား ပါဒကစျာန်, သမ္မသိတစျာန်တို့တွင် တစ်ပါးပါးနှင့် တူသည်၏အဖြစ်ဖြင့် ဖြစ်သော အလိုဆန္ဒ အဇ္ဈာသယ မရှိခဲ့သော် အောက်အောက်စျာန်ကို အခြေခံပါဒကအဖြစ်ဖြင့် ဝင်စား၍, ထိုစျာန်မှ ထပြီးနောက် အထက်အထက်စျာန်တရားတို့ကို ဆင်ခြင်သုံးသပ်၍ မဂ်ကို ရခဲ့လျှင် ထိုမဂ်သည် ပါဒကစျာန်ကို မဲ့ဘဲ သမ္မသိတစျာန်နှင့် တူသော အထက်မဂ် ဖြစ်ရပါမည်။ (ဥပမာ -ပါဒကစျာန်က ဒုတိယစျာန်၊ သမ္မသိတစျာန်က တတိယစျာန် ဖြစ်နေလျှင် သမ္မသိတ စျာန်နှင့်တူသော တတိယစျာန်မဂ် ဖြစ်ရမည်-ဟူလို။)

အထက်အထက်စျာန်ကို အခြေခံပါဒကအဖြစ်ဖြင့် ဝင်စား၍, ထိုစျာန်မှ ထပြီးနောက် အောက်အောက်စျာန်တရားတို့ကို ဆင်ခြင်သုံးသပ်၍ မဂ်ကို ရခဲ့လျှင် ထိုမဂ်သည် သမ္မသိတစျာန်ကို မဲ့ဘဲ ပါဒကစျာန်နှင့်တူသော အထက်မဂ် ဖြစ်ရပါမည်။ (ဥပမာ - ပါဒကစျာန်က ပဌမစျာန်၊ သမ္မသိတစျာန်က စတုတ္ထစျာန် ဖြစ်နေလျှင် ပါဒကစျာန်နှင့်တူသော ပဌမစျာန်မဂ် ဖြစ်ရမည်-ဟူလို။)

အကြောင်းကား - အောက်အောက်ဖြစ်သော စျာန်ထက် အထက်အထက်ဖြစ်သော စျာန်က သာ၍ အားကြီးသောကြောင့်ဖြစ်ပါသည်။

၃၄ **မေး။** အရိယမဂ်၏ စျာနင်္ကို မှတ်သားခြင်းသည် ပါဒကစျာန်စသည်တို့ကို မှတ်သားခြင်းဖြင့် ဖြစ်တန်စေ၊ ဝေဒနာကို မှတ်သားခြင်းကား အဘယ်အမှတ်အသားဖြင့် ဖြစ်ပါသနည်း။

ဖြေ။ ပါဒကစျာန်စသည်တို့ကြောင့်ဖြစ်သော အလုံးစုံသော အရိယမဂ်တို့၌ သာမ

http://www.dhammadownload.com

နသ်ဝေဒနာ, ဥပေက္ခာဝေဒနာကို မှတ်သားခြင်းသည် ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏ အမှတ်အသားဖြင့် (ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏ အမှတ်အသားအတိုင်း) ဖြစ်ပါသည်။ ဝုဋ္ဌာနဂါမိနီဝိပဿနာက သောမနဿသဟဂုတ်ဖြစ်လျှင် အရိယမဂ်တို့လည်း သောမနဿသဟဂုတ်တို့ပင် ဖြစ်ကြရသည်။ ထိုဝိပဿနာက ဥပေက္ခာသဟဂုတ်ဖြစ်လျှင် အရိယမဂ်တို့လည်း ဥပေက္ခာသဟဂုတ်တို့ပင် ဖြစ်ကြရသည်-ဟု ဆိုလိုပါ သည်။

သိမှတ်ဖွယ်။ ။ လုံးလုံး ပါဒကစျာန်, သမ္မသိတစျာန် မရှိသောပုဂ္ဂိုလ်၊ သို့မဟုတ်-ပ, ဒု, တ, စတုတ္ထစျာန် တစ်ပါးပါးကို ပါဒက, သမ္မသနပြုသော ပုဂ္ဂိုလ်၏ ဝုဋ္ဌာနဂါမိနီဝိပဿနာ၌ သောမနဿဝေဒနာ ယှဉ်မည်။ ပဥ္စမစျာန်ကို ပါဒက, သမ္မသနပြုသောပုဂ္ဂိုလ်၏ ဝုဋ္ဌာနဂါမိနီဝိပဿနာ၌ ဥပေက္ခာဝေဒနာ ယှဉ်မည်ဟု သိပါ။ (ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အဓိပ္ပာယ်မှာ ကမ္မဋ္ဌာန်းပိုင်း၌ ထင်ရှားလတ္တံ့)

ထို့ကြောင့် လောကုတ္တရာစိတ် အကျယ်(၄၀)တွင် မဂ်စိတ် (၂၀)၌ စတုတ္ထစျာန်အထိ သောမနဿ ၁၆-ပါး၊ ပဥ္စမစျာန် ဥပေက္ခာ ၄-ပါး၊ ဖိုလ်စိတ် (၂၀)၌လည်း ထို့အတူ သောမနဿ ၁၆-ပါး၊ ဥပေက္ခာ ၄-ပါးဖြစ်သည်။ သို့ဖြစ်၍ လောကုတ္တရာစိတ်အကျယ် (၄၀)၌ သောမနဿ ၃၂-ပါး၊ ဥပေက္ခာ ၈-ပါးဖြစ်ကြောင်း သိပါ။

၁၅ **မေး။** သမထယာနိကပုဂ္ဂိုလ်၏ အရိယမဂ်၏ စျာနင်္ကို မှတ်သားခြင်းသည် ပါဒကစျာန်စသည်တို့ကို မှတ်သားခြင်းဖြင့် ဖြစ်တန်စေ၊ သုက္ခဝိပဿကပုဂ္ဂိုလ်၏ အရိယမဂ်၏ အလုံးစုံသော စျာန်အင်္ဂါကို မှတ်သားခြင်းကား အဘယ်အမှတ်အသားဖြင့် ဖြစ်ပါသနည်း။

ဖြေ။ သုက္ခဝိပဿကပုဂ္ဂိုလ်၏ အရိယမဂ်၏ အလုံးစုံသောစျာန်အင်္ဂါကို မှတ်သားခြင်းသည်လည်း ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အမှတ်အသားဖြင့်ပင် ဖြစ်ပါသည်။

၁၆ **မေး။** သုက္ခဝိပဿကပုဂ္ဂိုလ် ရနိုင်သောမဂ်ကို အကြောင်းနှင့်တကွ ဖော်ပြပါ။ (သုက္ခဝိပဿကပုဂ္ဂိုလ်၏ မဂ်သည် အဘယ့်ကြောင့် အင်္ဂါ ၅-ပါးရှိသောမဂ်သာ ဖြစ်ရပါသနည်း။)

ဖြေ။ သုက္ခဝိပဿကပုဂ္ဂိုလ်၏ သန္တာန်၌ ပါဒကစျာန်စသည်တို့ မရှိသဖြင့် ထို ပါဒကစျာန် စသည်တို့၏အစွမ်းဖြင့် စျာန်အင်္ဂါကို မှတ်သားခြင်း မရှိနိုင်သောကြောင့် ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အမှတ်အသားအတိုင်း အင်္ဂါ ၅-ပါးရှိသော မဂ်သာ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် သုက္ခဝိပဿကပုဂ္ဂိုလ်သည် ပဌမစျာန်မဂ်ကိုသာ ရနိုင်ပါသည်။

http://www.dhammadownload.com

သုက္ခဝိပဿက ပုဂ္ဂိုလ်-ဟူသည်

သမထဘာဝနာဟု ဆိုအပ်သော အစေးမရှိသဖြင့် ခြောက်ကပ်သော ဝိပဿနာရှိသော ပုဂ္ဂိုလ် (စျာန်မရဘဲ သက်သက် သခ်ါရတရားတို့ကို လက္ခဏာယာဉ်သို့တင်၍ ဆင်ခြင်သုံးသပ်ခြင်းကြောင့်သာ မဂ်ရသောပုဂ္ဂိုလ်)ကို "သုက္ခဝိပဿကပုဂ္ဂိုလ်"ဟု ခေါ်ဆိုရပါသည်။

သမထဘာဝနာသခ်ါတသိနေဟာဘာဝေန သုက္ခာ လူခါ အသိနိဒ္ဓါ ဝိပဿနာယဿာတိ သုက္ခဝိပဿကော၊ စျာန မလဘိတ္တာ ကေဝလံ သခ်ါရေ သမ္မသိတ္တာဝ ပဋိလဒ္ဓ-မတ္တေါ ပုဂ္ဂလော။ (ဇု၊ ၁။ ၂၉၅။)

၁၇ **မေး။** စျာန်သမာပတ်ကိုရသော စျာနလာဘီပုဂ္ဂိုလ်အား ပဉ္စဂ္ဂိုကမဂ်ဖြစ်ပုံကို ဖော်ပြပါ။

ဖြေ။ စျာန်သမာပတ်ကိုရသော စျာနလာဘီပုဂ္ဂိုလ်သည်လည်း စျာန်ကို အခြေခံပါဒက မပြုဘဲ (ဝင်စားမှု, သုံးသပ်မှု မပြုဘဲ) ပကိဏ္ဏကသခ်ါရတရားတို့ကိုသာ အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာယာဉ်တင် ဆင်ခြင်သုံးသပ်၍ ဖြစ်စေအပ်သောမဂ်သည့် လည်း ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အမှတ်အသားအတိုင်း ပဉ္စဂ္ဂိုက ပဌမစျာန်မဂ်သာ ဖြစ်ပါ သည်။

၁၈ **းမး။** ပဉ္စဂ္ဂိုက ပဌမစျာန်မဂ်ကိုသာ ရနိုင်သော ပုဂ္ဂိုလ်များကို အကြောင်းနှင့်တကွ ဖော်ပြပါ။

(၁) သုက္ခဝိပဿကပုဂ္ဂိုလ်။

(၂) မည်သည့်စျာန်ကိုမျှ အခြေခံ ပါဒက မပြုဘဲ ပကိဏ္ဏကသခ်ါရတရား တို့ကိုသာ သုံးသပ်သော စျာနလာဘီပုဂ္ဂိုလ်။

(၃) ပဌမစျာန်ကို ဝင်စားသော စျာနလာဘီပုဂ္ဂိုလ်။

(၄) မည်သည့်စျာန်ကိုမျှ မဝင်စားဘဲ ပဌမစျာန်ကို သုံးသပ်သော စျာနလာဘီပုဂ္ဂိုလ်။

(၅) ပဌမစျာန်ကို ဝင်စားမှု, သုံးသပ်မှု နှစ်မျိုးလုံးပြုသော စျာနလာဘီပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။ အကြောင်းကား - ထိုပုဂ္ဂိုလ်တို့သည် စျာန်အင်္ဂါ ၅-ပါးတို့တွင် မည်သည့်စျာန်အင်္ဂါကိုမျှ စက်ဆုပ်ခြင်း မရှိသောကြောင့် ဖြစ်ပါသည်။

၁၉ **မး။** ယထာ စ ရူပါဝစရံ-စသော ၂-ဂါထာကို ဦးကာဖွင့်နှင့်အညီ အနက်ယောဇနာပြခဲ့ပါ။

ဖြ။ (၁) ရူပါဝစရံ၊ ရူပါဝစရဖြစ်သော။ စိတ္တံ၊ စိတ်ကို။ ပဌမာဒိဈာနဘေဒေ-ပဌမာဒိဈာနဘေဒေန၊ ပဌမစျာန်အစရှိသော စျာန်အင်္ဂါတို့နှင့် ယှဉ်သောအပြား

http://www.dhammadownload.com

အားဖြင့်။ ဂယှတိ ယထာ၊ ဆိုအပ်သကဲ့သို့။ တထာ၊ ထို့အတူ။ အနုတ္တရံ၊ လောကုတ္တရာဖြစ်သော။ စိတ္တဠာ၊ စိတ်ကိုလည်း။ ပဌမာဒိဈာနဘေဒေ=ပဌမာ-ဒိဈာနဘေဒေန၊ အားဖြင့်။ ဂယှတိ၊ ၏။

အာရုပ္ပံ၊ အရူပဖြစ်သော။ စိတ္တဠာပိ၊ စိတ်ကိုလည်း။ ဥပေက္ခကဂ္ဂတာ-ယောဂေန၊ ဥပေက္ခာ, ဧကဂ္ဂတာနှင့် ယှဉ်ခြင်းကြောင့်။ ဝါ၊ ဥပေက္ခာ, ဧကဂ္ဂတာနှင့် ယှဉ်သည်ဖြစ်၍။ အင်္ဂသမတာယ၊ စျာန်အင်္ဂါ တူမျှသည်၏အဖြစ်ကြောင့်။ ပဌမေ = ပဌမဈာနဘာဝေန၊ ပဌမစျာန်၏အဖြစ်တည်းဟူသော ဝေါဟာရဖြင့်။ ယသ္မာ၊ အကြင့် ကြောင့်။ ဂယှတိ၊ ၏။

တသ္မာ၊ ထို့ကြောင့်။ ပဌမာဒိကံ၊ ပဌမစျာန် အစရှိသော။ ဧကေကံ၊ တစ်ခု တစ်ခုသော။ စျာနံ၊ စျာန်စိတ်ကို။ ဧကာဒသဝိဓံ၊ တစ်ဆယ့်တစ်ပါး အပြားရှိ၏ ဟူ၍။ ဤရိတံ၊ မိန့်ဆိုအပ်၏။ အင်္ဂေ တု-အင်္ဂံ ပန၊ အဆုံးဖြစ်သော ပဌမစျာန် စိတ်သည်ကား။ တေဝိသတိဝိဓံ၊ နှစ်ဆယ့်သုံးပါး အပြားရှိသည်။ ဘဝေ၊ ဖြစ်၏။

(ဤနည်း၌ ရူပါဝစရစိတ်သည် ဥပမာန၊ အရူပါဝစရစိတ်, လောကုတ္တရာ စိတ်တို့ သည် ဥပမေယျ၊ ဤသို့ ဥပမာတစ်ချက်, ဥပမေယျ နှစ်ချက် ဖြစ်၏။)

(၂) ရူပါဝစရံ၊ သော။ စိတ္တဠာ၊ ကိုလည်းကောင်း။ အနုတ္တရံ၊ သော။ စိတ္တဠာ၊ ကိုလည်းကောင်း။ ပဌမာဒိဈာနဘေဒေ=ပဌမာဒိဈာနဘေဒေန၊ အားဖြင့်။ ဂယှတိ ယထာ၊ ကဲ့သို့။ တထာ၊ ထူ။ အာရုပ္ပံ၊ သော။ စိတ္တဠာပိ၊ ကိုလည်း။ ဥပေက္ခကဂ္ဂတာ=ယောဂေန၊ ကြောင့်။ ဝါ- ဖြစ်၍။ ပဌမေ=ပဌမဈာနဘာဝေန၊ ဖြင့်။ ယသ္မာ၊ ကြောင့်။ ဂယှတိ၊ ၏။

တသ္မာ၊ ကြောင့်။ ပဌမာဒိကံ၊ သော။ ဧကေကံ၊ သော။ စျာနံ၊ ကို။ ဧကာ-ဒသဝိဓံ၊ ဟူ၍။ ဤရိတံ၊ ၏။ အင်္ဂေ တု-အင်္ဂံ ပန၊ သည်ကား။ တေဝိသတိဝိဓံ၊ ရှိသည်။ ဘဝေ၊ ၏။ **(ဤနည်း၌ကား ရူပါဝစရစိတ်, လောကုတ္တရာစိတ်တို့သည် ဥပမာန၊ အရူပါ ဝစရစိတ်သည် ဥပမေယျ၊ ဤသို့ ဥပမာနှစ်ချက်, ဥပမေယျ တစ်ချက် ဖြစ်၏။)**

မှတ်ချက်။ ။ ဒုတိယနည်းသာ အရှင်အနုရုဒ္ဓါဆရာ၏ အလိုကျဖြစ်ကြောင်း "နာမ ရူပပရိစ္ဆေဒ"ကျမ်းလာ **"ရူပါဝစရစိတ္တာနိ၊ ဂယှန္တာနုတ္တရာနိ စ၊ ပဌမာဒိဈာနဘေဒေ၊ အာရုပ္ပဠာပိ ပဠမေ"** ဟူသော ဂါထာကိုထောက်၍ ဋီကာဆရာမိန့်သည်။ မဂ္ဂိမဇ္ဈိ ဆရာကား ပထမနည်းကိုသာ ချီးမွမ်း ထိုက်ကြောင်းနှင့် ထိုနည်းသည်သာ အရှင် အနုရုဒ္ဓါဆရာ အလိုကျဖြစ်ကြောင်း ဖွင့်ပြထားပါသည်။ (ဂူ၊ ၁။ ၃၀၁။)

၂၀ မး။ အဘယ့်ကြောင့် ပဌမစျာန် ဧကာဒသ-စသည်ဖြင့် ပြားရပါသနည်း ဋီကာကျော်

http://www.dhammadownload.com

ဖွင့်သည့်အတိုင်း ရေးသားဖြေဆိုပါ။

ဖြေ။ ရူပါဝစရစိတ်ကို ပဌမစျာန်အစရှိသော စျာန်အင်္ဂါတို့နှင့် ယှဉ်သောအပြာ အားဖြင့် ဆိုအပ်သကဲ့သို့၊ ထို့အတူ လောကုတ္တရာစိတ်ကိုလည်း ပဌမစျာန် အစရှိသော စျာန်အင်္ဂါတို့နှင့် ယှဉ်သောအပြားအားဖြင့် ဆိုအပ်၏။ အရူပါဝစ စိတ်ကိုလည်း ပဉ္စမစျာန်၏ အဖြစ်တည်းဟူသော ဝေါဟာရဖြင့် ဆိုအပ်၏၊ ထို့ကြောင့် ပဌမစျာန် ဧကာဒသ-စသည်ဖြင့် ပြားရခြင်းဖြစ်ပါသည်။

(တစ်နည်း) စျာန်အင်္ဂါတို့နှင့် ယှဉ်သောအပြားအားဖြင့် တစ်ခုတစ်ခုသော လောကုတ္တရာစိတ်ကို ၅-ပါးစီပြားသည်ကို ပြု၍ လောကုတ္တရာစိတ်ကို ၄၀ ဟူ၍ ဆိုအပ်၏။ ရူပါဝစရစိတ်, လောကုတ္တရာစိတ်တို့ကို ပဌမစျာန်အစရှိသော စျာန်အင်္ဂါတို့နှင့် ယှဉ်သောအပြားအားဖြင့် ဆိုအပ်သကဲ့သို့၊ ထို့အတူ အရူ ပါဝစရစိတ်ကိုလည်း ပဉ္စမစျာန်၏အဖြစ်တည်းဟူသော ဝေါဟာရဖြင့် ဆိုအပ်၏၊ ထို့ကြောင့် ပဌမစျာန် ဧကာဒသ-စသည်ဖြင့် ပြားရခြင်း ဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ ဦးကာကျော်လာ တသွာ-အစွဲ ၂-ချက်အားလျော်စွာ ၂-နည်း ရေးပြလိုက်ခြင်း ဖြစ်သည်။ **တသွာ-အစွဲ ၂-ချက်ရှိရာ ပထမအစွဲမှာ** "ယထာ ရူပါဝစရံ"စသော ဂါထာ၏ အနက် ယောဇနာနည်း ၂-နည်းတို့တွင် ပထမနည်းကိုသာ စွဲခြင်းဖြစ်သည်။ **ဒုတိယအစွဲမှာ** "စျာနင်္ဂယောဂဘေဒေန" စသောဂါထာနှင့် "ယထာ စ ရူပါဝစရံ" စသောဂါထာ၏ အနက်ယောဇနာနည်း ၂-နည်းတို့တွင် ဒုတိယနည်းကို စွဲခြင်းဖြစ်သည်-ဟု မှတ်ပါလေ။

၂၁ **မေး။** အရူပါဝစရစိတ်ကို အဘယ့်ကြောင့် ပဉ္စမစျာန်-ဟု ခေါ်ဆိုရပါသနည်း။

ဖြေ။ အရူပါဝစရစိတ်သည် ဥပေက္ခာ, ဧကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးတို့နှင့် ယှဉ်သည် ဖြစ်၍ ရူပါဝစရပဉ္စမစျာန်နှင့် စျာန်အင်္ဂါတူမျှသောကြောင့် ၎င်းကို ပဉ္စစျာန်-ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

၂၂ **မေး။** ပဉ္စမစျာန်အစစ်နှင့် အတုကို ခွဲခြားပြခဲ့ပါ။

ဖြေ။ ရူပါဝစရ ပဉ္စမစျာန်သာ **"ပဉ္စမစျာန်အစစ်"**ဖြစ်ပါသည်။ အရူပါဝစရ ပဉ္စ စျာန်ကား ရူပါဝစရပဉ္စမစျာန်နှင့် စျာန်အင်္ဂါချင်းတူမျှသောကြောင့် ပဉ္စမစျာန် ဟု ခေါ်ဆိုရသော **"ပဉ္စမစျာန်အတု"** ဖြစ်ပါသည်။

သာဓက - ပဉ္စမဇ္ဈာနဝေါဟာရံ လဘတီတျတ္ထော။ (ဦးကာ၊ ၁၀၃။)

၂၃ **မေး။** ပဉ္စမစျာန်အစစ်နှင့် အတုတို့၏ ခြားနားချက်ကို ဖော်ပြပါ။

http://www.dhammadownload.com

ဖြေ။ ပဋ္ဌာန်အစစ်ဖြစ်သော ရူပါဝစရပဋ္ဌမစျာန်စိတ်သည် အင်္ဂါတိက္ကမဖြစ်၍ ကသိဏ်းဆယ်ပါး, အသုဘဆယ်ပါး ၊သည်ဖြင့် အာရုံအမျိုးမျိုးကို အာရုံပြုပါသည်။ ပဋ္ဌမစျာန်အတုဖြစ်သော အရူပါဝစရစိတ်ကား အာရမ္မဏာတိက္ကမဖြစ်၍ အာရုံတစ်မျိုး စီကိုသာ အာရုံပြုပါသည်။

၂၄ **မေး။** 'သတ္တတ္တိသဝိဓံ ပုညံ'စသော ဂါထာဖြင့် စိတ်အကျယ် (၁၂၁)ပါးကို ရေတွက်ပြရာ၌ အဘယ့်ကြောင့် ကုသိုလ်နှင့် ဝိပါက်တို့၏ အပြားကိုသာပြ၍ အကုသိုလ်နှင့် ကိရိယာစိတ်တို့၏ အပြားကို မပြပါသနည်း။

ဖြေ။ ပါဒကစျာန်စသည်တို့၏အစွမ်းဖြင့် အရေအတွက်၏ တိုးပွားခြင်းသည် ကုသိုလ်, ဝိပါက်စိတ်တို့၌သာ ဖြစ်သင့်သောကြောင့် ကုသိုလ်, ဝိပါက်စိတ်တို့၏ အပြားကိုသာ ပြ၍ အကုသိုလ်, ကိရိယာစိတ်တို့၏ အပြားကို မပြခြင်းဖြစ်ပါသည်။

၂၅ **မေး။** အရှင်အနုရုဒ္ဓါဆရာသည် "သတ္တတ္တိသဝိဓံ ပုညံ" စသောဂါထာကို အဘယ့်ကြောင့် မိန့်ဆိုတော်မူရပါသနည်း၊ (စိတ်**အကျယ်**' ၁၂၁-ပါးကို ပြလိုလျှင် -

ဒွါဒသာကုသလာနေဝံ၊ ပုညာနိ သတ္တတိသတိ။
ဝိပါကာနိ ဒွိပညာသ၊ ကြိယစိတ္တာနိ ဝီသတိ။
ဣစ္စေကဝီသသတမ္ပိ၊ စိတ္တာနိစ္စာဟု ပဏ္ဍိတာ။ ဟူ၍သာ မိန့်ဆိုသင့်သည် မဟုတ်ပါလော?)ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ပါဒကစျာန်စသည်တို့၏ အစွမ်းဖြင့် အရေအတွက် တိုးပွားခြင်းသည် ကုသိုလ်, ဝိပါက်စိတ်တို့၌သာ ဖြစ်သင့်သောကြောင့် ထိုကုသိုလ်, ဝိပါက်စိတ်တို့၏ အရေအတွက်ကိုသာ ~~၈၂~~-ပါး အရေအတွက်၏ အကြောင်းအဖြစ်ဖြင့် ပြလိုသောကြောင့် "သတ္တတ္တိသဝိဓံ ပုညံ" စသောဂါထာကို အရှင်အနုရုဒ္ဓါဆရာ မိန့်ဆိုတော်မူရ ခြင်း ဖြစ်ပါသည်။

၂၆ **မေး။** ကျမ်းဆရာကိုယ်တိုင်ပေးခဲ့သော ဤဋီကာကျော်ကျမ်းစာ၏ အမည်ကို ဖော်ပြ၍ ယင်းအမည်၏ အဓိပ္ပာယ်ကိုလည်း ရှင်းပြပါ။

ဖြေ။ ဤဋီကာကျော်ကျမ်းစာ၏ ကျမ်းဆရာကိုယ်တိုင် ပေးခဲ့သော အမည်မှာ **"အဘိ-ဓမ္မတ္ထဝိဘာဝိနီ"** ဖြစ်ပါသည်။ အဘိဓမ္မာခုနစ်ကျမ်း၌ ဟောတော်မူအပ်သော အနက်တို့ကို ထင်ရှားပြရာ, ပြကြောင်းဖြစ်သောကြောင့် ဤဋီကာကျော်ကျမ်းစာကို "အဘိဓမ္မတ္ထဝိဘာဝိနီ" ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

ဝစနတ္ထ - အဘိဓမ္မတ္ထာ ဝိဘာဝိယန္တိ ပကာသိယန္တိ ဧတ္ထ, ဧတာယာတိ ဝါ အဘိဓမ္မတ္ထဝိဘာဝိနီ။

စိတ်ပိုင်းအဖွင့် ပြီး၏။

http://www.dhammadownload.com

၂။ စေတသိက်ဝိုင်းအဖွင့်

သမ္မယောဂလက္ခဏာ ၄-ပါး အဖွင့်(၁၀၄)

မေး။ အဘယ်ကို ပြခြင်းအကျိုးငှါ "ဧကုပ္ပါဒနိရောဓော စ" စသော စကားရပ် (စေတသိက်ပိုင်း) ကို အားထုတ်ရပါသနည်း။

ဖြေ။ ဤသို့လျှင် ဘူမိ, ဇာတိ, သမ္မယောဂ, သခ်ိဳရ, စျာန, အာရမ္မဏ, မဂ္ဂအပြား အားဖြင့် ရှေးဦးစွာ စိတ်ကို ထိုက်သည်အားလျော်စွာ ဝေဖန်ပြီးနောက်၊ ယခု အခါ စေတသိက်ကို ခွဲခြမ်းဝေဖန်ဖို့ရာ အခွင့်အခါ ဆိုက်ရောက်လာပြီ ဖြစ်သောကြောင့်

-လက်မွန်မဆွ သမ္မယောဂလက္ခဏာ ၄-ပါးကို ပြခြင်း၏အစွမ်းဖြင့် စေတသိက် လက္ခဏာကို ထား၍,

-ထို၏အခြားမဲ့၌ အညသမာန-အကုသလ- သောဘနတို့၏ အစွမ်းဖြင့် ရာသိ ၃-ခုတို့ဖြင့် စေတသိက်တရားတို့ကို အကျဉ်းသရုပ်ထုတ်ပြီးလျှင်၊

-ထိုစေတသိက် တရားတို့၏ ၁၆-ပါးသော အခြင်းအရာအားဖြင့် သမ္မယောဂနည်း,

-၃၃-ပါးသော အပြားအားဖြင့် သင်္ဂဟနည်းကို ပြခြင်းအကျိုးငှါ "ဧကုပ္ပါဒနိရောဓော စ" စသောစကားရပ် (စေတသိက်ပိုင်း) ကို အားထုတ်ရခြင်း ဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ ကာမာဝစရစိတ်ကို ဘူမိဇာတိသမ္မယောဂသခ်ိဳရအပြားအားဖြင့် ရူပါဝစရစိတ်ကို စျာနင်အပြားအားဖြင့်၊ အရူပါဝစရစိတ်ကို အာရုံအပြားအားဖြင့်၊ လောကုတ္တရာစိတ်ကို မဂ်အပြားအားဖြင့် ဝေဖန်သည်ကို "ထိုက်သည်အားလျော်စွာ စိတ်ကို ဝေဖန်သည်"ဟု မှတ်ပါ။ (ဋီ၊ ၁၊ ၃၀၄။ ၁၃၉-လည်း ကြည့်။)

မေး။ အထက်ပါ အနုသန္ဓေကို ရှု၍ စေတသိက်ပိုင်း၏ ပိဏ္ဍတ္ထ ၄-မျိုးကို ဖော်ပြပါ။

ဖြေ။ (၁) ဧကုပ္ပါဒတာ-စသော စေတသိက်တို့၏ ဖြစ်ကြောင်းလက္ခဏာ ၄-ပါး။
(၂) ရာသိ သုံးခုတို့ဖြင့် ညွှန်ပြအပ်သော စေတသိက် ၅၂-ပါး။
(၃) ထိုစေတသိက် ၅၂-ပါးတို့၏ သမ္မယောဂနည်း ၁၆-ပါး။
(၄) ထိုစေတသိက် ၅၂-ပါးတို့၏ သင်္ဂဟနည်း ၃၃-ပါးတို့ ဖြစ်ပါသည်။

မေး။ စေတသိက်ပိုင်း၏ ဝဝတ္ထာန် ၄-မျိုးကို ဖော်ပြပါ။

http://www.dhammadownload.com

ဖြေ။ (၁) စေတသိက်လက္ခဏာတို့ကို ထားခြင်း။
(၂) ရာသီ သုံးခုတို့ဖြင့် ထိုစေတသိက်တရားတို့ကို ပြခြင်း။
(၃) ထိုစေတသိက်တို့၏ ၁၆-ပါးသော အခြင်းအရာတို့ဖြင့် သမ္မယောဂနည်းကို ပြခြင်း။
(၄) ထိုစေတသိက်တို့၏ ၃၃-ပါးအပြားအားဖြင့် သင်္ဂဟနည်းကို ပြခြင်းတို့ ဖြစ်ပါသည်။

မေး။ ဧကုပ္ပါဒနိရောဓာ စ-စသော ဂါထာ၌ (က) ဧကုပ္ပါဒနိရောဓ (ခ) ဧကာလမ္ဗဏဝတ္ထုက-တို့၏ အဓိပ္ပာယ်ကို ရေးပြခဲ့ပါ။

ဖြေ။ (က) စိတ်နှင့် အတူတကွ (တစ်ဇပါဒ်းတည်း) ဖြစ်ခြင်း, ချုပ်ခြင်းရှိသော စေတသိက်တို့သည် "ဧကုပ္ပါဒနိရောဓ" မည်ကြပါသည်။

(ခ) တူသောအာရုံ, တူသောဝတ္ထုတို့ရှိသော စေတသိက်တို့သည် "ဧကာလမ္ဗဏဝတ္ထုက"တို့ မည်ကြပါသည်။

ဝစနတ္ထနှင့် ရုပ်ပြီးပုံ - ဥပ္ပဇ္ဇနံ ဥပ္ပါဒေါ။ နိရုဇ္ဈနံ နိရောဓော။
ဥပ္ပါဒေါ စ နိရောဓော စ ဥပ္ပါဒနိရောဓာ။
ဧကတော ဥပ္ပါဒနိရောဓာ ယေသံ တေ ဧကုပ္ပါဒနိရောဓာ။

"ဧကတုပ္ပါဒနိရောဓာ" ဟု ဆိုလိုလျက် ဧကတော-နိပါတ်ပုဒ်မှ တော-ကို ချေ၍ "ဧကုပ္ပါဒနိရောဓာ" ဟု ရုပ်ပြီးပါသည်။ ဧကတော-နိပါတ်ပုဒ် သဟအနက်ဟော-ဟု သိပါ။ (မဏိမဉ္ဇူ။ ၁။ ၃၀၅-၆။)

အာလမ္ဗဏဉ္စ ဝတ္ထု စ အာလမ္ဗဏဝတ္ထူနိ။
ဧကာနိ (ဧသမာနာနိ) အာလမ္ဗဏဝတ္ထူနိ ယေသံ တေ ဧကာလမ္ဗဏဝတ္ထုကာ။

မေး။ ဧကုပ္ပါဒနိရောဓာ စ-၌ ဧက-သဒ္ဒါနှင့် ဧကာလမ္ဗဏဝတ္ထုကာ-၌ ဧက-သဒ္ဒါတို့၏အထူးကို ဖြေဆိုပါ။

ဖြေ။ ဧကုပ္ပါဒနိရောဓာ စ၌ ဧက-သည် 'သဟ'အနက်ဟော ဧကတော-နိပါတ်ပုဒ်မှ တော-အက္ခရာကို ချေထားသော သဒ္ဒါဖြစ်၍၊ ဧကာလမ္ဗဏဝတ္ထုကာ-၌ရှိသော ဧက-ကား 'သမာန' အနက်ရှိသော ဧက-သဒ္ဒါ ဖြစ်ပါသည်။ ဤသို့ ထူးပါသည်။

မေး။ စေတောယုတ္တာ-ပုဒ်ကို ဝိဂြိုဟ်ဆို၍ အဓိပ္ပာယ်လည်း ရေးပြပါ။

ဖြေ။ စေတသာ ယုတ္တာ စေတောယုတ္တာ။ (စိတ္တေန သမ္မယုတ္တာ-ဟူသောအဖွင့် နှင့်အညီ ဖြစ်၏။ "စိတ္တုပ္ပါဒေသု ပစ္စေကံ၊ သမ္မယောဂေါ ပဝုစ္စတိ" ဟူသော သင်္ဂဟပါဠိကို

http://www.dhammadownload.com

ထောက်၍ "စေတသိ ယုတ္တာ စေတောယုတ္တာ" ဟုလည်း ပြုနိုင်ပါသည်။)

စိတ်နှင့် ယှဉ်ကုန်သော၊ (ဝါ) စိတ်၌ ယှဉ်ကုန်သော ၅၂-ပါးသော နိယတယောဂီ, အနိယတယောဂီဖြစ်သော သဘောတရားတို့သည် "စေတောယုတ္တ" မည်ကြပါသည်။

မေး။ နိယတယောဂီ, အနိယတယောဂီဖြစ်သော စေတသိက် ၅၂-ပါးတို့ကို အဘယ့်ကြောင့် "ဓမ္မ"ဟု ခေါ်ဆိုရပါသနည်း။

ဖြေ။ မိမိ၏ သဘောလက္ခဏာကို ဆောင်တတ်သောကြောင့် ထိုစေတသိက် ၅၂-ပါးတို့ကို "ဓမ္မ" ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

ဝစနတ္ထ - အတ္တနော လက္ခဏံ (သဘာဝံ) ဓာရေန္တီတိ ဓမ္မာ။

မေး။ စေတသိက်လက္ခဏာကို ပြဆိုရာ၌ ဧကုပ္ပါဒသဒ္ဒါမျှဖြင့် စေတောယုတ္တအဖြစ် ပြီးနိုင်ပါလျက် အဘယ့်ကြောင့် ဧကနိရောဓ-သဒ္ဒါကို မိန့်ဆိုရပါသနည်း။

ဖြေ။ စိတ်နှင့်တကွဖြစ်သော ကမ္မဇရုပ်, စိတ္တဇရုပ်တို့၏ စေတောယုတ္တအဖြစ် ဖြစ်ရသောကြောင့် ထိုကမ္မဇရုပ်, စိတ္တဇရုပ်တို့၏ စေတောယုတ္တအဖြစ်ကို နှစ်စေခြင်းအကျိုးငှါ "ဧကနိရောဓ"သဒ္ဒါကို မိန့်ဆိုရခြင်း ဖြစ်ပါသည်။ (ကမ္မဇရုပ်နှင့် စိတ္တဇရုပ် တို့သည် စိတ်နှင့် ပြိုင်တူဖြစ်ကြသော်လည်း ပြိုင်တူ မချုပ်ကြ-ဟူလို။)

(ဆောင်) စိတ်နှင့်တကွ၊ ဖြစ်ကုန်ကြသည့်၊ ကမ္မဇ, စိတ္တဇ၊ ထိုနှစ်မြှောကို၊ နှစ်စေလို၊ မိန့်ဆို ဒုတိယ-နိရောဓ၊

မေး။ စိတ်နှင့် အတူတကွ ဖြစ်ကြပါသော်လည်း အတူတကွ မချုပ်ကြသော ရုပ်တရားများကို ဖော်ပြပါ။

ဖြေ။ ကမ္မဇရုပ်နှင့် စိတ္တဇရုပ်တို့ ဖြစ်ပါသည်။

သိမှတ်ဖွယ်။။ ရူပဓမ္မာနမွိ-အရ ကမ္မဇရုပ်, စိတ္တဇရုပ်တို့ကိုသာ ယူရပါသည်။ ဥတုဇရုပ်, အာဟာရဇရုပ် တို့သည် စိတ်နှင့် အတူတကွ ဖြစ်ကြသော်လည်း စိတ်အားသဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးမပြုသောကြောင့် "စိတ်နှင့် တကွဖြစ်သည်" ဟူသော ဝေါဟာရကို မရကြပါ။ (လူ။ ၁။ ၃၀၇)။

မေး။ ကုပ္ပါဒ, ဧကနိရောဓ သဒ္ဒါတို့ကိုသာ ဆိုလျှင် စေတောယုတ္တအဖြစ် ပြီးနိုင်ပါလျက် အဘယ့်ကြောင့် ဧကာလမ္ဗဏ-သဒ္ဒါကို ဆိုရပါသနည်း။

ဖြေ။ ဧကနိရောဓ သဒ္ဒါကို ဆိုအပ်ပါသော်လည်း စိတ်သို့ အစဉ်လိုက်၍ ဖြစ်သော

http://www.dhammadownload.com

ဝိညတ်ဒွေး၏ စေတောယုတ္တအဖြစ်၌ ကပ်ငြိလျှဉ်းပါးခြင်းကို တားမြစ်ခြင်းငှါ မတတ်ကောင်းသောကြောင့်၊ -ထို့ပြင် စုတိစိတ်မှ ပြန်၍ရေတွက်သည်ရှိသော် ၁၇-ချက်မြောက် ဘဝင်စိတ်၏ ဥပပါဒက္ခဏ၌ ထိုဘဝင်စိတ်နှင့် အတူဖြစ်၍ စုတိစိတ်၏ ဘင်ခဏ၌ ချုပ်သော ကမ္မဇရုပ်တရားတို့၏ စေတောယုတ္တအဖြစ်၌ ကပ်ငြိလျှဉ်းပါးခြင်းကို တားမြစ်ခြင်းငှါ မတတ်ကောင်းသောကြောင့် (ထိုစိတ်သို့ အစဉ်လိုက်၍ဖြစ်သော ဝိညတ်ဒွေးနှင့် စုတိစိတ်မှ ပြန်၍ရေတွက်သည်ရှိသော် ၁၇-ချက်မြောက် ဘဝင်စိတ်၏ ဥပပါဒက္ခဏ၌ ထိုဘဝင်စိတ်နှင့် အတူဖြစ်၍ စုတိစိတ်၏ ဘင်ခဏ၌ချုပ်သော ကမ္မဇရုပ် တရားတို့ကို တားမြစ်ခြင်းအကျိုးငှါ) "ကောလမ္မဏာ" သဒ္ဒါကို မိန့်ဆိုရ ခြင်း ဖြစ်ပါသည်။

(ဆောင်) **နှစ်ဖြာဝိညတ်၊ ရွေးစိတ်ဓာတ်နှင့်၊ ဖြစ်လတ်တူလျက်၊ ဆဲ့ခုနစ်ချက်မြောက်၊ နောက်နောက်စိတ်ဘင်၊ ပြိုင်ယှဉ်ချုပ်ကြ၊ ကမ္မဇထိုထို၊ နစ်စေလို၊ မိန့်ဆို တတိယ-လမ္မဏာ။ (ကမ္မဇ၊ စိတ္တဇာ၊ ထိုနှစ်ဖြာကို၊ နစ်စေလို၊ မိန့်ဆို တတိယ-လမ္မဏာ။)**

သိမှတ်ဖွယ်။။ ကေ့ပ္ပါဒနိရောဓာ-ပုဒ်ကို "ကေတော ဥပ္ပါဒေါ ဝါ နိရောဓော ဝါ စေတသန္တိ ကေ့ပ္ပါဒနိရောဓာ"ဟု ကြံသောပုဂ္ဂိုလ်၏အလိုအားဖြင့် အဆိုပါ ကမ္မဇရုပ်တရားတို့၏ စေတောယုတ္တအဖြစ် လျှဉ်းပါးဖွယ်ရှိသည်-ဟု မှတ်ပါ။ မဏိမဉ္ဇူ(၁၊ ၃၀၈။)၌ ကမ္မဇရုပ်ကိုသာ ဖွင့်ပြထားသော်လည်း သင်္ဂြိဟ်ဘာသာဋီကာ၌ "ကမ္မဇရုပ်, စိတ္တဇရုပ်" ဟုဆို၍၊ မစိုးရိမ် ဋီကာကျော်အဖြေ၌ "ကမ္မဇရုပ်, အဝိနိဗ္ဘောဂရုပ်ရှစ်ခု"ဟု ဆိုပါသည်။ ထိုတရားတို့သည် စိတ်နှင့် အတူတကွဖြစ်၍ အတူတကွ ချုပ်ကြပါသော်လည်း အာရုံကိုမယူတတ်သော အနာရမ္မဏတရားများ ဖြစ်သောကြောင့် စိတ်နှင့် တူသောအာရုံ မရှိကြပါ။

မေး။ စိတ်နှင့် အတူတကွဖြစ်, အတူတကွ ချုပ်ကြသော်လည်း အာရုံမတူသော တရားများကို ဖော်ပြပါ။

ဖြေ။ စိတ်သို့အစဉ်လိုက်၍ဖြစ်သော ဝိညတ်ဒွေးနှင့် စုတိစိတ်မှ ပြန်၍ရေတွက် သည်ရှိသော် ၁၇-ချက်မြောက် ဘဝင်စိတ်၏ ဥပပါဒက္ခဏ၌ ထိုဘဝင်စိတ်နှင့် အတူဖြစ်၍ စုတိစိတ်၏ ဘင်ခဏ၌ချုပ်သော ကမ္မဇရုပ် (စိတ္တဇရုပ်)တရားတို့ဖြစ်ပါသည်။

မေး။ ကေ့ပ္ပါဒ-စသော သဒ္ဒါ ၃-ခုတို့ဖြင့် စေတောယုတ္တအဖြစ် ပြီးနိုင်ပါလျက် ဧကဝတ္ထုက-သဒ္ဒါကို အဘယ့်ကြောင့် မိန့်ဆိုရပြန်ပါသနည်း။

ဖြေ။ "ရွှေ့လက္ခဏာ ၃-ပါးနှင့် ပြည့်စုံသော စေတသိက်တရားတို့သည် အမြဲတမ်း

http://www.dhammadownload.com

တူသောမှီရာဝတ္ထုရုပ် ရှိကြကုန်သည်သာတည်း" ဟူသောအနက်အဓိပ္ပာယ်ကို ပြခြင်းအကျိုးငှါ (ပြလိုသောကြောင့်) "**ဧကဝတ္ထုက**" သဒ္ဒါကို မိန့်ဆိုရခြင်း ဖြစ်ပါသည်၊

(ဆောင်) **ရှေ့လာသုံးဝ၊ တူညီကမူ၊ မုခမှီရာ၊ တူသည့်တာကို၊ သိစေလို၊ မိန့်ဆို စတုတ္ထ-ဝတ္ထုက**။

သိမှတ်ဖွယ်။ ။ အရူပဘုံ၌ မှီရာဝတ္ထုရုပ် မရှိသောကြောင့် ဧကဝတ္ထုက လက္ခဏာကို မရနိုင်။ ရှေ့လက္ခဏာ ၃-ပါးကိုသာ ရနိုင်ပါသည်။

သမ္မယောဂလက္ခဏာအဖွင့် ပြီး၏။



အညသမာန်းစေတသိက်အဖွင့် (၁၀၅)

မေး။ "ကထံ- ဖဿော, ဝေဒနာ, သညာ"စသောပါဠိ၌ ကထံ-သည် '**အဒိဋ္ဌနှင့်၊ ဒိဋ္ဌ ဝိမတိ၊ နုမတိ, ကထေ၊ ဤငါးထွေ၊ မှတ်လေ ပုစ္ဆာများ**' ဟူသော ပုစ္ဆာ ၅-မျိုး တို့တွင် အဘယ်ပုစ္ဆာ ဖြစ်ပါသနည်း။

ဖြေ။ စေတသိက် ၅၂-ပါးသရုပ်နှင့် စိတ်၌ ယှဉ်ပုံအခြင်းအရာတို့ကို ဖြေလိုရှိ မေးသော "ကထေတုကမျတာပုစ္ဆာ" ဖြစ်ပါသည်။

ပုစ္ဆာ ၂-မျိုး။။ သရူပပုစ္ဆာ, သမ္မယောဂါကာရပုစ္ဆာ-ဟု ပုစ္ဆာ ၂-မျိုးဖြစ်ကြောင်း သိပါ။ ထို ၂-မျိုးတို့တွင် "ဖဿော, ဝေဒနာ, သညာ ။ပ။ သောဘနာတိ ဝေဒိတဗ္ဗာ' သည် သရူပပုစ္ဆာ၏ ဝိဿဇ္ဇနာဖြစ်၍၊ "သတ္တ သဗ္ဗတ္ထ ယုဇ္ဇန္တိ ။ပ။ သေသာ နိယတ-ယောဂိနော" သည် သမ္မယောဂါကာရပုစ္ဆာ၏ ဝိဿဇ္ဇနာ ဖြစ်သည်-ဟု သိပါ။

မေး။ အဘယ့်ကြောင့် ဖဿ-မည်ပါသနည်း ဖြေဆို၍၊ ၎င်း၏ လက္ခဏာကိုလည်း ဖော်ပြပါ။

ဖြေ။ အာရုံကို တွေ့ထိတတ် (တွေ့ထိသလို ဖြစ်တတ်)သောကြောင့် "ဖဿ" မည်ပ သည်။ ထိုဖဿ သည် ဖုသန (=အာရုံကို တွေ့ထိခြင်း) လက္ခဏာရှိပါသည်၊

ဝစနတ္ထ - ဖုသတီတိ ဖဿော။

မေး။ ဖဿသည် နာမ်တရားဖြစ်ပါလျက် အဘယ့်ကြောင့် ဖုသနလက္ခဏာရှိသည်ဟု ဆိုရပါသနည်း။

http://www.dhammadownload.com

ဖြေ။ ဖဿသည် နာမ်တရားဖြစ်သော်လည်း အာရုံ၌ တွေ့ထိသောအခြင်းအရာ အားဖြင့် ဖြစ်တတ်သောကြောင့် "ဖုသနလက္ခဏာရှိသည်" ဟု ဆိုရခြင်း ဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ "တွေ့ထိ" ဟူရာ၌ ရုပ်တရားချင်း (ဥပမာ- လက်နှစ်ဖက်ချင်း) ထိသကဲ့သို့ တကယ်ထိမိ စပ်မိ ကပ်မိသော အထိမျိုးမဟုတ်၊ စိတ်နှင့် အာရုံတို့ တွေ့ဆုံသောအခါ ကိုယ်ထိလက်ရောက် တွေ့ထိရသလို ဓာတ်သဘောအလိုက် ထိခိုက်ခြင်း (ဓာတ်ခိုက်ခြင်း)ကို ဆိုလိုပါသည်။

မေး။ ဖဿ၏ အာရုံ၌ တွေ့ထိသောအခြင်းအရာအားဖြင့် ဖြစ်ပုံ (ဖဿ၏ ဓာတ်ခိုက်ပုံ)ကို ဥပမာဆောင် ထင်ရှားအောင် ဖြေဆိုပါ။

ဖြေ။ ဖဿ၏ အာရုံ၌ တွေ့ထိသောအခြင်းအရာအားဖြင့် ဖြစ်ပုံမှာ ချဉ်သီးစားနေသူကို မြင်ရသော အခြားသူတစ်ယောက်၏ ခံတွင်းချဉ်၍ တံတွေးယိုသကဲ့သို့ ဖြစ်ပါသည်။

မှတ်သားဖွယ်ရာ အခြားဥပမာများ

အထောင်းအထုခံရသူ တစ်ယောက်လူကို မြင်ရသော ကြင်နာတတ်သူ အခြားလူတစ်ယောက်၏ ခန္ဓာကိုယ် တုန်လှုပ်ခြင်းကဲ့သို့လည်းကောင်း၊ သစ်ပင်ဖျား၌ မကောင်းသဖြင့် တည်နေသည့် ယောက်ျားကို မြင်ရသည်ဖြစ်၍ မြေပြင်၌ ရပ်တည်နေသော သူရဲဘောကြောင် သူ၏ ကြောက်ဒူးတုန်ခြင်းကဲ့သို့လည်း ကောင်း၊ တစ္ဆေသရဲစသော ကြောက်မက်ဖွယ်ကို တွေ့သောသူ၏ မပြေးနိုင်ဘဲ ကြက်သေသေနေခြင်းကဲ့သို့ လည်း ကောင်း ဖြစ်ပါသည်။ (ဂူ၊ ၁၊ ၃၁၃။)

မေး။ ဝေဒနာ-၏ အဓိပ္ပာယ်ရေး၍၊ လက္ခဏာကိုလည်း ဖော်ပြပါ။

ဖြေ။ အာရုံ၏ အရသာကို ခံစားတတ်သောကြောင့် "ဝေဒနာ" မည်ပါသည်။ ထိုဝေဒနာသည် "ဝေဒယိတ (=အာရုံ၏အရသာကို ခံစားခြင်း)လက္ခဏာရှိပါသည်။

ဝစနတ္ထ - ဝေဒယတိ အာရမ္မဏသံ အနုဘဝတီတိ ဝေဒနာ။

သိမှတ်ဖွယ်။ ။**"အာရမ္မဏရသံ၊ အာရုံ၏အရသာကို"** ဟု အနက်ပေးရိုးပြုကြသည်။ မဏိမဉ္စူ အလိုကား "အာရုံဟူသော အရသာကို"ဟု ပေးရပါ မည်။ ရသီယတိ. ရသန္တိ ဝါ တန္တိ ရသော၊ ဇိဂ္ဂါဝိညာဉ်ဖြင့် သိအပ်သော ရသာရုံကို၏။ ရသော ဝိယာတိ ရသော၊ ထိုအာရုံမှတစ်ပါး စက္ခုဝိညာဉ်ဖြင့် သိအပ်သော ရူပါရုံစသော အာရုံကိုရ၏။ ရသော စ ရသော စ ရသာ၊ အာရုံအားလုံး ကို ရ၏။ အာရမ္မဏဘူ တံ ရသော စာတိ အာရမ္မဏရသော၊ တံ။ (၄င်း၊ ၁။ ၃၁၄။)

အနုဘဝတိ-ပါဠိဖြင့် ဝိဒဓာတ်၏ ဉာဏ, ပဋိလာဘအနက်တို့ကို နှစ်စေပါသည်

http://www.dhammadownload.com

ဝေဒယိတလက္ခဏာ - ဝေဒေန အနုဘဝနာကာရေန အယိတံ ပစ္စက္ခံ ဝေဒယိတံ။ (ဝေဒေန အယိတံ ဝေဒယိတံ-ဟု ပြုစေလိုရင်းဖြစ်၏။) ဝေဒယိတ လက္ခဏံ တေသာတိ ဝေဒယိတလက္ခဏာ။ (ဌင်း)

မေး။ ဝေဒနာမှ တစ်ပါးသော သမ္မယုတ်တရားများလည်း သာရမ္မဏတရားများ ဖြစ်၍ အာရုံ၏အရသာကို ခံစားကြပါလျက် ဝေဒနာကိုသာ အဘယ့်ကြောင့် "ဝေဒယိတလက္ခဏာရှိသည်" ဟု ဆိုရပါသနည်း။

ဖြေ။ အာရုံ၏အရသာကို ခံစားရာ၌ ဝေဒနာမှ ကြွင်းသော သမ္မယုတ်တရားတို့သည် စားဖိုသည် ဟင်းလျာမြည်းသကဲ့သို့ တစ်စိတ်တစ်ဒေသမျှဖြင့်သာ အရသာကို ခံစားကြပါသည်။ ဝေဒနာသည်သာလျှင် ပြည့်ရှင်မင်းကဲ့သို့ စင်စစ် ပိုင်စိုးပိုင်နင်း အာရုံ၏အရသာကို ခံစားနိုင်ပါသည်။ ထို့ကြောင့် ဝေဒနာကိုသာ "ဝေဒယိတလက္ခဏာရှိသည်" ဟု ဆိုရခြင်း ဖြစ်ပါသည်။

ဣဿရဝတာယ - ဣဿရော (ဣဿရဘာဝေါ) ဧတိသာ အတ္ထီတိ ဣဿရဝါ၊ ဣဿရ-အရ ဘာဝပွဓာန, ဘာဝလောပကြံ၍ အစိုးရသူ၏အဖြစ်ဟူသော အစိုးရခြင်း ဂုဏ်ကို ယူပါ။ ကေသဝေါ-ပုဒ်ကဲ့သို့ အဿတ္ထိအနက်၌ ဇ-ပစ္စည်းသက်၍ "ဣဿရဝါ" ဟု ဖြစ်သည်။ ဣဿရဝါယ ဘာဝေါ ဣဿရဝတာ၊ တာယ ဣဿရဝတာယ။ "အစိုးရခြင်း ရှိသော ဝေဒနာ၏ အဖြစ်ဖြင့်၊ ဝါ-ပိုင်စိုးပိုင်နင်းခံစားဖြင့်" ဟု အနက်ပေး။ (ဌင်း) "မဟန္တသ ဘာဝေါ မဟတ္တံ" ၌ နှ-ကို ချေ၍ ရုပ်ပြီးသကဲ့သို့ "ဣဿရဝန္တတာ" မှ နှ-ကို ချေလျှင်လည်း "ဣဿရဝတာ" ဟု ရုပ်ပြီးနိုင်ပါသည်။ "ဣဿရဝန္တာယ ဘာဝေါ ဣဿရဝတာ" ဟု ဝစနတ္ထပြု။

မေး။ ဝေဒနာသည် မည်သည့်အရာနှင့် တူပါသနည်း။

ဖြေ။ ဝေဒနာသည် ကောင်းသောဘောဇဉ်၏ အရသာကို ခံစားတတ်သော မျှော်ဘီရင်နှင့် တူပါသည်။

မေး။ အဘယ့်ကြောင့် သညာဟု ခေါ်ဆိုရပါသနည်း ဖြေဆို၍ ဌင်း၏ လက္ခဏာကိုလည်း ဖော်ပြပါ။

ဖြေ။ အညို, အရွေ့စသော အမျိုးမျိုးသောအာရုံကို အမှတ်အသားပြု၍ သိတတ်သောကြောင့် "သညာ" မည်ပါသည်။

ထိုသညာသည် "သဉ္ဇာနန (အမှတ်အသားပြု၍ သိခြင်း-မှတ်သိသိခြင်း)" လက္ခဏာရှိပါသည်။

http://www.dhammadownload.com

ဝစနတ္ထ - နိလာဒိဘေဒံ အာရမ္မဏံ သဠာနာတိ သည် ကတ္တာ ဇာနာတိကိ သညာ။ 'သဠာနာတိတိ သညာ'သာ လိုရင်းဖြစ်၏။

သံ-ဥပသာရပုဒ်သည် သညာကရဏအနက်ကို ဟော၏။ ဥပသာရပုဒ် ၃-မျိုး တို့တွင် **ဓာတွတ္ထဝိသေသက ဥပသာရပုဒ်တည်း**။ (လူ၊ ၁။ ၃၁၅။)

မေး။ သညာ-သဒ္ဒါ၏ 'သိခြင်း'ဟူသော အနက်သာမန်ကို မဆိုဘဲ အဘယ့်ကြောင့် 'အမှတ်ပြု၍ သိခြင်း' ဟူသောအနက်ကို ဆိုရပါသနည်း။

ဖြေ။ ထိုသညာသည် သစ်သားစသည်တို့၌ လက်သမားစသည်တို့၏ "ဤကဲ့သား အထက်, ဤကား အောက်" ဟု နောင်အခါ သိခြင်း၏အကြောင်းဖြစ်သော တမျှဉ်းကြိုး ဆွဲခြင်း, ခဲမှတ်ခြင်းစသော အမှတ်အသားကို ပြုခြင်းကဲ့သို့ နောင်အခါ သိခြင်း၏ အကြောင်းဖြစ်သော အညို-အရွှေ, အမြင့်-အနိမ့်စသော အခြင်းအရာကို ယူ၍ဖြစ်သောကြောင့် သညာ-သဒ္ဒါ၏ 'သိခြင်း'ဟူသော အနက်သာမန်ကို မဆိုဘဲ 'အမှတ်ပြု၍ သိခြင်း'ဟူသော အနက်ကို ဆိုရခြင်းဖြစ်ပါသည်။

မေး။ နောင်အခါ သိခြင်း၏ အကြောင်းဖြစ်သော အမှတ်အသားကို ပြုတတ်သော ပထမသညာ၏ နောင်တစ်ဖန်သိခြင်း၏ အကြောင်းဖြစ်သော အမှတ်အသားကို ပြုခြင်းသည် သင့်တန်စေ၊ ထိုရှေ့အမှတ်အသားဖြင့် သိသော ဒုတိယသညာ၏ နောင် တစ်ဖန်သိခြင်း၏ အကြောင်းဖြစ်သော အမှတ်အသားကို ပြုခြင်းကား အဘယ်သို့လျှင် သင့်နိုင်ပါအံ့နည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ရှေ့အမှတ်အသားဖြင့်သိသော ဒုတိယသညာသည်လည်း တစ်ပါးသော တတိယသညာ၏ အမှတ်အသားကို ပြု၍ သိခြင်း၏ အကြောင်းဖြစ်သော အညို-အရွှေ, အမြင့်-အနိမ့်စသော အခြင်းအရာကိုပင် ယူ၍ဖြစ်ပါသည်။ ထို့ကြောင့် ရှေ့အမှတ်အသားဖြင့်သိသော ဒုတိယသညာ၏ နောင်တစ်ဖန်သိခြင်း၏ အကြောင်းဖြစ်သော အမှတ်အသားကို ပြုခြင်းသည် သင့်နိုင်သည်သာ ဖြစ်ပါသည်။

အမှာ။ ။ နောင်အခါ သိဖို့ရာ အမှတ်အသားကို ပြုတတ်သော ပထမသညာ အတွက် သညာ-ဟူသောအမည်သည် ဖြစ်တန်စေ၊ ရှေ့အမှတ်အသားဖြင့် သိသော ဒုတိယသညာ အတွက် သညာ-ဟူသောအမည်သည် အဘယ်သို့လျှင် ဖြစ်နိုင်ပါအံ့နည်း၊ ရှင်းလင်း ဖြေဆိုပါ" ဟုမေးလျှင် "ရှေ့အမှတ်အသားဖြင့် သိသော ဒုတိယသညာသည်လည်း တစ်ပါးသော တတိယသညာ၏ အမှတ်အသားကိုပြု၍ သိခြင်း၏ အကြောင်းဖြစ်သော အခြင်းအရာကိုပင် ယူ၍ ဖြစ်သောကြောင့် ရှေ့အမှတ်အသားဖြင့် သိသော ဒုတိယသညာအတွက်လည်း သညာ-ဟူသောအမည် ဖြစ်နိုင်ပါသည်" ဟု ဖြေပါ။

http://www.dhammadownload.com

မေး။ **"အမှားကြော အမှန်ဖြစ်၊ အမှန်စင်စစ် အမှားကင်, ဘုရားရှင်ပင် ပြင်လို့ မရ"** ဟူ၍ ဆိုရိုးရှိရာ ထိုဆိုရိုးစကား ဟုတ်/မဟုတ်ကို သညာ၏သဘောသွားဖြင့် ပိုင်းခြား ဝေဖန်ပြပါ။

ဖြေ။ သညာသည် နောင်အခါ သိဖို့ရန် မှတ်သားတတ်၏။ ထိုအမှတ်အသား အတိုင်းလည်း သိတတ်၏။ ထိုသို့ သိရာ၌ နောက်ထပ်ဘစ်ဖန်သိဖို့ရန် မှတ်သားလိုက်ပြန်၏။ ဤသို့ အဆက်ဆက် ထပ်ကာထပ်ကာ မှတ်သားမှု သိမှုကြောင့် အလွဲအမှားကို စွဲမြဲစွာ မှတ်သားမိလျှင် ထိုအမှတ်အသားပျောက်ပျက်အောင် ဘုရားရှင်ပင် မဖျောက်ဖျက်သာ မပြင်သာဘဲ ရှိရပါသည်။ ထို့ကြောင့် မေးခွန်းပါ ဆိုရိုးစကား ဟုတ်ပါသည်။

မေး။ စေတနာ-အဓိပ္ပာယ်ကို ရေး၍၊ ၄င်း၏ လက္ခဏာကိုလည်း ဖော်ပြပါ။

ဖြေ။ မိမိနှင့် အတူတကွ ယှဉ်ဘက်ဖြစ်သောတရားတို့ကို အာရုံ၌ စေ့ဆော်တတ်သောကြောင့်၊ **တစ်နည်း**- သခ်ၤတတရားတို့ကို ပြုစီမံခြင်း၌ လုံ့လဗျာပါရသို့ ရောက်တတ်သောကြောင့် "စေတနာ" မည်ပါသည်။

ထိုစေတနာသည် "စေတယိတ (=စေ့ဆော်ခြင်း, တိုက်တွန်းနှိုးဆော်ခြင်း)" လက္ခဏာရှိပါသည်။

ဝစနတ္ထ - စေတေတိ အတ္တနာ သမ္မယုတ္တမေ့ အာရမ္မဏေ အဘိသန္ဒဟတိ သခ်ၤတာဘိသခ်ၤရဏေ ဝါ ဗျာပါရမာပဇ္ဇတီတိ စေတနာ။ "စေတေတီတိ စေတနာ"သာ လိုရင်းဖြစ် ၏။

သိမှတ်ဖွယ်။ ။**"စေ့ဆော်"** ဟူသည် အာရုံနှင့် စိတ်, စေတသိက်ဟူသော သမ္မယုတ်တရားများ စေ့စေ့စပ်စပ် ကပ်နေသလိုဖြစ်အောင် တိုက်တွန်းနှိုးဆော်ခြင်းတည်း။ "ယူကြ ကုန်လော, ယူကြကုန်လော"ဟု ဆိုသကဲ့သို့ သမ္မယုတ်တရားတို့ကို အာရုံ၌ ယှဉ်စေခြင်း၊ မိမိ မိမိကိစ္စ၌ တည်စေခြင်း-ဟု မဏိမဉ္ဇူ၌ ဖွင့်ပါသည်။

မေး။ သခ်ၤတဖြစ်သော ရုပ်နာမ်တရားတို့ကို ပြုစီမံရာ၌ မည်သည့်တရားသည် ပမာနဖြစ်ပါသနည်း ဖြေဆို၍၊ ယင်းတရား၏ ပမာနဖြစ်ကြောင်း သိနိုင်သော အထောက်အထားကိုလည်း ဖော်ပြပါ။

ဖြေ။ သခ်ၤတတရားတို့ကို ပြုစီမံရာ၌ ပမာနဖြစ်သောတရားမှာ- စေတနာ ဖြစ်ပါသည်။ ယင်းစေတနာ၏ ပမာနဖြစ်ကြောင်း သိနိုင်သော အထောက်အထားမှာ- ခန္ဓဝိဘင်းပါဠိတော် သုတ္တန္တဘာဇနီယနည်းလာ "သခ်ၤတမဘိသခ်ၤရောန္တိ သခ်ၤိရာ၊ စက္ခုသမ္ဖဿဇာ ဝေဒနာ" စသော ပါဠိဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ စေတနာစေတသိက်ကို အဘယ့်ကြောင့် စေတယိတ (= စေ့ဆော်ခြင်း, တိုက်တွန်းနှိုးဆော်ခြင်း) လက္ခဏာရှိသည်-ဟု မိန့်ဆိုရပါသနည်း။

ဖြေ။ စေတနာသည် တပည့်ကြီး, လက်သမားကြီး, စစ်ဗိုလ်ချုပ်ကြီး စသည်တို့ကဲ့သို့ မိမိကိစ္စ, သူတစ်ပါးကိစ္စ နှစ်ဝတို့ကို ပြီးစေတတ်သောကြောင့် ၎င်းကို စေတယိတ (= စေ့ဆော်ခြင်း, တိုက်တွန်းနှိုးဆော်ခြင်း) လက္ခဏာရှိသည်-ဟု မိန့်ဆိုရခြင်း ဖြစ်ပါသည်။

အမှာ။ ။ **"စေတနာစေတသိက်၏ ဥပမာများကို ရေးသားဖော်ပြပါ"** ဟူသော အမေးကို ဖြေဆိုတတ်ပါမေ။ (ဇူ၊ ၁။ ဥ၁စ။ ဦကာစာကိုယ်၊ ၁၀၆။)

(ဆောင်) **တပည့်အကြီး၊ လက်သမားကြီးနှင့်၊ ဗိုလ်ချုပ်ကြီးပါ၊**
ဥပမာ၊ စေတနာစေတသိက်။

မေး။ စေတနာ စေတသိက်၏ တပည့်ကြီး, လက်သမားကြီး, စစ်ဗိုလ်ချုပ်ကြီးတို့နှင့် တူပုံကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ တပည့်ကြီး, လက်သမားကြီး, စစ်ဗိုလ်ချုပ်ကြီးတို့သည် မိမိကိစ္စ, သူတစ်ပါးကိစ္စ နှစ်ဝတို့ကို ပြီးစေတတ်သကဲ့သို့၊ ထို့အတူ စေတနာစေတသိက်သည်လည်း မိမိကိစ္စ, သူတစ်ပါးကိစ္စ နှစ်ဝတို့ကို ပြီးစေတတ်ပါသည်။

အမှာ။ ။ ဧကဂ္ဂတာ, ဝိတက်, ဝိစာရ, ပီတိတို့၏ အဓိပ္ပာယ်များကို စိတ်ပိုင်း ရှုပါဝစရစိတ် အဖွင့်၌ ရေးပြခဲ့ပြီ။ ပြန်ကြည့်ကြပါလေ။

မေး။ တစ်ဦးတစ်ယောက်က အခြားတစ်ဦးတစ်ယောက်အား ကြိုပွားစေလို, ချမ်းသာစေလိုခြင်းသည် စေတနာ ဟုတ်/မဟုတ် စစ်တမ်းထုတ်ခဲ့ပါ။

ဖြေ။ စေတနာ မဟုတ်ပါ။ ကုသလစ္ဆန္ဒ-ခေါ် သမ္မာဆန္ဒသာ ဖြစ်ပါသည်။ ထို သမ္မာဆန္ဒကို အရင်းခံကာ ကြိုပွားရာ ကြိုပွားကြောင်း, ချမ်းသာရာ ချမ်းသာကြောင်း နည်းလမ်းကောင်းများကို ပြောဆိုညွှန်ကြားလျက် တိုက်တွန်းသောအခါမှသာ စေတနာ ဖြစ်ပါသည်။ (မုချတိုက်ရိုက်အားဖြင့် စေတနာဟု မဆိုနိုင်၊ ဖလူပစာအားဖြင့်ကား စေတနာ ဆိုနိုင်သည်-ဟူလို။)

မေး။ ဇီဝိတိန္ဒြိယ-ပုဒ်ကို ဝစနတ္ထပြု၍၊ အဓိပ္ပာယ် ရေးပြီးလျှင်၊ ၎င်း၏ လက္ခဏာနှင့် ဥပမာတို့ကိုလည်း ဖော်ပြပါ။

ဖြေ။ ဇီဝန္တိ သမ္မယုတ္တဓမ္မာ တေနာတိ ဇီဝိတံ၊ ဇီဝိတမေဝ ဣန္ဒြိယံ ဇီဝိတိန္ဒြိယံ။
သမ္မယုတ်တရားတို့၏ အသက်ရှင်ကြောင်း တည်တံ့ကြောင်းဖြစ်၏

http://www.dhammadownload.com

သဘောတရား (အသက် = ဇီဝိတ)သည်ပင် သဟဇာတ်ဖြစ်သော နာမ်, ရုပ် တရားတို့ကို စောင့်ရှောက်ခြင်း၌ အကြီးအကဲ၏အဖြစ် (အစိုးရခြင်း)နှင့် ယှဉ်ရကား "ဣန္ဒြေ"လည်း မည်သောကြောင့် "ဇီဝိတိန္ဒြေ" မည်ပါသည်။

ထိုဇီဝိတိန္ဒြေသည် "အနုပါလန (= သဟဇာတ်တရားတို့ကို စောင့်ရှောက် ခြင်း)" လက္ခဏာရှိပါသည်။ ဥပမာ- ကြာစသည်တို့ကို စောင့်ရှောက်တတ်သော ရေနှင့်တူပါသည်။

သိမှတ်ဖွယ်။ ။"**စောင့်ရှောက်**"ဟူရာ၌ စောင့်ရှောက်ရမည့်တရားများ ထင်ရှား ရှိရာဓာတ် ၌သာလျှင် စောင့်ရှောက်သည်-ဟု မှတ်ပါ။ **ရေ**-ဟူရာ၌ ကန်အတွင်း၌ တည်သော ရေ, ကြာရိုးအတွင်း၌ တည်သောရေ ၂-မျိုးလုံးကို ယူရပါသည်။ ကန် အတွင်း၌တည်သော ရေသည် မိမိစောင့်ရှောက်အပ်သော ကြာစသည်တို့.ရှိမှ စောင့် ရှောက်ခြင်းကိစ္စကို ပြီးစေနိုင်ပါသည်။ ကြာရိုး၌တည်သောရေသည် မိမိထင်ရှားရှိဆဲ ဓာတ်၌သာလျှင် စောင့်ရှောက်ခြင်း.ကိစ္စကို ပြီးစေနိုင်ပါသည်။

ဇီဝိတိန္ဒြေကိုကား ဇီဝိတိန္ဒြေကပင် စောင့်ရှောက်သည်ဟု မှတ်ပါ။ ဥပမာ- လှေကို တစ်ဖက် ကမ်းသို့ရောက်အောင် ပို့ဆောင်သော လှေသမားကဲ့သို့တည်း။

ရုပ်နာမ်ခန္ဓာအစဉ်၌ အကြီးအချုပ်ဖြစ်သော တရား - ဇီဝိတိန္ဒြေ ဖြစ်ပါသည်။
(ဆောင်) **ကြာစောင့်ရေအလား၊ လှေသမား၊ မခြားတူပေ ဇီဝိတိန္ဒြေ။**

မေး။ မနသိကာရ-၏အဓိပ္ပာယ် ရေးပြီးလျှင်၊ ၎င်း၏ လက္ခဏာကိုလည်း ဖော်ပြပါ။
ဖြေ။ စိတ်၌ အာရုံကို ပြုပေးခြင်း ထားခြင်းသဘောသည် "မနသိကာရ" မည်ပါသည်။ ထိုမနသိကာရ သည် "**သမန္နာဟာရ** (= စိတ်ကို ဒွါရခြောက်ပါးတွင် ထင်လာ သော အာရုံ၌, ဝါ-**အာရုံသို့ အညီအညွတ်**, ကောင်းစွာဆောင်ခြင်း) လက္ခဏာ ရှိပါသည်။

ဝစနတ္ထ - ကရဏ် ကာရော၊ **မနသိ်** ကာရော မနသိကာရော။ (ပုဗ္ဗေနိဝါသော-ပုဒ်ကဲ့သို့ သတ္တမီဝိဘတ်မကျသော **အလုတ္တသတ္တမီ**တပ္ပုရိသ်သမာသ်-ဟု သိပါ။)

အမှာ။ ။ ဥပမာကို ဝိတက်, **စေတနာ**, မနသိကာရ ၃-ခုအထူး၌ ကြည့်ပါ။

မနသိ်ကာရော-ဟု ဆိုရပုံ။ ။ စိတ်ကို အာရုံသို့ရောက်အောင် ပြုပေးလျှင် အာရုံကိုလည်း စိတ်သို့ ရောက်အောင် ပြုပေးသည် မည်သောကြောင့် "မနသိ်၊ စိတ်၌ +ကာရော၊ **အာရုံ**ကို ပြုခြင်း။ **မနသိကာရော၊ ခြင်း**"ဟု ဆိုပါသည်။

ခမး။ မနသိကာရ ၃-မျိုးကို သက်ဆိုင်ရာတရားကိုယ်များနှင့် ယှဉ်တွဲဖော်ပြပြီးလျှင်၊ အဓိပ္ပာယ်အကျယ်ကိုလည်း ရေးပြခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ (၁) အာရမ္မဏပဋိပါဒက မနသိကာရ = မနသိကာရစေတသိက်။
(၂) ဝိထိပဋိပါဒက် မနသိကာရ = ပဉ္စဒ္ဒါရာဝဇ္ဇန်း။
(၃) ဇဝနပဋိပါဒက မနသိကာရ = မနောဒ္ဒါရာဝဇ္ဇန်း။
(၁) မနသိကာရစေတသိက်သည် စိတ်၌ အာရုံကို ပြုပေးတတ် ထားတတ် သောကြောင့် "အာရမ္မဏပဋိပါဒက မနသိကာရ"မည်၏။

(၂) ပဉ္စဒ္ဒါရာဝဇ္ဇန်းသည် ရှေ့စိတ်နှင့် မတူသော စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း စသော ဝိထိစိတ်တို့ကို ဖြစ်စေတတ်သောကြောင့် "ဝိထိပဋိပါဒက မနသိကာရ" မည်၏။

(၃) မနောဒ္ဒါရာဝဇ္ဇန်းသည် ရှေ့စိတ်နှင့် မတူသော ဇောစိတ်အစဉ်ကို ဖြစ်စေ တတ်သောကြောင့် "ဇဝနပဋိပါဒက မနသိကာရ" မည်၏။

မှတ်ချက်။ ။ နောက် မနသိကာရ ၂-မျိုးရအောင် "ပုဂ္ဂိမမနတော ဝိသဒိသံ မနံ ကရောတိတိ မနသိကာရော" ဟု ဝစနတ္ထပြုပါ။

ယောနိသောမနသိကာရ, အယောနိသောမနသိကာရ - ဝိထိပဋိပါဒက မနသိ ကာရ, ဇဝနပဋိပါဒက မနသိကာရ-ဟူသော မနသိကာရ ၂-မျိုး (အာဝဇ္ဇန်းဒွေး)ကိုပင် ယောနိသောမနသိကာရ, အယောနိသောမနသိကာရ-ဟု ဆိုခြင်းဖြစ်သည်။

မေး။ သဘောသွားအားဖြင့် တစ်ပါးနှင့်တစ်ပါး ခြားနားမှုသိပ်မရှိလှသော **ဝိတက်, စေတနာ, မနသိကာရ ၃-ခုတို့၏ အထူး**ကို ရေးပြပါ။

ဖြေ။ **ဝိတက်**သည် တကွဖြစ်ဘက်တရားတို့ကို အာရုံ၌ ရှေးရှုတင်ပေးခြင်း သဘောရှိသောကြောင့် ထိုတကွဖြစ်ဘက်တရားတို့ကို အာရုံ၌ ထည့်သွင်းသကဲ့ သို့ ဖြစ်၏။

စေတနာသည် မိမိကိုယ်တိုင် အာရုံကိုယူခြင်းဖြင့် ဝိတက်သည် တင်ပေး အပ်ပြီးဖြစ်သော တကွဖြစ်ဘက်တရားတို့ကို ထိုထိုအာရုံ၌ တိုက်တွန်းနှိုးဆော် တတ်သောကြောင့် ဗိုလ်ပါရဲမက်တို့ကို ထိုထိုအမှု၌ တိုက်တွန်းနှိုးဆော်တတ် သော စစ်ဗိုလ်ချုပ်ကြီးနှင့် တူ၏။

မနသိကာရသည် ထိုတကွဖြစ်ဘက်တရားတို့ကို အာရုံ၌ ရှေးရှုယှဉ်စေတတ် သောကြောင့် အာဇာနည်သိန္နောမြင်းတို့ကို ဖြောင့်ဖြောင့်သွားအောင် ယှဉ်စေ တတ် မောင်းနှင်တတ်သော ရထားထိန်းနှင့် တူ၏။ ဤသို့ ထူးပါသည်။

(ဆောင်) **ထည့်သွင်း, တိုက်တွန်း, ယှဉ်စေ၊**
ဝိတက်, စေတနာ, မနသိကာရ အထူးပေ။

http://www.dhammadownload.com

အမှာ။ ။ ဤ ၃-မျိုးတို့၏အထူးကို အမျိုးမျိုး ရေးကြသည်။ ဤကျမ်းဌ အောက်ဖော်ပြပါ မဏိမဉ္စူ (၁၊ ၃၂၀။)အတိုင်း ရေးပါသည်။

"ကွတိ အယန္တိ ယထာဝုတ္တသဟဇာတဓမ္မာနံ အာရမ္မဏေ ပကိဏ္ဏန နိယောဇန ပယောဇနသခီတော အတ္ထော **စေတေသံ တိဏ္ဏံ ဓမ္မာနံ ဝိသေသော ဘေဒေါ နာနတ္တံ"**။

မေး။ အောက်ပါ စေတသိက်တို့ကို ဖော်ပြပါ။
(က) စစ်ဗိုလ်ချုပ်ကြီးနှင့် တူသော စေတသိက်
(ခ) ရထားထိန်းနှင့် တူသော စေတသိက်။

ဖြေ။ (က) စေတနာစေတသိက် (ခ) မနသိကာရစေတသိက်တို့ ဖြစ်ပါသည်။

(ဆောင်) ရထားထိန်းသွင်၊ ပမာတင်၊ နှိုင်းယှဉ်ကာပြ မနသိကာရ။

အဋ္ဌကထာဆရာတို့၏ အနုသာသနီ

ပရမတ္ထတရားတို့၏ ထိုထိုဟုတ်မှန်တိုင်းသော မိမိတို့၏ကိစ္စလက္ခဏာကို ကက္ခဋ္ဌ တွာ, ဖုသနစသော သဘောအားဖြင့် သယမ္ဘူဉာဏ်, သတ္တညုတဉာဏ်ဖြင့် ထိုးထွင်းကာ သိတော်မူပြီး၍ ဘုရားရှင်သည် ထိုထိုပရမတ္ထတရားတို့ကို အကျယ်ဝေဖန်တော်မူအပ်ပါပြီ။ ဤသို့ မြတ်စွာဘုရား၌ ယုံကြည်ခြင်းအားဖြင့် 'ဤဖဿစသော တရားတို့သည် ဤသို့ထူးကုန်၏' ဟု သြကပ္ပနသဒ္ဓါဖြင့် သက်ဝင်၍ သင်ယူခြင်း, အဖန်ဖန်မေးမြန်းခြင်းစသည်တို့၏ အစွမ်းဖြင့် ထိုပရမတ္ထတရားတို့၏ သဘောကို ကောင်းစွာသိခြင်းအကျိုးငှါ အားထုတ်မှု ပြုထိုက်သည်။ ထိုထိုပရမတ္ထတရားတို့၌ ဖောက်ဖောက်ပြန်ပြန် ယူတတ်သော မိစ္ဆာဉာဏ်ဖြင့် သိကုန်သည် ဖြစ်၍ လွန်စွာတွေဝေခြင်းသို့ မရောက်ထိုက်ပါ။ ဤကား ဤပရမတ္ထတရားတို့၏သဘောကို ကောင်းစွာသိခြင်းငှါ အားထုတ်ခြင်း၌ အဋ္ဌကထာဆရာတို့၏ အဆုံးအမဖြစ်ပါသည်။

မေး။ ဖဿ, ဝေဒနာ-စသော စေတသိက် ၇-ပါးတို့ကို အဘယ့်ကြောင့် "သဗ္ဗစိတ္တ သာဓာရဏာ" ဟု ခေါ်ဆိုရပါသနည်း။

ဖြေ။ အလုံးစုံသောစိတ်တစ်ခုယုတ် ကိုးဆယိတို့နှင့် ဆက်ဆံသောကြောင့် ဖဿ, ဝေဒနာ-စသော စေတသိက် ၇-ပါးတို့ကို "သဗ္ဗစိတ္တသာဓာရဏာ" ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ သမာနံ ဓာရဏံ ဧတေသန္တိ သာဓာရဏာ၊ သဗ္ဗစိတ္တာနံ သာဓာရဏာ သဗ္ဗစိတ္တသာဓာရဏာ။ သာဓာရဏာ-၌ သံ-ပုဒ်+ဓာရဏ-ပုဒ်၊ သ-ထက်၌ရှိသော နိဂ္ဂဟိတ်ကို ဧ၊ သ-၌ အ-ကို အာဒိဃပြု၍ "သာဓာရဏ" ဟု ရုပ်ပြီးသည်၊ သာရတ္တော, သာရာဂေါ-စသော ပုဒ်တို့၌ကဲ့သို့တည်း။ သံ-သဒ္ဒါ သမာန

http://www.dhammadownload.com

အနက်ဟောဟု မှတ်ပါ။

"တူသောဆောင်ခြင်းရှိသော စေတသိက်တို့"ဟု သဒ္ဒါနက်ဖြစ်သည်။ ထိုသို့ တူသော ဆောင်ခြင်းရှိသည်ကိုပင် (တန်းတူညီမျှ ဆောင်နိုင်သည်ကိုပင်) "ဆက်ဆံသည်" ဟု သုံးနှုန်းကြခြင်း ဖြစ်ပါသည်။

မေး။ ဖဿ, ဝေဒနာ-စသော စေတသိက် ၇-ပါးတို့သည် အဘယ့်ကြောင့် အလုံးစုံသော စိတ်တစ်ခုယုတ်ကိုးဆယ်တို့နှင့် ဆက်ဆံကြပါသနည်း။

ဖြေ။ ထိုစေတသိက် ၇-ပါးတို့သည် အလုံးစုံသော စိတ်တစ်ခုယုတ်ကိုးဆယ် တို့၌ အမြဲတမ်း ဖြစ်သောကြောင့် (ယှဉ်သောကြောင့်) အလုံးစုံသော စိတ်တစ်ခုယုတ်ကိုးဆယ်တို့နှင့် ဆက်ဆံကြပါသည်။

မေး။ သဗ္ဗစိတ္တသာဓာရဏ-ပုဒ်၌ သဗ္ဗ-သဒ္ဒါသည် သပ္ပဒေသသဗ္ဗ, နိပ္ပဒေသ သဗ္ဗ ၂-မျိုးတို့တွင် အဘယ်သဗ္ဗ ဖြစ်ပါသနည်း။

ဖြေ။ နိပ္ပဒေသသဗ္ဗ ဖြစ်ပါသည်။ (ဋီ။ ၁။ ၃၂၁။)

မေး။ အဓိမောက္ခ-အဓိပ္ပာယ် ရေး၍၊ ၎င်း၏ လက္ခဏာနှင့် ဥပမာတို့ကိုလည်း ဖော်ပြပါ။

ဖြေ။ အဓိမုစ္စနံ အဓိမောက္ခော။

အာရုံ၌ စွဲစွဲမြဲမြဲ သက်ဝင်ခြင်း - အာရုံကို ဆုံးဖြတ်ခြင်းသည် "အဓိမောက္ခ" မည်ပါသည်။

ထိုအဓိမောက္ခသည် "သန္နိဋ္ဌာန (= အာရုံကို ဆုံးဖြတ်ခြင်း)" လက္ခဏာရှိပါသည်။

အာရုံ၌ တုန်လှုပ်ခြင်းမရှိသောကြောင့် ခိုင်ခိုင်စိုက်ထားအပ်သော တံခါးတိုင်နှင့် တူပါသည်။

(ဆောင်) **တံခါးတိုင်အလား၊ ပမာထား၊ မှတ်သား ဓိမောက္ခ၊**

အဓိမောက္ခကို "အာရုံကို ဆုံးဖြတ်ခြင်းလက္ခဏာရှိ၏"ဟု ဆိုရခြင်း အကြောင်း-

'လုပ်ရမလား? မလုပ်ရဘူးလား?' 'ဒီဟာလား? ဟိုဟာလား?'ဟု မဆုံးဖြတ်နိုင်ခြင်း ၏အစွမ်းဖြင့် မဖြစ်ဘဲ 'လုပ်ကို လုပ်မယ်' 'လုပ်ကို မလုပ်ဘူး' 'ဒီဟာသာ ဖြစ်တယ်' "ဟိုဟာသာ ဖြစ်တယ်"ဟု ဆုံးဖြတ်ချက်ချခြင်း၏ အစွမ်းဖြင့်ဖြစ်သောကြောင့် အဓိမောက္ခကို "အာရုံကို ဆုံးဖြတ်ခြင်းလက္ခဏာရှိ၏"ဟု ဆိုရခြင်း ဖြစ်ပါသည်။ (ဋီ။ ၁။ ၃၂၁။)

http://www.dhammadownload.com

ဒေး။ အဓိမောက္ခသည် အဘယ့်ကြောင့် အာရုံ၌ တုန်လှုပ်မှု မရှိပါသနည်း။

ဖြေ။ သန္ဓိဌာန်ကျ ဆုံးဖြတ်ချက်ချခြင်း လက္ခဏာရှိသောကြောင့် အာရုံ၌ တုန်လှုပ်မှု မရှိခြင်း ဖြစ်ပါသည်။ (ဋ)

သိမှတ်ဖွယ်များ

အဓိမောက္ခနှင့် သဒ္ဓါ အထူး - အဓိမောက္ခသည် ပါဏာတိပါတစသည်, ဒါနစသည်တို့၌ မဆုံးဖြတ်နိုင်သောသူ၏ သန္တာန်မှာ မဖြစ်သော်ကြောင့် ကောင်း,ဆိုး အာရုံ အလုံးစုံကို ပိုင်နိုင်စွာ ဆုံးဖြတ်ခြင်းလက္ခဏာရှိ၏။ သဒ္ဓါကား ကြည်ညိုဖွယ်ကောင်းသည့် ဘုရားအစရှိသော အာရုံတို့၌ ကြည်လင်စွာ ဆုံးဖြတ်ခြင်း လက္ခဏာရှိ၏။ ဤသို့ ထူးပါသည်။

အဓိမောက္ခ ၂-မျိုး - (၁) သန္ဓိဌာနလက္ခဏာရှိသော အဓိမောက္ခ (၂) ပသာဒါဓိမောက္ခတို့ ဖြစ်ပါသည်။ ပသာဒါဓိမောက္ခ-ဟူသည် သဒ္ဓါစေတသိက်တည်း။

အဓိမောက္ခနှင့် ဝုဋ္ဌော အထူး - အဓိမောက္ခသည် အာရုံကို ပိုင်နိုင်စွာ ဆုံးဖြတ်ခြင်း လက္ခဏာရှိ၏။ ဝုဋ္ဌောကား သန္ဓိရဏသည် စုံစမ်းအပ်ပြီးသောအာရုံ၌ ဆုံးဖြတ်ခြင်းဟူသော အခြင်းအရာအားဖြင့် ဖြစ်၍ နောက်၌ဖြစ်သော ဇောစိတ်တို့အား မိမိဆုံးဖြတ်သည့်အတိုင်း ဖြစ်ဖို့ရာ ကျေးဇူးပြုတတ်၏။ ဤသို့ ထူးပါသည်။

အာရုံကို ဆုံးဖြတ်ခြင်းလက္ခဏာရှိသော ဝုဋ္ဌော၏ ဝိစိကိစ္ဆာသမ္မယုတ်တရားတို့၌ ဖြစ်နိုင်ခြင်း အကြောင်း။ ။ ထိုဝိစိကိစ္ဆာသမ္မယုတ်စိတ်တို့၏လည်း ဇကန်စင်စစ်အားဖြင့်ပင် မဆုံးဖြတ်နိုင်ခြင်းဟူသော အခြင်းအရာကို ကျေးဇူးပြုတတ်သောကြောင့် အာရုံကို ဆုံးဖြတ်ခြင်း လက္ခဏာရှိသော ဝုဋ္ဌောသည် ဝိစိကိစ္ဆာသမ္မယုတ်တရားတို့၌ ဖြစ်နိုင်ခြင်း ဖြစ်ပါသည်။ (ဋ၊ ၁။ ၃၂၁။)

မေး။ ပါဏာတိပါတစသော ဒုစရိုက်မှု, ဒါနစသော ကုသိုလ်ကောင်းမှုများ အထမြောက်ရာ၌ အဓိကကျသော တရားကို ဖော်ပြပါ။

ဖြေ။ သန္ဓိဌာန်ကျ ဆုံးဖြတ်ချက်ချခြင်း လက္ခဏာရှိသော အဓိမောက္ခ ဖြစ်ပါသည်၊ (ဋ၊ ၁။ ၃၂၁။)

မေး။ ဝိရိယ-ပုဒ်ကို ရနိုင်သမျှ ဝစနတ္ထပြု၍၊ အဓိပ္ပာယ် ရေးပြီးလျှင်၊ ၄င်း၏ လက္ခဏာကိုလည်း ဖော်ပြပါ။

ဖြေ။ (၁) ဝီရာနံ ဘာဝေါ ဝီရိယံ။
(၂) ဝီရာနံ ဝါ ကမ္မံ ဝီရိယံ။

http://www.dhammadownload.com

(၃) ဝိဓိနာ ဤရယိတဗ္ဗံ ပဝတ္တေတဗ္ဗန္တိ ဝါ ဝိရိယံ။ (ကိတန္တနတတိယာ တပ္ပုရိသ်သမာသ်)။

ဤရယိတဗ္ဗံ ပဝတ္တေတဗ္ဗန္တိ ဤရိယံ၊ ဝိဓိနာ ဤရိယံ ဝိရိယံ။ (တတိယာ တပ္ပုရိသ်သမာသ်)။

- လုံ့လရှိသူ = ရဲရင့်သောသူတို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့်၊
- လုံ့လရှိသူ = ရဲရင့်သောသူတို့၏ အမှုဖြစ်သောကြောင့်၊
- နည်းဥပါယ်(အစီအရင်)ဖြင့် ဖြစ်စေအပ်သောကြောင့် "ဝိရိယ" မည်ပါ သည်။ လုံ့လဥဿာဟ (အားထုတ်မှု) ကို ရပါသည်။

ထိုဝိရိယသည် "ဥပတ္ထမ္ဘန (= သဟဇာတ်တရားတို့ကို ထောက်ပံ့ခိုင်စေခြင်း)" လက္ခဏာရှိပါသည်။

သိမှတ်ဖွယ်များ

ပထမနည်းအလို - "ဝိရိယ"သည် ဝိရ ပုဒ်+ဏျ (ဏ္ဍယ)ပစ္စည်း၊ ရ-၏ အ-ကို ဏ္ဍ-ပြု၍ ရုပ်ပြီးသော ဘာဝတဒ္ဓိတ်ပုဒ်ဖြစ်၏။ **ဒုတိယနည်းအလို** - ယင်းနည်းအတိုင်း ရုပ်ပြီးသော ကမ္မတဒ္ဓိတ်ပုဒ် ဖြစ်သည်။ **တတိယနည်းအလိုကား** - ကိတန္တသမာသ်ပုဒ်၊ တစ်နည်း-သမာသ်ပုဒ်ဖြစ်၏။ ဝိ-ပုဒ္ဓ ဤရဓာတ်+ဏျပစ္စည်းဖြင့် ရုပ်ပြီးသည်၊ ကာရိုက် ဏောပစ္စည်း ကျေနေသည်ဟုလည်း သိပါ။ ဝိ-သဒ္ဒါ ဝိဓိအနက်ဟောဖြစ်၍ ဤရဓာတ် ကား ပဝတ္တနအနက်ဟောဖြစ်သည်။

ဒုတိယနည်း၌ အကျိုးဖြစ်သော အမှု(ကမ္မ)၏ ဝိရိယ-ဟူသောအမည်ကို အကြောင်း ဖြစ်သော လုံ့လဥဿာဟ၌ တင်စား၍ ဖလူပစာအားဖြင့် လုံ့လဥဿာဟကို ဝိရိယ-ဟု ဆိုထားခြင်း ဖြစ်ပါသည်။ **(တစ်နည်း)** ဓမ္မမှ လွတ်သော တစ်စုံတစ်ခုသော ကမ္မ=အမှုမည်သည် မရှိသောကြောင့် ဓမ္မဖြစ်သော ဝိရိယကိုပင် ကမ္မအဖြစ်ဖြင့် ဆိုထား ခြင်းဖြစ်ပါသည်။

မေး။ ဝိရာနံ ဘာဝေါ-၌ 'ဝိရာနံ" ပုဒ်ကိုအနက်ပေးရာ၌ နေရင်းနိဿယက "ဝိရာနံ၊ လုံ့လရှိကုန်သောသူတို့၏"ဟုပေး၍၊ တောင်မြို့နိဿယအပါအဝင် နိဿယ များစွာတို့၌ "ရဲရင့်သောသူတို့၏" ဟု အနက်ပေးကြရာ (အဓိပ္ပာယ်ရေး စာအုပ် တို့၌လည်း ထိုအတိုင်းပင် ရေးကြသည်) အဘယ်အနက်သာ အမှန်ဖြစ် သင့်သည်-ဟု စိစစ် ဖြေဆိုပါ။

ဖြေ။ "ဥဿာဟောတိ ဧတေန ဝီရိယသဒ္ဒဿ သူရဘာဝတ္ထံ နိဝတ္တေတိ= ဥဿာဟော-ဟူသော အဘိဓေယျတ္ထပုဒ်ဖြင့် ဝိရိယ-သဒ္ဒါ၏ ရဲရင့်သူ၏အဖြစ် (ရဲရင့်ခြင်းဂုဏ်)ဟူသောအနက်ကို နစ်စေ၏"ဟူသော မဏိမဉ္ဇူ(၁၊ ၃၂၂။)

http://www.dhammadownload.com

အဖွင့်ကို ထောက်ဆလျှင် "လုံ့လဒိုကုန်သောသူတို့၏" ဟုပေးသော နေရင်းနိသယ အနက်သာ အမှန်ဖြစ်ဖွယ်ရှိပါသည်။

ထို့ပြင် ဤနေရာမျိုးဌ အသုံးပြုရသည့် "**ဒြပ်ပေါ်မှာ၊ ဘောဆင့်လာ၊ ဝုဏ်သာထိုပုဒ်ရစမြဲ**" ဟူသော နိယံတစ်ခုရှိ၏။ ထိုနိယံနှင့်အညီ စိစစ်ကြည့်လျှင် - 'ဝိရ'အရ လုံ့လရှိသောပုဂ္ဂိုလ်တို့ဒြပ်ကို ရ၍ 'ဝိရာနံ ဘာဝေါ = လုံ့လရှိသော ပုဂ္ဂိုလ်တို့၏+အဖြစ်' ဟု ထိုဒြပ်ပေါ်မှာ သောဆင့်လာသောအခါ လုံ့လရှိသောပုဂ္ဂိုလ်တို့၏ ဖြစ်ကြောင်းဖြစ်ရာ လုံ့လ (ဥဿာဟ)ကို တစ်ဖန် ပြန်ရပါသည်။ ဤသဒ္ဒယုတ္တိကို ထောက်ဆလျှင်လည်း "လုံ့လရှိကုန် သောသူတို့၏" ဟုပေးသော နေရင်းနိသယအနက်သာ အမှန်ဖြစ်ဖွယ်ရှိပါ သည်။

မှတ်ချက်။ ။ ဘာသာဋီကာဆရာတော်ကား "လုံ့လဝီရိယရှိသူသည် ထိုထိုကိစ္စ၌ ရဲရင့်၏။ သို့အတွက် ရဲရင့်သူ၏ဖြစ်ကြောင်း-ဟူသည် ဝီရိယပင်တည်း"ဟု ဆိုပါသည်။ သဘာဝယုတ္တိအားဖြင့် ဖြစ်နိုင်သော အဓိပ္ပာယ်ဖြစ်သည့်ပြင် ၊ "သောရိယ = သူရ+ဘာဝ" နှင့် "ဝီရိယ = ဝီရိယ+ဘာဝ"ကို ပရိယာယ်အဖြစ် ဖွင့်ပြထားသော သက္ကတ ထောမနိဓိ အဘိဓာန်နှင့်လည်း ညီသော အဓိပ္ပာယ် ဖြစ်ပါသည်။ သို့သော် ဥဿာဟ-ကို အရကောက်ပြ ထားသော ဤအရာနှင့်ကား မလျော်-ဟုပင် ဆိုရပါမည်။

မဟာစည်ဆရာတော်ဘုရားကြီးကလည်း သူ၏ ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယ (တတိယ တွဲ၊ စာ-၃၂၃)၌ "ဝီရဘာဝေါတိ၊ ကား။ ယေန၊ အကြင်သဘောတရားဖြင့်။ ဝီရော နာမ၊ ရဲရင့်သောသူမည်သည်။ ဟောတိ၊ ၏။ သော ဓမ္မော၊ ထိုသဘောတရားတည်း"ဟု အနက်ပေးတော်မူပါသည်။

မေး။ ထိုထိုအမှုကိစ္စကို ပြုလုပ်ရာ၌ ကြောက်လန့်စိတ်ကင်း ရဲတင်းသူဖြစ်ကြောင်းတရားကို ဖော်ပြပါ။

ဖြေ။ လုံ့လဝီရိယ ဖြစ်ပါသည်။ ("ဝီရာနံ၊ ရဲရင့်သောသူတို့၏" ဟု အနက်ပေးသော ဆရာမြတ်တို့ အလိုကျဖြစ်၏။)

မေး။ ဝီရိယကို အဘယ့်ကြောင့် "ထောက်ပံ့ခိုင်စေခြင်း ဥပတ္ထမ္ဘနလက္ခဏာရှိသည်"ဟု ဆိုရပါသနည်း၊ တကွဖြစ်ဘက်တရားတို့သည် မိမိတို့ ဓမ္မတာအတိုင်းပင် ခိုင်ခံ့ကြသည် မဟုတ်ပါလော?။

ဖြေ။ ဝီရိယ၏ အစွမ်းဖြင့် ထိုတကွဖြစ်ဘက်တရားတို့၏ တွန့်ဆိုဆုတ်နစ်သော-ဖြစ်ခြင်းရှိကုန်သည်၏အဖြစ် မဖြစ်သောကြောင့် (ဝီရိယ၏အစွမ်းဖြင့် တကွဖြစ်ဘက်တရားတို့ တွန့်တိုဆုတ်နစ်မှု မရှိသောကြောင့်) ဝီရိယကို "ထောက်ပံ့ခိုင်စေခြင်း

http://www.dhammadownload.com

ဥပတ္ထမ္ဘနလက္ခဏာရှိသည်"ဟု ဆိုရခြင်း ဖြစ်ပါသည်။

မေး။ ဆန္ဒ-ပုဒ်ကို ဝစနတ္ထပြု၍၊ အဓိပ္ပာယ် ဖော်ပြီးလျှင်၊ အရကောက်နှင့် သဘော လက္ခဏာကိုလည်း ဖော်ပြပါ။

ဖြေ။ ဆန္ဒနံ ဆန္ဒော။

အာရုံကို လိုလားတောင့်တခြင်းသဘောသည် "ဆန္ဒ" မည်ပါသည်။

ဆန္ဒ-အရ အာရုံဖြင့် အလိုရှိသူ၏အဖြစ် (အလိုရှိခြင်း)ဟူသော သဘောကို ရပါသည်။

ထိုဆန္ဒသည် "ကတ္တုကာမတာ (= အာရုံတစ်ခုခုကို ပြုလိုခြင်း = ရယူလိုခြင်း)" လက္ခဏာရှိပါသည်။

သိမှတ်ဖွယ်။။ အာရမ္မဏေန အတ္ထိကတာ-ဟူသော ပါဠိဖြင့် တဏှာနှင့် ဝိရိယတို့ကို နှစ်စေပါသည်။ "ဆန္ဒော ကာမော" အစရှိသော ပါဠိရပ်တို့၌ တဏှာကို ဆန္ဒ-ဟု ဆို၍၊ "ဆန္ဒံ ဇနေတိ ဝါယမတိ"အစရှိသော ပါဠိရပ်တို့၌ ဝိရိယကို ဆန္ဒ-ဟု ဆိုပါသည်။

အတ္ထိကတာ - အတ္ထော အတ္ထိသန္ဒီ ဧတဿာတိ အတ္ထိကော၊ အလိုဆန္ဒနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ရ၏။ အတ္ထိကဿ ဘာဝေါ အတ္ထိကတာ။ အလိုဆန္ဒကို ရ၏။

ကတ္တုကာမတာလက္ခဏော - ကတ္တုံ ကာမေတီတိ ကတ္တုကာမော၊ ပြုလိုသော ပုဂ္ဂိုလ်ရ၏။ ကတ္တုကာမဿ ဘာဝေါ ကတ္တုကာမတာ၊ ဆန္ဒကို ရ၏။ ကတ္တုကာမတာ လက္ခဏံ ဧတဿာ-တိ ကတ္တုကာမတာလက္ခဏာ၊ ဆန္ဒကိုပင် ရပါသည်။

မေး။ ကတ္တုကာမတာလက္ခဏော-ဟူသောပုဒ်၌ ကတ္တုကာမတာ-အရလည်း ဆန္ဒ၊ ကတ္တုကာမတာလက္ခဏာ-အရလည်း ဆန္ဒပင် ဖြစ်၍ အဘယ်သို့လျှင် ဆန္ဒသည် ဆန္ဒ၏လက္ခဏာ ဖြစ်နိုင်ပါသနည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ "ပဒီပဿ သရီရံ = ဆင်းတုတော်၏ + ကိုယ်" စသည်တို့၌ကဲ့သို့ မပြားသည်၌ ပြားသကဲ့သို့ ကြံဆခြင်းဟူသော အဘေဒဘေဒူပစာအားဖြင့် ဆန္ဒသည် ဆန္ဒ၏ လက္ခဏာဖြစ်နိုင်ပါသည်။ (ဋီ၊ ၁။ ၃၂၂-၃။)

မေး။ ဆန္ဒ၏ ကတ္တုကာမတာ လက္ခဏာရှိသည်၏ အဖြစ်ကို အဘယ်ကို ထောက်ဆ၍ ယုံကြည်ရပါမည်နည်း၊ ယုံကြည်လောက်သော အထောက်သာကေကို ဖော်ပြပါ။

ဖြေ။ အဋ္ဌသာလိနီ အဋ္ဌကထာလာ "အာရမ္မဏဂ္ဂဟဏော စေတသော ဟတ္ထပ္ပသာရဏံ ဝိယ"ဟူသော စကားရပ် ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ ဆန္ဒ သည် အဘယ်အရာနှင့် တူပါသနည်း။

ဖြေ။ ဆန္ဒသည် စိတ်၏ အာရုံကို ယူရာဝယ် ခိုးသူတို့၏ အမိုက်မှောင်၌ ဥစ္စာကို ယူခြင်းငှါ လက်ကို ဆန့်တန်းခြင်း လက်လှမ်းခြင်းနှင့် တူပါသည်။

မေး။ အာရုံကို အလိုရှိကာမျှဖြစ်သော သဘောကို ဆန္ဒဟုဆိုလျှင် လှူဖွယ်ဝတ္ထုကို စွန့်လှူခြင်း၏အစွမ်းဖြင့် ဖြစ်သော (လှူဖွယ်ဝတ္ထုကို စွန့်လှူသောအခါ ဖြစ်သော) စေတနာနှင့်ယှဉ်သော ဆန္ဒသည် အဘယ်သို့လျှင် အာရုံကို အလိုရှိခြင်းသဘော ဖြစ်နိုင်ပါမည်နည်း၊ ဥပမာဆောင် ထင်ရှားအောင် ရှင်းလင်းဖြေဆိုပါ။

ဖြေ။ စစ်မြေပြင်၌ ရောက်နေသောလေးသမားသည် ပစ်ရမည့်မြားတို့ကို ယူသောအခါ ထိုမြားတို့ကို အလိုရှိသည်သာ ဖြစ်သကဲ့သို့၊ ထို့အတူ လှူဖွယ်ဝတ္ထုတို့ကို စွန့်လှူခြင်း၏အစွမ်းဖြင့် ဖြစ်သောအခါ၌လည်း စေတနာနှင့် ယှဉ်သောဆန္ဒသည် ထိုစွန့်လှူအပ်သော လှူဖွယ်ဝတ္ထုကို အလိုရှိသည်သာ ဖြစ်ပါသည်။ ထို့ကြောင့် လှူဖွယ်ဝတ္ထုကို စွန့်လှူခြင်း၏အစွမ်းဖြင့်ဖြစ်သော စေတနာနှင့် ယှဉ်သောဆန္ဒသည် အာရုံကို အလိုရှိခြင်းသဘော ဖြစ်နိုင်ပါသည်။

မေး။ ဝိတက်, ဝိစာရစသော စေတသိက် ၆-ပါးတို့ကို အဘယ့်ကြောင့် "ပကိဏ္ဏက - ပကိဏ်းစေတသိက်" ဟု ခေါ်ဆိုရပါသနည်း။

ဖြေ။ ထိုစေတသိက် ၆-ပါးတို့သည် သောဘဏစိတ်တို့၌လည်းကောင်း၊ ထို သောဘဏစိတ်မှ တစ်ပါးသော အသောဘဏစိတ်တို့၌လည်းကောင်း သောဘဏ, အသောဘဏသဘောဟူသော အပြားအားဖြင့်၊ ဝါ-ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ၏အဖြစ်ဟူသော အပြားအားဖြင့် ရောပြွမ်း၍ ယှဉ်တတ်သောကြောင့် ၄င်းတို့ကို "ပကိဏ္ဏက-ပကိဏ်းစေတသိက်"ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ ပကာရေန် ကိဏ္ဏာ ဝိပ္ပကိဏ္ဏာတိ ပကိဏ္ဏကာ။ ပ-ပုဗ္ဗ ကိရဓာတ်+တပစ္စည်း၊ ဝိပ္ပကိဏ္ဏာ-ဟူသော ပါဠိဖြင့် ကိုရဓာတ်၏ ဝိကွဲပနအနက်ကို နှစ်စေ၍ ဝိကွဲရဏ အနက်ကို ပြပါသည်။

မေး။ အညသမာနာ-ပုဒ်၌ အည-အရကို ဖော်ပြပါ။

ဖြေ။ သောဘဏစိတ်တို့ကို အပါဒါန်အဖြစ်ဖြင့် ငဲ့လျှင် ထိုသောဘဏစိတ်တို့မှ တစ်ပါးသော အသောဘဏစိတ်တို့သည် အည-အရ ဖြစ်ပါသည်။

အသောဘဏစိတ် တို့ကို အပါဒါန်အဖြစ်ဖြင့် ငဲ့လျှင် ထိုအသောဘဏစိတ်တို့မှ တစ်ပါးသော သောဘဏစိတ်တို့သည် အည-အရ ဖြစ်ပါသည်။

http://www.dhammadownload.com

ဆိုလိုရင်း - သောဘဏစိတ်တို့နှင့် ယှဉ်ခိုက် ထိုသောဘဏစိတ်တို့သည် အညအရဖြစ်၍၊ အသောဘဏစိတ်တို့နှင့် ယှဉ်ခိုက် ထိုအသောဘဏစိတ်တို့သည် အညအရ ဖြစ်၏-ဟု ဆိုလိုရင်းဖြစ်ပါသည်။

မေး။ အညသမာနာ-ပုဒ်၌ အညအပါဒါန်ကို ဖော်ပြပါ။

ဖြေ။ သောဘဏစိတ်တို့နှင့် ယှဉ်ခိုက် အသောဘဏစိတ်တို့သည် အညအပါဒါန် ဖြစ်၍၊ အသောဘဏစိတ်တို့နှင့် ယှဉ်ခိုက် သောဘဏစိတ်တို့သည် အညအပ်ဒါန် ဖြစ်ပါသည်။

မေး။ အညသမာနာ-၌ အညအပါဒါန်, အည-အရတို့ကို အသီးသီး ခွဲခြားဖြေဆိုပါ။

ဖြေ။ သောဘဏစိတ်တို့နှင့် ယှဉ်ခိုက် အသောဘဏစိတ်တို့သည် အညအပါဒါန် ဖြစ်၍၊ သောဘဏစိတ်တို့သည် အည-အရ ဖြစ်ပါသည်။

အသောဘဏစိတ်တို့နှင့် ယှဉ်ခိုက် သောဘဏစိတ်တို့သည် အညအပ်ဒါန်ဖြစ်၍၊ အသောဘဏစိတ်တို့သည် အည-အရ ဖြစ်ပါသည်။

အမှာ။ ။ အသိဉာဏ်ရှင်း၍ လွယ်ကူစွာ သိစေခြင်းအကျိုးငှါ ထပ်မံ၍ ရေးပြလိုက်ခြင်းဖြစ်သည်။

မေး။ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး၊ ပကိဏ်းစေတသိက် ၆-ပါး၊ ပေါင်း ၁၃-ပါးသော စေတသိက်တို့ကို အဘယ့်ကြောင့် "အညသမာန်းစေတသိက်" ဟု ခေါ်ဆိုရပါသနည်း။

ဖြေ။ "အညေ စ အညေ စ အညေ၊ အညေသံ သမာနာ အညသမာနာ" ဟူသော ဝစနတ္ထနှင့်အညီ အည-အမည်ရသော သောဘဏစိတ်, အသောဘဏစိတ်တို့နှင့် တူသောကြောင့် (ယှဉ်သောကြောင့်) ထို ၁၃-ပါးသော စေတသိက်တို့ကို "အညသမာန်းစေတသိက်" ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

မှတ်ချက်။ ။ "သောဘဏစိတ်၌ယှဉ်ခိုက် အသောဘဏစိတ်မှတစ်ပါး သောဘဏစိတ်နှင့် တူသည်၏အဖြစ်၊ အသောဘဏစိတ်၌ ယှဉ်ခိုက် သောဘဏစိတ်မှတစ်ပါး အသောဘဏစိတ်နှင့် တူသည်၏အဖြစ်ကြောင့် အညသမာန်းစေတသိက်-မည်ပါသည်"ဟု အနက်ပေးကြ, အဓိပ္ပာယ်ရေးကြသည်။ အထက်၌ ရေးပြခဲ့သည့်အတိုင်း ရေးမှ, ပြောမှသာ ဋီကာဆရာ၏ အလိုကျဖြစ်သည်ဟု မှတ်ပါ။ "**အညေ နာမ၊ တေသံ သမာနာ**"ဟူသော ဋီကာဖွင့်၊ "အည-အည-အမည်ရသော သောဘဏစိတ်, အသောဘဏစိတ်တို့နှင့်+သမာန - ဟူသော စေတသိက်တို့"- ဟူသော သဒ္ဒါ, အနက်နှစ်ရပ်ကို

http://www.dhammadownload.com

သတိချပ်ကြပါကုန်။

မေး။ "သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး၊ ပကိဏ်းစေတသိက် ၆-ပါး၊ ပေါင်း ၁၃-ပါးသော စေတသိက်တို့သည် အည-အမည်ရသော သောဘဏစိတ်, အသောဘဏစိတ်တို့နှင့် တူကုန်၏" ဟူသောစကားရပ်၌ သိအပ်သိထိုက်သော ဗျတိရေက အနက်အဓိပ္ပာယ်ကို **ရေးပြပါ။**

ဖြေ။ ထို ၁၃-ပါးသော စေတသိက်တို့သည် ဥဒ္ဒစ္စစသည်တို့ကဲ့သို့ အကုသိုလ် သဘော သာရှိ၍ ကုသိုလ်စသောသဘော မရှိကုန်သည်လည်း မဟုတ်, သဒ္ဓါစသည်တို့ကဲ့သို့ ကုသိုလ်စသောသဘောသာ ရှိ၍ အကုသိုလ်သဘော မရှိကုန်သည်လည်း မဟုတ်-ဟူသော အနက်အဓိပ္ပာယ် ဖြစ်ပါသည်။ (ကုသိုလ်စသော သဘောလည်းရှိ, အကုသိုလ်သဘောလည်း ရှိကြသည်-ဟူလို။)

သိမှတ်ဖွယ်များ (သခ်ေပဋိကာအဆိုများ)

အညသမာနရာသိ, အကုသလရာသိ, သောဘဏရာသိ-ဟူသော ၃-မျိုးတို့တွင် အကုသိုလ်, အဟိတ်, သောဘဏဟူသော အစုသုံးမျိုးတို့နှင့် ဆက်ဆံသောကြောင့် **အညသမာနရာသိကို ရှေးဦးစွာ မိန့်ဆိုပါသည်။**

ထိုအညသမာနရာသိ၌ သဗ္ဗစိတ္တသာဓာရဏ, ပကိဏ္ဏက-ဟူ၍ ၂-မျိုးရှိရာ အရာကျယ်သောကြောင့် **သဗ္ဗစိတ္တသာဓာရဏစေတသိက်တို့ကို ရှေးဦးစွာ ဆိုပါသည်။**

သဗ္ဗစိတ္တသာဓာရဏစေတသိက်တို့တွင် ဖဿပဉ္စကရာသိ, ဈာနပဉ္စကရာသိ, ဣန္ဒြိယဥဇကရာသိ, ယေဝါပနကတို့၏အစွမ်းဖြင့် မြတ်စွာဘုရား ဟောကြားတော်မူအပ်သောအစဉ်ကို မှီ၍ **ဖဿကို ရှေးဦးစွာ ဆိုပါသည်။** (ဒေသနာဣန္ဒမအားဖြင့် ဖဿကို ရှေးဦးစွာ ဟောတော်မူသည်-ဟူလို။)

ဖဿပဉ္စကရာသိ-၌ ဖဿ, ဝေဒနာ, သညာ, စေတနာစေတသိက်တို့ကို, ဈာနပဉ္စကရာသိ-၌ ဧကဂ္ဂတာကို, ဣန္ဒြိယဥဇကရာသိ-၌ ဇီဝိတိန္ဒြေကို, ယေဝါပနကရာသိ-၌ မနသိကာရကို ဟောတော်မူပါသည်။ (သခ်ေပ)

အညသမာန်းစေတသိက် အဖွင့် ပြီး၏။

http://www.dhammadownload.com

အကုသိုလ်စေတသိက်အဖွင့်(၁၀၇)

မေး။ "မောဟော"**အစရှိသော** စကားရပ်ကို အဘယ်ကို ပြခြင်းအကျိုးငှါ မိန့်ဆိုတော်မူရပါသနည်း။

ဖြေ။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ရှေးဦးစွာ သပ္ပစိတ္ထသာဓာရဏ၏အစွမ်းဖြင့်လည်းကောင်း, ပကိဏ္ဏက၏အစွမ်းဖြင့်လည်းကောင်း သောဘဏ, အသောဘဏ သဘောရှိကုန်သော ၁၃-ပါးသော အညသမာန်းစေတသိက်တို့ကို အကျဉ်းပြပြီး၍၊ -ယခုအခါ အောက်ဖြစ်သော စိတ်ပိုင်း၌ အကျယ်ညွှန်ပြအပ်ခဲ့ပြီးသော အစဉ်ဖြင့် အကုသိုလ်တရား၌ အကျုံးဝင်သော စေတသိက်တို့ကို ရှေးဦးစွာ ပြခြင်းအကျိုးငှါ၊ -ထို့နောင် သောဘဏတရား၌ အကျုံးဝင်သော စေတသိက်တို့ကို ပြခြင်းအကျိုးငှါ "မောဟော" **အစရှိသော** စကားရပ်ကို မိန့်ဆိုတော်မူခြင်း ဖြစ်ပါသည်။

လိုရင်း - အကုသိုလ်စေတသိက် ၁၄-ပါး, သောဘဏစေတသိက် ၂၅-ပါးတို့ကို ပြခြင်းအကျိုးငှါ "မောဟော" **အစရှိသော စကားရပ်**ကို မိန့်ဆိုရသည်-ဟူလို။

မေး။ (က) သောဘဏစေတသိက် (ခ) ဣတရစေတသိက် (ဂ) သောဘဏော-တရစေတသိက်တို့ကို ဖော်ပြပါ။

ဖြေ။ (က) သဒ္ဓါ, သတိ-စသော သောဘဏစေတသိက် ၂၅-ပါး ဖြစ်ပါသည်။
(ခ) မောဟ, အဟိရိက-စသော အကုသိုလ်စေတသိက် ၁၄-ပါး ဖြစ်ပါသည်။
(ဂ) ဖဿ, ဝေဒနာ-စသော အညသမာန်းစေတသိက် ၁၃-ပါး ဖြစ်ပါသည်။

မေး။ စိတ်ပိုင်း၌ အကျယ်ပြအပ်ခဲ့ပြီးသော အစဉ်ဖြင့် စေတသိက်တို့ကို ပြမည် ဆိုလျှင် အကုသိုလ်စိတ်တို့၏ အခြားမဲ့၌ **အဟိတ်စိတ်**တို့ကို ပြခဲ့သောကြောင့် **အကုသိုလ်စေတသိက်**တို့၏ အခြားမဲ့၌ **အဟိတ်စေတသိက်**တို့ကို ပြသင့်သည် မဟုတ်ပါလော၊ **အဘယ်ကြောင့် အဟိတ်စေတသိက်**တို့ကို **မပြဆိုပါသနည်း**။

ဖြေ။ အကုသိုလ်စိတ်, သောဘဏစိတ်တို့နှင့် မယှဉ်ဘဲ **အဟိတ်စိတ်**တို့နှင့်သာ သီးခြားယှဉ်သော စေတသိက်များ မရှိသောကြောင့် ထို**အဟိတ်စေတသိက်**တို့ကို မပြဆိုခြင်းဖြစ်ပါသည်။

မေး။ မောဟ-ဟူသည် အဘယ်ကဲ့သို့သော တရားမျိုးဖြစ်ပါသနည်း ဖြေဆို၍၊ ၎င်း၏ လက္ခဏာကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com

ဖြေ။ မောဟ-ဟူသည် **အာရုံ၌** ဧွေဝေတက်သောတရား ဖြစ်ပါသည်။
၄င်း၏ လက္ခဏာမှာ - **"အာရမ္မဏသဘာဝစ္ဆာဒန (= အာရုံ၏သဘောကို ဖုံးလွှမ်းခြင်း)"** ဖြစ်ပါသည်။

အမှာ။ ။အဘယ့်ကြောင့် မောဟ-မည်ပါသနည်း-ဟု မေးလျှင် "အာရုံ၌ တွေဝေတတ်သောကြောင့် မောဟ-မည်ပါသည်"ဟု ဖြေပါ။ အမေးအားဒေသော်စွာ ဖြေတတ်ကြပါစေ။

အာရုံ၏သဘောကို ဖုံးလွှမ်းခြင်း-ဟူသည် - ဉာဏ်၊ တစ်နည်း - မောဟသမ္မာပုဂ္ဂိလ်သည် **အာရုံ၏သဘောကို** မသိနိုင်လောက်အောင်သော အခြင်းအရာအားဖြင့် မောဟ၏ ဖြစ်ခြင်းကို "**အာရုံ၏သဘောကို ဖုံးလွှမ်းခြင်း**"ဟု ဆိုပါသည်။

မေး။ မောဟော-ပုဒ်ကို ဝစနတ္ထပြု၍၊ အရုလည်း ဖွင့်ပြခဲ့ပါ။
ဖြေ။ အာရမ္မဏေ မုယ္ဖတီတိ မောဟော၊
ဉာဏ်၏ ဆန့်ကျင်ဘက်ဖြစ်သော သဘောတရား (**မသိခြင်း**)ကို ရပါသည်။

မှတ်ချက်။ ။ အထက်ပါ ဝစနတ္ထအရ မောဟသမ္မာပုဂ္ဂိလ်ကိုလည်း ကောက်ယူနိုင်သောကြောင့် ၄င်းကို နှစ်စေခြင်းအကြိုးငှါ '**အညာဏ**' ဟု အရကြားရသည်ဟု မှတ်ပါ။

မေး။ မောဟ-ပုဒ်ကို '**အညာဏံ**'ဟူသော **အဘိဓေယျတ္ထအားလျော်စွာ** '**မသိခြင်း**' ဟု မြန်မာပြန်ကြရာ ထိုမောဟသည် '**ဘာကိုမျှ မသိ**' **ဟု** မှတ်ရပါမည်လော? ရှင်းလင်းဖြေဆိုပါ။
ဖြေ။ မောဟသည် '**ဘာကိုမျှ မသိ**' ဟု မမှတ်သင့်ပါ။ ၄င်းသည် အာရုံ၏ သဘောကို အမှန်အတိုင်းသိသော ဉာဏ်၏ ဆန့်ကျင်ဘက်တရားဖြစ်၍ '**အမှန်အတိုင်း မသိ**၊ အမှားကို သိသည်'ဟု မှတ်ရပါမည်။ ထို့ကြောင့် **မဏိမဉ္ဇူ** (၁၊ ခု၂၆)၌ "**အညာဏံ ဉာဏပဋိပက္ခော ဓမ္မော၊ နာ ဉာဏာဘာဝမတ္တံ**" ဟု ဖွင့်ဆိုထားပါသည်။ ဆရာမြတ်တို့ကလည်း '**အညာဏံ**'**ပုဒ်**ကို '**ဉာဏ်၏ဆန့်ကျင်ဘက်** သဘောတရားတည်း'ဟု အနက်မြန်မာပြန်ဆိုကြပါသည်။

မေး။ မိစ္ဆာဉာဏ်, သမ္မာဉာဏ်-ဟု ဉာဏ် ၂-မျိုးရှိရာ "**မိစ္ဆာဉာဏ်**"ဟူသည် အဘယ်ပါနည်း ဖြေဆိုပါ။
ဖြေ။ မောဟသည် ဟုတ်မှန်သောသဘောကို ဖုံးလွှမ်း၍ မဟုတ်မမှန်သော သဘောကို ကြံဖန်၍ ယူရာ၌ ဉာဏ်နှင့် အလားတူသောကြောင့် ၄င်းကို "**မိစ္ဆာဉာဏ်**" ဟု ပါဠိ, အဋ္ဌကထာတို့၌ ဖွင့်ဆိုကြပါသည်။

http://www.dhammadownload.com

သိမှတ်ဖွယ်။ ။ ဒီပဲယင်းဆရာတော်ဘုရားကြီးက ပရမတ္ထစက္ခုကျမ်းတွင် **"မကောင်းမှုကို ပြုသောအရာ၌ တတ်သိလိမ္မာမှုဆိုသမျှ၊ မိုက်ဉာဏ်, လိမ်ဉာဏ်, ကောက်ကျစ်ဉာဏ်ဆိုသမျှ မောဟတရားမှတ်"**ဟု မိန့်တော်မူပါသည်။

ဉာဏ်နှင့် အလားတူသော တရား ၆-မျိုး - အကုသိုလ်အရာ၌ မောဟ, လောဘ, ဒိဋ္ဌိ, ဝိတက်, ဝိစာရ, စိတ်တို့ ဖြစ်ပါသည်။

(ဆောင်) **မောဟ, လောဘ၊ တစ်ဝ ဒိဋ္ဌိ၊ ဝိတက်, ဝိစာ၊**
စိတ်ထည့်ပါ။ ခြောက်ဖြာ ဉာဏ်နှင့်တူ။

မေး။ မောဟသည် အာရုံကို ယူခြင်း၏အစွမ်းဖြင့် ဖြစ်ပါလျက် အဘယ့်ကြောင့် ၎င်းကို "အာရမ္မဏသဘာဝစ္ဆာဒန လက္ခဏာရှိသည်" ဟု ဆိုရပါသနည်း။

ဖြေ။ မောဟသည် အာရုံကို ယူခြင်း၏အစွမ်းဖြင့် ဖြစ်ပါသော်လည်း ထိုအာရုံ၏ ဟုတ်မှန်သောသဘောကို ဖုံးလွှမ်းသော အခြင်းအရာအားဖြင့်သာလျှင် ဖြစ်သော ကြောင့် မောဟကို "အာရမ္မဏသဘာဝစ္ဆာဒန လက္ခဏာရှိသည်" ဟု ဆိုရခြင်း ဖြစ်ပါသည်။

မေး။ အဘယ့်ကြောင့် အဟိရိက, အနောတ္တပ္ပ-မည်ပါသနည်း အသီးသီး ဖြေဆိုခဲ့ပါ။

ဖြေ။ ကာယဒုစရိုက်စသည်တို့မှ မရှက်တတ်သောပုဂ္ဂိုလ်၊ ဝါ- မရှက်တတ်သော တရားအပေါင်း၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် "အဟိရိက" မည်ပါသည်။

ကာယဒုစရိုက်စသည်တို့မှ မကြောက်ရွံ့ မထိတ်လန့်တတ်သောကြောင့် "အနောတ္တပ္ပ" မည်ပါသည်။

သတိပြုဖွယ်။ ။ ကာယဒုစရိုက်စသည်တို့မှ မရှက်တတ်သောကြောင့် 'အဟိရိက'မည်ပါသည်-ဟု ဖြေလျှင် ပြည့်စုံသောအဖြေ မဟုတ်ကြောင်း သတိပြုပါ။

မေး။ အဟိရိက်-ပုဒ်ကို အစိတ်+အပေါင်း ဝစနတ္ထပြု၍၊ အရုလည်း ကောက်ပြခဲ့ပါ။

ဖြေ။ န ဟိရီယတီတိ အဟိရိကော။ (ဟိရီယတီတိ ဟိရိကော၊ န ဟိရိကော အဟိရိကော။) မရှက်တတ်သောပုဂ္ဂိုလ်၊ ဝါ- မရှက်တတ်သော တရားအပေါင်းကို ရပါသည်။

အဟိရိကဿ ဘာဝေါ အဟိရိက္ကံ၊ အဟိရိက္ကမေဝ အဟိရိက်။

မရှက်တတ်သောပုဂ္ဂိုလ်၊ ဝါ- မရှက်တတ်သော တရားအပေါင်း၏ ဖြစ်ကြောင်းဖြစ်သော စေတသိက်ကို ရပါသည်။

အဟိရိက-ပုဒ် ရှုပ်ပြီးပုံ။ ။ အဟိရိက+ဏျ၊ ဏ် အနုဗန်ကိုချေ၊ က, ယ-သို့ကပ်

http://www.dhammadownload.com

(အဟိရိကျ)၊ ကျ-ကို က-ပြု၊ က-ကို သဒိသဉ္ဇေဘော်ပြု (အဟိရိကက္က)၊ က-တစ်လုံးကို ချေ၍ "အဟိရိက" ဟု ရုပ်ပြီးပါသည်။

မေး။ အဟိရိကော-အရန္ဒင့် အဟိရိကံ-အရတို့ကို ကောက်ပြခဲ့ပါ။

ဖြေ။ အဟိရိကော-အရ ကာယဒုစရိုက် စသည်တို့မှ မရှက်တတ်သော ပုဂ္ဂိုလ်၊ (သို့မဟုတ်) မရှက်တတ်သော တရားအပေါင်းကို ရ၍၊ အဟိရိကံ-အရကား အဟိရိက စေတသိက်ကို ရပါသည်။

မေး။ အနောတ္တပ္ပ-ပုဒ်ကို ဝစနတ္ထပြုပြပါ။

ဖြေ။ န ဩတ္တပ္ပတီတိ အနောတ္တပ္ပံ၊ (ဩတ္တပ္ပတီတိ ဩတ္တပ္ပံ၊ န ဩတ္တပ္ပံ အနောတ္တပ္ပံ-ဟု ဝိဂြိုဟ်စစ်ပြုပါ။)

မေး။ ဘုရားရှိခိုးခြင်း, တရားထိုင်ခြင်းစသော ကောင်းသော အလုပ်ကိစ္စများ ပြုလုပ်ရာ၌ မရှက်ခြင်း, မကြောက်ခြင်းကို အဟိရိက, အနောတ္တပ္ပ-ဟု ဆိုရပါမည်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ မဆိုရပါ။ ကာယဒုစရိုက်စသည်တို့မှ မရှက်ခြင်း, မကြောက်ခြင်းကိုသာ အဟိရိက, အနောတ္တပ္ပ-ဟု ဆိုရပါသည်။

မေး။ အဟိရိက, အနောတ္တပ္ပတို့သည် မည်သည့်အရာများနှင့် တူကြပါသနည်း။

ဖြေ။ အဟိရိက သည် ရွာသူတို့၏ ဝက်-နှင့် တူ၍၊ အနောတ္တပ္ပ ကား ပိုးဖလံ နှင့် တူပါသည်။

မေး။ အဟိရိကနှင့် အနောတ္တပ္ပတို့၏ အထူးကို ရေးပြပါ။

ဖြေ။ ရွာသူတို့၏ ဝက်သည် မစင်မှ (ကို) မစက်ဆုပ်သကဲ့သို့၊ ထို့အတူ အဟိရိကသည် ကာယဒုစရိုက်စသည်တို့မှ(တို့ကို) မစက်ဆုပ်ခြင်း လက္ခဏာရှိ၏။

ပိုးဖလံသည် မီးမှ မကြောက်လန့်သကဲ့သို့၊ ထို့အတူ အနောတ္တပ္ပသည် ကာယဒုစရိုက်စသည်တို့မှ မကြောက်လန့်ခြင်း လက္ခဏာရှိ၏။ ဤသို့ ထူးပါသည်။

မှတ်ချက်။ ။ အဟိရိကသည် 'ကာယဒုစ္စရိတာဒိတော အဇိဂုစ္ဆနလက္ခဏာ' ရှိ၍၊ အနောတ္တပ္ပသည် 'ကာယဒုစ္စရိတာဒိတော အနုတ္တာသလက္ခဏာ' ရှိ၏-ဟု ပါဠိ အသုံးအနှုန်းဖြင့်လည်း သုံးနှုန်းဖြေဆိုနိုင်ပါသည်။

http://www.dhammadownload.com

(ဆောင်) - **ဒုစရိုက်များမှ၊ လုံးဝအဟုတ်၊ မစက်ဆုပ်၊ သမုတ် အဟိရိက-တဲ့။**
- **မကြောက်လန့်တတ်၊ မှည့်ခေါ်အပ်၊ အနောတ္တပ္ပ-တဲ့။**
- **ရွာသူတို့ ဝက်၊ တူချက်အမှန်၊ ပိုးဖလံ၊ နှိုင်းရန် ဥပမာကွဲ့။**

ဒမး။ ဥဒ္ဓစ္စ-၏ အဓိပ္ပာယ်ကို ရေးပြပါ။

ဒဖြ။ တုန်လှုပ်တတ်သောပုဂ္ဂိုလ်, ဝါ-တုန်လှုပ်တတ်သောစိတ်၏ ဖြစ်ကြောင်း ဖြစ်ရာ ဖြစ်သောကြောင့် "ဥဒ္ဓစ္စ" မည်ပါသည်။

ဝစနတ္ထ - ဥဒ္ဓတဿ ဘာဝေါ ဥဒ္ဓစ္စံ။

ဒမး။ ဥဒ္ဓစ္စ ၏ လက္ခဏာကို ဥပမာဆောင် ထင်ရှားအောင် ဖြေဆိုခဲ့ပါ။

ဒဖြ။ ဥဒ္ဓစ္စသည် ကျောက်ခဲဖြင့် ပစ်ပေါက်အပ်သည်ဖြစ်၍ အထက်သို့ လွှင့်တက်လာသော ပြာကဲ့သို့ "စိတ်၏ မငြိမ်သက်ခြင်း-ပျံ့လွှင့်ခြင်း (စိတ္တဿ အဝူပသမ)" လက္ခဏာရှိပါသည်။

ပျံ့လွှင့်-ဟူသည်။ ။ ပြာပုံပေါ်၌ ခဲကျသောအခါ ပြာများ ဟိုဟိုဒီဒီ လွှင့်သကဲ့သို့ စိတ်သည် အာရုံတစ်ခုပေါ်၌ ငြိမ်သက်စွာ မတည်နိုင်ဘဲ ဟိုအာရုံရောက်လိုက် ဒီအာရုံရောက်လိုက် ဖြစ်နေခြင်းကို **'ပျံ့လွှင့်သည်'** ဟု ဆိုရပါသည်။

ဒမး။ (က) လောဘ-၏ ဝစနတ္ထ (ခ) လောဘ-၏ အဓိပ္ပာယ်တို့ကို ရေးပြပါ။

ဒဖြ။ (က) လုဗ္ဘတီတိ လောဘော။
(ခ) လောကီအာရုံ ကာမဂုဏ်ကို ခုံမင်တပ်မက် နှစ်သက်ခင်မင် လိုချင်တတ်သောကြောင့် "လောဘ"မည်ပါသည်။

ဒမး။ လောဘ၏ သဘောလက္ခဏာကိုဥပမာဆောင် ထင်ရှားအောင် ဖြေဆိုပါ။

ဒဖြ။ လောဘသည် မျောက်သတ္တဝါ၌ ငြိကပ်တတ်သော မျောက်နှဲစေးကဲ့သို့ အာရုံ၌ အလွန်ငြိကပ် တွယ်တာခြင်း = တမ်းတမ်းစွဲ ငမ်းငမ်းတက်ဖြစ်ခြင်း (= အဘိသင်္ဂ) လက္ခဏာရှိပါသည်။

သိမှတ်ဖွယ်။ ။ သစ်ပင်မှ ထွက်ကျသည့် အလွန်စေးကပ်သော သစ်စေးတစ်မျိုးကို **"မျောက်နှဲစေး"** ဟု ခေါ်ပါသည်။

မေး။ စေတသိက်လောဘနှင့် စိတ်လောဘတို့၏ အထူးကို ဖော်ပြပါ။

ဖြေ။ စေတသိက် လောဘသည် လောဘလည်း မည်, မူလလည်း မည်၏။ စိတ်

http://www.dhammadownload.com

လောဘကား လောဘသာ မည်၏။ ဤသို့ ထူးပါသည်။

မေး။ အာရုံကို လိုချင်ခြင်းအားဖြင့် သဘောသဘာဝ တူညီကြသော လောဘနှင့် ဆန္ဒတို့၏ အထူးကို ဖော်ပြပါ။

ဖြေ။ စိတ်၏ အာရုံကို ပြုလိုကာမျှ (အာရုံကို အလိုရှိကာမျှ) သဘောသည် 'ဆန္ဒ' မည်၏။ အာရုံ၌ အလွန်ငြိကပ် တပ်မက်ခြင်းသဘောသည် 'လောဘ' မည်၏။ ဤသို့ ထူးပါသည်။

(ဆောင်) **အလိုရှိကာမျှ၊ သဘောက၊ ဆန္ဒ ခေါ်ပါသည်။**
ငြိကပ်တွယ်တာ၊ လိုချင်တာ၊ သည်ကား လောဘ-မည်။

မေး။ ဆန္ဒနှင့် လောဘတို့၏ သဘောသွားကို အများနားလည်အောင် ကွဲကွဲပြားပြား ခွဲခြားဖြေဆိုပါ။

ဖြေ။ ငြိကပ်တွယ်တာ တပ်မက်မှုမပါသော လိုချင်မှုသည် 'ဆန္ဒ'၊ ငြိကပ်တွယ်တာ တပ်မက်မှုပါသော လိုချင်မှုသည် 'လောဘ' ။

ကောင်းသောအာရုံများကို လိုချင်မှုသည် 'ဆန္ဒ'၊ မကောင်းသော ကာမဂုဏ် အာရုံများကို လိုချင်မှုသည် 'လောဘ' ဖြစ်ပါသည်။

မေး။ ဒိဋ္ဌ၏ လက္ခဏာကို ဖော်ပြပါ။

ဖြေ။ ဒိဋ္ဌသည် "မိစ္ဆာဘိနိဝေသ = ဤငါ၏ အယူသာ မှန်၏၊ ဤအယူမှတစ်ပါး အခြားသောအယူသည် အချည်းနှီးသာတည်း-ဟု မှားမှားယွင်းယွင်း နှလုံးသွင်းခြင်း" လက္ခဏာရှိပါသည်။

မှတ်ချက်။ ။ ဒိဋ္ဌ၏ ဝစနတ္ထကို စိတ်ပိုင်း၌ ပြခဲ့ပြီ။

မေး။ ဉာဏ်လည်း ဒဿန, ဒိဋ္ဌလည်း ဒဿန ဖြစ်၏။ ယင်းသို့ ဒဿနချင်း တူသော (သိမြင်တတ်သော သဘောသဘာဝချင်းတူသော) ဉာဏ်နှင့် ဒိဋ္ဌတို့၏ အထူးကို ရေးပြပါ။

ဖြေ။ ဉာဏ်သည် အာရုံကို ဟုတ်မှန်သောသဘောအားဖြင့် သိတတ်၏။
ဒိဋ္ဌသည် ဟုတ်မှန်သောသဘောကို စွန့်၍ မဟုတ်မမှန်သောအားဖြင့် ယူတတ်သိတတ်၏။ (ဉာဏ်သည် အမှန်အတိုင်း သိတတ်၏။ ဒိဋ္ဌသည် အမှားကို သိတတ်၏။) ဤသို့ ထူးပါသည်။

(ဆောင်) **ဟုတ်မှန်တိုင်းသိ၊ ဉာဏ် ခေါ်၏၊ မဟုတ်သိတာ ဒိဋ္ဌပါ။**

http://www.dhammadownload.com

ဒိဋ္ဌဆိုတာ အယူလား? အမြင်လား?။ ။ ဒိဋ္ဌ-ကို ဒဿန်-ဟု ဖွင့်ကြရာ ထိုအဖွင့်ကို ကြည့်၍ ဒိဋ္ဌ-ပုဒ်ကို ရှေးဆရာမြတ်တို့က 'အယူ' ဟု အနက်မြန်မာ ပြန်ဆိုခဲ့၍၊ နောင်းခေတ်၌ ဆရာတော်အချို့က 'အမြင်' ဟု အနက်မြန်မာ ပြန်ဆိုကြသည်ကို တွေ့ရသည်။ ယင်း ဒဿန-ပုဒ်၌ ဒိသဓောတ်+ယုပစ္စည်းဖြစ်၍ "ဒိသ ပေက္ခဏေ" ဟူသော ဓာတ်ကျမ်းကို မှန်းဆကြည့်ရှုလျှင် 'အမြင်' ဟု ပြန်ဆိုသောအနက်သာ အမှန်ဟု ထင်ဖွယ်ရှိသော်လည်း "ဒဿန် ဒိဋ္ဌ လဒ္ဓိတ္ထိ" ဟူသော အဘိဓာန်ကို ထောက်လျှင်ကား ရှေးဆရာမြတ်တို့ ပြန်ဆိုခဲ့သည့် 'အယူ'ဟူသော အနက်က အားသာဖွယ်ရှိပါသည်။

မေး။ မာန-ဟူသည် ဘယ်လိုတရားမျိုး ဖြစ်ပါသနည်း ဖြေဆို၍၊ ၄င်း၏ ဝစနတ္ထ, လက္ခဏာ, ဥပမာတို့ကို လည်း ဖော်ပြပါ။

ဖြေ။ မာန-ဟူသည် "ငါသာလျှင် အမြတ်ဆုံးဖြစ်၏ (ငါသိ ငါတတ် ငါသာမြတ်၏၊ ငါလိုလူ ဇမ္ဗူမှာ မရှိ)" စသည်ဖြင့် မှတ်ထင်တတ်သော တရားမျိုး ဖြစ်ပါသည်။

"သေယျောဟမသ္မိ"တ္ဟာဒိနာ မညတိတိ မာနော။ (ဝစနတ္ထ)

ထိုမာနသည် "ဥက္ကာတိ (= ထောင်လွှားတက်ကြွခြင်း မောက်မာခြင်း)" လက္ခဏာ ရှိပါသည်။

၄င်းသည် အလွန်မြင့်မားစွာ စိုက်ထောင်ထားအပ်သော တံခွန်မှန်ကင်းနှင့် တူပါသည်။

(ဆောင်) တံခွန် မှန်ကင်း၊ ပုံမယွင်း၊ ထင်လင်း 'မာန'ခေါ်။

မေး။ မာန-၏ ပစ္စုပဋ္ဌာန်ကို ဖော်ပြပါ။

ဖြေ။ မာနသည် ထောင်လွှားတက်ကြွခြင်း လက္ခဏာရှိသောကြောင့် ၄င်းကို "ကေတုကမ္မတာပစ္စုပဋ္ဌာန(= အမြင့်ဆုံး တံခွန်မှန်ကင်းကဲ့သို့ ထောင်လွှားတက်ကြွမှုကို ပြုတတ်သော မာနသမ္မယုတ်စိတ်၏ ဖြစ်ကြောင်းတရား၏အဖြစ်ဖြင့် ယောဂီတို့ ဉာဏ်တွင် ထင်လာတတ်သောတရား)" ဟု ဆိုပါသည်။

သိမှတ်ဖွယ်

<u>ကေတုကမ္မတာပစ္စုပဋ္ဌာနော</u> - 'ကေတု' သဒ္ဒါသည် အလွန်မြင့်မားသော တံခွန်မှန်ကင်းကို ဟော၏။ ကေတု ဝိယာတိ ကေတု၊ အလွန်မြင့်မားသော တံခွန်မှန်ကင်းကဲ့သို့ မြင့်မား တက်ကြွခြင်း ထောင်လွှားခြင်းကို ရ၏။

ကေတုံ ကမ္မတိတိ ကေတုကမ္မံ၊ မာနသမ္မယုတ်စိတ်ကို ရ၏။ ကေတုကမ္မသဘာဝေါ ကေတုကမ္မတာ၊ မာနစေတသိက်ကို ရ၏။ ကေတုကမ္မတာဝသေန ယောဂိ-

http://www.dhammadownload.com

နော ဉာဏသ ပစ္စုပဋ္ဌာန် (ဥပဋ္ဌာန်) အသ္သာတိ ကေတုကမ္မတာပစ္စုပဋ္ဌာနော။ ကေတုကမ္မတာ ဝါ ဟုတွာ ပစ္စုပဋ္ဌာတိ ယောဂိနော ဉာဏသ ဥပဋ္ဌာတိ ခါယတီတိ ကေတု-ကမ္မတာပစ္စုပဋ္ဌာနော။ (လူ၊ ၁။ ၃၂၉။)

မေး။ ဒေါသ-အဓိပ္ပာယ် ရေး၍၊ ၄င်း၏ လက္ခဏာကိုလည်း ဥပမာနှင့်တကွ ဖော်ပြပါ။

ဖြေ။ မိမိ, သူတစ်ပါး နှစ်ဦးသားလုံးကို **ဖျက်ဆီး**တတ်သောကြောင့်၊ (တစ်နည်း) မိမိ၏တည်ရာပုဂ္ဂိုလ်နှင့် စိတ်ကို ဖောက်ပြန်ခြင်းသို့ ရောက်စေတတ်သောကြောင့် "ဒေါသ" မည်ပါသည်။

ထိုဒေါသသည် တုတ်ဖြင့် ပုတ်ခတ်အပ်သော မြွေဟောက်ကဲ့သို့ "ကြမ်းတမ်းခက်ထန်ခြင်း (=စဏ္ဍိက္က)" လက္ခဏာ ရှိပါသည်။

(ဆောင်) **မြွေဟောက်တူလှ၊ နှိုင်းယှဉ်ပြ၊ 'ဒေါသ'စေတသိက်။**

ဝစနတ္ထ - ဒုဿတီတိ ဒေါသော။

သီမှတ်ဖွယ်။ ။ ဒေါသဖြစ်လာလျှင် ထိုဒေါသသည် သူတစ်ပါးကို ဖျက်ဆီးသည် ဖြစ်စေ, မဖျက်ဆီးသည်ဖြစ်စေ၊ ဒေါသဖြစ်သူအားကား အနည်းဆုံး မျက်စိမျက်နှာနီမြန်းခြင်းစသော ရုပ်အဆင်းဖောက်ပြန်ခြင်းသို့ ရောက်စေခြင်းအားဖြင့် ဖျက်ဆီးပါသည်။ ဥပမာ- လက်ဖြင့် ကိုင်အပ်သော မစင်ကဲ့သို့တည်း။ (လူ၊ ၁။ ၃၂၉။)

ဒေါသ၏ သဘောသဘာဝများ။ ။ ဒေါသဖြစ်လာသောအခါ စိတ်ဓာတ်ကြမ်းတမ်းရုံ သာမက စိတ်ညှိုးနွမ်းမှု, စိတ်အားငယ်မှု, ကြောက်လန့်မှုများလည်း ဖြစ်ပေါ်လာတတ်ပါသည်။ ထိုအခြေအနေအားလုံးသည် ဒေါသ၏ သဘောချည်း ဖြစ်သည်-ဟု မှတ်ပါ။

မေး။ စိတ်အားငယ်နေသော ပုဂ္ဂိုလ်တစ်ယောက်၏သန္တာန်၌ ဖြစ်ပေါ်နေသည့် ပရမတ္ထသဘာဝတရားကို ဖော်ပြပါ။

ဖြေ။ ဒေါသ ဖြစ်ပါသည်။

ဒေါသ ၂-မျိုး။ ။ခက်ထန်ကြမ်းတမ်းမှုကို **"အတက်ဒေါသ"**ဟု ခေါ်၍၊ စိတ်ညှိုးနွမ်းမှု, စိတ်အားငယ်မှု, ကြောက်လန့်မှုများကို **"အသက်ဒေါသ"** ဟု ခွဲခြားကြပါသည်။

စဏ္ဍိက္က-ပုဒ် ဝစနတ္ထနှင့် ရုပ်ပြီးပုံ - စဏ္ဍောယေဝ စဏ္ဍိကော၊ စဏ္ဍိကဿ ဘာဝေါ စဏ္ဍိက္ကံ၊ စဏ္ဍိက-ပုဒ်နောင် ဘောအနက်၌ ဏျပစ္စည်းသက်၊ ဏျ-ကို က-ပြု၊ က-ကို ဒွေးဘော်ပြု၍ စဏ္ဍိက္က-ပုဒ် ရုပ်ပြီးသည်ဟု မှတ်ပါ။

http://www.dhammadownload.com

မေး။ ကွာသာ နှင့် မစ္ဆရိယ-တို့၏ သဘောအဓိပ္ပာယ် ရေး၍၊ ၄င်းတို့၏ လက္ခဏာ များကိုလည်း ဖော်ပြပါ။

ဖြေ။ သူတစ်ပါးစည်စိမ်ကို ငြူစူတတ် မနာလိုတတ်သောကြောင့် "ကွာသာ" မည်ပါသည်။

မိမိစည်းစိမ်ကို လျှို့ဝှက်တတ် ဝန်တိုတတ်သော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း တရားသည် "မစ္ဆရိယ" မည်ပါသည်။

(တစ်နည်း) "ဤ အံ့ဩဖွယ်သည် အခြားသူတို့အတွက် မဖြစ်ပါစေလင့်၊ ငါ့ အတွက်သာ ဖြစ်ပါစေ"ဟူသော အခြင်းအရာမျိုးဖြင့် ဖြစ်တတ်သောကြောင့် "မစ္ဆရိယ" မည်ပါသည်။

ကွာသာသည် "ပရသမ္ပတ္တိဥသူယန (= သူတစ်ပါးစည်းစိမ်ချမ်းသာကို ငြူစူခြင်း = မနာလိုခြင်း မရှုဆိတ်ခြင်း" လက္ခဏာ ရှိပါသည်။

မစ္ဆရိယသည် "အတ္တသမ္ပတ္တိနိဂူဟန (= မိမိစည်းစိမ်ကို လျှို့ဝှက်ခြင်း)" လက္ခဏာ ရှိပါသည်။

မေး။ ကွာသာ, မစ္ဆရိယ-ပုဒ်တို့ကို ရသင့်သမျှ ဝိဂြိုဟ်ဆိုပြ၍၊ ဖြစ်သင့်သမျှ အရလည်း ကောက်ပြခဲ့ပါ။

ဖြေ။ - ကွာသတီတိ ကွာသာ။ ကွာသာ စေတသိက်ကို ရ၏။

- (၁) မစ္ဆရတိ အတ္တသမ္ပတ္တိ နိဂူဟတီတိ မစ္ဆေရော။ မိမိစည်းစိမ်ကို လျှို့ဝှက် တတ် ဝန်တိုတတ်သော ပုဂ္ဂိုလ်ကို ရ၏။

မစ္ဆရဿ ဘာဝေါ မစ္ဆရိယံ။ မစ္ဆရိယစေတသိက်ကို ရ၏။

(၂) အစ္ဆရိယံ ပဟရိတုံ ယုတ္တန္တိ အစ္ဆရိယံ၊ လက်ဖျစ်ခတ်တီး အံ့ချီးခြင်းငှါ သင့်သော အံ့ဩဖွယ်ကောင်းသော အရာဝတ္ထုကို ရပါသည်။

မာ အစ္ဆရိယန္တိ ပဝတ္တံ မစ္ဆရိယံ။ မစ္ဆရိယစေတသိက်ကို ရပါသည်။

သိမှတ်ဖွယ်

<u>မစ္ဆရိယ-ပုဒ် ရုပ်ပြီးပုံ</u>။ ။ပထမနည်းအလို - မစ္ဆရ ပုဒ်နောင် ဘာဝအနက်၌ ဏျ-ပစ္စည်းသက်၊ ဏ် အနုဗန်ကို ချေ (မစ္ဆရ ယ)၊ တေသု ဝုဒ္ဓိ-သုတ်ကြိုးဖြင့် ယ-ကြောင့် က္က-လာ၍ "မစ္ဆရိယ"ဟု ရုပ်ပြီးပါသည်။

ဒုတိယနည်းအလို - "မာ+အစ္ဆရိယ" ဟူသော ၂-ပုဒ်ကို သန္ဓိစပ်၍ "မစ္ဆရိယ"ဟု ရုပ်ပြီးပါသည်။

<u>မစ္ဆရိယ ၂-မျိုး</u>။ ။မိမိစည်းစိမ်သည် ရရှိပြီး , ရရှိလတ္တံ့-ဟု ၂-မျိုးရှိသော ကြောင့် (၁) ရရှိပြီး မိမိစည်းစိမ်ကို လျှို့ဝှက်ခြင်း။ (၂) ရရှိလတ္တံ့ မိမိစည်းစိမ်ကို လျှို့ဝှက်ခြင်း-

http://www.dhammadownload.com

ဟု မစ္ဆရိယ ၂-မျိုးရှိကြောင်း မိန့်ဆိုကြပါသည်။

မေး။ ယခုအခါ မလျှူလို မတန်းလို မပေးလို မကမ်းလိုသူကို "မစ္ဆရိယတရား အားကြီးသူ"ဟု ပြောဆိုကြရာ ထိုအဆို မှန်/မမှန်ကို စိစစ်ဝေဖန်ပြပါ။

ဖြေ။ "မလျှူလို မတန်းလို မပေးလို မကမ်းလိုခြင်းမှာ မစ္ဆရိယ၏သဘော မဟုတ်၊ မိမိပစ္စည်းကို တွယ်တာသော လောဘ၏သဘောသာ ဖြစ်သည်။ **မစ္ဆရိယ၏** သဘောကား မိမိပစ္စည်းကို သူတစ်ပါးတို့ မရစေလိုခြင်းသာ ဖြစ်သည်" ဟု ဆိုကြပါသည်။ သို့သော် မလျှူလို မတန်းလို မပေးလို မကမ်းလိုသူ၌ မိမိပစ္စည်းကို တွယ်တာမှုဟူသော လောဘသဘောသာမက, မိမိပစ္စည်းကို သူတစ်ပါးတို့ မရစေလိုခြင်းဟူသော မစ္ဆရိယသဘောလည်း ပါမည်သာ။ ထို့ကြောင့် မေးခွန်းပ စကားကို အမှားဟု မဆိုသာပါ။

မေး။ ဣဿာနှင့် မစ္ဆရိယတို့၏ အထူးကို ရေးသားဖြေဆိုပါ။

ဖြေ။ ဣဿာသည် သူတစ်ပါးတို့၏ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာကို မနာလို မကြားလိုခြင်း ငြူစူစောင်းမြောင်းခြင်းသဘောဖြစ်၍၊ **မစ္ဆရိယ**ကား မိမိ၌ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာကို လျှို့ဝှက်ခြင်း ဝန်တိုခြင်းသဘောဖြစ်၏။

(တစ်နည်း) **ဣဿာ** သည် ဗဟိဒ္ဓကို အာရုံပြု၍၊ **မစ္ဆရိယ**သည် အဇ္ဈတ္တ၌ အာရုံပြု၏။

မေး။ ကုက္ကုစ္စ-၌ ကုကတ-ဟူသော ပုဒ်ရင်းကို ဝိဂြိုဟ်ဆိုပြီး အရလည်း ကောက်ပြပါ

ဖြေ။ ကုစ္ဆိတံ ကတန္တိ ကုကတံ။
ပြုအပ်ပြီးသော ဒုစရိုက်, မပြုခဲ့မိသော သုစရိုက်တို့ကို မုချအားဖြင့် ရ၏။
ဤကုက္ကုစ္စ-ဟူသော ပုဒ်၌ကား ထိုပြုအပ်ပြီးသော ဒုစရိုက်, မပြုခဲ့မိသော သုစရိုက်တို့ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ဝိပ္ပဋိသာရ ဒေါသမူစိတ္တုပ္ပါ ကို ကာရဏူပစာအားဖြင့် ရပါသည်။

မေး။ ကတဒုစ္စရိတ (ပြုအပ်ပြီးသော ဒုစရိုက်) သည် 'ကုကတ' မည်တန်စေ၊ အကင သုစရိတ (မပြုခဲ့မိသော သုစရိုက်) ကား အဘယ်သို့ 'ကုကတ' မည်ပါသနည် သုကတသာ မည်ရာသည် မဟုတ်ပါလော။

ဖြေ။ အကတသုစရိတ (မပြုခဲ့မိသော သုစရိုက်)ကိုလည်း 'ကုကတ = စက်ဆုပ်အ သော စက်ဆုပ်ဖွယ်ကောင်းသော အမှုအရာ'ဟူ၍ ကုသိုလ်ကောင်းမှု မပြုခဲ့မိခ

http://www.dhammadownload.com

လူအများက ခေါ်ဝေါ်ပြောဆိုကြသောကြောင့် အကတသုစရိတ (မပြုခဲ့မိသော သုစရိုက်)သည်လည်း 'ကုကတ' မည်နိုင်ပါသည်။

မေး။ အကတသုစရိတကို 'ကုကတ' ဟု လူအများက ခေါ်ဝေါ်ပြောဆိုကြပုံကို ရေးပြပါ။

ဖြေ။ "ယံ မယာ အကတံ၊ တံ ကုကတမေဝ = အကြင် သုစရိုက်အမှုကို ငါသည် မပြုခဲ့မိ၊ ထိုသုစရိုက်အမှုသည် စက်ဆုပ်အပ်သော စက်ဆုပ်ဖွယ်ကောင်းသော အမှုအရာပေတည်း" ၊ ဤသို့ လူအများက ခေါ်ဝေါ်ပြောဆိုကြပါသည်။

မေး။ ကုကွတ္တစ္စ-၏ အဓိပ္ပာယ် ရေး၍၊ ၎င်း၏ လက္ခဏာကိုလည်း ဖော်ပြပါ။

ဖြေ။ ပြုအပ်ပြီးသော ဒုစရိုက်, မပြုခဲ့မိသော သုစရိုက်ကို အကြောင်းပြု၍ ဖြစ်သော ဝိပ္ပဋိသာရဒေါသမူစိတ္တုပ္ပါဒ်၏ ဖြစ်ကြောင်းဖြစ်ရာ စေတသိက်သည် "ကုကွတ္တစ္စ" မည်ပါသည်။

ထိုကုကွတ္တစ္စသည် "ကတာကတ ဒုစ္စရိတသုစရိတာနုသောစန = ပြုအပ်ပြီသော ဒုစရိုက်, မပြုခဲ့မိသော သုစရိုက်သို့ အစဉ်လိုက်၍ စိုးရိမ်ခြင်း ဝမ်းနည်းခြင်း) " လက္ခဏာရှိပါသည်။

ဝစနတ္ထ - ကုကတသ ဘာဝေါ ကုကွတ္တစ္စံ။

မေး။ ကုကွတ္တစ္စ-ပုဒ်ကို "နောင်တတစ်ဖန် ပူပန်ခြင်း" ဟု အနက်မြန်မာ ပြန်ဆိုကြရာ ထိုနောင်တတစ်ဖန် ပူပန်ခြင်းသည် ဘယ်နှမျိုးရှိပါသနည်း။

ဖြေ။ နောင်တတစ်ဖန် ပူပန်ခြင်းသည် (၁) ပြုအပ်ပြီးသော ဒုစရိုက်ကို အာရုံပြု၍ "ပြုမိတာ မှားလေစွ"ဟု နောင်တတစ်ဖန် ပူပန်ခြင်း၊ (၂) မပြုလိုက်မိသော သုစရိုက်ကို အာရုံပြု၍ "မပြုလိုက်မိတာ မှားလေစွ" ဟု နောင်တတစ်ဖန် ပူပန်ခြင်း-ဟု နှစ်မျိုးရှိပါသည်။

) ပစ္စည်းဥစ္စာ ပေါများစဉ်က ပးပြီးနောက် တစ်စုံတစ်ခု အကြောင်းကြောင့် ဆင်းရဲဒုက္ခရောက်သောအခါ "ဟိုတုန်းက လျှုခဲ့မိတာ မှားလေခြင်း" ဟု ပြုအပ်ပြီးသော သုစရိုက်မှုကို အာရုံပြု၍ နောင်တတစ်ဖန် ပူပန်ခြင်း၊ (ခ) မြွေဆိုးကို တွေ့စဉ်က မသတ်လိုက်ဘဲ နောင်အခါ ထိုမြွေက မိမိနှင့်စပ်ဆိုင်ပတ်သက်သူ တစ်ယောက်ကို ကိုက်ခါမှ "ဟိုတုန်းက မသတ်လိုက်မိတာ မှားလေခြင်း"ဟု မပြုလိုက်မိသော ဒုစရိုက်မှုကို အာရုံပြု၍ နောင်တတစ်ဖန် ပူပန်ခြင်း။ ဤနှစ်မျိုးတို့သည် ကုကွတ္တစ္စ ဟုတ်/မဟုတ် စစ်တမ်း ထုတ်ခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ "တံ ကတာကတဒုစ္စရိတသုစရိတာနုသောစနလက္ခဏံ" နှင့် အညီ ပြုအပ်ပြီးသော ဒုစရိုက်မှုကို နောင်တတစ်ဖန် ပူပန်ခြင်း, မပြုလိုက်မိသော သုစရိုက်မှုကို နောင်တတစ်ဖန် ပူပန်ခြင်း၊ ဤနှစ်မျိုးသာ ကုက္ကုစ္စမည်သောကြောင့် (က)သည် ကုက္ကုစ္စ မဟုတ်ပါ။ လှုပ်ပြီးပစ္စည်းကို ပြန်၍ နှမြောခြင်း နှလုံးမသာယာခြင်း ဒေါမနဿသာ ဖြစ်ပါသည်။

(ခ)သည်လည်း ကုက္ကုစ္စ မဟုတ်ပါ။ အမျက်ထွက်ခြင်း ဒေါသသာ ဖြစ်ပါသည်။ (အကုံရင့်ကာ၌ နှစ်မျိုးလုံးပင် 'သောက'ဖြစ်၏-ဟု ဆိုပါသည်။)

အချုပ်မှတ်ဖွယ်။ ။ ပြုအပ်ပြီးသော သုစရိုက်, မပြုလိုက်မိသော ဒုစရိုက်ကို အာရုံပြု၍ နောင်တကစ်ဖန် ပူပန်မှုသည် ကုက္ကုစ္စ မဟုတ်-ဟု အချုပ်မှတ်ပါလေ။

ကုက္ကုစ္စအပြား ၃-ပါး

(၁) နိဝရဏကုက္ကုစ္စ - နိဝရဏတရားတွင် ပါဝင်သော ဤကုက္ကုစ္စစေတသိက်။

(၂) ဝိနယကုက္ကုစ္စ - ဝိနည်းအရာ၌ အပ်လေသလား? မအပ်လေသလား ?ဟု ယုံမှား သံသယဖြစ်ခြင်း, စဉ်းစားကြံစည်ခြင်း။ **တရားကိုယ်အားဖြင့်** ပုထုဇဉ်,သေက္ခနှင့် ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်နိုင်သည့် ကုသိုလ်, ကြိယာစိတ္တုပ္ပါဒ်တည်း။

(၃) အသံယတကုက္ကုစ္စ - ဘုရာဝတ်တက်, ပရိသတ်အစည်းအဝေးစသည်တို့၌ ကိုယ်, နှုတ်တို့ကို မစောင့်စည်းဘဲ လက်လှုပ်, ခြေလှုပ်ခြင်း၊ ချွဲသလိပ်ဟက်ခြင်းစသော မသင့်လျော်မလျောက်ပတ်သော အမှုများ။ **တရားကိုယ်အားဖြင့်** မောဟပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်တည်း။

မေး။ ထိန, မိဒ္ဓတို့၏ သဘောသွားကို ရေးသားဖြေဆိုပါ။

ဖြေ။ စိတ်၏ အမှုဌ မခံခြင်း, တွန့်တို ဆုတ်နစ်ခြင်း, ပျင်းရိ ထိုင်းမှိုင်းခြင်း သဘောသည် "ထိန"မည်ပါသည်။

စေတသိက်တို့၏ အမှုဌ မခံခြင်း, တွန့်တို ဆုတ်နစ်ခြင်း, ပျင်းရိ ထိုင်းမှိုင်းခြင်းသဘောသည် "မိဒ္ဓ" မည်ပါသည်။

မေး။ ထိန, မိဒ္ဓ-ပုဒ်တို့ကို ဝိဂြိုဟ်ဆို၍၊ အရလည်း ကောက်ပြပါ။

ဖြေ။ **ထိနနံ ထိနံ**၊ အားထုတ်မှုမရှိခြင်း(အားတက်သရော မရှိခြင်း) တွန့်တို ဆုတ်နစ် ခြင်း၏ အစွမ်းဖြင့် နှိပ်စက်ခံရသကဲ့သို့ ဖြစ်ခြင်း(ပျင်းရိခြင်း)ကို ရပါသည်။

http://www.dhammadownload.com

မိဒ္ဓနံ မိဒ္ဓံ၊ ကင်းသောအစွမ်းသတ္တိရှိသော (အစွမ်းသတ္တိကင်းသော) စိတ်၏ ဖြစ်ကြောင်းဖြစ်ရာ အစွမ်းသတ္တိကင်းခြင်းသဘော၊ ဝါ- အစွမ်းသတ္တိ မရှိသော သမ္မယုတ်စိတ်၏ ဖြစ်ကြောင်းဖြစ်ရာ အစွမ်းသတ္တိမရှိခြင်းဟူသော ပင်ပန်းခြင်း သဘောကို ရပါသည်။

မှတ်ချက်။ ။ - ထိနနန္တိ စတဿတ္ထံ ဒဿေတိ "သံဟတဘာဝေါ"တိ။ ကုသီတ-ဘာဝေါတိ အတ္ထော။ - ဝိဂတံ သာမတ္ထိယံ ယဿာတိ ဝိဂတသာမတ္ထိယံ၊ စိတ္တံ၊ တဿာဝေါ ဝိဂတသာမတ္ထိယတာ။ -နတ္ထိ-ထေသ သတ္တီတိ တံသမ္မယုတ္တံ စိတ္တံ အသတ္ထိ၊ တဿ ဘာဝေါဝိ **အသတ္ထိ**။ သောယေဝ ဝိယာတောတိ အသတ္ထိဝိယာတောတိ အတ္ထော-ဟူသော **မဂ်ိမဋ္ဌ** (၁၃၃၁)အဖွင့်များနှင့်အညီ ရေးပါသည်။

ဆရာမြတ်တို့ကား တစ်မျိုးအနက်ပေးတော်မူကြပါသည်။ **"နိုပ်စက်ခံရသကဲ့သို့ ဖြစ်ခြင်း (ဖျင်းရီခြင်း)"**ဟူသည် ထိနစေတသိက်ဖြစ်၍၊ **"အစွမ်းသတ္တိကင်းခြင်းသဘော ဝါ-အစွမ်းသတ္တိ မရှိခြင်းဟူသော ပင်ပန်းခြင်းသဘော"** ဟူသည် မိဒ္ဓစေတသိက်ပင် ဖြစ်ကြောင်း သိပါ။

မေး။ အမှု၌ မခံခြင်းအားဖြင့် သဘောတူကြသော ထိနနှင့် မိဒ္ဓတို့၏ အထူးကို ရေးပါ။ (ထိန, မိဒ္ဓတို့၏ လက္ခဏာကို ရေးပါ။)

ဖြေ။ ထိနသည် စိတ်၏ အမှု၌ မခံခြင်း လက္ခဏာရှိ၏။ မိဒ္ဓသည် ဝေဒနာ အစရှိသော ခန္ဓာသုံးပါးအပေါင်း၏ အမှု၌ မခံခြင်း လက္ခဏာရှိ၏။ ဤသို့ ထူးပါသည်။

(ဆောင်) **စိတ်၏ အမှုမှာ၊ မခံတာ၊ ခေါ်ပါ "ထိန" တဲ့၊**
ဝေဒနာစသား၊ သုံးပါးခန္ဓာ၊ အမှုမှာ၊ မခံတာ "မိဒ္ဓ"ကွဲ့။

မေး။ "ထိနသည် စိတ်၏ အမှု၌ မခံခြင်း လက္ခဏာရှိ၏။ မိဒ္ဓသည် ဝေဒနာအစရှိသော ခန္ဓာသုံးပါးအပေါင်း၏ အမှု၌မခံခြင်း လက္ခဏာရှိ၏" ဟူသော ဤအထူးကို အဘယ်ကိုထောက်၍ သိရပါသနည်း။

ဖြေ။ "တတ္ထ **ကတမံ ထိနံ**၊ ယာ စိတ္တဿ အကလ္လတာ အကမ္မညတာ။ တတ္ထ **ကတမံ မိဒ္ဓံ**၊ ယာ ကာယဿ အကလ္လတာ အကမ္မညတာ" ဟူသော ဓမ္မသင်္ဂဏီ စိတ္တုပ္ပါဒကဏ္ဍ ပါဠိတော်ကို ထောက်၍ သိရပါသည်။

မေး။ ထိန, မိဒ္ဓတို့သည် တစ်သီးတစ်ခြားစီ ဖြစ်ကြပါသလော? သို့မဟုတ်- ယှဉ်တွဲ၍ ဖြစ်ကြပါသလော? ရှင်းပြပါ။

http://www.dhammadownload.com

ဖြေ။ စိတ်၏ ထိုင်းမှိုင်းမှုသည် ထိနဖြစ်၍၊ စေတသိက်တို့၏ ထိုင်းမှိုင်းမှုသည် မိဒ္ဓ ဖြစ်၏။ စိတ်နှင့် စေတသိက်တို့သည် အမြဲတစေ ယှဉ်တွဲ၍ဖြစ်လေ့ရှိသော တရားများဖြစ်သောကြောင့် ထိန, မိဒ္ဓတို့သည်လည်း ယှဉ်တွဲ၍ ဖြစ်ကြပါသည်။ တစ်သီးတစ်ခြားစီ မဖြစ်ကြပါ။

ထိုင်းမှိုင်း - အားတက်သရောမရှိ သွက်သွက်လက်လက် မရှိဘဲ နှေးကွေးလေးလံ နေခြင်းကို "ထိုင်းမှိုင်း"ဟု ဆိုသည်။

မေး။ ထိန, မိဒ္ဓတို့သည် အဘယ်အရာနှင့် တူပါသနည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ထိန, မိဒ္ဓ အားကြီးသူသည် မလုပ်ချင် မကိုင်ချင် ထိုင်းမှိုင်းငေးငိုင်လျက် အိပ်ချင် သလို ဖြစ်နေတတ်ကြကုန်၏။ ထို့ကြောင့် ထိန, မိဒ္ဓတို့သည် လူပျင်း လူဖျင်းများ အဖို့ အိပ်ဆေးနှင့် တူပါသည်။

(ဆောင်) ထိ, မိဒ်နှစ်ဖြာ၊ တူလှတာ၊ ပမာ အိပ်ဆေးနှင့်။

မေး။ ဓမ္မသင်္ဂဏိပါဠိတော်၌ "ယာ ကာယသ အကလ္လတာ"စသည်ဖြင့် ဟောတော်မူ အပ်သောကြောင့် ရူပကာယ၏လည်း အမှု၌ မခဲခြင်းသည် မိဒ္ဓမည်ရကား ထိုမိဒ္ဓ၏ ရုပ်အဖြစ်သည်လည်း ဖြစ်သင့်သည် မဟုတ်ပါလော? (ရုပ်ဖြစ်သော် ရှိကောင်းရာသည် မဟုတ်ပါလော?) ရှင်းလင်းဖြေဆိုပါ။

ဖြေ။ မဖြစ်သင့်ပါ။ အကြောင်းကား- ထိုထိုအဋ္ဌကထာ, ဋီကာတို့၌ အဋ္ဌကထာ, ဋီကာ ဆရာတို့ ထုတ်ဆောင်အပ်သော အကြောင်းဖြင့်ပင် မိဒ္ဓ၏ ရုပ်အဖြစ်ကို ပယ်မြစ် အပ်ပြီးဖြစ်သောကြောင့် ဖြစ်ပါသည်။ (စုဏ္ဏိယ)

ကာမစ္ဆန္ဒနိဝရဏာ စသည်တို့ကဲ့သို့ မိဒ္ဓကို ပဟာတဗ္ဗတရားတို့၌ ဘုရားရှင် ဟောကြားတော်မူအပ်သောကြောင့် ဖြစ်ပါသည်။ (စာ-၁၀၉ လာ ဂါထာ။)

ရှင်းချက်။ ။ မိဒ္ဓကို မဂ်ဖြင့် ပယ်အပ်သော နီဝရဏတရားတို့၌ ထည့်သွင်း၍ ဘုရားရှင် ဟောတော်မူပါသည်။ ရုပ်ကိုကား သောတာပတ္တိမဂ်စသည်ဖြင့် ပယ်အပ်၏-ဟု ဟောတော်မမူ ပါ။ (ရုပ်သည် အပဟာတဗ္ဗတရားဖြစ်၍ ပဟာတဗ္ဗတရားတို့၌ ထည့်သွင်း၍ ဘုရားရှင် ဟောကြားတော်မူအပ်သော မိဒ္ဓသည် ရုပ် မဖြစ်နိုင်ပါ-ဟူလို။)

မေး။ "ရူပံ ဘိက္ခဝေ နတုမှာကံ၊ တံ ပဇဟထ" ဟူသော ခန္ဓသံယုတ် နတုမှာကဝဂ် ပါဠိတော်ရှိသောကြောင့် ရုပ်၏ ပဟာတဗ္ဗတရား၏အဖြစ်ဟူသော အရိုင်း အယောင် ထင်ရကား ရုပ်ကို ပဟာတဗ္ဗတရားဟု ဆိုသင့်သည့် မဟုတ်ပါလော?

F24/A

http://www.dhammadownload.com

ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ "ရူပဲ့ ဘိက္ခဝေ နတုမှာကံ၊ တံ ပဇဟထ" ဟူသော ပါဠိတော်သည် စင်စစ် ရုပ်ကို ပယ်ဖို့ရန် ဟောတော်မူအပ်သော နီတတ္ထဒေသနာ မဟုတ်ပါ။ ရုပ်လျှင် အာရုံရှိသော (ရုပ်ကို အာရုံပြု၍ဖြစ်သော) ဆန္ဒရာဂကို ပယ်ဖို့ရန် ဟောတော်မူအပ်သော နေယျတ္ထဒေသနာသာ ဖြစ်ပါသည်။ ထို့ကြောင့် ရုပ်ကို ပဟာတဗ္ဗ တရားဟု မဆိုသင့်ပါ။

မေး။ "ရူပံ ဘိက္ခဝေ နတုမှာကံ တံ ပဇဟထ-ဟူသောပါဠိတော်သည် ရုပ်လျှင်အာရုံရှိသော ဆန္ဒရာဂကို ပယ်ဖို့ရန် ဟောတော်မူအပ်သော နေယျတ္ထဒေသနာ ဖြစ်သည်။ ရုပ်ကို ပယ်ဖို့ရန် ဟောတော်မူအပ်သော နီတတ္ထဒေသနာ မဟုတ်" ဟု အဘယ့်ကြောင့် သိနိုင်ပါသနည်း။

ဖြေ။ သံယုတ်ပါဠိတော်၊ ဘာရဝဂ်၊ ဆန္ဒရာဂသုတ်၌ "ယော ဘိက္ခဝေ ရူပသ္မိံ ဆန္ဒ-ရာဂေါ၊ တံ ပဇဟထ" ဟု ဘုရားရှင် ဟောတော်မူသောကြောင့် "ရူပံ ဘိက္ခဝေ နတုမှာကံ၊ တံ ပဇဟထ-ဟူသောပါဠိတော်သည် ရုပ်လျှင်အာရုံရှိသော ဆန္ဒရာဂကို ပယ်ဖို့ရန် ဟောတော်မူအပ်သော နေယျတ္ထဒေသနာ ဖြစ်သည်။ ရုပ်ကို ပယ်ဖို့ရန် ဟောတော်မူအပ်သော နီတတ္ထဒေသနာ မဟုတ်" ဟု သိနိုင်ပါသည်။

မေး။ "နိဝရဏတရားတို့ကို ပယ်ဖို့ရန် ဟောတော်မူအပ်သော ထိုထိုသုတ္တန်ပါဠိတော်၌ ရုပ်မိဒ္ဓ၊ နာမ်မိဒ္ဓ ၂-မျိုးတို့တွင် နာမ်ဖြစ်သောမိဒ္ဓကို ရည်ရွယ်၍ ဟောတော်မူခြင်းဖြစ်သည်။ ထို့ကြောင့် မဟောသော ရုပ်မိဒ္ဓ ရှိသေးသည်" ဟု တစ်စုံတစ်ယောက်က ပြောဆိုလာလျှင် သင်မည်သို့ ဖြေရှင်းမည်နည်း။

ဖြေ။ ထိုထိုသုတ္တန်ပါဠိတော်၌ "အရူပဲ မိဒ္ဓံ ပဟာယ" ဟု ဝိသေသအားဖြင့် မဟောဘဲ "မိဒ္ဓံ ပဟာယ" ဟု သာမညအားဖြင့် ဟောတော်မူအပ်သောကြောင့် ရုပ်မိဒ္ဓ ဟူ၍ မရှိနိုင်ပါ-ဟု ဖြေရှင်းပါမည်။

မေး။ ရုပ်မိဒ္ဓ မရှိနိုင်ပုံကို အကြောင်းယုတ္တိ စုံလင်စွာညှိလျက် တိကျပြတ်သားစွာ ဆုံးဖြတ်ခဲ့ပါ။

ဖြေ။ (၁) မိဒ္ဓကို ကာမစ္ဆန္ဒနီဝရဏ စသည်တို့ကဲ့သို့ ပဟာတဗ္ဗတရားတို့၌ ဟောတော်မူအပ်သောကြောင့်လည်းကောင်း (ရုပ်သည် အပဟာတဗ္ဗတရားဖြစ်ကြောင်း သတိပြု)၊ (၂) နိဝရဏတရားတို့ကို ပယ်ဖို့ရန် ဟောတော်မူအပ်သော ထိုထိုသုတ္တန်ပါဠိတော်တို့၌ 'အရူပဲ မိဒ္ဓံ ပဟာယ' ဟု ဝိသေသအားဖြင့် မဟောဘဲ

http://www.dhammadownload.com

'မိဒ္ဓံ ပဟာယ' ဟု သာမညအားဖြင့်သာ ဟောတော်မူအပ်သောကြောင့် လည်းကောင်း၊ (၃) "ထိနမိဒ္ဓနိဝရဏံ အဝိဇ္ဇာနိဝရဏေန နိဝရဏဘွေဝ နိဝရဏသမ္မယုတ္တတ္တာ" ဟု မိဒ္ဓ၏ သမ္မယုတ်အဖြစ်ကို ဟောတော်မူသောကြောင့် လည်းကောင်း (နာမ်ခန္ဓာတို့၏သာ သမ္မယုတ်အဖြစ်ကို ဟောတော်မူအပ်ပါသည်၊ ရုပ်ခန္ဓာတို့၏ သမ္မယုက်အဖြစ်ကို မဟောအပ်ပါ)။ (၄) ပဋ္ဌာန်းပါဠိတော် "နီဝရဏံ ခမွဲ ပဋိစ္စ နိဝရဏော ခမွော ဥပ္ပဇ္ဇတိ နာ ပုရေဇာတပစ္စယာ" ဟူသော ပါဠိ၏ဝိဘင်း၌ "အာရုပ္ပေ ကာမဇ္ဈာနဿ နိဝရဏံ ပဋိစ္စ ထိနမိဒ္ဓံ ဥဒ္ဓစ္စံ အဝိဇ္ဇာနိဝရဏံ" ဟု အရူပဘုံ၌ မိဒ္ဓဖြစ်ခြင်းကို ဟောတော်မူအပ်သောကြောင့်လည်းကောင်း ရုပ်မိဒ္ဓ-ဟူ၍ မရှိနိုင်ပါ။

လိုရင်း - ပဟာတဗ္ဗတရားတို့၌ ထည့်သွင်းဟောကြားတော်မူအပ်သောကြောင့် လည်းကောင်း၊ ထိုထိုသုတ္တန်ပါဠိတော်တို့၌ "မိဒ္ဓံ ပဟာယ"ဟု သာမညသာ ဟောတော်မူအပ်သောကြောင့်လည်းကောင်း၊သမ္မယုတ်အဖြစ်ကို ဟောကြားတော်မူအပ်သောကြောင့်လည်းကောင်း၊ အရူပဘုံ၌ ဖြစ်ခြင်းကို ဟောကြားတော်မူအပ်သောကြောင့် လည်းကောင်း ရုပ်မိဒ္ဓ-ဟူ၍ မရှိနိုင်ပါ။

မေး။ ရုပ်မိဒ္ဓမရှိခဲ့သော် နာမ်မိဒ္ဓကို ပယ်ပြီးဖြစ်သော ရဟန္တာများသည် အဘယ့် ကြောင့် အိပ်စက်တော်မူကြပါသနည်း၊ ရဟန္တာများ၏ အိပ်စက်ခြင်းသည် ရုပ်မိဒ္ဓဖြင့် အိပ်စက်ခြင်းပင် မဟုတ်ပါလော။

ဖြေ။ မဟုတ်ပါ။ ရဟန္တာများသည် ကရဇကာယ-ခေါ် ခန္ဓာကိုယ်၏ ကျင်နာခြင်း ပင်ပန်းနွမ်းနယ်ခြင်းကြောင့်သာ အိပ်စက်တော်မူကြခြင်း ဖြစ်ပါသည်။

မေး။ "အိပ်ခြင်း" ဟူသည် အဘယ်နည်း? ဖြေဆိုပါ။

ဖြေ။ "အိပ်ခြင်း" ဟူသည် ဝိထိစိတ်ကို ဖြတ်တောက်လျက် ဘဝင်သို့ သက်ရောက်ခြင်း ဘဝင်ကျနေခြင်း ဖြစ်ပါသည်။

သာဓက။ ။ နိဒ္ဒန် ဝိထိစိတ္တာသ အဝခဏ္ဏန် ဆိန္နန် နိဒ္ဒါ။ ဘဝင်္ဂါတရဏံ။ တဋိ နေသံ နိဒ္ဒါ နာမ။ (ဇု၊ ၁။ ၃၃၆။)

မေး။ အိပ်ခြင်းသည် အဘယ်စိတ်ဖြင့် အိပ်ခြင်း ဖြစ်ပါသနည်း၊ ထိန, မိဒ္ဓဖြင့် အိပ်ခြင်း ဖြစ်ပါသလော။

ဖြေ။ အိပ်ခြင်းသည် ထိန, မိဒ္ဓဖြင့် အိပ်ခြင်း မဟုတ်၊ ဘဝင်စိတ်ဖြင့် အိပ်ခြင်းသာ ဖြစ်ပါသည်။

http://www.dhammadownload.com

မှတ်ချက်။ ။ ထိန, မိဒ္ဓ-ဟူသည် အိပ်ခါနီး၌လည်းကောင်း၊ အိပ်ရာမှ နိုးစ၌လည်းကောင်း ဖြစ်သော တရားဖြစ်သည်။ အိပ်ပျော်နေသောအခါ၌ကား ဘဝင်စိတ်သာ ဖြစ်နေသည်ဟု မှတ်ပါ။

မေး။ အိပ်ခြင်း ၂-မျိုးကို ဖော်ပြ၍၊ ထိုအိပ်ခြင်း ၂-မျိုးဖြင့် အိပ်စက်သော ပုဂ္ဂိုလ်များကိုလည်း ခွဲခြားပြခဲ့ပါ။

ဖြေ။ အိပ်ခြင်း ၂-မျိုးကား (၁) ထိန, မိဒ္ဓဝင်၍ စိတ် စေတသိက်တို့ လေးလံထိုင်းမှိုင်းခြင်းကြောင့် အိပ်ခြင်း။ (၂) ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်မှုကြောင့် အိပ်ခြင်းတို့ ဖြစ်ပါသည်။

ထိုတွင် ရဟန္တာပုဂ္ဂိုလ်တို့သည် ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်မှုကြောင့်သာ အိပ်စက်တော်မူကြပါသည်။ ပုထုဇဉ်, သေက္ခတို့ကား အကြောင်း နှစ်မျိုးလုံးကြောင့်ပင် ထိုက်သလို အိပ်စက်ခြင်း ရှိနိုင်ပါသည်။

သိမှတ်ဖွယ်

ဝိစိကိစ္ဆာ အစစ်နှင့် အတု။ ။ "ဤလမ်းသည် ရွှေမော်ဓောဘုရားသို့ သွားသောလမ်းဟုတ်လေသလား? မဟုတ်လေသလား?၊ ဤရွှေသည် အစစ်လား? အတုလား?" စသည်ဖြင့် တွေးတောယုံမှားခြင်းသည် ဧကန္တဝိစိကိစ္ဆာ-ခေါ် ဝိစိကိစ္ဆာအစစ် မဟုတ်၊ 'ပဋိရူပကဝိစိကိစ္ဆာ'ခေါ် 'ဝိစိကိစ္ဆာအတု'သာ ဖြစ်ပါသည်။ ဘုရား, တရား, သံဃာ, သိက္ခာ, ပုဗ္ဗန္တ, အပရန္တ, ပုဗ္ဗန္တာပရန္တ, ပဋိစ္စသမုပ္ပါဒ်-ဟူသော ရှစ်ဌာနတို့၌ သို့လော သို့လော ကွေးတော ယုံမှားခြင်းကိုသာ 'ဧကန္တဝိစိကိစ္ဆာ'ခေါ် 'ဝိစိကိစ္ဆာအစစ်'ဟု မှတ်ပါ။ (ပရမတ္ထဒီပနီ)

အမှာ။ ။ ဝိစိကိစ္ဆာ-၏ ဝစနတ္ထစသည်ကို အကုသိုလ်စိတ်အဖွင့်၌ ပြန်ကြည့်ပါလေ။

အကုသိုလ် စေတသိက် ၁၄-ပါး ဆိုစဉ်။ ။ အကုသိုလ်စေတသိက် ၁၄-ပါးတို့တွင် သဗ္ဗာကုသလသာဓာရဏဖြစ်သောကြောင့် မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ-ဟူသော မောစတုက် ၄-ပါးတို့ကို ရှေးဦးစွာ ဆိုပါသည်။ (သခ်ဳပ)

မောစတုက် ၄-ပါးတို့တွင်လည်း မူလပဓာနဖြစ်သောကြောင့် မောဟ-ကို ရှေးဦးစွာ ဆိုပါသည်။ လောကဝိနာသကအဖြစ်ဖြင့် ထင်ရှားသောကြောင့် မောဟနောင် အဟိရိက, အနောတ္တပ္ပတို့ကို ဆိုပါသည်။ နောက်ဆုံးစိတ်၌ ပြဌာန်းသောကြောင့် ထို့နောင် ဥဒ္ဓစ္စကို ဆိုပါသည်။

ထို့နောင် ပြအပ်ခဲ့ပြီးသောမူလအစဉ်အားဖြင့် လောဘ, ဒိဋ္ဌိ, မာန-ဟူသော လောဘမူလ သာဓာရဏစေတသိက်တို့ကို၊ ထိုတွင်လည်း မူလပဓာန ဖြစ်သောကြောင့်

http://www.dhammadownload.com

လောဘကို၊ ထို့ နောင် ဒိဋ္ဌဂတသမ္မယုတ်စ်တ်တို့၌ ဖြစ်သောကြောင့် ဒိဋ္ဌကို၊ ထို့နောင် ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်တို့၌ ဖြစ်သောကြောင့် မာနကို ဆိုပါသည်။

ထို့နောင် ပြအပ်ခဲ့ပြီးသောမူလအစဉ်အားဖြင့် ဒေါသ, ကြွာသာ, မစ္ဆရိယ, ကုက္ကုစ္စ-ဟူသော ဒေါသမူလ သာဓာရဏစေတသိက်တို့ကို၊ ထိုတွင် မူလပဓာနဖြစ်သော ကြောင့် ဒေါသကို၊ ထို့နောင် ပါဠိအစဉ်ကို မှီ၍ ကြွာသာ, မစ္ဆရိယ, ကုက္ကုစ္စတို့ကို ဆိုပါသည်။ ထို့နောင် လောဘ, ဒေါသ မူလနှစ်ပါးနှင့် ဆက်ဆံသော ထိန, မိဒ္ဓတို့ကို ဆိုပါ သည်။ ထို့နောင် မောဟမူလ၌ဖြစ်သော ဝိစိကိစ္ဆာစေတသိက်ကို ဆိုပါသည်။ (၄င်း)။

အကုသိုလ်စေတသိက်အဖွဲ့ ပြီး၏။

သောဘနစေတသိက်အဖွဲ့ (၁၀၉)

မေး။ အဘယ့်ကြောင့် သဒ္ဓါ-မည်ပါသနည်း ဖြေဆိုပါ။။

ဖြေ။ ရတနာသုံးတန်, ကံ, ကံ၏အကျိုးတံရား စသည်တို့၌ ယုံကြည်တတ်သောကြောင့် "သဒ္ဓါ" မည်ပါသည်။

(ဆောင်) ရတနာသုံးတန်၊ ကံ, ကံအကျိုး၊ ဤငါးမျိုးကို၊ အားကိုးယုံကြည်၊ တရားသည်၊ တွင်မည် "သဒ္ဓါ"တဲ့။

မေး။ သဒ္ဓါ-ပုဒ်ကို ဝိဂြိုဟ်ဆို၍၊ အရကောက်ပြီးလျှင်၊ ၄င်း၏ လက္ခဏာကိုလည်း ဥပမာနှင့်တကွ ထင်ရှားအောင် ဖော်ပြပါ။

ဖြေ။ သဒ္ဒဟတီတိ သဒ္ဓါ။

ဘုရားအစရှိသည်တို့၌ ဖြစ်သော (ထိုဘုရားစသည်ကို အာရုံပြုသော) စိတ်, သို့မဟုတ်-သမ္မယုတ်တရားတို့၏ ကြည်လင်ကြောင်းသဘောတရားကို ရပါသည်။

ထိုသဒ္ဓါသည် "ပသာဒန (= သမ္မယုတ်တရားတို့ကို ကြည်လင်စေခြင်း)" လက္ခဏာရှိပါသည်။ ဥပမာ - ရေနောက်ကို ကြည်လင်စေတတ်သော စကြဝတေးမင်း၏ ပတ္တမြားရတနာနှင့် တူပါသည်။

http://www.dhammadownload.com

သဒ္ဒါမှတ်ဖွယ်

သဒ္ဒါ ၂-မျိုး။ ။ (၁) ရတနတ္တယသဒ္ဒါ - ရတနာသုံးပါးကို ကြည်ညိုသော သဒ္ဒါ။ (၂) ကမ္မကမ္မဖလသဒ္ဒါ - ကံ, ကံ၏အကျိုးကို ယုံကြည်သော သဒ္ဒါ-ဟူ၍ သဒ္ဒါ ၂-မျိုးရှိပါသည်။ ဤ၌ ၂-မျိုးလုံးကိုပင် လိုအပ်ပါသည်။

(၁) ယုံသဒ္ဒါ - ရတနာသုံးတန်, ကံ, ကံ၏အကျိုး စသည်တို့ကို ဇကန်ရှိ၏-ဟု ယုံသောသဒ္ဒါ။ (၂) ကြည်သဒ္ဒါ - ယှဉ်ဘက် စိတ်, စေတသိက်တို့ကို ကြည်လင်စေတတ်သော သဒ္ဒါ။ ဤသို့လည်း သဒ္ဒါ နှစ်မျိုး နှစ်စား ခွဲခြားကြပါသည်။

မေး။ တိတ္ထိတို့၏ ပူရဏကဿပ စသည်တို့၌ ယုံကြည်ခြင်းသည် သဒ္ဒါ ဟုတ်/မဟုတ် စစ်တမ်းထုတ်လျက် ဆုံးဖြတ်ချက် ချခဲ့ပါ။

ဖြေ။ "ဗုဒ္ဓါဒီသု ပသာဒေါ" အရ ဘုရားအစရှိသည်တို့၌ ဖြစ်သော ယုံကြည်မှုကိုသာ သဒ္ဒါ-ဟု ဆိုရသောကြောင့် တိတ္ထိတို့၏ ပူရဏကဿပ စသည်တို့၌ ယုံကြည်ခြင်းသည် သဒ္ဒါမဟုတ်ပါ။ မိစ္ဆာဓိမောက္ခ-ခေါ် သဒ္ဒါအတုအယောင်သာ ဖြစ်ပါသည်။ (ဇု၊ ၁။ ၃၃၆။)

သိမှတ်ဖွယ်။ ။**"မိစ္ဆာဓိမောက္ခ"**ဟူသည် မှားသောအားဖြင့် ယုံကြည်ဆုံးဖြတ်ခြင်းဖြစ်၏။ တရားကိုယ် အားဖြင့် မသိမှု မောဟ, အယူမှားမှု ဒိဋ္ဌိတို့နှင့် ယှဉ်သော အကုသိုလ်စိတ္တုပ္ပါဒ်သာတည်း။

မေး။ သဒ္ဒါစစ်နှင့် သဒ္ဒါတုကို ခွဲခြား ဖြေဆိုပါ။

ဖြေ။ ဘုရားစစ် ဘုရားမှန်, တရားစစ် တရားမှန်, သံဃာစစ် သံဃာမှန်ဟူသော ရတနာသုံးတန်, ကံ, ကံအကျိုး, ပစ္စုပ္ပန်ဘဝ, တမလွန်ဘဝများကို ယုံကြည်မှု သည်သာ **"သဒ္ဒါစစ်"**ဖြစ်၍၊ ဘုရားတု ဘုရားယောင်, တရားတု တရားယောင်, သံဃာတု သံဃာယောင်စသည်တို့ကို ယုံကြည်မှုမျိုးကား **"မိစ္ဆာဓိမောက္ခ"**ခေါ် **"သဒ္ဒါတု"**သာ ဖြစ်ပါသည်။

သိမှတ်ဖွယ်။။ အိန္ဒိယနိုင်ငံဝယ် အခြို့နယ်ပယ်တို့၌ မဟာဒေဝနတ်ဘုရား၏ အင်္ဂါဇာတ်နှင့် ဘုရားကြင်ယာ စန္ဒီနတ်သမီး၏ အင်္ဂါဇာတ်တို့ကို ပေါင်းစပ်လျက် ရုပ်ပွားတော်အနေအားဖြင့် ယုံကြည်လေးစား အားထားကိုးကွယ်နေကြရာ ထိုယုံကြည်လေးစားမှုမှာ မိစ္ဆာဓိမောက္ခ-ခေါ် သဒ္ဒါတုသာဖြစ်ကြောင်း သိပါ။

မေး။ (က) ဗေဒင်ဟော ဆေးကုလျက် အသက်မွေးမှု ပြုနေကြသော ရဟန်းသံဃာများ၊ သူဌေးဖြစ်ရေး ချဲနံပါတ်ပေး, နတ်ကနားပေးနေသော သံဃာများကို

http://www.dhammadownload.com

ကိုယ်ကျိုးစီးပွား ငဲ့ကွက်လျက် ကြည်ညိုမှု (ခ) တရားအဆန်း, ကမ္မဋ္ဌာန်းအဆန်း တို့ဖြင့် စားလမ်းထွင်နေသော ရဟန်းသံဃာများကို ကြည်ညိုမှုတို့သည် သဒ္ဓါ အစစ် ဖြစ်နိုင်/မဖြစ်နိုင် ပိုင်နိုင်စွာ ဆုံးဖြတ်ပါ။

ဖြေ။ "ဗုဒ္ဓါဒီသု ပသာဒေါ" အရ ဘုရားစစ် ဘုရားမှန်, တရားစစ် တရားမှန်, သံဃာစစ် သံဃာမှန်များကို ကြည်ညိုမှုသည်သာ သဒ္ဓါအစစ် ဖြစ်ပါသည်။ မေးခွန်းပါ သံဃာများကား သံဃာတု သံဃာယောင်များသာ ဖြစ်သောကြောင့် ၎င်းတို့ကို ကြည်ညိုမှုသည် သဒ္ဓါအစစ် မဖြစ်နိုင်ပါ။ "မုဓပွသန္နေ"ခေါ် အကျိုးမပြီး အချည်းနှီးဖြစ်သောကြည်ညိုမှု သဒ္ဓါအတုသာ ဖြစ်ပါသည်။

မေး။ "ဤပုဂ္ဂိုလ်ကို ကိုးကွယ်က စီးပွားဥစ္စာတိုးတက်သည်"ဟု ယုံကြည်ကာ ထို ပုဂ္ဂိုလ်ကို ကိုးကွယ်သူတို့၏ သဒ္ဓါ တရားသည် သဒ္ဓါစစ်/ မစစ် ဗုဒ္ဓအဘိဓမ္မာအမြင်ဖြင့် ဆင်ခြင်သုံးသပ် ဆုံးဖြတ်ပြခဲ့ပါ။

ဖြေ။ "ဗုဒ္ဓါဒီသု ပသာဒေါ"အရ ဘုရားအစရှိသော အာရုံတို့၌ဖြစ်သော ယုံကြည်မှုကိုသာ သဒ္ဓါ-ဟု ဆိုရပါသည်။ ထို့ကြောင့် "ဤပုဂ္ဂိုလ်ကို ကိုးကွယ်က စီးပွားဥစ္စာတိုးတက်သည်"ဟု ယုံကြည်ကာ ထိုပုဂ္ဂိုလ်ကို ကိုးကွယ်သူတို့၏ သဒ္ဓါတရားသည် သဒ္ဓါစစ် မဖြစ်နိုင်ပါ။

မေး။ လောက၌ 'မင့်စကားကို ငါယုံပါတယ်ကွာ' စသည်ဖြင့် ပြောဆိုတတ်ကြ၏။ ထိုသို့ တစ်ယောက်စကားကို တစ်ယောက်က ယုံကြည်ခြင်းကို သဒ္ဓါ-ဟု ဆိုနိုင်ပါမည်လော။

ဖြေ။ သဒ္ဓါ-ဟု ဆိုနိုင်ပါသည်။ သို့သော် "ဗုဒ္ဓါဒီသု ပသာဒေါ"အရ ဘုရားအစရှိသော အာရုံတို့၌ ဖြစ်သော ယုံကြည်မှုကိုသာ "သဒ္ဓါအစစ်"ဟု ဆိုရသောကြောင့် ထို ယုံကြည်မှုမျိုးမှာ "သဒ္ဓါအစစ်"ကား မဖြစ်နိုင်၊ "သဒ္ဓါအတု"သာ ဖြစ်ပါသည်။ တရားကိုယ်အားဖြင့် အဓိမောက္ခစေတသိက် ဖြစ်ပါသည်။

သာဓက - ကေနစိ ဝုတ္တေ ကိသ္မိဉ္စိ သုတေ အဝိစာရေတ္ဝာ သဒ္ဒဟနံ သဒ္ဓါ။ (မူလဋီ၊ ၁။ ၇၀။)

မေး။ ယခု "အေးချမ်းဖြူးခေတ်"၌ သိန်းပေါင်းမြောက်များစွာ လှူဒါန်းသူများကို ကြားသိတွေ့မြင်ရသောအခါ "မည်သူဟာ စေတနာ သဒ္ဓါတရားကောင်းလိုက်တာ"ဟု ချီးမွမ်းပြောဆိုတတ်ကြရာ စေတနာနှင့် သဒ္ဓါ တူ/မတူကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ မိမိကိုယ်တိုင် ကုသိုလ်ကောင်းမှု ပြုလုပ်ဖြစ်အောင်, သူတစ်ပါးတို့ ကုသိုလ်

http://www.dhammadownload.com

ကောင်းမှု ပြုလုပ်ဖြစ်အောင် တိုက်တွန်းနှိုးဆော်ခြင်းသည် "စေတနာ" ဖြစ်၍၊ ထိုသို့ ကုသိုလ်ကောင်းမှုများ ပြုလုပ်ရာ၌ ရတနာသုံးဘန်, ကံ, ကံ၏ အကျိုးတရားတို့ကို ယုံကြည်ခြင်းသည် "သဒ္ဓါ" ဖြစ်၏။ ထို့ကြောင့် စေတနာနှင့် သဒ္ဓါ မတူပါ။

ဒမး။ အဘယ်ကို သတိ-ဟု ဆိုရပါသနည်း ရေးသားဖြေဆို၍၊ ၎င်း၏ လက္ခဏာကို လည်း ဥပမာနှင့်တကွ ဖော်ပြခဲ့ပါ။

ဒဖြ။ ကြာမြင့်စွာသောကာလက ပြုခဲ့သောအမှု, ပြောဆိုခဲ့သောစကားများကို အောက်မေ့ခြင်း အမှတ်ရခြင်းသည် "သတိ" မည်ပါသည်။

အာရုံကို မပျောက်မပျက်စေခြင်း သဘောကို ရပါသည်။

ထိုသတိသည် "သာရဏာ (= သမ္မယုတ်တရားတို့ကို အောက်မေ့စေခြင်း အမှတ်ရစေခြင်း)" လက္ခဏာရှိပါသည်။ **ဥပမာ** - စကြဝတေးမင်း၏ ဘဏ္ဍာစိုးသည် မင်းကြီးအား ၎င်းအစိုးရသမျှ စည်းစိမ်ချမ်းသာကို အောက်မေ့စေခြင်းကဲ့သို့ ဖြစ်ပါသည်။ (ဥပမာ ဦးကာကျော်ရှင် မပါ။ ဇူ၊ ၁။ ၃၃၇-ကြည့်။)

ဓမး။ သတိအစစ်နှင့် သတိအတုကို ခွဲခြားပြခဲ့ပါ။

ဓဖြ။ မှန်ကန်ကောင်းမြတ်သည့် ဘုရား, တရားစသော အာရုံများကို အောက်မေ့မှု အမှတ်ရမှုသည်သာ **"သတိအစစ်"** ဖြစ်ပါသည်။ မိစ္ဆာအယူရှိသူတို့၏ မိမိဆိုင်ရာ ဘုရား, တရားများကို အမှတ်ရမှု၊ သတ္တဝါတို့၏ လောဘအာရုံ, ဒေါသအာရုံ စသော အကုသိုလ်ဆိုင်ရာများကို အမှတ်ရမှုများကား သတိအစစ်မဟုတ်၊ **"မိစ္ဆာသတိ" ခေါ် "သတိအတု"**သာ ဖြစ်ပါသည်။ (**တရားကိုယ်**မှာ သညာ ပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်သာတည်း။)

ငမး။ မိမိပြုလိုက်မိသော အကုသိုလ်မှုကို တစိမ့်စိမ့်တွေး၍ တရေးရေးမြင်ကာ ပြန်လည်အမှတ်ရနေခြင်းသည် သတိဟုတ်/မဟုတ် စစ်တမ်းထုတ်ခဲ့ပါ။

ငဖြ။ မှန်ကန်ကောင်းမြတ်သည့် ဘုရား, တရားစသော အာရုံများကို အောက်မေ့ မှု အမှတ်ရမှုသည်သာ **"သတိအစစ်"** ဖြစ်သောကြောင့် ထိုသို့ ပြန်လည်အမှတ်ရနေခြင်းမှာသတိအစစ်မဟုတ်ပါ။ အမှတ်ရအောက်မေ့သော အခြင်းအရာအားဖြင့် ဖြစ်သော သတိအတုသာ ဖြစ်ပါသည်။

;မ.။ သညာသည် အမှတ်ပြု၍ သိတတ်၏၊ သတိသည် အမှတ်ရတတ်၏။ ထိုနှစ်ပါး

http://www.dhammadownload.com

တို့ အဘယ်သို့ ထူးခြားကြပါသနည်း။

ဖြေ။ သညာသည် သတိက အမှတ်ရသောအခါ ကွဲကွဲပြားပြား ထင်ထင်ရှားရှား အမှတ်ရဖို့ အညို, အရွှေ, အလုံး, အဝိုင်းစသည်ဖြင့် သတ်မှတ်ပေး၏။ သတိသည် ထိုသညာက သတ်မှတ်ပေးသည့်အတိုင်း အညိုပဲ, အရွှေပဲ, အလုံးပဲ, အဝိုင်းပဲ-စသည်ဖြင့် အမှတ်ရ၏။ သညာက အမှတ်ရစေရန် သတိအား အကူအညီပေး၏၊ သတိက ထိုအကူ အညီကို ခံယူ၏။ သညာသည် အကြောင်းဖြစ်၍ သတိသည် အကျိုးဖြစ်၏။ ဤသို့ ထူးပါသည်။

မှတ်ချက်။ ။ ဦးကာကျော်ဌလာသော အဓိပ္ပာယ် မဟုတ်၊ "ထိရသညာပဒဋ္ဌာနာ" ဟူသော စကားကို ကြည့်၍ ရေးသော အဓိပ္ပာယ် ဖြစ်၏။

မေး။ အဘယ့်ကြောင့် ဟိရီ, ဩတ္တပ္ပ-ဟု ခေါ်ဆိုရပါသနည်း။ ၎င်းတို့၏ လက္ခဏာများကိုလည်း ဖော်ပြပါ။

ဖြေ။ ကာယဒုစရိုက် စသည်တို့မှ စက်ဆုပ်တတ်သောကြောင့် "ဟိရီ" မည်ပါသည်။ ကာယဒုစရိုက် စသည်တို့မှ ထိတ်လန့်တတ်သောကြောင့် "ဩတ္တပ္ပ" မည်ပါသည်။

ဟိရီသည် "ဇိဂုစ္ဆန (မကောင်းမှုမှ စက်ဆုပ်ခြင်း)" လက္ခဏာရှိ၍၊ ဩတ္တပ္ပသည် ဥတ္တာသ (မကောင်းမှုမှ ထိတ်လန့်ခြင်း)" လက္ခဏာရှိပါသည်။

ဝစနတ္ထ - ဟိရီယတီတိ ဟိရီ။ ဩတ္တပ္ပတီတိ ဩတ္တပ္ပံ။

မေး။ ဟိရီနှင့် ဩတ္တပ္ပတို့၏ အထူးကို ရေးသားဖြေဆိုပါ။

ဖြေ။ ဟိရီသည် မိမိကိုယ်ကို ရိုသေလေးစားခြင်း၏အစွမ်းဖြင့် မကောင်းမှု ဒုစရိုက်မှ စက်ဆုပ်တတ်သောကြောင့် အမျိုးကောင်း ချွေးမနှင့် တူ၏။

ဩတ္တပ္ပသည် သူတစ်ပါးကို ရိုသေလေးစားခြင်း၏ အစွမ်းဖြင့် မကောင်းမှု ဒုစရိုက်မှ ထိတ်လန့်တတ်သောကြောင့် ပြည့်တန်ဆာမနှင့် တူ၏။ ဤသို့ ထူးပါသည်။

(ဆောင်) **မိမိကိုယ်ကို၊ ရိုသေလေးစား၊ စက်ဆုပ်ငြား၊ မှတ်သား ဟိရီ-ခေါ်။**
သူတစ်ပါးကို၊ ရိုသေလေးစား၊ ထိတ်လန့်ငြား၊ မှတ်သား ဩတ္တပ္ပ-ခေါ်။
အမျိုးကောင်းချွေးမ၊ တူလှပေတာ၊ ပြည့်တန်ဆာ၊ ပမာ စဉ်တိုင်းနော်။

မေး။ ဟိရီ၏ အမျိုးကောင်းချွေးမနှင့် တူပုံ, ဩတ္တပ္ပ၏ ပြည့်တန်ဆာနှင့် တူပုံတို့ကိုပို ရှင်းပြပါ။

၄.၂၇.၄

http://www.dhammadownload.com

ဖြေ။ အမျိုးကောင်းချွေးမသည် မိမိကိုယ်ကို အလေးဂရုပြု၍ မိမိအမျိုးသားမှတစ်ပါး အခြားယောကျ်ားနှင့် ဖောက်ပြားမှုကို စက်ဆုပ်၏၊ ထိုအမှုကို ပယ်စွန့်၏။ ထို့အတူ ဟိရီနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် မိမိကိုယ်ကို အလေးဂရုပြု၍ မကောင်းမှုမှ စက်ဆုပ်၏။ ထိုမကောင်းမှုကို ပယ်စွန့်၏။ ထို့ကြောင့် ဟိရီသည် အမျိုးကောင်း ချွေးမနှင့် တူပါသည်။

ပြည့်တန်ဆာမသည် သူတစ်ပါးကို အလေးဂရုပြု၍ ကိုယ်ဝန်တည်မည်မှ ကြောက်လန့်၏၊ ကိုယ်ဝန်မတည်အောင် ပြု၏။ ထို့အတူ သြတ္တပ္ပနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် သူတစ်ပါးကို အလေးဂရုပြု၍ မကောင်းမှုမှ ကြောက်လန့်၏၊ မကောင်းမှုကို ပယ်စွန့်၏။ ထို့ကြောင့် သြတ္တပ္ပသည် ပြည့်တန်ဆာမနှင့် တူပါသည်။ (ဇူ၊ ၁။ ၃၃၈။)

မေး။ ဟိရီနှင့် သြတ္တပ္ပတို့ ဖြစ်ဖို့အတွက် အနီးကပ်ဆုံးဖြစ်သော အကြောင်းတရား (ပဒဋ္ဌာန်)များကို အသီးသီး ဖြေဆိုပါ။

ဖြေ။ ဟိရီဖြစ်ဖို့အတွက် အနီးကပ်ဆုံးဖြစ်သော အကြောင်း (ပဒဋ္ဌာန်)မှာ အတ္တဂါရဝ-မိမိကိုယ်ကို ရိုသေလေးစားမှုဖြစ်၍၊ သြတ္တပ္ပဖြစ်ဖို့အတွက် အနီးကပ်ဆုံးဖြစ်သောအကြောင်း (ပဒဋ္ဌာန်)ကား ပရဂါရဝ-သူတစ်ပါးကို ရိုသေလေးစားမှုဖြစ်ပါသည်။

မေး။ ဘုရားသွား, ကျောင်းတက်, ဥပုသ်စောင့်, တရားနာ ကုသိုလ်ကောင်းမှုနှင့် ဆိုင်သောအရာတို့၌ ရှက်ခြင်း၊ မိဘ, ဆရာသမား, လူကြီးသူမများထံ သွားရမည်ကို ကြောက်လန့်ခြင်းတို့သည် ဟိရီ, သြတ္တပ္ပ ဟုတ်/မဟုတ် စစ်တမ်းထုတ်ခဲ့ပါ။

ဖြေ။ မေးခွန်းပါ ရှက်ခြင်း, ကြောက်ခြင်းတို့မှာ ဟိရီ, သြတ္တပ္ပ မဟုတ်ကြပါ၊ "မာယာ"ခေါ် **ဟိရီ, သြတ္တပ္ပအတုများသာ** ဖြစ်ကြပါသည်။ တရားကိုယ်အားဖြင့် - တဏှာပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ် ဖြစ်ပါသည်။

မေး။ တစ်စုံတစ်ခု မကောင်းမှုအကုသိုလ်ကို ပြုပြီးနောက် လူတကာသိ၍ ရှက်ကြောက်ခြင်း၊ အပြစ်ရှိ၍ မိဘဆရာသမား လူကြီးများထံ သွားရမှာ ရှက်ကြောက်ခြင်း၊ **ဂါရဝမထောာ**ရဲခြင်း၊ စကားမပြောရဲခြင်းစသည်တို့သည် ဟိရီ, သြတ္တပ္ပ ဟုတ်/**မဟုတ်** စစ်တမ်းထုတ်ခဲ့ပါ။

ဖြေ။ ဤမေး**ခွန်းမှာ** ရှက်ခြင်း, ကြောက်ခြင်းတို့သည်လည်း ဟိရီ, သြတ္တပ္ပ အစစ် မဟုတ်ကြပါ။ **ဟိရီ, သြတ္တပ္ပအတုများသာ** ဖြစ်ကြပါသည်။ တရား**ကိုယ်**အား**ဖြင့်**

http://www.dhammadownload.com

ကား ဒေါမနဿဝေဒနာ ပြဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ် ဖြစ်ပါသည်။

မေး။ မိဘ ဆရာသမား လူကြီးသူမမျှားအား ရိုသေလေးစားသောအားဖြင့် ရှက်ခြင်း, ကြောက်ခြင်းစသော အမူအရာများ ဖြစ်တတ်ကြ၏။ ထိုအမူအရာများသည် ဟိရီ, ဩတ္တပ္ပ ဟုတ်/ မဟုတ် စစ်တမ်းထုတ်ခဲ့ပါ။

ဖြေ။ ထိုအမူအရာများကား ရိုသေလေးစားမှုအတွက် ကုသိုလ်ဖြစ်ထိုက်သော အချက် များဖြစ်၍ ဟိရီ, ဩတ္တပ္ပအစစ်ဟု ဆိုရန်ရှိကြောင်း ဘာသာဋီကာဆရာတော် မိန့်ပါသည်။

မိမိအထင်။ ။မိမိကား ထိုအမူအရာများသည် ကာယဒုစရိုက်စသည်တို့မှ ရှက်ခြင်း, ကြောက်ခြင်း မဟုတ်သောကြောင့် ဟိရီ, ဩတ္တပ္ပအစစ် ဖြစ်ဖွယ် မရှိဟု ထင်ပါ သည်။

မေး။ တစ္ဆေသူရဲကို ကြောက်ခြင်း၊ သားရဲတိရစ္ဆာန်များကို ကြောက်ခြင်းသည် ဩတ္တပ္ပ ဟုတ်/မဟုတ် စစ်တမ်းထုတ်ခဲ့ပါ။

ဖြေ။ ဩတ္တပ္ပ မဟုတ်ပါ၊ ဆုတ်နစ်သော ဒေါသ (အသက်ဒေါသ)သာ ဖြစ်ပါသည်။

မေး။ အလောဘ-၏ အဓိပ္ပာယ်ကို ရေးသားဖြေဆို၍၊ ၎င်း၏ လက္ခဏာကိုလည်း ဥပမာနှင့်တကွ ဖော်ပြခဲ့ပါ။

ဖြေ။ "န လောဘော အလောဘော" ဟူသော ဝစနတ္ထနှင့် အညီ လောဘ၏ ဆန့်ကျင်ဘက်ဖြစ်သော သဘောတရား (လောကီအာရုံ ကာမဂုဏ်တို့ကို မလိုချင် မနှစ်သက် မတပ်မက် မတွယ်တာ မသာယာ မစုံမက်ခြင်း သဘောတရား)သည် "အလောဘ" မည်ပါသည်။

ထိုအလောဘသည် "အလဂ္ဂတာ (=စိတ်၏ အာရုံ၌ မကပ်ငြိခြင်း)" လက္ခဏာ ရှိပါသည်။ **ဥပမာ** - ကိလေသာမှ လွတ်ပြီးသော ရဟန်း (ရဟန္တာ)ကဲ့သို့ ဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ န-သည် အကုသလာ-၌ အ-ကဲ့သို့ ဝိရုဒ္ဓအနက်ဟောဟု မှတ်ပါ။

(ဆောင်) **အလောဘမှာ၊ ဥပမာ၊ ရဟန္တာ တူလှသည်။**

မေး။ ကုသိုလ်နှင့်စပ် ကောင်းမြတ်သောအရာဌာနတို့၌ မလိုချင်ခြင်းမှာ အလောဘ ဖြစ်ပါလော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ အလောဘ မဟုတ်ပါ။ အကျိုး,အပြစ်ကိုမသိမှု မောဟကြောင့်သော်လည်း

http://www.dhammadownload.com

ကောင်း, သမ္မာဆန္ဒ ဝီရိယနည်းပါး ကောသဇ္ဇတရား ကြီးမားခြင်းကြောင့် သော်လည်းကောင်း ဖြစ်သော သဘောတရားသာ ဖြစ်ပါသည်။

မေး။ အဒေါသ-၏ သဘောသွားကို ရေးသားဖြေဆို၍၊ ၎င်း၏ လက္ခဏာကိုလည်း ဥပမာနှင့်တကွ ဖော်ပြခဲ့ပါ။

ဖြေ။ "န ဒေါသော အဒေါသော" ဟူသော ဝစနတ္ထနှင့်အညီ ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်သော သဘောတရား (မခက်ထန် မကြမ်းတမ်းခြင်း နူးညံ့သိမ်မွေ့ခြင်း သဘောတရား)သည် "အဒေါသ" မည်ပါသည်။

ထိုအဒေါသသည် "အစဏ္ဍိက္က (= မကြမ်းတမ်းခြင်း) လက္ခဏာ ရှိပါသည်။

ဥပမာ - အရာရာ၌လိုက်လျော သဘောချင်းတူမျှသော မိတ်ဆွေကောင်းနှင့် တူပါသည်။

(ဆောင်) မိတ်ကောင်းပမာ၊ အဒေါသာ၊ မှန်စွာ တူလှသည်။

မေး။ အလောဘ, အဒေါသ, အမောဟ-ဟု တွဲဖက်တရား ၃-ပါးရှိရာ ဤနေရာ၌ အလောဘ, အဒေါသတို့ကိုသာပြု၍ အမောဟကို အဘယ့်ကြောင့် မပြပ်သနည်း။

ဖြေ။ အမောဟကို ပညိန္ဒြေ-ဟူသောအမည်ဖြင့် နောက်၌ ပြလတ္တံ့ဖြစ်သောကြောင့် ဤနေရာ၌ မပြခြင်း ဖြစ်ပါသည်။

မေး။ တွဲဖက်ဖြစ်သော အလောဘ, အဒေါသ, အမောဟတို့၏ ခြားနားချက်ကို ဖော်ပြပါ။

ဖြေ။ အလောဘ, အဒေါသတို့သည် သောဘဏသာဓာရဏဖြစ်၍၊ အမောဟ (ပညိန္ဒြေ)ကား သောဘဏသာဓာရဏ မဟုတ်ပါ။ ဤသို့ ခြားနားပါသည်။ (ဤသို့ ခြားနားသောကြောင့်ပင် တစ်ခြားစီ ပြဆိုထားခြင်း ဖြစ်ပါသည်။)

<u>ဒုက္ခကင်းဝေး နေနိုင်ရေးတရားများ</u>။ ။ ဤ အလောဘ, အဒေါသ, အမောဟ ၃-ပါးတို့ကို ဝိယဝိပွယောဂဒုက္ခ, အပ္ပိယသမ္ပယောဂဒုက္ခ, ဣစ္ဆိတာလာဘဒုက္ခတို့ကို ကင်းပျောက်စေတတ်သော တရားများ **"ဒုက္ခကင်းဝေး နေနိုင်ရေးတရားများ"** ဟု ဖွင့်ဆိုထားပါသည်။

မေး။ တတြမရွတ္တတာ စေတသိက်၏ အဓိပ္ပာယ်ကို ရေးသားဖြေဆို၍၊ ၎င်း၏ လက္ခဏာကိုလည်း ဥပမာနှင့်တကွ ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

ဒုဖြ။ ထိုယှဉ်ဖက်သမ္မယုတ်တရားတို့၌လျစ်လျူရှုခြင်းသဘောသည် "တတြမဇ္ဈတ္တတာ" မည်ပါသည်။

ထိုတတြမဇ္ဈတ္တတာ သည် "အဇ္ဈုပေက္ခန (= စိတ်, စေတသိက်တရား တို့ကို လျစ်လျူရှုခြင်း)" လက္ခဏာ ရှိပါသည်။ ဥပမာ - အညီအမျှ ပြေးသွားနေကြသော အာဇာနည်မြင်းတို့ကို လျစ်လျူရှုသော ရထားထိန်းနှင့် တူပါသည်။

သိမှတ်ဖွယ်

"လျစ်လျူရှုခြင်း" ဟူသည် ဂရုမစိုက်ဘဲ ပစ်ထားခြင်းမျိုးမဟုတ်၊ ဆိုင်ရာကိစ္စတို့၌ ညီညီမျှမျှ ဆောင်ရွက်နေကြသော သမ္မယုတ်တရားတို့ကို လွန်အောင်လည်း ဗျာပါရ မပြု၊ ယုတ်အောင်လည်း ဗျာပါရ မပြုဘဲ အသင့်အားဖြင့် ရှုနေခြင်းတည်း။

ဒမး။ တတြမဇ္ဈတ္တတာ-ပုဒ်ကို ဝိဂြိုဟ်ဆို၍၊ အရလည်း ကောက်ပြခဲ့ပါ။

ဒဖြ။ မဇ္ဈေ ဌိတော အတ္တာ (သဘာဝေါ) စေတသာတိ မဇ္ဈတ္တော။

အလယ် အလတ်၌ တည်မတ်စွာတည်သော သဘောရှိသောပုဂ္ဂိုလ်၊ ဝါ-တရားအပေါင်း ကို ရပါသည်။

မဇ္ဈတ္တသ္မာ ဘာဝေါ မဇ္ဈတ္တတာ။

အလယ် အလတ်၌ တည်မတ်စွာတည်သော သဘောရှိသော ပုဂ္ဂိုလ်၊ ဝါ-တရားအပေါင်း၏ ဖြစ်ကြောင်းဖြစ်ရာ "အလယ်အလတ်၌ တည်မတ်စွာ တည်ရှိခြင်း (=လျစ်လျူရှုခြင်း)" သဘောကို ရပါသည်။

တေသု မဇ္ဈတ္တတာ တတြမဇ္ဈတ္တတာ။ (အလုတ္တသတ္တမီ တပ္ပုရိသ်သမာသ် ပုဒ်။) "ထိုယှဉ်ဘက်သမ္မယုတ်တရားတို့၌ လျစ်လျူရှုခြင်း သဘော"ကို ရပါသည်။

ဒမး။ အဘယ်သဘောသည် ကာယပ္ပဿဒ္ဓိ, စိတ္တပ္ပဿဒ္ဓိ မည်ပါသနည်း၊ ၎င်းတို့၏ လက္ခဏာအသီးသီးကိုလည်း ဖော်ပြပါ။

ဒဖြ။ "ပဿမ္ဘနံ ပဿဒ္ဓိ၊ ကာယဿ ပဿဒ္ဓိ ကာယပ္ပဿဒ္ဓိ" ဟူသော ဝစနတ္ထနှင့်အညီ ဝေဒနာစသော ခန္ဓာ ၃-ပါးအပေါင်း၏ ငြိမ်းအေးခြင်းသဘောသည် "ကာယပ္ပဿဒ္ဓိ" မည်ပါသည်။

"စိတ္တဿ ပဿဒ္ဓိ စိတ္တပ္ပဿဒ္ဓိ" ဟူသော ဝစနတ္ထနှင့်အညီ စိတ်၏ ငြိမ်းအေး ခြင်းသဘောသည် "စိတ္တပ္ပဿဒ္ဓိ" မည်ပါသည်။

ကာယပ္ပဿဒ္ဓိသည် "ကာယဒရထဝူပသမ (= ဝေဒနာစသော ခန္ဓာ ၃-ပါး အပေါင်း၏ ပူပန်မှုငြိမ်းအေးခြင်း)" လက္ခဏာရှိ၍၊ စိတ္တပ္ပဿဒ္ဓိကား "စိတ္တ-ဒရထဝူပသမ (= စိတ်၏ ပူပန်မှု ငြိမ်းအေးခြင်း)" လက္ခဏာ ရှိပါသည်။

http://www.dhammadownload.com

မေး။ ကာယပွဿဒ္ဓိ-၌ ကာယ-အရနှင့် စိတ္တပွဿဒ္ဓိ-၌ စိတ္တ-အရတို့ကို ဖော်ပြပါ။

ဖြေ။ ကာယပွဿဒ္ဓိ-၌ ကာယ-အရ ဝေဒနာစသော ခန္ဓာ ၃-ပါးအပေါင်းကို ရ၍၊ စိတ္တပွဿဒ္ဓိ-၌ စိတ္တ-အရ သောဘဏစိတ်တို့ကို ရပါသည်။ (ကာယလဟုတာ, စိတ္တလဟုတာ-စသည်တို့၌လည်း နည်းတူသိပါ။)

မေး။ ကာယလဟုတာ, စိတ္တလဟုတာ-တို့၏ သဘောသွားကို ရေးသား၍၊ ၎င်းတို့၏ လက္ခဏာအသီးသီးကိုလည်း ဖော်ပြပါ။

ဖြေ။ "လဟုနော ဘာဝေါ လဟုတာ၊ ကာယဿ လဟုတာ ကာယလဟုတာ" ဟူသော ဝစနတ္ထနှင့်အညီ ဝေဒနာစသော ခန္ဓာ ၃-ပါးအပေါင်း၏ ပေါ့ပါးလျင်မြန်သည်၏အဖြစ် (ပေါ့ပါးလျင်မြန်ခြင်း) သဘောသည် "ကာယလဟုတာ" မည်ပါသည်။

"စိတ္တဿ လဟုတာ စိတ္တလဟုတာ" ဟူသော ဝစနတ္ထနှင့်အညီ စိတ်၏ ပေါ့ပါးလျင်မြန်သည်၏အဖြစ် (ပေါ့ပါးလျင်မြန်ခြင်း) သဘောသည် "စိတ္တလဟုတာ" မည်ပါသည်။

ကာယလဟုတာ သည် "ကာယဂရုဘာဝဝူပသမ (= ဝေဒနာစသော ခန္ဓာ ၃-ပါးအပေါင်း၏ လေးလံထိုင်းမှိုင်းမှု ငြိမ်းအေးခြင်း) လက္ခဏာရှိ၍၊ စိတ္တလဟုတာသည် "စိတ္တဂရုဘာဝဝူပသမ (=စိတ်၏ လေးလံထိုင်းမှိုင်းမှု ငြိမ်းအေးခြင်း) လက္ခဏာရှိပါသည်။

သိမှတ်ဖွယ်

ပေါ့ပါးလျင်မြန်ခြင်း - ကုသိုလ်ကောင်းမှုလုပ်ငန်းများ၌လည်းကောင်း၊ ကမ္မဋ္ဌာန်းနှလုံးသွင်းမှု စသည်တို့၌လည်းကောင်း ကုသိုလ်, ကြိယာဇောစိတ်တို့၏ အကြားဝယ် ဘဝင်စိတ် များစွာမခြားဘဲ ဘဝင်စိတ်အစဉ်မှ ထကာ ထကာ ဇောစိတ်အစဉ်ကို သွက်သွက်လက်လက် ဆက်၍ ဆက်၍ ဖြစ်စေနိုင်ခြင်းကို **"ပေါ့ပါးလျင်မြန်ခြင်း"** ဟု ဆိုပါသည်။

မေး။ ကာယမုဒုတာ, စိတ္တမုဒုတာ-တို့၏ သဘောသွားကို ရေးသား၍၊ ၎င်းတို့၏ လက္ခဏာအသီးသီးကိုလည်း ဖော်ပြပါ။

ဖြေ။ "မုဒုနော ဘာဝေါ မုဒုတာ၊ ကာယဿ မုဒုတာ ကာယမုဒုတာ" ဟူသော ဝစနတ္ထနှင့်အညီ ဝေဒနာစသော ခန္ဓာ ၃-ပါးအပေါင်း၏ နူးညံ့ပျော့ပျောင်းသည်၏အဖြစ် (နူးညံ့ပျော့ပျောင်းခြင်း) သဘောသည် "ကာယမုဒုတာ" မည်ပါသည်။

http://www.dhammadownload.com

"စိတ္တသ မုဒုတာ စိပ္ပာမုဒုတာ" ဟူသော ဝစနတ္ထနှင့်အညီ စိတ်၏ နူးညံ့ပျော့ပျောင်းသည်၏အဖြစ် (နူးညံ့ပျော့ပျောင်းခြင်း) သဘောသည် "စိတ္တမုဒုတာ" မည်ပါသည်။

ကာယမုဒုတာ သည် "ကာယထဒ္ဓဘာဝဝူပသမ (= ဝေဒနာစသော ခန္ဓာ ၃-ပါးအပေါင်း၏ ခက်ထန်ကြမ်းတမ်းမှု ငြိမ်းအေးခြင်း)" လက္ခဏာရှိ၍၊ စိတ္တမုဒုတာသည် "စိတ္တထဒ္ဓဘာဝဝူပသမ (= စိတ်၏ ခက်ထန်ကြမ်းတမ်းမှု ငြိမ်းအေးခြင်း) " လက္ခဏာရှိပါသည်။

မေး။ ကာယကမ္မညတာ, စိတ္တကမ္မညတာ-တို့၏ သဘောသွားကို ရေးသား၍၊ ၎င်းတို့၏ လက္ခဏာအသီးသီးကိုလည်း ဖော်ပြပါ။

ဖြေ။ "ကာယဿ ကမ္မညတာ ကာယကမ္မညတာ" ဟူသော ဝစနတ္ထနှင့်အညီ ဝေဒနာစသော ခန္ဓာ ၃-ပါးအပေါင်း၏ ကုသိုလ်ကောင်းမှု၌ ကောင်းသည်၏ အဖြစ် (=ကောင်းခြင်း ခံညားခြင်း) သဘောသည် "ကာယကမ္မညတာ" မည်ပါသည်။

"စိတ္တဿ ကမ္မညတာ စိတ္တကမ္မညတာ" ဟူသော ဝစနတ္ထနှင့် အညီ စိတ်၏ ကုသိုလ်ကောင်းမှု၌ ကောင်းသည်၏အဖြစ် (=ကောင်းခြင်း ခံညားခြင်း) သဘော သည် "စိတ္တကမ္မညတာ" မည်ပါသည်။

ကာယကမ္မညတာသည် "ကာယအဂေလညဘာဝဝူပသမ (=ဝေဒနာ စသော ခန္ဓာ ၃-ပါးအပေါင်း၏ ကုသိုလ်ကောင်းမှု၌ မကောင်းသည်၏အဖြစ် ငြိမ်းအေးခြင်း)" လက္ခဏာရှိပါသည်။

စိတ္တကမ္မညတာသည် "စိတ္တအဂေလညဘာဝဝူပသမ (=စိတ်၏ ကုသိုလ်ကောင်းမှု၌ မကောင်းသည်၏အဖြစ် ငြိမ်းအေးခြင်း)" လက္ခဏာရှိပါသည်။

မေး။ ကာယကမ္မညတာ-ပုဒ်ကို အစိတ်+အပေါင်း ဝိဂြိုဟ်ဆို၍၊ အရလည်း ကောက်ပြပါ။

ဖြေ။ ကာယ်နှိ သာမု ကမ္မည်၊ ကုသိုလ်အမှု၌ ကောင်းသောတရားကို ရ၏။

ကမ္မညဿ ဘာဝေါ ကမ္မညတာ၊ ကုသိုလ်အမှု၌ ကောင်းသောတရား၏ အဖြစ် (ကုသိုလ်အမှု၌ ကောင်းခြင်း ခံညားခြင်း) သဘောကို ရ၏။

ကာယဿ ကမ္မညတာ ကာယကမ္မညတာ၊ ဝေဒနာစသော ခန္ဓာသုံးပါး အပေါင်း၏ ကုသိုလ်အမှု၌ ကောင်းသောတရား၏အဖြစ် (ကောင်းခြင်း ခံညားခြင်း သဘော) ကိုရ၏။

မေး။ ကာယပါဂုညတာ, စိတ္တပါဂုညတာ-တို့၏ သဘောသွားများကို ရေးသား ဖြေဆိုပါ။

http://www.dhammadownload.com

ဖြေ။ "ပဂုဏသ ဘာဝေါ ပါဂုညံ၊ ပါဂုညမေဝ ပါဂုညတာ၊ ကာယသ ပါဂုညတာ ကာယပါဂုညတာ" ဟူသော ဝစနတ္ထနှင့်အညီ ဝေဒနာစသော ခန္ဓာ ၃-ပါး အပေါင်း၏ ကုသိုလ်ကောင်းမှုဌ ပွန်းတီးလေ့လာ ညောင်နာနာမရှိသော = လန်းဆန်းသော တရား၏အဖြစ် (ပွန်းတီးလေ့လာ ညောင်နာနာမရှိခြင်း = လန်းဆန်းခြင်းသဘော) သည် "ကာယပါဂုညတာ" မည်၏။

"စိတ္တသ ပါဂုညတာ စိတ္တပါဂုညတာ" ဟူသော ဝစနတ္ထနှင့်အညီ စိတ်၏ ကုသိုလ်ကောင်းမှုဌ ပွန်းတီးလေ့လာ ညောင်နာနာမရှိသော = လန်းဆန်းသော တရား၏အဖြစ် (ပွန်းတီးလေ့လာ ညောင်နာနာမရှိခြင်း = လန်းဆန်းခြင်း သဘော)သည် "စိတ္တပါဂုညတာ" မည်၏။

ကာယပါဂုညတာ သည် "ကာယဂေလညဝူပသမ (= ဝေဒနာစသော ခန္ဓာ ၃-ပါးအပေါင်း၏ ကျင်နာမှု ငြိမ်းအေးခြင်း)လက္ခဏာရှိ၍၊ စိတ္တပါဂုညတာသည် "စိတ္တဂေလညဝူပသမ (= စိတ်၏ ကျင်နာမှု ငြိမ်းအေးခြင်း) လက္ခဏာရှိပါသည်။

မေး။ ကာယုဇုကတာ, စိတ္တုဇုကတာ-တို့၏ သဘောသွားကို ရေးသားဖြေဆို၍၊ ၎င်းတို့၏ လက္ခဏာအသီးသီးကိုလည်း ဖော်ပြပါ။

ဖြေ။ "ဥဇုကသ ဘာဝေါ ဥဇုကတာ၊ ကာယသ ဥဇုကတာ ကာယုဇုကတာ" ဟူသော ဝစနတ္ထနှင့်အညီ ဝေဒနာစသော ခန္ဓာ ၃-ပါးအပေါင်း၏ ဖြောင့်မတ်သည်၏ အဖြစ် (ဖြောင့်မတ်ခြင်း)သဘောသည် "ကာယုဇုကတာ" မည်ပါသည်။

"စိတ္တသ ဥဇုကတာ စိတ္တုဇုကတာ"ဟူသော ဝစနတ္ထနှင့်အညီ စိတ်၏ ဖြောင့်မတ်သည်၏အဖြစ် (စိတ်၏ ဖြောင့်မတ်ခြင်း)သဘောသည် "စိတ္တုဇုကတာ" မည်ပါသည်။

ကာယုဇုကတာသည် "ကာယအဇ္ဇဝ (= ဝေဒနာစသော ခန္ဓာ ၃-ပါး အပေါင်း၏ ဖြောင့်မတ်ခြင်း)" လက္ခဏာရှိ၍၊ စိတ္တုဇုကတာသည် "စိတ္တအဇ္ဇဝ (= စိတ်၏ ဖြောင့်မတ်ခြင်း)"လက္ခဏာရှိပါသည်။

မေး။ ကာယပ္ပသဒ္ဓိ စသည်တို့၏ ဆန့်ကျင်ဘက်တရားများကို ရေးသား ဖော်ပြပါ။

ဖြေ။ ကာယပ္ပသဒ္ဓိ, စိတ္တပ္ပသဒ္ဓိတို့၏ ဆန့်ကျင်ဘက်တရားသည် ဥဒ္ဓစ္စ, ကုက္ကုစ္စ စသည်တို့ ဖြစ်ပါသည်။

ကာယလဟုတာ, စိတ္တလဟုတတာတို့၏ ဆန့်ကျင်ဘက်တရားသည် ထိန, မိဒ္ဓ စသည်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com

ကာယမုဒုတာ, စိတ္တမုဒုတာတို့၏ ဆန့်ကျင်ဘက်တရားသည် ဒိဋ္ဌိ, မာန စသည်တို့ ဖြစ်ပါသည်။

ကာယကမ္မညတာ, စိတ္တကမ္မညတာတို့၏ ဆန့်ကျင်ဘက်တရားသည် ကာမစ္ဆန္ဒ စသည်တို့ ဖြစ်ပါသည်။

ကာယပါဂုညတာ, စိတ္တပါဂုညတာတို့၏ ဆန့်ကျင်ဘက်တရားသည် အဿဒ္ဓိယ စသည်တို့ ဖြစ်ပါသည်။

ကာယုဇုကတာ, စိတ္တုဇုကတာတို့၏ ဆန့်ကျင်ဘက်တရားသည် မာယာ, သာဌေယျ စသည်တို့ ဖြစ်ပါသည်။ (ဇူ၊ ၁။ ၃၃၉-၃၄၀။)

မေး။ ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ စသည်တို့၏ အဘယ်အကြောင်းများကြောင့် ဖြစ်ပါသနည်း? ၎င်းတို့၏ ဖြစ်ကြောင်းတရားများကို ဖော်ပြပါ။

ဖြေ။ ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိတို့သည် ကိုယ်စိတ်တို့၏ လွန်စွာညှင်းပန်းနှိပ်စက်ခြင်း (ပူပန်ခြင်း) အစရှိသည်ကို ပြုတတ်သော ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ဖြစ်ပါသည်။

ကာယလဟုတာ, စိတ္တလဟုတာတို့သည် ကိုယ်စိတ်တို့၏ လေးလံခြင်းကို ပြုတတ်သော ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့် ဖြစ်ပါသည်။

ကာယမုဒုတာ, စိတ္တမုဒုတာတို့သည် ကိုယ်စိတ်တို့၏ ကြီမ်းတိမ်ခြင်းကို ပြုတတ်သော ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့် ဖြစ်ပါသည်။

ကာယကမ္မညတာ, စိတ္တကမ္မညတာတို့သည် ကိုယ်စိတ်တို့၏ ကုသိုလ်ကောင်းမှုၭ မကောင်းခြင်း မခန့်ညားခြင်းကို ပြုတတ်သော ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ဖြစ်ပါသည်။

ကာယပါဂုညတာ, စိတ္တပါဂုညတာတို့သည် ကိုယ်စိတ်တို့၏ ကြင်နာခြင်းကိုပြုတတ်သော ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့် ဖြစ်ပါသည်။

ကာယုဇုကတာ, စိတ္တုဇုကတာတို့သည် ကိုယ်စိတ်တို့၏ ကောက်ကျစ်ခြင်းကိုပြုတတ်သော ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့် ဖြစ်ပါသည်။ (ဋီ၊ ၁၁၀။ ဇူ၊ ၁။ ၃၄၀။)

http://www.dhammadownload.com

မေး။ သမာဓိစသည်တို့၌ နှစ်ပါးစီ မဟောဘဲ ကာယပွဿဒ္ဓိ စသည်တို့၌သာ အဘယ့်ကြောင့် နှစ်ပါးစီ ဟောရပါသနည်း။

ဖြေ။ ကာယပဿဒ္ဓိစသော နှစ်ပါး နှစ်ပါးသော တရားတို့သည်သာလျှင် တစ်ပေါင်းတည်းဖြစ်ကုန်၍ မိမိတို့ဆိုင်ရာ ဆန့်ကျင်ဘက်ကိလေသာတရားတို့ကို ပယ် သတ်နိုင်ကြသောကြောင့် ကာယပွဿဒ္ဓိစသည်တို့၌သာ နှစ်ပါးစီ ဟော တော်မူရခြင်းဖြစ်ပါသည်။

(တစ်နည်း) စိတ္တပွဿဒ္ဓိ အစရှိသည်တို့ဖြင့် စိတ်၏သာ ငြိမ်းအေးခြင်း စသည် ဖြစ်၏။ ရူပကာယ၏ ငြိမ်းအေးခြင်းစသည် မဖြစ်နိုင်။ ကာယပွဿဒ္ဓိ စသည်တို့ဖြင့်ကား ရူပကာယ၏လည်း ငြိမ်းအေးခြင်းစသည် ဖြစ်၏။ ထိုအနက် အဓိပ္ပာယ်ကို ထင်ရှားပြခြင်းအကျိုးငှါ ကာယပွဿဒ္ဓိ စသည်တို့၌သာ နှစ်ပါးစီ ဟောတော်မူရခြင်း ဖြစ်ပါသည်။

မေး။ ကာယပွဿဒ္ဓိ စသည်တို့ဖြင့် ရူပကာယ၏လည်း ငြိမ်းအေးခြင်း စသည် ဖြစ်ပုံကို ရေးပြပါ။

ဖြေ။ ကာယပွဿဒ္ဓိ စသည်တို့ကြောင့် ဖြစ်သော မွန်မြတ်သော စိတ္တဇရုပ်၏ ရူပကာယကို ပျံ့နှံ့စေခြင်း ဖြန့်ခြင်း၏အစွမ်းဖြင့် ရူပကာယ၏လည်း ငြိမ်းအေးခြင်း စသည် ဖြစ်ပါသည်။ (နာမကာယ, ရူပကာယ နှစ်မျိုးလုံး ငြိမ်းအေးခြင်းစသည် ဖြစ်၏-ဟုမှတ်ပါ။)

မေး။ သဒ္ဓါ, သတိ စသည်တို့ကို အဘယ့်ကြောင့် "သောဘဏသာဓာရဏာ" ဟု ခေါ်ဆိုရပါသနည်း။

ဖြေ။ သောဘဏစိတ်တစ်ခုယုတ်ခြောက်ဆယ်တို့၌ အမြဲ ဖြစ်ရ ယှဉ်ရကား သောဘဏစိတ်တို့နှင့် ဆက်ဆံသောကြောင့် "သောဘဏသာဓာရဏာ"ဟု ခေါ်ဆိုရပါသည်။

သနာမိကစေတသိက်, အနာမိကစေတသိက်-စသည်။ ။သောဘဏ စေတသိက် ၂၅-လုံးတို့တွင် သောဘဏသာဓာရဏစေတသိက် ၁၉-လုံး၊ ဝိရတိစေတသိက် ၃-လုံး၊ အပ္ပမညာစေတသိက် ၂-လုံးတို့သည် **"သနာမိက စေတသိက်"**ကို မည်ကုန်၏။ ပညိန္ဒြေစေတသိက်သည် **"အနာမိကစေတသိက်"** မည်၏။ ထိုတွင် သနာမိက စေတသိက်တို့က များသောကြောင့် ၎င်းတို့ကို ရှေးဦးစွာ ဆိုပါသည်။ အနာမိက ဖြစ်သော ပညိန္ဒြေစေတသိက်က နည်းသောကြောင့် နောက်ဆုံးမှဆိုရခြင်း ဖြစ်ပါသည်။ (သခ်ေပ)

http://www.dhammadownload.com

သနာမိကစေတသိက် ၃-မျိုးတို့တွင် သောဘဏဓိတ် တစ်ခုယုတ်ခြောက်ဆယ်၊ တစ်နည်း-အကျယ် ကိုးဆယ့်တစ်ပါးတို့နှင့် ဆက်ဆံသောကြောင့် သောဘဏသာဓာရဏ စေတသိက် ၁၉-ခုတို့ကို ရှေးဦးစွာ ဆိုပါသည်။ ထို့နောင် အများ, အနည်း၏ အစွမ်းဖြင့် ဝိရတီစေတသိက် ၃-လုံး, အပ္ပမညာစေတသိက် ၂-လုံးတို့ကို ဆိုပါသည်။

သောဘဏသာဓာရဏစေတသိက် ၁၉-လုံးတို့တွင် ကာယပ္ပဿဒ္ဓိ အစ စိတ္တုဇုကတာအဆုံး ၆-စုံ ၁၂-လုံးသော စေတသိက်တို့သည် **ယုဂဠစေတသိက်**၊ သဒ္ဓါ အစ တတြမဇ္ဈတ္တတာ အဆုံး ၇-လုံးသော စေတသိက်တို့သည် **အယုဂဠစေတသိက်တို့** ဖြစ်ကြ၏။ ထိုတွင် အယုဂဠ စေတသိက်တို့က နည်းပါသော်လည်း ဓမ္မဒ္ဒေသပါဠိတော်အစဉ်ကို မှီ၍ ၄င်းတို့ကို ရှေးဦးစွာ ပြဆိုပါသည်။

သောဘဏသာဓာရဏစေတသိက် ၁၉-လုံးတို့တွင် ဓမ္မဒ္ဒေသပါဠိတော်အစဉ်ကို မှီ၍ သဒ္ဓါကို ရှေးဦးစွာဆိုခြင်း ဖြစ်ပါသည်။ (သခေါ်) **တစ်နည်း** - ပြဋ္ဌာန်း သည်ဖြစ်၍ အလုံးစုံသော ကုသိုလ်တရားတို့၏ ရှေ့သွားဖြစ်သောကြောင့် သဒ္ဓါကို ရှေးဦးစွာ ဆိုခြင်း ဖြစ်ပါသည်။

မေး။ သမ္မာဝါစာ-ဟူသည် အဘယ်နည်း ဖြေဆိုပါ။

ဖြေ။ အသင့်အားဖြင့် (မိစ္ဆာဝါစာကို ပယ်ရှားခြင်းအားဖြင့်) ပြောဆိုကြောင်း ဖြစ်သောကြောင့်၊ **တစ်နည်း**-ကောင်းစွာ ပြောဆိုကြောင်းဖြစ်သော ကြောင့် "သမ္မာဝါစာ" မည်ပါသည်။

မေး။ သမ္မာဝါစာ-ပုဒ်ကို ဝိဂြိုဟ်ဆို၍၊ အရကိုလည်း ကောက်ပြပါ။

ဖြေ။ သမ္မာ ဝဒန္တိ ဧတာယာတိ သမ္မာဝါစာ။
(အသက်မွေးမှုကို မငဲ့ဘဲ) ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်ခြင်း သဘောတရားကို ရပါသည်။
မှတ်ချက်။ ။ ဦးကာ၌ "ဝစီဒုစ္စရိတဝိရတိ"ပါဠိဖြင့် စေတနာနှင့် ဝိညတ်ကို နှစ်ဧေပါသည်။

မေး။ သမ္မာဝါစာဝိရတီအပြား ၄-ပါးကို ရေတွက်ပြခဲ့ပါ။

ဖြေ။ (၁) မုသာဝါဒါ ဝေရမဏိ = မုသားစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု။
(၂) ပိသုဏာဝါစာ ဝေရမဏိ = ချောပစ်ကုန်းတိုက်စကားပြောဆိုခြင်းမှ ရှောင်ကြဉ်မှု။
(၃) ဖရုသဝါစာ ဝေရမဏိ = ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု။

http://www.dhammadownload.com

(၄)သမ္မပ္ပလာပါ ဝေရမဏီ - ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှုတို့ ဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ **ပရမတ္ထဒီပနီ၌** "(၁) ကထာသမ္မာဝါစာ (၂) စေတနာသမ္မာဝါစာ (၃) ဝိရတိသမ္မာဝါစာ-ဟု **သမ္မာဝါစာအပြား ၃-ပါး**ကို ဆိုပါသည်။ ထိုတွင် အကျိုး အကြောင်းနှင့်စပ်သော စကားကို ကောင်းစွာ ပြောဆိုခြင်းသည် 'ကထာ-သမ္မာဝါစာ' မည်၏။ ထိုကထာသမ္မာဝါစာကို ဖြစ်စေတတ်သော ကုသိုလ်, ကြိယာ စေတနာသည် 'စေတနာသမ္မာဝါစာ' မည်၏။ ဒုစရိုက်မှုတို့မှ ရှောင်ကြဉ်သော အခြင်းအရာအားဖြင့် စိတ်ဖြစ်ခြင်းသည် 'ဝိရတိသမ္မာဝါစာ' မည်၏-ဟု မှတ်ပါ။

မေး။ တရားဟောခြင်း, တရားစကား ဆွေးနွေးပြောဆိုခြင်း, စာပေပို့ချခြင်း တို့သည် သမ္မာဝါစာဝိရတီ ဖြစ်/မဖြစ် စိစစ်ဖြေဆိုပါ။

ဖြေ။ ဝိရမိတပ္ပ ဒုစ္စရိတဝတ္ထုမှ ရှောင်ကြဉ်မှု မရှိသောကြောင့် မဖြစ်ပါ။ သုဘာသိတ ဝါစာ, ကထာသမ္မာဝါစာသာ ဖြစ်ပါသည်။

ဝိရမိတပ္ပဝတ္ထု။ ။ 'ဝိရမိတပ္ပဒုစ္စရိတဝတ္ထု' ဟူသည် ရှောင်ကြဉ်ထိုက်သော ဒုစရိုက်အမှုတည်း။

ဝိရတီ ဖြစ်/မဖြစ်။ ။ဒုစရိုက်မှုတို့မှ ရှောင်ကြဉ်မှသာ ဝိရတီဖြစ်သည်။ ဒုစရိုက်မှုတို့မှ ရှောင်ကြဉ်မှု မပါလျှင် ဝိရတီ မဖြစ်-ဟု မှတ်သားကြပါလေ။

မေး။ အသက်မွေးမှု အကြောင်းပြု၍ ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်လျှင် သမ္မာဝါစာ ဝိရတီ ဖြစ်/မဖြစ် စိစစ်ဖြေဆိုပါ။

ဖြေ။ ဝစီဒုရိုက်မှ ရှောင်ကြဉ်သောကြောင့် သမ္မာဝါစာ ဖြစ်သော်လည်း အသက်မွေးမှု အကြောင်းပြု၍ ရှောင်ကြဉ်ခြင်းဖြစ်သောကြောင့် သမ္မာဝါစာဝိရတီ မဖြစ်ပါ။ သမ္မာအာဇီဝဝိရတီသာ ဖြစ်သင့်ပါသည်။

မေး။ သမ္မာကမ္မန္တ-ပုဒ်ကို ဝိဂြိုဟ်ဆို၍၊ အဓိပ္ပာယ်ရေးပြီးလျှင်၊ အရကိုလည်း ကောက်ပြပါ။

ဖြေ။ ကမ္မမေဝ ကမ္မန္တော၊ သမ္မာ ကမ္မန္တော သမ္မာကမ္မန္တော။

အသင့်အားဖြင့် (မိစ္ဆာကမ္မန္တကို ပယ်ခြင်းအားဖြင့်) ဖြစ်သောအမှု ဖြစ်သောကြောင့် "သမ္မာကမ္မန္တ" မည်ပါသည်။

(အသက်မွေးမှုကို မငဲ့ဘဲ) ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်ခြင်းသဘော

http://www.dhammadownload.com

တရားကို ရပါသည်။

မှတ်ချက်။ ။ ကမ္မန္တ-၌ အန္တ-သဒ္ဒါးသည် 'သုတ္တန္တ, ဝနန္တ' စသော ပုဒ်တို့၌ကဲ့သို့ အနက် သီးခြားမရှိ, တဘွော ဖြစ်ပါသည်။

မေး။ သမ္မာကမ္မန္တဝိရတိအပြား ၃-ပါးကို ရေတွက်ပြခဲ့ပါ။

ဖြေ။ (၁)ပါဏာတိပါတာ ဝေရမဏိ = သူတစ်ပါးအသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်မှု။
(၂)အဒိန္နာဒါနာ ဝေရမဏိ = သူတစ်ပါးဥစ္စာကို ခိုးယူ တိုက်ဖျက်လုယက်ခြင်း ယူငင်ခြင်းမှ ရှောင်ကြဉ်မှု။
(၃)ကာမေသုမိစ္ဆာစာရာ ဝေရမဏိ = ကာမဂုဏ်တို့၌ ကဲ့ရဲ့ထိုက်စွာ ယုတ်မာသော အကျင့်မှ ရှောင်ကြဉ်မှုတို့ ဖြစ်ပါသည်။

သိမှတ်ဖွယ် ။ ။ **ပရမတ္ထဒီပနီ၌** (၁) ကိရိယာသမ္မာကမ္မန္တ (၂)စေတနာ သမ္မာကမ္မန္တ (၃) ဝိရတိသမ္မာကမ္မန္တ-ဟု **သမ္မာကမ္မန္တအပြား ၃-ပါး**ကို ဆိုပါသည်။ **ထိုတွင်** အပြစ်မရှိသော အမှုတစ်ခုခုကို ပြုသောသူ၏ ကိုယ်၌ဖြစ်သော အမူအရာ ကြိယာသည် 'ကိရိယာသမ္မာကမ္မန္တ' မည်၏။ ထိုကိရိယာသမ္မာကမ္မန္တကို ဖြစ်စေတတ်သော **စေတနာ** သည် 'စေတနာသမ္မာကမ္မန္တ' မည်၏။ ဒုစရိုက်တို့မှ ရှောင်ကြဉ်သောအခြင်းအရာအားဖြင့် စိတ်ဖြစ်ခြင်းသည် 'ဝိရတိသမ္မာကမ္မန္တ' မည်၏-ဟု မှတ်ပါ။

မေး။ သမ္မာအာဇီဝ-ပုဒ်ကို ဝိဂြိုဟ်ဆို၍၊ အဓိပ္ပာယ် ရေးပြီးလျှင်၊ အရလည်း ကောက်ပြပါ။

ဖြေ။ သမ္မာ အာဇီဝန္တိ စေတနာတိ သမ္မာအာဇီဝေါ။
အသင့်အားဖြင့် (မိစ္ဆာဇီဝကို ပယ်ခြင်းအားဖြင့်) အသက်မွေးကြောင်းဖြစ်သောကြောင့် "သမ္မာအာဇီဝ" မည်ပါသည်။
မိစ္ဆာဇီဝ (မှားယွင်းသောအားဖြင့် အသက်မွေးမှု)မှ ရှောင်ကြဉ်ခြင်း ဟူသော သဘောတရားကို ရပါသည်။

မှတ်ချက်။ ။ ဦးကာ၌ "မိစ္ဆာဇီဝဝိရတိ" ပါ၌ဖြင့် မှန်ကန်စွာ ပစ္စည်းဥစ္စာ ရှာမှီးကြောင်း လုံ့လဝီရိယကို နှစ်စေပါသည်။

မေး။ သမ္မာအာဇီဝဝိရတိအပြားကို ရေးသားဖြေဆိုပါ။

ဖြေ။ သမ္မာအာဇီဝသည် အသက်မွေးခြင်းလျှင် အကြောင်းရင်းရှိသော (**အသက်**မွေးမှု အကြောင်းပြု၍) ကာယဒုစရိုက် ၃-ပါး, ဝစီဒုစရိုက် ၄-ပါးမှ ရှောင်**ကြဉ်**

http://www.dhammadownload.com

ခြင်း၏ အစွမ်းဖြင့် ၇-ပါး အပြားရှိပါသည်။

တစ်နည်း - ကုဟန (အံ့ဖွယ်သရဲကို ဖြစ်စေခြင်း), လပန (မိမိကိုယ်ကို အထင်ကြီးအောင် ဂုဏ်ဖော်၍ ပြောဆိုခြင်း)စသော မိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်း၏ အစွမ်းဖြင့် များစွာပြားပါသည်။

သိမှတ်ဖွယ်။ ။ ကုဟန, လပနစသော မိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်းဟူသော အာဇီဝ ပါရိသုဒ္ဓိသီလသည် ပစ္စည်းဥစ္စာကို ရှာဖွေကြောင်း လုံ့လဝီရိယဟုဆိုအပ်သော သမ္မာအာဇီဝ၏ ဂုဏ်မျှသာ ဖြစ်၍ အသက်မွေးမှု အကြောင်းပြုပြီး ကာယ, ဝစီ ဒုစရိုက်တို့မှ ရှောင်ကြဉ်မှု မရှိသောကြောင့် သမ္မာအာဇီဝအစစ် မဟုတ်ပါ၊ အာဇီဝပါရိသုဒ္ဓသီလ၏ ပရိယာယ်အားဖြင့် ဝိရတိအဖြစ်ကို ရည်၍ " ယာ တသ္မာ သတ္ထုပ္ပကာရာ မိစ္ဆာဇီဝါ ဝိရတိ၊ ဣဒံ အာဇီဝပါရိသုဒ္ဓိ သီလံ" ဟု ဝိသုဒ္ဓိမဂ်၌ ဆိုထားခြင်း ဖြစ်ပါသည်။ ထိုစကားရပ်ကို ကြည့်၍ ဦးကာကျော်ဆရာ က "ကုဟနလပနာဒိမိစ္ဆာဇီဝဝိရမဏာဝသေန ဗဟုဝိဓော ဝါ" ဟု ဆိုထားခြင်း ဖြစ်ဟန်ရှိ ကြောင်း မဏိမဉ္ဇူ (၁၊ ၃၄၅)၌ ဖွင့်ပါသည်။ ပရမတ္ထဒီပနီဋီကား (၁) ဝီရိယသမ္မာအာဇီဝ (၂) ဝိရတိသမ္မာအာဇီဝ-ဟု **သမ္မာအာဇီဝ အပြား ၂-ပါး**ကို ပြဆိုပါသည်။

ထိုတွင် ပင်ကိုယ်သဘောအားဖြင့် အပြစ်မရှိသော လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း, ဆွမ်းခံခြင်း စသောအမှုတို့ကို ပြု၍ အသက်မွေးသောသူတို့၏ ထက္ကြသော အခြင်းအရာအားဖြင့်ဖြစ်သော လုံ့လသည် **'ဝီရိယသမ္မာအာဇီဝ'** မည်၏။ အသက်မွေးမှုကို ငဲ့ကွက်၍ မိမိအသက်မွေးမှု ပျက်စီးခြင်း၏အကြောင်းဖြစ်သော ကာယ, ဝစီ ဒုစရိုက်မှုတို့ကို မပြုမလုပ်သောသူတို့၏ မကောင်းမှုမှ ရှောင်ကြဉ်သော အခြင်းအရာအားဖြင့် ဖြစ်သော စိတ်၏ ဖြစ်ခြင်းသည် **'ဝိရတိသမ္မာအာဇီဝ'** မည်၏-ဟု မှတ်ပါ။

မေး။ သမ္မာဝါစာ, သမ္မာကမ္မန္တတို့နှင့် သမ္မာအာဇီဝတို့၏ ခြားနားချက်ကို သိသာထင်ရှားအောင် ရေးသားတင်ဆက်ခဲ့ပါ။

ဖြေ။ အသက်မွေးမှုကို မငဲ့ကွက်ဘဲ ဝစီဒုစရိုက် လေးပါး, ကာယဒုစရိုက် သုံးပါးတို့မှ ရှောင်ကြဉ်ခြင်းသည် သမ္မာဝါစာ, သမ္မာကမ္မန္တတို့ဖြစ်၍၊ အသက်မွေးမှုကို ငဲ့ကွက်ပြီး ဝစီဒုစရိုက်လေးပါး, ကာယဒုစရိုက် သုံးပါးတို့မှ ရှောင်ကြဉ်ခြင်းသည် သမ္မာအာဇီဝ ဖြစ်၏။ ဤသို့ ခြားနားကြပါသည်။

သိမှတ်ဖွယ်။ ။ သမ္မာအာဇီဝ-မည်သည် ဘီးခြားမရှိ၊ သမ္မာဝါစာ, သမ္မာကမ္မန္တတို့တွင် ပုံဝင်ပြီးဖြစ်၏။ သို့သော် ဒုစရိုက်ကြောင့် ရအပ်သော ပစ္စည်းတို့ကို အမြဲမှီဝဲခြင်း၏ အစွမ်းဖြင့် သမ္မာအာဇီဝကို သမ္မာဝါစာ, သမ္မာကမ္မန္တတို့မှ သီးခြားထုတ်ဆောင်၍ ပြတော်မူခြင်း ဖြစ်ပါသည်။ အာဇီဝ၏ ပျက်မှု, ပြည့်မှုတို့သည် ကာယ, ဝစီဒွါရ

http://www.dhammadownload.com

တို့၌သာ ရှိ၍ မနောဒွါရ၌ မရှိကောင်းသောကြောင့် သမ္မာအာဇီဝသည် မနောဒွါရ၌ မဖြစ်သင့်ပါ။ (အဘိဋ္ဌ၊ ၁။ ၂၆၄၅)။

မေး။ လုပ်ရိုးလုပ်စဉ်အတိုင်း ကောင်းရောင်းကောင်းဝယ် ကုန်သွယ်ခြင်း လယ်လုပ်ခြင်း စသော အမှုများ ပြုလုပ်လျက် အသက်မွေးနေသူကို "သမ္မာအာဇီဝနဲ့ အသက်မွေးတာ ကောင်းတာပေါ့ကွာ"ဟု ပြောဆိုလေ့ရှိရာ ထိုစကား မှန်/မမှန်ကို ဝေဖန်စိစစ်ပြပါ။

ဖြေ။ လုပ်ရိုးလုပ်စဉ်အတိုင်း ကောင်းရောင်းကောင်းဝယ် ကုန်သွယ်ခြင်း, လယ်လုပ်ခြင်းစသော အမှုများ ပြုလုပ်လျက် အသက်မွေးခြင်းသည် သမ္မာအာဇီဝ ဖြစ်သောကြောင့် ထိုစကားမှန်ပါသည်။ သို့သော် ရှောင်ကြဉ်ထိုက်သော ဒုစရိုက်မှုတို့မှ ရှောင်ကြဉ်ခြင်း မရှိသောကြောင့် သမ္မာအာဇီဝဝိရတီကား မဖြစ်ပါ။

မေး။ ဒုစရိုက်လုပ်ငန်းများကို စွန့်လွှတ်ပြီးနောက် ထိုဒုစရိုက်လုပ်ငန်းများဖြင့် ရရှိထားသော ပစ္စည်တို့ကို မစွန့်လွှတ်ဘဲ ထိုပစ္စည်းတို့ဖြင့် အသက်မွေးမှု ပြုနေကြသော မုဆိုး, တံငါစသည်တို့ကို ကြည့်၍ "ဒီလူတွေရဲ့ အသက်မွေးမှုဟာ သမ္မာအာဇီဝ မဖြစ်ပါဘူးကွာ" စသည်ဖြင့် ပြောဆိုတတ်ကြရာ ထိုစကား မှန်/မမှန်ကိုလည်း ဝေဖန် စိစစ်ပြပါ။

ဖြေ။ သမ္မာအာဇီဝဖြစ်မှု၌ ပစ္စည်းဥစ္စာကို စွန့်လွှတ်မှုသည် ပဓာနမဟုတ်၊ ဒုစရိုက်လုပ်ငန်းများကို စွန့်လွှတ်မှုသည်သာ ပဓာနဖြစ်ပါသည်။ ထို့ကြောင့် အသက်မွေးမှုနှင့်စပ်သော ဒုစရိုက်လုပ်ငန်းများကို စွန့်လွှတ်ရှောင်ကြဉ်လိုက်သည်နှင့် တပြိုင်နက် သမ္မာအာဇီဝဝိရတီဖြစ်ရကား မေးခွန်းပါ ဆိုစကား မမှန်ပါ။

မေး။ ကြက်တစ်ကောင်ကို သတ်မည်ပြုပြီးမှ မသတ်ဘဲ ရှောင်ကြဉ်လျှင် အဘယ်ဝိရတီ ဖြစ်ပါသနည်း? ဖြစ်သင့်သမျှ ရေးသားဖော်ပြပါ။

ဖြေ။ ကြက်တစ်ကောင်ကို စားချင်၍ သတ်မည်ပြုပြီးမှ မသတ်ဘဲ ရှောင်ကြဉ်လိုက်ခြင်း သမ္မာအာဇီဝဝိရတီဖြစ်ပါသည်။ စားချင်၍ မဟုတ်ဘဲ စိတ်ဆိုး၍ သတ်မည်ပြုပြီးမှ မသတ်ဘဲ ရှောင်ကြဉ်လိုက်လျှင် သမ္မာကမ္မန္တဝိရတီ ဖြစ်ပါသည်။

သိမှတ်ဖွယ်များ

<u>လောကီ သမ္မာအာဇီဝနှင့် လောကုတ္တရာ သမ္မာအာဇီဝတို့၏ အထူး</u> - လောကီ သမ္မာအာဇီဝကို အမျိုးမျိုးသောစိတ်တို့၌ ရအပ်၏။ လောကုတ္တရာ သမ္မာအာဇီဝကိုကား

http://www.dhammadownload.com

မဂ်ခဏဝယ် စိတ်တစ်မျိုးတည်း၌သာ ရအပ်၏။ (အဋ္ဌသာလိနီ)

လောကီ ဝိရတီနှင့် လောကုတ္တရာ ဝိရတီတို့ အထူး - လောကီဝိရတီတို့သည် ဇီဝိတန္ဒြေ သတ္တဝါ, သခ်ါရတို့ကို အာရုံပြု၍ ကာယ, ဝစီ ဒုစရိုက်မှုတို့မှ ရှောင်ကြဉ်၏။ လောကုတ္တရာဝိရတီတို့ကား နိဗ္ဗာန်ကို အာရုံပြု၍ ထိုဒုစရိုက်တို့မှပင် ရှောင်ကြဉ်၏။ (ပရမတ္ထဒီပနီ)

ဝီတိက္ကမိတပ္ပဝတ္ထုနှင့် ဝိရမိတပ္ပဝတ္ထု - ဇီဝိတန္ဒြေ, သတ္တဝါ, သခ်ါရတို့သည် လွန်ကျူးအပ်သော ဝီတိက္ကမိတပ္ပဝတ္ထု ဖြစ်၍၊ ပါဏာတိပါတစသော ဒုစရိုက်မှုတို့ကား ရှောင်ကြဉ်အပ်သော ဝိရမိတပ္ပဝတ္ထု ဖြစ်ပါသည်။

ဝိရတီတို့၏ အာရုံနှင့် ရှောင်ကြဉ်ရာ- လောကီဝိရတီတို့သည် ဝီတိက္ကမိတပ္ပဝတ္ထုကို အာရုံပြု၍ ဝိရမိတပ္ပဝတ္ထုမှ ရှောင် ကြဉ်ကြပါသည်။ (၄င်း)

မေး။ သမ္မာဝါစာ စသော ၃-ပါးတို့ကို အဘယ့်ကြောင့် "ဝိရတီ" ဟု ခေါ်ဆိုရပါသနည်း ဖြေဆို၍၊ ထိုဝိရတီအပြားကိုလည်း ရေးသားဖော်ပြပါ။

ဖြေ။ အသက်မွေးဝမ်းကျောင်းနှင့် မဆိုင်သော ဝစီဒုစရိုက် ၄-ပါး, ကာယဒုစရိုက် ၃-ပါး၊ အသက်မွေးဝမ်းကျောင်းနှင့် ဆိုင်သော ဝစီဒုစရိုက် ၄-ပါး, ကာယဒုစရိုက် ၃-ပါးတို့မှ ရှောင်ကြဉ်တတ်သောကြောင့် "ဝိရတီ" မည်ပါသည်။

ထိုဝိရတီသည် (၁) သမ္မာဝါစာဝိရတီ (၂) သမ္မာကမ္မန္တဝိရတီ (၃) သမ္မာအာဇီဝဝိရတီအားဖြင့် ၃-ပါး အပြားရှိပါသည်။ ထို ၃-ပါးတို့တွင် တစ်ပါး တစ်ပါး၌ (၁) သမ္မတ္တဝိရတီ (၂) သမာဒါနဝိရတီ (၃) သမုစ္ဆေဒဝိရတီအားဖြင့် ၃-မျိုးစီ ပြားသော ကြောင့် (၃×၃=) ၉-ပါး ဖြစ်ပါသည်။

ရသင့်သမျှ ရေတွက်လျှင် - သမ္မာဝါစာဝိရတီ ၄-ပါး၊ သမ္မာကမ္မန္တဝိရတီ ၃-ပါး၊ သမ္မာအာဇီဝဝိရတီ ၇-ပါး၊ ပေါင်း (၁၄)ပါး ဖြစ်ပါသည်။ ထို(၁၄)ပါးတို့တွင် တစ်ပါးတစ်ပါး၌ သမ္မတ္တ, သမာဒါန, သမုစ္ဆေဒ ဝိရတီအားဖြင့် ၃-ပါး စီရနိုင်သောကြောင့် (၁၄×၃=) ၄၂-ပါး ဖြစ်နိုင်ပါသည်။

သိမှတ်ဖွယ်။ သိက္ခာပုဒ်ကို မဆောက်တည်ဘဲ မိမိ၏အမျိုးဇာတ်, အရွယ်, အကြားအမြင် ဗဟုသုတများခြင်း စသည်တို့ကို ဆင်ခြင်၍ "ငါတို့အား ဤသို့သဘောရှိသော အမှုကို ပြုခြင်းငှါ မသင့်"ဟု မိမိရှေ့မှောက် ရောက်လာ ကြုံကြိုက်လာသော ဒုစရိုက်မှုကို မလွန်ကျူးသော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သော ဝိရတီသည် "**သမ္မတ္တဝိရတီ**" မည်၏။

သိက္ခာပုဒ်ကို ဆောက်တည်ပြီးနောက် ထိုသိက္ခာပုဒ်ကို ဆောက်တည်ခိုက်၌ ဖြစ်စေ, ဆောက်တည်ပြီးမှ နောက်ကာလ၌ ဖြစ်စေ မိမိ၏အသက်ကိုသော်လည်း စွန့်၍

http://www.dhammadownload.com

ရောက်လာသော ဒုစရိုက်မှုကို မလွန်ကျူးသော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သော ဝိရတိသည် "သမာဒါနဝိရတိ" မည်၏။

အရိယာမဂ်နှင့် ယှဉ်သော ဝိရတိသည် "သမုစ္ဆေဒဝိရတိ" မည်၏။ (ထိုဝိရတိဖြစ်သည်မှစ၍ "သတ္တဝါအသက်ကို သတ်ဘုံ" ဟူသော စိတ်မျှသည်လည်း အရိယာပုဂ္ဂိုလ်တို့ သန္တာန်၌ မဖြစ်တော့ပေ။)

ဝစနတ္ထ - သမ္မတ္တဝတ္ထုတော ဝိရတိ သမ္မတ္တဝိရတိ။
သမာဒါနဝသေန ပဝတ္တာ ဝိရတိ သမာဒါနဝိရတိ။
သမုစ္ဆေဒဝသေန ပဝတ္တာ ဝိရတိ သမုစ္ဆေဒဝိရတိ။ (လ။ ၁။ ၃၄၅-၆။)

မေး။ ကရုဏာ-ဟူသည် အဘယ်နည်း ၄င်းပုဒ်၏ ဝစနတ္ထအားလျော်စွာ ရနိုင်သမျှ ပြောဆိုပါ၍၊ ၄င်း၏ လက္ခဏာကိုလည်း ဖော်ပြပါ။

ဖြေ။ "ကရောတိ ပရဒုက္ခေ သတိ သာဓူနံ ဟဒယဓေဒံ ဇနေတီတိ ကရုဏာ" ဟူသော ဝစနတ္ထနှင့်အညီ သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခကို မြင်ရသည်ရှိသော် သူတော်ကောင်းတို့၏ စိတ်နှလုံး ပင်ပန်းခြင်းကို ပြုတတ် ဖြစ်စေတတ်သော ကြောင့် "ကရုဏာ" မည်ပါသည်။

(တစ်နည်း) "ကိရတိ ဝိက္ခိပတိ ပရဒုက္ခန္တိ ကရုဏာ" ဟူသော ဝစနတ္ထ နှင့်အညီ သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခကို ပစ်လွှင့်တတ် ပယ်ဖျောက်တတ်သော ကြောင့် "ကရုဏာ" မည်ပါသည်။

(တစ်နည်း) "ကိဏာတိ ပရဒုက္ခံ ဟိံသတီတိ ကရုဏာ" ဟူသော ဝစနတ္ထ နှင့်အညီ သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခကို ညှင်းဆဲတတ် ဖျက်ဆီးတတ်သော ကြောင့် "ကရုဏာ" မည်ပါသည်။

(တစ်နည်း) "ကိရိယတိ ဒုက္ခိတေသု ပသာရိယတီတိ ကရုဏာ"ဟူသော ဝစနတ္ထနှင့် အညီ ဒုက္ခိတသတ္တဝါတို့၌ အပိုင်းအခြားရှိသောဖြန့်ခြင်း, အပိုင်းအခြားမရှိသော ဖြန့်ခြင်းအားဖြင့် ဖြန့်အပ်သောကြောင့် "ကရုဏာ" မည်ပါသည်။

ထိုကရုဏာသည် " ပရဒုက္ခာပနယနကာမတာ (=သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခကို ပယ်ဖျောက်လိုသောသူ၏ အဖြစ် - ပယ်ဖျောက်လိုခြင်း) လက္ခဏာရှိပါသည်။

မေး။ ကရုဏာ-ပုဒ်၏ ရုပ်ပြီးပုံများကို ရေးသားဖြေဆိုပါ။

ဖြေ။ ကရဓာတ်+ဥနပစ္စည်း+အာပစ္စည်း၊ န-ကို ဏ-ပြု၍ "ကရုဏာ"ဟု ပြီးပါသည်။

F.29A

http://www.dhammadownload.com

(ထောမနိဓိအဘိဓာန်အတိုင်း ဥန-ပစ္စည်းဟု ဆိုလိုက်သည်။ မောဂ္ဂလ္လာန်၌ ကုန-ပစ္စည်းဟု ဆို၍ သဒ္ဒနီတိ သုတ္တမာလာ (၁၃၂၁)၌ ရုဏ-ပစ္စည်း၊ အဘိဓာန ပွဒီပိကာသူစိ၌ ဥဏ-ပစ္စည်းဟု ဆိုသည်။ ယုပစ္စည်း-ဟုလည်း ကြံကြသည်။)

(တစ်နည်း) ကိရ ဝိကွိပနေ-ဟူသောဓာတ်+ဥနပစ္စည်း+အာပစ္စည်း၊ န-ကို ဏ-ပြု၍ 'ကိရဏာ' ဟု ဖြစ်ပြီးနောက် ကိ-၌ ဣ-ကို အ-ပြု၍ **"ကရဏာ"**ဟု ရုပ်ပြီးပါသည်။ (သဒ္ဒနီတိ သုတ္တမာလာနှင့် အဘိဓာ ပွဒီပိကာသူစိတို့၌ **ရုဏ**-ပစ္စည်းဟု ဆိုကြသည်။)

(တစ်နည်း) ကိဓာတ်+ဥနပစ္စည်း+အာပစ္စည်း၊ န-ကို ဏ-ပြု၊ **ရ်-လာ၊ ဥ**-သို့ကပ် "ကိရဏာ"ဟု ဖြစ်ပြီးနောက် ကိ-၌ ဣ-ကို အ-ပြု၍ "ကရဏာ"ဟု ရုပ်ပြီးပါသည်။ (အဘိဓာနပွဒီပိကာသူစိ၌ ရုဏ-ပစ္စည်းဟု ဆိုသည်။)

(တစ်နည်း) ကိရ ပသာရဏ-ဟူသောဓာတ်+ဥန ပစ္စည်း+အာပစ္စည်း၊ "ကိရဏာ"ဟု ဆိုလိုလျက် ကိ-၌ ဣ-ကို အ-ပြု၍ "ကရဏာ"ဟု ရုပ်ပြီးပါသည်။ (အဘိဓာနပွဒီပိကာသူစိ၌ ယု-ပစ္စည်းဟု ဆိုသည်။)

မေး။ ကရဏာ-၏ သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခကို ပယ်ဖျောက်ခြင်းသည် ဧကန်မဟုတ်, အနေကန်ဖြစ်ပါလျက် ၄င်းကို အဘယ့်ကြောင့် ပရဒုက္ခာပနယနတာလက္ခဏာရှိသည်-ဟူဟု ဆိုရပါသနည်း။

ဖြေ။ ကရုဏာသည် သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခကို ပယ်ဖျောက်နိုင်သည် ဖြစ်စေ, မပယ်ဖျောက်နိုင်သည်ဖြစ်စေ သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခ ကို ပယ်ဖျောက်ခြင်းဟူသော အခြင်းအရာအားဖြင့်သာလျှင် ဖြစ်ပါသည်။ ထိုအခြင်းအရာနှင့်ကင်း၍ မဖြစ်ပါ။ ထို့ကြောင့် ၄င်းကို "ပရဒုက္ခာပနယနတာ" လက္ခဏာရှိသည်ဟု ဆိုရခြင်းဖြစ်ပါ သည်။

မေး။ မိမိနှင့် ရင်းနှီးခင်မင် ချစ်ကျွမ်းဝင်သူတစ်ဦးတစ်ယောက် ဒုက္ခရောက်နေ၍ သနားခြင်းသည် ကရုဏာအစစ် ဟုတ်, မဟုတ် စစ်တမ်းထုတ်ခဲ့ပါ။

ဖြေ။ ထိုသနားခြင်းမျိုးမှာ စိုးရိမ်ကြောင့်ကြမှု-ဟူသော သောက-ခေါ် ဒေါမနဿ ဝေဒနာသာ ဖြစ်သောကြောင့် ကရုဏာအစစ် မဟုတ်, **"ကရုဏာအတု"**သာ ဖြစ်ပါသည်။ ရန်သူ, မိတ်ဆွေ မခွဲခြားဘဲ ဒုက္ခိတသတ္တဝါ မှန်သမျှကို မြင်တိုင်း ကြားတိုင်း သနားကြင်နာစိတ်ဖြစ်မှုမျိုးကိုသာ **"ကရုဏာအစစ်"** ဆိုရပါသည်။ ကရုဏာအစစ်မှာ စိုးရိမ်ကြောင့်ကြမှု-ဟူသော သောက(ဒေါမနဿ) မပါရပါ။

http://www.dhammadownload.com

မေး။ မြန်မာစကားဌ "သောက လူယောင်ဆောင်သည်"ဟူသော စကားလုံး တစ်လုံး ရှိရာ ယင်းစကားလုံး၏ အဓိပ္ပာယ်ကို ရှင်းပြပါ။

ဖြေ။ မိမိနှင့် ရင်းနှီးခင်မင် ချစ်ကျွမ်းဝင်သူတစ်ဦးတစ်ယောက် ဒုက္ခရောက်နေသည်ကို တွေ့မြင်ရ ကြားသိရသောအခါ ထိုသူ၏သန္တာန်၌ သနားကြင်နာမှုဖြစ်ပေါ်လာသည်၊ ထိုသနားကြင်နာမှုသည် ကရုဏာအစစ်မဟုတ်၊ စိုးရိမ်ကြောင့်ကြမှု-ဟူသော သောက(ဒေါမနဿ)-ခေါ် ကရုဏာအတုသာ ဖြစ်ပါသည်။ ထိုသို့ဖြစ်သည်ကို "သောက, လူယောင်ဆောင်သည်"ဟု ပြောဆိုသုံးနှုန်းကြခြင်း ဖြစ်ပါသည်။ "သောက, က ကရုဏာယောင်ဆောင်သည်"ဟု ဆိုလိုရင်း ဖြစ်ပါသည်။

မေး။ ကရုဏာ-၏ အနီးကပ်ဆုံးရန်သူနှင့် အဝေးရန်သူတို့ကို ဖော်ပြ ပါ။

ဖြေ။ ကရုဏာ-၏ အနီးကပ်ဆုံးရန်သူမှာ ဂေဟသိတ ဒေါမနဿဝေဒနာ ဖြစ်၍၊ အဝေးရန်သူမှာ ဝိဟေသာ (ညှင်းဆဲခြင်း) ဖြစ်ပါသည်။ (အဘိ၊ ဋ္ဌ၊ ၁၊ ၂၃၉။)

မေး။ ကရုဏာအစစ်နှင့် ကရုဏာအတုတို့၏ ခြားနားချက်ကို ဖော်ပြပါ။

ဖြေ။ ကရုဏာအစစ်မှာ သူတစ်ပါးကို သနားသော်လည်း ကုသိုလ်တရားဖြစ်၍ စိတ်မညစ်ပါ။ ကရုဏာအတုကား အကုသိုလ်တရားဖြစ်၍ စိတ်ကို ညစ်စေပါသည်။ ဤသို့ ခြားနားပါသည်။

မေး။ မုဒိတာ-ဟူသည် အဘယ်နည်း? ၎င်း၏ အဓိပ္ပာယ်ကို ရေး၍၊ လက္ခဏာကိုလည်း ဖော်ပြပါ။

ဖြေ။ "မောဒန္တိ စေတာယာတိ မုဒိတာ"ဟူသော ဝစနတ္ထနှင့်အညီ မုဒိတာနှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့၏, **တစ်နည်း**-သမ္မယုတ်တရားတို့၏ ဝမ်းမြောက်ကြောင်းဖြစ်သောကြောင့် "မုဒိတာ" မည်ပါသည်။

ထိုမုဒိတာသည် 'ပရသမ္ပတ္တိ အနုမောဒန-သူတစ်ပါးတို့၏ စည်းစိမ်ချမ်းသာကို ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း' လက္ခဏာရှိပါသည်။

မေး။ (က) ဝမ်းမြောက်တတ်သောတရား (ခ) ဝမ်းမြောက်ကြောင်းတရားတို့ကို ခွဲခြားဖော်ပြခဲ့ပါ။

ဖြေ။ (က) ဝမ်းမြောက်တတ်သောတရားမှာ ယှဉ်ဘက်သမ္မယုတ်တရားများ ဖြစ်ပါသည်။ (ခ) ဝမ်းမြောက်ကြောင်းတရားမှာ မုဒိတာ-ခေါ် မောဒနကြိယာ ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ မုဒိတာ-ခေါ် မောဒနကြိယာက ယှဉ်ဘက်သမ္မယုတ်တရားတို့ကိုသာ ကျေးဇူးပြုသောကြောင့် ယှဉ်ဘက်သမ္မယုတ်တရားတို့ကိုသာ "ဝမ်းမြောက်သည်"ဟု ဆိုသင့်သည် မဟုတ်ပါလော? အဘယ့်ကြောင့် ပုဂ္ဂိုလ်ကို "ဝမ်းမြောက်သည်" ဟု ဆိုနိုင်ပါသနည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ မုဒိတာ-ခေါ် မောဒနကြိယာက ယှဉ်ဘက်သမ္မယုတ်တရားတို့ကို ဝမ်းမြောက်ဝမ်းသာဖြစ်ဖို့ အစိုးတရ ကျေးဇူးပြုသောအခါ ယှဉ်ဘက်သမ္မယုတ်တရားတို့ဖြစ်ရာ ပုဂ္ဂိုလ်ကိုလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ဖို့ ကျေးဇူးပြုရာရောက်သောကြောင့် ပုဂ္ဂိုလ်ကိုလည်း "ဝမ်းမြောက်သည်"ဟု ဆိုရှုခြင်း ဖြစ်ပါသည်။ (ဇူ၊ ၁။ ၃၄၆။)

မှတ်ချက်။ ။ ဓမ္မမှ တစ်ပါးသော ကရိုဏ်းကို နှစ်စေခြင်းအကျိုးငှါ ဓမ္မ (မောဒနကြိယာ)ကိုပင် ကရိုဏ်းပြု၍ ဖွင့်ပြထားခြင်းဖြစ်သည်-ဟု မှတ်ပါ။ (၄၄း)

မေး။ မိမိနှင့်စပ်သူ ဆွေမျိုးမိတ်သင်္ဂဟများ ကြီးပွားချမ်းသာနေသည်ကို တွေ့မြင်ရသောအခါ ဖြစ်ပေါ်လာသော ဝမ်းမြောက်မှုသည် မုဒိတာအစစ် ဟုတ်/မဟုတ် စစ်တမ်းထုတ်ခဲ့ပါ။

ဖြေ။ ထိုဝမ်းမြောက်မှုမျိုးသည် မုဒိတာအစစ် မဟုတ်ပါ။ တဏှာလောဘကို အခြေခံ၍ ဖြစ်ပေါ်လာသည့် နှစ်သက်ဝမ်းမြောက်ခြင်း ပီတိ သောမနဿ-ဟူသော မုဒိတာအတုသာ ဖြစ်ပါသည်။ (သို့သော် ထိုဝမ်းမြောက်မျိုးသည် မုဒိတာအတုသာဖြစ်သည် -ဟုကား တထစ်ချ မဆိုနိုင်ပါ။ အချို့ပုဂ္ဂိုလ်များမှာ မုဒိတာအစစ်ပင် ဖြစ်နိုင်ဖွယ် ရှိပါသည်။)

မေး။ မုဒိတာ-၏ အနီးကပ်ဆုံးရန်သူနှင့် အဝေးရန်သူတို့ကို ဖော်ပြပါ။

ဖြေ။ မုဒိတာ-၏ အနီးကပ်ဆုံး ရန်သူမှာ ဂေဟဿိတသောမနဿဖြစ်၍၊ အဝေးရန်သူ မှာ အရတိ (မမွေ့လျော် မပျော်ပိုက် မနှစ်ခြိုက်ခြင်း) ဖြစ်ပါသည်။ (အဘိ၊ ၄၊ ၁၊ ၂၃၉။)

မေး။ မုဒိတာအစစ်နှင့် အတုတို့၏ ခြားနားချက်ကို ဖော်ပြပါ။

ဖြေ။ မုဒိတာအစစ်သည် ကုသိုလ်တရားဖြစ်၍ မုဒိတာအတုကား အကုသိုလ်တရားဖြစ်ပါသည်။

မေး။ ကရုဏာ, မုဒိတာတို့ကို အဘယ့်ကြောင့် အပွမညာ-ဟု ခေါ်ဆိုရပါသနည်း။

http://www.dhammadownload.com

ဖြေ။ အတိုင်းအရှည်မရှိသော သတ္တဝါကို ဟူသော အာရုံတို့ရှိသောကြောင့် ကရုဏာ, မုဒိတာတို့ကို "အပွမညာ"ဟု ခေါ်ဆိုရပါသည်။

(တစ်နည်း) အတိုင်းအရှည်မရှိသော သတ္တဝါတို့၌ အာရုံပြုသောအားဖြင့် ဖြစ်တတ်သောကြောင့် ကရုဏာ, မုဒိတာတို့ကို "အပွမညာ"ဟု ခေါ်ဆိုရပါသည်။

(တစ်နည်း) ကရုဏာ, မုဒိတာတို့က အပိုင်းအခြားရှိသော်လည်း ၎င်းတို့၏ အာရုံအကြောင်းဖြစ်သော သတ္တဝါတို့က အပိုင်းအခြားမရှိသောကြောင့် အာရုံအကြောင်းဖြစ်သော သတ္တဝါတို့၏ 'အပွမညာ'ဟူသော အမည်ကို အာရမ္မဏိက အကျိုးဖြစ်သော ကရုဏာ, မုဒိတာတို့၌တင်စား၍ ကာရဏူပစာအားဖြင့် ကရုဏာ, မုဒိတာတို့ကို "အပွမညာ" ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

ဒုတိယမေး။ အပွမညာ-ပုဒ်ကို ရနိုင်သမျှ ဝစနတ္ထပြု၍ အရလည်း အသီးသီးကောက်ပြခဲ့ပါ။

ဒုတိယဖြေ။ (၁) နတ္ထိ ပမာဏံ ယေသန္တိ အပွမာဏာ၊ အတိုင်းအရှည်မရှိသော သတ္တဝါတို့ကို ရ၏။

အပွမာဏာ အာရမ္မဏာ တေသန္တိ အပွမာဏာ။

(တစ်နည်း) အပွမာဏာ တေသံ အတ္ထိတိ အပွမာဏာ။ အတိုင်းအရှည်မရှိသော သတ္တဝါတို့ဟူသော အာရုံရှိသော ကရုဏာ, မုဒိတာတို့ကို ရ၏။ (ရှေ့နည်း၌ "အပွမာဏာရမ္မဏာ"ဟု ဆိုလိုလျက် အာရမ္မဏ-ဟူသော နောက်ပုဒ်ကို ချေ၍ "အပွ-မာဏာ"ဟု ပြီးသည်။)

အပွမာဏာ ဧဝ အပွမညာ။ ၎င်းတို့ကိုပင် ရ၏။ (သကတ္ထ၌ ကျ-ပစ္စည်းဟု မှတ်ပါ။)

(၂) အပွမာဏော ဘဝါ အပွမာဏာ၊ အပွမာဏာ ဧဝ အပွမညာ။ အတိုင်းအရှည်မရှိသော သတ္တဝါပညတ်၌ အာရုံပြုသောအားဖြင့် ဖြစ်သော ကရုဏာ, မုဒိတာတို့ကို ရ၏။

<u>ကရုဏာကို ရှေးဦးစွာ ဆိုရခြင်းအကြောင်း</u> - လောက၌ ဒုက္ခိတသတ္တဝါက များသောကြောင့် ထိုဒုက္ခိတသတ္တဝါကို အာရုံပြုသော ကရုဏာကို ရှေးဦးစွာ ဆိုရခြင်း ဖြစ်ပါသည်။ (သခေါပ)

တတိယမေး။ ကမ္မဋ္ဌာန်းပိုင်း၌ "စတသော အပွမညာယော"ဟု ဆိုလတ္တံ့ဖြစ်ပါလျက် ဤစေတသိက်ပိုင်း၌ အဘယ့်ကြောင့် အပွမညာ ၂-ပါးတို့ကိုသာ ဆိုရပါသနည်း။

တတိယဖြေ။ ကမ္မဋ္ဌာန်းပိုင်း၌ "စတသော အပွမညာယော"ဟု ဆိုလတ္တံ့ဖြစ်ပါသော်လည်း ဤစေတသိက်ပိုင်း၌ အဒေါသ ဖြင့် မေတ္တာ-ကို, တတြမဇ္ဈတ္တတာ-ဖြင့် ဥပေက္ခာ

http://www.dhammadownload.com

ကို ယူပြီးဖြစ်သောကြောင့် အပွမညာ ၂-ပါးတို့ကိုသာ ဆိုရခြင်း ဖြစ်ပါသည်။

မေး။ အဘယ့်ကြောင့် အဒေါသ-ဖြင့် မေတ္တာ-ကို, တတြမဇ္ဈတ္တတာ-ဖြင့် ဥပေက္ခာကို ယူရပါသနည်း။

ဖြေ။ သတ္တဝါတို့၌ အကျိုးစီးပွားကို လိုလားသောအားဖြင့်ဖြစ်သော 'အဒေါသ' သည်ပင် 'မေတ္တာ'မည်သောကြောင့် အဒေါသဖြင့် မေတ္တာကို ယူရခြင်းဖြစ်ပါသည်။

သတ္တဝါတို့၌ မုန်းခြင်း, ချစ်ခြင်း ငြိမ်းပျောက်ကင်းရှင်းခြင်းအားဖြင့် ဖြစ်သော 'တတြမဇ္ဈတ္တတာ'သည်ပင် 'ဥပေက္ခာ' မည်သောကြောင့် တတြမဇ္ဈတ္တတာ-ဖြင့် ဥပေက္ခာကို ယူရခြင်း ဖြစ်ပါသည်။

မေး။ အဒေါသတိုင်းကို မေတ္တာ-ဟုလည်းကောင်း၊ တတြမဇ္ဈတ္တတာတိုင်းကို ဥပေက္ခာ-ဟုလည်းကောင်း ဆိုနိုင်ပါမည်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ အဒေါသတိုင်းကို မေတ္တာ-ဟုလည်းကောင်း တတြမဇ္ဈတ္တတာတိုင်းကို ဥပေက္ခာ-ဟုလည်းကောင်း မဆိုနိုင်ပါ။ သတ္တဝါတို့၌ အကျိုးစီးပွားကို လိုလားသော အားဖြင့်ဖြစ်သော 'အဒေါသ' ကိုသာ 'မေတ္တာ'ဟု ဆိုနိုင်၍၊ သတ္တဝါတို့၌ မုန်းခြင်း, ချစ်ခြင်း ငြိမ်းပျောက်ကင်းရှင်းခြင်းအားဖြင့်ဖြစ်သော 'တတြမဇ္ဈတ္တတာ' ကိုသာ 'ဥပေက္ခာ' ဟု ဆိုနိုင်ပါသည်။

၁မး။ ဥပေက္ခာနှင့် တတြမဇ္ဈတ္တတာတို့၏ အထူးကို ဖော်ပြပါ။

၁ဖြ။ ဥပေက္ခာသည် ကုဋ္ဌာရုံ, အနိဋ္ဌာရုံတို့၌ လျစ်လျူရှုသောအခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၍၊ တတြမဇ္ဈတ္တတာ,က စိတ်စေတသိက်တို့ကို လျစ်လျူရှုခြင်း လက္ခဏာရှိ၏၊ ဤသို့ ထူးပါသည်။

ဥပေက္ခာသည် စိတ်၏ လက္ခဏာဖြစ်၍၊ တတြမဇ္ဈတ္တတာ,က စေတသိက်၏ လက္ခဏာဖြစ်၏၊ ဤသို့လည်း ထူးပါသည်။

ဥပေက္ခာသည် ဝေဒနုပေက္ခာဖြစ်၍၊ တတြမဇ္ဈတ္တတာ,က ဗြဟ္မဝိဟာရုပေက္ခာ ဖြစ်၏၊ ဤသို့လည်း ထူးပါသည်။

၁မး။ အပွမညာသည် ကရုဏာ, မုဒိတာဟု နှစ်ပါးဖြစ်သောကြောင့် အခြားသော စေတသိက်တို့ကဲ့သို့ "ဒွေ အပွမညာယော နာမ"ဟု သင်္ခါအတိအကျ တပ်၍ ဆိုသင့်သည် မဟုတ်ပါလော? အဘယ့်ကြောင့် "ကရုဏာမုဒိတာ အပွမညာ-

http://www.dhammadownload.com

ယော နာမ"ဟု သင်္ခါမတပ်ဘဲ သာပည ဆိုရပါသနည်း။

ဖြေ။ အပွမညာသည် ကမ္မဋ္ဌာန်းပိုင်း၌ ဆိုလက်ဆဲ့အတိုင်း နှစ်ပါးသာမက လေးပါးရှိသော ကြောင့် အခြားသော စေတသိက်တို့ကဲ့သို့ သင်္ခါအတိအကျ မတပ်ဘဲ "ကရုဏာမုဒိတာ အပွမညာယော နာမ"ဟု သာမည ဆိုရခြင်း ဖြစ်ပါသည်။

မေး။ စေတသိက်ပိုင်းလာ ကရုဏာ, မုဒိတာ အပွမညာတို့နှင့် ကမ္မဋ္ဌာန်းပိုင်းလာ ကရုဏာ, မုဒိတာ အပွမညာတို့၏ အထူးကို ရေးသားဖော်ပြပါ။

ဖြေ။ စေတသိက်ပိုင်းလာ ကရုဏာ, မုဒိတာ အပွမညာတို့သည် ကာမာဝစရ ဖြစ်၍၊ ကမ္မဋ္ဌာန်းပိုင်းလာ ကရုဏာ, မုဒိတာ အပွမညာတို့ကား အပွနာဝတ္ထ ရူပါဝစရတို့ ဖြစ်ကြ၏။ ဤသို့ ထူးပါသည်။ (အဋ္ဌသာလိနီ အဋ္ဌကထာ)

မေး။ 'ပညိန္ဒြေ' ဟူရာ၌ (က) ပညာ-မည်ခြင်း၏အကြောင်း၊ (ခ) ဣန္ဒြေ-မည်ခြင်း၏ အကြောင်းတို့ကို ဖြေဆို၍၊ (ဂ) "ပညိန္ဒြေ"မည်ခြင်းအကြောင်းကိုလည်း ဖော်ပြပါ။

ဖြေ။ "ပကာရေန ဇာနာတိ အနိစ္စာဒိဝသေန အဝဗုဇ္ဈတီတိ ပညာ" ဟူသော ဝစနတ္ထနှင့်အညီ အမျိုးမျိုးအစားစား အပြားအားဖြင့် သိတတ် - အနိစ္စစသည်တို့၏ အစွမ်းဖြင့် ထိုးထွင်း၍ သိတတ်သောကြောင့် 'ပညာ' မည်ပါသည်။

ထိုပညာသည်ပင် အနိစ္စအစရှိသော သာမညသဘောလက္ခဏာ၊ ကက္ခဋ-တ္တ, ဖုသနအစရှိသော ဝိသေသသဘောလက္ခဏာ-ဟူသော ဟုတ်မှန်သော သဘောလက္ခဏာကို ထိုးထွင်း၍ သိခြင်း၌ အကြီးအကဲ၏အဖြစ် (အစိုးရခြင်း) နှင့် ယှဉ်သောကြောင့် 'ဣန္ဒြေ'လည်း မည်ပါသည်။ ထိုအကြောင်းကြောင့်ပင် "ပညိန္ဒြေ" မည်ပါသည်။

မေး။ "အမျိုးမျိုးအစားစား အပြားအားဖြင့် သိတတ်သောကြောင့် ပညာ" ဟုရာ၌ အမျိုးမျိုးအစားစား အပြားအားဖြင့် သိပုံအခြင်းအရာကို ဖော်ပြပါ။

ဖြေ။ အနိစ္စစသည်တို့၏ အစွမ်းဖြင့် (အနိစ္စ, ဒုက္ခ, အနတ္တ-ဟူ၍လည်းကောင်း၊ ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂသစ္စာ-ဟူ၍လည်းကောင်း၊ ကုသိုလ်, အကုသိုလ်-ဟူ၍လည်းကောင်း၊ ကံ, ကံ၏အကျိုး-ဟူ၍လည်းကောင်း၊ ဤသို့စသည်ဖြင့်) ထိုးထွင်း၍ သိခြင်းပင် ဖြစ်ပါသည်။

မေး။ ပညာစစ် နှင့် ပညာတု တို့ကို ခွဲခြားဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ လောကရေးဖြစ်စေ, ဓမ္မရေးဖြစ်စေ မည်သည့်အရေးကိစ္စမျိုးဌ်မဆို အပြစ်မရှိသော အရာဌာနတို့ဌ် တတ်သိနားလည်မှု ကျွမ်းကျင်လိမ္မာမှုသည် "ပညာစစ်" ဖြစ်၍၊ ရန်သူကို လှည့်ဖြားနိုင်မှု, သူတစ်ပါးတို့အား လိမ်ညာလှည့်စားဖြားယောင်းသွေး ဆောင်နိုင်မှုတို့ကား 'ဝဉ္စနာပညာ'ခေါ်, 'မာယာ'ဟုလည်း ခေါ်သော "ပညာတု"သာ ဖြစ်ပါသည်။

မေး။ ပညာစစ် နှင့် ပညာတုတို့၏ ဘရားကိုယ်အားဖြင့် ခြားနားချက်ကို ဖော်ပြပါ။

ဖြေ။ 'ပညာစစ်'မှာ ကုသိုလ်တရားဖြစ်၍၊ 'ပညာတု'ကား တဏှာလောဘ ပြဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ် ဖြစ်ပါသည်။

မေး။ အောက်ဖော်ပြပါ ကျွမ်းကျင်လိမ္မာမှုများသည် ပညာစစ်လော? ပညာတုလော? စိစစ်ဆုံးဖြတ်ခဲ့ပါ။

(က) အရောင်းအဝယ် ကုန်သွယ်လုပ်ငန်းဌ် ကျွမ်းကျင်လိမ္မာမှု (ခ)လယ်ယာလုပ်ငန်းဌ် ကျွမ်းကျင်လိမ္မာမှု (ဂ) လက်နက်ဆန်းများ ပြုလုပ်နည်း, အဏုမြူဗုံး ထုတ်လုပ်နည်းစသည်တို့ဌ် ကျွမ်းကျင်လိမ္မာမှု။

ဖြေ။ (က) (ခ)တို့သည် အပြစ်မရှိသော အရာဌာနတို့ဌ် ကျွမ်းကျင်လိမ္မာမှုများဖြစ်၍ ပညာစစ်-ဟုသာ ဆိုရပါမည်။

(ဂ) ကိုလည်း သူတစ်ပါးတို့အား သတ်ဖြတ်ညှင်းဆဲရန်, သူတစ်ပါးနိုင်ငံကို တိုက်ခိုက်ဖျက်ဆီးရန်ဟူသော ရည်ရွယ်ချက်မျိုးမပါဘဲ မိမိတိုင်းပြည်ကို ကာကွယ်ရန်ဟူသော ကောင်းမြတ်သော ရည်ရွယ်ချက်မျိုးသာ ရှိခဲ့လျှင် ပညာစစ်-ဟုပင် ဆိုရမည်။ သူတစ်ပါးတို့အား သတ်ဖြတ်ညှင်းဆဲရန်, သူတစ်ပါးနိုင်ငံကို တိုက်ခိုက်ဖျက်ဆီးရန် ဟူသော ရည်ရွယ်ချက်မျိုးဖြင့် ပြုလုပ်လျှင်ကား အကုသိုလ်စိတ်ထားဖြင့် ပြုလုပ်ခြင်းဖြစ်သောကြောင့် ပညာစစ် မဖြစ်နိုင်၊ ပညာတု (ထက်မြက်စွာကြံစည်တတ်သော အကုသလဝိတက်)သာ ဖြစ်သည်-ဟု ဆရာမြတ်တို့ ဆုံးဖြတ်တော်မူကြပါသည်။ အချို့ဆရာတို့ကား "မည်သည့်ရည်ရွယ်ချက်ဖြင့် ပြုသည်ဖြစ်စေ ထိုကျွမ်းကျင်မှုမျိုးသည်လည်း ပညာစစ်ပင် ဖြစ်သည်။ သူတစ်ပါးတို့အား သတ်ဖြတ်ညှင်းဆဲရန်, သူတစ်ပါးနိုင်ငံကို တိုက်ခိုက်ဖျက်ဆီးရန်ဟူသော ရည်ရွယ်ချက်မျိုးဖြစ်ခဲ့ကိန်မှစ၍ အကုသိုလ် ဒုစရိုက်ဖြစ်တော့သည်"ဟု ဆိုကြပါသည်။

မေး။ "သိခြင်း"အနက်ဟော ဉာ-ဓာတ်ဖြင့်ချည်း ရုပ်ပြီးကြသည့် သညာ, ဝိညာဉ်, ပညာတို့၏ အထူးကို ဥပမာဆောင် ထင်ရှားအောင် ရေးသားဖြေဆိုပါ။

http://www.dhammadownload.com

ဖြေ။ **သညာ** သည် အညို, အရွေ့ အစရှိသည်တို့၏အစွမ်းဖြင့် အမှတ်ပြု၍ သိခြင်းမျှကိုသာ ပြုနိုင်၏။ အနိစ္စစသော သဘောလက္ခဏာကို ထိုးထွင်း၍ သိခြင်းကို မပြုနိုင်။

ဝိညာဉ် သည် အနိစ္စစသော သဘောလက္ခဏာကို ထိုးထွင်း၍ သိခြင်းကို ပြီးစေနိုင်၏။ လုံ့လဝီရိယပြု၍ အရိယမဂ်သို့ ရောက်စေခြင်းငှါ မစွမ်းနိုင်ပါ။

ပညာ သည် အညို, အရွေ့ အစရှိသည်တို့၏အစွမ်းဖြင့် အမှတ်ပြု၍ သိခြင်း, အနိစ္စစသော သဘောလက္ခဏာကို ထိုးထွင်း၍ သိခြင်း, အရိယမဂ်သို့ ရောက်စေခြင်း ဟူသော ကိစ္စ ၃-မျိုးလုံးကို ပြုနိုင်၏။

ဥပမာ - ကလေးသူငယ်, ရွာသားလူကြီး, ရွှေပန်းထိမ်သည်တို့၏ အသပြာကို သိခြင်းကဲ့သို့ ဖြစ်ပါသည်။

လိုရင်းမှတ်ဖွယ် - သညာသည် သင်္ခါနနမတ္တကိုသာ ပြုနိုင်၏၊ လက္ခဏပဋိဝေဓ, မဂ္ဂပါပန ကိစ္စတို့ကို မပြုနိုင်။ ဝိညာဉ်သည် သင်္ခါနနမတ္တ, လက္ခဏပဋိဝေဓ ကိစ္စ ၂-မျိုးကို ပြုနိုင်၏၊ မဂ္ဂပါပန ကိစ္စကို မပြီးစေနိုင်။ ပညာသည် အဆိုပါ ကိစ္စ ၃-မျိုးလုံးကို ပြီးစေနိုင်၏။

မေး။ သညာ, ဝိညာဉ်, ပညာတို့၏ အထူးကို ပြရာ၌ "ကလေးသူငယ်, ရွာသား လူကြီး, ရွှေပန်းထိမ်သည်"တို့ကို ဥပမာဆောင်ပြထားရာ ထိုဥပမာကို သိသာထင်ရှားအောင် ရှင်းလင်းဖြေဆို၍၊ ဥပမာနှင့် ဥပမေယျတို့ကိုလည်း နှိုးနှောပြခဲ့ပါ။

ဖြေ။ ကလေးသူငယ်သည် အသပြာကို မြင်သောအခါ အညို, အရွေ့(အဝါ) စသော အဆင်းကိုသာ သိ၏၊ အသပြာဖြစ်ကြောင်းကို မသိ။ ရွာသားလူကြီးသည် အညို, အရွေ့(အဝါ)စသော အဆင်းကိုလည်း သိ၏၊ အသပြာဖြစ်ကြောင်းကိုလည်း သိ၏၊ သို့သော် 'အစစ်ဖြစ်သည်၊ အတုဖြစ်သည် 'ဟူ၍လည်းကောင်း၊ 'မည်သည့်ဆရာ ပြုလုပ်ထားသည်'ဟူ၍လည်းကောင်း၊ 'မည်မျှ တန်ဖိုးရှိသည်' ဟူ၍လည်းကောင်း မသိပါ။ ရွှေပန်းထိမ်သည်ကား ထိုအားလုံးကို သိပါသည်။

ထိုဥပမာ၌ သညာ၏ အာရုံကို သိခြင်းသည် ကလေးသူငယ်၏ အသပြာကို သိခြင်းနှင့် တူပါသည်။ ဝိညာဉ်၏ သိခြင်းသည် ရွာသားလူကြီး၏ သိခြင်းနှင့် တူပါသည်။ ပညာ၏ သိခြင်းသည် ရွှေပန်းထိမ်သည်၏ သိခြင်းနှင့် တူပါသည်။

မေး။ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသောအခါ ဖြစ်ပေါ်လာတတ်သော သညာ, ဝိညာဉ်, ပညာ အသီး ၃-မျိုးတို့၏အထူးကို ဥပမာဆောင် ထင်ရှားအောင် ဖြေဆိုပါ။

ဖြေ။ ကလေးသူငယ်၏ အသပြာကို သိခြင်းကဲ့သို့ ထင်လာသော အာရုံ၏ အညို,

http://www.dhammadownload.com

အရွေစသော အဆင်းမျှကိုသာ သိခြင်းသည် "သညာသိ"မည်ပါသည်။

ရွာသားလူကြီး၏ အသပြာကို သိခြင်းကဲ့သို့ အာရုံ၏ အညို, အရွေစသော အဆင်းကိုသာမက, အနိစ္စ အစရှိသော သဘောလက္ခဏာကိုပါ ထိုးထွင်း၍ သိခြင်းသည် "ဝိညာဉ်သိ" မည်ပါသည်။

ရွှေပန်းထိမ်သည်၏ အသပြာကို သိခြင်းကဲ့သို့ အာရုံ၏ အညို, အရွေစသောအဆင်း, အနိစ္စ အစရှိသော သဘောလက္ခဏာနှင့်တကွ မဂ်သို့ ရောက်သည်တိုင်အောင် သိခြင်းသည် "ပညာသိ"မည်ပါသည်။

(ဆောင်) - **များပြားထွေထွေ၊ အာရုံတွေ၏၊ ညို, ရွှေအစ၊ အဆင်းမျှသာ၊ သိသည်မှာ၊ မှတ်ပါ 'သညာသိ'**

- **အဆင်းသာမက၊ အနိစ္စစသော၊ သဘောလက္ခဏာ၊ သိသည်မှာ၊ မှတ်ပါ 'ဝိညာဉ်သိ'။**

- **အဆင်း, လက္ခဏာ၊ နှစ်ဖြာနှင့်တကွ၊ မဂ္ဂတိုင်သာ၊ သိသည်မှာ၊ မှတ်ပါ 'ပညာသိ'။**

မေး။ သညာ, ဝိညာဉ်, ပညာတို့၏ ပြဋ္ဌာန်းပုံ, မပြဋ္ဌာန်ပုံများကို ယှဉ်ရာစိတ်အားလျော်စွာ ခွဲခြားဖြေဆိုပါ။

ဖြေ။ ဉာဏဝိပ္ပယုတ်စိတ်၌ ယှဉ်သော သညာ၏ နောက်၌သိခြင်း၏အကြောင်းဖြစ်သော အခြင်းအရာကို မှတ်ယူခြင်း၏အစွမ်းဖြင့် ဖြစ်သောအခါ ဝိညာဉ်ပါသော်လည်း ထိုဝိညာဉ်သည် မပြဋ္ဌာန်း၊ သညာသာ ပြဋ္ဌာန်းပါသည်။

နောက်၌သိခြင်း၏ အကြောင်းဖြစ်သော အခြင်းအရာကို မှတ်ယူခြင်း၏ အစွမ်းဖြင့် မဖြစ်သောအခါ၌ ဝိညာဉ်, က အားရှိ ပြဋ္ဌာန်းပါသည်။ သညာ မပြဋ္ဌာန်းပါ။

ဉာဏသမ္ပယုတ်စိတ်၌ ယှဉ်သော သညာ, ဝိညာဉ်တို့ကား ပညာ၏ နောက်လိုက်တို့သာ ဖြစ်ကြပါသည်။

မေး။ တေရသညသမာနာ စ-စသောဂါထာသည် အဘယ်ဂါထာမျိုး ဖြစ်ပါသနည်း။

ဖြေ။ အညသမာနရာသိ, အကုသလရာသိ, သောဘနရာသိ-ဟူသော ရာသိ ၃-ခု တို့ဖြင့် ဆိုအပ်ကုန်သော စေတသိက် ၅၂-ပါးတို့ကို သိမ်းယူရာ, သိမ်းယူကြောင်း သင်္ဂဟဂါထာ (ဥဒ္ဒါနဂါထာ) ဖြစ်ပါသည်။

သိမှတ်ဖွယ်များ

ကာမာဝစရစေတသိက်စသည် မရှိ။ ။ ကာမာဝစရစိတ်, ရူပါဝစရစိတ်, အရူပါ

http://www.dhammadownload.com

ဝစရစိတ်တို့၌ အမြဲယှဉ်သော စေတသိက်များ မရှိသောကြောင့် ကာမာဝစရ စေတသိက် စသည် မရှိပါ။

သဝိဘတ္တိကစေတသိက်နှင့် အဝိဘတ္တိကစေတသိက်။ ။ စိတ်, ဝေဒနာ, ဧကဂ္ဂတာ, ဝိတက်, ဝီရိယ, အဟိရိက, **အနောတ္တပ္ပ**, ဥဒ္ဓစ္စ, လောဘ, ဒိဋ္ဌ, ဒေါသ, သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ, အလောဘ, အဒေါသ, ဝိရတီ ၃-ပါး, ပညာ၊ ဤ ၂၁-ပါးတို့သည် "သဝိဘတ္တိက စေတသိက်များ" ဖြစ်ကြ၍၊ ကြွင်းသော ၃၂-ပါးသော စေတသိက်တို့ကား "အဝိဘတ္တိက စေတသိက်များ" ဖြစ်ကြပါသည်။ (ပရမတ္ထဝိနိစ္ဆယ)

စလ, အစလ စေတသိက်များ။ ။ ဝိတက်, ဝိစာရ, ပီတိ, ပညာ, အပ္ပမညာ, ဝိရတီ၊ ပေါင်း ၉-ပါးတို့သည် "စလစေတသိက်များ" ဖြစ်ကြ၍၊ ကြွင်းသော ၂၉-ပါးတို့ကား "အစလစေတသိက်များ" ဖြစ်ကြပါသည်။ (ယုတ်ခြင်း, တိုးခြင်း ရှိခြင်း+မရှိခြင်းအားဖြင့် စလ-ဖြစ်ကြသည်-ဟု မှတ်ပါ။) (၄င်း)

(ဆောင်) တက်, စာ, ပီ, ပဉ်၊ ဒွေး ပမဉ်၊ သုံးအင် ဝိရတီ။
သရုပ်ရေက၊ ကိုးပါးရ၊ စလ-ခေါ်ပေသည်။

ကုသိုလ်, အကုသိုလ်, အဗျာကတစေတသိက်များ။ ။အညသမာန်း စေတသိက် ၁၃-ပါးနှင့် စိတ်၊ ပေါင်း ၁၄-ပါးတို့ ဖြစ်ကြပါသည်။

အဝိနိဘ္ဘောဂ အမည်ရသော စေတသိက် (၈)ပါး။ ။ ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ, ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ်တို့သည် "အဝိနိဘ္ဘောဂ" အမည်ရသော စေတသိက်တို့ ဖြစ်ကြပါသည်။ (ကုသိုလ်စသောအမည်ဖြင့် ရေတွက်ရာဌာန ဖြစ်သောကြောင့် စိတ်-သည် စေတသိက်ထဲ၌ ပါဝင်နေခြင်းဖြစ်သည်-ဟု မှတ်ပါ။)

(ဆောင်) ဧ, ဇီ, မန၊ ဖဿ ပဉ္စကာ၊ ပေါင်းရှစ်ဖြာ၊ သညာ အဝိနိဘ်။

သောဘနစေတသိက်အဖွင့် ပြီး၏။



သမ္မဇေယျဝနည်းအဖွင့် (၁၁)

မေး။ အဘယ်ကို အဘယ့်ကြောင့် 'စိတ္တာဝိယုတ္တာ' ဟု ခေါ်ဆိုရပါသနည်း။

http://www.dhammadownload.com

ဖြေ။ စိတ်နှင့်အတူတကွ မယှဉ်တဲ့ မဖြစ်နိုင်သောကြောင့် (စိတ်နှင့် အတူတကွ အမြဲတမ်းယှဉ်သောကြောင့်) စေတသိက်တို့ကို "စိတ္တာဝိယုတ္တ"ဟု ခေါ်ဆိုရပါသည်။

မေး။ စိတ္တာဝိယုတ္တာနံ-ပုဒ်ကို အနက်ပေးပြ၍၊ ယင်းသို့ အနက်ပေးရပုံကိုလည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ စိတ္တာဝိယုတ္တာနံ၊ စိတ်နှင့် အတူတကွ အမြဲတမ်းယှဉ်ကြကုန်သော။

စိတ္တာဝိယုတ္တာနံ-၌ စိတ္တ-ပုဒ်, အဝိယုတ္တ-ပုဒ်ဖြစ်သည်။ အဝိယုတ္တာ-၌ န-ပဋိသေဓ၊ ဝိ-ပဋိသေဓ နှစ်ခုပါသော ကြောင့် "*ဒွိပဋိသေဓော ပကတျတ္ထော = ပဋိသေဓ၊ နှစ်ချက်ပြု၊ မူလအနက်တွက်အောင် သမ္မန်မဲ့*" ဟူသည်နှင့်အညီ ယင်းသို့ မူလအနက်ထွက်အောင် ပေးရခြင်း ဖြစ်ပါသည်။ (ယှဉ် - မယှဉ် - မယှဉ်သည် မဟုတ် - ယှဉ်။)

ဝစနတ္ထ - န ယုတ္တာ ဝိယုတ္တာ၊ န ဝိယုတ္တာ အဝိယုတ္တာ (= ယုတ္တာ)၊
စိတ္တေန သဟ အဝိယုတ္တာ စိတ္တာဝိယုတ္တာ။

မေး။ စိတ္တုပ္ပါဒေသု ပစ္စေကံ-၌ စိတ္တုပ္ပါဒ-ပုဒ်ကို အစိတ်+အပေါင်း ဝိဂြိုဟ်ဆို၍၊ အရလည်း ကောက်ပြပါ။

ဖြေ။ ဥပ္ပဇ္ဇတီတိ ဥပ္ပါဒေါ၊ စိတ္တမေဝ ဥပ္ပါဒေါ စိတ္တုပ္ပါဒေါ။
အာရမ္မဏစသော ပစ္စည်းတို့ကြောင့် ဖြစ်သော စိတ်ကို ရ၏။

မေး။ စိတ္တုပ္ပါဒ-အရ စိတ်ကိုသာ ရပါလျက် သင်္ဂဟဂါထာ၌ အဘယ့်ကြောင့် "စိတ္တုပ္ပါဒေသု"ဟု ဗဟုဝုစ်ဖြင့် ဆိုထားရပါသနည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ စိတ္တုပ္ပါဒ-အရ စိတ်ကိုသာ ရသော်လည်း "စိတ္တုပ္ပါဒေါ စ စိတ္တုပ္ပါဒေါ စ စိတ္တုပ္ပါဒါ"ဟု စိတ်အများရအောင် ဧကသေသနနည်းဖြင့် ဗဟုဝုစ်ဖြင့် ဆိုထားခြင်း ဖြစ်ပါသည်။

မေး။ စိတ္တုပ္ပါဒါနမိစ္စေဝံ၊ ကတွာ သင်္ဂဟမုတ္တရံ-စသော ဝိထိပိုင်းအစ သင်္ဂဟ ဂါထာပါ စိတ္တုပ္ပါဒ-ပုဒ်ကို အစိတ်+အပေါင်း ဝိဂြိုဟ်ဆို၍၊ အရလည်း ကောက်ပြခဲ့ပါ။

ဖြေ။ ဥပ္ပဇ္ဇတီ စိတ္တံ ဧတေနာတိ ဥပ္ပါဒေါ၊ စိတ်၏ ဖြစ်ကြောင်း စေတသိက်တရား အပေါင်းကို ရပါသည်။ စိတ္တသ ဥပ္ပါဒေါ စိတ္တုပ္ပါဒေါ၊ ၎င်းကိုပင် ရ၏။
၊ စိတ္တဉ္စ စိတ္တုပ္ပါဒေါ စာတိ စိတ္တုပ္ပါဒေါ၊ စိတ်, စေတသိက် ၂-မျိုးလုံးကို ရပါသည်။

http://www.dhammadownload.com

တံ+ဥပ္ပါဒေါ ? တဉ္ဉပ္ပါဒေါ ?

ယခုလက်ရှိ ဆဋ္ဌမူ ဋီကာကျော်ပါဦး၌ "တံ+ ဥပ္ပါဒေါ"ဟု ပုဒ် ၂-ခု ကွဲလျက်ရှိနေသည်။ စိတ္တုပ္ပါဒေါ-ဝယ် ဥပ္ပါဒ-ဟူသော နောက်ပုဒ်၌ အစဖြစ်သော စိတ္တ-သဒ္ဒါကျေနေကြောင်း သိစေလိုသောကြောင့်၊ **တစ်နည်း**- 'ဥပ္ပါဒ'သဒ္ဒါက ကရဏသာဓနအဖြစ်ဖြင့် သမ္မန္နီသဒ္ဒါဖြစ်သောကြောင့် ဝိသေသနဖြစ်သော သမ္မန္နီအနက်မျှကို ပြခြင်းအကျိုးငှါ "တံစိတ္တုပ္ပါဒေါ" ဟု ဋီကာဆရာ ဖွင့်ဆိုထားခြင်း ဖြစ်ပါသည်။ "စိတ္တဉ္စ တံ ဥပ္ပါဒေါ စာတိ စိတ္တုပ္ပါဒေါ"ဟူသော ကမ္မဓာရည်း သမာသ်ကို ပြသည်မဟုတ်ပါ။ ထို့ကြောင့် တံ-နှင့် ဥပ္ပါဒေါ-ကို တွဲလျက် "တံဥပ္ပါဒေါ"ဟု ရှိစေရပါမည်။

မေး။ သမ္မယုတ်တရားနှင့်တကွဖြစ်သော စိတ် (စိတ်, စေတသိက် ၂-မျိုးလုံး)ကို အဘယ့်ကြောင့် "စိတ္တုပ္ပါဒ"ဟု ဆိုရပါသနည်း။

ဖြေ။ "ဥပ္ပဇ္ဇတိ စိတ္တံ စေတနာတိ ဥပ္ပါဒေါ၊ ဓမ္မသမူဟော။ စိတ္တဉ္စ တံဥပ္ပါဒေါ စာတိ စိတ္တုပ္ပါဒေါ" ဟူသော ဝစနတ္ထကြောင့် သမ္မယုတ်တရားနှင့်တကွဖြစ်သော စိတ် (စိတ်, စေတသိက် ၂-မျိုးလုံး)ကို "စိတ္တုပ္ပါဒ"ဟု ဆိုရခြင်း ဖြစ်ပါသည်။

ဒုမေး။ စိတ္တုပ္ပါဒေသု ပစ္ဆေက်-၌ ပါသော စိတ္တုပ္ပါဒ-နှင့် စိတ္တုပ္ပါဒါနမိစ္ဆေဝံ-၌ ပါသော စိတ္တုပ္ပါဒ ၂-ခုတို့၏အထူးကို ရှေးပြပါ။

ဒုဖြေ။ စိတ္တုပ္ပါဒေသု ပစ္ဆေက်-၌ ပါသော စိတ္တုပ္ပါဒ-အရ စိတ်ကိုသာ ရ၍၊ စိတ္တုပ္ပါဒါနမိစ္ဆေဝံ-၌ ပါသော စိတ္တုပ္ပါဒ-အရ စိတ်, စေတသိက် နှစ်မျိုးလုံးကို ရ၏။ ဤသို့ ထူးပါသည်။

တတိယမေး။ "စိတ္တဉ္စ ဥပ္ပါဒေါ စာတိ"သည် သမာဟာရဒွန်ဖြစ်သောကြောင့် "စိတ္တုပ္ပါဒ"ဟု နပုလ္လိင်ဖြင့် နိပ္ပန္နချသင့်ပါလျက် မချဘဲ အဘယ့်ကြောင့် "စိတ္တုပ္ပါဒေါ" ပုလ္လိင်ဖြင့် နိပ္ပန္နချရပါသနည်း။

တတိယဖြေ။ အသမာဟာရဒွန်၌သာ မဟုတ်, သမာဟာရဒွန်၌လည်း "ဓမ္မဝိနယော" စသော အချို့သောနေရာဌာန၌ ပုလ္လိင်ကို သဒ္ဒဝိဒူတို့ အလိုရှိကြသောကြောင့် "စိတ္တုပ္ပါဒ" ဟု နပုလ္လိင်ဖြင့် နိပ္ပန္နမချဘဲ "စိတ္တုပ္ပါဒေါ" ပုလ္လိင်ဖြင့် နိပ္ပန္နချခြင်းဖြစ်ပါသည်။

အကုသလေသွေဝ-၌ ဧဝ-သဒ္ဒါ၏ အနက်။ ။ အကုသလေသွေဝ-၌ ဧဝ-သဒ္ဒါသည် အကုသိုလ်စိတ်မှ တစ်ပါး သော စိတ်ကို တားမြစ်၍၊ တစ်ဆယ့်လေးပါးသော စေတသိက်တို့၏ အကုသိုလ်စိတ်တို့၌သာ ဖြစ်ခြင်းကို သတ်မှတ်ပြသောကြောင့် နိဝါရဏ, နိယမအနက်ရှိ၏။ အကုသိုလ်စိတ်တို့၌ အညသမာန်းစေတသိ

http://www.dhammadownload.com

တို့လည်း ယှဉ်သောကြောင့် အကုသိုလ်စိတ်တို့ကိုကား အကုသိုလ် စေတသိက် ၁၄-ပါးတို့၌သာ ဖြစ်ခြင်းကို မသတ်မှတ်ပါ။ (သဒ္ဒေါပ)



အညသမာန်းစေတသိက် သမ္မယောဂနည်းအဖွင့် (၁၁၃)

မေး။ ဒွိပဉ္စဝိညာဏာနိ-ပုဒ်ကို ရနိုင်သမျှ ဝစနတ္ထပြုပြု၍၊ ထိုဝစနတ္ထအားလျော်စွာ အနက် ၂-နည်းပေးပြခဲ့ပါ။

ဖြေ။ (၁)ဒွိပဉ္စဝိညာဏာနိ ဝတ္ထိတာနိ ဧတေဟိတိ ဒွိပဉ္စဝိညာဏဝတ္ထိတာနိ။ (တတိယာဗဟုဗ္ဗိဟိသမာသ်)

(၂)ဒွိပဉ္စဝိညာဏေဟိ ဝတ္ထိတာနိ ဒွိပဉ္စဝိညာဏဝတ္ထိတာနိ။ (တတိယာတပ္ပုရိသ်သမာသ်)

ဒွိပဉ္စဝိညာဏဝတ္ထိတာနိ၊ ဒွေးပဉ္စဝိညာဉ် တစ်ဆယ်တို့ကို ကြဉ်တတ်ကုန်သော။

ဝါ-ဒွေးပဉ္စဝိညာဉ်တစ်ဆယ်တို့သည် ကြဉ်အပ်ကုန်သော။

မေး။ ဝိတက်၏ ယှဉ်ရာစိတ်သရုပ်ကို ထုတ်ပြရာ၌ ဒွေပဉ္စဝိညာဉ်တစ်ဆယ်တို့ကို အဘယ့်ကြောင့် ကြဉ်ရပါသနည်း။

ဖြေ။ ဒွေးပဉ္စဝိညာဉ်တစ်ဆယ်တို့သည် ပင်ကိုယ်သဘောအားဖြင့် ဝိတက်ကင်းသောကြောင့် ၎င်းတို့ကို ကြဉ်ရခြင်းဖြစ်ပါသည်။

မှတ်ချက်။ ။ ပဉ္စဝိညာဉ်၏တည်ရာ ၅-ပါးသောဝတ္ထုရုပ်တို့၌ ၅-ပါးသော အာရုံတို့၏ ထိခိုက်မှုသည် ပင်ကိုသဘောအားဖြင့်ပင် ထင်ရှားလှသောကြောင့် ထိုအာရုံများကို ဝိတက်က တင်ပေးဖွယ်မလို-ဟုမှတ်ပါ။

သဒ္ဒေါပဋီကာ၌ကား "စျာနင်ကိစ္စကင်းသောကြောင့် ဒွေးပဉ္စ ဝိညာဉ်တစ်ဆယ်တို့၌ ဝိတက် မဖြစ်" ဟု ဆိုပါသည်။

မေး။ ဒုတိယစျာန် ဧကာဒသ စသည်တို့၌ ဝိတက်မယှဉ်ရခြင်းအကြောင်းကို ဖော်ပြပါ။

ဖြေ။ ဝိတက်၌ နှစ်သက်တွယ်တာမှုကိုပယ်ကြောင်းဖြစ်သော ဘာဝနာ၏အစွမ်းဖြင့် ဝံတက်မရှိသောကြောင့် ဒုတိယစျာန် ဧကာဒသ စသည်တို့၌ ဝိတက်မယှဉ်ရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ (က) သဘာဝအဝိတက္ကစိတ် (ခ) ဘာဇနာဝလအဝိတက္ကစိတ်တို့ကို ဖော်ပြခဲ့ပါ။
ဖြေ။ (က) ဒွေပဉ္စဝိညာဉ် ၁၀။ (ခ) ဒုဘိယဈာန် ၁၁-ခု၊ တတိယဈာန် စိတ် ၁၁-ခု၊ စတုတ္ထဈာန်စိတ် ၁၁-ခု၊ ပဉ္စမဈာန်စိတ် ၂၃-ခု၊ ပေါင်း ၅၆-ခုတို့ဖြစ်ပါသည်။

ဝိတက်ယှဉ်ရာစိတ်တို့၌လည်းကောင်း၊ တတိယဈာန်စသည်တို့၌လည်းကောင်း ဝိစာရ မယှဉ်ရခြင်းအကြောင်း

ဝိစာရသည် ဝိတက်နှင့် မကွဲမကွာယှဉ်လျက် ဝိတက်၏ နောက်လိုက်ဖြစ်သောကြောင့် ဝိတက်မယှဉ်ရာစိတ်တို့၌ မယှဉ်ခြင်း ဖြစ်ပါသည်။ တတိယဈာန်တုန်းကပင် ဘဝနာဖြင့် ပယ်ခွါထားသောကြောင့် တတိယဈာန်စသည်တို့၌ မယှဉ်ခြင်း ဖြစ်ပါသည်။ (ဘာသာဋီကာနှင့် သခေါ်ပ)။

ဒွေးပဉ္စဝိညာဉ်တစ်ဆယ်, ဝိစိကိစ္ဆာသဟဂုတ်စိတ်တို့၌ အဓိမောက္ခ မယှဉ်ရခြင်း အကြောင်း

အဓိမောက္ခသည် အာရုံကို ဆုံးဖြတ်ခြင်းသဘောရှိ၍ မြင်ခြင်းစသည်မျှ သဘောရှိသော ဒွေးပဉ္စဝိညာဉ်တစ်ဆယ်တို့ကား အာရုံကိုဆုံးဖြတ်ခြင်း ကင်းသောကြောင့် လည်းကောင်း၊ အာရုံကို မဆုံးဖြတ်နိုင်ခြင်းသဘောရှိသော ဝိစိကိစ္ဆာက ထိုအဓိမောက္ခ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်လည်းကောင်း ထိုဒွေးပဉ္စဝိညာဉ်တစ်ဆယ်, ဝိစိကိစ္ဆာသဟဂုတ်စိတ်တို့၌ အဓိမောက္ခ မယှဉ်ခြင်းဖြစ်ပါသည်။ (သခေါ်ပ)

ပဉ္စဒ္ဒါရာဝဇ္ဇန်း, ဒွေးပဉ္စဝိညာဉ်တစ်ဆယ်, သမ္ပဋိစ္ဆိုင်းဒွေး, သန္တီရဏစိတ် သုံးခုတို့၌ ဝီရိယမယှဉ်ရခြင်းအကြောင်း

ထိုစိတ် ၁၆-ပါးတို့သည် ဖိုလ်ကင်းသောကြောင့် ထိုစိတ်တို့၌ ဝီရိယမယှဉ်ခြင်း ဖြစ်ပါသည်။ (၃၄း)

ဒေါသမူဒွေး, ဒုက္ခသဟဂုတ်စိတ်, ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါးတို့၌ မယှဉ်ရခြင်းအကြောင်း

ဝီတိသည် နှစ်သက်ခြင်းသဘောရှိ၏။ ဒေါသမူဒွေး, ဒုက္ခသဟဂုတ်စိတ်တို့ကား ကြမ်းတမ်း ခြင်းသဘောရှိကြ၏၊ ဤသို့ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ထိုစိတ်တို့၌ ဝီတိ မယှဉ်ခြင်းဖြစ် ပါသည်။

ဝီတိသည် သောမနဿဝေဒနာနှင့် အမြဲယှဉ်သောကြောင့် ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခုတို့၌ မယှဉ်ခြင်းဖြစ်ပါသည်။ (၄၄း)

http://www.dhammadownload.com

သုခသဟဂုတ်ကာယဝိညာဉ်, စတုတ္ထစျာန်စိတ်တို့၌ ပီတိ မယှဉ်ရခြင်းအကြောင်း

သုခသဟဂုတ်ကာယဝိညာဉ်သည် ကိုယ်ချမ်းသာကို ခံစားသော ကာယိကဖြစ်၍၊ စိတ်ချမ်းသာကို ခံစားသည့် မာနသိကဖြစ်သော ပီတိသည် ထိုစိတ်၌ မယှဉ်နိုင်ခြင်း ဖြစ်ပါသည်။

စတုတ္ထစျာန်စိတ် ကောဒသတို့သည် ဘာဝနာ၏အစွမ်းဖြင့် ပီတိကို ပယ်ထားသောကြောင့် ထိုစတုတ္ထစျာန်စိတ် ကောဒသတို့၌ ပီတိ မယှဉ်ခြင်း ဖြစ်ပါသည်။ (၄င်း)

အဟိတ်စိတ်, မောဟမူစိတ်တို့၌ ဆန္ဒ မယှဉ်ခြင်းအကြောင်း

အဟိတ်စိတ်,မောဟမူစိတ်တို့သည် ပြုလိုကာမျှသဘောမှ ကင်းသောကြောင့် ထိုစိတ်တို့၌ ဆန္ဒ မယှဉ်ခြင်းဖြစ်ပါသည်။ (၄င်း)

ပကိဏ်းစေတသိက် ၆-ခုတို့တွင် ဝိတက်, ဝိစာရ, ပီတိတို့ ကြဉ်အပ်သောစိတ်, ယှဉ်ရာစိတ်ကို စိတ်အကျယ် ၁၂၁-ပါး ရေတွက်နည်းဖြင့်ပြ၍၊ အဓိမောက္ခ, ဝီရိယ, ဆန္ဒတို့ ကြဉ်အပ်သောစိတ်, ယှဉ်ရာစိတ်ကို စိတ်အကျဉ်း ၈၉-ပါး ရေတွက်နည်းဖြင့် ပြဆိုရခြင်းအကြောင်း

ဝိတက်, ဝိစာရ, ပီတိတို့သည် များနှင်များ ဖြစ်ကြသောကြောင့် ၄င်းတို့ ကြဉ်အပ်သောစိတ်, ယှဉ်ရာစိတ်ကို စိတ်အကျယ် ၁၂၁-ပါး ရေတွက်နည်းဖြင့်ပြ၍၊ အဓိမောက္ခ, ဝီရိယ, ဆန္ဒတို့သည် များနှင်များ မဟုတ်ကြသောကြောင့် ၄င်းတို့ ကြဉ်အပ်သောစိတ်, ယှဉ်ရာစိတ်ကို စိတ်အကျဉ်း ၈၉-ပါး ရေတွက်နည်းဖြင့် ပြဆိုရခြင်း ဖြစ်ပါသည်။ (၄င်း)

မှတ်ချက်။ ။ " ပကိဏ်းစေတသိက် ၆-ခုတို့တွင် ဝိတက်, ဝိစာရ, ပီတိတို့ စိတ်အကျယ်မှာ ယှဉ်၍၊ အဓိမောက္ခ, ဝီရိယ, ဆန္ဒတို့ စိတ်အကျဉ်း၌ ယှဉ်ရခြင်း အကြောင်းကို ဖြေဆိုပါ"ဟု မေးလျှင်လည်း အဖြေမှာ အတူတူပင်။

ပကိဏ်းစေတသိက် ၆-ခုလုံး မယှဉ်နိုင်သော စိတ်နှင့် မယှဉ်နိုင်ခြင်းအကြောင်း

ပကိဏ်းစေတသိက် ၆-ခုလုံး မယှဉ်နိုင်သောစိတ်မှာ - ဒွေးပဉ္စဝိညာဉ် ၁၀-ဖြစ်ပါသည်။ မယှဉ်နိုင်ခြင်းအကြောင်းကား - ဒွေးပဉ္စဝိညာဉ် ၁၀-တို့သည် အလုံးစုံတို့အောက် အားနည်းသောကြောင့် ဖြစ်ပါသည်။ (ပရမတ္ထဒီပနီ)

အညသမာန်းစေတသိက်သမ္မယောဂနည်းအဖွင့် ပြီး၏။

http://www.dhammadownload.com

ရောက်လာသော ဒုစရိုက်မှုကို မလွန်ကျူးသော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သော ဝိရတိသည် "သမာဒါနဝိရတိ" မည်၏။

အရိယာမဂ်နှင့် ယှဉ်သော ဝိရတိသည် "သမုစ္ဆေဒဝိရတိ" မည်၏။ (ထိုဝိရတိဖြစ်သည်မှစ၍ "သတ္တဝါအသက်ကို သတ်ဘူး" ဟူသော စိတ်မျှသည်လည်း အရိယာပုဂ္ဂိုလ်တို့ သန္တာန်၌ မဖြစ်တော့ပေ။)

ဝစနတ္ထ - သမ္မတ္တဝတ္ထုတော ဝိရတိ သမ္မတ္တဝိရတိ။
သမာဒါနဝသေန ပဝတ္တာ ဝိရတိ သမာဒါနဝိရတိ။
သမုစ္ဆေဒသောန ပဝတ္တာ ဝိရတိ သမုစ္ဆေဒဝိရတိ။ (ဒု။ ဋ။ ၃၄၅,-၆။)

မေး။ ကရုဏာ-ဟူသည် အဘယ်နည်း ၎င်းပုဒ်၏ ဝစနတ္ထအားလျော်စွာ ရနိုင်သမျှ ဖြေဆို၍၊ ၎င်း၏ လက္ခဏာကိုလည်း ဖော်ပြပါ။

ဖြေ။ "ကရောတိ ပရဒုက္ခေ သတိ သာဓူနံ ဟဒယခေဒံ ဇနေတီတိ ကရုဏာ" ဟူသော ဝစနတ္ထနှင့်အညီ သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခကို မြင်ရသည်ရှိသော် သူတော်ကောင်းတို့၏ စိတ်နှလုံး ပင်ပန်းခြင်းကို ပြုတတ် ဖြစ်စေတတ်သော ကြောင့် "ကရုဏာ" မည်ပါသည်။

(တစ်နည်း) "ကိရတိ ဝိက္ခိပတိ ပရဒုက္ခန္တိ ကရုဏာ" ဟူသော ဝစနတ္ထ နှင့်အညီ သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခကို ပစ်လွှင့်တတ် ပယ်ဖျောက်တတ်သော ကြောင့် "ကရုဏာ" မည်ပါသည်။

(တစ်နည်း) "ကိဏာတိ ပရဒုက္ခံ ဟိံသတီတိ ကရုဏာ" ဟူသော ဝစနတ္ထ နှင့်အညီ သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခကို ညှင်းဆဲတတ် ဖျက်ဆီးတတ်သော ကြောင့် "ကရုဏာ" မည်ပါသည်။

(တစ်နည်း) "ကိရိယတိ ဒုက္ခိတေသု ပသာရိယတီတိ ကရုဏာ"ဟူသော ဝစနတ္ထနှင့် အညီ ဒုက္ခိတသတ္တဝါတို့၌ အပိုင်းအခြားရှိသောဖြန့်ခြင်း, အပိုင်းအခြားမရှိသော ဖြန့်ခြင်းအားဖြင့် ဖြန့်အပ်သောကြောင့် "ကရုဏာ" မည်ပါသည်။

ထိုကရုဏာသည် " ပရဒုက္ခာပနယနကာမတာ (=သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခကို ပယ်ဖျောက်လိုသောသူ၏ အဖြစ် = ပယ်ဖျောက်လိုခြင်း) လက္ခဏာ ရှိပါသည်။

မေး။ ကရုဏာ-ပုဒ်၏ ရုပ်ပြိုးပုံများကို ရေးသားဖြေဆိုပါ။

ဖြေ။ ကရဓာတ်+ဥနပစ္စည်း+အာပစ္စည်း၊ န-ကို ဏ-ပြု၍ "ကရုဏာ"ဟု ပြီးပါသည်။

F. 29A

http://www.dhammadownload.com

(ထောမနိဓိအဘိဓာန်အတိုင်း ဥန-ပစ္စည်းဟု ဆိုလိုက်သည်။ မောဂ္ဂလ္လာန်၌ ကုန-ပစ္စည်းဟု ဆို၍ သဒ္ဒနီတိ သုတ္တမာလာ (၁၃၂၁)၌ ရူဏ-ပစ္စည်း၊ အဘိဓာန ပွဒီပိကာသူစိ၌ ဥဏ-ပစ္စည်းဟု ဆိုသည်။ ယုပစ္စည်း-ဟုလည်း ကြံကြသည်။)

(ထစ်နည်း) ကိရ ဝိကွိပနေ-ဟူသောဓာတ်+ဥနပစ္စည်း+အာပစ္စည်း၊ န-ကို ဏ-ပြု၍ 'ကိရဏာ' ဟု ဖြစ်ပြီးနောက် ကိ-၌ ဣ-ကို အ-ပြု၍ **"ကရဏာ"**ဟု ရုပ်ပြီးပါသည်။ (သဒ္ဒနီတိ သုတ္တမာလာနှင့် အဘိဓာ ပွဒီပိကာ**သူစိတို့၌ ရူဏ**-ပစ္စည်းဟု ဆိုကြသည်။)

(တစ်နည်း) ကိဓာတ်+ဥနပစ္စည်း+အာပစ္စည်း၊ န-ကို ဏ-ပြု၊ **ရ်-လာ၊ ဥ**-သို့ကပ် "ကိရဏာ"ဟု ဖြစ်ပြီးနောက် ကိ-၌ ဣ-ကို အ-ပြု၍ "ကရဏာ"ဟု ရုပ်ပြီးပါသည်။ (အဘိဓာနပွဒီပိကာသူစိ၌ ရူဏ-ပစ္စည်းဟု ဆိုသည်။)

(တစ်နည်း) ကိရ ပသာရဏ-ဟူသောဓာတ်+ဥန ပစ္စည်း+အာပစ္စည်း၊ "ကိရဏာ"ဟု ဆိုလိုလျက် ကိ-၌ ဣ-ကို အ-ပြု၍ "ကရဏာ"ဟု ရုပ်ပြီးပါသည်။ (အဘိဓာနပွဒီပိကာသူစိ၌ ယု-ပစ္စည်းဟု ဆိုသည်။)

မေး။ ကရဏာ-၏ သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခကို ပယ်ဖျောက်ခြင်းသည် ဧကန်မဟုတ်, အနေကန်ဖြစ်ပါလျက် ၎င်းကို အဘယ့်ကြောင့် ပရဒုက္ခာပနယနတာလက္ခဏာရှိသည်-ဟူဟု ဆိုရပါသနည်း။

ဖြေ။ ကရဏာသုည သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခကို ပယ်ဖျောက်နိုင်သည် ဖြစ်စေ, မပယ်ဖျောက်နိုင်သည်ဖြစ်စေ သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခ ကို ပယ်ဖျောက်ခြင်းဟူသော အခြင်းအရာအားဖြင့်သာလျှင် ဖြစ်ပါသည်။ ထိုအခြင်းအရာနှင့်ကင်း၍ မဖြစ်ပါ။ ထို့ကြောင့် ၎င်းကို "ပရဒုက္ခာပနယနတာ" လက္ခဏာရှိသည်ဟု ဆိုရခြင်းဖြစ်ပါ သည်။

မေး။ မိမိနှင့် ရင်းနှီးခင်မင် ချစ်ကျွမ်းဝင်သူတစ်ဦးတစ်ယောက် ဒုက္ခရောက်နေ၍ သနားခြင်းသည် ကရုဏာအစစ် ဟုတ်, မဟုတ် စစ်တမ်းထုတ်ခဲ့ပါ။

ဖြေ။ ထိုသနားခြင်းမျိုးမှာ စိုးရိမ်ကြောင့်ကြမှု-ဟူသော သောက-ခေါ် ဒေါမနဿ ဝေဒနာသာ ဖြစ်သောကြောင့် ကရုဏာအစစ် မဟုတ်, **"ကရုဏာအတု"**သာ ဖြစ်ပါသည်။ ရန်သူ, မိတ်ဆွေ မခွဲခြားဘဲ ဒုက္ခိတသတ္တဝါ မှန်သမျှကို မြင်တိုင်း ကြားတိုင်း သနားကြင်နာစိတ်ဖြစ်မှုမျိုးကိုသာ **"ကရုဏာအစစ်"** ဆိုရပါသည်။ ကရုဏာအစစ်မှာ စိုးရိမ်ကြောင့်ကြမှု-ဟူသော သောက(ဒေါမနဿ) မပါရပါ။

http://www.dhammadownload.com

မေး။ မြန်မာစကား၌ "သောက လူယောင်ဆောင်သည်"ဟူသော စကားလုံး တစ်လုံး ရှိရာ ယင်းစကားလုံး၏ အဓိပ္ပာယ်ကို ရှင်းပြပါ။

ဖြေ။ မိမိနှင့် ရင်းနှီးခင်မင် ချစ်ကျွမ်းဝင်သူတစ်ဦးတစ်ယောက် ဒုက္ခရောက်နေသည်ကို တွေ့မြင်ရ ကြားသိရသောအခါ ထိုသူ၏သန္တာန်၌ သနားကြင်နာမှုဖြစ်ပေါ်လာသည်၊ ထိုသနားကြင်နာမှုသည် ကရုဏာအစစ်မဟုတ်၊ စိုးရိမ်ကြောင့်ကြမှု-ဟူသော သောက(ဒေါမနဿ)-ခေါ် ကရုဏာအတုသာ ဖြစ်ပါသည်။ ထိုသို့ဖြစ်သည်ကို "သောက, လူယောင်ဆောင်သည်"ဟု ပြောဆိုသုံးနှုန်းကြခြင်း ဖြစ်ပါသည်။ "သောက, က ကရုဏာယောင်ဆောင်သည်"ဟု ဆိုလိုရင်း ဖြစ်ပါသည်။

ခမေး။ ကရုဏာ-၏ အနီးကပ်ဆုံးရန်သူနှင့် အဝေးရန်သူတို့ကို ဖော်ပြ ပါ။

ခဖြေ။ ကရုဏာ-၏ အနီးကပ်ဆုံးရန်သူမှာ ဂေဟသိတ ဒေါမနဿဝေဒနာ ဖြစ်၍၊ အဝေးရန်သူမှာ ဝိဟေသာ (ညှင်းဆဲခြင်း) ဖြစ်ပါသည်။ (အဘိ၊ ၄၊ ၁၊ ၂၃၉။)

ဃမေး။ ကရုဏာအစစ်နှင့် ကရုဏာအတုတို့၏ ခြားနားချက်ကို ဖော်ပြပါ။

ဃဖြေ။ ကရုဏာအစစ်မှာ သူတစ်ပါးကို သနားသော်လည်း ကုသိုလ်တရားဖြစ်၍ စိတ်မညစ်ပါ။ ကရုဏာအတုကား အကုသိုလ်တရားဖြစ်၍ စိတ်ကို ညစ်စေပါသည်။ ဤသို့ ခြားနားပါသည်။

ငမေး။ မုဒိတာ-ဟူသည် အဘယ်နည်း? ၎င်း၏ အဓိပ္ပာယ်ကို ရေး၍၊ လက္ခဏာကိုလည်း ဖော်ပြပါ။

ငဖြေ။ "မောဒန္တိ စေတာယာတိ မုဒိတာ"ဟူသော ဝစနတ္ထနှင့်အညီ မုဒိတာနှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့၏, **တစ်နည်း**-သမ္မယုတ်တရားတို့၏ ဝမ်းမြောက်ကြောင်းဖြစ်သောကြောင့် "မုဒိတာ" မည်ပါသည်။

ထိုမုဒိတာသည် 'ပရသမ္ပတ္တိ အနုမောဒန-သူတစ်ပါးတို့၏ စည်းစိမ်ချမ်းသာကို ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း' လက္ခဏာရှိပါသည်။

စမေး။ (က) ဝမ်းမြောက်တတ်သောတရား (ခ) ဝမ်းမြောက်ကြောင်းတရားတို့ကို ခွဲခြားဖော်ပြခဲ့ပါ။

စဖြေ။ (က) ဝမ်းမြောက်တတ်သောတရားမှာ ယှဉ်ဘက်သမ္မယုတ်တရားများ ဖြစ်ပါသည်။ (ခ) ဝမ်းမြောက်ကြောင်းတရားမှာ မုဒိတာ-ခေါ် မောဒနကြိယာ ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ မုဒိတာ-ခေါ် မောဒနကြိယာက ယှဉ်ဘက်သမ္မယုတ်တရားတို့ကိုသာ ကျေးဇူးပြုသောကြောင့် ယှဉ်ဘက်သမ္မယုတ်တရားတို့ကိုသာ "ဝမ်းမြောက်သည်"ဟု ဆိုသင့်သည် မဟုတ်ပါလော? အဘယ့်ကြောင့် ပုဂ္ဂိုလ်ကို "ဝမ်းမြောက်သည်"ဟု ဆိုနိုင်ပါသနည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ မုဒိတာ-ခေါ် မောဒနကြိယာက ယှဉ်ဘက်သမ္မယုတ်တရားတို့ကို ဝမ်းမြောက်ဝမ်းသာဖြစ်ဖို့ အစိုးတရ ကျေးဇူးပြုသောအခါ ယှဉ်ဘက်သမ္မယုတ်တရားတို့ဖြစ်ရာ ပုဂ္ဂိုလ်ကိုလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ဖို့ ကျေးဇူးပြုရာရောက်သောကြောင့် ပုဂ္ဂိုလ်ကိုလည်း "ဝမ်းမြောက်သည်"ဟု ဆိုရ၍ခြင်း ဖြစ်ပါသည်။ (ဇူ၊ ၁။ ၃၄၆။)

မှတ်ချက်။ ။ ဓမ္မမှ တစ်ပါးသော ကရိုဏ်းကို နှစ်စေခြင်းအကျိုးငှါ ဓမ္မ (မောဒနကြိယာ)ကိုပင် ကရိုဏ်းပြု၍ ဖွင့်ပြထားခြင်းဖြစ်သည်-ဟု မှတ်ပါ။ (၄င်း)

မေး။ မိမိနှင့်စပ်သူ ဆွေမျိုးမိတ်သင်္ဂဟများ ကြီးပွားချမ်းသာနေသည်ကို တွေ့မြင်ရသောအခါ ဖြစ်ပေါ်လာသော ဝမ်းမြောက်မှုသည် မုဒိတာအစစ် ဟုတ်/မဟုတ် စစ်တမ်းထုတ်ခဲ့ပါ။

ဖြေ။ ထိုဝမ်းမြောက်မှုမျိုးသည် မုဒိတာအစစ် မဟုတ်ပါ။ တဏှာလောဘကို အခြေခံ၍ ဖြစ်ပေါ်လာသည့် နှစ်သက်ဝမ်းမြောက်ခြင်း ပိတိ သောမနဿ-ဟူသော **မုဒိတာ** အတုသာ ဖြစ်ပါသည်။ (သို့သော် ထိုဝမ်းမြောက်မျိုးသည် မုဒိတာအတုသာဖြစ်သည် -ဟုကား တထစ်ချ မဆိုနိုင်ပါ။ အချို့ပုဂ္ဂိုလ်များမှာ မုဒိတာအစစ်ပင် ဖြစ်နိုင်ဖွယ် ရှိပါသည်။)

မေး။ မုဒိတာ-၏ အနီးကပ်ဆုံးရန်သူနှင့် အဝေးရန်သူတို့ကို ဖော်ပြပါ။

ဖြေ။ မုဒိတာ-၏ အနီးကပ်ဆုံး ရန်သူမှာ ဧဟသိတသောမနဿဖြစ်၍၊ အဝေးရန်သူ မှာ အရတိ (မမွေ့လျော် မပျော်ပိုက် မနှစ်ခြိုက်ခြင်း) ဖြစ်ပါသည်။ (အဘိ၊ ၄၊ ၁၊ ၂၃၉။)

မေး။ မုဒိတာအစစ်နှင့် အတုတို့၏ ခြားနားချက်ကို ဖော်ပြပါ။

ဖြေ။ မုဒိတာအစစ်သည် ကုသိုလ်တရားဖြစ်၍ မုဒိတာအတုကား အကုသိုလ်တရားဖြစ်ပါသည်။

မေး။ ကရုဏာ, မုဒိတာတို့ကို အဘယ့်ကြောင့် အပွမညာ-ဟု ခေါ်ဆိုရပါသနည်း။

http://www.dhammadownload.com

ဖြေ။ အတိုင်းအရှည်မရှိသော သတ္တဝါတို့ဟူသော အာရုံတို့ရှိသောကြောင့် ကရုဏာ, မုဒိတာတို့ကို "အပွမညာ"ဟု ခေါ် ဆိုရပါသည်။

(တစ်နည်း) အတိုင်းအရှည်မရှိသော သတ္တဝါတို့၌ အာရုံပြုသောအားဖြင့် ဖြစ်တတ်သောကြောင့် ကရုဏာ, မုဒိတာတို့ကို "အပွမညာ"ဟု ခေါ် ဆိုရပါသည်။

(တစ်နည်း) ကရုဏာ, မုဒိတာတို့ကာ အပိုင်းအခြားရှိသော်လည်း ၄င်းတို့၏ အာရုံအကြောင်းဖြစ်သော သတ္တဝါတို့က အပိုင်းအခြားမရှိသောကြောင့် အာရုံအကြောင်းဖြစ်သော သတ္တဝါတို့၏ 'အပွမညာ'ဟူသော အမည်ကို အာရမ္မဏိက အကျိုးဖြစ်သော ကရုဏာ, မုဒိတာတို့၌တင်စား၍ ကာရဏူပစာအားဖြင့် ကရုဏာ, မုဒိတာတို့ကို "အပွမညာ" ဟု ခေါ် ဆိုရခြင်း ဖြစ်ပါသည်။

မေး။ အပွမညာ-ပုဒ်ကို ရနိုင်သမျှ ဝစနတ္ထပြု၍ အရလည်း အသီးသီးကောက်ပြခဲ့ပါ။

ဖြေ။ (၁) နတ္ထိ ပမာဏံ ယေသန္တိ အပွမာဏာ၊ အတိုင်းအရှည်မရှိသော သတ္တဝါတို့ကို ရ၏။

အပွမာဏာ အာရမ္မဏာ ယေသန္တိ အပွမာဏာ။

(တစ်နည်း) အပွမာဏာ ယေသံ အတ္ထိတိ အပွမာဏာ။ အတိုင်းအရှည်မရှိသော သတ္တဝါတို့ဟူသော အာရုံရှိသော ကရုဏာ, မုဒိတာတို့ကို ရ၏။ (ရှေ့နည်း၌ "အပွမာဏာရမ္မဏာ"ဟု ဆိုလိုလျက် အာရမ္မဏ-ဟူသော နောက်ပုဒ်ကို ချေ၍ "အပွ-မာဏာ"ဟု ပြီးသည်။)

အပွမာဏာ ဧဝ အပွမညာ။ ၄င်းတို့ကိုပင် ရ၏။ (သကတ္ထ၌ ဏျ-ပစ္စည်းဟု မှတ်ပါ။)

(၂) အပွမာဧော ဘဝါ အပွမာဏာ၊ အပွမာဏာ ဧဝ အပွမညာ။ အတိုင်းအရှည်မရှိသော သတ္တဝါပညတ်၌ အာရုံပြုသောအားဖြင့် ဖြစ်သော ကရုဏာ, မုဒိတာတို့ကို ရ၏။

<u>ကရုဏာကို ရှေးဦးစွာ ဆိုရခြင်းအကြောင်း</u> - လောက၌ ဒုက္ခိတသတ္တဝါက များသောကြောင့် ထိုဒုက္ခိတသတ္တဝါကို အာရုံပြုသော ကရုဏာကို ရှေးဦးစွာ ဆိုရခြင်း ဖြစ်ပါသည်။ (သခေါပ)

မေး။ ကမ္မဋ္ဌာန်းပိုင်း၌ "စတုသော အပွမညာယော"ဟု ဆိုလတ္တံ့ဖြစ်ပါလျက် ဤစေတသိက်ပိုင်း၌ အဘယ့်ကြောင့် အပွမညာ ၂-ပါးတို့ကိုသာ ဆိုရပါသနည်း။

ဖြေ။ ကမ္မဋ္ဌာန်းပိုင်း၌ "စတုသော အပွမညာယော"ဟု ဆိုလတ္တံ့ဖြစ်ပါသော်လည်း ဤစေတသိက်ပိုင်း၌ အဒေါသ ဖြင့် မေတ္တာ-ကို, တတြမဇ္ဈတ္တတာ-ဖြင့် ဥပေက္ခာ

http://www.dhammadownload.com

ကို ယူပြီးဖြစ်သောကြောင့် အပွမညာ ၂-ပါးတို့ကိုသာ ဆိုရခြင်း ဖြစ်ပါသည်။

မေး။ အဘယ့်ကြောင့် အဒေါသ-ဖြင့် မေတ္တာ-ကို, တတြမဇ္ဈတ္တတာ-ဖြင့် ဥပေက္ခာကို ယူရပါသနည်း။

ဖြေ။ သတ္တဝါတို့၌ အကျိုးစီးပွားကို လိုလားသောအားဖြင့်ဖြစ်သော 'အဒေါသ' သည်ပင် 'မေတ္တာ'မည်သောကြောင့် အဒေါသဖြင့် မေတ္တာကို ယူရခြင်းဖြစ်ပါသည်။

သတ္တဝါတို့၌ မုန်းခြင်း, ချစ်ခြင်း ငြိမ်းပျောက်ကင်းရှင်းခြင်းအားဖြင့် ဖြစ်သော 'တတြမဇ္ဈတ္တတာ'သည်ပင် 'ဥပေက္ခာ' မည်သောကြောင့် တတြမဇ္ဈတ္တတာ-ဖြင့် ဥပေက္ခာကို ယူရခြင်း ဖြစ်ပါသည်။

မေး။ အဒေါသတိုင်းကို မေတ္တာ-ဟုလည်းကောင်း၊ တတြမဇ္ဈတ္တတာတိုင်းကို ဥပေက္ခာ-ဟုလည်းကောင်း ဆိုနိုင်ပါမည်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ အဒေါသတိုင်းကို မေတ္တာ-ဟုလည်းကောင်း တတြမဇ္ဈတ္တတာတိုင်းကို ဥပေက္ခာ-ဟုလည်းကောင်း မဆိုနိုင်ပါ။ သတ္တဝါတို့၌ အကျိုးစီးပွားကို လိုလားသော အားဖြင့်ဖြစ်သော 'အဒေါသ' ကိုသာ 'မေတ္တာ'ဟု ဆိုနိုင်၍၊ သတ္တဝါတို့၌ မုန်းခြင်း, ချစ်ခြင်း ငြိမ်းပျောက်ကင်းရှင်းခြင်းအားဖြင့်ဖြစ်သော 'တတြမဇ္ဈတ္တတာ' ကိုသာ 'ဥပေက္ခာ' ဟု ဆိုနိုင်ပါသည်။

၁မေး။ ဥပေက္ခာနှင့် တတြမဇ္ဈတ္တတာတို့၏ အထူးကို ဖော်ပြပါ။

၁ဖြေ။ ဥပေက္ခာသည် ကြဋ္ဌာရုံ, အနိဋ္ဌာရုံတို့၌ လျစ်လျူရှုသောအခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၍၊ တတြမဇ္ဈတ္တတာ,က စိတ်စေတသိက်တို့ကို လျစ်လျူရှုခြင်း လက္ခဏာရှိ၏၊ ဤသို့ ထူးပါသည်။

ဥပေက္ခာသည် စိတ်၏ လက္ခဏာဖြစ်၍၊ တတြမဇ္ဈတ္တတာ,က စေတသိက်၏ လက္ခဏာဖြစ်၏၊ ဤသို့လည်း ထူးပါသည်။

ဥပေက္ခာသည် ဝေဒနုပေက္ခာဖြစ်၍၊ တတြမဇ္ဈတ္တတာ,က ဗြဟ္မဝိဟာရုပေက္ခာ ဖြစ်၏၊ ဤသို့လည်း ထူးပါသည်။

၁မေး။ အပွမညာသည် ကရုဏာ, မုဒိတာဟု နှစ်ပါးဖြစ်သောကြောင့် အခြားသော စေတသိက်တို့ကဲ့သို့ "ဒွေ အပွမညာယော နာမ"ဟု သင်္ခါအတိအကျ တပ်၍ ဆိုသင့်သည် မဟုတ်ပါလော? အဘယ့်ကြောင့် "ကရုဏာမုဒိတာ အပွမညာ-

http://www.dhammadownload.com

ယော နာမ"ဟု သမ္မာမတပ်ဘဲ သာမည ဆိုရပါသနည်း။

ဖြေ။ အပွမညာသည် ကမ္မဋ္ဌာန်းပိုင်း၌ ဆိုလတ္တံ့အတိုင်း နှစ်ပါးသာမက လေးပါးရှိသော ကြောင့် အခြားသော စေတသိက်တို့ဂဲ့သို့ သမ္ဗာအတိအကျ မတပ်ဘဲ "ကရုဏာမုဒိတာ အပွမညာယော နာမ"ဟု သာမည ဆိုရခြင်း ဖြစ်ပါသည်။

မေး။ စေတသိက်ပိုင်းလာ ကရုဏာ, မုဒိတာ အပွမညာတို့နှင့် ကမ္မဋ္ဌာန်းပိုင်းလာ ကရုဏာ, မုဒိတာ အပွမညာတို့၏ အထူးကို ရေးသားဖော်ပြပါ။

ဖြေ။ စေတသိက်ပိုင်းလာ ကရုဏာ, မုဒိတာ အပွမညာတို့သည် ကာမာဝစရ ဖြစ်၍၊ ကမ္မဋ္ဌာန်းပိုင်းလာ ကရုဏာ, မုဒိတာ အပွမညာတို့ကား အပွနာဝတ္တ ရူပါဝစရတို့ ဖြစ်ကြ၏။ ဤသို့ ထူးပါသည်။ (အဋ္ဌသာလိနီ အဋ္ဌကထာ)

မေး။ 'ပညန္ဒြေ' ဟူရာ၌ (က) ပညာ-မည်ခြင်း၏အကြောင်း၊ (ခ) ဣန္ဒြေ-မည်ခြင်း၏ အကြောင်းတို့ကို ဖြေဆို၍၊ (ဂ) "ပညန္ဒြေ"မည်ခြင်းအကြောင်းကိုလည်း ဖော်ပြပါ။

ဖြေ။ "ပကာရေန ဇာနာတိ အနိစ္စာဒိဝသေန အဝဗုဇ္ဈတီတိ ပညာ" ဟူသော ဝစနတ္ထနှင့်အညီ အမျိုးမျိုးအစားစား အပြားအားဖြင့် သိတတ် - အနိစ္စစသည်တို့၏ အစွမ်းဖြင့် ထိုးထွင်း၍ သိတတ်သောကြောင့် 'ပညာ' မည်ပါသည်။

ထိုပညာသည်ပင် အနိစ္စအစရှိသော သာမညသဘောလက္ခဏာ၊ ကက္ခဋ-တ္တ, ဖုသနအစရှိသော ဝိသေသသဘောလက္ခဏာ-ဟူသော ဟုတ်မှန်သော သဘောလက္ခဏာကို ထိုးထွင်း၍ သိခြင်း၌ အကြီးအကဲ၏အဖြစ် (အစိုးရခြင်း) နှင့် ယှဉ်သောကြောင့် 'ဣန္ဒြေ'လည်း မည်ပါသည်။ ထိုအကြောင်းကြောင့်ပင် "ပညန္ဒြေ" မည်ပါ သည်။

မေး။ "အမျိုးမျိုးအစားစား အပြားအားဖြင့် သိတတ်သောကြောင့် ပညာ" ဟုရာ၌ အမျိုးမျိုးအစားစား အပြားအားဖြင့် သိပုံအခြင်းအရာကို ဖော်ပြပါ။

ဖြေ။ အနိစ္စစသည်တို့၏ အစွမ်းဖြင့် (အနိစ္စ, ဒုက္ခ, အနတ္တ-ဟူ၍သည်းကောင်း၊ ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂသစ္စာ-ဟူ၍လည်းကောင်း၊ ကုသိုလ်, အကုသိုလ်-ဟူ၍ လည်းကောင်း၊ ကံ, ကံ၏အကျိုး-ဟူ၍လည်းကောင်း၊ ဤသို့စသည်ဖြင့်) ထိုးထွင်း၍ သိခြင်းပင် ဖြစ်ပါသည်။

မေး။ ပညာစစ် နှင့် ပညာတု တို့ကို ခွဲခြားဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ လောကရေးဖြစ်စေ, ဓမ္မရေးဖြစ်စေ မည်သည့်အရေးကိစ္စမျိုးဌိမဆို အပြစ်မရှိသော အရာဌာနတို့၌ တတ်သိနားလည်မှု ကျွမ်းကျင်လိမ္မာမှုသည် "ပညာစစ်" ဖြစ်၍၊ ရန်သူကို လှည့်ဖြားနိုင်မှု, သူတစ်ပါးတို့အား လိမ်ညာလှည့်စားဖြားယောင်းသွေး ဆောင်နိုင်မှုတို့ကား 'ဝဉ္စနာပညာ'ခေါ်, 'မာယာ'ဟုလည်း ခေါ်သော "ပညာတု"သာ ဖြစ်ပါသည်။

မေး။ ပညာစစ် နှင့် ပညာတုတို့၏ တရားကိုယ်အားဖြင့် ခြားနားချက်ကို ဖော်ပြပါ။

ဖြေ။ 'ပညာစစ်'မှာ ကုသိုလ်တရားဖြစ်၍၊ 'ပညာတု'ကား တဏှာလောဘ ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ် ဖြစ်ပါသည်။

မေး။ အောက်ဖော်ပြပါ ကျွမ်းကျင်လိမ္မာမှုများသည် ပညာစစ်လော? ပညာတုလော? စိစစ်ဆုံးဖြတ်ခဲ့ပါ။

(က) အရောင်းအဝယ် ကုန်သွယ်လုပ်ငန်း၌ ကျွမ်းကျင်လိမ္မာမှု (ခ)လယ်ယာလုပ်ငန်း၌ ကျွမ်းကျင်လိမ္မာမှု (ဂ) လက်နက်ဆန်းများ ပြုလုပ်နည်း, အဏုမြူဗုံး ထုတ်လုပ်နည်းစသည်တို့၌ ကျွမ်းကျင်လိမ္မာမှု။

ဖြေ။ (က) (ခ)တို့သည် အပြစ်မရှိသော အရာဌာနတို့၌ ကျွမ်းကျင်လိမ္မာမှုများဖြစ်၍ ပညာစစ်-ဟုသာ ဆိုရပါမည်။

(ဂ) ကိုလည်း သူတစ်ပါးတို့အား သတ်ဖြတ်ညှင်းဆဲရန်, သူတစ်ပါးနိုင်ငံကို တိုက်ခိုက်ဖျက်ဆီးရန်ဟူသော ရည်ရွယ်ချက်မျိုးမပါဘဲ မိမိတိုင်းပြည်ကို ကာကွယ်ရန်ဟူသော ကောင်းမြတ်သော ရည်ရွယ်ချက်မျိုးသာ ရှိခဲ့လျှင် ပညာစစ်-ဟုပင် ဆိုရမည်။ သူတစ်ပါးတို့အား သတ်ဖြတ်ညှင်းဆဲရန်, သူတစ်ပါးနိုင်ငံကို တိုက်ခိုက်ဖျက်ဆီးရန် ဟူသော ရည်ရွယ်ချက်မျိုးဖြင့် ပြုလုပ်လျှင်ကား အကုသိုလ်စိတ်ထားဖြင့် ပြုလုပ်ခြင်းဖြစ်သောကြောင့် ပညာစစ် မဖြစ်နိုင်၊ ပညာတု (ထက်မြက်စွာကြံစည်တတ်သော အကုသလဝိတက်)သာ ဖြစ်သည်-ဟု ဆရာမြတ်တို့ ဆုံးဖြတ်တော်မူကြပါသည်။ အချို့ဆရာတို့ကား "မည်သည့်ရည်ရွယ်ချက်ဖြင့် ပြုသည်ဖြစ်စေ ထိုကျွမ်းကျင်မှုမျိုးသည်လည်း ပညာစစ်ပင် ဖြစ်သည်။ သူတစ်ပါးတို့အား သတ်ဖြတ်ညှင်းဆဲရန်, သူတစ်ပါးနိုင်ငံကို တိုက်ခိုက်ဖျက်ဆီးရန်ဟူသော ရည်ရွယ်ချက်မျိုးဖြစ်ခဲ့မှစ၍ အကုသိုလ် ဒုစရိုက်ဖြစ်တော့သည်"ဟု ဆိုကြပါသည်။

မေး။ "သိခြင်း"အနက်ဟော ဉာ-ဓာတ်ဖြင့်ချည်း ရုပ်ပြီးကြသည့် သညာ, ဝိညာဉ်, ပညာတို့၏ အထူးကို ဥပမာဆောင် ထင်ရှားအောင် ရေးသားဖြေဆိုပါ။

http://www.dhammadownload.com

ခြင်း၊ အနာဂါမိမဂ်က ထိုမှကြွင်းသော ဒိဋ္ဌဂတဝိပ္ပယုတ်, ပဋိဃသမ္မယုတ်-ဟူသော ဒုစရိုက်, ဒုရာဇီဝတို့ မထူထဲသော အခိုက်အတန့်ကို ယုတ်လျော့စေခြင်း၊ အရဟတ္တမဂ်က ထိုမှကြွင်းသော ဒိဋ္ဌဂတဝိပ္ပယုတ်, ဥဒ္ဓစ္စသဟဂုတ်-ဟူသော ဒုစရိုက်, ဒုရာဇီဝတို့၏ အလွန်သိမ်မွေ့သော အခိုက် အတန့်ကို ယုတ်လျော့စေခြင်း၏အစွမ်းဖြင့် ပယ်ဖြတ်ပါသည်။ (ဋ္ဌ၊ ၁။ ၃၅၆။)

မေး။ "အလုံးစုံသော ဒုစရိုက်, ဒုရာဇီဝတို့ကို ထိုထိုမဂ်ဖြင့် တစ်ပြိုင်နက်သော ခဏ၌ အကြွင်းမဲ့ပယ်ခြင်း"ဟူသောအနက်သည် ဧကတောဝ-ပုဒ်ဖြင့်ပင် ပြီးနိုင်သည် မဟုတ်ပါလော? ထိုသို့ ပြီးနိုင်ပါလျက် အဘယ့်ကြောင့် သဗ္ဗထာပိ-ဟူသောပုဒ်ကို အရှင်အနုရုဒ္ဓါဆရာ မိန့်ဆိုရပြန်ပါသနည်း။

ဖြေ။ မပြီးနိုင်ပါ။ ဝိရတီစေတသိက် သုံးပါးတို့၏ တစ်ပေါင်းတည်း ဖြစ်ခြင်းကို ပြကာမျှဖြင့် (တစ်ပေါင်းတည်းဖြစ်ခြင်းကို ပြတတ်သော ဧကတောသဒ္ဒါမျှဖြင့်) လေးပါးအပြားရှိသော ဝစီဒုစရိုက်အစရှိသည်တို့၏ (အလုံးစုံသော ဒုစရိုက်, ဒုရာဇီဝတို့၏) ဆန့်ကျင်ဘက်အခြင်းအရာအားဖြင့် ဖြစ်ခြင်းကို မပြအပ် မပြနိုင်ပါ။ ထို့ကြောင့် 'သဗ္ဗထာပိ' ဟူသောပုဒ်ကို အရှင်အနုရုဒ္ဓါဆရာ မိန့်ဆိုရပြန်ခြင်း ဖြစ်ပါသည်။

သိမ္ပတ်ဖွယ်။ ။ စတုဗ္ဗိဓဝစီဒုစ္စရိတာဒီနံ-၌ အာဒိ သဒ္ဒါဖြင့် တိဝိဓ ကာယဒုစ္စရိတ, သတ္တဝိဓ မိစ္ဆာဇီဝ-တို့ကို ယူပါ။

မေး။ သဗ္ဗထာပိ နိယတာ ဧတောဝ လဗ္ဘန္တိ-၌ သဗ္ဗထာပိ, ဧကတော-ပုဒ်တို့ဖြင့် ပြအပ်သော အဓိပ္ပာယ်ကို ဋီကာဆရာအလိုကျ ဖော်ပြပါ။

ဖြေ။ **သဗ္ဗထာပိ-ပုဒ်ဖြင့်** လောကုတ္တရာဝိရတီ ၃-ပါးတို့၏ ထိုထိုဒုစရိုက်, ဒုရာဇီဝတို့၏ ဆန့်ကျင်ဘက်အခြင်းအရာအားဖြင့် ဖြစ်ခြင်းကို ပြပါသည်။ **ဧကတော-ပုဒ်ဖြင့်** မဂ်ဖြင့် ထိုထိုဒုစရိုက်, ဒုရာဇီဝတို့ကို တစ်ပြိုင်နက်ပယ်ဖြတ်ခြင်း၏ အစွမ်းဖြင့် လောကုတ္တရာဝိရတီ ၃-ပါးတို့၏ တစ်ပေါင်းတည်းဖြစ်ခြင်းကို ပြပါသည်။ (ဋီ၊ ၁၀၅)။

(ဆောင်) - သဗ္ဗထာပိ၊ သဒ္ဒါရှိဖြင့်၊ ဒုစ္စရိတာ၊ ဒုရာဇီဝ၊ အဝဝလျှင်၊ ဆန့်ကျင်ခြင်းရာ၊ ဖြစ်သည့်တာကို၊ ပြကာဆို၏။

- ထပ်ပိုလာသော၊ ဧကတောဖြင့်၊ သဘောမစောင်း၊ တစ်ပေါင်းတည်းသာ၊ ဖြစ်သည့်တာကို၊ ပြကာဆိုသည်။ နုဗျိုသောတု မှတ်ဖွယ်ကို။

F 32A

http://www.dhammadownload.com

မေး။ ကေစိဆရာတို့က သဗ္ဗထာပိ နိယတာ ဧတေဝ လဗ္ဘန္တိ-၌ ဧကတော-သဒ္ဒါသည် အပိုအလွန်ဖြစ်၏-ဟု ဆိုကြရာ ထိုအဆိုကို မှတ်သင့်/မမှတ်သင့် စိစစ် ဝေဖန်ပြခဲ့ပါ။

ဖြေ။ ကေစိဆရာတို့က "ဝိရတိစေတသိက်သုံးပါးတို့၏ တစ်ပေါင်းတည်းဖြစ်ခြင်းကို ပြတတ်သော ဧကတော-သဒ္ဒါမျှဖြင့် အလုံးစုံသော ဒုစရိုက်, ဒုရာဇိဝတို့၏ ဆန့်ကျင်ဘက်အခြင်းအရာအားဖြင့် ဖြစ်ခြင်းကို မပြအပ် မပြနိုင်"ဟူသော အနက်အဓိပ္ပာယ်ကို သတိမထား မမှတ်သားနိုင်ကြသောကြောင့် ယင်းသို့ဆိုကြခြင်းဖြစ်ပါသည်။ယင်းသို့ဆိုရာ၌ ထိုကေစိဆရာတို့၏ မသိခြင်းသည်သာ အကြောင်းဖြစ်ပါသည်။ ထို့ကြောင့် ကေစိဆရာတို့၏ အဆိုကို မမှတ်သင့်ပါ။

မေး။ သဗ္ဗထာပိ နိယတာ ဧတေဝ လဗ္ဘန္တိ-၌ နိယတာ-ပါဠိဖြင့် အဘယ်အရာကို တားမြစ်ပါသနည်း။

ဖြေ။ နိယတာ-ဟူသောပါဠိဖြင့် ဝိရတိစေတသိက်တို့၏ မဟာကုသိုလ်စိတ် တို့၌ကဲ့သို့ တစ်ရံတစ်ခါဖြစ်ခြင်းကို တားမြစ်ပါသည်။

မေး။ ဝိရတိစေတသိက်တို့၏ လောကီစိတ်တို့၌ အနိယတ(ကဒါစိ), လောကုတ္တရာစိတ်တို့၌ နိယတ ယှဉ်သည်၏အဖြစ်ကို အဘယ့်ကြောင့် သိအပ်ပါသနည်း။

ဖြေ။ မဇ္ဈိမဂိုပါဠိတော်ဝယ် ဝိရတိစေတသိက်တို့ကို လောကီမဟာကုသိုလ်စိတ်တို့၌ သရုပ်မထုတ်ဘဲ "ယေဝါပနကတရား"အဖြစ် ဟောတော်မူ၍၊ လောကုတ္တရာစိတ်တို့၌ကား "သမ္မာဝါစာ ဟောတိ"စသည်ဖြင့် သရုပ်သကောင် ထုတ်ဆောင်ကာ ဟောတော်မူအပ်သောကြောင့် ဝိရတိစေတသိက်တို့၏ လောကီစိတ်တို့၌ အနိယတ (ကဒါစိ), လောကုတ္တရာစိတ်တို့၌ နိယတ ယှဉ်သည်၏အဖြစ်ကို သိအပ်ပါသည်။

ဝိရတိစေတသိက်တို့ကို နိယတယောဂီ-ဟု ဆိုသင့်/မဆိုသင့်

ဝိရတိစေတသိက်တို့သည် လောကုတ္တရာစိတ် ၈-ခုတို့၌ အမြဲယှဉ်သောကြောင့် ၄င်းတို့ကို နိယတယောဂီ-ဟု ဆိုသင့်သည် မဟုတ်ပါလော? စောဒနာဖွယ်ရှိသည်။

အဖြေကား - "နိယတယောဂီ"ဟူသည် မိမိတို့ယှဉ်ရာစိတ်၌ အမြဲယှဉ်မှုကို ဆိုသည်။ "အနိယတယောဂီ"ဟူသည် မိမိတို့ ယှဉ်ရာစိတ်၌ အမြဲမယှဉ်မှုကို ဆိုသည်။ ဝိရတိစေတသိက်တို့သည် မိမိတို့ယှဉ်ရာစိတ်တို့တွင် လောကုတ္တရာစိတ်၌ အမြဲယှဉ်မှုက နည်း၍ လောကီစိတ်တို့၌ ရံခါ ယှဉ်မှု, မယှဉ်မှုကသာ အဖြစ်များသောကြောင့် ၊ **တစ်နည်း** - နိယတယှဉ်မှုမှာ မထင်ရှား, အနိယတမှုကသာ ထင်ရှားသောကြောင့်

http://www.dhammadownload.com

၄င်းတို့ကို နိယတယောဂီ-ဟု မဆိုသင့်။ အနိယတယောဂီ-ဟုသာ ဆိုသင့်ပါသည်။ (မစိုးရိမ်ဦးကာကျော်အဖြေကို မှီသည်။)

မေး။ ကာမာဝစရကုသလသွေဝ-၌ အဝဓာရဏာအနက်ရှိသော ဧဝ-သဒ္ဒါဖြင့် အဘယ်အရာကို တားမြစ်ပါသနည်း။

ဖြေ။ ထိုဧဝ-သဒ္ဒါဖြင့် ကာမာဝစရဝိပါက်, ကြိယာစိတ်တို့၌လည်းကောင်း၊ မဟဂ္ဂုတ်စိတ်တို့၌လည်းကောင်း ဝိရတီစေတသိက်တို့၏ ဖြစ်ခြင်းကို တားမြစ် ပါသည်။

မေး။ ကာမာဝစရကုသလသွေဝ ကဒါစိ သန္ဒိဿန္တိ ဝိသုံ ဝိသုံ-၌ ကဒါစိ-အရ အခါကာလကို ဖော်ပြပါ။

ဖြေ။ မုသာဝါဒ အစရှိသော တစ်ပါးတစ်ပါးသော ဒုစရိုက်တို့မှ ရှောင်ကြဉ်ရာ အခါ ဖြစ်ပါသည်။

မေး။ ဝိရတီစေတသိက်တို့သည် မဟာကုသိုလ်စိတ်တို့၌ အဘယ်အခါ ယှဉ်၍ အဘယ်အခါ မယှဉ်ကြပါသနည်း။

ဖြေ။ မုသာဝါဒ အစရှိသော တစ်ပါးတစ်ပါးသော ဒုစရိုက်တို့မှ ရှောင်ကြဉ်ရာ အခါ၌ ယှဉ်၍၊ မရှောင်ကြဉ်ရာ အခါ၌ မယှဉ်ကြပါ။

မေး။ ဝိရတီစေတသိက်တို့သည် မဟာကုသိုလ်စိတ်တို့၌ အဘယ့်ကြောင့် အသီးအသီး (ဝိသုံ ဝိသုံ) ယှဉ်ရပါသနည်း။

ဖြေ။ ဝိတိက္ကမိတ္တဝဝတ္ထု-ဟု ဆိုအပ်သော မိမိအာရုံတို့၏ ဖြစ်ခြင်းကို ငဲ့သောကြောင့် တစ်ပေါင်းတည်း မယှဉ်ဘဲ အသီးအသီး ယှဉ်ရခြင်း ဖြစ်ပါသည်။

သိမှတ်ဖွယ်များ

လောကုတ္တရာစိတ်တို့၌ ဧကတော(တစ်ပြိုင်နက်) ယှဉ်ရခြင်းအကြောင်း - နိဗ္ဗာန်အာရုံ တစ်ခုတည်း၏ အစွမ်းဖြင့် အာရုံမပြားသောကြောင့် လောကုတ္တရာစိတ်တို့၌ ဧကတော (တစ်ပြိုင်နက်) ယှဉ်ရပါသည်။

ကာမဘုံ၌ဖြစ်သော ကာမာဝစရစိတ်တို့၌သာ ဝိရတီယှဉ် - ဝိရတီတို့ ကာမာဝစရစိတ်တို့၌ ယှဉ်ကြသည်ဆိုသော်လည်း ကာမဘုံ၌ဖြစ်သော ကာမာဝစရကုသိုလ်စိတ်တို့၌သာ ယှဉ်သည်။ ရှေ့၊ အရှေ့ ပြဟ္မာဘုံ၌ဖြစ်သော ကာမာဝစရစိတ်တို့၌ မယှဉ်ပါ။ အကြောင်းကား - ပြဟ္မာတို့အား ဝိရမိတပွဝတ္ထုဟု ဆိုအပ်သော ကာယ-ဝစီဒုစရိုက်တို့ မရှိသောကြောင့် လည်းကောင်း၊ လောကီဝိရတီတို့သည်လည်း ဝိရမိတပွ

http://www.dhammadownload.com

ဝတ္ထုမှကင်းသော ပုဂ္ဂိုလ်တို့၌ မဖြစ်ကြသောကြောင့်လည်းကောင်းတည်း။ (ပရမတ္ထဒီပနီ)

သမုဋ္ဌေဒဝိရတီကား ရှိ - "မြဟ္မာတို့မှာ ဝိရမိတဗ္ဗဝတ္ထုမရှိသောကြောင့် ဝိရတီမဖြစ်" ဆိုသော်လည်း ဘယ်ဝိရတီမှ မရှိ-ဟု မမှတ်ရပါ။ သမ္မတ္တ, သမာဒါနဝိရတီတို့သာ မရှိခြင်းဖြစ် သည်။ သမုဋ္ဌေဒဝိရတီကား ရှိပါသည်။ (ကထာဝတ္ထု အနုဋီကာ)

မေး။ အပ္ပမညာစေတသိက်၏ သမ္မယောဂနည်း၌ အဘယ့်ကြောင့် ပဋ္ဌမစျာန်ကို ကြဉ်ရပါသနည်း ဖြေဆိုပါ။

ဖြေ။ အပ္ပနာသို့ ရောက်ကုန်သော အပ္ပမညာတို့သည် တစ်ရံတစ်ခါမျှ သောမနဿနှင့်ကင်း၍ ဖြစ်ခြင်းမရှိသောကြောင့် အပ္ပမညာစေတသိက်၏ သမ္မယောဂနည်း၌ ဥပေက္ခာဖြစ်သော ပဋ္ဌမစျာန်ကို ကြဉ်ရခြင်း ဖြစ်ပါသည်။

သောမနဿနှင့် ကင်း၍ မဖြစ်ခြင်း အကြောင်း။ ။ အပ္ပမညာတို့သည် ဒေါမနဿနှင့် တကွဖြစ်သော ညှင်းဆဲခြင်း, မမွေ့လျော်ခြင်းတို့ကို ပယ်တတ်သောကြောင့် လည်းကောင်း၊ ဒေါမနဿနှင့် ဆန့်ကျင်ဘက်ဖြစ်သော သောမနဿနှင့်သာ ယှဉ်သင့်သောကြောင့်လည်းကောင်း သောမနဿနှင့် ကင်း၍ မဖြစ်ကြခြင်း ဖြစ်ပါသည်။ (ဋီ၊ ၁။ ၃၅၈။)

မေး။ ကရုဏာ, မုဒိတာကမ္မဋ္ဌာန်း စီဖြန်းခြင်းဖြင့် စျာန်ရခဲ့သော် အဘယ်စျာန်တို့ကိုသာ ရရှိနိုင်ပါသနည်း၊ အကြောင်းပြ ဖြေဆိုပါ။

ဖြေ။ ကရုဏာ, မုဒိတာကမ္မဋ္ဌာန်း စီဖြန်းခြင်းဖြင့် စျာန်ရခဲ့သော ထိုစျာန်၌ အမြဲတမ်း သောမနဿသာ ယှဉ်ရမည်ဖြစ်သောကြောင့် ပထမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်တို့ကိုသာ ရရှိနိုင်ပါသည်။ ပဋ္ဌမစျာန်ကို မရနိုင်ပါ။

မေး။ အဘယ်ကဲ့သို့သော စိတ်တို့ကို "မဟဂ္ဂတ်စိတ်"ဟု ခေါ်ဆိုရပါသနည်း ဦးကာလာအတိုင်း ပြည့်စုံစွာ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ကင်းသောနိဝရဏရှိသောစိတ် အစရှိသည်၏အဖြစ်ကြောင့် (နိဝရဏကင်းခြင်း အစရှိသောအကြောင်းကြောင့်) မြတ်သည်၏အဖြစ်သို့ ရောက်သော စိတ်တို့ကို "မဟဂ္ဂတ်စိတ်"ဟု ခေါ်ဆိုရပါသည်။

(တစ်နည်း) မြတ်ကုန်သော စျာနလာဘီပုဂ္ဂိုလ်တို့သည် ရောက်အပ်သော စိတ်တို့ကို "မဟဂ္ဂတ်စိတ်"ဟု ခေါ်ဆိုရပါသည်။

http://www.dhammadownload.com

သိမှတ်ဖွယ်။။ ဓိနိဝရဏာဒိတာယ-၌ အာဒိသဒ္ဒါဖြင့် ဒီဃသန္တာနတာ, ဝိပုလ-ဖလတာ-စသည်တို့ကို ယူပါ။

မေး။ မဟဂ္ဂတ-ပုဒ်ကို ဝိဂြိုဟ်ဆိုး၍၊ ရုပ်ပြီးပုံကိုလည်း ရေးပြခဲ့ပါ။

ဖြေ။ မဟတ္တံ ဂတာနိ မဟဂ္ဂတာနိ။

တစ်နည်း - မဟန္တေဟိ ဂတာနိ မဟဂ္ဂတာနိ။

ပထမနည်း၌ "မဟတ္တဂတ"ဟု ဆိုလိုလျက် တ္တ-ပစ္စည်းကို ချေ၊ ဂ-ကို သဒိသဒွေး ဘော်ပြ၍ "မဟဂ္ဂတ"ဟု ရုပ်ပြီးပါသည်။

ဒုတိယနည်း၌ "မဟန္တဂတ"ဟု ဆိုလိုလျက် မဟန္တ-သဒ္ဒါကို မဟာ-ပြု၊ ဂ-ကို ဒွေးဘော်ပြု၊ ဂ္ဂ-သံယုဂ်ကြောင့် ဟာ-၌ အာ-ကို အရဿပြု၍ ရုပ်ပြီးပါသည်။

မေး။ ပဌမစျာန်ကြဉ် မဟဂ္ဂတ်စိတ် ၁၂-ပါးစသော ၂၈-ပါးသောစိတ်တို့၌ အပွ မညာစေတသိက်တို့သည် အဘယ့်ကြောင့် အသီးသီး ယှဉ်ရပါသနည်း။

ဖြေ။ အာရုံကွဲပြားသည့်အတွက် မိမိအာရုံဖြစ်ကုန်သော ဒုက္ခိတ, သုခိတ သတ္တဝါတို့၏ ထင်ခြင်းသို့ရောက်ခြင်းကို ငဲ့သောကြောင့် ထိုစိတ်တို့၌ အပွမညာ စေတသိက်တို့ အသီးသီး ယှဉ်ရခြင်း ဖြစ်ပါသည်။

မှတ်ချက်။ ။ အချို့က "အာရုံကွဲပြားသောကြောင့်လည်းကောင်း၊ မိမိအာရုံဖြစ်ကုန်သော (ပ) ငဲ့သောကြောင့်လည်းကောင်း"ဟု အကြောင်း ၂-ချက်ယူကြသည်။ **ကသွာ အပေက္ခာတိ အာဟ "ဘိန္နာရမ္မဏတ္တာ"တိ**-ဟူသော မဏိမဉ္ဇူအဖွင့်အရ ဘိန္နာရမ္မဏတ္တာ-သည် သီးခြား ဟိတ် မဟုတ်, ဟိတ်ကူသာဖြစ်ကြောင်း သိပါ။

မေး။ "အပွနာဝိထိမှ ရှေ့အဖို့ဝယ် ဥပေက္ခာသဟဂုတ် ကာမာဝစရကုသိုလ်, ကြိယာစိတ်တို့၌ အပွမညာ မယှဉ်"ဟူသော ဝါဒကို အဘယ့်ကြောင့် 'ကေစိဝါဒ' ဟု အောက်တန်းချကာ မိန့်ဆိုရပါသနည်း၊ အပွနာဝိထိ၌ကဲ့သို့ အပွနာဝိထိမှ ရှေ့အဖို့၌လည်း ထိုအပွမညာတို့သည် သောမနဿသဟဂုတ် ကာမာဝစရစိတ်တို့၌သာ ယှဉ်ကုန်ရာသည် မဟုတ်ပါလော? ဥပမာဆောင် ထင်ရှားအောင် ရှင်းလင်းဖြေဆိုခဲ့ပါ။

ဖြေ။ ကရုဏာ, မုဒိတာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသောအခါ အပွနာဝိထိ (စျာန ဝိထိ)မှ ရှေ့အဖို့၌ 'ပရိစဝ'ခေါ် အလေ့အကျက်၏အစွမ်းဖြင့် ဥပေက္ခာသဟဂုတ်စိတ်တို့ဖြင့်လည်း ပရိကမ္မဘာဝနာ ဖြစ်နိုင်ပါသည်။

http://www.dhammadownload.com

ဥပမာ - အဝါးဝစွာ လေ့လာအပ်ပြီးသော ကျမ်းစာကို ရွတ်အံသရဇ္ဈာယ်သော ပုဂ္ဂိုလ်သည် တစ်ခါတစ်ရံ အခြားအာရုံသို့ စိတ်ရောက်နေသော်လည်း ရွတ်အံသရဇ္ဈာယ်နိုင်သကဲ့သို့ လည်းကောင်း၊ အဝါးဝစွာ လေ့လာအပ်ပြီးသော ဝိပဿနာဖြင့် သခ်ါရတရားတို့ကို သုံးသပ်သောပုဂ္ဂိုလ်သည် တစ်ခါတစ်ရံ 'ပရိစယ'ခေါ် အလေ့ အကျက်၏အစွမ်းဖြင့် ဉာဏဝိပ္ပယုတ်စိတ်တို့ဖြင့်လည်း သုံးသပ်နိုင်သကဲ့သို့ လည်းကောင်း ဖြစ်ပါသည်။ ထို့ကြောင့် "အပ္ပနာဝီထိမှ ရှေ့အဖို့ဝယ် ဥပေက္ခာသဟဂုတ် ကာမာဝစရကုသိုလ်, ကြိယာစိတ်တို့၌ အပ္ပမညာမယှဉ်"ဟူသော ဝါဒကို 'ကေစိဝါဒ'ဟု အောက်တန်းချကာ မိန့်ဆိုရခြင်း ဖြစ်ပါသည်။

သိမှတ်ဖွယ်

ပရိစယ ၂-မျိုး - (၁)သောမနဿသဟဂုတ်စိတ်တို့ဖြင့် ကရုဏာ, မုဒိတာတို့ကို ပွားများမှုပြုခြင်း၌ လေ့လာအပ်ပြီးသော ဝသီဘော်ရှိခြင်း။ (၂) ဉာဏသမ္ပယုတ်စိတ်တို့ဖြင့် အနိစ္စ, ဒုက္ခ, အနတ္တဟု သခ်ါရတရားတို့ကို သုံးသပ်ခြင်း၌ လေ့လာအပ်ပြီးသော ဝသီဘော်ရှိခြင်းတို့ ဖြစ်ပါသည်။ (ဋ၊ ၁။ ၃၅၉-၆၀။)

(ဆောင်) **ကရုဏာ, မုဒိတာ၊ ဘာဝနာကမ္မဋ္ဌာန်း၊ စီးဖြန်းသောခါ၊ အပ္ပနာမှ၊ ရှေ့ခါကာလ၊ ပရိစယဟု၊ လေ့ကျက်မှုဖြင့်၊ ဥပေက္ခာမှတ်၊ စိတ်ဓာတ်ဖြင့်လည်း။ အသင့်အမှန်၊ ပရိကံဘာဝနာ၊ ဖြစ်နိုင်တာကြောင့်၊ ဥပေက္ခာကာမ၊ ထိုစိတ္တတွင်၊ အပ္ပမညာ၊ မ ယှဉ်ပါ-ဟု၊ ပြောလာ ဝါဒ၊ ကေစိပြု၊ မိန့်ဟ ထေရ်အရှင်။**

"အပရေမူ၊ ဂုဏ်ရည်တူ၊ ကေစိမူကား၊ ကိုယ့်အောက်ထား"

မေး။ "အပ္ပနာဝီထိမှ ရှေ့အဖို့၌ 'ပရိစယ'ခေါ် အလေ့အကျက်၏အစွမ်းဖြင့် ဥပေက္ခာသဟဂုတ်စိတ်တို့ဖြင့်လည်း ပရိကမ္မဘာဝနာ ဖြစ်နိုင်သည်"ဆိုလျှင် အပ္ပနာဝီထိ၌လည်း ထိုအပ္ပမညာတို့သည် ဥပေက္ခာသဟဂုတ်စိတ်တို့၌လည်း ယှဉ်ကုန်ရာသည် မဟုတ်ပါလော? အဘယ့်ကြောင့် အပ္ပနာဝီထိ၌ ဧကန်မုချအား ဖြင့် သောမနဿသဟဂုတ် ကာမာဝစရကုသိုလ်, ကြိယာစိတ်တို့၌သာ ယှဉ်ရပါသနည်း၊

ဖြေ။ ပြားသောဇာတ်ရှိသော စိတ်သည် ပြားသောဇာတ်ရှိသောစိတ်အား အာသေဝန ပစ္စည်း မတပ်သကဲ့သို့၊ ထို့အတူ ပြားသောဝေဒနာရှိသော ဥပေက္ခာသဟဂုတ် ကာမာဝစရကုသိုလ်, ကြိယာစိတ်သည် ပြားသော ဝေဒနာရှိသော သောမနဿ သဟဂုတ် မဟဂ္ဂုတ်ကုသိုလ်, ကြိယာအပ္ပနာစိတ်အား အာသေဝနပစ္စည်း မတပ်

http://www.dhammadownload.com

နိုင်သောကြောင့်အပ္ပနာဝီထိ၌ အပ္ပမညာတို့သည် ဧကန်မုချအားဖြင့် သောမနဿသဟဂုတ် ကာမာဝစရကုသိုလ်, ကြိယာစိတ်တို့၌သာ ယှဉ်ရပါသည်။

ရှင်းချက်။ ။ "ပရိက်, ဥပစာ, အနုလုံ, ဂေါတြဘူ, ဈာန်"ဟူသော စိတ်အစဉ်အဆက်သည် "အပ္ပနာယ လက္ခိတာ ဝီထိ အပ္ပနာဝီထိ"ဟူသော ဝစနတ္ထနှင့်အညီ အပ္ပနာဖြင့် မှတ်အပ်သော စိတ်အစဉ်အဆက်ဖြစ်သောကြောင့် "<u>အပ္ပနာဝီထိ</u>"မည်၏။ ထိုစိတ်အစဉ်အဆက်တို့တွင် ဈာန်-ဟူသော အပ္ပနာမှ ရှေ့ဖြစ်သောစိတ်တို့သည် ကာမာဝစရဇောတို့ ဖြစ်၍ ဈာန်-ဟူသော အပ္ပနာကား မဟဂ္ဂုတ်ဇောဖြစ်၏။ ကာမာဝစရဇောတို့၌ သောမနဿ, ဥပေက္ခာ ဝေဒနာ နှစ်ပါးရ၍ ဈာန်-ဟူသော အပ္ပနာ၌ကား ပဋ္ဌမဈာန်ကို ကြဉ်ရသောကြောင့် သောမနဿဝေဒနာသာ ရ၏။ စောဒက အလိုအတိုင်း အပ္ပမညာတို့သည် ဥပေက္ခာသဟဂုတ်ကာမာဝစရဇောတို့၌ ယှဉ်ကုန်ကြောင်းဟူ၍ အပ္ပမညာတို့၏ယှဉ်ရာ ကာမာဝစရဇောတို့၏ ဝေဒနာကား ဥပေက္ခာ, အပ္ပနာဈာန်ဇောတို့၏ ဝေဒနာကား သောမနဿဖြစ်၍ အချင်းချင်းဝေဒနာပြားသောကြောင့် ဥပေက္ခာသဟဂုတ်ကာမာဝစရဇောသည် သောမနဿသဟဂုတ် အပ္ပနာဇောအား အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးမပြုနိုင်ပါ။ ထို့ကြောင့် အပ္ပနာဝီထိ၌ အပ္ပမညာတို့သည် ဧကန် သောမနဿသဟဂုတ်စိတ်တို့၌သာ ယှဉ်ရသည်-ဟူလို။

မေး။ (က) ကရုဏာ, မုဒိတာ အပ္ပမညာစေတသိက်တို့၏ အများဆုံးယှဉ်ရာစိတ်၊
(ခ) အပ္ပနာဝီထိမှ ရှေ့အဖို့၌ဖြစ်သော ၄င်းအပ္ပမညာတို့၏ ယှဉ်ရာစိတ်၊
(ဂ) အပ္ပနာဝီထိ၌ ဖြစ်သော ၄င်းအပ္ပမညာတို့၏ ယှဉ်ရာစိတ်တို့ကို အသီးသီး ဖော်ပြခဲ့ပါ။

ဖြေ။ (က) ပဋ္ဌမဈာန်ကြဉ် မဟဂ္ဂုတ်စိတ် ၁၂-ပါး၊ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊ ပေါင်း ၂၈-ပါး ဖြစ်ပါသည်။
(ခ) မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊ ပေါင်း ၁၆-ပါး ဖြစ်ပါသည်။
(ဂ) ပဋ္ဌမဈာန်ကြဉ် မဟဂ္ဂုတ်စိတ် ၁၂-ပါး၊ မဟာကုသိုလ် သောမနဿ ၄-ပါး၊ မဟာကြိယာ သောမနဿ ၄-ပါး၊ ပေါင်း ၂၀-ဖြစ်ပါသည်။

သိမှတ်ဖွယ်များ

<u>**မေတ္တာ အပ္ပမညာ၏ ယှဉ်ရာစိတ်**</u>မှာ ကရုဏာ, မုဒိတာ အပ္ပမညာ တို့၏ ယှဉ်ရာစိတ် အတိုင်း ၂၈-ပါးပင် ဖြစ်ပါသည်။ <u>**ဥပေက္ခာ အပ္ပမညာ ၏ ယှဉ်ရာစိတ်**</u>ကား ရူပပဋ္ဌမဈာန်စိတ် ၃-ပါး၊ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊ ပေါင်း ၁၉-ပါးသာ ဖြစ်ပါသည်။ မဓိုးရိမ် ဦးကောဏ္ဍအဖြေ၌ကား "ဥပေက္ခာသည် ပဋ္ဌမဈာန်

http://www.dhammadownload.com

၁၅၊ မဟာကုသိုလ်, မဟာကြိယာ -၁၆၊ ပေါင်း ၃၁-ပါးမှာ ယှဉ်ပါသည်"ဟု ဆိုသည်။ **ကွာခြားချက်မှာ** အရှုပပဌမဈာန်စိတ် ၁၂-ပါး ဖြစ်ပါသည်။ (ဥပေက္ခာသည် ရှုပ ပ, ဒု, တ, စ ဈာန်တို့၌လည်း မယှဉ်, အရှုပစိတ်၌ လည်း မယှဉ်နိုင်။ "မေတ္တာဒယော တယော စတုက္ကဈာနိကာ, ဥပေက္ခာ ပဌမဈာနိကာ" ဟူသော ကမ္မဋ္ဌာန်းပိုင်း လာ သင်္ဂဟပါဠိကို သတိပြု)။

<u>မေတ္တာ၏ ယှဉ်ဘက်စေတသိက်မှာ</u> - မဟာကုသိုလ်စိတ်၌ အမြဲယှဉ်သော စေတသိက် ၃၃-ပါးတို့တွင် အဒေါသကြဉ် ၃၂-ပါး ဖြစ်ပါသည်။

<u>ဥပေက္ခာ၏ ယှဉ်ဘက်စေတသိက်ကား</u> - မဟာကုသိုလ်စိတ်၌ အမြဲယှဉ်သော စေတသိက် ၃၃-ပါးတို့တွင် တကြမ္မတ္တတာကြဉ် ၃၂-ပါး ဖြစ်ပါသည်။

မေး။ "ဣဿမစ္ဆေရကုက္ကုစ္စ"စသောဂါထာကို အဘယ်အကျိုးငှါ အရှင်အနုရုဒ္ဓါ ဆရာ မိန့်ဆိုတော်မူအပ်ပါသနည်း။

ဖြေ။ သတ္တ သဗ္ဗတ္ထ ယုဇ္ဇန္တိ-အစ သောဘနေသွေဝ သောဘနာ-အဆုံးရှိသော နည်းဖြင့် အမြဲယှဉ်ခြင်း, မယှဉ်ခြင်းတို့၏ အစွမ်းဖြင့် ဆိုအပ်ပြီးသော စေတသိက် ၅၂-ပါးတို့တွင် အမြဲမယှဉ်သော ဣဿာ-စသောစေတသိက်တရား ၁၁-ပါးကို တစ်ပေါင်းတည်းပြုပြီးနောက် ကြွင်းသောစေတသိက် ၄၁-ပါးတို့၏ အမြဲယှဉ်ကုန်သည်၏အဖြစ်ကို ပြခြင်းအကျိုးငှါ "ဣဿာမစ္ဆေရကုက္ကုစ္စ"စသောဂါထာကို အရှင်အနုရုဒ္ဓါဆရာ မိန့်ဆိုတော်မူအပ်ပါသည်။

ဆိုလိုရင်း - အနိယတယောဂီ စေတသိက်တို့ကို တစ်ပေါင်းတည်း ပြုပြီးနောက်, ကြွင်းသောစေတသိက်တို့၏ နိယတယောဂီအဖြစ်ကို ပြခြင်းအကျိုးငှါ ဤ "ဣဿာ-မစ္ဆေရ" စသောဂါထာကို မိန့်ဆိုအပ်သည်-ဟူလို။

းမး။ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတီ, ကရုဏာ, မုဒိတာ စေတသိက်တို့၏ နာနာ (အသီးသီး), ကဒါစိ (ရံခါ) ဖြစ်ရခြင်းအကြောင်းများကို ဖော်ပြပါ။

းဖြ။ ထိုစေတသိက်တို့သည် အာရုံကွဲပြားသောကြောင့် နာနာ (အသီးသီး) ဖြစ်ကြပါသည်။ မိမိဆိုင်ရာ အာရုံ၏ ရှေးရှုဖြစ်ပေါ်လာရာ အခါ၌သာလျှင် ဖြစ်ကြသောကြောင့် ကဒါစိ (ရံခါ) ဖြစ်ကြပါသည်။ (ဋီ၊ ၁။ ၃၆၁။)

းမး။ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ စေတသိက်တို့၏ (က)နာနာဖြစ်ပုံ, (ခ) ကဒါစိ ဖြစ်ပုံများကို ရေးသားဖြေဆိုပါ။

းဖြ။ (က)သူတစ်ပါးစည်းစိမ်ကို ငြူစူသောအခါ ဣဿာဖြစ်၍ မစ္ဆရိယ,

http://www.dhammadownload.com

ကုက္ကုစ္စတို့ မဖြစ်။

မိမိစည်းစိမ်ကို လျှို့ဝှက်သောအခါ မစ္ဆရိယဖြစ်၍ ကျသော်, မစ္ဆရိယတို့ မဖြစ်။

ပြုအပ်ပြီးသော ဒုစရိုက်, မပြုလိုက်မိသော သုစရိုက်တို့ကို အာရုံပြု၍ ဝမ်းနည်း စိုးရိမ်သောအခါ ကုက္ကုစ္စဖြစ်၍ ကျသော်, မစ္ဆရိယတို့ မဖြစ်ကြပါ။

(ခ) သူတစ်ပါးစည်းစိမ်ကို ငြူစူသောအခါ ကျသောဖြစ်၍၊ မငြူစူသောအခါ မဖြစ်ပါ။

မိမိစည်းစိမ်ကို လျှို့ဝှက်သောအခါ မစ္ဆရိယဖြစ်၍ မလျှို့ဝှက်သောအခါ မဖြစ်ပါ။

ပြုအပ်ပြီးသော ဒုစရိုက်, မပြုလိုက်မိသော သုစရိုက်တို့ကို အာရုံပြု၍ ဝမ်းနည်း စိုးရိမ်သောအခါ ကုက္ကုစ္စဖြစ်၍ ဝမ်းမနည်း မစိုးရိမ်သောအခါ မဖြစ်ပါ။

မေး။ ဝိရတိစေတသိက် ၃-ပါးတို့၏ (က) နာနာဖြစ်ပုံ (ခ) ကဒါစိဖြစ်ပုံများကို ပြည့်စုံအောင် ရေးပြခဲ့ပါ။

ဖြေ။ (က) အသက်မွေးဝမ်းကျောင်းကို မငဲ့ဘဲ ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်သောအခါ သမ္မာဝါစာ ဖြစ်၍၊ သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့ မဖြစ်ပါ။

အသက်မွေးဝမ်းကျောင်းကို မငဲ့ဘဲ ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်သော အခါ သမ္မာကမ္မန္တ ဖြစ်၍၊ သမ္မာဝါစာ, သမ္မာအာဇီဝတို့ မဖြစ်ပါ။

အသက်မွေးဝမ်းကျောင်းကို ငဲ၍ ဝစီဒုစရိုက် ၄-ပါး, ကာယဒုစရိုက် ၃-ပါးတို့မှ ရှောင်ကြဉ်သောအခါ သမ္မာအာဇီဝ ဖြစ်၍၊ သမ္မာဝါစာ, သမ္မာ ကမ္မန္တတို့ မဖြစ်ပါ။

(ခ) အသက်မွေးဝမ်းကျောင်းကို မငဲ့ဘဲ ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်သောအခါ သမ္မာဝါစာ ဖြစ်၍၊ မရှောင်ကြဉ်သောအခါ မဖြစ်ပါ။

အသက်မွေးဝမ်းကျောင်းကို မငဲ့ဘဲ ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်သောအခါ သမ္မာကမ္မန္တ ဖြစ်၍၊ မရှောင်ကြဉ်သောအခါ မဖြစ်ပါ။

အသက်မွေးဝမ်းကျောင်းကို ငဲ့၍ ဝစီဒုစရိုက် ၄-ပါး, ကာယဒုစရိုက် ၃-ပါးတို့မှ ရှောင်ကြဉ်သောအခါ သမ္မာအာဇီဝ ဖြစ်၍၊ မရှောင်ကြဉ်သောအခါ မဖြစ် ပါ။

F-33A

မေး။ ကရုဏာ, မုဒိတာတို့၏ (က) နာနာဖြစ်ပုံ (ခ) ကဒါစိဖြစ်ပုံတို့ကို ရှင်းလင်း

http://www.dhammadownload.com

ဖြေဆိုပါ။

မြေး (က)ဒုတ္ထိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားသောအခါ ကရုဏာဖြစ်၏။ မုဒိတာ မဖြစ်ပါ။

သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်သောအခါ မုဒိတာဖြစ်၏။ ကရုဏာမဖြစ်ပါ။

(ခ) ဒုတ္ထိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားသောအခါ ကရုဏာဖြစ်၏။ မသနားသောအခါ မဖြစ်ပါ။

သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်သောအခါ မုဒိတာဖြစ်၏။ ဝမ်းမမြောက်သောအခါ မဖြစ်ပါ။

အမှာ။ ။ အထက်ပါ နာနာဖြစ်ပုံ, ကဒါစိဖြစ်ပုံများ ဦးကာ၌ မလာပါ။ စာမေးပွဲတို့၌ မေးလေ့ရှိသောကြောင့် မေးလာလျှင် ဖြေနိုင်စေခြင်းအကျိုးများစေခြင်း အကျိုးငှါ ရေးပြလိုက် ခြင်းဖြစ်ပါသည်။

မေး။ နာနာ ကဒါစိ မာနော စ-၌ 'မာနော စ'၏ အဓိပ္ပာယ်ကို ရေးပြပါ။

မြေး ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့သာ တစ်ရံတစ်ခါ၌ ဖြစ်သည်မဟုတ်၊ စင်စစ် မာနသည်လည်း တစ်ရံတစ်ခါ၌ ဖြစ်၏-ဟု ဆိုလိုပါသည်။

မေး။ မာနစေတသိက်၏ ကဒါစိ ဖြစ်ပုံကို ရေးပြပါ။

မြေး မာနသည် "သေယျောဟ'မသ္မိ - ငါသာလျှင် မြတ်၏"အစရှိသည်တို့၏ အစွမ်းဖြင့်ဖြစ်သော အခါ၌သာ ဖြစ်ပါသည်။

မေး။ "ထိနမိဒ္ဓံ တထာ သဟ"ပါ၌ဖြင့် ထိန, မိဒ္ဓသည် တစ်ရံတစ်ခါ ဖြစ်၏" ထိုဖြစ်ရာ အခါကို ရေး၍၊ 'သဟ'သဒ္ဒါ၏ အနက်ကိုလည်း ရေးပြပါ။

မြေး ထိန, မိဒ္ဓတို့သည် နာမက္ခန္ဓာ ၄-ပါးတို့၏ အမှုဌ် မခံ့သည်၏အဖြစ်ဖြင့် ဖြစ်ရာအခါ၌သာ ဖြစ်ပါသည်။

'သဟ'သဒ္ဒါ၏ အနက်မှာ အချင်းချင်း မကွေမကွာယှဉ်လေ့ရှိခြင်း (အဝိပ္ပယောဂီ)အနက် ဖြစ်ပါသည်။

သိမှတ်ဖွယ်များ

တထာ သဒ္ဒါအနက် - တထာ သဒ္ဒါသည် 'ကဒါစိ'ပုဒ်ကို ငင်ခြင်း အနုကမ္မအနက် ရှိပါ သည်။

http://www.dhammadownload.com

အဝိပ္ပယောဝီ။ ။ ယုဇ္ဇနသီလံ, ယောဂေါ ဝါ စေတသာ အတ္ထိတိ ယောဝီ။ ကေပ္ပါဒတာဒီဟိ ပကာရေဟိ ယောဂီ ပယောဝီ။ န ပယောဂီ ဝိပ္ပယောဂီ။ န ဝိပ္ပယောဂီ အဝိပ္ပယောဝီ။ ပယောဂီတိ အတ္ထော။ (ဇု၊ ၁။ ၃၆၁-၂။)

"ဒ္ဝိပဒိသေစော ပဓတျတ္ထော - ပဒိသေဝ၊ နှစ်ချက်ပြု၊ မူလအနက်ထွက်အောင် သမ္ဗန်မြဲ"ဟူသော ပရိဘာသာနှင့် နိယဲတို့ကို သတိပြု။ (ပယောဝီ - အပြားအားဖြင့် ယှဉ်လေ့ရှိ။ ဝိပ္ပယောဝီ - အပြားအားဖြင့် ယှဉ်လေ့မရှိ။ အဝိပ္ပယောဝီ - အပြားအားဖြင့် ယှဉ်လေ့ရှိ)။ (တေသံ စိတ္တာဝိယုတ္တာနံ-၌ အဝိယုတ္တ-ပုဒ် ပြန်ကြည့်ပါ။)

မေး။ ထိနမိဒ္ဓံ တထာ သဟ-ကို ဦကာဖွင့်နှင့်အညီ သိသာရုံမျှ အနက် ၂-နည်းပေးပြပါ။

ဖြေ။ ထိနမိဒ္ဓံ၊ ထိနမိဒ္ဓသည်။ တထာ၊ ထို့အတူ။ ကဒါစိ၊ တစ်ရံတစ်ခါ။ သဟ၊ အတူတကွ။ ဇာယတိ၊ ဖြစ်၏။

(တစ်နည်း) ထိနမိဒ္ဓံ၊ ထိနမိဒ္ဓသည်။ တထာ၊ ထို့အတူ။ ကဒါစိ၊ တစ်ရံတစ်ခါ။ သဟ စ၊ အတူတကွလည်း။ ဇာယတိ၊ ၏။ ကဒါစိ၊ တစ်ရံတစ်ခါ။ ဝါ-တစ်ရံတစ်ခါ၌သော်မှလည်း။ နာနာ စ၊ အသီးသီးလည်း။ ဇာယတိ၊ ဖြစ်၏။

သိမှတ်ဖွယ်။။ သဟ-သဒ္ဒါသည် "သာတ္ထံ သဗျဉ္ဇနံ"၌ကဲ့သို့ သမ္ဗန္ဓအနက်တိုလည်း ဟောသောကြောင့် ထိုအနက်ကို နှစ်ခြေင်းအကျိုးငှါ 'သဒ္ဓိ'ဟု ဦကာဆရာ ဖွင့်ဆိုပါသည်။

မေး။ ထိနမိဒ္ဓံ တထာ သဟ-ကို အနက် ၂-နည်းပေးရပုံကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ပထမနည်း၌ တထာ-သဒ္ဒါက 'ကဒါစိ'ပုဒ်ကို ငင်သောကြောင့် ထို 'ကဒါစိ' ပုဒ်ကို ထည့်ပေးရခြင်း ဖြစ်ပါသည်။

ဒုတိယနည်း၌ 'နာနာ ကဒါစိ မာနော စ'ဝယ် စ-သဒ္ဒါကို သဟ-သဒ္ဒါ နောင်လည်း ယှဉ်စေလျက် 'သဟ စ ဇာယတိ, နာနာ စ ဇာယတိ'ဟု အနက်ပေးရခြင်း ဖြစ်ပါသည်။

မေး။ ထိနမိဒ္ဓံ တထာ သဟ-ကို ဦကာဖွင့်နှင့်အညီ အနက် ၂-နည်းပေးရာတွင် ဒုတိယနည်းကို သရုပ်သကောင် ထုတ်ဆောင်လျက် ပေါ်လွင်ထင်ရှားအောင် ချဲ့ထွင်ပေးပြခဲ့ပါ။

ဖြေ။ ထိနမိဒ္ဓံ၊ ထိနမိဒ္ဓသည်။ တထာ၊ ထို့အတူ။ ကဒါစိ၊ ပဋိယသမ္ဗယုတ် သသဒ်္ဓါရိကစိတ်, ဒိဋ္ဌဂတဝိပ္ပယုတ် သသဒ်္ဓါရိကစိတ်တို့၌ယှဉ်ရာ တစ်ရံ တစ်ခါ၌။ သဟ

http://www.dhammadownload.com

စ၊ ကျသာ, မစ္ဆရိယ, ကုက္ကုစ္စ, မာနတို့နှင့် အတူတကွလည်း။ ဇာယတိ၊ ၏။ ကဒါစိ၊ ဒိဋ္ဌဂတသမ္ပယုတ်သသင်္ခါရိကစိတ်၌ယှဉ်ရာ တစ်ရံတစ်ခါ၌။ နာနာ စ၊ မာနနှင့် **အသီးသီးလည်း။** ဇာယတိ၊ဖြစ်၏။ **(တစ်နည်း)** ကဒါစိ၊ ပဋိဃသမ္ပယုတ် သသင်္ခါရိက **စိတ်, ဒ္ဒဂ္ဂ ိယုတ်** သသင်္ခါရိကစိတ်တို့၌ယှဉ်ရာ တစ်ရံတစ်ခါ၌ သော်မှလည်း။ **နာနာ စ၊** ကျသာ, မစ္ဆရိယ, ကုက္ကုစ္စ, မာနတို့နှင့် အသီးသီး လည်း။ ဇာယတိ၊ ဖြစ်၏။

မဏိမဉ္ဇူသာဓက။ ။ သသင်္ခါရိကပဋိဃေ ကျသာဒီဟိ စ ဒ္ဒိသု ဒိဋ္ဌဂတဝိပ္ပယုတ္တ-သသင်္ခါရိကေသု မာနေန စ သဒ္ဒိန္တိ ယော်ဇနာ။ (၄င်း၊ ၁။ ၃၆၂။)

ဒ္ဒိဟိ ဒိဋ္ဌသမ္ပယုတ္တသသင်္ခါရိကစိတ္တသမ္ပယောဂကာလေ မာနေန နာနာ ဝိသုံ ဝိသုံ ဇာယတီတိ ယောဇနာ။

ပဋိဃသမ္ပယုတ္တသသင်္ခါရိကစိတ္တသမ္ပယောဂကာလေ ကျသာဒီဟိ, ဒိဋ္ဌဝိပ္ပယုတ္တ-သသင်္ခါရိကစိတ္တဒွယသမ္ပယောဂကာလေ မာနေန နာနာ ဇာယတီတိ ယောဇနာ။ (၄င်း၊ ၁၆၃)။

အထူးသိစေခြင်း

ဤဝါကျကို အနက်ပေးပြရာ၌ ပထမအကြိမ်ရှိက် "ဦးကာကျော် ရှင်းတမ်း"စာအုပ်ဝယ် ဤမျှလောက် မပြည့်စုံသည့်ပြင် ချို့ယွင်းချက်လည်း အနည်းငယ် ပါသွားသည်ကို တွေ့ရပါသည်။ **မိမိစာအုပ်ကို ကြည့်ရှုကူးချရေးသားသော စာအုပ်၌** ထိုချို့ယွင်းချက်ကို ချို့ယွင်းချက်အတိုင်းပင် တွေ့ရသဖြင့် အချောင်လိုက် အချောင်နှိုက်ထားကြောင်း အလွန်ပင် ပေါ်လွင်ထင်ရှားလျက်ရှိပါသည်။ မိမိမှာကား သက်ဆိုင်ရာကျမ်းစာများကို အကြိမ်ပေါင်းများစွာ ထပ်ကာထပ်ကာ ကြည့်ရှုရေးသားရခြင်းဖြစ်၍ များစွာ ပင်ပန်းလှပါသည်။ အမှန်တရား ထွန်းကားတောက်ပပါစေသတည်း။

မေး။ ထိန, မိဒ္ဓစေတသိက်တို့၏ (က) သဟဖြစ်ပုံ, (ခ) နာနာဖြစ်ပုံများကို ထင်ရှားပေါ်လွင်အောင် ရေးသားဖြေဆိုပါ။

ဖြေ။ (က) ထိန, မိဒ္ဓ စေတသိက် ၂-ခုတို့သည် ပဋိဃသမ္ပယုတ်-ဒေါသမူ သသင်္ခါရိကစိတ်၌ ကျသာ, မစ္ဆရိယ, ကုက္ကုစ္စ စေတသိက်တို့နှင့် အတူတကွ (သဟ)ဖြစ်၍၊ ဒိဋ္ဌဂတဝိပ္ပယုတ် သသင်္ခါရိကစိတ် ၂-ပါးတို့၌ မာနနှင့် အတူတကွ (သဟ) ဖြစ်ကြပါ သည်။

(ခ) ဒိဋ္ဌဂတသမ္ပယုတ် သသင်္ခါရိကစိတ် ၂-ပါး၌ ယှဉ်သောအခါ (မာနက ထိုစိတ်၌ မယှဉ်သောကြောင့်) မာနနှင့် တစ်သီးတစ်ခြား (နာနာ) ဖြစ်ကြပါသည်။

ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ်၌ ယှဉ်သောအခါ၌သော်မှလည်း ကျသာ,

http://www.dhammadownload.com

မစ္ဆရိယ, ကုက္ကုစ္စ စေတသိက်တို့နှင့်လည်းကောင်း၊ ဒိဋ္ဌဂတဝိပ္ပယုတ် သသင်္ခါရိကစိတ် ၂-ပါးတို့၌ ယှဉ်သောအခါ၌သော်မှလည်း မာနနှင့်လည်းကောင်း တစ်သီး တစ်ခြား (နာနာ) ဖြစ်ကြပါသေးသည်။

အချုပ်မှတ်ဖွယ်

ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ် ၁-ပါး - ကြ်ဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့နှင့် (သဟ၊ နာနာ)

ဒိဋ္ဌဂတဝိပ္ပယုတ် သသင်္ခါရိကစိတ် ၂-ပါး - မာနနှင့် (သဟ၊ နာနာ)။

ဒိဋ္ဌဂတသမ္ပယုတ် သသင်္ခါရိကစိတ် ၂-ပါး - မာနနှင့် (နာနာ)။

ယှဉ်ရာစိတ်တူလျှင် သဟ, နာနာ ၂-မျိုး ရနိုင်၍၊ ယှဉ်ရာစိတ် မတူလျှင် နာနာ တစ်မျိုးသာ ရသည်-ဟု မှတ်ပါလေ။

မစိုးရိမ်ဦးကာကျော်အဖြေ အဆို။ ။ယင်းကျမ်း၌ "ဒိဋ္ဌဂတသမ္ပယုတ် သသင်္ခါရိကစိတ်၌ ဖြစ်သောအခါ ကြ်ဿာ, မစ္ဆရိယ, ကုက္ကုစ္စ, မာနတို့နှင့်လည်းကောင်း၊ ပဋိဃသမ္ပယုတ်သသင်္ခါရိကစိတ်၌ ဖြစ်သောအခါ မာနနှင့်လည်းကောင်း၊ ဒိဋ္ဌဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်၌ ဖြစ်သောအခါ ကြ်ဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့နှင့် လည်းကောင်း ကင်း၍ (နာနာ)ဖြစ်ပါသေးသည်"ဟု ရေးသည်။ ထိုရေးသားချက်မှာ နေရင်းမူ ဦကာကျော်နိုဿယကို ကြည့်၍ ရေးသားသော ရေးသားချက်ဖြစ်ပါသည်။ ထို နိဿယ၌ "ကဒါစိ တဒိတရ ။ပ။ နာနာ စ ဇာယတိ" ဟူသော ဦကာကျော်စကားရပ်ကို ယထာလာဘနည်းဖြင့် မိန့်သောစကားရပ် ဖြစ်သည်ဟု ယူဆ၍ ယင်းသို့ရေးသားတော်မူခြင်း ဖြစ်ပါသည်။ မိမိကျမ်းစာ၌ကား မဏိမဏ္ဍူအဖွင့်နှင့်အညီ ရေးပြလိုက်ပါသည်။

မေး။ ထိန, မိဒ္ဓတို့သည် အဘယ်စိတ်များ၌ အဘယ်စေတသိက်များနှင့် အတူတကွ "သဟ" ဖြစ်၍၊ အဘယ်စိတ်များ၌ အဘယ်စေတသိက်များနှင့် အသီးသီး "နာနာ" ဖြစ်ကြပါသနည်း၊ ပြည့်စုံစွာ ဖြေဆိုပါ။

ဖြေ။ အဖြေမှာ အထက်နှင့် အတူပင်။ (ကတ္ထ ကေန သဒ္ဓိန္ဓိ အာဟ "သသင်္ခါရိက ။ပ။ မာနေန စာ"တိ-ဟူသော မဏိမဏ္ဍူအဖွင့်ကို နည်းမှီ၍ ထုတ်လိုက်သော မေးခွန်းဖြစ်ပါသည်။)

မေး။ သေသာ နိယတယောဂိနော-ဟူသော ဂါထာပါဒကို သကဝါဒ, ကေစိဝါဒ အနက်ပေးပြခဲ့ပါ။

ဖြေ။ သေသာ၊ အနိယတယောဂိစေတသိက် ၁၁-လုံးမှ ကြွင်းကုန်သော ၄၁-လုံးသော စေတသိက်တို့သည်။ နိယတယောဂိနော၊ နိယတယောဂိ စေတသိက်တို့မည်ကုန်၏။ (သကဝါဒ)

http://www.dhammadownload.com

သေသာ၊ အနိယတယေဝါပနက စေတသိက်တို့မှ ကြွင်းကုန်သော နိယတ ယေဝါပနစေတသိက်တို့သည်။ နိယတယောဂိနော၊ မည်ကုန်၏။ (ကေစိဝါဒ)

မေး။ ကေစိဆရာတို့က "အနိယတယေဝါပနက စေတသိက်တို့မှ ကြွင်းကုန်သော နိယတယေဝါပနစေတသိက်တို့သည် နိယတယောဂီစေတသိက်တို့ မည်ကုန်၏"ဟု သေသာ-ပုဒ်၏ အနက်ကို ဖွင့်ဆိုကြရာ ထိုဆရာတို့၏ဖွင့်ဆိုချက်သည် သင့်/မသင့် နှိုင်းချင့်ဝေဖန်ပြခဲ့ပါ။

ဖြေ။ ဤသမ္မယောဂနိဒ္ဒေသ၌ 'ယေဝါပနက'ဟူသော နာမည်ဖြင့် တစ်စုံတစ်ခုသော စေတသိက်ကိုမျှ အရှင်အနုရုဒ္ဓါဆရာ မထုတ်ဆောင်အပ် မဆိုအပ်သော ကြောင့် ထိုဖွင့်ဆိုချက်သည် မသင့်ပါ။ ထိုကေစိဆရာတို့၏ အလိုမျှသာ ဖြစ်ပါသည်။

ရှင်းချက်။ ။ ဤသမ္မယောဂနိဒ္ဒေသ၌ ယေဝါပနက-ဟူသော အမည်မဖက် သက်သက် နိယတ, အနိယတ (ယှဉ်ခြင်း, မယှဉ်ခြင်း)တို့၏အစွမ်းဖြင့် စိတ်တို့၌ ထိုက်သည်အားလျော်စွာ ရထိုက်သောစေတသိက်မျှကိုသာ အရှင်အနုရုဒ္ဓါဆရာ ညွှန်ပြ ထားပါသည်။ 'ယေဝါပနက'ဟူသောအမည်ဖြင့် မည်သည့်စေတသိက်ကိုမျှ မထုတ် ဆောင်အပ်ပါ။

ယေဝါပနက-ဟူသည်။ ။ ဓမ္မသင်္ဂဏိပါဠိတော်၌ "ဖဿော ဟောတိ၊ ဝေဒနာ ဟောတိ" စသည်ဖြင့် ဖဿ, ဝေဒနာစသော အမည်ကို အထင်အရှား ဖော်ပြ၍ ဟော တော်မူသကဲ့သို့ အမည်ကို အထင်အရှား မဖော်ပြဘဲ "ယေ ဝါ ပန တသ္မိံ သမယေ ။ပ။ ဓမ္မာ ဟောန္တိ"ဟု ယေဝါပနက-ဟူသောအမည်ဖြင့် ဟောတော်မူအပ်သော တရား များ ဖြစ်ပါသည်။

မေး။ အရှင်အနုရုဒ္ဓါဆရာသည် "သင်္ဂဟ ပဝက္ခာမိ"အစရှိသော စကားရပ်ကို အဘယ့်ကြောင့် မိန့်ဆိုရပါသနည်း။

ဖြေ။ ရှေးဦးစွာ "ဖဿ-အစရှိသော စေတသိက်တို့တွင် ဤစေတသိက်ကို ဤမျှသော စိတ်တို့၌ ရအပ်၏"ဟု ယှဉ်ရာစိတ်ကို ပိုင်းခြားခြင်း၏ အစွမ်းဖြင့် သမ္မယောဂ နည်းကို ပြပြီး၍၊ ယခုအခါ "ဤစိတ္တုပ္ပါဒ် (စိတ်)၌ ဤမျှသော စေတသိက်တို့ ဖြစ်ကုန်၏" ဟု စေတသိက်အစုကို ပိုင်းခြားခြင်း၏အစွမ်းဖြင့် သင်္ဂဟနည်းကို ပြလိုသောကြောင့် "သင်္ဂဟ ပဝက္ခာမိ"အစရှိသော စကားရပ်ကို မိန့်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ သမ္မယောဂနည်းနှင့် သင်္ဂဟနည်းတို့၏ အထူးကို ဋီကာဆရာအလိုကျ ရေးပြခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ 'ဖဿ-အစရှိသော စေတသိက်တို့ပဟ် ဤစေတသိက်ကို ဤမျှသောစိတ်တို့၌ ရအပ်၏'ဟု ယှဉ်ရာစိတ်ကို ပိုင်းခြားပြသောနည်းသည် "သမ္မယောဂနည်း" မည်၏။ 'ဤစိတ်၌ ဤမျှသောစေတသိက်တို့ ဖြစ်ကုန်၏'ဟု ယှဉ်တတ်သော စေတသိက်အစုကို ပိုင်းခြားပြသောနည်းသည် "သင်္ဂဟနည်း" မည်၏။ ဤသို့ ထူးပါသည်။

(ဆောင်) ယှဉ်ရာစိတ္တ၊ ပိုင်းခြားပြ၊ သမ္မ-ယောဂနည်း။
ယှဉ်သော စေတသိ၊ ပိုင်းခြားဘိ၊ မည်ရှိ သင်္ဂဟနည်း။

သောဘဏစေတသိက် သမ္မယောဂနည်းအဖွင့် ပြီး၏။



သင်္ဂဟနည်းအဖွင့် (၁၁၈)

လောကုတ္တရာစိတ်သင်္ဂဟနည်းအဖွင့်

မေး။ "ဆတ္တိံသာ'နုတ္တရေ ဓမ္မာ"စသောဂါထာသည် အဘယ်ဂါထာမျိုး ဖြစ်ပါသနည်း။

ဖြေ။ ထိုထို ပဌမစျာန်၌ယှဉ်သော လောကုတ္တရာစိတ်စသည်တို့၌ ထိုက်သည်အား လျော်စွာ ရအပ်သောစေတသိက်တရားတို့၏ အစွမ်းဖြင့် အရေအတွက်ကို သိမ်းယူကြောင်းဖြစ်သော သင်္ဂဟဂါထာ ဖြစ်ပါသည်။

မေး။ အဋ္ဌသု ပဌမဈာနိကစိတ္တေသု-၌ ဟူသော ပဌမဈာနိကစိတ္တေသု-ပါဠိကို ရနိုင်သမျှ အနက်ပေးပြခဲ့ပါ။

ဖြေ။ ပဌမဈာနိကစိတ္တေသု၊ ပဌမစျာန်၌ ယှဉ်သောစိတ်တို့၌။
ဝါ။ ပဌမစျာန်ရှိသောစိတ်တို့၌။

ဝစနတ္ထ - ပဌမဈာနေ နိယုတ္တာနိ ပဌမဈာနိကာနိ။ (နိယုတ္တတဒ္ဓိတ်)
(တစ်နည်း) ပဌမဈာနံ ဧတေသံ အတ္ထီတိ ပဌမဈာနိကာနိ။ (အဿတ္ထိတဒ္ဓိတ်)
ပဌမဈာနိကာနိ စ တာနိ စိတ္တာနိ စေတိ ပဌမဈာနိကစိတ္တာနိ။ တေသု။

မေး။ လောကုတ္တရာစိတ် သင်္ဂဟနည်း၌ အဘယ့်ကြောင့် အပ္ပမညာ-ကို ကြဉ်ရပါသနည်း၊ ဖြေဆိုပါ။

http://www.dhammadownload.com

ဖြေ။ အပွမညာတို့သည် ဒုက္ခိတ, သုခိတ သတ္တဝါပညတ်ကို အာရုံပြုကြသောကြောင့် လည်းကောင်း၊ လောကုတ္တရာစိတ်တို့က နိဗ္ဗာန်ကို အာရုံပြုကြသောကြောင့် လည်းကောင်း လောကုတ္တရာစိတ် သင်္ဃာနည်း၌ အပွမညာ-ကို ကြဉ်ရခြင်း ဖြစ်ပါသည်။ **ဆိုလိုရင်း** - အာရုံကွဲပြားသောကြောင့် ကြဉ်ရပါသည်-ဟူလို။

တစ်နည်းဖြေပုံ - အပွမညာတို့သည် ဒုက္ခိတ, သုခိတ သတ္တဝါပညတ်ကို အာရုံပြုကြ၏။ လောကုတ္တရာစိတ်တို့က နိဗ္ဗာန်ကို အာရုံပြုကြ၏။ ဤသို့ အာရုံကွဲပြား သောကြောင့် လောကုတ္တရာစိတ်သင်္ဃာနည်း၌ အပွမညာ-ကို ကြဉ်ရခြင်း ဖြစ်ပါသည်။

နည်းမှီကာ ဖြေတတ်ကြပါစေ။ ။ အသိဉာဏ်တိုးပွား အကျိုးများကြစေရန် ဦးကာကျော် အဖွင့်အတိုင်း တစ်နည်းနှင့် နောက်တစ်နည်း ၂-နည်းဖြေပြလိုက်ပါသည်။ အရာရာမှာ နည်းမှီကာ ဖြေတတ်အောင် ကြိုးစားကြပါလေ။

(ဆောင်) **အပွမညာ၊ အာရုံမှာ၊ သတ္တဝါပညတ်ပေ။**
လောကုတ်စိတ်မှာ၊ နိဗ္ဗာန်သာ၊ မှန်စွာ ပြုသလေ။
အာရုံကွဲထ၊ ပမည၊ ကြဉ်ရ မှတ်ကြလေ။

မေး။ တထာ ဒုတိယဈာနိကစိတ္တေသု ဝိတက္ကဝဇ္ဇာ-၌ တထာ-သဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ အညသမာနာ, အပွမညာဝဇ္ဇိတာ သောဘနစေတသိကာ စ သင်္ခဟံ ဂစ္ဆန္တိ-ဟူသော ပုဒ်အပေါင်းကို ဆွဲငင်ခြင်း အနုကမ္မနအနက်ရှိပါသည်။

သိမှတ်ဖွယ်။။ ဦးကာ၌ တထာတိ ဣမိနာ-စသောပါဠိဖြင့် တထာ-သဒ္ဒါ၏ ဥပမာအနက်, အာကာရအနက်တို့ကို နှစ်စေသည်-ဟု မှတ်ပါ။

မေး။ ပဉ္စမဈာနိကစိတ္တေသုပိ ဥပေက္ခာသဟဂတာ တေ ဇဝ သင်္ယုတ္တ-၌ ဥပေက္ခာသဟဂတာ-ဝယ် ဥပေက္ခာ-အရကို ဖော်ပြ၍၊ ထိုဝါကျ၏ ဆိုလိုရင်းအဓိပ္ပာယ်ကိုလည်း ရေးပြပါ။

ဖြေ။ ဥပေက္ခာ-အရ ကြဉ်လိုက်သော သုခနေရာသို့ အစားဝင်ရောက်လာသော ဥပေက္ခာကို ယူရပါမည်။

ပဉ္စမစျာန်၌ယှဉ်သော လောကုတ္တရာစိတ်တို့၌လည်း ဝိတက်, ဝိစာရ, ပီတိ, သုခတို့ကို ကြဉ်၍ ကြဉ်လိုက်သော သုခနေရာသို့ အစားဝင်ရောက်လာသည့် ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော ထိုအညသမာန်း, သောဘဏစေတသိက်

http://www.dhammadownload.com

တို့ကိုပင် သိမ်းယူအပ်ကုန်၏ (ထိုအညသုမာန်း, သောဘဏစေတသိက်တို့ပင် ယှဉ်ကုန်၏)-ဟု ဆိုလိုပါသည်။

မေး။ လောကုတ္တရာစိတ် သင်္ဂဟနည်း ၅-နည်းဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ ဝိတက်, ဝိစာရတို့ကို အသီးသီးလွန်မြောက်၍ ဘာဝနာပွားသော ဉာဏ် မထက်လွန်းသော မန္ဒပညာယောဂိပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဟောတော်မူအပ်သော စျာန် ၅-ပါးအပေါင်း၏အစွမ်းဖြင့် လောကုတ္တရာစိတ် သင်္ဂဟနည်း ၅-နည်း ဖြစ်ရပါသည်။

ဆိုလိုရင်း - ပဉ္စကစျာန်၏ အစွမ်းဖြင့် လောကုတ္တရာစိတ် သင်္ဂဟနည်း ၅-နည်း ဖြစ်ရသည်-ဟူလို။

မေး။ "ပဉ္စကဇ္ဈာနဝသေန ပဉ္စဓာဝ သင်္ဂဟော ဟောတိ = စျာန် ၅-ပါးအပေါင်း၏ အစွမ်းဖြင့် သင်္ဂဟနည်း ၅-နည်းဖြစ်သည်"ဟူသော စကားရပ်ဖြင့် အရှင်အနုရုဒ္ဓါဆရာသည် အဘယ်အဓိပ္ပာယ်ကို သိစေပါသနည်း။

ဖြေ။ ဝိတက်, ဝိစာရတို့ကို တစ်ပေါင်းတည်း လွန်မြောက်၍ ဘာဝနာပွားသော ဉာဏ်ထက်သော ယောဂိပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဟောတော်မူအပ်သော စျာန် ၄-ပါးအပေါင်း၏အစွမ်းဖြင့် ဒုတိယစျာန်နှင့်ယှဉ်သော စိတ်တို့၌ ဝိတက်, ဝိစာရကြဉ် ၃၃-ပါးသော စေတသိက်တို့ ဖြစ်သင့်သောကြောင့် လောကုတ္တရာစိတ် သင်္ဂဟနည်း ၄-နည်းသာဖြစ်၏-ဟူသော အဓိပ္ပာယ်ကို သိစေပါသည်။

လိုရင်းအဖြေ - ပဉ္စကစျာန်၏ အစွမ်းဖြင့် သင်္ဂဟနည်း ၅-နည်းဖြစ်သော်လည်း စတုတ္ထစျာန်၏ အစွမ်းဖြင့်ကား သင်္ဂဟနည်း ၄-နည်းသာ ဖြစ်၏-ဟူသော အဓိပ္ပာယ်ကို သိစေပါသည်။

ဝိတက်, ဝိစာရတို့ကို အသီးသီးလွန်ရခြင်းနှင့် တစ်ပြိုင်နက် (တစ်ပေါင်းတည်း) လွန်ရခြင်း အကြောင်း

ဉာဏ်မထက်လွန်းသည့်အတွက် ဝိတက်, ဝိစာရတို့၌ တစ်ပြိုင်နက် (တစ်ပေါင်းတည်း) အပြစ်ကို မမြင်သောကြောင့် ဝိတက်, ဝိစာရတို့ကို အသီးသီး လွန်ပါသည်။

ဉာဏ်ထက်လွန်းသည့်အတွက် ထိုဝိတက်, ဝိစာရတို့ကို တစ်ပြိုင်နက် (တစ်ပေါင်းတည်း) အပြစ်ကို မြင်သောကြောင့် တစ်ပြိုင်နက် (တစ်ပေါင်းတည်း) လွန်ပါသည်။ (ဋီ၊ ၁၊ ၃၆၄-၅)။

F.344

'ပဉ္စကဇ္ဈာနဝသေန'ပုဒ်ကို 'စျာနပဉ္စကဝသေန'ဟု ဋီကာဆရာ ဖွင့်ဆိုထားပုံ

စျာန်-က အစိတ်, ပဉ္စက-က အပေါင်းဖြစ်သောကြောင့် "စျာနဿ ပဉ္စကံ စျာန-

http://www.dhammadownload.com

ပဠက်"ဟု ဆိုထိုက်လျက် နိရုတ္တိနည်းဖြင့် "ပဠကဂ္ဂါန"ဟု အရှင်အနုရုဒ္ဓါဆရာ ဆိုထားခြင်းဖြစ်သည်-ဟူသော အလိုဆန္ဒဖြင့် 'ပဠကဂ္ဂါနဝဿေန'ပုဒ်ကို 'ဗျာနပဠက-ဝဿေန'ဟု ဦးကာဆရာ ဖွင့်ဆိုထားခြင်း ဖြစ်သည်။ (ဒု၊ ၁။ ၃၆၅။)

အပေါင်း+အစိတ်တို့ကို အပြားမဲ့အားဖြင့် ယူခြင်း၏အစွမ်းဖြင့် တိကပါစိတ္တိယံ-ပုဒ်၌ "တိကဉ္စ တံ ပါစိတ္တိယဉ္စ တိကပါစိတ္တိယံ"ဟု ဆိုအပ်သကဲ့သို့ "ပဠကဉ္စ တံ ဗျာနဉ္စာတိ ပဠကဂ္ဂါနံ"ဟုလည်း ဆိုသင့်ကြောင်း ၎င်း၌ ဖွင့်ပြထားသေးသည်။

မေး။ "လောကုတ္တရာစိတ်၌ သင်္ဂဟနည်း ၅-နည်းမဟုတ်, ၄-နည်းသာ ဖြစ်သင့်သည်"ဟု တစ်စုံတစ်ယောက်က ပြောလာလျှင် ငါ့ရှင် မည်သို့ဖြေရှင်းမည်နည်း၊ ဖြေရှင်းပြခဲ့ပါ။

ဖြေ။ စတုက္ကဈာန်၏ အစွမ်းဖြင့် ရေတွက်လျှင် လောကုတ္တရာစိတ်၌ သင်္ဂဟနည်း ၄-နည်းသာဖြစ်သင့်သည်မှာ မှန်ပါသော်လည်း ပဠကဈာန်၏အစွမ်းဖြင့် ရေတွက်လျှင်ကား ၄-နည်းမဟုတ်, ၅-နည်း ဖြစ်ပါသည်-ဟု ဖြေရှင်းပါမည်။

မေး။ စတုက္ကဈာန်ကို အဘယ်ပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဟောတော်မူ၍၊ ပဠကဈာန်ကို အဘယ်ပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဟောတော်မူပါသနည်း။

ဖြေ။ စတုက္ကဈာန်ကို ဉာဏ်ထက်သော တိက္ခပညာဂဠိပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဟောတော်မူ၍၊ ပဠကဈာန်ကို မထက်လွန်းသော မန္ဒပညာဂဠိပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဟောတော်မူပါသည်။

လောကုတ္တရာစိတ် သင်္ဂဟနည်းအဖွင့် ပြီး၏။



မဟဂ္ဂတ်စိတ် သင်္ဂဟနည်းအဖွင့် (၁၁၈)

မေး။ မဟဂ္ဂတ်စိတ် သင်္ဂဟနည်း၌ အဘယ့်ကြောင့် ဝိရတိတို့ကို ကြဉ်ရပါသနည်း၊ ကာမာဝစရကုသိုလ်စိတ်, လောကုတ္တရာစိတ်တို့၌ကဲ့သို့ မဟဂ္ဂတ်စိတ်တို့လည်း ဝိရတိတို့ ယှဉ်ကြကုန်ရာသည် မဟုတ်ပါလော? ရှင်းလင်းဖြေဆိုပါ။

http://www.dhammadownload.com

ဖြေ။ သီလစင်ကြယ်သည်၏အစွမ်းဖြင့် ကောင်းစွာသုတ်သင်အပ်ပြီးသော ကာယပယောဂ, ဝစီပယောဂရှိသော ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ (ကာယပယောဂ, ဝစီပယောဂကို သုတ်သင်ခြင်းစသည်မဖက်) သက်သက် စိတ်ကိုအာရုံ၌ ကောင်းစွာထားကာမျှ - စိတ်တည်ကြည်ရုံမျှဖြင့် မဟဂ္ဂတ်စျာန်များ ဖြစ်နိုင်ကြပါသည်။

ကာမာဝစရ ကုသိုလ်ကဲ့သို့ ကာယက်, ဝစီက်တို့ကို သုတ်သင်ခြင်း၏ အစွမ်းဖြင့်၊ ဖြစ်ကြသည် မဟုတ်ပါ။ မဂ်ကဲ့သို့ ဒုစရိုက်, ဒုရာဇိဝတို့ကို အကြွင်းမဲ့ ဖြတ်ခြင်း, ဖိုလ်ကဲ့သို့ တစ်ဖန်ငြိမ်းစေခြင်း၏အစွမ်းဖြင့်လည်း ဖြစ်ကြသည် မဟုတ်ပါ။ ထို့ကြောင့် မဟဂ္ဂတ်စိတ် သင်္ဂဟနည်း၌ ဝိရတိတို့ကို ကြဉ်ရခြင်း ဖြစ်ပါသည်။

(ဆောင်) **သီလဝိသုဒ္ဓိ၊ မည်ရွှေ့နှန်အား၊ စွမ်းပကားဖြင့်၊ ပယ်ရှားပြီးထ၊ ကာယ, ဝစီ၊ နှစ်လီပယောဂ၊ ရှိကြပေသည်၊ ယောဂီသန္တာန်၊ ကောန်မှတ်ကုန်၊ စိတ်တည်ရုံမျှ၊ စျာန်ကိုရ၏။ တစ်ဝသုတ်သင်၊ ထို့ပြင်ဖြတ်ခြင်း၊ ငြိမ်းစေခြင်းကို၊ လျှင်းမလိုၗ်၊ ထိုထိုဝိရတိ၊ ပယ်ကြဉ်ဘိသည်၊ မှတ်သိ ဦးကာ့အဆိုတည်း။**

သိမှတ်ဖွယ်။ ။ "ကေဝလံ စိတ္တသမာဓာနမတ္တေန မဟဂ္ဂတလ္လာနာနိ ပဝတ္တန္တိ - သက်သက် စိတ်ကို အာရုံ၌ ကောင်းစွာ ထားကာမျှ, စိတ်တည်ကြည်ရုံမျှဖြင့် မဟဂ္ဂတ်စျာန်များ ဖြစ်နိုင်ကြသည်" ဆိုရာ၌ မတ္တ-သဒ္ဒါဖြင့် -

"ကာမာဝစရကုသိုလ်ကဲ့သို့ ကာယက်, ဝစီက်တို့ကို သုတ်သင်ခြင်း၏ အစွမ်းဖြင့် မဟဂ္ဂတ်စျာန်များ ဖြစ်ခြင်း။ မဂ်ကဲ့သို့ ဒုစရိုက်, ဒုရာဇိဝတို့ကို အကြွင်းမဲ့ ဖြတ်ခြင်း, ဖိုလ်ကဲ့သို့ တစ်ဖန်ငြိမ်းစေခြင်း၏အစွမ်းဖြင့် မဟဂ္ဂတ်စျာန်များ ဖြစ်ခြင်း"ဟူသော အနက်ကို နှစ်ဖေပါသည်။

မေး။ အောက်ဖော်ပြပါတို့၌ အမှန်ကို ရွေးချယ်ပြခဲ့ပါ။

(က) စိတ်ကို အာရုံ၌ ကောင်းစွာ ထားကာမျှ, စိတ်တည်ကြည်ရုံမျှဖြင့် မဟဂ္ဂတ်စျာန်များ ဖြစ်နိုင်ကြသည်။

(ခ) ကာယက်, ဝစီက်တို့ကို သုတ်သင်ခြင်း၏ အစွမ်းဖြင့် မဟဂ္ဂတ် စျာန်များ ဖြစ်ကြသည်။

(ဂ) မဂ်ကဲ့သို့ ဒုစရိုက်, ဒုရာဇိဝတို့ကို အကြွင်းမဲ့ ဖြတ်ခြင်း, ဖိုလ်ကဲ့သို့ တစ်ဖန်ငြိမ်းစေခြင်း၏အစွမ်းဖြင့် မဟဂ္ဂတ်စျာန်များ ဖြစ်ကြသည်။

ဖြေ။ (က)သာ အမှန် ဖြစ်ပါသည်။

http://www.dhammadownload.com

ဒေး။ မဟဂ္ဂတ်ပဌမစျာန်စိတ်စသည်တို့၌ ကရုဏာ, မုဒိတာတို့ အဘယ့်ကြောင့် အသီးသီး ယှဉ်ကြရပါသနည်း။

ဖြေ။ အာရုံကွဲပြားသည့်အတွက် မိမိအာရုံဖြစ်ကုန်သော ဒုက္ခိတ, သုခိတ သတ္တဝါတို့၏ ထင်ခြင်းသို့ရောက်ခြင်းကို ငဲ့သောကြောင့် ထိုစိတ်တို့၌ ကရုဏာ, မုဒိတာတို့ အသီးသီး ယှဉ်ရခြင်း ဖြစ်ပါသည်။ **(ဋီကာ စာမျက်နှာ ၁၁၆ အတိုင်း ဖြစ်သည်)**။

ကရုဏာသည် ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍၊ မုဒိတာ က သုခိတသတ္တဝါပညတ်ကို အာရုံပြုရကား အာရုံကွဲပြားသောကြောင့် ထိုစိတ်တို့၌ ကရုဏာ, မုဒိတာတို့ အသီးသီး ယှဉ်ရခြင်း ဖြစ်ပါသည်။ **(အများ မြေပုံဖြစ်သည်)**။

ဒေး။ မဟဂ္ဂတ်ပဉ္စမစျာန်စိတ် ၁၅-ခုတို့၌ အဘယ့်ကြောင့် အပွမညာတို့ မယှဉ်ကြပါသနည်း။

ဒဖြ။ မဟဂ္ဂတ်ပဉ္စမစျာန်စိတ်သည် ဥပေက္ခာ အပွနာစိတ် ဖြစ်၏။ အပွနာသို့ ရောက်ကုန်သော အပွမညာတို့သည် တစ်ရံတစ်ခါမျှ သောမနဿနှင့်ကင်း၍ ဖြစ်ခြင်း မရှိသောကြောင့် ထိုမဟဂ္ဂတ်ပဉ္စမစျာန်စိတ် ၁၅-ခုတို့၌ အပွမညာတို့ မယှဉ်ကြခြင်း ဖြစ်ပါသည်။

အမှာ။ ။ အချို့စာအုပ်တို့၌ အာရုံကွဲပြားသောကြောင့်-ဟု အကြောင်းပြသည်ကို မမှတ်အပ်။

(ဆောင်) **အပွနာရောက်လာ၊ ပမညာတို့၊ တစ်ခါတစ်ရံမျှ၊ သောမနဿကင်း၊ မဖြစ်ခြင်းကြောင့်၊ မယှင်းစုစု၊ ဥ-မဟဂ္ဂ၊ ပဉ္စမဝယ်၊ အပွမညာ၊ မယှဉ်ပါ၊ အစဉ်သာမှတ်ကြလေ။**

မဟဂ္ဂတ်စိတ် သင်္ဂဟနည်းအဖွင့် ပြီး၏။



ကာမာဝစရသောဘနစိတ် သင်္ဂဟနည်းအဖွင့် (၁၁၉)

ဒေး။ မဟာကုသိုလ်စိတ် သင်္ဂဟနည်း၌ အဘယ့်ကြောင့် အပွမညာ, ဝိရတီ တို့ အသီးသီး တစ်ပါးစီသာ ယှဉ်ကြရပါသနည်း။

ဒဖြ။ အပွမညာတို့သည် သတ္တဝါပညတ်ကို အာရုံပြုကြသောကြောင့် လည်းကောင်း၊ ဝိရတီတို့သည် ဒိတိက္ကမိတပွဝတ္ထုကို အာရုံပြုကြသောကြောင့်လည်းကောင်း၊

http://www.dhammadownload.com

ထိုအပွမညာ, ဝိရတီတို့သည် တင်ခုတည်းသော စိတ္တုပ္ပါဒ်၌ အတူတကွ မဖြစ်နိုင်ကြပါ၊ ထို့ကြောင့် ၄င်းတို့ အသီးသီး ကစ်ပါးစီသာ ယှဉ်ကြရခြင်း ဖြစ်ပါသည်။

(ဆောင်) **အပွမညာ၊ အာရုံမှာ၊ သတ္တဝါပညတ်ပေ။**
ဝိတိက္ကမိတဗ်၊ ဝတ္ထုမှတ်၊ သုံးရပ် ဝိရတီပေ။
ထို့ကြောင့် တစ်စိတ်ထဲ၊ ယှဉ်ကာတွဲ၊ မှတ်စွဲ မဖြစ်ပေ။
အသီးသီးသာ၊ ယှဉ်ကြပါ၊ မှန်စွာ သိကြလေ။

မေး။ မဟာကြိယာစိတ်၌ အဘယ့်ကြောင့် ဝိရတီတို့ကို ကြဉ်ရပါသနည်း။

ဖြေ။ လောကီဝိရတီတို့သည် ဧကန်ကုသိုလ်သဘောရှိကြသည် ဖြစ်၍ အဗျာကတ ဖြစ်သော ဝိပါက်, ကြိယာစိတ်တို့၌ မဖြစ်သင့်သောကြောင့် မဟာကြိယာစိတ်တို့၌ ဝိရတီတို့ကို ကြဉ်ရခြင်းဖြစ်ပါသည်။

(ဆောင်) **လောကီဝိရတီ၊ သုံးလီသုံးတန်၊ စစ်ကြောပြန်လျှင်၊ ဧကန်ကုသလ၊**
သဘာဝကြောင့်၊ အဗျာကတမှာ၊ မဖြစ်ပါ၊ ကြဉ်ကာ ဖယ်ရသည်။

မေး။ လောကီဝိရတီတို့ ဧကန်ကုသိုလ်သဘောရှိကြောင်း ခိုင်မာသောသာဓက ထုတ်ဆောင်ပြခဲ့ပါ။

ဖြေ။ "ပဉ္စသိက္ခာပဒါ ကုသလာယေဝ"ဟူသော သိက္ခာပဒဝိဘင်းပါဠိတော် ဖြစ်ပါသည်။ (ပါဏာတိပါတာ ဝေရမဏိ-စသော သိက္ခာပုဒ် ငါးပုဒ်လုံး ကုသိုလ်ချည်းသာ ဖြစ်ကုန်၏-ဟူလို။)

မေး။ လောကီဝိရတီတို့ ဧကန်ကုသိုလ်သဘောမရှိဘဲ ကုသိုလ်, အဗျာကတ သဘောရှိကြလျှင် သိက္ခာပဒဝိဘင်းပါဠိတော်၌ အဘယ်သို့ ဟောတော်မူခဲ့ရာပါသ နည်း။

ဖြေ။ 'သိယာ ကုသလာ၊ သိယာ အဗျာကတာ'ဟု ဟောတော်မူခဲ့ရာပါသည်။ ဟောကား ဟောတော်မမူခဲ့ပါ။

မေး။ လောကီဝိရတီနှင့် လောကုတ္တရာဝိရတီတို့၏ ထူးခြားချက်ကို ဖော်ပြပါ။

ဖြေ။ လောကီဝိရတီတို့သည် ဧကန်ကုသိုလ်သဘောရှိကြ၏။ လောကုတ္တရာ ဝိရတီတို့ကား မဂ်၌ ယှဉ်ခိုက် ကုသိုလ်သဘောရှိ၍၊ ဖိုလ်၌ ယှဉ်ခိုက် အဗျာကတသဘောရှိကြ၏။ ဤသို့ ထူးခြားကြပါသည်။

မေး။ လောကုတ္တရာဝိရတီတို့၏လည်း ဧကန်ကုသိုလ်သဘောရှိသည်၏အဖြစ် ဖြစ်သင့်

http://www.dhammadownload.com

ပါလျက် သိက္ခာပဒဝိဘင်းပါဠိတော်၌ အဘယ့်ကြောင့် ဧကန်ကုသိုလ်အဖြစ်ဖြင့် ဘုရားရှင် ဟောတော် မမူပါသနည်း။

ဖြေ။ ဖိုလ်သည် မဂ်နှင့် အလားတူသော ဖြစ်သောကြောင့်လည်းကောင်း၊ မဂ်သည် ပယ်အပ်ပြီးသော ဒုစရိုက်, ဒုရာဇိဝတို့ကို တစ်ဖန်ငြိမ်းစေခြင်းကြောင့်လည်းကောင်း လောကုတ္တရာဝိရတီတို့၏ ဧကန်ကုသိုလ်အဖြစ် မဖြစ်သင့်ပါ။ ထို့ကြောင့် သိက္ခာပဒဝိဘင်းပါဠိတော်၌ ဧကန်ကုသိုလ်အဖြစ်ဖြင့် ဘုရားရှင် ဟောတော် မမူခြင်း ဖြစ်ပါသည်။

ခမး။ မဟာဝိပါက်စိတ်တို့၌ အဘယ့်ကြောင့် အပွမညာ, ဝိရတီတို့ မယှဉ်ကြပါသနည်း။

ခဖြ။ ကာမာဝစရဝိပါက်စိတ်တို့သည် ဧကန်ကာမတရားကို အာရုံပြုကြသောကြောင့်လည်းကောင်း၊ အပွမညာတို့သည် သတ္တဝါပညတ်ကို အာရုံပြုကြသောကြောင့်လည်းကောင်း၊ လောကီဝိရတီတို့သည်လည်း ဧကန်ကုသိုလ်သဘောရှိကြသောကြောင့်လည်းကောင်း မဟာဝိပါက်စိတ်တို့၌ အပွမညာ, ဝိရတီတို့ မယှဉ်ကြပါ။

(ဆောင်) **ကာမပါက်၊ ပေါင်းရှစ်တန်လျှင်၊ ဧကန်ပရိတ္တ၊ ကာမတရားစု၊ အာရုံပြု၏။ နှစ်ခု ပမညာ၊ အာရုံမှာကား၊ သတ္တဝါပညတ်၊ စွဲယူမှတ်လော။ တစ်ရပ်လောကီ၊ ဝိရတီသုံးတန်၊ စိစစ်ပြန်သော်၊ ဧကန်ကုသလ၊ သဘာဝရှိ၊ သို့ဖြစ်ဘိ၍၊ မဟာဝိမှာ၊ ပမညာနှင့်၊ သုံးဖြာ ဝိရတီ၊ မယှဉ်ပြီ၊ အတည် မှတ်ကြလေ။**

ခမး။ ကာမာဝစရကုသိုလ်သည် ပညတ်စသောအာရုံကိုလည်း အာရုံပြုသောကြောင့် မဟဂ္ဂုတ်, လောကုတ္တရာဝိပါက်တို့သည် ကုသိုလ်နှင့် အာရုံတူကြသကဲ့သို့ ကာမာဝစရဝိပါက်သည်လည်း ကာမာဝစရကုသိုလ်နှင့် အာရုံတူသင့်သည် မဟုတ်ပါလော? အဘယ့်ကြောင့် အာရုံမတူဘဲ ကာမတရားကိုသာ အာရုံပြုရပါသနည်း။

ခဖြ။ ကာမာဝစရဝိပါက်စိတ်သည် ကာမတဏှာနှင့် စပ်နေသော ကာမာဝစရ ကုသိုလ်၏ အကျိုးဖြစ်သောကြောင့် ကာမာဝစရကုသိုလ်နှင့် အာရုံမတူဘဲ ကာမတရားကိုသာ အာရုံပြုရခြင်း ဖြစ်ပါသည်။ **ဥပမာ** - ကျွန်မသားသည် အမိကျွန်မ အလိုရှိသော အမှုကိစ္စကို မပြုနိုင်ဘဲ အရှင်သခင် အလိုရှိသော အမှုကိစ္စကိုသာ ပြုရသကဲ့သို့, ထို့အတူ ကာမတဏှာနှင့် စပ်နေသောကြောင့် အမိကျွန်မနှင့်တူသော ကာမာဝစရကုသိုလ်၏ အကျိုးဖြစ်သော သားနှင့်တူသော ကာမာဝစရဝိပါက်စိတ်သည် ကာမာဝစရ ကုသိုလ်ကံယူအပ်သမျှ ပညတ်စသောအာရုံ

http://www.dhammadownload.com

ကို လိုက်၍ မယူနိုင်ဘဲ အရှင်သခင်နှင့်ဘူသော ကာမတဏှာ၏ အာရုံဖြစ်သော ကာမတရားကိုသာ ယူရ အာရုံပြုရပါသည်။

(ဆောင်) **ကာမာဝစရ၊ ဝိပါကသည်၊ ကာမတဏှာ၊ စပ်နေပါသည်၊ ကာမကု-ကံ၊ ကျိုးဖြစ်မှန်ကြောင့်၊ ကု-ကံနှင့် မတူ၊ အာရုံယူ၊ လွယ်ကူ မှတ်ကြလေ။**

မေး။ ကာမာဝစရကုသိုလ်နှင့် ဝိပါက်တို့ အာရုံမတူပုံကို ပြဆိုရာ၌ မှတ်သင့် မှတ်ထိုက်သော (က) အရှင်သခင်နှင့် တူသောအရာ (ခ) မိခင်ကျွန်မနှင့် တူသောအရာ (ဂ) ကျွန်မသားနှင့် တူသောအရာတို့ကို ဖော်ပြပါ။

ဖြေ။ (က) ကာမတဏှာ (ခ) ကာမာဝစရ ကုသိုလ်ကံ (ဂ) ကာမာဝစရဝိပါက် တို့ ဖြစ်ပါသည်။

(ဆောင်) **ကာမတဏှာ၊ သခင်သာတည်း၊ ပမာနှိုင်းရန်၊ ကု-ကံ ကျွန်မ၊ ဝိပါကမှု၊ သားနှင့် တူသည်၊ မှတ်ယူ ပမာ+ပမေတည်း။**

မေး။ "အနုတ္တရေ စျာနဓမ္မာ" အစရှိသောဂါထာကို အဘယ်အကျိုးငှါ (အဘယ့်ကြောင့်) မိန့်ဆိုရပါသနည်း။

ဖြေ။ သောဘနစိတ်တို့တွင်, ဝါ-အညသမာန်း, သောဘနစေတသိက်တို့တွင် ပထမစျာန်၌ ယှဉ်သောစိတ်အစရှိသည်တို့မှ ဒုတိယစျာန်၌ ယှဉ်သောစိတ် အစရှိသည်တို့၏ ထူးခြားကွဲပြားခြင်းကို ပြုတတ်သော စေတသိက်တရားတို့ကို ပြခြင်း အကျိုးငှါ (ပြလိုသောကြောင့်) "အနုတ္တရေ စျာနဓမ္မာ" အစရှိသောဂါထာကို မိန့်ဆိုရခြင်း ဖြစ်ပါသည်။ - **"ဘေဒကရ"ခေါ် ဝိသေသကစေတသိက်တို့ကို ပြခြင်းအကျိုးငှါ မိန့်ဆိုရသည်-ဟူလို။**

မေး။ အဘယ်ကဲ့သို့သော စေတသိက်များကို "ဝိသေသကစေတသိက်"ဟု ခေါ်ဆိုရပါသနည်း၊ ဦးကာဆရာ အဘော်ကျအောင် ရေးသားဖြေဆိုပါ။

ဖြေ။ မိမိယှဉ်ရာစိတ်တို့မှ ယှဉ်ရာမဟုတ်သောစိတ်တို့ကို ထူးခြားကွဲပြားအောင် ပြုတတ်သော စေတသိက်တို့ကို "ဝိသေသကစေတသိက်"ဟု ခေါ်ဆိုရပါသည်။

(ဆောင်) **မိမိယှဉ်ရာ၊ စိတ်ဖြာဖြာမှ၊ ယှဉ်ရာမဟုတ်ငြား၊ စိတ်အများကို၊ ထူးခြားအောင်ပြု၊ စေ-အစု၊ ခေါ်မူ ဝိသေသက။**

သာဓက - ပဌမဈာနိကာဒီဟိ ဒုတိယဈာနိကာဒီနံ ဘေဒကရဓမ္မေ ဒဿေတုံ။ (ဋီ။ ၁၁၉)။

- ဝိတက္ကော အတ္တသဟိတေဟိ ပဌမဈာနိကစိတ္တေဟိ အတ္တဝိရဟိတာနံ ဒုတိယဈာနိကစိတ္တာနံ ဝိသေသကော။ (ဒု၊ ဘ။ ၃၆၉။)

http://www.dhammadownload.com

မေး။ အဘယ့်ကြောင့် "ဝိသေသကစေတသိက်"ဟု ခေါ်ဆိုရပါသနည်း၊

ဖြေ။ စိတ်တစ်မျိုးနှင့် တစ်မျိုးကို ထူးခြားစေတတ်သောကြောင့်၊ **တစ်နည်း** - ထူးခြားအောင် ပြုတတ်သောကြောင့် "ဝိသေသကစေတသိက်" ဟု ခေါ်ဆိုရပါသည်၊

ဝစနတ္ထ - ဝိသေသေန္တိ တိ ဝိသေသကာ။ (ဝိ ပုဗ္ဗ သိသဓာတ်+ဏ္ဍုပစ္စည်း။)

- ဝိသေသံ ဝါ ကရောန္တိ တိ ဝိသေသကာ။ (ဝိသေသ-သဒ္ဒူပပဒ ကရဓာတ်+ရံ-

, ပစ္စည်း။ "အန္တကော"ပုဒ်ကဲ့သို့ ရုပ်ပြီးသည်ဟု မှတ်ပါ။) (ဋ၊ ၁။ ၃၆၉။)

မှတ်ချက်။ ။ ထို ၂-နည်းတို့တွင် အနုသန္ဓေဝါကျ၌ "ဘေဒကရဓမ္မေ ဒဿေတုံ"ဟု ဦကာဆရာ မိန့်ဆိုထားသည်ကို ထောက်၍ နောက်နည်းသာ ဦကာဆရာအလိုကျဖြစ်သည်-ဟု မှတ်ပါ။ ရှေ့နည်းကား မဏိမဉ္ဇူဆရာ၏ အလိုမျှသာ။

အမှာ။ ။ မေး+ဖြေ ၂-မျိုးမှာ အတူတူပင်ဖြစ်ပါသည်။ အသိဉာဏ်တိုးပွားအကျိုးများစေရန် ရေးပြလိုက်ခြင်း ဖြစ်ပါသည်။

မေး။ အပွမညာ စ မဇ္ဈိမေ-၌ မဇ္ဈိမ-အမည်ရသောစိတ်ကို အကြောင်းနှင့်တကွ ဖော်ပြခဲ့ပါ။

ဖြေ။ မဇ္ဈိမ-အမည်ရသောစိတ်မှာ မဟဂ္ဂုတ်စိတ် ဖြစ်ပါသည်။ အကြောင်းကား ထိုစိတ်သည် ပရိတ္တ-ခေါ် ကာမစိတ်, အနုတ္တရ-ခေါ် လောကုတ္တရာစိတ်တို့၏ အလယ်၌ ဖြစ်သောကြောင့်တည်း။

သာဓက ဝစနတ္ထ - ပရိတ္တာနုတ္တရာနံ မဇ္ဈေ ဘဝံ မဇ္ဈိမံ၊ မဟဂ္ဂတစိတ္တံ။

မေး။ စိတ်တစ်မျိုးနှင့် တစ်မျိုးကို ထူးခြားကွဲပြားအောင် ပြုတတ်သော စေတသိက်တို့ကို "ဝိသေသကစေတသိက်"ခေါ်သည်ဟု ဆိုရာ အဘယ်စိတ်၌ အဘယ်စေတသိက်တရားတို့က ထူးခြားကွဲပြားအောင် ပြုပါသနည်း အသီးသီး ဖြေဆိုပါ။

ဖြေ။ **လောကုတ္တရာစိတ်၌** ဝိတက်, ဝိစာရ, ပီတိ, သုခ-ဟူသော စျာန်တရားတို့က ထူးခြားကွဲပြားအောင် ပြုပါသည်။ **မဟဂ္ဂုတ်စိတ်၌** ထိုစျာန်တရား ၄-ပါးနှင့် အပွမညာစေတသိက်တို့က ထူးခြားကွဲပြားအောင် ပြုပါသည်။ **ကာမာဝစရသောဘန စိတ်တို့၌** ဝိရတီစေတသိက် ၃-လုံး, ဉာဏ်, ပီတိ, အပွမညာ စေတသိက်တရားတို့က ထူးခြားကွဲပြားအောင် ပြုပါသည်။

မေး။ "ဘေဒကရဓမ္မ"ခေါ် ဝိသေသကစေတသိက်တို့တွင် (က) လောကုတ္တရာစိတ်တို့၌ ဝိတက်, ဝိစာရ, ပီတိ, သုခ-ဟူသော စျာန်တရား တို့က စိတ်ချင်းထူးခြားကွဲပြားအောင် ပြုပုံ (ခ) မဟဂ္ဂုတ်စိတ်တို့၌ စျာန်တရား ၄-ပါးနှင့် အပွမညာ

http://www.dhammadownload.com

စေတသိက်တို့က စိတ်ချင်းထူးခြားကွဲပြားအောင် ပြုပုံ (၈) ကာမာဝစရစိတ်တို့၌ ဝိရတီစေတသိက် ၃-လုံး, ဉာဏ်, ဝီတိ, အပွမညာစေတသိက်တရားတို့က စိတ်ချင်း ထူးခြားကွဲပြားအောင် ပြုပုံတို့ကို ရေးပြပါ။

ဖြေ။ (က) ဝိတက်သည် ပဌမစျာန်၌သာ ယှဉ်၍ ဒုတိယစျာန် စသည်တို့၌ မယှဉ်သောကြောင့် ပဌမစျာန်မှ ဒုတိယစျာန်စသည်တို့ကို အထူးပြုပါသည်။

ဝိစာရသည် ပ, ဒုစျာန်တို့၌သာ ယှဉ်၍ တတိယစျာန်စသည်တို့၌ မယှဉ်သောကြောင့် ပ, ဒုစျာန်တို့မှ တတိယစျာန်စသည်တို့ကို အထူးပြုပါသည်။

ပီတိသည် ပ, ဒု, တစျာန်တို့၌သာ ယှဉ်၍ စ, မ စျာန်တို့၌ မယှဉ်သောကြောင့် ပ, ဒု, တစျာန်တို့မှ စ, မ စျာန်တို့ကို အထူးပြုပါသည်။

သုခသည် ပ, ဒု, တ, စ စျာန်တို့၌ ယှဉ်၍ ပဉ္စမစျာန်၌ မယှဉ်သောကြောင့် ပ, ဒု, တ, စ စျာန်တို့မှ ပဉ္စမစျာန်ကို အထူးပြုပါသည်။

(ခ) ဝိတက်-စသော စျာန်တရား ၄-ပါးတို့၏ အထူးပြုပုံမှာ တူပြီ။

အပွမညာတို့သည် ပ, ဒု, တ, စ စျာန်တို့၌ ယှဉ်၍ ပဉ္စမစျာန်၌ မယှဉ်သောကြောင့် ပ, ဒု, တ, စ စျာန်တို့မှ ပဉ္စမစျာန်ကို အထူးပြုပါသည်။

(ဂ) ဝိရတီစေတသိက် ၃-လုံးတို့သည် ကာမာဝစရ ကုသိုလ်စိတ်တို့၌သာ ယှဉ်၍ ဝိပါက်, ကြိယာစိတ်တို့၌ မယှဉ်သောကြောင့် ကုသိုလ်စိတ်တို့မှ ဝိပါက်, ကြိယာစိတ်တို့ကို အထူးပြုပါသည်။

ဉာဏ် (ပညာ၌)သည် ပထမဒွေး, တတိယဒွေးတို့၌သာ ယှဉ်၍ ဒုတိယဒွေး, စတုတ္ထဒွေးတို့၌ မယှဉ်သောကြောင့် ပထမဒွေး, တတိယဒွေးတို့မှ ဒုတိယဒွေး, စတုတ္ထဒွေးတို့ကို အထူးပြုပါသည်။

ဝီတိသည် ပထမဒွေး, ဒုတိယဒွေးတို့၌သာ ယှဉ်၍ တတိယဒွေး, စတုတ္ထဒွေးတို့၌ မယှဉ်သောကြောင့် ပထမဒွေး, ဒုတိယဒွေးတို့မှ တတိယဒွေး, စတုတ္ထဒွေး တို့ကို အထူးပြုပါသည်။

အပွမညာတို့သည် ကာမာဝစရ ကုသိုလ်, ကြိယာစိတ်တို့၌သာ ယှဉ်၍ ဝိပါက်စိတ်တို့၌ မယှဉ်သောကြောင့် ကုသိုလ်, ကြိယာစိတ်တို့မှ ဝိပါက်စိတ်တို့ကို အထူးပြုပါသည်။ (ဇူ၊ ၁။ ၃၆၉ ကြည့်ပါ။)

ကာမာဝစရသောဘနစိတ် သင်္ဂဟနည်းအဖွင့် ပြီး၏။

F-35 A

http://www.dhammadownload.com

အကုသိုလ်စိတ် သင်္ဂဟနည်းအဖွင့် (၁၂၀)

မေး။ တထေ၀ ဒုတိယေ အသခ်ါရိကေ-၌ တထာ-သဒ္ဒါဖြင့် ဆွဲငင်အပ်သော ပုဒ်များကို ဖော်ပြပါ။

ဖြေ။ အညသမာနာ, အကုသလသာဓာရဏာ စ ဧကူနဝီသတိ ဓမ္မာ-တို့ ဖြစ်ပါသည်။

မေး။ ဒေါသမူ အသခ်ါရိကစိတ်၌ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စစေတသိက်တို့သည် အဘယ့်ကြောင့် အသီးသီးယှဉ်ကြရပါသနည်း ဖြေဆိုပါ။

ဖြေ။ ဣဿာသည် သူတစ်ပါးစည်းစိမ်ကို အာရုံပြု၏။ မစ္ဆရိယသည် မိမိ စည်းစိမ်ကို အာရုံပြု၏။ ကုက္ကုစ္စသည် ပြုအပ်ပြီးသော ဒုစရိုက်, မပြုလိုက်မိသော သုစရိုက်တို့ကို အာရုံပြု၏။ ဤသို့ အာရုံကွဲပြားသောကြောင့် ထိုစေတသိက်တို့ အသီးသီးယှဉ်ကြရခြင်း ဖြစ်ပါသည်။

(ဆောင်) **သူများစည်းစိမ်၊ ကိုယ့်စည်းစိမ်တည်း၊ ပြုပြီးဒုစရိုက်၊ မပြုလိုက်မိ၊ သုစရိုဟု၊ ပြုသည့်အာရုံ၊ အဖုံဖုံသာ၊ ကွဲသည့်တာကြောင့်၊ ဣဿာ, မစ္ဆရ၊ ကုက္ကုစ္စတို့၊ တကွမယှဉ်၊ သီးသီးလျှင်၊ စပ်ယှဉ်ကြပေသည်။ (အခြေပြုသဂြိုဟ်ကို မှီသည်)**

မေး။ အဓိမောက္ခသည် ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ အဘယ့်ကြောင့် မယှဉ်ရပါသနည်း။

ဖြေ။ အဓိမောက္ခသည် အာရုံကို ဆုံးဖြတ်ခြင်း-ဟူသော အခြင်းအရာအားဖြင့် ဖြစ်သောကြောင့် နှလုံးနှစ်ခွဖြစ်ခြင်း (သို့လော သို့လော တွေးတောယုံမှားခြင်း=အာရုံကို မဆုံးဖြတ်နိုင်ခြင်း)သဘောရှိသော ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ မယှဉ်နိုင်ခြင်း ဖြစ်ပါသည်။

(ဆောင်) **အာရုံအရပ်ရပ်၊ ယတိဖြတ်လျှင်၊ ဆုံးဖြတ်ခြင်းရာ၊ ဖြစ်သည့်တာကြောင့်၊ ဟုတ်ပါလေလော၊ မဟုတ်လောဟု၊ တွေးတောတတ်ဘိ၊ သဘောရှိထ၊ ဝိစိကိစ္ဆာ၊ ယှဉ်စိတ်မှာ၊ မောက္ခာမယှဉ်နိုင်။**

မေး။ နှလုံးနှစ်ခွဖြစ်ခြင်း (အာရုံကို မဆုံးဖြတ်နိုင်ခြင်း)သဘောသည် ဝိစိကိစ္ဆာ စေတသိက်၏ သဘောလော? ဝိစိကိစ္ဆာနှင့်ယှဉ်သောစိတ်၏ သဘောလော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဝိစိကိစ္ဆာ စေတသိက်၏ သဘောသာ ဖြစ်ပါသည်။ ဝိစိကိစ္ဆာနှင့်ယှဉ်သော စိတ်၏ သဘောမဟုတ်ပါ။ ဦးကာဆရာကား နှလုံးနှစ်ခွဖြစ်ခြင်း (သို့လော သို့လော

http://www.dhammadownload.com

တွေးတောယုံမှားခြင်း-အာရုံကို မဆုံးဖြတ်နိုင်ခြင်း)သဘောရှိသော ဝိစိကိစ္ဆာ စေတသိက်နှင့် ယှဉ်သောကြောင့် စိတ်သည်လည်း "နှလုံးနှစ်ခွဖြစ်ခြင်း သဘောရှိ၏"ဟူသော အလိုဖြင့် "ဒွေဇ္ဈကသဘာဝေ ဝိစိကိစ္ဆာစိတ္တေ"ဟု ဖွင့်ဆိုထားခြင်းဖြစ်ပါသည်။ (ဋ္ဌ၊ ၁။ ၃၇၀။)

မေး။ သတ္တဓာကုသလေ ဌိတာ-၌ သတ္တ သရုပ်ကို ဖော်ထုတ်ပြခဲ့ပါ။

ဖြေ။ ပဌမ, ဒုတိယ အသခ်ီရိကစိတ်တို့၌ စေတသိက် ၁၉-ပါးယှဉ်ပုံ တစ်နည်း၊
တတိယ, စတုတ္ထ အသခ်ီရိကစိတ်တို့၌ စေတသိက် ၁၈-ပါးယှဉ်ပုံ တစ်နည်း၊
ပဉ္စမ အသခ်ီရိကစိတ်၌ စေတသိက် အပါး ၂၀-ယှဉ်ပုံ တစ်နည်း၊
(အသခ်ီရိကစိတ်၌ ၃-နည်း)
ပဌမ, ဒုတိယ သသခ်ီရိကစိတ်တို့၌ စေတသိက် ၂၁-ပါးယှဉ်ပုံ တစ်နည်း၊
တတိယ, စတုတ္ထ သသခ်ီရိကစိတ်တို့၌ စေတသိက် အပါး ၂၀-ယှဉ်ပုံ တစ်နည်း၊
ပဉ္စမ သသခ်ီရိကစိတ်၌ စေတသိက် အပါး ၂၂-ယှဉ်ပုံ တစ်နည်း၊
(သသခ်ီရိကစိတ်၌ ၃-နည်း)
မောဟမူဒွေး၌ စေတသိက် ၁၅-ပါးယှဉ်ပုံ တစ်နည်း။ ပေါင်း (၇)နည်းဖြစ်ပါသည်။

အကုသိုလ်စိတ် သင်္ဂဟနည်းအဖွင့် ပြီး၏။



အဟိတ်စိတ် သင်္ဂဟနည်းအဖွင့် (၁၂)

မေး။ တထာ ဝေဠဗ္ဗနေ-၌ တထာ-သဒ္ဒါ၏ အနက်ကို ဖော်ပြပါ။

ဖြေ။ တထာ-သဒ္ဒါသည် အညသမာနာ-ဟူသော သခ္ခေါယျပုဒ်ကို သုံးသပ်ခြင်း ငင်ခြင်း အနုကမုနအနက်ရှိပါသည်။ (ဒွါဒသ-ဟူသော သခ္ခါပုဒ်ကို မငင်ပါ။)

မေး။ မနောဓာတုတ္တိကာဟေတုကပဋိသန္ဓိယုဂဠေ-၌ "မနောဓာတ်"ဟူသည် အဘယ်နည်း ဖြေဆို၍၊ အဟေတုကပဋိသန္ဓိယုဂဠ-အရကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ "မနောဓာတ်"ဟူသည် မနောဝိညာဏဓာတ်ကဲ့သို့ အာရုံကို ထူးသော သိခြင်း

http://www.dhammadownload.com

ကိစ္စနှင့် မယှဉ်သောကြောင့် သိကာမတ္တ သိရုံမျှဖြစ်သောဓာတ် ဖြစ်ပါသည်။
အဟေတုကပဋိသန္ဓိယုဂဉ-အရ ဉပေက္ခာသဟဂုတ် သန္တီရဏ ၂-ပါး ဖြစ်ပါသည်။

ဝစနတ္ထ။ ။ မနနံ မနော၊ မနော ဧဝ ဓာတု မနောဓာတု။ ဧဝ-သဒ္ဒါဖြင့် အာရုံကို ထူးသောသိခြင်းကိစ္စကို နှစ်စေပါသည်။

မေး။ မနောဓာတ်နှင့် မနောဝိညာဏဓာတ်တို့၏ အထူးကို ရေးပြခဲ့ပါ။

ဖြေ။ အာရုံကို သိကာမတ္တ သိရုံမျှဖြစ်သောဓာတ်သည် "မနောဓာတ်"မည်၏။ ထူးသောသိခြင်းကိစ္စနှင့် ယှဉ်သော (အာရုံကို အထူးသဖြင့် သိတတ်သော) ဓာတ်သည် "မနောဝိညာဏဓာတ်"မည်၏။ ဤသို့ ထူးပါသည်။

(ဆောင်) **သိကာမတ္တ၊ သိရုံမျှသော၊ ဓာတ်သဘော၊ မနောဓာတ်-ဟုခေါ်။**
အထူးသိထ၊ ကိစ္စယှဉ်သော၊ ဓာတ်သဘော၊ မနောဝိညာဏဓာတ်-ဟုခေါ်။

မေး။ ဒွါဒသေကာဒသ ဒသ၊ သတ္တ စာတိ စတုဝိဓေ-အရ အဟိတ်စိတ် သင်္ဂဟနည်း ၄-နည်းကို သိသာထင်ရှားအောင် ရေတွက်ပြခဲ့ပါ။

ဖြေ။ ၁။ ဟသိတုပ္ပါဒ်စိတ်၌ စေတသိက် ၁၂-ပါး ယှဉ်ပုံ တစ်နည်း။
၂။ ဝုဋ္ဌော, သောမနဿသန္တီရဏတို့၌ စေတသိက် ၁၁-ပါး ယှဉ်ပုံ တစ်နည်း။
၃။ မနောဓာတ် ၃-ခု၊ အဟိတ်ပဋိသန္ဓေ ၂-ခုအစုံဟူသော ၅-ပါးသော စိတ်တို့၌ စေတသိက် ၁၀-ပါး ယှဉ်ပုံ တစ်နည်း။
၄။ ဒွေးပဉ္စဝိညာဉ် တစ်ဆယ်တို့၌ သပ္ပစိတ္တသာဓာရဏစေတသိက် ၇-ပါးတို့ ယှဉ်ပုံ တစ်နည်း။ ပေါင်း ၄-နည်း ဖြစ်ပါသည်။

မေး။ တေတ္တိသဝိဓသင်္ဂဟော-အရ သင်္ဂဟနည်း ၃၃-နည်းကို အကျဉ်းချုပ် ရေတွက်ပြခဲ့ပါ။

ဖြေ။ လောကုတ္တရာစိတ်၌ သင်္ဂဟနည်း ၅-နည်း၊ မဟဂ္ဂုတ်စိတ်၌ ထို့အတူ သင်္ဂဟနည်း ၅-နည်း၊ ကာမာဝစရသောဘနစိတ်၌ သင်္ဂဟနည်း ၁၂-နည်း၊ အကုသိုလ်စိတ်၌ သင်္ဂဟနည်း ၇-နည်း၊ အဟိတ်စိတ်၌ သင်္ဂဟနည်း ၄-နည်း။ ပေါင်း ၃၃-နည်း ဖြစ်ပါသည်။

မေး။ သမ္မယောဂနည်းနှင့် သင်္ဂဟနည်း အထူးကို "ဣတ္ထာစိတ္တာဝိယုတ္တာနံ" စသော

http://www.dhammadownload.com

သင်္ဂဟဂါထာအဖွင့် ဦးကာကျော်နှင့်အညီ ရေးပြခဲ့ပါ။

ဖြေ။ စိတ်ကို ပိုင်းခြားခြင်း၏ အစွမ်းဖြင့် ဆိုအပ်သောနည်းသည် "သမ္မယောဂနည်း"မည်၏။ စေတသိက်အစုကို ပိုင်းခြားခြင်း၏ အစွမ်းဖြင့် ဆိုအပ်သောနည်းသည် "သင်္ဂဟနည်း"မည်၏။ ဤသို့ ထူးပါသည်။

(ဆောင်) **စိတ်ကို ပိုင်းခြားပြ သမ္မယောဂ၊**
စေတသိက်ကို ပိုင်းခြားပြ သင်္ဂဟ၊ မှတ်ကြ အကျဉ်းချုပ်။

မေး။ ဣတ္ထာစိတ္တာဝိယုတ္တာနံ-စသော ဂါထာကို ဦးကာကျော်ဆရာအလိုကျ အနက်ပေးပြခဲ့ပါ။

ဖြေ။ ဣတ္ထဆ် - ယထာဝုတ္တနယေန၊ အကြောင် အကြောင်ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ စိတ္တာဝိယုတ္တာနံ၊ စိတ်နှင့် မယှဉ်သည်မဟုတ် ယှဉ်ကုန်သော စေတသိက်တို့၏။ ဝါ-စိတ်နှင့် အမြဲယှဉ်ကုန် သော စေတသိက်တို့၏။ (စိတ္တပရိစ္ဆေဒဝဿေန၊ ယှဉ်ရာစိတ်ကို ပိုင်းခြားခြင်း၏အစွမ်းဖြင့်။ ဝုတ္တံ၊ ဆိုအပ်ခဲ့ပြီးသော။) သမ္မယောဂဉ္စ၊ သမ္မယောဂနည်း ကိုလည်းကောင်း။ (စေတသိကရာသိပရိစ္ဆေဒဝဿေန၊ ယှဉ်သောစေတသိက်တို့၏ အစုကို ပိုင်းခြားခြင်း၏ အစွမ်းဖြင့်။ ဝုတ္တံ၊ ဆိုအပ်ခဲ့ပြီးသော။) သင်္ဂဟဉ္စ၊ သင်္ဂဟနည်း ကိုလည်းကောင်း။ ဥ တွာ၊ သိပြီးခြင်းကြောင့်။ ယထာယောဂံ၊ ယှဉ်သင့်သည် အားလျော်စွာ။ စိတ္တေန၊ စိတ်နှင့်၊ သမံ၊ တူမျှသော။ ဘေဒံ၊ အပြားကို။ ဥဒ္ဒိသေ၊ ပြရာ၏။

မေး။ "စိတ္တေန သမမုဒ္ဒိသေ"အရ စိတ်နှင့် အညီအမျှ စေတသိက်ပြားပုံကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဖဿ-စသော သဗ္ဗစိတ္တသာဓာရဏာ စေတသိက် ၇-ခုတို့သည် စိတ်အကျဉ်း ၈၉-ပါး၊ အကျယ် ၁၂၁-ပါးတို့၌ ယှဉ်သောကြောင့် ဖဿ-စသော သဗ္ဗစိတ္တသာဓာရဏာ စေတသိက်ပေါင်း အသီးသီး ၈၉-ပါး၊ တစ်နည်း - ၁၂၁-ပါး ပြားလာ၏။

ပကိဏ်းစေတသိက်တို့တွင် ဝိတက်သည် စိတ် ၅၅-ပါးတို့၌ ယှဉ်သောကြောင့် ဝိတက်စေတသိက်ပေါင်း ၅၅-ပါး ဖြစ်လာ၏။ ဤသို့ စသည်ဖြင့် မိမိတို့ယှဉ်ရာစိတ်နှင့် အညီအမျှ စေတသိက်များ ပြားကြပါသည်။

စေတသိက်ပိုင်းအဖွင့် ပြီး၏။

http://www.dhammadownload.com

ပကိဏ်းပိုင်းအဖွင့် (၁၂၂)

မေး။ "သမ္မယုတ္တာ ယထာယောဂံ"အစရှိသော စကားရပ်ကို အဘယ်အကျိုးငှါ (အဘယ့်ကြောင့်) မိန့်ဆိုတော်မူရပါသနည်း။

ဖြေ။ ဆိုအပ်ခဲ့ပြီးသော စိတ်, စေတသိက်တို့၏ ဝေဒနာအစရှိသည်ကို ဝေဖန်ခြင်းအားဖြင့်လည်းကောင်း၊ ထိုထိုဝေဒနာအစရှိသော အပြားအားဖြင့် ပြားသော စိတ္တုပ္ပါဒ်တို့ကို ဝေဖန်ခြင်းအားဖြင့်လည်းကောင်း 'ပကိဏ္ဏကသင်္ဂဟ'ကို ပြခြင်းအကျိုးငှါ (ပြလိုသောကြောင့်) "သမ္မယုတ္တာ ယထာယောဂံ" အစရှိသော စကားရပ်ကို မိန့်ဆိုတော်မူရခြင်း ဖြစ်ပါသည်။ (ဋီ၊ ၁၂၂။ ဇူ၊ ၁။ ၃၇၂။)

ဆိုလိုရင်း - စိတ္တ, စေတသိက သင်္ဂဟတို့ကို ဖွင့်ပြပြီး၍၊ ပကိဏ္ဏကသင်္ဂဟကို ဖွင့်ပြလိုသောကြောင့် "သမ္မယုတ္တာ ယထာယောဂံ" အစရှိသော စကားရပ်ကို မိန့်ဆို တော်မူရခြင်း ဖြစ်ပါသည်။

စိစစ်ဆုံးဖြတ်ချက်။ ။ ဝိဘာဂ-သဒ္ဒါသည် - "ဝိဘဇနံ ဝိဘာဂေါ" ဟူသော ဝစနတ္ထနှင့်အညီ 'ဝေဖန်ခြင်း'ဟူသော အနက်ကို ဟော၍၊ "ဝိဘဇီယတေတိ ဝိဘာဂေါ"ဟူသော ဝစနတ္ထနှင့် အညီ 'ဝေဖန်အပ်သော အပြား' ဟူသောအနက်ကိုလည်း ဟောပါသည်။ (**ဝိဘာဂ-သဒ္ဒါ၏ 'ဝေဖန်အပ်သောအပြား'ဟူသော အနက်ကို ဟောကြောင်း သာဓက** --- စေတာသံ ဝေဒနာနံ ဝိဘာဂံ ဘေဒံ။ -ဇူ၊ ၁။ ၃၇၆။ - ဝိဘာဂေါတိ အဘိညာဇဝနဿ ပဘေဒေါ။ ၄င်း၊ ၄၀၁။) ဤသို့လျှင် ဝိဘာဂ-သဒ္ဒါက ဖော်ပြပါ အနက်နှစ်မျိုးကို ဟောနိုင်သောကြောင့် "စိတ္တစေတသိကာနံ ဝေဒနာဒိဝိဘာဂတော"ကို အနက်ပေးရာ၌ အောက်ပါအတိုင်း နှစ်ဝါဒ ကွဲပြားနေပါသည်။

- စိတ္တစေတသိကာနံ၊ စိတ်, စေတသိက်တို့၏။ ဝေဒနာဒိဝိဘာဂတော၊ ဝေဒနာအစရှိသည်ကို ခွဲဝေသောအားဖြင့်လည်းကောင်း။ (နေရင်းနိဿယ)
- စိတ္တစေတသိကာနံ၊ တို့၏၊ ဝေဒနာဒိဝိဘာဂတော၊ ဝေဒနာအစရှိသော အပြားအားဖြင့်လည်းကောင်း။ (တောင်မြို့ နိဿယ)

ထိုနှစ်ဝါဒတို့ဘွင် မည်သည့်ဝါဒက မှန်သည်ဟု ဆုံးဖြတ်ချက်ချနိုင်ရန် တွဲဖက်ဖြစ်သော "တံတံဝေဒနာဒိဘေဒဘိန္နစိတ္တုပ္ပါဒဝိဘာဂတော"ပုဒ်ကို ကြည့်ရပါမည်။ ယင်း၌ တံတံဝေဒနာဒိ ဘေဒဘိန္နစိတ္တုပ္ပါဒ-နှင့် ဝိဘာဂ-သည် အရတူ တုလျာဓိကရဏ မဖြစ်နိုင်၊ အရကွဲ ဘိန္နာဓိ ကရဏသာ ဖြစ်ရပါမည်။ မှန်၏ - နောက်နား၌ ဖွင့်ဆိုထားသည့် "သုခါဒိဝေဒနာနံ, တံသဟဂတစိတ္တုပ္ပါဒါနဉ္စ ဝိဘာဂဝသေန" ဟူသော အဖွင့်ကို

http://www.dhammadownload.com

ထောက်လျှင် တံတံဝေဒနာဒိဘေဒဘိန္နမိပ္ပာယ်ပါဒဒုနှင့် ဝိဘာဂ-သည် အရတူ တုလျာမိကရဏာ မဟုတ်ကြောင်း သိသာ ထင်ရှားပါသည်။ ယင်းတွဲဖက်ဖြစ်သော "တံတံ-ဝေဒနာဒိဘေဒဘိန္နစိတ္တုပ္ပါဒဝိဘာဂတော"၌ ဟံတံဝေဒနာဒိဘေဒဘိန္နစိတ္တုပ္ပါဒ-နှင့် ဝိဘာဂ-တို့ အရတူတုလျာမိကရဏာ မဟုတ်လျှင် "ဝေဒနာဒိဝိဘာဂတော"၌ ဝေဒနာဒိ-နှင့် ဝိဘာဂ-တို့လည်း အရတူ တုလျာမိကရဏာ မဖြစ်နိုင်၊ ဝေဒနာဒိ-နှင့် ဝိဘာဂ-တို့ အရတူ တုလျာမိကရဏာ မဖြစ်လျှင် ဝိဘာဂ-သဒ္ဒါ၏ 'ဝေဖန်အပ်သော အပြား'ဟူသောအနက် မဖြစ်သင့်သောကြောင့် ဝေဒနာဒိဝိဘာဂတော-ကို "ဝေဒနာ အစရှိသည်ကို ခွဲဝေသောအားဖြင့်လည်းကောင်း"ဟုပေးသော နေရင်းနိဿယ အနက်သာ အမှန်ဖြစ်သည်-ဟု ဆုံးဖြတ်ချက်ချရပါလိမ့်မည်။ (ဝေဒနာအစရှိ သည်တို့ကို ဝေဖန်ခြင်းအားဖြင့်လည်းကောင်း-ဟု ပေးသင့်မည် ထင်ပါသည်။)

မေး။ အဘယ်ကဲ့သို့သော သင်္ဃာကို "ပကိဏ္ဏကသင်္ဃာ"ဟု ခေါ်ဆိုရပါသနည်း ဖြေဆိုခဲ့ပါ။

ဖြေ။ ဝေဒနာအစရှိသော ရောပြွမ်းသော အနက် ၆-မျိုးတို့၏ အစွမ်းဖြင့် ဖြစ်သော သင်္ဃာကို "ပကိဏ္ဏကသင်္ဃာ"ဟု ခေါ်ဆိုရပါသည်။

တစ်နည်း -ဝေဒနာအစရှိသော ရောပြွမ်းသော အနက် ၆-မျိုးဖြစ်သော သင်္ဃာကို "ပကိဏ္ဏကသင်္ဃာ"ဟု ခေါ်ဆိုရပါသည်။ ထိုအနက်ကို အကြောင်းပြု၍ သဒ္ဒါအစဉ်ဖြစ်သော ပကိဏ်းပိုင်းကိုလည်း "ပကိဏ္ဏကသင်္ဃာ"ဟု ခေါ်ဆိုရပါသည်။ (ဇ၊ ၁။ ၃၇၃။)

ဆိုလိုရင်း - ဝေဒနာ, ဟိတ်, ကိစ္စ, ဒွါရ, အာရုံ, ဝတ္ထု-ဟူသော အနက် ၆-မျိုးတို့ဖြင့် စိတ်, စေတသိက်တို့ကို ခွဲခြမ်းဝေဖန်ပြသော သင်္ဃာကို "ပကိဏ္ဏကသင်္ဃာ"ဟု ခေါ်ဆိုရပါသည် - ဟူလို။

ဝစနတ္ထ - ပကိဏ္ဏကဝသေန ပဝတ္တော သင်္ဃော ပကိဏ္ဏကသင်္ဃော။
- ပကိဏ္ဏကဘူတော သင်္ဃော ပကိဏ္ဏကသင်္ဃော။

မေး။ "တေပညာသ သဘာဝတော"အရ စိတ်, စေတသိက်တို့၏ မိမိတို့ဆိုင်ရာ သဘာဝအားဖြင့် ၅၃-ပါးဖြစ်ပုံ (နာမ်တေပညာသဖြစ်ပုံ)ကို ရှင်းပြခဲ့ပါ။

ဖြေ။ စိတ်တစ်ခုယုတ်ကိုးဆယ်သည် အာရမ္မဏဝိဇာနန (=အာရုံကို သိခြင်း) သဘောလက္ခဏာအားဖြင့် တူသောကြောင့် ၁-ပါးတည်းသာ ဖြစ်၏။ စေတသိက် ၅၂-ပါးကား ဖဿသည် ဖုသနလက္ခဏာ, ဝေဒနာသည် ဝေဒယိတလက္ခဏာ စသည်ဖြင့် ၅၂-ပါးပင် ဖြစ်၏။ ထို့ကြောင့် စိတ် ၁-ပါး၊ စေတသိက် ၅၂-ပါး၊

http://www.dhammadownload.com

ပေါင်း ၅၃-ပါး ဖြစ်ပါသည်။ (ယင်း ၅၃-ပါးကို "နာမ်တေပညာသ"ဟု ပြောစမှတ် ပြုကြခြင်း ဖြစ်ပါ သည်။)

မေး။ "နာမ်တေပည်၊ ရုပ်နိပ္ပန်၊ နိဗ္ဗာန်ယူဘိ၊ ဒွါသတ္တတိ"ဟု ဆိုရိုးနိယံရှိရာ ထိုနိယံပါ 'နာမ်တေပည်'ကို အမှန်အတိုင်း ထုတ်ဆောင်ပြခဲ့ပါ။

ဖြေ။ အထက်အဖြေအတိုင်းပင်။

မေး။ တေသံ ဒါနိ ယထာရဟံ-၌ ယထာရဟ အဓိပ္ပာယ်ကို ရေးပြခဲ့ပါ။

ဖြေ။ ဝေဒနာ, ကိစ္စ, အာရမ္မဏသင်္ဂဟတို့၌ အလုံးစုံသော စိတ်, စေတသိက်တို့ကို လည်းကောင်း၊ ဟေတုသင်္ဂဟ၌ အဟိတ်စိတ် ၁၈-ပါးမှ တစ်ပါး, ဒွါရသင်္ဂဟ၌ ဒွါရဝိမုတ်စိတ် ၁၉-ခုမှ တစ်ပါး, ဝတ္ထုသင်္ဂဟ၌ အရူပဝိပါက် ၄-ခုမှတစ်ပါး ကြွင်းသော စိတ်, စေတသိက်တို့ကိုလည်းကောင်း ခွဲခြမ်းဝေဖန်၍ ပြခြင်းကို "ယထာရဟ"ဟု ဆိုပါသည်။

မေး။ စိတ္တုပ္ပါဒဝသေနေ၀-၌ စိတ္တုပ္ပါဒ-အရနှင့် ဧ၀-သဒ္ဒါ၏ အနက်တို့ကို ဖော်ပြပြီးလျှင်၊ ထို ဧ၀-သဒ္ဒါဖြင့် အဘယ်ကို နစ်စေပါသနည်း ဖြေဆိုပါ။

ဖြေ။ စိတ္တုပ္ပါဒ-အရ ထိုဝေဒနာအစရှိသော အပြားတို့ဖြင့် ပြားသော စိတ်, စေတသိက် တို့ကို ယူရပါမည်။

ဧ၀-သဒ္ဒါ နိဝတ္တာပနာဝဓာရဏအနက်ရှိပါသည်။

ထိုဧ၀သဒ္ဒါဖြင့် "မည်သည့်သင်္ဂဟမှာ မဆို ထိုစိတ်, စေတသိက်တို့နှင့်ကင်း၍ ဆောင်ပြခြင်း"ကို နစ်စေပါသည်။ မဏိမဉ္ဇူအလိုကား - အသီးအခြား စေတသိက်၏အစွမ်းဖြင့် ဆောင်ပြခြင်းကို နစ်စေပါသည်။

သိမှတ်ဖွယ်။ ။ စိတ်သာပဓာနဖြစ်သောကြောင့် စိတ်တို့၏အစွမ်းဖြင့်သာလျှင် ပကိဏ္ဏကသင်္ဂဟကို ဆောင်ပြအပ်၏၊ အသီးအခြား စေတသိက်တို့၏ အစွမ်းအားဖြင့် မဆောင်ပြအပ်။ မှန်၏- ပဓာနဉ် ပြုဖွယ်ကိစ္စ ပြီးလျှင် အပဓာနဉ်လည်း ပြုဖွယ်ကိစ္စ ပြီးတော့သည်သာဖြစ်သောကြောင့် "စိတ္တုပ္ပါဒဝသေနေ၀"ဟု မိန့်ဆိုထားခြင်း ဖြစ်ပါသည်။

- ပဓာနေ ဟိ ကာရိယပ္ပသိဒ္ဓိယာ အပ္ပဓာနေပိ ကာရိယပ္ပသိဒ္ဓိ။ (ဇ။ ၁။ ၃၇၄။)

http://www.dhammadownload.com

ဝေဒနာသင်္ဂဟအဖွင့် (၁၂၂)

မေး။ "ဝေဒနာသင်္ဂဟ" အဓိပ္ပာယ်ကို ရနိုင်သမျှ ဖွင့်ဆိုရေးသားပြခဲ့ပါ။

ဖြေ။ (၁) သုခအစရှိသော ဝေဒနာတို့ကိုလည်းကောင်း၊ ထိုဝေဒနာတို့နှင့် တကွဖြစ်သော စိတ္တုပ္ပါဒ်တို့ကိုလည်းကောင်း ခွဲခြမ်းဝေဖန်ခြင်း၏ အစွမ်းဖြင့်ဖြစ်သော သင်္ဂဟသည် "ဝေဒနာသင်္ဂဟ" မည်ပါသည်။

(၂) သုခအစရှိသော ဝေဒနာအားဖြင့်လည်းကောင်း၊ ထိုဝေဒနာတို့နှင့် တကွဖြစ်သော စိတ္တုပ္ပါဒ်အားဖြင့်လည်းကောင်း ဖြစ်သော သင်္ဂဟသည် "ဝေဒနာသင်္ဂဟ" မည်ပါသည်။

(၃) ဝေဒနာဖြင့် မှတ်သားအပ်သော၊ ဝါ-ဝေဒနာဖြင့် ထင်ရှားသော သင်္ဂဟသည် "ဝေဒနာသင်္ဂဟ" မည်ပါသည်။

ဝစနတ္ထများ

(၁) ဝေဒနာ စ တံသဟဂတစိတ္တုပ္ပါဒါ စ ဝေဒနာယော၊
ဝေဒနာနံ သင်္ဂဟော ဝေဒနာသင်္ဂဟော။

(၂) ဝေဒနာတော, တံသဟဂတစိတ္တုပ္ပါဒတော စ ပဝတ္တော သင်္ဂဟော ဝေဒနာ-သင်္ဂဟော။

(၃) ဝေဒနာယ ဥပလက္ခိတော, ပညာတော ဝါ သင်္ဂဟော ဝေဒနာသင်္ဂဟော။

အမှာ။ ။အမှတ်(၁)သည် ဋီကာကျော်အလိုကျ ဖြစ်၍၊ အမှတ်(၂) (၃)တို့သည် မဏိမဉ္စူအလိုကျ ဖြစ်ပါသည်။

သင်္ဂဟပါဠိနှင့် ဋီကာဖွင့်ကို စပ်ပြခြင်း။။ "တိဝိဓာ ဝေဒနာ ။ပ။ ပဉ္စဓာ ဟောတိ"၊ "သုခံ ဒုက္ခ- မုပေက္ခာတိ ။ပ။ ပဉ္စဓာ" ဟူသော ပါဠိတို့ကို ရည်ရွယ်၍ "သုခါဒိဝေဒနာနံ ဝိဘာဂဝသေန"ဟု ဋီကာဆရာ ဖွင့်ဆိုခြင်းဖြစ်သည်။

"တတ္ထ သုခသဟဂတံ ။ပ။ စိတ္တာနွေဝါတိ"၊ "သုခမေကတ္ထ ဒုက္ခဉ္စ ။ပ။ ပဉ္စပညာသ ကေတရာ"ဟူသော ပါဠိတို့ကို ရည်ရွယ်၍ "တံသဟဂတစိတ္တုပ္ပါဒါနဉ္စ ဝိဘာဂ-ဝသေန"ဟု ဋီကာဆရာ ဖွင့်ဆိုခြင်းဖြစ်သည်။ - နောက်နောက်သင်္ဂဟတို့၌လည်း ဤနည်းအတိုင်း ထိုက်သည်အားလျော်စွာ ခွဲခြားမှတ်သားပါလေ။(ဋီ၊ ၁။ ၃၇၅။)

မေး။ ဝေဒနာသင်္ဂဟ-ပုဒ်၌ ဧဝဒနာ-အရကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

ဖြေ။ ဝေဒနာ-အရ သုခ, ဒုက္ခစသော ဝေဒနာအပြား ၆-ပါးတို့ကိုလည်းကောင်း၊ ထိုဝေဒနာ ၆-ပါးတို့နှင့် တကွဖြစ်သော စိတ္တုပ္ပါဒ်တို့ကိုလည်းကောင်း ယူရပါမည်။

http://www.dhammadownload.com

မေး။ အရှင်အနုရုဒ္ဓါအလိုကျ ဝေဒနာသင်္ဂဟ-ပုဒ်၏ ဝစနတ္ထနှင့် အဓိပ္ပာယ်တို့ကို အထောက်အထားနှင့်တကွ ရေးသားဖြေဆိုပါ။

ဖြေ။ "ဝေဒနာဟေတုတော ကိစ္စ ။ပ။ သင်္ဂဟော နာမ နီယတေ" ဟူသော ပဋိညာဉ်ဂါထာကို ထောက်၍ **"ဝေဒနာတော သင်္ဂဟော ဝေဒနာသင်္ဂဟော"** ဟူသော ဝစနတ္ထသာ အရှင်အနုရုဒ္ဓါအလိုကျ ဖြစ်ပါသည်။ အဓိပ္ပာယ်ကား - **"ဝေဒနာအားဖြင့် စိတ်, စေတသိက်တို့ကို သိမ်းယူရာ သိမ်းယူကြောင်း ရေတွက်ရာ ရေတွက်ကြောင်း စကားရပ်သည် ဝေဒနာသင်္ဂဟ-မည်၏"** ဟူ၍ ဖြစ်ပါသည်။ (ဟေတုသင်္ဂဟ-စသည် တို့၌လည်း နည်းတူ။)

မေး။ အဒုက္ခမသုခါ-ပုဒ်ကို ဝစနတ္ထပြုပြု၍၊ ရုပ်ပြီးပုံကို ရေးပြီးလျှင်၊ ယင်းပုဒ်ပါ အ-သဒ္ဒါ၏ အနက်ကိုလည်း ဖော်ပြပါ။

ဖြေ။ န ဒုက္ခာ အဒုက္ခာ၊ န သုခါ အသုခါ။
အဒုက္ခာ စ သာ အသုခါ စာတိ အဒုက္ခမသုခါ။
'အဒုက္ခာသုခါ'ဟု ဆိုလိုလျက် အဒုက္ခ-၌ အာ-ကို ရဿပြု၊ အလယ်၌ မ်-လာ၊ ၍ 'အဒုက္ခမသုခါ'ဟု ရုပ်ပြီးပါသည်။
ယင်းပုဒ်ပါ အ-သဒ္ဒါအနက်ကား အညအနက် ဖြစ်ပါသည်။

မေး။ "ဒွေမာ ဘိက္ခဝေ ဝေဒနာ သုခါ ဒုက္ခာ"ဟု သံယုတ်ပါဠိတော်၌ မြတ်စွာဘုရား ဟောကြားတော်မူခြင်းကြောင့် ဝေဒနာ ၂-ပါးသာ ဖြစ်သင့်သည် မဟုတ်ပါလော? အဘယ့်ကြောင့် အရှင်အနုရုဒ္ဓါဆရာက ဝေဒနာ ၃-ပါးဟု မိန့်ဆိုရပါသနည်း။

ဖြေ။ သံယုတ်ပါဠိတော်၌ ဝေဒနာ ၂-ပါးဟု မြတ်စွာဘုရား ဟောကြားတော်မူခြင်းသည် အပြစ်မရှိသောအဖို့၌ဖြစ်သော အဒုက္ခမသုခါ ဝေဒနာကို သုခဝေဒနာ၌, အပြစ်ရှိသော အဖို့၌ဖြစ်သော အဒုက္ခမသုခါ ဝေဒနာကို ဒုက္ခဝေဒနာ၌ ထည့်သွင်း၍ ဟောတော်မူခြင်းဖြစ်သည်။ အရှင်အနုရုဒ္ဓါဆရာကား ထိုသို့မသွင်းဘဲ မှီရာ အာဘိဓမ္မာ (ဓမ္မသင်္ဂဏီ)ပါဠိတော်အားလျော်စွာ အဒုက္ခမသုခါ ဝေဒနာကို သီးခြားခွဲထုတ်၍ ပြလိုသောကြောင့် "ဝေဒနာ ၃-ပါး"ဟု မိန့်ဆိုထားခြင်း ဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ စောဒက, ဤ သံယုတ်ပါဠိတော်၏ နိတတ္ထ(=တိုက်ရိုက်သိအပ်သော အနက်)ကို ယူ၍ စောဒနာသည်။ အရှင်အနုရုဒ္ဓါဆရာက ထိုပါဠိတော်၏ နေယျတ္ထ(=ဆောင်၍သိအပ်သောအနက်ရှိသည်၏)အဖြစ်ကို ရည်ရွယ်၍ ဝေဒနာ ၂-ပါးဖြစ်

http://www.dhammadownload.com

'ဒေသနာစကားရပ်များ ဖြစ်ကြသောကြောင့် မေးခွန်းပါ စကားသုံးရပ်တို့မှာ အချင်းချင်း မဆန့်ကျင်ကြပါ။

မေး။ -ယံ ကိ၌ ဝေဒယိတမေတ္ထ ဒုက္ခဿ-ဟု ဘုရားရှင်ဟောတော်မူအပ်သောကြောင့် ဝေဒနာတစ်ပါးသာ ဖြစ်သင့်သည်။ **သို့မဟုတ်**- ဒွေမာ ဘိက္ခဝေ ဝေဒနာ သုခါ ဒုက္ခာ-ဟု ဘုရားရှင် ဟောတော်မူအပ်သောကြောင့် ဝေဒနာနှစ်ပါးသာ ဖြစ်သင့်သည်။ "ဝေဒနာ သုံးပါး"ဟု အရှင်အနုရုဒ္ဓါဆိုထားခြင်းမှာ ပါဠိတော်နှင့် မညီသောကြောင့် အမှားသာဖြစ်သည်-ဟု တစ်စုံတစ်ယောက်က ပြောဆိုလာလျှင် ငါ့ရှင် မည်သို့ဖြေရှင်းမည်နည်း။

ဖြေ။ "ယံ ကိ၌ ဝေဒယိတမေတ္ထ ဒုက္ခဿ"ဟု ဘုရားရှင်ဟောတော်မူခြင်းသည် ဝေဒနာဟူသမျှ သခါရဒုက္ခချည်းဖြစ်သောကြောင့် ဟောတော်မူခြင်း ဖြစ်သည်။ "ဒွေမာ ဘိက္ခဝေ ဝေဒနာ သုခါ ဒုက္ခာ"ဟု ဘုရားရှင် ဟောတော်မူခြင်းသည်လည်း အပြစ်မရှိသောအဖို့၌ဖြစ်သော အဒုက္ခမသုခါ ဝေဒနာကို သုခဝေဒနာ၌, အပြစ်ရှိသောအဖို့၌ ဖြစ်သော အဒုက္ခမသုခါ ဝေဒနာကို ဒုက္ခဝေဒနာ၌ ထည့်သွင်း၍ ဟောတော်မူခြင်း ဖြစ်သည်။ စင်စစ်အားဖြင့် ဝေဒနာမှာ အနုဘဝနနည်းအားဖြင့် သုံးပါးသာ ဖြစ်ပါသည်။ ထို့ကြောင့် "ဝေဒနာ သုံးပါး"ဟု အရှင်အနုရုဒ္ဓါဆိုထားခြင်းမှာ အမှားမဟုတ်, အမှန်သာ ဖြစ်ပါသည်-ဟု ဖြေရှင်းပါမည်။

ဝေဒနာသုံးပါးဖြစ်ကြောင်း သာဓက - တိဿော ဣမာ ဘိက္ခဝေ ဝေဒနာ သုခါ ဒုက္ခာ အဒုက္ခမသုခါ စ။ (ခု၊ ဝ။ ၂၂၇။ သံ၊ ၂။ ၄၀၇။)

မေး။ "တိဿော ဣမာ ဘိက္ခဝေ ဝေဒနာ သုခါ ဒုက္ခာ အဒုက္ခမသုခါ စ"ဟု ဝေဒနာ ၃-ပါးကိုသာ ဘုရားရှင် ဟောကြားတော်မူအပ်ပါလျက် အရှင်အနုရုဒ္ဓဆရာက အဘယ့်ကြောင့် "သုခံ ဒုက္ခံ"အစရှိသော စကားရပ်ကို မိန့်ဆိုတော်မူရပါသနည်း။

ဖြေ။ အနုဘဝနလက္ခဏာအပြားအားဖြင့် ၃-ပါးသာဖြစ်သော ဝေဒနာတို့ကို ဣန္ဒြိယဒေသနာ၌ "သုခိန္ဒြိယံ, ဒုက္ခိန္ဒြိယံ, သောမနဿိန္ဒြိယံ, ဒေါမနဿိန္ဒြိယံ, ဥပေက္ခိန္ဒြိယံ"ဟု ၅-ပါးအပြားအားဖြင့် ဟောကြားတော်မူအပ်သောကြောင့် ဤဝေဒနာသင်္ဂဟ၌ ထိုဣန္ဒြေ ၅-ပါးတို့၏ အစွမ်းဖြင့်လည်း ဝေဒနာအပြားကို ပြမြင်းအကျိုးငှါ "သုခံ ဒုက္ခံ"အစရှိသော စကားရပ်ကို အရှင်အနုရုဒ္ဓါဆရာ မိန့်ဆိုတော်မူခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

မှတ်ချက်။ ။ ဣန္ဒြေတို့ကိုဟောပြရာ ဣန္ဒြေယဝိဘင်းပါဠိတော်ကို "ဣန္ဒြေယ ဒေသအဖို့အစုအားဖြင့်သာ ဘုရားရှင် ဟောကြားတော်မူအပ်ပါသနည်း။

ဖြေ။ ဥပေက္ခာဝေဒနာကား ကာယိက, မာနသိကတို့၏ အစွမ်းဖြင့် ကွဲပြားမှု မရှိသောကြောင့် မာနသိက-ဟူသော တစ်ပါးသောအဖို့အစုအားဖြင့်သာ ဟောကြားတော်မူအပ်ပါသည်။

စိစစ်ဆုံးဖြတ်ချက်။။ ဘေဒါဘာဝတော-ကို မဏိမဉ္စူ(၁။ ၃၇၇။)၌ "ဥပေက္ခာပန ကာယိကမာနသိကဝသေန ဘေဒါဘာဝတော"ဟု ဖွင့်၍၊ တောင်မြို့ ဋီကာကျော်နိဿယ၌ "ဘေဒါဘာဝတော၊ သာတ, အသာတအပြား၏ မရှိခြင်းကြောင့်" ဟုပေးသည်။ ထို ၂-မျိုးတို့တွင် **"ကာယိကံ မာနသံ ဒုက္ခံ၊ သုခဥ္စောပေက္ခဝေဒနာ။ ဧကံ မာနသမေဝေတိ၊ ပဉ္စမိန္ဒြိယဘေဒတော"**ဟူသော ဋီကာပြ သစ္စသံခိပ် ၇၄-ဂါထာကိုထောက်လျှင် မဏိမဉ္စူအဖွင့်သာ အမှန်ဖြစ်ဖွယ်ရှိပါသည်။

မေး။ ဥပေက္ခာဝေဒနာသည် အဘယ့်ကြောင့် ကာယိက, မာနသိကအားဖြင့် ကွဲပြားမှု မရှိရပါသနည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ သုခ, ဒုက္ခတို့သည် ကာယိန္ဒြေနှင့် စိတ်ကို ခိုးမြောက်မှု, ညှင်းဆဲနှိပ်စက်မှု ပြုကြကုန်သကဲ့သို့၊ ထို့အတူ ဥပေက္ခာသည် ကာယိန္ဒြေနှင့် စိတ်ကို ခိုးမြောက်မှု, ညှင်းဆဲနှိပ်စက်မှု မပြုတတ်ပါ။ ထို့ကြောင့် ဥပေက္ခာဝေဒနာသည် ကာယိက, မာနသိက အားဖြင့် ကွဲပြားမှု မရှိရခြင်း ဖြစ်ပါသည်။ **(အကျဉ်း)**

သုခသည် ကာယိကသာတအဖြစ်ဖြင့် ကာယိန္ဒြေကို ခိုးမြောက်မှု, မာနသိကသာတအဖြစ်ဖြင့် စိတ်ကို ခိုးမြောက်မှု ပြုသကဲ့သို့၊ ဒုက္ခသည် ကာယိက အသာတအဖြစ်ဖြင့် ကာယိန္ဒြေကို ညှင်းဆဲနှိပ်စက်မှု, မာနသိက အသာတအဖြစ်ဖြင့် စိတ်ကို ညှင်းဆဲနှိပ်စက်မှု ပြုသကဲ့သို့၊ ထို့အတူ ဥပေက္ခာသည် ကာယိကသာတအသာတအဖြစ်ဖြင့် ကာယိန္ဒြေကို ခိုးမြောက်မှု, ညှင်းဆဲမှု မပြု၊ မာနသိကသာတ, အသာတအဖြစ်ဖြင့် စိတ်ကို ခိုးမြောက်မှု, ညှင်းဆဲမှု မပြုပါ။ ထို့ကြောင့် ဥပေက္ခာဝေဒနာသည် ကာယိက, မာနသိက အားဖြင့် ကွဲပြားမှုမရှိရခြင်း ဖြစ်ပါသည်။ (အကျယ်)

အမှာ။ ။ ဤနေရာသည် လွယ်မယောင်နှင့် ခက်သောနေရာဖြစ်၏။ ဋီကာလာ 'အညထာ'ဟူသောပုဒ်ကလေးတစ်ပုဒ်၏ အနက်အဓိပ္ပာယ်ကိုပင် သိရန် မလွယ်ကူပါ။ ထို့ကြောင့် မိမိကျမ်းစာကို ပုံတူကူးချသော ကျမ်းစာအပါအဝင် အချို့ကျမ်းစာတို့၌ အလွဲလွဲ အမှားများ ရေးသားချက်များကို တွေ့နေရပေသည်။ သို့ဖြစ်၍ အသိဉာဏ်ရှင်း **အမှန်အတိုင်း** သိမြင်ကြစေခြင်းငှါ စွမ်းနိုင်သမျှ ခွဲခြမ်းဝေဖန်ကာ

http://www.dhammadownload.com

ရေးပြလိုက်ပါသည်။

မေး။ ဣန္ဒြိယဘေဒအားဖြင့် ပြားသော ဝေဒနာ ၅-ပါးတို့၏ လက္ခဏာများကို အသီးသီး ရေးသားဖြေဆိုခဲ့ပါ။

ဖြေ။ - သုခဝေဒနာသည် "ကုဋ္ဌဖောဋ္ဌဗ္ဗာနုဘဝန (=ကုဋ္ဌဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်း)" လက္ခဏာရှိ၏။

- ဒုက္ခဝေဒနာသည် "အနိဋ္ဌဖောဋ္ဌဗ္ဗာနုဘဝန (=အနိဋ္ဌဖြစ်သော ဖောဋ္ဌဗ္ဗာ ရုံကို ခံစားခြင်း)" လက္ခဏာရှိ၏။

- သောမနဿဝေဒနာသည် "သဘာဝပရိကပ္ပကုဋ္ဌာနုဘဝန (=သဘာဝ, ပရိကပ္ပဖြစ်သော ကုဋ္ဌာရုံကို ခံစားခြင်း)" လက္ခဏာရှိ၏။

- ဒေါမနဿဝေဒနာသည် "သဘာဝပရိကပ္ပအနိဋ္ဌာနုဘဝန (=သဘာဝ, ပရိကပ္ပဖြစ်သော အနိဋ္ဌာရုံကို ခံစားခြင်း)" လက္ခဏာရှိ၏။

- ဥပေက္ခာဝေဒနာသည် "မဇ္ဈတ္တာနုဘဝန (=ကုဋ္ဌအနိဋ္ဌမဇ္ဈတ္တာရုံကို ခံစား ခြင်း)" လက္ခဏာရှိ၏။

မေး။ (က) အနုဘဝနလက္ခဏာဘေဒ၌ ပါသော သုခဝေဒနာ (ခ) ဣန္ဒြိယဘေဒ၌ ပါသော သုခဝေဒနာတို့၏ အထူးကို ရေးသားဖြေဆိုပါ။

ဖြေ။ (က)သည် သုခသဟဂုတ်ကာယဝိညာဉ်, သောမနဿသဟဂုတ် ၆၂-ခု၊ ပေါင်း စိတ် ၆၃-ခုတို့၌ရှိသော သုခဝေဒနာဖြစ်၏။ (ခ)သည် သုခသဟဂုတ် ကာယဝိညာဉ်စိတ် တစ်ခု၌သာရှိသော သုခဝေဒနာဖြစ်၏။ ဤသို့ ထူးပါသည်။

မေး။ (က) အနုဘဝနလက္ခဏာဘေဒ၌ ပါသော ဒုက္ခဝေဒနာ (ခ) ဣန္ဒြိယဘေဒ၌ ပါသော ဒုက္ခဝေဒနာတို့၏ အထူးကို ရေးသားဖြေဆိုပါ။

ဖြေ။ (က) ဒုက္ခသဟဂုတ်ကာယဝိညာဉ်, ဒေါသမူဒွေး၊ ပေါင်း စိတ် ၃-ခုတို့၌ရှိသော ဒုက္ခဝေဒနာ ဖြစ်၏။ (ခ)သည် ဒုက္ခသဟဂုတ်ကာယဝိညာဉ်စိတ်တစ်ခု၌သာ ရှိသော ဒုက္ခဝေဒနာ ဖြစ်၏။ ဤသို့ ထူးပါသည်။

မေး။ ပဌမဒုတိယတတိယစတုတ္ထဈာနသခ်ီတာနိ စတုစတ္တာလီသ မဟဂ္ဂတလောကုတ္တရစိတ္တာနိ-အရ ပဌမဈာန်စသော မဟဂ္ဂုတ်, လောကုတ္တရာစိတ်တို့၏ ၄၄-ပါးဖြစ်ပုံကို ရှင်းပြပါ။

ဖြေ။ ပဌမဈာန်စသော မဟဂ္ဂုတ်, လောကုတ္တရာစိတ်တို့သည် လောကီ ၃-ပါး, လောကုတ္တရာ ၈-ပါးအားဖြင့် အသီးသီး ၁၁-ပါးစီ ပြားသောကြောင့် (ပဌမဈာန်

http://www.dhammadownload.com

၁၁-ပါး၊ ဒုတိယစျာန် ၁၁-ပါး၊ တတိယစျာန် ၁၁-ပါး၊ စတုတ္ထစျာန် ၁၁-ပါး ပြားသောကြောင့်) ၄၄-ပါးဖြစ်ရပါသည်။

မေး။ သေသာနိ သဗ္ဗာနိပိ ပဋ္ဌပညာသစိတ္တာနိ-၌ သေသ-အပါဒါန်, သေသ-အရကို ဦးကာဆရာ အလိုက္ခ ကောက်ပြခဲ့ပါ။

ဖြေ။ သေသအပါဒါန်မှာ - ဆိုအပ်ခဲ့ပြီးသော သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ သဟဇာတ်စိတ်များ ဖြစ်ပါသည်။

သေသ အရမှာ - ကြွင်းသော အကုသိုလ်စိတ်မှ ၆-ပါး၊ အဟိတ်စိတ်မှ ၁၄-ပါး၊ ကာမာဝစရသောဘနစိတ်မှ ၁၂-ပါး၊ ပဋ္ဌမစျာန်စိတ် ၂၃-ပါးတို့ ဖြစ်ပါသည်။

ဣန္ဒြိယဘေဒအားဖြင့် ပြားသော ဝေဒနာ ၅-ပါးတို့ကို ဘူမိဘေဒ, ဇာတိဘေဒအားဖြင့်ခွဲခြားပုံ

သုခ, ဒုက္ခ, ဒေါမနဿ ၃-ပါးတို့သည် ကာမာဝစရဘုံ၏အစွမ်းဖြင့် ၁-ပါးစီဖြစ်၍ ၃-ပါး၊

သောမနဿ, ဥပေက္ခာတို့သည် ကာမ, ရူပ, အရူပ, လောကုတ္တရာဘုံတို့၏ အစွမ်းဖြင့် ၄-ပါးစီဖြစ်၍ ၈-ပါး၊ ပေါင်း **ဘူမိဘေဒအားဖြင့် ဝေဒနာ ၁၁-ပါး** ဖြစ်ပါသည်။

သုခ, ဒုက္ခတို့သည် ဝိပါက်ဇာတ်အားဖြင့် ၁-ပါးစီဖြစ်၍ ၂-ပါး၊

ဒေါမနဿသည် အကုသိုလ်ဇာတ်အားဖြင့် ၁-ပါး၊

သောမနဿ, ဥပေက္ခာတို့သည် **မာတိကာနည်းအရ** ကုသိုလ်, အကုသိုလ်, အဗျာကတဇာတ်တို့၏အစွမ်းဖြင့် ၃-ပါးစီဖြစ်၍ ၆-ပါး၊ ပေါင်း **ဇာတိဘေဒအားဖြင့် ဝေဒနာ ၉-ပါး** ဖြစ်ပါသည်။

၄င်းတို့သည် **နိဒ္ဒေသနည်းအရ** ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာဇာတ်တို့၏ အစွမ်း ဖြင့် ၄-ပါးစီဖြစ်၍ ၈-ပါး၊ ပေါင်း **ဇာတိဘေဒအားဖြင့် ၁၁-ပါး** ဖြစ်ပါသည်။

မှတ်ချက်။ ။ ဤ၌ သခ်ေပဋီကာအတိုင်း ခွဲခြားပြလိုက်ပါသည်။ မစိုးရိမ်ဋီကာကျော် အဖြေ၌ သခ်ေပဋီကာကိုပင် ညွှန်းထားသော်လည်း ခွဲခြားပုံမှာ တစ်မျိုးဖြစ်နေသည်။

ဝေဒနာသင်္ဂဟအဖွင့် ပြီး၏။

http://www.dhammadownload.com

ဟေတုသင်္ဂဟအဖွင့် (၁၂၄)

မေး။ "ဟေတုသင်္ဂဟ" အဓိပ္ပာယ်ကို ရနိုင်းပမ္ပ ဖွင့်ဆိုပြခဲ့ပါ။

ဖြေ။ (၁) လောဘအစရှိသော ဟိတ်ဟို့ကို ဝေဖန်ခြင်း၏အစွမ်းဖြင့် လည်းကောင်း၊ ထိုဟိတ်တို့နှင့် ယှဉ်သောစိတ္တုပ္ပါဒ်တို့၏အစွမ်းဖြင့်လည်းကောင်း သိမ်းယူရာ သိမ်းယူကြောင်းဖြစ်သော သင်္ဂဟသည် "ဟေတုသင်္ဂဟ"မည်ပါသည်။ (ဋီကာကျော် ဆရာအလို)

(၂) ဟိတ် ၆-ပါးအားဖြင့်လည်းကောင်း၊ ဟိတ် ၆-ပါးနှင့်ယှဉ်သော စိတ္တုပ္ပါဒ်အားဖြင့်လည်းကောင်း ဖြစ်သော သင်္ဂဟသည် "ဟေတုသင်္ဂဟ"မည်ပါသည်။ (ဋူအလို)။

(၃) ဟိတ်အားဖြင့် စိတ်, စေတသိက်တို့ကို သိမ်းယူရာ သိမ်းယူကြောင်း ရေတွက်ရာ ရေတွက်ကြောင်း စကားရပ်သည် "ဟေတုသင်္ဂဟ"မည်ပါသည်။ (အရှင်အနုရုဒ္ဓါဆရာအလို)။

ဝစနတ္ထများ

(၁) ဟေတဝေါ စ ဟေတုသမ္မယုတ္တာ စ ဟေတဝေါ။
ဟေတူနံ သင်္ဂဟော ဟေတုသင်္ဂဟော။

(၂) ဟေတုတော တံသဟဂတစိတ္တုပ္ပါဒတော စ ပဝတ္တော
သင်္ဂဟော ဟေတုသင်္ဂဟော။

(၃) ဟေတုတော သင်္ဂဟော ဟေတုသင်္ဂဟော။

မေး။ ဟေတုသင်္ဂဟ-ပုဒ်၌ ဟေတု-အရကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

ဖြေ။ ဟေတု-အရ ဟိတ် ၆-ပါးတို့ကိုလည်းကောင်း၊ ထိုဟိတ် ၆-ပါးနှင့်ယှဉ်သော စိတ္တုပ္ပါဒ်တို့ကိုလည်းကောင်း ယူရပါမည်။

မေး။ လောဘစသည်တို့ကို အဘယ့်ကြောင့် "ဟေတု = ဟိတ်"ဟု ခေါ်ဆိုရပါသနည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ "ဟိနောတိ ပတိဋ္ဌာတိ ဖလံ ဧတ္ထာတိ ဟေတု။
ဟိနောတိ ပဝတ္တတိ ဖလံ ဧတေနာတိ ဟေတု"ဟူသော ဝစနတ္ထတို့နှင့်အညီ အကျိုးပစ္စယုပ္ပန်တရားတို့၏ တည်ရာဖြစ်သောကြောင့် လည်းကောင်း၊ အကျိုးပစ္စယုပ္ပန်တရားတို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့်လည်းကောင်း **"ဟေတု - ဟိတ်"**ဟု ခေါ်ဆိုရပါသည်။ (ဋီကာကျော်၊ ၂၄၁။ ဋူ၊ ၂။ ၃၆၇။)

http://www.dhammadownload.com

အနှာ။ ။ "မဟတ္တ-ဟိတ်"အဓိပ္ပာယ်ကို ဤနေရာ၌ ဋီကာကျော်ဆရာ မဖွင့်ပါ။

မေး။ လောဘ အစရှိသော ဟိတ် ၆-ပါးတို့၏ "ဟေတုဘာဝ-ဟိတ်အဖြစ်" ဟူသည် အဘယ်နည်း၊ ၎င်းကို ဖော်ပြပါ။

ဖြေ။ ယှဉ်ဘက်သမ္မယုတ်တရားတို့၏ ကောင်းစွာတည်တံ့သည်၏အဖြစ်ကို ပြီးစေတတ်သော (ယှဉ်ဘက်သမ္မယုတ်တရားတို့ကို ခိုင်မြဲစေတတ်သော) ပစ္စယသတ္တိ-ဟုဆိုအပ်သော မူလဘာဝသည် လောဘအစရှိသော ဟိတ် ၆-ပါးတို့၏ "ဟေ-တုဘာဝ"မည်ပါသည်။ (အဋ္ဌကထာဆရာ, ဋီကာဆရာတို့အလို)။

အပရေဆရာ(အရှင်ရေဝတထေရ်)တို့ကား "ကုသိုလ်စသောတရားတို့၏ ကုသိုလ်စသောအဖြစ်ကို ပြီးစေတတ်သော ၆-ပါးသောသတ္တိသည် 'ဟေတုဘာဝ' မည်၏"ဟု ဆိုကြပါသည်။

ရှင်းချက်။ ။ ကုသိုလ်တရားတို့သည် အလောဘစသော ဟိတ်တို့ကြောင့် ကုသိုလ်အမည် ရကြ၏။ အကုသိုလ်တရားတို့သည် လောဘစသော ဟိတ်တို့ကြောင့် အကုသိုလ်အမည် ရကြ၏။အဗျာကတတရားတို့သည် အလောဘစသော ဟိတ်တို့ကြောင့် အဗျာကတ အမည်ရကြ၏။ ဤသို့လျှင် ကုသိုလ်စသောတရားတို့၏ ကုသိုလ်စသောအဖြစ်ကို ပြီးစေတတ် သော ဟိတ် ၆-ပါးတို့၏ သတ္တိသည် 'ဟေတုဘာဝ' မည်၏-ဟု အပရေဆရာတို့က ဆိုလိုကြ သည်။

မေး။ ဟေတုဘာဝေါ-ကို မူလဘာဝေါ-ဟု ဋီကာဆရာ ဖွင့်ဆိုထားရာ ယင်း "မူလ-ဘာဝ"ဟူသည် အဘယ်ပါနည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ သမ္မယုတ္တဓမ္မာ မူလယန္တိ ပတိဋ္ဌဟန္တိ ဧတ္ထာတိ မူလာနိ"ဟူသော ဝစနတ္ထနှင့်အညီ သမ္မယုတ်တရားတို့၏ တည်ရာဖြစ်သောကြောင့် ဟိတ် ၆-ပါးတို့သည် "မူလ"တို့ မည်ကုန်၏။ ထိုမူလ-မည်သော ဟိတ်၆-ပါးတို့၏ ဖြစ်ကြောင်း ဖြစ်ရာ ဟေတု ပစ္စယသတ္တိသည် "မူလဘာဝ" ဖြစ်ပါသည်။ (ဇူ။ ၁။ ၃၇၉။)

မေး။ ယှဉ်ဘက်သမ္မယုတ်တရားတို့၏ ကောင်းစွာတည်တံ့သည်၏အဖြစ်ကို ပြီးစေ တတ်သော သတ္တိဟုဆိုအပ်သော မူလဘာဝ-သည် အဘယ့်ကြောင့် ဟေတု ဘာဝ-မည်ရပါသနည်း။

ဖြေ။ ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးအပြုခံရသော ပစ္စယုပ္ပန်တရားတို့သည် ရေ သောက်မြစ် စည်ပင်နေသော သစ်ပင်များပမာ အာရုံ၌ တည်တံ့ခိုင်မြဲကြပါသည်၊ (အနွယ)၊ အဟိတ်တရားတို့ကဲ့သို့ ရေအပြင်၌ မှော်နှင့် တူကြသည် မဟုတ်ပါ

http://www.dhammadownload.com

(ဗျတိရေက)။ ထို့ကြောင့် ယှဉ်ဘက်သမွဲယုတ်တရားတို့၏ ကောင်းစွာတည်တံ့သည်၏ အဖြစ် ကို ပြီးစေတတ်သောသတ္တိဟုဆိုအပ်သော "မူလဘာဝ"သည် "ဟေတုဘာဝ"မည်ရခြင်း ဖြစ်ပါ သည်။

မေး။ ဟိတ် ၆-ပါးတို့၏ "မူလ"အမည်ရပုံကို ရှင်းပြခဲ့ပါ။

ဖြေ။ "မူလယန္တိ ပတိဋ္ဌဟန္တိ ဧတ္ထ ရုက္ခာတိ မူလာနိ။ မူလာနိ ဝိယာတိ မူလာနိ" ဟူ သော ဝစနတ္ထနှင့်အညီ သစ်ပင်တို့၏ တည်ရာဖြစ်သောကြောင့် ရေသောက်မြစ်တို့သည် "မူလ" တို့ မည်ကုန် ၏။ ထိုမူလ-မည်သော ရေသောက်မြစ်တို့နှင့် တူသောကြောင့် ဟိတ် ၆-ပါးတို့ "မူလ" အမည်ရကြခြင်း ဖြစ်ပါသည်။

(တစ်နည်း) "မူလယန္တိ ပတိဋ္ဌဟန္တိ ဧတ္ထ သမွယုတ္တဓမ္မာတိ မူလာနိ"ဟူသော ဝစနတ္ထနှင့်အညီ သမွယုတ်တရားတို့၏ တည်ရာဖြစ်သောကြောင့် ဟိတ် ၆-ပါးတို့ "မူလ" အမည်ရကြခြင်း ဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ ရှေ့နည်းသည် သဒ္ဒိသူပစာရတ္ထဖြစ်၍၊ နောက်နည်းသည် မုချတ္ထ ဖြစ်သည်-ဟုမှတ်ပါ။ ဋီကာဝယ် "မူလာနိတိ စ ဝုစ္စန္တိ"၌ စသဒ္ဒါဖြင့် ထိုမုချတ္ထကို ပြသည်-ဟု မဏိမဉ္ဇူ (၁၊ ၃၈၀)၌ ဖွင့်ပါသည်။

မေး။ (က) ရေသောက်မြစ်နှင့်တူသောတရား (ခ) ရေအပြင်၌ မှော်နှင့်တူသောတရား (ဂ) ရေသောက်မြစ် စည်ပင်နေသော သစ်ပင်နှင့်တူသော တရားတို့ကို ဖော်ပြ ခဲ့ပါ။

ဖြေ။ (က) ဟိတ် ၆-ပါး။ (ခ) အဟိတ်တရားများ။ (ဂ) ဟိတ်နှင့်ယှဉ်ဘက် တရား များ ဖြစ်ပါသည်။

မေး။ (က) ဟိတ် ၆-ပါးတို့၏ ရေသောက်မြစ်နှင့်တူပုံ (ခ) အဟိတ်တရားတို့၏ ရေအပြင်၌ မှော်နှင့်တူပုံတို့ကို ရှင်းပြခဲ့ပါ။

ဖြေ။ (က) ရေသောက်မြစ်စည်ပင်နေသော သစ်ပင်တို့သည် တည်တံ့ခိုင်မြဲကြကုန် သကဲ့သို့ ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးအပြုခံရသော ပစ္စယုပ္ပန်တရားတို့ သည်လည်း အာရုံ၌ တည်တံ့ခိုင်မြဲကြပါသည်။ ဤသို့လျှင် ဟိတ် ၆-ပါးတို့ ရေသောက်မြစ်နှင့် တူကြပါသည်။

(ခ) မှော်တို့သည် အခြေမခိုင်သောကြောင့် လေလာတိုင်း လွင့်ကြရကုန် သကဲ့သို့ ထို့အတူ အဟိတ်စိတ်များလည်း အာရုံ၌ မခိုင်မြဲကြပါ။ ဤသို့လျှင် အဟိတ်စိတ်တို့ ရေအပြင်၌ မှော်နှင့်တူကြပါသည်။

37 A

http://www.dhammadownload.com

မေး။ အပရေဆရာတို့ အလိုကျ "ကုသိုလ်စသည်တို့၏ ကုသိုလ်စသောအဖြစ်ကို ပြီးစေတတ်သော သတ္တိ-ဟူသော မူလဘာဝသည် ဟေတုဘာဝ-မည်၏"ဟု ဆိုလျှင် ဖြစ်နိုင်သောအပြစ်ကို ဖော်ပြပါ။

ဖြေ။ ယင်းသို့ဆိုလျှင် ကုသိုလ်, အဗျာကတဖြစ်သော အလောဘစသော ဟိတ်တို့၏ ကုသိုလ်, အဗျာကတ အဖြစ်၊ အကုသိုလ်ဖြစ်သော လောဘစသောဟိတ်တို့၏ အကုသိုလ်အဖြစ်ကို ပြီးစေတတ်သော အခြားဟိတ်တစ်မျိုးကို ရှာရလိမ့်ဦးမည်-ဟူသောအပြစ် ဖြစ်နိုင်ပါသည်။

ရှင်းချက်။ ။ အပရေဆရာတို့က "မဟာကုသိုလ် ပဌမဇ္ဈာန်သည် တိဟိတ်ကုသိုလ်စိတ် ဖြစ်၏။ ထိုစိတ်၌ယှဉ်သော စေတသိက်တို့တွင် အလောဘ, အဒေါသ, အမောဟ-ဟူသော စေတသိက်သုံးခုတို့၏ သမ္မယုတ်ဖြစ်သော စိတ်, စေတသိက်တို့၏ ကုသိုလ်အဖြစ်ကို ပြီးစေတတ်သောသတ္တိ-ဟူသော မူလဘာဝသည် ဟေတုဘာဝ-မည်၏"ဟု ယူဆကြသည်။ ထိုအတိုင်း ဖြစ်ခဲ့လျှင် ထိုအလောဘ, အဒေါသ, အမောဟ-ဟူသော စေတသိက်သုံးခုတို့၏ ကုသိုလ်အဖြစ် ကို ပြီးစေတတ်သော အခြားဟိတ်တစ်မျိုးကို ရှာရပေလိမ့်ဦးမည်-ဟူလို။

မေး။ ဟိတ်တို့၏ ကုသိုလ်စသောအဖြစ်သည် ကြွင်းသောသမ္မယုတ်ဟိတ်တို့နှင့် စပ်၏ ဟု ယူခဲ့သော် (အလောဘဟိတ်၏ ကုသိုလ်အဖြစ်သည် ယှဉ်ဘက်ဖြစ်သော အဒေါသ, အမောဟဟိတ်တို့နှင့် စပ်၏-စသည်ဖြင့် ယူခဲ့သော်) အဘယ်အပြစ် ဖြစ်လာပါမည်နည်း။

ဖြေ။ ယင်းသို့ယူခဲ့သော် မောဟမူဒွေးဌ်ယှဉ်သော မောဟဟိတ်မှာ ယှဉ်ဘော် ယှဉ်ဘက် သမ္မယုတ်ဟိတ်တစ်ပါး မရှိသောကြောင့် ယင်းဟိတ်၏ အကုသိုလ်အဖြစ်သည် မည်သည့်ဟိတ်နှင့်မျှ မစပ်ဘဲ ပင်ကိုသဘောအားဖြင့် ဖြစ်၏-ဟူသော အပြစ် ဖြစ်လာစရာရှိပါသည်။

မေး။ မောဟမူဒွေးဌ်ယှဉ်သော မောဟဟိတ်၏ အကုသိုလ်အဖြစ်သည် မည်သည့် ဟိတ်နှင့်မျှ မစပ်ဘဲ ပင်ကိုသဘောအားဖြင့် ဖြစ်၏-ဟုဆိုလျှင် မည်သည့် အပြစ် ဖြစ်နိုင်ပြန်ပါသနည်း။

ဖြေ။ ယင်းသို့ဆိုလျှင် ကြွင်းသောဟိတ်တို့၏လည်း ပင်ကိုသဘောအားဖြင့်ပင် ကုသိုလ်စသည်တို့၏အဖြစ် ဖြစ်ရာ၏။ ဤသို့ ဟိတ်ဟူသမျှ ပင်ကိုသဘောအားဖြင့် ကုသိုလ်စသည်တို့၏အဖြစ် ဖြစ်နိုင်ပြန်လျှင် ထိုဟိတ်တို့နှင့်ယှဉ်သော သမ္မယုတ်တရားတို့၏လည်း ကုသိုလ်စသည်တို့၏အဖြစ်သည် ဟိတ်နှင့် မစပ်ဘဲ

http://www.dhammadownload.com

ပင်ကိုသဘောအားဖြင့်ပင် ဖြစ်နိုင်ခြင်းဟူသော အပြစ် ဖြစ်နိုင်ပြန်ပါသည်။

မေး။ "ကုသိုလ်စသည်တို့၏အဖြစ်သည် ဟိတ်နှင့်စပ်၏ (ကုသိုလ်တို့၏ ကုသိုလ်အဖြစ်၊ အကုသိုလ်တို့၏ အကုသိုလ်အဖြစ်၊ အဗျာကတတို့၏ အဗျာကတအဖြစ်သည် ဟိတ်နှင့်စပ်၏)"ဟု ဆိုလျှင် မည်သည့်အပြစ် ဖြစ်လာပါမည်နည်း။

ဖြေ။ "ကုသိုလ်စသည်တို့၏အဖြစ်သည် ဟိတ်နှင့် စပ်၏"ဟု ဆိုလျှင် ယှဉ်ဘော် ယှဉ်ဘက်ဟိတ်မရှိသော အဟိတ်စိတ်တို့၏ အဗျာကတအဖြစ် မဖြစ်နိုင်တော့ခြင်း (ယှဉ်ဘော်ယှဉ်ဘက် ဟိတ်မရှိသောကြောင့် အဟိတ်စိတ်တို့မှာ အဗျာကတ-ဟူသော အမည်တောင် ရနိုင်စရာမရှိတော့ခြင်း)-ဟူသော အပြစ် ဖြစ်လာပါမည်။

မေး။ ကုသိုလ်တရားတို့၏ ကုသိုလ်အဖြစ်, အကုသိုလ်တရားတို့၏ အကုသိုလ် အဖြစ်သည် ဟိတ်နှင့်မစပ်လျှင် အဘယ်အရာနှင့် စပ်ပါသနည်း ဖြေဆိုပါ။

ဖြေ။ ကုသိုလ်တရားတို့၏ ကုသိုလ်အဖြစ်သည် ယောနိသောမနသိကာရနှင့် စပ်ပါသည်။ အကုသိုလ်တရားတို့၏ အကုသိုလ်အဖြစ်သည် အယောနိသောမနသိကာရနှင့် စပ်ပါသည်။

သိမှတ်ဖွယ်

ကုသိုလ်တရားတို့၏ ကုသိုလ်အဖြစ်သည် ယောနိသောမနသိကာရနှင့် စပ်၍ အကုသိုလ်တရားတို့၏ အကုသိုလ်အဖြစ်သည် အယောနိသောမနသိကာရနှင့် စပ်ရခြင်းအကြောင်း

ယောနိသောမနသိကာရ, အယောနိသောမနသိကာရတို့ ရှိမှသာ ကုသိုလ်, အကုသိုလ်များဖြစ်ကြ၍ ၄င်းတို့ မရှိလျှင် ကုသိုလ်, အကုသိုလ်များ မဖြစ်ကြသောကြောင့် ထိုမနသိကာရတို့သည် အစဉ်အတိုင်း ထိုကုသိုလ်, အကုသိုလ်တို့၏ နီးစွာသော အကြောင်းများ ဖြစ်ကြပါသည်။ ထို့ကြောင့် ကုသိုလ်တရားတို့၏ ကုသိုလ်အဖြစ်သည် ယောနိသောမနသိကာရနှင့် စပ်၍ အကုသိုလ်တရားတို့၏ အကုသိုလ်အဖြစ်သည် အယောနိသောမနသိကာရနှင့် စပ်ရခြင်း ဖြစ်ပါသည်။ (ဂူ၊ ၁။ ၃၈၂။)

ယောနိသောမနသိကာရ, အယောနိသောမနသိကာရ-ဟူသည်

အနုသယရှိသော သေက္ခ, ပုထုဇဉ်တို့သန္တာန်ဝယ် ဒွါရ ၆-ပါးတို့၌ အာရုံများ ထင်လာသောအခါ ပဋိရူပဒေသဝါသ စသည်တို့နှင့် ပြည့်စုံခြင်းကြောင့် ကုသိုလ်တရားတို့၏ အကြောင်း၏အဖြစ်ဖြင့် ဘဝင်ကို လည်စေ၍ဖြစ်သော အာဝဇ္ဇန်းဒွေးသည် "ယောနိသောမနသိကာရ"ဖြစ်ပါသည်။ အယောနိသောမနသိကာရ-ကို ၄င်းမှ

http://www.dhammadownload.com

ပြောင်းပြန် ပြန်၍ သိပါ။ (၄င်း)

ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သည့် ကြိယာစိတ်တို့၏အကြောင်းဖြစ်သော အာဝဇ္ဇန်းကိုကား ယောနိသောမနသိကာရဘက်သို့ သွင်းယူရပါမည်။ သို့မဟုတ် - နှစ်မျိုးလုံး မဆိုသင့်သောကြောင့် "အဗျာကတမနသိကာရ"ဟု ဆိုရပါမည်။ (၄င်း)

မေး။ "ကုသိုလ်တရားတို့၏ ကုသိုလ်အဖြစ်သည် ယောနိသောမနသိကာရနှင့် စပ်သည်, အကုသိုလ်တရားတို့၏ အကုသိုလ်အဖြစ်သည် အယောနိသောမနသိကာရနှင့် စပ်သည်"ဆိုရာ၌ ယုံကြည်ထိုက်သော အထောက်သာဓကကို ဖော်ပြပါ။

ဖြေ။ ယောနိသော ဘိက္ခဝေ မနသိ ကရောတော အနုပ္ပန္နာ စေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ ကုသလာ ဓမ္မာ အဘိဝုဒ္ဓိံ" စသော အင်္ဂုတ္တိရ်ပါဠိတော် (အံ၊ ၁။ ၁၂။) စကားရပ် ဖြစ်ပါသည်။

မေး။ အဗျာကတတရားတို့၏ အဗျာကတအဖြစ်သည် အဘယ်အရာနှင့် စပ်ပါသနည်း။

ဖြေ။ ကြိယာအဗျာကတဖြစ်သော စိတ်, စေတသိက်တရားတို့၏ အဗျာကတအဖြစ်သည် နိရုနုသယသန္တာန (ရဟန္တာသန္တာန်), အဝိပါကဘာဝ (အကျိုးမပေးခြင်း သဘော)တို့နှင့် စပ်ပါသည်။

ဝိပါက်အဗျာကတဖြစ်သော စိတ်, စေတသိက်တို့၏ အဗျာကတအဖြစ်သည် ကုသိုလ်ကံ, အကုသိုလ် ကံ, အဝိပါကဘာဝ (အကျိုးမပေးခြင်းသဘော)တို့နှင့် စပ်ပါသည်။

သိမှတ်ဖွယ်။ ။ စာကိုယ်၌ **"နိရုနုသယသန္တာနပွဒိဗ္ဗေါ"**ကို ရဟန္တာပုဂ္ဂိုလ်၏ သီးခြားဥစ္စာဖြစ်သော ကြိယာအဗျာကတတရားတို့ကို ရည်ရွယ်၍ ဆိုအပ်သည်။ **"ကမ္မ-ပွဒိဗ္ဗေါ"**ကို ဝိပါက်အဗျာကတတရားတို့ကို ရည်ရွယ်၍ ဆိုအပ်သည်။ **"အဝိပါက ဘာဝပွဒိဗ္ဗေါ"**ကို ဝိပါက်, ကြိယာ အဗျာကတတရား နှစ်ပါးလုံးကို ရည်ရွယ်၍ ဆိုအပ်သည်-ဟု မှတ်ပါ။ စိတ်, စေတသိက်အရာ ဖြစ်သောကြောင့် ရုပ်, နိဗ္ဗာန်တရားတို့ကို ဤနေရာ၌ မလိုအပ်-ဟုလည်း သိပါ။

အမှာ။ ။ ပထမအကြိမ်ရိုက်၌ ကုသိုလ်, အကုသိုလ်, အဗျာကတ ၃-မျိုးလုံးကို တစ်ပေါင်းတည်း ရေးပြခဲ့သည်။ ဤဒုတိယအကြိမ် ပြင်ဆင်ရိုက်နှိပ်ရာ၌ကား ဦးကာကျော်စာကိုယ် ဖွင့်စဉ်အတိုင်း ခွဲခြားပြီး ရေးပြလိုက်ပါသည်။ စာမေးပွဲတို့၌ တစ်ပေါင်းတည်း မေးပါလိမ့်မည်။

http://www.dhammadownload.com

မေး။ (က) ကုသိုလ်ဖြစ်ကြောင်းတရား (ခ) အကုသိုလ်ဖြစ်ကြောင်းတရား (ဂ) အဗျာကတ ဖြစ်ကြောင်းတရားများကို **အသီးသီး** ရေးသားဖော်ပြပါ။

ဖြေ။ (က) **ကုသိုလ်ဖြစ်ကြောင်းတရားမှာ** - ယောနိသောမနသိကာရ ဖြစ်ပါသည်။

(ခ) **အကုသိုလ်ဖြစ်ကြောင်းတရားမှာ** - အယောနိသော မနသိကာရ ဖြစ်ပါသည်။

(ဂ) **ကြိယာအဗျာကတဖြစ်ကြောင်းတရားများမှာ** - နိရုန္ဓသယသန္တာန-ခေါ် ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်နှင့် အကျိုးမပေးခြင်း သဘောတို့ ဖြစ်ပါသည်။

ဝိပါက်အဗျာကတဖြစ်ကြောင်း တရားများမှာ - ကုသိုလ်ကံ, အကုသိုလ်ကံ နှင့် အကျိုးမပေးခြင်းသဘောတို့ ဖြစ်ပါသည်။

၎င်း။ "လောဘော ဒေါသော စ"စသောဂါထာကို အဘယ်အကျိုးငှါ မိန့်ဆိုရပါသနည်း။

ဖြေ။ ဟိတ်တို့၏ ဇာတိဘေဒအပြားကို ပြခြင်းအကျိုးငှါ မိန့်ဆိုရပါသည်။

မေး။ ဟိတ်တို့၏ (က) သဘာဝဘေဒ - လက္ခဏာဘေဒ (ခ) ဇာတိဘေဒ (ဂ) ဘူမိဘေဒတို့ကို ခွဲခြား ပြဆိုခဲ့ပါ

ဖြေ။ (က) သဘာဝဘေဒ- လက္ခဏာဘေဒမှာ လောဘ, ဒေါသ, မောဟ၊ အလောဘ, အဒေါသ, အမောဟတို့ ဖြစ်ပါသည်။

(ခ) ဇာတိဘေဒမှာ - ကုသိုလ်ဟိတ် ၃-ပါး၊ အကုသိုလ်ဟိတ် ၃-ပါး၊ အဗျာကတဟိတ် ၃-ပါး၊ ပေါင်း မာတိကာနည်းအားဖြင့် ၉-ပါး ဖြစ်ပါသည်။

တစ်နည်း - ကုသိုလ်ဟိတ် ၃-ပါး၊ အကုသိုလ်ဟိတ် ၃-ပါး၊ ဝိပါက်ဟိတ် ၃-ပါး၊ ကြိယာဟိတ် ၃-ပါး၊ ပေါင်း နိဒ္ဒေသနည်းအားဖြင့် ၁၂-ပါး ဖြစ်ပါသည်။

(ဂ) ဘူမိဘေဒမှာ - ကာမဘုံ၌ ၆-ပါး၊ ရူပ, အရူပ, လောကုတ္တရာဘုံတို့၌ ၃-ပါးစီဖြစ်၍ ၉-ပါး၊ ပေါင်း ၁၅-ပါး။ **တစ်နည်း** - ၃၆-ပါး ဖြစ်ပါသည်။ (ဋ၊ ၁။ ၃၈၃။ သခ်ေပ)။

ဟေတုသင်္ဂဟ၌ သဟိတ်စိတ်တို့ကိုသာ ပြသင့်ပါလျက် အဟိတ်စိတ်တို့ကိုပါ ပြရခြင်းအကြောင်း

သဟိတ်စိတ်တို့ကို ရေတွက်ရ လွယ်ကူစေခြင်းအကျိုးငှါ အဟိတ်စိတ်တို့ကို နှုတ်ဆိုး စွာ ပြဆိုထားခြင်း ဖြစ်ပါသည်။ **တစ်နည်း** - 'အဟိတ်'ဟူသော အမည်သည် ဟိတ်၏ အစွမ်းဖြင့်ပင် ပြီးသောကြောင့် အဟိတ်စိတ်တို့ကို ပြဆိုထားခြင်း ဖြစ်ပါသည်၊ (ပရမတ္ထဒီပနီ)။

http://www.dhammadownload.com

အဟိတ်ပုဂ္ဂိုလ်, ဒွိဟိတ်ပုဂ္ဂိုလ်, တိဟိတ်ပုဂ္ဂိုလ် ရှိသကဲ့သို့ ဧကဟိတ်ပုဂ္ဂိုလ် မရှိရခြင်းအကြောင်း

အဟိတ်ပုဂ္ဂိုလ်စသည်ဖြင့် ခေါ်ဆိုခြင်းမှာ ပဋိသန္ဓေကို အစွဲပြု၍ ခေါ်ဆိုခြင်း ဖြစ်ပါသည်။ ဧကဟိတ်စိတ်မှာ ပဋိသန္ဓေစိတ် မဟုတ်၊ ပဝတ္တိစိတ်သာ ဖြစ်သောကြောင့် ဧကဟိတ်ပုဂ္ဂိုလ်-ဟူ၍ မရှိပါ။

ဟေတုသင်္ဂဟအဖွင့် ပြီး၏။

ကိစ္စသင်္ဂဟအဖွင့် (၁၂၅)

မေး။ "ကိစ္စသင်္ဂဟ" အဓိပ္ပာယ်ကို ဖွင့်ဆိုရေးသားပါ။

ဖြေ။ (၁) ပဋိသန္ဓေ အစရှိသော ကိစ္စတို့ကို ဝေဖန်ခြင်း၏ အစွမ်းဖြင့် လည်းကောင်း၊ ထိုကိစ္စရှိသော စိတ္တုပ္ပါဒ်တို့ကို ပိုင်းခြားခြင်း၏ အစွမ်းဖြင့်လည်းကောင်း သိမ်းယူရာ သိမ်းယူကြောင်းဖြစ်သော သင်္ဂဟသည် "ကိစ္စသင်္ဂဟ"မည်ပါသည်။

(ဋီကာကျော်အလို)။

(၂) ကိစ္စအားဖြင့် မှတ်သားအပ်သော သင်္ဂဟသည် "ကိစ္စသင်္ဂဟ" မည်ပါသည်။

(ဇူ။ ၁။ ၃၈၃။)

ဝစနတ္ထများ

(၁) ကိစ္စာနိ စ ကိစ္စဝန္တာနိ စ ကိစ္စာနိ။ ကိစ္စာနံ သင်္ဂဟော ကိစ္စသင်္ဂဟော။

(၂) ကိစ္စတော လက္ခိတော သင်္ဂဟော ကိစ္စသင်္ဂဟော။

မေး။ ကိစ္စသင်္ဂဟ-ဟူရာ၌ ကိစ္စ-အရ ဖြစ်သင့်သမျှကို ကောက်ပြခဲ့ပါ။

ဖြေ။ ကိစ္စ-အရ ကိစ္စအပြား ၁၄-ပါးတို့ကိုလည်းကောင်း၊ ထိုကိစ္စရှိကုန်သောစိတ်တို့ကိုလည်းကောင်း ကောက်ယူရပါမည်။

မေး။ ကိစ္စ ၁၄-ပါးအနက် (က) ပဋိသန္ဓိကိစ္စ, (ခ) ဘဝင်္ဂကိစ္စ, (ဂ) အာဝဇ္ဇနကိစ္စတို့၏ အဓိပ္ပာယ်များကို အသီးသီး ရေးသားဖြေဆိုပါ။

ဖြေ။ (က) အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝ (ဘဝဟောင်းနှင့် ဘဝသစ်)ကို ဆက်စင်

http://www.dhammadownload.com

ပေးခြင်းသည် "ပဋိသန္ဓိကိစ္စ" မည်ပါသည်။

(ခ) ဥပပတ္တိဘဝ၏ မပြတ်မစဲ အဖြစ်ဖြစ်ခြင်း၏ အကြောင်းဖြစ်ခြင်း (ဥပပတ္တိဘဝ မပြတ်မစဲ ဖြစ်မြဲဖြစ်ရန် အကြောင်းခံအဖြစ်ဖြင့် ဆက်စပ် ပေးခြင်း) သည် "ဘဝင်္ဂကိစ္စ" မည်ပါသည်။

(ဂ) စိတ်အစဉ်ကို ဘဝင်၏အစွမ်းဖြင့် ဖြစ်ခွင့်မပေးဘဲ ဝီထိစိတ်ဖြစ်ခြင်းငှါ ညွှတ်စေခြင်း (ဆင်ခြင်ခြင်း)သည် "အာဝဇ္ဇနကိစ္စ" မည်ပါသည်။

ဝစနတ္ထများ - ပဋိသန္ဓာနံ ပဋိသန္ဓိ၊ ပဋိသန္ဓိယေဝ ကိစ္စံ **ပဋိသန္ဓိကိစ္စံ**။
ဘဝဿ အင်္ဂ် **ဘဝင်္ဂ်**။ (အင်္ဂ်-ပုဒ်ကို အဝိစ္ဆေဒဝသေန အင်္ဂတိ ဂစ္ဆတိ ပဝတ္တတိ ဧတေနာတိ အင်္ဂ်-ဟု ပြုပါ။)
အာဝဇ္ဇီယတေ **အာဝဇ္ဇနံ**။

မေး။ ဘဝင်္ဂကိစ္စ-ပုဒ်၌ ဘဝ-သရုပ်ကို ထုတ်ပြ၍၊ ဤ၌ လိုအပ်သော ဘဝကို ညွှန်ပြပြီးလျှင်၊ အင်္ဂ်-သဒ္ဒါ၏ အနက်ကိုလည်း ဖော်ပြပါ။

ဖြေ။ ဘဝ သည် ၁။ ကမ္မဘဝ ၂။ ဥပပတ္တိဘဝ-ဟု ၂-မျိုးရှိပါသည်။
ထိုတွင် ဤနေရာ၌ ဥပပတ္တိဘဝကို လိုအပ်ပါသည်။
အင်္ဂ်-သဒ္ဒါ၏ အနက်ကား ကာရဏအနက် ဖြစ်ပါသည်။ (အဝိစ္ဆေဒပဝတ္တိဟေတုဘာဝေန-ကို ထောက်ပါ။)

သိမှတ်ဖွယ်။ ။ **ကမ္မဘဝ**-ဟူသည် လောကီကုသိုလ်, အကုသိုလ်စေတနာ ၂၉-ခု ဖြစ်ပါသည်။ **ဥပပတ္တိဘဝ**-ဟူသည်ကား ထိုကံကြောင့် ဖြစ်ပေါ်လာသည့် လောကီဝိပါက် နာမက္ခန္ဓာနှင့် ကဋတ္တာရုပ်-ခေါ် ကမ္မဇရုပ်များ ဖြစ်ပါသည်။

မေး။ ဘဝင်္ဂကိစ္စ-၌ ဘဝင်-အရကို ကျွန်စွာ ကောက်ပြခဲ့ပါ။

ဖြေ။ ဘဝင်-အရ ဥပပတ္တိဘဝ၏ အကြောင်းဖြစ်သော ဘဝင်စိတ်-ခေါ် ဝိပါက်စိတ် ၁၉-ပါးတို့ကို မုချအားဖြင့် ရပါသည်။ ဤအရာသည် ကိစ္စအရာဖြစ်သောကြောင့် "ဘဝင်္ဂဘာဝေါ"ဟု ဆိုလိုလျက် ဘာဝပုဒ်ကို ချေထားသည်ဟု ကြံ၍, တစ်နည်း- ကြိယာ ကို ပဓာနအားဖြင့် ကောက်ယူရသော ဘာဝပွဓာနပုဒ်ဟု ကြံ၍ ထိုဘဝင်စိတ်-ခေါ် ဝိပါက်စိတ်တို့၏ ဖြစ်ကြောင်းဖြစ်ရာ "တစ်ဘဝခန္ဓာအစဉ် မပြတ်အောင် ဆက်စပ်ပေးခြင်းကိစ္စ"ကို ကောက်ယူရပါသည်။

မေး။ ကံအရှိန်ရှိသမျှ တစ်ဘဝလုံး ခန္ဓာအစဉ် မပြတ်ရအောင် ဆောင်ရွက်ပေးနေသောစိတ်တို့ကို ရှင်းချက်နှင့်တကွ ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ ဘဝင်စိတ်-ခေါ် ဝိပါက်စိတ် ၁၉-ပါး (ဥပေက္ခာသဟဂုတ် သန္တီရဏ ၂-ခု၊ မဟာဝိပါက်စိတ် ၈-ခု၊ မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ခု)တို့ ဖြစ်ပါသည်။

ရှင်းချက် - ကံအားလျော်စွာ အတိတ်ဘဝဟောင်း ချုပ်ဆုံးသည်၏အခြားမဲ့၌ ဘဝအသစ်အတွက် ပဋိသန္ဓေစိတ်က ဆက်စပ်ပေးပါသည်။ ထို့နောက် အလားတူ ဝိပါက်စိတ်များ ဆက်လက်၍မဖြစ်လျှင် ပဋိသန္ဓေစိတ်၏ အခြားမဲ့၌ပင် စိတ်အစဉ်ပြတ်၍ တစ်ဘဝအဆုံးသတ်ရပါလိမ့်မည်။ ထိုသို့ အဆုံးမသတ်ရလေအောင် ပဋိသန္ဓေစိတ်၏ အခြားမဲ့၌ ပဋိသန္ဓေစိတ်နှင့်အလားတူ ဝိပါက်စိတ် အစဉ် ဆက်လက်ဖြစ်ပေါ်ရပါသည်။ ထို့နောက် ပဝတ္တိအခါ၌လည်း ဆိုင်ရာ အာရုံအသစ်များအတွက် ဝိထိစိတ်များ ပေါ်ထွက်ပြီးနောက် ထိုဝိထိစိတ်အစဉ် ချုပ်ပျောက်သောအခါ အဆိုပါဝိပါက်စိတ်များ မပေါ်လာပါမူ စိတ်အစဉ်ပြတ်သဖြင့် စိတ္တဇရုပ်, ကမ္မဇရုပ်များလည်း ပြတ်စဲဖွယ်ရှိပါသည်။ ထိုသို့ မပြတ်စဲရလေအောင် ဆက်စပ်ပေးသော ဝိပါက်စိတ်များ ဖြစ်ပေါ်လာရပါသည်။ ထို့ကြောင့် ကံအရှိန်ရှိသမျှ တစ်ဘဝလုံး ခန္ဓာအစဉ် မပြတ်ရအောင် ဆောင်ရွက်ပေးနေသောစိတ်တို့မှာ ဘဝင်စိတ်-ခေါ် ဝိပါက်စိတ် ၁၉-ပါးတို့ ဖြစ်ပါသည်။

မေး။ ဒဿနကိစ္စ, သဝနကိစ္စ, ဃာယနကိစ္စ, သာယနကိစ္စ, ဖုသနကိစ္စတို့၏ အဓိပ္ပာယ်များကို ရေးသားဖြေဆိုပါ။

ဖြေ။ - စက္ခုဒွါရ၌ ထိခိုက်လာသော ရူပါရုံကို ပစ္စက္ခအားဖြင့် ရှုမြင်ခြင်းသည် "ဒဿနကိစ္စ" မည်ပါသည်။

- သောတဒွါရ၌ ထိခိုက်လာသော သဒ္ဒါရုံကို ကြားခြင်းသည် "သဝနကိစ္စ" ဖြစ်ပါသည်။

- ဃာနဒွါရ၌ ထိခိုက်လာသော ဂန္ဓာရုံကို နမ်းရှုခြင်းသည် "ဃာယနကိစ္စ"ဖြစ်ပါသည်။

- ဇိဝှါဒွါရ၌ ထိခိုက်လာသော ရသာရုံကို လျက်ခြင်းသည် "သာယနကိစ္စ" ဖြစ်ပါသည်။

- ကာယဒွါရ၌ ထိခိုက်လာသော ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိခြင်းသည် "ဖုသနကိစ္စ" ဖြစ်ပါသည်။

မေး။ (က) သမ္ပဋိစ္ဆနကိစ္စ (ခ) သန္တီရဏကိစ္စ (ဂ) ဝေါဋ္ဌပ္ပနကိစ္စတို့၏ အဓိပ္ပာယ်များကို ရေးသားဖြေဆိုပါ။

ဖြေ။ (က) ပဉ္စဝိညာဉ်သည် ယူအပ်ပြီးသော ရူပါရုံစသော အာရုံကို ခံယူခြင်းသည်

http://www.dhammadownload.com

"သမ္မဒ္ဓိဏ္ဍနကိစ္စ" မည်ပါသည်။

(ခ) သမ္မဒ္ဓိဏ္ဍိုင်းသည် ခံယူအပ်ပြီးသော အာရုံကို ကောင်းစွာ နှိုင်းခြိန်စုံစမ်းသကဲ့သို့ဖြစ်ခြင်းသည် "သန္ဋိရဏကိစ္စ"မည်ပါသည်။

(ဂ) သန္ဋိရဏသည် စုံစမ်းအပ်ပြီးသော အာရုံကို အသီးသီး ပိုင်းခြား သက်မှတ် ဆုံးဖြတ်ခြင်းသည် "ဝေဋ္ဌပ္ပနကိစ္စ" မည်ပါသည်။

ဝစနတ္ထများ - သမ္မဒ္ဓိစ္ဆိယတေ **သမ္မဒ္ဓိဏ္ဍန်**။ သမ္မာ တီရဏံ **သန္ဋိရဏံ**။ (သုဋ္ဌု တီရိယတေ **သန္ဋိရဏံ**-ဟူ၍သော်လည်း ပြု။) ဝိသုံ ဝိသုံအဝဋ္ဌိန္ဒိတွာ ဌပန် **ဝေဋ္ဌပ္ပန်**။ (ဝဝတ္ထပီယတေ **ဝေဋ္ဌပ္ပန်**-ဟူ၍သော်လည်းပြု။)

မေး။ ဇဝန(ဇော)ကိစ္စ, တဒါရမ္မဏ(တဒါရုံ)ကိစ္စ, စုတိကိစ္စ-တို့၏ အဓိပ္ပာယ်များကို ရေးသားဖြေဆိုပါ။

ဖြေ။ အာရုံ၌ ထိုထိုကိစ္စကို ပြီးစေခြင်း၏အစွမ်းဖြင့် အကြိမ်များစွာဖြစ်စေ, တစ်ကြိမ်တည်းဖြစ်စေ အဟုန်ပြင်းစွာ ပြေးသွားသောယောကျ်ားကဲ့သို့ အဟုန်ပြင်းစွာ-လျင်မြန်စွာဖြစ်ခြင်းသည် "ဇဝန(ဇော)ကိစ္စ" မည်ပါသည်။

ထိုထိုဇောသည် ယူအပ်ပြီးသော အာရုံကို အာရုံပြုခြင်း ထပ်၍ ယူခြင်းသည် "တဒါရမ္မဏ(တဒါရုံ)ကိစ္စ" မည်ပါသည်။

ကမ္မဘဝကြောင့်ဖြစ်သော ဥပပတ္တိဘဝမှ (ဖြစ်ဆဲပစ္စုပ္ပန်ဘဝမှ)ရွှေ့လျောခြင်းသည် "စုတိကိစ္စ" မည်ပါသည်။

ဝစနတ္ထများ - ဇဝတိတိ **ဇဝန်**။ တဿ အာရမ္မဏံ တဒါရမ္မဏံ၊ တဒါရမ္မဏံ အာရမ္မဏံ ယဿာတိ **တဒါရမ္မဏံ**။ (တဒါရမ္မဏ-ဟူသောရှေ့ပုဒ်၌ နောက်ပုဒ်ကျေသော ဗဟုဗ္ဗိဟိသမာသ်ပုဒ်ဖြစ်၏။ ဘာဝပွဓာန, ဘာဝလောပကြံ၍ 'အာရုံပြုခြင်းကြိယာ'ကို ကောက်ယူရသည်-ဟု မှတ်ပါ။) စဝနံ **စုတိ**။

မေး။ "ပဋိသန္ဓိဘဝင်္ဂါဝဇ္ဇန ။ပ။ ဌာနဘေဒေါ ဝေဒိတဗ္ဗော"ဟူသော စကားရပ်ကို အဘယ့်ကြောင့် အရှင်အနုရုဒ္ဓါဆရာ မိန့်ဆိုတော်မူရပါသနည်း။

ဖြေ။ ပဋိသန္ဓေစသော ကိစ္စတို့သည် ဌာန၏အစွမ်းဖြင့် ထင်ရှားကုန်ရကား ယခုအခါထိုဌာနကို အပြားအားဖြင့် ပြလိုသောကြောင့် "ပဋိသန္ဓိဘဝင်္ဂါဝဇ္ဇန ။ပ။ ဌာနဘေဒေါ ဝေဒိတဗ္ဗော"ဟူသော စကားရပ်ကို အရှင်အနုရုဒ္ဓါဆရာ မိန့်ဆိုတော်မူရခြင်း ဖြစ်ပါသည်။

ဆိုလိုရင်း - ဌာနအပြားကို ပြလိုသောကြောင့် မိန့်ဆိုရပါသည်-ဟူလို။

http://www.dhammadownload.com

ခမး။ ပဋိသန္ဓိဌာန်-၌ ဌာန-၏ အဓိပ္ပာယ်ကို **ရေး၍**၊ **အရလည်း** ကောက်ပြပါ။

ခဖြ။ စိတ်နှစ်ခုတို့၏ အကြားဌ် တည်တံ့သောကြောင့်၊ **တစ်နည်း**-ကိစ္စတို့၏ တည်ရာဖြစ်သောကြောင့် ဌာန-မည်ပါသည်။ ပဋိသန္ဓေစသောစိတ်တို့ကို ရပါသည်။

သခေါပဋိကာအလိုကား စိတ်နှစ်ခု တို့၏ အလယ်အကြားဌ် အခြားစိတ် တစ်ခု ဖြစ်လောက်ရာ အခါကာလ-ဟူသော အန္တရပညတ်ကို ယူရပါမည်။

ဝစနတ္ထ - ဒ္ဝိန္နံ စိတ္တာနံ အန္တရာ တိဋ္ဌတီတိ ဌာနံ။

တိဋ္ဌန္တိ ဇေတ္ထ ကိစ္စာနီတိ ဌာနံ၊ ပဋိသန္ဓိအာဒိစိတ္တံ။ (ဇ၊ ၁။ ၃၈၆။)

ဦးကာကျော်ဂဏ္ဌိဆုံးဖြတ်ချက်။ ။ အထက်ဌ် ရေးပြခဲ့သည့်အတိုင်း ဦးကာကျော်, မဏိမဉ္ဇူနှင့် သခေါပဋိကာတို့ ဌာန-အရ အယူအဆ ကွဲပြားလျက် ရှိကြရာဌ် သခေါပဋိကာအလို အတိုင်း **ဌာန**-အရ အန္တရကာလကိုသာ ယူလျှင် စိတ်သည် ဌာန မတပ်၊ အန္တရကာလသာ ဌာနတပ်ရာ၏။ ထိုသို့ ဖြစ်လျှင် "အဋ္ဌသဋ္ဌိ တထာ ဒ္ဝေ စ ။ ပ။ ကိစ္စဌာနာနိ နိဒ္ဒိသေ"ဟူသော အဘိဓမ္မတ္ထသင်္ဂဟဂါထာနှင့် မညီသောကြောင့် ဦးကာကျော်ဆရာ၏ ဝါဒကိုသာ မှတ်ယူသင့်ကြောင်း ဦးကာကျော်ဂဏ္ဌိဌ် ဆုံးဖြတ်ထားပါသည်။ (အကျယ်ကို ယင်းကျမ်းဌ် ရှုပါ။)

အဆုံးအဖြတ် တစ်မျိုး။ ။ဌာန-အရ ပဋိသန္ဓေစိတ် စသည်ကို ယူလျှင် "စုတိ-ဘဝင်္ဂါနံ အန္တရာ ပဋိသန္ဓိဌာနံ"စသောစကားကို ဦးကာကျော်ဆရာ မဆိုထိုက်။ ထို့ပြင်-ပဋ္ဌဝိညာဉ်ကိုလည်း တစ်ဌာနတည်းပေါင်း၍ မယူနိုင်၊ ဘာ့ကြောင့်နည်း? စိတ်သရုပ် ကွဲပြားနေသောကြောင့်တည်း။ ထို့ကြောင့် စုတိ, ဘဝင်တို့၏အကြားကာလ စသည်တို့ကိုသာ ပဋိသန္ဓေစသည် တို့၏ ဌာနအဖြစ် ယူထိုက်ကြောင်း သခေါပဋိကာဌ် ဆိုပါသည်။ ထိုအဆိုသည် ပဋ္ဌဝိညာဉ်ကို တစ်ဌာနတည်းပေါင်း၍ ဌာန ၁၀-ပါးကိုသာ ပြဆိုထားသော အရှင်အနုရုဒ္ဓါဆရာအလိုကျ ဖြစ်သည်ဟု အချို့ဆရာမြတ်တို့က ဆုံးဖြတ်တော်မူကြပြန်ပါသည်။ မည်သည့်အဆုံးအဖြတ်က မှန်သည်ဟု စိစစ်ဝေဖန်တော်မူကြပါကုန်။

မေး။ "ပဋိသန္ဓိဌာန"ဟူသည် အဘယ်နည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ "ပဋိသန္ဓိယာ ဌာနံ ပဋိသန္ဓိဌာနံ"ဟူသော ဝစနတ္ထနှင့်အညီ **ဦးကာကျော် အလို** - ပဋိသန္ဓေ၏ တည်ရာဖြစ်သော စိတ်ဖြစ်သည် "ပဋိသန္ဓိဌာန" မည်ပါသည်။ **သခေါပဋိကာစသည်တို့အလိုကား** - ပဋိသန္ဓေစိတ်၏ တည်ရာဖြစ်သော ကြားကာလသည် "ပဋိသန္ဓေဌာန" မည်ပါသည်။

http://www.dhammadownload.com

ဒမး။ ပဋိသန္ဓေစိတ်မှ လွတ်သောဌာနမည်သည် **မရှိသောကြောင့်** (ပဋိသန္ဓိ-အရုလည်း စိတ်, ဌာန-အရုလည်း စိတ်ဖြစ်၍ ပဋိသန္ဓိ-နှင့် ဌာနတို့-အရ တူသောကြောင့်) "ပဋိသန္ဓိ ဧဝ ဌာနံ ပဋိသန္ဓိဌာနံ"ဟု ကမ္မဓာရည်းသမာသ် ဝစနတ္ထသာ တွဲစပ်သင့်သည် မဟုတ်ပါလော? အဘယ့်ကြောင့် "ပဋိသန္ဓိယာ ဌာနံ ပဋိသန္ဓိဌာနံ"ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် တွဲစပ်ရပါသနည်း ရှင်းလင်းဖြေဆိုပါ။

ခဖြေ။ ပဋိသန္ဓေစိတ်မှ လွတ်သောဌာနမည်သည် မရှိသော်လည်း ယူလွယ်စေခြင်းအကျိုးငှါ (ဉာဏ်ဖြင့် လွယ်ကူစွာ သိနိုင်စေခြင်းအကျိုးငှါ) 'သိလာပုတ္တကဿ သရိရံ" စသော ပုဒ်တို့၌ကဲ့သို့ မကွဲပြားရာ၌လည်း ကွဲပြားသကဲ့သို့ ကြဲခြင်း-ဟူသော အဘေဒဘေဒူပစာအားဖြင့် "ပဋိသန္ဓိယာ ဌာနံ ပဋိသန္ဓိဌာနံ"ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် တွဲစပ်ရ ခြင်း ဖြစ်ပါသည်။

ရှင်းချက်။ ။ "သိလာပုတ္တကဿ၊ သားကလေးသဖွယ် သေးငယ်သောကျောက်တုံးကလေး၏။ သရိရံ၊ ကိုယ်တည်း"ဟု အနက်ပေး။ ကျောက်ဆုံထောင်းရာ၌ အသုံးပြုရသော ကျောက်တုံးကလေးမျိုးကို **"သိလာပုတ္တက"**ဟု ဆိုသည်။ သိလာပုတ္တက-အရ ထိုကျောက်တုံး ကလေးကို ရ၍ သရီရ-အရုလည်း ထိုကျောက်တုံးကလေးကိုပင် ရ၏။ ဤသို့ အရုမကွဲပြားသော်လည်း ကွဲပြားသကဲ့သို့ အဘေဒဘေဒူပစာအားဖြင့် "သိလာပုတ္တဿ သရိရံ"ဟု ဆိုသကဲ့သို့ ၊ ထို့အတူ ပဋိသန္ဓေစိတ်နှင့် ပဋိသန္ဓေဌာနသည် အရုမကွဲပြားသော်လည်း ပြားသကဲ့သို့ အဘေဒဘေဒူပစာအားဖြင့် "ပဋိသန္ဓိယာ ဌာနံ"ဟု ဆိုထားသည်-ဟူလို။

ဘာသာဋီကာဆရာတော်အဆို။ ။ဘာသာဋီကာဆရာတော်က **" ဋီကာကျော်၌ကား 'ပဋိသန္ဓိကိစ္စ အရုလည်း စိတ်, ပဋိသန္ဓိဌာန အရုလည်း စိတ်ပင်တည်း'ဟုယူ၍ ကိစ္စနှင့် ဌာနသည် အရုမပြားပေ၊ သို့သော် 'သိလာပုတ္တကဿ+သရိရံ'ကဲ့သို့ 'ပဋိသန္ဓိယာ+ဌာနံ ပဋိသန္ဓိဌာနံ'ဟု ဝစနတ် ပြုရကြောင်း ဖွင့်ပြ၏"**ဟု ဆိုထားပါသည်။ -ယင်းအဆို၌ မျဉ်းသားထားသော စကားရပ်များကို အထက်၌ ရေးပြထားသော စကားတို့နှင့် နှိုင်းယှဉ်ကြည့်ရှုပါ။

ဃး။ "ပဋိသန္ဓိယာ ဌာနံ ပဋိသန္ဓိဌာနံ"ကို မည်ကဲ့သို့ အနက်ပေးသင့်ကြောင်း စိစစ်ဝေဖန်ပြပါ။

ဖြေ။ ဋီကာကျော်နှင့် မဏိမဉ္ဇူတို့က **ပဋိသန္ဓေစိတ်နှင့် ဌာန**တို့ အရ မပြားဘဲ ပြားသကဲ့သို့ ဆိုထားသည်-ဟု ယူဆသောကြောင့် ၎င်းတို့အလို - "ပဋိသန္ဓိယာ၊ ပဋိသန္ဓေစိတ်၏။ ဌာနံ၊ တည်ရာသည်။ ပဋိသန္ဓိဌာနံ၊ ပဋိသန္ဓေဌာန မည်၏"

http://www.dhammadownload.com

အနက်ပေးသင့်ပါသည်။

မှတ်ချက်။ ။ ဘာသာဋီကာဆရာတော်ကား "ပဋိသန္ဓိယာ၊ ပဋိသန္ဓေစိတ်၏။ ဝါ-ပဋိသန္ဓေကိစ္စ၏"ဟု နှစ်ချက် ပေးတော်မူသည်။ စိစစ်ကြပါကုန်။

မေး။ (က) ပဋိသန္ဓိကိစ္စ (ခ) ပဋိသန္ဓိဌာနတို့၏ အရများကို ကောက်ပြခဲ့ပါ။

ဖြေ။ (က) "ပဋိသန္ဓိကိစ္စ"အရ ဦးကာကျော်အလို - အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝ (ဘဝဟောင်းနှင့် ဘဝသစ်)ကို ဆက်စပ်ပေးခြင်းသဘောကို ရပါသည်။ သခ်ေပ ဦးကာအလိုကား - ပဋိသန္ဓေစိတ်ဖြစ်ပ်ကို ရပါသည်။

(ခ) "ပဋိသန္ဓိဌာန"အရ ဦးကာကျော်အလို - ပဋိသန္ဓေစိတ်ကို ရပါသည်။ သခ်ေပဦးကာအလို - အန္တရဝိဝရပညတ်ကို ရပါသည်။

မေး။ ဦးကာကျော်အလို ပဋိသန္ဓိ-နှင့် ကိစ္စ၊ ပဋိသန္ဓိ-နှင့် ဌာန တူ/မတူကို စိစစ်ဖြေဆိုပါ။

ဖြေ။ ဦးကာကျော်အလို ပဋိသန္ဓိ-အရရော ကိစ္စ-အရပါ အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝ (ဘဝဟောင်းနှင့် ဘဝသစ်)ကို ဆက်စပ်ပေးခြင်းသဘောကိုသာ ရသောကြောင့် ပဋိသန္ဓိ-နှင့် ကိစ္စ တူပါသည်။

ပဋိသန္ဓိ-အရ ပဋိသန္ဓေစိတ်ကို ရ၍၊ ဌာန-အရလည်း အဘေဒဘေဒူပစာအားဖြင့် ၄င်းကိုပင် ရသောကြောင့် ပဋိသန္ဓိ-နှင့် ဌာနလည်း တူပါသည်။

မေး။ ကိစ္စနှင့် ဌာန ထူး/မထူးကို နာနာဝါဒ ဖော်ပြလျက် ရှင်းလင်းဖြေဆိုခဲ့ပါ။

ဖြေ။ ပဋိသန္ဓေအစရှိသော ပရမတ္ထတရားတို့၏ ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးခြင်းစသော အခြင်းအရာသည် "ကိစ္စ"မည်၏။ စုတိ, ဘဝင်စသော ရှေ့စိတ် နောက်စိတ်တို့၏ အကြားဌ် ပဋိသန္ဓေစသော အခြားစိတ်တစ်ခု ဖြစ်လောက်ရာ ခဏငယ် ၃-ချက်တူသော ကြားကာလသည် "ဌာန"မည်၏။ ဤသို့ ထူးပါသည်။ (ဤကား ဝိသုဒ္ဓိမဂ်မဟာဋီကာနှင့်အညီဖြစ်၏။)

ဦးကာကျော်အလို - "ဘဝတော ဘဝသ ပဋိသန္ဓာန် ပဋိသန္ဓိကိစ္စံ" စသော အဖွင့်ကို ထောက်လျှင် "အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝကို ဆက်စပ်ပေးခြင်းစသော သဘောသတ္တိသည် 'ကိစ္စ'မည်၏။ ထိုသဘောသတ္တိရှိသော ပဋိသန္ဓေစိတ်ဖြစ်စသည် သည် 'ဌာန' မည်၏။ ဤသို့ ထူးပါးသည်"ဟု ဆိုရပါမည်။ -<u>သတ္တိ, သတ္တိမန္တ ထူးသည်</u>-ဟု ဆိုလိုရင်း ဖြစ်ပါသည်။

http://www.dhammadownload.com

"ဣမာနိ ပန ကိစ္စာနိ ဌာနဝသေန ပါကဋာနိ ဟောန္တိ - ဤကိစ္စတို့သည် ဌာန၏အစွမ်းဖြင့် ထင်ရှားကုန်၏"ဟူသော အဖွင့်ကို ထောက်လျှင်ကား ကိစ္စနှင့် ဌာန အတူတူပင် ဖြစ်သည်-ဟု ဆိုရပါမည်။

သခ်ေပဋိကာအလို - ပဋိသန္ဓေစိတ်ဒြပ်စသည်သည် "ကိစ္စ"မည်၏။ စုတိ, ဘဝင်စသည်တို့၏ အကြားကာလဟူသော အန္တရဂိဝရပညတ်သည် "ဌာန" မည်၏။ ဤသို့ ထူးပါးသည်။ **-ပရမတ်, ပညတ် ထူးသည်**-ဟူလို။

"အဋ္ဌသဋ္ဌိ တထာ ဒွေ စ ။ပ။ ကိစ္စဌာနာနိ နိဒ္ဒိဋ္ဌေ"ဟု ကိစ္စနှင့် ဌာနတို့ကို ထပ်တူထပ်မျှပြသော အရှင်အနုရုဒ္ဓါအလိုကား ကိစ္စနှင့် ဌာနတို့ မထူးပါ။

(ဆောင်)- **ဆက်စပ်ပေးခြင်း၊ မယွင်းမှားလှ၊ ခြင်းရာက၊ ကိစ္စ-ဟူ၍ဆို၊ အကြားခေါ်ရ၊ ထိုကာလ၊ ဌာန 'သုဒ္ဓိမဟာ'ဆို။ (ဝိသုဒ္ဓိမဂ် မဟာဋီကာ၌ ဆို၏-ဟူလို။)**

- **သတ္တိ+သတ္တိမန်၊ ကိစ္စ+ဌာန်၊ ထူးဟန် 'ဋီကာ'အလို။**
- **တစ်နည်းမှာမူ၊ မထူးဟူ၊ မှတ်ယူကြစေလို။**
- **ပရမတ်+ပညတ်၊ ထူးခြားလတ်၊ ခွဲမှတ် 'သခ်ေပ' အလို။**
- **ထိုနှစ်မျိုးမှာ၊ မထူးပါ၊ ဆရာ 'နုရုဒ်'အလို။**

မေး။ (၁) ပဋိသန္ဓေစိတ်, (၂)ပဋိသန္ဓေကိစ္စ, (၃)ပဋိသန္ဓေဌာန-ဟူသော ၃-မျိုးသုံးစားတို့၏ သဘောသဘာဝကို ဥပမာဆောင်ပြလျက် ထင်ရှားအောင် ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ လောကဌ် ဖြစ်ပွားပေါ်ပေါက်လာသော အမှုတစ်ခုကို စီရင်ဆုံးဖြတ်ရာ၌ (၁) တရားသူကြီး (၂) တရားစီရင်မှုကိစ္စ (၃) တရားစီရင်ရာရုံးဌာန-ဟူ၍ ၃-မျိုး ၃-စား ရှိသကဲ့သို့, ထို့အတူ (၁) ပဋိသန္ဓေစိတ်, (၂)ပဋိသန္ဓေကိစ္စ, (၃)ပဋိသန္ဓေဌာန-ဟူ၍ ၃-မျိုး ၃-စားရှိရာ ပဋိသန္ဓေစိတ်သည် တရားသူကြီးနှင့် တူပါသည်။ ပဋိသန္ဓေကိစ္စသည် တရားစီရင်မှုကိစ္စနှင့် တူပါသည်။ တရားစီရင်ရာ ရုံးဌာနသည် ပဋိသန္ဓေ ဌာနနှင့် တူပါသည်။ (ဘာသာဋီကာ)

(ဆောင်) **တရားသူကြီး၊ တစ်သီး စီရင်၊ ထို့ပြင် ရုံး-ပါ၊ ဥပမာ၊ သုံးဖြာပြကြလေ။ စိတ်နှင့် ကိစ္စ၊ ဌာန တစ်ဖြာ၊ သုံးမျိုးမှာ၊ စဉ်ကာ မှတ်ကြလေ။**

မေး။ ပဉ္စဝိညာဏဌာန-ဟူသည် အဘယ်နည်း ဖြေဆိုပါ။

ဖြေ။ စက္ခုဝိညာဉ်စသော ၅-ပါးသောစိတ်တို့၏ ဖြစ်ရာဌာနသည် "ပဉ္စဝိညာဏဌာန" မည်ပါသည်။

http://www.dhammadownload.com

မေး။ ဌာန ၂၅-ပါးကို အကျဉ်းချုပ် ရေတွက်ပြခဲ့ပါ။

ဖြေ။ ပဋိသန္ဓေ ၁-ဌာန၊ ဘဝင် ၆-ဌာန၊ အာဝဇ္ဇန်း ၂-ဌာန၊
ပဉ္စဝိညာဉ် ၁-ဌာန၊ သမ္ပဋိစ္ဆိုင်း ၁-ဌာန၊ သန္တီရဏ ၁-ဌာန၊
ဝုဋ္ဌော ၂-ဌာန၊ ဇော ၆-ဌာန၊ တဒါရုံ ၂-ဌာန၊
စုတိ ၃-ဌာန။ ပေါင်း ၂၅-ဌာန ဖြစ်ပါသည်။

(ဆောင်) သန္ဓိ-စေ၊ ဆ-ဘဝင််။
ဒွေ အာဝဇ္ဇ၊ ပဉ္စ စေ်။
သမ်, သန် နှစ်၀၊ တူမျှ စေ်၊
ဝုဋ္ဌော ဒွ၊ ဇော, က ဆဌာန်။
တဒါ ဒွိ၊ စုတိ တိဌာန်။

မေး။ (က) ပဋိသန္ဓေ ၁-ဌာန (ခ) ပဉ္စဝိညာဉ် ၁-ဌာန (ဂ) သမ္ပဋိစ္ဆိုင်း ၁-ဌာန
(ဃ) သန္တီရဏ ၁-ဌာနတို့ကို ဖော်ပြခဲ့ပါ။

ဖြေ။ (က) စုတိနှင့် ဘဝင်တို့၏ အကြား ဖြစ်ပါသည်။
(ခ) ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းတို့၏ အကြား ဖြစ်ပါသည်။
(ဂ) ပဉ္စဝိညာဉ်နှင့် သန္တီရဏတို့၏ အကြား ဖြစ်ပါသည်။
(ဃ) သမ္ပဋိစ္ဆိုင်းနှင့် ဝုဋ္ဌောတို့၏ အကြား ဖြစ်ပါသည်။

အမှာ။ ။ "တိ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ"စသော ဝိထိချုပ်ကို သတိပြုပါ။ အကျယ်ကို (ဇူ၊ ၁။ ၃၈၆)-စသည်၌ ရှုပါလေ။

မေး။ (က) အာဝဇ္ဇန်း ၂-ဌာန (ခ) ဝုဋ္ဌော ၂-ဌာန (ဂ) တဒါရုံ ၂-ဌာနတို့ကို ဖော်ပြပါ။

ဖြေ။ (က) ၁။ ဘဝင် နှင့် ပဉ္စဝိညာဉ်တို့၏ အကြား။
၂။ ။ ဇောတို့၏ အကြား။

(ခ) ၁။ သန္တီရဏနှင့် ဇောတို့၏ အကြား။
၂။ ။ ဘဝင်တို့၏ အကြား။

(ဂ) ၁။ ဇော နှင့် ဘဝင်တို့၏ အကြား။
၂။ ။ စုတိတို့၏ အကြား ဖြစ်ပါသည်။

မေး။ (က) ဘဝင် ၆-ဌာန (ခ) ဇော ၆-ဌာန (ဂ) စုတိ ၃-ဌာနတို့ကို ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ (က) ၁။ပဋိသန္ဓေ နှင့် အာဝဇ္ဇန်းတို့၏ အကြား။
၂။ ဇော နှင့် ။
၃။ တဒါရုံ နှင့် ။
၄။ ဝုဋ္ဌော နှင့် ။
၅။ ဇော နှင့် စုတိတို့၏ အကြား။
၆။ တဒါရုံ နှင့် ။ ဖြစ်ပါသည်။

(ခ) ၁။ ဝုဋ္ဌော နှင့် တဒါရုံတို့၏ အကြား။
၂။ ။ ဘဝင် ။
၃။ ။ စုတိ ။
၄။ မနောဒွါရာဝဇ္ဇန်းနှင့် တဒါရုံတို့၏ အကြား။
၅။ ။ ဘဝင် ။
၆။ ။ စုတိ ။ ဖြစ်ပါသည်။

(ဂ) ၁။ ဇော နှင့် ပဋိသန္ဓေတို့၏ အကြား။
၂။ တဒါရုံ နှင့် ။
၃။ ဘဝင် နှင့် ။ ဖြစ်ပါသည်။

(ဆောင်) - ပ+အာ, ဇ+အာ၊ တ+အာ, ဝေါ+အာ၊
ဇ+စု, တ+စု၊ ပေါင်း ခြောက်ခု၊ မှတ်ရှု ဘဝင်ဌာနတည်း။
- ဝေါ+တ, ဝေါ+ဘ၊ ဝေါ+စု၊
အာ+တ, အာ+ဘ၊ အာ+စု၊ ပေါင်းခြောက်ခု၊ မှတ်ရှု ဇဝနဌာနတည်း။
- ဇ+ပ, တ+ပ, ဘ+ပ၊ ပေါင်းသုံးဝ၊ မှတ်ကြ စုတိဌာနတည်း။

အထူးသိစေခြင်း။ ။ ပထမအကြိမ်ရိုက်စာအုပ်၌ သခ်ေပဝဏ္ဏနာလာ ဂါထာများကို သိလွယ်အောင် မျဉ်းစောင်းများ ထည့်စွက်ကာ ရိုက်နှိပ်စေခဲ့ပါသည်။ မိမိစာအုပ်ကို ပုံတူကူးချသော ကျမ်းစာအတုဌ်လည်း ထိုအတိုင်းပင် ရိုက်နှိပ်ထားသည်ကို တွေ့ရပါသည်။ ယခု ဒုတိယအကြိမ်ရိုက်နှိပ်ရာ၌ကား တစ်မူထူးခြားသွားစေရန်နှင့် မှတ်သားရလွယ်ကူစေရန် များသော ဌာနများကို နီယံစီကုံးပြလိုက်ခြင်း ဖြစ်ပါသည်။

"အတုအယောင်ဘေး၊ ကင်းစင်ဝေး၊ ချမ်းအေးသာယာကြပါစေ"

မေး။ သန္ဓိရဏချင်း အတူတူဖြစ်ပါလျက် အဘယ့်ကြောင့် ဥပေက္ခာသဟဂုတ် သန္ဓိရဏနှစ်ပါးတို့သာ ပဋိသန္ဓေ, ဘဝင်, စုတိ ကိစ္စ တပ်ကြရပါသနည်း။

http://www.dhammadownload.com

ဖြေ။ သောမနဿသန္ဓိရဏာသည် ပဋိသန္ဓေကိစ္စ၏အစွမ်းဖြင့် ဖြစ်ခြင်းရှိသောစိတ်၏အဖြစ် မရှိသောကြောင့် (ပဋိသန္ဓေကိစ္စ၏အစွမ်းဖြင့် ဖြစ်ခြင်းသဘော မရှိသောကြောင့်) ဥပေက္ခာသဟဂတ် သန္ဓိရဏာနှစ်ပါးတို့သာ ပဋိသန္ဓေ, ဘဝင်, စုတိ ကိစ္စ တပ်ကြရပါသည်။

အမှာ။ ။ စာမေးပွဲတို့၌ "သောမနဿသန္ဓိရဏာသည် အဘယ့်ကြောင့် ပဋိသန္ဓေကိစ္စ မတပ်ရပါသနည်း"ဟု မေးတတ်သည်။ "သောမနဿသန္ဓိရဏာသည် ပဋိသန္ဓေကိစ္စ၏အစွမ်းဖြင့် ဖြစ်ခြင်းသဘော မရှိသောကြောင့် ပဋိသန္ဓေကိစ္စ မတပ်ပါ"ဟု ဖြေပါ။ အကြောင်း နှင့် အကျိုး မကွဲသကဲ့သို့ ဖြစ်သော်လည်း ဤအဖြေမှတစ်ပါး အခြားဖြေစရာ မရှိပါ။

မေး။ သောမနဿသန္ဓိရဏာ၏ ပဋိသန္ဓေကိစ္စ၏ အစွမ်းဖြင့် ဖြစ်ခြင်းသဘော မရှိကြောင်းကို ခိုင်မာသော အထောက်သာဓကဖြင့် ရှင်းပြပါ။

ဖြေ။ ပဋ္ဌာန်းကျမ်းဝယ် "ဥပေက္ခာသဟဂတံ ဓမ္မံ ပဋိစ္စ ဥပေက္ခာသဟဂတော ဓမ္မော ဥပ္ပဇ္ဇတိ နဟေတုပဋိသာ"ဟူ၍လာသော **ဥပေက္ခာသဟဂတ-ပုဒ်၏ ဝိဘင်းပါဠိတော်၌** ပဝတ္တိအခါ, ပဋိသန္ဓေအခါတို့၏ အစွမ်းဖြင့် ပဋိစ္စနည်းကို ထုတ်ဆောင်ဟောကြားတော်မူပါသည်။ **ပီတိသဟဂတ, သခသဟဂတ-ပုဒ်တို့၏ ဝိဘင်းပါဠိတော်၌ကား** ပဝတ္တိအခါ၏ အစွမ်းဖြင့်သာ ထုတ်ဆောင်ဟောကြား၍ ပဋိသန္ဓေ၏အစွမ်းဖြင့် မထုတ်ဆောင် မဟောကြားပါ။ ထိုသို့ မထုတ်ဆောင်မဟောကြားသည်ကို ထောက်၍ သောမနဿသန္ဓိရဏာ၏ ပဋိသန္ဓေကိစ္စ၏ အစွမ်းဖြင့် ဖြစ်ခြင်းသဘော မရှိကြောင်းကို သိရပါသည်။

အမှာ။ ။ ပဋ္ဌာန်းပါဠိတော် အပြည့်အစုံကို ဦးကာစာကိုယ်၌ ကြည့်ပါ။

မေး။ မနောဒွါရာဝဇ္ဇန်းသည် ပရိတ္တာရုံ၌ ၂-ကြိမ်, ၃-ကြိမ်ဖြစ်သောကြောင့် ဇောကိစ္စ တပ်သင့်သည် မဟုတ်ပါလော? အဘယ့်ကြောင့် ဇောကိစ္စ မတပ်ရပါသနည်း။

ဖြေ။ မနောဒွါရာဝဇ္ဇန်းသည် ပရိတ္တာရုံ၌ ၂-ကြိမ်, ၃-ကြိမ်ဖြစ်သော်လည်း အာရုံ၏အရသာကို ခံစားခြင်းသဘော မရှိသောကြောင့် ဇောကိစ္စ မတပ်ပါ။

ပရမတ္ထဒီပနီဋီကား "အားနည်း၍ လျင်သောအဟုန်ဖြင့် ဖြစ်ခြင်း မရှိသောကြောင့်" ဟု အကြောင်းပြပါသည်။

သိမှတ်ဖွယ်။ ။ မိမိနှင့် မတူသော စိတ်အစဉ်ကို နောက်၌ဖြစ်စေရခြင်း၏ အစွမ်းဖြင့် ဗျာပါရတစ်ပါးကို ငဲ့နေရသောကြောင့် မနောဒွါရာဝဇ္ဇန်းသည် အာရုံ၏ အရသာကို မခံစားနိုင်ပါ။ (စိတ်ပိုင်းပြန်ကြည့်)

http://www.dhammadownload.com

မေး။ အရှင်အနုရုဒ္ဓါဆရာသည် ဇောကိစ္စတပ်သောစိတ်တို့ကို ပြရာ၌ မနောဒ္ဓါရာဝဇ္ဇန်းသည် ပရိတ္တာရုံ၌ ၂-ကြိမ်, ၃-ကြိမ်ဖြစ်သည့်အတွက် ဇောကိစ္စတပ်သင့်သောကြောင့် "ပဥ္စဒ္ဓါရာဝဇ္ဇနဝဇ္ဇီတာနိ"ဟု ဆိုသင့်ပါလျက် မဆိုဘဲ အဘယ့်ကြောင့် "အာဝဇ္ဇနဒ္ဝယဝဇ္ဇီတာနိ"ဟု မိန့်ဆိုရပါသနည်း။

ဖြေ။ မနောဒ္ဓါရာဝဇ္ဇန်းသည် ပရိတ္တာရုံ၌ ၂-ကြိမ်, ၃-ကြိမ်ဖြစ်သော်လည်း အာရုံ၏ အရသာကို ခံစားခြင်းသဘော မရှိသောကြောင့် ဇောကိစ္စ မတပ်ပါ။ ထို့ကြောင့် "ပဥ္စဒ္ဓါရာဝဇ္ဇနဝဇ္ဇီတာနိ"ဟု မဆိုဘဲ "အာဝဇ္ဇနဒ္ဝယဝဇ္ဇီတာနိ"ဟု မိန့်ဆိုရခြင်း ဖြစ်ပါ သည်။

မေး။ မနောဒ္ဓါရာဝဇ္ဇန်း၏ ဇောကိစ္စ မတပ်ကြောင်းကို အဘယ်ကိုထောက်၍ သိရပါသနည်း။

ဖြေ။ အဋ္ဌသာလိနီအဋ္ဌကထာ အဗျာကတပဒ ဝိပါကုဒ္ဓါရကထာအဖွင့် (၃၁၀)၌ "ဇဝနံ ဟုတ္ဝာ"ဟု မဖွင့်ဘဲ "ဇဝနဋ္ဌာနေ ဌတ္ဝာ"ဟု ဖွင့်ထားသည်ကို ထောက်၍ သိရပါသည်။

ရှင်းချက်။ ။ မနောဒ္ဓါရာဝဇ္ဇန်းသည် အကယ်၍ ဇောကိစ္စတပ်နိုင်လျှင် "ဇဝနံ ဟုတ္ဝာ"ဟု ဖွင့်ရပါမည်။ ထိုသို့ မဖွင့်ဘဲ "ဇဝနဋ္ဌာနေ ဌတ္ဝာ"ဖွင့်ထားသောကြောင့် ၎င်း၏ ဇောကိစ္စ မတပ်ကြောင်းကို သိရပါသည်။

မေး။ ဇောမဟုတ်သော်လည်း ဇောအရာ၌တည်သောစိတ်ကို ဖော်ပြပါ။

ဖြေ။ မနောဒ္ဓါရာဝဇ္ဇန်း ဖြစ်ပါသည်။

မေး။ ဇောကိစ္စပယ်သောစိတ်များကို အကျဉ်း အကျယ် နည်းနှစ်သွယ်တို့ဖြင့် ဖော်ပြပါ။

ဖြေ။ **ဇောကိစ္စဉ်း စု၉-ပါးရေတွက်နည်းဖြင့်** - လောကီ, လောကုတ္တရာကုသိုလ်စိတ် ၂၁-ပါး၊ အကုသိုလ်စိတ် ၁၂-ပါး၊ လောကုတ္တရာဖိုလ်စိတ် ၄-ပါး၊ ကာမ, ရူပ, အရူပ ကြိယာစိတ် ၁၈-ပါး၊ ပေါင်း ဇောကိစ္စတပ်သောစိတ် ၅၅-ပါး ဖြစ်ပါသည်။

စိတ်အကျယ် ၁၂၁-ပါးရေတွက်နည်းဖြင့် - လောကီ, လောကုတ္တရာကုသိုလ်စိတ် ၃၇-ပါး၊ အကုသိုလ်စိတ် ၁၂-ပါး၊ လောကုတ္တရာဖိုလ်စိတ် ၂၀၊ ကာမ, ရူပ, အရူပ ကြိယာစိတ် ၁၈-ပါး၊ ပေါင်း ဇောကိစ္စတပ်သောစိတ် ၈၇-ပါး ဖြစ်ပါသည်။ (မူ၊ ၁၂၇။ ဋီ၊ ၁။ ၃၈၉-၉၀။)

http://www.dhammadownload.com

သိမှတ်ဖွယ်။။ လောကုတ္တရဖလစိတ္တာနိ-၌ လောကုတ္တရ-ဟူသော ဝိသေသနကို အခြားလျှင်းပါးစရာ မရှိသောကြောင့် ယထာဘူတကထနဝိသေသန-ဟု မှတ်ပါ။

မေး။ မဂ်စိတ်-စသည်တို့သည် စိတ္တက္ခဏ တစ်ကြိမ်သာ ဖြစ်ပါလျက် အဘယ့်ကြောင့် ဇောကိစ္စ တပ်ရပါသနည်း။

ဖြေ။ မဂ်စိတ်-စသည်တို့သည် စိတ္တက္ခဏ တစ်ကြိမ်သာဖြစ်ပါသော်လည်း အာရုံ၏ အရသာကို ခံစားခြင်း-ဟူဆော ဇောသဘောရှိသောကြောင့်၊ **(တစ်နည်း)** အာရုံ၌ ထိုထိုကိစ္စကို ပြီးစေခြင်း၏ အစွမ်းဖြင့် အဟုန်ဖြင့်ပြေးသွားသော ယောကျ်ားကဲ့သို့ အဟုန်ပြင်းစွာဖြစ်ခြင်း-ဟူသော ဇောသဘောရှိသောကြောင့်) ဇောကိစ္စ တပ်ရခြင်း ဖြစ်ပါသည်။

သိမှတ်ဖွယ်။။ လောကုတ္တမဂ္ဂါဒိကံ-၌ အာဒိ သဒ္ဒါဖြင့် တစ်ရံတစ်ခါ တစ်ကြိမ်သာ ဖြစ်တတ်သော ဖိုလ်စိတ် ၄-ခု၊ ရှေးဦးစွာဖြစ်သော အပွနာ၌ မဟဂ္ဂုတ်စိတ်၊ အဘိညာဉ်စိတ်တို့ကို ယူပါ။

မေး။ မဂ်စိတ်စသည်တို့ တစ်ကြိမ်သာဖြစ်ပါသော်လည်း ဇောသဘောရှိသောကြောင့် ဇောအမည်ရပုံကို ဥပမာဆောင် ထင်ရှားအောင် ဖြေဆိုပါ။

ဖြေ။ သဗ္ဗညုတဉာဏ်တော်သည် တစ်ခုတစ်ခုသောအာရုံကို အာရုံပြုခိုက် သိခိုက်၌လည်း အလုံးစုံသောအာရုံကို ထိုးထွင်း၍ သိစွမ်းနိုင်သောသတ္တိရှိသောကြောင့် တစ်ရံတစ်ခါမျှ သဗ္ဗညုတဉာဏ် ဟူသောအမည်ကို မစွန့်သကဲ့သို့ (သဗ္ဗညုတဉာဏ်-ဟူသောအမှည်ကို ရသကဲ့သို့)၊ ထို့အတူ မဂ်စိတ်စသည်တို့ တစ်ကြိမ်သာဖြစ်ပါသော်လည်း အာရုံ၏အရသာကို ခံစားခြင်း (အဟုန်ပြင်းစွာဖြစ်ခြင်း) ဟူသော ဇောသဘော ရှိသောကြောင့် ဇော-ဟူသောအမည်ကို မစွန့်ပါ (ဇော-ဟူသောအမည်ကို ရပါသည်)။

မေး။ တံသဘာဝဓန္တာယ ဇဝနကိစ္စံ နာမ-၌ တံသဘာဝ-အရ "ဇောသဘော" ဟူသည် အဘယ်နည်း ဖြေဆိုပါ။

ဖြေ။ "ဇောသဘော" ဟူသည် အာရုံ၏အရသာကို ခံစားခြင်းသဘော၊ **(တစ်နည်း)** အာရုံ၌ ထိုထိုကိစ္စကို ပြီးစေခြင်း၏ အစွမ်းဖြင့် အဟုန်ဖြင့် ပြေးသွားသော ယောကျ်ားကဲ့သို့ အဟုန်ပြင်းစွာဖြစ်ခြင်းသဘော ဖြစ်ပါသည်။

(ဒု။ ၁။ ၃၉၀။)

http://www.dhammadownload.com

(ဆောင်) - အာရုံအရသာ၊ ခံစားတာ၊ မှတ်ပါ ဇောသဘော။
- အဟုန်ပြင်းစွာ၊ ဖြစ်ခြင်းဟာ၊ မှတ်ပါ ဇောသဘော။

မေး။ တတ္ထ ဒွေ-အစရှိသော စကားရပ်ဖြင့် ထိုထိုကိစ္စရှိသော စိတ်အားလုံးကို ပြဆိုပြီး မဟုတ်ပါလော? ထိုသို့ ပြဆိုပြီးဖြစ်ပါလျက် အဘယ့်ကြောင့် "တေသု ဗန" အစရှိသော စကားရပ်ကို တစ်ဖန် ထပ်မံ၍ မိန့်ဆိုရပြန်ပါသနည်း၊ ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ ကိစ္စအပြားအားဖြင့် ဆိုအပ်ခဲ့ပြီးသော စိတ်တို့ကိုပင် အကြင်အကြင် မိမိ ဥစ္စာဖြစ်သော ရထိုက်သောကိစ္စတို့ကို ရေတွက်ခြင်း၏အစွမ်းဖြင့် ပေါင်း၍ ပြလိုသောကြောင့် တတ္ထ ဒွေ-အစရှိသော စကားရပ်ဖြင့် ထိုထိုကိစ္စရှိသောစိတ်အားလုံးကို ပြဆိုပြီးဖြစ်ပါလျက် "တေသု ပန" အစရှိသော စကားရပ်ကို တစ်ဖန် ထပ်မံ၍ မိန့်ဆိုရ ပြန်ခြင်း ဖြစ်ပါသည်။

မေး။ ပဋိသန္ဓာဒယော နာမ-ကိစ္စဘေဒေန-၌ နာမ, ကိစ္စသရုပ်တို့ကို ဖော်ထုတ် ပြပါ။

ဖြေ။ နာမ-အရ ပဋိသန္ဓေ အစရှိသော အမည်များကို ရပါသည်။
ကိစ္စ-အရ ပဋိသန္ဓေ အစရှိသော ကိစ္စတို့ကို ရပါသည်။

မေး။ ပဋိသန္ဓာဒယော နာမ-အစရှိသောဂါထာကို ဋီကာဖွင့်နှင့်အညီ အနက် ၂-နည်း ပေးပြခဲ့ပါ။

ဖြေ။ (၁) ပဋိသန္ဓာဒယော၊ ပဋိသန္ဓေ အစရှိကုန်သော။ စိတ္တာပ္ပါဒါ၊ စိတ်တို့ကို။ နာမကိစ္စဘေဒေန၊ ပဋိသန္ဓေအစရှိသော အမည်, ပဋိသန္ဓေအစရှိသော ကိစ္စတို့၏ အပြားအားဖြင့်။ စုဒ္ဒသ၊ တစ်ဆယ့်လေးပါး အပြားရှိကုန်၏ ဟူ၍။ ပကာသိတာ၊ ပြအပ်ကုန်၏။ ဌာနဘေဒေန၊ ပဋိသန္ဓေ အစရှိသည်သာလျှင် ဖြစ်ကုန်သော ဌာနတို့၏ အပြားအားဖြင့်။ ဒသမာ၊ ဆယ်ပါးအပြားရှိကုန်၏ ဟူ၍။ ပကာသိတာ၊ ပြအပ်ကုန်၏။

(၂) ပဋိသန္ဓာဒယော နာမ၊ ပဋိသန္ဓေ အစရှိသည် မည်ကုန်သော။ စိတ္တာပ္ပါဒါ၊ စိတ်တို့ကို။ ကိစ္စဘေဒေန၊ ပဋိသန္ဓေ အစရှိသော ကိစ္စတို့၏အပြားအားဖြင့်။ စုဒ္ဒသ၊ ဟူ၍။ ပကာသိတာ၊ ကုန်၏။ (အကြွင်း တူပြီ။)

နည်း ၂-ပါး ထူးခြားချက်။ ။ ပထမနည်း၌ နာမ-ကို ကိစ္စဘေဒေန-နှင့် စပ်၍၊ ဒုတိယနည်း၌ ပဋိသန္ဓာဒယော-နှင့် စပ်ရသည်။

http://www.dhammadownload.com

မေး။ စိတ္တုပ္ပါဒါ ပကာသိတာ-၌ စိတ္တုပ္ပါဒ-အရကို ကောက်ပြပါ။
ဖြေ။ စိတ္တုပ္ပါဒ-အရ စိတ်တို့ကို ယူရပါမည်။
ဝစနတ္ထ။ ။ ဥပ္ပဇ္ဇန္တီတိ ဥပ္ပါဒါ။ စိတ္တာနိ ဧဝ ဥပ္ပါဒါ စိတ္တုပ္ပါဒါ။

ကိစ္စသင်္ဂဟအဖွင့် ပြီး၏။

ဒွါရသင်္ဂဟအဖွင့် (၁၂၈)

မေး။ "ဒွါရသင်္ဂဟ"၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရေးသားပါ။
ဖြေ။ (၁) ဒွါရတို့ကိုလည်းကောင်း၊ ဒွါရ၌ဖြစ်သော စိတ်တို့ကိုလည်းကောင်း ပိုင်းခြားခြင်း၏အစွမ်းဖြင့် ဖြစ်သော သင်္ဂဟသည် "ဒွါရသင်္ဂဟ" မည်ပါသည်။
(၂) ဒွါရအားဖြင့် မှတ်သားအပ်သော သင်္ဂဟသည် "ဒွါရသင်္ဂဟ" မည်ပါသည်။

ဝစနတ္ထများ

(၁) ဒွါရာနိ စ ဒွါရိကစိတ္တာနိ စ ဒွါရာနိ။ ဒွါရာနံ သင်္ဂဟော ဒွါရသင်္ဂဟော၊
(၂) ဒွါရတော လက္ခိတော သင်္ဂဟော ဒွါရသင်္ဂဟော။

မေး။ "ဒွါရသင်္ဂဟ"ဟူရာ၌ ဒွါရ-အရ ဖြစ်သင့်သမျှကို ဖော်ပြခဲ့ပါ။
ဖြေ။ ဒွါရ-အရ ဒွါရ ၆-ပါးတို့ကိုလည်းကောင်း၊ ထိုဒွါရ ၆-ပါးရှိသော စိတ်တို့ကိုလည်းကောင်း ကောက်ယူရပါမည်။

မေး။ ဒွါရသင်္ဂဟ-ဟူရာ၌ ဒွါရ-အဓိပ္ပာယ်ကို ပေါ်လွင်ထင်ရှားအောင် ဖွင့်ဆိုရေးသားပါ။
ဖြေ။ ပကတိတံခါးပေါက်သည် ထွက်သူ, ဝင်သူ နှစ်ယောက်သောလူတို့၏ ဖြစ်ရာဖြစ်ကြောင်း(ထွက်ဝင်ရာ ထွက်ဝင်ကြောင်း)ဖြစ်သကဲ့သို့၊ ထို့အတူ မနောဒွါရာဝဇ္ဇန်းစသော နာမ်တရားတို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် ပကတိတံခါးများနှင့် ကူရကား ဂလျုပကာရ ဖြစ်သည်ဖြစ်၍ "ဒွါရ"ဟု ခေါ်ဆိုရပါသည်။

http://www.dhammadownload.com

မေး။ ဒွါရ-ပုဒ်ကို ဝစနတ္ထပြု၍ အရကောက်များကိုလည်း အသီးသီး ကောက်ပြခဲ့ပါ။

ဖြေ။ ဒွေ ဇနာ အရန္တိ ဂစ္ဆန္တိ ဧတ္ထ, ဧတေဟီတိ ဝါ ဒွါရာနိ။

ထွက်သူ, ဝင်သူ နှစ်ယောက်သောလူတို့၏ ဖြစ်ရာဖြစ်ကြောင်း(ထွက်ဝင်ရာ ထွက်ဝင်ကြောင်း)ဖြစ်သော ပကတိတံခါးပေါက်ကို ရ၏။

တစ်နည်း - ဒွေ ကိစ္စာနိ အရန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ ဧတ္ထ, ဧတေဟီတိ ဝါ ဒွါရာနိ။ ထွက်ခြင်း, ဝင်ခြင်းဟူသော ကိစ္စနှစ်ရပ်တို့၏ ဖြစ်ရာ ဖြစ်ကြောင်း ဖြစ်သော ပကတိတံခါးပေါက်ကို ရ၏။

ဒွါရာနိ ဝိယာတိ ဒွါရာနိ။ စက္ခုပသာဒ စသည်ကို့ကို ရ၏။

မေး။ သင်္ဘာအဋ္ဌကထာ၌ "စက္ခုမေဝ စက္ခုဒ္ဒွါရံ"ဟု ဆိုကားရာ ယင်းအဆိုနှင့် အညီ စက္ခုဒ္ဒွါရံ-ပုဒ်ကို ဝစနတ္ထပြုပြခဲ့ပါ။

ဖြေ။ စက္ခုမေဝ ဒွါရံ စက္ခုဒ္ဒွါရံ-ဖြစ်ပါသည်။ (အဋ္ဌကထာစကားကို ပြုပြုပြင်-ဟု မှတ်ပါ။)

မေး။ စက္ခုမေဝ-၌ စက္ခု-အရ ယူရမည့် စက္ခု, မယူရမည့် စက္ခုတို့ကို ဖော်ပြ၍၊ ယင်း၌ ဧဝ-သဒ္ဒါဖြင့် အဘယ်ကို ငြင်းစေပါသနည်း ဖြေဆိုပါ။

ဖြေ။ စက္ခု-အရ ယူရမည့် စက္ခုမှာ ပသာဒစက္ခု ဖြစ်ပါသည်။ မယူရမည့် စက္ခုမှာ ပညာစက္ခု စသည်ကို့ ဖြစ်ပါသည်။

ဧဝ-သဒ္ဒါဖြင့် သတ္တ[illegible] စသည်တို့ကို နှစ်စေသည်-ဟု မကိမဇ္ဈေ၌ ဖွင့်ပါသည်။ ဆရာပြင်ကို့ကား စက္ခုပသာဒရုပ်၌ စက္ခုပသာဒရုပ်မှ တစ်ပါး အခြားသော [illegible]များကို နှင်[illegible]သည်-ဟု မိန့်ဆိုကြပါသည်။

မေး။ မနောဒ္ဒါရံ ပန ဘဝင်္ဂန္တိ ပဝုစ္စတိ-ကို အနက်မှန်ကန်စွာ ပေးပြပါ။

ဖြေ။ ပန၊ ပစ္စဒ္ဒါရမှတစ်ပါး မနောဒ္ဒါရကို ဆိုဦးအံ့။ ဘဝင်၊ အာဝဇ္ဇန်း၏ အခြားမဲ့ ဖြစ်သော ဘဝင်္ဂုပဋ္ဌေး ၁၉-ခုကို။ မနောဒ္ဒါရန္တိ၊ မနောဒ္ဒါရ-ဟူ၍။ ပဝုစ္စတိ၊ အပြားအားဖြင့် မိန့်ဆိုအပ်၏။

မေး။ မနောဒ္ဒါရံ ပန ဘဝင်္ဂန္တိ ပဝုစ္စတိ-၌ မနောဒ္ဒါရ-ဟူသည် အဘယ်နည်း ဦးကာလာအကို့ ပြည့်စုံစွာ ရေးပြ၍၊ ဘဝင်္ဂ-အရကိုလည်း ဖော်ပြပါ။

ဖြေ။ မနောဒ္ဒါရ-ဟူသည် အာဝဇ္ဇန်း အစရှိသော ဝီထိစိတ်တို့၏ ဖြစ်ကြောင်းဒွါရ

http://www.dhammadownload.com

(တစ်နည်း) ဘဝင်စိတ်သာလျှင်ဖြစ်သော ဝီထိစိတ်တို့၏ ဖြစ်ကြောင်းဒွါရ ဖြစ်ပါသည်။

ဘဝင်-အရ မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့ (ရှေ့က)ဖြစ်သော ဘဝင်ုပစ္ဆေဒ ၁၉-ခုကို ယူရပါမည်။

အမှာ။ ။ "အဘယ့်ကြောင့် မနောဒွါရ-မည်ပါသနည်း"ဟု မေးခဲ့လျှင် ထိုအမေးအား လျော်စွာ "အာဝဇ္ဇန်း အစရှိသော ဝီထိစိတ်တို့၏ ဖြစ်ကြောင်းဒွါရ ဖြစ်သောကြောင့် မနောဒွါရ-မည်ပါသည်။ **(တစ်နည်း)** ဘဝင်စိတ်သာလျှင်ဖြစ်သော ဝီထိစိတ်တို့၏ ဖြစ်ကြောင်းဒွါရ ဖြစ်သောကြောင့် မနောဒွါရ-မည်ပါသည်"ဟု ဖြေပါ။

"ကိုယ်ပိုင်ဉာဏ်ဖြင့်၊ နှိုင်းချိန်ချင့်၊ ကြိုးမြင့်သူများ ဖြစ်ကြစေ"

ပထမအကြိမ်ရိုက်၌ နည်း ၂-မျိုးမှာ ထပ်နေသကဲ့သို့ ဖြစ်နေ၍ ယခု ဒုတိယအကြိမ် ရိုက်၌ ပြင်ရေးပြလိုက်ပါသည်။ "ဦးကာကျော်ရှင်းတမ်းအတု"၌ကား ပထမအကြိမ် ရိုက်အတိုင်း ထပ်တူထပ်မျှ ကူးချထားသည်ကို တွေ့ရပါလိမ့်မည်။ ထိုကျမ်းစာရှင်သည် ကိုယ်ပိုင်ဉာဏ်ဖြင့် ချင့်ချိန်မှု မပြုဘဲ မိမိကျမ်းစာ၌ အမှတ်တမဲ့ မှားသောအမှားများကိုပင် မှားလျှင် မှားသည်အတိုင်း "အလွယ်လိုက် အချောင်နှိုက် စိတ်ဓာတ်"ဖြင့် ကူးချထားသည်ကို တွေ့ရသဖြင့် များစွာ အံ့ဩ တုန်လှုပ်မိပါသည်။ ဥပမာ - "ပဋိဉာဉ်သည် ခံယူအပ်ပြီးသော ရူပါရုံစသော အာရုံကို ခံယူခြင်းသည် "သမ္မဋ္ဌဗ္ဗနကိစ္စ" မည်၏" (မိမိကျမ်းစာ ပထမအကြိမ်ရိုက်)။ ထို "ဦးကာကျော်ရှင်းတမ်းအတု"၌လည်း ဤအတိုင်းပင် တွေ့ရပါသည်။ အမှန်မှာ - 'ခံ'ဟူ သောစကားလုံး မပါသင့်ပါ။ ထို့အတူ ပဋိသန္ဓေဌာနကို ရေတွက်ပြရာ၌ မိမိကျမ်းစာတွင် "စုတိနှင့် ပဋိသန္ဓေတို့၏ အကြားသည် ပဋိသန္ဓေဌာန မည်၏"ဟု မှားနေပါသည်။ ထို"ဦးကာကျော်ရှင်းတမ်းအတု"၌လည်း ဤအတိုင်းပင် တွေ့ရပါသည်။ အမှန် မှာ -"ပဋိသန္ဓေနှင့် ဘဝင်တို့၏ အကြားသည် ပဋိသန္ဓေ ဌာနမည်၏"ဟူ၍ ဖြစ်ရပါမည်။ ဝိပတ္တိခေတ်အခါ၌ သတ္တဝါတို့၏ စိတ်ဓာတ်မှာ လွန်စွာထိတ်လန့်တုန်လှုပ် ဖွယ်ပါတကား။ အရာရာတွင် ကောင်း, မကောင်း၊ သင့်, မသင့်၊ တော်, မတော်၊ လျော်, မလျော် အမြော်အမြင် သတိသမ္ပဇဉ်ဖြင့် နှိုင်းချင့်ဆင်ခြင်ကာ စိတ်ကောင်းရှိ ပညာရှိသူတော်ကောင် များဖြစ်အောင် ကြိုးစားနိုင်ကြပါစေ-ဟုသာ ဆုတောင်းပတ္ထနာ ပြုရပါတော့သည်။

မေး။ မနောဒွါရံ ပန ဘဝင်္ဂန္တိ ပဝုစ္စတိ-၌ ဘဝင် ၂-မျိုးကို ဖော်ပြ၍၊ ဤ၌ လိုအပ်သော ဘဝင်ကိုလည်း ဖော်ပြပါ။

ဖြေ။ ဘဝင် ၂-မျိုးကား ၁-ပဋ္ဌဒွါရာဝဇ္ဇန်း၏ အခြားမဲ့ဖြစ်သော ဘဝင် (ဘဝင်ုပစ္ဆေဒ)၊ ၂-မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့ဖြစ်သော ဘဝင် (ဘဝင်ုပစ္ဆေဒ)တို့ ဖြစ်ပါသည်။

http://www.dhammadownload.com

ထိုတွင် ဤနေရာ၌ မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့ဖြစ်သော ဘဝင် (ဘဝင်္ဂုပစ္ဆေဒ)ကိုသာ လိုအပ်ပါသည်။

မေး။ မနောဒွါရံ-ပုဒ်ကို ဝိဂြိုဟ်ဆို၍၊ အသီးသီး အရများ ကောက်ပြခဲ့ပါ။

ဖြေ။ - မနာနံ ဒွါရံ မနောဒွါရံ။ (ဆဋ္ဌိသုဒ္ဓတပ္ပုရိသ်သမာသ်)
ဤနည်း၌ မန-အရ အာဝဇ္ဇန်းအစရှိသော ဝီထိစိတ်တို့ကို ရ၏။ ဒွါရ-အရ ဘဝင်္ဂုပစ္ဆေဒ ၁၉-ခုကို ရပါသည်။
- မနောယေဝ ဒွါရံ မနောဒွါရံ။ (ကမ္မဓာရည်းသမာသ်)
ဤနည်း၌ မန-အရ ဘဝင်္ဂုပစ္ဆေဒ ၁၉-ခုကို ရ၏။ ဒွါရ-အရလည်း ၄င်းကိုပင် ရပါသည်။

မေး။ မနောဒွါရံ ပန ဘဝင်္ဂန္တိ ပဝုစ္စတိ-နှင့် စပ်၍ သိအပ် သိထိုက်သော ဋီကာကျော်ဆရာ၏ အာဘောဂနှင့် ဆရာမြတ်တို့၏ သုံးသပ်ဆုံးဖြတ်ချက်ကို ဖော်ပြပါ။

ဖြေ။ ဋီကာကျော်ဆရာက "အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ဇော"ဟု စိတ်အစဉ်ဖြစ်ရာ၌ အတီတဘဝင်နှင့် ဘဝင်္ဂစလနတို့သည် မနောဒွါရာဝဇ္ဇန်းစသော ဝီထိစိတ်တို့အား တိုက်ရိုက်ဆက်သွယ်၍ အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးမပြုနိုင်၊ ဘဝင်္ဂုပစ္ဆေဒကသာ မနောဒွါရာဝဇ္ဇန်းအား တိုက်ရိုက်ဆက်သွယ်၍ အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်သည်။ ထို့ကြောင့် "ဘဝင်္ဂကို မနောဒွါရဟူ၍ ဆိုအပ်၏"ဟူရာ၌ ဘဝင်္ဂုပစ္ဆေဒကိုသာ ယူသင့်၏-ဟု ခံ့ိလိုပါသည်။

ဆရာမြတ်တို့ကား "ဝီထိစိတ်တို့၏ မူချဖြစ်ကြောင်းကိုသာ 'ဒွါရ'ဟုဆိုလျှင် အိပ်ပျော်နေခိုက် အခြားဝီထိစိတ်များ ဖြစ်စဉ်အခါ၌ များစွာသော ပသာဒတွေသည် ဝီထိစိတ်၏ ဖြစ်ကြောင်း မဟုတ်သောကြောင့် စက္ခုဒွါရစသောအမည်ကို မရထိုက်ပဲ ရှိရာ၏။ စင်စစ်မှာ ပသာဒရုပ်မှန်လျှင် အာရုံ၏ထင်ရာ ဟုတ် ဟုတ်, မဟုတ် ဟုတ် အမြဲဒွါရရုပ် အမည်ရသည်သာ။ "ဝဇ္ဇနဌေန ဒွါရံ"အရ ထွက်ဝင်ကြောင်း အပေါက်ကို ဒွါရ(တံခါး)-ဟု ဆိုရာ၌ ထွက်ဝင်သူ ရှိရှိ-မရှိရှိ အမြဲ ဒွါရ(တံခါး) မည်သကဲ့သို့တည်း၊ ထို့အတူ ဘဝင်ဟူသမျှလည်း အခွင့်သာလျှင် ဝီထိစိတ်တို့၏ဖြစ်ကြောင်း ဒွါရချည်းသာ ဖြစ်သောကြောင့် ဘဝင်ဟူသမျှ ဒွါရအမည် ရထိုက်သည်။ ထို့ကြောင့်ပင် အရှင်အနု ရုဒ္ဓါလည်း မည်သည့်ဘဝင်ဟု မသတ်မှတ်ဘဲ "မနောဒွါရံ ပန ဘဝင်္ဂန္တိ ပဝုစ္စတိ"ဟု ဘဝင်အားလုံးကို

http://www.dhammadownload.com

ယူထားသည်။ ထို့ကြောင့် ဦးကာကျော်စကားကို စဉ်းစားသင့်သည်"ဟု ဆုံးဖြတ်တော်မူကြပါသည်။

မေး။ မနောဒွါရ အမျိုးမျိုးကို ဖော်ပြ၍၊ ဤ ဒွါရသင်္ဂဟအရာ၌ လိုအပ်သော မနောဒွါရကိုလည်း ဖော်ပြပါ။

ဖြေ။ (၁) နောက်နေ့ကြိုတင်၍ ဖြစ်ပေါ်ကောင်းဖြစ်သော ရှေးရှေးစိတ်။
(၂) အာဝဇ္ဇန်းနှင့် ယှဉ်ဖြစ်ကောင်းဖြစ်စိတ်။
(၃) လောကီကုသိုလ်စိတ်တို့။
(၄) ဘဝင်စိတ် (ဟူသမျှ)

ထိုတွင် ဤ ဒွါရသင်္ဂဟအရာ၌ လိုအပ်သော မနောဒွါရမှာ ဦးကာကျော်အလို-အာဝဇ္ဇန်းနှင့် တကွဖြစ်သော ဘဝင်စိတ် (ဘဝင်္ဂုပစ္ဆေဒ ၁၉-ခု)ဖြစ်ပါသည်။ ဆရာမြတ်တို့အလိုကား ဘဝင်စိတ် ဟူသမျှ ဖြစ်ပါသည်။ (ဘာသာ ဦးကာကို မှီသည်)။

မေး။ ပကိဏ်းပိုင်းလာ ကာယဒွါရနှင့် ဝိထိမုတ်ပိုင်းလာ ကာယဒွါရတို့၏ အထူးကို အကြောင်းနှင့်တကွ ရေးသားဖော်ပြပါ။

ဖြေ။ ပကိဏ်းပိုင်း၌ ပဉ္စဒွါရာဝဇ္ဇန်းသော ဝိထိစိတ်တို့၏ ဖြစ်ပေါ်ကောင်းဖြစ်သောကြောင့် ကာယပသာဒရုပ်သည် ကာယဒွါရ-မည်၏။ ဝိထိမုတ်ပိုင်း၌ ကာယဝဇ္ဇန်းစိတ်ကဲ့သို့ အကုသိုလ်ကံတို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် စေ့စပ်နကာယခေါ် ကာယဝိညတ်ပြုပ်သည် ကာယဒွါရ-မည်၏။ ဤသို့ ထူးပါသည်။

မေး။ ပကိဏ်းပိုင်းလာ မနောဒွါရနှင့် ဝိထိမုတ်ပိုင်းလာ မနောဒွါရတို့၏ အထူးကို အကြောင်းနှင့်ကား ရေးသားဖော်ပြပါ။

ဖြေ။ ပကိဏ်းပိုင်း၌ မနောဒွါရာဝဇ္ဇန်းစသော ဝိထိစိတ်တို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ဦးကာကျော်အလို- ဘဝင်္ဂုပစ္ဆေဒ ၁၉-ခုသည်၊ ဆရာမြတ်တို့အလို - ဘဝင်စိတ် ဟူသမျှသည် မနောဒွါရ-မည်၏။

ဝိထိမုတ်ပိုင်း၌ ဇောစိတ်သည်ပင် ကံ၏ဖြစ်ကြောင်း ဖြစ်သောကြောင့် လောကီကုသိုလ်၊ အကုသိုလ်ဇောတို့သည် မနောဒွါရ-မည်၏။ ဤသို့ ထူးပါသည်။

မေး။ တတ္ထ ပဉ္စဒွါရာဝဇ္ဇန-အစရှိသော စကားရပ်၏ အဓိပ္ပာယ်ကို ဖော်ပြ၍၊ ထို ပဉ္စဒွါ-

http://www.dhammadownload.com

ပုဒ်ကို အဘာယ်၌ စပ်ရမည်ကိုလည်း ဖော်ပြပါ။

ဖြေ။ တတ္ထ-အစွဲမှာ ဆိုအပ်ခဲ့ပြီးသော ဒွါရ ၆-ပါးတို့ပင် ဖြစ်ပါသည်။ ထို့ကြောင့် "တတ္ထ၊ တေသု စက္ခုဒွါရာဒီသု၊ ထိုစက္ခုဒွါရ အစရှိသည်တို့တွင်"ဟု အနက်ပေးရပါမည်။ထို တတ္ထ-ပုဒ်ကို စက္ခုဒွါရေ-၌ စပ်ရပါမည်။

သိမှတ်ဖွယ်။။ ပက္ကန္ဓဝိယသ-တ, ပသိဒ္ဓဝိသယ-တ, အနုဘူတဝိသယ-တ ဟူသော 'တ' ၃-မျိုးတို့ကွဲ ပက္ကန္ဓဝိသယ တ-ဖြစ်၏ဟု ဆိုလိုပါသည်။

မေး။ ဆစတ္တာလီသ စိတ္တာနိ စက္ခုဒွါရေ ယထာရဟံ ဥပ္ပဇ္ဇန္တိ-၌ ဆစတ္တာလီသ-သဒ္ဒပ်ိုကို ထုတ်ပြခဲ့ပါ။

ဖြေ။ ပဉ္စဒွါရာဝဇ္ဇန်း ၁-ခု၊ စက္ခုဝိညာဉ်ဒွေ့ သမ္ပဋိစ္ဆိုင်းဒွေး၊ သန္တီရဏ ၃-ခု၊ ဝုဋ္ဌော၊ (ကုသိုလ်, အကုသိုလ်, အာဝဇ္ဇန်းဒွေးကြဉ်သောကြိယာစိတ်တို့၏အစွမ်းဖြင့်) ကာမဇော ၂၉-ခု၊ အဂ္ဂဟိတဂ္ဂဟဏာနည်းအားဖြင့် တဒါရုံ မဟာဝိပါက်စိတ် ၈-ခု၊ ပေါင်း ၄၆-ပါး ဖြစ်ပါသည်။

မေး။ တတ္ထ ပဉ္စဒွါရာဝဇ္ဇန ။ပ။ တဒါရမ္မဏဝသေန-၌ တဒါရမ္မဏ-အရကို အကြောင်းနှင့်တကွ အတိအကျ ကောက်ပြခဲ့ပါ။

ဖြေ။ သန္တီရဏ ၃-ပါးကို သီးခြားယူပြီးဖြစ်သောကြောင့် တဒါရမ္မဏ-အရ အဂ္ဂဟိတဂ္ဂဟဏာနည်းအားဖြင့် မဟာဝိပါက်စိတ် ၈-ခုတို့ကိုသာ ကောက်ယူရပါမည်။

သိမှတ်ဖွယ်များ

အဂ္ဂဟိတဂ္ဂဟဏာနည်း-ဟူသည် တဒါရမ္မဏ-အရ ယူအပ်ပြီးသော သန္တီရဏ ၃-ခုတို့ကို မယူရသောနည်း။ **တစ်နည်း** - မယူအပ်သေးသော မဟာဝိပါက်စိတ် ၈-ခုတို့ကိုသာ ယူရသောနည်း ဖြစ်ပါသည်။

ဝစနတ္ထ - ဂဟိတာနံ အဂ္ဂဟဏံ အဂ္ဂဟိတဂ္ဂဟဏံ။
အဂ္ဂဟိတာနံ ဂဟဏံ အဂ္ဂဟိတဂ္ဂဟဏံ။ (ဋီ၊ ၁။ ၃၉၂။)

(ဆောင်) -ယူအပ်ပြီးတာ၊ မယူတာ၊ **မှတ်ပါ အဂ္ဂဟိတဂ္ဂဟဏာ**။
-မယူအပ်သေးတာ၊ ယူရတာ၊ **မှတ်ပါ အဂ္ဂဟိတဂ္ဂဟဏာ**။

မဟာဝိပါကဝသေန-ဟု မဆိုဘဲ တဒါရမ္မဏဝသေန-ဟု ဆိုရခြင်းအကြောင်း
မဟာဝိပါက်စိတ် ၈-ခုတို့သည် တဒါရုံကိစ္စတပ်ခိုက်၌ဟာ ဒွါရ၌ ဖြစ်သောကြောင့် တဒါရမ္မဏဝသေန-ဟု ဆိုရခြင်း ဖြစ်ပါသည်။

၄၀ **ဒုမေး။** ဆစတ္တာလီသ စိတ္တာနိ စက္ခုဒွါရေ ယထာရဟံ ဥပ္ပဇ္ဇန္တိ-၌ ယထာရဟဖြစ်ပုံကို

http://www.dhammadownload.com

ရေးပြပါ။

ဖြေ။ စက္ခုဒွါရိကစိတ် ၄၆-ပါးတို့၏ ကုဋ္ဌာရုံ, အနိဋ္ဌာရုံ, ကုဋ္ဌမဏ္ဍတ္ထာရုံ၌ ယောနိသောမနသိကာရ, အယောနိသောမနသိကာရ, အနုသကင်းသော ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်, အနုသယရှိသော သေက္ခ ပုထုဇဉ်တို့၏ သန္တာန်အား လျော်စွာ စက္ခုဒွါရ၌ ဖြစ်ခြင်းကို "ယထာရဟ"ဟု ဆိုပါသည်။ (စာကိုယ်)

ကုဋ္ဌ, ကုဋ္ဌမဏ္ဍတ္ထာရုံတို့၌ ကုသလဝိပါက်စိတ်တို့သာ ဖြစ်ကြပါသည်။ ထိုတွင်လည်း ကုဋ္ဌာရုံ၌ သောမနဿသန္ဓိရဏတဒါရုံ၊ ကုဋ္ဌမဏ္ဍတ္ထာရုံ၌ ဥပေက္ခာသဟဂုတ်သန္ဓိရဏတဒါရုံတို့သာ ဖြစ်ကြပါသည်။ အနိဋ္ဌ, အနိဋ္ဌမဏ္ဍတ္ထာရုံ၌ အကုသလဝိပါက်စိတ်တို့သာ ဖြစ်ကြပါသည်။

ယောနိသောမနသိကာရဖြစ်အံ့-ကုသိုလ်ဇော၊ အယောနိသောမနသိကာရဖြစ်အံ့-အကုသိုလ်ဇော၊ အနုသကင်းသော ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်ဖြစ်အံ့-ကြိယာဇော၊ အနုသယရှိသော သေက္ခ ပုထုဇဉ်တို့၏ သန္တာန်ဖြစ်အံ့-ကုသိုလ်, အကုသိုလ်ဇောတို့ ဖြစ်ကြပါသည်။ ဤသို့ ထိုက်သည့်အား လျော်စွာ ဖြစ်ခြင်းကို "ယထာရဟ"ဟု ဆိုပါသည်။ (မဏိမဉ္စူ)

သိမှတ်ဖွယ်။ ။ နိရနုသယသန္တာနာဒီနံ-၌ အာဒိသဒ္ဒါဖြင့် ရှေ့စိတ်ပိုင်း၌ ဆိုအပ်ခဲ့ပြီးသော သောမနဿပဋိသန္ဓိကတာ, အဂမ္ဘီရသဘာဝတာ-စသည်တို့ကို၊ တစ်နည်း- ပကိဏ်းပိုင်း၌ ဆိုအပ်ခဲ့ပြီးသော ကုသိုလ်ကံ, အကုသိုလ်ကံ, အဝိပါကဘာဝတို့ကို ယူပါ။ (၄င်း)

မေး။ သဗ္ဗထာပိ ပဋ္ဌဒွါရေ စတုပညာသ စိတ္တာနိ ကာမာဝစရာနေဝ-ဟူသော အဘိဓမ္မတ္ထသင်္ဂဟလာ ဝါကျကို ဦးကာဆရာအလိုကျ အနက် ၂-နည်းပေးပြပါ။

ဖြေ။ ပဋ္ဌဒွါရေ၊ ၌။ သဗ္ဗထာပိ၊ အာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသော အလုံစုံသော အပြားအားဖြင့်လည်း။ စတုပညာသ၊ ၅၄-ပါးသော။ စိတ္တာနိ၊ စိတ်တို့သည်။ ကာမာဝစရာနေဝ၊ ကာမာဝစရစိတ်တို့သာလျှင်တည်း။

တစ်နည်း - ပဋ္ဌဒွါရေ၊ ၌။ (ဌိတာနိ၊ တည်ကုန်သော။) (စတုပညာသ စိတ္တာနိ-၌ပါ။) သဗ္ဗထာ၊ မယူအပ်သေးသော သောတဝိညာဉ် အစရှိသည်တို့ကို ယူခြင်း, ဝါ-ယူအပ်ပြီးသော ပဋ္ဌဒွါရာဝဇ္ဇန်း အစရှိသည်တို့ကို မယူခြင်းအားဖြင့် စက္ခု ဒွါရ၌ ဖြစ်သော ၄၆-ပါးသောစိတ်တို့၌ သောတဝိညာဉ်စသော ၄-စုံတို့ကို ထည့်သွင်းခြင်း-ဟူသော အလုံးစုံသော အခြင်းအရာအားဖြင့်။ စတုပညာသပါ၊ ၅၄-ပါးလည်းဖြစ်ကုန်သော။ စိတ္တာနိ၊ စိတ်တို့သည်။ ကာမာဝစရာနေဝ၊ ကာမာဝစရစိတ်တို့ ချည်းသာတည်း။

http://www.dhammadownload.com

မေး။ သဗ္ဗထာပိ ပဋ္ဌာနိရေ စတုပညာသ စိတ္တာနိ ကာမာဝစရာနေဝ-ဟူသောဝါကျ၏ အဓိပ္ပာယ်ကို သဗ္ဗထာပိ-ပုဒ်၏ အစပ်သမ္ဗန်အားလျော်စွာ မှန်ကန်စွာ ရေးပြပါ။

ဖြေ။ **သဗ္ဗထာပိ-ကို ကာမာဝစရာနေဝ-ပုဒ်၌စပ်၍** "ပဋ္ဌာနိရ၌ ၅၄-ပါးသောစိတ်တို့သည် အာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသော အလုံစုံသောအပြားအားဖြင့်လည်း ကာမာဝစရစိတ်တို့ချည်းသာ ဖြစ်ကုန်၏"ဟု အဓိပ္ပာယ် ယူရပါမည်။

(တစ်နည်း) သဗ္ဗထာပိ-ကို စတုပညာသ စိတ္တာနိ-ပုဒ်၌စပ်၍ " အဂ္ဂဟိတဂ္ဂဟဏာနည်းအားဖြင့် စကျာဒွါရ၌ဖြစ်သော ၄၆-ပါးသောစိတ်တို့၌ သောတဝိညာဉ်စသော ၄-စုံတို့ကို ထည့်သွင်းခြင်း-ဟူသော ခပ်သိမ်းသောအခြင်းအရာအားဖြင့် ၅၄-ပါးလည်းဖြစ်ကုန်သော ပဋ္ဌာနိရ၌တည်ကုန်သော စိတ်တို့သည် ကာမာဝစရစိတ်တို့ချည်းသာ ဖြစ်ကုန်၏"ဟု အဓိပ္ပာယ် ယူရပါမည်။

ပြင်ဆင်ရေးသားထား။ ။ ဒုတိယနည်း၌ တစ်အုပ်တစ်မျိုး အမျိုးမျိုး ဖွင့်ဆိုရေးသားထားသည်ကို တွေ့ရပါသည်။ ဤဒုတိယအကြိမ်ရှိက်၌ **"တံတဲ့ဒွါရိကဝသေန ဠီတာနိ"** ဟူသောပါဠိဖြင့် **ပဋ္ဌာနိရေ-ပုဒ်၏အနက်ကို** ပြသည်။ **"အဂ္ဂဟိတဂ္ဂဟဏေန ။ပ။ ပက္ခေပေန"ဟူသောပါဠိဖြင့် သဗ္ဗထာ-ပုဒ်၏ အနက်ကို ပြသည်။ အပိ သဒ္ဒါ အဠာနပယုဂ်**-ဟူသော မဏိမဉ္ဇူ(၁၊ ၃၉၃) အတိုင်း ပြင်ဆင်ရေးပြလိုက်ပါသည်။

အထူးမှာထားချက်။ ။"ဦးကာကျော်ရှင်းတမ်းအတု"၌ကား မိမိစာအုပ်ပထမအကြိမ်ရှိက် အမှားအတိုင်း တစ်လုံးတစ်လေမျှ မလွဲရအောင် ကြိုးစားပမ်းစားလိုက်ရေးထားသည်ကို တွေ့ရပါလိမ့်မည်။ **အမှား/အမှန် ပင်ကိုဉာဏ်ဖြင့် ဝေဖန်သုံးသပ် ဆုံးဖြတ်နိုင်ကြပါစေ။**

မေး။ စကျာဒွါရစသော တစ်ပါးတစ်ပါးသော ဒွါရ၌ စိတ် ၄၆-ပါးစီဖြစ်ပါလျက် ပဋ္ဌာနိရ၌ ၅၄-ပါး ဖြစ်ရပုံကို ရှင်းပြခဲ့ပါ။

ဖြေ။ စကျာဒွါရ၌ဖြစ်သော စိတ် ၄၆-ပါးတို့၌ အဂ္ဂဟိတဂ္ဂဟဏနည်းဖြင့် မယူအပ်သေးသော သောတဝိညာဉ်ဒွေး, ဃာနဝိညာဉ်ဒွေး, ဇိဝှါဝိညာဉ်ဒွေး, ကာယဝိညာဉ်ဒွေးဟူသော စိတ် ၈-ပါးတို့ကိုထည့်၍ ၅၄-ပါးသာ ဖြစ်ရပါသည်။

သိမှတ်ဖွယ်။ ။ **-ယူအပ်ပြီးတာ၊ မယူတာ၊ မှတ်ပါ အဂ္ဂဟိတဂ္ဂဟဏ။**

-မယူအပ်သေးတာ၊ ယူရတာ၊ မှတ်ပါ အဂ္ဂဟိတဂ္ဂဟဏ - ဟူသော အဂ္ဂဟိတဂ္ဂဟဏနည်း အဓိပ္ပာယ် ၂-မျိုးတို့တွင် ဤ၌ နောက်အမျိုးအစားသာ ဖြစ်သင့်ပါသည်။ တောင်မြို့ ဦးကာကျော်နိဿယ၌ **"မယူအပ်သေးသော သောတဝိညာဉ်**

http://www.dhammadownload.com

အစရှိသည်တို့ကို ယူခြင်းအားဖြင့်။ ဝါ- ယူအပ်ပြီးသော ပဥ္စဒ္ဓါရာဝဇ္ဇန်း အစရှိသည်တိုကို မယူခြင်းအားဖြင့်" ဟု အနက် ၂-နည်းပေးထားသည်ကို စဉ်းစားမိ။ အကြောင့်နည်း? "ယူအပ်ပြီးသော ပဥ္စ ဒွါရာဝဇ္ဇန်း အစရှိသည်တိုကို မယူခြင်းအားဖြင့် အာဇဝဋ်၅၄-ပါး" ဟု အဓိပ္ပာယ် မဖြစ်နိုင်သောကြောင့်တည်း။ ပထမအကြိမ်ရိုက်၌ ထိုနိဿယသို့ လိုက်၍ အဂ္ဂဟိတဂ္ဂဟဏနည်း အဓိပ္ပာယ်ကို ရေးပြခဲ့ပါသည်။

ပဥ္စဒ္ဓါရိကစိတ်ရှိ့ကို ပြရာ၌ သန္တီရဏ ၃-ခု, မဟာဝိပါက်စိတ် ၈-ခုတို့ကို "သန္တီရဏ. . . တဒါရမ္မဏဝသေန" ဟု ခွဲခြားဆို၍၊ မနောဒွါရိကစိတ်တို့ကို ပြရာ၌ "တဒါရမ္မဏဝသေန" ဟု မဟာဝိပါက်စိတ် ၈-ခုတို့နှင့် ပေါင်းဆိုရခြင်း အကြောင်း

သန္တီရဏစိတ် ၃-ခုတို့သည် ပဥ္စဒွါရဝယ် သန္တီရဏကိစ္စတပ်ခိုက်၌သာ ဖြစ်သောကြောင့် "သန္တီရဏ. . . တဒါရမ္မဏဝသေန" ဟု ခွဲခြားဆိုရခြင်း ဖြစ်ပါသည်။ မနောဒွါရ၌ကား သန္တီရဏ ကိစ္စတပ်ခိုက် ဖြစ်သည်မဟုတ်, တဒါရုံကိစ္စတပ်ခိုက် ဖြစ်သောကြောင့် "တဒါရမ္မဏဝသေန" ဟု မဟာဝိပါက်စိတ် ၈-ခုတို့နှင့် ပေါင်းဆိုရခြင်း ဖြစ်ပါသည်။

<u>ပဥ္စဒွါရ၌ မဖြစ်သောစိတ်နှင့် မဖြစ်နိုင်ခြင်းအကြောင်း</u> - မမ္မာရုံကိုသာ အာရုံပြုသောကြောင့် အပွနာဇော ဆဋ္ဌိသတို့သည် ပဥ္စဒွါရ၌ မဖြစ်နိုင်ပါ။

<u>မနောဒွါရ၌ မဖြစ်သောစိတ်နှင့် မဖြစ်နိုင်ခြင်းအကြောင်း</u> - ပဥ္စာရုံကိုသာ အာရုံပြုသောကြောင့် ဒွေးပဉ္စဝိညာဉ် ၁၀-နှင့် မနောဓာတ် ၃-ခုတို့သည် မနောဒွါရ၌ မဖြစ်နိုင်ပါ။

မေး။ ပဋိသန္ဓေ, ဘဝင်, စုတိစိတ် တစ်ခုယုတ်နှစ်ဆယ်တို့သည် အဘယ့်ကြောင့် ဒွါရဝိမုတ်ဖြစ်ရပါသနည်း။

ဖြေ။ စက္ခုဒွါရအစရှိသော ဒွါရ ၆-ပါးတို့၌ မ်ဖြစ်သောကြောင့်လည်းကောင်း၊ ဘဝင်စိတ်သည် မိမိကိုယ်တိုင် မနောဒွါရဟု ဆိုအပ်သော ဘဝင်ဖြစ်နေသောကြောင့်လည်းကောင်း၊ ပဋိသန္ဓေစိတ်သည် ယူအပ်ပြီးသော ကမ္မနိမိတ်စသော အာရုံတို့မှ တစ်ပါးသော အာရုံကို ယူခြင်း၏အစွမ်းဖြင့် မဖြစ်သောကြောင့်လည်းကောင်း ပဋိသန္ဓေ, ဘဝင်, စုတိစိတ် တစ်ခုယုတ် နှစ်ဆယ်တို့ ဒွါရဝိမုတ် ဖြစ်ရပါသည်။

သိမှတ်ဖွယ်။ ။စက္ခာဒိဒွါရေသု အပွဝတ္တနတော-ဟူသောဟိတ်ပါဠိဖြင့် စုတိ, ပဋိသန္ဓေ စိတ်တို့၏ ဒွါရဝိမုတ်ဖြစ်ခြင်းအကြောင်းကို ပြသည်။ မနောဒွါရ-သဒ္ဒါတဘဝင်္ဂတော-ဟူသော ဟိတ်ပါဠိဖြင့် ဘဝင်စိတ်တို့၏ ဒွါရဝိမုတ်ဖြစ်ခြင်းအကြောင်းကို ပြသည်။ အာရမ္မဏန္တရဂ္ဂဟဏေန အပွဝတ္တနတော-ဟူသောဟိတ်ပါဠိဖြင့် ဘဝနိကန္တိကဇောဝီထိနောင် ဖြစ်သော ဘဝင်မှစ၍ တစ်သက်တာကာလပတ်လုံး

http://www.dhammadownload.com

ဖြစ်သော ဘဝင်များနှင့် စုတိစိတ်တို့၏ ဒွါရဝိမုတ် ဖြစ်ခြင်း အကြောင်းကို ပြသည်-ဟု မဏိမဉ္စူ (၁၊ ၃၉၄-၅)၌ ဖွင့်သည်။ အခြားနည်းများ ကိုလည်း ဖွင့်ပြထားသေးသည်။

ဆရာတော် ဥူးဇနကာဘိဝံသ-၏ တောင်မြို့ ဦကာကျော်နိဿယဒွဲကား ဟိတ် ၃-ရပ်တို့ဖြင့် အစဉ်အတိုင်း ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့၏ ဒွါရဝိမုတ်ဖြစ်ခြင်း အကြောင်းကို ပြသည်-ဟု ဆိုပါသည်။

မေး။ ဆတ္တိသ ယထာရဟမေကဒွါရိကစိတ္တာနိ နာမ-အရ ဒွေးပဉ္စဝိညာဉ် ၁၀-စသော ၃၆-ပါးသောစိတ်တို့သည် အဘယ့်ကြောင့် ယထာရဟ ဧကဒွါရိကစိတ်များ ဖြစ်ကြရပါသနည်း။

ဖြေ။ ဒွေးပဉ္စဝိညာဉ် ၁၀-တို့သည် မိမိတို့ဆိုင်ရာ စက္ခွါဒွါရစသော ဒွါရ ၅-ပါးတို့၌သာ ဖြစ်သောကြောင့်လည်းကောင်း၊ မဟဂ္ဂတ်, လောကုတ္တရာဇော ၂၆-ခုတို့သည် မနောဒွါရ၌သာ ဖြစ်သောကြောင့်လည်းကောင်း ဒွေးပဉ္စဝိညာဉ် ၁၀-စသော ၃၆-ပါးသောစိတ်တို့သည် ယထာရဟ ဧကဒွါရိကစိတ်များ ဖြစ်ကြရပါသည်။

မေး။ ဥပေက္ခာသဟဂုတ် သန္တီရဏ ၂-ခု၊ မဟာဝိပါက်စိတ် ၈-ခုတို့သည် အဘယ့်ကြောင့် ဆဒွါရိက, ဒွါရဝိမုတ္တ ဖြစ်ကြရပါသနည်း။

ဖြေ။ ပဉ္စဒွါရ၌ ဥပေက္ခာသဟဂုတ် သန္တီရဏ ၂-ခုတို့သည် သန္တီရဏ, တဒါရုံကိစ္စတို့၏ အစွမ်းဖြင့်လည်းကောင်း၊ မဟာဝိပါက်စိတ် ၈-ခုတို့သည် တဒါရုံကိစ္စ၏ အစွမ်းဖြင့်လည်းကောင်း ဖြစ်ကြ၍၊ မနောဒွါရ၌ကား ထိုစိတ် ၁၀-ပါးလုံး တဒါရုံကိစ္စ၏ အစွမ်းဖြင့်သာ ဖြစ်သောကြောင့် "ဆဒွါရိက" ဖြစ်ကြရပါသည်။

ထိုစိတ်တို့သည် ပဋိသန္ဓေကိစ္စ စသည်တို့၏ အစွမ်းဖြင့် ဖြစ်သောကြောင့် (ပဋိသန္ဓေကိစ္စ စသည်တို့၏ အစွမ်းဖြင့် ဖြစ်သောအခါ) "ဒွါရဝိမုတ္တ" ဖြစ်ကြရပါသည်။

သိမှတ်ဖွယ်။ ။ မဟဂ္ဂတ်ဝိပါက် ၉-ခုတို့သည် ခြောက်ဒွါရ၌ဖြစ်သောကိစ္စ မရှိသောကြောင့် "ဒွါရဝိမုတ္တ"တို့သာ ဖြစ်ကြရပါသည်။ (သခ်ေပ)

မေး။ ဧကဒွါရိကစိတ္တာနိ ပဉ္စဆဒွါရိကာနံ စ-၌ ပဉ္စဆဒွါရိကာနိ-ပုဒ်၏ အဓိပ္ပာယ်ကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ "ပဉ္စဒွါရိကာနိ စ ဆဒွါရိကာနိ စ ပဉ္စဆဒွါရိကာနိ"ဟူသော ဝစနတ္ထနှင့်အညီ

http://www.dhammadownload.com

ရဲခါ ၅-ဒွါရ၌ဖြစ်၍ ရဲခါ ၆-ဒွါရ၌ဖြစ်သော စိတ်တို့သည် "ပဥ္စဆဒွါရိက"တို့ မည်ကြပါသည်။

သိမှတ်ဖွယ်။ ။ ပဥ္စဆဒွါရိကာနိ-ဟူသောရှေ့ပုဒ်၌ ဒွါရိက-ဟူသော နောက်ပုဒ်ကျေနေသော ဒွန်သမာသ်ပုဒ်ဟု မှတ်ပါ။

မေး။ "ဆဒွါရိကဝိမုတ္တာနိ၊ ဝိမုတ္တာနိ စ သဗ္ဗထာ"ဟူသော ဂါဟာပါဒ်၌ ဆဒွါရိက-ဝိမုတ္တာနိ-ပုဒ်၏ အဓိပ္ပာယ်ကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ "ဆဒွါရိကာနိ စ တာနိ ဒွါရဝိမုတ္တာနိ စာတိ ဆဒွါရိကဝိမုတ္တာနိ"၊

(တစ်နည်း) "ဆဒွါရိကာနိ စ ဆဒွါရိကဝိမုတ္တာနိ စာတိ ဆဒွါရိကဝိမုတ္တာနိ" ဟူသော ဝစနတ္ထနှင့်အညီ ရဲခါ ၆-ဒွါရ၌ဖြစ်၍ ရဲခါ ၆-ဒွါရမှ လွတ်သောစိတ်တို့သည် "ဆဒွါရိကဝိမုတ္တ"တို့ မည်ကြပါသည်။

သိမှတ်ဖွယ်။ ။ရှေ့စနတ္ထသည် ကမ္မဓာရည်းသမာသ် ဝစနတ္ထဖြစ်၍၊ နောက်ဝစနတ္ထကား ဧကဒေသသရူပေကသေသ တဒ္ဓိတ်ဝစနတ္ထဖြစ်သည်။ **ပထမနည်း၌** ဒွါရဝိမုတ္တာနိ-ဟူသော နောက်ပုဒ်ဝယ် ဒွါရ-ဟူသော ရှေ့ပုဒ်ကျေနေသည်-ဟု မှတ်ပါ။ **ဒုတိယနည်း၌** ရှေ့ပုဒ်မှ ဆဒွါရိက-နှင့် နောက်ပုဒ်မှ ဆဒွါရိက [illegible] သုတိတူသည်ကို "ဧကဒေသသရူပ"ဟု ဆိုသည်။ ထို ၂-ပုဒ်ကို [illegible] ဟူလို။

ဒွါရသင်္ဂဟအဖွင့် ပြီး၏။

အာလမ္ဗဏသင်္ဂဟ အဖွင့် (၁၂၉)

မေး။ "အာလမ္ဗဏသင်္ဂဟ" ၏ အဓိပ္ပာယ်ကို ပြည့်စုံစွာ ဖွင့်ဆိုရေးသားပါ။

ဖြေ။ (၁) အာရုံတို့ကို သရုပ်အားဖြင့်လည်းကောင်း, ဝေဖန်အပ်သော အပြားအားဖြင့်လည်းကောင်း, ထိုအာရုံလျှင် အာရုံရှိသောစိတ်အားဖြင့် လည်းကောင်း သိမ်းယူရာ, သိမ်းယူကြောင်းဖြစ်သော သင်္ဂဟသည် "အာလမ္ဗဏသင်္ဂဟ" မည်ပါသည်။ (ဋီကာကျော်)

http://www.dhammadownload.com

(၂) အာရုံအားဖြင့် ဖြစ်သော သဒ်ဟသည် "အာလမ္ဗဏသဒ်ဟ" မည်ပါသည်။ **တစ်နည်း** - အာရုံအားဖြင့် မှတ်သားအပ်သော သဒ်ဟသည် "အာလမ္ဗဏသဒ်ဟ" မည်ပါသည်။ (ဋီ၊ ၁။ ၃၉၇။)

ဝိဘာဂတော , သရ္ဗုပတော-ဟု ရှိသင့်။ ။ သဒ်ဟပါဠိ၌ 'ဆဋ္ဌိဓာန်'သည် 'ဝိဘာဂ၊ 'တတ္ထ ရုပမေဝ ရုပါရမ္မဏ'စသည်ဖြင့် 'သရုပ'ဖြစ်၏။ ဤသို့ ဝိဘာဂ-ကို ရှေးဦးစွာ ပြထားသော ကြောင့် ဋီကာစာကိုယ်ပါဠို၌ "ဝိဘာဂတော , သရုပတော"ဟု ရှိသင့်ကြောင်း မဏိမဉ္ဇူ (၁၊ ၃၉၇။)၌ ဖွင့်သည်။

ဝစနတ္ထများ

(၁) အာရမ္မဏာနိ စ အာရမ္မဏိကာ စ အာရမ္မဏာနိ။
အာရမ္မဏာနံ သဒ်ဟော အာလမ္ဗဏသဒ်ဟော။

(၂) အာရမ္မဏတော ပဝတ္တော သဒ်ဟော အာလမ္ဗဏသဒ်ဟော။
အာရမ္မဏတော လက္ခိတော ဝါ သဒ်ဟော အာလမ္ဗဏသဒ်ဟော။

မေး။ ရုပါရမ္မဏ်-၌ "အာရမ္မဏ = အာရုံ "ဟူသော စကားလုံး၏ အဓိပ္ပာယ်များကို ရေးသားဖြေဆိုပါ။

ဖြေ။ "အာရုံ"ဟူသော မြန်မာစကားလုံး၏ ရင်းမြစ်မှာ အာရမ္မဏ-ပုဒ် ဖြစ်သည်။ ယင်းပုဒ်မှ အောက်ရှိ မ-တစ်လုံးနှင့် ဏ-ကို ဖျောက်လိုက်လျှင် "အာရမ'မှ ဖြစ်၏။ ထိုမှတစ်ဖန် မ-ကို နိဂ္ဂဟိတ် (ံ)သို့ပြောင်းပြီး တစ်ချောင်းငင် ဝင်လာသောအခါ "အာရုံ"ဟူသော မြန်မာစကားလုံး ဖြစ်ပေါ်လာပါသည်။

အားမရှိသော ယောကျ်ားသည် တောင်ဝှေး, ကြိုးတန်းကို ထောက်မှီဆွဲကိုင်၍ သွား, လာ, ထိုင်, ထရသကဲ့သို့၊ ထို့အတူ စိတ်, စေတသိက်တို့သည် ဆွဲမှီအပ်သောကြောင့် ရုပ-စသည်ကို "အာရမ္မဏ = အာရုံ"ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

တစ်နည်း - စိတ်, စေတသိက်တို့သည် လာ၍ မွှေ့လျော်ရာဖြစ်သောကြောင့် ရုပ-စသည်ကို "အာရမ္မဏ = အာရုံ"ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

"ဆွဲမှီ"ဟူသည်။ ။ စိတ်, စေတသိက်တို့က ရုပါရုံစသည်ကို အာရုံပြုခြင်းကိုပင် "ဆွဲမှီသည်"ဟု ဆိုပါသည်။

ဝစနတ္ထများ - ၁။ စိတ္တစေတသိကေဟိ အာလမ္ဗီယတီတိ အာရမ္မဏံ။
၂။ စိတ္တစေသိကာနိ အာဂန္ဆာ ရမန္တိ ဧတ္ထာတိ အာရမ္မဏံ။

<u>အာရမ္မဏ</u>-ပုဒ် ရုပ်ပြီးပုံ - ဝစနတ္ထ ၂-နည်းတို့တွင် **ပထမနည်းအလို** - အာပုဋ္ဌ လဗိဓာတ်+ယုပစ္စည်း၊ ဓာတွန် ဏ္ဍ-ဏ္ဍီခြေ၊ ယုပစ္စည်းကို အန-ပြု၊ ဗ အ-သို့ကပ်

http://www.dhammadownload.com

(အာလဗန)၊ ဣကာရန္တဓာတ်ဖြစ်၍ နိဂ္ဂဟိတ်လာ၊ ဂ်င်းကို ပဝဂ္ဂန္တ မ-ပြု (အာလမ်ဗန)၊ မ် ဗ-သို့ကပ်၊ "အာလမ္ဗန"ဟု ဖြစ်၏။ ဂ်င်းမှ န-ကို ဏ-ပြု။ "အာလမ္ဗဏ"ဟု ဆိုလို လျက် နိရုတ္တိနည်းဖြင့် လ-ကို ရ, ဗ-ကို မ-ပြု၍ (မ္ဗ-ကို မ္ဗ-ပြု၍) "အာရမ္ဗဏ"ဟု ရုပ်ပြီးပါသည်။ (ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယလည်း ကြည့်ပါ။)

ဒုတိယနည်းအလို - အာပုဗ္ဗ ရမုဓာတ်+ယုပစ္စည်း၊ ယု-ကို အန-ပြု၊ န-ကို ဏ-ပြု၊ မ-ကိုလည်း ဒွေးဘော်ပြု၍ "အာရမ္ဗဏ"ဟု ရုပ်ပြီးပါသည်။ ကျေးဇူးတော်ရှင် ရွှေကျင်နိကာယ ဒုတိယသာသနာပိုင် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးစသော ရွှေကျင်ဆရာတော်များကား ဒွေးဘော်မဲ့ "အာရမဏ"ပါဠိကို နှစ်လိုတော်မူကြပါသည်။

မေး။ ရူပါရမ္မဏ်-၌ပါသော ရူပ-ပုဒ်၏ အဓိပ္ပာယ်ကို ရေးပြပါ။

ဖြေ။ အဆင်း၏ ဖောက်ပြန်ခြင်းသို့ ရောက်သည်ဖြစ်၍ (အဆင်းအမျိုးမျိုး ပြောင်းလဲ သည်ဖြစ်၍) သတ္တဝါတို့၏ စိတ်တွင်း၌ဖြစ်သော သဘောကို ထင်ရှားပြတတ် သောကြောင့် "ရူပ" မည်ပါသည်။

ဝစနတ္ထ - ဝဏ္ဏဝိကာရံ အာပဇ္ဇမာနံ ရူပယတိ ဟဒယင်္ဂတဘာဝံ ပကာသေတီတိ ရူပံ။ (ရူပယတိ ပကာသေတီတိ ရူပံ-သာ လိုရင်းဖြစ်၏။)

မေး။ ရူပါရမ္မဏ-ပုဒ်ကို "ရူပါရုံ"ဟု မြန်မာပြန်ကြရာ ယင်းရူပါရုံ-ဟူသော စကား လုံး၏ အဓိပ္ပာယ်ကို ရှင်းပြပါ။

ဖြေ။ 'ရူပ'ခေါ် အဆင်းသည်ပင် စိတ်, စေတသိက်တို့သည် ဆွဲမှီအပ်သောကြောင့် 'အာရုံ'လည်းမည်ရကား "ရူပါရုံ"ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

တစ်နည်း - 'ရူပ'ခေါ် အဆင်းသည်ပင် စိတ်, စေတသိက်တို့သည် လာ၍ မွေ့လျော်ရာဖြစ်သောကြောင့် 'အာရုံ'လည်းမည်ရကား "ရူပါရုံ"ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

ဝစနတ္ထ - ရူပမေဝ အာရမ္မဏံ ရူပါရမ္မဏံ။ (အဝဓာရဏာ ကမ္မဓာရည်းသမာသ်)

မေး။ သဒ္ဒါရမ္မဏ်-ပုဒ်၌ သဒ္ဒ-အဓိပ္ပာယ်ကို စုံလင်အောင် ဖွင့်ဆိုရေးသားခဲ့ပါ။

ဖြေ။ ရွတ်ဆိုအပ်သောကြောင့် စိတ္တဇသဒ္ဒသည် "သဒ္ဒ" မည်ပါသည်။

တစ်နည်း - သောတဝိညာဉ်ဖြင့် ရောက်အပ်သောကြောင့်၊ ဝါ- သောတ ဝိညာဉ်ဖြင့် ကြားအပ်သောကြောင့် (သောတဝိညာဉ်၏ အာရုံအဖြစ်သို့ ရောက်တတ်သောကြောင့်) မဏိမဏ္ဍူအလို ဥတုဇသဒ္ဒသည်, အခြားကျွမ်းကျင် အလို စိတ္တဇ, ဥတုဇ သဒ္ဒ နှစ်မျိုးလုံးသည် "သဒ္ဒ"မည်ပါသည်။

http://www.dhammadownload.com

မေး။ သဒ္ဒါရမ္ဘက်-ပုဒ်၌ သဒ္ဒ-ပုဒ်ကို ဝစနတ္ထပြု၍၊ အရုလည်း အသီးသီး ကောက်ပြခဲ့ပါ။

ဖြေ။ ၁။ သဒ္ဒိယတိ ဥဒါဟရီယတိ ကထီယတီတိ သဒ္ဒေါ။
သဒ္ဒိယတိ ဥစ္စာရီယတီတိ သဒ္ဒေါ၊ စိတ္တဇသဒ္ဒကို ရ၏။
၂။ သဒ္ဒိယတိ သောတဝိညာဏေန ပါပုဏီယတိ, သုယျတီတိ ဝါ သဒ္ဒေါ။
မဏိမဇ္ဈိအလို ဥတုဇသဒ္ဒကို ရပါသည်။ ဘလာဝတာရဋီကာဟောင်း စသည်တို့ အလိုကား စိတ္တဇသဒ္ဒ, ဥတုဇသဒ္ဒ နှစ်မျိုးလုံးကိုပင် ရပါသည်။
သိမှတ်ဖွယ်။။ "သပ္ပတိ (သဒ္ဒတိ) သောတဝိညာဏာရမ္မဏဘာဝံ ဂစ္ဆတီတိ သဒ္ဒေါ" ဟုလည်း ပြုကြသည်။ အမှတ် ၂-နှင့် အတူတူပင် ဖြစ်သည်-ဟု မှတ်ပါ။
- သပ္ပတိ သောတဝိညေယျဘာဝံ ဥပဂစ္ဆတီတိ သဒ္ဒေါ။ စီတ္တောတုဇော။ သပ္ပတိ ဥစ္စာရီယတီတိ ဝါ သဒ္ဒေါ။ စိတ္တဇော။ သူယတီတိ ဝါ သဒ္ဒေါ။ စိတ္တောတုဇော။ (ဘ-ဋီဟောင်း၊ စာ-၅၄။)

မေး။ "သဒ္ဒါရုံ"ဟူသော မြန်မာစကား၏ အဓိပ္ပာယ်ကို ရှင်းပြခဲ့ပါ။

ဖြေ။ စိတ္တဇသဒ္ဒ, ဥတုဇသဒ္ဒသည်ပင် စိတ်, စေတသိက်တို့သည် ဆွဲမှီအပ်သောကြောင့် 'အာရုံ'လည်းမည်ရကား "သဒ္ဒါရုံ" မည်ပါသည်။
တစ်နည်း - စိတ္တဇသဒ္ဒ, ဥတုဇသဒ္ဒသည်ပင် စိတ်, စေတသိက်တို့သည် လာ၍ မွေ့လျော်ရာဖြစ်သောကြောင့် 'အာရုံ'လည်းမည်ရကား "သဒ္ဒါရုံ" မည်ပါသည်။
သဒ္ဒါရမ္ဘက်-ပုဒ်၏ ဝစနတ္ထ - သဒ္ဒေါယေဝ အာရမ္ဘက် သဒ္ဒါရမ္ဘက်။

မေး။ (က) ဂန္ဓ (ဃ) ရသ (င) ဖောဋ္ဌဗ္ဗ-တို့၏ အဓိပ္ပာယ်များကို ရေးသားဖြေဆိုပါ။

ဖြေ။ (က) အနုံဟူသော မိမိ၏ တည်ရာဖြစ်သော အထည်ဝတ္ထုဖြင့်ကို "ဤဝတ္ထု သည် ဤအရပ်၌ရှိ၏"ဟု ထင်ရှားပြတတ်သောကြောင့် (ဒီဟာ ဒီမှာရှိတယ်-ဟု ကုန်းတိုက်သကဲ့သို့ ဖြစ်တတ်သောသောကြောင့်) "ဂန္ဓ" မည်ပါသည်။
(ဃ) သတ္တဝါတို့သည် သာယာအပ်သောကြောင့် "ရသ" မည်ပါသည်။
(င) တွေ့ထိအပ်သောကြောင့် "ဖောဋ္ဌဗ္ဗ" မည်ပါသည်။
ဝစနတ္ထများ - ဂန္ဓယတိ အတ္တနော ဝတ္ထုံ သူစေတိ "ဣဒမေတ္ထ အတ္ထိ"တိ ပေသုည် ကရောန္တံ ဝိယ ဟောတိတိ ဂန္ဓော။ "ဂန္ဓယတိ အတ္တနော ဝတ္ထုံ သူစေတိတိ ဂန္ဓော" သာ လိုရင်းဖြစ်၏။

http://www.dhammadownload.com

ရသန္တိ တံ သတ္တာ အဿာဒေန္တိတိ ရသော။ -"ရသန္တိ တန္တိ ရသော"သာ လိုရင်းဖြစ်၏။ ဝါကျအခိုက်၌ သတ္တာ-ဟူသော ကတ္တားကိုသာ ဟော၍ တံ-ဟူသောကံကို မဟောသောကြောင့် (အရကောက်သောအခါ တံ-ဟူသော အဝုတ္တကံကို ကောက်ရသောကြောင့်) '**အဝုတ္တကမ္မသာဓန**'ဟု ဆိုရသည်။

ဖုသီယတီတိ ဖောဋ္ဌဗ္ဗံ။

မေး။ (က) ဂန္ဓာရုံ (ခ) ရသာရုံ (ဂ) ဖောဋ္ဌဗ္ဗာရုံတို့၏ အဓိပ္ပာယ်များကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ (က) 'ဂန္ဓ'ခေါ် အနံ့သည်ပင် စိတ်, စေတသိက်တို့သည် ဆွဲမှီအပ်သောကြောင့်၊ **တစ်နည်း**-စိတ်, စေတသိက်တို့သည် လာ၍ မွှေ့လျော်ရာဖြစ်သောကြောင့် 'အာရုံ'လည်းမည်ရကား "ဂန္ဓာရုံ" မည်ပါသည်။

(ခ) 'ရသ' ခေါ် အရသာသည်ပင် စိတ်, စေတသိက်တို့သည် ဆွဲမှီအပ်သောကြောင့်၊ **တစ်နည်း** - စိတ်, စေတသိက်တို့သည် လာ၍ မွှေ့လျော်ရာဖြစ်သောကြောင့် 'အာရုံ'လည်းမည်ရကား "ရသာရုံ"မည်ပါသည်။

(ဂ) 'ဖောဋ္ဌဗ္ဗ'ခေါ် အတွေ့အထိသည်ပင် စိတ်, စေတသိက်တို့သည် ဆွဲမှီအပ်သောကြောင့်၊ **တစ်နည်း**-စိတ်, စေတသိက်တို့သည် လာ၍ မွှေ့လျော်ရာဖြစ်သောကြောင့် အာရုံ'လည်းမည်ရကား "ဖောဋ္ဌဗ္ဗာရုံ"မည်ပါသည်။

သိမှတ်ဖွယ်များ

ဝစနတ္ထများ - ဂန္ဓောယေဝ အာရမ္မဏံ ဂန္ဓာရမ္မဏံ။
ရသောယေဝ အာရမ္မဏံ ရသာရမ္မဏံ။
ဖောဋ္ဌဗ္ဗမေဝ အာရမ္မဏံ ဖောဋ္ဌဗ္ဗာရမ္မဏံ။

ဓမ္မာရမ္မဏံ-၌ ဓမ္မ-ပုဒ်ဝိဂြိုဟ်နှင့် အရကောက်များ

(၁) ပစ္စယေဟိ ဓရီယတီတိ ဓမ္မော။ သင်္ခတတရားတို့ကို ရပါသည်။

(၂) အတ္တနော သဘာဝံ ဓာရေတီတိ ဓမ္မော။ သင်္ခတ, အသင်္ခတ တရား တို့ကို ရပါသည်။

(၃) ယထာသဘာဝတော ပဏ္ဍိတေဟိ ဓာရီယတီတိ ဓမ္မော။ သင်္ခတ, အသင်္ခတ, ပညတ်တရားတို့ကို ရပါသည်။ (ဒူ၊ ၁။ ၃၉၈။)

ဓမ္မ-ပုဒ်၏ အဓိပ္ပာယ်များနှင့် ဤ ဓမ္မာရမ္မဏံ-ပုဒ်၌ လိုအပ်သော အဓိပ္ပာယ်

(၁) အကြောင်းတရား လေးပါးတို့သည် ဆောင်အပ်သောကြောင့် သင်္ခတ ၂၂ရား တို့သည် "ဓမ္မ" မည်ကြပါသည်။

http://www.dhammadownload.com

(၂) မိမိ၏ ကက္ခဋ, ဖုသနစသော သဘောကို ဆောင်တတ်သောကြောင့် သခ်တ, အသခ်တတရားတို့သည် "ဓမ္မ" မည်ကြပါသည်။

(၃) သဘောအားလျော်စွာ ပညာရှိတို့သည် ဆောင်အပ်သောကြောင့် သခ်တ, အသခ်တ, ပညတ်တရားတို့သည် "ဓမ္မ" မည်ကြပါသည်။

ဤ ဓမ္မာရမ္မဏ-ပုဒ်၌ သဘောအားလျော်စွာ ပညာရှိတို့သည် ဆောင်အပ်သောကြောင့် သခ်တတရား တစ်စိတ်တစ်ဒေသနှင့် အသခ်တ, ပညတ်တရားတို့သည် "ဓဒ္ဓ" မည်ကြပါသည်။

မေး။ "ဓမ္မာရုံ" ၏ အဓိပ္ပာယ်ကို ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ 'ဓမ္မ'သည်ပင် စိတ်, စေတသိက်တို့သည် ဆွဲမှီအပ်သောကြောင့်၊

တစ်နည်း - စိတ်, စေတသိက်တို့သည် လာ၍ မွေ့လျော်ရာဖြစ်သောကြောင့် 'အာရုံ'လည်းမည်ရကား "ဓမ္မာရုံ" မည်ပါသည်။

ဝစနတ္ထ - ဓမ္မောယေဝ အာရမ္မဏံ ဓမ္မာရမ္မဏံ။

မေး။ ရူပ, သဒ္ဒ စသော ၅-ပါးတို့သည်လည်း မိမိတို့သဘောကို ဆောင်တတ်သောကြောင့် ဓမ္မ-မည်ရကား "ဓမ္မာရုံ" အမည် ရသင့်သည် မဟုတ်ပါလော? ၎င်းဟို့သည် အဘယ့်ကြောင့် "ဓမ္မာရုံ" အမည် မရကြပါသနည်း။

ဖြေ။ ရူပ, သဒ္ဒ စသော ၅-ပါးတို့သည် မိမိတို့သဘောကို ဆောင်တတ်သောကြောင့် ဓမ္မ-မည်ရကား "ဓမ္မာရုံ" အမည် ရသင့်သော်လည်း ရူပ, သဒ္ဒစသော အမည် ထူးကို ရပြီးဖြစ်သောကြောင့် "ဓမ္မာရုံ"အမည် မရကြပါ။

တစ်နည်း - "ဓမ္မာရမ္မဏ"ဟူသော သဒ္ဒါသည် ပသာဒရူပ်စသော ၆-ပါးတို့၌သာ ထင်ရှားသော အထင်ရုပ်ဓိသဒ္ဒါ ဖြစ်သောကြောင့် ထိုပသာဒရူပ်စသော ၆-ပါးတို့သာ ဓမ္မာရုံမည်၍ ရူပ, သဒ္ဒ စသည်တို့ ဓမ္မာရုံ မမည်ကြပါ။ (ဋီ။ ၁။ ၃၉၉။)

မေး။ တတ္ထ ရူပမေဝ ရူပါရမ္မဏံ-၌ ရူပ-အရကို ကောက်ပြ၍၊ ၈၀-သဒ္ဒါ၏ အနက်ကိုလည်း ဖော်ပြပါ။

ဖြေ။ ရူပ-အရ ဝဏ္ဏာယတန-ကို ယူရပါမည်။

၈၀-သဒ္ဒါ ရူပါရုံမှတစ်ပါးသော ရုပ်နှင့် သတ္တ, ဇီဝ စသည်တို့ကို နစ်စေခြင်း နိဝတ္တာပနာဝဓာရဏာအနက်ရှိပါသည်။ အကုံရင့်ကြီကာအလိုကား - ၈၀ သဒ္ဒါ ဝဏ္ဏာယတန-ခေါ် ရုပ်သည်သာလျှင် ရူပါရုံမည်၏-ဟု မိမိအနက်ကို ဆုံးဖြတ်

http://www.dhammadownload.com

ခြင်း သန္ဓိဌာနာဝဓာရဏာအနက်ရှိပါသည်။

အမှာ။ ။ ဧဝ သဒ္ဒါ ဖြင့် အဘယ်ကို နှစ်စေပါသနည်း-ဟု မေးခဲ့လျှင် "ရူပါရုံမှ တစ်ပါးသောရုပ်နှင့် သတ္တ, ဇီဝ စသည်တို့ကို နှစ်စေပါသည်"ဟု ဖြေပါ။

"ဧဝ သဒ္ဒါ၏ ဂဟေတဗ္ဗတ္တ (= ယူအပ်သောအနက်)၊ နိဝတ္တေတဗ္ဗတ္တ (= နှစ်စေအပ်သောအနက်) တို့ကို ဖော်ပြပါ"ဟု မေးခဲ့လျှင်လည်း ဖြေတတ်ပါစေ။ ယင်းအဓိပ္ပာယ်သည် ဦးကာကျော်, မဏိမဉ္ဇူတို့၌ လာသော အဓိပ္ပာယ် မဟုတ်ပါ။

မေး။ ။ ဃထာ သဒ္ဒါဒယော သဒ္ဒါရမ္ဘဏာဒိနိ-ဝယ် သဒ္ဒါဒယော-၌ သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ-တို့၏ အရကို ကောက်ပြခဲ့ပါ။

ဖြေ။ သဒ္ဒ-အရ သဒ္ဒါယတနကို၊ ဂန္ဓ-အရ ဂန္ဓာယတနကို၊ ရသ-အရ ရသာယတနကို၊ ဖောဋ္ဌဗ္ဗ-အရ အာပေါဓာတ်ကြဉ် ဘူတရုပ် ၃-ခုအပေါင်းဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာယတနကို ယူရပါမည်။

မေး။ တဋ္ဌ ပစ္စုပ္ပန္နံ-၌ ပစ္စုပ္ပန်သရုပ်ကို ထုတ်ပြ၍၊ ဤ၌ လိုအပ်သော ပစ္စုပ္ပန်ကိုလည်း ဖော်ပြပါ။

ဖြေ။ ပစ္စုပ္ပန်သရုပ်မှာ - ခဏပစ္စုပ္ပန်, သန္တတိပစ္စုပ္ပန်, အဒ္ဓါပစ္စုပ္ပန်တို့ ဖြစ်ပါသည်။ ထိုတွင် ဤ၌ ခဏပစ္စုပ္ပန်ကို ယူရပါမည်။

အမှာ။ ။ ပစ္စုပ္ပန်သရုပ်မျာ မဏိမဉ္ဇူလာ ဖြစ်၏။

(ဆောင်) **ခဏ, သန္တတိ၊ အဒ္ဓါသိ၊ သုံးရှိ ပစ္စုပ္ပန်။**
ထိုသုံးပါးမှာ၊ ခဏသာ၊ ဤမှာ လိုအပ်မှန်။

သိမှတ်ဖွယ်များ

တဋ္ဌ ပစ္စုပ္ပန်ံ၊ တာနိ စ ပစ္စုပ္ပန္နာနိ။ ။ ပဋ္ဌာရုံသည် အတိတ်, အနာဂတ်, ပစ္စုပ္ပန်-ဟု ၃-မျိုး ရှိသော်လည်း ပဋ္ဌဒ္ဓါရိကစိတ်တို့သည် ပဋ္ဌပသာဒ၌ ထင်လာသည့် ပစ္စုပ္ပန်ဖြစ်သော ပဋ္ဌာရုံကိုသာ အာရုံပြု၍ အတိတ်, အနာဂတ်ဖြစ်သော ပဋ္ဌာရုံကို အာရုံမပြုဟု သိစေလိုသောကြောင့် "တဋ္ဌ ပစ္စုပ္ပန်ံ၊ တာနိ စ ပစ္စုပ္ပန္နာနိ"ဟု အရှင် အနုရုဒ္ဓါဆရာ မိန့်ဆိုတော်မူခြင်း ဖြစ်သည်။

ပဋ္ဌဒ္ဓါရိကစိတ်တို့သည် အဘယ့်ကြောင့် အတိတ်, အနာဂတ် ပဋ္ဌာရုံကို အာရုံမပြုကြပါသနည်း-ဟု မေးဖွယ်ရှိသည်။ **အဖြေကား** - အတိတ်, အနာဂတ် ပဋ္ဌာရုံတို့သည် ပဋ္ဌ ပသာဒတို့၌ ထိခိုက်မှုမရှိသောကြောင့် ပဋ္ဌဒ္ဓါရိကစိတ်တို့သည် အတိတ်, အနာဂတ် ပဋ္ဌာရုံကို အာရုံ မပြုကြပါ-ဟူ၍ ဖြစ်သည်။ (ပရမတ္ထဒီပနီ)

http://www.dhammadownload.com

ဆရာမြတ်တို့က ပဋ္ဌာဒါရိုကစိတ်တို့၌ စိတ်ဓာတ်သတ္တိ များစွာမရှိကြသောကြောင့် ငှင်းတို့သည် ပစ္စုပ္ပန်ဖြစ်သော ပဋ္ဌာန်ကိုသာ အာရုံပြုကြသည်-ဟု ဆိုတော်မူကြပါသည်။

ပဋ္ဌာန် ၂-မျိုးအထူး - ပဋ္ဌာဒါရိုကစိတ်တို့၏ အာရုံဖြစ်သော ပဋ္ဌာန်သည် မျက်မှောက်ဖြစ်၍ ပသာဒတို့၌ ထိခိုက်လာသော ပစ္စုပ္ပန် ပဋ္ဌာန်ဖြစ်၏။ မနောဒ္ဓါရိုကစိတ်တို့၏ အာရုံဖြစ်သော ပဋ္ဌာန်ကား မျက်ကွယ် ဝေးကွာ ဖုံးလွှမ်းအပ်ချုပ်ခြင်းဖြစ်၍ ပသာဒ၌ ထိခိုက်ခြင်းမရှိသော ကာလတ္တယ ပဋ္ဌာန်ဖြစ်၏။ ဤသို့ ထူးကြပါသည်။

မေး။ မနောဒ္ဓါရိုကစိတ္တာနံ ပန ဆဋ္ဌဓမ္မိ-၌ ဆဋ္ဌဓ-အရကို ဖော်ပြခဲ့ပါ။

ဖြေ။ ဆဋ္ဌဓ-အရ ရှုပါရုံ အစရှိသော အာရုံ ၆-ပါးတို့ကို ယူရပါမည်။ (ပသာဒ, သုခုမရူပ်-စသော ၆-ပါးတို့ကို မယူရပါ။) (ဋီနှင့် ဂူ။)

မေး။ ပစ္စုပ္ပန္နမတီတံ အနာဂတံ ကာလဝိမုတ္တဥ္စ-၌ ကာလဝိမုတ္တ-အမည်ရသော တရားများကို ဖော်ပြ၍၊ ယင်းတို့သည် အဘယ့်ကြောင့် ကာလဝိမုတ္တ အမည်ရကြသည်ကိုလည်း ဖြေဆိုပါ။

ဖြေ။ ကာလဝိမုတ္တ-အမည်ရသောတရားတို့မှာ နိဗ္ဗာန်နှင့် ပညတ်တို့ ဖြစ်ပါ သည်။ ငှင်းတို့သည် ပျက်စီးခြင်း မရှိသည့်အတွက် အတိတ်စသော ကာလတို့၏ အစွမ်းဖြင့် မဆိုထိုက်သောကြောင့် ကာလဝိမုတ္တ အမည်ကြရခြင်း ဖြစ်ပါသည်။
(ဆောင်) ပျက်စီးခြင်းသာ၊ **မရှိပါ၍၊ အတီတာဒိ၊ စရှိကာလ၊ မဆိုရပေ၊ ထို့ကြောင့်လေ၊**
နှစ်ထွေ ကာလဝိမုတ်-မည်။

ရှင်းချက်။ ။ "ပျက်စီးခြင်း မရှိသောကြောင့်လည်းကောင်း၊ အတိတ်စသော ကာလတို့၏အစွမ်းဖြင့် မဆိုအပ်သောကြောင့်လည်းကောင်း နိဗ္ဗာန်နှင့် ပညတ်တို့ ကာလဝိမုတ် ဖြစ်ကြပါသည်"ဟုလည်း ဖြေဆိုကြသည်။ ဤကျမ်း၌ "**တေန ကာရဏာ-ကာရဏံ ဒဿေတိ - ဝိနာသာဘာဝတော-ဖြင့် 'အတီတာဒိကာလဝသေန နံ ဝတ္ထုဗ္ဗ ဝတ္ထာ'ဟူသော အကြောင်း၏ အကြောင်းကို ပြသည်** "ဟူသော မဏိမဉ္ဇူအဖွင့်နှင့်အညီ ရေးပြလိုက်ပါသည်။

မေး။ မနောဒ္ဓါရိုကစိတ္တာနံ ပန ။ပ။ ယထာရဟမာရမ္မဏံ ဟောတိ-၌ ယထာရဟ အဓိပ္ပာယ်ကို အကျဉ်း, အကျယ် နည်းနှစ်သွယ်တို့ဖြင့် ရှင်းလင်းဖြေဆိုပါ။

ဖြေ။ မနောဒ္ဓါရိုကစိတ်တို့၏ ကာမာဝစရဇော, အဘိညာဉ်ဇော, ကြွင်းသော မဟဂ္ဂုတ်ဇော, လောကုတ္တရာဇော စသည်တို့အားလျော်စွာ အာရုံပြုခြင်းကို "ယထာ

http://www.dhammadownload.com

ရဟ"တု ဆိုပါသည်။ (အကျဉ်း)

ဟသိတုပ္ပါဒ်ကြဉ်သော ကာမဇောတို့သည် တိကာလိက, ကာလဝိမုတ္တ ဖြစ်သော အာရုံ ၆-ပါးကို အာရုံပြုပါသည်။

ဟသိတုပ္ပါဒ်သည် တိကာလိကဖြစ်သော အာရုံ ၆-ပါးကို အာရုံပြုပါသည်။

အဘိညာဉ်ဇောတို့သည် တိကာလိက, ကာလဝိမုတ္တဖြစ်သော အာရုံ ၆-ပါးကို ထိုက်သည်အားလျော်စွာ အာရုံပြုပါသည်။

အဘိညာဉ်ဇောမှ ကြွင်းသော မဟဂ္ဂုတ်ဇော, လောကုတ္တရာဇောတို့သည် ကာလဝိမုတ်, အတိတ်ဖြစ်သော ဓမ္မာရုံကို ထိုက်သည်အားလျော်စွာ အာရုံပြုကြပါသည်။ (ရူပဇော၊ ပထမ, တတိယ အရူပဇော၊ လောကုတ္တရာဇောတို့က ကာလဝိမုတ်ဖြစ်သော ပညတ်ကို၊ ဒုတိယ, စတုတ္ထ အရူပဇောတို့က အတိတ်ကို အာရုံပြုသောကြောင့် 'ယထာရဟံ' ထပ်ဆိုထားခြင်း ဖြစ်သည်။) (အကျယ်)

(ဆောင်) - **ဟသိကြဉ်သော၊ ကာမဇောမှာ၊ တိကာလိက၊ ကာလမုတ္တ၊ ဆဋ္ဌဓမ္မိ၊ အာရုံရှိ၏။**

- **ဟသိတ, သိ၊ တိကာလိသာ။**
- **အဘိညာကား၊ မှန်စွာ ဟသိ၊ ကြဉ်တိဇလသော၊ ကာမဇောတူ၊ အာရုံယူလျက်။**
- **ကြွင်းမဟဂ္ဂုတ်၊ လောကုတ် နဝ၊ ဇောတို့ကမူ၊ ကာလမုတ္တာ၊ အတီတာဟု၊ ဓမ္မာရုံစု၊ အာရုံပြုသည်၊ မှတ်ရှု ယထာရဟတည်း။**

မှတ်ချက်။ ။ တဒါရုံတို့သည် ဇောန်ကာမအာရုံကို အာရုံပြုသောကြောင့် ၎င်းတို့၏ အာရုံကို လျှဉ်းပါးစရာမရှိ။ ဇောတို့ကား ကာမစသောအာရုံများစွာကို အာရုံပြုသည်ဖြစ်၍ ၎င်းတို့၏ အာရုံသာ လျှဉ်းပါးစရာရှိသောကြောင့် ဇောတို့၏အာရုံကိုသာ ခွဲခြားပြသည်ဟု မှတ်ပါ။

မနောဒွါရိကစိတ်တို့၏ ယထာရဟ အာရုံပြုပုံ

ဟသိကြဉ် ကာမဇော ၂၈	တိကာလိက	ကာလဝိမုတ္တ	အာရုံ ၆-ပါး
ဟသိတုပ္ပါဒ်	။	-	။
အဘိညာဉ်ဇော	။	။	။
ကြွင်း မဟဂ်, လောကုတ်	-	ကာလဝိမုတ္တ,အတိတ်	ဓမ္မာရုံ

http://www.dhammadownload.com

မေး။ အဘိညာဉ်ဇောတို့၏ ယထာရဟအာရုံပြုပုံကို ထပ်ဆင့်ရှင်းပြခဲ့ပါ။

ဖြေ။ ဒိဗ္ဗစက္ခုအဘိညာဉ်ဇောသည် ပစ္စုပ္ပန် ရူပါရုံကို အာရုံပြုပါသည်။
ဒိဗ္ဗသောတအဘိညာဉ်ဇောသည် ပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြုပါသည်။
ဣဒ္ဓိဝိဓအဘိညာဉ်ဇောသည် တိကာလိကဖြစ်သော အာရုံ ၆-ပါးကို အာရုံပြုပါသည်။
ပရစိတ္တဝိဇာနန(စေတောပရိယ)အဘိညာဉ်ဇောသည် အတိတ်, အနာဂတ် ကာလတို့၏အစွမ်းဖြင့်, တစ်နည်း - သန္တတိ, အဒ္ဓါပစ္စုပ္ပန်တို့၏အစွမ်းဖြင့် ဒွိကာလိက ဖြစ်သော၊ တိကာလိကလည်းဖြစ်သော ဓမ္မာရုံကိုသာ အာရုံပြုပါသည်။ **(ပထမအကြိမ် ရိုက်၌ မှားသွားသည်။ ကူးချရေးသားထားသော "ဦကာကျော် ရှင်းတမ်းအတု"၌လည်း ထိုအမှား အတိုင်းပင်။)**

ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဇောသည် အတိတ်, ကာလဝိမုတ်ဖြစ်သော အာရုံ ၆-ပါးကို အာရုံပြုပါသည်။ (ဦကာစာကိုယ်၊ ၂၆၅-၆။ ဋီ။ ၁။ ၄၀၁။)

အဘိညာဉ်ဇောတို့၏ ယထာရဟ အာရုံပြုပုံ

ဒိဗ္ဗစက္ခုအဘိညာဉ်ဇော	ပစ္စုပ္ပန်	ရူပါရုံ
ဒိဗ္ဗသောတ ″	″	သဒ္ဒါရုံ
ဣဒ္ဓိဝိဓ ″	တိကာလိက	အာရုံ ၆-ပါး
ပရစိတ္တ(စေတောပရိယ)	ဒွိ - တိကာလိက	ဓမ္မာရုံ
ပုဗ္ဗေနိဝါသ ″	အတိတ်, ကာလဝိမုတ်	အာရုံ ၆-ပါး

မေး။ ဒွါရဝိမုတ္တာနဥ္စ ။ပ။ အာရမ္မဏ် ဟောတိ-၌ "ဆဋ္ဌမဝိ အာရမ္မဏ် ဟောတိ" လော်က်သာဆိုလျှင် ထိုဒွါရဝိမုတ်စိတ်တို့၏ အာရုံကို သိအပ်သိနိုင်ပြီ မဟုတ်ပါလော၊ အဘယ့်ကြောင့် ထိုမျှလော်က်သာ မဆိုဘဲ "ယထာသမ္ဘဝံ ဘဝန္တရေ ဆဒ္ဒါရဂ္ဂဟိတံ ပစ္စုပ္ပန္နမတီတံ ပညတ္တိဘူတံ ဝါ ကမ္မကမ္မနိမိတ္တဂတိနိမိတ္တ-သမ္မတံ"ဟု မိန့်ဆိုတော်မူရပါသနည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဒွါရဝိမုတ်စိတ်တို့၏ အာရုံသည် ပဥ္စဒွါရာဝဇ္ဇန်း၏ အာရုံကဲ့သို့ တစ်စုံတစ်ခု သောဝိထိစိတ်သည် မယူအပ်သေးသော အာရုံမျိုးမဟုတ်၊ အခြားမဲ့ လွန်လေပြီး သောဘဝ၌ ဆဒ္ဒါရိက မရဏာသန္နဇောတို့က ယူပေးအပ်သော အာရုံဖြစ်၏။ (ဘဝန္တရေ ဆဒ္ဒါရဂ္ဂဟိတံ)။

http://www.dhammadownload.com

ပဉ္စဒ္ဓါရိကဇောတို့၏ အာရုံကဲ့သို့ ကောန်ပစ္စုပ္ပန်တစ်မျိုးတည်းလည်း မဟုတ်၊ ပစ္စုပ္ပန်လည်းရှိ၍ အတိတ်လည်းရှိသော အာရုံဖြစ်၏။ (ပစ္စုပ္ပန္နမတိတံ)

မနောဒ္ဓါရိကဇောတို့၏ အာရုံကဲ့သို့ တိကာလိက မဟုတ်၊ ပစ္စုပ္ပန်, အတိတ်ဟူသော ဒွိကာလိကဖြစ်၏။ သာမညအားဖြင့် ကာလဝိမုတ်လည်း မဟုတ်၊ ပညတ်ဟူသော ဝိသေသကာလဝိမုတ်လည်း ဖြစ်၏။ (ပစ္စုပ္ပန္နမတိတံ ပညတ္တိ-ဘူတံ ဝါ)

မရဏာသန္နဝီထိ မရောက်မီ ရှေ့အဖို့၌ဖြစ်သော ဇောတို့၏ အာရုံကဲ့သို့ ကုသိုလ်က်, အကုသိုလ်က်ဟူသော 'အာဂမ'ကြောင့် ပြီးသော က်, ကမ္မနိမိတ်, ဂတိနိမိတ် ဟူသော အမည်နာမ ဝေါဟာရမှ လွတ်သော အာရုံမျိုးမဟုတ်၊ က်, ကမ္မနိမိတ်, ဂတိ နိမိတ်ဟူသော အမည်နာမ ဝေါဟာရရှိသော အာရုံဖြစ်၏။ (ကမ္မကမ္မနိမိတ္တ ဂတိနိမိတ္တ သမ္မတံ)။

ထို့ကြောင့် "ဆဋ္ဌမမွိ အာရမ္မဏံ ဟောတိ" လောက်သာ မဆိုဘဲ "ယထာ-သမ္ဘဝံ ဘဝန္တရေ ဆဒ္ဒါရဂ္ဂဟိတံ ပစ္စုပ္ပန္နမတိတံ ပညတ္တိဘူတံ ဝါ ကမ္မကမ္မနိမိတ္တ-ဂတိနိမိတ္တသမ္မတံ" ဟု မိန့်ဆိုတော်မူရခြင်း ဖြစ်ပါသည်။

သတိပြု၍ ကြည့်ရှုဆင်ခြင် ပြင်ဆင်ကြပါ။ ။ပထမအကြိမ်ရိုက်၌ နောက်ဆုံးစာပိုဒ်ဝယ် "မရဏာသန္နဝီထိသို့ မရောက် မီ ရှေ့အဖို့၌ဖြစ်သော ဇောတို့၏ အာရုံကဲ့သို့ ကုသိုလ်က်, အကုသိုလ်က်ဟူသော 'အာဂမ'ကြောင့် ပြီးသော က်, ကမ္မနိမိတ်, ဂတိနိမိတ်ဟူသော အမည်နာမ ဝေါဟာရ --- ရှိသော အာရုံဖြစ်၏" ဟု ပါသွားသည်။ "**မှ လွတ်သော အာရုံမျိုးမဟုတ်၊ က်, ကမ္မနိမိတ်, ဂတိ နိမိတ်ဟူသော အမည်နာမ ဝေါဟာရ**"ဟူသော စာပိုဒ် ကျန်သွားသည်၊ စာရိုက်ရာ၌ ကျသွားခြင်း ဖြစ်ဟန်တူသည်။ "ဦးကာကျော်ရှင်းတမ်းအတု"၌ ထိုအမှားအတိုင်းပင် ကူးထည့်ထားသည်ကို တွေ့ရသည်။ သတိပြုကာ ကြည့်ရှုဆင်ခြင် ပြင်ဆင်ကြပါကုန်။

အာဂမသိဒ္ဓိဝေါဟာရဝိနိမုတ္တ - အာဂစ္ဆတိ ပဝတ္တတိ ဖလံ ဧတေနာတိ အာဂမော။ အာဂမတော သိဒ္ဓေါ အာဂမသိဒ္ဓေါ။ ဝေါဟရိတဗ္ဗော ကထေတဗ္ဗောတိ ဝေါဟာရော။ အာဂမသဒ္ဒေါ ဝေါဟာရော အာဂမသိဒ္ဓဝေါဟာရော။ အာဂမသိဒ္ဓဝေါဟာရတော ဝိနိမုတ္တံ အာဂမသိဒ္ဓိဝေါဟာရဝိနိမုတ္တံ။ (လူ၊ ၁။ ၄၀၃။)

က်, ကမ္မနိမိတ်, ဂတိနိမိတ်တို့၏ ဖြစ်ပေါ်လာကြောင်း (ထင်လာကြောင်း)ဖြစ်သော ကုသိုလ်, အကုသိုလ်က်ကို "**အာဂမ**"ဟု ခေါ်သည်။ ထိုကုသိုလ်, အကုသိုလ်က်ဟူသော "အာဂမ"ကြောင့် ပြီးသော က်, ကမ္မနိမိတ်, ဂတိနိမိတ်တို့ကို "**အာဂမသိဒ္ဓိဝေါဟာရ**"ဟု ခေါ်သည်။ ထိုအမည်နာမ ဝေါဟာရမှ လွတ်သော ရူပါရုံစသောအာရုံ ၆-ပါးကို "**အာဂမသိဒ္ဓိ ဝေါဟာရဝိနိမုတ္တ**"ဟု ခေါ်သည်။

http://www.dhammadownload.com

မေး။ (က) 'အာဂမသိဒ္ဓိဝေါဟာရ' အမည်ရသော အာရုံ (ခ) 'အာဂမသိဒ္ဓိ ဝေါဟာရ ဝိနိမုတ္တ' အမည်ရသော အာရုံတို့ကို ခွဲခြားဖော်ပြခဲ့ပါ။

ဖြေ။ (က) မရဏာသန္နဝီထိ၌ဖြစ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အာရုံထို့ ဖြစ်ပါသည်။

(ခ) မရဏာသန္နဝီထိသို့ မရောက်မီ ရှေ့အဖို့၌ဖြစ်သော ရူပါရုံစသော အာရုံ ၆-မျိုးတို့ ဖြစ်ပါသည်။

မေး။ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့ကို ဒွါရ, ကာလ, အာရုံအားဖြင့် ခွဲခြားဝေဖန်ပြခဲ့ပါ။

ဖြေ။ ကံသည် မနောဒွါရ၊ အတိတ်ကာလ၊ ဓမ္မာရုံ ဖြစ်ပါသည်။

ကမ္မနိမိတ်သည် ဆဒွါရ၊ ပစ္စုပ္ပန်, အတိတ်ကာလ၊ ကာလဝိမုတ် ပညတ်-ဟူသော အာရုံ ၆-ပါး ဖြစ်ပါသည်။

ဂတိနိမိတ်သည် မနောဒွါရ၊ ပစ္စုပ္ပန်ကာလ ရူပါရုံ (ပရမတ္ထဒီပနီအလို - ဆဒွါရ၊ ပစ္စုပ္ပန်, အတိတ်ကာလ၊ အာရုံ ၆-ပါး)ဖြစ်ပါသည်။

(ဆောင်) -ကံ့အာရုံမှာ၊ တိတ်, ဓမ္မာ၊ ထင်ရာ မနောတည်း။
-ကမ္မနိမိတ်၊ ပွန်, တိတ်, ပညတ်၊ ခြောက်ရပ်အာရုံ၊ ဒွါရစုံ၊
အကုန်ထင်သတည်း။
-ဂတိမှာကား၊ ပွန်, ရူ-ထား၊ ထင်ငြား မနောချည်း။
ပွန်, တိတ်ကာလ၊ ရုံ ခြောက်တန်၊ ထင်ရန် ဆဒွါရည်း။ (ဆရာမြတ်တို့ မိန့်တဲ့နည်း။)

ကမ္မနိမိတ် ၃-မျိုး - အတိတ်ကမ္မနိမိတ်သည် မနောဒွါရ၊ အာရုံ ၆-ပါး။ ပစ္စုပ္ပန်ကမ္မနိမိတ်သည် ဒွါရ ၆-ပါး၊ အာရုံ ၆-ပါး။ ပညတ်ကမ္မနိမိတ်သည် မနောဒွါရ၊ ဓမ္မာရုံ-ဟု ထပ်မံခွဲခြား မှတ်သားကြပါလေ။

မေး။ ဒွါရဝိမုတ္တာနဉ္စ ။ပ။ အာရမ္မဏဟောတိ-၌ ယထာသမ္ဘဝ အဓိပ္ပာယ်ကို ရေးပြပါ။

ဖြေ။ ထိုထိုဘုံ၌ဖြစ်သော ပဋိသန္ဓေ, ဘဝင်, စုတိတို့၏ ထိုထိုဒွါရ၌ဖြစ်သော ဇော သည် ယူပေးအပ်သော အာရုံအစရှိသည်တို့၏ အစွမ်းဖြင့် ဖြစ်သင့်သည်အား လျော်စွာ အာရုံပြုခြင်းကို "ယထာသမ္ဘဝ"ဟု ဆိုပါသည်။ (အကျဉ်း, ဋီကာ။)

ကာမ ပဋိသန္ဓေ, ဘဝင်, စုတိ ဒွါရဝိမုတ်စိတ်တို့သည် ဆဒွါရဂ္ဂဟိတ၊ ပစ္စုပ္ပန်, အတိတ်၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟု သမုတ်အပ်သော အာရုံ ၆-ပါးကို အာရုံပြုခြင်း။

http://www.dhammadownload.com

မဟဂ္ဂုတ် ပဋိသန္ဓေ, ဘဝင်, စုတိ ဒွါရဝိမုတ်စိတ်တို့သည် မနောဒွါရဂ္ဂဟိတ၊ အတိတ်, ပညတ် ကမ္မနိမိတ်ဟု သမုတ်အပ်သော ဓမ္မာရုံကို အာရုံပြုခြင်း၏ အစွမ်းဖြင့် ထိုက်သည်အားလျော်စွာ အာရုံပြုခြင်းကို "ယထာသမ္ဘဝ"ဟု ဆိုပါသည်။ (မကျဉ်း မကျယ်။)

ကာမ ပဋိ ဘဝင်, စု ဆဒွါရဂ္ဂဟိတ ပဉ္စန်, တိတ်၊ ကံ, ကမ္မ, ဂတိနိမိတ် အာရုံ ၆-ပါး။
မဟဂ္ဂုတ် ။ မနောဒွါရ- တိတ်, ညတ် ကမ္မနိမိတ် ဓမ္မာရုံ။

အမှာ။ ။ အကျယ်ကို အောက်၌ ကြည့်ပါ။

မေး။ "ကာမ ပဋိသန္ဓေ, ဘဝင်, စုတိ ဒွါရဝိမုတ်စိတ်တို့သည် ဆဒွါရဂ္ဂဟိတ၊ ပစ္စုပ္ပန်, အတိတ်၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟု သမုတ်အပ်သော အာရုံ ၆-ပါးကို အာရုံပြုသည်"ဟု ဆိုရာ ယင်းတို့၏ ယထာသမ္ဘဝအာရုံပြုပုံကို ထပ်မံ၍ ခွဲခြားဖြေဆိုခဲ့ပါ။

ဖြေ။ **ကာမာဝစရ ပဋိသန္ဓေ, ဘဝင်စိတ်**တို့သည် ဆဒွါရဂ္ဂဟိတ ပစ္စုပ္ပန်, အတိတ် ဖြစ်သော ကမ္မနိမိတ်ဟု သမုတ်အပ်သော ပဉ္စာရုံကို အာရုံပြုပါသည်။

ကာမာဝစရ စုတိစိတ်သည် ဆဒွါရဂ္ဂဟိတ အတိတ်ဖြစ်သော ကမ္မနိမိတ်ဟု သမုတ်အပ်သော ပဉ္စာရုံကို အာရုံပြုပါသည်။

ကာမာဝစရ ပဋိသန္ဓေ, ဘဝင်စိတ်, စုတိစိတ်တို့သည် မနောဒွါရဂ္ဂဟိတ အတိတ်ဖြစ်သော ကံ, ကမ္မနိမိတ်ဟု သမုတ်အပ်သော ဓမ္မာရုံ၊ မနောဒွါရဂ္ဂဟိတ ဧကန်ပစ္စုပ္ပန်ဖြစ်သော ဂတိနိမိတ်ဟု သမုတ်အပ်သော ရူပါရုံတို့ကို အာရုံပြုပါသည်။

မေး။ "မဟဂ္ဂုတ် ပဋိသန္ဓေ, ဘဝင်, စုတိ ဒွါရဝိမုတ်စိတ်တို့သည် မနောဒွါရဂ္ဂဟိတ၊ အတိတ်, ပညတ် ကမ္မနိမိတ်ဟု သမုတ်အပ်သော ဓမ္မာရုံကို အာရုံပြုသည်"ဟုဆိုရာ ယင်းတို့၏ ယထာသမ္ဘဝ အာရုံပြုပုံကို ထပ်မံ၍ ခွဲခြားဖြေဆိုပါ။

ဖြေ။ မဟဂ္ဂုတ် ပဋိသန္ဓေ, ဘဝင်စိတ်, စုတိစိတ်တို့တွင် **ရူပါဝစရ ပဋိသန္ဓေ, ဘဝင်စိတ်, စုတိစိတ်များနှင့် ပဌမ, တတိယ အရူပ ပဋိသန္ဓေ, ဘဝင်စိတ်, စုတိစိတ်**တို့သည် မနောဒွါရဂ္ဂဟိတ ပညတ် ကမ္မနိမိတ်ဟု သမုတ်အပ်သော ဓမ္မာရုံကို အာရုံပြုပါ သည်။

ဒုတိယ, စတုတ္ထ အရူပ ပဋိသန္ဓေ, ဘဝင်စိတ်, စုတိစိတ်တို့သည် မနောဒွါရဂ္ဂဟိတ အတိတ် ကမ္မနိမိတ်ဟု သမုတ်အပ်သော ဓမ္မာရုံကို အာရုံပြုပါသည်။

http://www.dhammadownload.com

(ဆောင်) - ကာမသန္ဒီ၊ ဘဝင်သည်ကား၊ ခြောက်ပါး ဒွါရ၊ ယူပေးကြသည့်၊ ကာလ နှစ်တန်၊ ပစ္စုပ္ပန်နှင့်၊ တိတံ ကမ္မ-နိမိတ္တဟု၊ ငါးဝစာရံ၊ ပြုကြကုန်၏။

- တစ်ဖုံ မှတ်ဘိ၊ စုတိစိတ်မှာ၊ အတိတ်သာတည်း။
- တစ်ဖြာ ထိုမှ၊ ယင်းသုံးဝတို့၊ ဒွါရ မနော၊ ထိုသည့်ဇောဖြင့်၊ ယူသော တိတ်၊ ကံနှင့် ကမ္မ-နိမိတ္တဟု၊ ဆိုရလေတုံ့၊ ဓမ္မာရုံကည်း။
- တစ်ဖုံ မနော၊ ဒွါရဇောဖြင့်၊ ယူသော ဇောန်၊ ပစ္စုပ္ပန်သိ၊ ဂတိနိမိတ်၊ ဆိုရိုပ် တိကျ၊ ရူပစာရံ၊ ပြုကြကုန်၏။

- ရူပသန္ဒီ၊ ဘွင်, စုတိနှင့်၊ ဆက်ဘိအဟုတ်၊ အာရုပ် ပထမ၊ တတိယတို့၊ ဒွါရမနော၊ ထိုသည့်ဇောဖြင့်၊ ယူသော ပညတ်၊ ခေါ်အပ် ကမ္မ-နိမိတ္တတုံ့၊ ဓမ္မာရုံသိ။
- ဒုတိယ, စတုတ္ထာ၊ အာရုပ္ပါမှု၊ မှတ်ယူ အတိတ၊ ကမ္မနိမိတ်၊ ဆိုရိုပ်ဓမ္မာရုံ၊ ပြုကြကုန်သည်၊ ဖြစ်ပုံ ယထာသမ္ဘဝပေတည်း။

ဒွါရဝိမုတ်စိတ်တို့၏ ယထာသမ္ဘဝအာရုံပြုပုံ ဇယား

ကာမ ပဋိ, ဘဝင်	ဆဒွါရဂ္ဂဟိတ	ပစ္စုပ္ပန်	အတိတ်	ကမ္မနိမိတ်	ပဏ္ဏာရုံ
ကာမ စုတိ	〃	-	〃	〃	〃
ကာမ ပဋိ, ဘဝင်, စုတိ	မနောဒွါရ- 〃	- 〃	〃 -	ကံ, ကမ္မနိမိတ် ဂတိနိမိတ်	ဓမ္မာရုံ ရူပါရုံ
ရူပ ပဋိ, ဘဝင်, စုတိ နှင့် အရူပ ပ-တ 〃 ပဋိ, ဘဝင်, စုတိ	〃	ပညတ်		ကမ္မနိမိတ်	ဓမ္မာရုံ
အရူပ ဒု-စ- 〃	〃	အတိတ်		〃	〃

မေး။ "အနေဇော သန္ဓိမာရဇ္ဇ၊ ယံ ကာလမကရိ မုနိ"ဟူသော မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်အရ ဘုရား, ရဟန္တာတို့၏ စုတိစိတ်သည် နိဗ္ဗာန်ကို အာရုံပြုသည် - ဟု တစ်စုံတစ်ယောက်က ဆိုလာလျှင် ငါ့ရှင် လက်ခံနိုင်ပါမည်လော? ရှင်းလင်း

http://www.dhammadownload.com

ဖြေဆိုပါ။

ဖြေ။ ဘုရား, ရဟန္တာတို့၏ စုတိစိတ်ဖြစ်စေ၊ ပုထုဇဉ်တို့၏ စုတိစိတ်ဖြစ်စေ မည်သည့်ပုဂ္ဂိုလ်၏ စုတိစိတ်မဆို အာရုံ, အာရမ္မဏ်က ပြောင်းလဲရိုးထုံစံ မရှိသောကြောင့် ဘုရား, ရဟန္တာတို့၏ စုတိစိတ်သည်လည်း သင်္ကြိုဟ် အာရမ္မဏာသင်္ဂဟလာ ဒွါရဝိမုတ္တာနဉ္စ-စသောစကား၊ ဓမ္မသင်္ဂဏီပရိတ္တာရမ္မဏတိက်တို့၌ လာရှိသည့်အတိုင်း ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါး (ကာမတရား)ကိုသာ အာရုံပြုရမည်ဖြစ်သောကြောင့် ထိုအဆိုကို လက်မခံနိုင်ပါ။

သင်္ဂဟသာဓကများ - ဒွါရဝိမုတ္တာနဉ္စ ပဋိသန္ဓိဘဝင်္ဂစုတိသဒ္ဒါတာနံ ။ပ။ ကမ္မ-ကမ္မနိမိတ္တဂတိနိမိတ္တသမ္မတံ အာရမ္မဏံ ဟောတိ။

သေသာနိ ကာမာဝစရဝိပါကာနိ ဟသနစိတ္တဉ္စေတိ သတ္တထာပိ ကာမာဝစရာ-ရမ္မဏာနေဝ။

တာနိ ပန သတ္တာနိပိ ပရိတ္တမမ္မဘူတာနေဝါရမ္မဏာနိ။ (ဝိထိမုတ်ပိုင်း)

မေး။ "ဒွါရဝိမုတ္တာနဉ္စ ပဋိသန္ဓိဘဝင်္ဂစုတိသဒ္ဒါတာနံ ။ပ။ ကမ္မကမ္မနိမိတ္တဂတိနိမိတ္တသမ္မတံ အာရမ္မဏံ ဟောတိ"ဟူသော သင်္ကြိုဟ်စကားရပ်နှင့် "အနေဇော သန္တိမာရဗ္ဘ၊ ယံ ကာလမကရိ မုနိ"ဟူသော မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်တို့ကို မဆန့်ကျင်အောင် ညှိပြခဲ့ပါ။

ဖြေ။ "ဒွါရဝိမုတ္တာနဉ္စ ပဋိသန္ဓိဘဝင်္ဂစုတိသဒ္ဒါတာနံ ။ပ။ ကမ္မကမ္မနိမိတ္တဂတိနိမိတ္တသမ္မတံ အာရမ္မဏံ ဟောတိ"ဟူသော သင်္ကြိုဟ်စကားရပ်မှာ အရှိ အရှိအတိုင်း ယူရမည့် စကားရပ်ဖြစ်၍၊ "အနေဇော သန္တိမာရဗ္ဘ၊ ယံ ကာလမကရိ မုနိ"ဟူသော မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်စကားရပ်ကား "တဏှာကင်းစင် ဘုရားရှင်သည် နိဗ္ဗာန်ကို အာရုံပြု၍ ပရိနိဗ္ဗာန် စံခြိန်ကာလကို ပြုတော်မူပြီ"ဟု အရှိအရှိအတိုင်း ယူရမည့် စကားရပ် မဟုတ်ပါ။ "ဟဏှာကင်းစင် ဘုရားရှင်သည် ပရိနိဗ္ဗာန်ဝင်စံတော့မည်ဖြစ်၍ ခပ်စောစောကပင် နိဗ္ဗာန်ကို ရည်စူး၍ (ရည်ရော်မှန်းဆ၍) နိဗ္ဗာန်သို့ ညွှတ်ကိုင်းရှိ၊ ပရိနိဗ္ဗာန် စံခြိန်ကာလကို ပြုတော်မူပြီ"ဟု ယူရမည့် စကားရပ်ဖြစ်သည်။ ထို့ကြောင့် စကားနစ်ရပ် မဆန့်ကျင်ပါ။

ရှင်းချက်။ ။ ဘုရားရှင်၏ ပရိနိဗ္ဗာနစုတ်စိတ်သည် မဟာဝိပါက် ပထမစိတ်ဖြစ်၏။ ထိုစိတ်က နိဗ္ဗာန်ကို အာရုံမပြုနိုင်၊ ပဋိသန္ဓေနတော်စဉ်က လူ့ပြည်ဂဂါနိမိတ်ကို အာရုံပြုတော်မူခဲ့သဖြင့် နိဗ္ဗာန်ပြုသော အဘိဉ်လည်း ပဋိသန္ဓေနှင့်တူစွာ ထိုလူ့ပြည်ဂတိနိမိတ်ကိုပင် [illegible] အာရုံပြုရသည်။ "သန္တိမာရဗ္ဘ" ဟူသော ပါဠိ၏ အဓိပ္ပာယ်ကို မဟာပရိနိဗ္ဗာနသုတ် [illegible] အဋ္ဌကထာဖွင့်နှင့်အညီ အထက်တွင် ရေးပြခဲ့သည့်အတိုင်း ယူရမည်။ ထေရဂါထာ အဋ္ဌကထာ၌ "သန္တိမာရဗ္ဘာတိ သန္တိ အနုပါဒိသေသံ

http://www.dhammadownload.com

နိဗ္ဗာန် အာရမ္မဏ် ကတွာ"ဟု ဖွင့်ရာ ထိုအဖွင့်၌လည်း "ပရိနိဗ္ဗာန် မစံခင် ခပ်စောစော က နိဗ္ဗာန်ကို အာရုံပြုနေသည်"ဟု အဓိပ္ပာယ် ယူဆရမည်ဟု ဆရာမြတ်တို့ မိန့်တော်မူ ကြပါသည်။

မေး။ ယေဘုယျေန ဘဝန္တရေ ဆဒ္ဒါရဂ္ဂဟိတံ-၌ ဘဝန္တရ-အရကို အကြောင်းနှင့် တကွ ဖော်ပြခဲ့ပါ။

ဖြေ။ လွန်ခဲ့ပြီး နှစ်ဘဝ, သုံးဘဝတို့က ဆဒ္ဒါရိကမရဏာသန္နဇောသည် ယူပေးအပ်သော အာရုံသည် ဤဘဝ၌ ပဋိသန္ဓေစသည်တို့၏ အာရုံ မဖြစ်နိုင်သောကြောင့် ဘဝန္တရ-အရ အတီတာနန္တရဘဝ-ဟူသော လွန်ခဲ့ပြီးစ အခြားမဲ့ဘဝ-ကို ယူရပါမည်။ (ဋီနှင့် ၆)။

မေး။ ယေဘုယျေန ဘဝန္တရေ ဆဒ္ဒါရဂ္ဂဟိတံ-၌ ဆဒ္ဒါရ-အရ, ဆဒ္ဒါရဂ္ဂဟိတ-အရတို့ကို ဖော်ပြခဲ့ပါ။

ဖြေ။ ဆဒ္ဒါရ-အရ ဒွါရကို အဦးပြုသဖြင့် ဒွါရ၌ဖြစ်သော မရဏာသန္နဇောတို့ကို ယူရပါမည်။ **တစ်နည်း** - "မဉ္စာ ဥက္ကုဇ္ဇိ ကရောန္တိ"၌ မဉ္စ-အရ မဉ္စ-၌တည်သောသူကို ယူရသကဲ့သို့ ၊ ထို့အတူ ဒွါရ-အရ ဒွါရ၌တည်သော မရဏာသန္နဇောတို့ကို ယူရပါ မည်။

ဒွါရဖြစ်သော ဒွါရ ၆-ပါးတို့၏ အမည်ကို ဌာနီဖြစ်သော ဆဒ္ဒါရိက မရဏာသန္နဇောတို့ ၌ တင်စားခြင်းဟူသော ဌာနူပစာအားဖြင့် မရဏာသန္နဇောတို့ကို ယူရမည်-ဟူလို။

ဆဒ္ဒါရဂ္ဂဟိတ-အရ မရဏာသန္နအခါ၌ဖြစ်သော ဆဒ္ဒါရိကဇောတို့သည် ယူပေးအပ်သော အာရုံကို ယူရပါမည်။ အမှတ်မရှိ တစ်စုံတစ်ခုသော ဆဒ္ဒါရိက ဇောတို့သည် ယူပေးအပ်သော အာရုံကို မယူရပါ။

မေး။ ယေဘုယျေန ဘဝန္တရေ ဆဒ္ဒါရဂ္ဂဟိတံ-၌ အဘယ့်ကြောင့် ယေဘုယျေန-သဒ္ဒါကို ထည့်ဆိုရပါသနည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ အသညသတ္တဘဝတို့မှ စုတေခဲ့သော (စုတေခဲ့၍ ကာမသုဂတိဘုံသို့ ရောက်လာ ပြီး) သတ္တဝါတို့၏ ပဋိသန္ဓေအာရုံကို အခြားမဲ့လွန်လေပြီးသော အသညသတ်-ဘုံ၌ ကစဲ့စုံဂဟဏခဲ့သော ဒွါရဖြင့် မရဏာသန္နဇောက ယူခြင်းမရှိရကား ထို အသညသတ်ဘုံမှ စုတေခဲ့သော သတ္တဝါတို့၏ ပဋိသန္ဓေအာရုံကို စင်စစ်လို သောကြောင့် "ယေဘုယျေန" သဒ္ဒါကို ထည့်ဆိုရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

အမှာ။ ။ "ယေဘုယျေန ဘဝန္တရေ ဆဒ္ဒါရဂ္ဂဟိတံ-၌ ယေဘုယျေန-သဒ္ဒါဖြင့် အဘယ်အရာကို လျှဉ်းပါးအပ်ပါသနည်း"၊ "ယေဘုယျေန ဘဝန္တရေ ဆဒ္ဒါရဂ္ဂဟိတံ-၌ ယေဘုယျေန-သဒ္ဒါဖြင့် အဘယ်အရာကို ဧကန်မဟုတ်သည်၏အဖြစ်သို့ ရောက်စေအပ်ပါသနည်း"ဟု အမျိုးမျိုးမေးနိုင်သည်။ ထိုသို့မေးခဲ့လျှင် "အသညသတ်ဘုံမှ . . . . . ယူခြင်းမရှိသောကြောင့် ထို အသညသတ်ဘုံမှ စုတေခဲ့သော သတ္တဝါတို့၏ ပဋိသန္ဓေကို လျှဉ်းပါးအပ်ပါသည်။ "အသည သတ်ဘုံမှ. . . . . ပဋိသန္ဓေကို ဘဝန္တရဝယ် ဆဒ္ဒါရိကဂ္ဂဟိတအဖြစ်၌ ဧကန်မဟုတ်သည်၏ အဖြစ်သို့ ရောက်စေအပ်ပါသည်"ဟု ဖြေပါ။

မေး။ အသညသတ်ဘုံမှ စုတေခဲ့၍ ကာမသုဂတိဘုံသို့ ရောက်လာသော သတ္တဝါတို့၏ ပဋိသန္ဓေအာရုံကို အဘယ့်ကြောင့် အခြားမဲ့လွန်လေပြီးသော အသညသတ်ဘုံ၌ တစ်စုံတစ်ခုသော ဒွါရဖြင့် မရဏာသန္နဇောက မယူနိုင်ပါသနည်း။

ဖြေ။ အသညသတ်ဘုံ၌ တစ်စုံတစ်ခုသော ဒွါရ၊ ဒွါရိကစိတ်တို့ မရှိသောကြောင့် မယူနိုင်ခြင်း ဖြစ်ပါသည်။

မေး။ အသညသတ်ဘုံမှ စုတေသော သတ္တဝါတို့၏ ပဋိသန္ဓေသည် အဘယ်အာရုံကို အာရုံပြုပါသနည်း။

ဖြေ။ အသညသတ်ဘုံမှ စုတေသော သတ္တဝါတို့ ပဋိသန္ဓေသည် အသညသတ်ဘုံသို့ မရောက်မီ တစ်ပါးသော ဘဝဆီက ပြုခဲ့၍ ယခုအကျိုးပေးခွင့်ရသော အပရာပရိယဝေဒနီယကံသည် ထင်စေအပ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုပါသည်။ (အသညသတ်ဘုံ၌ ဆဒ္ဒါရိကမရဏာသန္နဇောသည် မရှိသောကြောင့် ဆဒ္ဒါရိကမရဏာသန္နဇောသည် ယူပေးအပ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် အာရုံတစ်ပါးပါးကို အာရုံပြုပါသည် မဟုတ်-ဟူလို)။

မေး။ အသညသတ်ဘုံမှ စုတေသော သတ္တဝါတို့၏ ပဋိသန္ဓေအာရုံ ထင်လာပုံကို ဖော်ပြပါ။

ဖြေ။ အသညသတ်ဘုံမှ စုတေသော သတ္တဝါတို့ ပဋိသန္ဓေအာရုံသည် အသညသတ်ဘုံသို့ မရောက်မီ တစ်ပါးသော ဘဝဆီက ပြုခဲ့၍ ယခုအကျိုးပေးခွင့်ရသော အပရာပရိယဝေဒနီယကံ၏ အစွမ်းသတ္တိကြောင့် ထင်လာပါသည်။

(၈) ယေဘုယျေန ဘဝန္တရေ ဆဒ္ဒါရဂ္ဂဟိတံ-နှင့်စပ်၍ သိအပ်သိထိုက်သော ပဋိ

http://www.dhammadownload.com

သန္ဓေ၏ အာရုံထင်ပုံ ၂-နည်းကို ဖော်ပြပါ။

ဖြေ။ ၁။ ဆဒ္ဒါရိကမရဏာသန္နဇောသည် ယူပေးအပ်သည်ဖြစ်၍ ထင်ခြင်း။
၂။ တစ်ပါးသော ဘဝက ပြုခဲ့၍ ယခုအကျိုးပေးခွင့်ရသော အပရာပရိယဝေဒနီယကံသည် ထင်စေအပ်သည်ဖြစ်၍ ထင်ခြင်း-တို့ ဖြစ်ပါသည်။

မေး။ အသည်သတ်ဘုံမှ စုတေသောသတ္တဝါတို့၏ ပဋိသန္ဓေသည် ကံသည် ထင်စေအပ်သော အာရုံကို အာရုံမပြု၊ မရဏာသန္နဇောသည် ယူပေးအပ်သော အာရုံကို အာရုံပြုသည်-ဟုဆိုလျှင် ရောက်လာမည့်အပြစ်ကို ဖော်ပြပါ။

ဖြေ။ မရဏာသန္နဇောသည် ယူပေးအပ်သောအာရုံကိုလည်း ကံ၏အစွမ်းသတ္တိကသာလျှင် ထင်စေအပ်သောကြောင့် ဇဝ-သဒ္ဒါဖြင့် တားမြစ်စရာအနက် မရှိတော့ရကား "ဟောတိ သာ သန္ဓိ တေနေဝ"ဟူသော သစ္စသံခိပ်ဝယ် "တေနေဝ"ဟု အဝဓာရဏ ဇဝ-သဒ္ဒါနှင့်တကွ ဆိုထားသောစကား၏ အဓိပ္ပာယ်မရှိတော့ခြင်း-ဟူသော အပြစ်ရောက်ရာပါသည်။

ရှင်းလင်းချက်

တေနေဝ-၌ ဇဝ-သဒ္ဒါသည် မရဏာသန္နဇောသည် ယူအပ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အာရုံကို တားမြစ်၏။ အသည်သတ်ဘုံမှ စုတေခဲ့သော သတ္တဝါတို့၏ ပဋိသန္ဓေသည် မရဏာသန္နဇောသည် ယူပေးအပ်သော အာရုံကို အာရုံပြုသည်-ဟုဆိုလျှင် ဇဝ-သဒ္ဒါဖြင့် ထိုအနက်ကို မတားမြစ်နိုင်တော့ပါ။ ထို့ကြောင့် "တေနေဝ"ဟု အဝဓာရဏ ဇဝ-သဒ္ဒါနှင့်တကွ ဆိုထားသောစကား အဓိပ္ပာယ်မရှိတော့-ဟု ဆိုလိုပါသည်။

မေး။ အသည်သတ်ဘုံမှ စုတေ၍ ကာမဘုံ၌ ဖြစ်လာသောသတ္တဝါ၏ ပဋိသန္ဓေ အာရုံသည် အသည်သတ်ဘဝမှ ရှေ့ဖြစ်သော ကာမသုဂတိဘဝတုန်းက တစ်စုံတစ်ခုသောဒွါရဖြင့် ဆဒ္ဒါရိကမရဏာသန္နဇောသည် ယူအပ်သောအာရုံ ဖြစ်သင့်သည် မဟုတ်ပါလော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ကံ, ကမ္မနိမိတ်အာရုံကား ဖြစ်သင့်ပါသည်။ ဂတိနိမိတ်ကား သတ္တဝါအားလုံးကို့အားလည်း သေခါနီးအခါ၌သာလျှင် ကပ်၍ထင်လာသောကြောင့် အသည သဘ်ဘုံသို့ မရောက်မီ ရှေ့ဖြစ်သောကမ္မဘဝ (ကာမသုဂတိဘဝ)တုန်းက တစ်စုံတစ်ခုသော ဒွါရဖြင့် ဆဒ္ဒါရိက မရဏာသန္နဇောသည် ယူအပ်သောအာရုံ မဖြစ်သင့်ပါ။

တစ်နည်း - ဤဝိထိမုတ်စိတ်တို့၏ အာရုံကို ပြရာ၌ "ဆဒ္ဒါရဂ္ဂဟိတံ"ဟူသော စကားကို (သာမည ဆဒ္ဒါရိကဇောတို့ ယူအပ်သော အာရုံကို ရည်ရွယ်၍ ဆိုအပ်သည် မဟုတ်၊) သေခါနီးအခါ၌ဖြစ်သောဇောတို့သည် ယူအပ်သော အာရုံကို့

http://www.dhammadownload.com

သာလျှင် ရည်ရွယ်၍ ဆိုအပ်သောကြောင့် မဖြစ်သင့်ပါ။

သိမှတ်ဖွယ်။။ ပဋိဝစန, ပဋိကွေပ, အဘျုပဂမ-ဟူသော **ပရိဟာရ ၃-မျိုး**တို့တွင် ပထမနည်းဖြင့် ပဋိဝစန ပရိဟာရကို ပြ၍၊ ဒုတိယနည်းဖြင့် ပဋိကွေပ ပရိဟာရကို ပြသည်-ဟု သိပါ။ (လူ၊ ၁။ ၄၀၉။)

မေး။ ပစ္စုပ္ပန္နမတီတံ-စသောပါဠိဖြင့် အဘယ်ကို တားမြစ်ပါသနည်း။

ဖြေ။ ယင်းပါဠိဖြင့် အနာဂတ်အာရုံ၏ ပဋိသန္ဓေအာရုံအဖြစ်ကို တားမြစ်ပါသည်။ (အနာဂတ်အာရုံသည် ပဋိသန္ဓေဟူသော ဒွါရဝိမုတ်စိတ်၏ အာရုံ မဖြစ်နိုင်-ဟူလို။)

မေး။ အနာဂတ်အာရုံသည် အဘယ့်ကြောင့် ပဋိသန္ဓေဟူသော ဒွါရဝိမုတ်စိတ်၏ အာရုံ မဖြစ်နိုင်ပါသနည်း။

ဖြေ။ အနာဂတ်အာရုံသည် အတိတ် ကဲ့, ကမ္မနိမိတ်တို့ကဲ့သို့ ခံစားအပ်, တွေ့ကြုံ အပ်ပြီးလည်း မဟုတ်။ ပစ္စုပ္ပန် ကမ္မနိမိတ်, ဂတိနိမိတ်တို့ကဲ့သို့ ရှေးရှုကျ ရောက်ခြင်း (ထင်ခြင်း)သို့ ရောက်သည်လည်း မဟုတ်သောကြောင့် အနာဂတ် အာရုံသည် ပဋိသန္ဓေ ဟူသော ဒွါရဝိမုတ်စိတ်၏ အာရုံ မဖြစ်နိုင်ပါ။

မှတ်ချက်။ ။ ဂတိနိမိတ်မှန်လျှင် ပစ္စုပ္ပန်ချည်းဖြစ်သောကြောင့် ဂတိနိမိတ်ကို ချန်လှပ်၍ "အတိတကမ္မကမ္မနိမိတ္တာနိ ဝိယ"ဟုလည်းကောင်း၊ ကဲ့အာရုံမှန်လျှင် အတိတ်သာဖြစ်သော ကြောင့် ကဲ့ကို ချန်လှပ်၍ "ပစ္စုပ္ပန္နကမ္မနိမိတ္တဂတိနိမိတ္တာနိ ဝိယ" ဟုလည်းကောင်း ဆိုထားသည်ဟု မှတ်ပါ။

မေး။ သဗ္ဗထာပိ ကာမာဝစရာရမ္မဏာနေဝ-၌ သဗ္ဗထာပိ-အရနှင့် ကာမာဝစရာ ရမ္မဏ-အရတို့ကို ကောက်ပြခဲ့ပါ။

ဖြေ။ သဗ္ဗထာပိ-အရ ဆဒွါရိက, ဆဒွါရဝိမုတ္တ, ဆဠာရမ္မဏတို့၏ အစွမ်းဖြင့်ဖြစ်သော ခပ်သိမ်းသောအခြင်းအရာကို ယူရပါမည်။

ကာမာဝစရာရမ္မဏ-အရ ဧကန်ကာမသဘောရှိသော အာရုံ ၆-ပါး၊ ထိုအာရုံ ၆-ပါးကို အာရုံပြုသော စိတ် ၁၂-ပါးတို့ကို ယူရပါမည်။

ရှင်းလင်းချက်။ ။ သဗ္ဗထာပိ-အရကို "သန္တီရဏ တဒါရုံကိစ္စ, ဇောကိစ္စတပ်၍ ဆဒွါရိကစိတ်အဖြစ်ဖြင့် ဖြစ်သောအခြင်းအရာ၊ ပဋိသန္ဓေစသော ကိစ္စတပ်၍ ဒွါရဝိမုတ်အဖြစ်ဖြင့် ဖြစ်သောအခြင်းအရာ၊ ၆-ပါးသောအာရုံရှိသည်၏အဖြစ်ဖြင့် ဖြစ်သော

http://www.dhammadownload.com

အခြင်းအရာ"ဟု ခွဲခြား မှတ်သားပါ။

ကာမာဝစရာရမ္မဏာနိ-ပုဒ်ကို "ကာမာဝစရံ အာရမ္မဏံ ယေသန္တိ ကာမာဝစရာရမ္မဏာနိ"ဟု ဝစနတ္ထုပြရ၏။ ယင်း၌ "ကာမာဝစရံ အာရမ္မဏံ"ဟူသော အနိပ္ပန္နအခိုက် ကာမာဝစရသဘောရှိသော အာရုံ ၆-ပါးကို ရ၍၊ "ကာမာဝစရာရမ္မဏာနိ"ဟူသော နိပ္ပန္နအခိုက် ထိုအာရုံ ၆-ပါးကို အာရုံပြုသော စိတ် ၁၂-ပါးကို ရ၏။ ထို့ကြောင့် "ကာမာဝစရာရမ္မဏာ" အရ နှစ်မျိုးလုံး ကောက်ပြလိုက်ခြင်း ဖြစ်ပါသည်။

မေး။ တေသု စက္ခုဝိညာဏာဒီနိ ယထာက္ကမံ-၌ တေသု-အစွဲကို ကျနစ္စာ စွဲပြခဲ့ပါ။

ဖြေ။ တေသု၊ ထို ရှုပါရုံ အစရှိသော-ပစ္စုပ္ပန် အစရှိသော-ကံအစရှိသော အာရုံရှိကုန်သော စိတ်တို့တွင်-ဟု စွဲရပါမည်။

မေး။ သေသာနိ ကာမာဝစရဝိပါကာနိ ဟသနစိတ္တဥွေတိ-၌ သေသ အပါဒါန်နှင့် သေသ အရတို့ကို ကောက်ပြခဲ့ပါ။

ဖြေ။ သေသအပါဒါန်မှာ - ဒွေးပဉ္စဝိညာဉ် ၁၀၊ သမ္ပဋိစ္ဆိုင်းဒွေးတို့ ဖြစ်ပါသည်။
သေသအရမှာ - သန္တီရဏ ၃-ခု၊ မဟာဝိပါက်စိတ် ၈-ခုတို့ ဖြစ်ပါသည်။

မေး။ ကာမာဝစရတရားကို ဧကန်အာရုံပြုသော စိတ်တို့တွင် သန္တီရဏ ၃-ခု၊ မဟာဝိပါက်စိတ် ၈-ခု၏ ကာမတရားကို အာရုံပြုပုံကို ရေးပြပါ။

ဖြေ။ သန္တီရဏ ၃-ခု၊ မဟာဝိပါက်စိတ် ၈-ခုတို့သည် သန္တီရဏအစရှိသည်တို့၏ အစွမ်းဖြင့် ဖြစ်သောအခါ ပဥ္စာရုံကို၊ ပဋိသန္ဓေကိစ္စ စသည်တို့၏အစွမ်းဖြင့် ဖြစ်သောအခါ အာရုံ ၆-ပါးဟူသော ကာမတရားကို အာရုံပြုကြပါသည်။

မဏိမဉ္ဇူအဆို။ ။ **"သန္တီရဏ ၃-ခု၊မဟာဝိပါက်စိတ် ၈-ခုတို့သည် သန္တီရဏကိစ္စ၏ အစွမ်းဖြင့် ဖြစ်သောအခါ ပဥ္စာရုံ၌၊ တဒါရုံ၏ အစွမ်းဖြင့်လည်းကောင်း, ပဋိသန္ဓေစသော ကိစ္စတို့၏ အစွမ်းဖြင့် ဖြစ်သောအခါ အာရုံ ၆-ပါးဟူသော ကာမတရား၌ သာ ဖြစ်ကြသည်"**ဟု ဆိုသင့်ကြောင်း မဏိမဉ္ဇူ၌ ဆိုသည်။

အဖေဂ္ဂုသာရဒီပနီအဆို။ ။ "သန္တီရဏာဒိဝသေန-ဟူသော ဦကာပါဠိကား မေ့လျော့၍ ရေးမှားမိသော ပါဠိတည်း။ မှန်၏- ထိုသန္တီရဏာဒိဝသေန-ဟူသော ဦကာပါဠိ၌ အာဒိသဒ္ဒါဖြင့် တဒါရုံကိစ္စကို မယူအပ် မယူနိုင်။ တဒါရုံက အာရုံခြောက်ပါးကို အာရုံပြုနိုင်သောကြောင့် ပဋိသန္ဓာဒိ-ဟူသောပါဠိ၌ အာဒိသဒ္ဒါဖြင့် ယူအပ် ယူနိုင်၏"။ (ဤအဖေဂ္ဂုသာရဒီပနီ အဆိုအရ သန္တီရဏာဒိ-၌ အာဒိသဒ္ဒါဖြင့် တဒါရုံကို မယူနိုင်ကြောင်းသိပါ။ တောင်မြို့ ဦကာကျော်နိုသယ ၌ "အာဒိဖြင့် တဒါရုံကိစ္စကို ယူ"ဟု

http://www.dhammadownload.com

ဆိုထားသည်။ ထိုအဆိုကိုထောက်၍ မဏိမဉ္ဇူ-၁၊ ၄၁၁-၌ တဒါရမ္မဏာဝသေန-ဟု သီးခြားထုတ်ဆိုထားသည်ကိုလည်း ပါဠိလွန်-ဟု **ဦးကာကျော်ဂဏ္ဌိ**၌ ဆုံးဖြတ်တော် မူသည်)။

မေး။ ဟသိတုပ္ပါဒ်စိတ်၏ ကာမာဝစရတရား အာရုံ ၆-ပါးကို အာရုံပြုပုံကို ပြည့်စုံစွာ ရှင်းပြခဲ့ပါ။

ဖြေ။ **ဟသိတုပ္ပါဒ်**သည် ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်ဖို့ရန် သင့်လျော်လျောက် ပတ်သော အရပ်ကို မြင်၍ နှစ်သက်သော ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ **ရှုပါရုံ**ကို၊

သင်္ကန်းစသောဘဏ္ဍာကို ဝေဖန်ရာအရပ်၌ ကျယ်စွာသောအသံကို ကြား၍ "ငါသည် ဤသို့သဘောရှိသော လောလုပ္ပတဏှာကို ပယ်အပ်ပေပြီ"ဟု နှစ်သက်သော ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ **သဒ္ဒါရုံ**ကို။

နံ့သာစသည်တို့ဖြင့် စေတီတော်ကို ပူဇော်သောအခါ နှစ်သက်သော ရဟန္တာပုဂ္ဂိုလ် ၏ သန္တာန်၌ **ဂန္ဓာရုံ**ကို၊

အရသာနှင့် ပြည့်စုံသော ဆွမ်းဘောဇဉ်ကို သီတင်းသုံးဘော်တို့နှင့်တကွ ဝေဖန်၍ သုံးဆောင်သောအခါ နှစ်သက်သော ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ **ရသာရုံ**ကို၊

အာဘိသမာစာရိကဝတ်ကို ဖြည့်ကျင့်သောအခါ နှစ်သက်သော ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ **ဖောဋ္ဌဗ္ဗာရုံ**ကို၊

ပုဗ္ဗေနိဝါသဉာဏ်စသည်တို့သည် ယူအပ်ပြီးသော ကာမာဝစရတရားကို အာရုံပြု၍ နှစ်သက်သော ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ **ဓမ္မာရုံ**ကို အာရုံပြု၍ ဖြစ်ပါသည်။ ဤသို့လျှင် ဟသိတုပ္ပါဒ်သည် အာရုံ ၆-ပါးဟုဆိုအပ်သော ကာမာဝစရတရားကို အာရုံပြုပါသည်။

မေး။ အကုသိုလ်စိတ် ၁၂-ပါး၊ ဉာဏဝိပ္ပယုတ်ကာမာဝစရဇော ၈-ပါး၊ ပေါင်း ၂၀-သောစိတ်တို့သည် အဘယ့်ကြောင့် လောကုတ္တရာတရားတို့ကို ကြဉ်၍ အလုံးစုံသောအာရုံကို အာရုံပြုကြပါသနည်း။

ဖြေ။ ထို ၂၀-သောစိတ်တို့သည် တန်ခိုးကြီးမားသော လောကုတ္တရာတရားတို့ကို အာရုံပြု၍ ဖြစ်ခြင်းငှါ မစွမ်းနိုင်သောကြောင့် (အာရုံမပြုနိုင်သောကြောင့်) လောကုတ္တရာတရားတို့ကို ကြဉ်၍ အလုံးစုံသောအာရုံကို အာရုံပြုကြရပါသည်။

မေး။ အကုသိုလ်စိတ် ၁၂-ပါး၊ ဉာဏဝိပ္ပယုတ်ကာမာဝစရဇော ၈-ပါး၊ ပေါင်း ၂၀-

http://www.dhammadownload.com

သောစိတ်တို့သည် အဘယ့်ကြောင့် လောကုတ္တရာတရားတို့ကို အာရုံ မပြုနိုင်ကြပါသနည်း။

ဖြေ။ ထို ၂၀-သောစိတ်တို့သည် မိမိ၏ မိုက်မဲထိုင်းမှိုင်းသဲ့သည်၏အဖြစ်ကြောင့် (ဉာဏဝိပွယုတ်ဖြစ်၍ ဉာဏသမ္ပယုတ်စိတ်များကဲ့သို့ မထက်မြက်သောကြောင့်) တန်ခိုးကြီးမားသော လောကုတ္တရာတရားတို့ကို အာရုံမပြုနိုင်ကြခြင်း ဖြစ်ပါ သည်။

မေး။ အရှင်အနုရုဒ္ဓါဆရာသည် အဘယ့်ကြောင့် "အကုသလာနိ စေဝ ဉာဏဝိပွယုတ္တကာမာဝစရဇဝနာနိ စေတိ လောကုတ္တရဝဇ္ဈိတသဗ္ဘာရမ္မဏာနိ" ဟူသော စကားရပ်ကို မိန့်ဆိုတော်မူရပါသနည်း။

ဖြေ။ အကုသိုလ်စိတ် ၁၂-ပါး၊ ဉာဏဝိပွယုတ်ကာမာဝစရဇော ၈-ပါး၊ ပေါင်း ၂၀-သောစိတ်တို့သည် မိမိ၏ မိုက်မဲထိုင်းမှိုင်းသည့်အတွက် တန်ခိုးကြီးမားသော လောကုတ္တရာတရားတို့ကို အာရုံပြုခြင်းငှါ မစွမ်းနိုင်သောကြောင့် လောကုတ္တရာတရား တို့ကိုကြဉ်၍ တေဘူမက ရုပ်, နာမ်, ပညတ်တို့ကို အာရုံပြု၍ ဖြစ်ကြရပါသည်။ ထို့ကြောင့် "အကုသလာနိ စေဝ ဉာဏဝိပွယုတ္တကာမာဝစရဇဝနာနိ စေတိ လောကုတ္တရဝဇ္ဈိတသဗ္ဘာရမ္မဏာနိ" ဟူသော စကားရပ်ကို မိန့်ဆိုတော်မူရခြင်း ဖြစ်ပါသည်။

မေး။ အသိဉာဏ်မပါဘဲ သူတစ်ပါးတို့ ပြုလုပ်သည်ကို မြင်၍ ဝမ်းမြောက်ဝမ်းသာ ပြုလုပ်သော အခြားဘာသာဝင်တစ်ယောက်၏ ဒါနကုသိုလ်သည် နိဗ္ဗာန်ကို အာရုံပြုနိုင်/မပြုနိုင် အကြောင်း, သာဓက စုံလင်စွာပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ ထိုဒါနကုသိုလ်သည် ဉာဏ်မပါသဖြင့် မိမိ မိုက်မဲထိုင်းမှိုင်းသောကြောင့် (ဉာဏဝိပွယုတ်ဖြစ်၍ ဉာဏသမ္ပယုတ်စိတ်များကဲ့သို့ မထက်မြက်သောကြောင့်) နိဗ္ဗာန်ကို အာရုံ မပြုနိုင်ပါ။

သာဓကကား - အကုသလာနိ စေဝ ဉာဏဝိပွယုတ္တကာမာဝစရဇဝနာနိ စေတိ လောကုတ္တရဝဇ္ဈိတသဗ္ဘာရမ္မဏာနိ - ဖြစ်ပါသည်။

မေး။ "အကုသလာနိ စေဝ ဉာဏဝိပွယုတ္တကာမာဝစရဇဝနာနိ စေတိ လောကုတ္တရဝဇ္ဈိတသဗ္ဘာရမ္မဏာနိ" ဟူသော စကားရပ်၌ လောကုတ္တရဝဇ္ဈိတ သဗ္ဘာရမ္မဏ-အရကို ဖော်ပြပါ။

ဖြေ။ လောကုတ္တရာတရားကြဉ်သော တေဘူမက ရုပ်, နာမ်, ပညတ်အာရုံတို့ကို ဟောက်ယူရပါမည်။

http://www.dhammadownload.com

မေး။ အကုသိုလ်စိတ် ၁၂-ပါး၊ ဉာဏဝိပ္ပယုတ်ကာမာဝစရဇော ၈-ပါး၊ ပေါင်း ၂၀-သောစိတ်တို့ လောကုတ္တရာတရား ကိုးပါးကြဉ် အလုံးစုံသောအာရုံတို့ကို အာရုံပြုပုံကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ထို ၂၀-သောစိတ်တို့တွင် **ဒိဋ္ဌဂတသမ္ပယုတ်စိတ် ၄-ပါး**တို့သည် ကာမတရားတို့ကို အာရုံပြု၍ ပရာမသန(=အနိစ္စစသည်မှတစ်ပါး နိစ္စစသော အခြင်းအရာအားဖြင့် သုံးသပ်ခြင်း)၊ အဿာဒ(=လွန်စွာ သာယာခြင်း)၊ **အဘိနန္ဒန** (=လွန်စွာနှစ်သက်ခြင်း)တို့ ဖြစ်သောအခါ ကာမာဝစရတရားတို့ကို အာရုံပြုကြပါသည်။

ထိုပရာမသန, အဿာဒ, အဘိနန္ဒန အခြင်းအရာအားဖြင့်ပင် မဟဂ္ဂုတ်တရားတို့ကို အာရုံပြု၍ ဖြစ်သောအခါ မဟဂ္ဂုတ်တရားတို့ကို အာရုံပြုကြပါသည်။

ပရမတ္ထ သဘာဝမဟုတ်, သမုတ်အပ်သော ပညတ်တရားတို့ကို အာရုံပြု၍ ဖြစ်သောအခါ ပညတ်တရားကို အာရုံပြုကြပါသည်။

ဒိဋ္ဌဂတဝိပ္ပယုတ်စိတ် ၄-ပါးတို့သည် ထိုကာမ, မဟဂ္ဂုတ်, ပညတ်တရားတို့ကို အာရုံပြု၍ အဿာဒ, အဘိနန္ဒနတို့၏အစွမ်းဖြင့် ဖြစ်သောအခါ အစဉ်အတိုင်း ကာမ, မဟဂ္ဂုတ်, ပညတ်တရားတို့ကို အာရုံပြုကြပါသည်။ (ဒိဋ္ဌဂတဝိပ္ပယုတ်ဖြစ်၍ ပရာမသန-မပါ။)

ဒေါသမူစိတ် ၂-ပါးတို့သည် ကာမ, မဟဂ္ဂုတ်, ပညတ်တရားတို့ကို အာရုံပြု၍ ဒုဿန(=ပြစ်မှားခြင်း စိတ်ပျက်ခြင်း)၊ ဝိပ္ပဋိသာရ(=နှလုံးမသာယာခြင်း)တို့၏ အစွမ်းဖြင့် ဖြစ်သောအခါ အစဉ်အတိုင်း ကာမ, မဟဂ္ဂုတ်, ပညတ်တရားတို့ကို အာရုံပြုကြပါသည်။

ဝိစိကိစ္ဆာသဟဂုတ်စိတ်သည် ကာမ, မဟဂ္ဂုတ်, ပညတ်တရားတို့ကို အာရုံပြု၍ ဆုံးဖြတ်ခြင်းသို့ မရောက်ခြင်း (မဆုံးဖြတ်နိုင် ခြင်း)၏အစွမ်းဖြင့် ဖြစ်သောအခါ၊ **ဥဒ္ဓစ္စသဟဂုတ်စိတ်**သည် ပျံ့လွင့်ခြင်း, မငြိမ်သက်ခြင်း၏အစွမ်းဖြင့် ဖြစ်သောအခါ အစဉ်အတိုင်း ကာမ, မဟဂ္ဂုတ်, ပညတ်တရားတို့ကို အာရုံပြုကြပါသည်။

ဉာဏဝိပ္ပယုတ်စိတ် ၈-ပါးတို့သည် သေက္ခ, ပုထုဇဉ်, ရဟန္တာပုဂ္ဂိုလ်တို့၏ မရိုမသေ မလေးမစား (ဉာဏ်မပါဘဲ) ပေးကမ်းလှူဒါန်းခြင်း, ဆင်ခြင်ခြင်း, တရားနာခြင်းစသည်တို့၌ ကာမတရားတို့ကို အာရုံပြု၍ ဖြစ်သောအခါ ကာမာဝစရတရားကို အာရုံပြုကြပါသည်။ အလွန်လေ့လာပွားများအပ်ပြီးသောစျာန်ကို ဆင်ခြင်သောအခါ မဟဂ္ဂုတ်တရားကို အာရုံပြုကြပါသည်။ ကသိုဏ်းပဋိဘာဂနိမိတ်စသော ပညတ်စိတ္တ၌ ပရိကံစသည်ကို ပြုသောအခါ ပညတ်တရား

http://www.dhammadownload.com

ကို အာရုံပြုကြပါသည်။

မှတ်ချက်။ ။ သေက္ခ, ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် ၄-ပါး၊ ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ ကြိယာဉာဏဝိပ္ပယုတ်စိတ် ၄-ပါး-ဟု ခွဲခြားမှတ်သားပါ။

မေး။ ဉာဏသမ္ပယုတ် ကာမာဝစရကုသိုလ်ဇော ၄-ခု၊ ကုသိုလ်အဘိညာဉ် အားဖြင့် ၅-ပါးသောစိတ်တို့သည် အဘယ့်ကြောင့် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ် အလုံးစုံသော အာရုံတို့ကို အာရုံ ပြုကြပါသနည်း။

ဖြေ။ ထိုစိတ်တို့သည် သေက္ခ, ပုထုဇဉ်တို့၏ သန္တာန်၌သာ ဖြစ်ကြသောကြောင့် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ် အလုံးစုံသော အာရုံတို့ကို အာရုံ ပြုကြပါသည်။

မေး။ အရှင်အနုရုဒ္ဓါဆရာသည် အဘယ့်ကြောင့် "ဉာဏသမ္ပယုတ္တကာမာဝစရကုသလာနိ စေဝ ပဉ္စမဇ္ဈာနသခ်ီတံ အဘိညာကုသလဉ္စေတိ အရဟတ္တမဂ္ဂဖလဝဇ္ဇိတ သဗ္ဗာရမ္မဏာနိ"ဟူသော စကားရပ်ကို မိန့်ဆိုတော်မူရပါသနည်း။

ဖြေ။ ဉာဏသမ္ပယုတ် ကာမာဝစရကုသိုလ်ဇော ၄-ခု၊ ကုသိုလ်အဘိညာဉ် အား ဖြင့် ၅-ပါးသောစိတ်တို့သည် သေက္ခ, ပုထုဇဉ်တို့၏ သန္တာန်၌သာ ဖြစ်သော စိတ်များ ဖြစ်၍ အရဟတ္တမဂ်, အရဟတ္တဖိုလ်တို့ကို အာရုံ မပြုနိုင်သောကြောင့် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ် အလုံးစုံသောအာရုံတို့ကို အာရုံပြုကြပါသည်။ ထို့ကြောင့် "ဉာဏ သမ္ပယုတ္တကာမာဝစရကုသလာနိ စေဝ ပဉ္စမဇ္ဈာနသခ်ီတံ အဘိညာကုသလဉ္စေတိ အရဟတ္တမဂ္ဂဖလဝဇ္ဇိတသဗ္ဗာရမ္မဏာနိ"ဟူသော စကားရပ်ကို မိန့်ဆိုတော်မူရခြင်း ဖြစ်ပါသည်။

အမှာ။ ။ အထက်ပါအဖြေကို သေသေချာချာ ကြည့်ရှုပြီး အကြောင်း+ အကျိုးအဆက်ဆက်ဖြစ်ပုံကို နားလည်သဘောပေါက်အောင် အဖန်ဖန်အထပ်ထပ် စဉ်းစားဆင်ခြင်ကြပါ။ ဦးကာ၌ တိုက်ရိုက်မလာပါ။ ရှေ့အဖွင့်ကို နည်းမှီ၍ ရေးပြလိုက်ခြင်း ဖြစ်ပါသည်။

မေး။ "ဉာဏသမ္ပယုတ္တကာမာဝစရကုသလာနိ စေဝ ပဉ္စမဇ္ဈာနသခ်ီတံ အဘိညာကုသလဉ္စေတိ အရဟတ္တမဂ္ဂဖလဝဇ္ဇိတသဗ္ဗာရမ္မဏာနိ"ဟူသော စကားရပ်သည် အဘယ်ပုဂ္ဂိုလ်ကို ရည်ရွယ်၍ မိန့်ဆိုသောစကားရပ် ဖြစ်ပါသနည်း။

ဖြေ။ အနာဂါမ်ပုဂ္ဂိုလ်ကို ရည်ရွယ်၍ မိန့်ဆိုသော စကားရပ် ဖြစ်ပါသည်။

http://www.dhammadownload.com

ရှင်းချက်။ ။ ထိုစိတ် ၅-ပါးတို့သည် အနာဂါမ်ပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်ခိုက်သာ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြည် အလုံးစုံကို အာရုံပြုနိုင်သည်။အောက်အောက် ပုဂ္ဂိုလ်သည် အထက်အထက်စိတ်ကို မသိနိုင်သောကြောင့် သကဒါဂါမ်ပုဂ္ဂိုလ်သန္တာန်၌ ဖြစ်လျှင် အနာဂါမိမဂ်, ဖိုလ်တို့ကို အာရုံမပြုနိုင်။ သောတာပန်ပုဂ္ဂိုလ်ဖြစ်လျှင် သကဒါဂါမိမဂ်, ဖိုလ်၊ အနာဂါမိမဂ်, ဖိုလ်တို့ကို အာရုံမပြုနိုင်။ ပုထုဇဉ်ပုဂ္ဂိုလ်သန္တာန်၌ ဖြစ်လျှင် သော-သ-နာ မဂ်, ဖိုလ်အားလုံးကို အာရုံ မပြုနိုင်-ဟု မှတ်ပါ။

မေး။ သေက္ခပုဂ္ဂိုလ်တို့သည် အဘယ့်ကြောင့် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို မသိနိုင်ကြပါသနည်း။

ဖြေ။ သေက္ခပုဂ္ဂိုလ်တို့သည် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို မရဖူးသေးသောကြောင့် သီးခြားဖြစ်သော ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ် ကို မသိနိုင်ကြခြင်း ဖြစ်ပါသည်။

ပါဠိပုဂ္ဂလိကစိတ္တံ။ ။ ပဠိ ဝိသုံဘူတော ပုဂ္ဂလော ပဠိပုဂ္ဂလော။ ပါဠိပုဂ္ဂလဿ ကဒံ ပါဠိပုဂ္ဂလိကံ။ ပဠိပုဂ္ဂလိကံ စိတ္တံ ပါဠိပုဂ္ဂလိကစိတ္တံ။

မေး။ ပုထုဇဉ်စသည်တို့သည် သောတာပန်စသည်တို့၏ မဂ်စိတ်, ဖိုလ်စိတ်တို့ကို အဘယ့်ကြောင့် မသိနိုင်ကြပါသနည်း။

ဖြေ။ ပုထုဇဉ်စသည်တို့သည်လည်း သောတာပန်စသည်တို့၏ မဂ်စိတ်, ဖိုလ်စိတ်တို့ကို မရဖူးသေးသောကြောင့် ထိုသောတာပန်စသည်တို့၏ မဂ်စိတ်, ဖိုလ်စိတ်တို့ကို မသိနိုင်ကြခြင်း ဖြစ်ပါသည်။

မေး။ စေတောပရိယဉာဏလာဘီ (ပရစိတ္တဝိဇာနနအဘိညာဉ်ရသူ) ပုထုဇဉ်ပုဂ္ဂိုလ်တစ်ယောက်က "ဒီပုဂ္ဂိုလ်ဟာ သောတာပန် ဖြစ်နေပြီ၊ အဲဒီပုဂ္ဂိုလ်ရဲ့ သောတာပတ္တိမဂ်စိတ်, ဖိုလ်စိတ်ကို ငါသိတယ်"ဟု ပြောလာလျှင် ထိုစကား ဟုတ်နိုင်/မဟုတ်နိုင်? ခိုင်လုံသော အကြောင်ပြလျက် ဆုံးဖြတ်ချက်ချခဲ့ပါ။

ဖြေ။ ထိုစကား မဟုတ်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် - ထိုပုထုဇဉ်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်စိတ်, ဖိုလ်စိတ်တို့ကို မရဖူးသေးသောကြောင့် ဖြစ်ပါသည်။

မေး။ စေတောပရိယဉာဏလာဘီ (ပရစိတ္တဝိဇာနနအဘိညာဉ်ရသူ) သောတာပန်ပုဂ္ဂိုလ်တစ်ယောက်က "ဒီရဟန္တာပုဂ္ဂိုလ်ရဲ့ မဟာကြိယာဉာဏသမ္မယုတ်စိတ်ကို ငါသိတယ်"ဟု ပြောလာလျှင် ဟုတ်နိုင်/မဟုတ်နိုင်? ခိုင်လုံသော အကြောင်းပြ

http://www.dhammadownload.com

လျက် ဆုံးဖြတ်ချက်ချခဲ့ပါ။

ဖြေ။ မြတ်စွာဘုရား၏သော်မှလည်း လောကီစိတ်ကို မာရ်နတ်စသည်တို့က သိအပ်သိနိုင်သောကြောင့် "ဌပေတွာ လောကိယစိတ္တံ"ဟု ဋီကာဆရာ ဖွင့်ဆိုထားသည်ကိုထောက်၍ ထိုစကား ဟုတ်နိုင်ပါသည်။

မေး။ ဉာဏသမ္မယုတ် ကာမာဝစရကုသိုလ်ဇော ၄-ခု၊ ကုသိုလ်အဘိညာဉ်အားဖြင့် ၅-ပါးသောစိတ်တို့၏ အာရုံကို ပြဆိုရာ၌ အဘယ့်ကြောင့် အရဟတ္တမဂ်, အရဟတ္တဖိုလ်တို့ကိုသာ ကြဉ်ရပါသနည်း။

ဖြေ။ သေက္ခပုဂ္ဂိုလ်တို့သန္တာန်၌ မိမိ၊ မိမိနှင့် တန်းတူဖြစ်သော သောတာပန်, သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်၊ မိမိအောက်ဖြစ်သော သောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ်တို့၏ မဂ်, ဖိုလ်တရားတို့ကို အာရုံပြု၍ ထို ၅-ပါးဩဇာ ကုသိုလ်ဇောစိတ်တို့ ဖြစ်နိုင်ကြသေးသောကြောင့် အရဟတ္တမဂ်, အရဟတ္တဖိုလ်တို့ကိုသာ ကြဉ်ရခြင်းဖြစ်ပါသည်။

မေး။ သေက္ခပုဂ္ဂိုလ်တို့သန္တာန်၌ (က) မိမိမိမိ၏ မဂ်, ဖိုလ်တရား (ခ) မိမိနှင့် တန်းတူပုဂ္ဂိုလ်၊ မိမိအောက် ပုဂ္ဂိုလ်တို့၏ မဂ်, ဖိုလ်တရားတို့ကို အာရုံပြု၍ ဉာဏသမ္မယုတ် ကာမာဝစရကုသိုလ်ဇော ၄-ခု, ကုသိုလ် အဘိညာဉ်အားဖြင့် ၅-ပါးသော စိတ်တို့ ဖြစ်ရာအခါများကို အသီးသီး ဖော်ပြပါ။

ဖြေ။ (က) သေက္ခပုဂ္ဂိုလ်တို့သန္တာန်ဝယ် မိမိမိမိ၏ မဂ်, ဖိုလ်တို့ကို ဆင်ခြင်ရာအခါ၌ မိမိမိမိ၏ မဂ်, ဖိုလ်တရားတို့ကို အာရုံပြု၍ ထို ၅-ပါးသောစိတ်တို့ ဖြစ်ကြ ပါသည်။

(ခ) သူတစ်ပါးတို့သန္တာန်၌ဖြစ်သော မဂ်, ဖိုလ်ကို အာရုံပြု၍ စေတောပရိယအဘိညာဉ်၏ ပရိကမ္မဇောဝီထိဖြစ်ရာအခါ၌လည်းကောင်း၊ အဘိညာဉ်စိတ်ဖြင့်ပင် မဂ်, ဖိုလ်တို့ကို ပိုင်းခြား၍သိရာအခါ၌လည်းကောင်း မိမိနှင့် တန်းတူပုဂ္ဂိုလ်၊ မိမိအောက် ပုဂ္ဂိုလ်တို့၏ မဂ်, ဖိုလ်တို့ကို အာရုံပြု၍ ထို၅-ပါးသောစိတ်တို့ ဖြစ်ကြပါသည်။

ရှင်းလင်းချက်။ ။ သောတာပန်ပုဂ္ဂိုလ်သည် ဉာဏသမ္မယုတ်ကုသိုလ်စိတ်ဖြင့် မိမိ၏ သောတာပတ္တိမဂ်, ဖိုလ်တို့ကို ဆင်ခြင်နိုင်၏။ ထိုစိတ်သည် အခြားသောတာပန်ပုဂ္ဂိုလ်၏ မဂ်, ဖိုလ်ကို အာရုံပြုသော စေတောပရိယအဘိညာဉ်၏ ပရိကမ္မဇောလည်း ဖြစ်နိုင်၏။ အဘိညာဉ်စိတ်ဖြင့် ရှေ့ဘဝက မိမိ၏ သောတာပတ္တိမဂ်, ဖိုလ်၊ ယခုဘဝ, ရှေးဘဝက သူတစ်ပါးတို့၏ သောတာပတ္တိမဂ်, ဖိုလ်တို့ကို ပိုင်းခြား၍ သိ

http://www.dhammadownload.com

၏။ သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်တို့၌လည်း နည်းတူ။

မှတ်ချက်။ ။ ပထမအကြိမ်ရိုက်၌ အမှားများ ပါသွားသည်။ သို့သော် ထိုအမှားကို သာမန်အားဖြင့် မသိနိုင်ပါ။ အချို့နိဿယတို့၌လည်း မှားနေသည်ကို တွေ့ရပါသည်။ ခက်ခဲသောနေရာဖြစ်၍ မကိုမဇ္ဈူစသည်ကို ထပ်ကာထပ်ကာ ကြည့်ရှုနိုင်မှ အမှန်ကို သိမြင်ပါလိမ့်မည်။

မေး။ ကာမ, မဟဂ္ဂုတ်, ပညတ်, နိဗ္ဗာန်တို့သည် အဘယ်အခါ၌ ဉာဏသမ္မယုတ် ကာမာဝစရကုသိုလ်ဇော ၄-ခု၊ ကုသိုလ်အဘိညာဉ်အားဖြင့် ၅-ပါးသောစိတ်တို့၏ အာရုံအဖြစ်သို့ ရောက်ကြပါသနည်း။ (ဉာဏသမ္မယုတ် ကာမာဝစရကုသိုလ်ဇော ၄-ခု၊ ကုသိုလ်အဘိညာဉ်အားဖြင့် ၅-ပါးသောစိတ်တို့၏ ကာမ, မဟဂ္ဂုတ်, ပညတ်, နိဗ္ဗာန်တို့ကို အာရုံပြုရာ အခါများကို ဖော်ပြပါ။)

ဖြေ။ သေက္ခ ပုထုဇဉ် ပုဂ္ဂိုလ်တို့၏ ရိုသေလေးစားစွာ ပေးလျှုရာ,ဆင်ခြင်ရာ, တရားနာရာ, သခ်ါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု သုံးသပ်ရာ, ကသိုဏ်းပရိကံပြုရာအခါစသည်တို့၌လည်းကောင်း၊ ထိုထို ကာမ, မဟဂ္ဂုတ်, ပညတ်, နိဗ္ဗာန်ကို အာရုံပြုသော အဘိညာဉ်စိတ်တို့၏ ပရိကံ၏အစွမ်းဖြင့် ဖြစ်ရာအခါ၌လည်းကောင်း၊ ဂေါဒါန်စိတ်တို့ ဖြစ်ရာအခါ၌လည်းကောင်း၊ ဒိဗ္ဗစက္ခု အဘိညာဉ် အစရှိသည်တို့ဖြင့် ရူပါရုံကို သိရာအခါ စသည်တို့၌လည်းကောင်း ကာမ, မဟဂ္ဂုတ်, ပညတ်, နိဗ္ဗာန် တို့သည် ဉာဏသမ္မယုတ် ကာမာဝစရကုသိုလ်ဇော ၄-ခု၊ ကုသိုလ်အဘိညာဉ်အားဖြင့် ၅-ပါးသောစိတ်တို့၏ အာရုံအဖြစ်သို့ ရောက်ကြပါသည်။

ခွဲခြားမှတ်သားရန်။ ။ -သေက္ခ ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ ရိုသေလေးစားစွာ ပေးလျှုရာ, ဆင်ခြင်ရာ, တရားနာရာ, သခ်ါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု သုံးသပ်ရာ, ကသိုဏ်းပရိကံပြုရာ အခါတို့၌ ကာမတရားတို့သည် ဉာဏသမ္မယုတ် ကာမာဝစရကုသိုလ်ဇောတို့၏ အာရုံအဖြစ်သို့ ရောက်ကုန်၏။

-ရိုသေလေးစားစွာ ဆင်ခြင်ရာ, သခ်ါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု သုံးသပ်ရာအခါတို့၌ မဟဂ္ဂုတ်တရားတို့သည်. . . ရောက်ကုန်၏။ -ရိုသေလေးစားစွာ ဆင်ခြင်ရာအခါ၌ နိဗ္ဗာန်သည်. . . ရောက်ကုန်၏။

-ရိုသေလေးစားစွာ ကသိုဏ်းပရိကံစသည်ကို ပြုရာအခါတို့၌ မဟဂ္ဂုတ်, ပညတ်တို့သည် . . . ရောက်ကုန်၏။

-ထိုထို ကာမ, မဟဂ္ဂုတ်, ပညတ်, နိဗ္ဗာန်ကို အာရုံပြုသော အဘိညာဉ်စိတ်တို့၏ ပရိကံ၏အစွမ်းဖြင့် ဖြစ်ရာအခါ၌ ကာမ, မဟဂ္ဂုတ်, ပညတ်, နိဗ္ဗာန်တို့သည် . . .

http://www.dhammadownload.com

ရောက်ကုန်၏။

-ဂေါတြဘူ, ဝေဒါနိစ်တို့ ဖြစ်ရာအခါ၌ နိဗ္ဗာန်သည် ဉာဏသမ္ပယုတ် ကာမာဝစရကုသိုလ်ဇော ၄-ခုတို့၏ အာရုံအဖြစ်သို့ ရောက်ကုန်၏။

-ဒိဗ္ဗစက္ခုအဘိညာဉ် အစရှိသည်တို့ဖြင့် ရူပါရုံကို သိရောအခါ စသည်တို့၌ ကာမ, မဟဂ္ဂုတ်, ပညတ်, နိဗ္ဗာန်တို့သည် အဘိညာဉ်ကုသိုလ်ဇောတို့၏ အာရုံအဖြစ်သို့ ရောက်ကုန်၏- အသီးသီး ခွဲခြားမှတ်သားကြပါလေ။ (ဋီ၊ ၁။ ၄၁၇။)

မေး။ အရဟတ္တမဂ္ဂဖလဝင်္ကိတသဗ္ဗာရမ္မဏာနိ-၌ သဗ္ဗာရမ္မဏ-အရကို ဖော်ပြပါ။

ဖြေ။ ကာမ, မဟဂ္ဂုတ်, အောက်မဂ်, အောက်ဖိုလ် လောကုတ္တရာ, ပညတ်, နိဗ္ဗာန်-ဟူသော အလုံးစုံသောအပြားကိုလည်းကောင်း၊ ထိုအပြားကို အာရုံပြုသော ဉာဏသမ္ပယုတ် ကာမာဝစရကုသိုလ်ဇော ၄-ခု၊ ကုသိုလ်အဘိညာဉ်အားဖြင့် ၅-ပါးသောစိတ် တို့ကိုလည်းကောင်း ယူရပါမည်။

မေး။ သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိ-၌ သဗ္ဗထာ-အရကို ဖော်ပြ၍၊ ယင်း သဗ္ဗထာပိ-ဟူသော ဝိသေသနဖြင့် အဘယ်ကို နစ်စေအပ်ပါသနည်း ဖော်ပြပြီးလျှင်၊ သဗ္ဗာရမ္မဏ-အရတို့ကိုလည်း ကောက်ပြခဲ့ပါ။

ဖြေ။ သဗ္ဗထာ-အရ ကာမ, မဟဂ္ဂုတ်, အလုံးစုံသောလောကုတ္တရာ, ပညတ်-ဟူသော ခပ်သိမ်းသောအပြားကို ယူရပါမည်။

ယင်းသဗ္ဗထာပိ-ဟူသော ဝိသေသနဖြင့် အကုသိုလ်စသည်တို့ကဲ့သို့ သပ္ပဒေသ သဗ္ဗာရမ္မဏအဖြစ် (=အစိတ်အပိုင်း အကြွင်းအကျန်နှင့်တကွ ဖြစ်သော အလုံးစုံသောအာရုံကို အာရုံပြုကုန်သည်၏အဖြစ်)ကို နစ်စေအပ်ပါသည်။

သဗ္ဗာရမ္မဏ-အရ ကာမ, မဟဂ္ဂုတ်, အလုံးစုံသော လောကုတ္တရာ, ပညတ်-ဟူသော အာရုံများနှင့်၊ ထိုအာရုံများကို အာရုံပြုသော ဉာဏသမ္ပယုတ် ကာမာဝစရ ကြိယာဇော ၄-ခု, ကြိယာအဘိညာဉ်, ဝုဋ္ဌော-ဟူသော စိတ် ၆-ပါးကိုလည်းကောင်း ရပါသည်။

အမှာ။ ။ "သဗ္ဗံ အာရမ္မဏံ ယေသန္တိ သဗ္ဗာရမ္မဏာနိ"ဟု ဝစနတ္ထပြုပါ။ ကာမာဝစရာရမ္မဏ-ပုဒ် အရကောက်ပုံနှင့် ယှဉ်ကြည့်ပါ။

မေး။ (က) အကုသလာနိ စေဝ ။ပ။ လောကုတ္တရဝင်္ကိတသဗ္ဗာရမ္မဏာနိ။

(ခ) ဉာဏသမ္ပယုတ္တကာမာဝစရကုသလာနိ စေဝ ။ပ။ အရဟတ္တမဂ္ဂဖလဝင်္ကိတ သဗ္ဗာရမ္မဏာနိ။

http://www.dhammadownload.com

(ဂ) ဉာဏသမ္မယုတ္တကာမာဝစရကိရိယာနိ စေဝ ။ပ။ သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိ-တို့၌ပါသော သဗ္ဗ-သဒ္ဒါ ၃-ခုတို့၏ အထူးကို ရေးပြပါ။

ဖြေ။ (က) ၌ပါသော သဗ္ဗ-သဒ္ဒါသည် လောကုတ္တရာတရားဟူသော အကြွင်းအကျန်ရှိသော သပ္ပဒေသ သဗ္ဗသဒ္ဒါ ဖြစ်၏။

(ခ) ၌ပါသော သဗ္ဗ-သဒ္ဒါသည်လည်း အရဟာတ္တမဂ်, အရဟာတ္တဖိုလ်-ဟူသော အကြွင်းအကျန်ရှိသော သပ္ပဒေသ သဗ္ဗသဒ္ဒါပင် ဖြစ်၏။

(ဂ) ၌ပါသော သဗ္ဗ-သဒ္ဒါကား အကြွင်းအကျန်မရှိသော နိပ္ပဒေသ သဗ္ဗ သဒ္ဒါ ဖြစ်၏။ ဤသို့ ထူးပါသည်။

(ဆောင်) သပ္ပဒေသ၊ နိပ္ပဒေသ၊ နှစ်မျိုးမျှ၊ 'သဗ္ဗ' ပြားပေသည်။
အကြွင်းရှိရာ၊ သဗ္ဗ မှာ၊ သည်း သပ္ပဒေသမည်။
အကြွင်းမရှိရာ၊ သဗ္ဗမှာ၊ သည်း နိပ္ပဒေသမည်။

မေး။ ဉာဏသမ္မယုတ် ကာမာဝစရ ကြိယာဇော ၄-ခု, ကြိယာအဘိညာဉ်, ဝုဋ္ဌော-ဟူသော စိတ် ၆-ပါးတို့သည် အခါခပ်သိမ်း အကြွင်းမဲ့ အလုံစုံကို အာရုံပြုနိုင်ကြပါသလော? ရှင်းလင်းဖြေဆိုပါ။ (ယင်းစိတ် ၆-ပါးတို့၏ အကြွင်းမဲ့ အလုံစုံကို အာရုံပြုရာအခါ)ကို ဖော်ပြပါ။

ဖြေ။ ထိုစိတ် ၆-ပါးတို့သည် အခါခပ်သိမ်း အကြွင်းမဲ့ အလုံစုံကို အာရုံပြုနိုင်ကြသည်မဟုတ်ပါ။ ထို စိတ်၆-ပါးတို့တွင် ဉာဏသမ္မယုတ် ကာမာဝစရကြိယာဇော ၄-ခု, ကြိယာအဘိညာဉ်တို့သည် သဗ္ဗညုတဉာဏ်စသည်တို့၏အစွမ်းဖြင့် ဖြစ်ရာအခါ၌လည်းကောင်း၊

ဝုဋ္ဌောသည် ထိုထိုသဗ္ဗညုတဉာဏ်စသည်တို့၏ ရှေ့၌ဖြစ်ခြင်း၏အစွမ်းဖြင့် ဖြစ်ရာအခါ၌လည်းကောင်း အကြွင်းမဲ့ အလုံစုံကို အာရုံပြုပါသည်။

သိမှတ်ဖွယ်။။ သဗ္ဗညုတဉာဏာဒိ-၌ အာဒိသဒ္ဒါဖြင့် အနာဝရဏဉာဏ်, အတီတံသဉာဏ်, အနာဂတံသဉာဏ်စသည်၊ ဣဒ္ဓိဝိဉာဏ်, ပုဗ္ဗေနိဝါသဉာဏ် စသည်တို့ကို ယူပါ။

မေး။ ဉာဏသမ္မယုတ် ကာမာဝစရ ကြိယာဇော ၄-ခု, ကြိယာအဘိညာဉ်, ဝုဋ္ဌော အားဖြင့် ၆-ပါးသောစိတ်တို့သည် အဘယ့်ကြောင့် အကြွင်းမဲ့ အလုံစုံကို အာရုံပြုနိုင်ကြပါသနည်း။ (အဘယ့်ကြောင့် နိပ္ပဒေသသဗ္ဗာရမ္မဏာတရားတို့ ဖြစ်ကြရပါသနည်း)။

http://www.dhammadownload.com

ဖြေ။ ဉာဏသမ္ပယုတ် ကာမာဝစရ ကြိယာဇော ၄-ခု, ကြိယာအဘိညာဉ်တို့သည် သဗ္ဗညုတဉာဏ်စသည်တို့၏အစွမ်းဖြင့် ဖြစ်ရာအခါ၌လည်းကောင်း၊ ဝုဋ္ဌောသည် ထိုထိုသဗ္ဗညုတဉာဏ်စသည်တို့၏ ရှေ့၌ဖြစ်ခြင်း၏အစွမ်းဖြင့် ဖြစ်ရာအခါ၌လည်း ကောင်း အာရုံမပြုနိုင်သော တစ်စုံတစ်ခုသောတရားမည်သည် မရှိပါ။ ထို့ကြောင့် အကြွင်းမဲ့ အလုံးစုံကို အာရုံပြုနိုင်ကြပါသနည်း။ (နိပ္ပဒေသ သဗ္ဗာရမ္မဏတရားတို့ ဖြစ်ကြရပါသည်)။

သဗ္ဗညုတဉာဏ်၏ ရှေ့သွားဖြစ်ပုံ။ ။ သဗ္ဗညုတဉာဏဝီထိဖြစ်သောအခါ ဝုဋ္ဌောသည် မနောဒွါရာဝဇ္ဇနဉာဏ်စွမ်းကိုစွတ်၍ သဗ္ဗညုတဉာဏဇောစိတ်အစဉ်၏ ရှေ့ကဖြစ်သည်ကို "သဗ္ဗ ညုတဉာဏ်၏ ရှေ့၌ဖြစ်သည် = သဗ္ဗညုတဉာဏ်၏ ရှေ့သွားဖြစ်သည်"ဟု ဆိုပါသည်။ ထိုသို့ဖြစ်သောအခါ သဗ္ဗညုတဉာဏ် အာရုံပြုသလောက် ဝုဋ္ဌောကလည်း အာရုံပြုနိုင် ဆင်ခြင်နိုင်ပါသည်။

သဗ္ဗညုတဉာဏ်-ဟူသည်။ ။ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု၌ရှိသော ပညာစေတသိက် ဖြစ်ပါသည်။

မေး။ "သဗ္ဗညုတဉာဏ်နှင့် အလားတူသောစိတ်"ဟူသည် အဘယ်စိတ်ဖြစ်ပါသနည်း? ခိုင်လုံသော အထောက်အထားဖြင့် ရေးသားဖော်ပြပါ။

ဖြေ။ "ဝုဋ္ဌောသည် ထိုထိုသဗ္ဗညုတဉာဏ်စသည်တို့၏ ရှေ့၌ဖြစ်ခြင်း၏အစွမ်းဖြင့် ဖြစ်ရာအခါ အာရုံမပြုနိုင်သော တစ်စုံတစ်ခုသောတရားမည်သည် မရှိ။ အကြွင်းမဲ့ အလုံးစုံကို အာရုံပြုနိုင်ကြောင်း" ဦးကာကျော်၌ ဖွင့်ဆိုထားသည်ကို ထောက်ထား၍ သဗ္ဗညုတဉာဏ်နှင့် အလားတူသောစိတ်မှာ ဝုဋ္ဌော ဖြစ်ကြောင်း သိရပါသည်။

မဟာဂဇစိတ်။ ။ ဝုဋ္ဌောသည် သဗ္ဗညုတဉာဏ်နှင့် အလားတူစွာ အလုံးစုံသော အာရုံကို အာရုံပြုနိုင်သောကြောင့် ၎င်းကို "မဟာဂဇ = ဆင်ပြောင်ကြီးနှင့် တူသောစိတ်"ဟုလည်း ခေါ်ဆိုရပါသည်။ (ဇူ။ ၁။ ၄၁၈။)

(ဆောင်) သဗ္ဗဉ်ဉာဏ်အလား၊ ထိုစိတ်ကား၊ မှတ်သား ဝုဋ္ဌောပါ။
ဆင်ပြောင်ကြီးအလား၊ ထိုစိတ်ကား၊ မှတ်သား ဝုဋ္ဌောပါ။

မေး။ "ဉာဏသမ္ပယုတ် ကာမာဝစရ ကြိယာဇော ၄-ခု, ကြိယာအဘိညာဉ်, ဝုဋ္ဌော အားဖြင့် ၆-ပါးသောစိတ်တို့သည် အကြွင်းမဲ့ အလုံးစုံကို အာရုံပြုနိုင်ကြသည်"ဆိုရာ၌ ပစ္စေကဗုဒ္ဓါ, ရဟန္တာပုဂ္ဂိုလ်သန္တာန်၌ ဖြစ်ခိုက်မှာလည်း အကြွင်းမဲ့ အလုံးစုံကို အာရုံပြုနိုင်သည်ဟု မှတ်ရပါမည်လော? ရှင်းလင်းဖြေဆိုပါ။

http://www.dhammadownload.com

ဖြေ။ မမှတ်ရပါ။ "ဉာဏသမ္ပယုတ် ကာမာဝစရကိရိယာဇော ၄-ခု, ကြိယာ အဘိညာဉ် တို့သည် သဗ္ဗညုတဉာဏ်စသည်တို့၏အစွမ်းဖြင့်ဖြစ်ရာအခါ၌လည်းကောင်း၊ ဝုဋ္ဌောသည် ထိုထိုသဗ္ဗညုတဉာဏ်စသည်တို့၏ ရှေ့၌ဖြစ်ခြင်း၏အစွမ်းဖြင့် ဖြစ်ရာအခါ၌လည်းကောင်း အကြွင်းမဲ့ အလုံးစုံကို အာရုံပြုပါသည်"ဟု ဦးကာကျော်၌ ဖွင့်ဆိုထားသောကြောင့် သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်၏ သန္တာန်၌ ဖြစ်ခိုက်မှာသာ အကြွင်းမဲ့ အလုံးစုံကို အာရုံပြုနိုင်ပါသည်။

မေး။ "အာရုပ္ပစိတ် ၁၂-ပါးတို့တွင် ဒုတိယ, စတုတ္ထ အာရုပ္ပစိတ်တို့သည် မဟဂ္ဂုတ်တရားကို အာရုံပြုကုန်၏"ဟု အဘယ့်ကြောင့် အရှင်အနုရုဒ္ဓါဆရာ မိန့်ဆိုတော်မူရပါသနည်း။

ဖြေ။ ဒုတိယအာရုပ္ပစိတ်သည် ပထမအာရုပ္ပစိတ်-ဟူသော မဟဂ္ဂုတ်ကို၊ စတုတ္ထ အာရုပ္ပစိတ်သည်' တတိယအာရုပ္ပစိတ်-ဟူသော မဟဂ္ဂုတ်ကို အာရုံပြုသောကြောင့် ယင်းသို့ အရှင်အနုရုဒ္ဓါဆရာ မိန့်ဆိုတော်မူရခြင်း ဖြစ်ပါသည်။

မေး။ "အာရုပ္ပေသု ဒုတိယစတုတ္ထာနိ မဟဂ္ဂတာရမ္မဏာနိ"၌ မဟဂ္ဂတ-အရကို အတိအကျ ကောက်ပြခဲ့ပါ။

ဖြေ။ မဟဂ္ဂတ-အရ ပထမ, တတိယ အာရုပ္ပစိတ်တို့ကို ကောက်ယူရပါမည်။

မေး။ သေသာနိ မဟဂ္ဂတစိတ္တာနိ သဗ္ဗာနိပိ ပညတ္တာရမ္မဏာနိ-၌ သေသ-အပါဒါန်, သေသ-အရတို့ကို ကောက်ပြခဲ့ပါ။

ဖြေ။ သေသအပါဒါန်မှာ - ဒုတိယ, စတုတ္ထ အာရုပ္ပစိတ် ၆-ပါးတို့ ဖြစ်ပါသည်။ သေသ အရမှာ - ရူပစိတ် ၁၅-ပါး၊ ပထမ, တတိယ အာရုပ္ပစိတ် ၆-ပါး၊ ပေါင်း ၂၁-ပါး ဖြစ်ပါသည်။

မေး။ "ကြွင်းသော ရူပစိတ် ၁၅-ပါး၊ ပထမ, တတိယ အာရုပ္ပစိတ် ၆-ပါးအားဖြင့် ၂၁-ပါးသော မဟဂ္ဂုတ်စိတ်တို့သည် ပညတ်တရားကို အာရုံပြုကုန်၏"ဟု အဘယ့်ကြောင့် အရှင်အနုရုဒ္ဓါ မိန့်ဆိုတော်မူရပါသနည်း။

ဖြေ။ ထို ၂၁-ပါးသော မဟဂ္ဂုတ်စိတ်တို့သည် ကသိုဏ်းအစရှိသော ပညတ်အာရုံ တို့၌ ဖြစ်သောကြောင့် ယင်းသို့ အရှင်အနုရုဒ္ဓါဆရာ မိန့်ဆိုတော်မူရခြင်း ဖြစ်ပါသည်။

မေး။ သေသာနိ မဟဂ္ဂတစိတ္တာနိ သဗ္ဗာနိပိ ပညတ္တာရမ္မဏာနိ-၌ ပညတ္တာရမ္မဏ-အရ ပညတ်အာရုံများကို စေ့စုံအောင် ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ ကသိုဏ်းပညတ်, အသုဘပညတ်, ကောဋ္ဌာသပညတ်, အာနာပါနပညတ်, သုခိတ ဒုက္ခိတ သတ္တဝါပညတ်, ကသိုဏ်းကိုးပါးကို ခွါ၍ ရအပ်သော ကောင်းကင်ပညတ်, နတ္ထိဘောပညတ်တို့ ဖြစ်ပါသည်။

(ဆောင်) **ကသိဏာ'သုဘာ၊ ကောဋ္ဌာသာနဉ်၊ အာနာပါန၊ သတ္တ, အာကာ၊**
နတ္ထိဘာ၊ ခေါ်ပါ ပညတ်အာရုံတဲ့။

မေး။ ပဉ္စဝိသ ပရိတ္တမှိ-စသောဂါထာကို ဦကာဆရာအလိုကျ အနက်ပေးပြခဲ့ပါ။

ဖြေ။ ပဉ္စဝိသ၊ နှစ်ဆယ့်ငါးပါးသော။ စိတ္တာနိ၊ စိတ်တို့.သည်။ ပရိတ္တမှိ-ပရိတ္တမှိ ဧဝ၊ ကာမာဝစရအာရုံ၌သာလျှင်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဆစိတ္တာနိ၊ ခြောက်ပါးသော စိတ်တို့.သည်။ မဟဂ္ဂတေ-မဟဂ္ဂတေ ဧဝ၊ မဟဂ္ဂုတ်အာရုံ၌သာလျှင်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဧကဝီသတိ၊ နှစ်ဆယ့်တစ်ပါးသော။ စိတ္တာနိ၊ စိတ်တို့.သည်။ ဝေါဟာရေ- ဝေါဟာရေ ဧဝ၊ ပညတ်အာရုံ၌သာလျှင်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ စိတ္တာနိ၊ စိတ်တို့.သည်။ နိဗ္ဗာနဂေါစရေ-နိဗ္ဗာနဂေါစရေ ဧဝ၊ နိဗ္ဗာန်အာရုံ၌သာလျှင်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

မေး။ ပဉ္စဝိသ ပရိတ္တမှိ-၌ ပဉ္စဝိသ-သရုပ်ကို ထုတ်ပြ၍၊ ကာမာဝစရအာရုံကို အဘယ့်ကြောင့် "ပရိတ္တ"ဟု ခေါ်ဆိုရပါသနည်း ဖြေဆိုပါ။

ဖြေ။ ပဉ္စဝိသ သရုပ်မှာ - ကာမဝိပါက် တေဝီသ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်တို့ ဖြစ်ပါသည်။

မဟဂ္ဂုတ်, လောကုတ္တရာအာရုံတို့.ကို ထောက်၍ နည်းသောအာနုဘော်ရှိသည့်အတွက် ထက်ဝန်းကျင်မှ ပိုင်းဖြတ်ထားအပ်သော သေးငယ်သောအရာဝတ္ထုနှင့် တူသောကြောင့် ကာမာဝစရအာရုံကို "ပရိတ္တ"ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

ဝစနတ္ထ - အာဒီယတေ အဝခဏ္ဍီယတေတိ အတ္တဲ။ (အာ-ဒါ+တ)။ (မဏိမဉ္ဇူသ်ဲ 'အတ္တီယတိ ခဏ္ဍီယတီတိ အတ္တဲ'ဟု ဝစနတ္ထပြုပြုသည်။ အတ္တမာတ်-ဟုလည်းကြဲကြသည်။)

ပရိ (သမန္တတော) အတ္တဲ ပရိတ္တဲ။ သေးငယ်သော အရာဝတ္ထုကို ရ၏။
ပရိတ္တဲ ဝိယာတိ ပရိတ္တဲ။ ကာမာဝစရအာရုံကို ရ၏။

မေး။ ဧကဝီသတိ ဝေါဟာရေ-၌ ဝေါဟာရသရုပ်ကို ဖော်ထုတ်ဖြေဆိုပါ။

ဖြေ။ ကသိုဏ်းပညတ်, အသုဘပညတ်, ကောဋ္ဌာသပညတ်, အာနာပါန ပညတ်,

http://www.dhammadownload.com

သုခိတ ဒုက္ခိတ သတ္တဝါပညတ်, ကသိဏ်းကိုးပါးကို ခွါ၍ ရအပ်သော ကောင်းကင် ပညတ်, နတ္ထိဘောပညတ်တို့ ဖြစ်ပါ သည်။

(ဆောင်) **ကသိဏာ'သုဘာ၊ ကောဌာသာနှင့်၊ အာနာပါန၊ သတ္တ, အာကာ၊**
နတ္ထိဘာဟု၊ ပညတ်စု၊ မှတ်ရှု ဝေါဟာရ။

ဘုံနှင့် အာရုံ။ ။ ကာမဘုံ၌ အာရုံ ၆-ပါးလုံး ရပါသည်။ ရူပဘုံ၌ ရူပါရုံ, သဒ္ဒါရုံ, ဓမ္မာရုံ ၃-ပါးသာ ရပါသည်။ အရူပဘုံ၌ ဓမ္မာရုံ တစ်ပါးသာ ရပါသည်။

(ဆောင်) **အာရုံ ခြောက်စုံ၊ ကာမဘုံ၊ အကုန် ရသည်သာ၊**
ရူပ, သဒ္ဒါ၊ ဓမ္မာရုံဟု၊ ပေါင်းသုံးခု၊ ရမှူ ရူပမှာ၊
ဓမ္မာရုံမျှ၊ အရူပ၊ ရ၏ ခွဲစိတ်ဖြာ။

အာလမ္ဗဏသင်္ဂဟအဖွင့် ပြီး၏။



ဝတ္ထုသင်္ဂဟအဖွင့် (၁၃၅)

မေး။ ဝတ္ထုသင်္ဂဟ-၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရေးသားပါ။

ဖြေ။ (၁) ဝတ္ထုတို့ကို ဝေဖန်ခြင်းအားဖြင့်လည်းကောင်း၊ ထိုဝတ္ထုလျှင် မှီရာရှိကုန်သော စိတ်တို့ကို ပိုင်းခြားခြင်း၏ အစွမ်းဖြင့်လည်းကောင်းဖြစ်သော သင်္ဂဟသည် "ဝတ္ထုသင်္ဂဟ" မည်ပါသည်။ (ဦးကာကျော်)

(၂) ဝတ္ထုအားဖြင့် ဖြစ်သော သင်္ဂဟသည် "ဝတ္ထုသင်္ဂဟ" မည်ပါသည်။ (ဋီ။ ၁။ ၄၁၉။)

ဝစနတ္ထ - ဝတ္ထုနိ စ တဒ္ဓတ္ထုကာနိ စ ဝတ္ထူနိ။ ဝတ္ထူနံ သင်္ဂဟော ဝတ္ထုသင်္ဂဟော။
- ဝတ္ထုတော ပဝတ္တော သင်္ဂဟော ဝတ္ထုသင်္ဂဟော။

မေး။ ဝတ္ထုသင်္ဂဟ-ဟူရာ၌ ဝတ္ထု-အရ ဖြစ်သင့်သမျှကို ကောက်ပြခဲ့ပါ။

ဖြေ။ ဝတ္ထု-အရ ဝတ္ထုရုပ် ၆-ပါးတို့ကိုလည်းကောင်း၊ ထိုဝတ္ထုရုပ် ၆-ပါးလျှင် မှီရာရှိကုန်သော စိတ်တို့ကိုလည်းကောင်း ကောက်ယူရပါမည်။

http://www.dhammadownload.com

မေး။ စက္ခုပသာဒ အစရှိသည်တို့ကို အဘယ့်ကြောင့် "ဝတ္ထု"ဟု ခေါ်ဆိုရပါ သနည်း။

ဖြေ။ စက္ခုပသာဒ အစရှိသည်လျှင် မှီရာရှိသည့်အတွက် စိတ်, စေတသိက်တို့၏ နေကြရာဖြစ်သောကြောင့် စက္ခုပသာဒ အစရှိသည်တို့ကို "ဝတ္ထု"ဟု ခေါ်ဆို ရပါသည်။

မှတ်ချက်။ ။ စာရှိသည့်အတိုင်း ရေးပြလိုက်ခြင်းဖြစ်သည်။ ပေါ်လွင်အောင် ပြောလျှင်ကား **"စိတ်, စေတသိက်တို့၏ မှီနေကြရာဖြစ်သောကြောင့်** စက္ခုပသာဒ အစရှိသည်တို့ကို ဝတ္ထု-ဟု ခေါ်ဆိုရပါသည်"ဟု ပြောရပါမည်။

ဝစနတ္ထ - ဝသန္တိ ဧတေသု စိတ္တစေတသိကာတိ ဝတ္ထူနိ။

မေး။ ကာမဘုံ၌ အဘယ့်ကြောင့် ဝတ္ထုရုပ် ၆-ပါးလုံးကို ရနိုင်ပါသနည်း။

ဖြေ။ ပြည့်စုံသော ဣန္ဒြေရှိသော ပုဂ္ဂိုလ်ကို ကာမဘုံ၌သာ ရအပ်သောကြောင့် ကာမ ဘုံ၌ ဝတ္ထုရုပ် ၆-ပါးလုံးကို ရနိုင်ခြင်း ဖြစ်ပါသည်။

(ဆောင်) **ပြည့်စုံစွာဘိ၊ ဣန္ဒြေရှိငြား၊ ပုဂ္ဂိုလ်အားလျှင်၊ မမှားမုချ၊ ကာမ၌သာ၊ ရအပ်ပါ၍၊ ကာမဘုံ၌၊ ရုပ်ဝတ္ထု၊ ခြောက်ခုလုံး ရသည်။**

မေး။ "မိကျောင်းမှာ လျှာမရှိ"ဟု ဆိုကြရာ ထိုစကားမှန်/မမှန်ကို ဝေဖန်သုံးသပ် ဆုံးဖြတ်ပြပါ။

ဖြေ။ "တာနိ ကာမလောကေ သဗ္ဗာနိပိ လဗ္ဘန္တိ"၊ "ဟူသော အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ အဆိုအရ ကာမဘုံ၌ ပသာဒရုပ် ၅-ပါးနှင့် ဟဒယဝတ္ထုရုပ်-ဟူသော ဝတ္ထုရုပ် ၆-ပါးလုံး အပြည့်အစုံ ရနိုင်သောကြောင့် ကာမဘုံသားဖြစ်သော မိကျောင်းမှာ ဇိဝှါပသာဒ မချို့နိုင်ရကား "မိကျောင်းမှာ လျှာမရှိ"-ဟူသော စကား မမှန်ပါ-ဟု ဆုံးဖြတ်ကြပါသည်။

အမှာ။ ။ ဂဗ္ဘသေယျကသတ္တာနံ ပန ။ပ။ စက္ခုဒသကာဒီနိ စ ပါတုဘဝန္တိ-ဟူသော ရုပ်ပိုင်း ရူပပဝတ္တိကွမလာ ပါဠိကိုလည်း သာဓကပြုကြပါသည်။

မေး။ "တာနိ ကာမလောကေ သဗ္ဗာနိပိ လဗ္ဘန္တိ"ဟူသော အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာစကားနှင့် "မိကျောင်းမှာ လျှာမရှိ"ဟူသော ပြောရိုးဆိုစဉ် စကား နှစ်ရပ်ကို မဆန့်ကျင်အောင် ညှိပြခဲ့ပါ။

ဖြေ။ မိကျောင်းမှာ အခြားကာမဘုံသား သတ္တဝါများကဲ့သို့ လျှာပုံသဏ္ဌာန် မရှိသော ကြောင့် "မိကျောင်းမှာ လျှာမရှိ"ဟု ပြောဆိုကြခြင်းဖြစ်ပါသည်။ လျှာပုံသဏ္ဌာန် မရှိသော်လည်း "တာနိ ကာမလောကေ သဗ္ဗာနိပိ လဗ္ဘန္တိ"ဟူသော အဘိဓမ္မ

http://www.dhammadownload.com

ထွဿင်ဟ အဋ္ဌကထာစကားအရ ဇဝါပသာဒကား ရှိရမည်သာ ဖြစ်သော ကြောင့် အဆိုပါ စကားနှစ်ရပ် မဆန့်ကျင်ပါ။

(ဆောင်) * **မိကျောင်းမှာ လျှာမရှိ၊ ပြောဆို၏ မှားလူရှင်း၊**
* **ပုံသဏ္ဌာန် မှန်မရှိ ကြည့်ဘိ မျက်မြင်၊**
* **သို့ရာတွင် ဆင်ခြင်ကြ အမှား၊**
* **ငါးပသာ ကာမမှာ ဘယ်ခါမချို့တာကြောင့်၊**
သူတို့မှာ ဇဝါရှိရမယ်ကွယ်၊
ညှိကြ မမှား။

မှတ်ချက်။ ။ "မိကျောင်းမှာ လျှာမရှိ"ဟူသောစကားကို အမှား-ဟု ယူဆသော ပုဂ္ဂိုလ်များအလိုကျ ရှေ့အမေး+အဖြေကို ရေးပြလိုက်ခြင်းဖြစ်၍၊ ထိုစကား အမှန်ပင်ဟု ယူဆပြောဆိုကြသော ပုဂ္ဂိုလ်တို့အလိုကျ နောက်အမေး+အဖြေကို ရေးပြလိုက်ခြင်း ဖြစ်သည်။ ပညာရှင်တို့ ဆင်ခြင်သုံးသပ် ဆုံးဖြတ်တော်မူကြပါကုန်။

မေး။ တာနိ့ကာမလောကေ သဗ္ဗာနိပိ လဗ္ဘန္တိ-၌ ဝိ-သဒ္ဒါဖြင့် အဘယ်အဓိပ္ပာယ်ကို အရှင်အနုရုဒ္ဓါဆရာ ပြတော်မူပါသနည်း။

ဖြေ။ ဝိ-သဒ္ဒါဖြင့် အန္ဓ(=ပဋိသန္ဓေအားဖြင့် ကန်းသူ)၊ ဗဓိရ=ပဋိသန္ဓေအားဖြင့် နားထိုင်းသူ)စသည်တို့၏အစွမ်းဖြင့် အချို့သောပုဂ္ဂိုလ်တို့ သန္တာန်၌ ကျေဝတ္ထု၊ သောတဝတ္ထု စသည်တို့ မဖြစ်ခြင်းကို အရှင်အနုရုဒ္ဓါဆရာ ပြတော်မူပါသည်။

မေး။ ရူပဘုံ၌ အဘယ့်ကြောင့် ဃာနာဒိတ္တယ မရှိရပါသနည်း။

ဖြေ။ ရူပပြဟ္မာတို့သည် ကာမဂုဏ်တို့၌ တပ်မက်ခြင်းကင်းသော ကာမဝိရာဂ ဘာဝနာ၏ အစွမ်းဖြင့် ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့၌ တပ်မက်ခြင်းကင်းသည့် အတွက် ထိုဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံလျှင် အာရုံရှိကုန်သော (ဃာနဝိညာဉ်၊ ဇိဝှါဝိညာဉ်၊ ကာယဝိညာဉ်တို့၏ မှီရာ) ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒတို့၌လည်း တပ်မက်မှုကင်းခြင်းသဘောရှိသောကြောင့် ရူပပြဟ္မာဘုံ၌ ဃာနာဒိတ္တယ မရှိပါ။

လိုရင်း - ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒတို့၌ တပ်မက်မှုကင်း သောကြောင့် ရူပပြဟ္မာဘုံ၌ ဃာနာဒိတ္တယ မရှိပါ။

အကြောင်း၏ အကြောင်း - "အဘယ့်ကြောင့် ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယ ပသာဒတို့၌ တပ်မက်မှုကင်းရပါသနည်း"ဟု မေးလျှင် "ကာမဂုဏ်တို့၌ တပ်မက်ခြင်း

http://www.dhammadownload.com

ကင်းသော ကာမဝိရာဂဘာဝနာ၏ အစွမ်းဖြင့် ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့၌ တပ်မက်ခြင်းကင်းသောကြောင့်"ဟု ဖြေပါ။ ၎င်းကို **အကြောင်း၏ အကြောင်း**-ဟု မှတ်ပါလေ။

(ဆောင်) **ကာမဝိရာဂ၊ ဘာဝနာဖြင့်၊ ဂန္ဓာ, ရသ၊ ဖောဋ္ဌဗ္ဗဟု၊ အာရုံစုဥ်\တပ်မှုစင်ကင်း၊ သို့ဖြစ်ခြင်းကြောင့်၊ မယွင်းမှန်စွာ၊ ထိုအာရုံရှိ၊ ဝိညာဉ်၏သာ၊ မှီရာပသာဒ၊ အဝဝဥ်လည်း၊ ထိုနည်းမှတ်ရှု၊ ဝီတပ်မက်မှုကင်း၊ ဖြစ်လေခြင်းကြောင့်၊ ထင်လင်းသေချာ၊ ရူပမှာ၊ ယာနာဒိတ္တယ မရှိ။**

အဘိဓမ္မာမေးခွန်း။ ။ "ကြွက်မနိုင် ကျီမီးနှင့်ရှို့"ဆိုသကဲ့သို့ ရူပဗြဟ္မာများ စက်ဆုပ်သည်မှာ ဂန္ဓာရုံဖြစ်ပါလျက် ပယ်ခွါသောအခါ ယာနပသာဒဝတ္ထုကို ပယ်ခွါထားသည်မှာ အဘယ့်ကြောင့်နည်း? ဆက်စပ်ဖြေဆိုပြ၍၊ အရူပဘုံ၌ ရူပါဝစရစိတ်များ မဖြစ်ခြင်းအကြောင်းကိုလည်း ရေးသားပြပါ"။

မေး။ "ရူပီ = ရုပ်ရှိ၏။ အဟိနိန္ဒြိယော = မယုတ်လျော့သော ကျန်ခြေရှိ၏"ဟူသော ပါဠိတော်လာ စကားရပ်နှင့် "ယာနာဒိတ္တယံ နတ္ထိ"ဟူသော အဘိဓမ္မတ္ထသင်္ဂဟ စကား တို့ကို ဆန့်ကျင်နေသည် မဟုတ်ပါလော? မဆန့်ကျင်အောင် ညှိပြခဲ့ပါ။

ဖြေ။ "အဟိနိန္ဒြိယော = မယုတ်လျော့သော ကျန်ခြေရှိ၏"ဟူသော ပါဠိတော်လာ စကားရပ်မှာ ပုံသဏ္ဌာန်ကို ရည်ရွယ်၍ဆိုသော စကားရပ်ဖြစ်သည်။ "ယာနာဒိတ္တယံ နတ္ထိ"ဟူသော အဘိဓမ္မတ္ထသင်္ဂဟစကားကား ယာန, ဇိဝှါ, ကာယ ပသာဒတို့ကိုသာ ရည်ရွယ်၍ ဆိုထားသောစကား ဖြစ်သည်။ ထို့ကြောင့် စကားနှစ်ရပ် မဆန့်ကျင်ပါ။

မေး။ "ရူပလောကေ ပန ယာနာဒိတ္တယံ နတ္ထိ"ဟု ဆိုသောကြောင့် ပြဟ္မာတို့မှာ နှာခေါင်း, လျှာနှင့် ခန္ဓာကိုယ်ပုံသဏ္ဌာန်များ မရှိဟု မှတ်ရပါမည်လော? ရှင်းလင်း ဖြေဆို ပါ။

ဖြေ။ ယင်းသို့ မမှတ်ရပါ။ "ရူပလောကေ ပန ယာနာဒိတ္တယံ နတ္ထိ"ဟူသော စကားသည် ယာန, ဇိဝှါ, ကာယ ပသာဒတို့ကိုသာ ရည်ရွယ်၍ ဆိုထားသောစကား ဖြစ်ပါသည်။ ပုံသဏ္ဌာန်ကို ရည်ရွယ်၍ ဆိုထားသောစကား မဟုတ်ပါ။ ထို့ကြောင့် ပြဟ္မာတို့မှာ ယာန, ဇိဝှါ, ကာယ ပသာဒတို့သာ မရှိ၊ နှာခေါင်း, လျှာနှင့် ခန္ဓာကိုယ် ပုံသဏ္ဌာန်တို့ကား အပြည့်အစုံ ရှိကြသည်ဆာ ဖြစ်ပါသည်။

(ဆောင်) * **ယာနာဒိ မရှိကြ ပသာဒ ရည်၍ဆို။**

* **ပုံသဏ္ဌာန်ရှည်ကာဟော ရှင်စော ထိုထို။**

http://www.dhammadownload.com

* နှစ်ဖြာကို သည်လိုပ ညွှိထား။
* သဘောမှာ ဘယ်မပြားတယ် များသိစေသား။

မေး။ ရူပပြဟ္မာဘုံ၌ အဘယ့်ကြောင့် စက္ခု, သောတ နှစ်ပါးတို့ကို ရအပ်ပါသနည်း။

ဖြေ။ ရူပပြဟ္မာတို့သည် ဘုရားဖူးခြင်း, တရားနာခြင်းစသည်တို့အကျိုးငှါ စက္ခု, သောတ ဝတ္ထုရုပ် ၂-ပါးတို့၌ တပ်မက်မှု မကင်းသေးသောကြောင့် ရူပပြဟ္မာဘုံ၌ စက္ခု, သောတ နှစ်ပါးကို ရအပ်ခြင်း ဖြစ်ပါသည်။

(ဆောင်) **ဘုရားဖူး, တရားနာ၊ အကျိုးငှါလျှင်၊ စက္ခာ, သောတ၊ ထိုနှစ်ဝ၌၊ ရာဂတပ်ခြင်း။ မှန်မကင်း၍၊ နှစ်ခင်းဝတ္ထု၊ ရရှိဟု၊ မှတ်ရှု သောတုဇာ။**

မေး။ အရူပဘုံ၌ ဝတ္ထုရုပ် ၆-ပါးလုံး မရှိခြင်းအကြောင်းကို ဖော်ပြပါ။

ဖြေ။ အရူပပြဟ္မာတို့သည် ရုပ်၌ဇာတ်ခြင်းကင်းသော ရူပဝိရာဂဘာဝနာ၏ အစွမ်းဖြင့် ထိုအရူပပြဟ္မာဘုံ၌ အချင်းခပ်သိမ်း ရုပ်ဖြစ်ခြင်း မရှိသောကြောင့် အရူပဘုံ၌ ဝတ္ထုရုပ် ၆-ပါးလုံး မရှိခြင်းဖြစ်ပါသည်။

(ဆောင်) **ရူပဝိရာဂ၊ ဘာဝနာ၏၊ စွမ်းသတ္တိဖြင့်၊ ထိုသည့်အရူပ၊ ဘုံဌာနဝယ်၊ လုံးဝစင်ကင်း၊ ရုပ်ဖြစ်ခြင်းသာ၊ မရှိပါ၍၊ ခြောက်ဖြာဝတ္ထု၊ မရဟု၊ မှတ်ရှု မြဲသေချာ၊**

မေး။ (က) ပဋ္ဌဝိညာဏာဓာတ် (ခ) မနောဓာတ် (ဂ) မနောဝိညာဏာဓာတ်တို့၏ အဓိပ္ပာယ်များကို ရေးသားဖြေဆိုပါ။

ဖြေ။ (က) ဒွေးပဋ္ဌဝိညာဉ် တစ်ဆယ်တို့သည်ပင် သတ္တလည်း မဟုတ်, ဇီဝလည်း မဟုတ်ခြင်းဟူသော အနက်သဘောကြောင့် 'ဓာတ်'တို့မည်ရကား "ပဋ္ဌဝိညာဏဓာတ်" မည်ပါသည်။

(ခ) မနောဝိညာဏဓာတ်ကဲ့သို့ အထူးသိခြင်း ကိစ္စမရှိ၊ သိကာမတ္တသိရုံမျှဖြစ်သောဓာတ်သည် "မနောဓာတ်" မည်ပါသည်။

(ဂ) 'မန(စိတ်)'သည်ပင် သည်ဟု ပညာကိစ္စတို့ထက် ထူးသော အာရုံကို သိခြင်းကိစ္စနှင့် ယှဉ်သောကြောင့် 'ဝိညာဏ'လည်း မည်၏။ သတ္တလည်း မဟုတ်, ဇီဝလည်း မဟုတ်ခြင်း ဟူသော အနက်သဘောကြောင့် 'ဓာတ်'လည်း မည်၏။ ထို့ကြောင့် "မနောဝိညာဏဓာတ်" မည်ပါသည်။

ဟစ်နည်း - မှီရာမတူသော ရှေ့စိတ်, နောက်စိတ်များ၏ ဝိညာဏဓာတ်

http://www.dhammadownload.com

သည် "မနောဝိညာဏာဓာတ်" မည်ပါသည်။

ဝစနတ္ထများ - ပဋ္ဌဝိညာဏာနေဝ ဓာတုယော ပဋ္ဌဝိညာဏာဓာတုယော။
- မနနံ မနော၊ မနော ဧဝ ဓာတု မနောဓာတု။
- ဝိဇာနာတိ သညာပညာဟိ ဝိသေသေန အာရမ္မဏံ ဇာနာတီတိ ဝိညာဏံ။ မနော ဧဝ ဝိညာဏံ မနောဝိညာဏံ၊ မနောဝိညာဏမေဝ ဓာတု မနောဝိညာဏဓာတု။

တစ်နည်း - ဝိညာဏဋ္ဌ တံ ဓာတု စာတိ ဝိညာဏဓာတု၊ မနောယေဝ ဝိညာဏဓာတု မနောဝိညာဏဓာတု။ မနောယေဝ ဝိညာဏဋ္ဌ တံ ဓာတု စာတိ မနောဝိညာဏဓာတု။ (တိပဒကမ္မဓာရည်းသမာသ်)

တစ်နည်း - မနသော ဝိညာဏဓာတု မနောဝိညာဏဓာတု။

မေး။ "မနသော + ဝိညာဏဓာတု = စိတ်၏ + ဝိညာဏဓာတ်"ဟူသော အနက်ကြောင့် မနောဝိညာဏဓာတ် မည်၏-ဟုဆိုလျှင် ပဋ္ဌဝိညာဏဓာတ်, မနောဓာတ်တို့သည်လည်း မနောဝိညာဏဓာတ်-ဟူသောအမည်ကို ရကုန်ရာသလော? မဟုတ်ပါလော? ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ မနောဝိညာဏဓာတ်သည်သာ အနန္တရပစ္စည်းဖြစ်သော မှီရာတူသော ရှေ့စိတ်ကြောင့်သာလျှင် ကောင်းစွာဖြစ်၍၊ မှီရာတူသော နောက်စိတ်၏သာ အနန္တရပစ္စည်း ဖြစ်၏။ (ပဋ္ဌဝိညာဏဓာတ်, မနောဓာတ်တို့ကား ယင်းသို့ အနန္တရပစ္စည်း ဖြစ်သော မှီရာတူသော ရှေ့စိတ်ကြောင့်သာလျှင် ကောင်းစွာဖြစ်၍၊ မှီရာတူသော နောက်စိတ်၏သာ အနန္တရပစ္စည်း မဖြစ်ကြ)။ ထို့ကြောင့် မနောဝိညာဏဓာတ်သည်သာ မှီရာတူသော ရှေ့စိတ်, နောက်စိတ်နှင့် ဆက်စပ်ခြင်းရှိရကား ၎င်းသာ "မနသော+ ဝိညာဏဓာတု မနောဝိညာဏဓာတု"ဟူသော ဝစနတ္ထအရ "မနော-ဝိညာဏဓာတ်" ဟူသော အမည်ကိုရ၍ ပဋ္ဌဝိညာဏဓာတ်, မနောဓာတ်တို့သည် "မနောဝိညာဏ ဓာတ်"ဟူသောအမည်ကို မရကြပါ။

သိမှတ်ဖွယ်။။ ဋီကာ၌ မနသော, မနတောယေဝ, မနသောယေဝ-တို့အရ မှီရာတူသော စိတ်တို့ကိုသာ ယူရကြောင်း သိပါ။

မေး။ ပဋ္ဌဝိညာဏဓာတ်, မနောဓာတ်တို့သည်လည်း "မနသော သမ္မန္ဓိန်" ဖြစ်သင့်သည် မဟုတ်ပါလော? အဘယ့်ကြောင့် မနောဝိညာဏဓာတ်သည်သာလျှင်

http://www.dhammadownload.com

"မနသော သမ္မန္ဓိနိ" ဖြစ်ရပါသနည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ မနောဝိညာဏာဓာတ်သည်သာ အနန္တရပစ္စည်းဖြစ်သော မှိရာတူသော ရှေ့စိတ်ကြောင့်သာလျှင် ကောင်းစွာဖြစ်၍၊ မှိရာတူသော နောက်စိတ်၏သာ အနန္တရပစ္စည်း ဖြစ်သောကြောင့် (ပဉ္စဝိညာဏာဓာတ်, မနောဓာတ်တို့သည် အနန္တရပစ္စည်းဖြစ်သော မှိရာတူသော ရှေ့စိတ်ကြောင့်သာလျှင် ကောင်းစွာဖြစ်၍၊ မှိရာတူသော နောက်စိတ်၏သာ အနန္တရပစ္စည်း မဖြစ်သောကြောင့်) မနောဝိညာဏာဓာတ်သည်သာလျှင် "မနသော သမ္မန္ဓိနိ" ဖြစ်၍၊ ပဉ္စဝိညာဏာဓာတ်, မနောဓာတ်တို့ "မနသော သမ္မန္ဓိနိ" မဖြစ်ကြပါ။

ရှင်းလင်းချက်။ ။ ဦးကာ၌ "မနတော အနန္တရပစ္စယတော သမ္မှယ" ပါဠိဖြင့် မနောဝိညာဏာဓာတ်၏ အနန္တရပစ္စယုပ္ပန်အဖြစ်ကို ပြသည်။ "မနသောယေဝ အနန္တရပစ္စယာ့တာ"ပါဠိဖြင့် ၎င်း၏ အနန္တရပစ္စည်းအဖြစ်ကို ပြသည်။

"တီ နဒပစသဲ ဏာ ဝုဒဒဒဒဒဒဒဒ ရုံ ရုံ ဘဝင် ဘဝင် ဘဝင်"ဟူသော စိတ်ဖြစ်စဉ်၌ စက္ခုဝိညာဉ်စသည်တို့သည် ပဉ္စဝိညာဏာဓာတ်မည်၏။ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းဒွေးသည် မနောဓာတ်မည်၏။ ကြွင်းသောစိတ်တို့သည် မနောဝိညာဏာဓာတ်မည်၏။ ပဉ္စဝိညာဏာဓာတ်သည် စက္ခုဝတ္ထုစသည်ကို မှီ၏။ ကြွင်းသောစိတ်တို့ကား ဟဒယဝတ္ထုကိုချည်း မှီကြသည်။ ရှေ့ရှေ့စိတ်သည် နောက်နောက်စိတ်အား အနန္တရပစ္စည်းတပ်သည်။ ရှေ့ရှေ့စိတ်သည် အနန္တရပစ္စည်း၊ နောက်နောက်စိတ်သည် အနန္တရပစ္စယုပ္ပန် ဖြစ်သည်-ဟု ရှေးဦးစွာ မှတ်သားပါ။

စက္ခုဝိညာဉ် စသော ပဉ္စဝိညာဏာဓာတ်သည် မှိရာမတူသော ရှေ့ပဉ္စဒွါရာဝဇ္ဇန်းစိတ်မှ အနန္တရပစ္စယသတ္တိကို ရ၍ မှိရာမတူသော နောက်သမ္ပဋိစ္ဆိုင်းအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုရသောကြောင့် ရှေ့ဖြစ်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့်လည်း ဆက်စပ်ခြင်းမရှိ၊ နောက်ဖြစ်သော သမ္ပဋိစ္ဆိုင်းစိတ်နှင့်လည်း ဆက်စပ်ခြင်းမရှိပေ။ ထို့ကြောင့် ပဉ္စဝိညာဉ်သည် ပဉ္စဝိညာဏာဓာတ်သာ မည်၍ မနောဝိညာဏာဓာတ် အမည်မရနိုင်။

ပဉ္စဒွါရာဝဇ္ဇန်းသည် မှိရာတူသော ရှေ့ဘဝင်္ဂုပစ္ဆေဒမှ အနန္တရပစ္စယသတ္တိကို ရသော်လည်း မှိရာမတူသော နောက်ပဉ္စဝိညာဉ်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုရသဖြင့် ရှေ့ဖြစ်သော ဘဝင်္ဂုပစ္ဆေဒစိတ်နှင့်သာ ဆက်စပ်ခြင်းရှိ၍ နောက်ဖြစ်သော ပဉ္စဝိညာဉ်စိတ်နှင့် ဆက်စပ်ခြင်းမရှိပေ။ **သမ္ပဋိစ္ဆိုင်းဒွေးသည်လည်း** မှိရာတူသော နောက်သန္တီရဏစိတ်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်သော်လည်း မှိရာမတူသော ရှေ့ပဉ္စဝိညာဉ်စိတ်မှ အနန္တရပစ္စယသတ္တိကို ရသောကြောင့် နောက်ဖြစ်သော သန္တီရဏစိတ်နှင့်သာ ဆက်စပ်ခြင်းရှိ၍ ရှေ့ဖြစ်သော ပဉ္စဝိညာဉ်စိတ်နှင့် ဆက်စပ်ခြင်း

http://www.dhammadownload.com

မရှိပေ။ ထို့ကြောင့် ပဋ္ဌဒ္ဓါရာဝဇ္ဇန်း, သမ္မဇ်ဇ္ဈိုင်းဒွေးသည် မနောဓာတ်သာ မည်၍ မနောဝိညာဏဓာတ် မမည်ပေ။

ကြွင်းသော အတီတဘဝင်စသည်, သန္တီရဏစသည်တို့ကား မှီရာတူသော ရှေ့စိတ်မှ အနန္တရပစ္စယသတ္တိကို ရ၍ မှီရာတူသောနောက်စိတ်အားလည်း အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်သောကြောင့် မှီရာတူသော ရှေ့စိတ်, နောက်စိတ်များ၏ ဝိညာဏဓာတ်များ ဖြစ်ကြပါသည်။ ထို့ကြောင့် "မနောဝိညာဏဓာတ်"ဟူသော အမည်ကို ရကြပါသည်။

မေး။ မည်ကဲ့သို့သော စိတ်မျိုးသည်သာ "မနောဝိညာဏဓာတ်"မည်ပါသနည်း၊ ဦးကာဆရာ၏ အာဘော်လည်းကျ, အများ လည်းနားလည်သဘောပေါက်ရအောင် တိုရှင်း လိုရင်းမျှ ရေးပြခဲ့ပါ။

ဖြေ။ မှီရာတူသော ရှေ့စိတ်မှ အနန္တရပစ္စယသတ္တိကိုရ၍ မှီရာတူသော နောက်စိတ်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသောစိတ်သည်သာလျှင် "မနောဝိညာဏဓာတ်"မည်ပါသည်။

<u>မနောဓာတ်, ပဋ္ဌဝိညာဏဓာတ်, မနောဝိညာဏဓာတ် ၃-ပါးတို့၏ အထူး</u>

မနောဓာတ်သည် အထူးသိခြင်းကိစ္စမရှိ၊ ပဋ္ဌဒ္ဓါရဖြစ် ထင်လာသော ပဋ္ဌာရုံကို ဆင်ခြင်ကာ မျှ, လက်ခံကာမျှ ကိစ္စသာရှိသောကြောင့် သိကာမတ္တ သိရုံမျှသာ ဖြစ်၏။

ပဋ္ဌဝိညာဉ်သည် ပဋ္ဌဒ္ဓါရဖြစ် ထင်လာသော ပဋ္ဌာရုံကို မျက်မှောက်ထင်ထင် သိမြင်ခြင်းကိစ္စ ရှိသောကြောင့် မနောဓာတ်ထက် အနည်းငယ်ထူးသောအားဖြင့် သိဟတ်၏။

မနောဝိညာဏဓာတ်ကား အာရုံ၏သဘောကို စုံစမ်းဆင်ခြင်ခြင်း၏ အစွမ်းဖြင့် ထူးသော သိမှုကိစ္စရှိသောကြောင့် ထိုမနောဓာတ်, ပဋ္ဌဝိညာဏဓာတ်တို့ထက် ပို၍ အာရုံကို အလွန်အကျူး အထူးအားဖြင့် သိတတ်၏။ ဤသို့ ထူးကြပါသည်။ (ပရမတ္ထဒီပနီ)

(ဆောင်) -သိကာမတ္တ၊ သိရုံမျှ၊ ခေါ်ကြ **မနောဓာတ်**။
-ထို့ထက်ထူးစွ၊ သိတတ်ဏ၊ **ပဋ္ဌဝိညာဉ်ဓာတ်**။
-ထို့ထက်ကဲရွှန်၊ **အလွန်အကျူး၊ အထူးသိသော၊ ဓာတ်သဘော၊ မနောဝိညာဉ်ဓာတ်**။

ပရိယာယ် နှစ်ချက်ဆင့် အနက်မြင့်။ ။ မနော-သဒ္ဒါသည် 'သိခြင်း'အနက်ကို ဟော၏။ ဝိညာဏ-သဒ္ဒါ သည်လည်း 'အထူးသိခြင်း'အနက်ကို ဟော၏။ ဤသို့ အနက်တူ သဒ္ဒါ ၂-ခုကို တွဲစပ်မှုပြုလျက် "မနော+ဝိညာဏဓာတ်"ဟု ဆိုထားသော

http://www.dhammadownload.com

ကြောင့် "ပရိယာယ် နှစ်ချက်ဆင့် အနက်မြင့်" ဟူသည်နှင့်အညီ "မနောဝိညာဏဓာတ်-ဟူသည် **အလွန်အကျွံ အထူးသိတတ်သောဓာတ် ဖြစ်၏**"ဟု အနက်အဓိပ္ပာယ် ရကြောင်း သိပါ။

အလွန်အကျွံ အထူးသိ-ဟူသည်။ ။ ရှေးဦးစွာ အာရုံသစ်ကို ထွက်၍ မယူရခြင်း၊ မနောဒွါရာဝဇ္ဇန်းကဲ့သို့ ထွက်၍ယူရစေကာမူ မှီရာတူသောစိတ်မှ အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးအပြုခံရ၍, မှီရာတူသော နောက်စိတ်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုရခြင်းတို့ကြောင့် အာရုံကို သိရာ၌ ထိထိမိမိ ပိုင်ပိုင်နိုင်နိုင် သိသည်ကို "အလွန်အကျွံ အထူးသိ"ဟု ဆိုပါသည်။

ပဉ္စဝိညာဏဓာတ်နှင့် မနောဝိညာဏဓာတ်တို့၏ သိပုံအထူး

ပဉ္စဝိညာဏဓာတ်သည် ပစ္စုပ္ပန် ပဉ္စာရုံကိုသာ သိ၏။ အတိတ်, အနာဂတ် ပဉ္စာရုံကို မသိပါ။ မနောဝိညာဏဓာတ်ကား အတိတ်, အနာဂတ် အာရုံ ၆-ပါးလုံးကိုလည်း သိနိုင်၏။ ဤသို့ ထူးကြပါသည်။ (အဋ္ဌသာလိနီ)

မေး။ (က) "စိတ်၏ စိတ်" ဖြစ်သောဓာတ် (ခ) "စိတ်၏ စိတ်" မဟုတ်သောဓာတ်တို့ကို ခွဲခြားပြခဲ့ပါ။

ဖြေ။ (က) "စိတ်၏ စိတ်" ဖြစ်သောဓာတ်မှာ မနောဝိညာဏဓာတ် ဖြစ်ပါသည်။
(ခ) "စိတ်၏ စိတ်" မဟုတ်သောဓာတ်မှာ ပဉ္စဝိညာဏဓာတ်, မနောဓာတ် တို့ ဖြစ်ပါသည်။

မေး။ "မနောဓာတ်ဖြင့် အတပ်ဟောသည်"ဟု ဆိုလျှင် ဟုတ်မှန်နိုင်ဖွယ် ရှိပါမည်လော? မနောဓာတ်တွင် ပါဝင်သောစိတ်တို့၏ သဘောသဘာဝကို ထောက်ဆတင်ပြ၍ အဆုံးအဖြတ်ပေးပါ။

ဖြေ။ မနောဓာတ် ၃-ခုတို့တွင် ပဉ္စဒွါရာဝဇ္ဇန်းသည် ပဉ္စဒွါရ၌ ထင်လာသော အာရုံကို ဆင်ခြင်ခြင်း အာဝဇ္ဇန်းကိစ္စကိုသာ ဆောင်ရွက်နိုင်၏။ သမ္ပဋိစ္ဆိုင်းဒွေးသည် ထိုအာရုံကို လက်ခံခြင်း သမ္ပဋိစ္ဆနကိစ္စကိုသာ ဆောင်ရွက်နိုင်၏။ သို့ဖြစ်၍ သိကာမတ္တ သိရုံမျှသာ ဖြစ်သည်။ အထူးသိခြင်းကိစ္စမရှိပါ။ ထို့ကြောင့် "မနောဓာတ်ဖြင့် အတပ်ဟောသည်"ဟု ဆိုလျှင် ဟုတ်မှန်နိုင်ဖွယ် မရှိပါ။

မေး။ မနောဓာတ် ၃-ခု၊ သန္တီရဏ ၃-ခု၊ မဟာဝိပါက်စိတ် ၈-ခုစသော ၃၃-ပါးသောစိတ်တို့သည် အဘယ့်ကြောင့် ဟဒယဝတ္ထုရုပ်ကို အမြဲမှီကြပါသနည်း။

http://www.dhammadownload.com

ဖြေ။ ထိုစိတ် ၃၃-ပါးတို့သည် အရှုပဘုံ၌ မဖြစ်ကြသောကြောင့် (အရှုပဘုံ၌ မဖြစ်၊ ဟဒယဝတ္ထုရုပ် ရကောင်းရာ ကာမ, ရှုပဘုံတို့၌သာ ဖြစ်သောကြောင့်) ဟဒယဝတ္ထုရုပ်ကို အမြဲမှီကြပါသည်။

(ဆောင်) **အရှုပမှာ၊ မဖြစ်ပါ၊ မြွာ ဟဒယမှီ။ (အကျဉ်း)**

(ဆောင်) **မနောဓာတ်သုံးလီ၊ သန္ဋီ, မဟာ-ဝိပါကာ ၈၊ တေတ္တိံသတို့၊ အရှုပမှာ၊ မဖြစ်ပါဘဲ၊ ကာမာ, ရှုပ၊ ဟဒယရှိရာ၊ ဘုံ၌သာလျှင်၊ ကောင်းစွာအတည်၊ ဖြစ်ကြသည်ကြောင့်၊ မြွာမှီဟဒယ၊ ဆရာပြ၊ မှတ်ကြ သောတုဇာ။**

(အကျယ်)

သိမှတ်ဖွယ်။ ။ ဦးကာကျော်ပါဠိ၌ "**အာရုပ္ပေ န ဥပ္ပဇ္ဇန္တိ၊ အရှုပဘဝေ န ဥပ္ပဇ္ဇန္တိ တိသန္တာနိ စတာနိ တေတ္တိံသ စိတ္တာနိ ဟဒယံ နိဿာယေဝ ပဝတ္တန္တိ**"ဟု လိုရင်းကို မြင်အောင် ဝင်ကြည့်တတ်ပါစေ။

မေး။ သန္ဋီရဏ ၃-ခု၊ မဟာဝိပါက်စိတ် ၈-ခုတို့သည် အဘယ့်ကြောင့် အရှုပဘုံ၌ မဖြစ်ကြပါသနည်း။

ဖြေ။ သန္ဋီရဏ ၃-ခု၊ မဟာဝိပါက်စိတ် ၈-ခုတို့သည် မိမိတို့ဖြစ်ဖို့ရာ ပဋ္ဌဒ္ဓါရမရှိသောကြောင့်လည်းကောင်း၊ ပြုဖို့ရာ (သန္ဋီရဏ) တဒါရုံ, ပဋိသန္ဓေစသော ကိစ္စ မရှိသောကြောင့် လည်းကောင်း အရှုပဘုံ၌ မဖြစ်ကြပါ။

(ဆောင်) **သန္ဋီ, မဟာ၊ ဝိပါကာတို့၊ ဒွါရာ, ကိစ္စ၊ မရှိကြ၍၊ အရှုပမှာ မဖြစ်ပါ၊ စိတ်ဖြာခွဲကြလေ။**

သိမှတ်ဖွယ်။ ။ အရှုပဘုံ၌ မနောဒွါရရှိသောကြောင့်လည်းကောင်း၊ သန္ဋီရဏ ၃-ခု၊ မဟာဝိပါက်စိတ် ၈-ခုတို့သည် မနောဒွါရိကစိတ်များ ဖြစ်သောကြောင့် လည်းကောင်း ထိုစိတ်တို့သည် အရှုပဘုံ၌ ဖြစ်ကုန်ရာသည် မဟုတ်ပါလော-ဟု စောဒနာဖွယ်ရှိ၍ "ကိစ္စာဘာဝတော"ဟူသော ဟိတ်ကို ထပ်ဆိုရခြင်း ဖြစ်ပါသည်။ တဒါရုံကိစ္စ မရှိသောကြောင့် မဖြစ်ကြ-ဟူလို။

(တစ်နည်း) အရှုပဘုံ၌ မနောဒွါရရှိသောကြောင့်လည်းကောင်း၊ သန္ဋီရဏ ၃-ခု၊ မဟာဝိပါက်စိတ် ၈-ခုတို့သည် မနောဒွါရိကစိတ်များ ဖြစ်သောကြောင့်လည်းကောင်း ထိုစိတ်တို့သည် မနောဒွါရိကအဖြစ်ဖြင့် အရှုပဘုံ၌ ဖြစ်ကုန်ရာသည် မဟုတ်ပါလော? ရံခါ ခြောက်ဒွါရ၌ဖြစ်၍ ရံခါ ခြောက်ဒွါရမှ လွတ်သောကြောင့် ဒွါရဝိမုတ်အဖြစ်ဖြင့် ထိုစိတ်တို့သည် အရှုပဘုံ၌ ဖြစ်ကုန်ရာသည် မဟုတ်ပါလော?ဟု စောဒနာဖွယ်ရှိ၍ "ကိစ္စာဘာဝတော" ဟူသော ဟိတ်ကို ထပ်ဆိုရခြင်း ဖြစ်ပါသည်။ တဒါရုံကိစ္စ

http://www.dhammadownload.com

ပဋိသန္ဓေစသောကိစ္စ မရှိသောကြောင့် မဖြစ်ကြ-ဟူလို။ (ဇ၊ ၁။ ၄၂၄-၅။)

မေး။ ဒေါသမူဒွေးသည် အဘယ့်ကြောင့် ရူပ, အရူပဘုံတို့၌ မဖြစ်ကြပါသနည်း။

ဖြေ။ နိဝရဏအခိုက်အတန့်မဟုတ်သော ဒေါသမရှိသောကြောင့် (ဒေါသမှန်လျှင် နိဝရဏစင်စစ် ကောန်ဖြစ်သောကြောင့်) ထိုဒေါသနှင့်တကွဖြစ်သော ဒေါသမူဒွေး သည် ရူပဘုံမှာပင် ဖြစ်ခွင့်မရှိ။ အရူပဘုံ၌ မဖြစ်ကြောင်းမှာ ဆိုဖွယ်ရာပင် မရှိတော့ပါ။

(ဆောင်) **ဒေါသဟူသည်၊ နိဝရဏစင်စစ်၊ ကောန်ဖြစ်၍၊ တကွဖြစ်ထ၊ ဒေါသ-မူ နှစ်ဖြာ၊ ရူပမှာပင်၊ မဖြစ်ချင်စွ၊ အရူပမှာ၊ ဆိုဖွယ်ရာ၊ ဘယ်မှာ မရှိပြီ။**

မေး။ သောတာပတ္တိမဂ်စိတ်၏ အရူပဘုံ၌ မဖြစ်ခြင်းအကြောင်းကို ဖော်ပြမါ။

ဖြေ။ သောတာပတ္တိမဂ်သည် ပရတောဃောသပစ္စည်း (သူတစ်ပါးဟု ဆိုအပ်သော ဘုရား, ပစ္စေကဗုဒ္ဓါ စသည်တို့အထံမှ တရားသံဟူသောအကြောင်း) မရှိလတ်သော် သာဝကတို့သန္တာန်၌ မဖြစ်နိုင်သောကြောင့်လည်းကောင်း၊ ဘုရား, ပစ္စေကဗုဒ္ဓါတို့သည်လည်း လူ့ဘုံမှ တစ်ပါးသောဘုံတို့၌ မဖြစ်ကြသောကြောင့်လည်းကောင်း အရူပဘုံ၌ မဖြစ်ပါ။

(ဆောင်) **ပရတောဃောသ၊ မရှိကလျှင်၊ သာဝကသန္တာန်၊ ကောန်မဖြစ်၊ ဘုရား, ပစ္စေကာ၊ ဆိုသည်မှာလည်း၊ လူ့ရွာမှတစ်ပါး၊ အခြားဘုံမှာ၊ မဖြစ်ပါ၍၊ သောတာမဂ္ဂ၊ အရူပမှာ၊ မဖြစ်ပါ၊ လှစ်ကာ ပြကြလေ။**

မေး။ ဟသိတုပ္ပါဒ်စိတ်၏ အဘယ့်ကြောင့် အရူပဘုံ၌ မဖြစ်ပါသနည်း ဖြေဆိုပါ။

ဖြေ။ အရူပဘုံ၌ ပြုံးဖို့ရာ ရူပကာယ မရှိသောကြောင့် ထိုဘုံ၌ ဟသိတုပ္ပါဒ်စိတ် မဖြစ်ပါ။

(ဆောင်) **ပြုံးရယ်ဖို့ရာ၊ ရူပကာယ၊ မရှိပ၍၊ အရူပမှာ၊ ဟသိတာ၊ ဘယ်ခါ မရှိပြီ။**

မေး။ ရူပါဝစရ ကုသိုလ်, ကြိယာစိတ်တို့ အရူပဘုံ၌ မဖြစ်ခြင်းအကြောင်းကို ဖြေဆိုပါ။

ဖြေ။ အရူပပြဟ္မာတို့သည် ရူပဝိရာဂဘာဝနာ၏အစွမ်းဖြင့် ထိုရူပ်လျှင် အာရုံရှိသော စျာန်ကိုလည်း ကပ်မက်ခြင်းကင်းကြသောကြောင့် ရူပါဝစရ ကုသိုလ်, ကြိယာစိတ်တို့ အရူပဘုံ၌ မဖြစ်ပါ။

(ဆောင်) **ရူပဝိရာဂ၊ ဘာဝနာ၏၊ စွမ်းသတ္တိဖြင့်၊ မလင့် အဟုတ်၊ ထိုရူပ်ဟူ၍၊**

http://www.dhammadownload.com

အာရုံရှိပြန်၊ ဈာန်တို့မှာလည်း၊ မှန်စွာဆက်ဆက်၊ တပ်မက်မှုကင်း၊ ဖြစ်လေခြင်းကြောင့်၊ မယွင်းရှုပ၊ ကုသလနှင့်၊ ကိရိယဟူ၊ စိတ်ဆူဆူ၊ အရှုပမှာ မဖြစ်။

မေး။ ရူပါဝစရဝိပါက်စိတ်တို့သည် အဘယ့်ကြောင့် အရှုပဘုံ၌ မဖြစ်ကြပါသနည်း။

ဖြေ။ ရူပါဝစရဝိပါက်စိတ်တို့သည် ရူပဘုံ၌ ဖြစ်ဖို့ရာ ပဋိသန္ဓေဟူသော အကြောင်း မရှိသောကြောင့် အရှုပဘုံ၌ မဖြစ်ကြပါ။ (ဇ၊ ၁။ ၄၂၆-၇။)

(ဆောင်) **သန္ဓေဟူဘိ၊ ကြောင်းမရှိ၊ ဝိပါက်စိတ်လည်း မဖြစ်။**

မေး။ မနောဓာတ် ၃-ခုတို့သည် အဘယ့်ကြောင့် အရှုပဘုံ၌ မဖြစ်ကြပါသနည်း။

ဖြေ။ ၎င်းတို့သည် ဧကန်ပဋ္ဌဒ္ဓါရိကစိတ်ဖြစ်၍ အရှုပဘုံ၌ ပဋ္ဌဒ္ဓါရမရှိသောကြောင့် ထိုဘုံ၌ မဖြစ်ကြပါ။ (ဇ၊ ၁။ ၄၂၇။)

(ဆောင်) **မနောဓာတ်သုံးတန်၊ ဧကန် ပဋ္ဌ-ဒ္ဓါရိကသာ၊ ဖြစ်တုံပါ၍၊ ငါးဖြာဒ္ဓါရ၊ မရှိပ,ရာ၊ အရှုမှာ၊ မှန်စွာ မဖြစ်ပေ။**

မေး။ အဝသေသာ ကုသလာကုသလကိရိယာနုတ္တရဝသေန-၌ အဝသေသ အပါဒါန်, အဝသေသ အရတို့ကို ဖော်ပြခဲ့ပါ။

ဖြေ။ **အဝသေသ အပါဒါန်မှာ** - ရူပါဝစရကုသိုလ် ၅-ပါး (ကုသလ)၊ ဒေါသမူဇွေး (အကုသလ)၊ ပဋ္ဌဒ္ဓါရာ ဝဇ္ဇန်း, ဟသိတုပ္ပါဒ်, ရူပါဝစရကြိယာ ၅-ပါး၊ (ကိရိယ)၊ သောတာပတ္တိမဂ်(အနုတ္တရ)တို့ ဖြစ်ပါသည်။

အဝသေသ အရမှာ - မဟာကုသိုလ်စိတ် ၈-ပါး, အရူပကုသိုလ် ၄-ပါး ဟူသော လောကီကုသိုလ်စိတ် ၁၂-ပါး၊ လောဘမူစိတ် ၈-ပါး, မောဟမူစိတ် ၂-ပါး ဟူသော အကုသိုလ်စိတ် ၁၀-ပါး၊ မဟာကြိယာစိတ် ၈-ပါး, အရူပ ကြိယာစိတ် ၄-ပါးဟူသော ကြိယာစိတ် ၁၃-ပါး၊ သောတာပတ္တိမဂ် ကြဉ်သော လောကုတ္တရာစိတ် ၇-ပါး၊ ပေါင်း ၄၂-ပါး ဖြစ်ပါသည်။

မေး။ လောကီကုသိုလ်စိတ် ၁၂-ပါးစသော စိတ် ၄၂-ပါးတို့ ဟဒယဝတ္ထုရုပ်ကို မှီ, မမှီအားဖြင့် ဖြစ်ပုံကို ရေးပြပါ။

ဖြေ။ ထိုစိတ် ၄၂-ပါးတို့သည် ကာမဘုံ, ရူပဘုံ-ဟူသော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်ခိုက် ဟဒယဝတ္ထုရုပ်ကို မှီ၍ ဖြစ်ကြပါသည်။ အရူပဘုံ-ဟူသော စတုဝေါကာရဘုံ၌

http://www.dhammadownload.com

ဖြစ်ခိုက် မမှီဘဲ ဖြစ်ကြပါသည်။

မေး။ ဆဝတ္ထု၊ နိဿိတာ ကာမေ-စသော ဂါထာကို ဦးကာဆရာအလိုက္ခ အနက် ယောဇနာပြခဲ့ပါ။

ဖြေ။ ကာမေ၊ ကာမတစ်ဆယ့်တစ်ဘုံ၌။ ဆဝတ္ထု၊ ခြောက်ပါးသောဝတ္ထုရုပ်ကို။ နိဿိတာ၊ မှီ၍ဖြစ်ကုန်သော။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဝိညာဏဓာတုယော၊ ဝိညာဏဓာတ်တို့ကို။ မတာ၊ သိအပ်ကုန်၏။ ရူပေ၊ အသညသတ်ကြဉ်သော ရူပ တစ်ဆယ့် ငါးဘုံ၌။ တိဝတ္ထု၊ သုံးပါးသော ဝတ္ထုရုပ်ကို။ နိဿိတာ၊ ကုန်သော။ (ဃာနဒိတ္ထာယ ဝဇ္ဇိတာ၊ ဃာနဝိညာဏဓာတ် အစရှိသော ဓာတ်သုံးပါးအပေါင်း သည် ကြဉ်အပ်ကုန်သော။) စတုဗ္ဗိဓာ၊ လေးပါးအပြားရှိကုန်သော။ ဝိညာဏ-ဓာတုယော၊ တို့ကို။ မတာ၊ ကုန်၏။ အာရုပ္ပေ၊ အရူပလေးဘုံ၌။ အနိဿိတာ၊ မမှီသော။ ဧကာ၊ တစ်ခုသော။ ဓာတု၊ မနောဝိညာဏဓာတ်ကို။ မတာ၊ သိအပ်၏။

မေး။ တေစတ္တာလီသ နိဿာယ-၌ တေစတ္တာလီသ-အရ ဝတ္ထုရုပ်ကို အမြဲမှီသော စိတ်သရုပ်ကို ဦးကာဆရာ ဖွင့်ပြသည့်အတိုင်း ထုတ်ပြခဲ့ပါ။

ဖြေ။ ကာမဝိပါက ၂၃-ပါး၊ ပဋ္ဌာနိရာဝဇ္ဇန်း၊ ဒေါသမူဒွေး၊ ဟသိတုပ္ပါဒ်တို့၏ အစွမ်းဖြင့် ကာမစိတ် ၂၇-ပါး။ ရူပစိတ် ၁၅-ပါး၊ သောတာပတ္တိမဂ်တို့ ဖြစ်ပါသည်။

အမှာ။ ။ အဘိမဟတ္ထသင်္ဂဟနှင့်အညီ ကောက်ပုံကို အောက်ပါ လက်ာဖြင့် သိပါ။

(ဆောင်) ဝိညာဉ်ဆယ်ရပ်၊ မနောဓာတ်၊ ခေါ်အပ် စိတ်သုံးဖြာ။
သန္ဓိ၊ မဟာဝိ၊ ဒွေး ပဋ္ဌိ၊ ဟသိတုပ္ပါဒါ။
ရူ ဆယ့်ငါး၀၊ သော မဂ္ဂ၊ ပေါင်း လေးသုံးသာ။

ပကိဏ်းပိုင်းအဖွင့် ပြီး၏။

http://www.dhammadownload.com

၄- ဝိထိပိုင်းအဖွင့် (၁၃၇)

မေး။ စိတ္တုပ္ပါဒါနံ မိစ္ဆေဝံ-၌ စိတ္တုပ္ပါဒ- ပုဒ်ကို ဝစနတ္ထုပြု၍ အရေးလည်း ကောက်ပြခဲ့ပါ။

ဖြေ။ ဥပ္ပဇ္ဇတိ စိတ္တံ ဧတေနာတိ ဥပ္ပါဒေါ။ ဝေဒနာစသော ခန္ဓာ ၃- ပါးအပေါင်း (စေတသိက် ဒွေပညာသ)ကို ရ၏။

စိတ္တဿ ဥပ္ပါဒေါ စိတ္တုပ္ပါဒေါ။ ၄င်းကိုပင် ရ၏။

စိတ္တဉ္စ စိတ္တုပ္ပါဒေါ စာတိ စိတ္တုပ္ပါဒါ။ (နောက်ပုဒ်၌ ရှေ့ပုဒ်ကျသော ဒွန်သမာသ်)

စိတ်, စေတသိက်ဖြစ်သော နာမက္ခန္ဓာ ၄ ပါးကို ရ၏။

မေး။ ကတွာ သင်္ဂဟမုတ္တရ-၌ ဥတ္တရ-သဒ္ဒါ၏ အနက်ကို ဖော်ပြခဲ့ပါ။

ဖြေ။ ဥတ္တမ အနက် ဖြစ်ပါသည်။

မေး။ ကတွာ သင်္ဂဟမုတ္တရ-၌ ဥတ္တရအရ မြတ်ပုံကို ရေးပြပါ။

ဖြေ။ ဝေဒနာသင်္ဂဟစသော သင်္ဂဟ ၆ ပါးတို့ကို ခွဲခြားဝေဖန်သောအားဖြင့် မြတ်ပါသည်။

အမှာ။ ။ "ဥတ္တရ-ဟုခေါ်ဆိုရသော သင်္ဂဟကို အကြောင်းနှင့်တကွ ဖော်ပြပါ" ဟုမေးခဲ့လျှင် "ဝေဒနာသင်္ဂဟ-စသော သင်္ဂဟ ၆-ပါးတို့ကို ခွဲခြားဝေဖန်သော အားဖြင့် မြတ်သောကြောင့် ပတိဋ္ဌာနသင်္ဂဟကို 'ဥတ္တရ'ဟု ခေါ်ဆိုရပါသည်" ဟု ဖြေပါ။

မေး။ ကတွာ သင်္ဂဟ မုတ္တရံ - ၌ "သင်္ဂဟ" ဟူသည် အဘယ်နည်း ဖြေဆိုပါ။

ဖြေ။ "ပဘေဒသင်္ဂဟ" ဖြစ်ပါသည်။

မေး။ "ပဘေဒသင်္ဂဟ" ၏ အဓိပ္ပာယ်ကို ရေးသားဖြေဆိုပါ။

ဖြေ။ "ပဘေဒသင်္ဂဟ" ဟူသည် 'ပကိဏ္ဏကသင်္ဂဟ' ဖြစ်ပါသည်။'ပကိဏ္ဏကသင်္ဂဟ' ကိုပင် ဝေဒနာအစရှိသည် တို့၏ အပြားအားဖြင့် ဖြစ်သောကြောင့် "ပဘေဒ-သင်္ဂဟ" ဟုဆိုခြင်း ဖြစ်ပါသည်။

သိမှတ်ဖွယ်

"ပဘေဒသင်္ဂဟံ" ဟု ဆိုထိုက်လျက် ပဘေဒ- ဟူသော ရှေ့ပုဒ်ကိုချေ၍ "သင်္ဂဟံ" ဟုဆိုထား သည်ဟု မှတ်ပါ။ "ဝေဒနာဒီနံ ပဘေဒေန ပဝတ္တော သင်္ဂဟော ပဘေဒ-သင်္ဂဟော"ဟု ဝစနတ္ထုပြု။

http://www.dhammadownload.com

မေး။ ဘူမိပုဂ္ဂလဘေဒေန-၌ ဘူမိ-အရန့်ငံ့ ပုဂ္ဂလ-အရတို့ကို ကောက်ပြ၍၊ နာဝိဘတ်၏ အနက်ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ဘူမိ-အရ ကာမဘုံ,ရူပဘုံ, အရူပဘုံဟူသော ဌာနဘုံ ၃ - ဘုံတို့ကို ယူရပါမည်။ (လောကုတ္တရာဘုံဟူသော အဝတ္ထာဘုံကို မယူရပါ။)

ပုဂ္ဂလ-အရ ဒ္ဝိဟိတ်, အဟိတ်, တိဟိတ် ပုထုဇဉ်၊ အရိယာပုဂ္ဂိုလ် ၈-ယောက်တို့ကို ယူရပါမည်။

နာဝိဘတ်၏အနက်ကား **"ကမဏ္ဍလုနာ ပရိဗ္ဗာဇကမဒ္ဒက္ခိ"** ဟူသောပြယုဂ်၌ကဲ့သို့ ဣတ္ထမ္ဘူတလက္ခဏအနက် ဖြစ်ပါသည်။ (၎င်း၏ စပ်ရာပုဒ်ကို "လက္ခိတံ" ဟုထည့်၍ အနက်ပေးရပါမည်။)

မေး။ "ပုဗ္ဗာပရနိယာမိတ" အရ အဘယ်သို့ မှတ်သားသည်ကို "ရှေ့စိတ်, နောက်စိတ်တို့ဖြင့် မှတ်သားသည်ဟု ဆိုပါသနည်း ရှင်းပြပါ။

ဖြေ။ "ဤစိတ်သည် ဤမျှအတိုင်း အရှည်ရှိသော စိတ်တို့မှ နောက်၌ဖြစ်၏၊ ဤစိတ်၏ အခြားမဲ့၌ ဤမျှအတိုင်းအရှည်ရှိ သော စိတ်တို့ဖြစ်ကုန်၏ (= အာဝဇ္ဇန်းသည် ဘဝင်စလန, ဘဝင်ုပစ္ဆေဒတို့မှ နောက်၌ဖြစ်၏။ အာဝဇ္ဇန်း၏နောက်၌ ပဉ္စဝိညာဉ်စသောစိတ်များ ဖြစ်ကုန်၏။)" ဟု မှတ်သားသည်ကို "ရှေ့စိတ်, နောက်စိတ်တို့ဖြင့် မှတ်သားသည်" ဟု ဆိုပါသည်။

ဝစနတ္ထ - ပုဗ္ဗာပရေဟိ နိယာမိတံ ပုဗ္ဗာပရနိယာမိတံ။

မေး။ ပုဗ္ဗာပရနိယာမိတံ- ဟူသော ပါဠိဖြင့် အဘယ်ကို ပြပါသနည်း။

ဖြေ။ ယင်းပါဠိဖြင့် ဝိထိသင်္ဂဟ၏ "ပုဗ္ဗာပရသင်္ဂဟ" အဖြစ်ကို ပြပါသည်။

မေး။ 'ပဋိသန္ဓိပဝတ္တိယံ' ကို 'ပဋိသန္ဓိပဝတ္တိသု' ဟု ဖွင့်သဖြင့် အဘယ်ကို ဦးကာဆရာသိစေပါသနည်း။

ဖြေ။ 'ပဋိသန္ဓိပဝတ္တိယံ' ကို 'ပဋိသန္ဓိပဝတ္တိသု' ဟု ဖွင့်သဖြင့် 'ပဋိသန္ဓိပဝတ္တိယံ' ဟူသော ပါဠိသည် "ဗဟုဝုစ်အနက်၌ ဧကဝုစ်ဝိဘတ်တည်း"ဟု သိစေပါသည်။

(တစ်နည်း) 'ပဋိသန္ဓိပဝတ္တိယံ'ဟူသော ပါဠိသည် ဗဟုဝုစ်မှ ဧကဝုစ်ပြန်နေသော ဝစနဝိပလ္လာသတည်း-ဟု သိစေပါသည်။

(တစ်နည်း) အချို့သော သင်္ဂဟပါဠိ၌ "ပဋိသန္ဓိပဝတ္တိသု" ဗဟုဝုစ်ပါဠိကို မြင်သောကြောင့် ဗဟုဝုစ်ဖြင့် ဖွင့်ပြခဲ့ခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ ပဝတ္တိသင်္ဂဟကို အဘယ်အရာတို့ဖြင့် မှတ်သားအပ်ပါသနည်း၊ ပြည့်စုံစွာ ဖြေဆိုခဲ့ ပါ။

ဖြေ။ ကာမာဝစရ အစရှိသော ဘုံ ၃-ဘုံဟူသော ဘုံအပြား, ဒွိဟိတ်-အစရှိသော ပုဂ္ဂိုလ်တို့၏အပြားအားဖြင့်လည်းကောင်း၊ အာဝဇ္ဇန်း, စက္ခုဝိညာဉ် အစရှိသော ရှေ့စိတ်, နောက်စိတ်တို့ဖြင့်လည်းကောင်း မှတ်သားအပ်ပါသည်။

မေး။ ဝီထိသင်္ဂဟ (ဝီထိမုတ္တသင်္ဂဟ)ကို အဘယ့်ကြောင့် "ပဝတ္တိသင်္ဂဟ" ဟု ခေါ်ဆိုရ ပါသနည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌ စိတ်စေတသိက်တို့၏ ဖြစ်ခြင်းကို သိမ်းယူရာ သိမ်းယူကြောင်းဖြစ်သောကြောင့် ဝီထိသင်္ဂဟ (ဝီထိမုတ္တသင်္ဂဟ)ကို "ပဝတ္တိ သင်္ဂဟ" ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ ဝတ္ထု, ဒွါရ, အာရမ္မဏ သင်္ဂဟတို့ကို အောက်ပကိဏ္ဏကသင်္ဂဟ၌ ဆိုအပ်ခဲ့ပြီး ဖြစ်ပါလျက် ဤပဝတ္တိသင်္ဂဟ (ဝီထိသင်္ဂဟ)၌ အဘယ့်ကြောင့် ထပ်မံ၍ ဆိုရ ပြန်ပါသနည်း။

ဖြေ။ ဝတ္ထု, ဒွါရ, အာရမ္မဏသင်္ဂဟတို့ကို အောက်ပကိဏ္ဏကသင်္ဂဟ၌ ဆိုခဲ့ပြီးဖြစ်ပါ သော်လည်း ဆက္က ၆ ပါး အပြည့်အစုံပြု၍ ပဝတ္တိသင်္ဂဟကို ပြလိုသောကြောင့် တဖန်ထပ်၍ အရှင်အနုရုဒ္ဓါဆရာ ဆိုရပြန်ခြင်း ဖြစ်ပါသည်။

မေး။ ဝိသယပွဝတ္တိ-ပုဒ်၏ ဝစနတ္ထ ၂-မျိုးကို ဖော်ပြ၍၊ အဓိပ္ပာယ်ကိုလည်း ရေးပြပါ။

ဖြေ။ (၁) ဝိသယာနံ ဒွါရေသု ပဝတ္တိ ဝိသယပွဝတ္တိ။
(၂) ဝိသယေသု စိတ္တာနံ ပဝတ္တိ ဝိသယပွဝတ္တိ။
အာရုံတို့၏ ဒွါရတို့၌ ဖြစ်ခြင်းသဘောကို " ဝိသယပွဝတ္တိ" ဟု ခေါ်ဆိုရ ပါသည်။ (တစ်နည်း) အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်း သဘောကို "ဝိသယပွ ဝတ္တိ"ဟု ခေါ်ဆိုရပါသည်။

မေး။ ဝိသယပွဝတ္တိ-ပုဒ်၏ ဝစနတ္ထ ၂-မျိုးတို့တွင် အဘယ်ဝစနတ္ထသည်သာ အရှင် အနုရုဒ္ဓါဆရာ၏ အလိုကျ ဖြစ်ပါသနည်း? အထောက်သာဓကနှင့်တကွ ဆုံး ဖြတ်ပါ။

ဖြေ။ သဗ္ဗိုဟိကျမ်း၌ "ပဒ္မဒွါရေ, မနောဒွါရေ"ဟု ဆိုထားသောကြောင့် အထက်ပါ

http://www.dhammadownload.com

ဝစနတ္ထ ၂-မျိုးတို့တွင် အမှတ်(၁)ဝစနတ္ထသည်သာ အရှင်အနုရုဒ္ဓါဆရာ၏ အလို ကျ ဖြစ်ပါ သည်။ (လူ၊ ၁။ ၄၃၀။)

မှတ်ချက်။ ။ **"ရှေ့ဝစနတ္ထသည် ဝိထိဝိသယပွဝတ္တိကို ပြ၍ နောက်ဝစနတ္ထသည် ဝိထိမုတ္တဝိသယပဝတ္တိကို ပြသည်"**ဟုလည်း ယူကြသည်။

မေး။ "ဝိသယပွဝတ္တိ" အရ ယူရမည့်အရာများကို ရှင်းလင်းဖော်ပြပါ။

ဖြေ။ "ဝိသယပွဝတ္တိ = အာရုံတို့၏ ဒွါရတို့၌ဖြစ်ခြင်း" ဟူသည် အာရုံတို့၏ ဒွါရတို့၌ ထင်လာခြင်းတည်း။ "အာရုံတို့၏ ဒွါရတို့၌ ထင်လာခြင်း" ဟူသည်လည်း လက်ဆုပ်လက်ကိုင် ရှာလျှင် ဒွါရတို့၌ ထင်လာသော အာရုံများပင် ဖြစ်ပါသည်။ ထို့ကြောင့် "ဝိသယပွဝတ္တိ" အရ အတိမဟန္တ, မဟန္တ, ပရိတ္တ, အတိပရိတ္တ, ဝိဘူတ, အဝိဘူတ ဟူသော အာရုံ ၆-မျိုးကို ပင် ရပါသည်။

ဝိထိဝိသယပွဝတ္တိနှင့် ဝိထိမုတ္တဝိသယပွဝတ္တိ ။ ။ အတိမဟန္တ-စသော အာရုံ ၆-မျိုးတို့ကို "ဝိထိဝိသယပွဝတ္တိ = ဒွါရိကဝိသယပွဝတ္တိ" ဟူ၍လည်းကောင်း၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟု ၃- မျိုးတို့ကို "ဝိထိမုတ္တဝိသယပွဝတ္တိ = ဒွါရဝိမုတ္တဝိသယပွဝတ္တိ "ဟူ၍လည်းကောင်း သိပါ။

မေး။ "ဝိသယပွဝတ္တိ-အရ အတိမဟန္တစသော အာရုံများကို ယူရမည်"ဟုဆိုရာ ထို စကားမှန်ကန်ကြောင်း သက်သေအထောက်အထားကို ညွှန်ပြခဲ့ပါ။

ဖြေ။ "စတုန္နံ ဝါရာနံ ယထာက္ကမံ **အာရမ္မဏာဘူတာ ဝိသယပွဝတ္တိ** စတုဓာ ဝေဒိတဗ္ဗာ' ဟူသော သင်္ဂဟပါဠိဖြစ်ပါသည်။

ဝိထိဆက္ကအဖွင့် (၁၃၈)

မေး။ "စက္ခွါဒွါရဝိထိ" အစရှိသော စကားရပ်ကို အဘယ့်ကြောင့် ဆိုရပါသနည်း။

ဖြေ။ "ဒွါရ၏အစွမ်းဖြင့်သော်လည်းကောင်း၊ ဝိညာဉ်၏အစွမ်းဖြင့်သော်လည်းကောင်း ဝိထိတို့၏ နာမည်တပ်ခြင်းကို ပြုထိုက်၏"ဟူသော အနက်အဓိပ္ပာယ်ကို ပြလို သောကြောင့် "စက္ခွါဒွါရဝိထိ သောတဒွါရဝိထိ" အစရှိသောစကားရပ်ကို အရှင် အနုရုဒ္ဓါဆရာ မိန့်ဆိုခြင်း ဖြစ်ပါသည်။

မေး။ စက္ခွါဒွါရဝိထိ၊ စက္ခုဝိညာဏဝိထိ စသောပုဒ်တို့ကို ဝိဂြိုဟ်ဆို၍၊ အဓိပ္ပာယ်လည်း ရေးပြပါ။

http://www.dhammadownload.com

ပြေး။ စက္ခုဒ္ဒါရေ ပဝတ္တာ ဝိထိ စက္ခုဒ္ဒါရဝိထိ။

စက္ခုဒ္ဒါရ၌ဖြစ်သော စိတ်တို့၏ အဆက်ဆက်သည် "စက္ခုဒ္ဒါရဝိထိ" မည်ပါသည်။

စက္ခုဝိညာဏသမ္ပန္နိ ဝိထိ စက္ခုဝိညာဏဝိထိ။

စက္ခုဝိညာဉ်နှင့် တူသောအာရုံ, တူသောဒွါရ၌ ဖြစ်သည်ဖြစ်၍ စက္ခုဝိညာဉ်နှင့် တကွဖြစ်ကြသောကြောင့် စက္ခုဝိညာဉ်နှင့် ဆက်စပ်ခြင်းရှိသော အာဝဇ္ဇန်းစသော စိတ်အဆက်ဆက်သည် "စက္ခုဝိညာဏဝိထိ" မည်ပါသည်။

သိမှတ်ဖွယ်။ ။ "အာဇညရထော" စသည်တို့ကဲ့သို့ မလျှော်လောပိ သတ္တမီ, ဆဋ္ဌီတပ္ပုရိသ် သမာသ်ပုဒ်များ ဖြစ်သည်ဟု မှတ်ပါ။ ဆရာတော်ဦးဇနက၏ ဋီကာကျော်နိဿယ၌ကား "စက္ခုဝိညာဏသ ဝိထိ စက္ခုဝိညာဏဝိထိ" ဟု ရိုးရိုးဆဋ္ဌီတပ္ပုရိသ် သမာသ် ဝစနတ္ထပင် ပြုပြထားပါသည်။

မေး။ စိတ်ပိုင်းလာ 'စက္ခုဝိညာဏဝိထိ' နှင့် ဝိထိပိုင်းလာ စက္ခုဝိညာဏဝိထိတို့၏ အထူးကို ရေးသားဖြေဆိုပါ။

ဖြေ။ စိတ်ပိုင်းလာ 'စက္ခုဝိညာဏဝိထိ' အရ "စက္ခုသို့ နိဿိတံ ဝိညာဏံ စက္ခုဝိညာဏံ" ဟူသော ဝစနတ္ထနှင့်အညီ စက္ခုပသာဒရုပ်၌ မှီသော စက္ခုဝိညာဉ်ဒွေးကို ရ၏

ဝိထိပိုင်းလာ စက္ခုဝိညာဏဝိထိ-အရ 'စက္ခုဝိညာဏသမ္ပန္နိ ဝိထိ စက္ခုဝိညာဏဝိထိ"ဟူသော ဝစနတ္ထနှင့်အညီ စက္ခုဒ္ဒါရ၌ဖြစ်သော စိတ် ၄၆-ပါးကို ရ၏။ ဤသို့ ထူးပါသည်။

မေး။ ဝိထိ-ဟူသည် အဘယ်နည်း၊ ဝိထိ-၏ အဓိပ္ပာယ်ကို ဋီကာကျော်ဆရာအလိုကျ ရေးပြခဲ့ပါ။

ဖြေ။ "ဝိထိ စိတ္တပရမ္ပရာ" ဟူသော ဋီကာကျော်အဖွင့်နှင့် အညီ အာဝဇ္ဇန်းစသော စိတ်တို့၏ အစဉ်အဆက်သည် "ဝိထိ" မည်၏။ ("ဆဝိထိယော ။ပ။ ဒွါရပဝတ္တာ စိတ္တပ္ပဝတ္တိယော" ဟူသော သင်္ဂဟပါဠိလည်း ဤအဓိပ္ပာယ်ပင်။)

သိမှတ်ဖွယ်။ ။ယင်းအဖွင့်ဖြင့် "ဝိထိသဒ္ဒါသည် 'ပန္တိ-အစဉ်အဆက်'အနက်ဟော အနိပ္ပန္န ပါဠိပဒိကပုဒ် တည်းဟူသော အဓိပ္ပာယ်ကို သိစေပါသည်။

ဝိထိအဓိပ္ပာယ် တစ်မျိုး။ ။ ဝိယန္တိ ဂစ္ဆန္တိ ဧတ္ထာတိ ဝိထိ၊ ပကတိလမ်းကို ရ၏။ ဝိထိ ဝိယာတိ ဝိထိ၊ စိတ်အစဉ် ကို ရ၏" ။ ဤသို့ ဝိဓာတ် + ထိပစ္စည်းဖြင့်ပြီးသော နိပ္ပန္နပါဠိပဒိကပုဒ်ဟုလည်း ကြံကြပါသည်။

http://www.dhammadownload.com

ထိုအလို **"စိတ္တနိယာမအားဖြင့်ဖြစ်သော စိတ်တို့၏ အစဉ်အဆက်သည် ပကတိလမ်းခရီး (ဝီထိ)နှင့် တူသောကြောင့် ဝီထိ မည်၏"** ဟု အဓိပ္ပာယ်မှတ်ပါ။

"ပကတိလမ်းခရီးနှင့်တူပုံ။ ။ ပကတိလမ်းခရီးသည် ရွာစဉ်ကိုမကျော်လွန်ဘဲ တစ်ရွာပြီးတစ်ရွာ ဆက်ကာဆက်ကာ သွားသကဲ့သို့ စိတ်တို့သည်လည်း စိတ်အစဉ်ကို မကျော်လွန်ဘဲ ပဋ္ဌဒ္ဓါရာဝဇ္ဇန်းပြီး စက္ခုဝိညာဉ်၊ စက္ခုဝိညာဉ်ပြီး သမ္ပဋိစ္ဆိုင်း-စသည်ဖြင့် အစဉ်အတိုင်း ဆက်ကာဆက်ကာ ဖြစ်သွားကြပါသည်။

ဝီထိဘေဒအဖွင့် (၁၃၈)

မေး။ အဘယ့်ကြောင့် "အတိမဟန္တာရုံ" ဟု ခေါ်ဆိုရပါသနည်း။

ဖြေ။ တစ်ခုသော စိတ္တက္ခဏကိုလွန်ပြီးနောက် ထင်ခြင်းသို့ ရောက်လာသော ၁၆-ချက် စိတ္တက္ခဏအသက်ရှိသော အာရုံသည် (ထင်ပြီးသည်မှ စ၍ရေတွက်အလွန်များသော စိတ္တက္ခဏ အသက်ကြွင်းရှိသောကြောင့်) "အတိမဟန္တာရုံ" မည်ပါသည်။

သာဓက - အတိမဟန္တံ နာမ အဝသိဋ္ဌာယူနံ ဗဟုတရတ္တာ။ (ဇ။ ၁။ ၄၃၁။)

မေး။ အဘယ့်ကြောင့် "မဟန္တာရုံ"ဟု ခေါ်ဆိုရပါသနည်း။

ဖြေ။ စိတ္တက္ခဏ ၂ ချက်, ၃ ချက်ကိုလွန်ပြီးနောက် ထင်ခြင်းသို့ရောက်လာသော ၁၅-ချက်, ၁၄-ချက် စိတ္တက္ခဏ အသက်ရှိသော အာရုံသည် (ထင်ပြီးသည်မှ စ၍ရေတွက်များသောစိတ္တက္ခဏ အသက်ကြွင်းရှိသောကြောင့်) "မဟန္တာရုံ" မည်ပါသည်။

မေး။ အဘယ့်ကြောင့် "ပရိတ္တာရုံ" ဟု ခေါ်ဆိုရပါသနည်း။

ဖြေ။ စိတ္တက္ခဏ ၄-ချက်မှ ၉-ချက်အထိ လွန်ပြီးနောက် ထင်ခြင်းသို့ရောက်လာသော စိတ္တက္ခဏ ၁၃-ချက်မှ ၈-ချက်အထိ စိတ္တက္ခဏအသက်ရှိသော အာရုံသည် (ထင်ပြီးသည်မှ စ၍ရေတွက် နည်းသောစိတ္တက္ခဏ အသက်ကြွင်းရှိသောကြောင့်) "ပရိတ္တာရုံ" မည်ပါသည်။

မေး။ အဘယ့်ကြောင့် "အတိပရိတ္တာရုံ"ဟု ခေါ်ဆိုရပါသနည်း။

ဖြေ။ စိတ္တက္ခဏ ၁၀-ချက်မှ ၁၅-ချက်အထိ လွန်ပြီးနောက် ထင်ခြင်းသို့ရောက်လာ

http://www.dhammadownload.com

သော စိတ္တက္ခဏ ၇-ချက်မှ ၂-ချက်အထိ စိတ္တက္ခဏအသက်ရှိသော အာရုံသည် (ထင်ပြီးသည်မှစ၍ ရေတွက် အလွန်နှည်းသော စိတ္တက္ခဏ အသက်ကြွင်းရှိသောကြောင့်၊ **တစ်နည်း**-ချုပ်ခါနီးဖြစ်သောကြောင့်) "အတိပရိတ္တာရုံ" မည်ပါသည်။

သာဓက - အတိပရိတ္တံ နာမ နိရောဓသန္နိတ္တာ။ (ဇူ)

မေး။ ဝိဘူတာရုံ, အဝိဘူတာရုံ-တို့၏ အဓိပ္ပာယ်ကို ရေးသားဖြေဆိုပါ။

ဖြေ။ ထင်ရှားသောအာရုံသည် "ဝိဘူတာရုံ" မည်ပါသည်။
မထင်ရှားသောအာရုံသည် "အဝိဘူတာရုံ" မည်ပါသည်။

ပဌဒ္ဓါရဝိထိအဖွင့် (၁၃၈)

မေး။ "ဥပ္ပါဒဌိတိဘင်္ဂဝသေန" အစရှိသောစကားရပ်ကို အဘယ့်ကြောင့် အားထုတ်ရပါသနည်း ဖြေဆိုပါ။

ဖြေ။ 'အတိမဟန္တာရုံစသည်တို့၏ အစွမ်းဖြင့် အာရုံကို ပိုင်းခြား သတ်မှတ်ခြင်းသည် အဘယ်အပြားအားဖြင့် ဖြစ်သနည်း'ဟု မေးပြီးနောက် စိတ္တက္ခဏ၏ အစွမ်းဖြင့် ထိုအာရုံကို ပိုင်းခြားသတ်မှတ်ပုံကို ထင်ရှားပြလိုသောကြောင့် "ဥပ္ပါဒဌိတိဘင်္ဂ-ဝသေန"စသည်ကို အားထုတ် ရခြင်းဖြစ်ပါသည်။

မေး။ ဥပ္ပါဒဌိတိဘင်္ဂဝသေန-၌ "ဥပ္ပါဒ, ဌိတိ, ဘင်္ဂ-ပုဒ်တို့ကို ဝိဂြိုဟ်ဆို၍၊ အဓိပ္ပာယ်လည်း ရေးပြပါ။ (ဥပါဒ်, ဌိ, ဘင်-ဟူသော အဘိဓမ္မာ ဝေါဟာရတို့၏ အဓိပ္ပာယ်ကို ရှင်းလင်းဖြေဆိုပါ။)

ဖြေ။ "ဥပ္ပဇ္ဇနံ ဥပ္ပါဒေါ" ဟူသော ဝစနတ္ထနှင့်အညီ ဖြစ်ခြင်း (= စိတ်ဟူသော ပရမတ္ထ သဘာဝအထည်ကိုယ်ဖြစ်ပုံကို ရရှိခြင်း = ထိုသဘာဝအထည်ကိုယ်ဖြစ်၏ ထင်ရှားစွာ စတင် ဖြစ်ပေါ်လာခြင်း) သည် **"ဥပ္ပါဒ - ဥပါဒ်"** မည်ပါသည်။

"ဌိယတေ ဌိတိ" ဟူသော ဝစနတ္ထနှင့်အညီ ဥပါဒ်နှင့် ဘင်တို့၏အလယ်၌ ဘင်သို့ ရှေ့ရွှေ့လျော် စိတ်ဖြစ်နေခြင်း (မပျောက်မပျက်ဘဲ ပင်ကိုယ်သဘော အတိုင်း တည်ရှိ တန့်ရပ်နေခြင်း) သည် **"ဌိတိ - ဌိ "** မည်ပါသည်။

"ဘဉ္ဇနံ ဘင်္ဂေါ" ဟူသော ဝစနတ္ထနှင့်အညီ ဥပါဒ်အခိုက်၌ ဖြစ်ခဲ့သည့်

http://www.dhammadownload.com

စိတ်ဟူသော ပရမတ္ထ သဘာဝအထည်ကိုယ်ဖြစ်၏ ပျောက်ပျက်သွားခြင်းသည် "ဘင် - ဘင်" မည်ပါသည်။ (စာကိုယ်၌ "သရူပ" ဟူသည် 'ဖြစ်'တည်း။)

မေး။ စိတ္တယမိုက်၌ စိတ်၏ ဌိခဏကို ဘုရားမဟောပါဘဲလျက် အရှင်အနုရုဒ္ဓါဆရာက "ဥပ္ပါဒဌိတိဘင်္ဂဝသေန ခဏတ္တယံ ဧကစိတ္တက္ခဏံ နာမ"ဟု ဆိုထားရာ ယင်း စကားရပ်ကို အမှားဟု ဆိုရပါမည်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ စိတ္တယမိုက်၌ ဝေနေယျနတ်ပြဟ္မာတို့၏ အလိုဆန္ဒအလျောသယနှင့် မဆန့်ကျင် စေလိုသောကြောင့် မိဂပဒဝဠဉ္ဇနနည်းကို ပြခြင်း၏ အစွမ်းဖြင့် စိတ်၏ ဌိခဏကို ဘုရားရှင် မဟောခြင်းဖြစ်ပါသည်။ စိတ်၏ ဌိခဏမရှိသောကြောင့် မဟောခြင်း မဟုတ်ပါ။ ထို့ကြောင့် "ဥပ္ပါဒဌိတိဘင်္ဂဝသေန ခဏတ္တယံ ဧကစိတ္တက္ခဏံ နာမ"ဟူသော အရှင်အနုရုဒ္ဓါဆရာ၏ စကားရပ်ကို အမှားဟု မဆိုရပါ။ အမှန်သာ ဖြစ်ပါသည်။

အမှာ။ ။ အထက်ပါ စကားရပ်၌ "စိတ်၏ ဌိခဏကို အလုံးရှိအပ်ပါလျက် ထိုဌိခဏကို စိတ္တယမိုက်၌ အဘယ့်ကြောင့် ဘုရားရှင် ဟောတော်မမူပါသနည်း" ဟူသော မေးခွန်း၏အဖြေပါဝင်နေကြောင်း သတိပြုပါ။

မေး။ "ဌိခဏကို အလိုရှိအပ်၏ (စိတ်၏ ဌိခဏရှိ၏)"ဟုဆိုရာ ထိုဌိခဏ-ဟူသည် အဘယ်ပါနည်း? ဖြေဆိုပါ။

ဖြေ။ "ဌိခဏ" ဟူသည် ဥပါဒ်, ဘင်တို့မှ ထူးခြားကွဲပြားသော ဘင်သို့ ရှေးရှုသော အခိုက်အတန့်ကလေး ဖြစ်ပါသည်။

မေး။ စိတ်၏ ဌိခဏကို ပယ်ရှားတားမြစ်သောဆရာ၏ အမည်ကို ဖော်ပြပါ။

ဖြေ။ မူလဋီကာကျမ်းပြုဆရာ အရှင်အာနန္ဒာ မထေရ်ဖြစ်ပါသည်။

မေး။ 'စိတ်၏ ဌိခဏမရှိ'ဟု ပယ်ရှားတားမြစ်သော ကေစိဆရာ (မူလဋီကာကျမ်းပြု ဆရာ အရှင်အာနန္ဒာ)၏အလိုကို ပြည့်စုံစွာ ရေးသားဖြေဆိုပါ။

ဖြေ။ စိတ္တယမိုက် "ဥပ္ပန္နံ ဥပ္ပဇ္ဇမာနံ" စသောပုဒ်တို့၏ ဝိဘင်း (ဝိသဇ္ဇနာ) ပါဠိတော်၌ "ဘင်္ဂက္ခဏော ဥပ္ပန္နံ ဧနာ စ ဥပ္ပဇ္ဇမာနံ၊ ဥပ္ပါဒက္ခဏော ဥပ္ပန္နဉ္စေဝ ဥပ္ပဇ္ဇမာနဉ္စ" စသည်ဖြင့် ဘင်ခဏနှင့် ဥပါဒ်ခဏကိုသာ ဟောထားသည်။ ဌိခဏကို မဟော ပါ။ ဌိခဏရှိလျှင် "ဌိတိက္ခဏော ဘင်္ဂက္ခဏော စ ဥပ္ပန္နံ " စသည်ဖြင့် ဟောတော် မူရာ၏။ ဌိခဏမရှိသောကြောင့်သာ "ဌိတိက္ခဏော" ဟု ထည့်၍ ဟော်တော်မမူ

http://www.dhammadownload.com

ခြင်းဖြစ်သည်။

"ဥပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ" ဟု သုတ္တန်ပါဠိတော် (အင်္ဂုတ္တရ၊ တိကနိပါတ်ပါဠိတော်)ရှိသောကြောင့် "ဌိခဏ ရှိ၏"ဟု အကယ်၍ သိအပ် အလိုရှိအပ်ငြားအံ့၊ ထိုသုတ္တန်ပါဠိတော်၌လည်း ဖြစ်ပျက်သော တရားတစ်ခုတည်းက တစ်မျိုးတစ်ဖုံပြောင်းလွဲမှု မဖြစ်နိုင် သောကြောင့်လည်းကောင်း၊ "ပညာယတိ=ထင်ရှား၏"ဟု 'ထင်ရှားခြင်း' အနက် ဟော 'ပညာယတိ'ကြိယာကို သုံးစွဲထားဆိုထားသောကြောင့် လည်းကောင်း 'ရုပ်, နာမ် အစဉ်အဆက်၏ တည်နေခြင်း-ဟူသော ပဗန္ဓဋ္ဌိ'ကိုသာ လိုအပ် သည်။ 'ပရမတ္ထတရားတစ်ခု၏ အခိုက်အတန့်တည်နေခြင်း-ဟူသော ခဏဋ္ဌိ'ကို အလိုမရှိအပ်ပါ။ အဘိဓမ္မာပါဠိတော်ဝယ် ရထိုက်သောတရားကို ဟောတော် မမူခြင်း ၌ အကြောင်းလည်းမရှိပါ။ ထို့ကြောင့် အဘိဓမ္မာပါဠိတော်၌ ဟောတော် မမူခြင်းသည်လည်း ဌိခဏမရှိကြောင်းကိုသာ ထင်ရှားပြရာရောက်သည်။ ဤကား ကေစိဆရာတို့၏ အလိုဖြစ်ပါသည်။

သိမှတ်ဖွယ်။။ သဘာဝဓမ္မအားလျော်စွာ ဆုံးမရာဖြစ်သော အဘိဓမ္မာပါဠိတော်ကို **"ယထာဓမ္မသာသနာ"** ဟု ခေါ်ဆိုရသည်။ -ယထာဓမ္မံ သာသီယန္တေ အနုသာသီယန္တေ ဧတ္ထ သတ္ထာတိ ယထာဓမ္မသာသနံ။ (ဋီ၊ ၁။ ၄၃၆။)

မေး။ (မူလဋီကာကျမ်းပြု ဆရာ အရှင်အာနန္ဒာ)က 'စိတ်၏ ဌိခဏမရှိ'ဟု ယုတ္တိ သာဓကများဖြင့် ပယ်ရှားတားမြစ်ထားရာ ယင်းသို့ မတားမြစ်သင့်ကြောင်း ကို ရှင်းလင်းဖြေဆိုခဲ့ပါ။

ဖြေ။ ဥပါဒ်, ဘင် (ဖြစ်ခြင်း, ပျက်ခြင်း)-ဟူသော အမှတ်လက္ခဏာသည် စိတ်ဟူ သော တရားသဘောတစ်ခုတည်း အပေါ်၌တည်၏။ ထိုသို့တရားတစ်ခုတည်း အပေါ်၌ တည်သော်လည်း ဖြစ်ခိုက်ဥပါဒ်ခဏသည် ဘင်ခဏမှ တစ်မျိုး တစ် ခြားတည်း။ ထို့ကြောင့် ဥပါဒ်အခိုက်အတန့်မှ ကွဲပြားသော ဘင်အခိုက်အတန့် ကို မည်သူမဆို အလိုရှိအပ်သကဲ့သို့၊ ထို့အတူ ဘင်သို့ ရှေးရှုနေသော အခိုက် အတန့်ကိုလည်း အလိုရှိအပ်၏။ ထိုဘင်သို့ ရှေးရှုနေသော အခိုက် အတန့် ကလေးသည် "ဌိ" မည်ပါသည်။

ထိုသို့ ဌိခဏကို ရထိုက်ပါသော်လည်း စိတ္တယမိုက်ပါဠိတော်၌ကား ဝေနေယျ တို့၏ အလိုဆန္ဒအလျောသယနှင့် မဆန့်ကျင်စေလိုသောကြောင့် မိဂပဒဝဋ္ဋန နည်းကို ပြခြင်း၏အစွမ်းဖြင့် ဌိခဏကို ဟောတော်မမူခြင်းဖြစ်ပါသည်။ (အဘိ ဓမ္မာဒေသနာတော်သည်လည်း တစ်ခါတစ်ရံ၌ ဝေနေယျတို့၏ အလိုအား

http://www.dhammadownload.com

လျော်စွာ ဖြစ်ရပါသည်။ ဥပမာ - ရုပ်၏ဥပါဒ်ကို "ဥပစယ, သန္တတိ" ဟု နာမည်နှစ်မျိုးခွဲ၍ ဟောတော်မူအပ်သကဲ့သို့တည်း)။

သုတ္တန် (အဂုံတ္တိရ)ပါဠိတော်၌လည်း " တီဏိမာနိ (ပ) ပညာယတိ" ဟူ၍ သခ်ိတတရား၏သာလျှင် အမှတ်လက္ခဏာကို ပြခြင်း အကျိုးငှာ ဥပါဒ်စသည်တို့ကို ဟောတော်မူအပ်သောကြောင့် ရုပ်အဆက်ဆက်, နာမ်အဆက်ဆက်ဟူသော သန္တာနပညတ်သဘောရှိသော အသခ်ိတတရား၏ ဦကို ထိုသုတ္တန်ပါဠိတော်၌ ဟောတော်မူ၏ဟု သိရန် မဖြစ်နိုင်ပါ။

ဆက်ဦးအံ့၊ ထိုသုတ္တန်ပါဠိတော်ဝယ် "ပညာယတိ" ကြိယာ၌ ပ-ဥပသာရသည် ဉာဓာတ်၏ အနက်၌သာ ဖြစ်သောကြောင့် (ဉာဓာတ်၏အနက်သို့ အစဉ်လိုက်သော ဓာတ္တတ္ထာနုဝတ္တကဖြစ်သောကြောင့်) ထို "ပညာယတိ" ကြိယာ၏အနက်ကို "ထင်ရှား၏"ဟု မမှတ်ရာဘဲ "သိအပ်၏" ဟုသာ မှတ်ရပါမည်။ ထို့ကြောင့် စိတ်၏ဦခဏာမရှိဟု မတားမြစ်သင့်ပါ။ မတားမြစ်သင့်ရကား "ဥပါဒ-ဋ္ဌိတိဘင်္ဂဝသေန" ဟူသော သင်္ဂဟအဋ္ဌကထာစကားသည် ကောင်းစွာဆိုအပ်သောစကားသာ ဖြစ်ပါသည်။

မှတ်ချက်။ ။ ဣတရထာ- စ ဝါကျသည် လိုရင်းမဟုတ်၊ စောဒနာဖွယ်ရှိ၍ အပိုထည့်အပ်သော ဝါကျဖြစ်သည်။ ထို့ကြောင့် ဦကာ၌ "ယထေဝ ။ပ။ ဣဿိတာ။ ။ပ။ ဒ္ဌိတိ နာမ " ဟု ဆက်စပ်၍ ကြည့်ပါ။ဇဝဉ္စ ကတွာ- စသည်ကား သမ္မောဟဝိနောဒနီအဋ္ဌကထာ ခန္ဓဝိဘင်း အဖွင့်ကို သာဓကပြသော စကားဖြစ်သည်။

:မး။ "ဣတရထာ ဟိ အညောယေဝ ဓမ္မော ဥပ္ပဇ္ဇတိ၊ အညော နိရုဇ္ဈတီတိ အာပဇ္ဇေယျ" ဟူသော ဦကာလာ စကားရပ်၏ အဓိပ္ပာယ်ကို ရှင်လင်းပြခဲ့ပါ။

:ဖြ။ ဥပါဒ်နှင့် ဘင်တို့ တရားတစ်ခုတည်းအပေါ်၌မတည်ဘဲ တရားတစ်မျိုးစီအပေါ်၌ တည်ကြလျှင် ချုပ်သောတရားမှ တစ်မျိုးတစ်ခြားသာလျှင်ဖြစ်သောတရားသည် ဖြစ်၏။ ဖြစ်သောတရားမှ တစ်မျိုးတစ်ခြားသာလျှင် ဖြစ်သောတရားသည် ချုပ်၏။ (အချုပ်တရားက တစ်ခြား၊ အဖြစ်တရားက တစ်ခြား) ဟူသော အပြစ်ရောက်ရာသည်-ဟု ဆိုလိုပါသည်။

:မး။ သခ်ိတတရားချင်း အတူတူဖြစ်ပါလျက် အဘယ့်ကြောင့် နာမ်တရားက အချုပ်မြန်၍ ရုပ်တရားက အချုပ်နှေးရပါသနည်း။

:ဖြ။ နာမ်တရား၏ အာရုံကို ယူမှုကိစ္စက ခဏငယ် ၃- ချက် (စိတ္တက္ခဏတစ်ချက်)၏ အစွမ်းဖြင့် ပြီး၍ ရုပ်တရား၏ အာရုံအဖြစ်ဖြင့် အယူခံရခြင်းကိစ္စက ခဏငယ်

http://www.dhammadownload.com

၅၁- ချက် (စိတ္တက္ခဏ ၁၇-ချက်)၏ အစွမ်းဖြင့် ပြီးသောကြောင့် သခ်ိတတရား ချင်း အတူတူဖြစ်ပါလျက် နာမ်တရားက အချုပ်မြန်၍ ရုပ်တရားက အချုပ်နှေး ရခြင်း ဖြစ်ပါသည်။

အမှာ။ ။"စိတ်သည် အသက်တို့၌ ရုပ်၏ အသက်ရှည်ရခြင်းအကြောင်းကို ရေးပါ"ဟု မေး လျှင်လည်း နည်းတူဖြေပါ။

သိမှတ်ဖွယ်

ဂါဟကဘာဝ = အာရုံကိုယူတတ်သည်၏အဖြစ် = အာရုံကိုယူမှု ကိစ္စ။

ဂါဟေတဗ္ဗဘာဝ = နာမ်တရားက အာရုံအဖြစ်ဖြင့်ယူအပ်သည်၏အဖြစ် = အာရုံ၏အဖြစ်ဖြင့် အယူခံရခြင်းကိစ္စ။

မေး။ တာနီ ပန သတ္တရသစိတ္တက္ခဏာနိ-အစရှိသော စကားရပ်ကို အဘယ့်ကြောင့် မိန့်ဆိုရပါသနည်း။

ဖြေ။ နာမ်တရားက အချုပ်မြန်၍ ရုပ်တရားက အချုပ်နှေးသောကြောင့် "တာနီ ပန သတ္တရသစိတ္တက္ခဏာနိ"အစရှိသော စကားရပ်ကို မိန့်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ သတ္တရသစိတ္တက္ခဏာနိ-ကို သမာသ်, ဝါကျ ၂-မျိုးကြံ၍ အနက် ၂- နည်း ပေးပြခဲ့ ပါ။

ဖြေ။ သတ္တရသ စိတ္တာနိ သတ္တရသစိတ္တာနိ၊သတ္တရသစိတ္တာနံ ခဏာနိ သတ္တရသ-စိတ္တက္ခဏာနိ၊ သတ္တရသစိတ္တက္ခဏာနိ ဝိယ ခဏာနိ သတ္တရသစိတ္တက္ခဏာနိ။

တာနိ-တာဒိသာနိ၊ ထိုကဲ့သို့ ရှုအပ်ကုန်သော၊ သတ္တရသစိတ္တက္ခဏာနိ၊ တစ်ဆယ့်ခုနစ်ချက်သောစိတ်တို့၏ ခဏတို့ကဲ့သို့သော ခဏတို့သည်။ ရူပ-ဓမ္မာနံ၊ ဝိညတ်ဒွေး, လက္ခဏရုပ် လေးခုကြဉ်သော ၂၂-ပါးသောရုပ်တို့၏။ အာယူ၊ အသက်တို့တည်း။ (ဤကား သမာသ်ကြံခိုက် အနက်ပေးပုံဖြစ်၏။)

သတ္တရသ၊ တစ်ဆယ့်ခုနစ်ချက်ကုန်သော။ တာနိ စိတ္တက္ခဏာနိ၊ ထိုစိတ်တို့၏ ခဏကဲ့သို့သော ခဏတို့သည်။ ရူပဓမ္မာနံ၊ တို့၏။ အာယူ၊ တို့တည်း ။ (ဤကားဝါကျကြံခိုက် အနက်ပေးပုံ ဖြစ်၏။)

သိမှတ်ဖွယ်။။ စိတ္တက္ခဏ (၁၇)ချက်- ဟူသည် ဥပါဒ်, ဌိ, ဘင် ဟူသော ခဏငယ် အသီးသီးဖြင့် ရေတွက်လျှင် ခဏငယ် (၅၁) ချက် ဖြစ်ပါသည်။

မေး။ ရူပဓမ္မာနမာယူ-၌ ရူပ-အရကို မှန်ကန်စွာ ဖော်ပြခဲ့ပါ။

ဖြေ။ ဝိညတ်ဒွေး, လက္ခဏရုပ် ၄-ခု ကြဉ်သော ၂၂-ပါးသော ရုပ်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ ရူပဓမ္မာနမာယူ-၌ ရူပ-အရကို ကောက်ရာ၌ အဘယ့်ကြောင့် ဝိညတ်ဒွေး, လက္ခဏရုပ် ၄-ခုတို့ကို ကြဉ်ရပါသနည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဝိညတ်ဒွေးသည် စိတ္တက္ခဏ တစ်ချက်သာ အသက်ရှည်ပါသည်။ (ထို့ကြောင့်ပင် ထိုဝိညတ်ဒွေးကို စိတ္တနုပရိဝတ္တိတရားတို့၌ ထည့်သွင်း၍ မာတိကာ၌ ဟောတော်မူပါသည်။)

လက္ခဏရုပ် ၄-ခုတို့တွင် ဥပစယ, သန္တတိဟူသော ဇာတိရုပ်သည် စိတ်၏ ဥပါဒ်ခဏမျှလောက်သာ အသက်ရှည်၍၊ အနိစ္စတာသည် စိတ်၏ ဘင်္ဂခဏမျှလောက်သာ အသက်ရှည်ပါသည်။ ဇရတာကား စိတ္တက္ခဏ (ခဏငယ်) ၄၉-ချက် ရှည်ပါသည်။

သို့ဖြစ်၍ ရုပ်သက် စိတ္တက္ခဏ ၁၇-ချက် (ခဏငယ် ၅၁- ချက်) မပြည့်သောကြောင့် ၄င်းရုပ်တို့ကို ကြဉ်ရပါသည်။

မေး။ "ရုပ်တရားတို့သည် စိတ္တက္ခဏ တစ်ဆယ့်ခုနစ်ချက် အသက်ရှည်သည်"ဟုဆိုရာ ရုပ်တရားမှန်သမျှ စိတ္တက္ခဏ တစ်ဆယ့်ခုနစ်ချက် အသက်ရှည်သည်-ဟု မှတ်ရပါမည်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ မမှတ်ရပါ။ ရုပ် ၂၈-ပါးတို့တွင် ဝိညတ်ဒွေးသည် စိတ်သို့အစဉ်လိုက်၍ဖြစ်သော စိတ္တာနုပရိဝတ္တိတရားဖြစ်၍ စိတ္တက္ခဏ တစ်ချက်မျှသာ အသက်ရှည်ပါသည်။ လက္ခဏရုပ် ၄-ခုတို့တွင် ဥပစယ, သန္တတိဟူသော ဇာတိရုပ်သည် စိတ်၏ ဥပါဒ်ခဏမျှလောက်သာ အသက်ရှည်၍၊ အနိစ္စတာသည် စိတ်၏ ဘင်္ဂခဏမျှလောက်သာ အသက်ရှည်ပါသည်။ ဇရတာကား စိတ္တက္ခဏ (ခဏငယ်) ၄၉-ချက်မျှ အသက်ရှည်ပါသည်။ ထို့ကြောင့် အဆိုပါ ဝိညတ်ဒွေး, လက္ခဏရုပ် ၄-ခုတို့သည် စိတ္တက္ခဏ ၁၇-ချက် (ခဏငယ် ၅၁- ချက်) အသက်မရှည်ကြပါ။

မေး။ အသဘာဝရုပ်များ ဖြစ်ပါလျက် အာကာသဓာတ်, လဟုတာဒိတ္တယတို့ကို အဘယ့်ကြောင့် မကြဉ်ရပါသနည်း။

ဖြေ။ အာကာသဓာတ်, လဟုတာဒိတ္တယတို့သည် အသဘာဝရုပ်များ ဖြစ်ကြသော်လည်း သဘာဝရုပ်များ ထင်ရှားရှိနေသမျှ ကာလပတ်လုံး ရအပ်ရန်ိုင်သည် ဖြစ်၍ စိတ္တက္ခဏ ၁၇-ချက် အသက်ရှိသကဲ့သို့ဖြစ်သောကြောင့် ၄င်းတို့ကို မကြဉ်ရခြင်း ဖြစ်ပါသည်။ (ရူ။ ၁။၄၄၂)။

မေး။ ရုပ်သက်နှင့် ပတ်သက်၍ ကေစိဆရာတို့၏ အယူအဆကို ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ ကေစိဆရာတို့က "**ပဋိစ္စသမုပ္ပါဒ် အဋ္ဌကထာ၌ 'ဧတ္တာဝတာ ကောဒသ စိတ္တက္ခဏာ အတီတာ ဟောန္တိ၊ အထာဝသေသပဋိစိတ္တက္ခဏာယကေ'** ဟူ၍ မနောဒွါရဝယ် ဂတိနိမိတ်ဖြစ်သော ရူပါရုံ ထင်လာပုံကို မိန့်ဆိုသောကြောင့်, "စိတ္တက္ခဏ ၁၆-ချက်တို့သည် ရုပ်တရားတို့ ၏ အသက်ဖြစ်ကုန်၏။ မှန်၏-ရုပ်အာရုံသည် စိတ္တက္ခဏ တစ်ချက်မလွန်ဘဲ ဥပါဒ်လျှင် ဥပါဒ်ချင်း ဘဝင်စလန အား ကျေးဇူးပြုနိုင်သည်" ဟု ဆိုကြပါသည်။

ရှင်းလင်းချက်။ ။ မနောဒွါရဝယ် ဂတိနိမိတ်ဖြစ်သော ရူပါရုံထင်လာပုံကို ပြရာ၌ "ဘဝင်စလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, မရဏာသန္နဇော ၅- ကြိမ်, တဒါရုံ ၂-ကြိမ်, စုတိ၊ ဤသို့ စိတ္တက္ခဏ ၁၁-ချက် လွန်သွားပြီးနောက် စိတ္တက္ခဏ ၅-ချက် အသက်ကြွင်း ရှိသေးသော ရူပါရုံ၌ ပဋိသန္ဓေစိတ်နှင့် ဘဝင်စိတ် ၄- ကြိမ်တို့ ဖြစ်ကြ၏"ဟု ပဋိစ္စသမုပ္ပါဒ်အဋ္ဌကထာ ဆိုသောကြောင့် "ရူပါရုံသည် စိတ္တက္ခဏ ၁၆-ချက်သာ အသက်ရှိ၏" ဟု ကေစိဆရာတို့ ကောက်ချက်ချကာ "ရူပါရုံသည် စိတ္တက္ခဏ ၁၆-ချက်သာ အသက်ရှည်သကဲ့သို့ အခြား ရုပ်တရားတို့လည်း စိတ္တက္ခဏ ၁၆-ချက်သာ အသက်ရှည်ကြသည်" ဟု ယူဆကြပါသည်။

မေး။ "ရုပ်တရားတို့သည် စိတ္တက္ခဏ ၁၆-ချက်သာ အသက်ရှိကုန်၏"ဟူသော ကေစိဆရာတို့၏ အယူအဆ သင့်/မသင့်ကို စိစစ် ဖြေဆိုပါ။

ဖြေ။ "ပဋိသန္ဓေစိတ်နှင့် တကွဖြစ်သော ရုပ်တရားသည် ထိုပဋိသန္ဓေစိတ်မှစ၍ ၁၇-ချက်မြောက်သော စိတ်နှင့် တကွချုပ်၏။ ပဋိသန္ဓေစိတ်၏ ဌီခဏ၌ဖြစ်သော ရုပ်တရားသည် ၁၈-ချက်မြောက်သောစိတ်၏ ဥပါဒ်ခဏ၌ ချုပ်၏"အစရှိသည်ဖြင့် **ခန္ဓဝိဘင်းအဋ္ဌကထာ** ၌ စိတ္တက္ခဏ ၁၇-ချက် တိုက်ရိုက်လာသောကြောင့် "ရုပ်တရားတို့သည် စိတ္တက္ခဏ ၁၆-ချက်သာ အသက်ရှိကုန်၏"ဟူသော ကေစိဆရာတို့၏ အယူအဆသည် သင့်မြတ်သော အယူအဆ မဟုတ်ပါ။

မေး။ ပဋိစ္စသမုပ္ပါဒ် အဋ္ဌကထာ၌ 'သောဠသစိတ္တက္ခဏနည်း'ကို အဘယ့်ကြောင့် အဋ္ဌကထာဆရာ ထုတ်ဆောင်မိန့်ဆိုရပါသနည်း။

ဖြေ။ ပဋိစ္စသမုပ္ပါဒ် အဋ္ဌကထာ၌ ဘဝင်စလနစိတ်ဖြစ်ခြင်း၏ အကြောင်းပစ္စည်းဖြစ်ခြင်းအား သင့်လျော်လျောက်ပတ်သော (ဘဝင်စလနအား ပကတူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်သော) ဌီခဏ၏ အစွမ်းဖြင့် "သောဠသစိတ္တက္ခဏနည်း" ကို အဋ္ဌကထာဆရာ ထုတ်ဆောင်မိန့်ဆိုထားခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ ပဋိစ္စသမုပ္ပါဒ်အဋ္ဌကထာ၌ "ရုပ်သက် ၁၆-ချက်"ဟုဆို၍ ခန္ဓဝိဘင်း အဋ္ဌကထာ၌ "ရုပ်သက် ၁၇-ချက်"ဟုဆိုရာ ထိုစကားနှစ်ရပ် မဆန့်ကျင်အောင် ညှိပြခဲ့ပါ။

ဖြေ။ **ပဋိစ္စသမုပ္ပါဒ်အဋ္ဌကထာ၌** ရုပ်အာရုံ၏ ဘဝင်စလနအား ပကတူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်သော ဌီခဏ၏ အစွမ်းဖြင့် "စိတ္တက္ခဏ ၁၆-ချက် (သောဠသစိတ္တက္ခဏနည်း)"ကို ထုတ်ဆောင်ပြဆိုထားခြင်း ဖြစ်သည်။

ခန္ဓဝိဘင်းအဋ္ဌကထာ၌ကား ရုပ်အာရုံသည် အနည်းဆုံး စိတ္တက္ခဏ တစ်ချက် လွန်ပြီးနောက် ဌီခဏသို့ ရောက်မှသာ ထင်ခြင်းသို့ရောက်၍ ကျေးဇူး ပြုနိုင်သောကြောင့် အာရုံမထင်မီ ဖြစ်နှင့်သော အတိတဘဝင်ကိုပါ ထည့်သွင်း ရေတွက်၍ "စိတ္တက္ခဏ ၁၇- ချက်(သတ္တရသစိတ္တက္ခဏနည်း)"ဟု ဆိုထားခြင်း ဖြစ်သည်။ ထို့ကြောင့် အဋ္ဌကထာစကား နှစ်ရပ် မဆန့်ကျင်ပါ။

သတိ။ ။ အထက်ပါ အဋ္ဌကထာ ၂-မျိုးမှာ ဆရာတစ်ဦးတည်းဖြစ်၍ အဋ္ဌကထာစာအုပ် တစ်အုပ်တည်းသာ ဖြစ်ကြောင်း သတိပြုပါ။

မေး။ ပစ္စာရမ္မဏာနိ ပစ္ဆဒ္ဒါရေ အာပါထမာဂစ္ဆန္တိ-အရ အဘယ်ကဲ့သို့သော အာရုံသည်သာ ပစ္ဆဒ္ဒါရ (ပစ္ဆပသာဒ)၌ ထင်ခြင်းသို့ရောက်နိုင်ပါသနည်း ဖြေဆိုပါ။

ဖြေ။ အောက်ထစ်ဆုံးအပိုင်းအခြားအားဖြင့် စိတ္တက္ခဏတစ်ချက်လွန်ပြီးသော ရုပ်အာရုံသည်သာလျှင် ပစ္ဆဒ္ဒါရ (ပစ္ဆပသာဒ)၌ ထင်ခြင်းသို့ ရောက်နိုင်ပါသည်။

မေး။ ဧကစိတ္တက္ခဏာတီတာနိ-ပုဒ်ကို ဝစနတ္ထပြု၍ အရလည်းကောက်ပြခဲ့ပါ။

ဖြေ။ ဧကစိတ္တသ ခဏ၊ ဧကစိတ္တက္ခဏ၊ ဥပါဒ်, ဌိ, ဘင်ဟူသော အသီးသီးသော ခဏကို ရ၏။

ဧကစိတ္တက္ခဏ ဝိယာတိ ဧကစိတ္တက္ခဏ၊ ဥပါဒ်, ဌိ, ဘင် ဟူသော ခဏငယ် ၃- ပါးအပေါင်းကို ရ၏။

ဧကစိတ္တက္ခဏ အတီတံ ဧတေသန္တိ ဧကစိတ္တက္ခဏာတီတာနိ။

လွန်ပြီးသော တစ်ခုသော စိတ်၏ ခဏကဲ့သို့သော ခဏရှိသောကြောင့် ပစ္စာရုံတို့သည် "ဧကစိတ္တက္ခဏာတီတ"တို့ မည်ကြပါသည်။

(တစ်နည်း) ဧကစိတ္တက္ခဏ အတီတာနိ ဧကစိတ္တက္ခဏာတီတာနိ။

တစ်ခုသောစိတ်၏ ခဏကဲ့သို့သော ခဏကို လွန်ကုန်ပြီးသော ပစ္စာရုံတို့သည် "ဧကစိတ္တက္ခဏာတီတ" တို့မည်ကြပါသည်။

။ ဧကစိတ္တက္ခဏာတီတာနိ-ပုဒ်ကို အနက် ၂-နည်း ပေးပြခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ ဧကစိတ္တက္ခဏာတီတာနိ၊ လွန်ပြီးသော တစ်ခုသော စိတ်၏ ခဏကဲ့သို့သော ခဏရှိကုန်သည် ဖြစ်၍လည်းကောင်း။ **ဝါ**။ တစ်ခုသောစိတ်၏ ခဏကဲ့သို့သော ခဏကို လွန်ပြီးကုန်သည် ဖြစ်၍လည်းကောင်း။

မေး။ ဌိတိပတ္တာနေဝ-အရ ဥပ္ပါဒက္ခဏမျှကိုသာ လွန်၍ ဌီခဏသို့ရောက်သည်ကို ဆိုလိုပါသလော? အဘယ်ကို ဆိုလိုပါသနည်း သာဓကဖြင့် ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဌိတိပတ္တာနေဝ-အရ ဥပ္ပါဒက္ခဏမျှကိုသာ လွန်၍ ဌီခဏသို့ရောက်သည်ကို မဆိုလိုပါ။ "ဧကစိတ္တက္ခဏာတီတာနိ ဝါ ဗဟုစိတ္တက္ခဏာတီတာနိ ဝါ ဌိတိပတ္တာနေဝ"ဟု သင်္ဃဟအဋ္ဌကထာ၌ပင် ဆိုထားသောကြောင့် စိတ္တက္ခဏတစ်ချက်, နှစ်ချက်စသည် လွန်ပြီးမှ ဌီခဏသို့ ရောက်သည်ကို ဆိုလိုပါသည်။

မေး။ ရှုပါရုံ, သဒ္ဒါရုံတို့သည် စက္ခု, သောတ ပသာဒ (ဒွါရ)တို့၌ ထင်ခြင်းသို့ ရောက်ရာ၌ မိမိတို့က စက္ခု, သောတပသာဒတို့သို့ သွားရောက်၍ ထင်ခြင်းသို့ ရောက်ပါသလော? သို့မဟုတ်- မသွားမရောက်ဘဲပင် ထင်ခြင်းသို့ ရောက်ပါသလော? ရှင်းပြခဲ့ပါ။

ဖြေ။ ရှုပါရုံ, သဒ္ဒါရုံတို့သည် စက္ခု, သောတပသာဒတို့က အသမ္ဗတ္တဂါဟကရုပ်များဖြစ်သောကြောင့် မိမိ မိမိ၏ တည်ရာအရပ်၌ တည်လျက်သာလျှင် ထင်ခြင်းသို့ ရောက်ကြပါသည်။ မိမိတို့က သွားရောက်၍ ထင်ခြင်းသို့ရောက်ကြသည် မဟုတ်ပါ။

မေး။ ပဉ္စာရမ္မဏာနိ ပဉ္စဒွါရေ အာပါထမာဂစ္ဆန္တိ-၌ "အာပါထမာဂစ္ဆန္တိ"အရ "ထင်ခြင်းသို့ ရောက်"ဟူသည် မှန်ထဲ, ရေထဲ၌ အရိပ်ထင်သကဲ့သို့ လည်းကောင်း၊ တံဆိပ်ခတ်နှိပ်သောအခါ စက္ကူပေါ်၌ တံဆိပ်ထင်သကဲ့သို့ လည်းကောင်း ထင်ခြင်းမျိုးကို ဆိုလိုပါသလော? အဘယ်ကို ဆိုလိုပါသနည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ယင်းသို့ ထင်ခြင်းမျိုးများကို မဆိုလိုပါ။ အာရုံငါးပါးတို့၏ ဒွါရငါးပါးတို့၌ ဝိညာဉ်ငါးပါးတို့၏ အာရုံအဖြစ်သို့ ရောက်ကြသည်ကို (ပဉ္စဝိညာဉ်တို့၏ အာရုံအဖြစ်ဖြင့် အာရုံငါးပါးတို့၏ ဒွါရငါးပါးတို့၌ ဖြစ်ပေါ်လာခြင်း - ဒွါရနှင့် အာရုံတို့ ပေါင်းဆုံ ကြိမ်ကြိုက် ဘိုခိုက် တိုက်ဆိုင်မိခြင်း) "ထင်ခြင်းသို့ရောက်"ဟု ဆိုပါသည်။ သာဓက - ဂေါစရဘာဝံ ဂစ္ဆန္တိ။ (ဋီကာကျော်)

မေး။ ရှုပါရုံ, သဒ္ဒါရုံတို့သည် စက္ခုဒွါရ, သောတဒွါရတို့၌ ထင်ခြင်းသို့ ရောက်ကြ

http://www.dhammadownload.com

သည်-ဆိုရာ၌ (က) တစ်ခုသောရုပ်ကလာပ်၌တည်သောရူပါရုံ, သဒ္ဒါရုံ, (ခ) များစွာသော ရုပ်ကလာပ်တို့၌ တည်သောရူပါရုံတို့တွင် အဘယ်ရူပါရုံ, သဒ္ဒါရုံတို့သည် ထင်ခြင်းသို့ ရောက်ပါသနည်း။

ဖြေ။ မြင်သူ, ကြားသူတို့၏ ရှေ့ဖြစ်သော နှလုံးသွင်းအားလျော်စွာ များစွာသော ရုပ်ကလာပ်၌ တည်သော ရူပါရုံ, သဒ္ဒါရုံတို့ ထင်ခြင်းသို့ ရောက်ကြပါသည်။

မေး။ များစွာသော ရုပ်ကလာပ်၌တည်သော ရူပါရုံ, သဒ္ဒါရုံတို့သည် ထင်ခြင်းသို့ ရောက်ကြသည်ဟုဆိုလျှင် စက္ခုဝိညာဉ်, သောတဝိညာဉ်တို့က ထိုများစွာသော ရူပါရုံ, သဒ္ဒါရုံအပေါင်းကို အာရုံပြုသည်ဟု မှတ်ရပါမည်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ပရမတ္ထအားဖြင့် အပေါင်းမည်သည် မရှိသောကြောင့် ယင်းသို့ မမှတ်ရပါ။ အစိတ်အစိတ်ဖြစ်သော ရူပါရုံ, သဒ္ဒါရုံတို့သည်သာလျှင် အခြားအကြောင်းတို့နှင့် ပေါင်းဆုံမိသောအခါ တစ်ပေါင်းတည်းဖြစ်၍ "ထမ်းစင်ထမ်းနည်း = သိဝိကဥ္စဟန နည်း"ဖြင့် စက္ခု ဝိညာဉ်, သောတဝိညာဉ်တို့အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြခြင်း ဖြစ်ပါသည်။ (ဇူ၊ ၁။ ၄၄၆။)

မေး။ ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့သည် ဃာန, ဇိဝှါ, ကာယဒွါရတို့၌ ထင်ခြင်းသို့ ရောက်သောအခါ မိမိတို့ကပင် သွား၍ ထင်ခြင်းသို့ ရောက်ပါသလော?၊ သို့မဟုတ်- မသွား ဘဲပင် ထင်ခြင်းသို့ ရောက်ပါသလော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့သည်ကား ဃာန, ဇိဝှါ, ကာယပသာဒတို့က သမ္ပတ္တဂ္ဂါဟကရုပ်များဖြစ်သောကြောင့် ၎င်းတို့၏ မှီရာမဟာဘုတ်တို့၌ သွားရောက်ထိစပ် ဇြကပ်လျက်သာလျှင် ထင်ခြင်းသို့ ရောက်ကြပါသည်။ မသွား မရောက် မထိမစပ် မဇြကပ်ဘဲ ထင်ခြင်းသို့ မရောက်နိုင်ကြပါ။

မှတ်ချက်။ ။ ဋီကာ၌ "ဝိညာဏဟုတ္တိကာရဏာနိ = ဃာနဝိညာဉ်စသည်တို့ ဖြစ်ခြင်း၏ အကြောင်း ဖြစ်ကုန်၏" ဟူသည် ဂန္ဓာရုံစသည်တို့, ဃာနဒွါရစသည်တို့၌ ထင်လာခြင်း = ဃာနဝိညာဉ် စသည်တို့ ဖြစ်ပေါ်လာအောင် ကျေးဇူးပြုခြင်းကိုပင် ဆိုလိုသည်ဟု မှတ်ပါ။

မေး။ (က)တစ်ခုသောရုပ်ကလာပ်၌ တည်သော ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ (ခ) များစွာသော ရုပ်ကလာပ်တို့၌တည်သော ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့တွင် အဘယ် ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့သည် ဃာနဒွါရစသည်တို့၌ ထင်ခြင်းသို့

http://www.dhammadownload.com

ရောက်ပါသနည်း။

ဖြေ။ ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့သည် ဃာန, ဇိဝှါ, ကာယပသာဒတို့၏ မှီရာမဟာဘုတ်တို့၌ သွားရောက်ထိစပ် ငြိကပ်လျက်သာလျှင် ဃာနဝိညာဉ်စသည်တို့ ဖြစ်ခြင်း၏ အကြောင်းများ ဖြစ်ကြသောကြောင့် ရုပ်ကလာပ်အများ၌တည်သော ဂန္ဓာရုံ စသည်တို့သာမက ရုပ်ကလာပ်တစ်ခု၌တည်သော ဂန္ဓာရုံ စသည်တို့သည်လည်း ဃာနဒွါရစသည်တို့၌ ထင်ခြင်းသို့ ရောက်လာကြပါသည်။

မှတ်ချက်။ ။ ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့က ဃာန, ဇိဝှါ, ကာယပသာဒတို့၌ သွားရောက်ထိစပ် ငြိကပ်လျက် ထင်သောအခါ ရုပ်ကလာပ်တစ်ခုတည်းမှာ တည်သောကြောင့် ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့၏ မှီရာ မဟာဘုတ်တို့၌လည်း သွားရောက်ထိစပ် ငြိကပ်ကြပါသည်။

မေး။ ရူပါရုံ, သဒ္ဒါရုံတို့ကဲ့သို့ ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့သည်လည်း များစွာသော ရုပ်ကလာပ်၌တည်သော ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့သာ ထင်ခြင်းသို့ ရောက်ရာသည် မဟုတ်ပါလော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ တစ်ခုတစ်ခုသော ရုပ်ကလာပ်၌ တည်သည်လည်းဖြစ်ကုန်သော ပသာဒဝတ္ထု ရုပ်တို့သည် ဝိညာဉ်၏တည်ရာအဖြစ်သို့ ရောက်နိုင်ကြသောကြောင့် တစ်ခုတစ်ခုသော ရုပ်ကလာပ်၌ တည်သော ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့သည်လည်း ထင်ခြင်းသို့ ရောက် နိုင်ကြပါသည်။

မေး။ ပဋ္ဌဝိညာဉ်တို့၏ တည်ရာ ပဋ္ဌပသာဒရုပ်တို့သည် မည်သည့်အရာနှင့် အတူတကွ ဖြစ်ကြပါသနည်း? ဖြေဆိုပါ။

ဖြေ။ ပဋ္ဌဝိညာဉ်တို့၏ တည်ရာ ပဋ္ဌပသာဒရုပ်တို့သည် ဘဝင်္ဂစလန၏ အနန္တရပစ္စည်းဖြစ်သော အတီတဘဝင်နှင့် အတူတကွဖြစ်ကြပါသည်။ (သမာနဝါဒ)

ပဋ္ဌဒွါရာဝဇ္ဇန်းနှင့် အတူတကွဖြစ်ကြပါသည်။ (ကေစိဝါဒ)

မေး။ ပဋ္ဌဝိညာဉ်ဖြစ်ရာအခါ၌ ထင်ရှားရှိသည့် ၄၉-ပါးသော မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက ပဋ္ဌပသာဒတို့တွင် အဘယ်ပဋ္ဌပသာဒတို့သည် ပဋ္ဌဝိညာဉ်၏ တည်ရာအဖြစ်သို့ ရောက်ကြပါသနည်း။

ဖြေ။ ဘဝင်္ဂစလန၏ အနန္တရပစ္စည်းဖြစ်သော အတီတဘဝင်နှင့် အတူတကွဖြစ်ကြ သည့် တစ်ခုတစ်ခုသော ရုပ်ကလာပ်၌တည်သည်လည်း ဖြစ်ကုန်သော ပဋ္ဌ ပသာဒတို့သည်

http://www.dhammadownload.com

ပဠဝိညာဉ်၏ တည်ရာအဖြစ်သို့ ရောက်ကြပါသည်။ (ဇူ။ ၁။ ၄၄၇။)

အတီတဘဝင်။ ။ အာရုံနှင့် ပသာဒတို့ မထိခိုက် မတိုက်ဆိုင် မထင်မြင်မိ ချုပ်ပျောက်သွားသော ဘဝင်ဖြစ်သောကြောင့် "အတီတဘဝင်"ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

ဒုမး။ ပဠာရုံသည် အဘယ်မှ စဖြစ်၍၊ အဘယ်တွင် ထင်ခြင်းသို့ ရောက်ပါသနည်း။
ဒုဖြ။ အတီတဘဝင်၏ ဥပါဒ်မှ စ ဖြစ်ကြ၍၊ ဘဝင်္ဂစလန၏ ဥပါဒ် (ရုပ်၏ ဠီခဏ) ရောက်မှ ပဠဝါရမှာ ထင်ခြင်းသို့ ရောက်ပါသည်။

(ဆောင်) **ဘဝင်အတီတ၊ ဥပါဒ်မှသာ၊ စဖြစ်လာ၍၊ ဘဝင်္ဂစလန၊**
ဥပါဒ်ခဏမှာ၊ ထင်၍လာ၊ ငါးဖြာ အာရုံတွေ့။

တိမး။ "ဘဝင်္ဂစလန = ဘဝင်လှုပ်" သည်ဟူသည် အဘယ်ပါနည်း၊ လေတိုက်၍ သစ်ခက် သစ်ရွက်တို့ **လှုပ်ခြင်းမျိုး**ဖြစ်ပါသလား? ဖြေဆိုပါ။
တိဖြ။ လေတိုက်၍ သစ်ခက် **သစ်ရွက်တို့** လှုပ်ခြင်းမျိုး မဟုတ်ပါ။ ဝီထိစိတ်မဖြစ်သောအခါ ဖြစ်နေကျဘဝင်**အစဉ်နှင့် မ**တူသော အာဝဇ္ဇန်းစသော ဝိညာဉ်အစဉ် (ဝီထိစိတ်အစဉ်) ဖြစ်ပေါ်**လာခြင်း**၏ အကြောင်း၏အဖြစ်ဖြင့်ဖြစ်ခြင်း (အကြောင်းအဖြစ်သို့ ရောက်ရှိလာခြင်း)သဘောကို "ဘဝင်္ဂစလန = ဘဝင်လှုပ်သည်" ဟု ဆိုရပါသည်။

ဒုမး။ အာဝဇ္ဇန်းစသော ဝီထိစိတ်တို့သည် အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာရပါသနည်း ဖြေဆိုပါ။
ဒုဖြ။ ဘဝင်္ဂစလနကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။

ဒုမး။ "ဝိသဒိသဝိညာဏုပ္ပတ္တိဟေတုဘာဝသခ်ိတ" ဟူသောပါဠိဖြင့် အဘယ်အဓိပ္ပာယ်ကို ပြပါသနည်း။
ဒုဖြ။ "ဝိသဒိသဝိညာဏုပ္ပတ္တိဟေတုဘာဝသခ်ိတ" ဟူသောပါဠိဖြင့် "ဘဝင်လှုပ်ခြင်း-ဟူသည် ဖြစ်နေကျဘဝင်အစဉ်နှင့် မတူသော အာဝဇ္ဇန်းစသော ဝိညာဉ်အစဉ် (ဝီထိစိတ်အစဉ်) ဖြစ်ပေါ်လာခြင်း၏ အကြောင်း၏အဖြစ်မျှသာ ဖြစ်၏၊ ပရမတ္ထတရားတို့သည် ဖြစ်ရာ အရပ်မှ ဆံခြည်ဖျားမျှလည်း ရွှေ့ပြောင်းခြင်း မရှိသောကြောင့် ဖြစ်ရာအရပ်ဒေသမှ တစ်ပါးသော အရပ်ဒေသ၌ တည်ခြင်း

http://www.dhammadownload.com

မဟုတ်"ဟူသော အဓိပ္ပါယ်ကို ပြပါသည်။ (ဋီ၊ ၁။ ၄၅၀။)

မေး။ ဘဝင်္စလနသည် အဘယ်ကို အာရုံပြုပါသနည်း? ၄င်း၏ အာရုံကို ဖော်ပြပါ။

ဖြေ။ အာရုံအသစ် ထင်လာသောကြောင့်, ဘဝင်လှုပ်ရသော်လည်း· ထိုအာရုံအသစ်ကို အာရုံမပြုပါ။ ရှေးကယူအပ်ပြီးသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် အာရုံတစ်ခုခုကိုသာ အာရုံပြုပါသည်။

မေး။ စက္ခုပသာဒ၌ ရူပါရုံထင်ခြင်းသို့ ရောက်ရာ၌ ဘဝင်္စလန တစ်ကြိမ်သာ မဖြစ်ဘဲ အဘယ့်ကြောင့် နှစ်ကြိမ်ဖြစ်ရပါသနည်း (ဘဝင်တစ်ကြိမ်သာ မလှုပ်ဘဲ အဘယ့် ကြောင့် နှစ်ကြိမ် လှုပ်ရပါသနည်း)။

ဖြေ။ ငါးပါးသောပသာဒတို့၌ ထိုပသာဒတို့၏ ရှေးရှု၏အဖြစ်ဖြင့် ဖြစ်ခြင်းငှါ သင့်လျော်သောအရပ်ဝယ် တည်ရှိနေခြင်း၏အစွမ်းဖြင့် အာရုံက ထိခိုက်သောအခါ ပသာဒ၌ အာရုံအသစ်ထိခိုက်မှု၏ အစွမ်းသတ္တိကြောင့် ဘဝင်အစဉ်ပြတ်သည်ရှိသော် အရှိန်အဟုန်နှင့် ပြေးသွားသောယောက်ျားသည် ရပ်လိုပါသော်လည်း ချက်ချင်း မရပ်နိုင်သေးဘဲ တစ်လှမ်း, နှစ်လှမ်းလွန်မှ ရပ်နိုင်သကဲ့သို့ အလားတူလျင် မပြတ်သေးဘဲ နှစ်ကြိမ်ဖြစ်ရခြင်း (လှုပ်ရခြင်း) ဖြစ်ပါသည်။

(ဂါထာ) ယထာ ဝေဂေန ဓာဝန္တော၊ ဌာတုကာမော န တိဋ္ဌတိ။
ဧဝံ ဇိုက္ခတ္တုံ ဘဝင်္၊ ဥပ္ပဇ္ဇိတ္ဝာဝ ဆိဇ္ဇတိ။

မေး။ "ငါးပါးသော ပသာဒတို့၌ အာရုံက ထိခိုက်"ဟူရာ၌ အရာဝတ္ထုနှစ်ခု ထိခိုက်သကဲ့သို့ ထိခိုက်မှုမျိုးကို ဆိုလိုပါသလော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ အရာဝတ္ထုနှစ်ခု ထိခိုက်သကဲ့သို့ ထိခိုက်မှုမျိုးကို မဆိုလိုပါ။ ငါးပါးသော ပသာဒတို့၌ ထိုပသာဒတို့၏ ရှေးရှု၏အဖြစ်ဖြင့် ဖြစ်ခြင်းငှါ သင့်လျော်သောအရပ်ဝယ် တည်ရှိနေခြင်း (ငါးပါးသောပသာဒတို့၌ ထင်နိုင်လောက်ရာအရပ်ဝယ် အာရုံက တည်နေခြင်း)ကို "ငါးပါးသော ပသာဒတို့၌ အာရုံက ထိခိုက်" ဟု ဆိုလိုပါသည်။

မေး။ ဘဝင်နှစ်ကြိမ်လှုပ်ရာ၌ အဘယ့်ကြောင့် ပထမဘဝင်ကို "ဘဝင်္စလန" ဟုဆို၍ ဒုတိယဘဝင်ကို "ဘဝင်္ဂုပစ္ဆေဒ" ဟု ဆိုရပါသနည်း။

ဖြေ။ ဘဝင်စိတ် ၂-မျိုးတို့တွင် ပထမ ဘဝင်စိတ်သည် ဘဝင်အစဉ်ကို လှုပ်စေသကဲ့ သို့ဖြစ်သောကြောင့် ၄င်းကို "ဘဝင်္စလန" ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

ဒုတိယဘင်္ဂစိတ်သည် ဘင်္ဂအစဉ်၏ ပြတ်ခြင်းဟူသော အခြင်းအရာအားဖြင့် ဖြစ်သောကြောင့် ထိုဒုတိယဘင်္ဂစိတ်ကို "ဘင်္ဂုပစ္ဆေဒ" ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ ဘင်္ဂနှစ်ကြိမ် လှုပ်ရာ၌ ဘင်္ဂစလန, ဘင်္ဂုပစ္ဆေဒဟု နာမည်တပ်၍ ခေါ်ဆိုအပ်ပါလျက် သင်္ကြိုဟ်ကျမ်း၌ အဘယ့်ကြောင့် "ဘင်္ဂစလန"ဟုသာ သာမည အားဖြင့် ဆိုထားရပါသနည်း။

ဖြေ။ ထိုသို့ ဘင်္ဂစလန, ဘင်္ဂုပစ္ဆေဒဟု နာမည်တပ်၍ ခေါ်ဆိုအပ်ပါသော်လည်း အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ကား "ဘင်္ဂစလန"ဟူသော သာမညနာမည်ဖြင့် စိတ်နှစ်ပါးအပေါင်းကို ဆိုလိုသောကြောင့် အထူးမ,မ သာမညအားဖြင့် "ဒွိက္ခတ္တုံ ဘင်္ဂေ စလိတေ"ဟု အရှင် အနုရုဒ္ဓါဆရာဆိုထားခြင်း ဖြစ်ပါသည်။

မေး။ ပဉ္စာရုံသည် ပဉ္စပသာဒ၌ ထိခိုက်သောအခါ ပဉ္စပသာဒကို မှီသော ပဉ္စဝိညာဉ်သာ လှုပ်သင့်သည်မဟုတ်ပါလော? အဘယ့်ကြောင့် ဟဒယဝတ္ထုရုပ်ကို မှီသော ဘင်္ဂက လှုပ်ရပါသနည်း၊ အကျဉ်း, အကျယ် နည်းနှစ်သွယ်ဖြင့် ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ရုပ်, နာမ်တရားတို့သည် တစ်ခုတည်းသော သန္တာန် (အစဉ်အဆက်)၏ အစွမ်းဖြင့် တစပ်တည်း စပ်နေသောကြောင့် ဟဒယဝတ္ထုကို မှီသော ဘင်္ဂက လှုပ်ရခြင်းဖြစ်ပါသည်။ (အကျဉ်းအဖြေ)

သက္ခရောပမာဆောင်၍ ထင်ရှားအောင် ချဲ့ပြဦးမည် - စည်မျက်နှာပြင် တစ်ဖက်၌ တည်သော သကာခဲပေါ်၌ ယင်ကောင် နားနေရာ အခြားမျက်နှာပြင် တစ်ဖက်ကို ဒုတ်စသည် ဖြင့် ပုတ်ခတ်လိုက်သောအခါ အစဉ်အတိုင်း စည်ကျက်ထားသော သားရေကြိုး စသည်တို့ လှုပ်ခြင်းကြောင့် သကာခဲလှုပ်သည်ရှိသော် ယင်ကောင်ပျံသွားသကဲ့သို့၊ ထို့အတူ ပဉ္စာရုံသည် ပဉ္စပသာဒကို ထိခိုက်သော အခါ ပသာဒ၏မှီရာ မဟာဘုတ်တို့လှုပ်ခြင်းကြောင့် ထိုမဟာဘုတ်တို့နှင့် ဆက်သွယ်နေသည့် ကြွင်းသောရုပ်များလည်း လှုပ်သဖြင့် ဟဒယဝတ္ထုရုပ် လှုပ်သည်ရှိသော် ထိုဟဒယဝတ္ထုရုပ်ကို မှီသော ဘင်္ဂလှုပ်ရခြင်း ဖြစ်ပါသည်။ (အကျယ်အဖြေ)

မှတ်ချက်။ ။ "သက္ခရောပမာ" ဟူသည် "သကာခဲဥပမာ"တည်း။

- ဦးကာကျော်၌ စည်မျက်နှာပြင် နှစ်ပြင်ကို ပြ၍၊ ဝိသုဒ္ဓိမဂ်မဟာဋီကာ၌ စည်မျက်နှာ တစ်ပြင်တည်းကိုသာ ပြသည်။

http://www.dhammadownload.com

•**အဋ္ဌသာလိနီအဋ္ဌကထာအဆို** -ရှုပါရုံက စက္ခုပသာဒ၌ ထိခိုက်သောအခါ မနောဒွါရ-ဟူသော ဘဝင်၌လည်း တပြိုင်နက် ဓာတ်ခိုက်လျက် ထင်လာသည်။ ဥပမာ-ဌက်တစ်ကောင် သစ်ပင်ဖျား၌ နားသောအခါ သစ်ပင်ဖျား၌ ထိခိုက်မိသည်နှင့် တပြိုင်နက် အောက်မြေပြင်၌ အရိပ်ထင်လာသကဲ့သို့တည်း။ ထိုကဲ့သို့ ဘဝင်စိတ်၌လည်း တပြိုင်နက် ဓာတ်ခိုက်လျက် ထင်လာသောကြောင့် ဘဝင်လှုပ်ရခြင်း ဖြစ်ပါသည်။

<u>ပဋ္ဌာရုံသည် ဒွါရ နှစ်ဒွါရ၌ ထင်ပါလျက် ပဋ္ဌဒွါရ၌ ထင်သည်-ဟု ဆိုရခြင်း အကြောင်း။</u> ။ ပဋ္ဌာရုံသည် ဒွါရ နှစ်ဒွါရ၌ ထင်လေ့ရှိသော်လည်း မနောဒွါရသည် အာရုံအားလုံးနှင့် ဆက်ဆံနေသောကြောင့် 'မနောဒွါရ၌ ထင်သည်'ဟု အထူးမပြတော့ဘဲ အများနှင့် မဆက်ဆံသော ဒွါရဖြင့် ပိုင်းခြား၍ "ရှုပါရုံသည် စက္ခုဒွါရ၌ ထင်၏" စသည်ဖြင့် အသာဓာရဏနည်းအားဖြင့် အဋ္ဌသာလိနီ အဋ္ဌကထာ၌ ပြထားသည်-ဟု မှတ်ပါလေ။

အဘိဓမ္မာ ဋီကာကျော်မေးခွန်း။ ။ အာရုံနှင့် ပသာဒတို့ အချင်းချင်း ပေါင်းဆုံထိခိုက်မိကြရာ၌ မသက်ဆိုင်သော နာမ်တရားဘဝင်က အဘယ့်ကြောင့် လှုပ်ရပါသနည်း၊ ဘဝင်လှုပ်နိုင်ဖုံကို ဥပမာသွင်း၍ ရှင်းလင်းဖြေဆိုပါ။ (အထက်ပါ အကျယ်အဖြေအတိုင်း ဖြေပါလေ။)

မေး။ ပဋ္ဌာရုံက ပဋ္ဌပသာဒ၌ ထိခိုက်သောအခါ အဆက်ဆက်လှုပ်ပုံကို သိသာထင်ရှားအောင် အကျဉ်းချုပ် ထုတ်နုတ်ရေးပြပါ။

ဖြေ။ ပဋ္ဌာရုံက ပဋ္ဌပသာဒ၌ ထိခိုက် ➤ ပသာဒ၏ မှီရာမဟာဘုတ်လှုပ် ➤ ကြွင်းသောရုပ်များလှုပ် ➤ ဟဒယဝတ္ထုရုပ်လှုပ် ➤ ဟဒယဝတ္ထုရုပ်ကိုမှီသော ဘဝင်လှုပ်။

မေး။ 'ဘဝင်'ကို အဘယ့်ကြောင့် 'သောတ'ဟု ဆိုရပါသနည်း။ (ဘဝင်သောတ်-ဟူသော စကားလုံး၏ အဓိပ္ပါယ်ကို ရှင်းပြပါ။)

ဖြေ။ အောက်သို့ စီးသွားတတ်သောကြောင့် ရေအယာဉ်သည် "သောတ" မည်၏။ ဝိထိစိတ်မဖြစ်လျှင် အဆက်မပြတ် ဖြစ်နေခြင်းအားဖြင့် အဆက်မပြတ် စီးနေသော ရေအယဉ်နှင့် တူသောကြောင့် ဘဝင်အစဉ်ကို "သောတ" ဟု ဆိုရခြင်း ဖြစ်ပါသည်။

ဝစနတ္ထ - ဟေဌာ သဝတိ ဂစ္ဆတိ သန္ဒတိတိ သောတော၊ ဇလပ္ပဝါဟော။
သောတော ဝိယာတိ သောတော၊ ဘဝင်္ဂဝိထိ။ (ဇ၊ ဋ၊ ၄၅၄။)

http://www.dhammadownload.com

မေး။ "အာဝဇ္ဇန်း"ဟူသည် အဘယ်နည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ "ကိ နာမေတံ= ယခုထင်လာသော အာရုံသည် ဘာအာရုံပါလိမ့်"ဟု မပြောတတ်သော်လည်း ပြောတတ်သကဲ့သို့ ထိုအာရုံ၌ နှလုံးသွင်းမှု ဆင်ခြင်မှု ပြုတတ်သော စိတ်ကို "အာဝဇ္ဇန်း"ဟု ခေါ်ဆိုရပါသည်။

မေး။ "စက္ခုနာ ရူပံ ဒိသွာ"ဟု ဟောတော်မူသောကြောင့်စက္ခုန္ဒြေ-ဟူသော စက္ခုပသာဒရုပ်သည်သာ မြင်ခြင်းကိစ္စကို ပြီးစေနိုင်၍ စက္ခုဝိညာဉ်က မပြီးစေနိုင်သည် မဟုတ်ပါလော? အဘယ်ကြောင့် "တမေဝ ရူပံ ပဿန္တံ စက္ခုဝိညာဏံ" ဟု အရှင်အနုရုဒ္ဓါဆရာ မိန့်ဆိုပါသနည်း။

ဖြေ။ ရုပ်သည် အကန်းဖြစ်၍ ရူပါရုံကို မြင်ခြင်း၌ မစွမ်းနိုင်၊ စက္ခုဝိညာဉ်ကသာ ရူပါရုံကို မြင်နိုင်သောကြောင့် "တမေဝ ရူပံ ပဿန္တံ စက္ခုဝိညာဏံ" ဟု အရှင်အနုရုဒ္ဓါဆရာ မိန့်ဆိုခြင်းဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ အာရုံကို မယူတတ်သောကြောင့် ရုပ်ကို "အကန်း"ဟု ဆိုရခြင်းဖြစ်သည်။ ရုပ်သည် စိတ်စေတနာ မရှိသောကြောင့် ၎င်းကို "အာရုံကို မယူတတ်"ဟု ဆိုရခြင်းဖြစ်သည်။ (ဇူ၊ ၁။ ၄၅၃။)

မေး။ ရုပ်မြင်သံကြား ကြည်ရှာ၌ စက္ခုပသာဒရုပ်က မြင်ပါသလော?၊ စက္ခုဝိညာဉ်စိတ်က မြင်ပါသလော? အကြောင်းသွင်းကာ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ရုပ်သည် အကန်းဖြစ်၍ ရူပါရုံကို မြင်ခြင်း၌ မစွမ်းနိုင်သောကြောင့် စက္ခုပသာဒရုပ်က မမြင်ပါ၊ စက္ခဝိညာဉ်စိတ်ကသာ မြင်ခြင်း ဖြစ်ပါသည်။

မေး။ "စက္ခုပသာဒရုပ်က မြင်ခြင်းကိစ္စကို မပြီးစေဘဲ စက္ခုဝိညာဉ်က မြင်ခြင်းကိစ္စကို ပြီးစေနိုင်သည်" ဆိုလျှင် ဝိညာဉ်ကို မည်သည့် အရာဝတ္ထုကမျှ မဆီးတားနိုင် မကာကွယ်နိုင်သောကြောင့် တစ်စုံတစ်ခု ခြားကွယ်နေသော ဟိုဘက် ရူပါရုံကိုလည်း စက္ခုဝိညာဉ်က မြင်နိုင်ရာရောက်သည် မဟုတ်ပါလော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဖလ်(မှန်)စသော အကာအကွယ်သည် ခြားကွယ်အပ်သော ရူပါရုံ၏ အရောင်အလင်းကို ဖလ်(မှန်)စသည်က တားဆီးခြင်း မရှိသောကြောင့် ဖလ်(မှန်) စသည် ခြားကွယ်အပ်သည်လည်းဖြစ်သော ထိုရူပါရုံကို စက္ခုဝိညာဉ်က မြင်နိုင်ပါသည်။ တိုက်နံရံစသည် ခြားကွယ်အပ်သော ရူပါရုံ၏ အရောင်အလင်းကိုကား တိုက်နံရံစသည်က တားဆီးကာကွယ်ထား၏။ ထိုရူပါရုံ၌အာလောက (အရောင်

http://www.dhammadownload.com

အလင်း)ဟူသော အကြောင်းမရှိသော်ကြောင့် စက္ခုဝိညာဉ် မဖြင်နိုင်ပါ။ ထို့ကြောင့် တစ်စုံတစ်ခု ခြားကွယ်နေသော ဟိတုက်ရူပါရုံကို စက္ခုဝိညာဉ်က မဖြင်နိုင်ပါ။

စက္ခုဝိညာဉ်ဖြစ်ကြောင်းတရား ၄ ပါးစသည်။ ။ (၁) စက္ခုပသာဒ (၂) အာလောက ၊ အရောင်အလင်း (၃) ရူပါရုံ (၄) မနသိကာရ ၊ နှလုံးသွင်းမှု။

(ဆောင်) **စက္ခာ'လောက၊ ရူပထင်ပြီ၊ မနသိ၊ ငါးလီ စက္ခုဖို့။**
ဒေသတာ'ကာသ၊ သဒ္ဒထင်ပြီ၊ မနသိ၊ ငါးလီ သောတဖို့။
ယာန္ဒ၊ ဝါတ၊ ဂန္ဓထင်ပြီ၊ မနသိ၊ ငါးလီ ယာန္ဒဖို့။
ဇိဝှါ အာပ၊ ရသထင်ပြီ၊ မနသိ၊ ငါးလီ ဇိဝှါဖို့။
ကာယ၊ ထဒ္ဒု၊ ဖောဋ္ဌဗ္ဗထင်ပြီ၊ မနသိ၊ ငါးလီ ကာယဖို့။

(ဆောင်) **လင်း၊ အာကာ ဝါယောနှင့် အာပေါတဲ့ ပထဝီ၊**
ငါးခု စဉ်ညီ၊
မနသိ ငါးလီမှာ ယှဉ်တွဲ၊
ငါးဏာရုံ ပဏာစုံ ထုဉ်ကာဟပ်တယ်ကွယ်၊
မှတ်တော့ မလွဲ။

ဋီကာ၌ "စက္ခုနာတိ ပနေတ္ထ" စသည်ကို မိန့်ဆိုရပုံ။ ။"စက္ခုဝိညာဉ်ကသာ မြင်ခြင်းကိစ္စကို ပြီးစေနိုင်၍ စက္ခုပသာဒရုပ်က မပြီးစေနိုင်လျှင် 'စက္ခုနာ ရူပံ ဒိသွာ' ဟူသော ပါဠိတော်၌ အဘယ်သို့ အနက်မှတ်ရပါမည်နည်း"ဟု စောဒနာဖွယ်ရှိ၍ "စက္ခုနာတိ ပနေတ္ထ" စသောစကားကို ဋီကာ၌ မိန့်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ 'စက္ခုနာ ရူပံ ဒိသွာ'ဟူသော ပါဠိတော်ကို အနက် ၂-နည်းပေး၍ အဓိပ္ပာယ်ကို လည်း ရှင်းပြခဲ့ပါ။

ဖြေ။ (၁) စက္ခုနာ၊ စက္ခုဒ္ဒါရဖြင့်။ ရူပံ၊ ရူပါရုံကို။ (စက္ခုဝိညာဏေန၊ သည်။) ဒိသွာ၊ မြင်၍။

(၂) စက္ခုနာ၊ စက္ခုဒ္ဒါရသည်။ ရူပံ၊ ကို။ ဒိသွာ၊ မြင်၍။

ပထမနည်းအလို - စက္ခုဒ္ဒါရဟူသော စက္ခုပသာဒရုပ်သည် ၎င်းကိုယ်တိုင်က အကန်းဖြစ်သောကြောင့် ရူပါရုံကို မမြင်နိုင်၊ စက္ခုဝိညာဉ်က ရူပါရုံကို မြင်ရာ၌ အကူအညီ ကရိုက်းဖြစ်သည်-ဟု အဓိပ္ပာယ် မှတ်ရပါသည်။

http://www.dhammadownload.com

ဒုတိယနည်းအလို - "**မဂ္ဂာ** ဥတ္တုဇြဲ ကရောန္တိ"ဟူသော ပုံစံ၌ကဲ့သို့ မှီတတ်သော စက္ခုဝိညာဉ်၏ မြင်ခြင်းကြိယာကို မှီရာစက္ခုပသာဒနှင့် ဆက်စပ်သည်ကိုပြု၍ (ဌာနူပစာအာဖြင့်) "**စက္ခုနာ** ရူပံ ဒိသွာ"ဟု ဟောတော်မူခြင်း ဖြစ်သည်-ဟု အဓိပ္ပာယ် မှတ်ရပါမည်။

အထူးသတိပြုဖွယ်

ဦးကကျော်၌ ၂-နည်းဖွင့်ပြရာတွင် ပထမနည်း၌ "စက္ခုနာ" သည် မူဒ္ဓသန္ဓါဖြစ်၍ ဒုတိယနည်း၌ ဌာနူပစာသဒ္ဒါ ဖြစ်သည်-ဟု ရှင်းလင်းပြတ်သားစွာ မှတ်သားကြပါလေ။ အချို့က ပထမနည်း၌ **ကာရကူပစာသဒ္ဒါ**၊ ဒုတိယနည်း၌ ဌာနူပစာသဒ္ဒါဟုယူဆကြသည်။ ဤဦးကကျော်ကျမ်း၌ "**ဆာရကာဘူတေန**" ဟု က-၌ အာဒီယ မရှိဘဲ "ကရကာဘူတေန"ဟု ရှိသည်ကို **သဒ္ဒတ္ထိပြုပါ**။ ဆရာမြတ်တို့က ဝိသုဒ္ဓိမဂ်မဟာဋီကာကို ထောက်၍ ဤဦးကကျော်၌လည်း "ကာရကာဘူတေန"သာ ပါဠိမှန်-ဟု ဆုံးဖြတ်တော်မူကြသည်။ ဖွင့်ပုံချင်းတူသောကြောင့် ထိုအဆုံးအဖြတ်လည်း မသင့်ပါ။ ဦးကကျော်၌ "ကရကာဘူတေန" သာ ပါဠိမှန်ဖြစ်ပါသည်။

"ကာရကာဝသေန" စသည်ဖြင့် ဖွင့်သော ဝိသုဒ္ဓိမဂ်မဟာဋီကာအလိုကား ပထမနည်း၌ ကာရကူပစာသဒ္ဒါဖြစ်၍၊ ဒုတိယနည်း၌ ဌာနူပစာသဒ္ဒါ ဖြစ်ပါသည်။ အလွန်ခဲကပ်သော အရာဌာနဖြစ်သည်။ **မဏိမေခ္ခ** (၁။၄၅၅-၆) အဖွင့်များကို အထပ်ထပ်ကြည့်ရှုကာ ကြံစည်ကြပါလေ။ (**ဦးကကျော်**မြန်မာပြန်၌ကား ၃-နည်း ဖြစ်အောင် ရေးပြထားပါသည်။)

အစ်ဆင့်သိမှတ်ဖွယ်

ဒုတိယနည်း၌ ဌာနဖြစ်သော ညောင်စောင်း(လင့်စင်)တို့၏ "မဉ္စာ"ဟူသော အမည်ကို ဌာနီဖြစ်သော ညောင်**စောင်း** (လင့်စင်) ပေါ်၌ တည်သော လူများ၌ တင်စား၍ ဌာနီဖြစ်သော ညောင်**စောင်း (လင့်စင်)**ပေါ်၌ တည်သော လူများကို "မဉ္စာ" ဟုခေါ်ရသကဲ့သို့၊ "စက္ခုနာ ရူပံ ဒိသွာ"၌လည်း မှီရာဌာနဖြစ်သော စက္ခုပသာဒ၏ "စက္ခု" ဟူသော အမည်ကို မှီတတ်သော ဌာနီ ဖြစ်သော စက္ခုဝိညာဉ်၌ တင်စား၍ မှီတတ်သော ဌာနီဖြစ်သော စက္ခုဝိညာဉ်ကို ဌာနူပစာအားဖြင့် "စက္ခု"ဟု ဆိုထားခြင်း ဖြစ်သည်- ဟူလို။ (အရကောက်ရာ၌ကား စက္ခုဝိညာဉ်ကို ကောက်ယူရပါမည်။ မဏိမဉ္စူဋီကာ၊ ကြိယောပစာ, တဒ္ဓမ္မောပစာ-စူဋီ၌လည်း ဆိုပါသည်။)

မေး "တမေဝ ရူပံ ပသျန္တံ **စက္ခုဝိညာဏံ**"ဟူသော သင်္ဂဟအဋ္ဌကထာစကားနှင့် "**စက္ခုနာ** ရူပံ ဒိသွာ"ဟူသော ပါဠိတော် စကားနှစ်ရပ်တို့ကို မဆန့်ကျင်အောင် ကျမ်းညှိပြခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ "တမေဝ ရူမဲ့ ပဿန္တံ စက္ခုဝိညာဏံ"ဟူသော သင်္ဂဟအဋ္ဌကထာစကားသည် မုချအားဖြင့် မိန့်ဆိုအပ်သော စကားဖြစ်၍၊ "စက္ခုနာ ရူပံ ဒိသွာ"ဟူသော ဟူသော ပါဠိတော်စကားကား "စက္ခုပသာဒက ရူပါရုံကို မြင်သည်"ဟု မဆိုလိုပါ။ "စက္ခုဝိညာဉ်က ရူပါရုံကို မြင်ရာ၌ စက္ခုပသာဒက အကူအညီ ဖြစ်သည် (ကရိယာဖြစ်သည်)"ဟုသာ ဆိုလိုရင်း ဖြစ်ပါသည်။ (တစ်နည်း) မှီရာဌာနဖြစ်သော စက္ခုပသာဒ၏ အမည်ကို မှီတတ်သော ဌာနီဖြစ်သော စက္ခုဝိညာဉ်၌ တင်စား၍ ဆိုထားသော ဌာနူပစာစကား ဖြစ်ပါသည်။ ထို့ကြောင့် စကားနှစ်ရပ် မဆန့်ကျင်ပါ။

မေး။ "ငါ့မျက်စိနဲ့ တပ်အပ်သေချာ မြင်တာပါတယ်"၊ မင်းက အခုမှ မုန်လာဥ လုပ်မနေပါနဲ့"၊ "ငါက မျက်မြင်ဝါဒီသမားကွ၊ ငါ့မျက်စိနဲ့ တိုက်ရိုက်မြင်ရမှ ယုံတာ"စသည်ဖြင့် ပြောတတ်ကြရာ မျက်စိက မြင်တတ်ပါသလော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ မျက်စိ-ခေါ် စက္ခုပသာဒရုပ်သည် အကန်းဖြစ်၍ ရူပါရုံကို မြင်ခြင်းငှါ မစွမ်းနိုင်ပါ။ ထိုစက္ခုပသာဒရုပ်၌ မှီ၍ဖြစ်သော စက္ခုဝိညာဉ်ကသာ မြင်ခြင်း ဖြစ်ပါသည်။

မေး။ သမ္မဒ္ဓဇန္တံ သမ္မဒ္ဓဇနစိတ္တံ-၌ တစ်စုံတစ်ခုသော ပစ္စည်းဝတ္ထုကို လက်ဖြင့် ခံယူသကဲ့သို့ ထင်လာသော အာရုံကို တကယ် ခံယူတတ်သောကြောင့် သမ္မဒ္ဓဇိန်းဟု ဆိုလိုပါသလော? ရှင်းပြပါ။

ဖြေ။ တစ်စုံတစ်ခုသော ပစ္စည်းဝတ္ထုကို လက်ဖြင့် ခံယူသကဲ့သို့ ထင်လာသော အာရုံကို တကယ် ခံယူတတ်သောကြောင့် သမ္မဒ္ဓဇိန်းဟု မဆိုလိုပါ။ ခံယူသကဲ့သို့ (ခံယူသလို) ဖြစ်တတ်သောကြောင့်သာ သမ္မဒ္ဓဇိန်း-ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

မှတ်ချက်။ ။ ဦးကာကော်ဝယ် ပဋိဂ္ဂဏှန္တံ ဝိယ-၌ ဝိယ-သဒ္ဒါဖြင့် သမ္မဒ္ဓဇိန်းစိတ်၏ နိဗ္ဗာပါရ အဖြစ်ကို ပြပါသည်။ သန္ဓိရဃမာနံ, ဝတ္ထုပေန္တံ-တို့၌လည်း နည်းတူ သိပါ။

မေး။ ယံကိဉ္စိ လဒ္ဓပစ္စယံ-၌ လဒ္ဓပစ္စယ-ပုဒ်ကို ဝေဒနာ့ဖြစ်၍၊ အဓိပ္ပာယ်လည်း ရေးပြပါ။

ဖြေ။ ယောနိသောမနသိကာရာဒိဝသေန လဒ္ဓေါ ပစ္စယော ဟေတုဘူတော လဒ္ဓပစ္စယံ

ယောနိသောမနသိကာရ အစရှိသည်တို့၏အစွမ်းဖြင့် ရအပ်သော အကြောင်းရှိသော အမှတ်မရှိ တစ်စုံတစ်ခုသော ကာမဇောသည် "လဒ္ဓပစ္စယံ" မည်ပါသည်။

http://www.dhammadownload.com

မေး။ လဒ္ဓပစ္စယ်-၌ ပစ္စယသရုပ်ကို ဖော်ထုတ်ခဲ့ပါ။ (အဘယ်ကဲ့သို့သော အကြောင်းများကို 'ပစ္စယ'ဟု ဆိုရပါသနည်း။)

ဖြေ။ ယောနိသောမနသိကာရ, အယောနိသောမနသိကာရ, နိရနုသယသန္တာန တို့ဖြစ်ပါသည်။ ("နိရနုသယသန္တာန" ဟူသည် အနုသယကင်းသော ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်ဖြစ်၏။)

မေး။ ယံကိဉ္စိ လဒ္ဓပစ္စယံ-၌ လဒ္ဓပစ္စယ အရ ဖြစ်သင့်သမျှ ခွဲခြားဖြေဆိုပါ။

ဖြေ။ "လဒ္ဓေါ ပစ္စယော"ဟူသော ဝါကျအခိုက် လဒ္ဓပစ္စယ-အရ ယောနိသောမနသိကာရ, အယောနိသောမနသိကာရ, နိရနုသယသန္တာန-ဟူသော အကြောင်းတို့ကို ရ၍၊ 'လဒ္ဓပစ္စယံ'ဟု သမာသ်ပြီးသောအခိုက်၌ကား ကာမဇော တစ်ခုယုတ်သုံးဆယ်တို့ကို ရပါသည်။

မေး။ ယံကိဉ္စိ လဒ္ဓပစ္စယံ-၌ မည်သည့်အကြောင်းကြောင့် မည်သည့်အကျိုး ဖြစ်ပါသနည်း၊ အကြောင်းနှင့် အကျိုးကို တွဲစပ်ပြခဲ့ပါ။

ဖြေ။ ယောနိသောမနသိကာရကြောင့် မဟာကုသိုလ်ဇော ၈ - ခု၊
အယောနိသောမနသိကာရကြောင့် အကုသိုလ်ဇော် ၁၂ - ခု၊
နိရနုသယသန္တာန်ဖြစ်လျှင် ဟသိတုပ္ပါဒ်, မဟာကြိယာဇော ၈ - ခုတို့ ဖြစ်ကြပါသည်။

မေး။ ယေဘုယျေန သတ္တက္ခတ္တုံ ဇဝတိ-၌ အဘယ့်ကြောင့် ယေဘုယျေန-သဒ္ဒါကို မိန့်ဆိုရပါသနည်း။

ဖြေ။ ကာမဇောတို့သည် များသောအားဖြင့် ခုနစ်ကြိမ်စောကြဆော်လည်း မိန်းမောတွေဝေရာအခါ, သေခါနီးအခါစသည်တို့၌ ၆-ကြိမ်,၅-ကြိမ်လည်း စောကြသောကြောင့် 'ယေဘုယျေန' သဒ္ဒါကို ထည့်ဆို၍ခြင်း ဖြစ်ပါသည်။
"မုတ်ဆိတ်ကျော်" ။ မဂဓမဟ္ဗန္ဓ (၁၊ ၄၅၇)၌ "မုစ္ဆာမရဏာသန္နကာလာဒီသု"ဟု ပါ၌ရှိသင့်ကြောင်း ဖွင့်ဆိုထားပါသည်။ ဇဝနနိယမလာ ! "မန္ဒပ္ပဝတ္တိယံ ပန မရဏာသန္နကာလာဒီသု ဝတ္ထုဟိရမေဝ"နှင့် ယှဉ်ကြည့်ပါ။

မေး။ ဇဝနနုပန္နာဒီသု မဇ္ဈိမဂ္ဂဟဏမပါကာနိ ယထာရဟံ ပဝတ္တန္တိ-၌ အရ တဒါရုံ၏ ဇောနောက်သို့ အစဉ်လိုက်ပုံကို ဥပမာဆောင် ထင်ရှားအောင် ဖြေဆိုခဲ့ပါ။

ဖြေ။ မြစ်ညာ ရေညာသို့ ဆန်တက်ခုတ်မောင်းနေသော လှေ, သင်္ဘောနောက်သို့

http://www.dhammadownload.com

မြစ်ရေအလျဉ်သည် အနည်းငယ်သော ကာလပတ်လုံး အစဉ်တစိုက် လိုက်သကဲ့သို့၊ တဒါရုံသည် အနည်းငယ်သော ကာလပတ်လုံး ဇော၏အာရုံကို အာရုံပြု၍ ဇောနောက်သို့ အစဉ်လိုက်ပါသည်။

မေး။ တဒါရုံ-၏ အဓိပ္ပာယ်နှင့်စပ်၍ သိအပ်သိထိုက်သော (က) လေ့, သင်္ဘောနှင့် တူသော အရာ(ခ) မြစ်ရေအလျဉ်နှင့် တူသောအရာ (ဂ) လေ့, သင်္ဘောနောက်သို့ ရေအလျဉ် လိုက်မှုနှင့် တူသောအရာတို့ကို ဖော်ပြခဲ့ပါ။

ဖြေ။ (က) ဇော (ခ) တဒါရုံ (ဂ) တဒါရုံ နှစ်ကြိမ်ဖြစ်လျက် ဇောနောက်သို့ လိုက်မှုတို့ ဖြစ်ပါသည်။

မေး။ တဒါရမ္မဏပါကာနိ - ပုဒ်ကို ဝစနတ္ထပြု၍ အဓိပ္ပာယ်ကိုလည်း ရေးပြပါ။

ဖြေ။ တဿ အာရမ္မဏံ အာရမ္မဏံ ဧတေသန္တိ တဒါရမ္မဏာနိ။

တဒါရမ္မဏာနိ စ တာနိ ပါကာနိ စာတိ တဒါရမ္မဏပါကာနိ။

ထိုဇော၏ အာရုံဟူသော အာရုံရှိသော (ထိုဇော၏ အာရုံကို အာရုံ၍) **သော်** ဝိပါက်စိတ်တို့သည် "တဒါရမ္မဏပါက"တို့ မည်ကြပါသည်။

စဇနတ္ထအတွက် ရှင်းလင်းချက်။ ။တဒါရမ္မဏာနိ-ပုဒ်၌ "တဒါရမ္မဏာ-ရမ္မဏာနိ"ဟု ဆိုလိုလျက် "အာရမ္မဏ" အလယ်ပုဒ်ကို ချေထားသည့် ဆဋ္ဌီဘပုဂ္ဂိုဟိသမာသ်ပုဒ်ဖြစ်ပါသည်။ ဥပမာ- "ပြတ္တသရော"ပုဒ်သည် "ပြတ္တံ နော သရော ပြတ္တသရော၊ ပြတ္တသရော ဝိယ သရော ယဿာတိ ပြတ္တသရော" ဟု "သရော"ဖျော သော အလယ်ပုဒ်ကို ချေထားသည့် ဆဋ္ဌီဘဟုဗ္ဗိဟိ သမာသ်ပုဒ် ဖြစ်သကဲ့သို့တည်း။ (တိပဒဟုဗ္ဗိဟိသမာသ်ကို ရည်ရွယ်၍ "မဇ္ဈေပဒလောပဝသေန"ဟု ဦးကာဆရာဖွင့်ဆိုခြင်းဖြစ်သည်။ အကယ်၍ "စာသ အာရမ္မဏာ တဒါရမ္မဏာ၊ တဒါရမ္မဏာ အာရမ္မဏာ ဧတေသန္တိ တဒါရမ္မဏာနိ"ဟု ဒွိပဒဟုဗ္ဗိဟိသမာသ်ကြလျှင် "ပုဗ္ဗပဒေ ဥတ္တရပဒလောပသမာသ်'ဟု ဆိုရပါမည်။ -ဋ၊ ၁။ ၄၅၇။)

မှတ်ထားချက်။ ။ ဦးကာတို့၌ ဤအဖွင့်မျိုးကို များစွာတွေ့ရမည်ဖြစ်၍ ယခုကပင် ကြိုတင်၍ သဘောကျအောင် ကြည့်ရှုမှတ်သားထားကြပါလေ။

မေး။ "တဒါရုံ"ဟူသည် အတွယ်နည်း၊ ၎င်း၏ အဓိပ္ပာယ်ကို ရှင်းလင်းဖြေဆိုခဲ့ပါ။

ဖြေ။ "တဒါရုံ"ဟူသည် တဒါရမ္မဏ-ပုဒ်မှ ဆင်းသက်ဖြစ်ပေါ် လာသော မြိန်မာစကားလုံးဖြစ်ပါသည်။ "တဒါရမ္မဏ"ပုဒ်၌ "တ+အာရမ္မဏ"ဟု ဗျဒ်ခွဲရသော်လည်း "တဒါရုံ"ဟူသော ပုဒ်၌လည်း "တ+အာရုံ"ဟု ခွဲရပါမည်။ "ထိုဇော၏ အာရုံ

http://www.dhammadownload.com

အာရုံပြုသောစိတ်"ဟု အဓိပ္ပာယ် ရပါသည်။

မေး။ ဒွေ တဒါရမ္မဏာပါကာနိ ယထာရဟံ ပဝတ္တန္တိ-၌ ယထာရဟ အဓိပ္ပာယ်ကို ရှင်းပြခဲ့ပါ။

ဖြေ။ အာရုံ, ဇော, သတ္တဝါတို့.အားလျော်စွာ တဒါရုံဖြစ်ခြင်းကို "ယထာရဟံ" ဟု ဆိုပါသည်။

မှတ်ချက်။ ။ ယထာရဟံ-၌ 'အရဟ'ဟူသည် အာရုံ, ဇော, သတ္တဝါတို့.တည်း။

မေး။ တတော ပရံ ဘဝင်ပါတော-၌ "ဘဝင်ပါတ - ဘဝင်ကျခြင်း" ဟူသည် အဘယ်နည်း ဖြေဆိုပါ။

ဖြေ။ ဝီထိစိတ်၏ အစွမ်းဖြင့် မဖြစ်ဘဲ စိတ်၏ ဘဝင်သို့ ကျရောက်သကဲ့သို့ဖြစ်ခြင်း (-ဘဝင်၏အစွမ်းဖြင့် -ဘဝင်အဖြစ်ဖြင့် ဖြစ်ခြင်း)ကို "ဘဝင်ပါက- ဘဝင်ကျခြင်း"ဟုဆိုပါသည်။

ရှင်းရှင်းတား - "ဘဝင်ကျခြင်း" ဟူသည် ဝီထိစိတ် မဖြစ်ဘဲ ဘဝင်စိတ်အစဉ် ဖြစ်ခြင်းတည်း။

မေး။ သတ္တဝါ တစ်ဦးတစ်ယောက်၏ သန္တာန်၌ သိစိတ်, မသိစိတ်-ဟူ၍ စိတ်နှစ်မျိုးရှိသည်ဟု ဆိုကြရာ ထိုစိတ်နှစ်မျိုးကို ခွဲခြားဖော်ပြခဲ့ပါ။

ဖြေ။ "သိစိတ်" ဆိုသည်မှာ ထင်လာသော အာရုံအမျိုးမျိုးကို သိတတ်သော "ဝီထိစိတ်" ဖြစ်၍၊ "မသိစိတ်"ဆိုသည်မှာ အာရုံအမျိုးမျိုးကို မသိတတ်သော "ဘဝင်စိတ်" ဖြစ်ပါသည်။

မှတ်ချက်။ ။ ဘဝင်စိတ်ကို ပင်ကိုရိုးရာ ဖြစ်နေကျစိတ်ဖြစ်၍ "ပင်ကိုစိတ်" ဟုလည်း ဆိုကြသည်။

မေး။ "ဒီကိစ္စ ငါ ဘဝင်မကျဘူး၊ ဘဝင်ကျတယ်"ဟု ပြောဆိုနေကြရာ ထိုစကားရပ်ပါ ဘဝင်ကျခြင်း-ဟူသည် ဒုဒ္ဓအဘိဓမ္မာလာ (ဘဝင်ပါတော-အရ) ဘဝင်ကျခြင်းနှင့် တူပါသလား? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ထိုစကားရပ်ပါ 'ဘဝင်ကျခြင်း'ဟူသည် သဘောကျခြင်း၊ ကျေနပ်နှစ်သက်ခြင်း-ဟု အဓိပ္ပာယ်ရပါသည်။ ဒုဒ္ဓအဘိဓမ္မာလာ (ဘဝင်ပါတော-အရ) ဘဝင်ကျခြင်းကား ဝီထိစိတ် မဖြစ်ဘဲ ပင်ကိုစိတ်-ခေါ် ဘဝင်စိတ်ဖြစ်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် "ဒီကိစ္စ ငါ ဘဝင်မကျဘူး၊ ဘဝင်ကျတယ်"ဟူသော စကားရပ်ပါ

http://www.dhammadownload.com

ဘဝင်ကျခြင်း-ဟူသည် ဗုဒ္ဓအဘိဓမ္မာလာ (ဘဝင်္ဂပါတော-အရ) ဘဝင်ကျခြင်းနှင့် မတူပါ။

မေး။ ဝိထိစိတ်ဖြစ်ပုံကို ဥာဏ်ဖြင့် ယူလွယ် သိလွယ်ဖို့ရာ အမွှောပမာဆောင်၍ ထင်ရှားအောင် ပြောဆိုခဲ့ပါ။

ဖြေ။ ယောက်ျားတစ်ယောက်သည် အသီးရှိသော သရက်ပင်အောက်၌ ခေါင်းမြီးခြုံ၍ အိပ်နေရာ, အနီးအပါး၌ ကြွေကျသော သရက်သီးတစ်လုံး၏ အသံကြောင့် နိုးလာ၍, ဦးခေါင်းမှ အဝတ်ကို ဖယ်ကာ မျက်လုံးကို ဖွင့်၍ မြင်၍, ထို သရက်သီးကို ကောက်ယူ၍, နှိပ်၍, နမ်း၍, မှည့်မှန်းသိ၍ စား၍, ခံတွင်း၌ ရောက်သော သရက်သီးကို သလိပ်နှင့်တကွ မျိုချ၍, သရက်ပင်၏ အနီးအောက်၌ပင် တစ်ဖန်ပြန်၍ အိပ်မြဲအိပ်ပြန်၏။ ထို အမွှောပမာ၌ -

ယောက်ျား၏ အိပ်ပျော်ရာအခါကဲ့သို့ ဘဝင်ဖြစ်ရာအခါကို၊ သရက်သီး ကြွေကျရာအခါကဲ့သို့ အာရုံ၏ ပသာဒ၌ ထိခိုက်အရာအခါကို၊ သရက်သီး၏အသံကြောင့် အိပ်ရာမှ နိုးရာအခါကဲ့သို့ ဆင်ခြင်ရာအခါကို၊ မျက်လုံးဖွင့်၍ ကြည့်ရာအခါကဲ့သို့ စက္ခုဝိညာဉ်၏ ဖြစ်ရာအခါကို၊ ကောက်ယူရာအခါကဲ့သို့ သမ္ပဋိစ္ဆိန်း၏ ဖြစ်ရာအခါကို၊ နှိပ်ကြည့်ရာအခါကဲ့သို့ သန္တီရဏ ဖြစ်ရာအခါကို၊ နမ်းကြည့်ရာအခါကဲ့သို့ ဝုဋ္ဌေဖြစ်ရာအခါကို၊ စားသုံးရာအခါကဲ့သို့ ဇောဖြစ်ရာအခါကို၊ ခံတွင်း၌ရောက်သော သရက်သီးကို သလိပ်နှင့်တကွ မျိုချရာအခါကဲ့သို့ တဒါရုံဖြစ်ရာအခါကို၊ တစ်ဖန်ပြန်၍ အိပ်ရာအခါကဲ့သို့ တစ်ဖန်ဘဝင်ကျရာ အခါကို မှတ်ရပါမည်။

(ဆောင်) မှတ်လောမျက်မြင်၊ ထွက်ထွက်ထင်စိမ့် . . . သရက်ပင်အောက်၊ လူတစ်ယောက်၏၊ ဧရွေနောက်ခေါင်းပြီး၊ ခြုံမြီးသော်၊ အိပ်ပျော်လေပြီး။ ကြွေသံအား ကြောင့်၊ မိုးကြားသဖြင့်၊ ခေါင်းခြုံဖွင့်၍၊ ကြည့်လိုက်ပြင်ရာ၊ ယူကာနမ်းလျက်၊ မှည့်မှန်းသိသော်၊ ခွင်ပျော်သုံးစား၊ ရသာပွားရ၊ မျိုပြီးလေပြီး၊ ဧရွေနည်းအိပ်အင်၊ ပမာဆင်လေ။ . . . .

ဘဝင်သည်ကား၊ အိပ်သောလားသို့၊ နိုးပါကြွေပုံ၊ အာရုံထိခိုက်၊ နိုး လိုက်သည့် ဟန်၊ အာဝဇ္ဇန်တည်း၊ ဖွင့်လှန်ကြည့်မှု၊ စက္ခုဝိညာဉ်၊ ယူငင်တခန်း၊ မည်စွဲနှုန်းနှင့်၊ နှိပ် စမ်း သန္တီရဏ မည်၏၊ မှတ်ပြီ ဝုဋ္ဌော၊ သုံးစားသောတား၊ ဇော အလားရှိ၊ မျိုပြီး လေပုံ၊ တဒါရုံမှတ်၊ နောက်ထပ်အိမ်ပြန်၊ ဘဝင်ဟန်ဟု၊" ဖြင့်ရန်ပြုသူ၊ မရှိမူလည်း၊ မံတူရွေ့နောင်၊ ကိစ္စဆောင်လျက်၊ ဖြစ်တိုင်းပျက်၍၊ ဆက်ဆက်စဉ်လာ၊ မပြင်ပါလည်း၊ ထင်စွာသဘော၊ စဉ်ကာနှောသည်၊ . . . . အဟော နိယာမပေတတား။ (သင်္ဂြိဟ်ဘာသာဋီကာ)

http://www.dhammadownload.com

မေး။ အမွှောပမာဖြင့် အဘယ်အဓိပ္ပာယ်ကို ပြအပ်ပါသနည်း ဖြေဆိုပါ။

ဖြေ။ ထိုအမွှောပမာဖြင့် - အာရုံ၏ ပသာဒ၌ ထိခိုက်ခြင်းသည်သာ ကိစ္စ (တာဝန်) တည်း။ အာဝဇ္ဇန်း၏ အာရုံကို နှလုံးသွင်းခြင်းသည်သာ, စက္ခုဝိညာဉ်၏ မြင်ခြင်းမျှသည်သာ, သမ္ပဋိစ္ဆိုင်းစသည်တို့၏ အာရုံကို ခံယူခြင်းစသည်မျှသည်သာ, ဇော၏ အာရုံ၏ အရသာကို ခံစားခြင်းသည်သာ, တဒါရုံ၏လည်း ဇောသည် ခံစားအပ်ပြီးသော အာရုံကို တစ်ဖန်ထပ်၍ ခံစားခြင်းသည်သာ ကိစ္စ(တာဝန်) တည်း။

ဤသို့ ကိစ္စ၏အစွမ်းဖြင့် ရှုပါရုံစသော တရားတို့၏ အချင်းချင်း မရောယှက်ကြသည်၏ အဖြစ်ကို ပြပါသည်။

မေး။ ပဉ္စဒ္ဒါရာဝဇ္ဇန်းစသော ဝိထိစိတ်တို့သည် အဘယ့်ကြောင့် ဖြစ်ပေါ်လာကြပါသနည်း? စေခိုင်းတိုက်တွန်းတတ်, စီမံပြုလုပ်တတ်သော နိယုဇ္ဇက, ကာရကပုဂ္ဂိုလ် ရှိသောကြောင့် (တစ်စုံတစ်ယောက်က တိုက်တွန်းသောကြောင့်) ဖြစ်ပေါ်လာကြပါသလော ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ပဉ္စဒ္ဒါရာဝဇ္ဇန်းစသော ဝိထိစိတ်တို့သည် စေခိုင်းတိုက်တွန်းတတ်, စီမံပြုလုပ်တတ်သော နိယုဇ္ဇက, ကာရကပုဂ္ဂိုလ်ရှိ၍ ဖြစ်ပေါ်လာကြသည် မဟုတ်ပါ။ (အခွင့်သာလျှင် သင့်ရာမှာဖြစ်ဖို့, ခန္ဓာကိုယ်တွင်း၌ စုဝေးတည်ရှိနေကြသည်လည်း မဟုတ်ပါ။) စေခိုင်းတိုက်တွန်းတတ်, စီမံပြုလုပ်တတ်သော နိယုဇ္ဇက, ကာရကပုဂ္ဂိုလ် မရှိပါဘဲလျက် အာရုံနှင့် ပသာဒတို့ ထိခိုက်သောအခါ ဥတု နိယာမ, ဗီဇနိယာမစသည်တို့ကဲ့သို့ စိတ္တနိယာမ (စိတ်တို့၏ ဖြစ်မြဲသဘော)၏ သဘောဖြင့် ရုတ်တရက် ဖြစ်ပေါ်လာကြခြင်းသာ ဖြစ်ပါသည်။

နိယာမ။ ၅-မျိုး

ဥဃ ဗီဇနိယာမော စ၊ ကမ္မဓမ္မနိယာမတာ။
စိတ္တဿ စ နိယာမောတိ၊ ဥဃျာ ပဉ္စနိယာမတာ။
ပဗ္ဘာဒိဇာရဏံ တုလ္ယံ ဖလုပ္ပါဒေါ ဝိဟိကဒေါ။
မဟိဂ္ဂဒ္ဓမွာ စိတ္တပ္ပတ္တိ၊ နိဒဿနမိဒံ ကမာ။
(အဘိဓမ္မာဝတာရ၊ ၄၆-စီထာ)

မေး။ ဤမေးခွန်းထွက်ကို ဖတ်ရှုနေသော စာဖြေသူ၏ သန္တာန်ဝယ် စက္ခုဝိညာဉ်, ဃမွှဝိုင်းစဿာ ဝီထိစိတ်များ စနစ်တကျဖြစ်ပေါ်လာအောင် တစ်စုံတစ်ယောက်

http://www.dhammadownload.com

သော ဖန်ဆင်းရှင်(တန်ခိုးရှင်)က စီမံဖန်ဆင်းပေးပါသလော၊ အဘိဓမ္မာအမြင် ဖြင့် ရှုမြင်သုံးသပ်ပြပါ။ (အဘိဓမ္မာ-ဦးကောဂျော်မေးခွန်း)

ဖြေ။ တစ်စုံတစ်ယောက် သော ဖန်ဆင်းရှင်(တန်ခိုးရှင်)က စီမံဖန်ဆင်းသည် မဟုတ်ပါ။ ဥတုနိယာမဗီဇနိယာမစသည်တို့ကဲ့သို့ စိတ္တနိယာမအတိုင်း စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း စသော ဝိထိစိတ်များ စနစ်တကျ ဖြစ်ပေါ်လာကြခြင်းသာ ဖြစ်ပါသည်။

မေး။ ပဉ္စဒ္ဒါရာဝဇ္ဇန်းစသော ဝိထိစိတ်တို့ ဖြစ်ပေါ်လာပုံကို ဥပမာဆောင် ထင်ရှားအောင် ဖြေဆိုခဲ့ပါ။

ဖြေ။ လောကဌ် နေရှိန်ကျရောက်က မီးထတောက်တတ်သည့် သူရိယကန္တ-ခေါ် ကျောက်လောင်စာတစ်မျိုးရှိသည်။ ထိုကျောက်လောင်စာနှင့် နေရောင်တို့ ပေါင်းဆုံမိသော အခါ ဓာတ်သဘာဝအလျောက် မီးထ၍တောက်သကဲ့သို့ အာရုံနှင့် ပသာဒတို့ ထိခိုက်သောအခါ (ဝတ္ထု, အာရုံစသော အကြောင်းတရားတို့ ပေါင်းဆုံညီညွတ်သောအခါ) ပဉ္စဒ္ဒါရာဝဇ္ဇန်းစသော ဝိထိစိတ်တို့ ဖြစ်ပေါ်လာကြခြင်း ဖြစ်ပါသည်။

မဏိန္ဒုနာတပေ အဂ္ဂိ၊ အသန္တောပိ သမာဂမေ။
ယထာ ဟောတိ တထာ စိတ္တံ၊ ဝတ္ထာလမ္ဗာဒိသင်္ဂမေ။ (သစ္စသင်္ခေပ်)

မေး။ မြန်မာ့အသံမှ ထုတ်လွှင့်ဟောကြား မြတ်တရားကို စိတ်ပါဝင်စားစွာ နာကြားလျက်ရှိသော ဗုဒ္ဓဘာသာဝင် သူသတော်စင်တစ်ဦး၏ သန္တာန်၌ ဖြစ်ပေါ်နေသော ဝိထိစိတ်အစဉ်ကို အကျဉ်းနည်းဖြင့် ချပြခဲ့ပါ။

ဖြေ။ (တီ နဒ) ပ သော သံ သံ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ (ဘ)။

သိမှတ်ဖွယ်။ ။ အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒ္ဒါရာဝဇ္ဇန်း၊ သောတဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်၊ ဘဝင်။

မေး။ အပ္ပဟောန္တာတီတက်-ကို "မလောက်သည်ဖြစ်၍ လွန်ခြင်းရှိသော"ဟု အနက်ပေးကြရာ အပ္ပဟောန္တ-အရ မလောက်ပုံ, အတီတက-အရ လွန်ပုံတို့ကို ဖြေဆိုပါ။

ဖြေ။ မဟန္တာရုံဝီထိ၌ တဒါရုံ ၂-ကြိမ် မဖြစ်လောက်သည်ကို "အပ္ပဟောန္တ"ဟု ဆို၍၊ ထင်လာသောအာရုံသည် ဆိုင်ရာဒွါရ၌ မထင်နိုင်ဘဲ အတီတဘဝင် ၂-ကြိမ်, ၃-ကြိမ် လွန်သွား သည်ကို "အတီတက"ဟု ဆိုပါသည်။

http://www.dhammadownload.com

မေး။ အပ္ပဟောန္တာ-ပုဒ်က "မစွမ်းနိုင်"ဟု သဒ္ဒါနက်ထွက်ရာ ယင်း "မစွမ်းနိုင်"ဟူသော စကား၏ အဓိပ္ပာယ်ကို ရှင်းပြပါ။

ဖြေ။ ထင်လာသောအာရုံသည် ဒုတိယတဒါရုံ ဖြစ်သည်တိုင်အောင် ဌိဓာဒ္ဓ တည်တံ့နေခြင်းငှါ မစွမ်းနိုင်သည်ကို "မစွမ်းနိုင်"ဟု ဆိုပါသည်။ ယင်းသို့ မစွမ်းနိုင်ခြင်းကိုပင် ရှေးဆရာမြတ်တို့က "မလောက်"ဟု အနက်ပေးကြခြင်း ဖြစ်ပါသည်။

မေး။ အပ္ပဟောန္တာတိတက-ရှိလျှင် ပဟောန္တာတိတက-လည်း ရှိရမည်ဖြစ်ရာ ယင်း ၂-မျိုးတို့၏ အဓိပ္ပာယ်ကို ရှင်းပြခဲ့ပါ။

ဖြေ။ အတိမဟန္တာရုံသည် အတီတဘဝင် တစ်ချက်လွန်ပြီးမှ ဆိုင်ရာဒွါရ၌ ထင်နိုင်၏။ ထိုလွန်ခြင်းသည် တဒါရုံ ၂-ကြိမ် ဖြစ်လောက်သော (တဒါရုံ ၂-ကြိမ်ဖြစ်သည် တိုင်အောင် ဌိဓာဒ္ဓ တည်တံ့ခြင်းငှါ စွမ်းနိုင်သော) ထင်ခြင်းဖြစ်သောကြောင့် အတိမဟန္တာရုံကို "ပဟောန္တာတိတက"ဟု ဆိုရပါသည်။

မဟန္တာရုံသည် စိတ္တက္ခဏ ၂-ချက်, ၃-ချက်ခန့် လွန်ပြီးမှ ထင်လာ၏။ ထိုလွန်ခြင်းကား တဒါရုံ ၂-ကြိမ် မဖြစ်လောက်သော (တဒါရုံ ၂-ကြိမ် ဖြစ်သည်တိုင်အောင် ဌိဓာ ဒ္ဓ တည်တံ့ခြင်းငှါ မစွမ်းနိုင်သော) ထင်ခြင်းဖြစ်သောကြောင့် မဟန္တာရုံ ၏ကို "အပ္ပဟောန္တာတိတက" ဟု ဆိုရပါသည်။

မေး။ မဟန္တာရုံဝီထိ၌ "နတ္ထိ တဒါရမ္မဏုပ္ပါဒေါ = တဒါရုံမဖြစ်"ဟု ဆိုရာ အဘယ့်ကြောင့် တဒါရုံ မဖြစ်ပါသနည်း ရှင်းလင်းဖြေဆိုပါ။။

ဖြေ။ ထင်ပြီးသည်မှ စ၍ရေတွက် ၁၄-ချက် စိတ္တက္ခဏအသက်ရှိသော အာရုံ (ဒုတိယမဟန္တာရုံ)၌ သတ္တမဇောတွင် အာရုံချုပ်သောကြောင့် တဒါရုံဖြစ်ခွင့် မရှိတော့ပါ။

ထင်ပြီးသည်မှ စ၍ရေတွက် ၁၅-ချက် စိတ္တက္ခဏအသက်ရှိသော အာရုံ (ပထမမဟန္တာရုံ)၌ ဇောနောင် စိတ္တက္ခဏ တစ်ချက်သာ ကြွင်းကျန်တော့သည်ဖြစ်၍ တဒါရုံ ၂-ကြိမ် မဖြစ်လောက်သာကြောင့် ဒုတိယတဒါရုံ မဖြစ်ရကား ပထမတဒါရုံလည်း မဖြစ်တော့ပါ။

သိမှတ်ဖွယ်။ ။ စိတ္တက္ခဏ ၁၀-ချက်လွန်ပြီးနောက် ထင်ခြင်းသို့ ရောက်လာသောအာရုံသည် စိတ္တက္ခဏ ၁၅-ချက် အသက်ရှိသောကြောင့် "ပထမမဟန္တာရုံ" ဖြစ်၏။ စိတ္တက္ခဏ ၃- ချက်လွန်ပြီးနောက် ထင်ခြင်းသို့ ရောက်လာသော အာရုံသည် စိတ္တက္ခဏ ၁၄-ချက် အသက်ရှိသောကြောင့် "ဒုတိယမဟန္တာရုံ" ဖြစ်၏။

ဦးကာ၌ "စုဒ္ဒသ စိတ္တက္ခဏာယုကေ"ဟူသော စကားကို ဒုတိယမဟန္တာရုံကို ရည်၍,

http://www.dhammadownload.com

"ပန္နရသစိတ္တက္ခဏာယုကေ"ဟူသော စကားကို ပထမမဟန္တာရုံကို ရည်၍ မိန့်ဆိုအပ်သည်-ဟုသိပါ။

မဟန္တာရုံဝိထိ၌ စိတ္တက္ခဏ ၂-ချက်, ၃-ချက် (အတိတဘဝင် ၂-ချက်, ၃-ချက်) လွန်ပြီးမှ အာရုံထင်လာရခြင်းအကြောင်း - အာရုံထင်လာခြင်း၏ အကြောင်းများဖြစ်ကြသော စက္ခုပသာဒ, ရူပါရုံ, အာလောကစသည်တို့က အတိမဟန္တာရုံလောက် အားမကောင်းသောကြောင့် မဟန္တာရုံဝိထိ၌ စိတ္တက္ခဏ ၂-ချက်, ၃-ချက် (အတိတဘဝင် ၂-ချက်, ၃-ချက်) လွန်ပြီးမှ အာရုံထင်လာရခြင်း ဖြစ်ပါသည်။

မဟန္တာရုံဝိထိ၌ စိတ္တက္ခဏ ၂-ချက်လွန်, ၃-ချက်လွန်ဟု ၂-မျိုးကွဲပြားရခြင်းအကြောင်း - ပသာဒ, အာရုံ, အာလောကတို့၏ အားရှိ-အားမရှိကို လိုက်၍ ယင်းသို့ ၂-မျိုးကွဲပြားရခြင်း ဖြစ်ပါသည်။

• **၂-မျိုးကွဲပြားသော်လည်း မဟန္တာရုံချည်း အမည်ရပုံ** - ယင်းသို့ ၂-မျိုးကွဲပြားသော်လည်း ဇဝနဝါရ၏ အာရုံချည်းဖြစ်၍ မဟန္တာရုံချည်း အမည်ရကြပါသည်။

မေး။ ထင်ပြီးသည်မှ စ၍ရေတွက် ၁၄-ချက် စိတ္တက္ခဏအသက်ရှိသော ဒုတိယမဟန္တာရုံ၌ အာရုံချုပ်သွားပြီဖြစ်၍ တဒါရုံမဖြစ်ခြင်းသည် ဖြစ်တန်စေ၊ ထင်ပြီးသည်မှ စ၍ ရေတွက် ၁၅-ချက် စိတ္တက္ခဏအသက်ရှိသော ပထမမဟန္တာရုံ၌ကား အာရုံမချုပ်သေးသော ကြောင့် တဒါရုံဖြစ်ရာသည် မဟုတ်ပါလော ရှင်းလင်းဖြေဆိုပါ။

ဖြေ။ တဒါရုံတို့မည်သည် **"မစားရအရှင်း စားရ ဆီထမင်း"**ဟူသကဲ့သို့ မကျသာလျှင် အလျှင်းမကျ, ကျသာလျှင် ၂-ကြိမ်သာ ကျရှိးထုံးစံရှိပါသည်။ ပထမမဟန္တာရုံ၌ ဇောနောင် စိတ္တက္ခဏတစ်ချက်မျှသာ ကြွင်းကျန်တော့သည်ဖြစ်၍ တဒါရုံ ၂-ကြိမ် မဖြစ်လောက်သောကြောင့် ဒုတိယတဒါရုံ မဖြစ်ပါ။ ဒုတိယတဒါရုံ မဖြစ်သောကြောင့် ပထမတဒါရုံလည်း မဖြစ်တော့ပါ။

မေး။ ပထမမဟန္တာရုံ၌ တဒါရုံ ၂-ကြိမ်မဖြစ်လောက်သောကြောင့် ဒုတိယတဒါရုံ မဖြစ်လျှင် ရှိစေ၊ တစ်ကြိမ်ဖြစ်လောက်သောကြောင့် ပထမတဒါရုံ ဖြစ်ရာသည် မဟုတ်ပါလော၊ ရှင်းပြပါ။

ဖြေ။ တဒါရုံ ၂-ကြိမ်ဖြစ်ခြင်းကိုသာ ပါဠိတော်၌ သတ်မှတ်ဟောသောကြောင့် ပထမတဒါရုံလည်း မဖြစ်ပါ။

http://www.dhammadownload.com

မေး။ ဒုတိယမဟန္တရာရုံ၌ သတ္တမဇောတွင် အာရုံချုပ်ပြီးဖြစ်သော်လည်း တဒါရုံသည် အတိတ်အာရုံ၌လည်း ဖြစ်သောကြောင့် ချုပ်လေပြီးသော ထိုအာရုံကို အာရုံပြု၍ ဖြစ်သင့်သည် မဟုတ်ပါလော? အဘယ့်ကြောင့် မဖြစ်ပါသနည်း၊ ဖြေဆိုပါ။

ဖြေ။ ချုပ်လေပြီးသော အတိတ်အာရုံကို အာရုံပြု၍ တဒါရုံ ဖြစ်သင့်သော်လည်း မဂ္ဂဝီထိ, ဖလဝီထိမှတပါး အခြားဝီထိများဝယ် တစ်ဝီထိတည်း၌ ပဋ္ဌဒ္ဓါရာဝဇ္ဇန်း စသော အချို့စိတ်က ပစ္စုပ္ပန်ကို အာရုံပြု၍ အချို့စိတ်က အတိတ်ကိုအာရုံပြုသောအားဖြင့် မကွဲပြားကောင်းသောကြောင့် ချုပ်လေပြီးသော အတိတ်အာရုံကို အာရုံပြု၍ တဒါရုံမဖြစ်ပါ။

မေး။ "တဒါရုံ ၂-ကြိမ်သာ ဖြစ်ရမည်" ဟူသော ပါဠိတော်လာ သတ်မှတ်ချက်ကို အဘယ့်ကြောင့် သိရပါသနည်း။

ဖြေ။ စိတ်အကြိမ်ကို ရေတွက်ပြရာဖြစ်သော အဋ္ဌသာလိနီ ဝိပါကုဒ္ဓါရကထာပါဠိ၌ ဝါရအားလုံးမှာပင် "တဒါရမ္မဏာနိ ဒ္ဝေ"ဟု ၂-ကြိမ်သော စိတ္တဝါရတို့သာ လာသောကြောင့်, "တဒါရုံ ၂-ကြိမ်သာ ဖြစ်ရမည်" ဟူသော ပါဠိတော်လာ သတ်မှတ်ချက်ကို သိရပါသည်။

မေး။ "တဒါရုံ ၂-ကြိမ်သာ ဖြစ်ရမည်"ဟူသော စကားသည် " သကိ ဒ္ဝေ ဝါ တဒါလမ္ဗံ၊ သကိမာဝဇ္ဇနာဒယော"ဟူသော ပရမတ္ထဝိနိစ္ဆယကျမ်းလာ စကားနှင့် ဆန့်ကျင်နေသည် မဟုတ်ပါလော? ထိုစကားနှစ်ရပ် မဆန့်ကျင်အောင် ရှင်းလင်းဖြေဆိုပါ။

ဖြေ။ အရှင်အနုရုဒ္ဓါဆရာ စီရင်အပ်သော ပရမတ္ထဝိနိစ္ဆယကျမ်း၌ "သကိ ဒ္ဝေ ဝါ တဒါလမ္ဗံ၊ သကိမာဝဇ္ဇနာဒယော"ဟု တဒါရုံ တစ်ကြိမ်ဖြစ်ပုံကို ဆိုထားခြင်းသည် မဂ္ဂိမနိကာယ်ဆောင်မထေရ်တို့၏ အလိုသို့လိုက်၍ ဆိုထားခြင်း ဖြစ်ပါသည်။ သူ့အလိုကျ ဆိုထားခြင်း မဟုတ်ပါ။

ထို မဂ္ဂိမနိကာယ်ဆောင်မထေရ်တို့၏ ဝါဒကို "တဒါရမ္မဏာနိ ဒ္ဝေ"ဟူသော စိတ္တပဝတ္တိဂဏနာပါဠိနှင့် မညီသောကြောင့် သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ အရှင်မဟာဗုဒ္ဓဃောသထေရ် ပယ်အပ်ပြီးဖြစ်၍ အရှင်အနုရုဒ္ဓါဆရာကိုယ်တိုင်ကလည်း တဒါရုံတစ်ကြိမ်ဖြစ်ခြင်းကို အလိုမရှိပါ။ ထို့ကြောင့်ပင် ဤအဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်း၌လည်းကောင်း, နံ့သာမရူပဝိရိစ္ဆေဒကျမ်း၌လည်းကောင်း တဒါရုံတစ်ကြိမ်ဖြစ်ခြင်းကို မိန့်ဆိုတော်မမူပါ။ သို့ဖြစ်၍ စကားနှစ်ရပ် မဆန့်ကျင်ပါ။

http://www.dhammadownload.com

မေး။ ပရိတ္တာရုံဝီထိ၌ ဝုဋ္ဌော ၁-ကြိမ်ဖြစ်ပြီးနောက် စိတ္တက္ခဏ ၆- ချက် အသက်ကြွင်းရှိပါသေးလျက် အဘယ့်ကြောင့် ဇောမဖြစ်ပါသနည်း ဖြေဆိုပါ။

ဖြေ။ ဝုဋ္ဌော ၁-ကြိမ်ဖြစ်ပြီးနောက် စိတ္တက္ခဏ ၆-ချက် အသက်ကြွင်းရှိသော အာရုံသည် အလွန်အားနည်းသည့်အတွက် ဇောဖြစ်ခြင်း၏ အကြောင်းအထောက်အပံ့ မဖြစ်နိုင်သောကြောင့် ဇော မဖြစ်ပါ။

ရှင်းချက်။ ။ ကာမဇောသည် စိတ္တက္ခဏ ၇-ချက် အသက်ရှိသော အာရုံ၌သာလျှင် ဖြစ်ရိုး ထုံးစံရှိသည်။ စိတ္တက္ခဏ ၆-ချက် အသက်ကြွင်းရှိသော အာရုံသည် အလွန်အားနည်းနေသောကြောင့် ဇော ၇-ကြိမ်ဖြစ်ဖို့ရန် ကျေးဇူးမပြုနိုင်တော့ပါ။ ထို့ကြောင့် ဇော မဖြစ်တော့- ဟူလို။

မေး။ ဇဝနမွိ အနုပ္ပဒ္ဓိတ္တာ-ကို အဘယ်သို့ အနက်ပေးရပါမည်နည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ဇဝနမွိ အနုပ္ပဒ္ဓိတ္တာ-၌ တ္တာပစ္စည်းသည် ဟိတ်အနက် ရှိပါသည်။ ထို့ကြောင့် "ဇဝနမွိ = ဇဝနဿ အဝိ၊ ဇောဇ်၏လည်း။ အနုပ္ပဒ္ဓိတ္တာ = အနုပ္ပဒ္ဓနတော မဖြစ်ခြင်းကြောင့်" ဟု အနက်ပေးရပါမည်။

ရှင်းလင်းချက်။ ။ "ဇဝနမွိ အနုပ္ပဒ္ဓိတ္တာ ဒွတ္တိက္ခတ္တုံ ဝေါဋ္ဌပ္ပနမေဝ ပဝတ္တာဝေါ်" ၌ အနုပ္ပဒ္ဓိတ္တာ-၏ ကတ္တားကား "ဇဝနံ"၊ ပဝတ္တတိ-၏ ကတ္တားကား "ဝေါဋ္ဌပ္ပနံ" ဖြစ်၍ ကတ္တားကွဲ၏။ ထိုသို့ကတ္တားကွဲရာ၌ "ဇဝနံ"ဟူသော မိမိ (အနုပ္ပဒ္ဓိတ္တာ)၏ ကတ္တားကို "ဇဝနဿဝိ"ဟု သမ္ဗန်ပြင်၍ "အနုပ္ပဒ္ဓိတ္တာ"ဟူသော တ္တာပစ္စယန္တပုဒ်ကို "အနုပ္ပဒ္ဓနတော"ဟု ဟိတ်ပြင်ပေးရသည်။

ဤသို့ ကတ္တားကို သမ္ဗန်၊ တ္တာပစ္စယန္တပုဒ်ကို ဟိတ် ပြင်၍ အနက်ပေးရခြင်းသည် တ္တာဒိပစ္စည်းတို့၏ သဘောတံထွာ ထုံးစံ ဓမ္မတာဖြစ်၏။

(ဆောင်) **ကတ္တားကွဲဘိ ၊ မတ္ခံရှိသော် မိမိကတ္တား၊ သမ္ဗန်ထား၍၊**
သက်ငြားဟိတ်မှာ၊ ဖြစ်တို့လာသည်၊ တ္တာဒိပစ္စည်း သဘောတည်း၊

မေး။ ဇဝနမွိ အနုပ္ပဒ္ဓိတ္တာ-၌ တ္တာပစ္စည်းသည် ပုဗ္ဗကာလအနက်၌ ဖြစ်သည်ဆိုလျှင် ရောက်သောအပြစ်ကို ဖော်ပြပါ။

ဖြေ။ "ဇဝနမွိ အနုပ္ပဒ္ဓိတ္တာ" ၌ တ္တာပစ္စည်းသည် ပုဗ္ဗကာလအနက်၌ ဖြစ်သည်ဆိုလျှင် "ပဝတ္တတိ" ဟူသော အပရကာလကြိယာနှင့် သမာနကတ္တုကအဖြစ် (ကတ္တားချင်းတူသည် ၏အဖြစ်)ကို မရအပ် မရနိုင်ခြင်း-ဟူသော အပြစ် ဖြစ်ပါ၏။

http://www.dhammadownload.com

မေး။ ဒွတ္တိကွတ္တုံ ဝေါဋ္ဌပနမေဝ ပဝတ္တတိ-ဝယ် ဒွတ္တိကွတ္တုံ-ပုဒ်၌ သိမှတ်ဖွယ်ကို ရေးပြခဲ့ပါ။

ဖြေ။ ဒွတ္တိကွတ္တုံ-ကို "ဒွိကွတ္တုံ၊ ဝါ, တိကွတ္တုံ ဝါ"ဟု ခွဲ၍ အနက်မှတ်ရပါမည်။ကေစိ ဆရာတို့ကား -"တိကွတ္တုံ-ဟူသောစကားသည် သဒ္ဒါပြေပြစ်ညက်ညော ချောမောရုံမျှ အကျိုးရှိ၏"ဟု ဆိုကြပါသည်။ ထိုစကားသည် ထို ကေစိဆရာတို့၏ မှားမှားယွင်းယွင်း နှလုံးသွင်းခြင်း ယူဆခြင်းမျှသာ ဖြစ်ပါသည်။ မှန်၏- "ဒွိတ္တိကွတ္တုံ ဝေါဋ္ဌပနမေဝ ပဝတ္တတိ" ဟု ဆိုလျှင်လည်း သဒ္ဒါမချောစရာ အကြောင်းမရှိပါ။ ဝုဋ္ဌော ၃-ကြိမ်ဖြစ်ခြင်းကို တားမြစ်တတ်သည့် တစ်စုံတစ်ခု သော စကားလည်း အဋ္ဌကထာ, ဋီကာတို့၌ မရှိပါ။ ထို့ကြောင့် ထိုထိုအဋ္ဌကထာ တို့၌ သီဟိုဠ်ကျမ်းပြုဆရာတို့လည်း "ဒွိကွတ္တုံ ဝါ တိကွတ္တုံဝါ" ဟူ၍ပင် ဖွင့်ဆိုကြပါသည်။

သိမှတ်ဖွယ်။။ အထက်ပါစကားများအရ "ဒွတ္တိကွတ္တုံ" သည် သမာသ် ပုဒ်မဟုတ်, ဝါကျသာ ဖြစ်သည်-ဟုလည်းကောင်း၊ ကွတ္တုံ-သဒ္ဒါနှင့် ဝါ သဒ္ဒါ လုတ္တနိဒ္ဒိဋ္ဌ-ဟုလည်း ကောင်း မှတ်ပါ။ (ဇူ၊ ၁။ ၄၆၇။)

မေး။ ဝိထိစိတ်ဖြစ်ပေါ်ရာ၌ ဇောသို့ မရောက်ဘဲ ဝုဋ္ဌော၌ စိတ်ဖြစ်ခြင်း၏ ဆုတ်နစ် ပြီးဆုံးမှု ရှိနိုင်သကဲ့သို့၊ ထို့အတူ ဝုဋ္ဌောသို့ မရောက်ဘဲ အကြားဖြစ်သော စက္ခုဝိညာဉ် စသည်တို့၌ တန့်ရပ်၍ စိတ်ဖြစ်ခြင်း၏ ဆုတ်နစ်ပြီးဆုံးမှု ရှိနိုင်ပါသလော။

ဖြေ။ မရှိနိုင်ပါ။ အနည်းဆုံး ဝုဋ္ဌောသို့ ရောက်ပြီးမှသာ စိတ်ဖြစ်ခြင်း၏ ဆုတ်နစ် ပြီးဆုံးမှု ရှိနိုင် ဖြစ်နိုင်ပါသည်။

မေး။ ပရိတ္တာရုံဝီထိကို ဝုဋ္ဌောအဆုံးရှိသော ဝါရဖြင့် မှတ်၍ ဆိုရာ၌ သိသာထင်ရှား အောင် ဝါဒန္တရကို ထုတ်၍ ရှင်းပြခဲ့ပါ။

ဖြေ။ မူလဋီကာဆရာ အရှင်အာနန္ဒာသည် "အာဝဇ္ဇနာ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော၊ အာဝဇ္ဇနာ အကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော"ဟု "အာဝဇ္ဇန်း၏ ကုသိုလ်, အကုသိုလ် ခန္ဓာ(ဇော)တို့အား အနန္တရ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု သည်၏အဖြစ်ကို ပဋ္ဌာန်းပါဠိတော်၌ ဟောတော်မူ၏။ ဝုဋ္ဌောနှင့် မနောဒ္ဓါရာဝဇ္ဇန်းလည်း တစ်မျိုးတည်းဖြစ်၏။ ထို့ကြောင့် ဝုဋ္ဌော ဖြစ်လျှင် ကာမာဝစရကုသိုလ်, အကုသိုလ်, ကြိယာဇောတို့၏ စင်စစ် အနန္တရ ပစ္စည်းအဖြစ်ဖြင့်သာလျှင် ဖြစ်ရာ၏။ တစ်ပါးသော ဘဝင်၏ အနန္တရပစ္စည်.

http://www.dhammadownload.com

အဖြစ်ဖြင့် မဖြစ်ရာ။ ထို့ကြောင့် မုစ္ဆာကာလ စသည်တို့၌ အားနည်းသော အရှိန်အဟုန်ရှိသောကြောင့် ဇော ၇-ကြိမ် မပြည့်စုံခြင်း (၄-ကြိမ်, ၅-ကြိမ် စောခြင်း)ဖြင့် ပရိတ္တာရုံကို သတ်မှတ်ထိုက်၏။ ဝုဋ္ဌော၏ ၂-ကြိမ် ၃-ကြိမ်ဖြစ်ခြင်းဖြင့် ပရိတ္တာရုံကို မသတ်မှတ်ထိုက်" ဟု ပြဆိုပါသည်။

ထိုသို့ ပြဆိုပါသော်လည်း တိဟိတ်ဝိပါက်စိတ်များကို အနန္တရပစ္စည်း အဖြစ်ဖြင့် ဘုရားရှင် ဟောတော်မူအပ်ကုန်လျက်ပင် ရဟန္တာတို့စုတိ၏ အစွမ်းဖြင့် ဖြစ်ကုန်သော ထိုဝိပါက်စိတ်တို့သည် (အရဟတ္တမဂ်ဉာဏ်ဖြင့် ဝဋ်မြစ်ကို အကြွင်းမဲ့ဖြတ်ပြီးဖြစ်၍ ဘဝကုန်ပြီးဖြစ်သောကြောင့်) တစ်စုံတစ်ခုသော ပဋိသန္ဓေစိတ်၏ အနန္တရပစ္စည်းအဖြစ်သို့ မရောက်ကြကုန်သကဲ့သို့၊ ထို့ အတူ ဝုဋ္ဌောသည်လည်း အတိမဟန္တာရုံ, မဟန္တာရုံဟူသော အကြောင်းချို့တဲ့သောကြောင့် ကုသိုလ်, အကုသိုလ် စသည်တို့၏ အနန္တရပစ္စည်း မဖြစ်ဟု မဆိုနိုင်မဟုတ်, ဆိုနိုင်သည်သာ။ ထို့ကြောင့် အဋ္ဌကထာတို့၌ လာသောနည်းအတိုင်းသာ ဤသဒ္ဒါဟ်ကျမ်း၌ ဝုဋ္ဌော ၂-ကြိမ်, ၃-ကြိမ်ဖြစ်ခြင်း ဖြင့် ပရိတ္တာရုံကို မှတ်သားရပါမည်။

ဆိုလိုရင်း - တိဟိတ်ဝိပါက်စိတ်တို့ကို အနန္တရပစ္စည်းအဖြစ်ဖြင့် ဘုရားရှင် ဟောတော်မူအပ်ပါကုန်သော်လည်း ရဟန္တာတို့စုတိ၏အစွမ်းဖြင့် ဖြစ်သောအခါ ထိုဝိပါက်စိတ်တို့သည် တစ်စုံတစ်ခုသော ပဋိသန္ဓေစိတ်၏ အနန္တရပစ္စည်းအဖြစ်သို့ မရောက်ကြကုန်သကဲ့သို့၊ ထို့အတူ ပဌာန်းပါဠိတော်၌ ဝုဋ္ဌောကို ကုသိုလ်, အကုသိုလ် ဇောတို့၏ အနန္တရပစ္စည်းအဖြစ် ဟောတော်မူသော်လည်း ဝုဋ္ဌောသည် အခါခပ်သိမ်း ကုသိုလ်, အကုသိုလ်ဇောတို့အားသာလျှင် အနန္တရပစ္စည်း တပ်သောကြောင့် ဟောတော်မူသည်မဟုတ်၊ အတိမဟန္တာရုံ, မဟန္တာရုံ ဟူသော အကြောင်းချို့တဲ့သောကြောင့် ကုသိုလ်, အကုသိုလ်, ကြိယာဇောတို့အား အနန္တရပစ္စည်း မတပ်ဘဲ ဘဝင်အား အနန္တရပစ္စည်း တပ်သည်လည်း ရှိပါသည်။ ထို့ကြောင့် ဝုဋ္ဌောအဆုံးရှိသောဝါရဖြင့်သာလျှင် ပရိတ္တာရုံကို မှတ်ရမည်-ဟူလို။

မေး။ အတိပရိတ္တာရုံဝီထိ၌ ဝိထိစိတ် မဖြစ်ဘဲ အဘယ့်ကြောင့် ဘဝင်စနချည်းသာ ဖြစ်ရပါသနည်း။

ဖြေ။ အလွန်ဆုံးအပိုင်းအခြားအားဖြင့် စိတ္တက္ခဏ ၇-ချက် အသက်ကြွင်းရှိသော အာရုံ၏လည်း ဝုဋ္ဌော ၂-ကြိမ်, ၃-ကြိမ် မဖြစ်လောက်သောကြောင့် ဝိထိစိတ်များ မဖြစ်ဘဲ ဘဝင်သာ လှုပ်ရပါတော့သည်။

http://www.dhammadownload.com

မေး။ "နတ္ထိ ဝိထိစိတ္တာပ္ပါဒေါ" ဟူသောစကားကို အဘယ်အကျိုးငှါ မိန့်ဆိုရပါသနည်း။

ဖြေ။ ဘဝင်္စနလမေ၀-၌ "၉၀" ဟူသော အဝဓာရဏာ၏ အကျိုးကိုပြခြင်းငှါ "နတ္ထိ ဝိထိစိတ္တာပ္ပါဒေါ" ဟူသော စကားကို မိန့်ဆိုရခြင်း ဖြစ်ပါသည်။ (ဘဝင်္ဂ-စလနမေ၀၌ "၉၀"ဟူသော အဝဓာရဏာ၏ အကျိုးပြပါဦးမှာ - "နတ္ထိ ဝိထိစိတ္တာပ္ပါဒေါ" ဖြစ်၏ - ဟူလို။)

အပရေဆရာတို့ကား - "နတ္ထိ ဘဝင်္ဂုပစ္ဆေဒေါ" ဟူ၍ အဝဓာရဏာ၏ အကျိုးကို ပြကြပါသည်။ ထိုသို့ပြကြပါသော်လည်း ထိုဘဝင်္ဂုပစ္ဆေဒ၏ မရှိခြင်းသည် ဝိထိစိတ်ဖြစ်ခြင်း၏ မရှိခြင်းကို ဆိုကြောင်းဖြစ်သော "နတ္ထိ ဝိထိ-စိတ္တာပ္ပါဒေါ" ဟူသော စကားဖြင့်ပင် ပြီးပါသည်။ ("နတ္ထိ ဝိထိစိတ္တာပ္ပါဒေါ = ဝိထိစိတ်မဖြစ်" ဟုဆိုလျှင် "ဘဝင်ပြတ်ခြင်းမရှိ" ဟူသော အနက် အဓိပ္ပါယ် ပြီးတော့၏၊ တမင် ဆိုဖွယ်မလိုတော့-ဟူလို။)

မေး။ နောက်ဆုံး၀ါရကိုသာ အဘယ့်ကြောင့် "မောယ၀ါရ" ဟု ဆိုရပါသနည်း ဖြေဆိုပါ။

ဖြေ။ အချင်းခပ်သိမ်း ဝိထိစိတ်ဖြစ်ခြင်း မရှိသောကြောင့် နောက်ဆုံး၀ါရကိုသာ "မောယ၀ါရ"ဟု ဤသဒ္ဒါဟ်ကျမ်း၌ အရှင်အနုရုဒ္ဓါဆရာ ဆိုရခြင်း ဖြစ်ပါသည်။

မေး။ အဋ္ဌသာလိနီအဋ္ဌကထာ အလို မောယ၀ါရများကို ဖော်ပြခဲ့ပါ။

ဖြေ။ အဋ္ဌသာလိနီအဋ္ဌကထာ၌ကား ဒုတိယဇ၀နယ၀ါရ, တတိယ၀ေဠဗ္ဘနယ၀ါရ (မဟန္တာရုံ, ပရိတ္တာရုံ)တို့ကိုလည်း တဒါရုံ,ဇောတို့မှ ကင်းဆိတ်ယုတ်လျော့သောကြောင့် "မောယ၀ါရ"ဟု ဆိုပါသည်။

သိမှတ်ဖွယ်။ ။ "ဒုတိယ ဇ၀နယ၀ါရ"ကို တဒါရုံမှ ကင်းဆိတ်ယုတ်လျော့သောကြောင့် "မောယ၀ါရ"ဟု ဆို၍၊ "တတိယ ၀ေဠဗ္ဘနယ၀ါရ"ကို ဇောမှ ကင်းဆိတ်ယုတ်လျော့သောကြောင့် "မောယ၀ါရ" ဟု ဆိုသည်-ဟု ခွဲခြားမှတ်သားပါ။

မေး။ စတုန္နံ ၀ါရာနံ ယထာက္ကမံ အာရမ္မဏာဘူတာ-၌ အာရမ္မဏာ-သဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ အာရမ္မဏာ-သဒ္ဒါသည် ဝိသယ(စိတ်၏ဖြစ်ရာ အာရုံဟူသောအနက်), ပစ္စယ (အကြောင်း)ဟူသော အနက်တို့ကို ဟော်ပါသည်။ ဤ၌ အနက် ၂-မျိုးလုံးကို ပင် ယူရပါမည်။ (ထို့ကြောင့် "ဝိသယဘူတာ ပစ္စယဘူတာ စ" ဟု ဖွင့်ခြင်း ဖြစ်သည်။)

http://www.dhammadownload.com

သိမှတ်ဖွယ်။ ။ ဝိသယဘူတာ ပစ္စယဘူတာ စ -ဟူသော အဖွင့်ဖြင့် "အာရမ္မဏဘူတာ"၌ အာရမ္မဏ-ပုဒ်သည် "အာရမ္မဏ် စ၊ အာရုံလည်း။ အာရမ္မဏ် စ အကြောင်းလည်း။ အာရမ္မဏ်၊ အာရုံ, အကြောင်း"ဟု သဒ္ဒသရူပေကသိသ် ပြုထားသော ပုဒ်ဖြစ်၏" ဟု သိစေပါသည်။

တစ်နည်း။ ။ "အာရမ္မဏ-အာရုံ။ အာရမ္မဏ-အကြောင်း"ဟု အနက်ပြားလျက် အာရမ္မဏ-သဒ္ဒါချင်းတူသောကြောင့် သာမညနိဒ္ဒေသနည်းအားဖြင့် တစ်ပုဒ်တည်း ညွှန်ပြထားသောပုဒ်ဖြစ်၏"ဟု သိစေပါသည်။

မေး။ "မောယဝါရ၏ အာရုံ (= အကြောင်း) ဖြစ်၍ဖြစ်သော ဝိသယပွဝတ္တိ" ဟူသော အနက်အဓိပ္ပာယ် ပြီးစီးပုံကို ရှင်းပြခဲ့ပါ။

ဖြေ။ "နှ လစ္ဆတိ မာရော သြတာရံ၊ နှ လစ္ဆတိ မာရော အာရမ္မဏံ- အစရှိသော ပါဠိရပ်(မဟာဝဂ္ဂ သတိပဋ္ဌာနသံယုတ်ပါဠိတော်)တို့၌ကဲ့သို့ အကြောင်းကိုလည်း "အာရမ္မဏ"ဟူ၍ ဆိုအပ်သောကြောင့် (အာရမ္မဏ သဒ္ဒါသည် "အကြောင်း" ဟူသောအနက်ကိုလည်း ဟောသောကြောင့်) ဤသရြိဟ်ကျမ်း၌ "မောယဝါရ၏လည်း အာရုံ(=အကြောင်း)ဖြစ်၍ ဖြစ်သော ဝိသယပွတ္တိ" ဟူသောအနက်အဓိပ္ပာယ် ပြီးစီးပါတော့သည်။

မေး။ စတုန္နံ ဝါရာနံ ယထာက္ကမံ အာရမ္မဏဘူတာ-၌ ဝါရ ၄-ပါးနှင့် အာရမ္မဏသဒ္ဒါကို ဖြစ်သင့်သလို တွဲစပ်ပြခဲ့ပါ။

ဖြေ။ တဒါရမ္မဏ, ဇဝန, ဝေါဋ္ဌပ္ပနဝါရ-ဟူသော ရှေ့ ၃-ဝါရနှင့် တွဲစပ်ခိုက် အာရမ္မဏ သဒ္ဒါသည် အာရုံ (= ဝိသယ)ဟူသောအနက်ကို ဟော၍၊ မောယဝါရနှင့် တွဲစပ်ခိုက် အာရုံ (= အကြောင်း) ဟူသော အနက်ကို ဟောပါသည်။

သိမှတ်ဖွယ်။ ။ ထင်လာသော အာရုံသည် ရှေ့ ၃-ဝါရတို့အတွက် အာဝဇ္ဇန်းစသော ဝိထိစိတ်တို့၏ ဝိသယ(=အာရုံ) ဖြစ်၏။ နောက်ဆုံးဝါရ၌ ဝိထိစိတ် လုံးဝမရှိသောကြောင့် ထင်လာသောအာရုံသည် ဝိသယ (= အာရုံ) မဖြစ်နိုင်၊ မောယဝါရဟုနာမည်တပ်၍ ပညတ်ဖို့ရာ အာရုံ (=အကြောင်း)သာ ဖြစ်သည်- ဟူလို။

မေး။ စတုန္နံ ဝါရာနံ ယထာက္ကမံ အာရမ္မဏဘူတာ-၌ ရှေ့ ၃-ဝါရအတွက် အာရုံ-ဟူသောအနက်သည် သင့်တန်စေ၊ နောက်ဆုံးဖြစ်သော မောယဝါရအတွက်ကား အာရုံ-ဟူသောအနက်သည် အဘယ်သို့လျှင် သင့်နိုင်ပါမည်နည်း၊ ရှင်းလင်းဖြေဆိုပါ။

http://www.dhammadownload.com

ဖြေ။ "နဲ လစ္ဆတိ မာရော ဩတာရံ၊ နဲ လစ္ဆတိ မာရော အာရမ္မဏံ- အစရှိသော ပါဠိရပ်(မဟာဝဂ္ဂ သတိပဋ္ဌာနသံယုတ်ပါဠိတော်)တို့၌ကဲ့သို့ အကြောင်းကိုလည်း "အာရမ္မဏ"ဟူ၍ ဆိုအပ်သောကြောင့် (အာရမ္မဏသဒ္ဒါသည် "အကြောင်း"ဟူသော အနက်ကိုလည်း ဟောသောကြောင့်) နောက်ဆုံးဖြစ်သော မောဃဝါရအတွက် အာရုံ(= အကြောင်း)ဟူသော အနက် သင့်သည်သာ ဖြစ်ပါသည်။

မေး။ အာရမ္မဏသဒ္ဒါသည် "အကြောင်း"ဟူသောအနက်ကိုမဟောဘဲ "အာရုံ" ဟူသောအနက်ကိုသာ ဟောသည်ဟု ယူခဲ့သော် ရောက်လာမည့်အပြစ်ကို ဖော်ပြပါ။

ဖြေ။ အကယ်၍ အာရမ္မဏသဒ္ဒါသည် "အကြောင်း"ဟူသောအနက်ကို မဟောဘဲ "အာရုံ" ဟူသော အနက်ကိုသာ ဟောသည်ဟု ယူခဲ့သော် ဘဝင်စလနသည် မိမိမိမိ၏ ဥစ္စာဖြစ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အာရုံ၌သာလျှင် ဖြစ်သည့်အတွက် နောက်ဆုံးမောဃဝါရ၏ အတိပရိတ္တာရုံ၌ ဖြစ်ခြင်း မရှိသောကြောင့် "စတုန္နံ ဝါရာနံ အာရမ္မဏာဘူတာ" ဟူသောစကားသည် မကောင်းသဖြင့် ပြီးစေအပ်သောစကားဖြစ်ခြင်း (အသင့်ယုတ္တိမရှိသော စကားဖြစ်ခြင်း) ဟူသော အပြစ်ဖြစ်စရာ ရှိပါသည်။

ရှင်းလင်းချက်။ ။ နောက်ဆုံးဝါရ၌ ဝိထိစိတ် လုံးဝမဖြစ်၊ အာရုံအသစ်ထင်လာသောကြောင့် ဘဝင်လှုပ်ရုံသာ ဖြစ်၏။ ထိုဘဝင်စလနသည် မိမိယူမြဲဖြစ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အာရုံ တစ်ပါးပါးကိုသာ ယူ၏။ အသစ်ထင်လာသော အာရုံကို မယူ။ ထို့ကြောင့် ဘဝင်စလနတွင်ဆုံးသော ပစ္ဆိမဝါရသည် ထိုအတိပရိတ္တာရုံ-ဟူသော အာရုံအသစ်၌ အာရုံပြု၍မဖြစ်သည့်အတွက် ပစ္ဆိမဝါရကိုပါ သိမ်းကျုံး၍ "စတုန္နံ ဝါရာနံ အာရမ္မဏာဘူတာ"ဟု ဆိုသောစကားသည် အသင့်ယုတ္တိမရှိသောစကား မကောင်းသဖြင့် ဆိုအပ်သောစကား ဖြစ်ခြင်း ဟူသောအပြစ် ဖြစ်စရာရှိ၏ - ဟူလို။

မေး။ ပဋ္ဌဒ္ဓါရေ ယထာရဟံ-၌ ယထာရဟ-အဓိပ္ပာယ်ကို ရေးပြခဲ့ပါ။

ဖြေ။ ပဋ္ဌဒ္ဓါရ၌ ဖြစ်သော ဝိထိစိတ်တို့၏ ထိုထို စက္ခုစသော ဒွါရတို့အားလျော်စွာ၊ ထိုထိုယောနိသောမနသိကာရ-စသော အကြောင်းတို့အားလျော်စွာ၊ ထိုထိုအာရုံဇော, သတ္တဝါတို့အားလျော်စွာ ဖြစ်ခြင်းကို "ယထာရဟ"ဟုဆိုပါသည်။

အမှာ။ ။ အနက်ပေးရာ၌ ယင်း "ယထာရဟံ"၏ စပ်ရာပုဒ်ကို "ဥပ္ပဇ္ဇမာနာနိ" ဟု ထည့်ပါ။

http://www.dhammadownload.com

သိမှတ်ဖွယ်။ ။ ဦးကာ၌ တံတံဒ္ဓါရာနုရူပ်-ပါဠိဖြင့် ပဥ္စပိညာဉ်တို့၏ အကြောင်းကို ပြသည်။ တံတံပစ္စယာနုရူပ်-ပါဠိဖြင့် ဇောစသည်တို့၏ အကြောင်းကို ပြသည်။ တံတံအာရမ္မဏာဒိအနုရူပ်-ပါဠိဖြင့် တဒါရုံစသည်တို့၏ အကြောင်းကို ပြသည်-ဟု မှတ်ပါ။ စက္ခုဒ္ဓါရစသည်တို့အားလျော်စွာ ပဥ္စဝိညာဉ်စိတ်များ ဖြစ်ကြသည်။ ယောနိသောမနသိကာရ, အယောနိသောမနသိကာရတို့အားလျော်စွာ ကုသိုလ်, အကုသိုလ် ဇောတို့ ဖြစ်ကြသည်။ အာရုံ, ဇော, သတ္တဝါတို့အားလျော်စွာ တဒါရုံများ ဖြစ်ကြသည်-ဟူလို။

မေး။ ဝိထိစိတ္တာနိ သတ္တေဝ-စသောဂါထာ၌ သတ္တ, စတုဒ္ဒသ, စတုပညာသ-အရတို့ကို အသီးသီး ကောက်ပြခဲ့ပါ။

ဖြေ။ သတ္တ-အရ အဝိသေသ သာမညအားဖြင့် ပဥ္စဒ္ဓါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ် စသည်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌေ၊ ဇော၊ တဒါရုံတို့ ဖြစ်ပါသည်။

စတုဒ္ဒသ-အရ စိတ်တို့၏ အသီးသီးဖြစ်ခြင်း (စိတ္တုပ္ပါဒ်)အားဖြင့် ပဥ္စဒ္ဓါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ်စသည်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌေ၊ ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်တို့ ဖြစ်ကြပါသည်။

စတုပညာသ-အရကား စိတ်သရုပ်အကျယ်အားဖြင့် ကာမစိတ် ၅၄-ပါး ဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ အဝိသေသတော သတ္တေဝ ဟောန္တိ-၌ ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်ဟု အထူးမဆိုဘဲ ဇောသာမန်, တဒါရုံ သာမန်အားဖြင့် ရေတွက်ခြင်းကို "အဝိသေသ"ဟု ဆိုပါသည်။ (လူ၊ ၁။ ၄၇၁။)

မေး။ စိတ္တပ္ပါဒါ စတုဒ္ဒသ-၌ စိတ္တုပ္ပါဒါ-ပုဒ်ကို ဝိဂြိုဟ်ဆို၍၊ အရအသီးသီး,ကောက်ပြခဲ့ပါ။

ဖြေ။ ဥပ္ပဇ္ဇနံ ဥပ္ပါဒေါ၊ စိတ္တာနံ ဥပ္ပါဒေါ စိတ္တုပ္ပါဒေါ၊ တသ္မာ။
စိတ်တို့၏ ဖြစ်ခြင်းကြိယာကို ရပါသည်။

(တစ်နည်း) ဥပ္ပဇ္ဇန္တိတိ ဥပ္ပါဒါ၊ စိတ္တာနိ ဧဝ ဥပ္ပါဒါ စိတ္တုပ္ပါဒါ။
ဖြစ်သောစိတ်တို့ကို ရပါသည်။

မေး။ စတုပညာသ ဝိတ္ထာရာ-အရ ပဥ္စဒ္ဓါရ၌ဖြစ်သော စိတ်တို့သည် အကျယ်အားဖြင့် အဘယ့်ကြောင့် ၅၄-ပါး ဖြစ်ရပါသနည်း။

ဖြေ။ ကာမာဝစရစိတ် ၅၄-ပါးလုံး ဖြစ်သင့်သည်အားလျော်စွာ ပဥ္စဒ္ဓါရ၌ ဖြစ်သော

http://www.dhammadownload.com

ကြောင့် အကျယ်အားဖြင့် ၅၄-ပါးဖြစ်ရပါသည်။

သိမှတ်ဖွယ်

ပဋ္ဌာန်ရဝိထိပေါင်းနှင့် ဘုံ, ပုဂ္ဂိုလ်။ ။ ပဋ္ဌာန်ရဝိထိသည် အတိမဟန္တာရုံ ၁-ဝိထိ၊ မဟန္တာရုံ ၂-ဝိထိ၊ ပရိတ္တာရုံ ၆-ဝိထိ၊ အတိပရိတ္တာရုံ ၆-ဝိထိအားဖြင့် စက္ခုဒ္ဒါရ၌ ၁၅-ဝိထိဖြစ်၏။ ကြွင်းသော ဒွါရတို့၌လည်း ထို့အတူ ၁၅-ဝိထိစီဖြစ်၍ (၁၅×၅=၇၅) ပဋ္ဌာန်ရ၌ ဝိထိပေါင်း ၇၅-ဝိထိဖြစ်ပါသည်။

ထို ၇၅-ဝိထိတို့တွင် စက္ခု, သောတ အတိမဟန္တာရုံ ၂-ဝိထိ၊ ဃာနာဒိတ္တယ ၄၅-ဝိထိ၊ ဤ (၄၇)ဝိထိတို့သည် ကာမဘုံ၌ ဖြစ်ကုန်၏။ ကြွင်း ၂၈-ဝိထိတို့သည် ပဋ္ဌဝေါကာရ ၂၆-ဘုံတို့၌ ဖြစ်ကုန်၏။ (တဒါရုံ၊ မကျသော အတိမဟန္တာရုံ, ဝိဘူတာရုံ ဝိထိများ ရှုပဘုံ၌ ဖြစ်ကြကုန်သေး၏။)

ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ် ၄-ယောက်၊ ဖလဋ္ဌာန် ၄-ယောက်တို့၌ ဖြစ်ကြပါသည်။

ပဋ္ဌာန်ရဝိထိ အဖွင့် ပြီး၏။

မနောဒ္ဒါရဝိထိ ကာမဇောဝါရ အဖွင့် (၁၄၇)

မေး။ ယဒိ ဝိဘူတမာရမ္မဏံ-အစရှိသောစကားကို အဘယ်အကျိုးငှါ မိန့်ဆိုရပါသနည်း။

ဖြေ။ မနောဒ္ဒါရိကစိတ်တို့၏ အာရုံသည် ပစ္စုပ္ပန်သာမဟုတ်၊ အတိတ်, အနာဂတ်လည်း ရှိသောကြောင့် အတိမဟန္တာရုံစသည်တို့၏အစွမ်းဖြင့် အာရုံကို ပိုင်းခြားသတ်မှတ်ရန် မဖြစ်နိုင်ပါ။ သို့ဖြစ်၍ ဝိဘူတ, အဝိဘူတတို့၏ အစွမ်းဖြင့်သာ ပိုင်းခြားသတ်မှတ်ခြင်းငှါ "ယဒိ ဝိဘူတမာရမ္မဏံ" အစရှိသောစကားကို မိန့်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ မနောဒ္ဒါရိကစိတ်တို့၏ အာရုံကို ပဋ္ဌာန်ရ၌ကဲ့သို့ အတိမဟန္တ စသည်တို့၏ အစွမ်းဖြင့်လည်း ပိုင်းခြားသတ်မှတ်သင့်သည် မဟုတ်ပါလော? အဘယ့်ကြောင့် အတိမဟန္တ စသည်တို့၏ အစွမ်းဖြင့်လည်း မပိုင်းခြားမသတ်မှတ်ဘဲ ဝိဘူတ, အဝိဘူတတို့၏ အစွမ်းဖြင့်သာ သတ်မှတ်ရပါသနည်း။

ဖြေ။ မနောဒ္ဒါရိကစိတ်တို့၏ အာရုံသည် ပစ္စုပ္ပန်သာမဟုတ်၊ အတိတ်, အနာဂတ်

http://www.dhammadownload.com

လည်း ရှိသောကြောင့် အတိမဟန္တာရုံ စသည်တို့၏အစွမ်းဖြင့် အာရုံကို ပိုင်းခြား သတ်မှတ်ရန် မဖြစ်နိုင်ပါ။ ထို့ကြောင့် ဝိဘူတ, အဝိဘူတတို့၏ အစွမ်းဖြင့်သာ ပိုင်းခြား သတ်မှတ်ရခြင်း ဖြစ်ပါသည်။

သိမှတ်ဖွယ်များ။ ။ "အတီတာနာဂတမွိ"ကို ဥပလက္ခဏာနည်းဟု မှတ်ပါ။ အကြောင်းကား- မနောဒွါရိက စိတ်တို့သည် ကာလဝိမုတ်အာရုံကိုလည်း အာရုံပြု သောကြောင့်တည်း။ (ဋီ၊ ၁။ ၄၇၂။)

မနောဒွါရ၌ ထင်လာနိုင်သော အာရုံများ - မနောဒွါရ၌ လွန်လေပြီးသော အတိတ် ရုပ်နာမ်တရား၊ မဖြစ်သေးသော အနာဂတ် ရုပ်နာမ်တရား၊ ဖြစ်တုန်း ဖြစ်ဆဲဖြစ်သော ပစ္စုပ္ပန် ရုပ်နာမ်တရား၊ ထင်ရှားမရှိသော ပညတ်အမျိုးမျိုး၊ အလွန်သိမ်မွေ့နက်နဲသော နိဗ္ဗာန်တရားများပင် ထင်လာနိုင်ကြပါသည်။ (မနောဒွါရ၌ မထင်နိုင်သော အာရုံဟူ၍ မရှိ၊ စိတ်စွမ်းအင်သတ္တိ ရှိသလောက် အာရုံမျိုးစုံ ထင်လာနိုင်ပါသည်။)

မနောဒွါရ၌ အာရုံထင်လာခြင်း အကြောင်းများ - ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ခဲ့ရခြင်း၊ သူတစ်ပါး ပြောသံဟောသံကို ကြားဖူးခြင်း၊ အတွေ့နှင့် အကြား နှစ်ပါးဆက်သွယ် ပေါင်းစပ်မိခြင်း၊ သူတစ်ပါး ပြောဟောသမျှကို တွေးတောဆင်ခြင်မှု မပြုဘဲ တစ်ခါ တည်းပုံ၍ ယုံကြည်လိုက်ခြင်း၊ မိမိ၏ ကြိုက်နှစ်သက်မှု၊ ပရမတ္ထတရားတို့၏ အခြင်း အရာသဘောကို ကြံစည် စဉ်းစားခြင်း၊ ဉာဏ်ဖြင့် စူးစမ်းဆင်ခြင်လျက် နှံစ်သက် ကျေနပ် ဆုံးဖြတ်ခြင်း၊ ကံအဟုန်၏ အစွမ်းသတ္တိ၊ တန်ခိုးဖြင့် ဖန်ဆင်း ဆောင်ပြမှု၊ သလိပ်, သည်းခြေ, သွေး, လေစသော ဓာတ်တို့၏ ချောက်ချားခြင်း၊ နတ်တို့ဖန်ဆင်း ဆောင်ပြခြင်း၊ သစ္စာလေးပါးကို ပိုင်နိုင်စွာ မဟုတ်သေးဘဲ အရိပ်အရောင်မျှ လျော်ကန် အောင် သိခြင်း၊ သစ္စာလေးပါးကို မှန်ကန်ပိုင်နိုင်စွာ သိခြင်းစသော အကြောင်း တို့ကြောင့် မနောဒွါရ၌ အာရုံများ ထင်လာနိုင်ပါသည်။

(ဆောင်) -တွေ့, အကြား၊ နှစ်ပါးရယ်နှင့် စပ်၍ကြုံ။
-သဒ္ဓါယုံ, ကိုယ်အကြိုက်ကယ်နှင့်၊ ခြင်းရာကို ကြံကာနှိုက်၊
ကိန်းဆိုက်အာရုံ။
-ဉာဏ်အမှု ကြံရွယ်၍ နှစ်သက်ပုံ၊ ကံအဟုန်, တန်ခိုး။
-ဓာတ်ခေါဘ၊ နတ်များငယ် ဆော်ဖန်လို့၊ လျော်ကန်,
တော်မှန်တည့်တာကြောင့်၊ ဘဝင်မှာ ထင်လာငြိရတယ်ကွယ်၊
ကျမ်းရှိလက်ရိုး။

စိတ်၏ စွမ်းအင်သတ္တိနှင့် အဖော်သဟဇာတများ - စိတ်သည် အာရုံနှင့်ကင်း၍ မဖြစ်နိုင်၊ အာရုံကို အဆင်သင့် ရလျှင် ရ, မရလျှင် ရအောင် မတွေ့လျှင် တွေ့အောင် ရှာဖွေတတ်

http://www.dhammadownload.com

၏။ ထိုသို့ ရှာဖွေရာ၌ စိတ်သည် အာရုံရှိရာအရပ်သို့ ရောက်အောင် သွားသည်လည်း မဟုတ်၊ အာရုံကိုလည်း မိမိအထံသို့ ရောက်အောင် ဆွဲငင်၍ မယူနိုင်ပေ။ သို့သော် ဒိဋ္ဌ, သုတစသော အကြောင်းတို့ကြောင့် ဘဝင်တည်း ဟူသော မနောဒွါရ အာရုံအမျိုးမျိုး ထင်လာအောင် ကြံဆောင်စိတ်ကူးနိုင်ပေသည်။ ထိုသို့ ကြံဆောင် စိတ်ကူးရာ၌ ဝိတက်, စေတနာ, မနသိကာရ စေတသိက်တို့သည် အရေးပါ အရာရောက်သော အဖော်သဟဲများ ဖြစ်ကြပါသည်။

အတီတဘဝင် ကျန်ိုင်သော ကာမဇော မနောဒွါရဝီထိနှင့် မကျန်ိုင်သော ကာမဇော မနောဒွါရဝီထိ - အတီတဘဝင် ကျန်ိုင်သော မနောဒွါရဝီထိမှာ - ၁၇-ချက် ရူပ်သက်အစေ့ ရကောင်းသော ဝိညတ်ဒွေး, လက္ခဏရူပ် လေးခုကြည့် ပစ္စုပ္ပန်ရူပ် ၂၂-ပါးကို အာရုံပြုသော မနောဒွါရဝီထိမျိုးသာ ဖြစ်ပါသည်။ ၁၇-ချက် ရူပ်သက် မစေ့ကောင်းသော ကာလသုံးပါး ၌ဖြစ်သော ရူပ်, နာမ်, ပညတ်တို့ကို အာရုံပြုသော မနောဒွါရဝီထိမျိုးကား အတီတဘဝင် မကျကောင်းပါ။

အတီတဘဝင် ကျန်ိုင်သော ဝီထိအမျိုးအစား - (၁) ကာမဇောဝါရ ဖြစ်ခြင်း (၂) ၁၇-ချက် ရူပ်သက် အစေ့ ရကောင်းသော ပစ္စုပ္ပန်ရူပ်ဘဝီသကို အာရုံပြုခြင်း၊ ဤ အင်္ဂါလက္ခဏာ ၂-ပါးနှင့် ပြည့်စုံသော ဝီထိမျိုး ဖြစ်ပါသည်။

သဂြိုဟ်ဘာသာဋီကာအဆို - သဂြိုဟ်ဘာသာဋီကာ၌ (၁) **စိတ်, စေတသိက်** တို့သည် ပင်ကိုက စိတ္တက္ခဏ တစ်ချက်မျှသာ အသက်ရှည်သောကြောင့် ထိုစိတ်, စေတသိက်အာရုံတို့ ထင်လာရာ၌ အတီတဘဝင် မချထိုက်။ (၂) -အတိတ်ရူပ်တရား တို့သည် ချုပ်ကွယ်လေပြီးဖြစ်၏၊ -အနာဂတ်ရူပ်တရား တို့ကား လုံးဝ မဖြစ်ကြသေးပေ။ -ပညတ်တရားတို့မှာ ဥပါဒ်, ဌိ, ဘင် အထင်အရှား မရှိကြ၊ -နိဗ္ဗာန်သည်လည်း ဥပါဒ်ခြင်းသဘောရှိသော တရား မဟုတ်။ ထို့ကြောင့် **အတိတ်-အနာဂတ် ရူပ်တရားနှင့် ပညတ်, နိဗ္ဗာန်**တို့ ထင်လာရာ၌လည်း ဥပါဒ်ပြီးနောက် စိတ္တက္ခဏ မည်မျှလွန်မှ ထင်လာသည်ဟု မဆိုနိုင်သောကြောင့် အတီတဘဝင် ချဖွယ်မလို။ (၃) ပစ္စုပ္ပန် ရူပ်၂၈-ပါးတို့တွင် အနိပ္ပန္နရူပ် ၁၀-ပါးတို့သည် ပရမတ်စစ်စစ် မဟုတ်, ပညတ် များသာဖြစ်သောကြောင့် ထို **ပစ္စုပ္ပန် အနိပ္ပန္နရူပ် ၁၀-ပါး**တို့ ထင်လာရာ၌လည်း ဥပါဒ်ပြီးနောက် စိတ္တက္ခဏ မည်မျှလွန်မှ ထင်လာ၏ဟု သတ်မှတ်၍ မရကောင်းသော ကြောင့် အတီတဘဝင် ချဖွယ်မလို။ (၄) ပစ္စုပ္ပန် နိပ္ပန္နရူပ်တို့ ထင်လာရာ၌ကား အချို့ရူပ်များသည် ဥပါဒ်လျှင် ဥပါဒ်ချင်း ထင်လာပေလိမ့်မည်၊ စိတ်၏ အစွမ်းကြောင့် ဌိသို့ရောက်အောင် ဆိုင်းငံ့လိမ့်မည်မဟုတ်။ အချို့ရူပ်များကား ဥပါဒ်ပြီးနောက် ထိုက် သင့်သမျှ စိတ္တက္ခဏကို လွန်ပြီးမှ ထင်လာနိုင်ပေလိမ့်မည်။ ထိုရူပ်များအတွက် အတီတ ဘဝင် ချထိုက်သော မနောဒွါရဝီထိများလည်း ရှိသင့်ပေသည်။

http://www.dhammadownload.com

(ဆောင်) စိတ်, စေတသိက်၊ ရူပ် ကိတ်-နာဝတ်၊ ပညတ်, နိဗ္ဗာန်၊
ထင်လာမှန်လျှင်၊ ဘဝင်ဘီတ၊ ချဖွယ် မဟုတ်၊ ပစ္စုပ်ရုပ်သာ၊
ထင်သောခါဝယ်၊ လော်ဘွာန္ဒိုင်းညှိ၊ ချခွင့်ရှိသည်၊ ယုတ္တိယုတ္တာ
စမ်းလေလော။ (အခြေပြုသင်္ကြိုဟ်)

မေး။ ဝိတ္ထာရေန ပနေတ္ထေက-၌ ဧတ္ထ-ကို မနောဒ္ဓါရေ-ဟု ဋီကာဆရာ ဖွင့်ဆိုရာ ယင်းမနောဒ္ဓါရ-ဟူသည် အဘယ်ပါနည်း။

ဖြေ။ အာဝဇ္ဇန်း၏ အခြားမဲ့ဖြစ်သော ဘဝင်္ဂုပစ္ဆေဒ ဖြစ်ပါသည်။ (လူ၊ ၁။ ၄၇၂။)

မေး။ ကာမဇော မနောဒ္ဓါရဝီထိ၌ အဘယ့်ကြောင့် စိတ် ၄၁-ပါးသာ ဖြစ်ရပါသနည်း။

ဖြေ။ ပဋ္ဌာန်၌ သီးခြားဖြစ်ကုန်သော ဒွေးပဋ္ဌဝိညာဉ် ၁၀၊ မနောဓာတ် ၃-ခုတို့ ၏ အစွမ်းဖြင့် (၁၃)ပါးသော စိတ်တို့သည် မနောဒ္ဓါရ၌ မဖြစ်သောကြောင့် ကာမဇော မနောဒ္ဓါရဝီထိ၌ စိတ် ၄၁-ပါးသာ ဖြစ်ရပါသည်။

အမှာ။ ။ စာမေးပွဲတို့၌ "ပဋ္ဌာန်ရာဝေဏီကစိတ်တို့ကို ဖော်ပြပါ"ဟုမေးတတ်သည်၊ ဖြေတတ်ပါ စေ။

မနောဒ္ဓါရ ကာမဇောဝါရအဖွင့် ပြီး၏။

အပ္ပနာဇောဝါဟအဖွင့်. (၁၄၇)

မေး။ အပ္ပနာဇောဝါရ၌ အဘယ့်ကြောင့် ဝိဘူတ, အဝိဘူတ အပြားမရှိဘဲ ဝိဘူတတစ်မျိုးသာ ဖြစ်ရပါသနည်း ဖြေဆိုပါ။

ဖြေ။ ကသိုဏ်းပညတ်စသော အာရုံများနှင့် နိဗ္ဗာန်အာရုံတို့. ထင်ရှားရာအခါ၌ သာလျှင် စွာန်ဇော, မဂ်ဇော, ဖိုလ်ဇော-ဟူသော အပ္ပနာဇောများ ဖြစ်သင့်သောကြောင့် အပ္ပနာဇောဝါရ၌ ဝိဘူတ, အဝိဘူတအပြားမှုမရှိဘဲ ဝိဘူတတစ်မျိုးသာ ဖြစ်ရပါသည်။

မှတ်ချက်။ ။ ဘုန်ခေါပဒီကာ၌ကား "တဒါရုံ မဖြစ်သောကြောင့် ဝိဘူတ, အဝိဘူတ အပြား မရှိ"ဟု ဆိုပါသည်။

"အလွန်ငြိမ်သက်သော အပ္ပနာဇောသို့ မငြိမ်သက်သော တဒါရုံ မလိုက်နိုင်သောကြောင့် အပ္ပနာဇောနောင် တဒါရုံ မဖြစ်"ဟု ပရမတ္ထဒီပနီ၌ ဆိုပါသည်။

http://www.dhammadownload.com

မေး။ ကသိုဏ်းပညတ်စသော အာရုံများနှင့် နိဗ္ဗာန်အာရုံတို့ ထင်ရှားရာအခါ၌ သာလျှင် စျာန်ဇော, မဂ်ဇော, ဖိုလ်ဇော-ဟူသော အပွနာဇောများ ဖြစ်ပါလျက် "အပွနာဇောဝါရေ ပန ဝိဘူတာဝိဘူတဘေဒေါ နတ္ထိ"ဟု အဘယ့်ကြောင့် အရှင် အနုရုဒ္ဓါဆရာ မိန့်ဆိုတော်မူရပါသနည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ကသိုဏ်းပညတ်စသော အာရုံများနှင့် နိဗ္ဗာန်အာရုံတို့ ထင်ရှားရာအခါ၌ သာလျှင် စျာန်ဇော, မဂ်ဇော, ဖိုလ်ဇော-ဟူသော အပွနာဇောများ ဖြစ်သောကြောင့် အပွနာဇောဝါရ၌ ဝိဘူတအာရုံတစ်မျိုးသာ ရှိပါသည်။ ဝိဘူတ, အဝိဘူတ-ဟု အာရုံနှစ်မျိုး မရှိနိုင်ပါ။ ထိုသို့ ဝိဘူတ, အဝိဘူတ-ဟု အာရုံနှစ်မျိုး နှစ်စား ကွဲပြားမှုမရှိသည်ကို ရည်ရွယ်၍ "အပွနာဇောဝါရေ ပန ဝိဘူတာ-ဝိဘူတဘေဒေါ နတ္ထိ"ဟု အရှင် အနုရုဒ္ဓါဆရာ မိန့်ဆိုတော်မူခြင်း ဖြစ်ပါသည်။

မေး။ တတ္ထ ဟိ ဉာဏသမ္မယုတ္တကာမာဝစရဇဝနာနမဋ္ဌန်-၌ တတ္ထ-အစွဲ ၂-မျိုးကို ဖော်ပြ၍၊ အစွဲအားလျော်စွာ ၄င်း၏ စပ်ရာကိုလည်း ညွှန်ပြခဲ့ပါ။

ဖြေ။ တတ္ထ = တေသု ဆဋ္ဌိသတိ မဟဂ္ဂတလောကုတ္တရ ဇဝနေသု၊ ထို ၂၆ - ပါးသော မဟဂ္ဂုတ်လောကုတ္တရာဇောတို့တွင်။ ယံ ကိဉ္စိ ဇဝနံ အပွနာဝီထိမောတရတိ-၌ စပ်ရပါမည်

(**တစ်နည်း**) တတ္ထ = တသ္မိံ အပွနာဇဝနဝါရေ၊ ထိုအပွနာဇောဝါရ၌။ ဆဋ္ဌိသတိ- ပုဒ်၌ စပ်ရပါမည်။

မေး။ ပရိက်, ဥပစာ, အနုလုံ, ဂေါတြဘူတို့၏ အဓိပ္ပာယ်အသီးသီးကို ရေးသားဖြေဆိုပါ။

ဖြေ။ (၁) အပွနာကို ပြုတတ် = အပွနာဖြစ်ပေါ်လာအောင် ပြုစီမံတတ်သောကြောင့် "ပရိက်" မည်ပါသည်။

(၂) အပွနာ၏ အနီး၌ဖြစ်တတ်သောကြောင့် "ဥပစာ" မည်ပါသည်။

တစ်နည်း။ ။ အပွနာသို့ကပ်ရောက်၍ ဖြစ်တတ်သောကြောင့် "ဥပစာ" မည်ပါသည်

(၃) အပွနာဝီထိသို့ မရောက်မီ ရှေ့အဖို့ဝယ် အမျိုးမျိုးသော အာဝဇ္ဇန်းရှိသော ဝီထိ၌ဖြစ်သော ပရိက်တို့အား ပစ္စယုပ္ပန်အဖြစ်ဖြင့် လျော်၍, အထက်၌ ပစ္စယုပ္ပန်ဖြစ်သော အပွနာဇောအား ပစ္စည်းအဖြစ်ဖြင့် လျော်သောကြောင့် "အနုလုံ" မည်ပါသည်။

(၄) ကာမအန္ဓယ်, ပထုဇဉ်အန္ဓယ်ကို လွှမ်းမိုးတတ်သောကြောင့်လည်း

http://www.dhammadownload.com

ကောင်း။ မဟာဂျုတ်အနွယ်, လောကုတ္တရာအနွယ်ကို တိုးပွားစေတတ်သော ကြောင့်လည်းကောင်း "ဂေါတြဘူ" မည်ပါသည်။

သိမှတ်ဖွယ်များ

"အပွနာယ ပရိကမ္မတ္ထာ ပဋိသခါရတာဘူတတ္ထာ" ဟူသောပါဠိဖြင့် "အပွနံ ပရိကရောတိ ပဋိသခံရောတီတိ ပရိကမ္မံ" ဟူသော ဝစနတ္ထကို ပြသည်။

"သမီပစာရိတ္ထာ" ဟူသော ပါဠိဖြင့် "အပွနာယ သမီပေ စရတီတိ ဥပစာရံ" ဟူသော ဝစနတ္ထကို ပြသည်။ အပွနံ ဥပေစ္စ စရတီတိ ဝါ ဥပစာရံ - ဟု တစ်နည်းပြုပါ။ (ပထမနည်း၌ ဥပ-သဒ္ဒါ သမီပ အနက်ဟောဖြစ်၍၊ ဒုတိယနည်း၌ ဥပဂမန အနက်ဟော ဖြစ်သည်-ဟု မှတ်ပါ။)

"အနုကူလတ္ထာ"ဟူသောပါဠိဖြင့် "အနုလောမေတီတိ အနုလောမံ" ဟူသော ဝစနတ္ထကို ပြသည်။ (အနုလောမ-သဒ္ဒါ အနုကူလတ္ထဝါစီ ရုဠ္ဍီ အနိပ္ပန္နပါဠိပဒိကပုဒ် ဖြစ်၍ ဝစနတ္ထ မပြုကောင်း-ဟုလည်း ဆိုကြပါသည်။)

"ပရိတ္တဂေါတ္တာသ ။ ပ ။ အဘိဘဝနတော" ဟူသောပါဠိဖြင့် "ဂေါတ္တံ ဘဝတိ အဘိဘဝတီ တိ ဂေါတြဘု"ဟူသော ဝစနတ္ထကို ပြသည်။ "ဂေါတ္တံ၊ ကာမအနွယ်, ပုထုဇဉ်အနွယ်ကို။ ဘဝတိ-အဘိဘဝတိ၊ လွှမ်းမိုးတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဂေါတြဘု၊ ဂေါတြဘူ-မည်၏" ဟု အနက်ပေးပါ။

"မဟဂ္ဂတဂေါတ္တာသ ။ ပ ။ ဘာဝနတော"ဟူသောပါဠိဖြင့် "ဂေါတ္တံ ဘာဝေတိ ဝဍ္ဎေတီတိ ဂေါတြဘု"ဟူသော ဝစနတ္ထကို ပြသည်။ "ဂေါတ္တံ၊ မဟဂ္ဂုတ်အနွယ်, လောကုတ္တရာ(အရိယာ)အနွယ်ကို။ဘာဝေတိ-ဝဍ္ဎေတိ၊ တိုးတက်ဖြစ်ပွားစေတတ်၏။ ဣတိ၊ ထို့ကြောင့်။ဂေါတြဘူ-မည်၏" ဟု အနက်ပေးပါ။

(ဂေါတြဘု-ပုဒ်၏ ဝစနတ္ထ ၂-နည်းတွင် ပထမနည်း၌ အဘိ-သဒ္ဒါသက်သက်က အဘိဘဝန အနက်ကို မဟောနိုင်သောကြောင့် အဘိ-သဒ္ဒါကျေနေသည်-ဖွံ့တ်ပါ။

တစ်နည်း -'ဓာတူနံ အနေကတ္ထ-တ္ထာ' ပရိဘာသာဇရ အဘိ-သဒ္ဒါ အဘိဘဝန အနက်ဟော-ဟု မှတ်ပါ။ ဒုတိယနည်း၌ ဘူဓာတ်ကို ကာရိုက်ပစ္စည်း အတွင်းဝင်နေသော 'ကာရိတန္တောဂဓာတ်'ဟု သိပါ။)

ဂေါတ္တအရ - ကာမအနွယ်, ပုထုဇဉ်အနွယ်။ (တစ်နည်း) မဟဂ္ဂုတ်အနွယ်, လောကုတ္တရာအနွယ် ကိုရ၏။ **ဂေါတြဘုအရ** - စတုတ္ထစိတ်ကို ရ၏။

မေး။ အပွနာ၏ အနီး၌ ဖြစ်တတ်သောကြောင့် 'ဥပစာ'ဟုဆိုလျှင် စတုတ္ထစိတ် (ဂေါတြဘူ)သည်သာ ဥပစာရအမည် ရသင့်သည် မဟုတ်ပါလော? ရှင်းလင်းဖြေဆိုပါ

ဖြေ။ မနီးလွန်းသော်လည်း မဝေးလွန်းသော အရပ်၌ ဖြစ်ခြင်းသဘောတရားသည်

http://www.dhammadownload.com

'သမိပစာရီ' မည်သောကြောင့် ဒုတိယစိတ်သည်သာ ဥပစာရ အမည်ရ၍ စတုတ္ထဖြစ်သော ဂေါတြဘူစိတ်သည် "ဥပစာရ"ဟူသောအမည်ကို မရနိုင်ပါ။

မေး။ ဥပစာရသမာဓိဇောတို့သည် အဘယ်အခါ၌ ပရိက်-စသော အမည် ၄-မျိုးတို့ကို အကြွင်းအကျန် မရှိရအပ်ပါသနည်း ဖြေဆို၍၊ အမည် ၃-မျိုးသာ ရအပ်ရာအခါကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ပရိက်-စသော ဥပစာရသမာဓိဇောတို့သည် ဒန္ဓာဘိညာ (မန္ဒပညာ) ပုဂ္ဂိုလ်၌ ၄-ကြိမ်စော၏။ ထိုသို့ ၄-ကြိမ်စောသောအခါ ပရိက်၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ"ဟူသော အမည် ၄-မျိုးလုံးကို ရပါသည်။

ခိပ္ပါဘိညာ (တိက္ခပညာ) ပုဂ္ဂိုလ်၌ ၃-ကြိမ်စော၏။ ထိုသို့ ၃-ကြိမ်စောရာ၌ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ဟူသော အမည် ၃-မျိုးကိုသာ ရပါသည်။ ပရိက်-ဟူသော အမည်ကို မရပါ။

မေး။ ပရိက်စသည်တို့နှင့်စပ်၍ ဓိသုဒ္ဓိမဂ်စသည်တို့အဆိုကို ဖော်ပြခဲ့ပါ။

ဖြေ။ ဝိသုဒ္ဓိမဂ်နှင့် အဋ္ဌသာလိနီအဋ္ဌကထာတို့၌ကား နောက်ဆုံးဇောကိုသာ ဂေါတြဘူ-ဟု အမည်တပ်၍ ရှေ့ဇော ၃-ကြိမ် (ဒန္ဓာဘိညာပုဂ္ဂိုလ်အတွက်)ကိုကား ပရိက်-ဟုချည်းလည်းကောင်း၊ ဥပစာ-ဟုချည်းလည်းကောင်း၊ အနုလုံ-ဟုချည်းလည်းကောင်း အမည်တပ်နိုင်၏-ဟုဆိုပါသည်။

မေး။ စတုက္ခတ္တုံ တိက္ခတ္တုမေဝ ဝါ (ပ) စတုတ္ထံ ပဉ္စမံ ဝါ" ဟူသော သဒ္ဒါဟ်ပါဠိ၌ ဆိုလိုရင်း အဓိပ္ပာယ်ကို ရေးသားဖြေဆိုပါ။

ဖြေ။ အပွနာဇော ၅-ကြိမ်မြောက်၌ စောမည်ဆိုလျှင် ထိုဇောအားလျော်စွာ ရှေ့က ဥပစာရသမာဓိဇော ၄-ကြိမ် စောရမည်။

အပွနာဇောက ၄-ကြိမ်မြောက်၌ စောမည်ဆိုလျှင် ထိုဇောအားလျော်စွာ ရှေ့က ဥပစာရသမာဓိဇော ၃-ကြိမ်သာ စောရမည်ဟု ဆိုလိုပါသည်။

မေး။ ဥပစာရသမာဓိဇော စောပုံကို ပြရာ၌ ဂဏန်းသင်္ချာစဉ်အတိုင်း "တိက္ခတ္တုံ စတုက္ခတ္တုမေဝ ဝါ" ဟု ဆိုသင့်သည် မဟုတ်ပါလော? ယင်းသို့မဆိုဘဲ အဘယ့်ကြောင့် "စတုက္ခတ္တုံ"ကို အစထား၍ ဆိုရပါသနည်း။

ဖြေ။ ပရိက်၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု ဟူသော အမည် ၄-မျိုးလုံး အကြွင်းအကျန် မရှိ အကုန်အစင်ရထိုက်သော ဇောဝါရကို ပြခြင်းအကျိုးငှါ (ပြလိုသောကြောင့်)

http://www.dhammadownload.com

"စတုက္ခတ္ထုံ"ကို အစထား၍ ဆိုရခြင်း ဖြစ်ပါသည်။

မေး။ အပ္ပနာဇောစောပုံကို ပြရာ၌ ရှေ့နောက်ကိုက်ညီအောင် "ပဥ္စမံ စတုတ္ထံ ဝါ" ဟု မဆိုဘဲ အဘယ့်ကြောင့် "စတုတ္ထံ ပဥ္စမံ ဝါ" ဟု ပဥ္စမံ-ကို နောက်ချ၍ ဆိုရပါသနည်း။

ဖြေ။ အပ္ပနာဇောစောပုံကို ပြရာ၌ကား ရှေ့က ဥပစာရသမာဓိဇော ၄-ကြိမ်စေ့လျှင် အပ္ပနာဇောက ၅-ကြိမ်မြောက်၊ ရှေ့က ဥပစာရသမာဓိဇော ၃-ကြိမ်စေ့လျှင် အပ္ပနာဇောက ၄-ကြိမ်မြောက် စောရမည်မှာအလွန်ထင်ရှားသောကြောင့် "၄၊ ၅" ဟူသော ဂဏန်းသင်္ကာအစဉ်၏ အစွမ်းဖြင့် (= "၄၊ ၅" ဟူသော ဂဏန်းအစဉ်ကျအောင်) "စတုတ္ထံ ပဥ္စမံ ဝါ"ဟု "ပဥ္စမံ"ကို နောက်ချ၍ ဆိုခြင်း ဖြစ်ပါသည်။

မေး။ "ယထာရဟံ စတုတ္ထံ ပဥ္စမံ ဝါ" ၌ ယထာရဟ အဓိပ္ပာယ်ကို ရေးပြပါ။

ဖြေ။ ခိပ္ပါဘိညာ, ဒန္ဓာဘိညာပုဂ္ဂိုလ်အလိုက် ထိုက်သည့်အားလျော်စွာဖြစ်ခြင်းကို "ယထာရဟံ" ဟု ဆိုပါသည်။

မေး။ "ယထာရဟံ စတုတ္ထံ ပဥ္စမံ ဝါ" ၌ ယထာရဟဖြစ်ပုံကို ရေးပြခဲ့ပါ။

ဖြေ။ ခိပ္ပါဘိညာပုဂ္ဂိုလ်အား ၃-ကြိမ်ဖြစ်သော ကာမာဝစရဇောနောင် ၄-ကြိမ်မြောက်၌ အပ္ပနာဇော စောပါသည်။

ဒန္ဓာဘိညာပုဂ္ဂိုလ်အား ၄ -ကြိမ်ဖြစ်သော ကာမာဝစရဇောနောင် ၅-ကြိမ်မြောက်၌ အပ္ပနာဇောစောပါသည်။

မေး။ အပ္ပနာဇောတို့ အဘယ့်ကြောင့် ၄-ကြိမ်မြောက်အောက်အယုတ် ၃-ကြိမ်မြောက်၌လည်းကောင်း၊ ၅-ကြိမ်မြောက်ထက်အလွန် ၆-ကြိမ်, ၇-ကြိမ်မြောက်၌လည်းကောင်း မစောကြပါသနည်း။

ဖြေ။ အနုလုံသည် အာသေဝနပစ္စည်းကို မရသည့်အတွက် အားနည်းသောကြောင့် ဂေါတြဘူကို မဖြစ်စေနိုင်ပါ။ ထို့ကြောင့် ၄-ကြိမ်မြောက် အောက်အယုတ် ၃-ကြိမ်မြောက်၌ "အနုလုံ, ဂေါတြဘူ, စျာန်" ဟု အပ္ပနာဇော မစောခြင်း ဖြစ်ပါသည်။

အာသေဝနပစ္စည်းကို ရပြန်ပါသော်လည်း ၆-ကြိမ်မြောက် ၇-ကြိမ်မြောက်၌

http://www.dhammadownload.com

စောသောဇောသည် ဘဝင်ကျဖို့ရာ နီးကပ်နေသောကြောင့် ချောက်ကမ်းပါး ပြတ်သို့ အဟုန်ပြင်းစွာပြေးသွားသော ယောက်ျားသည် ချောက်ကမ်းပါးထိပ်သို့ ရောက်လျှင် ရပ်ချင်သော်လည်း မရပ်နိုင်ဘဲ ချောက်ကမ်းပါး အတွင်း သက်ဆင်းကျရောက်သကဲ့သို့ အပွနာဇော၏အစွမ်းဖြင့် ဖြစ်ပေါ်တည်တံ့ခြင်း ၌၊ မစွမ်းနိုင်ပါ။ ထို့ကြောင့် ၅-ကြိမ်မြောက်ထက်အလွန် ၆-ကြိမ်, ၇-ကြိမ်မြောက် ၌ အပွနာဇော မစောခြင်း ဖြစ်ပါသည်။

ရှင်းချက်။ ။ သုံးကြိမ်မြောက်၌ အပွနာဖြစ်လျှင် "အနုလုံ, ဂေါတြဘူ, စျာန်"ဟု ဖြစ်ရမည်။ ယင်းသို့ဖြစ်လျှင် အနုလုံသည် ပထမဇောဖြစ်၍ သူ့ရှေ့ကစောသောဇော မရှိသဖြင့် အာသေဝနပစ္စည်းကို မရပေ။ အာသေဝနပစ္စည်းကို မရသည့်အတွက် အားနည်းသောကြောင့် ဒုတိယဖြစ်သော ဂေါတြဘုကို မဖြစ်စေနိုင်ပါ။

မေး။ ယထာဘိနီဟာရဝသေန ယဲ ကိ၌ ဇဝန်-၌ ယထာဘိနီဟာရ အဓိပ္ပာယ်ကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ရူပစျာန်, အရူပစျာန်အားလျော်သော သမထဘာဝနာစိတ်၊ လောကုတ္တရာမဂ်, ဖိုလ်အားလျော်သော ဝိပဿနာဘာဝနာစိတ်ကို မိမိ မိမိဥစ္စာဖြစ်သော အာရုံသို့ ရှေးရှုဆောင်ခြင်းအားလျော်စွာ ၂၆-ပါးသော မဟဂ္ဂုတ်, လောကုတ္တရာဇောတို့တွင် တစ်ခုခုသော ဇောသည် အပွနာ၏ အစွမ်းဖြင့် ဖြစ်ပေါ်လာသည်ဟု ဆိုလိုပါသည်။

မေး။ အပွနာဝီထိ မောတရတိ-၌ အပွနဝီထိ-ဟူသည် အဘယ်နည်း ဖြေဆိုပါ။

ဖြေ။ "အပွနာယ (သမ္မန္နိန်) ဝီထိ အပွနာဝီထိ"ဟူသော ဝစနတ္ထနှင့်အညီ အပွနာနှင့် ဆက်စပ်ခြင်းရှိသော စိတ်အစဉ်အဆက်သည် "အပွနာဝီထိ" မည်ပါသည်။

မေး။ "တတော ပရံ ဘဝင်ပါတော ဟောတိ"ဟူ၍သာ မဆိုဘဲ အဘယ့်ကြောင့် "တတော ပရံ အပွနာဝသာနေ ဘဝင်ပါတောဝ ဟောတိ"ဟု "အပွနာ-ဝသာနေ"ကို ထည့်ဆိုရပါသနည်း။

ဖြေ။ "တတော ပရံ ဘဝင်ပါတော ဟောတိ" ဟူ၍သာဆိုလျှင် ၄-ကြိမ်မြောက်, (သို့မဟုတ်) ၅-ကြိမ်မြောက်စောသော အပွနာဇောနောင် ဘဝင်သာကျတော့သည်၊ မဂ်ဇောနောင် ဖိုလ်ဇောများ မဖြစ်တော့။ သမာပတ္တိဝီထိ၌ စျာန်ဇော, ဖိုလ်ဇောများလည်း အကြိမ်များစွာမဖြစ်တော့ဟု ယူမှားကြကုန်ရာသောကြောင့်

http://www.dhammadownload.com

ထိုအယူမှားကို ပယ်ရှားတားမြစ်ခြင်းအကျိုးငှါ "တတော ပရံ အပ္ပနာဝသာနေ ဘဝင်္ဂပါတောဝ ဟောတိ"ဟု "အပ္ပနာဝသာနေ"ကို ထည့်၍ ဆိုရခြင်း ဖြစ်ပါသည်။

သီဓေလိုရင်း

"မဂ္ဂဝီထိ၌ မင်္ဂဇောနောင် ဖိုလ်ဇော ၂-ကြိမ်, ၃-ကြိမ်၊ သမာပတ္တိဝီထိ၌ ဈာန်ဇော, ဖိုလ်ဇောများ အကြိမ်များစွာ စေပြီးမှ ဘဝင်ကျသည်" ဟု သီဓေလိုရင်း ဖြစ်ပါသည်။

မေး။ "အပ္ပနာဝသာနေ ဘဝင်္ဂပါတော ဟောတိ"ဟူ၍သာ မဆိုဘဲ အဘယ့်ကြောင့် "ဘဝင်္ဂပါတောဝ" ဟု အဝဓာရဏာ ဧဝ-သဒ္ဒါနှင့်တကွဆိုရပါသနည်း။

ဖြေ။ မဟာဝိဟာရဝါသီဝိဏ်းသားမှ တပါးသော ဇေတဝနဝါသီ, အဘယဂိရိဝါသီ ဝိဏ်းသားဆရာတို့သည် "လောကီအပ္ပနာ-ခေါ် ဈာနဝီထိတို့တွင် အာဒိကမ္မိက ဈာနဝီထို၌ ရှေးဦးစွာစောသော ဈာန်ဇောတစ်ကြိမ်နောင် ဇော ၃-ကြိမ် ပြည့်စေခြင်းအကျိုးငှါ ဒုန္နာဘိညပုဂ္ဂိုလ်၌ ကာမဇော ၂-ကြိမ်၊ ခီပ္ပါဘိညပုဂ္ဂိုလ်၌ ကာမဇော ၃-ကြိမ် ထပ်၍ စောသေး၏" ဟု ဖွင့်ဆိုကြပါသည်။ ထိုဆရာတို့၏ အယူကို တားမြစ်ခြင်း အကျိုးငှါ (တားမြစ်လိုသောကြောင့်) "ဘဝင်္ဂပါတောဝ" ဟု အဝဓာရဏာ ဧဝ-သဒ္ဒါနှင့်တကွ မိန့်ဆိုရခြင်း ဖြစ်ပါသည်။

ဆိုလိုရင်း။ ။"အပ္ပနာဇောနောင် ကာမဇောထပ်၍ မစောရ၊ ဘဝင်သာ ကျတော့သည်" ဟု သီဓေလိုသောကြောင့် "ဘဝင်္ဂပါတောဝ"ဟု အဝဓာရဏာ ဧဝ-သဒ္ဒါနှင့်တကွ မိန့်ဆိုရခြင်း ဖြစ်သည်-ဟူလို။

မေး။ တတ္ထ သောမနဿသဟဂတဇဝနာနန္တရံ- ၌ တတ္ထ အစွဲများကို ၎င်းတို့၏ စပ်ရာပုဒ်များနှင့်တကွ ဖော်ပြခဲ့ပါ။

ဖြေ။ တတ္ထ၊ ထိုဉာဏသမ္မယုတ် ကာမာဝစရဇော ၈-ခုတို့တွင်။ "သောမနဿသဟဂတဇဝနာနန္တရံ၊ ဥပေက္ခာသဟဂတဇဝနာနန္တရံ"တို့၌စပ်ရပါမည်။

ဝါ၊ ထို ၂၆-ပါးသော မဟဂ္ဂုတ်, လောကုတ္တရာဇောတို့တွင်။ "အပ္ပနာပိ သောမနဿသဟဂတာဝ၊ ဥပေက္ခာသဟဂတာဝ"တို့၌ စပ်ရပါမည်။

ဝါ၊ ထိုအပ္ပနာဇောဝါရ၌။ "ပါဠိကဩတဗွာ"၌ စပ်ရပါမည်။

မေး။ အပ္ပနာပိ သောမနဿသဟဂတာဝ-၏ ပါဠိကဩတဗွာ-၏ အဓိပ္ပာယ်ကို ရေးပြပါ။

ဖြေ။ စတုက္ကဈာန် (ပဌမဈာန်စသော ရှေ့ဈာန် ၄-ပါးအပေါင်း)၏ လည်းကောင်း၊

http://www.dhammadownload.com

သုက္ခဝိပဿက, စျာနလာဘီပုဂ္ဂိုလ်တို့၏ မဂ်, ဖိုလ်၏လည်းကောင်း အစွမ်းဖြင့် သောမနဿသဟဂုတ် အပွနာကိုသာ အလိုရှိအပ်၏၊ ဥပေက္ခာသဟဂုတ် အပွနာ ကို အလိုမရှိအပ်-ဟု ဆိုလိုပါသည်။

မေး။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်ဇော ၄-ခုနောင် ဥပေက္ခာသဟဂုတ် အပွနာကို အဘယ့်ကြောင့် အလိုမရှိအပ်ပါသနည်း။

ဖြေ။ ပဌာန်းပါဠိတော် အာသေဝနပစ္စည်း၌ ဝေဒနာကွဲပြားသော ဇောအချင်းချင်း အာသေဝနပစ္စည်းဖြစ်ပုံကို ဘုရားရှင် ထုတ်ဆောင်တော်မမူအပ်သောကြောင့် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်ဇော ၄-ခုနောင် ဥပေက္ခာသဟဂုတ် အပွနာကို အလိုမရှိအပ်ပါ။

မေး။ ဉာဏသမ္ပယုတ် ကာမာဝစရ ကုသိုလ်ဇော ၄-ခု နောင် အဘယ့်ကြောင့် ကြိယာ အပွနာဇော မစောနိုင်ပါသနည်း။

ဖြေ။ ကြိယာအပွနာဇောသည် ပုထုဇဉ်, သေက္ခသန္တာန်တို့မှ ကွဲပြားသော ရဟန္တာ ပုဂ္ဂိုလ်တို့သန္တာန်၌ ဖြစ်သောကြောင့် (= ပုဂ္ဂိုလ်သန္တာန် ကွဲပြားသောကြောင့်) ဉာဏသမ္ပယုတ် ကာမာဝစရကုသိုလ်ဇော ၄-ခုနောင် ကြိယာအပွနာဇော မစောနိုင်ပါ။

မှတ်ချက်။ ။ ကုသိုလ်ဇောသည် ပုထုဇဉ်, သေက္ခတို့ သန္တာန်၌ဖြစ်၍ ကြိယာဇော က ရဟန္တာတို့ သန္တာန်၌ ဖြစ်သည်။

မေး။ အဘိမဟာသင်္ဂဟ-ခေါ် လက်သန်းအဋ္ဌကထာဝယ် "ဒွတ္တိံသ သုခပုညမ္ပာ"စသော ဂါထာ ၂-ဂါထာကို အဘယ်ကြောင့် မိန့်ဆိုရပါသနည်း။

ဖြေ။ (က) 'အပွနာဇော ၃၂-ပါး ဖြစ်ကြသည်' ဆိုရာ၌ အဘယ်ကာမကုသိုလ်နောင်, အဘယ်ပုဂ္ဂိုလ်တို့ သန္တာန်၌ ဖြစ်ကြပါသနည်း?၊ (ခ) "အပွနာဇော ၁၂-ပါး ဖြစ်ကြသည်' ဆိုရာ၌ အဘယ်ကာမကုသိုလ်နောင်, အဘယ်ပုဂ္ဂိုလ်တို့ သန္တာန်၌ ဖြစ်ကြပါသနည်း?၊ (ဂ) "အပွနာဇော ၈-ပါး ဖြစ်ကြသည်' ဆိုရာ၌ အဘယ်ကာမကုသိုလ်နောင်, အဘယ်ပုဂ္ဂိုလ်တို့ သန္တာန်၌ ဖြစ်ကြပါသနည်း?၊ (ဃ) "အပွနာဇော ၆-ပါး ဖြစ်ကြသည်' ဆိုရာ၌ အဘယ်ကာမကုသိုလ်နောင်, အဘယ်ပုဂ္ဂိုလ်တို့ သန္တာန်၌ ဖြစ်ကြပါသနည်း?၊ ဤသို့ မေးဖွယ်ရှိ၍ ထိုအမေး၏ အဖြေကို ပြလိုသောကြောင့် "ဒွတ္တိံသ သုခပုညမ္ပာ"စသော ဂါထာ ၂-ဂါထာကို မိန့်ဆိုရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ ဒွတ္တိသ သုခပုညမှာ-စသော ဂါထာပါ (က) ဒွတ္တိသ (ခ) ဒွါဒသ (ဂ) အဋ္ဌ (ဃ) ဆ - ဟူသော သင်္ချာတို့၏ သင်္ချေယျတို့ကို ဋီကာဖွင့်နှင့်အညီ ကောက်ပြခဲ့ပါ။

ဖြေ။ (က) ဒွတ္တိသ-အရ အရဟတ္တဖိုလ်, ဝိပါက်, ကြီယာကြဉ် လောကီ-လောကုတ္တရာ စျာန် ၄-ပါးအပေါင်းဖြစ်သော ဇောတို့ ဖြစ်ပါသည်။

-မဟဂ္ဂုတ်ကုသိုလ် သောမနဿဇော ၄-ပါး၊ မဂ်သောမနဿဇော ၁၆-ပါး၊ အောက်ဖိုလ်သောမနဿဇော ၁၂-ပါး ဖြစ်၏-ဟူလို။

(ခ) ဒွါဒသ-အရ အရဟတ္တဖိုလ်, ဝိပါက်, ကြီယာကြဉ် လောကီ-လောကုတ္တရာ ပဉ္စမစျာန်ဇောတို့ ဖြစ်ပါသည်။

-မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာ ၅-ပါး၊ မဂ်ဥပေက္ခာ ၄-ပါး၊ အောက်ဖိုလ် ဥပေက္ခာ ၃-ပါး ဖြစ်၏-ဟူလို။

(ဂ) အဋ္ဌ-အရ ကြီယာစျာန် ၄-ခုအပေါင်းနှင့် အရဟတ္တဖိုလ်ဇောတို့ ဖြစ်ပါသည်။ - မဟဂ္ဂုတ်ကြီယာ သောမနဿ ၄-ပါး၊ အရဟတ္တဖိုလ် သောမနဿဇော ၄-ပါးတို့ ဖြစ်၏-ဟူလို။

(ဃ) ဆ-အရ ဥပေက္ခာသဟဂုတ် ရူပ- အရူပ ကြီယာ ၅-ခုအပေါင်းနှင့် ဥပေက္ခာသဟဂုတ် အရဟတ္တဖိုလ်တို့ ဖြစ်ပါသည်။

- မဟဂ္ဂုတ်ကြီယာ ဥပေက္ခာသဟဂုတ် ၅-ပါး၊ အရဟတ္တဖိုလ် ဥပေက္ခာ ၁-ပါးတို့ ဖြစ်၏-ဟူလို။

မနောဒွါရ အပွနာဇောဝါရ အဖွင့် ပြီး၏။



တဒါရမ္မဏနိယမအဖွင့် (၁၅၀)

မေး။ သဗ္ဗတ္ထာပိ ပနေတ္ထ-ဠီ တတ္ထ အစ္ဆဲကို ဖော်ပြပါ။

ဖြေ။ "အလုံးစုံသော ပဉ္စဒွါရ , မနောဒွါရ" ကို စွဲရပါမည်။

မေး။ ဣဋ္ဌေ ကုသလဝိပါကာနိ-ဠီ ဣဋ္ဌ-အရကို အကြောင်းနှင့်တကွ ဖော်ပြခဲ့ပါ။

ဖြေ။ "အတိဣဋ္ဌေ ပန"စသည်ဖြင့် အတိဣဋ္ဌာရုံကို သီးခြား ဆိုလတ္တံ့ဖြစ်သောကြောင့် ဣဋ္ဌ-အရ ဣဋ္ဌမဇ္ဈတ္တာရုံကိုသာ ယူရပါမည်။

http://www.dhammadownload.com

မေး။ ကွဋ္ဌေ ကုသလဝိပါကာနိ-ကို ကျနပြည့်စုံစွာ အနက်ပေးပြခဲ့ပါ။

ဖြေ။ "ကွဋ္ဌေ၊ကွဋ္ဌမဗ္ဗတ္တာရုံ၌။ကုသလဝိပါကာနိ၊ ကုသိုလ်၏အကျိုးဖြစ်ကုန်သော။။ ပဉ္စဝိညာဏာ သမ္ပဋိစ္ဆန သန္တီရဏာ တဒါရမ္မဏာနိ၊ ပဉ္စဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏာ, တဒါရုံ တို့သည်။ ဘဝန္တို့၊ ဖြစ်ကုန်၏" ဟု အနက်ပေးရပါမည်။

မှတ်ချက်။ ။ "ကုသလဝိပါကာနိ ပဉ္စဝိညာဏာသမ္ပဋိစ္ဆနသန္တီရဏာတဒါရမ္မဏာနိတိ သမ္ပန္နော" ဟူသော အဖွင့်ဖြင့် ရှေ့ဝါကျမှ "ပဉ္စဝိညာဏာ (ပ)တဒါရမ္မဏာနိ" ဟူသောပါဠိကို လိုက်စေ၍ စပ်ပါ-ဟုသိစေပါသည်။

မေး။ ကွဋ္ဌေ ကုသလဝိပါကာနိ-၌ ကုသလဝိပါကာနိ-အရကို ဖော်ပြပါ။

ဖြေ။ ကုသလဝိပါကာနိ-အရ ကုသလဝိပါက် ပဉ္စဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏာ, တဒါရုံ တို့ ဖြစ်ပါသည်။

မေး။ "အတိက္ကဋ္ဌေပန သောမနဿသဟဂတာနေဝ" ဟူသော စကားရပ်ကို အဘယ့်ကြောင့် အရှင်အနုရုဒ္ဓါဆရာ မိန့်ဆိုရပါသနည်း။

ဖြေ။ ကွဋ္ဌမဗ္ဗတ္တာရုံ၌ သန္တီရဏာ, တဒါရုံတို့သည် ဥပေက္ခာသဟဂုတ်ချည်းဖြစ်၍ အတိက္ကဋ္ဌာရုံ၌ သောမနဿသဟဂုတ်သာ ဖြစ်သင့်သောကြောင့် "အတိက္ကဋ္ဌေပန သောမနဿသဟဂတာနေဝ" ဟု မိန့်ဆိုရခြင်း ဖြစ်ပါသည်။

အမှာ။ ။ "ကွဋ္ဌမဗ္ဗတ္တာရုံ၌ သန္တီရဏာ, တဒါရုံတို့ကို ဝေဒနာအားဖြင့် မသတ်မှတ်ဘဲ အဘယ့်ကြောင့် အတိက္ကဋ္ဌာရုံ၌သာ သတ်မှတ်ရသနည်း" ဟုမေးလျှင်-"ကွဋ္ဌမဗ္ဗတ္တာရုံ၌ သန္တီရဏာ, တဒါရုံတို့သည် ဥပေက္ခာသဟဂုတ်ချည်းသာဖြစ်သော ကြောင့် ကွဋ္ဌမဗ္ဗတ္တာရုံ၌ သန္တီရဏာ, တဒါရုံတို့ကို ဝေဒနာအားဖြင့် မသတ်မှတ်ဘဲ အတိက္ကဋ္ဌာရုံ၌သာ သတ်မှတ်ရပါသည်" ဟု ဖြေပါ။

မေး။ အတိက္ကဋ္ဌာရုံ၌ သန္တီရဏာ, တဒါရုံတို့သည် ကုသိုလ်, အကုသိုလ်တို့ကဲ့သို့ ဥပေက္ခာသဟဂုတ်တို့လည်း ဖြစ်ရာသည်မဟုတ်ပါလော၊ သို့ဖြစ်ရာပါလျက် အဘယ့်ကြောင့် သောမနဿသဟဂုတ်တို့သာ ဖြစ်ကြရပါသနည်း။

ဖြေ။ ကြေးမုံ (မှန်)အပြင်၌ ထင်လာသော မျက်နှာရိပ်သည် အထူးပြုပြင်ရခြင်း (ကြံဖန်အားထုတ် ပြုလုပ်ရခြင်း) မရှိသကဲ့သို့၊ ထို့အတူ အကြောင်းကံ၏ အစွမ်းအာနုဘော်ကြောင့် ဖြစ်ရသော ဝိပါက်စိတ်သည်လည်း အထူးပြုပြင်ရခြင်း မရှိသည့်အတွက် ကြံဖန် အားထုတ် ပြုလုပ်၍ အာရုံကိုယူခြင်းမရှိသောကြောင့် ထင်လာတိုင်းသော ကွဋ္ဌ, အတိက္ကဋ္ဌ, အနိဋ္ဌ အာရုံအားလျော်စွာသာ

http://www.dhammadownload.com

ဝေဒနာယှဉ်မှု ဖြစ်ရကား အတိက္ကဋ္ဌခဏ်၌ သန္ဋီရဏ, တဒါရုံတို့ သောမနဿ သဟဂုတ်တို့သာ ဖြစ်ကြရပါသည်။

မေး။ "ဝိပါက်စိတ်တို့သည် အဘယ့်ကြောင့် ထင်လာတိုင်းသော အာရုံအားလျော်စွာ သာ ဝေဒနာယှဉ်မှု ဖြစ်ရပါသနည်း၊ ကုသိုလ်, အကုသိုလ်တို့ကဲ့သို့ ထင်လာတိုင်း သောအာရုံအား မလျော်ဘဲလည်း ဝေဒနာယှဉ်မှု ဖြစ်ရာသည် မဟုတ်ပါလော? ဥပမာဆောင် ထင်ရှားအောင် ဖြေဆိုပါ။

ဖြေ။ ကြေးမုံ (မှန်)အပြင်၌ ထင်လာသော မျက်နှာရိပ်သည် အထူးပြုပြင်ရခြင်း (ကြံဖန်အားထုတ် ပြုလုပ်ရခြင်း) မရှိသကဲ့သို့၊ ထို့အတူ အကြောင်းကံ၏ အစွမ်း အာနုဘော်ကြောင့် ဖြစ်ရသော ဝိပါက်စိတ်သည်လည်း အထူးပြုပြင်ရ ခြင်း မရှိသည့်အတွက် ကြံဖန် အားထုတ်ပြုလုပ်၍ အာရုံကိုယူခြင်းမရှိသောကြောင့် ထင်လာတိုင်းသော ဣဋ္ဌ, အတိဣဋ္ဌ, အနိဋ္ဌ အာရုံအားလျော်စွာသာ ဝေဒနာ ယှဉ်မှု ဖြစ်ရပါသည်။

မေး။ **"ဝိပါက်အမှန် ဇောအပြန်"**ဟု ဆိုရိုးစကားရှိရာ ထိုစကား၏ အဓိပ္ပာယ်ကို ရှင်းပြခဲ့ပါ။

ဖြေ။ ဇော၏ ရှေ့နောက်ဝိပါက်စိတ်များ၌ ဣဋ္ဌ, အတိဣဋ္ဌ, အနိဋ္ဌ-ဟူသော အာရုံ အားလျော်စွာ သောမနဿ, ဥပေက္ခာ ဝေဒနာယှဉ်ပုံ မှန်ကန်သည်ကို "ဝိပါက် အမှန်" ဟု ဆိုရိုးပြုကြခြင်း ဖြစ်ပါသည်။

ကုသိုလ်, အကုသိုလ်ဇောများကား အာရုံအားလျော်စွာ သောမနဿ, ဥပေက္ခာ ဝေဒနာယှဉ်ပုံ မမှန်ဘဲ ဗလောင်းဗလဲ ပြောင်းလွဲဖောက်ပြန်သည်ကို "ဇောအပြန်"ဟု ဆိုရိုးပြုကြခြင်း ဖြစ်ပါသည်။

မေး။ အသံမစဲ ပဌာန်းပွဲ၌ ရွတ်ဖတ်ပူဇော်နေကြသော သံဃာတော်အရှင်မြတ်တို့၏ ပဌာန်းရွတ်ဖတ်သံကို ကြည်လင်သောစိတ်ဓာတ်ဖြင့် နာယူနေသောသူနှင့် နားငြီး စိတ်ကွက်နေသောသူတို့ကို ပုံစံပြု၍ "ဝိပါက်အမှန် ဇောအပြန်" ဟူသော စကား ကို ရှင်းပြပါ။

ဖြေ။ ပဌာန်းရွတ်ဖတ်သံသည် မြတ်စွာဘုရားတရားတော်အသံဖြစ်၍ အတိဣဋ္ဌ သဒ္ဒါရုံဖြစ်၏။ ထိုအာရုံကို အာရုံပြု၍ ကြည်လင်သောစိတ်ဓာတ်ဖြင့် နာယူနေ သောသူ၏ သန္တာန်၌ သောမနဿ သန္ဋီရဏ, တဒါရုံ ဝိပါက်စိတ်များဖြစ်၍ သောမနဿဇော စေပါသည်။ နားငြီးစိတ်ကွက်နေသောသူ၏ သန္တာန်၌ သောမနဿ သန္ဋီရဏ, တဒါရုံ ဝိပါက်စိတ်များပင်ဖြစ်၍ ဇောစေရာ၌ကား

http://www.dhammadownload.com

ဒေါမနဿဇော စေပါသည်။ ဤသို့လျှင် အတိက္ကဒုရုံ၌ အာရုံအားလျော်စွာ ဝိပါက်စိတ်များ မှန်ကန်စွာ ဖြစ်ပါသော်လည်း ဇောစောရာ၌ ပုဂ္ဂိုလ်အလိုက် ထိုက်သည်အားလျော်စွာ ဗလောင်းဗလဲ ပြောင်းလွဲစေသည်ကို "ဝိပါက်အမှန် ဇောအပြန်"ဟု ဆိုခြင်း ဖြစ်ပါသည်။

မေး။ ကုသိုလ် အကုသိုလ်ဇောတို့မှာ အဘယ့်ကြောင့် ထင်လာသောအာရုံအား လျော်စွာ ဝေဒနာယှဉ်မှု မဖြစ်ရပါသနည်း။ (ကုသိုလ် အကုသိုလ်ဇောတို့မှာ အဘယ့်ကြောင့် ဇောအပြန်ဖြစ်ရပါသနည်း။)

ဖြေ။ ကုသိုလ်, အကုသိုလ်ဇောတို့သည် ဝိပလ္လာသကို မဂ်ဖြင့်မပယ်ရသေးသော ပုထုဇဉ်, သေက္ခတို့သန္တာန်၌ ဖြစ်သည့်အတွက် အတိက္ကဒုရုံ၌လည်း ကွဋ္ဌမဖျတ်, အနိဋ္ဌ အခြင်းအရာအားဖြင့်လည်းကောင်း၊ အနိဋ္ဌာရုံ၌လည်း ကွဋ္ဌ, ကွဋ္ဌမဖျတ်အခြင်းအရာအားဖြင့် လည်းကောင်း ဖောက်ဖောက်ပြန်ပြန် ယူတတ်သောကြောင့် ထင်လာသော်အာရုံအားလျော်စွာ ဝေဒနာယှဉ်မှု မဖြစ်ပါ။ (ဇော အပြန် ဖြစ်ရပါသည်။)

မေး။ ကုသိုလ်, အကုသိုလ်ဇောတို့မှာ ထင်လာသောအာရုံအားလျော်စွာ ဝေဒနာယှဉ်မှု မဖြစ်ကြပုံကို ထင်ရှားအောင် ရေးပြပါ။

ဖြေ။ ရတနာသုံးတန်, ကံ, ကံအကျိုး၊ ဤဝါးမျိုးကို ယုံကြည်မှုဟူသော သဒ္ဓါတရား မရှိသောပုဂ္ဂိုလ်တို့၏သန္တာန်ဝယ် ဘုရားအစရှိသော အတိက္ကဒုရုံတို့၌လည်း ဉပေက္ခာသဟဂုတ် ကုသိုလ်ဇောစေပါသည်။

တိတ္ထိစသော ပုဂ္ဂိုလ်တို့သန္တာန်၌ကား ဒေါမနဿဇောစေပါသည်။

နက်နဲသောသဘောရှိသူစသည်တို့၏သန္တာန်ဝယ် စက်ဆုပ်ဖွယ်အာရုံ၌ ဉပေက္ခာသဟဂုတ် ကုသိုလ်ဇော စေပါသည်။

ခွေး, ကြက်, ဝက်စသော သတ္တဝါတို့သန္တာန်ဝယ် စက်ဆုပ်ဖွယ်အာရုံ၌ သောမနဿသဟဂုတ် အကုသိုလ်ဇော စေပါသည်။

မေး။ ကောင်းမြတ်သောအာရုံကို တွေ့မြင်ရသူတိုင်း၌ ကုသိုလ်ဇော စောနိုင်/မစောနိုင်ကို ဦးကာဆရာအမြင်ဖြင့် ရှုမြင်သုံးသပ်ပြခဲ့ပါ။

ဖြေ။ ကောင်းမြတ်သောအာရုံကို တွေ့မြင်ရသူတိုင်း၌ ကုသိုလ်ဇော မစောနိုင်ပါ။ ဘုရားအစရှိသော အလွန်ကောင်းမြတ်သောအာရုံပင် ဖြစ်ပါသော်လည်း ရတနာသုံးတန်, ကံ, ကံအကျိုး၊ ဤဝါးမျိုးကို ယုံကြည်မှု ဟူသော သဒ္ဓါတ

http://www.dhammadownload.com

မရှိသောပုဂ္ဂိုလ်တို့၏သန္တာန်ဝယ် ဥပေက္ခာသဟဂုတ် ကုသိုလ်ဇော စောပါသည်။ တိတ္ထိစသောဗုဂ္ဂိုလ်တို့သန္တာန်၌ကား ဒေါမနဿဇောစောပါသည်။

မေး။ မြတ်ဘုရားရွှေတိုဂုံကို ဖူးမြော်ကြရသော ပုဂ္ဂိုလ်တို့တွင် သောမနဿဇော မစောဘဲ ဥပေက္ခာဇော, ဒေါသဇော စောနိုင်သောပုဂ္ဂိုလ်တို့ကို ဖော်ပြပါ။

ဖြေ။ သဒ္ဓါတရား မရှိသောပုဂ္ဂိုလ်များမှာ ဥပေက္ခာဇော စော၍၊ တိတ္ထိစသည်တို့မှာ ဒေါသဇော စောပါသည်။

မေး။ (က) ကုသိုလ်ဇောတို့ အတိက္ကဋ္ဌာရုံ၌လည်း ကြွင်းမဲ့လွှတ်အခြင်းအရာအားဖြင့် ယူပုံ (ခ) ကုသိုလ်ဇောတို့၏ အနိဋ္ဌာရုံ၌ ကြွင်းမဲ့လွှတ်အခြင်းအရာအားဖြင့် ယူပုံ (ဂ) အကုသိုလ်ဇောတို့၏ အတိက္ကဋ္ဌာရုံ၌လည်း အနိဋ္ဌအခြင်းအရာအားဖြင့် ယူပုံ (ဃ) အကုသိုလ် ဇောတို့၏ အနိဋ္ဌာရုံ၌ ကြွင်းအခြင်းအရာအားဖြင့် ယူပုံတို့ကို ဖော်ပြခဲ့ပါ။

ဖြေ။ (က) ရတနာသုံးတန်, ကံ, ကံအကျိုး၊ ဤငါးမျိုးကို ယုံကြည်မှုဟူသော သဒ္ဓါတရား မရှိသောပုဂ္ဂိုလ်တို့များသည် ဘုရားအစရှိသော အတိက္ကဋ္ဌာရုံတို့၌လည်း ကြွင်းမဲ့လွှတ်အခြင်းအရာအားဖြင့် ယူကြပါသည်။ ထို့ကြောင့် ၄င်းတို့သန္တာန်၌ ဥပေက္ခာသဟဂုတ် ကုသိုလ်ဇောတို့ စောပါသည်။

(ခ) နက်နဲသောသဘောရှိသူ စသည်တို့သည် စက်ဆုပ်ဖွယ်အနိဋ္ဌာရုံ၌ ကြွင်းမဲ့လွှတ်အခြင်းအရာအားဖြင့် ယူကြပါသည်။ ထို့ကြောင့် ၄င်းတို့သန္တာန်၌ ဥပေက္ခာသဟဂုတ် ကုသိုလ်ဇောတို့ စောပါသည်။

(ဂ) တိတ္ထိစသော ပုဂ္ဂိုလ်တို့ ဘုရားအစရှိသော အတိက္ကဋ္ဌာရုံ၌လည်း အနိဋ္ဌအခြင်းအရာအားဖြင့် ယူကြပါသည်။ ထို့ကြောင့် ၄င်းတို့သန္တာန်၌ ဒေါမနဿသဟဂုတ် အကုသိုလ်ဇော စောပါသည်။

(ဃ) ခွေး, ကြောက်, ဝက်စသော သတ္တဝါတို့သည် စက်ဆုပ်ဖွယ်အာရုံ ၌လည်း ကြွင်းအခြင်းအရာအားဖြင့် ယူကြပါသည်။ ထို့ကြောင့် ၄င်းတို့သန္တာန်၌ သောမနဿသဟဂုတ် အကုသိုလ်ဇောစောပါသည်။

မေး။ ကုသိုလ်ဇော, အကုသိုလ်ဇောတို့ အာရုံအားလျော်စွာ မဖြစ်ကြသော်လည်း ရှေ့နောက်ဝိပါက်စိတ်တို့ အာရုံအားလျော်စွာ ဖြစ်ကြပုံကို ဖေးပြပါ။

ဖြေ။ ကုသိုလ်ဇော, အကုသိုလ်ဇောတို့သည် အာရုံအားလျော်စွာ မဖြစ်ကြသော်လည်း ရှေ့အဖို့, နောက်အဖို့၌ ဖြစ်သော သန္ဓိရဏ, တဒါရုံ ဝိပါက်စိတ်တို့သည်ကား

http://www.dhammadownload.com

အနိဋ္ဌာရုံဖြစ်သော မစင်, အကောင်ပုပ်စသည်ကို မြင်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသော ခွေးစသည်တို့ သန္တာန်၌သော်မှလည်း အာရုံအားလျော်စွာသာ ဖြစ်ကြပါသည်။ (ခွေးစသော သတ္တဝါတို့သန္တာန်၌ အနိဋ္ဌာရုံ ဖြစ်သော မစင်, အကောင်ပုပ်စသည်ကို မြင်သောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်၍ သောမနဿဇော စေကြသော်လည်း ဇော၏ ရှေ့, နောက်ဖြစ်သော သန္ဓိရဏ တဒါရုံ ဝိပါက်စိတ်တို့ကား အနိဋ္ဌာရုံအားလျော်စွာ အကုသလဝိပါက် ဥပေက္ခာသဟဂုတ်တို့ သာ ဖြစ်ကြရသည်-ဟူလို။)

မှတ်ချက်။ ။ ယင်းသို့ ဝိပါက်စိတ်တို့ အာရုံအားလျော်စွာ ဝေဒနာယှဉ်မှု မှန်ကန်သည်ကို "**ဝိပါက်အမှန်**"ဟု ပြောစမှတ် ပြုကြခြင်းဖြစ်သည်။

မေး။ တတ္ထာပိ သောမနဿသဟဂတကိရိယဇဝနာဝသာနေ-၌ တတ္ထာပိ အစွဲကို ဖော်ပြပါ။

ဖြေ။ "တတ္ထာပိ၊ ထို တဒါရုံတို့တွင်လည်း" ဟု စွဲရပါမည်။

မေး။ သောမနဿသဟာတကိရိယဇဝနာဝသာနေ - အစရှိသောစကားကို အဘယ့်ကြောင့် အရှင်အနုရုဒ္ဓါဆရာ မိန့်ဆိုရပါသနည်း။

ဖြေ။ ရဟန္တာပုဂ္ဂိုလ်တို့မှာ စိတ်၏ ဖောက်လွဲဖောက်ပြန်ဖြစ်မှု-ဟူသော စိတ္တဝိပလ္လာသမရှိသည့်အတွက် ထိုရဟန္တာပုဂ္ဂိုလ်တို့သန္တာန်၌ ဖြစ်လေ့ရှိသော ကြိယာဇောတို့သည် လည်း ဝိပါက်စိတ်တို့ကဲ့သို့ အာရုံအားလျော်စွာသာလျှင် ဖြစ်ကြသောကြောင့် "သောမနဿသဟဂတကိရိယဇဝနာသာနေ"အစရှိသော စကားကို အရှင်အနုရုဒ္ဓါဆရာ မိန့်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ ဝိပါက်စိတ်တို့သာ အာရုံအားလျော်စွာ ဖြစ်ကြ၍ ကြိယာဇောတို့ကား အာရုံအားလျော်စွာ မဖြစ်ကြ-ဟု မှတ်ရပါမည်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ယင်းသို့ မမှတ်ရပါ။ ရဟန္တာပုဂ္ဂိုလ်တို့မှာ စိတ်၏ ဖောက်လွဲဖောက်ပြန်ဖြစ်မှု-ဟူသော စိတ္တဝိပလ္လာသ မရှိသည့်အတွက် ထိုရဟန္တာပုဂ္ဂိုလ်တို့သန္တာန်၌ ဖြစ်လေ့ရှိသော ကြိယာဇောတို့သည်လည်း ဝိပါက်စိတ်တို့ကဲ့သို့ အာရုံအားလျော်စွာသာလျှင် ဖြစ်ကြပါသည်။

(အနိဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံတို့၌ ဥပေက္ခာကြိယာဇော၊ အတိဣဋ္ဌာရုံ၌ သောမနဿကြိယာဇောများ စေကြသည် - ဟူလို)

http://www.dhammadownload.com

မေး။ မုထုဇဉ်, သေက္ခပုဂ္ဂိုလ်တို့၏ သောမနဿသဟဂုတ် ကုသိုလ်, အကုသိုလ်ဇော နောင် ဥပေက္ခာသဟဂုတ်ဟာဒါရံ၊ ဥပေက္ခာသဟဂုတ် ကုသိုလ်, အကုသိုလ်ဇော နောင် သောမနဿတဒါရံများလည်း ဖြစ်ကြသကဲ့သို့ မဖြစ်ဘဲ၊ အဘယ့်ကြောင့် ရဟန္တာပုဂ္ဂိုလ်တို့၏ သောမနဿသဟဂုတ် ကြိယာဇောနောင် သောမနဿ သဟဂုတ်တဒါရံ၊ ဥပေက္ခာသဟဂုတ် ကြိယာဇောနောင် ဥပေက္ခာဟဂုတ် တဒါရံ များ ဖြစ်ကြရပါသနည်း။

ဖြေ။ ရဟန္တာပုဂ္ဂိုလ်တို့မှာ စိတ္တဝိပလ္လာသ မရှိသည့်အတွက် ထိုရဟန္တာပုဂ္ဂိုလ်တို့ သန္တာန်၌ ဖြစ်လေ့ရှိသော ကြိယာဇောတို့သည်လည်း ဝိပါက်စိတ်တို့ကဲ့သို့ အာရုံအားလျော်စွာသာ ဖြစ်ကြရပါသည်။ ထို့ကြောင့် ဇော၏အာရုံအားလျော်စွာ ဖြစ်လေ့ရှိသော တဒါရုံတို့သည်လည်း ဇောနှင့်သဘောတူပင် သောမနဿ သဟဂုတ် ကြိယာဇောနောင် သောမနဿသဟဂုတ် တဒါရုံဖြစ်၍ ဥပေက္ခာ သဟဂုတ်ကြိယာဇောနောင် ဥပေက္ခာသဟဂုတ်တဒါရုံ ဖြစ်ကြရပါသည်။

မေး။ ကြိယာဇောနောင် တဒါရုံ ဖြစ်သင့်/မဖြစ်သင့် (ကျသင့်-မကျသင့်) နှိုင်းချင့် ဝေဖန်ပြခဲ့ပါ။ (အဘိဓမ္မတ္ထသင်္ဂဟ-ခေါ် လတ်သန်းအဋ္ဌကထာက ကြိယာဇော နောင် တဒါရုံကျကြောင်းကို ဆိုထားရာ ထိုစကားသင့်/မသင့် နှိုင်းချင့်ဝေဖန်ပြခဲ့ပါ။)

ဖြေ။ ကေစိဆရာ (မူလဋီကာဆရာ အရှင်အာနန္ဒာ)တို့က ပဋ္ဌာန်းပါဠိတော်၌ "ကုသလာ ကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏာတာ ဥပ္ပဇ္ဇတိ" ဟု ကုသိုလ်, အကုသိုလ်ဇောတို့နောက်၌သာ တဒါရုံကို ဟောတော်မူ၍ ကြိယာဇောနောက်၌ တဒါရုံကို ဟောတော်မမူသောကြောင့် (သောမနဿသဟဂတကိရိယဇဝနာ ဝသာဘနေ သောမနဿသဟဂတာနေဝ တဒါရမ္မဏာနိ ဘဝန္တိ- စသော သင်္ဂြိဟ်နှင့် အလားတူသော အဋ္ဌကထာစကားကို ပယ်ရှားလျက်) ကြိယာဇော နောင် တဒါရုံ မဖြစ်သင့်-ဟု ဆိုကြပါသည်။

"အဗျာကတေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏာတာ ဥပ္ပဇ္ဇတိ" ဟု အဗျာကတ နောက်၌လည်း တဒါရုံကျခြင်းကို ဟောတော်မူခဲ့လျှင် ပရိတ္တာရုံဝီထိ၌ ဝုဋ္ဌော၂-ကြိမ်၊ ၃- ကြိမ်နောင် အာရုံအသက်ကျန်သေးရကား အဗျာကတဖြစ်သော ဝုဋ္ဌောချုပ်ပြီးနောက် တဒါရုံ ဝိပါက်ဖြစ်၏-ဟု မှတ်ထင်စရာရှိသောကြောင့် ပဋ္ဌာန်းပါဠိတော်၌ ကြိယာအဗျာကတနောင် တဒါရုံဖြစ်ခြင်း ကိုမဟောခြင်း ဖြစ်ပါသည်၊ မရဏိုက်၍ မဟောခြင်းမဟုတ်ပါ။ (အဘိဓမ္မာပါဠိတော်ဝယ် တစ်စုံတစ်ခုသော အလိုတော်ကြောင့် ရဏိုက်လျက် မဟောခြင်းကိုလည်း တွေ့မြင်ရပါသည်။ ဥပမာ - ဓမ္မသင်္ဂဏီပါဠိတော်၌ ဟဒယဝတ္ထုကို ရဏိုက်ပါလျက်

http://www.dhammadownload.com

၂-ပါးတွဲ ဟောရသော ဒုကဒေသနာအစဉ်ပျက်မည်စိုး၍ မဟောသကဲ့သို့ တည်း။) ထို့ကြောင့် ကြိယာဇောနောင် တဒါရုံဖြစ်သင့်ပါသည်။

ဆိုလိုရင်း - ပဌာန်းပါဠိတော်ဝယ် အဗျာကတ (ကြိယာဇော)နောက်၌ တဒါရုံကို ဟောတော်မမူ ခြင်းသည် မရထိုက်၍မဟုတ်၊ ရထိုက်လျက် မဟောခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကြိယာဇောနောင် တဒါရုံဖြစ်သင့်ပါသည်-ဟူလို။

မေး။ ပဌာန်းပါဠိတော်၌ "ကုသလာကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏာတာ ဥပ္ပဇ္ဇတိ"ဟု ကုသိုလ်, အကုသိုလ်ဇောတို့နောက်၌သာ တဒါရုံကျခြင်းကို ဟောတော်မူ၍ ကြိယာဇောနောက်၌ တဒါရုံကျခြင်းကို ဟောတော်မမူခဲ့ပါ။ အဘယ့်ကြောင့် ဟောတော်မမူခဲ့ပါသနည်း၊ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ "အဗျာကတေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏာတာ ဥပ္ပဇ္ဇတိ" ဟု အဗျာကတနောက်၌လည်း တဒါရုံကျခြင်းကို ဟောတော်မူခဲ့လျှင် ပရိတ္တာရုံဝီထိ၌ ဝုဋ္ဌော ၂-ကြိမ်၊ ၃- ကြိမ်နောင် အာရုံအသက်ကျန်သေးရကား အဗျာကတဖြစ်သော ဝုဋ္ဌောချုပ်ပြီးနောက် တဒါရုံ ဝိပါက်ဖြစ်၏-ဟု မှတ်ထင်စရာရှိသောကြောင့် ပဌာန်းပါဠိတော်၌ ကြိယာဇောနောင် တဒါရုံကျခြင်းကို ဟောတော်မမူခြင်း ဖြစ်ပါသည်၊ မရထိုက်၍ မဟောခြင်း မဟုတ်ပါ။

မေး။ ဒေါမနဿဇောအဆုံး၌ သောမနဿသဟဂုတ် တဒါရုံ, ဘဝင်တို့ အဘယ့်ကြောင့် မဖြစ်ကြပါသနည်း။

ဖြေ။ ဒေါမနဿနှင့် သောမနဿတို့ အချင်းချင်း ဆန့်ကျင်သောသဘောရှိသောကြောင့် ဒေါမနဿသဟဂုတ်ဇောအဆုံး၌ သောမနဿသဟဂုတ် တဒါရုံ, ဘဝင်တို့ မဖြစ်ခြင်း ဖြစ်ပါသည်။

မေး။ "ဒေါမနဿ၏ အခြားမဲ့၌ သောမနဿ, သောမနဿ၏ အခြားမဲ့၌ ဒေါမနဿ မဖြစ်"ဟု အဘယ်သို့လျှင် သိအပ် သိနိုင်ပါသနည်း၊ အကျဉ်း, အကျယ်နည်းနှစ်သွယ်ဖြင့် ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ပဌာန်းပါဠိတော်ဝယ် ဒေါမနဿ၏ အခြားမဲ့၌ သောမနဿကို, သောမနဿ၏ အခြားမဲ့၌ ဒေါမနဿကို ထုတ်ဆောင်တော် မမူသောကြောင့် ဒေါမနဿ၏ အခြားမဲ့၌ သောမနဿမဖြစ်, သောမနဿ၏ အခြားမဲ့၌ ဒေါမနဿမဖြစ်-ဟု သိရပါသည်။ (အကျဉ်း)

ပဌာန်းပါဠိတော်၌ "သုခါယ ဝေဒနာယ သမ္မယုတ္တော ဓမ္မော သုခါယ

http://www.dhammadownload.com

ဝေဒနာယ သမ္မယုတ္တာသ ဓမ္မာသ အနန္တရပစ္စယေန ပစ္စယော"စသည်ဖြင့် **သုခဝေဒနာသမ္မယုတ္တဓမ္မတို့ကို** သုခဝေဒနာသမ္မယုတ္တဓမ္မတို့၏လည်းကောင်း၊ အဒုက္ခမသုခါ ဝေဒနာသမ္မယုတ္တဓမ္မ တို့၏လည်းကောင်း၊ **ဒုက္ခဝေဒနာသမ္မယုတ္တဓမ္မတို့ကို** ဒုက္ခဝေဒနာသမ္မယုတ္တဓမ္မတို့၏လည်းကောင်း၊ အဒုက္ခမသုခါဝေဒနာသမ္မယုတ္တဓမ္မတို့၏လည်းကောင်း အနန္တရပစ္စည်းအဖြစ်ဖြင့် ၂-ဝါရ ၂-ဝါရတို့၌ ဟောတော်မူပါသည်။ **အဒုက္ခသုခါဝေဒနာသမ္မယုတ္တဓမ္မတို့ကိုကား** အဒုက္ခမသုခါဝေဒနာသမ္မယုတ္တဓမ္မတို့၏လည်းကောင်း၊ သုခဝေဒနာ, ဒုက္ခဝေဒနာသမ္မယုတ္တဓမ္မတို့၏လည်းကောင်း အနန္တရပစ္စည်းအဖြစ်ဖြင့် ၃-ဝါရတို့၌ဟောတော်မူပါသည်။ ဤသို့လျှင် ဝေဒနာတိက်၌ အနန္တရပစ္စယဝါရ (၇)ဝါရတို့ကိုသာ ဟောတော်မူပါသည်။

အကယ်၍ ဒေါမနဿ၏အခြားမဲ့၌ သောမနဿ, သောမနဿ၏ အခြားမဲ့၌ ဒေါမနဿ ဖြစ်နိုင်လျှင် သုခဝေဒနာသမ္မယုတ္တဓမ္မ, ဒုက္ခဝေဒနာသမ္မယုတ္တဓမ္မတို့၏ အချင်းချင်း အနန္တရပစ္စည်းအဖြစ်ဖြင့် ၂-ဝါရ ထပ်တိုး၍ ၉-ဝါရ ဟောရာ၏။ ဟောကား မဟောခဲ့ပါ။ ထိုသို့ ဟောတော်မမူခဲ့သောကြောင့် ဒေါမနဿ၏အခြားမဲ့၌ သောမနဿ မဖြစ်, သောမနဿ၏ အခြားမဲ့၌လည်း ဒေါမနဿ မဖြစ်ဟု သိရမှတ်ရပါသည်။ (အကျယ်)

ပြဿနာ။ ကာမဇောနောင် တဒါရုံဖြစ်ပုံကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။ ("ပရိတ္တကုသလာ ဒေါသ"စသော ၂-ဂါထာတို့၏ ဆိုလိုရင်း အဓိပ္ပာယ်ကို ရေးပြပါ)။

ဖြေ။ ဒေါသမူဇောမှတစ်ပါး အကုသိုလ်ဇော- ၁၀ (= လောဘမူဇော ၈၊ မောဟမူဇော -၂)၊ မဟာကုသိုလ်ဇော- ၈၊ ပေါင်း (၁၈)ပါးနောင် တဒါရုံ ၁၁-ပါးလုံး ဖြစ်နိုင်သည်။

ဒေါသမူဇော ၂-ခု၊ ဥပေက္ခာကြိယာဇော ၄-ခုတို့နောင် ဥပေက္ခာတဒါရုံ ၆-ခုသာ ဖြစ်နိုင်ပါသည်။

သောမနဿကြိယာဇော ၅-ခု နောင် သောမနဿ တဒါရုံ ၅-ခုသာ ဖြစ်နိုင်ပါသည်။

မှတ်ချက်။ ။ ဒေါသဇောမှ တစ်ပါးသော အကုသိုလ်ဇော -၁၀၊ မဟာကုသိုလ် ဇော ၈-ခု၊ ပေါင်း (၁၈)ပါးသည် ၂-ဂါထာလုံး၌ ပါသောကြောင့် ထို ၁၈-ပါးနောင် တဒါရုံ ၁၁-ပါးလုံး ဖြစ်နိုင်သည်-ဟုမှတ်ပါ။

(ဆောင်) **ဤဝယ်သနစ်၊ အရင်းစစ်က၊ ဥပေက်ကြိယာ၊ ဒေါသာ ခြောက်နောက်၊ တဒါခြောက်တည်း။ ကြိသောနောက် ငါး၊ ကြွင်းငြား ဆယ့်ရှစ်၊ ဇောနောင်ဖြစ်သည်၊ ဆယ့်တစ် တဒါရုံ အပေါင်းတည်း။ (ဝိသုဒ္ဓါစံ)**

http://www.dhammadownload.com

(ဆောင်) လော, မော, ကု-နောင်၊ အကုန်ဆောင်၊ ဒေါ်-နောင် ဥ-ဆ သာ။
သော ကြီနောင်မှ၊ သော-ပဥ္စ၊ ထုတ်ပြ ကြလေပါ။
ကြီ ဥနှစ်ကိုတွင်၊ ဒေါ်-တူပင်၊ နောင်းချင် ဥ-ဆ သာ။

ပုဂ္ဂိုလ်နှင့် တဒါရုံ

ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၌ အဟိတ်တဒါရုံ ၃-ပါး။ သုဂတိအဟိတ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်၌ နှစ်ယောက် တို့၌ အဟိတ်တဒါရုံ ၃-ပါးနှင့် ဒွိဟိတ်တဒါရုံ လေးပါး၊ ပေါင်း (၇)ပါး။ တိဟိတ်ပုထုဇဉ်နှင့် ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်တို့၌ တဒါရုံ (၁၁)ပါးလုံး ဖြစ်နိုင်ပါသည်။

(ဆောင်) အဟိတ် တဒါ၊ သုံးပါးဟာ၊ ဒု-မှာ ကောန်ဖြစ်၊
အဟိတ်, ဒွိ တဒါ၊ ခုနစ်ဖြာ၊ မှန်စွာ သု-ဒွိ ဖြစ်၊
တိဟိတ်, ဖလဋ္ဌာန်၊ ငါးယောက်မှန်၊ မကျန် အားလုံးဖြစ်၊

မေး။ အရှင်အနုရုဒ္ဓါဆရာသည် အဘယ့်ကြောင့် ဇောဖြင့် တဒါရုံကို သတ်မှတ်ခြင်းကိုသာ ခွင့်ပြုတော်မူ၍ "ဉာဏသမ္ပယုတ်ဇောနောင် ဉာဏဝိပ္ပယုတ် တဒါရုံဖြစ်၏"အစရှိသောနည်းဖြင့် ဖြစ်သော သတ်မှတ်ခြင်းကို ခွင့်ပြုတော် မမူပါသနည်း။

ဖြေ။ ဇောဖြင့် တဒါရုံကို သတ်မှတ်ခြင်းသည် ကောန်ဖြစ်၍ "ဉာဏသမ္ပယုတ်ဇောနောင် ဉာဏဝိပ္ပယုတ်တဒါရုံဖြစ်၏" အစရှိသောနည်းဖြင့်ဖြစ်သော သတ်မှတ်ခြင်းကား ကောန် မဟုတ်သောကြောင့် ဇောဖြင့် တဒါရုံကို သတ်မှတ်ခြင်းကိုသာ ခွင့်ပြုတော်မူ၍ "ဉာဏသမ္ပယုတ် ဇောနောင် ဉာဏဝိပ္ပယုတ် တဒါရုံဖြစ်၏" အစရှိသောနည်းဖြင့် ဖြစ်သော သတ်မှတ်ခြင်းကို ခွင့်ပြုတော်မမူခြင်း ဖြစ်ပါသည်။

မေး။ "ဉာဏသမ္ပယုတ်ဇောနောင် ဉာဏဝိပ္ပယုတ် တဒါရုံဖြစ်၏"အစရှိသောနည်းဖြင့် ဖြစ်သော သတ်မှတ်ခြင်း၏ အနေကန်ဖြစ်ပုံကို ရှင်းပြခဲ့ပါ။

ဖြေ။ အကုသိုလ်ဇောတို့၌ အလေ့အကျက်များသောသူအား တစ်ရံတခါ ကုသိုလ်ဇော စောသောအခါ အကုသိုလ်ဇော်၏အခြားမဲ့၌ အဟိတ်တဒါရုံဖြစ်မှုက အလေ့အကျက်ရနေသောကြောင့် တိဟိတ်ကုသိုလ်ဇောနောင်လည်း အဟိတ်တဒါရုံ ဖြစ်တတ်ပါသည်။ ထို့အတူ ကုသိုလ်ဇောတို့၌ အလေ့အကျက်များသူအား တစ်ခါတစ်ရံ အကုသိုလ်ဇော စောသောအခါ ကုသိုလ်ဇော်၏ အခြားမဲ့၌ တိဟိတ်တဒါရုံဖြစ်မှုက အလေ့အကျက်ရနေသောကြောင့် အကုသိုလ်ဇောနောင်လည်း တိဟိတ်တဒါရုံ ဖြစ်တတ်ပါသည်။

http://www.dhammadownload.com

(ဤနည်းသည် ပဋိသန္ဓေအကျိုးကိုပေးသော ကံတစ်ခုတည်းက တဒါရုံ ဝိပါက်- ဟူသော ပဝတ္တိအကျိုးကိုလည်း ပေးပုံကို ပြသောနည်း ဖြစ်သည်။)

ပဋိသန္ဓေကျိုးကို ပေးသောကံမှတစ်ပါး ပဝတ္တိကျိုးကိုသာ ပေးသောကံကြောင့် တဒါရုံ ဝိပါက်ဖြစ်ရာ၌ကား တိဟိတ်ဇောနောင် တိဟိတ် တဒါရုံသာမဟုတ်, ကံအားလျော်စွာ ဒွိဟိတ်, အဟိတ်တဒါရုံများလည်း ဖြစ်နိုင်ပုံ၊ ဒွိဟိတ်, အဟိတ်ဇောနောင်လည်း တိဟိတ်စသော တဒါရုံများဖြစ်နိုင်ပုံမှာ အထူးဆိုဖွယ်ရာပင် မလိုတော့ပါ။

မေး။ တိဟိတ် (ဒွိဟိတ်)ဇောနောင် အဟိတ်တဒါရုံ, အကုသိုလ်ဇောနောင် တိဟိတ် တဒါရုံများ ဖြစ်နိုင်ပုံ ပဋ္ဌာန်းသာဓကဖြင့် ဖြေဆိုပါ။

ဖြေ။ "ကုသလာကုသလေ နိရုဒ္ဓေ အဟေတုကော ဝိပါကော တဒါရမ္မဏာတာ ဥပ္ပဇ္ဇတိ" ကို ထောက်၍ တိဟိတ် (ဒွိဟိတ်)ဇောနောင် အဟိတ်တဒါရုံဖြစ်နိုင်ပုံကို သိရပါသည်။

"ကုသလာကုသလေ နိရုဒ္ဓ သဟေတုကော ဝိပါကော တဒါရမ္မဏာတာ ဥပ္ပဇ္ဇတိ" ကိုထောက်၍ အကုသိုလ်ဇောနောင် သဟိတ်တွင် ပါဝင်သော တိဟိတ်တဒါရုံများလည်း ဖြစ်နိုင်ပုံကို သိရပါသည်။

မေး။ တသ္မာ ယဒိ-စသော ဝါကျကို စပ်ရမည့်ပုဒ် ပေါ်လွင်အောင် အနက်ပေးပြပါ။

ဖြေ။ "ယသ္မာ၊ အကြင့်ကြောင့်။ ဒေါမနဿသဟဂတဇဝနာဝသာနေ၊ ၌။တဒါရမ္မဏာနိ စေဝ၊ တို့သည်လည်းကောင်း။ ဘဝင်္ဂါနိ စ၊ ဘဝင်တို့ သည်လည်းကောင်း။ ဥပေက္ခာသဟဂတာနေဝ၊ ဥပေက္ခာသဟဂုတ် တို့သည်သာလျှင်။ ဟောန္တိ၊ ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဒေါမနဿသဟဂတဇဝနာဝသာနေ၊ ၌။ ဥပေက္ခာသဟဂတသန္တီရဏံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏" ဟုစပ်ပါ။

မေး။ ဒေါမနဿသဟဂုတ်ဇော၏ အဆုံး၌ သောမနဿဘဝင်မဖြစ်ခြင်းကိုလည်း ဟောတော်မူအပ်သောကြောင့် "ယဒိ ဒေါမနဿသဟဂတဇဝနာဝသာနေ ဘဝင်္ဂပါတော နတ္ထိ"ဟူသောစကားကိုလည်း ဆိုသင့်သည် မဟုတ်ပါလော? အဘယ့်ကြောင့် ထိုစကားကိုမဆိုဘဲ "ယဒိ တဒါရမ္မဏာသမ္ဘဝေါ နတ္ထိ" ဟူသော စကားကိုသာ မိန့်ဆိုရပါသနည်း။

ဖြေ။ ဒေါမနဿ၏ အခြားမဲ့၌ သောမနဿ မဖြစ်နိုင်သောကြောင့် "သောမနဿ ပဋိသန္ဓိကဿ"ဟူသော ပုဒ်ဖြင့်ပင် ဒေါမနဿသဟဂုတ်ဇောနောင် သောမန

http://www.dhammadownload.com

သဘဝင်မကျနိုင်ကြောင်းကို ပြပြီးဖြစ်ပါသည်။ ထို့ကြောင့် သောမနဿဘဝင်မကျနိုင်ကြောင်းကို အထူးမဆိုတော့ဘဲ ထိုဒါရုံမကျခြင်းကိုသာလျှင် ကြံဆလိုသောကြောင့် "ယဒိ တဒါရမ္မဏာသမ္ပယုတ္တာ နတ္ထိ" ဟူသောစကားကို မိန့်ဆိုရခြင်းဖြစ်ပါသည်။

မေး။ သောမနဿနှင့် ပဋိသန္ဓေနေခဲ့သောပုဂ္ဂိုလ်၏ ဒေါသဇောအဆုံး၌ တဒါရုံ မဖြစ်သင့်ပုံကို ထင်ရှားအောင် ရေးပြပါ။

ဖြေ။ ဘုရားအစရှိသော အတိက္ကဋ္ဌာရုံ၌သော်မှလည်း ဒေါသသည် ထိခိုက်အပ်သော စိတ်ရှိသော သောမနဿနှင့် ပဋိသန္ဓေနေခဲ့သော တိတ္ထိအစရှိသောပုဂ္ဂိုလ်၏ သန္တာန်၌ ဒေါသဇောစောပြီးနောက် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သောမနဿတဒါရုံ၏လည်းကောင်း၊ အတိက္ကဋ္ဌာရုံ၌ ဥပေက္ခာသဟဂုတ်တဒါရုံ၏ လည်းကောင်း မဖြစ်နိုင်ခြင်းကြောင့် ဂဒါရုံ မဖြစ်သင့်ပါ။

တစ်စုံတစ်ခုသော မလျောက်ပတ်သောအကြောင်း (မာတုဂါမကိုမြင်၍ ရာဂဖြစ်ခြင်း စသောအကြောင်း)ကြောင့် ယုတ်လျော့သော လောကီစျာန်ကို အာရုံပြု၍ "ငါ၏ မွန်မြတ်သော စျာန်တရားသည် ပျက်စီးခဲ့လေပြီ"ဟု နှလုံးမသာယာမှုကို ဖြစ်စေသော သောမနဿနှင့် ပဋိသန္ဓေနေခဲ့သော ပုဂ္ဂိုလ်၏သန္တာန်၌ ဒေါသဇောစောသည်ရှိသော် ကာမာဝစရ မဟုတ်သော မဟဂ္ဂတ် (စျာန်) အာရုံ၌ တဒါရုံ မဖြစ်နိုင်သောကြောင့် တဒါရုံမဖြစ်သင့်ပါ။

မှတ်ချက်။ ။ ဦးကာ၌ 'ဝုတ္တနယေန'အရ ဆိုအပ်ခဲ့ပြီးသောနည်း-ဟူသည် အချင်းချင်း ဆန့်ကျင်ဘက်သဘောရှိခြင်း-ကို ဆိုလိုသည်။

မေး။ (က) သောမနဿနှင့် ပဋိသန္ဓေနေခဲ့သော တိတ္ထိအစရှိသောပုဂ္ဂိုလ်၏ သန္တာန်၌ ဘုရားအစရှိသော အတိက္ကဋ္ဌာရုံကိုမြင်၍ ဒေါသဇော စောသောအခါ။ (ခ) သောမနဿနှင့် ပဋိသန္ဓေနေခဲ့သော စျာနလာဘီပုဂ္ဂိုလ်အား မလျောက်ပတ်သော ကာမအာရုံကြောင့် လျော့ကျပြီးသောစျာန်ကို အာရုံပြု၍ နှလုံးမသာမယာဖြစ်သောအခါတို့၌ ကျနိုင်သော တဒါရုံ, ဘဝင်တို့ကို ဖော်ပြပါ။

ဖြေ။ (က) ဒေါသဇောနောင်ဖြစ်၍ အချင်းချင်း ဆန့်ကျင်ဘက်ဖြစ်သောကြောင့် သောမနဿတဒါရုံ မကျနိုင်ပါ။ အတိက္ကဋ္ဌာရုံဖြစ်သောကြောင့် ဥပေက္ခာတဒါရုံလည်း မကျနိုင်ပါ။

(ခ) ကာမာဝစရအာရုံ မဟုတ်, မဟဂ္ဂတ်အာရုံဖြစ်သောကြောင့် တဒါရုံ မကျနိုင်ပါ။

http://www.dhammadownload.com

ထို့ကြောင့် ဤဘဝဝယ် ရှေးအခါက အလေ့အကျက်များခဲ့သော ကာမအာရုံကို အာရုံပြု၍ ဥပေက္ခာသဟဂတ သန္တီရဏစိတ်သည် အာဂန္တုကဘဝင်ကိစ္စတပ်လျက် ဖြစ်ရပါသည်။ ထို့နောင်မှ ထိုအာဂန္တုကဘဝင်ကို အနန္တရပစ္စည်းပြု၍ ကျရိုးဖြစ်သော သောမနဿဘဝင် ကျပါသည်။

မေး။ ယံကိဉ္စိ ပရိစိတပုဗ္ဗံ-၌ ပရိစိတပုဗ္ဗ-အဓိပ္ပာယ်ကို ရေးပြခဲ့ပါ။

ဖြေ။ ဤပစ္ဆိမုခ် တစ်ဘဝတည်းမှာပင် အာဂန္တုကဘဝင်စိတ် ဖြစ်ရာကာလမှ ရှေ့အဖို့ဖြစ်သော ကာလ၌ လေ့ကျက်အပ်ဖူးသော များသောအားဖြင့် ယူအပ်ဖူးသော ကာမအာရုံကို "ပရိစိတပုဗ္ဗ" ဟု ဆိုပါသည်။

မေး။ အာဝဇ္ဇန်းနှင့် ကင်း၍ စိတ်ဖြစ်နိုင်/ မဖြစ်နိုင် ရှင်းလင်းဖြေဆိုပါ။

ဖြေ။ နိရောဓသမာပတ်မှထသော အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့၏ (အာဝဇ္ဇန်းနှင့် ကင်းလျက်ဖြစ်သော) အနာဂါမိဖိုလ်, အရဟတ္တဖိုလ်ဇောကို တွေ့မြင်ရသောကြောင့် အာဝဇ္ဇန်းနှင့် ကင်းလျက် စိတ်ဖြစ်နိုင်ကြောင်း သိရပါသည်။

မေး။ "နိရာဝဇ္ဇံ ကထံ စိတ္တံ၊ ဟောတိ နေတဉ္စိ သမ္မတံ-သော ဂါထာ၏ အဓိပ္ပာယ်ကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ **စောဒနာ** - စိတ်သည် အာဝဇ္ဇန်းနှင့် ကင်းလျက် အဘယ်နည်းဖြင့် ဖြစ်နိုင်ပါသနည်း။ မှန်၏၊ အာဝဇ္ဇန်းကင်းလျက် စိတ်ဖြစ်ခြင်းကို ရှေးဆရာမြတ်တို့ မသမ္မုတ်အပ်သည် မဟုတ်ပါလော။

ပရိဟာရ - နိရောဓသမာပတ်မှ ထသော အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်၏ အနာဂါမိဖိုလ်စိတ်, အရဟတ္တဖိုလ်စိတ်ဖြစ်ပုံကို တွေ့မြင်ရသောကြောင့် "အာဝဇ္ဇန်းရှိမှ စိတ်ဖြစ်နိုင်၏။ အာဝဇ္ဇန်းကင်းလျက် စိတ်မဖြစ်နိုင်" ဟူသော အမှတ်အသား မရှိပါ။

အမှာ။ ။ အထက်ပါ ရှင်းလင်းချက်မှာ ဆရာတော် ဥဒုံဇနက၏ ဦးကာကျော်နိဿယအတိုင်း ဖြစ်၏။ မဏိမဉ္ဇူအလိုကား အောက်ပါအတိုင်း ဖြစ်ပါသည်။

နိရောဓသမာပတ်မှ ထသော အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်၏ အာဝဇ္ဇန်းကင်း၍ အနာဂါမိဖိုလ်, အရဟတ္တဖိုလ်ဖြစ်ခြင်းကို တွေ့မြင်ရသောကြောင့် အာဝဇ္ဇန်းကင်းလျက် စိတ်သည် အဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်း၊ မဖြစ်။ ဤသို့ အာဝဇ္ဇန်းကင်းလျက် စိတ်၏ မဖြစ်ခြင်းကို ကောင်းစွာသိအပ်သည် မဖြစ်သည်သာလျှင်တည်း။ 'အာဝဇ္ဇန်းနှင့်တကွသာလျှင် စိတ်သည် ဖြစ်၏၊ အာဝဇ္ဇန်းကင်း

http://www.dhammadownload.com

လျက် မဖြစ်' ဤသို့သော သတ်မှတ်ချက်သည် မရှိသည်သာတည်း။ (ဋ၊ ၁။ ၄၉၀။)

ဓမ်း။ အာဝဇ္ဇန်းကင်းလျက် ဖြစ်နိုင်သောစိတ်များကို ဖော်ပြခဲ့ပါ။

ဓြ။ အာဂန္တုကဘဝင် ၆-ခု (မဟာဝိပါက် ဥပေက္ခာသဟဂုတ် ၄-ပါး၊ ဥပေက္ခာသဟဂုတ်သန္တီရဏ ၂-ပါး)၊
မဂ္ဂဝီထိ၌ ဂေါတြဘူ, ဝေါဒါန်။
ဖလသမာပတ္တိဝီထိ၌ ဖိုလ်ဇော၊
နိရောဓသမာပတ်မှ ထသောအခါ စောသော
အနာဂါမိဖိုလ်ဇော, အရဟတ္တဖိုလ်ဇောတို့ ဖြစ်ပါသည်။

(ဆောင်) **အာဝဇ္ဇန်းကင်း၊ စိတ်ဖြစ်ခြင်း၊ မယွင်း မှတ်စရာ။**
ဘဝင်ခြောက်ခု၊ အာဂန္တု ဖြစ်မှု ဝီထိလာ။
မဂ်ဝီထိဟူ၊ ဂေါတြဘူ၊ တစ်မူ ဝေါဒါန်သာ။
ဖလသမာပတ်၊ ဝီထိမြတ်၊ ရအပ် ဇောဖလာ။
နိရောဓမှ၊ ထကာလ၊ စောကြ ဇော နှစ်ဖြာ။

ဓမ်း။ "သောမနဿနှင့် ပဋိသန္ဓေနေခဲ့သော ပုဂ္ဂိုလ်၏ ဒေါသဇောနောင် တဒါရုံလည်း ဖြစ်ခွင့်မရ, ဘဝင်လည်း မကျသာဘဲ အခက်အခဲကြုံနေသောအခါ ဥပေက္ခာသဟဂုဟ်သန္တီရဏ စိတ်က ကြားဝင်ဖြစ်ပေးရ၏"ဟုဆိုရာ ထိုဥပေက္ခာသဟဂုတ်သန္တီရဏစိတ်သည် အဘယ်ကိစ္စ တပ်၍ ဖြစ်ပါသနည်း အကြောင်းပြ၍ ဖြေဆိုပါ။

ဖြေ။ ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်သည် ဒေါသဇော၏အာရုံကို မယူသောကြောင့် တဒါရုံကိစ္စဖြင့် မဖြစ်ပါ။ သမ္မဇ္ဇိတ္ထိုင်းသည် ခံယူအပ်ပြီးသော အာရုံကို စုံစမ်းခြင်း၏အစွမ်းဖြင့် မဖြစ်သောကြောင့် သန္တီရဏကိစ္စဖြင့်လည်း မဖြစ်ပါ။ ပဝတ္တိအခါဖြစ်၍ ပဋိသန္ဓေကိစ္စ, စုတိကိစ္စတို့၏ အစွမ်းဖြင့် ဖြစ်လေသလောဟု ယုံမှားဖွယ်ရာမရှိသောကြောင့် ပဋိသန္ဓေ ကိစ္စ, စုတိကိစ္စတို့၏အစွမ်းဖြင့် မဖြစ်ဟုလည်း အထူးတလည် ဆိုဖွယ်ရာပင် မရှိပါ။

ထို့ကြောင့် ပါရိသေသနည်းအားဖြင့် ဘဝမပြတ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် "ဘဝင်ကိစ္စ" ဖြင့် ဖြစ်ပါသည်။ ဆရာ အရှင်ဓမ္မပါလထေရ်လည်း အဋ္ဌသာလိနီအဋ္ဌကထာ အဗျာကတအဖွင့် အနုဋီကာ၌ ဤအနက်အဓိပ္ပာယ်ကိုပင် ပြတော်မူပါသည်။

http://www.dhammadownload.com

သိမှတ်ဖွယ်။ ။ "ဒွေ ဥပေက္ခာသဟဂတသန္တီရဏစိတ္တာနိ ပဋိသန္ဓိဘဝင်္ဂစုတိ-တဒါရမ္မဏသန္တီရဏဝသေန ပဉ္စကိစ္စာနိ နာမ"ဟု ကိစ္စသင်္ဂဟ၌ ပြခဲ့သော ဥပေက္ခာသဟဂုတ်သန္တီရဏ၏ ကိစ္စ ၅-ချက်တို့ တွင် ဤအရာ၌ အလိုရှိအပ်သော ကြွင်းသော ကိစ္စတစ်ခုကို သိစေခြင်းငှါ "ကေန ပန" စသည်ဖြင့် မေး၍ "တဒါရမ္မဏ-ကိစ္စေန"စသည်ဖြင့် ကိစ္စ ၄-ချက်တို့ကို ပယ်ပြီး "ပါရိသေသတော ပန" စသည်ဖြင့် ဤ၌ အလိုရှိအပ်သောကိစ္စကို ပြပါသည်။ "အာစရိယဓမ္မပါလတ္ထေရေနာပိ" စသည်ဖြင့် မိမိစကားကို ခိုင်မြဲစေပါသည်။ (ဋီ၊ ၁။ ၄၉၀။)

ဘဝင် ၂-မျိုး - မူလဘဝင်နှင့် အာဂန္တုကဘဝင်တို့ ဖြစ်ပါသည်။

မူလပဋိသန္ဓေစိတ်နှင့် တူသောဘဝင်သည်"မူလဘဝင်"မည်၏။ မူလပဋိသန္ဓေစိတ်နှင့် မတူသော ဘဝင်သည် "အာဂန္တုကဘဝင်"မည်၏။ (အဋ္ဌသာလိနီ၊ ၃၁၀-၁၁။)

မေး။ သောမနဿနှင့် ပဋိသန္ဓေနေခဲ့သောပုဂ္ဂိုလ်၏ ဒေါသဇောနောင် တဒါရုံလည်း ဖြစ်ခွင့်မရ၊ ဘဝင်လည်း မကျသာဘဲ အခက်အခဲကြုံနေသောအခါ အဆင်ပြေအောင် ကြားဝင်၍ ဖြစ်ပေးရသော ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် မဆောင်ရွက်နိုင်သော ကိစ္စများကို အကြောင်းနှင့်တကွ ဖော်ပြခဲ့ပါ။

ဖြေ။ ထိုဥပေက္ခာသဟဂုတ်သန္တီရဏစိတ်သည် ဒေါသဇော၏အာရုံကို မယူသောကြောင့် တဒါရုံကိစ္စကို မဆောင်ရွက်နိုင်ပါ။ သမ္ပဋိစ္ဆိဉ်းသည် ခံယူအပ်ပြီးသော အာရုံကို စုံစမ်းခြင်း၏ အစွမ်းဖြင့် မဖြစ်သောကြောင့် သန္တီရဏကိစ္စကိုလည်း မဆောင်ရွက်နိုင်ပါ။ ပဝတ္တိအခါဖြစ်၍ ပဋိသန္ဓေအခါ, စုတိအခါ မဟုတ်သောကြောင့် ပဋိသန္ဓေကိစ္စ, စုတိကိစ္စကိုလည်း မဆောင်ရွက်နိုင်ပါ။

မေး။ "ပဋိသန္ဓေနှင့် ဘဝင်တို့ ဘူမိ, ဇာတိ, သမ္မယုတ္တဓမ္မ, သဒ္ဒါရုံအားဖြင့်လည်းကောင်း၊ အာရုံအားဖြင့်လည်းကောင်း တူရမည်"ဟူသော ဝိထိမုတ်ပိုင်း ပဋိသန္ဓိစတုက္ကအဆုံးလာ "ပဋိသန္ဓိဘဝင်္ဂ"စသော ဂါထာစကားကို အတိအကျ ကိန်းသေမုချ မှတ်သားရပါမည် လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ အာဂန္တုကဘဝင်ကျရာ၌ ထိုအာဂန္တုကဘဝင်သည် မူလပဋိသန္ဓေနှင့် သမ္မယုတ္တဓမ္မအားဖြင့်လည်းကောင်း, အာရုံအားဖြင့်လည်းကောင်း မတူသောကြောင့် ထိုဂါထာစကားကို အတိအကျ ကိန်းသေမုချအားဖြင့် မမှတ်သားရပါ။

အမှာ။ ။ "ပဋိသန္ဓေနှင့် ဘဝင်တို့ သမ္မယုတ္တဓမ္မအားဖြင့်လည်းကောင်း, အာရုံအားဖြင့်လည်းကောင်း မတူသောအရာဌာနကို ဖော်ပြပါ"ဟူသော မေးခွန်းကို ဖြေတတ်ပါစေ။။

http://www.dhammadownload.com

မေး။ (က) "တသွာ ယဒိ သောမနဿပဋိသန္ဓိကဿ ။ပ ။ ဉပေက္ခာသဟဂတ-သန္တီရဏံ ဉပ္ပဇ္ဇတိ (=သောမနဿနှင့် ပဋိသန္ဓေနေခဲ့သော ပုဂ္ဂိုလ်၏ ဒေါသဇော အဆုံး၌ ဉပေက္ခာသဟဂုတ်သန္တီရဏသည် ရှေ့၌လေ့ကျက်ဖူးသော ကာမအာရုံကို အာရုံပြု၍ အာဂန္တုကဘဝင်ကိစ္စ တပ်လျက်ဖြစ်၏)"ဟူသော စကားရပ်နှင့် (ခ) "ပဋိသန္ဓေနှင့် ဘဝင်တို့သည် ဘူမိ, ဇာတိ, သမ္မယုတ္တ ဓမ္မ, သဒ္ဒါရုံ အားဖြင့်လည်းကောင်း၊ အာရုံအားဖြင့်လည်းကောင်း တူရမည်"ဟူသော ဝိထိမုတ်ပိုင်း ပဋိသန္ဓိစတုက္ကအဆုံးလာ "ပဋိသန္ဓိ ဘဝင်္ဂ"စသော ဂါထာစကားနှစ်ရပ် ဆန့်ကျင်နေသည် မဟုတ်ပါလော? မဆန့်ကျင်အောင် ညှိပြခဲ့ပါ။

ဖြေ။ "ပဋိသန္ဓိဘဝင်္ဂ" စသော စကားရပ်သည် ယေဘုယျနည်းအားဖြင့် ဆိုအပ်သော စကားဖြစ်၍ အပွကအားဖြင့် မတူသောနေရာဌာနလည်း ရှိနိုင်သေး၏-ဟု အဓိပ္ပာယ် သက်ရောက်ပါသည်။ ဤအာဂန္တုကဘဝင် ကျရာဌာနမှတစ်ပါး ပဋိသန္ဓေနှင့် ဘဝင်တို့ သမ္မယုတ္တဓမ္မ အားဖြင့်လည်းကောင်း, အာရုံအားဖြင့်လည်းကောင်း မတူသောနေရာဌာန မရှိ၊ အားလုံးတူညီကြသည်သာ ဖြစ်ပါသည်။ ထို့ကြောင့် စကားနှစ်ရပ် မဆန့်ကျင်ပါ။

မေး။ "ကာမဇော, ကာမသတ္တဝါ, ကာမအာရုံ ၃-ပါးလုံးစုံမှ တဒါရုံ ဖြစ်နိုင် ကျနိုင်သည်" ဟု ဆိုရာ အဘယ့်ကြောင့် ကာမဇောအဆုံး၌သာ တဒါရုံကျရပါသနည်း။

ဖြေ။ တဒါရုံသည် ကာမတဏှာလျှင် အကြောင်းရင်းရှိသော ကာမာဝစရကုသိုလ်ကံ, အကုသိုလ်ကံကြောင့်သာလျှင် ဖြစ်ရသောကြောင့် ကာမဇော၏ အဆုံး၌သာ တဒါရုံကျရခြင်း ဖြစ်ပါသည်။

မှန်၏။ ကာမတဏှာလျှင် အကြောင်းရင်းရှိသော ကာမာဝစရကုသိုလ်ကံ, အကုသိုလ်ကံသည် ဖြစ်စေအပ်သော ထိုတဒါရုံသည် ကာမတဏှာ၏ အာရုံဖြစ်ခြင်း (ကာမတဏှာလျှင် အကြောင်းရင်းရှိခြင်း)ဟူသော သဘောမရှိသော ရူပါဝစရ, အရူပါဝစရ, လောကုတ္တရာဇော တို့၏ အဆုံး၌ မဖြစ်နိုင် မကျနိုင်ပါ။

၃မး။ ဇောချင်းတူသောကြောင့် ရူပါဝစရ, အရူပါဝစရ, လောကုတ္တရာဇော (မဟဂ္ဂတ်လောကုတ္တရာဇော)တို့၏အဆုံး၌လည်း တဒါရုံ ကျရာသည် မဟုတ်ပါလော? အဘယ့်ကြောင့် ထိုဇောတို့၏ အဆုံး၌ တဒါရုံ မကျရပါသနည်း ဖြေဆိုပါ။

၃ဖြ။ ရူပါဝစရ, အရူပါဝစရ, လောကုတ္တရာဇောတို့သည် တဒါရုံကို မဖြစ်စေတတ်သောကြောင့်လည်းကောင်း၊ တဒါရုံကို ဖြစ်စေတတ်သော ကာမာဝစရကုသိုလ်ကံ, အကုသိုလ်ကံနှင့် ဘုံအားဖြင့် တူသောသဘောမရှိသောကြောင့်လည်း

http://www.dhammadownload.com

ကောင်း ရှုပါဝံစရ အရှုပါဝံစရ, လောကုတ္တရာဇောတို့၏ အဆုံးဌ် တဒါရုံ မကျပါ။

မေး။ ကာမဇော၏အဆုံးဌ်သာ တဒါရုံကျ၍ မဟဂ္ဂတ်, လောကုတ္တရာဇောတို့အဆုံးဌ် တဒါရုံမကျနိုင်ပုံကို ဥပမာဆောင် ထင်ရှားအောင် ဖြေဆိုခဲ့ပါ။

ဖြေ။ အိမ်မှထွက်လိုသော ကလေးသူငယ်သည် မိမိကို ဖြစ်စေတတ် မွေးဖွားတတ်သော အဘကိုဖြစ်စေ၊ အဘနှင့်တူသော ဦးကြီး, ဦးလေး စသူတို့ကိုဖြစ်စေ လက်ချောင်းဌ်ကိုင်လျက် ထွက်၍ မင်းချင်းယောကျ်ားစသည်ကို လက်ချောင်းဌ်ကိုင်လျက် မထွက်သကဲ့သို့၊ ထို့အတူ ဘဝင်အာရုံမှ တစ်ပါးသောအာရုံဌ်ဖြစ်သော တဒါရုံသည် မိမိကိုဖြစ်စေတတ်သော ကာမာဝစရကုသိုလ်, အကုသိုလ်ဇောသို့သော်လည်းကောင်း၊ ထိုကုသိုလ်, အကုသိုလ်ဇောနှင့် ကာမဇောချင်း သဘောတူသော ကာမာဝစရကြိယာဇောသို့သော်လည်းကောင်း အစဉ်လိုက်ပါသည်။ ကာမာဝစရကုသိုလ်, အကုသိုလ်ဇောနှင့် သဘောမတူသော မဟဂ္ဂတ်, လောကုတ္တရာဇောများသို့ အစဉ်မလိုက်ပါ။

မေး။ တဒါရုံကျ/မကျသော ဇောတို့ကို ပြဆိုရာဌ် (က) အဘနှင့် တူသောဇော (ခ) ဦးကြီး, ဦးလေးနှင့်တူသော ဇော (ဂ) မင်းချင်းယောကျ်ားနှင့် တူသော ဇောတို့ကို ဖော်ပြခဲ့ပါ။

ဖြေ။ (က) ကာမကုသိုလ်, အကုသိုလ်ဇောတို့ ဖြစ်ပါသည်။ (ခ) ကာမကြိယာဇော ဖြစ်ပါသည်။ (ဂ) မဟဂ္ဂတ်, လောကုတ္တရာဇောတို့ ဖြစ်ပါသည်။

မေး။ ပြဟ္မာတို့သန္တာန်ဌ် အဘယ့်ကြောင့် တဒါရုံမကျပါသနည်း။

ဖြေ။ တဒါရုံ၏ အားကြီးသော မှီရာအကြောင်းဖြစ်သော ကာမာဝစရပဋိသန္ဓေ ဟူသော မျိုးစေ့မရှိသောကြောင့် ပြဟ္မာတို့သန္တာန်ဌ် တဒါရုံမဖြစ်ပါ။

မေး။ တဒါရုံ၏မျိုးစေ့-ဟူသည် အဘယ်နည်း ဖော်ပြပါ။

ဖြေ။ ကာမာဝစရပဋိသန္ဓေ-ဖြစ်ပါသည်။

မေး။ အဘယ့်ကြောင့် ကာမအာရုံမှတစ်ပါးသော မဟဂ္ဂတ်, လောကုတ္တရာ, ပညတ်အာရုံတို့ဌ် တဒါရုံမကျရပါသနည်း။

ဖြေ။ မဟဂ္ဂတ်. လောကတရာ. ပညတ်အာရုံတို့သည် တဒါရုံ လေ့ကျက်ခြင်

http://www.dhammadownload.com

သော (တဒါရုံ အလေ့အကျက်များသော) အာရုံများ မဟုတ်သောကြောင့် တဒါရုံ မကျပါ။

(တစ်နည်း) ကာမတဏှာနှင့်စပ်သောကံသည် ဖြစ်စေအပ်သောကြောင့်လည်း ကာမတဏှာ၏ အာရုံဖြစ်သော ကာမတရားတို့၌ တဒါရုံဖြစ်၍ မဟဂ္ဂုတ်, လောကုတ္တရာ, ပညတ်အာရုံ တို့၌ တဒါရုံမကျပါ။

မေး။ ကာမအာရုံ၌သာ တဒါရုံဖြစ်၍ မဟဂ္ဂုတ်, လောကုတ္တရာ, ပညတ်အာရုံတို့၌ တဒါရုံမဖြစ်ပုံကို ဥပမာဆောင် ထင်ရှားအောင် ရေးပြခဲ့ပါ။

ဖြေ။ အိမ်အပြင်သို့ ထွက်လိုသော ကလေးသူငယ်သည် မိမိကိုဖြစ်စေတတ် မွေးဖွားတတ်သော အဘနောက်၊ သို့မဟုတ်- ဦးကြီး, ဦးလေး စသူတို့နောက်သို့ အစဉ်လိုက်သော်လည်း တောကြိုတောင်ကြားစသည့် သွားနေကျလာနေကျ မဟုတ်သော အရပ်များသို့ သွားသူ၏ နောက်သို့ အစဉ်မလိုက်ဘဲ သွားနေကျလာနေကျ အိမ်ဦး မုခ်ဝ, အိမ်ဝင်းလွင်ပြင်စသော အရပ်သို့ သွားသောအခါ၌သာ အစဉ်လိုက်သကဲ့သို့၊ ထို့အတူ တဒါရုံသည်လည်း မိမိလေ့ ကျက်ဖူးသော ကာမအာရုံ၌သာ ဖြစ်၍ မလေ့ကျက်ဖူးသော မဟဂ္ဂုတ်,လောကုတ္တရာ, ပညတ်အာရုံတို့၌ မဖြစ်ပါ။

မေး။ "ဇနကံ တံ သမာနံ ဝါ" စသော ဂါထာ ၃- ဂါထာ၏ အဓိပ္ပာယ်ကို ရှင်းလင်းဖြေဆိုခဲ့ပါ။

ဖြေ။ (၁) တဒါရုံသည် ဗာလဒါရကလိလာနည်း (- ကလေးငယ်၏ စမ္မယ်နည်း ကစားနည်း)ဖြင့် မိမိကို ဖြစ်စေတတ်သော ကာမာဝစရကုသိုလ်, အကုသိုလ်ဇော၊ (သို့မဟုတ်) ထိုကာမာဝစရကုသိုလ်, အကုသိုလ်ဇောနှင့် ဘုံအားဖြင့် တူသော ကာမာဝစရကြိယာဇောသို့သာ အစဉ်လိုက်၏။ တစ်ပါးသော မဟဂ္ဂုတ်, လောကုတ္တရာဇောသို့ အစဉ်မလိုက်ပါ။

(၂) ကာမာဝစရပဋိသန္ဓေ -ဟူသော မျိုးစေ့မရှိသောကြောင့် ပြဟ္မာတို့သန္တာန်၌လည်း တဒါရုံမရှိနိုင်ပါ။ မှန်၏-"ကာမာဝစရ"ဟု အသိအမှတ်ပြုအပ်သော ပဋိသန္ဓေစိတ်သည် ဤတဒါရုံဝိပါက်၏ မျိုးစေ့ (အကြောင်း) ဖြစ်ပါသည်။

(၃) ကလေးသူငယ်သည် လေ့ကျက်အပ်သည်သာလျှင်ဖြစ်သော အိမ်ဦးမုခ်ဝ စသောအရပ်၌ ထိုအဘ, ဦးကြီး, ဦးလေးနောက်သို့ အစဉ်လိုက်၍ အခြားအရပ်၌ အစဉ် မလိုက်သကဲ့သို့၊ ထို့အတူ ဤတဒါရုံသည် လေ့ကျက်အပ်သော

http://www.dhammadownload.com

ကာမအာရုံဟူသော အရပ်၌ ထိုကာမဇောနောက်သို့ အစဉ်လိုက်၏။ တစ်ပါးသော မဟဂ္ဂုတ်, လောကုတ္တရာ, ပညတ်အာရုံ၌ အစဉ်မလိုက်ပါ။

တစ်နည်း - တဒါရုံသည် ကာမတဏှာနှင့် စပ်သဖြင့်လည်း ကာမတဏှာ၏ အာရုံဖြစ်သော ကာမတရားတို့၌သာ ဖြစ်ပါသည်။

မေး။ ကာမာဝစရပဋိသန္ဓေ-ဟူသော မိုးစေ့ (အရင်းခံအကြောင်း) မရှိသောကြောင့် ပြဟ္မာတို့သန္တာန်၌ တဒါရုံကာမဝိပါက်များ မဖြစ်နိုင်လျှင် ပဝတ္တိအကျိုးဆက် ကာမဝိပါက်ချင်းတူသော စက္ခုဝိညာဉ်, သောတဝိညာဉ်နှင့် သမ္ပဋိစ္ဆိုင်း, သန္တီရဏစိတ်များလည်း ထိုပြဟ္မာတို့ သန္တာန်၌ မဖြစ်နိုင်ရာရောက်သည် မဟုတ်ပါလော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ မရောက်ပါ။ ပြဟ္မာတို့သန္တာန်၌ စက္ခုန္ဒြေ,သောတိန္ဒြေဖြစ်ခြင်း၏ အစွမ်းအာနုဘော်ကြောင့် စက္ခုဝိညာဉ်, သောတဝိညာဉ်တို့ ဖြစ်နိုင်ကြ၍၊ ဒွါရ, ဝီထိ (စက္ခုဒွါရ, သောတဒွါရ၊ စက္ခုဒွါရဝီထိ, သောတဒွါရဝီထိ)တို့ ထူးခြားကွဲပြားရာ၌ သမ္ပဋိစ္ဆိုင်း, သန္တီရဏစိတ်တို့ ဖြစ်မြဲမမွေတာဖြစ်သောကြောင့် သမ္ပဋိစ္ဆိုင်း, သန္တီရဏတို့ ဖြစ်နိုင်ကြပါသည်။

<u>ကာမဇော, ကာမသတ္တဝါ, ကာမအာရုံ ၃-ပါးလုံးစုံတိုင်း တဒါရုံမကျ</u> - ပစ္စုပ္ပန်ဂတိနိမိတ်ကို အာရုံပြုသော မနောဒွါရ မရဏာသန္နဝီထိများ၌ ကာမဇော, ကာမသတ္တဝါ, အတိမဟန္တဟူသော ကာမအာရုံ မှန်ပါလျက် တဒါရုံ မကျဘဲ စုတိပြီးမှ ထိုပစ္စုပ္ပန်အာရုံကိုပင် ပဋိသန္ဓေသစ်နှင့် ဘဝင် ၆-ချက်ခန့်တို့က အာရုံပြုကြောင်းကို ဝိဘင်းအဋ္ဌကထာ, အဋ္ဌကထာကဏ္ဍ မူလဋီကာတို့၌ ဖွင့်ပြထားပါသည်။ ထို့ကြောင့် ကာမဇော, ကာမသတ္တဝါ, ကာမအာရုံ ၃-ပါးလုံးစုံတိုင်း တဒါရုံမကျ-ဟု မှတ်ပါလေ။

တဒါရမ္မဏနိယမ အဖွင့် ပြီး၏။

ဇဝန နိယမ အဖွင့် (၁၅၅)

မေး။ မရဏာသန္နအခါ၌ အဘယ့်ကြောင့် ကာမဇော ၅-ကြိမ်သာစောရပါသနည်း

http://www.dhammadownload.com

ဖြေ။ မရဏာသန္နအခါ၌ မှီရာဟဒယဝတ္ထုရုပ် အားနည်းသည်ဖြစ်၍ နံ့နှေးခြင်း့ သော အရှိန်အဟုန်ရှိသောကြောင့် ၇-ကြိမ်ပြည့်အောင် မစောနိုင်ဘဲ ၅-ကြိမ်သာ စောရခြင်း ဖြစ်ပါသည်။

မေး။ မရဏကာလာဒီသု-၌ အာဒိ-သဒ္ဒါဖြင့် ယူရမည့်အခါများကို ဦးကာဆရာ အလိုက္ခ ဖော်ပြခဲ့ပါ။

ဖြေ။ မရဏကာလာဒီသု-၌ အာဒိ-သဒ္ဒါဖြင့် မုဆ္ဆာကာလ (တွေဝေမိန်းမောရာ အခါ) ကို ယူရပါမည်။

မှတ်ချက်။ ။ မုဆ္ဆာကာလ၌ သညာမရှိသည့်အတွက် နံ့နှေးခြင်း့သော အရှိန်အဟုန်ရှိသောကြောင့် ၇-ကြိမ်ပြည့်အောင် မစောနိုင်ဘဲ ၅-ကြိမ်သာ စောရသည်-ဟု မှတ်ပါ။

ဦးကာကျော်ဝယ် ယေဘုယျေန သတ္တက္ခတ္တုံ ဇဝတိ-အဖွင့်တုန်းက "မုဆ္ဆာကာလ၌ ၆-ကြိမ်စောကြောင်း" ဖွင့်ပြခဲ့သည်။ ထိုအဖွင့်နှင့် မဆန့်ကျင်အောင် "မရဏကာလ ကဲ့သို့ အလွန်တွေဝေရာ အတိမုဆ္ဆာကာလ၌ ၅-ကြိမ်၊ သာမန်လောက်တွေဝေရာ သာမညမုဆ္ဆာကာလ၌ ၆-ကြိမ်"ဟု မုဆ္ဆာကာလကို နှစ်မျိုးခွဲပြီး အခြို့ဆရာတို့ ယူကြပါသည်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် သင်္ဂြိဟ်ကျမ်း တို့အလိုမှာ "ပကတိအခါ၌ပင် ၆-ကြိမ်စော၍ မုဆ္ဆာကာလ၌ ၅-ကြိမ်သာ"စောရပါမည်။

(ဆောင်) **မရဏကာလာ၊ အာဒိမှာဖြင့်၊ မုဆ္ဆာတရှိ၊ ဝိသညိတာ၊ အတိတရူဏာ၊ စသည်ကာလ၊ ဟူသမျှ၊ ယူရ မှတ်လေလော့။** (အခြေပြုသင်္ဂြိဟ်)

မေး။ ဘုရားရှင်၏ ယမိုက်ပြာဦးဟာ ပြရာကာလစသည်တို့၌ ပစ္စဝေက္ခဏာဇော ၄-ကြိမ်, ၅-ကြိမ် စောပုံကို ရေးပြခဲ့ပါ။

ဖြေ။ ရေမီးအစုံဖြစ်သော တန်ခိုးပြာဦးဟာကို ပြရာအခါစသည်တို့၌ ရေအစုံ, မီးအစုံ ဖြစ်ခြင်းစသော အကျိုးငှါ ဣဒ္ဓိဝိဓအဘိညာဉ်၏ တည်ရာဖြစ်သော ပါဒက စတုတ္ထဈာန်ကို အသီးသီး ဝင်စားပြီးနောက် ထိုပါဒကဈာန်မှ ထ၍ ဥပေက္ခာ, ကေဂ္ဂတာ ဈာန်အင်္ဂါတရားတို့ကို မနောဒွါရာဝဇ္ဇန်းဖြင့် အသီးအသီး ဆင်ခြင်တော်မူသော မြတ်စွာဘုရား၏ သန္တာန်၌ အာဝဇ္ဇနဝသီဘော် အထွတ် အထိပ်သို့ ရောက်ခြင်းကြောင့် ဆင်ခြင်မှုအာဝဇ္ဇန်းသာ လိုရင်းပဓာန ဖြစ်သော ပစ္စဝေက္ခဏာဇောစိတ်တို့ကို ဈာန်အင်္ဂါသို့ ရှေးရှုဆောင်ခြင်း စေလွှတ်ခြင်းဖြစ်၏။ ထို့သို့ ပစ္စဝေက္ခဏာဇောစိတ်တို့ကို ဈာန်အင်္ဂါသို့ ရှေးရှုဆောင်ခြင်းသည် အာဝဇ္ဇန်းသာ လိုရင်းပဓာနဖြစ်သောကြောင့် မနောဒွါရာဝဇ္ဇန်းသည် ဆင်ခြင်

http://www.dhammadownload.com

အပ်ပြီးသော ဈာန်အင်္ဂါလျှင်အာရုံရှိသော ၄-ကြိမ်, ၅-ကြိမ်သော ပစ္စဝေက္ခဏာဇောစိတ်တို့ စောကုန်၏-ဟု အဋ္ဌကထာ ဆရာတို့ ဆိုကြပါသည်။

ယမိုက်ပြာဋိဟာ ပြတော်မူပုံ။ ။ "ပါဒကဈာန်၊ အဓိဋ္ဌာန်နှင့်၊ တဖန် ပါဒက၊ ဖြစ်ပြီးမှ၊ ကျတဲ့ အဘိညာ"ဟူသည်နှင့်အညီ ဘုရားရှင်သည် ယမိုက်ပြာဋိဟာကို ပြတော်မူလိုသောအခါ (၁) မီးအစု မီးအလျှံဖြစ်ပေါ်လာစေခြင်းအကျိုးငှါ တေဇောကသိုဏ်းကို အာရုံပြု၍ စတုတ္ထဈာန်သမာပတ်ကို ဝင်စားတော်မူ၏။ ထိုစတုတ္ထဈာန်သမာပတ်မှ ထတော်မူပြီးနောက် ထိုစတုတ္ထဈာန်၌ပါသော ဥပေက္ခာ, ဧကဂ္ဂတာဈာန်အင်္ဂါတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိကို ဖြစ်စေတော်မူ၏။ (၂) ထို့နောက် အထက်ပိုင်း ကိုယ်တော်မှ မီးအစုထွက်ပေါ်စေသတည်းဟု အဓိဋ္ဌာန်တော်မူသော အဓိဋ္ဌာန (ပရိ ကမ္မ)ဝီထိကို ဖြစ်စေတော်မူ၏။ (၃) ထို့နောက် စတုတ္ထဈာန်ကို တဖန်ဝင်စားတော်မူပြန်၏။ ဈာန်မှ ထ၍ ရှေးနည်းအတိုင်း ဈာန်အင်္ဂါ တို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ဝီထိများ ဖြစ်ကြ၏။ (၄) ထို့နောင်မှ အဘိညာဉ် ဝီထိဖြစ်၏။ ထိုအဘိညာဉ်ဝီထိ၏အစွမ်းကြောင့် အထက်ပိုင်းကိုယ်တော်မှ မီးအစု ထွက်ပေါ်လာသည်။ အောက်ပိုင်းကိုယ်တော်မှ ရေအစု ရေအလျှံ ထွက်ပေါ်လာစေဖို့ရန်လည်း အာပေါကသိုဏ်းကို အာရုံပြု၍ ရှေးနည်းအတိုင်း ဖြစ်စေရပြန်ပါသည်။ (သင်္ဂြိဟ်ဘာသာဋီကာကို မှီသည်။)

မေး။ ယမိုက်ပြာဋိဟာ ပြရာကာလ စသည်တို့၌ ဘုရားရှင်အားသာ ပစ္စဝေက္ခဏာဇော ၄-ကြိမ်, ၅-ကြိမ် စောသည်-ဟု မှတ်ရပါမည်လော? ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ယင်းသို့ မမှတ်ရပါ။ "ဘဂဝတော" ဟူသော သဒ္ဒါသည် နိဒဿနနည်းမျှသာဖြစ်သောကြောင့် ဘုရားရှင်မှတစ်ပါး တရားစစ်သူကြီး အရှင်သာရိပုတ္တရာစသော ပုဂ္ဂိုလ်တို့အားလည်း ဤသို့ အလျင်အမြန် ဖြစ်စေအပ်ရာအခါ၌ ၃-ကြိမ်မပြည့်သော (၄-ကြိမ်၊ ၅-ကြိမ်သော) ဇောများ စောကြပါသည်။

မေး။ ပစ္စဝေက္ခဏာဇောတို့ ၄-ကြိမ်, ၅-ကြိမ်စောပုံကို ရှင်းပြခဲ့ပါ။

ဖြေ။ သင်္ဂြိဟ်နှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့အလို - ယမိုက်ပြာဋိဟာ ပြရာအခါစသည်တို့၌ ဘုရားရှင်အားလည်းကောင်း၊ ဘုရားရှင်မှတစ်ပါး တရားစစ်ကြီး အရှင်သာရိပုတ္တရာစသောပုဂ္ဂိုလ်တို့အားလည်းကောင်း ပစ္စဝေက္ခဏာဇော ၄-ကြိမ်ဖြစ်စေ, ၅-ကြိမ် ဖြစ်စေ စောပါသည်။

သင်္ဂြိဟ်ကျမ်း၌ "စတ္တာရိ ပဋ္ဌာ ဝါ" ဟူသောစကားကို တိကွိုန္ဒြိယ, မုဒိန္ဒြိယ ပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့် ယူထိုက်၏ - ဟု အရှင်ဓမ္မပါလမထေရ် မိန့်ပါသည်၊

http://www.dhammadownload.com

ထို့ကြောင့် ယမိုက်ပြာဋိဟာပြရာအခါ စသည်တို့၌ မြတ်စွာဘုရား၏သန္တာန်၌ ပစ္စဝေက္ခဏာဇော ၄-ကြိမ်စေ့၍ မြတ်စွာဘုရားမှတစ်ပါး အဂ္ဂသာဝက, မဟာသာဝကတို့သန္တာန်၌ ၅-ကြိမ်စေသည်- ဟု ခွဲခြားရပါသည်။

မေး။ "ယမိုက်ပြာဋိဟာ"ဟူသောစကား၏ အဓိပ္ပာယ်ကို ရှင်းပြခဲ့ပါ။

ဖြေ။ "ယမိုက်ပြာဋိဟာ"ဟူသောစကားသည် "ယမကပါဋိဟာရိယ"ဟူသောပုဒ်မှ ဆင်းသက်ဖြစ်ပေါ်လာသော ပါဋိသက် စကားဖြစ်ပါသည်။ 'ယမက'ကို 'ယမိုက်'ဟု မြန်မာမှုပြု၍၊ 'ပါဋိဟာရိယ'ကို 'ပြာဋိဟာ'ဟု မြန်မာမှု ပြုထားခြင်း ဖြစ်ပါသည်။ 'ပြာဋိဟာ'ကား သက္ကတ အဋ္ဌေ့အသက် ရောယှက်နေသော မြန်မာစကားလုံး ဖြစ်သည်။ မှန်၏- ပါဋိ၌ 'ပါဋိဟာရိယ'သည် သက္ကတ၌ 'ပြာတိဟာရိက' ဖြစ်သည်။ ယင်းသက္ကတသို့ လိုက်၍ 'ပြာဋိဟာ'ဟု မြန်မာမှု ပြုထားခြင်း ဖြစ်ပါသည်။ ဥပမာ- 'ပါသာဒ'ကို 'ပြာသာဒ်'ဟု မြန်မာမှု ပြုထားသကဲ့သို့တည်း။ "ရေနှင့်မီး အစုံအစုံထွက်အောင် ဖန်ဆင်းနိုင်သော တန်ခိုးတော်"ဟု အဓိပ္ပာယ်ရပါသည်။

မှတ်သားဖွယ်။ ။ ပြာသာဒ - ပါသာဒ - ပြာသာဒ်။ (ပြာဿာဒ်- မဟုတ်ပါ။)

မေး။ (က) အာဒိကမ္မိက (ခ) ပဌမကပ္ပနာ-ဟူသော စကားတို့၏ အဓိပ္ပာယ်ကို ရှင်းပြခဲ့ပါ။

ဖြေ။ (က)"အာဒိတော ကတံ ကမ္မံ အာဒိကမ္မံ၊ အာဒိကမ္မံ ဧတဿ အတ္ထီတိ အာဒိကမ္မိကော"ဟူသော ဝစနတ္ထနှင့်အညီ အပ္ပနာဝီထိမှ ရှေ့အဖို့၌ သမထကမ္မဋ္ဌာန်း စီးဖြန်း အားထုတ်မှုရှိသောပုဂ္ဂိုလ်သည် "အာဒိကမ္မိက"မည်ပါသည်။

(တစ်နည်း) "အာဒိဘူတံ ကမ္မံ အာဒိကမ္မံ၊ အာဒိကမ္မေ နိယုတ္တော အာဒိကမ္မိကော"ဟူသော ဝစနတ္ထနှင့်အညီ အစပထမဖြစ်သော သမထဘာဝနာ အားထုတ်မှု၌ ယှဉ်သောပုဂ္ဂိုလ်သည် "အာဒိကမ္မိက"မည်ပါသည်။ (ဋီ။ ၁။ ၄၉၈)။

(ခ) "ပဌမံ နိဗ္ဗတ္တာ ပဌမကာ၊ ပဌမကာ စ သာ အပ္ပနာ စာတိ ပဌမကပ္ပနာ" ဟူသော ဝစနတ္ထနှင့်အညီ ရှေးဦးစွာဖြစ်ပေါ်လာသော အပ္ပနာ (မဟဂ္ဂုတ်စျာန်ဇော)ကို "ပဌမကပ္ပနာ"ဟု ခေါ်ပါသည်။

အမှာ။ ။ "ပဌမကပ်-ပနာ"ဟု ဖတ်ပါ။ "ပဌမ-ကပ်ပနာယံ"ဟု မဖတ်ပါနှင့်။

မေး။ "အဘိညာဇနာနိ စ ဧကဝါရမေဝ ဇဝန္တိ" ဟုသာ မဆိုဘဲ အဘယ့်ကြောင့် "သတ္တထာပိ"ကို ထည့်ဆိုရပါသနည်း။

http://www.dhammadownload.com

ဖြေ။ "အဘိညာဇဝနာနိ စ ကေဝါရမေဝ ဇဝန္တိ" ဟူသော ဆိုလျှင် အဘိညာဉ်ဇောတို့ အတွက်လည်း "ပဌမကပ္ပနာယံ"ဟူသော အာဓာရပုဒ် လိုက်လာရာသော ကြောင့်ထို "ပဌမကပ္ပနာယံ"ဟူသော အာဓာရပုဒ်ကို တားမြစ်ခြင်း အကျိုးငှါ "သပ္ပထာပိ"ကို ထည့်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ လောကီအဘိညာဉ်ဇောတို့ တစ်ကြိမ်စောသည်-ဟုဆိုရာ အဘယ်အခါ၌ တစ်ကြိမ်စော ကြပါသနည်း။

ဖြေ။ လောကီအဘိညာဉ်ဇောတို့သည် ရှေးဦးစွာဖြစ်ရာအခါ၌လည်းကောင်း၊ လေ့ကျက်အပ်သောဝသီဘော်ရှိရာ အခါ၌လည်းကောင်း အခါခပ်သိမ်း တစ်ကြိမ်သာ စောကြပါသည်။

မေး။ မဂ္ဂပ္ပါဒါ-ပုဒ်၏ ဝစနတ္ထနှင့် အဓိပ္ပာယ်ကို ရေးပြခဲ့ပါ။

ဖြေ။ အတ္ထနော ပစ္စယေဟိ ဥပ္ပဇ္ဇန္တီတိ ဥပ္ပါဒါ၊ မဂ္ဂါ စေဝ ဥပ္ပါဒါ မဂ္ဂုပ္ပါဒါ။ မင်္ဂသာလျှင် ဖြစ်သော မိမိဆိုင်ရာအကြောင်းတို့ကြောင့် ဖြစ်သောတရားတို့သည် "မဂ္ဂုပ္ပါဒါ"တို့ မည်ပါသည်။

သိမှတ်ဖွယ်များ ။ ။ တစ်ဖန် အာသေဝနပစ္စည်းကို မရ၍ အားနည်းသောကြောင့် (ပရမတ္ထဒီပနီ)၊ ဖြစ်စဖြစ်၍ အားနည်းသောကြောင့် (အင်္ဂုဠ) အာဒိကမ္မိကဝိယိဒ္ဓ မဟဂ္ဂတ်ဇောတို့ တစ်ကြိမ်သာ စောရပါသည်။

အဘိညာဉ်ဇောတို့ ဖြစ်ရခြင်းမှာ တန်ခိုးဖန်ဆင်းခြင်းစသော ကိစ္စပြီးဖို့သာဖြစ်၍ တန်ခိုးဖန်ဆင်းခြင်း စသော ကိစ္စပြီးပြီးနောက် ပြုဖွယ်ကိစ္စ မရှိတော့ပြီဖြစ်သောကြောင့် အဘိညာဉ်ဇောတို့သည် အခါ၌ပ်သိမ်း တစ်ကြိမ်သာ စောရပါသည်။ (ပရမတ္ထဒီပနီ)

တစ်ကြိမ်စောရုံမျှဖြင့် ထိုထိုကိလေသာတို့ကို ပယ်ခြင်းကိစ္စ ပြီးပြီးနောက် ပြုဖွယ်ကိစ္စ မရှိတော့ပြီ ဖြစ်သောကြောင့် မင်္ဂဇောတို့ တစ်ကြိမ်သာ စောရပါသည်။ (၄င်း)

မေး။ "တတော ပရံ ဒွေ တီဏိ ဖလစိတ္တာနိ ယထာရဟံ ဥပ္ပဇ္ဇန္တိ" ၌ ယထာရဟ အဓိပ္ပာယ်ကို ရေးပြပါ။

ဖြေ။ ၅-ကြိမ်မြောက်ဖြစ်သော မင်္ဂဇောနောင် ဖိုလ်ဇော ၂-ကြိမ်၊ ၄-ကြိမ်မြောက် ဖြစ်သော မင်္ဂဇောနောင် ဖိုလ်ဇော ၃-ကြိမ်ဖြစ်ခြင်းကို "ယထာရဟ" ဟု ဆိုပါသည်။

မေး။ ဖလဝီထိ၌ကဲ့သို့ မဂ္ဂဝီထိ၌လည်း ဖိုလ်စိတ်များ အကြိမ်များစွာ ဖြစ်ရာသည် မဟုတ်ပါလော? အဘယ့်ကြောင့် ၄-ကြိမ်မြောက်ဖြစ်သော မင်္ဂဇောနောင်

http://www.dhammadownload.com

ဖိုလ်ဇော ၃-ကြိမ်၊ ၅-ကြိမ်မြောက်ဖြစ်သော မဂ်ဇောနောင် ဖိုလ်ဇော ၃-ကြိမ် စောရပါသနည်း။

ဖြေ။ တစ်ခုသော အာဝဇ္ဇန်းရှိသော ဝီထိ၌ ဇော ၇-ကြိမ်သာ အလွန်ဆုံးဖြစ်ရသောကြောင့် ၄-ကြိမ်မြောက်ဖြစ်သော မဂ်ဇောနောင် ဖိုလ်ဇော ၃-ကြိမ်၊ ၅-ကြိမ်မြောက်ဖြစ်သော မဂ်ဇောနောင် ဖိုလ်ဇော ၂-ကြိမ်စောရခြင်း ဖြစ်ပါသည်။

သိမှတ်ဖွယ်

ပဥ္စနဂေါမဖဖ (၇ - ကြိမ်)
ဥနဂေါမဖဖဖ (၇ - ကြိမ်)

"သတ္တဇဝနပရမတ္ထာ" စသော ပါဠိဖြင့် "မဂ္ဂဝီထိ၌ အလွန်ဆုံး ဇော(၇)ကြိမ် ဖြစ်ရခြင်း၊ ဖလဝီထိ၌ အကြိမ်များစွာ ဖြစ်ရခြင်းသည် ထုံးစံ ဓမ္မတာတည်း" ဟု ပြပါသည်။ (ဋီ၊ ၁။ ၄၉၉။)

မဂ်ကုသိုလ်သည် လောကီကုသိုလ်များကဲ့သို့ အကျိုးပေးရာကာလကို ဆိုင်းငံ့ဖွယ်မရှိ၊ မိမိဖြစ်ဆဲခဏမှာပင် ရင့်ကျက်ခြင်းသဘောရှိ၍ မိမိ၏အခြားမဲ့၌ အကျိုးပေးမြဲသောကြောင့် ကာမဇော, မဟဂ္ဂုတ်အပွနာဇော ဝီထိတို့၌ ဇောနောင်, ဈာန်နောင် ဘဝင်ကျသကဲ့သို့ မဂ္ဂဝီထိ၌ မဂ်နောင် ဘဝင်မကျဘဲ ဖိုလ်ဇော စောရခြင်း ဖြစ်ပါသည်။ (အဋ္ဌသာလိနီ)

မဂ္ဂဝီထိ၌ ဂေါတြဘူ, ဝေါဒါန်တို့သည် နိယျာနိကဓမ္မတို့၏ ရှေ့သွားဖြစ်သောကြောင့် သခ်ါရကို အာရုံမပြုဘဲ နိဗ္ဗာန်ကို အာရုံပြုကြပါသည်။ (ဋီ၊ ၂။ ၅၂၃။)

ဖလဝီထိ၌ အနုလုံတို့ကား အနိယျာနိကဓမ္မတို့၏ ရှေ့သွားဖြစ်သောကြောင့် နိဗ္ဗာန်ကို အာရုံမပြုဘဲ သခ်ါရကို အာရုံပြုကြပါသည်။ (၄င်း)

မေး။ ဝိပဿနာ ဘာဝနာတရား အားထုတ်နေစဉ် မိမိ၏သန္တာန်၌ မဂ်စိတ်များ ကစ်ဖွားဖွား ဖြစ်ပေါ်လာသည်-ဟု စာစုံတစ်ယောက်သော ယောဂီက ပြောလာလျှင် ထိုစကား ဟုတ်နိုင်/မဟုတ် နိုင်ကို ခိုင်လုံသော အဘိဓမ္မာ အထောက်အထားဖြင့် ပြတ်သားစွာ ဖြေဆိုပါ။

ဖြေ။ ထိုစကား မဟုတ်နိုင်ပါ။ အကြောင်းကား - "စတ္တာရော ပန မဂ္ဂပ္ပါဒါ ဧကစိတ္တက္ခဏိကာ" ဟူသော အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာနှင့်အညီ မဂ်စိတ်တို့သည် စိတ္တက္ခဏတစ်ချက်မျှ (တစ်ကြိမ်မျှ)သာ ဖြစ်သောကြောင့် ဖြစ်ပါသည်။

မေး။ နိရောဓသမာပတ္တိကာလေ ဒွိက္ခတ္တုံ စတုတ္ထာရုပ္ပဇဝနံ ဇဝတိ-၌ နိရောဓသမာ

http://www.dhammadownload.com

ပတ္တိကာလ- အရကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ နိရောဓသမာပတ်ဝင်စားနေဆဲ ကာလ၌ စတုတ္ထ အရူပဇော မဖြစ်နိုင်သောကြောင့် "နိရောဓသမာပတ္တိကာလ"အရ နိရောဓသမာပတ် မဝင်စားမီ ရှေ့အဖို့ ဖြစ်သော ကာလကို သမီပူစာရအားဖြင့် (မကိမဏ္ဍူအလို 'သမီပဿူပစာအားဖြင့်) ယူရပါမည်။

မေး။ နိရောဓသမာပတ်ဝင်စားနေဆဲ ကာလ၌ စတုတ္ထ အရူပဇော မဖြစ်နိုင်သောကြောင့် "နိရောဓသမာပတ္တိကာလေ ဒ္ဝိက္ခတ္တုံ စတုတ္ထာရုပ္ပဇဝနံ ဇဝတိ"ဟု အရှင်အနုရုဒ္ဓါဆရာ ဆိုခြင်းသည် အဘယ်သို့ သင့်နိုင်ပါအံ့နည်း၊ ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ နိရောဓသမာပတ္တိကာလေ-ဟု ဆိုသော်လည်း နိရောဓသမာပတ်ဝင်စားနေဆဲ ကာလကို ဆိုလိုသည် မဟုတ်၊ နိရောဓသမာပတ် မဝင်စားမီ ရှေ့အဖို့ ဖြစ်သော ကာလကိုသာ သမီပူစာရအားဖြင့် "နိရောဓသမာပတ္တိကာလေ"ဟု ဆိုထားသောကြောင့် အရှင်အနုရုဒ္ဓါ ဆရာ၏စကား သင့်ပါသည်။

(တစ်နည်း) "နိရောဓသမာပတ္တိအာသန္နကာလေ" ဟု ဆိုလိုလျက် 'အာသန္နံ' သဒ္ဒါကို ချေ၍ "နိရောဓသမာပတ္တိကာလေ"ဟု ဆိုထားခြင်း ဖြစ်သောကြောင့် ထိုစကား သင့်ပါသည်။

သိမှတ်ဖွယ်

"နိရောဓသမာပတ္တိယာ ပုဗ္ဗဘာဂေ"ဟု မဖွင့်ဘဲ "နိရောဓဿ ပုဗ္ဗဘာဂေ" ဟု ဖွင့်သောကြောင့် "သမာပဇ္ဇိတဗ္ဗာတိ သမာပတ္တိ၊ နိရောဓော ဧဝ သမာပတ္တိ နိရောဓသမာပတ္တိ" ဟူသော ဝစနတ္ထကိုလည်း သိစေပါသည်။

မေး။ နိရောဓသမာပတ်-ဟူသည် အဘယ်နည်း ဖြေဆိုပါ။

ဖြေ။ "နိရောဓသမာပတ်"ဟူသည် အစဉ်အတိုင်း ချုပ်ခြင်း၏ အစွမ်းဖြင့် စိတ်, စေတသိက်, (စိတ္တဇရုပ်)တို့၏ မဖြစ်ခြင်းပင် ဖြစ်ပါသည်။ (လူ။ ၁ ။ ၅၀၀။)

သိမှတ်ဖွယ်။ ။ နိရောဓသမာပတ်-ဟူသည် လောကီလည်း မဟုတ်, လောကုတ္တရာလည်း မဟုတ်ပါ။ ထို့ကြောင့် "ဂါ နိရောဓသမာပတ် ဝင်စားဝယ်"ဟု ပြောသောရဟန်းပါရာဇိက မကျပါ။ (ပါရာဇိကဏ် အဋ္ဌကထာ)

မေး။ လက်သန်းအဋ္ဌကထာ (သင်္ဂြိဟ်ကျမ်း)၌ "ဒ္ဝိက္ခတ္တုံ စတုတ္ထာရုပ္ပဇဝနံ ဇဝတိ" ဟု ဆိုသောကြောင့် စတုတ္ထ အရူပ နေဝသညာနာသညာယတနဇော်သည် နှစ်ကြိမ်သာစော သည်ဟု မှတ်ရပါမည်လော? ရှင်းလင်းဖြေဆိုပါ။

http://www.dhammadownload.com

ဖြေ။ စတုက္ထ အရှုပ နေဝသညာ နာသညာယတနဇော နှစ်ကြိမ်သာ စောသည်ဟု မမှတ်ရပါ။ တစ်ကြိမ်လည်း စောပါသည်။ လက်သန်းအဋ္ဌကထာ (သင်္ဂြိဟ်ကျမ်း) ၌ "ဒွိက္ခတ္တုံ စတုတ္ထာရုပ္ပဇဝနံ ဇဝတိ" ဟု ဆိုထားခြင်းကား နိဒဿနနည်း အားဖြင့် ဆိုထားခြင်းသာ ဖြစ်ပါသည်။ (ဋ္ဌ၊ ၁ ။ ၅၀၀။)

မေး။ သောတာပန်, သကဒါဂါမ်တို့လည်း အရိယာပုဂ္ဂိုလ်များဖြစ်သောကြောင့် နိရောဓသမာပတ်ကို ဝင်စားကြကုန်ရာသည် မဟုတ်ပါလော? အဘယ့်ကြောင့် "သောတာပတ္တိ ဖလံ ဝါ သကဒါဂါမိဖလံ ဝါ"ဟူ၍လည်း မဆိုဘဲ "အနာဂါမိဖလံ ဝါ အရဟတ္တဖလံ ဝါ" ဟူ၍သာ ဆိုရပါသနည်း။

ဖြေ။ (ပဋိဝေါကာရဘုံ၌သာလျှင် တည်သော) အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့သာ နိရောဓသမာပတ်ကို ဝင်စားနိုင်ကြ၍ သောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ်တို့သည် နိရောဓသမာပတ်ကို မဝင်စားနိုင်ကြသောကြောင့် "သောတာပတ္တိဖလံ ဝါ, သကဒါဂါမိဖလံ ဝါ" ဟူ၍ မဆို ဘဲ "အနာဂါမိဖလံ ဝါ အရဟတ္တဖလံ ဝါ" ဟူ၍သာ ဆိုပါသည်။

မှတ်ဖွယ်။ ။<u>အနာဂါမ်, ရဟန္တာ-အရ</u> - ပဋိဝေါကာရဘုံ၌သာလျှင် တည်သော, သမာပတ်ရှစ်ပါးကို ရသည်သာလျှင် ဖြစ်သော အနာဂါမ်, ရဟန္တာတို့ကို ယူရပါမည်။ စတုဝေါကာရဘုံ၌ တည်သော အနာဂါမ်,ရဟန္တာ၊ ပဋိဝေါကာရဘုံ၌ တည်သော်လည်း သုက္ခဝိပဿကဖြစ်သော အနာဂါမ်, ရဟန္တာတို့ကို မယူရပါ။ အကြောင်းကား-အစဉ်အတိုင်း ဝင်စားအပ်သော သမာပတ်ရှစ်ပါး မရှိသောကြောင့်တည်း။ မှန်၏-စတုဝေါကာရဘုံ၌ တည်သော အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့အား ရှုပါဝစရရုပ္ပာန်များ မရှိပါ။ ပဋိဝေါကာရဘုံ၌ တည်သော်လည်း သုက္ခဝိပဿကဖြစ်သော အနာဂါမ်, ရဟန္တာတို့အား ဈာန်အားလုံး မရှိပါ။

သုက္ခဝိပဿကဖြစ်သော သောတာပန်, သကဒါဂါမ်တို့သည် အစဉ်အတိုင်း ဝင်စားအပ်သော သမာပတ်ရှစ်ပါး မရှိသောကြောင့် နိရောဓသမာပတ်ကို မဝင်စားနိုင်ခြင်းသည် ဖြစ်တန်စေ၊ သမာပတ် ရှစ်ပါးကိုရသော သောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ်တို့ကား ဝင်စားနိုင်ကုန်ရာသည် မဟုတ်ပါလော? အဘယ့်ကြောင့် မဝင်စားနိုင်ကြပါသနည်း-ဟု မေးဖွယ်ရှိ၏။ အဖြေကား - အချို့သော ဩရမ္ဘာဂိယသံယောဇဉ်တို့ကို မပယ်ရသေးသည့်အတွက် သမထ, ဝိပဿနာဟု ဆိုအပ်သော ယုဂနဒ္ဓ တရားတို့အားနည်းသောကြောင့် စိတ် စေတသိက်တို့၏ မဖြစ်ခြင်းဟု ဆိုအပ်သော နိရောဓ၏ အကြောင်း အထောက်အပံ့ မဖြစ်နိုင်သောကြောင့် မဝင်စားနိုင်ကြခြင်း ဖြစ်ပါသည်။ (ဋ္ဌ၊ ၁။ ၅၀၀။)

http://www.dhammadownload.com

ဝိသုဒ္ဓိမဂ် အဋ္ဌကထာအဆို-ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ "ပဠဝေါကာရဘုံ၌တည်သော, သမာပတ်ရှစ်ပါးကို ရသော အနာဂါမ်, ရဟန္တာတို့သည်သာလျှင် သမထဗလ, ဝိပဿနာဗလ-ဟူသော ဗလ နှစ်ပါးနှင့် ပြည့်စုံသောကြောင့် နိရောဓသမာပတ်ကို ဝင်စားနိုင်ကြသည်-ဟု ဆိုပါသည်။

မေး။ နိရုဒ္ဓေ-ပုဒ်ကို ငဲ့၍ "အနာဂါမိဖလေ ဝါ အရဟတ္တဖလေ ဝါ"ဟု ဆိုသင့်သည် မဟုတ်ပါလော? အဘယ့်ကြောင့် "အနာဂါမိဖလံ ဝါ အရဟတ္တဖလံ ဝါ" ဟု ဆိုရပါသနည်း။

ဖြေ။ သတ္တမီဝိဘတ်မှ ပဌမာဝိဘတ် ပြန်နေသောကြောင့် "အနာဂါမိဖလံ ဝါ အရဟတ္တဖလံ ဝါ"ဟု ဆိုထားခြင်း ဖြစ်ပါသည်။ (အနက်ကို "အနာဂါမိဖလေ ဝါ အရဟတ္တဖလေ ဝါ"ဟု မှတ်ရပါမည်။)

မေး။ "ယထာရဟ မေကဝါရံ ဥပ္ပဇ္ဇိတ္တာ" ၌ ယထာရဟ အဓိပ္ပာယ်ကို ရေးပြပါ။

ဖြေ။ အနာဂါမိဖလဌာန် ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်ဇော, ရဟန္တာပုဂ္ဂိုလ်တို့အား အရဟတ္တဖိုလ်ဇော၊ ဤသို့ ပုဂ္ဂိုလ်အားလျော်စွာဖြစ်ခြင်းကို "ယထာရဟံ" ဟု ဆိုပါသည်။

မှတ်ဖွယ်။ ။ နိရောဓသမာပတ်၏ အကျိုးဆက်မျှသာ ဖြစ်သောကြောင့် နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်, အရဟတ္တဖိုလ်ဇောတို့ တစ်ကြိမ်သာ စောရပါသည်။ (ပရမတ္ထဒီပနီ)

မေး။ သဗ္ဗတ္ထာပိ သမာပတ္တိ ဝိထိယံ-၌ သမာပတ္တိဝိထိ-အရကို ဖော်ပြပါ။

ဖြေ။ သမာပတ္တိဝိထိ-အရ စျာနသမာပတ္တိ, ဖလသမာပတ္တိဝိထိ ၂-မျိုးကို ယူရပါမည်။

မေး။ "အဝသေသာနိ လဗ္ဘန္တိ၊ ဇဝနာနိ ဗဟူနိပိ" ၌ အဝသေသ အပါဒါန်၊ အဝသေသ အရတို့ကို ဖော်ပြပါ။

ဖြေ။ အဘိညာဉ်ဇော, မဂ်ဇောတို့သည် အဝသေသ အပါဒါန်ဖြစ်ပါသည်။
အဝသေသအရကား - အဘိညာဉ်ဇော, မဂ်ဇောတို့မှ ကြွင်းသော မဟဂ္ဂုတ်, လောကုတ္တရာဇောတို့ ဖြစ်ပါသည်။

မေး။ သမာပတ္တိဝိထိ၌ အဘိညာဉ်ဇော, မဂ်ဇောတို့မှ ကြွင်းသော မဟဂ္ဂုတ်, လောကုတ္တရာဇောတို့ အဘယ့်ကြောင့် အကြိမ်များစွာ စောရပါသနည်း။

http://www.dhammadownload.com

ဖြေ။ သမာပတ္တိဝီထိ၌ နေ့ညည့်ပတ်လုံး ဇောများဖြစ်နိုင်သောကြောင့် အဘိညာဉ်ဇော, မဂ်ဇောတို့မှ ကြွင်းသော မဟဂ္ဂုတ်, လောကုတ္တရာဇောတို့ အကြိမ်များစွာ စောကြခြင်း ဖြစ်ပါသည်။

မေး။ "ဇဝနာနိ ဇဟူနိပိ" ၌ အပိသဒ္ဒါ၏အနက်ကို ဖော်ပြပါ။

ဖြေ။ ရှေးဦးစွာဖြစ်သော အပွနာ၌ မဟဂ္ဂုတ်ဇော ၁-ကြိမ်၊ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်ဇော, အရဟတ္တဖိုလ်ဇော ၁-ကြိမ်။ (နိရောဓသမာပတ်ဝင်စားခါနီး နေဝသညာနာသညာယတန ဇော ၂ - ကြိမ်)၊ မဂ်၏အခြားမဲ့၌ ဖိုလ်ဇော ၂-ကြိမ်၊ ၃-ကြိမ် စောခြင်းကို ပေါင်းခြင်း သမ္မိဇ္ဈန အနက်ရှိပါသည်။

စိတ္တက္ခဏတစ်ကြိမ်သာဖြစ်သော စိတ်များ

ပဉ္စဒ္ဒါရာဝဇ္ဇန်း၊ ဒွေးပဉ္စဝိညာဉ် ၁၀၊ သမ္ပဋိစ္ဆိုင်း ဒွေး၊ သန္တီရဏ ၃-ခု၊ ပဋိသန္ဓေ၊ စုတိ၊ အစဖြစ်သော ရူပ, အရူပဈာန်၊ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်, အရဟတ္တဖိုလ်၊ အဘိညာဉ် ၅-ပါး၊ မဂ် ၄-ပါးတို့ ဖြစ်ပါသည်။

အာဝဇ္ဇပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆနတိရဏ်။
ပဋိသန္ဓိစုတိ သဗ္ဗာ၊ ရူပါရူပါဒိကပ္ပနာ။
နိရောဓာ ဝုဋ္ဌဟန္တသာ၊ ဥပရိဋ္ဌဖလံ ဒွယံ။
ပဉ္စဘိညာ တထာ မဂ္ဂါ၊ ဧကစိတ္တက္ခဏိကာ မတာ။ (နာမရူပပရိစ္ဆေဒ)

ဇဝနနိယမ အဖွင့် ပြီး၏။

ပုဂ္ဂလဘေဒအဖွင့် (၁၅၆)

မေး။ "ဒုဟေတုကာနမဟေတုကာနဉ္စ" စသောစကားရပ်ကို အဘယ့်ကြောင့် မိန့်ဆိုရပါသနည်း။

ဖြေ။ ဒွိဟိတ်, သုဂတိအဟိတ်, အပါယိက ဒုဂ္ဂတိအဟိတ်, တိဟိတ် တို့၏ အစွမ်းဖြင့် ပုထုဇဉ် ၄-ယောက်၊ မဂ္ဂဋ္ဌ, ဖလဋ္ဌတို့၏ အစွမ်းဖြင့် အရိယာပုဂ္ဂိုလ် ၈-ယောက်၊ ပေါင်း ၁၂-ကျိပ် ၂-ယောက်သော ပုဂ္ဂိုလ်တို့သန္တာန်၌ ဖြစ်ထိုက်သော ဝိထိစိတ် အပိုင်းအခြားကိုပြခြင်းအကျိုးငှါ ဖြစ်ထိုက်သောစိတ်တို့မှ ရှေးဦးစွာ ထိုပုဂ္ဂိုလ်တို့

http://www.dhammadownload.com

ကြဉ်ထိုက်သော စိတ်တို့ ကို ပြလိုသောကြောင့် "ဒုဟေတုကာန မဟေတုကာနဉ္စ" စသည်ကို မိန့်ဆိုရခြင်း ဖြစ်ပါသည်။

မေး။ အဘယ်ပုဂ္ဂိုလ်မျိုးကို "ဒွိဟိတ်ပုဂ္ဂိုလ်"ဟု ခေါ်ဆိုရပါသနည်း၊ ဖြေဆိုပါ။

ဖြေ။ ပဋိသန္ဓေဝိညာဉ်နှင့် တကွဖြစ်သည့် အလောဘ, အဒေါသ-ဟူသော ဟိတ် ၂-ပါးရှိသော ပုဂ္ဂိုလ်များကို " ဒွိဟေတုကပုဂ္ဂိုလ်" ဟုခေါ်ဆိုရပါသည်။

သိမှတ်ဖွယ်။ ။ "ပဋိသန္ဓိဝိညာဏဟဂတာလောဘာဒေါသဝသေန ဒ္ဝေ ဟေတူ ဣမေသန္တိ ဒွိဟေတုကာ" ဟူသော ပါဠိဖြင့် "ဒ္ဝေ ဟေတူ ဣမေသန္တိ ဒွိဟေတုကာ" ဟူသော ဝစနတ္ထကို ပြပါသည်။

မေး။ အဘယ်ပုဂ္ဂိုလ်မျိုးကို "အဟိတ်ပုဂ္ဂိုလ်"ဟု ခေါ်ဆိုရပါသနည်း။

ဖြေ။ ပဋိသန္ဓေဝိညာဉ်နှင့် တကွဖြစ်သော ဟိတ်မရှိသောပုဂ္ဂိုလ်များကို "အဟိတ်ပုဂ္ဂိုလ်" ဟုခေါ်ဆိုရပါသည်။

သိမှတ်ဖွယ်။ ။"တာဒိသာနံ ဟေတူနံ အဘာဝတော အဟေတုကာ" ဟူသော ပါဠိဖြင့် "နတ္ထိ ဟေတူ ဣမေသန္တိ အဟေတုကာ" ဟူသော ဝစနတ္ထကို ပြပါသည်။

ဦးကာ၌ "မကာရော ပဒသန္ဓိကရော"ဖြင့် "ဒုဟေတုကာနံ အဟေတုကာနံ" ဟုရှိရာဝယ် ဒုဟေတုကာန-၌ နိဂ္ဂဟိတ်ကို မ်-ပြု၍ မ်, အ သို့ကပ်လိုက်သောအမ်၊ ဒုဟေတုကာနနှင့် အဟေတုကာန ၂-ပုဒ် စေ့စပ်သွားသည်။ ထို့ကြောင့် မ်-သည် ပုဒ်နှစ်ပုဒ်ကို စေ့စပ်သွားအောင် ပြုသည်ဟု ပြပါသည်။

မေး။ ဒွိဟိတ်, သုဂတိအဟိတ်, ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တို့ သန္တာန်၌ အဘယ့်ကြောင့် အပွနာဇောတို့ကိုမရအပ်ပါသနည်း။

ဖြေ။ ဒွိဟိတ်, သုဂတိအဟိတ်, ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်တို့ သန္တာန်၌ အပွနာဇောတို့ကို တားမြစ်တတ်သော ဒွိဟိတ်, အဟိတ် ပဋိသန္ဓေဝိပါက်စိတ် ထင်ရှားရှိနေသောကြောင့် ထို ပုဂ္ဂိုလ်တို့ သန္တာန်၌ အပွနာဇောများကို မရခြင်း ဖြစ်ပါသည်။

သိမှတ်ဖွယ်။ ။ ဒွိဟိတ်, အဟိတ် ပဋိသန္ဓေဝိပါက်စိတ်ကို "ဝိပါကာဝရဏ (-ဝိပါကန္တရာယ်)" ဟု ခေါ်ဆိုရပါသည်။

အပွနာဇဝနာနိ အာဝရတီတိ အာဝရဏော၊ ဝိပါကော စ သော အာဝရဏော စာတိ ဝိပါကာဝရဏော။ အပွနာဇောတို့ကို တားမြစ်တတ်သော ပဋိသန္ဓေဝိပါက်စိတ်-ဟူလို။

မေး။ အရိုးကျေကျေ အရေခန်းခန်း မည်မျှပင် ကြိုးပမ်းအားထုတ်ပါသော်လည်း ဤဘဝတွင် တစ်မဂ် တစ်ဖိုလ် မရနိုင်သော ပုဂ္ဂိုလ်များကို မရနိုင်ခြင်း အကြောင်း

http://www.dhammadownload.com

ရင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ ဒွိဟိတ်, သုဂတိအဟိတ်, ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။ အကြောင်းရင်းမှာ - အပွနာဇော (စျာန်ဇော, မဂ်ဇော, ဖိုလ်ဇော)တို့ကို တားမြစ်တတ်သော ဒွိဟိတ်, အဟိတ် ပဋိသန္ဓေဝိပါက်စိတ် ထင်ရှားရှိနေသောကြောင့် (ဝိပါကန္တရာယ် တားမြစ်သောကြောင့်) ဖြစ်ပါသည်။

မေး။ ဒွိဟိတ်, သုဂတိအဟိတ်, ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်တို့ သန္တာန်၌ အဘယ့်ကြောင့် ကြိယာဇောတို့ကို မရအပ်ပါသနည်း။

ဖြေ။ (ဝိပါကာဝရဏထင်ရှားရှိသောကြောင့် အပွနာဇောတို့ကို မရနိုင်၊)အပွနာဇောတို့ကို မရသောကြောင့် အပွနာဇောတွင် ပါဝင်သော အရဟတ္တဖိုလ်ဖြစ်ခြင်းမရှိ၊ အရဟတ္တဖိုလ် ဖြစ်ခြင်းမရှိသောကြောင့် ဒွိဟိတ်, သုဂတိအဟိတ်, ဒုဂ္ဂတိအဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တို့သန္တာန်၌ ကြိယာဇောများ မရနိုင်ပါ။

-ဒွိဟိတ်, သုဂတိအဟိတ်, ဒုဂ္ဂတိအဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် ရဟန္တာ မဖြစ်နိုင်သောကြောင့် ၎င်းတို့သန္တာန်၌ ကြိယာဇောတို့ကို မရအပ် မရနိုင်ဟူလို။

မေး။ သုဂတိအဟိတ်ပုဂ္ဂိုလ်တို့ သန္တာန်၌ ဒွိဟိတ်တဒါရုံ (မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄-ခု)ဖြစ်နိုင်ကြောင်း အဘယ့်ကြောင့် သိအပ်ပါသနည်း။

ဖြေ။ "သဟေတုကံ ဘဝင် အဟေတုကဿ ဘဝင်ဿ အနန္တရပစ္စယေန ပစ္စယော" ဟု ပဋ္ဌာန်းပါဠိတော်၌ ဟောတော်မူသောကြောင့် သုဂတိအဟိတ် ပုထုဇဉ်တို့ သန္တာန်၌လည်း ပဝတ္တိအကျိုးကို ပေးတတ်သော အမျိုးမျိုးသောကံကြောင့် ဒွိဟိတ်တဒါရုံ ဖြစ်နိုင်ကြောင်း သိရပါသည်။ (ဒွိဟိတ်ပုဂ္ဂိုလ်တို့ သန္တာန်၌ ဒွိဟိတ်တဒါရုံဖြစ်နိုင်ကြောင်း အထူးတလည် ဆိုဖွယ်ပင် မရှိပါ။)

မေး။ သုဂတိအဟိတ် ပုထုဇဉ်တို့ သန္တာန်၌လည်း ပဝတ္တိအကျိုးကို ပေးတတ်သော အမျိုးမျိုးသောကံကြောင့် ဒွိဟိတ်တဒါရုံ ဖြစ်နိုင်သည်ဆိုလျှင် ထိုအမျိုးမျိုးသောကံကြောင့် ဒွိဟိတ်, သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့သန္တာန်၌ တိဟိတ်တဒါရုံလည်း ဖြစ်သင့်သည် မဟုတ်ပါလော? အဘယ်ကြောင့် ထိုပုဂ္ဂိုလ်တို့ သန္တာန်၌ တိဟိတ်တဒါရုံ (ဉာဏသမ္မယုတ် မဟာဝိပါက် စိတ်၄-ခု) ကို မရအပ် မရနိုင်ပါသနည်း။

ဖြေ။ မူလပဋိသန္ဓေဝိပါက်စိတ်က ဒွိဟိတ်, အဟိတ်ဖြစ်၍ ဉာဏ်မယှဉ်သဖြင့် ညံ့ဖျင်း

http://www.dhammadownload.com

ထိုင်းမိုင်းသောကြောင့် ဒွိဟိတ်,သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့.သန္တာန်၌ တိဟိတ်တဒါရုံ (ဉာဏသမ္မယုတ် မဟာဝိပါက်စိတ် ၄-ခု) ကို မရအပ် မရနိုင်ပါ။

ဒုမး။ "တထာ ဉာဏသမ္မယုတ္တဝိပါကာနိ စ" ဟူသောစကားရပ်ကို အဘယ့်ကြောင့် အရှင်အနုရုဒ္ဓါဆရာမိန့်.ဆိုရပါသနည်း။

ဒုဖြ။ မူလပဋိသန္ဓေဝိပါက်စိတ်က ဒွိဟိတ်, အဟိတ်ဖြစ်၍ ဉာဏ်မယှဉ်သဖြင့် ညံ့ဖျင်းထိုင်းမိုင်းသောကြောင့် ဒွိဟိတ်, သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့.သန္တာန်၌ တိဟိတ်တဒါရုံ (ဉာဏသမ္မယုတ် မဟာဝိပါက်စိတ် ၄-ခု) ကို မရအပ် မရနိုင်ပါ။ ထို့ကြောင့် "တထာ ဉာဏ သမ္မယုတ္တဝိပါကာနိ စ" ဟူသောစကားရပ်ကို အရှင်အနုရုဒ္ဓါဆရာ မိန့်.ဆိုခြင်း ဖြစ်ပါသည်။

တမး။ "တထာ ဉာဏသမ္မယုတ္တဝိပါကာနိ စ သုဂတိယံ" ဟူသော သင်္ဂဟစကားနှင့် စပ်၍ အာစရိယဇောတိပါလမထေရ်၏ အဆိုကို ဖော်ပြပါ။

တဖြ။ ဆရာဇောတိပါလမထေရ်က "ဒုဟေတုကံ တိဟေတုကံ"ဟု အထူးမပြုဘဲ "သဟေတုကံ ဘဝင်"ဟု ဒွိဟိတ်, တိဟိတ် ၂-မျိုးလုံးနှင့်ဆိုင်အောင် သာမည အားဖြင့် ဟောတော်မူသောကြောင့်သုဂတိအဟိတ်ပုဂ္ဂိုလ်တို့.သန္တာန်၌ တိဟိတ်တဒါရုံ (ဉာဏသမ္မယုတ်ဝိပါက်)လည်း ဖြစ်နိုင်၏-ဟု ဆိုပြီးလျှင် ဤ သင်္ဂြိဟ်ကျမ်း၌ (ဒွိဟိတ်), သုဂတိအဟိတ်ပုဂ္ဂိုလ်တို့. သန္တာန်ဝယ် ဉာဏသမ္မယုတ်ဝိပါက်စိတ်မရှိ- ဟူသောစကားကို ပြက်ရယ်ပြုခြင်း၏အစွမ်းဖြင့် (ပြောင်သလို လှောင်သလို အနေအားဖြင့်) "သော ဇဝ ပုစ္ဆိတဗ္ဗော၊ ယော တဿ ကတ္တာ - ဘာ့ကြောင့် ဒွိဟိတ်, သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့.သန္တာန်၌ ဉာဏသမ္မယုတ်ဝိပါက် စိတ်တို့.ကိုမရပါသလဲ?ဟု အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းပြုပုဂ္ဂိုလ်အရှင်အနုရုဒ္ဓါကိုသာ မေးကြပါ လေတော့" ဟု ဆိုပါသည်။

မှတ်သားဖွယ်

ဆရာဇောတိပါလမထေရ်က ပြောင်သလိုလှောင်သလို ပြောဆိုထားသော်လည်းထို "သော ဇဝ ပုစ္ဆိတဗ္ဗော၊ ယော တဿ ကတ္တာ" ဟူသော စကားသည် ဒွိဟိတ်, သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့. သန္တာန်၌ ဉာဏသမ္မဟုတ်ဝိပါက်စိတ်များ မဖြစ်နိုင်ခြင်းအကြောင်းကို အရှင်အနုရုဒ္ဓါဆရာကို မေးပြီးမှသာ သိခြင်းအကျိုးငှာ ဆိုအပ်သော စကားကဲ့သို့ ခိုင်မြဲတည်တံ့လျက်ပင် ရှိပါသည်။ ထို့ကြောင့် အရှင်အနုရုဒ္ဓါဆရာကိုယ်တိုင် ပြုစီရင်အပ်သော ပရမတ္ထဝိနိစ္ဆယကျမ်း၌ "ဉာဏပါကာ န ဝတ္တန္တိ၊ ဇဌတ္တာ မူလသန္ဓိယာ"ဟု ဒွိဟိတ်, သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့. သန္တာန်၌ ဉာ

http://www.dhammadownload.com

သမ္မယုတ် ဝိပါက်စိတ်များ မဖြစ်နိုင်ခြင်း အကြောင်းကို ပြဆိုထားပါသည်။

မေး။ "တထာ ဉာဏသမ္မယုတ္တဝိပါကာနိ စ " ၌ အပရေဝါဒနှင့် ထိုဝါဒအားလျော်သောအဆိုကို ဖော်ပြပါ။

ဖြေ။ အပရေဆရာတို့က "အဟိတ်ပုဂ္ဂိုလ်တို့ သန္တာန်၌ (မူလပဋိသန္ဓေထက် တန်းမြင့်သော) ဒွိဟိတ်တဒါရုံ ဖြစ်နိုင်သကဲ့သို့၊ ထို့အတူ ဒွိဟိတ်ပုဂ္ဂိုလ်တို့ သန္တာန်၌လည်း(မူလပဋိသန္ဓေထက် တန်းမြင့်သော) တိဟိတ်တဒါရုံ ဖြစ်နိုင်၏" ဟု ဖွင့်ဆိုကြပါသည်။

ထိုအပရေဆရာတို့၏ အယူဝါဒအားလျော်စွာ ဤသဂြိုဟ်ကျမ်း "တထာ ဉာဏသမ္မ ယုတ္တဝိပါကာနိ စ သုဂတိယံ"ဟူသော စကားရပ်၌ ဉာဏသမ္မယုတ္တဝိပါက်ကို ပယ်ခြင်းကို အဟိတ်ပုဂ္ဂိုလ်တို့ကိုသာ ရည်ရွယ်၍ပြုအပ်၏-ဟု ဆရာတို့ ဆိုကြပါသည်။

မေး။ အပရေဝါဒအားလျော်သော အဆိုကို လက်ခံသင့်/မခံသင့် စိစစ်ဖြေဆိုပါ။

ဖြေ။ ထိုအပရေဝါဒအားလျော်သော အဆို၌ အရေးပါအရာရောက်၍ ပမာဏပြုလောက်သော "တိဟေတုကံ ဘဝင်္ဂံ ဒုဟေတုကဿ ဘဝင်္ဂဿ အနန္တရပစ္စယေန ပစ္စယော" ဟူသော် ပဋ္ဌာန်းပါဠိတော် မရှိသောကြောင့်လည်းကောင်း၊ အရှင်အနုရုဒ္ဓါ ကိုယ်တော်တိုင် ပရမတ္ထဝိနိစ္ဆယကျမ်း၌ ဒွိဟိတ်, သုဂတိအဟိတ် ၂-မျိုးလုံးနှင့် ဆက်ဆံအောင် ဉာဏသမ္မယုတ် ဝိပါက်မရှိခြင်း၌ "ဉာဏပါကာန ဝတ္တန္တိ၊ ဇဠတ္တာ မူလသန္ဓိယာ"ဟု အကြောင်းပြစကား ဆိုပြီးလျှင် ထိုကျမ်း၌ပင် "ဒွိဟိတ်, သုဂတိအဟိတ် ပုဂ္ဂိုလ်တို့၌ "ဧကစတ္တာလီသ - (၄၁)ပါး"ဟု စိတ်ရကို အညီအမျှ ပိုင်းခြား ပြထားသောကြောင့်လည်းကောင်း ထိုအပရေဝါဒအားလျော်သော အဆိုကို စဉ်းစားပြီးမှ လက်ခံသင့်ပါသည်။

မေး။ "တထာ ဉာဏသမ္မယုတ္တဝိပါကာနိစ သုဂတိယံ"၌ သုဂတိယံ-ဟူသော ပုဒ်ကို မဆိုသော်လည်း ဒွိဟိတ်ပုဂ္ဂိုလ်တို့၏ သုဂတိအဖြစ် ထင်ရှားပါလျက် အဘယ့်ကြောင့် ယင်းပုဒ်ကို ဆိုရပါသနည်း။

ဖြေ။ "ဒုဟေတုကာန မဟေတုကာနဉ္စ"အရ ဒွိဟိတ်ပုဂ္ဂိုလ်, အဟိတ် ပုဂ္ဂိုလ်တို့တွင် အဟိတ်ပုဂ္ဂိုလ်ကို ငဲ့၍ "သုဂတိယံ" ဟူသောပုဒ်ကို အရှင်အနုရုဒ္ဓါဆရာ ဆိုပါသည်။ (ဒွိဟိတ်ပုဂ္ဂိုလ်၏ သုဂတိဖြစ်ကြောင်းမှာ ထင်ရှားနေပြီဖြစ်၍ ထိုဒွိဟိတ်ပုဂ္ဂိုလ်အတွက် "သုဂတိယံ" ဟု အထူးဆိုဖွယ် မရှိပါ။

http://www.dhammadownload.com

မေး။ 'တထာ ဉာဏသမ္ပယုတ္တဝိပါကာနိ စ သုဂတိယံ"ဟူသောစကား၌ "သုဂတိယံ" ဟူသောစကားသည် အဘယ်ကို ပြလိုရင်း ဖြစ်ပါသနည်း။

ဖြေ။ "တထာ ဉာဏသမ္ပယုတ္တဝိပါကာနိ စ သုဂတိယံ" ဟု သုဂတိဘုံ၌ ဉာဏသမ္ပယုတ်ဝိပါက် မရကြောင်းကို တိုက်ရိုက်ဆိုသဖြင့် ဉာဏဝိပ္ပယုတ်ဝိပါက် (ဒွိဟိတ်ဝိပါက်) စိတ်တို့ကိုကား ရနိုင်၏ဟု ခွင့်ပြုရာရောက်ပါသည်။ ထို့ကြောင့် ထို"သုဂတိယံ"ဟူသောစကားသည် ဉာဏဝိပ္ပယုတ်ဝိပါက် (ဒွိဟိတ်ဝိပါက်)ကို သုဂတိဘုံ၌သာ ရအပ်၏-ဟု သာမတ္ထိယတ္ထအား ဖြင့် ပြလိုရင်း ဖြစ်ပါသည်။

မေး။ အဘယ်သို့သော ပုဂ္ဂိုလ်မျိုးကို "တိဟိတ်ပုဂ္ဂိုလ်"ဟု ခေါ်ဆိုရပါသနည်း ဖြေဆိုပါ။

ဖြေ။ ပဋိသန္ဓေဝိညာဉ်နှင့် တကွဖြစ်သော အလောဘ, အဒေါသ, အမောဟတို့၏ အစွမ်းဖြင့် ဟိတ်၃-ပါးရှိသော ပုထုဇဉ်ပုဂ္ဂိုလ် ၁-ယောက်နှင့် အရိယာပုဂ္ဂိုလ် ၈-ယောက်၊ ပေါင်း (၉)ယောက်ကို "တိဟိတ်ပုဂ္ဂိုလ်" ဟု ခေါ်ဆိုရပါသည်။

မေး။ ရဟန္တာပုဂ္ဂိုလ်တို့အား အဘယ့်ကြောင့် ကုသိုလ်, အကုသိုလ်ဇောများ မဖြစ်ကြပါသနည်း။

ဖြေ။ အနုသယကိလေသာတို့ကို အကြွင်းမဲ့ပယ်သဖြင့် အလုံစုံသော ကုသိုလ်, အကုသိုလ်တို့သည် ထိုအနုသယကိလေသာနှင့် အတူတကွ ချုပ်ပျောက်သွားကြသောကြောင့် ရဟန္တာပုဂ္ဂိုလ်တို့အား ကုသိုလ်, အကုသိုလ်ဇောများ မဖြစ်ကြပါ။ (ပရမတ္ထဒီပနီ)

တဏှာမူလကို ပယ်ပြီးဖြစ်သောကြောင့် ရဟန္တာပုဂ္ဂိုလ်တို့အား ကုသိုလ်, အကုသိုလ်ဇောများ မဖြစ်ကြပါ။ (သခေါပ)

မေး။ သေက္ခပုဂ္ဂိုလ်တို့သန္တာန်၌ အဘယ့်ကြောင့် ကြိယာဇောတို့ကို မရအပ်ပါသနည်း။

ဖြေ။ ကြိယာဇောတို့သည် ရဟန္တာပုဂ္ဂိုလ်တို့သန္တာန်၌သာ သီးခြားဖြစ်ကြသောကြောင့် (ရဟန္တာပုဂ္ဂိုလ်တို့၏ သီးခြားဥစ္စာဖြစ်သောကြောင့်) သေက္ခပုဂ္ဂိုလ်တို့သန္တာန်၌ ဆိုကြိယာဇောတို့ကို မရအပ်ပါ။

မှတ်ချက်။ ။ သခေါပဋီကာ၌ကား တဏှာမူလကို အကြွင်းမဲ့ မပယ်ရသေးသောကြောင့် -ဟု ဆိုပါသည်။

၇မေး။ ဒီဃာသဝါဝေကိုကစိတ်တို့ကို ဖော်ပြပါ။

http://www.dhammadownload.com

ဖြေ။ ကြိယာဇော ၁၈-ခုတို့ ဖြစ်ပါသည်။

မေး။ "ဒိဋ္ဌဂတသမ္မယုတ္တဝိစိကိစ္ဆာဇဝနာနိ စ သေက္ခာန်"၌ 'သေက္ခ' ဟု ခေါ်ဆိုရသော ပုဂ္ဂိုလ်များကို အကြောင်းနှင့်တကွ ဖော်ပြခဲ့ပါ။

ဖြေ။ သီလ, သမာဓိ, ပညာ သိက္ခာ ၃-ပါး၌ ပြုကျင့်လေ့ရှိသောကြောင့် (သိက္ခာ ၃-ပါးကို ကျင့်တုန်းကျင့်ဆဲဖြစ်သောကြောင့်) မဂ္ဂင်္ဂာန်ပုဂ္ဂိုလ် ၄-ယောက်, အောက်ဖလင်္ဂာန် ပုဂ္ဂိုလ် ၃-ယောက်၊ ပေါင်း ၇-ယောက်တို့ကို "သေက္ခ" ဟု ဆိုရပါသည်။

မှတ်သားဖွယ်။ ။ "သိက္ခန္တိ သီလေနာတိ သေက္ခာ" "သိက္ခနသီလာတိ သေက္ခာ"ဟု ဝစနတ္ထပြုပါ။ အနာဂါမ်ကို နောက်၌ သီးခြားဆိုလတ္တံ့ဖြစ်သောကြောင့် "သေက္ခာတိ လဒ္ဓနာမာနံ သောတာပန္နသကဒါဂါမိနံ ပုဂ္ဂလာနံ"ဟု ဦးကာကျော်၌ ဖွင့်ဆိုထားခြင်း ဖြစ်ပါသည်။ ထိုပါဠိဖြင့် သေက္ခအဖြစ်အားဖြင့် တူသောကြောင့် မဂ္ဂင်္ဂာန် ပုဂ္ဂိုလ် ၄-ယောက်တို့ကို လည်း ပြဆိုအပ်သည်-ဟု သိပါ။ (ဋီ၊ ၁။ ၅၀၆။)

မေး။ "ဒိဋ္ဌဂတသမ္မယုတ္တဝိစိကိစ္ဆာဇဝနာနိ စ သေက္ခာန်"၌ 'သေက္ခ'အရကို အကြောင်းနှင့်တကွ အတိအကျ ဖော်ပြခဲ့ပါ။

ဖြေ။ အနာဂါမ်ပုဂ္ဂိုလ်ကို သီးခြားဆိုလတ္တံ့ဖြစ်သောကြောင့် သောတာပတ္တိဖလင်္ဂာန်, သကဒါဂါမိဖလင်္ဂာန် ပုဂ္ဂိုလ်တို့ကို ယူရပါမည်။

မေး။ သေက္ခပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဒိဋ္ဌဂတသမ္မယုတ် ဝိစိကိစ္ဆာဇောတို့ကို အဘယ့်ကြောင့် မရအပ်ပါသနည်း။

ဖြေ။ သောတာပတ္တိမဂ်ဖြင့် သက္ကာယဒိဋ္ဌနှင့် ဝိစိကိစ္ဆာတို့ကို ပယ်ပြီးဖြစ်သောကြောင့်, ထိုသက္ကာယဒိဋ္ဌ, ဝိစိကိစ္ဆာတို့နှင့်တကွဖြစ်သော ဒိဋ္ဌဂတသမ္မယုတ်စိတ်, ဝိစိကိစ္ဆာသဟဂုတ်ဇောစိတ်တို့ကို သေက္ခပုဂ္ဂိုလ်တို့ သန္တာန်၌ မရပါ။

မှတ်သားဖွယ်။ ။ "ဒိဋ္ဌဂတသမ္မယုတ္တဝိစိကိစ္ဆာဇဝနာနိ စ သေက္ခာန်" ၌ စသဒ္ဒါသည် "တထာ သေက္ခပုထုဇ္ဇနာနံ ကိရိယဇဝနာနိ"မှ "ကိရိယဇဝနာနိ" ကို ဆွဲငင်ခြင်း အနုကမ္မုနအနက် ရှိပါသည်။ မဏိမဉ္ဇူဋ္ဌကား - "စသဒ္ဒေန အာကမိုတာနိ-ကို စသဒ္ဒါ၏ သမ္ပိဏ္ဏနအနက်ကို ရည်၍ ဆိုအပ်၏၊ အနုကမ္မုနလက္ခဏာ မရှိသောကြောင့် အနုကမ္မုနအနက်ကို ရည်၍ ဆိုအပ်သည်မဟုတ်"ဟု ဆိုပါသည်။

မေး။ "ဒိဋ္ဌဂတသမ္မယုတ္တဝိစိကိစ္ဆာဇဝနာနိ စ သေက္ခာန်"၌ သေက္ခ-အရ သောတာ

http://www.dhammadownload.com

ပတ္တိဖလဌာန်, သကဒါဂါမိဖလဌာန်ပုဂ္ဂိုလ်တို့သန္တာန်၌ မရနိုင်သော စိတ်သရုပ်ကို ကုန်စင် အောင် ထုတ်ပြခဲ့ပါ။

ဖြေ။ ဒိဋ္ဌဂတသမ္မယုတ်စိတ် ၄-ခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ခု၊ ကြိယာဇော ၁၈-ခု၊ သောတာပတ္တိဖလဌာန်၌ သောတာပတ္တိဖိုလ်မှ တစ်ပါးသော လောကုတ္တရာစိတ် ၇-ခု၊ သကဒါဂိဖလဌာန်ပုဂ္ဂိုလ်၌ သကဒါဂါမိဖိုလ်မှတစ်ပါးသော လောကုတ္တရာစိတ် ၇-ခုတို့ ဖြစ်ပါသည်။

မေး။ အနာဂါမ်ပုဂ္ဂိုလ်တို့အား အဘယ့်ကြောင့် ဒေါသမူဇောတို့ကို မရအပ်ပါသနည်း

ဖြေ။ အနာဂါမိမဂ်ဖြင့် ဒေါသကို ပယ်ပြီးဖြစ်သောကြောင့် အနာဂါမ်ပုဂ္ဂိုလ်တို့အား အဘယ့်ကြောင့် ဒေါသမူဇောတို့ကို မရအပ်ပါ။ (သခ်ေပ၊ ပရမတ္ထဒီပနီ။)

မေး။ မည်သည့်အရိယာအဆင့်အတန်းသို့ ရောက်မှ ကြောက်စိတ်ကုန်ပါသနည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ကြောက်ခြင်း-ဟူသည် ဒေါသကြောင့် ဖြစ်ပေါ်လာသော တရားတစ်မျိုး ဖြစ်သည်။ "အနာဂါမိပုဂ္ဂလာနံ ပန ပဋိဃဇနာနိ စ န လဗ္ဘန္တိ" "အနာဂါမိမဂ္ဂံ ဘာဝေတွာ ကာမရာဂဗျာပါဒါနံ် အနဝသေသပ္ပဟာနေန အနာဂါမီ နာမ ဟောတိ အနာဂန္တွာ ကာမဓာတ္တံ"ဟု သင်္ဂဟအဋ္ဌကထာ၌ ဖွင့်ဆိုထားသောကြောင့် အနာဂါမ်အရိယာတို့မှာ ဒေါသမရှိတော့ပါ။ ထို့ကြောင့် အနည်းဆုံး အနာဂါမ်အရိယာအဆင့်အတန်းသို့ ရောက်မှ ကြောက်စိတ်ကုန်ပါသည်။

မေး။ လောကုတ္တရာဇော ၈-ခုတို့သည် အဘယ့်ကြောင့် မိမိမိမိဥစ္စာဖြစ်ကုန်သော မဂ္ဂင်္ဂန်, ဖလင်္ဂန် အရိယာပုဂ္ဂိုလ်တို့သန္တာန်၌သာလျှင် ထိုက်သည်အားလျော်စွာ ဖြစ်ရပါသနည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ မဂ်စိတ် ၄ - ခု တို့သည် စိတ္တက္ခဏတစ်ချက်မျှသာ ရှိသည့်အတွက် မိမိဆိုင်ရာမဂ္ဂင်္ဂန်ပုဂ္ဂိုလ်မှ တစ်ပါးသောပုဂ္ဂိုလ်တို့၌ မဖြစ်သင့်သောကြောင့် လည်းကောင်း။

အောက်အောက်အရိယာပုဂ္ဂိုလ်တို့သည် အထက်အထက် ဖလသမာပတ်ကို မရဖူးသေးသောကြောင့်လည်းကောင်း။

အထက်အထက် အရိယာပုဂ္ဂိုလ်တို့သည်လည်း အောက်အောက်မဂ်ဖြင့် မပယ်ခွါအပ်သေးသော ကံကိလေသာတို့ကို ချုပ်ပျောက်စေသည့်အတွက် (ပုထုဇဉ်ပုဂ္ဂိုလ်တို့မှ သောတာပန်စသော ပုဂ္ဂိုလ်တစ်ပါးအဖြစ်သို့ ရောက်ကြကုန်

http://www.dhammadownload.com

သကဲ့သို့) သောတာပန်စသောပုဂ္ဂိုလ်တို့မှ သကဒါဂါမ်စသော ပုဂ္ဂိုလ်တစ်ပါး အဖြစ်သို့ရောက်ခြင်းဖြင့် အောက်အောက်ဖိုလ်များ ငြိမ်းပျောက်သွားသောကြောင့်လည်းကောင်း လောကုတ္တရာဇော စ-ခုတို့သည် မိမိမိမိဥစ္စာဖြစ်ကုန်သော မဂ္ဂင်္ဂာန်, ဖလင်္ဂာန် အရိယာတို့ သန္တာန်၌သာလျှင် ထိုက်သည်အားလျော်စွာ ဖြစ်ကြပါသည်။

မေး။ မဂ်စိတ် ၄-ခုတို့သည် အဘယ့်ကြောင့် မိမိဆိုင်ရာ မဂ္ဂင်္ဂာန်ပုဂ္ဂိုလ်မှ တစ်ပါးသော ပုဂ္ဂိုလ်တို့၌ မဖြစ်ကြပါသနည်း။

ဖြေ။ မဂ်စိတ် ၄-ခု တို့သည် စိတ္တက္ခဏတစ်ချက်မျှသာ ရှိသောကြောင့် မိမိဆိုင်ရာ မဂ္ဂင်္ဂာန်ပုဂ္ဂိုလ်မှ တစ်ပါးသောပုဂ္ဂိုလ်တို့၌ မဖြစ်ကြပါ။

မေး။ အောက်အောက်အရိယာ (ဖလင်္ဂာန်)ပုဂ္ဂိုလ်တို့ သန္တာန်၌ အထက်ထက်ဖိုလ်ဇော များ အဘယ့်ကြောင့် မဖြစ်ကြပါသနည်း။ (သောတာပတ္တိဖလင်္ဂာန်ပုဂ္ဂိုလ်၏ သန္တာန်၌ အဘယ်ကြောင့် သကဒါဂါမ်ဖိုလ်စိတ် စသည်တို့ မဖြစ်ကြပါသနည်း)။

ဖြေ။ အောက်အောက် အရိယာပုဂ္ဂိုလ်တို့သည် အထက်အထက် ဖလသမာပတ်ကို မရဖူးသေးသောကြောင့် အောက်အောက်အရိယာ(ဖလင်္ဂာန်)ပုဂ္ဂိုလ်တို့ သန္တာန်၌ အထက်ထက် ဖိုလ်ဇောများ မဖြစ်ကြပါ။

မေး။ အထက်အထက် အရိယာပုဂ္ဂိုလ်တို့သန္တာန်၌ ရရှိပြီးဖြစ်သော အောက်အောက် ဖိုလ်ဇောများ အဘယ့်ကြောင့် ဆက်လက်မဖြစ်ကြပါနည်း။

ဖြေ။ အထက်အထက် အရိယာပုဂ္ဂိုလ်တို့သည် အောက်အောက်မဂ်ဖြင့် မပယ်ခွါအပ်သေးသော ကံကိလေသာတို့ကို ချုပ်ပျောက်စေသည့်အတွက် သောတာပန်စသောပုဂ္ဂိုလ်တို့မှ သကဒါဂါမ်စသော ပုဂ္ဂိုလ်တစ်ပါးအဖြစ်သို့ရောက်ခြင်းဖြင့် အောက်အောက်ဖိုလ်များ ငြိမ်းပျောက်သွားသောကြောင့် အထက်အထက် အရိယာပုဂ္ဂိုလ်တို့သန္တာန်၌ ရရှိပြီးဖြစ်သော အောက်အောက်ဖိုလ်ဇောများ ဆက်လက်မဖြစ်ကြခြင်း ဖြစ်ပါသည်။

မေး။ အနာဂါမ်ပုဂ္ဂိုလ်၏ သန္တာန်၌ အဘယ့်ကြောင့် သကဒါဂါမိဖိုလ်ဇော မဖြစ်ပါသနည်း။

ဖြေ။ အနာဂါမ်ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်ဖြင့် မပယ်ခွါအပ်သေးသော ကံကိလေသာတို့ကို ချုပ်ပျောက်စေသည့်အတွက် သကဒါဂါမ်ပုဂ္ဂိုလ်အဖြစ်မှ အနာဂါမ်ပုဂ္ဂိုလ်

http://www.dhammadownload.com

အဖြစ်သို့ ရောက်ခြင်းဖြင့် အောက်ဖြစ်သော် သကဒါဂါမိဖိုလ် ငြိမ်းပျောက်သွားသောကြောင့် အနာဂါမ် ပုဂ္ဂိုလ်၏ သန္တာန်၌ သကဒါဂါမိဖိုလ်ဇော မဖြစ်ခြင်း ဖြစ်ပါသည်။

မေး။ "အသေက္ခာနံ စတုစတ္တာလီသ" စသောဂါထာကို အဘယ့်ကြောင့် မိန့်ဆိုရပါသနည်း။

ဖြေ။ ထိုထိုပုဂ္ဂိုလ်တို့ သန္တာန်၌ ပယ်အပ်ပြီးသောဇောတို့ကို ကြဉ်၍ ပါရိသေသနည်းအားဖြင့် ရထိုက်သောဇောတို့ကို ပေါင်း၍ပြလိုသောကြောင့် "အသေက္ခာနံ စတုစတ္တာ" စသောဂါထာကို ဆိုပါသည်။

မေး။ 'အသေက္ခ'မည်သော ပုဂ္ဂိုလ်ကို ဖော်ပြ၍ အဘယ့်ကြောင့် 'အသေက္ခ' မည်သည်ကိုလည်း ဖော်ပြပါ။

ဖြေ။ 'အသေက္ခ'မည်သော ပုဂ္ဂိုလ်မှာ ရဟန္တာပုဂ္ဂိုလ် ဖြစ်ပါသည်။
သိက္ခာ ၃-ပါး၌ အပြည့်အဝံ ဖြည့်ကျင့်လေ့ရှိသောကြောင့် (သေက္ခပုဂ္ဂိုလ်များကဲ့သို့ ဖြည့်ကျင့်ဆဲ မဟုတ်, ဖြည့်ကျင့်ပြီး ဖြစ်သောကြောင့်) ရဟန္တာပုဂ္ဂိုလ်တို့ကို 'အသေက္ခ' ဟုဆိုရခြင်း ဖြစ်ပါသည်။

မှတ်ဖွယ်။ ။ န သေက္ခာ အသေက္ခာ- ဟုပြုပါ။ အ(န) သဒ္ဒါ ဝုစိုအနက်ဟောပုံ မှတ်ပါ။ တိုးပွားပြီးဖြစ်သော သေက္ခ-ဟူလို။

မေး။ အသေက္ခာနံ စတုစတ္တာလီသ - ၌ အသေက္ခ-အရကို ဖော်ပြပါ။

ဖြေ။ ကာမဘုံ၌ တည်ကုန်သော ဈာနလာဘီ ရဟန္တာ ပုဂ္ဂိုလ်တို့ကို ယူရပါမည်။

သိမှတ်ဖွယ်။ ။ အရဟတ္တဖိုလ်တရားတို့လည်း အသေက္ခ-ဖြစ်သောကြောင့် ထိုအရဟတ္တဖိုလ်တရားတို့ကို နစ်စေခြင်းအကျိုးငှါ အသေက္ခာနံ-ကို ခီကာသဝါနံ-ဟု ဋီကာဖွင့်ခြင်း ဖြစ်သည်။

မေး။ အသေက္ခာနံ စတုစတ္တာ-စသော ဂါထာပါ သမ္ဘဝါ - ၏ အဓိပ္ပာယ်ကို ရှင်းပြပါ။

ဖြေ။ မဟဂ္ဂတ်ဈာန် ၉-ပါးလုံးရ ကာမရဟန္တာပုဂ္ဂိုလ်အားလည်းကောင်း၊ သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့အားလည်းကောင်း၊ ပုထုဇဉ်ပုဂ္ဂိုလ် ၄-ယောက်တို့အား လည်းကောင်း ဖြစ်ထိုက် ရထိုက်သည်အားလျော်စွာ ဝိထိစိတ်တို့ဖြစ်ခြင်းကို "သမ္ဘဝါ" ဟု ဆိုပါသည်။ ဥပမာ- ဈာန် ၉-ပါးလုံးရသော ကာမရဟန္တာပုဂ္ဂိုလ်အားသာ ၄၄-ပါး အပြည့်ဖြစ်နိုင်၍ ဈာန် ၉-ပါးလုံး မရသော ကာမရဟန္တာပုဂ္ဂိုလ်အား

http://www.dhammadownload.com

၃၅-ပါးသာ ဖြစ်နိုင်ပါသည်။ ဗျာနှတစ်ပါးရလျှင် ၃၆-ပါး, ဗျာန် နှစ်ပါးရလျှင် ၃၇-ပါး ဖြစ်နိုင်ပါသည်။

မေး။ (က) တထာ သေက္ခပုထုဇ္ဇနာနံ ကိရိယဇဝနာနိ (ခ) ဒိဋ္ဌဂတသမ္မယုတ္တ ဝိစိကိစ္ဆာဇဝနာနိ စ သေက္ခာနံ (ဂ) အသေက္ခာနံ စတုစတ္တာ-လီသ သေက္ခာန မုဒ္ဒိသေ-တို့၌ 'သေက္ခ'တို့၏အရ တူ/မတူ ရှင်းပြခဲ့ပါ။

ဖြေ။ (က) ၌ သေက္ခ-အရ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်ကို့ကို ယူရပါမည်။ (ခ) ဒိဋ္ဌဂတသမ္မယုတ္တဝိစိကိစ္ဆာဇဝနာနိ စ သေက္ခာနံ-၌ 'သေက္ခ'အရ သောတာပန် နှင့် သကဒါဂါမ်တို့သာ ဖြစ်ပါသည်။ အသေက္ခာနံ စတုစတ္တာ-လီသ သေက္ခာန မုဒ္ဒိသေ-၌ 'သေက္ခ'အရကား သေက္ခပုဂ္ဂိုလ် ၇-ယောက်လုံး ဖြစ်ပါသည်။ ထို့ကြောင့် ၄င်း ၃-မျိုးတို့ အရ မတူကြပါ။

မေး။ သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့အား ရထိုက်သော ဝိထိစိတ်တို့ကို သာမညအားဖြင့် လည်းကောင်း၊ ဝိသေသအားဖြင့်လည်းကောင်း ရေးသားဖော်ပြပါ။

ဖြေ။ သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့အား **သာမညအားဖြင့်** ၅၆-ပါးသောစိတ်တို့ ဖြစ်ပါသည်။ **ဝိသေသအားဖြင့် <u>သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်</u>**တို့အား ၅၁-ပါးသောစိတ်တို့ဖြစ်၍၊ **<u>အနာဂါမ်ပုဂ္ဂိုလ်</u>**တို့အား ၄၉-ပါးသောစိတ်ဆို့ ဖြစ်ကြပါသည်။

မှတ်ချက်။ ။ သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်တို့အား ၅၁ ပါး-ဟူသည် သောတာပတ္တိမဂ်စိတ်, သကဒါဂါမိမဂ်စိတ်များ အပါအဝင် ဖြစ်သည်။ အနာဂါမ်ပုဂ္ဂိုလ်တို့အား ၄၉-ပါး ဟူသည်လည်း ထို့အတူ အနာဂါမိမဂ်စိတ် အပါအဝင် ဖြစ်ပါသည်၊ ဖြစ်သင့်သည်အားလျော်စွာ အသေးစိတ်ခွဲခြားလျှင် မဂ္ဂင်္ဂာန်ပုဂ္ဂိုလ် ၄-ယောက်တို့အား ၄င်းတို့ဆိုင်ရာ မဂ်စိတ်တစ်ခုစီသာ ဖြစ်ပါသည်။ သောတာပတ္တိဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ဝိထိစိတ် ၅၀၊ သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အားလည်း ထို့အတူ ဝိထိစိတ် ၅၀ အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ဝိထိစိတ် ၄၈-ပါးတို့ ဖြစ်ကြပါသည်။

မေး။ ပုထုဇဉ်ပုဂ္ဂိုလ် ၄-ယောက်တို့အား ရထိုက်သော ဝိထိစိတ်တို့ကို သာမညအားဖြင့်လည်းကောင်း၊ ဝိသေသအားဖြင့်လည်းကောင်း ရေးသားဖော်ပြပါ။

ဖြေ။ ပုထုဇဉ်ပုဂ္ဂိုလ် ၄-ယောက်တို့အား **သာမညအားဖြင့်** ၅၄-ပါးသောစိတ်တို့ ဖြစ်ခြင်း၊ **ဝိသေသအားဖြင့် <u>တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်</u>**တို့အား ၅၄-ပါးသော ဝိထိစိတ်တို့ဖြစ်ကြ ပါသည်။ **<u>ဒွိဟိတ်, သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်</u>**တို့အား

http://www.dhammadownload.com

မဟာဝိပါက် ဉာဏသမ္မယုတ် ၄-ခု, အပွနာဇော ဆဗ္ဗိသကြဉ် ၄၁-ပါးသော ဝိထိစိတ်တို့ ဖြစ်ပါသည်။ **ဒုဂ္ဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်**တို့အား ထို ၄၁-ပါး၌ မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄-ခုထပ်ကြဉ် ၃၇-ပါးသော ဝိထိစိတ်တို့ ဖြစ်ကြပါသည်။

မှတ်ချက်။ ။ "တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်ဟို့အား ၅၄-ပါးသော ဝိထိစိတ်တို့ ဖြစ်ကုန်၏"ဟူသော စကားကို စျာန်ရတိဟိတ်ပုထုဇဉ်တို့ကို ရည်၍ ဆိုခြင်းဖြစ်သည်။ စျာန်မရသော ပုထုဇဉ်တို့အားကား ၄၅-ပါးသော ဝိထိစိတ်တို့ကိုသာ ရအပ်ပါသည်။

မေး။ "အသေက္ခာနံ စတုစတ္တာ-လီသ သေက္ခာနမုဒ္ဒိသေ"စသော ဂါထာပါ စတုစတ္တာလီသ၊ ဆပ္ပညာသ၊ စတုပ္ပညာသ-အရတို့ကို ဦးကာကျော်အဖွင့်နှင့်အညီ ကောက်ပြခဲ့ပါ။

ဖြေ။ **စတုစတ္တာလီသ**-အရ (ကုသိုလ်, အကုသိုလ်စိတ် ၃၃-ပါး၊ အောက်ဖိုလ် ၃-ခု၊ ဝိထိဝိမုတ်ဖြစ်သော မဟဂ္ဂတ်ဝိပါက် ၉-ခု၊ ပေါင်း ၄၅-ပါးသောစိတ်တို့သည် ကြဉ်အပ်သော) ကာမဝိပါက် ၂၃-ခု၊ ကြိယာစိတ် ၂၀၊ အရဟတ္တဖိုလ်စိတ် ၁-ခုတို့ ဖြစ်ပါသည်။

ဆပ္ပညာသ-အရ (ကြိယာဇော ၁၈-ခု၊ ဒိဋ္ဌဂတသမ္မယုတ်စိတ် ၄-ခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ခု၊ အရဟတ္တဖိုလ်စိတ် ၁-ခု၊ မဟဂ္ဂတ်ဂိပါက် ၉-ခု၊ ပေါင်း ၃၃-ပါးသော စိတ်တို့ကို ကြဉ်) ကာမဝိပါက် ၂၃-ခု၊ အာဝဇ္ဇန်းဒွေး၊ ကုသိုလ်စိတ် ၂၁-ပါး၊ အကုသိုလ်စိတ် ၇-ပါး၊ အောက်ဖိုလ် ၃-ခုတို့ ဖြစ်ပါသည်။

စတုပညာသ-အရ (ကြိယာဇော ၁၈-ပါး၊ လောကုတ္တရာစိတ် ၈-ပါး၊ မဟဂ္ဂတ် ဝိပါက် ၉-ပါး၊ ပေါင်း ၃၅-ပါးကြဉ်) ကာမဝိပါက် ၂၃-ခု၊ အာဝဇ္ဇန်းဒွေး၊ လောကီကုသိုလ် ၁၇-ပါး၊ အကုသိုလ်စိတ် ၁၂-ပါးတို့ ဖြစ်ပါသည်။

(ဆောင်) - ကာ ဝိ, ကြိယာ၊ ဆုံးဖလာ၊ ပေါင်းပါ လေးဆယ့်လေး။
- ကာ ဝိ, ဇွန်း, ကု၊ အကုစိတ်ဝယ်၊ သံ-ဝိ ပယ်ဖျောက်၊
အောက်ဖိုလ်လျှောက်၊ ငါးခြောက် အမြဲနံတွေး။
- ကာ ဝိ, ဇွန်းဒွေး၊ မှတ်ရေးတလီ၊ လောကီကုသိုလ်၊
အကုသိုလ်၊ ကောက်ဆို ငါးဆယ့်လေး။

မေး။ ပုဂ္ဂလဘေဒ - ဟူသည် အဘယ်နည်း ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့် စိတ်ဖြစ်ပုံ အထူးအပြားကို "ပုဂ္ဂလဘေဒ" ဟုခေါ်သည်။

http://www.dhammadownload.com

ထိုအထူးအပြားကိုပြရာ အဝိုင်းအခန်းကိုလည်း "ပုဂ္ဂလဘော်ဒ"ဟုပင် ခေါ်ဆိုရပါသည်။

ပုဂ္ဂလဘော်ဒအဖွင့် ပြီး၏။

ဘူမိဝိဘာဂအဖွင့် (၁၅၉)

မေး။ ကာမဘုံ၌ အဘယ့်ကြောင့် အလုံးစုံသော ဝိထိစိတ်တို့ကို ရအပ်ပါသနည်း။

ဖြေ။ ဒွါရ ၆ ၏-ပါးလုံးနှင့် ပုဂ္ဂိုလ် ၁-ကျိပ် ၂-ယောက်လုံး ကာမဘုံ၌ ဖြစ်သင့်သောကြောင့်. ထိုကာမဘုံ၌ အလုံးစုံသော ဝိထိစိတ်တို့ကို ရနိုင်ပါသည်။

မေး။ "သဗ္ဗာနိပိ ဝိထိစိတ္တာနိ ယထာရဟ မုပလဗ္ဘန္တိ" ၌ ယထာရဟ အဓိဗ္ဗာယ်ကို ရေးပြပါ။

ဖြေ။ ထိုထိုဘုံ, ထိုထိုပုဂ္ဂိုလ်အားလျော်စွာ ဖြစ်ခြင်းကို ယထာရဟ - ဟု ဆိုပါသည်. ကာမဘုံ၌ ဝိထိစိတ် (၈၀)လုံး ရနိုင်သော်လည်း အပါယ်ဘုံရှိ ဒုဂ္ဂတိအဟိတ်. ပုထုဇဉ်ပုဂ္ဂိုလ်တို့ သန္တာန်မှာ ၃၇-ပါးသာရ၏။ လူ့ဘုံ, နတ်ဘုံရှိ သုဂတိအဟိတ်. ဒွိဟိတ်ပုဂ္ဂိုလ်တို့ သန္တာန်မှာ ၄၁-ပါးသာရ၏။ ဤသို့စသည်ဖြင့် ဘုံအလိုက်. ပုဂ္ဂိုလ်အလိုက် ထိုက်သည်အားလျော်စွာသာ ရနိုင်၏- ဟုဆိုလိုပါသည်။

မေး။ ရူပဘုံ၌ ဃာန, ဇိဝှါ, ကာယဝိညာဉ်တို့ကိုလည်း ပယ်အပ်သည်သာ မဟုတ်ပါလော? အဘယ့်ကြောင့် "ရူပါဝစရဘူမိယံ ပဋိဃဇဝနတဒါရမ္မဏဝဇ္ဇိတာနိ"ဟု ဒေါသဇောနှင့် တဒါရုံတို့ကိုသာ ပယ်ရပါသနည်း။

ဖြေ။ သဗ္ဗတ္ထာပိ- စသော ပါဠိဖြင့် ဃာန, ဇိဝှါ, ကာယဝိညာဉ်တို့ကိုလည်း ပယ်လတ္တံ့ ဖြစ်သောကြောင့် "ရူပါဝစရဘူမိယံ ပဋိဃဇဝနတဒါရမ္မဏဝဇ္ဇိတာနိ"ဟု ဒေါသဇောနှင့် တဒါရုံတို့ကိုသာ ပယ်ရ (ကြဉ်ရ)ခြင်း ဖြစ်ပါသည်။

မေး။ ရူပဘုံ၌ အဘယ့်ကြောင့် တဒါရုံ မဖြစ်ပါသနည်း။

ဖြေ။ အရာဂဒါန မဟုတ်သောကြောင့် ရူပဘုံ၌ တဒါရုံ မဖြစ်ခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

သိမှတ်ဖွယ်။ ။ တဒါရမ္မဏာဝဇ္ဇိတာနှိ-ဟု ဆိုသော်လည်း သန္တီရဏာ ၃-ခုတို့သည် တဒါရုံကိစ္စတပ်ခိုက် ရှုပဘုံ၌ မရနိုင်သော်လည်း သန္တီရဏာကိစ္စတပ်ခိုက်၌ကား ရနိုင်သောကြောင့် အဂ္ဂဟိတဂ္ဂဟဏာနည်းဖြင့် မဟာဝိပါက်စိတ် ၈-ခုတို့ကိုသာ ကြဉ်ရသည်-ဟု မှတ်ပါ။

မေး။ အသညသတ်ဗြဟ္မာတို့အား အဘာယ့်ကြောင့် အလုံစုံသော ဝိထိစိတ်တို့ကို မရအပ်ပါသနည်း။

ဖြေ။ "ခီ စိတ္တံ" အစရှိသော ဘာဝနာ၏အစွမ်းဖြင့် နာမ်တရားတို့ကို ပယ်ရှားပြီးဖြစ်သောကြောင့် အသညသတ်ဗြဟ္မာတို့အား အလုံစုံသော ဝိထိစိတ်တို့ကို မရခြင်းဖြစ်ပါသည်။ (သခ်ဳပ)

မှတ်ဖွယ်။ ။ 'ဘုံ၌ စိတ်ရ'ကို ပြဆိုရာဝယ် ကာမဘုံစိတ်ရစသည်တို့၌ 'ကာမာဝစရဘူမိယဲ၊ ရူပါဝစရဘူမိယဲ၊ အရူပါဝစရဘူမိယဲ'ဟု ပြဆိုခဲ့ပါလျက် 'အသညဘူမိယဲ'ဟု မဆိုဘဲ 'အသညသတ္တာနံ'ဟု သတ္တ-သဒ္ဒါဖြင့် အထူးပြု၍ ဆိုခြင်းကား အသညသတ်ဗြဟ္မာတို့မှာ ရူပ်သာရှိ၍ နာမ်မရှိသောကြောင့် သတ္တဝါမဟုတ်-ဟု မှတ်ထင်မည် စိုးသောကြောင့် ဖြစ်သည်။

မေး။ အသီတိ ဝိထိစိတ္တာနိ-စသော ဂါထာပါ စတုသဋ္ဌိ, ဒွေစတ္တာလီသ-အရတို့ကို ဦးကာကျော်အဖွင့်နှင့်အညီ ကောက်ပြခဲ့ပါ။

ဖြေ။ **စတုသဋ္ဌိ-အရ** (ဒေါသမူဒွေး, တဒါရုံ မဟာဝိပါက်စိတ် ၈-ခု, ဟသိတုပ္ပါဒ်ဒွေး, ဇိဝှါဝိညာဉ်ဒွေး, ကာယဝိညာဉ်ဒွေး-ဟူသော စိတ်၆-ခုအပေါင်း, ဝိထိမုတ်ဖြစ်သော မဟဂ္ဂုတ်ဝိပါက် ၉-ခုတို့၏အစွမ်းဖြင့် စိတ် ၂၅-ပါးတို့ကို ကြဉ်၍) အာဝဇ္ဇန်းဒွေး၊ အဟိတ်ဝိပါက် ၉-ခု၊ ဇော ၅၃-ခုတို့ ဖြစ်ပါသည်။

ဒွေစတ္တာလီသ-အရ (ကာမဝိပါက် တေဝီသ, သောတာပတ္တိမဂ်, ရူပစိတ် ၁၅-ခု, ဒေါသမူဒွေး, အရူပဝိပါက် ၄-ခု, ပဉ္စဒ္ဓါရာဝဇ္ဇန်းဟူသော မနောဓာတ်, ဟသိတုပ္ပါဒ်တို့၏ အစွမ်းဖြင့် ၄၇-ပါးသောစိတ်တို့ကို ကြဉ်၍) ကာမဇော ၂၆-ခု၊ အရူပဇော ၈-ခု၊ လောကုတ္တရာဇော ၇-ခု၊ မနောဒ္ဓါရာဝဇ္ဇန်းတို့ ဖြစ်ပါသည်။

(ဆောင်) - **အဟိတ်ဝိပါက်၊ ဆယ့်ငါးချက်၊ ပယ်ဖျက် ဃာ, ဇိ, ကာ၊**
အာဝဇ္ဇန်းနှော၊ ဒေါ-ကြဉ်သော၊ စိတ်ဇော တေပညာ၊
စတုသဋ္ဌိ၊ အရသီ၊ ကောက်ဘိ သောတုဇော၊
- **ဒေါသမူ နှစ်၊ ဟသိ တစ်၊ ကြဉ်ပစ် ဇောကာမာ၊**

http://www.dhammadownload.com

အရှုပဇော၊ သော-ကြဉ် 'လော'၊ ထပ်ရော မနောဒွါ။
ဒွေစတ္တာလီသ၊ သဒ္ဓါရ၊ ကောက်ပြ မြန်မကြာ။

မေး။ ရှုပဘုံ၌ ရထိုက်သော ဝိထိစိတ်တို့နှင့် စပ်၍ ကေစိဆရာတို့၏ အဆိုကို ဖော်ပြခဲ့ပါ။

ဖြေ။ ကေစိဆရာတို့က "ရှုပဘုံ၌ အနိဋ္ဌာရုံမရှိသောကြောင့် ဤလှူ့ဘုံသို့လာသော ပြဟ္မာတို့ သန္တာန်၌သာ အကုသလဝိပါက်စိတ် ဖြစ်သင့်၏။ ရှုပပြဟ္မာဘုံ၌နေခိုက် အကုသလဝိပါက်စိတ် မဖြစ်နိုင်။ ထို့ကြောင့် ရှုပစိတ်ရ ၆၄-ပါးထည်းမှ အကုသလဝိပါက် စက္ခုဝိညာဉ်, သောတဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ ၄-ပါးကို နုတ်၍ ကုသလဝိပါက် စက္ခုဝိညာဉ်, သောတ ဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ ၂-ပါးဟူသော ကာမဝိပါက် ၅-ပါးတို့နှင့်တကွ ဝိထိစိတ် ၆၀-သာ ရနိုင်၏"ဟု ဆိုကြပါသည်။

မေး။ ကေစိဆရာတို့ အလို ရှုပဘုံ၌ ရထိုက်သော ဝိထိစိတ်သရုပ်ကို ထုတ်ပြခဲ့ပါ။

ဖြေ။ အာဝဇ္ဇန်းဒွေး၊ ကုသလဝိပါက်စက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ ၂-ပါး၊ ဒေါသမူဒွေး ကြဉ်သော ဇော ၅၃ -ပါး ၊ ပေါင်း ၆၀-ဖြစ်ပါသည်။

မေး။ "ရှုပဘုံ၌ အနိဋ္ဌာရုံမရှိသောကြောင့် အကုသလဝိပါက် စက္ခုဝိညာဉ်, သောတ ဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ ၄-ပါးတို့ကို ထိုရှုပဘုံ၌ မရထိုက်သည် မဟုတ်ပါလော? အဘယ့်ကြောင့် ထိုစိတ် ၄-ပါးတို့ကို ရှုပဘုံ၌ ရအပ်ပါသနည်း။

ဖြေ။ ရှုပဘုံ၌ အနိဋ္ဌာရုံ မရှိသော်လည်း ရှုပဘုံ၌ တည်၍ ဤလှူ့ဘုံကို လှမ်းကြည့်သော ပြဟ္မာတို့သန္တာန်၌ အနိဋ္ဌာရုံ မဖြစ်ဟု မဆိုနိုင်။ ဖြစ်နိုင်သည်သာ ဖြစ်သောကြောင် (ရှုပဘုံမှ ဤလူ့ဘုံကို လှမ်းကြည့်သောအခါ အနိဋ္ဌာရုံကို မြင်နိုင်သောကြောင့်) ထိုစိတ် ၄-ပါးတို့ကို ရှုပဘုံ၌ ရအပ်ပါသည်။

မေး။ အဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်း၌ ကေစိဆရာတို့က ရှုပဘုံ၌ မရထိုက်ဟုဆိုသော အကုသလဝိပါက် စက္ခုဝိညာဉ်, သောတဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏတို့ကို ထည့်၍ "စတုသင်္ဂီ"ဟု ဆိုရခြင်းအကြောင်းကို ယုံကြည်ဖွယ် အထောက်သာဓက နှင့်တကွ ရှင်းပြခဲ့ပါ။

ဖြေ။ ဤအဘိဓမ္မတ္ထသင်္ဂြိဟ်၌ကား ထိုရှုပဘုံ၌ တည်၍ ဤလှူ့ဘုံကို လှမ်းကြည့်သော ပြဟ္မာတို့ သန္တာန်၌ အနိဋ္ဌာရုံ မဖြစ်ဟု မဆိုနိုင်။ ဖြစ်နိုင်သည်သာ ဖြစ်သော

http://www.dhammadownload.com

ကြောင့် (ဤ လူဘုံကို လှမ်းကြည့်သောအခါ အနိဋ္ဌာရုံကို မြင်နိုင်သောကြောင့်) ကေစိဆရာတို့က ရူပဘုံ၌ မရထိုက်ဟုဆိုသော အကုသလ ဝိပါက် စက္ခုဝိညာဉ်, သောတဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏတို့ကို ထည့်၍ "စတုသဋ္ဌိ"ဟု ဆိုထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့်ပင် "ဓမ္မာနုသာရဏီ" မည်သောကျမ်း၌ "ပြဟ္မာတို့သည် ကာမာဝစရဖြစ်သော အနိဋ္ဌာရုံကို အာရုံပြုသောအခါ သုဂတိဖြစ်သော ရူပဖြဟ္မာဘုံ၌လည်း အကုသလဝိပါက် စက္ခုဝိညာဉ်, သောတဝိညာဉ်, သမ္ပဋိစ္ဆိုင်းဌေး ဟူသော မနောဓာတ်, သန္တီရဏတို့ ဖြစ်သင့်၏" ဟု မိန့်ဆိုထားပါသည်။

မေး။ ဘူမိဝိဘာဂ - ဟူသည် အဘယ်နည်း၊ ၎င်း၏ အဓိပ္ပာယ်ကို ရှင်းပြခဲ့ပါ။

ဖြေ။ ကာမ-စသောဘုံ၏ အစွမ်းအားဖြင့် စိတ်ဖြစ်ပုံကို ခွဲခြမ်းဝေဖန်ခြင်းကို "ဘူမိဝိဘာဂ"ဟု ဆိုသည်။ ထိုသို့ ခွဲခြမ်းဝေဖန်၍ပြသော အပိုင်းအခန်းကိုလည်း "ဘူမိဝိဘာဂ" ဟုပင် ဆိုရပါသည်။

မေး။ ယထာသမ္ဘဝံ ဘဝင်္ဂရိတာ- ၌ ယထာသမ္ဘဝ အဓိပ္ပာယ်ကို ရေးခဲ့ပါ။

ဖြေ။ ၆ - ဒွါရ၌ ဖြစ်သော ဝီထိစိတ်တို့၏ ထိုထိုဒွါရတို့၌ လည်းကောင်း၊ ထိုထိုဘုံတို့၌လည်းကောင်း ဖြစ်သင့်သည်အားလျော်စွာ ဖြစ်ခြင်းကို "ယထာသမ္ဘဝံ" ဟု ဆိုပါသည်။

မေး။ တစ်ဘဝအတွင်း ဝီထိစိတ်တို့ ဖြစ်ရာကာလနှင့် ဖြစ်ပုံအခြင်းအရာတို့ကို ရေးပြပါ။

ဖြေ။ ဝီထိစိတ်တို့သည် ပဋိသန္ဓေနောင် ဘဝနိကန္တိ (- ဖြစ်ခါစ ဥပပတ္တိဘဝ၌ တပ်မက်နှစ်သက်ခြင်း)၏ အစွမ်းဖြင့်ဖြစ်သော မနောဒွါရိကဝီထိစိတ်မှစ၍ စုတိစိတ်အဆုံးတိုင်အောင်၊ (တစ်နည်း) စုတိစိတ်မှ ရှေ့ဖြစ်သော ဘဝင်အဆုံးတိုင်အောင် နိရောဓသမာပတ် ဝင်စားမှု မရှိလတ်သော် မပြတ်မစဲ အမြဲတမ်း ဖြစ်နေကြပါသည်။

မေး။ "ဆဒွါရိကစိတ္တပ္ပဝတ္တိ ယထာသမ္ဘဝံ ဘဝင်္ဂရိတာ ယာဝတာယုကမတ္တောစ္ဆိန္နာ ပဝတ္တတိ-ဝီထိစိတ်တို့သည် ဖြစ်သင့်သည်အားလျော်စွာ ဘဝင်ခြားပြီး တစ်သက်တာကာလ ပတ်လုံး အဆက်မပြတ် တရစပ် ဖြစ်နေသည်"ဟု ဆိုရာ ထိုစကားကို ကိန်းသေမှုချ မှတ်သားရ ပါမည်လော? ရှင်းပြခဲ့ပါ။

http://www.dhammadownload.com

ဖြေ။ မမှတ်ရပါ။ [illegible] : - နိရောဓသမာပတ်ဝင်စားသောအခါ၌လည်း ဝိထိစိတ်များ မဖြစ်ကြ[illegible]ကြောင့် ဖြစ်ပါသည်။

ဝိထိပိုင်း အဖွင့် ပြီး၏။

ကကကကက